မိုးကုတ်မြို့

မောနေယျတောင်

မောနေယျစံကျောင်းဆရာတော်

အရှင်မဟာကဿပ-ထေရ်

ရေးသားစီရင်အပ်သော

ဝိသုဒ္ဓိမဂ္ဂဒီပနီ မည်သော

ဒီဃနိကာယလင်းစဉ်ပြကျမ်း

မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၌
ရိုက်နှိပ်သည်။

သာသနာ ၂၅၁၇ ခုနှစ် စက်တင်ဘာလ ၁၉၇၃

နိဒ္ဒာန်လင်းစဉ်ပြကျမ်း

နိဗ္ဗာန်လမ်းစဉ်ပြကျမ်း၌ ပြင်ဖတ်ရန်

မျက်နှာ	ကြောင်းရေ	ရှိရင်း	ပြင်ဖတ်ရန်
၅	၂၀	မျာ။	များ
၂၀	၁	ဝါပေးခြင်း	ဝါးပေးခြင်း
၂၀	၂၉	မြောက်	မျောက်
၂၁	၁၆	ကော်ဇောငယ်	ကော်ဇော
၂၃	၅	မပျော်ပိုက်	မပျော်ပိုက်၍
၄၂	၂၃	စန္ဒကူးရွှေလည်း	စန္ဒကူးရေလည်း
၄၆	၃	ဝေလံ	ဝေလာ
၅၀	၁၄	ထိုထက် သာအောင်	တိုးတက်လာအောင်
၅၃	၂၀	စိုပြိုး	စဲ့ပြိုး
၆၃	၈	မစ္စုနေ	မစ္စုနော
၆၃	၂၄	နခဲပသေ	နခဲပယေ
၃၄	၁၀	ပိန်ခြောက်	ပိန်ခြောက်
၃၆	၂၅–၆	အရင်းက လှဲ့ကိုက်ဖြင့်သာ	အရင်းက လှည့်ကိုက်ခြင်း ဖြင့်သာ
၃၃	၁၉	မြတ်နိုစ္ဆာဖြင့်	မြတ်နိုးစ္ဆာဖြင့်
၃၈	၄	သိမ်ပိုက်သော	သိမ်းပိုက်သော
၃၈	၂၆	မြုပ်နှခြင်းကို	မြုပ်နှံခြင်းကို
၄၀	၁၂	ဖြစ်ကာသွားသည့် အတွက်	ဖြစ်သွားသည့်အတွက်
၁၀၀	၂၉	သုသာန်ဓုတင်	သောသာနိကဓုတင်
၁၀၅	၂၃	အပိပ်ဆဏ်	အပိစ်ဆတာဂုဏ်
၁၅၂	၅	ငါ့အား	တပည့်တော်အား
၁၇၀	၂၃	ဂေါဘမံ	ဂေါတမန္တိ
၁၇၃	၂၁	ဒဿ စ	ဒသ စ
၁၈၀	၉	နာဂရာ	နဂရာ
၁၈၀	၉	နာဂရေသု	နဂရေသု
၁၈၃	၁၉	မဟုတ်ကုန်လော	မဟုတ်တုံလော
၁၈၆	၇	အရပ်အာဝါသကို	အရိပ်အာဝါသကို

မျက်နှာ	ကြောင်းရေ	ရှိရင်း	ပြင်ဖတ်ရန်
၁၀၉	၁	အမ္ဘောကာသိကင်	အဗ္ဘောကာသိကင်
၂၀၉	၂၄	မဆောက်တည်သည်ဖြစ်	မဆောက်တည်သည်ဖြစ်စေ
၂၁၉	၂	သေသို့ရာသာ	သေဘို့ရာသာ
၂၆၂	၂၂	ငါးမျှားနှင့်	ငါးမျှားချိတ်နှင့်
၂၆၃	၂၀	သမ္မပ္ပဓာန်	သမ္မပ္ပဓာန်
၂၆၅	၁	ထယောက်ထည်း	တယောက်ထည်း
၂၀၃	၁၀	နှစ်ပါတို့သည်ကား	နှစ်ပါးတို့သည်ကား
၂၀၇	၁၆	စားသောဖ့ယ်	စားသောက်ဖ့ယ်
၂၀၇	၁၉	ညှဉ်းဆဲသည်ကို	ဆင်းရဲသည်ကို
၃၀၀	၂	တိမ်မှေးတိမ်လ့ာ	တိမ်မြွေးတိမ်လ့ာ
၃၁၅	၀	သီကဝမည်သော	သီဝကမည်သော
၃၁၉	၂၆	လုန်လို့က်သကဲ့သို့	လှုန်၍ပြလို့က်သကဲ့သို့
၃၂၀	၃၀	တို့အတူ	ထို့အတူ
၃၂၇	၂	ငးရာ	ငါးရာ
၃၄၉	၂၀	ဝန်တိပြိုးလျှင်	ဝန်တိုပြိုးလျှင်
၃၅၄	၃	ယင်းတောင်	ယင်တောင်
၃၅၅	၁၇	ပတ်လုံ	ပတ်လုံး
၃၆၀	၄	သောတာပန်မည်	သောတာပန်မည်၏
၃၇၃	၁၅	အရှင်ဂေါမိက	အရှင်ဂေါဓိက
၃၀၁	၂၁	သ့ာကြ	သ့ားကြ
၃၀၁	၂၃	အထင်ကြီ	အထင်ကြီး
၄၀၂	၃	လောကဿာတိ	လောကဿ
၄၁၂	၆	ဒေဝမနုဿာနုဂုဏ်	ဒေဝမနုဿာနံဂုဏ်
၄၂၅	၁	ရှိသောအာရုံ	ရှိသော အနောက်အရပ်၌နေထိုင် ကြကုန်သောအာရုံ
၄၃၆	၃	ဤဤမေတ္တာ	ဤမေတ္တာ
၄၇၃	၁	ပြေအပြင်	မြေအပြင်
၄၉၁	၁၅	ကာလကတော	ကာလက်တော
၄၉၄	၂၂	ဥပ္ပန္နာ	ဥပ္ပန္နာစ

မိုးကုတ်မြို့

မောနေယျတောင်

မောနေယျစံကျောင်းဆရာတော်

အရှင်မဟာကဿပ-ထေရ်

ရေးသားစီရင်အပ်သော

ဝိသုဒ္ဓိမဂ္ဂဒီပနီ မည်သော

ဒုတိယနိကာယလင်းစဉ်ပြကျမ်း

မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၌
ရိုက်နှိပ်သည်။

သာသနာ ၂၅၁၇ ခုနှစ် စက်တင်ဘာလ ၁၉၇၃

ထုတ်ဝေသူ။ ။အာရှင်ဥက္ကံသ (ညောင်ဦး)၊ မဟာဝိသုတာရာမတိုက်၊ ဓမ္မာယတနကျောင်း၊
ပခုက္ကူမြို့ (မှတ်ပုံတင်ကင်းလွတ်ခွင့်အမှတ် ဝ၂၁၀၂)

ဘာသာရေးဆိုင်ရာ စာပေ ခွင့်ပြုချက်အမှတ် (၆၄၃၀)

ရန်ကုန်မြို့၊ ကမ္ဘာအေးစာတိုက်၊ ပြည်ထောင်စု မြန်မာနိုင်ငံ
ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်တွင် အတွင်းရေးမှူး (အုပ်ချုပ်ရေးအရာရှိချုပ်)
ဦးလှမောင် **M.A., M.S., B.L.** (မှတ်ပုံတင်အမှတ် ဝ၀၇၉) က ပုံနှိပ်သည်။

နိဗ္ဗာန်လမ်းစဉ်ပြကျမ်း

ကျမ်းဦးအမှာ

စကြဝဠာ ကမ္ဘာလောကဌ် အဝန်းယှဉ်နာ ၄၉-ရှိသော ရွှေလမင်းကြီးသည် အလင်းရောင်ပေးကာ ဝတ္ထုမျိုးစုံကို ညွှန်ပြလျက် အရွှေလောကဓာတ်မှ ပေါ်ထွက်လာသည်ရှိသော် ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများတို့ ချမ်းမြေ့ကြည်လင် တရှင်ရှင်နေကြကုန်သကဲ့သို့ ထို့အတူပင် ဗုဒ္ဓဟောကြား မိန့်မြွက် ထား တော်မူခဲ့သော ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ်တို့မှ ကောင်းနိုးရာရာ ဒေသနာ အဆိအနှစ်တို့ကို သေချာစွာ စိစစ်ရှာဖွေရွေးထုတ်ကာ ရေးသားဖော်ပြ ထားရှိသည့် ဤမည်သော "နိဗ္ဗာန်လမ်းစဉ်ပြကျမ်း"သည်ကား ရတနာသုံးတန်ကဲ့, ကံ၏အကျိုး ပစ္စုပ္ပန်, တမလွန်လောကနှစ်မျိုးကို သက်ဝင်ယုံကြည် ကိုးစား ကြကုန်သော ဗုဒ္ဓဘာသာဝင် သူတော်စင်သူတော်ကောင်း အပေါင်းတို့အား နိဗ္ဗာန်သို့ သွားရောက်ဘို့ရန် သမုဒ္ဒရာရေကြောင်း လမ်းညွှန်ကောင်း ကျိုးငှက် ပမာ ကောင်းမွန်စွာ ညွှန်ပြထားရှိသဖြင့် နှစ်သက်မြတ်နိုးဘွယ်ရာ ဖြစ်ပါသည်။

နိဗ္ဗာန်ရောက်မှု, ရမှုဟူသည်မှာလည်း-

ဂမနေန နာ ပတ္တဗ္ဗော၊ လောကဿန္တော ကုဒါစနံ။
နာ စ အပ္ပတ္ဝာ လောကန္တံ၊ ဒုက္ခာ အတ္ထိ ပမောစနံ။
(ဃံယုတ်ပါဠိ ပ၊ နှာဖ၁-နှင့် အဂံတ္တိရ်ပါဠိ ပ၊ နှာ-၃၅၉)

(အာဝုသော၊ ဒါယကာ ရောဟိတဿနတ်သား။) ဂမနေန၊ လောကဝေါဟာ ဘယ်ညာခြေလှမ်း စိတ်ကမှန်း၍ တန်းတန်းမယွင်းခြေလျင်လှမ်း၍သွားခြင်းဖြင့်။ လောကဿ၊ ဖြစ်ပြန်ပျက်ပြန် ဖန်ဖန်ပေါလှ သခါရလောက၏။ အန္တော၊ အဆုံးထားလတ် နိဗ္ဗာနမောတ်သို့။ ကုဒါစနံ၊ တရံတဆစ် ဘယ်ခါဘယ်ခေတ်မှ။ နာ ပတ္တဗ္ဗော၊ အခွင့်ပိုင်စွာ မရောက်နိုင်သည်သာ။ လောကန္တံ၊ ဖြစ်ပြန်ပျက်ပြန် ဖန်ဖန်ပေါလှ သခါရလောက၏ အဆုံးခေါ်လတ် နိဗ္ဗာနမောတ်သို့။ အပ္ပတ္ဝာ စ၊ မချဉ်းမကပ် မရောက်လတ်ပါပဲလျက်လည်း။ ဒုက္ခာ၊ တေဘူမက ဝဋ်ဒုက္ခမှ။ ပမောစနံ၊ သံယောဇဉ်ကြိုး ဖြတ်ချိုးတောက်စင်း လွတ်မြောက်ခြင်းသည်။ နာ အတ္ထိ၊ မရှိသည်သာလျှင်တည်း—ဟု

လောကသေဋ္ဌနင်း တရားမင်း၏ ထင်လင်းမိန့်ကြား ဟောထားအပ်သော ဒေသနာတော်အတိုင်း မအို, မနာ, မသေ, ပဋိသန္ဓေ မနေရရာ အရပ်

(နိဗ္ဗာနဓာတ်)သို့ခြေလျင် ကုန်းကြောင်းရေကြောင်းလေယာဉ်ဖြင့် ဘယ်လိုပင် အရောက်နှင်သော်လဲ မရောက်ရှိနိုင်ရာ။

ကမ္ဘာလောကမှာ တည်ရှိကြသော မြို့ပြ,ပြည့်,ရွာ,တိုင်း,ခရိုင်,နိုင်ငံ စသော ထိုထိုအရပ်တို့တွင် မိမိတို့သွားလိုရာအရပ်ဒေသသို့ ခြေလျင်ခရီး, လှေ, လှည်း ရထား, လေယာဉ်, ကား စီးနင်းကာ သွားလာပါက ရောက်ရှိနိုင်ပါသည်။ ထို ယာဉ်အမျိုးမျိုးတို့ဖြင့် ဘယ်လိုပင် ပို့သန်းကူးခပ် စီးနင်းလတ်၍ သွားလာပါ သော်လဲ မရောက်နိုင်သော အရပ်ကား နိဗ္ဗာန်အရပ်ပင် ဖြစ်ပေ၏။ ထိုနိဗ္ဗာန်သို့ မရောက်ပဲလျက်လည်း ဇာတိဒုက္ခ=ပဋိသန္ဓေနေရခြင်း ဆင်းရဲ, ဇရာဒုက္ခ=အို ရခြင်း ဆင်းရဲ, ဗျာဓိဒုက္ခ=ဖျားနာရခြင်း ဆင်းရဲ, မရဏဒုက္ခ=သေရခြင်းဆင်းရဲ အပေါင်းမှ လွတ်မြောက်နိုင်ဘွယ်ရာ မရှိပေ။

သို့အတွက် နိဗ္ဗာန်ရောက်မှု, ရမှုဟူသည်–ကျင့်ကြံအားထုတ် ပွါးများမှုသာ လျှင် လိုရင်းပဓာနဖြစ်ပေသည်။ ထို ပွါးများအားထုတ်အပ်သော ကျင့်စဉ်တရား အပေါင်းတို့တွင်လည်း ခြေထောက်, အတောင်နှင့်တူသော စရဏတရား, နှုတ်သီး, ပါးစပ်နှင့်တူသော ဝိဇ္ဇာတရား ယင်း နှစ်ပါးပြည့်စုံမှသာလျှင် မိမိတို့လိုရာ နိဗ္ဗာန် သို့ ရောက်ရှိနိုင်ကြပေမည်။ ယင်း တရားနှစ်ပါး ပြည့်စုံမှုမရှိပါက ဖြစ်ချင်တာနှင့် ဖြစ်တာ တခြားစီ ဖြစ်နေကြပေလိမ့်မည်။ သို့အတွက် ကျင့်ကြံအားထုတ် ပွါး များမှုမှ ကင်းလွတ်ပြီး နိဗ္ဗာန်ရောက်မှု, ရမှု လုံးဝမရှိနိုင်ပေ၊ ရောက်လိမ့်, ရလိမ့် မည်ဟုလည်း အမှတ်မထားသင့်ပေ။သို့ဖြစ်၍ နိဗ္ဗာန်ရောက်ဘို့, ရဘို့ရန် ကျင့်စဉ် နည်းလမ်းများကို ဤကျမ်းစာ၌ ခရီးညွှန်အလား အားပါးတရ ညွှန်ပြရေးသား ထားရှိပါသည်။ ထို့ပြင်–

၁။ နိဗ္ဗာန်လိုက၊ သခ်ါရ၊ နေ့ည မမေ့ရာ။

၂။ စိတ်ညစ်ပယ်ချိုး၊ စိတ်မဆိုး၊ ရောက်ရိုးနိဗ္ဗုတာ။

၃။ နိဗ္ဗာန်လိုလျှင်း၊ သူ့အတင်း၊ ပြောခြင်းပယ်ချိုးပါ။

စသော ရှေးဆရာတော်ကြီးများ၏ သြဝါဒကထာတို့ဖြင့်လည်း နိဗ္ဗာန်ကို အလိုရှိသော ယောဂီသူမွန်တို့အတွက် ညွှန်ကြားရေးသားထားပါ၏။

ယခုခေတ် ပြောဆိုနေကြသော သောတာပန် အကြောင်းကိုလည်း–

၁။ ဗုဒ္ဓစ္ဆမ်းရည်၊ တွေ့မြင်ပြီ၊ ယုံကြည် မြဲလှစွာ။

၂။ ဓမ္မစ္ဆမ်းရည်၊ တွေ့မြင်ပြီ၊ ယုံကြည် မြဲလှစွာ။

၃။ သံဃစ္ဆမ်းရည်၊ တွေ့မြင်ပြီ၊ ယုံကြည် မြဲလှစွာ။

၄။ အရိယကန္တ၊ ငါးသီလ၊ လုံးဝ ပြည့်စုံရာ။

၅။ မြတ် သောတာပန်၊ တရားမှန်၊ လေးတန် စုံလင်ရာ—

စသော ဘုရားရှင်၏ ဂုဏ်တော်ကျေးဇူးတော်တို့နှင့်တကွ ဘုရားရှင်၌လည်း မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း, ဘုရားရှင် ဟောကြားတော်မူအပ်သော ပိဋကတ်သုံးသွယ် နိကာယ်ငါးဖြာ ဓမ္မက္ခန္ဓာ တရားတော်တို့၌လည်း မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း, ဘုရားရှင်၏ သာဝကတော် အရိယာသံဃာ အရှင်မြတ်တို့၌ လည်း မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း, အရိယာအရှင်မြတ်တို့ နှစ်သက်မြတ် နိုးအပ်သော ငါးပါးသီလကိုလည်း အသက်တမျှ လုံခြုံအောင် စောင့်ထိန်းခြင်း ယင်းအင်္ဂါလေးပါးနှင့် ပြည့်စုံမှုသာ သောတာပန် အစစ် အမှန် ဖြစ်ကြောင်း, ယင်းအင်္ဂါလေးပါးနှင့် မပြည့်စုံပါက သောတာပန်မဟုတ်သေးကြောင်း စသည် ဖြင့်လည်း ဘုရားရှင်၏ ပေတံပေကြိုးဖြင့် တိုင်းတာကြည့်စရာ သောတာပန် ပုဂ္ဂိုလ်၏ အင်္ဂါမျိုးစုံကိုလည်း ပိဋကတ်တော် (ပါဠိ, အဋ္ဌကထာ, ဋီကာ) ကျမ်း အစောင်စောင်တို့မှ ထုတ်နုတ်၍ ဘုရားအလိုတော်ကျ သောတာပန်ဖြစ်မှ မှန်မြတ်ကြောင်း စသော အကြောင်းအရာ တို့ဖြင့်လည်း ယုံမှားကင်းလောက် အောင် ညွှန်ပြရေးသားထားရှိပါသည်။

ထိုမှတပါး— ကမ္ဘာလောကကြီး၌ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ ဟူသော ဗြဟ္မစိုရ်တရား လှုပ်မိုးအုပ်စိုးမှု ကမ္ဘာသူ ကမ္ဘာသားများ ချမ်းသာ သုခကို အမြဲတန်း ရရှိကြမည်ဖြစ်ပါသည်။ ယင်း တရားလေးပါးတွင်လည်း မေတ္တာသည် အရေးအကြီးဆုံးဖြစ်ပေ၏။ ကာယကံ မေတ္တာ, ဝစီကံ မေတ္တာ, မနောကံ မေတ္တာများ သတ္တဝါတို့၏ သန္တာန်မှာ အမြဲတစေ ကိန်းဝပ်တည်ရှိနေ မှသာ ကမ္ဘာလောကကြီးသည် တနေ့တခြား ထွန်းကား တောက်ပြောင်လာနိုင် ဘွယ်ရာရှိပါသည်၊ ယင်း မေတ္တာတရားများ ဆိတ်သုဉ်းသွားပါက မလိုလား အပ်သော အကျိုးမဲ့မှုများ ဖြစ်ပေါ်လာနိုင်ဘွယ်ရာ ရှိရုံသာမက လောဘ, ဒေါသ စသော ကိလေသာမီးများပါ တဟုန်းဟုန်း တောက်လောင်လာနိုင်ဘွယ်ရာ ရှိပါသည်။

သို့ဖြစ်၍ မေတ္တာတရားကို နေ့ညမခြား ပွားများကြမှသာ လောဘ, ဒေါသ စသော အတွင်းရန်, ဓား လုံ လေးမြား စသော အပရန်များ ငြိမ်းပျယ်သွား နိုင်ပါမည်။ မာဂဏ္ဍိမိဖုရား၏ ကုန်းချောစကားကြောင့် ဥတေနမင်းကြီး မစူး စမ်းပဲ အရမ်းမဲ့ အဆိပ်လူးမြားဖြင့် ရက်စက်စွာ ပစ်သတ်သော်လည်း မေတ္တာ မပျက် ဆထက်တိုးကာ ပွားများကြသူ သာမာဝတီ အမှူးရှိသည့် မိဖုရား ငါးရာ တို့မှာ မေတ္တာခြုံ၍ သေဘေးမှ လုံခဲ့ကြပုံ မေတ္တာဂုဏ်အင် အာနိသင်နှင့်တကွ ပွားပုံ ပွားနည်း နိဿယများကိုလည်း စာရှုသူ ဓမ္မမိတ်ဆွေအပေါင်းတို့ ကိုယ်တိုင် ရှုစားကြရပါလိမ့်မည်။


ဂုင်းပြင်– ဓုတင်တရသ ကျင့်ဆောင်တော်မူခဲ့သော အရှင်မဟာကဿပ မထေရ်ကြီး၏ ကျင့်ဆောင်ပုံ, ကျင့်ဆောင်နည်းနှင့်တကွ ယင်း ဓုတင်၏ ကျိုး ဆက်ဂုဏ်အင် အာနိသင်များကိုလည်း သာသနာတော်အတွက် အားတက်ဘွယ် ရာ ရှာဖွေခဲ့ခြား ရေးသားထားပြန်ပါသည်။ သီလ, သမာဓိ, ပညာနှင့် စပ်သွယ် ပတ်သက်သော ကျင့်စဉ်လမ်းတို့ကိုလည်း ဤကျမ်းစာ၌ပင် ပြည့်စုံစွာ ရှုစား ကြရပါလိမ့်ဦးမည်။

သို့ဖြစ်၍ ဗုဒ္ဓဘာသာဝင် သူတော်စင် သူတော်ကောင်း အပေါင်းတို့ အမြဲ မပြတ် ကြည့်ရှုလေ့လာထိုက်သည် အားလျော်စွာ ဤကျမ်းစာကို မိုးကုတ်မြို့ အောင်နန်းရိပ်သာရပ် အမိ အဝှါရှင်းကို အမှူးပြုကာ ကျောင်းဒါယကာသား ဦးထွန်းအောင် ကျောင်းအမ ဒေါ်ကျင်ဖုံ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟ အကူ အညီဖြင့် ရိုက်နှိပ်၍ ထုတ်ဝေဖြန့်ချိရကြောင်းကိုလည်း ထပ်လောင်း၍ သိစေ အပ်ပါသည်။

ပတ္ထနာ

ဤကျမ်းစာကို ကြည့်ရှုလေ့လာ၍ ပုဂ္ဂံးများအားထုတ်ကြကုန်သော ယောဂီ သူတော်စင် ဓမ္မမိတ်ဆွေအပေါင်းတို့သည် မိမိတို့လိုလားနှစ်သက် တောင့်တအပ် သော နိဗ္ဗာန်သို့ လျင်မြန်စွာ ရောက်ကြပါစေဟု ပတ္ထနာပြုလျက် ဤအမှာစာကို နိဂုံးချုပ်လိုက်ရပါကြောင်း။

၁၃၃၄-ခု၊ တန်းခူးလဆန်း (၈) ရက်နေ့။



မောနေယျ စံကျောင်းဆရာတော် အရှင်မဟာကဿပထေရ်

နိဗ္ဗာန်လမ်းစဉ်ပြကျမ်း

မာဘိကာ

ဦးရေ	အကြောင်းအရာ		စာမျက်နှာ
နိဗ္ဗာန်လမ်းစဉ် စာပလ္လင် နိဒါန်း			ဒ
ပဏာမ	....	....	၈
၁။ သာသနာ့အန္တယ်ကျင့်ထုံးများ	....	....	၁
၂။ တိုက်တွန်းနှိုးဆော်ချက်	....	....	၁၆
၃။ ခုဒ္ဒါနုခုဒ္ဒကသိက္ခာပဒများ	....	....	၁၈
၄။ အဂိုက္ခနွေ့ာပမသုတ်တန်	....	....	၂၀
၅။ သီလနှင့် ပတ်သက်၍ မှတ်သားဘွယ်ရာများ	....		၃၂
၆။ ဒုဿီလာဒီနဝကထာ	....	....	၃၂
၇။ မေထုန်ငယ် (၇) ပါး	....	....	၃၅
၈။ သီလာနိသံသကထာ	....	....	၃၈
၉။ သီလ၏ အကျိုးဆက်များ	....	....	၃၉
၁၀။ သီလ၏ အကျိုးများ	....	....	၃၉၊၄၁
၁၁။ သီလဝမထေရ်ဝတ္ထု	....	....	၄၃
၁၂။ အညတရမထေရ်ဝတ္ထု	....	....	၄၈
၁၃။ ဥဒယဘဒ္ဒါ မင်းသမီးဝတ္ထု	....	....	၅၁
၁၄။ မင်းသမီး မင်းသား ကတိကဝတ်ထားပုံ	....	....	၅၁
၁၅။ ဥဒယဘဒ္ဒါမင်းသမီးအား သီလစောင့်စည်းစေခြင်း	....		၅၃
၁၆။ သီကြားမင်း ကတိကဝတ်နှင့် စပ်လျဉ်း၍ ဖြေကြားခြင်း			၅၄
၁၇။ ရောင့်ရဲတင်းတိမ်ခြင်းမရှိပုံကို တရားဖြင့် ဆုံးမပြန်ခြင်း	....		၅၆
၁၈။ ဥဒယဘဒ္ဒါမင်းသမီး ရသေ့ ရဟန်းပြုရန် ကတိပေးခြင်း	....		၅၇
၁၉။ သီကြားမင်း တာဝတိံသာ နတ်ပြည်သို့ပြန်ခြင်း	....		၅၈
၂၀။ သီလ၏ အာနိသင် အားတက်စရာပင်	....	....	၅၈
၂၁။ အညတရထွေရဝတ္ထု	....	....	၅၉
၂၂။ မြတ်စွာဘုရားနှင့်တွေ့ပုံ	....	....	၆၀
၂၃။ အညတရ ဥက္ကဏ္ဌိတဘိက္ခုဝတ္ထု	....	....	၆၁
၂၄။ အနုပုဗ္ဗသိက္ခာ အမည်ရပုံ	....	....	၆၂

ဦးရေ	အကြောင်းအရာ			စာမျက်နှာ
၂၅။	စိတ်တခုတည်းကို စောင့်ရှောက်ခြင်းဖြင့် ဆင်းရဲအမျိုးမျိုးမှ လွတ်နိုင်ကြောင်း ဘုရားရှင်ဆုံးမတော်မူခြင်း	....		၆၃
၂၆။	သာသနာတော်၏ အံ့ဘွယ်ရှစ်ပါး	....	....	၆၅
၂၇။	နှစ်သက်အားတက်ဖွယ်ရာ ဂါထာများ	....	....	၆၇
၂၈။	ကာမာဒီနဝကထာ	....	....	၇၀
၂၉။	ကာမဂုဏ်၏ အပြစ်များ	....	....	၇၀
၃၀။	အင်္ဂီကက်လူပမာ ကာမာ	....	....	၇၆
၃၁။	မံသပေသူပမာ ကာမာ	....	....	၇၇
၃၂။	တိဏုက္ကူပမာ ကာမာ	....	....	၇၇
၃၃။	အင်္ဂါရကာသူပမာ ကာမာ	....	....	၇၈
၃၄။	သုပိနကူပမာ ကာမာ	....	....	၇၉
၃၅။	ယာစိတကူပမာ ကာမာ	....	....	၇၉
၃၆။	ရုက္ခဖလူပမာ ကာမာ	....	....	၈၀
၃၇။	အသိသူနူပမာ ကာမာ	....	....	၈၁
၃၈။	သတ္တိသူလူပမာ ကာမာ	....	....	၈၁
၃၉။	သပ္ပသိရူပမာ ကာမာ	....	....	၈၂
၄၀။	ကာမတဏှာကြောင့် ဒုက္ခရောက်ပုံ	....	....	၈၂
၄၁။	ဘုရားလောင်း တက္ကသိုလ်ပြည်သွားခြင်း	....	....	၈၃
၄၂။	ဘီလူးမတို့ ဖြားယောင်းခြင်း	....	....	၈၄
၄၃။	ဘီလူးမနှင့် တက္ကသိုလ်မင်းတို့တွေ့ခြင်း	....	....	၈၆
၄၄။	ဘီလူးမသည် ဘုရင်အား ကိုက်သတ်စားခြင်း	....		၈၈
၄၅။	တိုင်းသူပြည်သားတို့ တိုင်ပင်ကြခြင်း	....	....	၈၈
၄၆။	ကာမဂုဏ်လိုက်စား၍ ဘီလူးအစာဖြစ်ရခြင်း....		....	၈၉
၄၇။	ကာမဂုဏ်ကြောင့် ဒုက္ခရောက်ပုံကို ပြသော အညတရပုရိသဝတ္ထု	....	....	၉၀
၄၈။	ကာမတဏှာအတွက် မင်းကြီးအကောက်ကြံပုံ	....	....	၉၀
၄၉။	သူမယားလိုချင်၍ သူလင်ကိုသတ်ရန်ကြံခြင်း....		....	၉၁
၅၀။	သံဃာတော်များကို ဒုက္ခတွေ့မှ သတိရကြပုံ....		....	၉၃
၅၁။	သူဌေးသားလေးယောက်ဖြစ်ပုံ	....	....	၉၆
၅၂။	ပထမ ငရဲသား၏ ဒု-ဟူသောစကား	....	....	၉၇
၅၃။	ဒုတိယ ငရဲသား၏ သ-ဟူသော စကား	....	....	၉၇
၅၄။	တတိယ ငရဲသား၏ နု-ဟူသော စကား	....	....	၉၈

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၅၅။	စတုတ္ထ ဇရဲသား၏ သေ-ဟူသေ စကား	၉၈
၅၆။	မင်းကြီးအမြင်မှန်ရပုံ	၉၈
၅၇။	ဓုတင်္ကထာ	၁၀၀
၅၈။	ပံသုကူလိကင်္ကထာ	၁၀၁
၅၉။	ပံသုကူဓုတင်ဆောက်တည်ပုံ	၁၀၁
၆၀။	ပံသုကူသင်္ဃန်း ၂၃-မျိုး	၁၀၁
၆၁။	ပံသုကူ မဖြစ်ထိုက်သော သင်္ဃန်းများ	၁၀၂
၆၂။	ပံသုကူဖြစ်ပုံကိုပြခြင်း	၁၀၂
၆၃။	ပံသုကူဓုတင်သုံးပါးပြားပုံ	၁၀၃
၆၄။	မြတ်စွာဘုရား ပံသုကူဆောင်ခြင်း	၁၀၅
၆၅။	နည်းယူဘွယ်ရာ မဇ္ဈန္တိကမထေရ်	၁၀၅
၆၆။	ပံသုကူဓုတင်အာနိသင်	၁၀၆
၆၇။	**တေစီဝရိကင်္ကထာ**	**၁၀၇**
၆၈။	တိစီဝရိက်ဓုတင်ဆောက်တည်ပုံ	၁၀၇
၆၉။	တိစီဝရိက်ဓုတင်သုံးမျိုးပြားပုံ....	၁၀၇
၇၀။	ဓုတင်ပျက်ပုံ	၁၀၈
၇၁။	တိစီဝရိက်နှစ်မျိုး	၁၀၈
၇၂။	တိစီဝရိက်ဓုတင် အာနိသင်	၁၁၀
၇၃။	**ပိဏ္ဍပါတိကင်္ကထာ**	**၁၁၁**
၇၄။	ပိဏ္ဍပါတ်ခုတင်ဆောက်တည်ပုံ....	၁၁၁
၇၅။	ပိဏ္ဍပါတ်ဓုတင်သုံးမျိုးပြားပုံ	၁၁၂
၇၆။	ဓုတင်ပျက်ပုံ	၁၁၂
၇၇။	မြတ်စွာဘုရားဆွမ်းခံပုံ	၁၁၃
၇၈။	သုဒ္ဓေါဒနမင်းကြီး သောတာပန်တည်ခြင်း	၁၁၄
၇၉။	**သပဒါနစာရိကင်္ကထာ**	**၁၁၉**
၈၀။	သပဒါနစာရိကဓုတင်ဆောက်တည်ပုံ	၁၁၉
၈၁။	သပဒါနစာရိကဓုတင်သုံးပါးပြားပုံ	၁၁၉
၈၂။	ဓုတင်ပျက်ပုံ	၁၂၀
၈၃။	ဒေသနာညီနှိုင်းယှဉ်ပုံ	၁၂၀
၈၄။	နည်းယူဘွယ်ရာ အရှင်မဟာကဿပမထေရ်အကြောင်း	၁၂၁
၈၅။	သိကြားမင်းဟုသိပုံ	၁၂၃
၈၆။	သပဒါန ဓုတင် အာနိသင်	၁၂၄

ဦးရေ	အကြောင်းအရာ			စာမျက်နှာ
၈၇။	**ကောသနိကဂ်ကထာ**	....	....	၁၂၆
၈၈။	ကောသနိက်ဓုတင်ဆောက်တည်ပုံ	....	....	၁၂၆
၈၉။	ကောသနိက်ဓုတင်သုံးပါးပြားပုံ	....	....	၁၂၆
၉၀။	ဓုတင်ပျက်ပုံ	....	....	၁၂၇
၉၁။	နည်းယူဘွယ်ရာ ညီနောင်နှစ်ပါး	....	....	၁၂၇
၉၂။	ကောသနိက်ဓုတင်အာနိသင်	....	....	၁၂၈
၉၃။	**ပတ္တပိဏ္ဍိကဂ်ကထာ**	....	....	၁၂၉
၉၄။	ပတ္တပိဏ်ဓုတင်ဆောက်တည်ပုံ	....	....	၁၂၉
၉၅။	ဓုတင်သုံးမျိုးပြားပုံ	....	....	၁၂၉
၉၆။	ဓုတင်ပျက်ပုံ	....	....	၁၃၀
၉၇။	ပတ္တပိဏ်ဓုတင် အာနိသင်	....	....	၁၃၀
၉၈။	**ခလုပစ္ဆာဘတ္တိကဂ်ကထာ**	....	....	၁၃၂
၉၉။	ဓုတင်ဆောက်တည်ပုံ	....	....	၁၃၂
၁၀၀။	ဓုတင်သုံးမျိုးပြားပုံ	....	....	၁၃၂
၁၀၁။	ဓုတင်ပျက်ပုံ	....	....	၁၃၃
၁၀၂။	နတ်သမီးသတိပေး၍ ရဟန္တာဖြစ်ခြင်း	....	....	၁၃၆
၁၀၃။	ခလုပစ္ဆာဘတ္တိကဓုတင် အာနိသင်	....	....	၁၃၇
၁၀၄။	**အာရညိကဂ်ကထာ**	....	....	၁၃၈
၁၀၅။	အာရညကင်ဓုတင် ဆောက်တည်ပုံ	....	....	၁၃၈
၁၀၆။	ဓုတင်သုံးမျိုးပြားပုံ	....	....	၁၄၀
၁၀၇။	ဝနဝါသီ တောနေ ရှင်တိဿအကြောင်း	....	....	၁၄၀
၁၀၈။	ကမ္မလဒါယကာ တိဿ	....	....	၁၄၅
၁၀၉။	ဝနဝါသီ တိဿ	....	....	၁၄၆
၁၁၀။	သုံးလဖြင့် ရဟန္တာဖြစ်ပုံ	....	....	၁၄၇
၁၁၁။	မြတ်စွာဘုရား ကြွရောက်တော်မူခြင်း	....	....	၁၅၀
၁၁၂။	အရှင်ရေဝတအကြောင်း	....	....	၁၅၄
၁၁၃။	ရေဝတ သံဝေဂရခြင်း	....	....	၁၅၆
၁၁၅။	အရှင်ရေဝတ ရှားတော၌တရားအားထုတ်ခြင်း	....		၁၅၈
၁၁၆။	မြတ်စွာဘုရား ရဟန်းတော်တို့နှင့်တကွ ရှားတောသို့ ကြွတော်မူပုံ	....	....	၁၅၈
၁၁၇။	အရှင်သီဝလိ ဘုန်းကံကြီးမားပုံ	....	....	၁၅၉

ဦးရေ	အကြောင်းအရာ		စာမျက်နှာ
၁၁၈။	ကျောင်းများ တန်းခိုးဖြင့်ဖန်ဆင်းထားပုံ....	....	၁၆၀
၁၁၉။	ရဟန်းအခွို့ အထင်မှားကြခြင်း	....	၁၆၁
၁၂၀။	တေဒင်္ဘဲ့ ရရှိတော်မူခြင်း	....	၁၆၄
၁၂၁။	သတိပြုဘွယ်များ	....	၁၆၄
၁၂၂။	တောနေရဟန်းနှင့် အာဠာနာဋ္ဌိယသုတ္တန်....	....	၁၆၅
၁၂၃။	အာဠာနာဋ္ဌိယသုတ်ပါဠိတော်	....	၁၆၇
၁၂၄။	အာဠာနာဋ္ဌိယသုတ်ပါဠိတော်နိဿယ	....	၁၇၁
၁၂၅။	အာရညကင်ဓုတင် ဆောက်တည်ရကျိုး	....	၁၈၄
၁၂၆။	**ရုက္ခမူလိကင်္ဂကထာ	....	**၁၈၆**
၁၂၇။	ရုက္ခမူဓုတင်ဆောက်တည်ပုံ	....	၁၈၆
၁၂၈။	ရုက္ခမူဓုတင်သုံးမျိုးပြားပုံ	....	၁၈၆
၁၂၉။	ဓုတင်ပျက်ပုံ	....	၁၈၇
၁၃၀။	ရဟန်းအား ရုက္ခစိုးနတ်က လျှောက်ထားပုံ	....	၁၈၇
၁၃၁။	ရုက္ခမူဓုတင်အာနိသင်	....	၁၈၇
၁၃၂။	**အဗ္ဘောကာသိကင်္ဂကထာ	....	**၁၈၉**
၁၃၃။	အဗ္ဘောကာသိကဓုတင် ဆောက်တည်ပုံ	....	၁၈၉
၁၃၄။	ဓုတင်သုံးမျိုးပြားပုံ	....	၁၈၉
၁၃၅။	ဓုတင်ပျက်ပုံ	....	၁၉၀
၁၃၆။	သမာဓိရရှိအောင် အားထုတ်ပုံ	....	၁၉၁
၁၃၇။	တရားပေါက်ရောက်မှု အစစ်အမှန်	....	၁၉၂
၁၃၈။	ယခုခေတ် တရားပေါက်ပုံ	....	၁၉၂
၁၃၉။	အဗ္ဘောကာသိကဓုတင် အာနိသင်	....	၁၉၃
၁၄၀။	**သောသာနိကင်္ဂကထာ	....	**၁၉၄**
၁၄၁။	သုသာန်ဓုတင် ဆောက်တည်ပုံ	....	၁၉၄
၁၄၂။	ဓုတင်သုံးမျိုးပြားပုံ	....	၁၉၅
၁၄၃။	သုသာန်ဓုတင် အာနိသင်များ	....	၁၉၇
၁၄၄။	**ယထာသန္ထတိကင်္ဂကထာ	....	**၁၉၉**
၁၄၅။	ယထာသန္ထတိဓုတင်ဆောက်တည်ပုံ	....	၁၉၉
၁၄၆။	ဓုတင်သုံးမျိုးပြားပုံ	....	၁၉၉
၁၄၇။	ယထာသန္ထတိဓုတင်အာနိသင်များ	....	၂၀၀
၁၄၈။	**နေသဇ္ဇိကင်္ဂကထာ	....	**၂၀၁**
၁၄၉။	နေသဇ္ဇိကဓုတင်ဆောက်တည်ပုံ	....	၂၀၁

ဦးရေ	အကြောင်းအရာ		စာမျက်နှာ
၁၅၀။	ဓုတင်သုံးမျိုးပြားပုံ	....	၂၀၁
၁၅၁။	နိဿဋ္ဌိဓုတင်အာနိသင်များ	....	၂၀၃
၁၅၂။	ဓုတင်္ဂပကိဏ္ဏကကထာ	....	၂၀၅
၁၅၃။	စေတိယတောင် ညီနောင်နှစ်ပါး	....	၂၀၆
၁၅၄။	ဓုတင်တို့ကို ပေါင်းရုံးချီပြခြင်း	....	၂၀၉
၁၅၅။	ဘိက္ခုနီများ မရထိုက်သော ဓုတင်များ	....	၂၁၀
၁၅၆။	သာမဏေများ မရထိုက်သော ဓုတင်	....	၂၁၀
၁၅၇။	သိက္ခမာန်နှင့် သာမဏေမအဘို့ ရထိုက်သော ဓုတင်	....	၂၁၀
၁၅၈။	လူများအတွက် ဆောက်တည်တိုက်သော ဓုတင်	....	၂၁၁
၁၅၉။	တပြိုင်နက်တည်း ဓုတင်တဆယ့်သုံးပါး ရရှိပုံ	....	၂၁၁
၁၆၀။	အရှင်မဟာကဿပမထေရ်ဝတ္ထု	....	၂၁၂
၁၆၁။	ရွာကျောင်းနေ ရဟန်းထက် တောကျောင်းနေ ရဟန်းမြတ်ပုံ		၂၁၆
၁၆၂။	တောနေခြင်းငါးမျိုး	....	၂၁၆
၁၆၃။	ရွာကျောင်းဘုန်းကြီးနှင့်တောကျောင်းဘုန်းကြီးတို့ တန်းခိုးပြကြပုံ		၂၁၇
၁၆၄။	နိဗ္ဗာန်လိုလျှင် တောထွက်ရပုံ	....	၂၁၇
၁၆၅။	ခလုပ်ဆွဲဘတ္တိကဓုတင်နှင့်ပတ်သက်၍ မှတ်သားဘွယ်ရာများ		၂၁၈
၁၆၆။	ဝိဒေဟနှင့် ဂန္ဓာရ ရသွေ့နှစ်ပါး	....	၂၁၈
၁၆၇။	သပဒါနဓုတင်နှင့်စပ်၍ သိမှတ်ဘွယ်ရာများ	....	၂၁၉
၁၆၈။	ဆွမ်းခံရဟန်းနှင့် ဆွမ်းလောင်းလှူသော ဒကာ ဒကာမများ နည်းယူဘွယ်ရာ အရှင်မိတ္တဌေရ်အကြောင်း	....	၂၂၀
၁၆၉။	ရုက္ခမူဓုတင်၌ သစ်ပင်ရင်းအရပ်၏ ဂုဏ်ဆယ်ပါး	....	၂၂၂
၁၇၀။	သစ်ရွက်မိုးကျောင်း၌ အပြစ်ရှစ်ပါး	....	၂၂၃
၁၇၁။	**သာရဏီယဝတ္တကထာ**	....	၂၂၆
၁၇၂။	သာရဏီယဝတ်ဖြည့်ကျင့်ပုံ	....	၂၂၆
၁၇၃။	သာရဏီယကျင့်ဝတ် တဆယ့်နှစ်နှစ်ပြည့်မှ အောင်မြင်ပုံ	....	၂၂၇
၁၇၄။	သာရဏီယကျင့်ဝတ် ဖြည့်ကျင့်ရခြင်းအကျိုးများ	....	၂၂၈
၁၇၅။	သာရဏီယကျင့်ဝတ် အကျိုးပြဝတ္ထုများ....	....	၂၂၉
၁၇၆။	ဆွမ်းသာလျှင် ပေး၍ မကုန်သည်မဟုတ် ပစ္စည်းဝေဘန်ရာ၌ လည်း ကောင်းမှန်သော ပစ္စည်းရရှိပုံ	....	၂၃၁
၁၇၇။	ငတ်မွတ်ခေါင်းပါးခြင်းဘေး ဆိုက်ရောက်သော် နတ်တို့က ကူညီပုံ		၂၃၃
၁၇၈။	နာဂမထေရ်မြတ်၏ နည်းယူဘွယ်ရာ နှလုံးရည်	....	၂၃၄

ဦးရေ	အကြောင်းအရာ			စာမျက်နှာ
၁၇၉။	**မောနေယျပဋိပန္နကထာ**	....	....	၂၃၆
၁၈၀။	မောနေယျကောလာဟာလ	....	....	၂၃၆
၁၈၁။	ကားဋဒေဝီလရသေ့ကြီးအကြောင်း	....	....	၂၃၆
၁၈၂။	ရသေ့ကြီး၏ ပြုံရယ်ခြင်း, ငိုကြွေးခြင်းအကြောင်း		....	၂၃၉
၁၈၃။	လူတို့က မေးလျှောက်ကြခြင်း	....	....	၂၃၉
၁၈၄။	နာလကလုလင် ရဟန်းပြုခြင်း	....	....	၂၄၀
၁၈၅။	ဆောင်ပုဒ်	....	....	၂၅၀
၁၈၆။	တနည်းဆောင်ပုဒ်	....	....	၂၅၀
၁၈၇။	အနုဒ်ပနိသိမ့်တ်ဘုယ်များ	....	....	၂၅၅
၁၈၈။	စကားများခြင်း၌ အပြစ်များ	....	....	၂၅၅
၁၈၉။	အရှင်နာလက၏ အလိုနည်းခြင်းသုံးပါး	....	....	၂၅၆
၁၉၀။	အရှင်နာလက ရဟန္တာဖြစ်ခြင်း	....	....	၂၅၆
၁၉၁။	မောနေယျပုဂ္ဂိုလ်သုံးမျိုးနှင့် အရှင်နာလက ပရိနိဗ္ဗာန် စံပုံ			၂၅၇
၁၉၂။	ဓာတ်တော်များကို စေတီတည်ခြင်း	....	....	၂၅၇
၁၉၃။	သုတ္တန်ပါတ် ပါဠိတော်၌ လာသော ခဂ္ဂဝိသာဏသုတ် မြန်မာပြန်	....	....	၂၅၈
၁၉၄။	တိုက်တွန်းချက်	....	....	၂၆၄
၁၉၅။	လယ်တီဆရာတော်၏ ဩဝါဒ	....	....	၂၆၉
၁၉၆။	ဩဝါဒ လက်ဝဲသံပေါက်များ	....	....	၂၇၀
၁၉၇။	ပဓာနိယင်္ဂတရားငါးပါး	....	....	၂၇၂
၁၉၈။	**သောတာပန္နဒီပဂ္ဂလကထာ**	....	....	၂၇၅
၁၉၉။	သောတာပန်စစ်တမ်း	....	....	၂၇၅
၂၀၀။	သဒ္ဓါလေးမျိုးကို ခွဲခြားပြခြင်း	....	....	၂၇၅
၂၀၁။	တနည်း သောတာပန်ပုဂ္ဂိုလ်၏အင်္ဂါလေးပါး		....	၂၇၆
၂၀၂။	တနည်း သောတာပန်ပုဂ္ဂိုလ်၏အင်္ဂါသုံးပါး		....	၂၇၆
၂၀၃။	သောတာပန်ခေါ်ပုံ အဓိပ္ပါယ်	....	....	၂၇၈
၂၀၄။	သမ္မာဒိဋ္ဌိသောတ	....	....	၂၇၉
၂၀၅။	သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ သောတ		....	၂၈၀
၂၀၆။	သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ သောတ	....	....	၂၈၁
၂၀၇။	သောတာပန်တို့၏သဘော	....	....	၂၈၂
၂၀၈။	သောတာပန်သုံးမျိုး	....	....	၂၈၃

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၂၀၉။	အမြတ်ဆုံး သောတာပန်ပုဂ္ဂိုလ်	၂၀၆
၂၁၀။	သောတာပန် အရိယာပုဂ္ဂိုလ်တို့၏ သဒ္ဓါတရား ခိုင်မြဲပုံကို ပြဆိုရာဖြစ်သော သုပ္ပဗုဒ္ဓကုဋ္ဌိဝတ္ထု	၂၉၀
၂၁၁။	သူရမ္ဗဋ္ဌဝတ္ထု	၂၉၂
၂၁၂။	ခြိမ်းခြောက်ဖျက်သော်လည်း မပျက်သော သောတာပန် ဓနဉ္ဇာနီပုဏ္ဏားမဝတ္ထု	၂၉၄
၂၁၃။	သောတာပန်ပုဂ္ဂိုလ်၏ သီလစင်ကြယ်ခိုင်မြဲပုံ	၂၉၇
၂၁၄။	သောတာပန်ပုဂ္ဂိုလ် အပါယ်ဘေးမှ လွတ်မြောက်ပုံ	၂၉၉
၂၁၅။	စူဠသောတာပန်	၃၀၃
၂၁၆။	တနည်း စူဠသောတာပန်ခေါ်ပုံ	၃၀၄
၂၁၇။	သောတာပန်ပုဂ္ဂိုလ်၏ မဟာပစ္စဝေက္ခဏာခုနစ်ပါး	၃၀၅
၂၁၈။	ပါဠို, အဋ္ဌကထာ, ဋီကာတို့၌သုံးနှုန်းသော သောတာပန် ပုဂ္ဂိုလ်၏အမည်များ	၃၁၀
၂၁၉။	သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာများ အာပတ်သင့်ပုံ	၃၁၀
၂၂၀။	သောတာပန် သာသနာကြည်ညိုခြင်း လှူဒါန်းရာ၌ နည်းယူ ဘုယ်ရာ အနာထပိဏ်သူဌေးအကြောင်း	၃၁၁
၂၂၁။	ပီတိ ၅-မျိုး	၃၁၃
၂၂၂။	ဘုရင်မင်းမြတ်နှင့် သူဌေးများက ကူညီရန် ဖိတ်မန္တ်ကပြုခြင်း	၃၂၀
၂၂၃။	ရာဇဂြိုဟ်နှင့်သာဝတ္ထိအကြား ကျောင်းဆောက်လုပ်စေခြင်း	၃၂၁
၂၂၄။	အနာထပိဏ်သူဌေးကြီး ကျောင်းတိုက်နေရာကို ရှာဖွေ ဝယ်ယူရခြင်းအကြောင်း	၃၂၂
၂၂၅။	ဇေတမင်းသား ကျောင်းတိုက် မုခ်ဦးပြာသာဒ်ကို လှူ ဒါန်းခြင်း	၃၂၃
၂၂၆။	အနာထပိဏ်သူဌေး ဇေတဝန် ကျောင်းတိုက်ကြီး တည် ဆောက်ခြင်း	၃၂၆
၂၂၇။	ဇေတဝန်ကျောင်းတိုက်ကို စတုဒ္ဒိသသံဃိကရေစက်ချ၍ လှူဒါန်းခြင်း	၃၂၈
၂၂၈။	သောတာပန်အရိယာ အာဂတိမလိုက်စား	၃၃၂
၂၂၉။	သောတာပန်ပုဂ္ဂိုလ် ၂၄-ယောက်	၃၃၂
၂၃၀။	သောတာပန်အရိယာ သဒ္ဓါခိုင်မြဲပုံ	၃၃၃

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၂၃၁။	သောဘာပန် အင်္ဂါလေးပါး	၃၃၄
၂၃၂။	သောတာပန်ဖြစ်လျက် လေးမြားစသည်ကို ယူဆောင်ပေး သော်လည်း ဒုစရိုက်မဖြစ်ပုံ မှတ်သားဘွယ်ရာ ကုက္ကုဋ္ဌမိတ္တ နေသာဒဝတ္ထု	၃၃၄
၂၃၃။	ကုက္ကုဋ္ဌမိတ္တ မူဆိုးမိသားစု သောဘာပန် ဖြစ်ခြင်း	၃၃၆
၂၃၄။	ကုက္ကုဋ္ဌမိတ္တ မူဆိုးမိသားစု၏ ရွေးကောင်းမှုကုသိုလ်	၃၄၀
၂၃၅။	ဘုရားလူကြီးရွေးချယ်ကြခြင်း	၃၄၀
၂၃၆။	သောတာပန်အင်္ဂါများ နှိုးနှောချ၍ ယူပုံ	၃၄၃
၂၃၇။	သဒ္ဓါတရား အရေးကြီးပုံ	၃၄၄
၂၃၈။	ဣဿာမစ္ဆရိယ အကျယ်ကို ပြဆိုချက်	၃၄၅
၂၃၉။	မစ္ဆရိယ အဓိပ္ပါယ်	၃၄၆
၂၄၀။	မစ္ဆရိယ ငါးမျိုး	၃၄၇
၂၄၁။	မစ္ဆရိယ ငါးမျိုး အပြစ်များ	၃၄၉
၂၄၂။	ဣဿာနှင့် မစ္ဆရိယခြားနားပုံ	၃၅၀
၂၄၃။	နတ်ပြည် တရားပွဲများ	၃၅၀
၂၄၄။	တနည်း သောတာပန်အင်္ဂါလေးပါး	၃၅၂
၂၄၅။	သကဒါဂါမ်ပုဂ္ဂိုလ်	၃၅၂
၂၄၆။	သကဒါဂါမ်ပုဂ္ဂိုလ်မည်ပုံ	၃၅၃
၂၄၇။	သကဒါဂါမ်ပုဂ္ဂိုလ် ၁၂-ယောက်	၃၅၄
၂၄၈။	သကဒါဂါမ်ပုဂ္ဂိုလ် ၅-မျိုး	၃၅၅
၂၄၉။	ကေဗိဇ် သောတာပန်နှင့် သကဒါဂါမ်ပုဂ္ဂိုလ်အထူး	၃၅၅
၂၅၀။	တဏှာခေါင်းပါးရုံဖြင့် သကဒါဂါမ်မမည်ပုံ	၃၅၆
၂၅၁။	အနာဂါမ်ပုဂ္ဂိုလ်	၃၅၆
၂၅၂။	နည်းယူဘွယ်ရာ အနာဂါမ်ဝိသာခဝတ္ထု	၃၅၇
၂၅၃။	အနာဂါမ်ပုဂ္ဂိုလ် ၅-မျိုး	၃၅၉
၂၅၄။	တနည်း အနာဂါမ်ပုဂ္ဂိုလ် ၄-မျိုး	၃၆၀
၂၅၅။	အနာဂါမ်ပုဂ္ဂိုလ် ၎၀-ယောက်	၃၆၀
၂၅၆။	သံပွားသံပုံ့ဥပမာဖြင့် အနာဂါမ်ပုဂ္ဂိုလ် ၎၀-ယောက်ကို မြတ်စွာဘုရား ဟောတော်မူပုံ	၃၆၁
၂၅၇။	အနာဂါမ်ပုဂ္ဂိုလ်များ နည်းယူနိုင်ရန် အနာဂါမ်ဥပါသိကာမ ကြီး ဝတ္ထု	၃၆၃
၂၅၀။	ဗြဟ္မဉ့်ပြည်တွင် အနာဂါမ်များရှိကြောင်း....	၃၆၄

ဦးရေ	အကြောင်းအရာ		စာမျက်နှာ
၂၅၉။	ပုဂ္ဂိုလ်လေးမျိုးနှင့် သက်ဆိုင်သော သိမှတ်ဘွယ်ရာ တရား တော်များ	....	၃၆၈
၂၆၀။	အရဟန္တကထာ	....	၃၇၀
၂၆၁။	ရဟန္တာ ၁၂-မျိုး	....	၃၇၁
၂၆၂။	ပုဂ္ဂလပညတ်ပါဠိတော်၌ ဟောတော်မူအပ်သော ရဟန္တာ ပုဂ္ဂိုလ်စသည်များနှင့် သိမှတ်ဘွယ်ရာ အဖြာဖြာ	....	၃၇၂
၂၆၃။	ယခုခေတ် ရဟန္တာများနှင့် တရားအားထုတ်သူများ	....	၃၇၃
၂၆၄။	ဝဂ္ဂုမုဒါမြစ်ကမ်း၌ ဝါဆိုသော ရဟန်းများ လာဘသက္ကာရ ရလိုမှုကြောင့် ဝါကြွားကြပုံ	....	၃၇၈
၂၆၅။	ဘုရားရှင် ကဲ့ရဲ့တော်မူပုံ	....	၃၇၉
၂၆၆။	ခိုးသူဓားပြကြီး ငါးမျိုး	....	၃၇၉
၂၆၇။	အထင်ရှိ၍ ပြောမိလျှင် အပြစ်မရှိ	....	၃၈၁
၂၆၈။	သတိပြုဘွယ်ရာများ	....	၃၈၁
၂၆၉။	အိုးစရည်းကြီး ရဟန္တာ	....	၃၈၂
၂၇၀။	ကိလေသာဖြစ်မှု မရှိတာကြာလျှင် ရဟန္တာဟု ထင် တတ်ပုံ	....	၃၈၃
၂၇၁။	ဘာဝနာနယသခေါ်ပကထာ	....	၃၈၆
၂၇၂။	ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း	....	၃၈၆
၂၇၃။	ဘုရားဂုဏ်တော် ပွါးများနည်း	....	၃၈၆
၂၇၄။	တနည်း အရဟံ သုံးနည်းပွါးများပုံ	....	၃၉၀
၂၇၅။	ဘုရားဂုဏ်တော်ကြောင့် ရဟန္တာများ မရေတွက်နိုင်အောင် များကြပုံ	....	၃၉၂
၂၇၆။	ဝိပဿနာသို့ ကူးတက်ပုံ	....	၃၉၃
၂၇၇။	ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကြောင့် ကောင်းကင်သို့ ပျံတက်သွားပုံ		၃၉၃
၂၇၈။	ဘုရားဂုဏ်ကြောင့် ရေပေါ်၌သွားနိုင်ပုံ	....	၃၉၄
၂၇၉။	ဓမ္မာနုဿတိကမ္မဋ္ဌာန်း ပွါးများအားထုတ်ပုံ	....	၃၉၅
၂၈၀။	တရားဂုဏ်တော်ပွါးများနည်း	....	၃၉၆
၂၈၁။	တရားရှိ၍ သတ္တဝါများ ချမ်းသာကြပုံ	....	၃၉၉
၂၈၂။	ဝိသုဒ္ဓိမဂ်၌ ဖွင့်ပြသော ဓမ္မာနုဿတိ ဘာဝနာအကျိုး	....	၄၀၁
၂၈၃။	သံဃာနုဿတိကမ္မဋ္ဌာန်း ပွါးများအားထုတ်ပုံ	....	၄၀၁
၂၈၄။	သံဃဂုဏ်တော် ပွါးများနည်း	....	၄၀၁
၂၈၅။	သံဃာတော် ၂-မျိုး	....	၄၀၃

ဦးရေ	အကြောင်းအရာ			စာမျက်နှာ
၂၀၆။	အကြောင်းဂုဏ် အကျိုးဂုဏ်မျှား	....	....	၄၀၃
၂၀၇။	ရှစ်ပါးလေးစုံ သံဃာတော်	....	....	၄၀၄
၂၀၈။	အနုဿတိကမ္မဋ္ဌာန်း ၂ မျိုး	....	....	၄၀၇
၂၀၉။	ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း ပါးများသူနှင့် ဗုဒ္ဓဘာသာဝင်တိုင်း ကျက်မှတ်ရန် ဘုရားရှိခိုးအမျိုးမျိုး	....	....	၄၀၉
၂၉၀။	ကန်တော့ဆုတောင်း	....	....	၄၀၉
၂၉၁။	သမ္မုဒ္ဓေဘုရားရှိခိုး	....	....	၄၀၉
၂၉၂။	ဘုရားဂုဏ်တော် ၉ပါး	....	....	၄၁၀
၂၉၃။	တရားဂုဏ်တော် ၆-ပါး	....	....	၄၁၂
၂၉၄။	သံဃာ့ဂုဏ်တော် ၉-ပါး	....	...	၄၁၃
၂၉၅။	**မေတ္တာကမ္မဋ္ဌာန်း**	....	....	၄၁၆
၂၉၆။	ငါးရာ့နှစ်ဆယ် ရှစ်သွယ်မေတ္တာပွါးနည်း	....	....	၄၁၈
၂၉၇။	**ဒီသာဖရဏာမေတ္တာ**	....	....	၄၂၂
၂၉၈။	အရှေအရပ်	....	....	၄၂၂
၂၉၉။	အနောဓ	....	....	၄၂၃
၃၀၀။	အနောက်အရပ်	....	....	၄၂၄
၃၀၁။	တောင်အရပ်	....	....	၄၂၅
၃၀၂။	အရှေတောင်ထောင့်အရပ်	....	....	၄၂၅
၃၀၃။	အနောက်တောင်ထောင့်အရပ်	....	....	၄၂၅
၃၀၄။	အနောက်မြောက်ထောင့်အရပ်	....	....	၄၂၆
၃၀၅။	အရှေမြောက်ထောင့်အရပ်	....	....	၄၂၆
၃၀၆။	အောက်အရပ်	....	....	၄၂၆
၃၀၇။	အထက်အရပ်	....	....	၄၂၆
၃၀၈။	ငါးရာ့နှစ်ဆယ် ရှစ်သွယ်မေတ္တာ ရေတွက်ပုံ	....	....	၄၂၈
၃၀၉။	မေတ္တာသုတ်လာ ပွါးများနည်း	....	....	၄၂၉
၃၁၀။	ကရဏာရေတွက်ပုံ	....	....	၄၃၁
၃၁၁။	ရှေးဦးစွာ မေတ္တာမပို့အပ်သော ပုဂ္ဂိုလ်များ	....	....	၄၃၂
၃၁၂။	မေတ္တာပွါးများနည်း	....	....	၄၃၂
၃၁၃။	တနည်း မေတ္တာပွါးများပုံ	....	....	၄၃၄
၃၁၄။	မေတ္တာ၏ ရန်သူနှစ်မျိုး	....	....	၄၃၄
၃၁၅။	ဗြဟ္မစိုရ်တရားများ၏ သဘောလက္ခဏာ	....	....	၄၃၆
၃၁၆။	မေးမြန်းဘွယ်ရာ ပြဿနာများ	....	....	၄၃၆

ဦးရေ	အကြောင်းအရာ		စာမျက်နှာ
၃၁၇။	မေတ္တာနှင့်ရောဂ	....	၄၃၀
၃၁၈။	ကရဏာနှင့် သောက	....	၄၃၀
၃၁၉။	မုဒိတာနှင့်ပဟာသ	....	၄၃၉
၃၂၀။	ဥပေက္ခာနှင့် နိက္ခိတ္တဓုရတာ	....	၄၃၉
၃၂၁။	ဥပေက္ခာအဓိပ္ပါယ်	....	၄၄၀
၃၂၂။	ဥပေက္ခာရှုပ်ငြိုးပုံ နည်းအဖုံဖုံ	....	၄၄၀
၃၂၃။	စဉ်းစားဆင်ခြင်ဘွယ်ရာ	....	၄၄၁
၃၂၄။	ဥပေက္ခာပဓိုးနိုင်သောပုဂ္ဂိုလ်	....	၄၄၄
၃၂၅။	ဥပေက္ခာကမ္မဋ္ဌာန်း ဖြည့်ကျင့်ပုံဝတ္ထု	....	၄၄၅
၃၂၆။	ဥပေက္ခာ၏ ပြည့်စုံခြင်း	....	၄၄၈
၃၂၇။	ဥပေက္ခာအရကောက်	....	၄၄၉
၃၂၈။	ဥပေက္ခာ ၁၀-ပါး	....	၄၅၀
၃၂၉။	ဆောင်ပုဒ်လက်စ	....	၄၅၂
၃၃၀။	မေတ္တာအကျိုး ၁၁-မျိုး	....	၄၅၃
၃၃၁။	မေတ္တာဘာဝနာအကျိုး ၁၁-မျိုး	....	၄၅၃
၃၃၂။	လက်စအဓိပ္ပါယ်အကျယ်	....	၄၅၃
၃၃၃။	လူတို့ချစ်မြတ်နိုးပုံဝတ္ထု	....	၄၅၉
၃၃၄။	မေတ္တာသုတ်နှင့် နတ်များ	....	၄၆၁
၃၃၅။	မေတ္တာတရားကြောင့် ချမ်းသာပုံ	....	၄၆၃
၃၃၆။	မေတ္တာ၏အစွမ်းကြောင့် မြားပစ်၍မရပုံ	....	၄၆၅
၃၃၇။	မေတ္တာပို့ပါဠိ	....	၄၆၅
၃၃၈။	မေတ္တာပို့အနက်	....	၄၆၇
၃၃၉။	အရပ်ညွှန်း သဗ္ဗဒိသာဖရဏာမေတ္တာ	....	၄၆၈
၃၄၀။	မေတ္တာပုဗ္ဗပဋိဘာဂတရား ၁၆-ပါး	....	၄၆၉
၃၄၁။	ကြီးပွါးချမ်းသာလိုသော် မေတ္တာကို ခံယူရပုံ	....	၄၇၁
၃၄၂။	မေတ္တာစွမ်းရည်	....	၄၇၂
၃၄၃။	မေတ္တာအပြား သုံးပါး	....	၄၇၃
၃၄၄။	ဝစီကံမေတ္တာဘာဝနာကြောင့် ချမ်းသာပုံ....	....	၄၇၄
၃၄၅။	တနည်း မေတ္တာဘာဝနာအကျိုး	....	၄၇၅
၃၄၆။	ဝေလာမသုတ်၌လာသော မေတ္တာဘာဝနာ သိမှတ်ဘွယ်ရာ		၄၇၇
၃၄၇။	တနည်း မေတ္တာအကျိုးများပုံ	....	၄၈၀
၃၄၈။	**မရဏာနုဿတိကမ္မဋ္ဌာန်း**	....	၄၈၂

ဦးရေ	အကြောင်းအရာ			စာမျက်နှာ
၃၄၉။	ယင်းကမ္မဋ္ဌာန်း ပဋိဘာဂပုံ	....	....	၄၈၂
၃၅၀။	သိမှတ်ဘွယ်ရာ အဖြာဖြာ	....	....	၄၈၂
၃၅၁။	သတ္တဝါတို့ မသိခြင်းငါးပါးကို ပြဆိုခြင်း	....	....	၄၈၃
၃၅၂။	သတိပြုသင့်ပုံ	....	....	၄၈၅
၃၅၃။	မရဏာနုဿတိကို ပွါးသော ရဟန်းရှစ်ပါး	....	....	၄၈၅
၃၅၄။	မရဏာနုဿတိကမ္မဋ္ဌာန်းအကျိုး	....	....	၄၈၈
၃၅၅။	ရှေးဦးစွာ သေခြင်းတရား ပွါးများထားသည့်အတွက် ချမ်းသာမှုရရှိပုံဝတ္ထု	....	....	၄၈၉
၃၅၆။	သံဝေဂ ဂါထာများ	....	....	၄၉၄
၃၅၇။	**အာနာပါနကမ္မဋ္ဌာန်း**	....	....	၄၉၅
၃၅၈။	ဂဏနာနည်း	....	....	၄၉၅
၃၅၉။	တနည်း စိတ်ဖမ်းနည်း	....	....	၄၉၆
၃၆၀။	ပုဂ္ဂိုလ်စရိုက်နှင့် ကမ္မဋ္ဌာန်း	....	....	၄၉၈
၃၆၁။	ကာယဂတာသတိကမ္မဋ္ဌာန်း	....	....	၄၉၉
၃၆၂။	ရုပ်၏အပြစ်ကို ပြဆိုပုံ	....	....	၅၀၀
၃၆၃။	ဝိပဿနာဉာဏ် ဆယ်ပါး	....	....	၅၀၄
၃၆၄။	သမ္မသနဉာဏ်	....	....	၅၀၄
၃၆၅။	သမ္မသနဉာဏ် လေးမျိုး	....	....	၅၀၄
၃၆၆။	ဥဒယဗ္ဗယဉာဏ်	....	....	၅၀၅
၃၆၇။	ဘင်္ဂ, ဘယ, အာဒီနဝဉာဏ်	....	....	၅၀၆
၃၆၈။	နိဗ္ဗိဒါ, မုဉ္စိတုကမျတာ, ပဋိသင်္ခါဉာဏ်	....	....	၅၀၇
၃၆၉။	သင်္ခါရုပေက္ခာဉာဏ်	....	....	၅၀၈
၃၇၀။	အနုလောမဉာဏ်	....	....	၅၀၉
၃၇၁။	ကျမ်းပြီးနိဂုံး	....	—	၅၁၀

မာတိကာ ပြီး၏။

နိဗ္ဗာန်လမ်းစဉ် စာပလ္လင် နိဒါန်း

ရှင်တော်ဗုဒ္ဓ၏ လမ်းစဉ်ကား—

အို, နာ, သေရေး ဒုက္ခဘေးမှ လွတ်မြောက်ပြီး နိဗ္ဗာန်ရမှုပင်ဖြစ်၏။ နိဗ္ဗာန်ရမှု, ရဘို့ဟူသည်လည်း ဆုတောင်းနေရုံနှင့် မရရှိပေ။ ကျင့်မှသာလျှင် ရရှိပါလိမ့်မည်။ အကျင့်ဆိုသော်လည်း ကျင့်ဘို့နည်းလမ်းကိုမသိက မကျင့်နိုင်ဖြစ်၏။ ဥပမာ–မရောက်ဘူးသည့် အရပ်ဒေသသို့ လမ်းညွှန်ပေးမည့်သူမရှိက သွားဘို့ရန် အလွန်ခဲယဉ်းလိမ့်မည်။ ခရီးလမ်းညွှန်ရှိမှသာလျှင်၊ သို့မဟုတ် မိမိသွားလိုသော အရပ်ဒေသသို့ ရှေးရှုသွားနေသောပုဂ္ဂိုလ်မျှားနှင့်တွေ့ဆုံ၍ မေးပြီး, ကြည့်ရှုပြီး လိုက်မှသာလျှင် ကောင်းမွန်စွာ ရောက်ရှိနိုင်ပေလိမ့်မည်။

ထို့နည်းတူစွာ နိဗ္ဗာန်ချမ်းသာ အရပ်ဒေသသို့ သွားလိုသော သူဘော်ကောင်းမျှားသည် နိဗ္ဗာန်ရဘို့လမ်းအတွက် ခရီးလမ်းညွှန်ရှာ၍ သွားရပေလိမ့်မည်။ သို့မဟုတ် နိဗ္ဗာန်ရဘို့လမ်းသို့ ရှေးရှုသွားနေသော ပုဂ္ဂိုလ်မျှားနှင့်တွေ့ဆုံ၍ မေးမြန်းကြည့်ရှု နည်းခံယူပြီး ကျင်ကြံကြိုးကုတ် အားထုတ်၍သွားမှသာလျှင် ကောင်းမွန်စွာ ရောက်ရှိနိုင်ပေလိမ့်မည်။

ဗုဒ္ဓသည် နိဗ္ဗာန်ရမှုလမ်းအတွက် ကိုယ်တော်တိုင်ညွှန်ပြခဲ့သည်။ သို့ညွှန်ပြခဲ့သည့်အတွက် ထို့လမ်းအတိုင်း သာသနာ့ဝန်ဆောင် မထေရ်ကြီးများ ကျင့်ကြံကြိုးကုတ် အားထုတ်၍ နိဗ္ဗာန်ကို အရယူသွားကြပြီ။ သွားကြဆဲ မထေရ်အချို့လည်း ပေါ်ထွန်းနေဆဲပင် ဖြစ်ပေသည်။

ထို့မထေရ်ကြီးများ နိဗ္ဗာန်ရဘို့လမ်းသို့ သွားကြသလို နောင်အနာဂတ် သာသနာ၌လည်း နိဗ္ဗာန်ချမ်းသာကို ရယူလိုသော ပုဂ္ဂိုလ်များအတွက် အားကိုး အားထား နည်းယူဘွယ်ရာအဖြစ် မထေရ်ကြီးများ၏ နည်းယူဘွယ်ရာများကိုလည်း ညွှန်ပြ ရေးသားထားရှိပါသည်။

ထို့နောက် နိဗ္ဗာန်ရောက်ဘို့ရန် နည်းလမ်းကောင်းများဖြစ်သော သီလခန်း, ဓုတင်ခန်း စသည်တို့ကိုလည်း ဆက်လက်၍ ရေးသားပြုစု ထားပါသည်။

မောနေယျစံကျောင်းဆရာတော်

တော–တောင်စခန်း တနေရာ

မိုးကုတ်မြို့၊ ၁၃၃၄-ခု။

နိဗ္ဗာန်လမ်းစဉ်ပြကျမ်း

ပဏာမနှင့် ပတ္ထနာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ယော ဘဂဝါ၊ အကြင် မြတ်စွာဘုရားသည်။ ကပ္ပသတသဟဿာဓိကာနိ၊ ကမ္ဘာတသိန်း အလွန်ရှိကုန်သော။ စတ္တာရိ အသင်္ချေယျာနိ၊ လေးအသင်္ချေတို့ကာလပတ်လုံး။ သမတိံသ ပါရမိယော၊ အယုတ်, အလတ်, အမြတ် အားဖြင့် အမျှသုံးဆယ်သော ပါရမီတို့ကို။ ပူရေတ္ဝာ၊ မဆုတ်မနစ် သစ်သစ်ပွါးဆင့် ဖြည့်ကျင့်တော်မူပြီး၍။ ဝါ၊ ပါရမီမြင့် သမ္ဘာရင့်အောင် ဖြည့်ကျင့်တော်မူပြီး၍။ စရိမတ္တဘာဝေ၊ နောက်ဆုံးဖြစ်သော သိဒ္ဓတ္ထမင်း၏ အတ္တဘောဌ်။ ကွေနုတိံသ-ဝဿဝယော၊ နှစ်ဆယ့်ကိုးနှစ် အရွယ်၌။ နိက္ခမိတ္ဝာ၊ တောထွက်တော်မူ၍။ ဆဗ္ဗဿာနိ၊ ခြောက်နှစ်တို့ပတ်လုံး။ ဒုက္ကရစရိယံ၊ ခဲယဉ်းသဖြင့် ပြုကျင့်အပ်သော အကျင့်ကို။ ဝါ၊ ပြုကျင့်နိုင်ခဲသော အကျင့်ကို။ စရိတ္ဝာ၊ ကျင့်တော်မူပြီး၍။ ပဉ္စတိံသဝဿဝယော၊ သုံးဆယ့်ငါးနှစ် အရွယ်၌။ ဝိသာခါပုဏ္ဏမဒိဝသေ၊ ကဆုန်လပြည့်နေ့၌။ သူရိယေ၊ နေသည်။ အနတ္ထင်္ဂတေပေ၀၊ မဝင်သေးမီသာလျှင်။ ဒေဝပုတ္တမာရံ၊ ဒေဝပုတ္တမာရ်ကို။ ဇိနိတ္ဝာ၊ အောင်တော်မူ၍။ ရတ္တိယာ၊ ညဉ့်၏။ ဝါ၊ ညဉ့်၌။ ဝါ၊ ညဉ့်တွင်။ ပဌမေ ယာမေ၊ ပဌမယာမ်၌။ ဝါ၊ ညဉ့်ဦးယာမ်၌။ ပုဗ္ဗေနိဝုတ္ထက္ခန္ဓပဋိစ္ဆာဒကံ၊ ရှေးဘဝ၌ နေအပ်ဘူးသော ခန္ဓာအစဉ်ကို ဖုံးလွှမ်းတတ်သော။ အဝိဇ္ဇာကောသံ၊ အဝိဇ္ဇာတည်းဟူသော ဥခွံကို။ ပုဗ္ဗေနိဝါသာနုဿတိဉာဏမုခတုဏ္ဍကေန၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏ် တည်းဟူသော နှုတ်သီးဖျားဖြင့်။ ပဒါလေတ္ဝာ၊ ဖောက်ခဲ့တော်မူ၍။ မင်္ဂိမေ ယာမေ၊ မင်္ဂိမယာမ်၌။ ဝါ၊ သန်းခေါင်ယာမ်၌။ စုတူပပါတပဋိစ္ဆာဒကံ၊ စုတိ, ပဋိသန္ဓေကို ဖုံးလွှမ်းတတ်သော။အဝိဇ္ဇာကောသံ၊အဝိဇ္ဇာတည်းဟူသော ဥခွံကို။စုတူပပါတ-ဉာဏမုခတုဏ္ဍကေန၊ စုတူပပါတဉာဏ်တည်းဟူသော နှုတ်သီးဖျားဖြင့်။ဝါ၊စုတိ, ပဋိသန္ဓေကိုသိတတ်သောဒိဗ္ဗစက္ခုဉာဏ်တည်းဟူသောနှုတ်သီးဖြင့်။ပဒါလေတ္ဝာ၊ ဖောက်ခဲ့တော်မူ၍။ ပစ္ဆိမေ ယာမေ၊ ပစ္ဆိမယာမ်၌။ ဝါ၊ လင်းအားကြီးယာမ်၌။ ဝါ၊ မိုးသောက်ယာမ်၌။ စတုသစ္စပဋိစ္ဆာဒကံ၊ လေးပါးသောသစ္စာကို ဖုံးလွှမ်းတတ်သော။အဝိဇ္ဇာကောသံ၊အဝိဇ္ဇာတည်းဟူသော ဥခွံကို။ အာသဝက္ခယဉာဏ-မုခတုဏ္ဍကေန၊ အာသဝက္ခယဉာဏ် တည်းဟူသော နှုတ်သီးဖျားဖြင့်။ ဝါ၊ အာသဝေါတရားတို့ကို ကုန်စေတတ်သော အရဟတ္တမဂ်ဉာဏ် တည်းဟူသော နှုတ်သီးဖျားဖြင့်။ ပဒါလေတ္ဝာ၊ ဖောက်ခဲ့တော်မူ၍။ အနုတ္တရံ၊ အတုမရှိ

မြတ်သော။ သမ္မာသမ္ဗောဓိ၊ မဖော်က်မပြန် ကိုယ်တိုင်သိတတ်သော အရဟတ္တ-မဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ကို။ ဝါ၊ ချီးမွမ်းအပ်သော ကောင်းသော အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ကို။ အဘိသမ္ဗုဒ္ဓေါ၊ ထိုးထွင်း၍ သိတော်မူသည်။ ဟုတ္ဝာ၊ ဖြစ်၍။ သဗ္ဗကိလေသေ၊ တခုမကြွင်း ခပင်းဥဿုံ အလုံးစုံသော ကိလေသာတို့ကို။ ဘဥ္ဇိတ္ဝာ၊ အရဟတ္တမဂ် ဉာဏ်သန်လျက်ဖြင့် ချိုးဖျက်ခုတ်ဖြတ်တော်မူ၍။ ပဥ္စစတ္တာလီသဝဿာနိ၊ လေးဆယ့်ငါးဝါတို့ပတ်လုံး။ ဓမ္မဝိဇယ-ဘေရိ၊ တရားတည်းဟူသော အောင်စည်ကြီးကို။ ပဟရိတ္ဝာ၊ ကောင်းကင်, မြေကြီး ပဲ့တင်ဟည်းအောင် ရိုက်တီး ဆော်ရွမ်းတော်မူ၍။ ဓမ္မဝိဇယသင်္ခ၊ တရားတည်းဟူသော အောင်ပဲ့သင်္ခဉ်ကို။ ပသာရေသိ၊ ခင်းကျင်းတော်မူလေပြီ။ ဝါ၊ ကျင်းပတော်မူလေပြီ။

အရ-ဟတော၊ ကိလေသာစက် သုံးထောင်ဝက်ကို လေးမဂ်အောက်ထက် အမြှောက်စက်ဖြင့် ဖျောက်ဖျက်ခုတ်ထွင် ငုတ်မထင်အောင် သုတ်သင်ရှင်းလင်း တော်မူပြီးသော။

အရဟတော၊ လူ, နတ်, ဗြဟ္မာ သတ္တဝါ၏ ပစ္စည်းပူဇော ဝိသေသာကို ခံတော်မူထိုက်သော။

အ-ရဟတော၊ မကောင်းမှုကိုပြုခြင်း၌ ဆိတ်ကွယ်ရာအရပ်ရှိတော်မမူသော။ ဝါ၊ ဆိတ်ကွယ်ရာအရပ်၌ မကောင်းမှုကို ပြုတော်မမူသော။ သမ္မာသမ္ဗုဒ္ဓဿ၊ သစ္စာလေးလီ ခိုင်နှင်းဆီကို မမှိဆရာ ကိုယ့်ချည်းသာလျှင် ကောင်းစွာထင်ထင် သိမြင်တော်မူပြီးသော။ တဿ ဘဂဝတော၊ ထို မြတ်စွာဘုရားအား။ မေ၊ ခန္ဓာငါးခု ဓာတ်အစုကို ငါဟုသမုတ် အကျွန်ုပ်၏။ နမော၊ ကာယ, ဝစီ, မနောချိုလျက် သုံးလီစေတနာ သုံးဖြာဒွါရ ပဏာမဖြင့် ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါ၏။

ဣမိနာ ပုဒ္ဓပဏာမေန၊ ဤသို့ မြတ်စွာဘုရားအား ရှိခိုးကြောင်းဖြစ်သော ပဏာမစေတနာကြောင့်။ မေ၊ အကျွန်ုပ်အား။ ဝါ၊ အကျွန်ုပ်သည်။ ပတ္ထိတံ၊ အလိုရှိအပ် တောင့်တအပ်သော။ ဝရံ၊ လောကုတ်, လောကီ အလိုလိုသော ဆုမြတ်မဂ်လာ အပေါင်းသည်။ သမိဇ္ဈတု၊ ကြံတိုင်းလည်းအောင် ဆောင်တိုင်း လည်းပေါက် ပြီးမြောက်မသွေ ပြီးပြည့်စုံပါစေသတည်း။

နိဒ္ဒာန်လင်းစေပြောကြောင်း

သာသနာ့အာနွယ် ကျင့်ထုံးဖျား

ဝဟုတူ ဇီနသာသနံ။

၁။ ရဟန္တာ လက်ျာရံ အရှင်သာရိပုတ္တရာနှင့် ဓမ္မာသောကမင်းလက်ထက် အရှင် ကောဏ္ဍတိသမထေရ်တို့သည် နှုတ်မြွက်ဆိုသဖြင့်ရသော အပ်သော ပစ္စည်းကိုပင် ပယ်တော်မူကြသည်။

၂။ ပေါရာဏကာလ အရည၀ါသီ မဟာထေရ်မြတ်တို့ကား "ပါးစပ်၌ သတ္တ၀ါတို့၏ သင်းချိုင်းမဖြစ်စေလင့်"ဟု မေတ္တာစိတ်မွေးလျက် အသားဟူသမျှကို ပယ်၍ သက်သတ်လွတ် ဟင်းလျာဖြင့် ဆွမ်းဘုဉ်းပေးတော်မူကြသည်။ မြတ်စွာဘုရားသည် ဒိဋ္ဌ, သုတ, ပရိသင်္ကိတ ဟူသော အစွန်းသုံးပါးမှ ကင်းလွတ်လျှင် (ကပ္ပိယမံသ) အပ်သော အသားမျိုးကိုကား ဘုဉ်းပေးသုံးဆောင်ရန် ခွင့်ပြုတော်မူသည်။

၃။ တည်တော် အရှင်မဟာတိဿလည်း ရေနွေးပူပူကို ဆားလှော်ခပ်ရုံမျှသော ဟင်းလျာဖြင့်သာ နိစ္စဘတ်ဆွမ်း ဘုဉ်းပေးတော်မူ၏။

၄။ ဂဏသမုဒ္ဒဂပက ပဌမ ရွှေကျင်ဆရာတော်လည်း ဟင်းသီးဟင်းရွက်ကို ဆားနှင့် ပြုတ်ယည်ကို သုံးဆောင်တော်မူသည်။ ရံခါ ကပ္ပိယမံသမျိုးနှင့် ဆွမ်းကပ်လာတိုင်း ရေထည့်စွက် သုံးဆောင်တော်မူလေ့ ရှိ၏။

၅။ သင်္ကာရာဇ် ၁၁၇၁ ခုနှစ်၊ ဘိုးတော် မင်းတြားကြီးလက်ထက် သီဟိုဠ်ကျွန်း သခ်ဓမ္မကိတ္တိ မဟာတိတ္ထိရသား သီဟိုဠ်မင်း ဆရာတော် အရှင် ဓမ္မကိတ္တိသည် အမရပုရမြို့တော်သို့ ရောက်လာ၍ အင်းခရုသိမ်မှာ သိက္ခာတင်သည့်ကာလ—"အာ၀ုသော ဓမ္မကိတ္တိ ရာဇ၀လ္လဘော မဟာသာ၀ဇ္ဇော နိရယသံ၀တ္တနိကော၀ါ"ဟု ဆင်တဲ့ဆရာတော်ဘုရားကြီးက မိန့်တော်မူလျှင် "သာဓု ဘန္တေ သာဓု၊ အာမ ဘန္တေ အာမ" ဟု အရှင် ဓမ္မကိတ္တိ ဆရာတော်က ဝန်ခံလေသည်။ ထို့ကြောင့် မင်းဆရာ စိုးဆရာ အရာထူး အရာခံ ရသည်ကို အကောင်းမှတ်ဘွယ် မရှိ ဖြစ်လေသည်။

၆။ ဉာဏဇမ္ဗုဒီပ အနန္တဇဇ အမည်ရှိသော မင်းရှာ ဆရာတော်ဘုရားသည် သိက္ခာတော် (၅၀) ငါးဆယ်၊ သက်တော် (၇၀) ခုနစ်ဆယ်ကျော်အောင် ဆွမ်းခံ

ဝတ်ကို ဖျက်တော်မမူ၊ သက်တော် (၈၂) ရှစ်ဆယ့်နှစ်နှစ်တွင် ပျံလွန်တော်မူသွားသည်။

၇။ သာသနာလက်ဝဲရ သဒ္ဓမ္မဘိဝံသ ကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု သွန်းပြုခတ်နှိပ် တံဆိပ်မြတ် ရရှိသော ကျောင်းတော်ရာ ရွှေကျင်ဆရာတော် ဘုရားလည်း သက်ရှယ်ရင့်ရော်သည့် အခါတိုင်အောင် ဆွမ်းခံဝတ်ကို မပြတ် ဖြည့်ကျင့်တော်မူသွားသည်။

သပဒါနစာရိကဓုတင် ခလုပစ္ဆာဘတ္တိက-ဧကာသနိက-ပတ္တပိဏ္ဍိက-တေစီဝ ရိက-ပံသုကူလိက-ယထာသန္ထတိက ဓုတင်တို့ကို သက်တော်ရှည်သမျှ ကာလ ပတ်လုံး ဆောက်တည်တော်မူခဲ့၍ နေသဇ္ဇိကဓုတင်ကို နေ့ရောညဉ့်ပါ (၁၀)နှစ် တိုင်တိုင် ဆောက်တည်တော်မူသွားသည်။ (နည်းယူဘွယ်ကောင်းစွပါတကား)။

၈။ ကျမ်းပေါင်းများစွာကို ရေးသားသွားသော ရွှေတောင်မြို့ အရည-ဝါသီ အရှင်တိက္ခိန္ဒြိယ ဆရာတော်ဘုရားလည်း ဟေမန္တဉာဏ၊ ဂိမှာန ဉာဏတို့၌ အာရည်ကင်ဓုတင်စသော ဓုတင် (၁၃) ပါးကို ပြည့်စေ၍ သာသနာရေး ကိစ္စ ရှိသဖြင့် သင်္ဘော-ရထား စီးသွားသောအခါ ဆွမ်းခံဝတ်ကို မပြတ်လပ်စေပဲ ရထား-သင်္ဘော-ပေါ် တို့၌ ဆွမ်းခံ၍ ဘုဉ်းပေးတော်မူသွားသည်။

၉။ ပထမ ရွှေကျင်ဆရာတော်ဘုရားနှင့် စက္ကိန္ဒဘဒ္ဒ သိရိသဒ္ဓမ္မဓဇ မဟာ-ဓမ္မ ရာဇာဓိရာဇဂုရု-တံဆိပ်ရ မဟာအောင်မြေဘုံစံအုတ်ကျောင်း ဆရာတော်ဟု အမည်ရှိ၍ **"စာတတ်နောက်ဆုတ်၊ ခင်ကြီးဗုဒ်"** ဟု ဥဒါန်းတွင်ရစ်သော ဆရာတော် ဘုရားတို့လည်း အမိ-အဘ ၂-ပါးတို့တွင် အမိကိုသာ ပစ္စည်းလေးပါး တောင်းခံတော်မူကြသည်။ ဘခင်ကိုကား ဝိနယ ကုက္ကုစ္စ ဖြစ်သည့်အတွက် မတောင်းရမ်းပဲ ဝိနည်းအရာ၌ သံသယ ကုက္ကုစ္စ မရှိအောင် ကျင့်တော်မူသွားကြသည်။

၁၀။ တောရဂိုဏ်းကြီး၏ အာဒိကမ္မိက ဂဏာစရိယ ဂဏပါမောက္ခ ဆရာတော် ဦးသီလလည်း ဝိနည်းအရာ၌ တေဒဂ်ပေးလောက်အောင် ကျင့်ဆောင်ပြီး ဓုတင်များကိုလည်း ဆောက်တည်တော်မူလျက် သက်သတ်လွတ် ဟင်းလျာဖြင့်သာ ဘုဉ်းပေးတော်မူသွားသည်။ ဆရာတော်ကို ဒကာတယောက်က "အရှင်ဘုရား–ဘယ်အတွက်ကြောင့် သက်သတ်လွတ် ဘုဉ်းပေးပါသနည်း ဘုရား" ဟု မေးလျှောက်လေရာ သွားနာသက်သာအောင် ဘုဉ်းပေးကြောင်း အမိန့်ရှိဘူး၏။

အပရကာလ အခါသမယ၌ ၎င်းဆရာတော် ဦးသီလသည် ပဋိပတ္တိတွင် အစွာရဒ္ဓဝီရိယသမဏ ဖြစ်သည့်အတွက် ရဟန္တာဟု သမုတ်ခံတော်မူရ၏။

၁၁။ အာလောကာဘိဓေ အတုလာဓိပတိ သီရိပဝရ မဟာဓမ္မ ရာဇာဓိ-ရာဇဂုရု တံဆိပ်တော်ရ မြတောင်ဆရာတော် အရှင်အာလောကသည်လည်း မင်းကောရင်ဆရာဖြစ်ပါလျက် သက်ရှယ်ရင့်ရော်သည်တိုင်အောင် ဆွမ်းခံဝတ်ကို မပြတ် ဖြည့်ကျင့်တော်မူသွားသည်၊ ဆွမ်းခံဝတ်ကို မပြတ်ဖြည့်ကျင့်နေစဉ် ဘုရင်ကောရင်နှင့် မိဖုရားကြီးတို့က "ဆရာတော်ဘုရား မင်းကိုးကွယ်သော ဆရာဖြစ်ပါလျက် ယခုအရွယ်ရောက်ခါမှ ဆွမ်းခံစားခြင်းသည် မသင့်လျော်ပါ။ ဘုရားတပည့်တော်တို့လည်း နိစ္စဘတ်ဆွမ်း ထောက်ပံ့လျက်ရှိပါသည်ဘုရား" ဟု လျှောက်ကြလေလျှင် ဒါယကာတို့ သင်တို့က ငါ ဆွမ်းခံ၍စားခြင်းသည် မသင့်လျော်ဟု ထင်သော်လည်း မြတ်စွာဘုရားက ဆွမ်းခံ၍စားခြင်းသည် အလွန်သင့်မြတ်၏ဟု သြဝါဒစကား မိန့်ကြားတော်မူခဲ့သောကြောင့် ငါ၏ ဆွမ်းခံစားခြင်းကိုကား မဖျက်နိုင်ဟု မိန့်တော်မူလျက် ဆွမ်းခံဝတ် မြဲတော်မူသွားသည်။

၁၂။ အရှင်ဝိသာရဒ ဆရာတော်ဘုရားသည်လည်း ဝိနည်းတော်ကို အလွန်ရိုသေသည်၊ ယခုခေတ်သင်္ကန်းတို့ကိုလည်း အသစ်ပင်ဖြစ်လင့်ကစား ဓားခဲ့ဓားဖြတ် ဟုတ်, မဟုတ် ချုပ်ရိုးတွေဖြေကြည့်ပြီးမှ ဝတ်တော်မူ၏။ တပါးသောရဟန်းတို့၏ နိဿဂ်ပိစ္စည်းဖြင့် ပြုလုပ်ထားသော ပစ္စည်းတို့ကိုကား အလျဉ်းမသုံးဆောင်ပေ။ ပတ္တာပိုဏ်၊ ပိဏ္ဍပါတ်၊ ဇောသနိုဂ်၊ တိစီဝရိုက် စသော ဓုတင်တို့ကို ဖြည့်ကျင့်ပြီး ရဟန်းတသောင်းတွင် တပါးမျှ ကျင့်နိုင်ခဲသော သာရဏီယကျင့်ဝတ်ကိုလည်း ဖြည့်ကျင့်တော်မူသွားသည်။

၁၃။ ရွှေဥမင်ဆရာတော် အရှင်ဇမ္ဗုဒီပဓဇသည်လည်း ဝိနည်းငါးကျမ်း ပါဠိတော်၊ အဋ္ဌကထာ နှစ်ဆယ်တို့ကို ရေးသားပြီး၍ ဇကစာရီအာရညကင်ဓုတင်တို့ကို ဆောက်တည်တော်မူသွားသည်။

ၚင်းဆရာတော်ဘုရားသည် အာရညကင်ဓုတင်ကို ဆောက်တည်နေချိန် သင်္ကရာဇ် ၉၉၁-ခုနှစ်၊ အင်းဝနေပြည်တော်၌ နန်းတက်သော သာလွန်မင်းတရားကြီး၏ မင်းဆရာဖြစ်တော်မူသည့် တိပိဋကာလင်္ကာရ ရာဇဂုရုဘွဲ့တံဆိပ်တော်ရ အရှင်မုနိန္ဒဟောသအမည်ရှိသော ကောင်ဖီလာဆရာတော်နှင့် တွေ့သောအခါ၌ "အရှင်ဘုရား တောကြီးထဲမှာ တပါးတည်းနေရတာ မကြောက်ဘူးလားဘုရား" ဟု မင်းကောရင်ဆရာက မေးလျှောက်သောအခါ "ကြောက်လို့သာ တောကြီးထဲမှာ တပါးတည်း နေပါသည်" ဟု အဖြေပေးတော်မူသည်။ မကြာမီပင် တောင်ဖီလာဆရာတော်ဘုရားလည်း စစ်ကိုင်းတောင်ရိုး တောင်ဖီလာတောရကျောင်းသို့ အဖော်မမှီ. တပါးတည်း ကေစာရီအကျင့်ဖြင့် မွေလျော်လေတော့သည်။

(မာတုဂါမနှင့်ပတ်သက်၍ ခေးမကြီးကို ရေကန်တခုမှာ သစ္စာဆို၍ ပြသွားဘူးသည်။ ထို့ကြောင့် ခေးမကူး ဆရာတော်ဟူ၍လည်း မသိသူမရှိသလောက်ပင် ဖြစ်၏။) ၎င်း တောင်ဖိလာဆရာတော်ဘုရားသည် ဝိနည်းနိဿယများကို ရေးသားတော်မူသွားသည်။ ဝိနည်းသိက္ခာပုဒ်ကိုလည်း အလွန်ရှုသေလေးစားတော်မူသည်။ သွားလေရာ ရေဗူး, ကနုတ်စသည်တို့ကို လွယ်အိတ်ဖြင့် အမြဲထည့်သွားသည်။ တပါးသော ကျောင်းတိုက်သို့ရောက်လျှင် ဝိနည်းသိက္ခာပုဒ်၌ သံသယရှိသည့်အတွက် အခြားရဟန်းတို့၏ ပစ္စည်းကို မသုံးဆောင်ပေ။ ဇရပ်တို့၌သာ တည်းခိုမူ များသည်။

တနေ့သောအခါ ခြေးထောက်တဖက်၌ ရောဂါဖြစ်နေသည့်အတွက် ရှာတွင်းသို့ ကိစ္စတခုဖြင့် ဝင်လေရာ ရောဂါဖြစ်သော ခြေထောက်တဖက်ဖြင့်သာ ဘိနပ်စီး၍ ကြွတော်မူသည်။ (အများ ကဲ့ရဲ့မှာမကြောက် ဘုရား ကဲ့ရဲ့မှာကြောက်သော ဆရာတော်ပါတကား။)

(**မှတ်ချက်**) တောင်ဖိလာ ဆရာတော်က ရှေးဦးမင် ဆရာတော်ကို "တောထဲမှာ တပါးတည်း နေရတာ မကြောက်ဘူးလား" ဟူသော စကားရပ်၌ တောင်ဖိလာ ဆရာတော်၏ မေးခြင်းအဓိပ္ပါယ်မှာ ဘီလူး, ပြိတ္တာ, ကျား, ဆင် အစရှိသော သတ္တဝါတို့ကို မကြောက်ဘူးလားဟူသော အဓိပ္ပါယ်ကို ဆိုလို၏။

ရှေးဦးမင် ဆရာတော်၏ အဖြကား--သံသရာ ကျင်လည်ရမှာ ကြောက်လို့ တောရဆောက်တည် တောသို့မှီလျက် တပါးတည်း နေသည်ဟု အဓိပ္ပါယ်မှတ်သင့်ရာ၏။

၁၄။ အရှင် အာဒိစ္စဝံသ ဆရာတော် ဘုရားသည်လည်း နေ အလွန်ပူပြင်းသော နေ့ ၁၂-နာရီ အချိန်တွင် မြို့ရှာတွင်းသို့ ကိစ္စရှိ၍ ကြွသောအခါ ဘိနပ်မစီး ထီးမဆောင်းပေ။ ယပ်ဆောင်း၍ ကြွသည်။ ဝိနည်းကို လေးစားတော်မူသည်။ မည်သည့်အလုပ်မဆို ပြုလုပ်သောအခါ စိတ်တခုသာ အရေးအကြီးဆုံးဟု စဲမြဲစွာ မှတ်သားပြီး စာကြည့်သောအခါ စသည်တို့တွင် နှစ်ရက် သုံးရက် မအိပ် မစား ကုဋီမသွားပဲ ဝိရိယကို သည်းထန်စွာ အသုံးချတော်မူသွားသည်။

၁၅။ ပခုက္ကူကိုဏ်းကြီး၏ အာဒိကမ္မိက ဂဏပါမောက္ခ ရေစကြို ဆရာတော် အရှင်ဂန္ဓသာရ သည်လည်း ဆွမ်းစဉ် ပရိတ်ရွတ် အလှူခံမလိုက်ပဲ စာပေပို့ချမှု, ကျမ်းဂန် ရေးသားမှု၌သာ မွေ့လျော်တော် မူသွားသည်။ သာသနာစိတ်ပြင်းထန်စွာရှိသော ဆရာတော် ဖြစ်၏။ ဆရာတော် ပံ့လွန်တော်မူပြီးသည့်နောက်၌လည်း ဆရာတော်၏ တပည့်များ ဖြစ်ကြကုန်သော အရှင်ပညာ, အရှင်သုန္ဒရ, အရှင်နန္ဒဝံသ စသော ဆရာတော်ကြီးတို့သည်လည်း ဆရာ့လမ်းစဉ်

ချမှတ်ခဲ့သည့်အတိုင်း တသွေမတိမ်း တိုက်တာနှင့် သာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်တော် မူကြသည်။

၁၆။ မဏိသာရမဉ္ဇူသာဋ္ဌိကာစသော ကျမ်းဂန်တို့ကို ရေးသားသွားသော အရှင် အရိယဝံသ ဆရာတော် ဘုရားသည်လည်း ဝိနည်းသိက္ခာပုဒ်ကို အသက်နှင့် ထပ်တူ ချစ်မြတ်နိုးတော်မူလျက် ပိဋကတ်ကျမ်းဂန်တို့ကိုလည်း မိန်းမကိုယ်ဝန်ဆောင်တရွက်မျှ နှုတ်ငုံဆောင်တော်မူသွား၏။

၁၇။ မဟာဒွါရနိကာယဂိုဏ်းကြီး၏ အာဒိကမ္မိက ဂဏပါမောက္ခ သံဃ ရာဇာ အုဋ္ဌဖိုဆရာတော် အရှင်ဥက္ကံဝံသမာလာကား ရာဇဝတ်လွှဘမလုပ်လို့ မဖြစ်လိုသည့်အတွက် မင်းကောင် ဆက်ကပ်လှူဒါန်းသော ဘွဲ့တံဆိပ်တော်နှင့် ကျောင်းများကို အလှူမခံပဲ ရှောင်လွဲတော် မူသည်။ ၎င်းဆရာတော်သည် ရှေးအခါက ဆောက်လုပ်ထားသော ကျောင်းများကို ဝိနယကုက္ကုစ္စဖြစ်သည့် အတွက် ကျောင်းပေါ်သို့ မတက်၊ ကျောင်းအရိပ်လည်း မခို၊ ဝိနည်းလေးစားသော အရာ၌ တဒင်္ဂပေးလောက်အောင် ကျင့်တော်မူ၏။ ထို့ကြောင့် "ဥအစ ဥအဆုံး" ဟု ဥဒါန်းတွင်ရစ်သော ပဂ္ဂိုလ် ဖြစ်သည်။ ဥ-အစ ဆိုသည်မှာ ဘုရားရှင် ရှေလက်ထက်ဒေတ်က တဒင်္ဂ အပေးခံရသော အရှင်ဥပါလိ ဖြစ်၏။ ဥ-အဆုံး ဆိုသည်မှာ အရှင်ဥက္ကံဝံသမာလာ ဖြစ်၏။

ရဟန်းတော်တို့၏ စည်းကမ်းဖြစ်သော ဝိနည်းသိက္ခာပုဒ်များတွင် အခါမဟုတ် အရာမဟုတ်ပဲ ထီးမဆောင်း၊ ဘိနပ်မစီး၊ လူယာဉ် နွားယာဉ် စသည်ကို မည်သည့်အခါမှ မစီးပေ။ နေလွဲညစာ ရှောင်ကြဉ်ရာ၌ ကွမ်းဝါး ဆေးသောက်မပြု၊ ဒါယကာ ဒါယိကာမများ စေတနာထက်သန်စွာဖြင့် လှူဒါန်းသော အဖျော်ယမကာကိုပင် ရုတ်တရက် ဘုဉ်းပေးတော်မမူ၊ ဝိနည်းတော်အရ အလွန်ဆာလောင်မွတ်သိပ်မှသာ ဘုဉ်းပေးတော်မူ၏။ မည်သည့်ကိစ္စမဆို ဝိနည်းတော်ကို အထူးဂရု ပြုတော်မူသည်။

မဇ္ဈိမဒေသ မဟာဗောဓိသို့ ကြွတော်မူစဉ်က လိုရမယ်ရ ယူသွားသည့် ဘိနပ်ကိုပင် အောက်ထပ်အလွှာတို့ကို ခွဲထုတ်ဖြတ်စေလေသည်။ ဤကဲ့သို့ ဘိနပ်ကောင်းကို အောက်ထပ်လွှာ ခွဲဖြတ်စေသည်မှာ ဘုရားရှင်သည် မဇ္ဈိမဒေသ၌ (ကေဂ်ဏုပါဟန) တလွှာတည်းသောဘိနပ်ကိုသာ စီးခွင့်ပြုထားသောကြောင့်ပင် ဖြစ်လေသည်။

ထိုထက်မက အုံ့ဆြိုဘွယ်ကောင်းသည်မှာ မဇ္ဈိမဒေသသို့ နွေရှည်ရက်များကြစဉ်က ရေပြင်သဘော်ပေါ်၌ ကျင်ကြီးကျင်ငယ်ကို မစွန့်ပဲ နွေစဉ် ဆွမ်းတလုပ် ရေတခွက်မျှဖြင့် မျှတရောင့်ရဲတော်မူလေသည်။ (ဝစ္စကုဋီအောက်၌ ရှိသောရေ၊ သမုဒ္ဒရာရေ စသော မသုံးဆောင်ကောင်းသော ရေ၌ ကျင်ကြီး

ကျင်ငယ် နှပ် တံထွေးတို့ စွန့်သော်လည်း (အနာပတ္တိ) အာပတ် မသင့်မှန်း သိပါလျက် စွန့်တော်မမူသည်မှာ ပုရိသအာဇာနည်ပုဂ္ဂိုလ်ဖြစ်၍ဟုသာ မှတ်သားသင့်၏၊

(မှတ်ချက်) အရှင်ဥက္ကံဝံသမာလာ၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ နှင့်ပတ်သက်၍ မှတ်သားစရာ များစွာ ရှိပါသည်။ သို့သော် ကျမ်းလေးမည်စိုး၍ ဤမျှပင် ရေးသားပါ၏။

၁၈။ ကျမ်းဂန်(၁၀၀)ကျော်ကို ရေးသားပြုစုသွားသော မုံရွာမြို့ လယ်တီဆရာတော်ဘုရားသည် အိန္ဒိယဘုရားဖူးသွား၍ တိုလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရား၏ မာရ်ငါးပါးကို အောင်မြင်တော်မူရာ ဌာနသို့ရောက်လျှင် ဆရာတော်၏အကြံတော်ကား "ငါသည် ရှင်တော်ဘုရား၏ မာရ်ငါးပါး အောင်မြင်တော်မူရာဌာနသို့ ရောက်ရှိနေပေသည်၊ ငါသည်လည်း တခုခု အောင်မြင်အောင် ပြုလုပ်မည်"ဟု အကြံအစည်ရှိခဲ့သည့်အတိုင်း စိတ်ဆုံးဖြတ်တော်မူ၍ "ငါသည် အသက်ထက်ဆုံး နွားသားကို စားခြင်းမှ ရှောင်ကြဉ်မည်"ဟု အဓိဋ္ဌာန် ပြုတော်မူခဲ့သည်။

ထိုမှပြန်လာသည်ရှိသော် နွားသားကို မစားဘို့ရန် လှည့်လည်၍ တရားဟောတော်မူ၏။ နောက်ပိုင်း၌ အာရညကင်ဓုတင်ကို ဆောင်လျက် စျာန်ရရဟန်းတော်တပါးဖြစ်သည်ဟု အသိအမှတ်ပြု ခံရသည်။

၁၉။ သက္ကရာဇ်(၁၁၁၉)ခုဘွား စွယ်စုံကျော်ထင်ကျမ်း စသည်တို့ကို ရေးသွားသော ရှင်နန္ဒဓဇအမည်ရှိသော ကျည်းကန်ရှင် ကိုရင်ကြီးသည် သာမဏေဘဝဖြင့် ကျမ်းဂန်ပို့ချခြင်း ကျမ်းဂန်ရေးသားခြင်း တည်းဟူသော သာသနာ့တာဝန်ကို ထမ်းဆောင်တော်မူသွားသည်။

၂၀။ ဂုဏ်မုနိန္ဒာဓိပတိပဝရအမည်ရှိသော မန်လည် ဆရာတော်ဘုရားကား အာဂန္တုရောက်သော် ကျောင်းက ဆန်၊ ဟင်းလျာ၊ ထင်း၊ မီး၊ ရေ အစုံပေး၍ ရှာသူတို့ကို ချက်စေသဖြင့် လက်မှုကိုသာ တောင်းတော်မူသည်။ ဝတ္ထုကိုကား တောင်းခြင်းမအပ်ဟု အယူရှိတော်မူ၏။

၂၁။ ဝဇိရာလင်္ကာရအမည်ရှိတော်မူသော မုန်တောဆရာတော်သည် ဆွမ်းခံဝတ်ကို ဖျက်တော်မမူပဲ သက်တော် (၇၂-နှစ်)တွင်ပျံလွန်တော်မူသည်။

၂၂။ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုန္ဒရာဘိဓဇ မဟာရဋ္ဌဂုရု သာသနာပိုင်ဆရာတော် ဘုရားသည်လည်း ဝိနည်းသိက္ခာပုဒ်တို့၌ အလွန် အလေးပြုတော်မူသည်၊ သာမဏေဘဝ ပညာသင်သွားစဉ်က အနာမာသဝတ္ထုကို ကိုင်ရမှာ ကြောက်လှသဖြင့် လူဝတ်လဲ၍သွား

ပြီး စာသင်တိုက်ရောက်မှ ကပ္ပိယထံ အပ်နှံကာ သာမဏေပြန်ဝတ်ခဲ့သည်။ ဝိနယဂရုကရဟန်းများတွေ့လျှင်လည်း ပစ္စယာနုဂ္ဂဟ ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက်လေ့ရှိသည်။ ရဟန်းငယ်ဘဝက လေ့ဖြင့် ခရီးသွားသောအခါ အနာမာသဝတ္ထု မပါသဖြင့် ဆောင်းပြီးသား ထီးကို လေ့ခ ယူလိုက ယူပါဟု ပြောလိုက်၍ လေ့ရှင်လည်း မယူပဲ ကုသိုလ်ပြုလိုက်သည်။

၂၃။ ကဝိန္ဒာဘိ သိရီသဒ္ဓမ္မဓဇ မဲထည်း ဆရာတော် ဘုရားသည်လည်း ဆွမ်းခံဝတ်ကို ဖျက်တော်မမူပဲ သက်တော်(၇၇)နှစ်တွင်ပျံလွန်တော်မူသွားသည်။

၂၄။ ကြက်သွန်ခင်း ဆရာတော်သည် အတိရေကလာဘ်ကို ပယ်၍ ပိဏ္ဍပါတ်ကျင့်ဝတ်ဖြင့် အသက်မွေးတော်မူသည်။ မင်းဆရာဖြစ်လျက် မင်းကေရာဇ်လှူသော ကျောင်းကို စွန့်၍ အာရညကင် မုတင်ကို ဆောင်တော်မူသည်။

၂၅။ ရွှေကျောင်း ဆရာတော်၊ အောက်ကင်း ဆရာတော် ဘုရားကြီးတို့သည် သက်တော် ရှယ်တော်ရင့်အောင်ပင် တံဆိပ်ရဖြစ်ပါလျက် သပိတ်ကို ကိုယ်တိုင်လွယ်၍ ဆွမ်းခံတော်မူသည်၊ ဝိနည်းအကျင့်၌ ကျစ်လစ်သေချာလှသည်။ အသွားအလာရှိသော အခါ၌လည်း စမ္မခဏ်ကိုလွယ်၍ ကြွတော်မူသည်၊ သီတင်းသုံးတော်မူရာအရပ်၌လည်း စာနှင့်နှုတ်မလွတ် ရောက်လာသူတို့ကိုလည်း တရားစကားသာ မိန့်တော်မူသည်၊ နေပူတွင် ထီးဆောင်းလေ့ မရှိကြချေ။

၂၆။ အရှင် ဝရဓမ္မ ဆရာတော်ဘုရားသည် ရသမျှပစ္စည်းကို အတ္တသန္တက ပြုတော်မမူ၊ ကိုယ်သုံးရုံလောက်ယူ၍ ကြွင်းသမျှကို သံဃသန္တက ဟူ၍သာ မှတ်တော်မူသည်။

၂၇။ မုနိန္ဒာဘိလင်္ကာရ တောင်လေးလုံး ဆရာတော်ကား ရရသမျှ အတ္တ-သန္တက ပြုသည်မရှိ၊ စွန့်ဘို့ချည်းသာ ပြုတော်မူလေ့ ရှိ၏။

၂၈။ ဉာဏဇမ္ဗုဒီပ အနန္တဓဇ အမည်ရှိသော မင်းရွာ ဆရာတော်သည်လည်း သပိတ်တလုံး၊ သင်္ဃန်းသုံးထည်မှတပါး စွန့်အပ်သော ဝတ္ထုချည်း ဟူ၏။

၂၉။ တိပိဋကသဒ္ဓမ္မသာမိ ဆုံထား ဆရာတော်သည်လည်း ရသမျှပစ္စည်း၌ ဤကား သူ့ဘို့၊ ဤကား ငါ့ဘို့ဟု ဝေဘန်ခြင်း မရှိ၊ သူများဘို့ချည်း ဟူ၏။

၃၀။ ဉာဏာဘိဝံသ ဓမ္မသေနာပတိ မောင်းထောင် သာသနာပိုင်,ကဝိန္ဒာဘိသိရီ သဒ္ဓမ္မဓဇ မဲထည်း ဆရာတော်တို့ကား မိမိထံသို့ ရောက်လာသော ရဟန်းပရိသတ်တို့အား လက်ချည်း ပြန်စေသည်မရှိ၊ များစွာ ချီးမြှောက်မှုကို ပြုတော်မူလေ့ရှိကြသည်။ စာသင်တပည့်တို့ကိုလည်း များစွာ ထောက်ပံ့လေ့ ရှိသည်။

၃၁။ ပထမ နံမော် ဆရာတော် အရှင် သာရမဉ္ဇူနှင့် ဒုတိယ နံမော် ဆရာတော် အရှင် ဓမ္မပါလတို့သည်လည်း ဝိနည်းကို အသက်ပမာ ချစ်မြတ်နိုးတော်မူကြသည်၊ မိုးမရွာလျှင် မည်သည့်အခါမှ ထီးမဆောင်၊ အလှအပ အယဉ်အကျေး မသုံးဆောင်၊ အခင်းလည်း စမ္မခဏ်အပြင်မရှိ၊ ညအခါ ပါတိမောက်ချ-ဆောင်၊ အဂ္ဂိကဉ္စနွေဘပမသုတ်၊ ခုဒ္ဒသိက္ခာကို မပြန်ပဲ အိပ်သည်မရှိ၊ နံနက်အခါ ဘာဝနာမှု ခွတ်သည်မရှိ၊ စကားအရာ ကျမ်းဂန်အရာ ပြန်းတီးလှသည်။

၃၂။ အရှင် အဂ္ဂမမ္မ ဆရာတော်ဘုရားသည်လည်း ဝိနည်းဌ ရှိသေလှသည်၊ အမြဲ ထီးမဆောင်း၊ ယပ်ဆောင်း၍သာ ကြွသည်၊ ဘိနပ်မခွတ်ပဲ မည်သည့်မြို့ရွာသို့မျှ ဝင်သည်ဟူ၍ မရှိပေ။

၃၃။ ဉာဏာလင်္ကာရ သဒ္ဓမ္မဇဋ ဆင်တဲဆရာတော် ဘုရားကား ဒါယကာဆောက်သည့်ကျောင်းတွင် ထောင်ပျဉ်တချပ်ကဲ့သည်ကို ဦးဝိမလာစာရ ရဟန်းက လဲစေသည်ကို သိသဖြင့် အလှူမခံ၊ ထိုပျဉ်ချပ်ကို နှုတ်ပစ်လိုက်မှ အလှူခံတော်မူသည်၊ ဤသို့ အာဇီဝစင်ကြယ်အောင် ရှေးဆရာတို့ ကျင့်တော်မူပါပေသည်။

၃၄။ တူးရှင်းခြေ ဘုန်းတော်ကြီးသည်လည်း ဝိနယ ဂရုကဖြစ်၍ မြင်မြင်ဝါးဝါး ရဟန်းပစ္စည်းများ သုံးဆောင်တော်မမူ၊ အယုတ်အားဖြင့် ရေကိုမျှ သောက်တော်မမူ၊ ရေ အရောက်သည့် အရပ်သို့ ကြွရခဲ့သော် သိက္ခာညှိုးမည်စိုး၍ ရေကရားဖြင့် သွားလေရာရာ ရေကိုယူဆောင်တော်မူသည်။

၃၅။ အရှင် မုနိန္ဒဃောသ ဆရာတော် ဘုရားကြီးကား ကျောင်းဘုရား အနီးရှိ ဇရပ်၊ တန်ဆောင်း၊ ရဟန်းစိုက် သစ်ပင်၊ ရဟန်း တူးစေအပ်သော ရေတွင်း ဟူသမျှ တဲချ သုံးတော်မမူ။ ရဟန်းဟူသမျှ ဝိနည်းလိမ္မာခဲသည်။ လိမ္မာသော်လည်း သိက္ခာပုဒ်တော်ကို ရှိသေခဲသည်ဟု မိန့်တော်မူသည်။

၃၆။ ဇောတိကာရုမ ဆရာတော်ဘုရားသည်လည်း ရဟန်းများ ရှေ-ငှေ့တောင်းခံ၍ ပြုလုပ်ထားသော ဇရပ်၊ တန်ဆောင်း၊ ကျောင်း သစ်ပင် ဟူသမျှဌ်မှန်းတည့်ရိပ်ကိုမျှ မခိုအပ်သကဲ့သို့ ထိုအတူ ရဟန်းတို့ တောင်းခံ၍ ဖြစ်စေအပ်သော စေတီကိုလည်း ရှိမခိုးအပ်၊ စေတီမဟုတ်၊ အုတ်ပုံအုတ်စုမျှသာဟု ဆို၏။ ၎င်းဆရာတော်၏ တပည့်ဒါယကာဖြစ်သော ပရိသတ်တို့သည် စေတီဟူသမျှကိုပင် အုတ်ပုံအုတ်စုဟု ဆိုစမှတ်ပြုကြကုန်၏။ ထိုဆရာတော်၏စကားကို ပညာရှိများ မနှစ်သက်ကြပေ။ အကြောင်းကား ဥဒ္ဒိဿစေတီဖြစ်ဘိုသော လိုရင်းတည်း၊ ဝတ္ထုလိုရင်းမဟုတ်၊ ဇရပ်၊ တန်ဆောင်း စသည်မှာ စေတီမဟုတ်၊ ပရိဘောဂ ဝတ္ထုမျှသာ၊ ရဟန်းကောင်းတို့ မမှီဝဲအပ်ဟု ပယ်လေသည်၊ စေတီကို မပယ်ရာ၊ ပြုသူသော အာပတ်မလွတ်၊ ရှိခိုးသူကား လွတ်သည်ဟူ၏။

၃၇။ မုံရွာမြို့ သိမ်တော်တိုက်ဆရာတော်၏ ဩဝါဒတော်ကား အမိအဖကို သားသမီး မရှိသေလျှင် အိမ်နီးနားချင်း မရှိသေ၊ အိမ်နီးနားချင်း မရှိသေလျှင် အရပ်သားတို့ မရှိသေ၊ အရပ်သားတို့ မရှိသေလျှင် တရွာလုံးပင် မရှိသေဟူသကဲ့သို့ ဝိနည်းထိန်းသူပင် ဝိနည်းကို မရှိသေလျှင် ဝိနည်းကြောင့် သဒ္ဓါသောသူအပေါင်းသည် ဝိနည်းထိန်းသူကို တပည့် သား မြေးမှ စ၍ တစတစ မသဒ္ဓါ မကြည်ညိုသဖြင့် အစဉ်အဆက်ပျက်၍ သာသနာတော် ကွယ်လတ္တံ့ဖြစ်မည်ကို သတိပြုနိုင်ကြပါလိမ့်မည်ဟု ယုံကြည်ခြင်း ရှိသူတို့မှာ သဒ္ဓါတရားတိုးပွါးကြောင်းပေတည်းဟု ဩဝါဒ မိန့်တော်မူသွားသည်။

၃၈။ မကာရဇလောပ တောင်တွင်းအကျော် ခင်ကြီးပျော်ဆရာတော်ဘုရားသည်လည်း သွားလေရာရာ သပိတ်ကိုယ်တိုင်လွယ်၍ ယပ်တောင်ကို ကာလျက် သန္တုဋ္ဌိ သလ္လေခဂုဏ်နှင့် ပြည့်စုံအောင် ကျင့်ဆောင်တော်မူသွား၏။

၃၉။ စန္ဒိမာဘိဝံသ သိရိသဒ္ဓမ္မဇော မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ သီးလုံးဆရာတော်ဘုရားသည်လည်း ဦးခေမာစာရနှင့်အတူ တောရဆောက်တည်သည်။ မကြာမီ ဦးခေမာစာရ စျာန်ရ၍ သီးလုံးဆရာတော် သီတင်းသုံးသောနေရာသို့ ညဉ့်အခါ အရောင်တဝင်းဝင်းနှင့် ကောင်းကင်က စျာန်ကြွ၍ ပြလိုက်သည်။ အရောင်တွေ့ လင်းလာသည့်အတွက် သီးလုံး ဆရာတော်ဘုရားက ကောင်းကင်ကို မော်ကြည့်လေရာ ဦးခေမာစာရကို မြင်သဖြင့် အင်း–ခေမာတို့တော့ သေချာသွားပြီ၊ သီးလုံးတို့တော့ (ရီး) သုံး မကျဘူးဟု ဆုံးမပြီး ပြင်းထန်စွာ ကြိုးစား အားထုတ်လိုက်သည်၊ မကြာမီ သီးလုံးဆရာတော်ဘုရားသည်လည်း စျာန်ရသွား၏။

၄၀။ ဉာဏဇမ္ဘုဒီပ အနန္တဓဇ အမည်ရှိသော ဆရာတော်ဘုရားသည် ဆွမ်းဘုဉ်းပေးသည့်အခါ မျက်စိမှိတ်၍ နှိုက်မိရာ ဟင်းလျာကိုသာ ဘုဉ်းပေးတော်မူ၏၊ ကောင်းနိုးရာကို ရွေး၍ ဘုဉ်းပေးတော်မမူ၊ ဆွမ်းဘုဉ်းပေးပြီးလျှင် လက်မသည်းခံမျှလောက်သော လဘက်ကို ဘုဉ်းပေးတော်မူ၏။ ထို့နောက် ကွမ်း ၂-ယာ ဘုဉ်းပေးပြီးလျှင် နှုတ်ခမ်းပါးစပ်မျှားကို ဆေး၍ ထို့နေ့အဖို့၌ ခဲဘွယ်ဘောဇဉ်မျှားကို နောက်ထပ် ဘုဉ်းပေးတော်မမူ၊ သူတပါးကို မည်သည့်အခါမှ ကဲ့ရဲ့လေ့မရှိ၊ မိမိအနီး၌ ကဲ့ရဲ့စကားပြောလာလျှင် ထို့စကားကို ထောက်ခံ ပြောဆိုခြင်း မပြုပဲ ဆိတ်ဆိတ်နေတော်မူလေ့ရှိ၏။

၄၁။ အရှင်ဝရမမွှဆရာတော်ဘုရားသည် မိမိထံသို့ ကျောင်းအမကိုယ်တိုင်လာ၍ ဆေးတောင်းရာ မပေးကောင်းဘူးဟု မိန့်တော်မူ၏။ ပစ္စည်းလေးပါး ဒါယိကာမ ဖြစ်ပါသည်ဘုရားဟု ထပ်၍ လျှောက်တောင်းပြန်ရာ ပစ္စည်းလေးပါး ဒါယိကာမ ဖြစ်လေ မပေးကောင်းလေဟု မိန့်တော်မူ၏။

၅၃။ ထွဋ္ဌခေါင်ဆရာတော်ဘုရားကား ဘုရင့်နန်းတော်မှ နေ့စဉ်ပို့ဆက်သော ဆွမ်းအုပ်ကို ဘဉ်းပေးတော်မူလေ့ရှိ၏။ ဝက်သား ကြက်သားစသော ဟင်းကောင်းများကို ဘဉ်းပေးတော်မူတိုင်း နှစ်သက်မှု လောဘမီးမလောင်နိုင်စေရန် "ဒုက္ခ ဒုက္ခ" ဟု တိုးတိုးရွတ်ဆိုကာ ဝါးမျိုတော်မူ၏။ ဟင်းလျာကို ဘဉ်းပေးတိုင်း ဒုက္ခ ဒုက္ခဟု စဉ်းရသောက်ရခြင်း၌ ဒုက္ခများပုံကို နှလုံးသွင်းတော်မူလျက် ကျင့်တော်မူသွားသည်။ (ဤသို့ ဟင်းကောင်းများကို ကိုင်၍ ဘဉ်းပေးတိုင်း ဒုက္ခ ဒုက္ခဟုဆိုပုံကို အနီးရှိ ကပ္ပိယက ကြားသောအခါ ဆရာတော်ဘုရား၏ အာဘော်နှလုံးသွင်းကို မသိသဖြင့် အင်း-ဒီဒုက္ခမျိုးကို တွေ့ချင်စမ်းပါဘိ၊ ဆရာတော်ကြီးမှာ ကံကောင်း၍တွေ့ရသည့်ဒုက္ခပဲ-ဟု ကပ္ပိယက ပြောဆိုသည်ဟူ၏။)

၅၄။ မဓောဘိဝံသ သဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရုတံဆိပ်တော်ရရှိသော ပြည်ဆရာတော်ဘုရားသည် အလုံမြို့ စီရင်စု ညောင်ကန်ရွာအနောက် အုတ်ကျောင်းတောရအနီး ရေကန်ကို စိတ်ဖောက်ပြန်သော ရဟန်းတဦး တူးဆွမိသောကြောင့် လဇ္ဇီပေသလ သိက္ခာကာမ ရဟန်းကောင်းတို့ မသုံးဆောင်ထိုက်၊ သုံးဆောင်ထိုက်အောင် သီဟိုဠ်ကျွန်း စိတ္တလတောင်၌ ရဟန်းတို့ အကပ္ပိယဝတ္ထု ဖြင့်ပြုသော ရေမြောင်းကို စူဠနာဂမင်း၏ မိဖုရားသိမ်းယူ၍ အသစ်လှူဒါန်းမှ ရဟန်းကောင်းတို့ သုံးဆောင်ရသကဲ့သို့ အုတ်ကျောင်းတောရအနီး ရေကန်ကို သိမ်းယူပြီး အသစ်လှူဒါန်းတော်မူရန် မေတ္တာရပ်ခံချက်အတိုင်း မြောက်နန်းမတော် မိဖုရားက ရေကန်ကိုသိမ်းယူ လှူဒါန်းတော်မူသည်။ ထို့နောက် မဟာဇေယျနန္ဒာ မော်ကွန်း ထိုးမှတ်စေတော်မူခဲ့သည်။ ဤသို့လျှင် ရှေးဆရာတော်များ ဝိနည်း၌ သံသယမရှိအောင် ကျင့်ဆောင်တော် မူသွားကြသည်။

၅၅။ သက္ကရာဇ် ၁၀၀၀-ခုနှစ်၊ စစ်ကိုင်း၊ အင်းဝ၊ နိုင်ငံတော်အတွင်း သီတင်းသုံးတော်မူကြကုန်သော လဇ္ဇီပေသလ သိက္ခာကာမ ဓမ္မဝါဒီရဟန်းတော်တို့ကား ဝိနည်းသိက္ခာပုဒ်ကို အလေးအမြတ်ပြုကြကုန်လျက် သိမ် မည်ကာမျှတွင် ကံကြီးကံငယ် မဆောင်ကုန်၊ ယုံကြည်လောက်အောင် အခြေအမြစ်ရှိသော သိမ်၌သာ ကံကြီးကံငယ် ဆောင်ကြကုန်၏။ ပဲကျောင်းနွယ် အတင်နွယ် ရဟန်းသာမဏော များကိုလည်း စာပေသင်ကြားပို့ချမှုကို မပြု၊ ရှောင်ကြဉ်တော်မူကြကုန်၏။

၅၆။ ဆရာတော်အရှင်နရိန္ဒာဘိသည် ပါဠိတော်နှင့်တကွ အဋ္ဌကထာ, ဋီကာ မကျန် ဂန္ထန္တရ အဝဝတို့ကို ကုန်စင်အောင် နှံ့စပ် ပေါက်ရောက် တတ်မြောက်သော်လည်း "ရာဇဝလ္လဘော ဗဟုဒေါသော" စသည်ဖြင့် အပြစ်ကို ဆင်ခြင်တော်မူ၍ မင်းဆရာအဖြစ်ကို အလိုမရှိ၊ မင်းဆရာအဖြစ်သည် မင်းခစားယောကျ်ားနှင့် မထူးဟု နှလုံးပိုက်တော်မူ၍ နေပြည်တော်သို့ လိုက်တော်မမူပဲ

"ဓုရန္နစ်ဖြာ၊ ရဟန်းမှာ၊ နေ့စဉ်ကျင့်မှ၊ သမဏာ" ဟု ဆင်ခြင်တော်မူလျက် သာသနာ့တာဝန်ကို ထမ်းဆောင်တော်မူသွားသည်။

၅၇။ အရှင်မဟာသီလျတိဿနှင့် ဆရာတော် ဦးသာရှန်းတို့ကား – သပိတ်တလုံး သက်နှံးသုံးထည်ဖြင့် တတောဝင် တတောထွက် နေတော်မူကြသည်၊ ဦးသာရှန်းကား – ပုံလွှန်တော်မူသည့်အခါ ဓာတ်တော်ကျသည်။

၅၈။ ပဏ္ဍိတဝေဒနီယကျမ်း၊ နိရုတ္တိပဒဗျဉ္ဇနီကျမ်း စသည်တို့ကို ရေးသားသော သေက္ခတောင် အရှင်တိလောကသည် အရည်ဝါသီတောရမှီနေစဉ် တောတောင်ထဲ၌ တောစောင့်နတ် တောင်စောင့်နတ် စသည်တို့အား တရားဟောတော်မူလေ့ရှိသည်။ သူ၏ဆရာဖြစ်သော မုံရွာ လယ်တီဆရာတော်ဘုရားကို လည်း ဘုရားတပည့်တော်သည် စျာန်ရ၍ ကောင်းကင်က ပြန်လာနိုင်မှ ဆရာမြတ်ထံ ပြန်လာပါမည်ဟု လျှောက်ပြီး တောတောင်စခန်း တနေရာသို့ ကြွသွား၏။ အာရည်ကင် ဓုတင်ကိုဆောက်တည်နေစဉ် ရဟန်းသိက္ခာချပြီး ရသေ့ ပြုလုပ်၍ ၎င်း, ရံခါရံခါ သာမဏေပြုလုပ်၍၎င်း ပါရမီ ဖြည့်ကျင့်သည်။ အခါတပါး စာတတ်အကျော် ဆရာတော်တပါးက အရှင်ဘုရား ရဟန်းအကျင့်၊ရသေ့အကျင့်၊ သာမဏေအကျင့်တို့တွင် မည်သည့်အကျင့်က ပို၍မြတ်သနည်းဟု လျှောက်လျှင် မည်သည့်အကျင့် (မည်သည့်ဘဝနှင့်) ကျင့်-ကျင့်၊ ပါရမီပြည့်အောင် ဝီရိယ ပြင်းထန်စွာ ကျင့်သောသူသာ မြတ်၏ဟု လျှောက်၏။

၅၉။ ချမ်းအေးဆရာတော်ဘုရားသည် သပိတ်တလုံး သက်နှံးသုံးထည်ကို ဆောင်လျက် ဓတောထွက်တော်မူသည်၊ တောထဲရောက်လျှင် သစ်ပင်ရင်း တည်းဟူသော ကျောင်းဖြင့် နေလျက် မြေပြင်ကို မွေ့ရာ၊ ဒကျောက်တုံးကို ခေါင်းအုံးလုပ်ပြီး အရဟာတ္တဖိုလ် ချမ်းသာကို ရလိုသည့်အတွက် အရိုးကြေကြေ၊ အရေစုတ်စုတ်၊ နောက်မဆုတ်ပဲ ကျင့်တော်မူသွားသည်။

၆၀။ ပထမ ရွှေကျင်ဆရာတော် အရှင်ဇာဂရမထေရ်နှင့် ဘွဲ့တံဆိပ်တော် သုံးထပ်ရ မင်းဆရာ ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးတို့သည် —

သုညာဂါရံ ပဝိဋ္ဌဿ၊ သန္တစိတ္တဿ ဘိက္ခုနော။
ယံ တံ လဘတိ ပါမောဇ္ဇံ၊ အမတံ တံ ဝိဇာနတံ။

ဟူသော ဒေသနာ ဂါထာလာသော အာရည်ကင် ဓုတင်အရဟာကို ခံစားလိုသည့်အတွက် တောထွက်တော်မူကြသည်။ ဝိနည်း၌လည်း အသက်ပမာ စောင့်ရှောက်တော်မူကြသည်။ ကျမ်းဂန်များစွာကိုလည်း ရေးသားတော်မူသွားကြသည်။

၆၁။ သင်္ကရာဇ် (၁၁၅၁) ခုနှစ်၊ နေတိုဋ္ဌီကာသစ်၊ သီလက္ခန်ဋ္ဌီကာသစ် အစရှိသော ကျမ်းဂန်တို့ကို ရေးသားသွားသော ဉာဏာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရုဆရာတော်ဘုရားသည်လည်း နေ့ဝါညဝါ စာပေကျမ်းဂန်တို့ကို မပြတ်ပို့ချတော်မူသည်၊ ဥဘတောဝိဘင်းကိုလည်း နေ့စဉ် ရွတ်ဆောင်၍ ကောသနိက် ဓုတင်ကို အစဉ်ဆောက်တည်တော်မူသည်။

၆၂။ ညောင်ကန်ရွာ ဝုဗ္ဘုပဗ္ဗဇိတ ရဟန်းကြီးတပါးသည် သားသမက်သည် သူစိမ်းဖြစ်၍ သမီးသားမြေးဦးသာ ပစ္စည်းတောင်းသည်၊ သားသမက်ကိုကား ဝိညတ်ပြုခြင်း နိမိတ်ပြုခြင်း ဩဘာပြုခြင်းမရှိပေ။

၆၃။ တောင်ဖီလာ ဆရာတော်ဘုရားကား ဒုက္ကဋ်အာပတ်သင့်၍ ရဟန်းတပါးနှင့် ဒေသနာကြားသောအခါ အကြားခံရသော ရဟန်းက–အရှင်ဘုရား ဒုက္ကဋ်အာပတ်ကလေးနှင့် ဒေသနာကြားရသလား–ဟု ကဲ့ရဲ့ပြစ်တင်သောအခါ တောင်ဖီလာဆရာတော်က ငါ့ရှင်နှယ်–ဒုက္ကဋ်အာပတ်ကို သေးငယ်သည်ဟု ထင်မှ ထင်ရလေ–ဟု ငြီးငြူလျက် တပါးသော ရဟန်းနှင့်သွား၍ ဒေသနာကြားသည်။

၆၄။ တတိယနံမော်ဆရာတော်ဘုရားသည် "အသပွါယဌာနေ ဒုက္ကဋ်ံ" ဟု ဒေသနာလာသောကြောင့် ရဟန်းနှင့်မလျော်သော အမှုဟူသမျှကို ပြုခြင်းသည် ဒုက္ကဋ်အာပတ်ချည်းသာဟု သတိထားလျက် ဝိနည်းကို စောင့်ရှောက်ထိန်းသိမ်းတော်မူသည်၊ ရဟန်းမှန်က, ရဟန်းဟူက ပေါ့ပေါ့တန်တန် မနေရာ၊—

(၁) တပေါ=ရဟန်းကျင့်ဝတ်နှင့်လည်း ပြည့်စုံမှု၊

(၂) သုတိ=ကျင့်အပ်သော သမဏဓမ္မကိုလည်း သိမှု၊

(၃) ယောနိ=ရဟန်းမျိုးလည်း မှန်မှု၊ ဤအင်္ဂါသုံးပါးညီမှ ရဟန်းဟူရချေသည်၊ မညီသော် မဟုတ်ချေ။ ထို့ကြောင့်—

တပေါသုတိ၊ ယောနိ ဟူသည်၊ သုံးအင်တည်မှ၊ အမည် ဗြာဟ္မဏ၊ ဟူစရာသို့၊ ဗုဒ္ဓသည်းချာ၊ တော်ဘို့ မှာလည်း၊ အင်္ဂါသုံးတန်၊ ဂုဏ်တမ်းခွန်ကို၊ စိုက်ဝှန်စွင့်စွင့်၊ လွှားစ, တင့်မှု၊ သမဏတည့်–ဟု ပညာရှိတို့ ဆိုစချေ၏။ ဆက်လက်၍ ဆရာတော်က "စာပေတတ်မြောက်ခြင်းသည် ပမာဏမဟုတ်၊ ဒကာ ဒကာမ မျှားခြင်းသည် ပမာဏ" ဟု အမှတ်ပြုလျက် ဒကာ, ဒကာမတို့နှင့် မိတ်ဆွေခင်ပွန်း အကျွမ်းတဝင် ပြုကြခြင်း၊ ဒါယကာ, ဒါယိကာမ ဖြစ်သူတို့ကလည်း မိတ်ဆွေခင်ပွန်းအလျောက် မလျောက်ပတ်သော သံဃာကိုသာ ကြည်ညိုရိုသေလေးစားခြင်း စသော အပြစ်သည်

သာသနာတော်ကို ဒဏ်ထားသော အမှုချည်း ဖြစ်၍ အပြစ်ကြီးလှလေသည်ဟု ဩဝါဒ ပေးခဲ့သည်။

၆၅။ မန်လည်ဆရာတော် ရှင်ဂုဏာမဥ္ဇူ။ သာသည် မင်းကောင်ဆရာဖြစ်သည့် ကာလ ပလိဗောဓများ၍ ဘာဝနာမှု စာချမှုများစွာပြုခွင့်မရခေ။ ထို့ကြောင့် "မသက်သာသော မင်းဆရာ" ဟု ငြီးတွားတော် မူသွားသည်။

၆၆။ စစ်ကိုင်းမြို့ ဝါးချက်ရွာ မင်းကျောင်း ဆရာတော် ဘုရားသည် ကျမ်း ဂန်နှစ်ဆယ်ကျော်ကိုလည်း ရေးသားသွားသည်၊ စာပေလည်း အမြဲလေ့ လာ၍ ဝိနည်းကို မုခါရုဠ္ဍ နုတ်တက်ရအောင် လေ့ကျက်ဆောင်ပြီးလျှင် ဘုရားရှင် ကို နှေ့စဉ် ဝိနယပိဋကတ်ဖြင့် ရှိခိုးပူဇော်သည်၊ ဝိနည်းသိက္ခာပုဒ် သီလကိုလည်း ဖြူစင်အောင် ကျင့်တော်မူသည်။ ဓုတင်တရားကိုလည်း အမြဲဆောင်တော်မူ၏။ သူတပါးစိတ်ကို သိခြင်း၊ သူတပါးပြောတာ ကြားခြင်း၊ သေမည့်သူကို ကြိုတင် သိခြင်း စသော အံ့ကြောင်းတို့ကြောင့် အဘိညာဉ်ရသောဆရာတော်ဟု ထင် ရှားသည်။

၆၇။ မင်းကျောင်းဆရာတော် မိန့်ကြားခဲ့သော နည်းအမြွက်မှာ—မောင်း ထောင်ဆရာတော်က ကေကွရကောသကျမ်း၊ အဘိဓာန်ကျမ်းများကို သာဓက ထုတ်ဆောင်၍ အကွရာပုဒ်တို့၏ အတ္ထုဒ္ဒါရ၊ အနေကတ္ထသံဝဏ္ဏနာပြုပြီးလျှင် လိုရာ အနက်အရ အခိပ္ပေတတ္တ ကောက်ချက်ထုတ်၍ "ဝေဝုစ်ပရိယာယ်တို့ကို ဆောင်၍ အကျယ်အားဖြင့် အဓိပ္ပါယ် ပြောကြားလေ့ ရှိသည်။

ပြည်ဆရာတော်က ကစ္စာယနသာရကို သာဓကလက်စွဲပြု၍ တခုသော ပုဒ် ပါဠိအတွက် ၁က်ခဲသောအရာ၌ အနက်ဆံ့ရည်လျားစွာ ယောဇနာပြုပြီးလျှင် သဘာဝဆိုက်ရောက်အောင် အဓိပ္ပါယ် ပြောလေ့ရှိသည်။

စလင်း ဆရာတော်က အတက်, အထွက်, စုဒ်, စောဒနာ, ပရိယာယ်စကား တို့ဖြင့် အဓိပ္ပါယ်မြှင်အောင် ပြောကြားခြင်းကိုပြု၍ ဝတ္ထု, နိပါတ်, ဇာတ်, ရာဇဝင်စကားများကို ကြားညှပ်ထုတ်ပြ၍ အဓိပ္ပါယ်တွက်ကို ပြောလေ့ ရှိသည်။

စံခကျောင်းဆရာတော်က ဂန္ဆန္ဘရအာတန်တန်ကို ကြည့်ရှု၍ တခုသောအရာ၌ ကျမ်းဆရာချင်း အဆိုမတူ အယူကွဲပြားဟန်ကိုပြဆိုပြီးမှ အာဘော်က္ခ ကောက် ချက်ထုတ်၍ ယုတ္တိသာဓကခိုင်သော အရာကို ဖော်ပြသဖြင့် ဝိနိစ္ဆယအဓိပ္ပါယ် ကိုသာ များစွာပြောကြားလေ့ ရှိသည်။

သစ်ဆိမ့်ဆရာတော်က သဒ္ဒတ္ထဘေဒစိန္တာကို သာဓကလက်သုံးပြုပြီးလျှင် သဒ္ဒါတခုတခု၌ သုတိ, ဇာတ်, ဂုဏ်, ဒြဗ်, သမ္ဗန်, ကြိယာကာရက, သမ္ဗန္ဓနှင့် သဒ်သဘော စသော သကတ် (၇)ပါး, (၈)ပါး တို့ကို ခွဲခြားဝဘန်၍ အဓိပ္ပါယ် ပြောလေ့ရှိသည်။

လုံးတော် ဆရာတော်က စာဝါကို များများမချ၊ တဝါတလေမျှကို ပို့ချ၍ အဓိပ္ပါယတ္ထကို ပြောပြသောအခါ ခက်ရာခက်ဆစ် အချက်များကို ထိုထို ကျမ်းဂန်တို့မှ အတိုချုပ်အားဖြင့် ထုတ်နုတ်၍ပြပြီးလျှင် မှတ်သားကြ ရေးသားကြဟူ၍ အဓိပ္ပါယ် ပြောပြလေ့ရှိသည်။

ဗန်းမော် ဆရာတော်က ဝိနည်းတော်ကို အလေးပြုပြီးလျှင် ဝိနည်းကိုသာ များစွာပို့ချလေ့ရှိရာ ဝိနည်းအရာ၌ သေချာစွာ အထက်အောက် စကားများကို ထောက်ထားရှုမြော်ပြီးမှ အပ် မအပ်သော ဝတ္ထုအကျင့် အာစာရတို့ကို ဝိနိစ္ဆယပြု၍ အဓိပ္ပါယ် ပြောလေ့ရှိသည်။

ဘုရားကြီး ဆရာတော်က သဒ္ဒါအရာ၌ ပါရဂူရောက် တတ်မြောက်ကြစေရန် အလို့ငှါ သဒ္ဒါ, ပုဒ်, ပါဠ်, ရုပ်, ဓာတ်, ပစ္စည်းတို့ဖြင့် ပုဒ်ပြီးသို့ ရောက်အောင် ရှင်းလင်းစွာ ဖော်ပြ၍ ဝိဂြိုဟ်ဝစနတ္ထ လှစ်ပြ ဖော်ဆုတ်ပြီးလျှင် ပုဒ်ဆစ်နည်း ဝေဘန်သဖြင့် နိယံကို ရွတ်ဆိုဖော်ပြ၍ အဓိပ္ပါယ် ပြောပြလေ့ရှိသည်။

ရွှေယစ်မာ ဆရာတော်က စာချတော်မူသောအခါ အရာဌာနအားလျော်စွာ စာရှိသော အဓိပ္ပါယ်ကို ပြောပြီးလျှင် ထိုစာမှလာသော ကျင့်ကြံနည်းကို ကျနမှန်ကန်စွာ ကျင့်ကြံရမည့် သဘောသို့ ရောက်အောင် ပြောပြတော်မူလေ့ရှိသည်။

မြင်းဝန် ဆရာတော်က စာချတော်မူသောအခါ လောကီ လောကုတ္တရာ နှစ်ဖြာသော ကျမ်းဂန်တို့၌ ဆက်ဆံနှီးနှောမိသောအရာ၊ မဆက်ဆံ မနှီးနှောမိသော အရာများကို ခွဲခြားဖော်ပြ ပဓာနစစ်ထုတ်၍ ဝိမုတ္တိသာရသို့ ရောက်အောင် နေတတ်ဟာရ နည်းတို့ဖြင့်ဆောင်၍ အဓိပ္ပါယ် ပြောလေ့ရှိသည်။

တိုက်တွန်းနှိုးဆော်ချက်

နည်းယူ အားကျပြီး ဤ ဆရာတော်များကဲ့သို့ သာသနာစိတ် မွေးမြူနိုင်ကြပါစေဟု မြော်လင့်ပါသည်။

ဤမှ တပါးလည်း “အဏုမတ္တောသု ဝဇ္ဇေသု ဘယဒဿာဝီ” (ပရိဝါ။ ၃၃၂) ဟူသော ဒေသနာအတိုင်း အဏုမြူမျှလောက်သော အပြစ်တို့၌ မြင်းမိုရ်တောင်လောက် ကြီးမားသော အပြစ်ဘေးကြီးဟု ရှုလျက် ဝိနည်း သိက္ခာပုဒ်တော်ကို အသက်ပေးစောင့်ရှောက်ပြီး ပရိယတ္တိသာသနာ, ပဋိပတ္တိသာသနာ, ပဋိဝေဓသာသနာတော်တည်းဟူသော သာသနာ သုံးရပ်ကို တည်တံ့ခိုင်မြဲအောင် စောင့်ရှောက်သော ဆရာတော်တို့ကား များစွာပင် ရှိပါသေးသည်။

သို့သော်လည်း ဤမျှလောက်ရှိသော ရှေးဆရာတော်များ၏ သာသနာတော် အတွက် ကြိုးစားသွားပုံ အလေ့အကျင့်တော်များကို ရေးသားတင်ပြလျှင် စိတ်အားထက်သန်စွာ သာသနာတော်ကို ထမ်းဆောင်လိုသော ရဟန်းတော်တို့ အတွက်ကား စံနမူနာယူ၍ ကျင့်နိုင်ကြပါလိမ့်မည်ဟု ထင်မြင်ယူဆသည့်အတွက် ဤမျှလောက်သော ဆရာတော်များကိုသာ ရေးသားတင်ပြခြင်း ဖြစ်ပါသည်။

ဤကဲ့သို့ ရေးသာတင်ပြသည့်အတိုင်းပင် ကြည့်ရှုမှတ်သား၍ ထို ဆရာတော်တို့၏ အလေ့အကျင့်အတိုင်း သာသနာ့တာဝန်ကို ထမ်းဆောင်တော်မူကြဘို့ လိုပါသည်။ ထမ်းဆောင်နိုင်ကြလိမ့်မည်ဟူ၍လည်း မျှော်လင့်တောင့်တမိပါသည်။

သာသနာတော်သည် ခေတ်လိုက်၍ ပြောင်းလဲရမည်ဟူ၍လည်း မဟာကြားခဲ့ချေ။ ခေတ်လိုက်၍ နေထိုင်ကျင့်သုံးရမည်ဟူ၍လည်း မရှိခဲ့ပေ။ သို့သော် သာသနာ့မူမှန် ပျောက်ပြီး ရှေး သာသနာနှင့် ခေတ် သာသနာ ရှေး ဝိပဿနာနှင့် ခေတ် ဝိပဿနာ (ရှေး လူကြီးများနှင့် ခေတ် လူများ မတူကြသလို) သဒ္ဓါတရား နည်းပါးသော ရဟန်းတော်တို့ကြောင့် ကဲ့ပြား ခြားနား၍ကား ရှိလာကြပါသည်။ ဘုရားရှင် ဟောကြားသည့် ဒေသနာများကို သေချာစွာ ကြည့်ရှုလေ့လာလျှင် ရှေး သာသနာနှင့် ဝိပဿနာ တရားတော်များ အကြောင်းကောင်းမွန်စွာ သိကြပါလိမ့်မည်။ ခေတ်လိုက်၍ ကဲ့ပြားခြားနားမှု မရှိရအောင် သာသနာတော်ကို အချိန်မှီ ထိန်းသိမ်းစောင့်ရှောက်ကြပါဟု မေတ္တာပုဗ္ဗင်္ဂမပြု၍ ရေးသားလိုက်ပါသည်။

သာသနာ့အနှစ် ကျင့်ထုံးများ ပြီး၏။

လဇ္ဇီပေသလ သိက္ခာကာမ ရဟန်းတော်တို့အတွက်

ခုဒ္ဒါနုခုဒ္ဒကသိက္ခာပဒများ

ယော ဂဝံ နဝိဇာနာတိ၊ နသော ရက္ခတိ ဂေါဂဏ်။
ဧဝံ သီလံ အဇာနန္တော၊ ကိံ သော ရက္ခေယျ သံဝရံ။
(ဝိနယမဟာဝဂ္ဂပါဠိ နှာ (၁၃၇)

ယော၊ အကြောင် နှားကျောင်းသားသည်။ ဂဝံ၊ မိမိ ထိန်းကျောင်းအပ်သော နှားအပေါင်းကို။ နဝိဇာနာတိ၊ အနီ အဝါ အပြာ အနက် အကွက် အကြား ချိုကား ချိုထောင် အကောင် ဘယ်မျှ များသည်ဟု အပိုင်းအခြား အရေအတွက် မထားရှိ၍ မသိ။ သော၊ ထို နှားကျောင်းသားသည်။ ဂေါဂဏံ၊ မိမိထိန်းကျောင်းသည့် နှားအပေါင်းကို။ နရက္ခတိ၊ မပျောက်မပျက်အောင် မးစောင့်ရှောက်နိုင်။ ဧဝံ၊ ဤ နှားကျောင်းသားအတူ။ သီလံ၊ မိမိ ထိန်းသိမ်းစောင့်ရှောက်အပ်သော သီလ သိက္ခာပုဒ်တော်ကို။ အဇာနန္တော၊ အယုတ် အားဖြင့် နှစ်ရာ့နှစ်ဆယ် ခုနစ်သွယ်လောက်ကိုမျှ မသိသော။ သော၊ ထိုရဟန်းသည်။ သံဝရံ၊ စောင့်ရှောက်အပ်သောသီလသိက္ခာပုဒ်တော်ကို။ ကိံ ရက္ခေယျ၊ အဘယ်မှာလျှင် မပျက် မပျောက်အောင် စောင့်ရှောက် နိုင်ပါတော့အံ့နည်း။
နရက္ခတိ ဇဝ၊ မပျက်မပျောက်အောင် မစောင့်ရှောက်နိုင်တော့သည်သာ။

ဤဆိုလတ္တံ့သော ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်တော်များသည် ယခုကာလ သတိမထားကြပေ၊ သတိထား၍ ပိုင်းခြားသိသော်လည်း ဝိတိက္ကမအားဖြင့် အပျက်အစီး များကြကုန်၏။ ထို့ကြောင့် လဇ္ဇီပေသလ သိက္ခာကာမ ဝိနယဂရုက သံသာရဘီရုက အရှင်ကောင်း အရှင်မြတ်တို့သည် အဖန်ဖန်ရှု၍ ဂရုပြုတော့်မူကြပါကုန်။

၁။ မြတ်စွာဘုရား၏ တပည့်သားရဟန်းတော်သည် အလျားတတောင်ထ္ဝ အနံတထ္ဝခြောက်သစ်ရှိသော ပုဝါ၊ ပုဆိုး၊ အဝတ်၊ အထည် သက်န်းတို့ကို ပရိက္ခာရစောဠအဓိဋ္ဌာန် ဝိကပ္ပနာ ကံ မပြုပဲ သိုမှိး သိမ်းဆည်း ထားခြင်း၊ သက်န်ုနှင့် မျက်နှာသုတ်ခြင်း၊ သက်န်းနှင့် မြူမှုန်ဖုံသဲခါခြင်း၊ နေရာ ထိုင်အခင်း မပါပဲ မြူမှုန်ဖုံအညစ်အကြေးရှိသော ကြမ်းပြင်မြေပြင်၌ ထိုင်နေခြင်းတို့မှလည်း ရှောင်ကြဉ်ရာ၏။

၂။ ထိုမှတပါးလည်း ဘုရားသားတော်များသည် ရေချိုးခြင်း စသည်ကို ပြုလို၍ သာမဏေတို့၏ သင်းပိုင်သက်န်းတို့ကို ခေတ္တ အခိုက်အတန့်ငှါးယူသော်ငင်း ကပ္ပဗိန္ဒုမထိုးပဲ ဝတ်ရုံခြင်းသော်ငင်း ရှောင်ကြဉ်ရာ၏။

၃။ ထိုမှတပါးလည်း လင်္ဂီပေသလ ဘုရားသားတော်များသည် ရေသနုပ်သက်နှံးကို နေပူဒ္ဒ ကြာမြင့်စွာ လှမ်းထားခြင်း၊ ဆိုးရည် အဆင်း စသည်တို့ဒ္ဒ သံသယမကင်းဘွယ်ရာဖြစ်သော သက်နှံးတို့ကို ဝတ်ရုံသုံးဆောင်ခြင်း၊ မြို့တွင်းရွာတွင်းတို့ဒ္ဒ ကိုယ်ဝတ်သက်နှံးကြီး ဒုကုဋ္ဌတို့ကို မပင့်၊ မ-မ မကြွပဲ ဘိ၍ထိုင်ခြင်း၊ လူတို့ကဲ့သို့ အာယောဂပတ်ဖွဲ့ခြုံ၍ နေခြင်း၊ပရိမဏ္ဍလ သိက္ခာပုဒ်တော်ဲ ပျက်ပြားခြင်း၏ အကြောင်းဖြစ်သော သင်းပိုင်ကို ဒူးဆစ်အောက် လက်ရှစ်သစ်၊ ဆယ်သစ်ခန့်ကိုလွန်၍ ရှည်စွာဝတ်ခြင်း၊ ရွှေမှနောက်မှ တဲ့လျားချခြင်း အစ ရှိသည်ဖြင့် ဝတ်ခြင်းတို့မှ ရှောင်ကြဉ်ရာ၏။

၄။ ထိုမှတပါးလည်း သိက္ခာကာမဘုရားသားတော်များသည် ဆွမ်းကို စွန့်ဘိသကဲ့သို့ မရိုမသေခံခြင်း၊သုံးဆောင်ခြင်း၊ မိမိစားခွက်သပိတ်ကိုသာမကြည့်ပဲ ထိုးထိုအရပ်သို့ကြည့်၍ ဆွမ်းစသော ခဲဘွယ် ဘောဇဉ်တို့ကို စားခြင်း၊ ဆွမ်းဦး ဆွမ်းထိပ်ကိုနှိပ်၍စားခြင်း၊ ရှုတ်ရှုတ်အသံပြု၍စားခြင်း၊ခံတွင်းဝသို့ ဆွမ်း ကွမ်း စသည်တို့ မရောက်မီက အလျင်တင်ကူးကြိုပို့၍ ခံတွင်းပါးစပ်ကို ဟဖြဲဖွင့်လှစ်ခြင်း၊ လက်ချောင်းကို ခံတွင်းသို့ သွင်း၍စားခြင်း၊ ကွမ်းအစ်နှံးခွက် သစ်သားခွက်စသည်တို့မှ နှိုက်ယူ၍စားခြင်း၊ ခွက်တခုတည်းဒ္ဒ လက်ဆုံ တူပြိုင် နှိုက်ယူ၍ ခဲဘွယ်ဘောဇဉ် ချိုချဉ်သစ်သီး စသည်ဘို့ကို စားခြင်း၊လှုပတင့်တယ် စေခြင်းငှါ ကွမ်းစားခြင်း၊ ကွမ်းဖြင့် ပါးစပ်နှုတ်ခမ်းကို တပ်ဆိုးခြင်း၊ မျောက်ကဲ့သို့ ပါးစောင်ဒ္ဒဖုစေ၍ ကွမ်းစသည်တို့ကို စားခြင်းမှလည်း ရှောင်ကြဉ်ရာ၏။

၅။ ထိုမှတပါးလည်း ဝိနယဂရုက ရဟန်းတော်များသည် အဓိဋ္ဌာန်လောက်သော သပိတ်ကို အဓိဋ္ဌာန်မတင် ဝိကပ္ပနာမပြုပဲ သုံးဆောင်ခြင်း၊ မည်းမည်းနက်နက်ရှိခြင်းသာ ပမာဏ၊ ဆွမ်းချက်ပြီ သုံးစလယ်ဝင်သော ဩမက သပိတ်မှစ၍ အဓိဋ္ဌာန် ဝိကပ္ပနာလောက်၏ ဟူသော ကျမ်းဂန်ကို သတိမထားပဲ အမြဲက်ထောင်၍ သပိတ်ကို အဓိဋ္ဌာန်မတင်၊ ဝိကပ္ပနာမပြုပဲ သိမ်းဆည်း သိုမှီးထားမိခြင်း၊ သပိတ်အိတ်ဖြင့် ပခုံးဒ္ဒလွယ်၍ တံခါးကို ဖွင့်ခြင်း၊ တွန်းခြင်း၊ ငှက်ပျောသီးခွံ ဖက်ရွက်၊ ငါးရိုး၊ အမဲရိုးစသော စက်ဆုပ်ဘွယ်သော ဝတ္ထုတို့ကို သပိတ်ဒ္ဒ ကည့်ခြင်း၊ သပိတ်ဖြင့် ဆောင်ယူ၍ စွန့်ခြင်း၊ သပိတ်ခြေပေါ်ဒ္ဒ ကြွ, မ, မြောက်ပင့်၍ မဆေးပဲ သပိတ်ခြကို တိုက်စေ၊ ခိုက်စေ၊ ပွန်းစေလျက် သပိတ်ကို ရေဆေးခြင်း၊ ရေပေါက် ရေစက်ဖြင့် မခြောက်သေးသောသပိတ်ကို သိုမှီးသိမ်းဆည်းခြင်း၊ ရေပေါက်ရေစက်နှင့်တကွ နေလှမ်းခြင်း၊ ကြာမြင့်စွာ နေပူဒ္ဒထားခြင်း၊ သပိတ်ဒ္ဒလက်ဆေးခြင်း၊ အယုတ်အားဖြင့် ရေတခေါက်မျှ ခပ်စေခြင်းတို့မှလည်း ရှောင်ကြဉ်ရာ၏။

၆။ ထို့ပြင်လည်း သံသာရဘီရုကရဟန်းတော်များသည် ဆွမျိုးမတော် မစပ် မပေးအပ် မပေးကောင်းသော ဒါယကာ ဒါယိကာမတို့အား ပန်းပေး

ခြင်း၊ သစ်သီးပေးခြင်း၊ ဝါပေးခြင်း၊ ဆေးဝါးမန္တရားကုသပေးခြင်း၊ ဆေးဓာတ်စာပေးခြင်း၊ ဆေးနည်းပြောပေးခြင်း၊ ကုမ်းဆေးလဘက်ဘည်ခြင်း၊ ထမင်းကျွေးမွေးခြင်း၊ မုံခဲဘုယ်, ချိုချဉ်ပေးကမ်းခြင်း၊ နေရာခင်းပေးခြင်း၊ ဖျာသင်ဖြူး, ခေါင်းအုံး, အိပ်ရာ, ကန့်လန့်ကာ, ကော်ဇော, မီးအိမ်-စသည် ပေးငှါးခြင်း၊ ရတနာသုံးပါးကိစ္စမှတပါး သီတင်းစကားကို ပို့ဆောင်ခြင်းတို့မှ လည်း ရှောင်ကြဉ်ရာ၏။

၇။ ထို့ပြင်လည်း သိက္ခာကာမရဟန်းတော်များသည် လူတို့အား စေတီထိုက်သော အရိုအသေ အလေးအမြတ်ပြုအပ်သော ရဟန်းတို့၏ အသုံးအဆောင်ဖြစ်သည့် ပန်းကန်၊ ခွက်၊ ဇွန်းစသည်တို့ဌာထည့်၍ လူတို့အား ကျွေးမွေးပေးကမ်းခြင်း၊ စားစေခြင်း၊ လူအချင်းချင်းကဲ့သို့ ခင်ဗျား၊ ကျွန်တော်၊ ကျွန်ုပ်၊ ကျုပ်ထည့်၍ လူတို့နှင့် စကားပြောဆိုခြင်း၊ လူများလာလျှင် ရှေးဦးတင်၍ အလျင်နှုတ်ဆက်စကား ပြောဆိုခြင်းတို့မှလည်း ရှောင်ကြဉ်ရာ၏။

၈။ ထို့ပြင်လည်း "အဏုမတ္တောသု ဝဇ္ဇေသု ဘယဒဿာဝီ" ဟူသော ဘုရားရှင်ဒေသနာအတိုင်း အနုမြူမျှလောက်သော အပြစ်တို့၌ မြင်းမိုရ်တောင်မျှလောက် ကြီးမားသောအပြစ်ဘေးကြီးဟုရှုလျက် ဝိနည်းသိက္ခာပုဒ်ကို အသက်ပမာ စောင့်ရှောက်သော ရဟန်းတော်များသည် ဗေဒင်ဟောခြင်း၊ တိရစ္ဆာန်ဝိဇ္ဇာအတတ်တို့ကို သင်ကြားပို့ချခြင်း၊ အင်္ဂါယတ်ထိုးခြင်း၊ ထိုးစေခြင်း၊ တင့်တယ်လှပစေခြင်းငှါ ဆေးနီထိုးခြင်း၊ မင်ကြောင်ထိုးခြင်း၊ အနာရောဂါ ပြောပလောက်အောင် မရှိပဲ နှား-စသည်ကသော ရထား, လှည်း, သံလျင်း, ထမ်းစင်, ယာဉ်တို့ကို စီးနင်းခြင်း၊ ခြေကဲ့, ခြေအသားစွန်းထွက်ခြင်း အစရှိသော ပြောပလောက်အောင် အနာရောဂါမရှိပဲလျက် မြို့တွင်း, ရွာတွင်း, သူတပါး အာရုံတွင်းတို့၌ ဘိနပ်စီးခြင်း၊ ထီးဆောင်းခြင်း၊ ပြောက်ကျားသောသဘော ရှိသော ကော်ဇောတို့သည် တရားဟောပလျှင်၊ ဆွမ်းစားဇရပ်၊ အိမ်၌ လူတို့ခင်းသည်ကို ကြဉ်ထား၍ မိမိကိုယ်တိုင် ခုတင်, ညောင်စောင်း, အင်းပျဉ်တို့၌ ခင်းလျက် ကပ္ပိယအခင်းဖြင့် မခင်းပဲ သုံးဆောင်ခြင်းငှါ မအပ်မထိုက်သည်ကို ကျူးလွန်ကျော်နင်းခြင်း အလင်္ဇီဓမ္မတို့မှလည်း ရှောင်ကြဉ်ရာ၏။

၉။ ဤမှတပါးလည်း ရှင်တော်ဘုရား၏ တပည့်သားတို့သည် ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ ကြည့်ရှုနားထောင်ခြင်း၊ အယုတ်ဆုံးအားဖြင့် ကျွေး, မြောက်, ဥဒေါင်းတို့ ကနေသည်ကိုဌင်း၊ ကလေးသူငယ်တို့ ဂုံညင်းထိုးရာ, ဂျင်ကစားရာ, ကြက်တိုက်ရာများကို ကြည့်ရှုခြင်း၊ ကျောင်းသားသူငယ်တို့ကို အက, အဆို, သင်ပြခြင်း၊ ခိုင်းခြင်း၊ လှလှပ်ကစားခြင်း၊ ရေဒြပ္ပေါမြူးကူးသန်းငုပ်လျှိုးမှု စသည်ကိုပြု၍ ကစားခြင်း၊ တစုံတခုသော ကစားဘွယ်ကို ကစားစေခြင်းတို့မှလည်း ရှောင်ကြဉ်ရာ၏။

၁၀။ ဤမှတပါးလည်း သံသာရဘီရုက ရဟန်းတော်များသည် သံဝေဂ ဖြစ်ဘွယ် အရုပ်ထုလုပ်စေခြင်း၊ ရေးစေခြင်းတို့ကို ကြဉ်ထား၍ တိရုပ်ရေးအုံဟု မျဉ်းကြောင်းမျ မဆဲ့ငင်ကောင်းပါလျက် အရုပ်ရေးခြင်း၊ ရေးစေခြင်း၊ အရုပ် ထုလုပ်ခြင်း၊ ထုလုပ်စေခြင်း၊ အထပ်တရာအဝတ်ဝတ်သော လူမိန်းမဖြစ်စေ, တိရစ္ဆာန်မဖြစ်စေ တပ်နှစ်သက်သောစိတ်ဖြင့် အင်္ဂါဇာတ်ကို ကြည့်ရှုခြင်း၊ ဆွမ်းလောင်းစဉ်, ကပ်စဉ်, ပေးလှူစဉ်, မိန်းမယောကျ်ား သာမဏေတို့၏ မျက်နှာကိုကြည့်ခြင်း၊ ရေခွက်, ကြေးမုံပြင်စသည်တို့၌ လှပပြူပြင်လိုသော ကြောင့် မိမိမျက်နှာရိပ်ကို ကြည့်ခြင်း၊ ဘေးရန်·စသည်ကို ကြဉ်ထား၍ မြို့တွင်း ရွာတွင်းတို့၌ လေးတောင်ခန့်ထက်လွန်၍ ကြည့်ရှုခြင်းတို့မှလည်း ရှောင် ကြဉ်ရာ၏။

၁၁။ ဤမှတပါးလည်း ဝိနယဂရုကပြုလိုသော ရဟန်းတော်များသည် တပ်နှစ်သက်သော ရာဂစိတ်ဖြင့် သူငယ်သာမဏေစသော ယောကျ်ားချင်းကို သော်လည်း ကိုင်ခြင်း၊ သုံးသပ်ခြင်း၊ ထိလာကိုင်လာသည်ကို သာယာနှစ်သက် ခြင်း၊ လူသာမဏေတို့နှင့် သုံးအရုဏ်ထက်အလွန် အိပ်ခြင်း၊ မိန်းမရှိသောအိမ်၌ ညဉ့်အိပ်တည်းခိုခြင်း၊ တမိုးတရံတည်းဖြစ်လျက် သဘော်မီးရထားပေါ်၌ မိန်းမ များနှင့် အိပ်ခြင်း၊ ခုတင်၊ ညောင်စောင်း၊ အင်းပျဉ်၊ သင်ဖြူး၊ ကော်ဇောငယ် တို့၌ လူသာမဏေတို့နှင့်ငင်း၊ ထေရ်ကြီး ထေရ်ငယ်တို့အချင်းချင်းငင်း၊ အတူ တကွနေထိုင်ခြင်း၊ အိပ်ခြင်း၊ ခါးပန်းကြိုး တောင်ဝှေးစသော တစုံတခု အကြား၌ မထားပဲ ဖျာကြီး သင်ဖြူးကြီးတို့၌သော်လည်း နှစ်ပါး သုံးပါးစသည် အိပ်ခြင်း၊ လျောင်းခြင်းတို့မှလည်း ရှောင်ကြဉ်ရာ၏။

၁၂။ ဤမှတပါးလည်း မြတ်စွာဘုရား၏ တပည့်သားတော်တို့သည် ဝိကာလ ဘောဇနသိက္ခာပုဒ်၊ သန္နိဓိသိက္ခာပုဒ်တို့၏ အနုစ္ဆရာပတ်၊ ဒုက္ကဋ်သင့်ခြင်း၏ အကြောင်းဖြစ်သော ဂေလညအကြောင်းရှိမှ ယာဝဇီဝိကအပ်သည်ဖြစ်ပါလျက် ယာဝဇီဝိကဟု အမြွက်ထောင်၍ နေလွဲသောအခါ ကွမ်းစားခြင်း ဆေးဝါးခြင်း ဆေးလိပ်အခိုးတံသောက်၍ ယမန်နေ့က အကပ်ခံပြီးသော ကွမ်းစသည်တို့ကို စားခြင်း၊ အမြွက်ထောင်၍ ယာဝကာလိက ဖြစ်သော စင်စစ်မအပ်သော လက်ဘက်ရည်ကို နေလွဲသောအခါ သောက်ခြင်း၊ ပဉ္စာနဲပါး အသိဉာဏ်ရှား သော ယောကျ်ား မိန်းမတို့ကဲ့သို့ ဂေလညအကြောင်းရှိမှ အပ်ပါလျက် ပိပါသ အကြောင်းဖြင့် နေလွဲသောအခါ ဆီးဖြူသီး၊ ရှစ်ရှားသီး၊ ဖန်ခါးသီး၊ ဂျင်းသုတ် တို့ကို စားခြင်း၊ သတ္တာဟကာလိကဖြစ်သော ထောပတ်၊ တင်လဲ၊ သကြား၊ ထန်းလျက်တို့ကို (၇) ရက်လွန်သောအခါ စားခြင်း၊ ဂေလည ပိပါသ အကြောင်းရှိမှ အပ်ပါလျက် ဘိလပ်ရည်စသော အဖျော်ယမကာတို့ကို သောက်

သာသနာရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ပည်းကား၊ ရန်ကုန်

ခြင်း၊ အနာရှိ၍ ဆေးစားစဉ် ပစ္စဝေက္ခဏာ မဆင်ခြင်ပဲ ဘုဉ်းပေးခြင်းတို့မှ လည်း ရှောင်ကြဉ်ရာ၏။

၁၃။ ဤမှ တပါးလည်း ရှင်တော်ဘုရား၏ တပည့်သားတို့သည် အပင့် အလျောက်မရှိပဲ ဒါယကာ ဒါယိကာမတို့၏ အိမ်သို့ ဝင်ထွက်သွားလာခြင်း၊ အလည်အပတ်ပြုခြင်း၊ အန္ဒမာသနိဿဂ်ိယပစ္စည်းများကို တောင်းခံရှာမှီးခြင်း တို့မှလည်း ရှောင်ကြဉ်ရာ၏။

၁၄။ ဤမှ တပါးလည်း လင်္ဂီပေသလရဟန်းတော်များသည် တပါးဖြစ်စေ၊ နှစ်ပါးဖြစ်စေ၊ သောက်ရေ သုံးရေတည်ထားခြင်းစသော ပဋ္ဌကရဏတို့ကို မပြု မူ၍ ဥပုသ်ပြုခြင်း၊ အာပတ်သင့်, မသင့်ကို မဆင်ခြင်ပဲ နေ့တိုင်း နံနက်တိုင်း ဒေသနာကြားခြင်း၊ အချင်းချင်းလှည့်၍ ဒေသနာကြားခြင်း၊ ဝါ (၆၀) ရပြီးသော မထေရ်ကြီးပင်ဖြစ်စေကာမူ နိဿယမုစ္စကအင်္ဂါ မပြည့်စုံပဲလျက် နိဿည်း ဥပဇ္ဈာယ်ကင်း၍ နေခြင်း၊ ကျောင်းထိုင်ခြင်းတို့မှလည်း ရှောင်ကြဉ်ရာ၏။

၁၅။ ဤမှ တပါးလည်း သိက္ခာကာမရဟန်းတော်တို့သည် ဆယ်ဝါမပြည့်ပဲ ဥပဇ္ဈာယ်, နိဿည်းပေး၍ ရဟန်း, သာမဏေ မွေးခြင်း၊ မပေးဘဲလည်း မွေးခြင်း၊ အလုပ်အကျွေးခံခြင်း၊ ဥပဇ္ဈာယ်,နိဿည်းပေး အင်္ဂါတို့နှင့်မပြည့် စုံပဲလျက် ကျောင်းထိုင်၍ ဥပဇ္ဈာယ်,နိဿည်းပေးခြင်းတို့မှလည်း ရှောင်ကြဉ် ရာ၏။

၁၆။ ဤမှ တပါးလည်း ရှင်တော်ဘုရား၏ တပည့်သားတော်တို့သည် အလင်္ဂီဒုဿီလ သာသနကစဝရ ပါပဘိက္ခုတို့ကိုမှီ၍, ဆရာပြု၍, ဥပဇ္ဈာယ်ပြု၍ နိဿည်းယူ၍ စာတက်၍ နေခြင်း၊ အလင်္ဂီပုဂ္ဂိုလ်တို့ကို တပည့်ပြုခြင်း၊ ဥပဇ္ဈာယ် ပေးခြင်း၊ နိဿည်းပေးခြင်း၊ စာချခြင်း၊ ဥပဇ္ဈာယ်, နိဿည်းကင်းလျက် နိဿည်း ပေးစွမ်းနိုင်သော သဘာဂပုဂ္ဂိုလ်ရှိလျက် ခရီးသွားအခိုက်အတန့် တည်ခဲ့မျသာ အိပ်မည်ဟု ကြံ၍ရင်း၊ မကြံပဲရင်း၊ နိဿည်းမယူမတောင်းပဲ နေခြင်းတို့မှလည်း ရှောင်ကြဉ်ရာ၏။

၁၇။ ဤမှ တပါးလည်း သံသာရဘီရုကရဟန်းတော်များသည် ရွှေဆင်းတု၊ ငွေဆင်းတု၊ ရွှေစေတီ၊ ငွေစေတီတို့ကို ကိုင်ခြင်း၊ သုံးသပ်ထိပါးခြင်း၊ ရွှေငွေ မာသက ကဟာပဏတို့ကို ကိုင်ခံသုံးသပ်ခြင်း၊ ရောင်းဝယ် လဲလှယ်ခြင်း၊ ကပ်ပိုယပစ္စည်းဖြင့် ရောင်းဝယ်ခြင်း၊ သူတပါး ပရိသတ်ကို မိမိပရိသတ်ဖြစ်အောင် ဖြားယောင်းခြင်းတို့မှလည်း ရှောင်ကြဉ်ရာ၏။

(ရွှေငွေအရာ၌ အလွန်ခက်သည်၊ အာပတ်အသင့်များတတ်သည်၊ ပညာ နဲသူတို့ နားလည်နိုင်ခဲသည်၊ သိအောင် အားထုတ်သူ နည်းပါး

သည်၊ ကျမ်းဂန်ကိုသင်ကြား သတိထားမှ နားလည်နိုင်၏၊ ရွှေငွေဝတ္ထု နှင့်စပ်၍ ရှောင်လျှင် အလွန်ကောင်း၏။)

၁၈။ ဤမှ တပါးလည်း ဝိနယဂရုကရဟန်းတော်များသည် ပန်းကုံးခြင်း၊ အကုံးခိုင်းခြင်း၊ အကြောင်းညီညွတ်လျှင်ဟူ၍၎င်း, အခန့်သင့်လျှင် ဟူ၍၎င်း စသည်မပါမူ၍ ပြုမည်၊ သွားမည်စသည်ဖြင့် ဝန်ခံမိ၍ ချတ်ယှင်းရာဘို့၌ သတိ မပြုခြင်း၊ ကဲ့ရဲ့ဆဲရေးပြစ်တင်မခံ ပြန်လှန်၍ ဆဲရေးခြင်း၊ ရယ်ရွှင်လိုသောစိတ် ဖြင့် ငပု၊ ငရှည်၊ ငမဲ၊ ငဖြူ စသည်ဖြင့် ခေါ်ဝေါ် ပြောဆိုခြင်းတို့မှလည်း ရှောင်ကြဉ်ရာ၏။

၁၉။ ဤမှတပါးလည်း သိက္ခာကာမ ရဟန်းတော်များသည် လူသာမဏော တို့ကို ပုဒ်ပြိုင်ပါဠိပို့ချခြင်း၊ ပဝါရိတ်သင့်လျက် အတ်ရိတ်ဝိနည်းကံမပြုပဲ စားခြင်း၊ အကပ်မခံသော ဒန်ပူရေကို ဝမ်းတွင်းသို့ ဝင်စေခြင်း၊ မီးလှုံလို၍ မီးမွေးခြင်း၊ မွေးစေခြင်း၊ မီးစကို ပွှေပြောင်းခြင်း၊ အမိုက်များကို မီးကို သိလောဟူ၍ မပြောပဲ မီးရှိဟူ၍ ပြောခြင်း၊ ပြောဆိုစေခြင်းတို့မှလည်း ရှောင်ကြဉ်ရာ၏။

၂၀။ ဤမှတပါးလည်း ရဟန်းတော်များသည် မြူရှိသောရေကို အကပ်မခံပဲ မစစ်ပဲ သုံးဆောင်ခြင်း၊ သာမဏော၊ ကျောင်းသားသူငယ်တို့ကို ရိုက်နှက် ပုတ်ခတ်ခြင်း၊ ရဟန်းသာမဏောတို့ကိုလည်း ရိုက်စေခြင်းတို့မှ ရှောင်ကြဉ်ရာ၏။ (ကျောင်းသားသူငယ်အချင်းချင်း ရိုက်စေကောင်း၏၊ သို့သော် တရားဟော ပြော၍ ဆုံးမခြင်း၊ သဲဒဏ်, ရေဒဏ်-စသည်ပေး၍ ယဉ်ကျေးအောင် ဆုံးမ ခြင်း၊ စာအံပျင်းသူတို့ကို သူတပါးတို့ထက် တနာရီစသည် သာလွန်စေ၍ စာအံစေခြင်း၊ တယောက်ထီးတည်း ခဲ့၍ မထိုင်စေပဲ ရပ်လျက် စာအံစေခြင်း၊ ကျောင်းမှနှင်ထုတ်ခြင်းစသော ရဟန်းတို့အား လျောက်ပတ်သော ဆုံးမခြင်း ဖြင့် ဆုံးမရာ၏။)

ထို့နောက် ထင်ရှားရှိသောရဟန်းကို "အဟံ ဘန္တေ ဝိကာလေ ဂါမပ္ပဝေ-သနံ အာပုစ္ဆာမိ"ဟု မပန်ကြားပဲ နေလွဲသောအခါ ရှာတွင်းသို့ ဝင်ခြင်း၊ မြို့တွင်း ရှာတွင်း၌ (၁၂) တောင်ထက် အလွန်ကွာသည့်အရပ်က ပြီပြင်စွာ စကားကြားလောက်အောင် ပြောဆိုခြင်း၊ အဝင်သာ ဘိနပ်ချွတ်ရမည်ဟု အမှတ်မှား၍ ဝိနယပိဋကတ ပရိဝါ ပါဠိတော် အဋ္ဌကထာများကို နှလုံးမသွင်းပဲ ကြာမြင့်စွာနေသော အာဂန္တုကပင်ဖြစ်စေကာမူ သူတပါးအာရုံမ်တွင်းတို့၌ ဘိနပ်စီးခြင်းတို့မှလည်း ရှောင်ကြဉ်ရာ၏။

၂၁။ ထိုမှတပါးလည်း ရဟန်းတော်တို့သည် နေ့အခါ တံခါးကို မပိတ်ပဲ တတ်သိနားလည်သော တစုံတယောက်သောသူက ဤတံခါးကို စောင့်ရှောက် လိမ့်မည်ဟု နှလုံးမသွင်းပဲ အိပ် လဲ လျောင်းစက်ခြင်း၊ ထိတ်ပိတ်တထွာ လက်

လေးသစ်ထက်လွန်သော ခေါင်းအုံး၊ မှိအုံးကြီးတို့ကို မှိအုံးခြင်း၊ လဲသွတ်သော နေရာဖုံ၌ ထိုင်ခြင်း၊ အိပ်ခြင်း၊ လက်လေးသစ်မရှိသော ဒန်ပူ၊ လက်ရှစ်သစ်ထက် လွန်သောဒန်ပူကို စားခြင်း၊ ခဲခြင်း၊ လက်သဲတို့ကို လက်ထိပ်ထက်လွန်စေခြင်း တို့မှလည်း ရှောင်ကြဉ်ရာ၏။

၂၂။ ထိုမှတပါး ရဟန်းတော်တို့သည် လျင်မြန်စွာ ဝစ္စကုဋီသို့ဝင်ခြင်း၊ ထွက်ခြင်း၊ တအင်းအင်းညှစ်ညည်းတွားခြင်း၊ ကျင်ကြီးစွန့်ခြင်း၊ ဒန်ပူခဲလျက် ကွမ်းဆေးဝါးလျက် ကျင်ကြီးစွန့်ခြင်း၊ ကနုတ်ကို ကျင်ကြီးတင်းဖွဲ့ချခြင်း၊ စွက်စွက်အသံပြု၍ သန့်သက်ရေဆေးခြင်း၊ သန့်သက်ရေခွက်ဖွဲ့ ရေကြွင်းထားခြင်း၊ ကျင်ကြီးလူးသည်ကို မဆေးခဲ့ခြင်း၊ သန့်သက်ရေမရှိဟုသိလျက် ကြောင့်ကြမပြုခြင်း၊ သန့်သက်ရေရှိလျက် မဆေးခြင်းတို့မှလည်း ရှောင်ကြဉ်ရာ၏။

၂၃။ ထိုမှတပါးလည်း သာသနာတော် ညှိုးနွမ်းပျက်စီးကြောင်းဖြစ်သော အလင့်မီ ဒုဿီလ ပါပဘိက္ခုတို့၏ အမူအရာ အကျင့်ဟု ဆိုအပ်သော ပုလဲ၊ ပတ္တမြား၊ ကျောက်မျက်ရွဲ၊ ခရုသင်း၊ ကျောက်သလင်း၊ သန္ဖာ၊ ပတ္တမြားနီ၊ ပတ္တမြားပြောက်၊ စပါးမျိုး (၇) ပါး၊ ကွဲ၊ နွားခွေး၊ ဝက်၊ ကြက်၊ ငှက်၊ လယ်ယာ၊ ပန်း၊ သစ်သီး၊ အာရုံမ်စသော ဒုက္ကဋ်ဝတ္ထုတို့ကို ရှာမှီးခြင်း၊ အနီးဌိ ထားသည်ကို သာယာခြင်း၊ သိုမှီးသိမ်းဆည်းခြင်းဟူသော အလင့်မီမမှ-နိဿဂ်ိယ ဝတ္ထုဖြင့် လဲလှယ်ရောင်းဝယ်ခြင်း၊ အနိဿဂ်ိယဝတ္ထုဖြင့် နိဿဂ်ိယဝတ္ထုကို လဲလှယ်ရောင်းဝယ်ခြင်းတို့မှလည်း ရဟန်းမြတ်တို့ ရှောင်ကြဉ်ရမည်။

၂၄။ ထိုမှတပါးလည်း ရဟန်းပရိက္ခရာကို ရောင်းချ၍ရသော ရွှေငွေစသော နိဿဂ်ိယဝတ္ထုတို့ကို ကိုင်ခြင်း၊ ခံခြင်းဟူသော အလင့်မီမမှ၊ ရဟန်းတို့ကပ်ပိုယ ပရိက္ခရာဖြင့် ခဝါသည်စသောလူတို့ထံ ကွမ်းအစ်၊ ထုံးဘူးစသော ကပ်ပိုယဝတ္ထုကို မအပ်သော ဝေါဟာရဖြင့် လဲလှယ်ခြင်းစသော အလင့်မီမမှတို့မှလည်း ရဟန်းတော်တို့ ရှောင်ကြဉ်ရမည်။

၂၅။ ထိုမှတပါးလည်း အုံ့ဩဘွယ်ဖြစ်စေ၍ လာဘ်ကိုရှာမှီးခြင်း၊ ပစ္စည်းရခြင်း၏အကြောင်းကို ပြောဆို၍ လာဘ်ကိုရှာမှီးခြင်း၊ ဧအပ်ပြီးသောအနည်းငယ်သောလာဘ်ကိုပေးသဖြင့် မရသေးသောများစွာသောလာဘ်ကို ရှာမှီးခြင်း၊ စိတ်သဘောယုတ်မာသောအားဖြင့်ဖြစ်သော မိစ္ဆာဇီဝဟူသော အလင့်မီမမှတို့မှလည်း ရဟန်းမြတ်တို့ ရှောင်ကြဉ်ရမည်။

၂၆။ ထိုမှတပါးလည်း လောကာယတကျမ်းကို ရဟန်းတို့သည် သင်လည်း မသင်အပ်၊ သူတပါးတို့ကိုလည်း မပြောအပ်၊ ပြုလည်းမပြုအပ်၊ ကြေးငွေမပါသစ်ရွက် သစ်မြစ်စသော ဆေးတို့ဖြင့်သာ ပြဒါးကိုသေစေခြင်း၊ ပြဒါးကိုပြာချခြင်း၊ ပြဒါးခဲခြင်းအစရှိသော အတတ်တို့ကို မလေ့မကျက်အပ်၊ သူတပါး

တို့ကိုလည်း မပြအပ်၊လုပ်လည်းမလုပ်အပ်၊ လွှဲကျက်ပြသော ရဟန်းတို့သည် ပယောဂတိုင်း ပယောဂတိုင်း ဒုက္ကဋ်အာပတ် သင့်သည်၊ ဤသို့ ဒုက္ကဋ်အာပတ် သင့်ရောက်တတ်သော အလင်္ဇီဓမ္မတို့မှလည်း ရှောင်ကြဉ်ရမည်။

၂၇။ ထိုမှတပါးလည်း (သမဏာနံ အသပ္ပါယဌာနေ ဒုက္ကဋ်)ရဟန်းတော်တို့အား မလျောက်ပတ်သော အရာဌာနဟူသမျှ၌ ဒုက္ကဋ်အာပတ်သင့်၏ဟူသော ဗုဒ္ဓဝစနကို အတိဂါဝရပြုလျက် သံသရာကို ကြောက်ရွံ့သော ရဟန်းတော်တို့သည် ပြည်သူပြည်သား လူအများတို့ သဒ္ဓါတရား ပျက်ပြားဆုတ်ယုတ်အောင် သိက္ခာပုဒ်တော် လာရှိသည်ကို မမြော်မထောက် ဝင့်ကြွတိုင်းသား ရဟန်းများတို့၏ အကျင့်ကဲ့သို့ အလိုအလျောက် သိက္ခာပုဒ်တော်ကို လွန်ကျူးကျော်နင်း ပြီးလျှင် မြို့တွင်းရွာတွင်း ရပ်ကွက် စျေးဆိုင်များသို့ သွားလာ လှည့်ပတ်၍ မအပ်သော ကူးသန်းရောင်းဝယ်ခြင်းတို့ဖြင့် ပြုကျင့်လွန်ကျူးခြင်း၊ သမဏသာရုပ္ပမရှိ လူတို့ကဲ့သို့ သပိတ်ကို ပခုံးထက်တစောင်းယူသွားခြင်း၊ ကန္ဒား၊ မဏ္ဍပ်၊ ဇရပ်၊ စျေးဆိုင်၊ ခုတင်၊ အိမ်၊ ကင်းတဲ စသည်တို့၌ ခြေ, လက် တဲ့လဲ့ လက်အာယောဂပတ်ဖွဲ့လျက်၊ကြောက်မက်ဘွယ်ရာဖြစ်သော အကျိုးမရှိ မဂ်ဖိုလ်နိဗ္ဗာန် ကန့်လန့်ခံသော တိရစ္ဆာနကထာစသော စကားများကို အချင်းချင်း ပြောကြားနေထိုင်ခြင်းတို့မှလည်း ရှောင်ကြဉ်ရမည်။

၂၈။ ထိုမှတပါးလည်း တရားဓမ္မဟောပြောရာ၌ ဝိရာဂဓမ္မဟု ဆိုအပ်သော ရာဂ၏ကင်းရာ ကင်းကြောင်းဖြစ်သော တရားများကို မဟောပြောပဲ ရာဂတရားပွါးများအောင် မြတ်စွာဘုရား တရားတော်များကို သံရှည်သံလွင် ပြုပြင်ဆဲငင် ပြီးလျှင် သဘင်သည်တို့ကဲ့သို့ လေးလုံးစပ်၊ သံပေါက်စပ် စသည်တို့ကို စပ်ဆို ပြောဟောခြင်း လူတို့အလေ့သဘင် သံလွင်၊ ပုလွေ၊ မိကျောင်း၊ စောင်း၊ ပတျား စသော တီးမှုံးစုံ၊ ကမှုံးအမှု၊ ရက်ကွက်စုများ၌ ဟောပြော နေထိုင်ခြင်းတို့မှလည်း ရှောင်ကြဉ်ရမည်။

၂၉။ ထိုမှတပါးလည်း လင်္ဂီပေသလ ရဟန်းတော်များသည် အစိန္တေယျသုံးလူထွတ်ထား မြတ်စွာဘုရား၏ သြရသစစ်ဖြစ်လျက် ဘုရားအလိုတော်နှင့် မလျော် ရှာသူရှာသားတို့ကဲ့သို့ တိုးဝှေ့လုယက်၍ ဒါယကာတို့ဆွမ်းကို ခံယူခြင်း၊ လောဘနှိုင်ငံသို့လိုက်၍ လောလုပ်တကာဖြင့် အထပ်ထပ် အလည်လည် အပြန်ပြန် အလှန်လှန် ဆွမ်းကိုခံယူခြင်း၊ သြကို့တ္တစက္ခုသိက္ခာပုဒ်ကိုမဲ့ ဇတောင်ကြည့်၊ မြောက်ကြည့်၊ ကာယလောလ၊ ဝစီလောလဖြင့် မြို့တွင်း ရွာတွင်းဝယ် သွားလာနေထိုင်ခြင်း၊ သေသောက်ကြူး သုရာမုတ္တတို့ကဲ့သို့ နင်-ဟယ်-ငါ-စသော ဖရုသဝါစာတို့ဖြင့် မကြားကောင်း မနာသာအောင် ဆဲရေးခြင်း၊ ပါပိစ္ဆ၊ ဣစ္ဆာပကတသဘောဖြင့် လောဘကိုငဲ့၍ ဒါယကာတို့ကို ချော့မော့ ဖြားယောင်းခြင်း၊ ကလေးတို့ကို ချီပိုးချော့မော့ ထိန်းသိမ်းခြင်းတို့မှလည်း ရှောင်ကြဉ်ရမည်။

၃၀။ ထိုမှတပါးလည်း ရဟန်းတော်တို့အား မအပ်စပ်သော အတွင်းခံအင်္ကျီတို့ကိုဝတ်ခြင်း၊ စကားတည့်တည့်ပြောဆို၍စားခြင်း၊ ပုတ္တမံသူပမသုတ်တော်ကို သတိမထားပဲ လောလုပ်တတ်ခြင်းတို့မှလည်း ရှောင်ကြဉ်ရမည်။

ဤဆိုအပ်ပြီးသော သိက္ခာပုဒ်အပေါင်းသည် ယခုကာလ အလွန်ပျက်စီးချွတ်ယွင်းတိမ်းပါး မျှားလှ၏၊ စောင့်ရှောက် ထိန်းသိမ်းလိုသော စိတ်စေတနာသဒ္ဓါတရားပင် ရှိပါငြားလည်း သိက္ခာပုဒ်ကိုမသိက မစောင့်ရှောက်နိုင်၊ ထို့ကြောင့် သူတော်ကောင်း ဖြစ်တော်မူကြသော လဇ္ဇီပေသလ ရဟန်းတော်များသည် ဆိုအပ်ပြီးသော သိက္ခာပုဒ်တော်တို့ကို သိရှိနားလည်အောင် အဖန်ဖန် ကြည့်ရှု အာရုံပြု၍ သင့်တင့်လျော်ကန် ယောနိသော အကြောင်းခံသဖြင့် အမှန်အကန် ကျင့်ကြံစောင့်ရှောက်ပြီး မြတ်စွာဘုရား သာသနာတော်ကြီး အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲအောင် အားထုတ်တော်မူကြရာ၏။

လောကဌ မည်သည့်ပုဂ္ဂိုလ်မဆို မိမိ၏ ကိုယ်ပိုင် ပစ္စည်းဌ ချွတ်ယွင်းချက်တွေ့ရှိလျှင် ကြောင့်ကြစွာ ပြုပြင်ကြသလို သာသနာတော်မြတ်ကြီးကိုလည်း သာသနာ့အရောင် မလင်းပြောင်နိုင်သော ချွတ်ယွင်းချက် တွေ့ရှိကြပါလျှင် ထို သာသနာတော်ကြီးကို ငါတို့မပြုစုက ငါတို့ပင် မပြုပြင်က မည်သူပြုပြင်လိမ့် မည်နည်းဟု ရဟန်းတော် အရှင်မြတ်တို့နှင့် ဒါယကာ ဒါယိကာမများတို့ သတိသမ္ပဇဉ် ဉာဏ်ဖြင့်ယှဉ်ကြလျက် ပြုပြင်ကြစေလိုပါ၏။

သာသနာဟူသည်—ဘုရားရှင်တည်းဟူသော နေမင်းကြီးသည် လောကသုံးပါး တည်းဟူသော ကောင်းကင်ပြင်သို့ တက်စေ၍ သူတော်ကောင်းတရား တည်းဟူသော ရောင်ခြည်အပေါင်းကို ဆောင်လျက် သာသနာတော်ထမ်း ရဟန်းသံဃာတည်းဟူသော ရှေဟသ်ဒဂ်အပေါင်းတို့၏ ပျော်မွေ့ရာ သာသနာတော် တည်းဟူသော ရေကန်ကြီးအလယ်၌ ဝေနေယျသတ္တဝါအပေါင်းတည်းဟူသော ပဒုမ္မာကြာအပေါင်းကို ကောင်းစွာ ပွင့်စေသဖြင့် နတ်လူဗြဟ္မာသတ္တဝါတို့၏ အကျိုးငှါ ပြဋ္ဌာန်းပိုင်းခြားတော်မူခဲ့သော သာသနာတော် မြတ်ကြီး ဖြစ်ပါသည်။

ကောသရာဇာခြသေ့မင်း၏အသားကို အခြားသတ္တဝါတို့ မစားမသုံးဆောင်နိုင်၊ ကိုယ်ခန္ဓာအတွင်း၌ တည်နေကြသောပိုးတို့သာ စားသုံးနိုင်သကဲ့သို့ သာသနာတော်ကို ယုတ်လျော့ညှိုးနွမ်းအောင် အခြားပုဂ္ဂိုလ်တို့ မဖျက်ဆီးနိုင်ပါ၊ သာသနာတော်တွင်း၌ နေကြသော သာသနာတော်ထမ်း အလဇ္ဇီရဟန်းများကသာလျှင် အနေသန၊ မိစ္ဆာဇီဝ ပရိယေသန၊ ကုလဒူသက၊ ကယဝိက္ကယစသော အမှုတို့ဖြင့် ဖျက်ဆီးနိုင်ပါသည်။

လောကဥ် **"မကူညီချင်နေပါ၊ မနှောင့်ယှက်ပါနှင့်"** ဟူသော စကားကဲ့သို့ သာသနာတော်ကို တိုးတက်ကြီးပွါး အရောင်များအောင် မပြုလုပ်ချင်နေပါ။ **မိမိအတွက် သာသနာတော် မပျက်ပါစေနှင့်။** ယခုကာလ၌ သာသနာ့ဝန်ထမ်း ရဟန်းသာမဏေတို့သည် မိဘငဲ့ ဆရာသမားငဲ့စသော အကြောင်းများစုံတို့ ကြောင့် မပျော်ပိုက် မကျင့်ကြံနိုင်ကြသော်လည်း အောင့်အည်း၍နေကြသည် ကား များသည်။ ပတ်ဝန်းကျင်ငဲ့၍ မပျော်ပိုက်မကျင့်ကြံနိုင်ကြပဲ သာသနာ တော်၌နေပြီး သေကြလျင် အပါယ်ငရဲသို့မလဲပဲ ရောက်ရှိကြလိမ့်မည်။ ပတ်ဝန်း ကျင်ငဲ့၍ အပါယ်ငရဲသို့ မသွးချင်ကြပါနှင့်ဟု သတိပေး လျှောက်ထားပါရစေ။ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ဘို့ရန်ဟူသော ရည်ရွယ်ချက်ဖြင့် သာသနာ တော်၌ နေကြရာ၏။ ဘုရားရှင်သာသနာတော်၌ မပျော်ပိုက်သူကို ဇွတ်နေရမည် ဟု သင်တို့ကို မဟောကြားခဲ့ချေ။ အချိန်ကျလျင် အင်္ဂါကွန္ဓောပမဒေသနာတော် အတိုင်း သင်တို့ဖြစ်ကြရလိမ့်မည်ဟု သုံးလောကသခင် ဘုရားရှင် ဟောကြား တော်မူခဲ့ပေသည်။

ခုဒ္ဒါနုခုဒ္ဒကသိက္ခာပဒများ ပြီး၏။

အင်္ဂုတ္တိုရ်သတ္တကနိပါတ်၌ ဟောတော်မူအပ်သော

အင်္ဂိကွန္ဓေၚပမသုတ္တန်

ဗုဒ္ဓမြတ်စွာသည် အလင်္ကီ ဒုဿီလ ပါပဘိက္ခုများပါရှိသော ရဟန်းများနှင့် အတူ ကောသလတိုင်းဝယ် ဒေသစာရီ လှည့်လည်တော်မူစဉ် အလျှံတပြောင်ပြောင် တောက်လောင်၍နေသော မီးစဲသစ်ပင်ကြီးကို မြင်တော်မူ၍ လမ်းခရီးမှ ဖဲတော်မူကာ တခုသောသစ်ပင်အောက်၌ ထိုင်တော်မူပြီးလျှင် အောက်ပါ ပြဿနာကို မေးမြန်းတော်မူ၏။

၁။ အို....ရဟန်းများတို့—ဟို....မီးပုံကြီးကို မြင်ကြရဲ့လား၊ အဲဒီမီးပုံကြီးကို ပွေ့ဖက်၍ မီးပုံကြီးအနီးအပါး၌ ထိုင်မှု၊ ကိုင်မှု၊ အိပ်မှုကိုပြုခြင်း၊ လက်ခြေအင်္ဂါလွန်စွာနူးညံ့သည့် တနေ့ပတ်လုံး မျက်တောင်မခတ် မတ်တတ်ရပ်လျက် ကြည့်ရှုခြင်းငှါထိုက်သော သတ္တိသမီးပျိုကို ပွေ့ဖက်၍ သတ္တိသမီးအနီးအပါး၌ ထိုင်မှု၊ ကိုင်မှု၊ အိပ်မှုကိုပြုခြင်း ဤနှစ်မျိုးတွင် အဘယ်ပြုခြင်းက ကောင်းမြတ်သနည်း-ဟု မေးတော်မူလိုက်သည်။

ထိုအခါ – ရဟန်းများစွာတို့က လက်ခြေအင်္ဂါ လွန်စွာ နူးညံ့လျက် မျက်တောင်မခတ် မတ်တတ်ရပ်ကာ တနေ့ပတ်လုံး ကြည့်ရှုခြင်းငှါ ထိုက်သော သတ္တိသမီးပျိုကို ပွေ့ဖက်၍ အိပ်ခြင်း၊ ထိုင်ခြင်း၊ ကိုင်ခြင်းက ကောင်းမြတ်ပါကြောင်း လျှောက်ကြသည်။

ထိုအခါ ဗုဒ္ဓမြတ်စွာ မိန့်တော်မူသည်မှာ—ရဟန်းများတို့ .. အလင်္ကီဒုဿီလ-ပါပဘိက္ခုဖြစ်နေသော ရဟန်းအတွက် မီးပုံကြီးကို ပွေ့ဖက်၍ထိုင်ခြင်း၊ အိပ်ခြင်းသည် ကောင်းသေး၏။ အကြောင်းမှာ.... ထိုသို့ မီးပုံကြီးကို ပွေ့ဖက်၍ နေထိုင်မှုကြောင့် အလင်္ကီဒုဿီလရဟန်းယုတ်မှာ သေရုံသာ၊ သို့မဟုတ် သေလုမတတ် ဒုက္ခရောက်ရုံသာရှိ၏။ အပါယ်ငရဲသို့ မရောက်နိုင်။ သတ္တိသမီးပျိုကို ပွေ့ဖက်နေထိုင်အိပ်စက်မှုကြောင့်ကား အပါယ်ငရဲသို့ မလွဲမပင်ရောက်စရာရှိလေသည်။

၂။ ရဟန်းများတို့— အားကောင်းသောယောကျ်ားတယောက်သည် ခိုင်မြဲစွာ ကျစ်အပ်သော သားမြီးကြိုးဖြင့် သင်တို့၏ခြေသလုံးကို ရစ်ပတ်၍ ပုတ်တိုက်အပ်သည်ရှိသော် ထိုသားမြီးကြိုးသည် အရေပါး၊ အရေထူ၊ အသား၊ အကြော၊ အရိုးတို့ကို တခုပြီးတခုဖြတ်လျက် ရိုးတွင်းခြင်ဆီကို ထိခိုက်ရာ၏။ ထိုသားမြီးကြိုးဖြင့် ပုတ်တိုက်ခံရခြင်းထက် အကျင့်သီလမရှိပဲ နတ်လူပြဟ္မာ

သတ္တဝါတို့၏ ရှိခိုးဦးချမှုကို သာယာမြတ်နိုးခြင်းက ပိုလွန်၍ ကြောက်ဘွယ်ကောင်း၏။ အကြောင်းမှာ — ထိုသို့သားမြီးကြီးဖြင့် ပုတ်ဘိုက်မှုကြောင့် အကျင့်သီလမရှိသောရဟန်းမှာ သေရုံသာ၊ သို့မဟုတ် သေလုမတတ် ဒုက္ခရောက်ရုံသာရှိ၏။ အပါယ်ငရဲသို့ကား မရောက်နိုင်၊ နတ်လူပြဟ္မာ သတ္တဝါတို့၏ ရှိခိုးဦးချမှုကို သာယာမြတ်နိုးခြင်းကြောင့်ကား အပါယ်ငရဲသို့ မလွဲပင်ရောက်နိုင်၏။

၃။ အို....ရဟန်းများတို့—အလွန်အားကောင်းသော ယောကျ်ားက ဆီဖြင့်သွေးကာ လွန်စွာထက်သော လုံဖြင့် သင်တို့၏ရင်ဝဠဲ ထိုးစိုက်မှုကိုခံရခြင်းထက် အလင်္ဂီဒုဿီလ ရဟန်းယုတ်၏ အဖြစ်ဖြင့် နတ်လူပြဟ္မာ သတ္တဝါတို့၏ အရိုအသေပြုမှု လက်အုပ်ချီမှုကို သာယာမြတ်နိုးခြင်းက သာလွန်၍ ကြောက်ဘွယ်ကောင်း၏။ အကြောင်းမှာ—ရင်ဝကို လုံထိုးခံရခြင်းကြောင့် ဒုဿီလရဟန်းယုတ်မှာ သေရုံသာ၊ သို့မဟုတ် သေလုမတတ် ဒုက္ခရောက်ရုံသာရှိ၏။ အပါယ်ငရဲသို့ကား မရောက်နိုင်၊ အလင်္ဂီဒုဿီလ ပါဘိက္ခုအဖြစ်ဖြင့် အရိုအသေပြုမှု လက်အုပ်ချီမှုကို သာယာခြင်းကြောင့်ကား အပါယ်ငရဲသို့ ရောက်နိုင်၏။

၄။ အို....ရဟန်းများတို့— အလွန် အားကောင်းသော ယောကျ်ားက သင်တို့၏ ကိုယ်ခန္ဓာကို မီးလှိုတပြောင်ပြောင် တောက်လောင်နေသော သံပြားဖြင့် ရစ်ပတ်ထားမှုကို ခံရခြင်းထက် အလင်္ဂီဒုဿီလပါပဘိက္ခုအဖြစ်ဖြင့် နတ်လူပြဟ္မာသတ္တဝါတို့ ကြည်ညိုချ သဒ္ဓါဘရားဖြင့် လှူဒါန်းအပ်သော သက်နှံကို ခန္ဓာကိုယ်မှာ ဝတ်ရုံရစ်ပတ် သုံးစွဲခြင်းသည် ပိုလွန်၍ ကြောက်ဘွယ်ကောင်း၏။ အကြောင်းမှာ—ထိုမီးလှိုတပြောင်ပြောင် တောက်လောင်သော သံပြားဖြင့် ရစ်ပတ်ခံရခြင်းကြောင့် အလင်္ဂီရဟန်းယုတ်မှာ သေရုံသာ၊ သို့မဟုတ် သေလုမတတ် ဒုက္ခရောက်ရုံသာရှိ၏။ အပါယ်ငရဲသို့ကား မရောက်နိုင်၊ လူနတ်ပြဟ္မာသတ္တဝါတို့၏ သဒ္ဓါတရားဖြင့် လှူဒါန်းအပ်သော သက်နှံကို အလင်္ဂီဒုဿီလပါပဘိက္ခုအဖြစ်ဖြင့် ဝတ်ရုံသုံးစွဲခြင်းကြောင့်ကား အပါယ်ငရဲသို့ မလွဲပင်ရောက်နိုင်၏။

၅။ အို....ရဟန်းများတို့— အလွန် အားကောင်းသော ယောကျ်ားသည် သင် ချစ်သားတို့အား အလွန်ပူလောင်သော သံကောက်ချိတ်ဖြင့် ပါးစပ်ကို ဆွဲဖွင့်၍ မီးအလှိုတပြောင်ပြောင် တောက်လောင်နေသော သံတုံးသံခဲကို ထည့်သွင်းလိုက်သည်ရှိသော် ထိုသံတုံးသံခဲသည် နှုတ်ခမ်းကိုဌင်း, ခံတွင်းကိုဌင်း, လျှာကိုဌင်း, လည်ချောင်းကိုဌင်း, ရင်ကိုဌင်း, အူသိမ်အူမတို့ကိုဌင်း, အဆက်ဆက်လောင်၍ အောက်သို့ ထွက်လာရာ၏၊ ထိုမျှလောက် ဒုက္ခပေးသော သံတုံးသံခဲကို မျိုရခြင်းထက် ပြည်သူပြည်သား လူအများတို့၏ သဒ္ဓါတရားဖြင့် လှူဒါန်းအပ်သော ဆွမ်းခဘွယ်ဘောဇဉ် ချိုချဉ်ရသာ အဖြာဖြာကို အလင်္ဂီ

ဒုဿီလ ယုတ်မာသော ရဟန်းအဖြစ်ဖြင့် မှိုဝဲစား သောက်ခြင်းသည် အလွန်ပင် ကြောက်ဘွယ် ကောင်းလှပါ၏။ အဘယ့်ကြောင့်နည်းဟူမူ—ထို သံတုံးသံခဲကို မျိုရခြင်းကြောင့် သေရုံသာ၊ သို့မဟုတ် သေလုမတတ် ဒုက္ခရောက်ရုံသာ ရှိ၏။ အပါယ်ငရဲသို့ကား မရောက်နိုင်။ သဒ္ဓါတရားရှိ၍ လှူဒါန်းအပ်သော ဆွမ်း ခဲဘွယ်ဘောဇဉ် ချို့ချဉ်ရသာ ဒြာဖြာဖြာကို အကျင့်သီလမရှိပဲ မှိုဝဲစား သောက်ခြင်းကြောင့်ကား အပါယ်ငရဲသို့ မလွဲပင် ရောက်နိုင်သည်။

၆။ အို....ရဟန်းများတို့—အလွန် အားကောင်းသော ယောကျ်ားသည် သင်တို့၏ လည်ပင်း ပခုံးတို့ကို ကိုင်၍ အလွန်ပူလောင်သော ညောင်စောင်း၊ အင်းပျဉ်၊ ခုတင်၊ ထိုင်ခုံ စသည်၌ ထိုင်စေခြင်း၊ အိပ်စေခြင်းကို ပြုသဖြင့် ဆင်းရဲစွာ ခံရခြင်းထက် သဒ္ဓါတရားရှိ၍ လှူဒါန်းအပ်သော ညောင်စောင်း၊ အင်းပျဉ်၊ ခုတင်၊ ထိုင်ခုံ စသည်ကို အလင်္ဂီဒုဿီလ ပါပဘိက္ခုအဖြစ်ဖြင့် သုံးစွဲရခြင်းသည် သာလွန်၍ကြောက်ဘွယ်ကောင်း၏။ အဘယ့်ကြောင့်နည်းဟူမူ—ထိုအလွန်ပူလောင်သော ညောင်စောင်း၊ အင်းပျဉ်၊ ခုတင်၊ ထိုင်ခုံ စသည်၌ ထိုင်ရအိပ်ရခြင်းကြောင့် သေရုံသာ၊ သို့မဟုတ် သေလုမတတ် ဒုက္ခရောက်ရုံသာ ရှိ၏။ အပါယ်ငရဲသို့ကား မရောက်နိုင်။ သဒ္ဓါတရားရှိ၍ လှူဒါန်းအပ်သော ညောင်စောင်း၊ အင်းပျဉ်၊ ခုတင်၊ ထိုင်ခုံ စသည်ကို အလင်္ဂီဒုဿီလ ပါပဘိက္ခု အဖြစ်ဖြင့် သုံးစွဲခြင်းကြောင့်ကား အပါယ်ငရဲသို့ အစဉ်မလွဲ ရောက်နိုင်သည်။

၇။ အို....ရဟန်းများတို့— အလွန်အားရှိသော ယောကျ်ားက သင်တို့၏ ဦးခေါင်းကို စောက်ထိုးထား၍ ခြေနှစ်ချောင်းကို ကိုင်လျက် အလှံတပြောင်ပြောင် တောက်လောင်နေသော သံရည်အိုးထဲ၌ ပစ်ချရာ၏၊ ထိုသို့ အပစ်ချခံရ၍ ပုတ်ပုတ်ဆူပြီးလျှင် အမြုပ်ထလျက် အထက်သို့ ပေါ်လာလိုက် အောက်သို့ မြုပ်သွားလိုက်၊ ဘေးသို့ ရောက်သွားလိုက်အားဖြင့် ကျက်၍နေရသော ဆင်းရဲထက် သဒ္ဓါတရားဖြင့် လှူဒါန်းအပ်သော ကျောင်း၌ အလင်္ဂီဒုဿီလ ပါပဘိက္ခုအဖြစ်ဖြင့် နေရခြင်းသည် အလွန်ပင် ကြောက်ဘွယ်ကောင်း၏။ အဘယ့်ကြောင့်နည်းဟူမူ— ထိုကဲ့သို့ သံရည်အိုးထဲ၌ ကျက်၍နေရသောဆင်းရဲကြောင့် သေရုံသာ၊ သို့မဟုတ် သေလုမတတ် ဒုက္ခရောက်ရုံသာရှိ၏။ အပါယ်ငရဲသို့ကား မရောက်နိုင်။ သဒ္ဓါတရားရှိ၍ လှူဒါန်းအပ်သောကျောင်း၌ အလင်္ဂီဒုဿီလပါပ သမဏအဖြစ်ဖြင့် နေရခြင်းကြောင့်ကား အပါယ်ငရဲသို့ အစဉ်မလွဲ ရောက်နိုင်သည်။

အို....ရဟန်းများတို့— အတ္တဟိတ ပရဟိတ အကျိုးနှစ်ဝကို လိုလားတောင့်တသော ရဟန်းသည် မမေ့မလျော့သော သတိတရားနှင့် ပြည့်စုံခြင်းငှါ သင့်လျော်၏။

တရားဟောပြီးသောအခါ ဖြစ်ပျက်ကြပုံ

ဗုဒ္ဓမြတ်စွာသည် သဒ္ဓါတရားဖြင့် လှူဒါန်းအပ်သော ပစ္စည်းများကို သိလ မရှိပဲ သုံးစွဲခြင်း၌ အပြစ်ကို ဤအဂ်ိုက္ခန္ဓောပမသုတ်တော်ဖြင့် ဟောပြပြီးသော အခါ ပင်ကိုယ်က ပါရာဇိကကျ၍ အလဇ္ဇီဒုဿီလ ပါပဘိက္ခုဖြစ်နေသော ခြောက်ကျိပ်သော ရဟန်းတို့သည် စိတ်နှလုံး ပူလောင်လျက် ခံတွင်းပါးစပ်မှ သွေးပူတွေ အံထွက်လာ၏။ / ဒုက္ကဋ်၊ ဒုဗ္ဘာသိစသော အာပတ်များသင့်၍ မစင်ကြယ်သော သီလရှိသော ခြောက်ဆယ်မျှသော ရဟန်းတို့ကား "ဘုရားရှင် သာသနာ ထမ်းဆောင်ဘို့ရာ မလွယ်ကူပါတကား" ဟု ပြောဆိုလျက် လူထွက်ကြ၏။ / ပင်ကိုယ်က စင်ကြယ်သော သီလရှိသော သူတော်ကောင်း ရဟန်းမြတ် ခြောက်ဆယ်မျှကား ရဟန္တာအဖြစ်သို့ ရောက်ကြလေသည်။

ဤ သုတ္တန်ဒေသနာကို သေချာစွာစဉ်းစားပြီး ဘုရားရှင်သာသနာ၌ ကောင်းမွန်စွာနေကြဘို့ရာ ဖြစ်၏။ "သာသနာနေရတာ မလွယ်ကူပါတကား" ဟု ကြံစည်လျက် စိတ်ပျက်ဘွယ်ရာလည်း မလို။ သဒ္ဓါတရား ထက်သန်စွာ ထားလျှင် အာလွန်ပင် ဖေျာ်မြေဘွယ်ရာ ကောင်းသော သာသနာတော်မြတ် ဖြစ်ချေသည်။ သာသနာတော်သည် လွင်တီးခေါင်နှင့်လည်း တူ၏။ လွင်တီးခေါင်သည် ရှင်းလင်းပြီး အနှောင့်အဖွဲ့ အနှောင့်အယှက် မရှိသလို သာသနာတော်မြတ်သည်လည်း အနှောင့်အဖွဲ့မရှိ၊ မင်းဘေးစသော အနှောင့်အယှက်လည်း မရှိပေ။ ပရိယတ် ပဋိပတ် ဤအလုပ်များသာ လိုရင်းရှိ၏။ ၎င်းအလုပ်များကား မိမိ၏ ပစ္စုပ္ပန် သံသရာ နှစ်ဖြာချမ်းသာဘို့ အလုပ်များဖြစ်သည်၊ တဏှာ၏ကျွန်၊ တဏှာ၏ အလုပ်များ မဟုတ်ပါ။ ဧမြချမ်းသာသော သာသနာတော်မြတ် ဖြစ်ချေ၏ တကား။

အဂ်ိုက္ခန္ဓောပမသုတ္တန် ပြီး၏။

သီလနှင့်ပတ်သက်၍ မှတ်သားဘွယ်ရာများ

ဒုသီလာဒီနဝကထာ

သေယျော အယောဂုဋ္ဌော ဘုတ္တော၊
တတ္တော အဂ္ဂိသိခူပမော။
ယဉ္စေ ဘုဉ္ဇေယျ ဒုဿီလော၊
ရဋ္ဌပိဏ္ဍံ အသညတော။

(ပါရာဇိကပါဠိတော် နှာ-၁၁၆)

အသညတော၊ ကိုယ်နှုတ်နှလုံး သုံးပါးလုံးကို မစောင့်ရှောက်သော။ ဒုဿီလော၊ ဗုဒ္ဓဂုဏ် ဒုဇ္ဈီဝနှင့် အစစငြိ သီလမရှိသော ရဟန်းသည်။ ရဋ္ဌပိဏ္ဍံ၊ တိုင်းသူပြည်သား လူအများ၏ ဆွမ်းဘောဇဉ်ကို။ ယဉ္စေ ဘုဉ္ဇေယျ၊ အကယ်၍ စား ငြားအုံ့။ တတော၊ ထိုသီလမရှိပဲ တိုင်းသူပြည်သား လူအများ၏ ဆွမ်းဘော ဇဉ်ကို စားရခြင်းထက်။ တတ္တော၊ တရဲရဲဆူ ရဲရဲပူသော။ အဂ္ဂိသိခူပမော၊ ဟည်းဟည်းညံဆူ မီးတောက်မီးလျှံနှင့်တူသော။ အယောဂုဋ္ဌော၊ သံတုံခဲကို။ ဘုတ္တော၊ ခံတွင်းကလျှောက် အူဝမ်းပေါက်အောင် စားသောက်သုံးဆောင်ရ ခြင်းသည်။ သေယျော၊ မြတ်ရာသေး၏။

ကာသာဝကဏ္ဌာ ဗဟဝေါ၊
ပါပဓမ္မာ အာသညတာ။
ပါပါ ပါပေဟိ ကမ္မေဟိ၊
နိရယံ တေ ဥပပဇ္ဇရေ။

(ပါရာဇိကဏ်ပါဠိတော် နှာ-၁၁၆ နှင့်၊ ဓမ္မပဒပါဠိတော် နှာ-၅၇)

ဘိက္ခဝေ၊ အို....ချစ်သား ရဟန်းများတို့။ ကာသာဝကဏ္ဌာ၊ လည်ပင်း၌ သက်နှံးရောက်ကုန်သော။ ပါပဓမ္မာ၊ ယုတ်မာသော သဘောရှိကုန်သော။ အာသညတာ၊ ကိုယ်နှုတ်နှလုံး သုံးပါးလုံးကို မစောင့်ရှောက်ကုန်သော။ ပါပါ၊ ယုတ်မာကုန်သော။ ဗဟဝေါ၊ များစွာကုန်သော။ တေ၊ ထိုရဟန်းတို့သည်။ ပါပေဟိ၊ ယုတ်မာကုန်သော။ ကမ္မေဟိ၊ မိမိပြုအပ်သော မကောင်းမှုကံတို့ ဖြင့်။ နိရယံ၊ ငရဲ၌။ ဥပပဇ္ဇရေ၊ ဖြစ်ကြရရှာကုန်၏။

သီလမရှိသော ရဟန်းသည် သီလကင်းမဲ့ခြင်းဟူသော အကြောင်းကြောင့် လူနတ်ဗြဟ္မာ သတ္တဝါတို့၏ စိတ်နှလုံးကို မနှစ်သက်စေအပ်သည်ဖြစ်၏။ သီတင်း

သုံးဘော်တို့သည် စက်ဆုပ်ရုံရှာသဖြင့် မဆုံးမ အပ်သည်ဖြစ်၏၊ ဒုဿီလပုဂ္ဂိုလ်ဟု ကဲ့ရဲ့ခံရခြင်းကြောင့် အလွန်အကဲ ဆင်းရဲသည်ဖြစ်၏။

သီလရှိသော ပုဂ္ဂိုလ်တို့သည် ချီးမွမ်းအပ်သည်ရှိသော် ငါကား ကောင်းစွာ မကျင့်ခဲ့မိဟု စိတ်နှလုံး မသာယာခြင်းဖြစ်၏၊ ထို့အကျင့်သီလ ကင်းမဲ့သည်၏ အဖြစ်ကြောင့် ဂုဏ်ပိုက်ဆံလျော် အဝတ်ကဲ့သို့ အဆင်းမလှသည်လည်း ဖြစ်၏။ အကြင်သူတို့သည် ထိုဒုဿီလ အမှုအကျင့်မျိုးတို့ကို လိုက်နာကုန်၏၊ ထိုသူတို့ အား ရှည်မြင့်စွာသော ကာလပတ်လုံး ဆင်းရဲကို ဖြစ်စေတတ်သောကြောင့် ဂုဏ်ပိုက်ဆံလျော် အဝတ်ကဲ့သို့ ဆင်းရဲသော အတွေ့ရှိသည်ဖြစ်၏။

အကြင်သူတို့၏ အလှူကို ခံယူ၏၊ ထိုသူတို့၏ အကျိုးစီးပွား မမျှားသည်ကို ပြုသောကြောင့် ဂုဏ်ပိုက်ဆံလျော်အဝတ်ကဲ့သို့တန်ဘိုးနဲ့၏၊ နှစ်ပေါင်းများစွာ စုပေါင်း၍ ထားအပ်သော မစင်ပုပ်တွင် ကြီးကဲ့သို့ သုတ်သင်ခြင်းငှါ ခဲယဉ်းလှစွာ၏။ တံရှူးဝါးကဲ့သို့ လူ့စည်းစိမ် ရဟန်းစည်းစိမ် တည်းဟူသော နှစ်ပါးသော အဖို့မှ အပဖြစ်၏၊ နွားအပေါင်းတို့၏ နောက်သို့ အစဉ်လိုက်သော မြည်းသတ္တဝါကဲ့သို့ ရဟန်း၏အဖြစ်ကို ဝန်ခံသော်လည်း ရဟန်းမဟုတ်သည်သာ ဖြစ်၏၊ အလုံးစုံသော သူတို့ကိုပင် မိမိ၏ ဂုန်သူဖြစ်သော သူကဲ့သို့ အမြဲမပြတ် ထိတ်လန့်ရသည်ဖြစ်၏။ သုသာန်သင်းချိုင်းတွင် သူသေကောင်ဖုတ်သော မီးသည် ပုဏ္ဏားတို့၏ အပူဇော်ကို မထိုက်သကဲ့သို့ သုတအစရှိသော ဂုဏ်တို့နှင့် ပြည့်စုံပါသော်လည်း သီတင်းသုံးဖော်တို့၏ ပူဇော်ခြင်းငှါ မထိုက်သည်ဖြစ်၏။

မျက်စိကန်းသောသူသည် ချုပါရုံကို မြင်ခြင်းငှါ မထိုက်သကဲ့သို့ ထို့အတူ စျာန်မဂ်ဖိုလ်တရားထူးကို ရခြင်းငှါ မထိုက်၊ ဒုန်းစက္ကား၏ သားငယ်သည် မင်းအဖြစ်ကို အလိုအာသာ မရှိသကဲ့သို့ သူတော်ကောင်းတို့၏ ပဋိပတ် ပဋိဝေဓတရားများကို လိုလားတောင့်တခြင်း မရှိချေ။ ချမ်းသာလှ၏ဟု အောက်မေ့မှတ်ထင်ပါသော်လည်း အဂိုက္ခနွေဘမ သုတ်တော်၌ ဟောတော်မူအပ်သော ဆင်းရဲဒုက္ခ အဖို့ရှိသောကြောင့် ဆင်းရဲသည်သာလျှင် ဖြစ်၏။

ကိုယ်နှုတ်နှလုံး သုံးပါးလုံးကို စောင့်သုံးခြင်း မရှိသော ရဟန်းကောင်း ရဟန်းမြတ် မဟုတ်ပါဲလျက် ရဟန်းကောင်း ရဟန်းမြတ်ယောင် ဆောင်သော၊ သီလကို ဖျက်ဆီး၍ မိမိကိုယ်ကို တူးဖြိုလျက်ရှိသော ရဟန်းမဟုတ်သောသူ၏ အသက်ရှင်ခြင်းသည် စက်ဆုပ်ရုံရှာဘွယ်ကောင်း၏။

ဤလူ့ပြည်လောက၌ တန်းဆာဆင်ခြင်းငှါ အလိုရှိကြကုန်သော သူတို့သည် ကျင်ကြီးကျင်ငယ် စက်ဆုပ်ဘွယ်ကို ရှောင်ကြဉ်ကြကုန်သကဲ့သို့ အကြင် သီလမရှိသောသူကို သူတော်ကောင်းတို့သည် ရှောင်ကြဉ်ကြကုန်၏။ ထို့ဒုဿီလ

ပုဂ္ဂိုလ်၏ အသက်ရှင်ခြင်းကား အဘယ်ကဲ့သို့ပါနည်း၊ သီလမရှိသော ဒုဿီလ ပုဂ္ဂိုလ်သည် အလုံးစုံသော ဆင်းရဲဒုက္ခ ဘေးအပေါင်းမှ မလွတ်ပေ။ အလုံးစုံသော စျာန်မဂ်ဖိုလ်ချမ်းသာတို့မှလည်း လွတ်ခဲ့၏၊ ကောင်းစွာ ပိတ်ဆို့အပ်ပြီးသော နတ်ရွာတံခါးလည်းရှိ၏။ အပါယ်လေးပါး လမ်းမမျှားသို့ သက်ဆင်းလေ၏။

သနားကြင်နာကရုဏာကြီးမားသောသူ၏ သနားကြင်နာမှု ကရုဏာတရား၏ အာရုံဝတ္ထုဖြစ်သော ဒုဿီလပုဂ္ဂိုလ်နှင့် တူသော အဘယ်မည်သောသူ ရှိပါအံ့နည်း။ မရှိပါခြေ။ ဒုဿီလပုဂ္ဂိုလ်သည်သာ သနားစရာဝတ္ထု ဖြစ်၏၊ ဤသို့လျှင် သီလမရှိသော ဒုဿီလပုဂ္ဂိုလ်၏ အပြစ်တို့သည် များပြားလှကုန်၏။

သီလမရှိသော ဒုဿီလပုဂ္ဂိုလ်သည် မေ့လျော့ခြင်း ဟူသော အကြောင်းကြောင့် များစွာသော ဇရ ဇွေ ရတနာ စည်းစိမ်များသည် ပျက်စီးခြင်းသို့ ရောက်တတ်၏။

မကောင်းစုတ်ချာ ယုတ်မာသော ကျော်စောသတင်းသည် ဘဝဂ်မဆုံ လုံးစုံဖြန့်လျက် ပျံနှံ့ လွှမ်းမိုး၍တက်၏။

မင်းပရိသတ်, ပုဏ္ဏားပရိသတ်, အိမ်ရှင်သူကြွယ်ပရိသတ်, ရဟန်းပရိသတ် တည်းဟူသော ပရိသတ်လေးပါးသို့ ချဉ်းကပ်သည့်အခါ၌လည်း ကြောက်ရွံ့သော စိတ်နှင့်တကွ မျက်နှာမလှ အရှက်ရစွာဖြင့် ချဉ်းကပ်ရ၏။

သေသည့် အခါ၌လည်း မိန်းမောတွေဝေလျက် သေရ၏။ သေပြီးသည့် နောက်ကာလ၌လည်း မကောင်းဆိုးဝါတိဟု ဆိုအပ်သော မကောင်းမှုကို ပြုသောသူတို့၏ မိမိအလိုကင်းလျက် ကျရောက်ရာဖြစ်သော ငရဲသို့ရောက်ရ၏။

သီလမရှိသော ဒုဿီလပုဂ္ဂိုလ်အား စိတ်အမြဲဆင်းရဲရ၏။ စိတ်ဆင်းရဲလျှင် ဝမ်းမြောက်မှုမရှိ၊ ဝမ်းမြောက် ဝမ်းသာမရှိလျှင် နှစ်သက်မှု ပီတိမရှိပါ။ ပီတိမရှိလျှင် ကိုယ်၏ ငြိမ်းခြင်း စိတ်၏ ငြိမ်းခြင်း မရှိပေ။ ယင်းငြိမ်းမှု မရှိလျှင် ကိုယ်ချမ်းသာ စိတ်ချမ်းသာမရှိ။ ယင်းချမ်းသာ နှစ်ပါး မရှိလျှင် ကောင်းစွာ တည်ကြည်မှုမရှိနိုင်။ ကောင်းစွာ တည်ကြည်မှုမရှိလျှင် ဟုတ်မှန်သော ဉာဏ် အမြင်မရှိပေ။

ဟုတ်မှန်သော ဉာဏ်အမြင်မရှိလျှင် သံသရာ၌ ငြီးငွေ့ခြင်းတရား မဖြစ်နိုင်။ ငြီးငွေ့ခြင်းတရားမဖြစ်ခဲ့သော် တဏှာရာဂတို့၌ တပ်နှစ်သက်၏။ တဏှာရာဂတို့၌ တပ်နှစ်သက်မှု ရှိခဲ့သော် အရဟတ္တဖိုလ်ကို သိခြင်းငှါ မစွမ်းနိုင်။ တနည်းအားဖြင့် ရဟန္တာဖြစ်ဖို့ မလွယ်ကူချေ။

အင်္ဂုတ္တိုရ်သတ္တကနိပါတ်၌ ဟောတော်မူအပ်သော မေထုန်ငယ် ၇-ပါး

၁။ ဤလောက၌ အချို့သော ရဟန်းပုဏ္ဏားသည် မြတ်သောအကျင့်ကို ကျင့်သူဟုဝန်ခံပါလျက် မိန်းမ၏နှံသာမှုံ့ဖြင့် လိမ်းကျံပွတ်သတ်ခြင်း နှိပ်နယ်ခြင်း ရေချိုးပေးခြင်း ကောင်းစွာ ဆုပ်နယ်ခြင်းကို သာယာနှစ်သက်၏။ ဤကဲ့သို့ သာယာနှစ်သက်၍ သီလမစင်ကြယ်သော ဒုဿီလပုဂ္ဂိုလ်ကို ပဋိသန္ဓေနေခြင်း အိုခြင်း နာခြင်း သေခြင်း စိုးရိမ်ပူဆွေးခြင်း ငိုကြွေးမြည်တမ်းခြင်း ကိုယ်စိတ် ဆင်းရဲခြင်း သက်ကြီးရွယ်ကင် ပြင်းစွာ ပင်ပန်းခြင်း စသော အလုံးစုံသော တေဘူမက ဝဋ်ဆင်းရဲမှ မလွတ်မြောက်နိုင်ဟူ၍ ငါဘုရား ဟောကြားတော်မူ၏။

၂။ ထိုမှတပါး ဤလောက၌ အချို့သော ရဟန်းပုဏ္ဏားသည် မိန်းမ၏ နှံသာမှုံ့ဖြင့် လိမ်းကျံပွတ်သတ်ခြင်း စသည်ကိုကား မသာယာပေ၊ သို့သော် လည်း မိန်းမနှင့်တကွ ပြင်းစွာရယ်မော၏၊ မြူးထူးပျော်ပါး၏၊ မြတ်နိုး၏။ ဤကဲ့သို့ မြူးထူးပျော်ပါး ရယ်မောနေရုံမျှဖြင့် သီလမစင်ကြယ်သော ဒုဿီလပုဂ္ဂိုလ်ကို ပဋိသန္ဓေနေခြင်း စသော ဆင်းရဲအပေါင်းမှ မလွတ်မြောက်နိုင်ဟူ၍ ငါဘုရား ဟောကြားတော်မူ၏။

၃။ ထိုမှတပါး ဤလောက၌ အချို့သော ရဟန်းပုဏ္ဏားသည် မိန်းမ၏ ပွတ်သတ်ခြင်း စသည်နှင့်တကွ မိန်းမကို မြတ်နိုးယုယကာ ရယ်မောနေခြင်းကား မရှိပေ။ သို့သော်လည်း မိန်းမ၏မျက်စိကို မိမိ၏ မျက်စိဖြင့် ရာဂအလိုက် စိတ် အမိုက်ကြောင့် ငိုက်ဆိုက်တိမ်းယိမ်း တမှိန်းမှိန်းဖြင့် တစိမ်းစိမ်း ကြည့်ရှု၏။ တစိတစောင်း ချောင်းမြောင်း၍ ကြည့်ရှု၏။ ဤကဲ့သို့ ကြည့်ရှုရုံမျှဖြင့်လည်း ပဋိသန္ဓေနေခြင်း စသော ဝဋ်ဒုက္ခအပေါင်းမှ မလွတ်မြောက်နိုင်ဟူ၍ ငါဘုရား ဟောကြားတော်မူ၏။

၄။ ထိုမှတပါး ဤလောက၌ အချို့သော ရဟန်းပုဏ္ဏားသည် မိန်းမ၏ ပွတ်သတ်ခြင်း မိန်းမနှင့် ပြင်းစွာရယ်မောခြင်း စသည်တို့နှင့်တကွ မိန်းမကို ရာဂစိတ်ဖြင့် ကြည့်ရှုခြင်းကား မရှိပေ။ သို့သော်လည်း တံတိုင်းနံရံတဖက်မှ ရယ် မောသံ စကားပြောဆိုသံ သီချင်းဆိုသံ ငိုကြွေးသံကို ရာဂစိတ်ဖြင့် နား ထောင်၏။ ဤကဲ့သို့ ရာဂစိတ်ဖြင့် နားထောင်ရုံမျှဖြင့်လည်း ပဋိသန္ဓေနေခြင်း စသော ဝဋ်ဆင်းရဲအပေါင်းမှ မလွတ်မြောက်နိုင်ဟူ၍ ငါဘုရား ဟောကြား တော်မူ၏။

၅။ ထိုမှတပါး ဤလောက၌ အချို့သော ရဟန်းပုဏ္ဏားသည် မိန်းမ၏ ပွတ်သတ်ခြင်း၊ မိန်းမနှင့်တကွ ပြင်းစွာရယ်မောခြင်း၊ မိန်းမကို ရာဂစိတ်ဖြင့် ကြည့်ရှုခြင်း၊ မိန်းမ၏စကားပြောဆိုသံကို နားထောင်ခြင်းကား မရှိပေ။

သို့သော်လည်း ရှေးကာလက ကစားမြူးထူး ရယ်ရွှင်ပြောဆိုဘူးသော အမှုအရာတို့ကို အဖန်ဖန်အောက်မေ့မိ၏။ ဤကဲ့သို့ အောက်မေ့မိ၍ သီလမစင်ကြယ်ရုံမျှဖြင့်လည်း ပဋိသန္ဓေနေခြင်းစသော တေဘူမက ဝဋ်ဒုက္ခအပေါင်းမှ မလွတ်မြောက်နိုင်ဟူ၍ ငါဘုရား ဟောကြားတော်မူ၏။

၆။ ထို့မှတပါး ဤလောက၌ အခြို့သော ရဟန်းပုဏ္ဏားသည် မိန်းမ၏ ပုတ်သတ်ခြင်း၊ မိန်းမနှင့်တကွ ပြင်းစွာရယ်မောခြင်း၊ မိန်းမကိုရာဂစိတ်ဖြင့် ကြည့်ရှုခြင်း၊ မိန်းမ၏အသံကို နားထောင်ခြင်း၊ မိန်းမနှင့်ရယ်ရွှင်ပြောဆို ကစားမြူးထူးခြင်း အမှုအရာတို့ကို အဖန်ဖန် အောက်မေ့သတိရခြင်းကား မရှိပေ။ သို့သော်လည်း အာရုံငါးပါး ကာမဂုဏ်တရားကို ပျော်ရွှင်ခံစားသော လူကို မြင်သည်ရှိသော် ယင်းပုဂ္ဂိုလ်ကဲ့သို့ ပျော်ရွှင်ခံစားလို၏၊ ဤကဲ့သို့ ပျော်ရွှင်ခံစား နှစ်သက်လိုလားရုံမျှဖြင့်လည်း အိုနာသေရေး ဒုက္ခဘေးအပေါင်းမှ မလွတ်မြောက်နိုင်ဟူ၍ ငါဘုရား ဟောကြားတော်မူ၏။

၇။ ထို့မှတပါး ဤလောက၌ အခြို့သော ရဟန်းပုဏ္ဏားသည် မိန်းမ၏ ပုတ်သတ်ခြင်း၊ မိန်းမနှင့်တကွ ပြင်းစွာရယ်မောခြင်း၊ မိန်းမကို ရာဂစိတ်ဖြင့် ကြည့်ရှုခြင်း၊ မိန်းမ၏အသံကို နားထောင်ခြင်း၊ မိန်းမနှင့် ရယ်ရွှင်ပြောဆိုခြင်းကို အောက်မေ့သတိရခြင်း၊ အာရုံငါးပါး ကာမဂုဏ်တရားကို ပျော်ရွှင်ခံစားသောလူကို မြင်သည်ရှိသော် ယင်းပုဂ္ဂိုလ်ကဲ့သို့ ပျော်ရွှင်ခံစား နှစ်သက်လိုလားသည်ကား မရှိပေ။ သို့သော်လည်း “ဤခြဟ္မစရိယသီလအကျင့်ဖြင့် နတ်ပြည်သို့ ရောက်ရပါလို၏”ဟု စိတ်ဖြင့်တောင့်တ၍ ကျင့်၏။ ဤကဲ့သို့ နတ်ပြည်ကို တောင့်တ၍ ကျင့်ရုံမျှဖြင့်လည်း ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ စိုးရိမ်ပူဆွေးခြင်း၊ ငိုကြွေးမြည်တမ်းခြင်း၊ ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်း၊ သက်ကြီးရွှိကင်ပြင်းစွာပင်ပန်းခြင်းစသော အလုံးစုံသော တေဘူမက ဝဋ်ဒုက္ခအပေါင်းမှ မလွတ်မြောက်နိုင်ဟူ၍ ငါဘုရား ဟောကြားတော်မူ၏။

ဤသုတ္တန်ကို ကြည့်ရှုဆင်ခြင်သောအားဖြင့် သာသနာ့တာဝန်၊ ဗျာန်မင်္ဂဖိုလ် နိဗ္ဗာန်ရဘို့တာဝန်တို့ကို သဒ္ဓါတရား ရှည်စွာထား၍ ကြိုးစားအားထုတ်ကြရမည်။ “တာဝန်ကို ထမ်းဆောင်ရတာ မလွယ်ကူပါ”ဟု စိတ်လျှော့ပြီး ယုတ်ညံ့သည့် လူ့ဘဝသို့ မပြောင်းရွှေ့ကြပါလင့်။ သာသနာတည်ရှိနေ၍သာ သတ္တဝါတွေ ချမ်းသာနေကြရသည်။ သတ္တဝါတို့၏ ချမ်းသာမှု၊ သာသနာတော်၏ တည်တံ့မှုစသော အကျိုးတို့ကို မျှော်ကိုးသော သူတော်ကောင်းတို့ ဝမ်းမြောက်ဝမ်းသာ ရှည်စွာသော သဒ္ဓါတရားဖြင့် နေ့ညမအား နှစ်ဆယ့်လေးနာရီ ဝီရိယထားလျက် ကြိုးစားအားထုတ်ကြရာ၏။ ဝီရိယနှင့်သေလျှင် သာသနာတော်အတွက် ဂုဏ်ယူ

ဘုယ်ရာ ဖြစ်ပါ၏။ မသေမီအခါိန်ကလေးမှာသာ ဝိရိယကို ထူထောင်ရခြင်း ဖြစ်သည်။ သေခြင်းတရားဟူသည် အခါိန်ကာလမရွေးပါ၊ သက္ကာယဒိဋ္ဌိပြုတ် လျှင် ဝိရိယထူထောင်ဘို့ မခဲယဉ်းပေ။ မိမိကိုယ်ကို စုံလမ်းမှုကြောင့် ကောသဇ္ဇ တရားနှင့် မာယာများ လှည့်ပတ်နေ၏။ ယခုလို တိုက်တွန်းရခြင်းသည် (ဂိဟိဘောဂါ)လူ့ချမ်းသာလည်း မရ၊ သမဏသုခလည်း ရှုံး၊ သုသာန်ဌိရှိသော ထင်းကုလားတုံးကဲ့သို့ အသုံးမဝင်ပဲ . ခေါင်းတုံးအဖတ်တင်လျက် ရှင်မဟုတ် လူမဟုတ် ဖွတ်မရ ခားမ ဆုံးသော ပုဂ္ဂိုလ်ဖြစ်မည်ကို စိုးရိမ်၍ တိုက်တွန်းရခြင်း ဖြစ်ပါသည်။

ဒုဿီလာဒီနဝကထာ ပြီး၏။

သီလရှိသောပုဂ္ဂိုလ်၏ အကျိုးထူးခံစားရဘွယ်များး

သီလာနိသံသကထာ

သီလာလက်ာရသဒိသော အလက်ာရော လောကေ နဝိဇ္ဇတိ= သီလတန်းဆာ နှင့်တူသော တန်းဆာသည် လောကဌ်မရှိပေ။ ဧရှ, ငဋ, စိန်, မြ, ပတ္တမြားရတနာ တန်းဆာဆင်ပါသော်လည်း လောကဌ် အချောအလှ မရှိခဲ့ချေ။ သီလတန်းဆာ သီလရှိမှသာလျှင် လောကဌ် ချောလှကြပါ၏။ **"အကြည့်တန် မှန်ကြိုက်"** ဟူသော စကားကဲ့သို့ ချောချင်လှချင်၍ စိန်, ဧရှ, မြရတနာ များးများးဆင်လေ ပိုပြီးစက်ဆုပ်ဘွယ် ကောင်းလေ ဖြစ်၏။ သီလရှိလျှင် အကြည့်တန်သော ပုဂ္ဂိုလ်ပင်ဖြစ်စေကာမူ မြင်မြင်သမျှ နတ်လူအများက မိမိ၏ နှလုံးသားကဲ့သို့ နှစ်သက်မြတ်နိုးကြ၏။ ထို့ကြောင့် သီလကို ဖွံ့စဉ်စွာမွေးမြူပြီး သီလတန်းဆာ လှပအောင်သာ ပြင်ဆင်စောင့်ရှောက်ဘို့ရန်ရှိပါ၏။

"ဣဇ္ဈတိ ဘိက္ခဝေ သီလဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာ" ဟူသော (အင်္ဂုတ္တရနိကာယ်ပါဠိတော် တတိယ၊ ၇၁)နှင့်အညီ ခပ်သိမ်းသော လောကီ လောကုတ္တရာချမ်းသာတို့ကို သီလရှိသော ရဟန်းသည် တောင့်တတိုင်း ပြည့်စုံနိုင်၏။

၁။ သီလရှိသောပုဂ္ဂိုလ်အား များစွာသော စည်းစိမ်ဥစ္စာ ဧရှငွေရတနာ များး ရရှိနိုင်၏။

၂။ ကောင်းမြတ်သော ကျော်စောသံ ဂုဏ်သတင်းသည် အထက်ဘဝဂ် အောက်အဝီစိတိုင်အောင် ပျံ့နှံ့လွှမ်းမိုး၍ တက်၏။

၃။ ပရိသတ်လေးပါးသို့ ချဉ်းကပ်သည့်အခါ၌လည်း ရွံရှာခြင်းကင်း ရဲတင်းသော စိတ်ဓာတ်ဖြင့်ရှင်း, မျက်နှာကြည်လင်စွာဖြင့်ရှင်း ချဉ်းကပ်နိုင်၏။

၄။ သေသည့်အခါ၌လည်း မတွေမဝေ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် သေရ၏။

၅။ သေပြီးသည့်နောက်ကာလ၌လည်း ကောင်းသော လားရာဂတိဟု ဆိုအပ်သော ငါးဝအာရုံ ကာမဂုဏ်တို့ဖြင့် လွန်စွာမြတ်သော နတ်ဘုံ နတ်နန်း ပြည်စခန်းသို့ ရောက်ရ၏။ (အင်္ဂုတ္တရနိကာယနှင့် မဟာဝဂ္ဂပါဠိ)။

ထို့မှတပါး ဗုဒ္ဓမြတ်စွာသည် သီလသိက္ခာ၏ ပစ္စုပ္ပန်အကျိုးကို ပြတော်မူခြင်းငှါ ဤသို့မိန့်တော်မူ၏။

၁။ ရဟန်းများတို့–မိမိကိုယ်ကို သီတင်းသုံးဖော်အချင်းချင်း ကြည်ညို လေးစားမှုကို ခံယူလိုလျှင် သီလကို စင်ကြယ်အောင် ဖြည့်ကျင့်ရမည်။

၂။ ရဟန်းများတို့–ကျောင်းသက်န်း ဆွမ်း ဆေး လေးပါးသောပစ္စည်းကို ရရှိလိုလျှင် မိမိ၏သီလအကျင့် သိက္ခာကို စင်ကြယ်အောင် ဖြည့်ကျင့်ရမည်။

၃။ ရဟန်းများတို့–မိမိအား ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းသူတို့၏ ကောင်းမှုတို့ကို အကျိုးများစွာ ပေးစေလိုလျှင် မိမိ၏သီလကို စင်ကြယ်အောင် ဖြည့်ကျင့်ရမည်။

၄။ ရဟန်းများတို့–ဘဝတပါးသို့ ပြောင်းသွား ကွယ်လွန် လေပြီးသော ဆွေမျိုးဉာတိတို့က ရောက်လေရာဘဝမှ မိမိကို ကြည်ညိုသောစိတ်ဖြင့် သတိရသောအခါ ထိုကြည်ညိုမှု၏ အကျိုးများစွာ ရစေလိုလျှင် မိမိ၏ သီလအကျင့် သိက္ခာပုဒ်ကို စင်ကြယ်အောင်ဖြည့်ကျင့်ရမည် (မူလပဏ္ဏာသပါဠိ နှာ ၃၉၊၄၀)။

သီလ၏အကျိုးဆက်များ။ ။ထိုမှတပါး သီလနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် စိတ်နှလုံးကြည်သာရွှင်လန်း၏၊ စိတ်နှလုံးကြည်သာရွှင်လန်းသည်ရှိသော် ဝမ်းမြောက် ဝမ်းသာခြင်းနှင့် ပြည့်စုံ၏၊ ဝမ်းမြောက်ဝမ်းသာခြင်းနှင့်ပြည့်စုံသည်ရှိသော် နှစ်သက်မှု ပီတိတရား ဖြစ်ပေါ်လာ၏၊ နှစ်သက်မှု ပီတိတရားဖြစ်ပေါ်လာသည်ရှိသော် ကိုယ်စိတ်တို့၏ ငြိမ်းမှု ဖြစ်ပေါ်လာ၏၊ ကိုယ်စိတ်တို့၏ ငြိမ်းမှုဖြစ်ပေါ်လာသည်ရှိသော် ကာယိကသုခ စေတသိကသုခ ဖြစ်ပေါ်လာ၏၊ ကာယိကသုခ စေတသိကသုခ ဖြစ်ပေါ်လာသည်ရှိသော် သမ္မာသမာဓိကို ရရှိနိုင်၏၊ သမ္မာသမာဓိကို ရရှိသည်ရှိသော် မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်၏၊ မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ သိမြင်သည်ရှိသော် သံသရာ၌ ငြီးငွေ့မှုတရားဖြစ်ပေါ်လာ၏၊ သံသရာ၌ ငြီးငွေ့မှုတရားဖြစ်ပေါ်လာသည်ရှိသော် တဏှာရာဂတို့၌ တပ်နှစ်သက်မှု ကင်းလာ၏၊ တဏှာ ရာဂတို့၌ တပ်နှစ်သက်မှု ကင်းလာသည်ရှိသော် အရဟတ္တဖိုလ်ကို သိမြင်ခံစားရလိမ့်မည်။ ဝါ၊ ရဟန္တာဖြစ်လိမ့်မည် (အင်္ဂုတ္တိုရ်ပါဠိတော်)။

ထိုမှတပါး – သီလ၏အကျိုးများကား.....။

၁။ တဿ ပါသာဒိကံ ဟောတိ၊ ပတ္တစိတ္တဓရာရဏံ။
ပဗ္ဗဇ္ဇာ သဖလာ တဿ၊ ယဿ သီလံ သုနိမ္မလံ။

အကြင်ရဟန်း၏ သီလသည် အလွန်ပင် အညစ်အကြေးကင်း၏၊ ထိုရဟန်း၏ သပိတ်သင်္ကန်းကို ကိုင်ဆောင်ပုံသည် ကြည်ညိုဘွယ်ရှိ၏၊ ထိုရဟန်း၏ ရဟန်းပြုခြင်းသည် အကျိုးရှိပေ၏။

၂။ အတ္တာနုဝါဒါဒိဘယံ၊ သုဒ္ဓသီလဿ ဘိက္ခုနော။
အန္ဓကာရံ ဝိယ ရဝိ ံ၊ ဟဒယံ နာဝဂါဟတိ။

အမိုက်မှောင်သည် နေ၏အရောင်အလင်းထဲသို့ မသက်ဝင်နိုင်ဘိသကဲ့သို့ စင်ကြယ်သော သီလရှိသော ရဟန်းအား မိမိကိုယ်ကို မိမိစွပ်စွဲခြင်း အတ္တာနု-ဝါဒ ဘေးသည် နှလုံးတွင်းသို့ မသက်ဝင်နိုင်။

၃။ သီလသမ္ပတ္တိယာ ဘိက္ခု၊ သောဘမာနော တပေါဝနေ။
ပဘာသမ္ပတ္တိယာ စန္ဒော၊ ဂဂနေ ဝိယ သောဘတိ။

အရောင်အဝါ၏ ပြည့်စုံခြင်းဖြင့် ရွှေလမင်းကြီးသည် ကောင်းကင်အပြင်ဝယ် တင့်တယ်သကဲ့သို့ အကျင့်သီလနှင့် ပြည့်စုံခြင်းဖြင့် ရဟန်းတော်သည် ခြိုးခြံစွာ ကျင့်ရာဖြစ်သော သာသနာတော်တည်းဟူသော အင်ကြင်းတောကြီး၌ တင့်တယ်၏။

၄။ ကာယဂန္ထောပိ ပါမောဇ္ဇံ၊ သီလဝန္တဿ ဘိက္ခုနော။
ကရောတိ အပိ ဒေဝါနံ၊ သီလဂန္ထေ ကထာဝ ကာ။

သီလရှိသော ရဟန်း၏ ကိုယ်အနံ့သော်မှလည်း နတ်တို့အား နှစ်သက်မြတ်နိုးခြင်းကို ပြုနိုင်တုံသေး၏၊ အကျင့်သီလ၏ အနံ့မူကား အဘယ်ဆိုဘွယ်ရာ ရှိပါတော့အံ့နည်း။

၅။ သဗ္ဗေသံ ဂန္ဓဇာတာနံ၊ သမ္ဗတ္တိ ံ အဘိဘုယျတိ။
အဝိသာတိ ဒိသာ သဗ္ဗာ၊ သီလဂန္ဓော ပဝါယတိ။

သီလတည်းဟူသော အနံ့သည် ခပ်သိမ်းကုန်သော နံ့သာမျိုးအပေါင်းတို့၏ ပြည့်စုံခြင်းကို လွှမ်းမိုးနိုင်၏၊ အဆီးအတား အပိတ်အပင်မရှိပဲ အလုံးစုံသော အရပ်မျက်နှာတို့၌ ကြိုင်လှိုင်၏ မွှေးထုံသင်းပျံ၏။

၆။ အပ္ပကာပိ ကတာ ကာရာ၊ သီလဝန္တေ မဟပ္ဖလာ။
ဟောန္တိတိ သီလဝါ ဟောတိ၊ ပူဇာသက္ကာရဘာဇနံ။

သီလရှိသောပုဂ္ဂိုလ်တို့၌ပြုအပ်ကုန်သော ကောင်းမှုကုသိုလ်တို့သည် အနည်းငယ်မျှ ဖြစ်စေကာမူ အကျိုးကြီးလှကုန်၏။ ထို့ကြောင့် သီလရှိသော ပုဂ္ဂိုလ်သည် ပူဇော်ခြင်း, အရိုအသေပြုခြင်း၏ တည်ရာဖြစ်ပေ၏။

၇။ သီလဝန္တံ န ဗာဓန္တိ၊ အာသဝါ ဒိဋ္ဌဓမ္မိကာ။
သမ္ပရာယိကဒုက္ခာနံ၊ မူလံ ခနတိ သီလဝါ။

အကျင့်သီလရှိသောပုဂ္ဂိုလ်ကို မျက်မှောက်၌ ဖြစ်ကုန်သော ဥပဒ်ဘေးရန်တို့သည် မည်ဉ်းဆဲနိုင်ကုန်၊ သီလရှိသော ပုဂ္ဂိုလ်သည် တမလွန်ဘဝ၌ ဖြစ်လတ္တံ့သော ဆင်းရဲဒုက္ခတို့၏ အရင်းအမြစ်ကို တူးဖြိုနိုင်၏။

၈။ ယာ မနုဿေသု သမ္ပတ္တိ၊ ယာ စ ဒေဝေသု သမ္ပဒါ။
နာ သာ သမ္ပန္နသီလဿ၊ ဣစ္ဆတော ဟောတိ ဒုလ္လဘာ။

လူ့ဘုံ လူ့လောကဌ် ရှိသော အကြင် စည်းစိမ် ချမ်းသာသည်၎င်း, နတ်ဘုံ နတ်လောကဌ် ရှိသော အကြင် စည်းစိမ် ချမ်းသာသည်၎င်း ရှိ၏၊ ထို လူ့စည်းစိမ် နတ်စည်းစိမ် ချမ်းသာတို့ကို သီလနှင့် ပြည့်စုံသောသူအား အလိုရှိလတ်သော် လွယ်ကူစွာ ရနိုင်၏။

၉။ အစ္ဆန္တသန္တာ ပန ယာ၊ အယံ နိဗ္ဗာနသမ္ပဒါ။
မနော သမ္ပန္နသီလဿ၊ တမေဝ အနုဓာဝတိ။

စင်စစ် ကိလေသာမီး ငြိမ်းပြီးသော အကြင်နိဗ္ဗာန်ချမ်းသာသည်ကား ရှိ၏၊ သီလပြည့်စုံသော ပုဂ္ဂိုလ်၏ စိတ်သည် ထိုနိဗ္ဗာန်သို့သာလျှင် အစဉ်ပြေးဝင်၏။

၁၀။ သဗ္ဗသမ္ပတ္တိ မူလမ္ပိ၊ သီလမ္ပိ ဣတိ ပဏ္ဍိတော။
အနေကာကာရဝေါကာရံ၊ အာနိသံသံ ဝိဘာဝယေ။

ဤဆိုအပ်ပြီးသော အပြားအားဖြင့် ပညာရှိ သုဓမိန်သည် အလုံးစုံသော လောကီလောကုတ္တရာ စည်းစိမ်ချမ်းသာတို့၏ မူလအခြေခံဖြစ်သော မျှားစ္ဆာသော အခြင်းအရာတို့ဖြင့် ရောပြွမ်းသော သီလ၏ အကျိုးထူး တရားမျှားကို ထင်စ္ဆာပြရာ၏။ (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ပ·အုပ် ၅၅-၆)။

ထိုမှတပါး—

သီလ၏အကျိုးမျှားကား

၁။ သာသနေ ကုလပုတ္တာနံ၊ ပတိဋ္ဌာ နတ္ထိ ယံ ဝိနာ။
အာနိသံသပရိစ္ဆေဒံ၊ တဿ သီလဿ ကော ဝဒေ။

၂။ နာ ဂင်္ဂါ ယမုနာ စာပိ၊ သရဘူ ဝါ သရဿတီ။
နိန္နဂါ ဝါ'စိရဝတီ၊ မဟီ ဝါပိ မဟာနဒီ။

၃။ သက္ကစ္စာန္တိ ဝိသောဓေတုံ၊ တံ မလံ ဣဓ ပါဏိနံ။
ဝိသောဓယတိ သတ္တာနံ၊ ယံ ဝေ သီလဇလံ မလံ။

၄။ နာ တံ သဇလဒါ ဝါတာ၊ နာ စာပိ ဟရိစန္ဒနံ။
နေဝ ဟာရာ နာ မဏယော၊ နာ စန္ဒကိရဏာကုံရာ။

၅။ သမယန္တီဓ သတ္တာနံ၊ ပရိဋ္ဌာဟံ သုရက္ခိတံ။
ယံ သမေတိ ဣဒံ အရိယံ၊ သီလံ အစ္ဆန္တသီတလံ။

၆။ သီလဂန္ဓသမော ဂန္ဓော၊ ကုတော နာမ ဘဝိဿတိ။
ယော သမံ အနုဝါတေ စ၊ ပဋိဝါတေ စ ဝါယတိ။

၇။ သဂ္ဂါရောဟဏသောပါနံ၊ အညံ သီလသမံ ကုတော။
ဒွါရံ ဝါ ပန နိဗ္ဗာနံ၊ နဂရဿ ပဝေသနေ။

၈။ သော ဘန္တေဝံ နု ရာဇာနော၊ မုတ္တာမဏိဝိဘူသိတာ။
ယထာ သောဘန္တိ ယတိနော၊ သီလဘူသနဘူသိတာ။

၉။ အတ္တာနုဝါဒါဒိဘယံ၊ ဝိဒ္ဓံသယတိ သဗ္ဗသော။
ဇနေတိ ကိတ္တိဟာသဉ္စ၊ သီလံ သီလဝတံ သဒါ။

၁၀။ ဂုဏာနံ မူလဘူတဿ၊ ဒေါသာနံ ဗလဃာတိနော။
ကွတိ သီလဿ ဝိညေယ္ယံ၊ အာနိသံသကထာမုခံ။

၁။ အလုံးစုံသော လောကီ လောကုတ္တရာဂုဏ်ကို ဆောင်တတ်သော သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရား၏ သာသနာတော်၌ အာစာရကုလပုတ္တ ဖြစ်ကုန်သော အမျိုးကောင်းသားတို့၏ အကြင် သီလကိုကင်း၍ သက်ဝင်ထောက်တည်ရာသည် မရှိ။ သီလသည်သာလျှင် သက်ဝင်ထောက်တည်ရာပေတည်း။ ဤမျှလောက်ကြီးမားသော အာနုဘော်ရှိသော ထိုသီလ၏ ကျိုးဆက်ဂုဏ်အင် အာနိသင်အပိုင်းအခြားကို အဘယ်မမှကထိက ရဟန်းသည် ကုန်စင်အောင် ဟောပြောနိုင်ရာပါအံ့နည်း။

၂။ ၃။ ဤလောက၌ ထွက်သက်ဝင်သက်ရှိကုန်သော သတ္တဝါတို့၏ အကြင်ရာဂစသော အညစ်အကြေးကို သီလတည်းဟူသော ရေစင်သည် စင်စစ်သုတ်သင်ဆေးကြောတတ်ပါ၏။ သတ္တဝါတို့၏ ထိုရာဂစသော အညစ်အကြေးကို ဂင်္ဂါမြစ်၊ ယမုနာမြစ်၊ တဟဲဟဲအသံရှိသော သရဘူမြစ်၊ အစိရဝတီ မည်သော နိန္နဂါမြစ်၊ မဟီမည်သော ကြီးသောမြစ်ကြီး၊ ဤမြစ်ကြီးငါးစင်းတို့သည် သုတ်သင်ဆေးကြောခြင်းငှါ မစွမ်းနိုင်ကြကုန်။

၄။ ၅။ ကောင်းမွန်စွာ စောင့်ရှောက်အပ်ပြီးသော စင်ကြယ်သော စင်စစ်မြေသော ဤသီလသည် ဤလူ့ရွာ လောက၌ သတ္တဝါတို့၏ အကြင်ရာဂစသော ပူလောင်ခြင်းကို ငြိမ်းစေနိုင်၏။ ထိုရာဂစသော ပူလောင်ခြင်းကို မိုးရေနှင့် တကွဖြစ်ကုန်သော လေတို့သည် မငြိမ်းစေနိုင်ကုန်။ စန္ဒကူးရွှေလည်း မငြိမ်းစေနိုင်၊ ပုလဲသွယ်၊ ပတ္တမြားရတနာတို့လည်း အလျဉ်းပင် မငြိမ်းစေနိုင်ကုန်၊ လမင်း၏ရောင်ခြည်, နေမင်း၏ရောင်ခြည်ညွှန့်တို့လည်း မငြိမ်းစေနိုင်ကုန်။

၆။ သီလတည်းဟူသော အမွေးနုံသာနှင့်တူသော အမွေးနုံသာမည်သည် အဘယ်မှာ ရှိပါလိမ့်အုံနည်း။ သီလတည်းဟူသော အမွေးနုံသာသည် လေ အောက်၌ရင်း, လေညာ၌ရင်း အညီအမျှ တကြိုင်ကြိုင်လှိုင်၏။

၇။ သီလမှတပါးသော သီလနှင့်တူသော နတ်ရွာသို့တက်ဖို့ရာ စောင်း တန်းသည် အဘယ်မှာရှိပါအုံနည်း။ တဆယ့်တပါးသော မီးတို့၏ငြိမ်းရာ နိဗ္ဗာန် မြို့ကြီးသို့ဝင်ရာ သီလနှင့်တူသော တံခါးသည်လည်း အဘယ်မှာရှိပါလိမ့်အုံနည်း။

၈။ သီလတည်းဟူသော တန်းဆာဖြင့် တန်းဆာဆင်အပ်ကုန်သော ရဟန်း တို့သည် တင့်တယ်ကုန်သကဲ့သို့၊ ထိုနည်းတူစွာ ပုလဲ, ပတ္တမြား အစရှိသော တန်းဆာတို့ဖြင့် တန်းဆာဆင်ကုန်သော မင်းတို့သည် မတင့်တယ်ကြကုန်။

၉။ သီလသည် သီလရှိသောသူတို့၏ မိမိကိုယ်ကို မိမိပင် ကဲ့ရဲ့စဉ်စဲခြင်း အတွာနုဝါဒဘေး, သူတပါးတို့ ကဲ့ရဲ့စဉ်စဲခြင်း ပရာနုဝါဒဘေး စသောဘေး တို့ကို အချင်းခပ်သိမ်း ဖျက်ဆီးတတ်၏။ သီလရှိသောသူတို့၏ ကျေးဇူးသတင်း ကျော်စောခြင်းကိုဂင်း, ကြည်သာရွှင်လန်းခြင်းကိုဂင်း အခါခပ်သိမ်း ဖြစ်စေ တတ်၏။

၁၀။ ဤ ညွှန်ပြအပ်ရေးသားအပ်ခဲ့သော စကားသည် လောကီ လော-ကုတ္တရာဖြစ်သော ကျေးဇူးတို့၏ အရင်းအမြစ်ဖြစ်၍ဖြစ်သော ကိလေသာတည်း ဟူသော အပြစ်တို့၏ ဝတ္ထုကို လှန်ကျူးခြင်းဟူသော အားအစွမ်းကို ဖျက်ဆီး တတ်သော သီလ၏ကျိုးဆက်ဂုဏ်အင် အာနိသင်ကို ဆိုရာစကား အမြွက်ဟူ၍ သိအပ်၏။ (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ပအုပ် ၁၀-၁)။

သီလ၏အကျိုးကိုပြဆိုသောအကြောင်းအရာ

သီလဝမထေရ်ဝတ္ထု

ထိုမထေရ်သည် ရှေးဘုရားရှင်တို့၏ အထံတော်၌ ပြုအပ်ခဲ့သော ဆုတောင်း ခြင်းရှိသည်ဖြစ်၍ ထိုထိုသို့သော ဘဝတို့၌ ဝဋ်၏ကင်းကြောင်း ကုသိုလ် ကောင်းမှုကို ဆည်းပူးလျက် ဤဂေါတမဘုရားရှင် ပွင့်တော်မူသောအခါ ရာဇဂြိုဟ်ပြည်ဝယ် ဗိမ္မိသာရမင်းကြီး၏သားတော်ဖြစ်၍ သီလဝမင်းသား ဟူ သော အမည်ဖြင့် ထင်ရှားခဲ့၏။

ဗိမ္မိသာရမင်းကြီး ကံတော်ကုန်၍ နတ်ရွာစံသည့်နောက် အဇာတသတ် မင်းသားသည် မင်းပြု၏။ ထိုအဇာတသတ်မင်းသားသည် သီဝလမင်းသားကို သေစေလိုသောကြောင့် အမှုန်ယစ်လျက် ကြမ်းတမ်းသော ဆင်ပေါ်သို့ တင်၍ အထူးထူးအပြားပြားသော အကြောင်း ဥပါယ်တို့ဖြင့် လုံလ ပြုသော်လည်း

ပစ္ဆိမဘဝိကဖြစ်သောသူသည် အရဟတ္တဖိုလ်သို့ မရောက်ပဲ သေခြင်း အန္တရာယ် ဖြစ်နိုင်ရာသော အကြောင်း မရှိသောကြောင့် သတ်၍မရပေ။

ထိုသို့ဖြစ်ပုံကို ဘုရားရှင်သည် သဗ္ဗညုတ ဉာဏ်တော်ဖြင့် မြင်တော်မူ၍ အရှင်မောဂ္ဂလ္လာန်ကို အမိန့်ရှိသိစေတော်မူသဖြင့် ဆင်နှင့်တကွ သီလဝမင်းသား ကို တန်းခိုးဖြင့် ဆောင်တော်မူ၏။

မင်းသားလည်း ဆင်မှသက်ဆင်း၍ ဘုရားရှင်အား ရိုသေစွာရှိခိုးလျက်နေ၏၊ ဘုရားရှင်လည်း မင်းသား၏ အဇ္ဈာသယနှင့် လျော်သော တရား ဒေသနာကို ဟောပြတော်မူသောအခါ သဒ္ဓါတရားကြည်ညိုပွားသဖြင့် ရဟန်းပြု၍ ဝိပဿနာ တရားကို ကြိုးစားအားထုတ်သည်ရှိသော် မကြာမြင့်မီ ရဟန္တာ ဖြစ်၍ ကာသလတိုင်း၌ နေ၏။

အဇာတသတ်မင်းသည် မင်းချင်းယောကျ်ား သူရဲကောင်းများကို သီလဝ မထေရ်အား သတ်စိမ့်သောငှါ စေလွှတ်လိုက်၏။ မင်းချင်း ယောကျ်ား သူရဲ ကောင်းများသည်လည်း သီဝလမထေရ်၏အထံသို့ ရောက်ကြ၏။ သီဝလမထေရ် သည်လည်း မိမိကိုသတ်အံ့သောငှါ လာကြသော မင်းချင်း ယောကျ်ားတို့ကို တရားဓမ္မ ဟောပြတော်မူ၏။

ထိုသို့ ဟောပြသောတရားစကားကို ကြားနာရလျှင် သံဝေဂရကြ၍ ကြည်ညို သော စိတ်ဖြင့် ရဟန်းပြုကြ၏။ သီလဝမထေရ် သည်လည်း ထိုရဟန်း တို့အား သီလ၏ အာနိသံသ ကျိုးဖလတို့ကို ဤသို့ ဟောပြတော်မူ၏—

၁။ သီလမေဝိဓ သိက္ခေထ၊ အသွိံ လောကေ သုသိက္ခိတံ။
သီလံ ဟိ သဗ္ဗသမ္ပတ္တိ ံ၊ ဥပနာမေတိ သေဝိတံ။

အသွိံ လောကေ၊ ဤသဒ္ဒါရလောကဒ္ဓါ။ သီလံ၊ သီလသည်။ သေဝိတံ၊ သီလဒ္ဓါ ကျင့်သုံးမှီဝဲသူသို့။သဗ္ဗသမ္ပတ္တိ ံ၊ အလုံးစုံသော လူ့စည်းစိမ် နတ်စည်းစိမ် ဗြဟ္မာ စည်းစိမ် နိဗ္ဗာန်စည်းစိမ်ကို။ ဟိ ယသ္မာ၊ အကြင့်ကြောင့်။ ဥပနာမေတိ၊ ညွတ်စေ၏။ တသ္မာ၊ ထို့ကြောင့်။ သုသိက္ခိတံ၊ ကောင်းစွာ ကျင့်အပ်သော။ သီလ မေဝ၊ သီလကိုသာလျှင်။ သိက္ခေထ၊ ကျင့်ရာ၏။

၂။ သီလံ ရက္ခေယျ မေဓာဝီ၊ ပတ္ထယာနော တယော သုခေ။
ပသံသံ ဝိတ္တိလာဘဉ္စ၊ ပေစ္စ သဂ္ဂေ ပမောဒနံ။

ပသံသဉ္စ၊ ပညာရှိတို့ ချီးမွမ်းခြင်းကိုလည်း။ ဝါ၊ ကျော်စောခြင်းကိုလည်း။ ဝိတ္တိလာဘဉ္စ၊ နှစ်သက်သောဥစ္စာ လာဘ်ရခြင်းကိုလည်း။ ပေစ္စ၊ တမလွန်ဘဝ၌။ သဂ္ဂေ၊ ငါးဝအာရုံ ကာမဂုဏ်တို့ဖြင့် လွန်စွာမြတ်သော နတ်ပြည်၌။ ပမော-ဒနဉ္စ၊ ဝမ်းမြောက်မွေ့လျော်ရခြင်းကိုလည်း။ ဣတိ၊ ဤသို့။ (ထည့်)။ တယော၊

သုံးပါးကုန်သော။ သုခေ၊ ချမ်းသာတို့ကို။ ပတ္တယာနေ၊ လိုလားတောင့်တသော။ မေဓာဝီ၊ ကျောက်တောင်ခဲ့ဖျက် မိုးကြိုးစက်သို့ အနက်အနဲ့ အခက်အခဲကို ဖျက်ခဲ့ဖြို့ခွင်းနိုင်သော ပညာရှိသုခမိန်သည်။ သီလံ၊ သီလကို။ ရက္ခေယျ၊ စောင့်ရှောက်ရာ၏။

၃။ သီလဝါ ဟိ ဗဟူ မိတ္တော၊ သ့ညမေနာ'ခိဂစ္ဆတိ။
ဒုဿီလော ပန မိတ္တောဟိ၊ ဓံသတေ ပါပမာစရံ။

ဟိ သစ်၊ ထိုစကားသည်မှန်၏။ သီလဝါ၊ သီလရှိသောသူသည်။ သ့ညမေန၊ ကာယဒုစရိုက် စသည်ကို စောင့်ရှောက်ခြင်းဖြင့်။ ဗဟူ၊ များစွာကုန်သော။ မိတ္တော၊ အဆွေခင်ပွန်းတို့ကို။ အဓိဂစ္ဆတိ၊ ရရှိ၏။ ဒုဿီလော ပန၊ သီလမရှိသော သူသည်ကား။ ပါပံ၊ မကောင်းမှုကို။ အာစရံ၊ ပြုကျင့်သည်ဖြစ်၍။ မိတ္တောဟိ၊ အဆွေခင်ပွန်းတို့မှ။ ဓံသတေ၊ ဆုတ်ယုတ်ပျက်စီးရ၏။

၄။ အဝဏ္ဏဉ္စ အကိတ္တိဉ္စ၊ ဒုဿီလော လဘတေ နရော။
ဝဏ္ဏံ ကိတ္တိ ပသံသဉ္စ၊ သဒါ လဘတိ သီလဝါ။

ဒုဿီလော၊ သီလမရှိသော။ နရော၊ လူသည်။ အာဝဏ္ဏဉ္စ၊ ကျေးဇူးမဲ့ကဲ့ရဲ့ခြင်းကိုလည်း။ ဝါ၊ ကျေးဇူးသတင်း မရှိခြင်းကိုလည်း။ အကိတ္တိဉ္စ၊ အကျော်အစော မရှိခြင်းကိုလည်း။ လဘတေ၊ ရ၏။ သီလဝါ၊ သီလရှိသော သူသည်။ ဝဏ္ဏဉ္စ၊ ကျေးဇူးသတင်းကိုလည်း။ ကိတ္တိဉ္စ၊ ကျော်စောခြင်းကိုလည်း။ ပသံသဉ္စ၊ ချီးမွမ်းခြင်းကိုလည်း။ သဒါ၊ အခါခပ်သိမ်း။ လဘတိ၊ ရရှိ၏။

၅။ အာဒိ သီလံ ပတိဋ္ဌာ စ၊ ကလျာဏာနဉ္စ မာတုကံ။
ပမုခံ သဗ္ဗဓမ္မာနံ၊ တသ္မာ သီလံ ဝိသောဓယေ။

သီလံ၊ သီလသည်။ သဗ္ဗဓမ္မာနံ၊ အလုံးစုံသော ကုသိုလ်ဘရားတို့၏။ အာဒိ စ၊ အစအဦ လည်းမည်၏။ သီလံ၊ သီလသည်။ သဗ္ဗဓမ္မာနံ၊ အလုံးစုံသော ဥတ္တရိမနုဿဓမ္မတို့၏။ ဝါ၊ အလုံးစုံသော လူဘို့ကုသိုလ်ကမ္မဿထတရား ဆယ်ပါးထက် လွန်မြတ်သော စျာန်မင်္ဂဖိုလ် တရားတို့၏။ ပတိဋ္ဌာ စ၊ ယောက်တည်ရာလည်း ဖြစ်၏။ သီလံ၊ သီလသည်။ ကလျာဏာနံ၊ ကောင်းကုန်သော။ သဗ္ဗဓမ္မာနံ၊ အလုံးစုံသော သမထဝိပဿနာ အစရှိသော တရားတို့၏။ မာတုကံ၊ အမိလည်း မည်၏။ သီလံ၊ သီလသည်။ သဗ္ဗဓမ္မာနံ၊ အလုံးစုံသော ပါမောဇ္ဇအစရှိသော အနဝဇ္ဇဓမ္မတို့၏။ ပမုခံ၊ အကြောင်းလည်း မည်၏။ တသ္မာ၊ ထို့ကြောင့်။ သီလံ၊ သီလကို။ ဝိသောဓယေ၊ စင်ကြယ်အောင် သုတ်သင်ရာ၏။

၆။ ဝေလာ စ သံဝရံ သီလံ၊ စိတ္တဿ အဘိဟာသနံ။
တိတ္ထဉ္စ သဗ္ဗဗုဒ္ဓါနံ၊ တသ္မာ သီလံ ဝိသောဓယေ။

သံဝရံ၊ စောင့်ရှောက်အပ်သော။ သီလံ၊ သီလသည်။ ဝေလံ၊ ဒုစရိုက် အစရှိသည်တို့၏ အပိုင်းအခြား ကမ်းလည်းမည်၏။ စိတ္တဿ၊ စိတ်ကို။ အဘိဟာသနံ၊ အလွန်ရှင်စေတတ်သော တရားလည်း မည်၏။ သဗ္ဗဗုဒ္ဓါနံ၊ အလုံးစုံသော သာဝကဗုဒ္ဓ, ပစ္စေကဗုဒ္ဓ, သမ္မာသမ္ဗုဒ္ဓတို့၏။ တိတ္ထဉ္စ၊ နိဗ္ဗာန်သို့ ကူးရာဆိပ်ကမ်းလည်း မည်၏။ တသ္မာ၊ ထို့ကြောင့်။ သီလံ၊ သီလကို။ ဝိသောဓယေ၊ စင်ကြယ်အောင် သုတ်သင်ရာ၏။

၇။ သီလံ ဗလံ အပ္ပဋိမံ၊ သီလံ အာဝုဓမုတ္တမံ။
သီလမာဘရဏံ သေဋ္ဌံ၊ သီလံ ကဝစမဘေ့တံ။

သီလံ၊ သီလသည်။ အပ္ပဋိမံ၊ အတုမရှိသော။ ဗလံ၊ ခွန်အားလည်း မည်၏။ သီလံ၊ သီလသည်။ ဥတ္တမံ၊ မြတ်သော။ အာဝုဓံ၊ လက်နက်လည်း မည်၏။ သီလံ၊ သီလသည်။ သေဋ္ဌံ၊ ချီးမွမ်းအပ်သော။ အာဘရဏံ၊ တန်းဆာလည်း မည်၏။ သီလံ၊ သီလသည်။ အဘေ့တံ၊ မဖြစ်ဘူးသော မပြိုကွဲသော။ ကဝစံ၊ ချပ်မိန်ည်လည်း မည်၏။

၈။ သီလံ သေတု မဟေသက္ခော၊ သီလံ ဂန္ဓော အနုတ္တရော။
သီလံ ဝိလေပနံ သေဋ္ဌံ၊ ယေန ဝါတိ ဒိသောဒိသံ။

သီလံ၊ သီလသည်။မဟေသက္ခော၊ကြီးသောတန်းခိုးရှိသော။သေတု၊တန်တား လည်း မည်၏။ သီလံ၊ သီလသည်။ အနုတ္တရော၊ အတုမရှိသော။ ဂန္ဓော၊ နံ့သာလည်း မည်၏။ သီလံ၊ သီလသည်။ သေဋ္ဌံ၊ မြတ်သော။ ဝိလေပနံ၊ နံ့သာပျောင်းလည်း မည်၏။ ယေန၊ အကြင်သီလအနံ့ဖြင့်။ ဒိသောဒိသံ၊ အရပ်ဆယ်မျက်နှာတိုင်တိုင်။ ဝါယတိ၊ လိုင်၏။

၉။ သီလံ သမ္မလမေဝ'ဂ္ဂံ၊ သီလံ ပါထေယျမုတ္တမံ။
သီလံ သေဋ္ဌော အတိဝါဟော၊ ယေန ယာတိ ဒိသောဒိသံ။

သီလံ၊ သီလသည်။ အဂ္ဂံ၊ မြတ်သော။ သမ္မလမေဝ၊ ခရီးသွား ထမင်းထုပ်နှင့်တူ၏။ သီလံ၊ သီလသည်။ ဥတ္တမံ၊ မြတ်သော။ ပါထေယျံ၊ ရိက္ခာဆန်ထုပ်နှင့်တူ၏။ သီလံ၊ သီလသည်။ သေဋ္ဌော၊ ချီးမွမ်းအပ်သော။ အတိဝါဟော၊ အလွန်ရွက်ဆောင်တတ်သော ယာဉ်လည်းမည်၏။ ယေန၊ အကြင်သီလဖြင့်။ ဒိသောဒိသံ၊ အရပ်ဆယ်မျက်နှာတိုင်တိုင်။ ယာတိ၊ သွား၏။

၁၀။ ဣဓေဝ နိန္ဒံ လဘတိ၊ ပေစ္စ ပါယေ စ ဒုမ္မနော။
သဗ္ဗတ္ထ ဒုမ္မနော ဗာလော၊ သီလေသု အသမာဟိတော။

သီလေသု၊ သီလတ္ထိ၌။ အသမာဟိတော၊ ကောင်းစွာမဆောက်တည်သော။ ဗာလော၊ သူမိုက်သည်။ ဣဓေဝ လောကေ၊ ဤလောက၌သာလျှင်။ နိန္ဒံ၊ ကဲ့ရဲ့ခြင်းကို။ လဘတိ၊ ရ၏။ ပေစ္စ စ၊ တမလွန်ဘဝ၌လည်း။ အပါယေသု၊ ချမ်းသာကင်းရာ အပါယ်ရွာတို့၌။ ဒုမ္မနော၊ စိတ်နှလုံးမသာယာခြင်းရှိ၏။ သဗ္ဗတ္ထ၊ အလုံးစုံသောအရပ်၌။ ဒုမ္မနော၊ စိတ်နှလုံးမသာယာခြင်းသည်။ ဟောတိ၊ ဖြစ်၏။

၁၁။ ဣဓေဝ ကိတ္တိံ လဘတိ၊ ပေစ္စ သဂ္ဂေ စ သုမ္မနော။
သဗ္ဗတ္ထ သုမနော မေဓော၊ သီလေသု သုသမာဟိတော။

သီလေသု၊ သီလတ္ထိ၌။ သုသမာဟိတော၊ ကောင်းစွာ ဆောက်တည်သော။ မေဓော၊ ပညာရှိသည်။ ဣဓေဝ၊ ဤပစ္စုပ္ပန်ဘဝ၌သာလျှင်။ ကိတ္တိံ၊ ကျော်စောခြင်းကို။ လဘတိ၊ ရရှိ၏။ ပေစ္စ စ၊ တမလွန်ဘဝ၌လည်း။ သဂ္ဂေ၊ နတ်ပြည်၌။ သုမ္မနော၊ စိတ်နှလုံးသာရွှင်၏။ သဗ္ဗတ္ထ၊ အလုံးစုံသောအရပ်၌။ သုမနော၊ ရွှင်ကြည်သော နှလုံးရှိသည်။ ဟောတိ၊ ဖြစ်၏။

၁၂။ သီလမေဝ ဣဓ အဂ္ဃံ၊ ပညဝါ ပန ဥတ္တမော။
မနုဿေသု စ ဒေဝေသု၊ သီလပညာဏတော ဇယံ။

ဣဓ၊ ဤလောက၌။ သီလမေဝ၊ သီလသည်သာလျှင်။ အဂ္ဃံ၊ မြတ်၏။ ပညဝါ ပန၊ ပညာရှိသောသူသည်ကား။ ဥတ္တမော၊ ကျော်စော၏။ မနုဿေသု စ၊ လူတို့၌ဌင်း။ ဒေဝေသု စ၊ နတ်တို့၌ဌင်း။ သီလပညာဏတော၊ သီလပညာအားဖြင့်။ ဇယံ၊ အောင်ခြင်းသည်။ အဟု၊ ဖြစ်ပြီ။

ဤသို့လျှင် သီလ၏ မွန်မြတ်ပုံကို သီလဝမထေရ်သည် ရဟန်းတို့အား ဟောပြတော်မူ၏။ (ထေရဂါထာပါဠိတော် ၃၀၉)။

ထို့ပြင်လည်း သီလအာနိသင်တို့ကား—

နှ ပုဗ္ဗဂန္ဓော ပဋိဝါတမေတိ၊
နှ စန္ဒနံ တဂရမလ္လိကာ ဝါ။
သတဉ္စ ဂန္ဓော ပဋိဝါတမေတိ၊
သဗ္ဗာ ဒိသာ သပ္ပုရိသော ပဝါယတိ။

ပုဗ္ဗဂန္ဓော၊ ပန်း၏အမွှေးနံ့သည်။ ပဋိဝါတံ၊ လေညာလေဆန်သို့။ နှ တေတိ၊ မလိုင်။ စန္ဒနံ ဝါ၊ စန္ဒကူးနံ့သည်ဌင်း။ တဂရံ ဝါ၊ တောင်ငူလပ်ပန်းနံ့သည်ဌင်း။ မလ္လိကာ ဝါ၊ ကြက်ရုံးစံပယ် ပန်းနံ့သည်ဌင်း။ ပဋိဝါတံ၊ လေညာ လေဆန်သို့။

နဇေတိ၊ မလျိုင်။ သတံ၊ သူတော်ကောင်းတို့၏။ ဂန္ဓော စ၊ ဂုဏ်သတင်းအနံ့ သည်ကား။ ပဋိဝါတံ၊ လေညာလေဆန်သို့။ ဇေတိ၊ လျိုင်၏။ သပ္ပုရိသော၊ သူတော်ကောင်းသည်။ သဗ္ဗာ၊ အလုံးစုံကုန်သော။ ဒိသာ၊ အရပ်မျက်နှာတို့သို့။ ပဝါယတိ၊ ဂုဏ်သတင်းမွှေးကြိုင် ပျံ့နှံ့လျိုင်၏။

စန္ဒနံ တဂရံ ဝါပိ၊ ဥပ္ပလံ အထ ဝဿိကီ။
ဧတေသံ ဂန္ဓဇာတာနံ၊ သီလဂန္ဓော အနုတ္တရော။

စန္ဒနံ ဝါ၊ စန္ဒကူးပန်းနံ့ သည်၎င်း။ တဂရံ ဝါ၊ တောင်ဇလပ်ပန်းနံ့ သည်၎င်း။ ဥပ္ပလံ ဝါ၊ ကြာညိုပန်း နံ့ သည်၎င်း။ အထ၊ ထို့မှတပါး။ ဝဿိကီ ဝါပိ၊ မိုးစေ့ပန်း နံ့ သည်၎င်း။ ဧတေသံ၊ ဤသို့ သဘောရှိကုန်သော။ ဂန္ဓဇာတာနံ၊ အမွှေးအနံ့ အပေါင်းတို့ထက်။ သီလဂန္ဓော၊ သီလတည်းဟူသော အနံ့သည်။ အနုတ္တရော၊ အတုမရှိ လွန်ကဲ၏ (ဓမ္မပဒပါဠိတော်။ ၂၁။)

ကိကီဝ အဏ္ဍံ စမရီဝ ဝါလဓိံ၊
ပိယံဝ ပုတ္တံ နယနံဝ ဧကံ။
တထေဝ သီလံ အနုရက္ခမာနကာ၊
သုပေသလာ ဟောထ သဒါ သဂါရဝါ။

ကိကီ၊ ယစ်မသည်။ ဝါ၊ တိတီတူးဋုတ်မသည်။ အဏ္ဍံ၊ မိမိအဥကို။ ရက္ခတိ ဣဝ၊ အသက်ကိုမငဲ့ စောင့်ရှောက်သကဲ့သို့၎င်း။ စမရီ၊ စမရီမည်သော သားကောင်သည်။ ဝါ၊ အမွေးရှည်သော တိဗက်နွားတမျိုးသည်။ ဝါလဓိံ၊ မိမိမြီးဆံကို။ ရက္ခတိ ဣဝ၊ အသက်ကိုမငဲ့ စောင့်ရှောက်သကဲ့သို့၎င်း။ ကေပုတ္တိကာ၊ သားတယောက်သာရှိသော မိခင်သည်။ ပိယံ၊ အသက်တမျှ ချစ်အပ်လှသော။ ဧကံ ပုတ္တံ၊ တဦးတည်းသောသားကို။ ရက္ခတိ ဣဝ၊ အမြဲမပြတ် စောင့်ရှောက်သကဲ့သို့၎င်း။ ဧကနယနော၊ မျက်စိတဖက်သာရှိသောသူသည်။ ဧကံ နယနံ၊ တဖက်မျှသာ ကျန်ရှိပါသော မျက်စိကို။ ရက္ခတိ ဣဝ၊ အသက်ကိုစွန့် မကြောက်ရွံ့ပဲ ရဲရဲကြီး စောင့်ရှောက်သကဲ့သို့၎င်း။ တထေဝ၊ ပမာဒွိုင်းယူ ထို့အတူသာလျှင်။ တုမ္ဟေ၊ သာသနာ့ဝန်ထမ်း သင်ရဟန်းကိုသည်။ သီလံ၊ အဉ ပမာ သားရတနာတမျှ မိမိသီလကို။ အနုရက္ခမာနာ၊ အစဉ်စောင့်ရှောက်ကြကုန်သည်။ သုပေသလာ၊ အလွန်ချစ်အပ်သော သီလရှိကြကုန်သည်။ သဒါ၊ အရွယ်သုံးရပ် အခါခပ်သိမ်း။ သဂါရဝါ၊ ရိုသေလေးစားခြင်း ရှိကြကုန်သည်။ ဟောထ၊ ဖြစ်ကြပါကုန်လော့။ (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ပဌမအုပ် ၃၄။)

အညတရမထေရ် ဝတ္ထု

ဟိမဝန္တာဒေသာ အုပ်၌ မထေရ်တပါးကို ခိုးသားတို့သည် နွယ်ငန်းတို့ဖြင့် တုတ်နှောင်ဖမ်းဆီး၍ အိပ်စေကြကုန်၏။ မထေရ်ရဟန်းလည်း အိပ်မြဲတိုင်း

သာလျှင် ခုနစ်ရက်ပတ်လုံး ဝိပဿနာပွါး၍ အနာဂါမ်ဖြစ်လျက် ထိုနေရာ၌ပင် ပံ့လွန်တော်မူ၏။

ထိုမှတပါး သီဟိုဠ်ကျွန်း၌ ရဟန်းတပါးကို ခိုးသူတို့သည် ဆင်သမန္တယ်ဖြင့် နှောင်ဖွဲ့၍ အိပ်စေကြကုန်၏။ တောမီးလောင်ကျမ်းလာသည်ရှိသော် ရဟန်းတော်လည်း နှယ်ကိုမဖြတ်ကောင်းသည့်အတွက် မဖြတ်ပဲ ဝိပဿနာပွါးသည် ရှိသော် ရဟန္တာဖြစ်လျက် ပရိနိဗ္ဗာန် စံလွန်လေသည်။ ဒီဃနိကာယ်ဆောင် အဘယမထေရ်သည် ရဟန်းငါးရာနှင့်အတူ လာသည်ရှိသော် ပရိနိဗ္ဗာန်စံနေပုံကိုမြင်၍ အလောင်းတော်ကို မီးသင်္ဂြိုဟ်စေပြီး စေတီတည်ထားတော်မူ၏။ ဘုရားရှင်၏ တပည့်သားတို့သည် ပညတ်တော်မူအပ်သော သီလသိက္ခာပုဒ်တော်ကို မဖျက်ဆီးကြကုန်။ အသက်ကိုသာ စွန့်တော်မူကြကုန်၏။ ထို့ကြောင့်-

ပါတိမောက္ခံ ဝိသောဓေန္တော၊ အပေပဝ ဇီဝိတံ ဇဟေ။
ပညတ္တံ လောကနာထေန၊ န ဘိန္ဒေ သီလသံဝရံ။ ။(ဝိသုဒ္ဓိ ပ-၃၅)

ပါတိမောက္ခံ၊ သီလစောင့်တတ် ပုဂ္ဂိုလ်မြတ်ကို ပါယ်ရပ် လေးရွာ ဘေးရှိရာမှ ဝေးကွာကင်းလွတ်စေတတ်သော သီလတော်မြတ်ကို။ ဝိသောဓေန္တော၊ ညစ်ကြေးမတင် သန့်ရှင်းစင်အောင် သုတ်သင်လိုသော သူသည်။ ဇီဝိတံ၊ လွန်စွာစုံမက် မိမိအသက်ကို။ အပေပဝ ဇဟေ၊ မရဲတရဲ ကြောက်စိတ်စဲလျက် စွန့်လိုက်ရစေကာမူ။ လောကနာထေန၊ လူနတ်ဗြဟ္မာ သတ္တဝါကို ခေမာနိဗ္ဗာန် သောင်ကျွန်းဥသို့ ဆောင်ယူကယ်တင်တော်မူတတ်သော မြတ်စွာဘုရားသည်။ ပညတ္တံ၊ နိဗ္ဗာန်လိုလား အမျိုးသားတို့ ကြိုးစားပါစေ မိန့်ခွန်းချေ၍ ထားအပ်ခဲ့ပေသော။ သီလသံဝရံ၊ အပါယ်တံခါး ပိတ်ဆို့ထားကြောင်း တရားကောင်းဖြစ်ပေသော သီလတော်မြတ်ကို။ န ဘိန္ဒေ၊ ကိုယ်နှင့်အသက် ခန္ဓာပျက်လည်း မဖျက်ဆီးကောင်းပေ။

မနုံ စဇေ အင်္ဂဝရဿ ဟေတု၊
အင်္ဂံ စဇေ ဇီဝိတံ ရက္ခမာနော။
အင်္ဂံ မနုံ ဇီဝိတဉ္စာပိ သဗ္ဗံ၊
စဇေ နရော ဓမ္မမနုဿရန္တော။ ။(ဝိသုဒ္ဓိ ပ-၄၄)

အင်္ဂဝရဿ၊ ခြေလက်နားနှာ အစဖြာသည့် အင်္ဂါမြတ်၏။ ဟေတု၊ အကြောင်းကြောင့်။ မနုံ၊ မျှော်ငေ့ရတနာ ကိုင်းကျွန်းယာနှင့် ညစ်စွာမျှားကို။ စဇေ၊ မငဲ့မညှာ စွန့်လေရာ၏။ ဇီဝိတံ၊ ရုပ်နာမ်နှစ်ထွေ ဇီဝိတိန္ဒြေကို။ ရက္ခမာနော၊ စောင့်ရှောက်လိုသောသူသည်။ အင်္ဂံ၊ ခြေလက်နားနှာ အစဖြာသည့် အင်္ဂါမြတ်ကို။ စဇေ၊ မငဲ့မညှာ စွန့်ပစ်ရာ၏။ ဓမ္မံ၊ လောကုတ္တရာတရားကို။ အနုဿရန္တော၊ သူတော်ဓလေ့ အထုံဌေဖြင့် အောက်မေ့တတ်သော။ နရော၊

နိဗ္ဗာန်ရည်ရော် ဘေးမဲ့မြော်သည့် သူတော်ကောင်းသည်။ သဗ္ဗံ၊ ခပ်သိမ်းညဿံ အလုံးစုံသော။ အင်္ဂံ စ၊ ခြေလက်နားနှာ အစဖြာသည့် အင်္ဂါမြတ်ကိုဂုင်း။ ဓနံ စ၊ ရွှေငွေရတနာ ကိုင်းကျွန်းယာနှင့် ဥစ္စာများကိုဂုင်း။ ဇီဝိတဥ္စာပိ၊ အသက်သမုတ် နာမ်နှင့်ရုပ်ကိုဂုင်း။ စဇေ၊ မငဲ့မညှာ စွန့်ပစ်ရာ၏။

ပမုဋ္ဌမို့ စ သုတ္တန္တေ၊ အဘိဓမ္မေ စ တာဝဒေ။
ဝိနယေ အဝိနဋ္ဌမို့၊ ပုန တိဋ္ဌတိ သာသနံ။

သုတ္တန္တေ စ၊ သုတ္တန်ပိဋကတ်သည်ဂုင်း။ အဘိဓမ္မေ စ၊ အဘိဓမ္မာပိဋကတ်သည်ဂုင်း။ ပမုဋ္ဌမို့၊ မေ့လျော့ပျောက်ပျက် ကွယ်ပ စေကာမူ။ ဝိနယေ၊ ဝိနည်းပိဋကတ်သည်။ အဝိနဋ္ဌမို့၊ မပျောက်ပျက်သေးသည်ရှိသော်။ သာသနံ၊ မြတ်စွာဘုရားသာသနာတော်သည်။ ပုန၊ တဖန်။ တိဋ္ဌတိ၊ တည်နိုင်၏။ (ဝိနည်းမဟာဝဂ်ပါဠိတော် ၁၃၇)။

တသ္မာ အပွကလာဘေန၊ အပွဋ္ဌကိလေသေန ဝါ။
အနဋ္ဌံ သီလသံဝရံ၊ နု မဒ္ဒေယျ ဝိစက္ခဏော။

တသ္မာ၊ ထိုသို့ ဘုရားရှင်သာသနာ ထို့ထက်သာအောင် စောင့်ရှောက်ရမည်ဖြစ်သောကြောင့်။ အပွကလာဘေန ဝါ၊ အနည်းငယ်မျှ မပြောပလောက်သော ငှက်ပျောအုန်းပွဲ ပရိက္ခရာလာဘ်မဲ့ကလေးဖြင့်ဂုင်း။ ဝါ၊ ကြောင့်ဂုင်း။ အပွဋ္ဌကိလေသေန ဝါ၊ အဖိုးမထိုက် အမှိုက်ပမာ ကိလေသာဆိုးဖြင့်ဂုင်း။ ဝါ၊ ကြောင့်ဂုင်း။ အနဋ္ဌံ၊ အဖိုးမည်မျှဖြတ်ဆို၍ မရစကောင်းသော။ ဝါ၊ အဖိုးတိုင်းစား အပိုင်းအခြားမရှိသော်။ သီလသံဝရံ၊ ဆိုခဲ့ပြီးသည့်ပမာ ကောင်းစွာစောင့်ရှောက်ထိန်းသိမ်းအပ်သော သီလတော်မြတ်ကို။ ဝိစက္ခဏော၊ အထူးသိမြင် ဆင်ခြင်သမှု ဉာဏ်စက္ခုဖြင့် ရှုတတ်သော ရဟန်းမြတ်သည်။ နု မဒ္ဒေယျ၊ လွန်ကျူးဖျက်ချိုး ကိုယ်ကျိုးလစ်ဟင်းအောင် မနင်းနယ်ရာ။

ဇတေဟိ အပွမတ္တေဟိ၊ မူလစ္ဆေဇ္ဇံပိ ပါပုဏေ။
သတိံ ဒေါဝါရိကံ ကတ္ဝာ၊ သုရက္ခေယျ သုပေသလော။

အပွမတ္တေဟိ၊ မကြီးမကျယ် အနည်းငယ်မျှပြောပလောက်စရာ မရှိကုန်သော။ ဇတေဟိ၊ ထိုလာဘ်ပူဇာသက္ကာ ကိလေသာတို့ဖြင့်။ ဝါ၊ တို့ကြောင့်။ မူလစ္ဆေဇ္ဇံပိ၊ ပါရာဇိက မြစ်မပြတ်စဲ ဘုံးဘုံးကြီးလဲခြင်းသို့လည်း။ ပါပုဏေ၊ မကြာချက်ခြင်း လက်ငင်းရောက်သွားရာ၏။ သတိံ၊ ကောင်းမြတ်သော သမ္မာသမာဓိကို။ ဒေါဝါရိကံ၊ ဒွါရခြောက်ပါး တံခါးစောင့်ကို။ ကတ္ဝာ၊ ကြပ်ကြပ်တဲတဲ မြဲမြံစွာ ပြုလုပ်၍။ သုပေသလော၊ ကောင်းကောင်းကြီး သီလကို ချစ်မြတ်နိုးသော ရဟန်းသည်။ သီလသံဝရံ၊ စောင့်ရှောက်ထိန်းသိမ်း

အပ်သော သီလတော်မြတ်ကို။ သုရက္ခေယျ၊ မကျိုးမပေါက် ကိလေသာသူခိုး မရောက်အောင် ကောင်းစွာ စောင့်ရှောက်ရာ၏။

ဥဒယဘဒ္ဒါမင်းသို့ဝတ္ထု

ရှေးလွန်လေပြီးသော အတိတ်ကာလက ဇမ္ဗူဒိပ် မဇ္ဈိမဒေသအရပ်၌ ကာသိတိုင်း သုရုန္ဓနမြို့ကို အုပ်စိုးသော ကာသိမင်းသည် မင်းပြုလေ၏။ မင်းကြီး၌ သားသို့းရတနာမရှိသဖြင့် မိဖုရားတို့ကို သားဆုတောင်းကြဟု အမိန့်ရှိ၏။ ဘုရားလောင်းသည်လည်း ဗြဟ္မာပြည်မှ သက်ဆင်းကာ မိဖုရား၏ဝမ်း၌ ခိုလှုံ၍ ဆယ်လစေ့သဖြင့် မွေးဖွားသောအခါ ဥဒယဘဒ္ဒမင်းသားဟု နာမည်မှည့်ခေါ်၏။

မင်းသား သွားနိုင်သောအရွယ်မှာ မိဖုရားတယောက်၌ ပဋိသန္ဓေ တည်ပြီး မိန်းမလေး မွေးဖွားသဖြင့် နာမည်ကို ဥဒယဘဒ္ဒါမင်းသမီးဟု မှည့်ကြသည်။ မင်းသားအရွယ်သို့ ရောက်လျှင် အတတ်မျိုးစုံ တတ်မြောက်၍ မြတ်သော အကျင့်ကိုလည်း ကျင့်လေ့ရှိရာ အိပ်မက်၌ သော်လည်း မေထုန်အကျင့်ကို မသိ၍ ကိလေသာစိတ် လုံးဝမရှိပေ။

ဘုရင်ကြီးသည်လည်း သားတော်ကို နန်းမွေ့လက်ခံဘို့ အဘိသိက် သွန်းလို ကြောင်း ပြောသောအခါ သားတော်သည် မင်းစည်းစိမ် ကာမစည်းစိမ်ကို အလိုမရှိပေ၊ သို့သော် မိဘစကားကို လွန်ဆန်ရာ ကျမည် စိုးသောကြောင့် ရွှေရုပ်ကို ပုံစံနှင့်ပေးပြီး ဤရုပ်ပုံနှင့်တူသော မိန်းမကို ရရှိလျှင် မင်းအဖြစ်ကို လက်ခံပါအံ့ဟု ပိဘ နှစ်ပါးအား ကတိပေးလေ၏။ မိဘ နှစ်ပါး တို့သည်လည်း မင်းဆရာ ပုဏ္ဏားရှစ်ဦးကို ခေါ်၍ ဤရွှေရုပ်နှင့်တူသော အမျိုးသမီးကို ရှာဖွေကြရမည်ဟု ရာဇသံပေးလေသည်။

ပုဏ္ဏားတို့သည်လည်း ရွှေရုပ်ကိုထမ်း၍ နိုင်ငံအနှံ့ ရှာပါသော်လည်း မရရှိသဖြင့် နောက်ဆုံး ဥဒယဘဒ္ဒါမင်းသမီး၏ အနီး၌ ရွှေရုပ်ကို ချထားကုန်၏။ မင်းသမီးက ရွှေရုပ်ထက်ပို၍ လှလေရာ ပုဏ္ဏားတို့လည်း ရွှေရုပ်နှင့် တူသော ပုံစံအနီးတွင် ရရှိကြောင်း သံတော်ဦးတင်ကြကုန်၏။

မင်းသမီးမင်းသား ကတိကဝတ်ထားပုံ။ ။မင်းမိဖုရားတို့သည်လည်း သားတော် ဥဒယဘဒ္ဒနှင့် သမီးတော် ဥဒယဘဒ္ဒါတို့ကို ထိမ်းမြားလက်ထပ် နန်းမွေ့ကို လွှဲအပ်ကြပြီးသည်နောက် ရှေး ကံ ကုန်၍ နတ်ရွာစံသွားကြသောအခါ မင်းသားသည် ဆက်လက်၍ တိုင်းပြည်ကို အုပ်ချုပ်၏။ မင်းသမီးနှင့်ကျက်သရေတိုက်ဖန်း တဲ့ဖွဲ့ရာ အတူတရွ နေရပါသော်လည်း တကျာလောဘ၏ အစွမ်းဖြင့် အချင်းချင်း မကြည့်စဘူးကုန်။ သို့သော်

အကြင်သူသည် ပထမနတ်ရွာစံအံ့၊ ထိုသူသည် ဖြစ်ရာ အရပ်မှလာ၍ ဤမည်သော အရပ်မှာ ဖြစ်ကြောင်း ပြောကြစတမ်းဟု အချိန်းအချက် ကတိကဝတ် ထားကြကုန်၏။

မင်းသားသည်လည်း အသက်ငယ်သလောက် လူ့ဘုံမှာနေပြီး ရှေးဦးစွာ နတ်ရွာစံ၍ တာဝတိံသာနတ်ပြည်၌ သိကြားမင်းဖြစ်၏၊ သိကြားမင်းအဖြစ်သို့ ရောက်၍ ခုနစ်ရက်ကာလကြာပြီးမှ ရှေးကပြုခဲ့ကြတဲ့ အချိန်း အချက် ကတိကဝတ်ကို သတိရ၍ ကတိပြောဘုံရာ တကိစ္စ၊ မင်းသမီးကို တရားပြပြီး နတ်ပြည် ရောက်ဘို့ရန် တခန်း ဤ နှစ်ကိစ္စကို မြော်မှန်းပြီး ရှေဒင်္ဂါး အပြည့်နှင့် ရှေခုက် ကိုထမ်း၍ မင်းသမီး၏ အိပ်ရာတိုက်ခန်းကိုဝင်ပြီး လက်ဆောင်သပြီးမှ တည့်မျှ ပျော်မွေ့ပါရစေဟု ခွင့်တောင်း ဖျောင်းဖျ၏။

မင်းသမီးသည်လည်း အံ့အား သင့်လျက် အချိန် အခါမဟုတ် ဤကဲ့သို့ မိန်းမတို့နေသော တိုက်ခန်းမှာ မလျော်သော စကားကို မပြောပါနှင့်ဟု အကြိမ်ကြိမ် အဖန်ဖန် တောင်းပန်လေ၏။ နတ်သားသည်လည်း မင်းသမီး ဥဒယဘဒ္ဒါ ငါကား လူသားမဟုတ် နတ်ပြည်က နတ်သားဖြစ်ပါ၏၊ သင်၏ ရုပ်ရည် ရူပကာယကြောင့် ငါနတ်သားလဲ မနေနိုင်၍ လက်ဆောင် ပစ္စည်း များနှင့် ပျော်ပါးရအောင် လာရခြင်းဖြစ်သည်ဟု ပြောလေ၏။

မင်းသမီးသည်လည်း အသင် နတ်သား ဥဒယဘဒ္ဒ မင်းသားမှ တပါး အခြားလူ သူတပါးကို နတ်သားလော သိကြားလော ဟူ၍ သဘော မထားပါ၊ သင်နတ်သား ပြောသောစကားကိုလည်း မကြားနာလို သင့်ကိုလည်း မနှစ်သက်၊ သင့်လက်ဆောင် ပစ္စည်းကိုသာ မြန်မြန်ယူ၍ တိုက်ခန်းက ထွက်သွားပါ၊ နောင်တဖန် ပြန်လာဘို့ စိတ်မရှိပါနှင့်ဟု ပြောလိုက်လေ၏။

နတ်သိကြားမင်းသည်လည်း တိုက်ခန်းတွင်းမှ ရှောင်ထွက်ခဲ့၍ နောက်တရက် ရောက်သောအခါ ရှေဒင်္ဂါးအပြည့်နှင့် ငွေခုက်ကို ယူလာပြီး · ရှေးကနည်း အတိုင်း ဖျောင်းဖျလာပြန်သော် နွေစဉ် ဆက်ကာ ဤလိုချည်း နှောင်မပြတ် လာနေမှာကြောင့် နှုတ်ဆက်ကာ စကားတုံ့မခံတာနှင့် သိကြားမင်း ပြန်သွားရ ပြန်လေသည်။

နောက်သုံးရက် သန်းခေါင်ယာမ်အခါ၌ ငွေဒင်္ဂါးအပြည့်နှင့် ကြေးခွက်ကို ယူလာပြန်သဖြင့် ဥဒယဘဒ္ဒါမင်းသမီးကလဲ တခါထဲ အပြီးအပြတ် စကားနှင့် ကျက်သရေတိုက်ခန်းသို့ နောက်တခါ မလာစေလို၍ သိကြားမင်းကို နှိပ်၍ စကားဆိုလေသည်။ ဘယ်လိုဆိုပါသလဲ ဆိုတော့—

အသင်နတ်သား သင်သည်ကား အမျှားလူတို့၏ နည်းလမ်း စည်းကမ်း ကိုလဲ မသိ၊ အတွင်းက အလိမ္မာဉာဏ်ကလဲ မရှိ၊ မိမိကို နှစ်သက်စေလိုသည့်

အကြောင်းနှင့် အကယ်၍ လက်ဆောင်ဖြင့် ဖြားယောင်းလိုပါမူ တနေ့ထက်တနေ့ ပြောင်းပြီး အဖိုးတန် လက်ဆောင်ကောင်းနှင့်သာ ဖြားယောင်းကြရိုးရှိပါလျက် နည်းလမ်းစည်းကမ်းကို မသိသည့်အတွက်ကြောင့် တနေ့ထက်တနေ့ ဆုတ်လို့ အဖိုးယုတ်ကိုသာ လက်ဆောင်သပြီး နှစ်သက်အောင် သင်ဖျောင်းဖျခြင်းကား အတွင်းကဉာဏ်ပညာကင်းလို့ မဟုတ်လောဟု သိကြားမင်းကို နှိပ်နင်းကာ ဆိုလေ၏။

သိကြားမင်းက နှမတော် ဥဒယဘဒ္ဒါမင်းသမီးအား သီလစောင့်စည်းစေခြင်း

ထိုအခါ သိကြားမင်းက နှမတော် ဥဒယဘဒ္ဒါငါနတ်သားကား ဉာဏ်ပညာနဲပါးသည် မဟုတ်ပါ။ လိမ္မာပါးနပ်သော ကုန်စျေးသည်နှင့် တူပါ၏။ သင်တို့ လူ့ရွာက လူတို့၏ ကိုယ်ခန္ဓာဟူသည် နုတ်တို့လို မအိုမနာပဲ အသက်တမ်းကုန်အောင် နေကြရတာ မဟုတ်ပါ။ တနေ့ထက်တနေ့ တဖြည်းဖြည်း ဆုတ်ယုတ်ခြင်းကြောင့် နှမတော်၏ ကိုယ်ခန္ဓာကို ထောက်ဆ၍ တန်ဘိုးကို လျှော့ကာ လက်ဆောင် သရပါကြောင်း ပြောလေသည်။

ဆက်လက်ပြီး သိကြားမင်းက အကယ်၍ နှမတော်တို့ လူ့ခန္ဓာကိုယ်သည် နုတ်တို့လို မအိုမနာပဲ တနေ့ထက်တနေ့ ပိုပြီး အဆင်းအရေ တိုးတက်၍ ပျိုခဲ့ပါမူ ရှေ့ကိုသာ အတိုးမပျက်ပဲ တနေ့ထက်တနေ့ တက်ပြီး ထိုက်သင့်ရာ လက်ဆောင်နှင့် ချီးမြှင့်၍ နှမတော်မင်းသမီးကို ငါဖြားယောင်းသင့်သည်။

နှမတော်တို့၏ လူ့ခန္ဓာကိုယ်သည် နေ့စဉ်တိုး၍ မပျိုဘဲ တိုး၍သာ အိုခဲ့သည်၊ ဆံဖြူကာ အားလျော့ပြီး အိုမင်းသည့် ခန္ဓာကိုကြည့်၍ တနေ့ထက်တနေ့ ဆုတ်ပြီး ယုတ်လျော့သည့် လက်ဆောင်ကို ငါပေးရပါသည်။

ငယ်ရွယ်သော ယခုအချိန်က သီလကို ဖြူစင်စွာ စောင့်စည်းခြင်းမှု နတ်ပြည်၌ နတ်တို့ ခန္ဓာကိုယ်လို တသက်လုံး မအိုမနာပဲ နုပျိုသည့် အရွယ်ကို ရ၍ ကြီးကျယ်သော စည်းစိမ်ကို ခံစားရလိမ့်မည်ဟု ပြောဆိုလေ၏။

ဥဒယဘဒ္ဒါမင်းသမီးကလဲ အရှင်နတ်မင်းကြီး နတ်သမီး နတ်သားတို့ ရုပ်ခန္ဓာဆိုတာ လူဘို့လို သွားကျိုး ဆံဖြူ အိုမင်းခြင်း မရှိဘူးလား၊ အကယ်၍ နတ်သိကြားဆိုတာ မအိုရပဲ တသက်လုံး ပျိုရွယ်တဲ့အဆင်းနှင့်သာ နေရပါမူ အဘယ့်ကြောင့် လူ့ရွာက လူအပေါင်းသည် နတ်ပြည်သို့ မရွှေ့မပြောင်းကြပဲ အိုညောင်းအောင် နေချင်ကြပါမလဲ၊ မအိုမနာရ ရှည်ကြာလှစွာ နတ်ပြည်၌ နေလိုပါသဖြင့် နတ်စောင်းတန်း ထွင်းဖောက်တော်မူခဲ့ပါဟူသော အကြောင်းမျှားနှင့် နတ်သားကို တောင်းပန်လေ၏။

ထိုအခါ သိကြားမင်းကလဲ နှမတော် ဥဒယဘဒ္ဒါ ငါတို့နတ်ပြည်မှာ အရေတွန့်ရုံ့ အားနုံ့လျော့ရဲ မျက်မဲ့ဆံဖြူ နားအူသွားကျိုး အမြင်ဆိုးအောင် အိုရရိုး မရှိပါ၊ ရှုကြည့်စဘွယ် အရွယ်အဆင်းနှင့် သက်တမ်းကုန်နေရမြဲချည်းသာ ဖြစ်၏။ နတ်ပြည်သို့ ရောက်ရှိလိုလျှင် ဒါန, သီလ, ဘာဝနာ တရားများနှင့် ပြည့်စုံရမည်ဟု ပြောပြလေ၏။

ဥဒယဘဒ္ဒါမင်းသမီးကလဲ အရှင်နတ်မင်း မိဘရင်းကဲ့သို့ မြေသော မေတ္တာ တရားဖြင့် အကျွန်ုပ်ကို အဆုံးအမပေးပါ၏။ ရှေးဘဝက လူတို့နယ်တွင် ဘယ် အမျိုး ဘယ်အရပ်၌ နေပြီး လူ့ဘဝကို ခွဲ၍ နတ်ပြည်မှာ ဖြစ်ပါသနည်းဟု မေးမြန်းလေသည်။

သိကြားမင်း ကတိကဝတ်နှင့် စပ်လျဉ်း၍ ဖြေကြားခြင်း

အလောင်းတော် သိကြားမင်းကလဲ လာခဲ့ရင်း အကြောင်းကိစ္စ ပြောကြားစရာ အချိန်ကျတာနှင့် နှမတော် ဥဒယဘဒ္ဒါ ငါ သိကြားနတ်မင်းကား အခြားဒေသက မဟုတ်ချေ၊ သုရုန္ဓနမြို့ကြီးရှင် ဘုရင်ကောရဗ်ဥဒယဘဒ္ဒမင်းသားအဖြစ်မှ စုတေ၍ တာဝတိံသာနတ်ပြည်မှာ သိကြားမင်းဖြစ်နေရတဲ့ သင်နှမတော်၏ ခင်ပွန်းဖြစ်ပေ၏။ လူ့ပြည်မှာ နေစဉ်အခါက "ဖြစ်ရာဘဝမှ ပြောလာကြစတမ်း" ဟု ချိန်းချက်ကတိကို ပြေစေရန် မြော်ရှု၍ နှမတော်ထံသို့ မောင်တော် ယခုရောက်လာသည်ဟု ပြောလေ၏။

ထိုအခါ ဥဒယဘဒ္ဒါမင်းသမီးသည် အရင်းအမြစ်ကို သိရပြီးသည်ဖြစ်၍ သက်ကြီးလိုက်ဖို့ သောကမီးဟုန် အပူမြိုက်တာနှင့် တရိုက်ရိုက်ငိုယိုပြီး သိကြားမင်းကို တောင်းပန်လေသည်၊ အဘယ်သို့ တောင်းပန်သနည်းဟူမူ မောင်တော် ဥဒယဘဒ္ဒ သိကြားမင်း လူ့ဘဝလို နတ်ပြည်မှာ အတူတက္ခ နေရအောင် တရားဓမ္မဖြင့် ဆုံးမတော်မူခဲ့ပါဟု ဤသို့ တောင်းပန်သောအခါ သိကြားမင်းက နှမတော် ဥဒယဘဒ္ဒါ သတ္တဝါဟူသမျှတို့မှာ မိမိတို့ ရကြတဲ့ ဘဝအသက်ကို ခင်တွယ်ပြီး သုစရိုက် သီလတရားကို မကျင့်ကြံသူများကြတာနှင့် နတ်ပြည် သုဂတိသို့ ရောက်အောင် မသွားနိုင်ကြပေ။ အသက်အရွယ်ဟူသည်မှာလည်း မြဲနိုင်ကြတာမဟုတ်၊ အနည်းငယ် တဖြုတ်မျှဖြင့် ခဏတွယ ပြောင်းကြွပြီး သိန်းသောင်းမက စုတေရလို့မို့ ရုပ်နာမ်တွေ အခြေမလှနိုင်ပဲ ပထမအရွယ်က ဒုတိယ, ဒုတိယအရွယ်က တတိယသို့ မကြာခင် ရောက်ကြရပြီး ဘီဇနစက်ဝှင်းကို မထွင်း မဖောက်နိုင်ကြတာနှင့် အနိစ္စလက်တွင်းမှာ ကျမ်းပျောက်သွားကြရသည်။

ယခုလို ဖြစ်မှာကို ဆင်ခြင်၍ မိမိ၏ အသက်အရွယ်အဆင်းကို မခင်မင်ပဲ ငယ်ရွယ်စဉ်က နန်းတော်ကခွါပြီး ရသေ့ရဟန်းတို့၏ ပရိက္ခရာနှင့် သီလကိုသာ ဖွေရှာလို့ နတ်ပြည်သို့ ရောက်ရှိအောင် မြန်မြန်ကြိုးစားရမည်။

ထို့ကြောင့်—

အတိပတတိ ဝယော ခဏော တထေဝ၊
ဌာနံ နတ္ထိ ဓုဝံ စဝန္တိ သတ္တာ။
ပရိဇိယတိ အဒ္ဓုဝံ သရီရံ၊
ဥဒယေ မာ ပမာဒ စရဿု ဓမ္မံ။

ဝယော၊ ပထမ ဒုတိယ တတိယပိုင်းခြား အရွယ်သုံးပါးသည်။ အတိပတတိ၊ အလွန်ပျောက်ကွယ် ကျရောက်လွယ်၏။ ခဏော၊ ဥပါဒ် ဌီ ဘင် ခဏအစဉ်သည်။ တထေဝ၊ အရွယ်မပြား နှည်းမခြားပဲ မြက်ဖျားနှင်းနယ် ပျက်ကင်းလွယ်၏။ ဌာနံ၊ ဖြစ်ဖြစ်သမျှ သခါရတို့ မကျမယိုင် ကြံ့ကြံ့ခိုင်၍ တည်တံ့နိုင်သော သဘောသည်။ နတ္ထိ၊ မရှိပေ။ သတ္တာ၊ သတ္တဝါတို့သည်။ ဓုဝံ၊ အမြဲ။ စဝန္တိ၊ သေရကုန်၏။ သရီရံ၊ ခန္ဓာကိုယ်သည်။ အဒ္ဓုဝံ၊ မြဲသော သဘောမရှိ။ ပရိဇိယတိ၊ အိုရ၏။ ဥဒယေ၊ သုရုန္ဓနမြို့ကြီး စိုးအုပ်စီးတဲ့ နှမတော် မင်းသမီး ဥဒယ။ မာ ပမာဒ၊ စည်းစိမ်နန်းဇင်္ဂ စံမြန်းမွေ့၍ လွှမ်းမေ့ရှည်စွာ မနေပါလင့်။ ဓမ္မံ၊ သီလတရားတော်ကို။ စရဿု၊ ရဟန်းရသေ့ သက်နှံးမွေ့၍ ချမ်းမြေ့သာယာ ကျင့်သုံးပါလေ။

ထိုမှတပါး ဆုံးမပြန်လို၍ နှမတော် မင်းသမီး ဥဒယဘဒ္ဒါ–စည်းစိမ်ကို တပ်မက်၍ နှစ်သက်သည့် သတ္တဝါတို့သည် လေးကျန်းလုံးကို တယောက်တည်း မင်းလုပ်ကာ အနှစ်တသိန်းပင်ကြာရစေကာမူ တင်းတိမ်အားရ နှစ်သက်ခြင်း မရှိပေ။ သီလကိုမှ မကျင့်သုံးနိုင်ပဲ အသက်နှင့် စည်းစိမ်ကို စွန့်ခွါ၍ တပ်နှစ်သက်တဲ့ စိတ်ဆန္ဒကို မဖြေဖျောက်နိုင်ပဲသာ တမလွန်ဘဝသို့ ကူးသွားကြရသည်။

နှမတော်သည်လည်း စည်းစိမ်ကို မငဲ့ညှာပဲ အားသာကို ဖြဖြတ်လို့ ကေစာတယောက်တည်း ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်ပြီး သင့်မြတ်သော လျှော်တေသက်နှံးဖြင့် သီလကိုသာ ကြိုးပမ်း၍ ကျင့်ရမည်။ ထို့ကြောင့်—

ကသိဏာ ပထဝီ ဓနဿ ပူရာ၊
ကေသော ဝ သိယာ အနညမေယျာ။
တံ စာပိ ဇဟတိ အဝီတရာဂေါ၊
ဥဒယေ မာ ပမာဒ စရဿု ဓမ္မံ။

ဓနဿ ပူရာ၊ ဥစ္စာအပေါင်းတို့ဖြင့် ပြည့်လှမ်းသော။ ကသိဏာ ပထဝီ၊ အလုံးစုံသောမြေသည်။ အနညမေယျာ၊ တပါးသောမင်းတို့ မချဉ်းမဆိုင် အလျင်းပင် မပိုင်နိုင်ပဲ။ ကေသော၊ မင်းတယောက်၏ တိုင်းနိုင်ငံ တခုသာလျှင်။ သိယာ၊ ဖြစ်ပါချေအံ့။ တံ စာပိ၊ ထိုနိုင်ငံကြီးကိုသော်လည်း။ အဝီတရာဂေါ၊

တတွဲမက်မက် မခဲ့ရက်၍ ဆွဲဖက်မိုင်ငေး အားမရနိုင်သေးပဲသာလျှင်။ ဇဟတိ၊ အခြေမမြဲ အသေခဲ့၍ ရှောင်လွဲရှားခဲ့ပါ စွန့်ပစ်ရပါ၏။ ဥဒယေ၊ နှမတော် ဥဒယဘဒ္ဒမင်းသမီး။ မာ ပမာဒ၊ ကုသိုလ်ဓမ္မ ဟူသမျှ၌ မမေ့မလျော့ပါလင့်။ ဓမ္မံ၊ နတ်ပြည်ရောက်ကြောင်း ကောင်းသောသိလတရားကို။ စရဿု၊ ဖော်ရွေမမှီး လျှော်တေဆီး၍ ကိုယ်တည်းဆုတ်ခဲ့ပါ ကျင့်သုံးရစ်ပါလေ။

ရောင့်ရဲတင်းတိမ်ခြင်း မရှိပုံကို ထိုမှတပါးလည်း တနည်းတဖုံ ဆုံးမ
တနည်းတဖုံ တရားဖြင့် ဆုံးမပြန်ခြင်း ပြန်လို၍ နှမတော်မင်းသမီး ဥဒယ-
ဘဒ္ဒါ– ဤလူ့ရွာ လောက၌ ရှိကြ

သော သတ္တဝါအပေါင်းတို့မှာ အမိအဘ မောင်နှမ ညီအစ်ကို သား မယား ဆွေညာရင်း သင်္ဂဟတို့နှင့် ပေါင်းစုရုံးပြီး အတူတကွ နေရခြင်း၌ ရောင့်ရဲ တင်းတိမ်ခြင်းမရှိကြပေ။ တဦးနှင့်တဦး မခဲ့ရက်ပဲ တမလွန်ဘဝသို့ ပြောင်းသွားကြရသည်။ နှမတော်သည်လည်း ဆွေမျိုးကို မခင်တွယ်ပဲ ကေစာ ဝေးရာသို့ ရှောင်ကွင်းပြီး တယောက်တည်းသာ ဖြူစင်အောင် သီလကို အားထုတ်ရစ်ပါ။

ထို့ကြောင့်–

မာတာ စ ပိတာ စ ဘာတရော စ၊
ဘရိယာပိ ဓနေန ဟောန္တိ အတိတ္တာ။
တေ စာပိ ဇဟန္တိ အညမညံ၊
ဥဒယေ မာ ပမာဒ စရဿု ဓမ္မံ။

မာတာ စ၊ အမိသည်၎င်း။ ပိတာ စ၊ အဘသည်၎င်း။ ဘာတရော စ၊ ညီအစ်ကို တို့သည်၎င်း။ ဘရိယာပိ၊ သားမယားတို့သည်၎င်း၊ ဓနေန၊ ဥစ္စာဖြင့်။ အတိတ္တာ၊ မရောင့်ရဲနိုင်ကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေ စာပိ၊ ထိုသို့ ခင်မင် ချစ်ကျွမ်းဝင်၍ မခဲ့မခွါချင်ကြကုန်သော သူတို့ပင်သော်လည်း။ အညမညံ၊ မိဘသားသမီး ချစ်မြဲတဲ့ ဆွေကြီးမျိုးရင်း အချင်းချင်းပင်။ ဇဟန္တိ၊ စွန့်ပစ်ကြရကုန်၏။ ဥဒယေ၊ နှမတော် ဥဒယဘဒ္ဒါမင်းသမီး။ မာ ပမာဒ၊ ကုသိုလ်ဓမ္မ ကျင့်သီလ၌ မမေ့မလျော့ပါလင့်။ ဓမ္မံ၊ နတ်ပြည်ရောက်ကြောင်း ကောင်းသောသီလတရားကို။ စရဿု၊ မျိုးဆွေမနီး မြို့ငတောကြီး၌ ကိုယ်ထည်း ဆုတ်ခဲ့ပါ ကျင့်သုံးရစ်ပါလေ။

ထိုမှတပါးလည်း နည်းတပါးဖြင့် ဆုံးမလိုပြန်၍ မင်းသမီးဥဒယဘဒ္ဒါ– လောက၌ သတ္တဝါတို့သည် ခန္ဓာကိုယ်ကို ငါ့ဟာဟု စွဲယူပြီး ခုဘဝမှာ တွေ့ရှိသမျှ ဆွေမျိုးဥာတကာတို့နှင့် ပျော်ရွှင်စွာ ခင်မင်တွယ်တာပြီး နေကြသည်။ ကိုယ်ခန္ဓာသည် ကျီးငှက်လင်းတ ပြင်ပကတိရစ္ဆာန်မျိုးနှင့် အတူင်းကပိုးမျိုး တို့၏ အစာမျှသာ ဖြစ်ချေသည်၊ ခုရတဲ့ လူ့ဘဝမှာလည်း တွေ့ရသည့် ဆွေမျိုး

တို့နှင့် ကြာမြင့်စွာ နေကြရသည် မဟုတ်ပေ။ ခဏတဖြုတ် ပေါင်းဆုံလို့နေကြရသည်။ ထို့ကြောင့် ကျိုးငှက်ပိုးမွှားတို့၏ အစာမျှသာ ဖြစ်သည့် ရုပ်ခန္ဓာကို မခင်မင်ပဲ နတ်ပြည်ကို ရည်မှန်းပြီး သီလကို ကြိုးပမ်းရမည် နှမတော်။ ဆွေမျိုးဆိုတာလဲ ကိုယ်ကျိုးမျှားစွာ မရှိ၍ မကျင်နာ မခင်ရစ်ပါနှင့်။ ခန္ဓာနှင့် ဆွေမျိုးကို မခင်တွယ်ပဲ နတ်ပြည်သို့ရောက်အောင် ကျင့်ဆောင်ရစ်ပါ။ ထို့ကြောင့်—

ကာယော ပရဘောဇနန္တ ဥ တွာ၊ သသာရေ သုဂတဥ္စ ဒုဂ္ဂတဥ္စ။
ဣတ္တရဝါသောတိ ဇာနိယာန၊ ဥဒယေ မာ ပမာဒ စရဿု ဓမ္မံ။

ကာယော၊ ခန္ဓာကိုယ်သည်။ ပရဘောဇနံ၊ လင်းတပိုးမွှား သူတပါးတို့စားဘို့ဖြစ်လာ ဘောဇဉ်သာတည်း။ ဣတိ၊ ဤသို့ဖြစ်ရန် သဘောမှန်ကို။ ဥ တွာ၊ တွေးဆနှိုင်းညှိ ဟုတ်တိုင်းသိ၍။ သံသာရေ၊ ခန္ဓာအာယတနဓာတ်တို့၏ အစဉ်မပြတ်ဖြစ်ရာ သံသရာ၌။ သုဂတိဥ္စ၊ ကောင်းရာစုံဆင်း ပေါင်းဆုံရခြင်းကိုလည်း။ ဒုဂ္ဂတိဥ္စ၊ မကောင်းစုံဆင်း ပေါင်းဆုံရခြင်းကိုလည်း။ ဣတ္တရဝါသောတိ၊ အလိုမကျတို့ချေလှ၏ဟူ၍။ 'ဇာနိယာန၊ သိ၍။ ဥဒယေ၊ နှမတော်မင်းသမီး ဥဒယဘဒ္ဒါ။ မာ ပမာဒ၊ ကုသိုလ်သီလ မြတ်ဓမ္မကို မမေ့ရစ်ပါလင့်။ ဓမ္မံ၊ နတ်ပြည်ရောက်ကြောင်း အကျင့်ကောင်းကို။ စရဿု၊ မနားမနေ ကျင့်သုံးပါလေ။

ဥဒယဘဒ္ဒါမင်းသမီး ရသေ့ရဟန်းပြုရန် ဝန်ခံကတိပေးခြင်း

ဤသို့ အလောင်းတော် သိကြားမင်းသည် ဥဒယဘဒ္ဒါ မင်းသမီးအား အဆုံးအမ သြဝါဒ ပေးလေသည်။ မင်းသမီးသည်လည်း ဟောပြဆုံးမသော တရားတော်၌ သဘောနှစ်ခြိုက်မနှောစိုက်လို့မို့ သိမ်းပိုက်ကာ စိတ်မှာစိုပြီး အထူးချီးမွမ်းပြီးမှ မောင်တော် သိကြားမင်း၏ အဆုံးအမ မပျက်ရအောင် နက်ဖြန်ခါ ဆက်ဆက် တောထွက်၍ ရသေ့ရဟန်းပြုပါတော့မည်ဟု ဝန်ခံကတိ ပေးလိုက်လေ၏။ ထို့ကြောင့်—

သာဓု ဘာသတိ'ယံ ယက္ခော၊ အပ္ပံ မစ္စာန ဇီဝိတံ။
ကသိရဉ္စ ပရိတ္တဉ္စ၊ တဉ္စ ဒုက္ခေန သံယုတံ။
သာဟံ ကော ပဗ္ဗဇိဿာမိ၊ ဟိတ္ဝာ ကာသိ ံ သုရုန္ဓနံ။

မစ္စာနံ၊ သတ္တဝါများစွာတို့၏။ ဇီဝိတံ၊ မှီရုံမဟာဘုတ် ဇီဝရုပ်သည်။ အပ္ပံ၊ ချုပ်လွယ်ခဏ နုပ်ငယ်လှ၏။ ဣတိ၊ ဤသို့။ ဘာသမာနော၊ သဘောကျစေဟောပြပေသော။ အယံ ယက္ခော၊ ဤသို့ တရားသွင်းသည့် သိကြားနတ်မင်းသည်။ သာဓု၊ အကြောင်းညွှန်ကာ ကောင်းမွန်စွာသာလျှင်။ ဘာသတိ၊ သံဝေထိစဲ့ သတိမြဲသို့ ဝေခွဲနိုင်မှေ့ ဟောပြပေ၏။ ဧဝံ၊ ဤသို့ သိကြားနတ်မင်းဟောပြသွင်းသည့် တရားရင်းအတိုင်းသာလျှင်။ ဣဒံ ဇီဝိတံ၊ များစွာအဆက်ဆက် ဤသတ္တဝါတို့၏ အသက်သည်။ ကသိရဉ္စ၊ မသေအောင်ကျွေး ရှည်အောင်

မွေးရ အလွန်လည်းဝန်လေး ပင်ပန်းလှချေ၏။ ပရိတ္တဥ္ဉ၊ ကျွေးမွေးသလောက် ရေးမရောက်ပဲ ပြေးလျှောက်ယှင်းယို တိုလည်းတိုလှ၏။ တဥ္ဉ၊ ငြိုငြင်တိုပျက် ထိုအသက်သည်လည်း။ ဒုက္ခေန၊ ရှိသမျှသောင်းပြောင်း ဒုက္ခအပေါင်းနှင့်။ သံယုတံ၊ မပြတ်တစေ ယှဉ်စပ်ချေ၏။ သဟံ၊ ထိုအသက်နှင့် အဖက်ပြုလုပ် အကျွန်ုပ်သည်။ ကာသိဥ္ဉ၊ ကာသိတိုင်းကိုငင်း။ သုရုန္ဓနဥ္ဉ၊ သုရုန္ဓနမြို့ကြီးကို ငင်း။ ဟိတ္ဝာ၊ နံစီစေးခြောက် တံထွေးပေါက်သို့ ဖေးထောက်မည့ဉာ စွန့်ပစ် ခဲ့ ၍။ ဧကာ၊ ဟေမာမြို့ငင်မင်း ဂနိုင်ချဉ်းလျက် လိုဏ်တွင်းခိုမှီး တကိုယ်တည်း သာလျှင်။ ပဗ္ဗဇိဿာမိ၊ အမြတ်ငြမ်းခေါ် နတ်လမ်းပေါ်အောင် မှန်းမြော် ရောရမ်း လျှောသက်နှိုးဖြင့် ရဟန်းပြုပါတော့အံ့။

သိကြားမင်း တာဝတိံသာ နတ်ပြည်သို့ ပြန်ခြင်း

အလောင်းတော် သိကြားမင်းသည် ရှေးချိန်းချက် ရင်းရှိကြတဲ့ဝန်ခံကတိကင်း၍ မင်းသမီးတောင်းပန်သည့် နတ်ပြည်ရောက်ဘို့ လမ်းကိုလည်း ဟောညွှန်ပြသ ပြုသင့်သမျှကိစ္စ ပြီးတာနှင့် မင်းသမီးကို ပန်ကြားပြီး တာဝတိံသာ နတ်ပြည် နတ်နန်းသို့ ပြန်သွားလေသည်။

ဥဒယဘဒ္ဒါမင်းသမီးသည် သိကြားမင်း ပြန်သွားပြီးသည်မှ နောက်တရက် နံနက် ညီလာခံအပြီးတွင် အမတ်တို့ကို နန်းအပ်၍ ဥယျာဉ်တော်ထဲတွင် ကျောင်းသစ်မ်းနှင့် ရသေ့ရဟန်းပြုလုပ်လျက် သီလကို မည်သူးမယုတ်ရအောင် အားထုတ်ကာ ကြိုးစားကျင့်သဖြင့် သေသည်၏အခြားမဲ့၌ သုံးကျိပ်သုံးပါး နတ် အများတို့ ပျော်ပါးစံရာ ဝတိံသာမည် နတ်တို့ပြည်၌ အလောင်းတော် သိကြားမင်း၏ ခြေရင်း၌ အလုပ်အကျွေး မိဖုရားကြီး ဖြစ်ရလေ၏။ (ဥဒယဘဒ္ဒဇာတ်တော်) ဇာတ်အဋ္ဌကထာ ၄–၁၀၅။

ဤဝတ္ထု၌ ယသော်ဓရာအလောင်း ဥဒယဘဒ္ဒါမင်းသမီးသည် သီလကို စောင့်ရှောက်၍ နတ်ပြည်သို့ ရောက်ရလေ၏၊ နောက်ဆုံး ပစ္ဆိမဘဝတွင် ဗောဒၶိရာထူးဖြင့် အာသဝေါကင်းကွာ ရဟန္တာဖြစ်ရသည်ကို ထောက်ဆ၍ သီလဆောက်တည်သော သူတို့သည်လည်း ထိုမင်းသမီးကဲ့သို့ နည်းယူနိုင်ဘို့ရန် ဖြစ်ပါသည်။

သီလ၏ အာနိသင် အားတက်စရာပင်

ဘုရားရှင် ဟောကြားအပ်သော သီလ၏အာနိသင်တို့ကို ကြည့်ရှုလျှင် အလွန်ပင် အားတက်စရာ ကောင်းပါ၏။ ထိုထိုသို့သော နိကာယ်ပိဋကတ်တို့၌ သီလနှင့်ပတ်သက်၍ အကျိုးခံစားရပုံ အကြောင်းအရာ များစွာ ရှိပါသေးသည်။ သို့သော် ဤကဲ့သို့ အနည်းငယ်မျှ ရေးပြသော အကျိုးဖလတို့ကို ကြည့်ရှုမိကြလျှင် သူတော်ကောင်း ဖြစ်သော ရဟန်းရှင်လူတို့သည် ကောင်းမွန်စွာ ကျင့်နိုင်ကြလိမ့်မည် ဟု ယုံကြည်သဖြင့် ဤမျှလောက်သော အကျိုးဖလတို့ကိုသာ ရေးသားရပေ၏။

အကျိုးခံစားလိုလျှင် အကြောင်းကောင်းရမည်ဟု နှလုံးသွင်းရှိကြသော သူတော်ကောင်းများသည် အကြောင်းကို အထပ်ထပ်အဖန်ဖန် စစ်ဆေးကြရလိမ့်မည်။ ဘုရားရှင်၏ သီလအကျိုးဖလတို့သည် များစွာပင် ကျယ်ဝန်းလှပါ၏၊ ကိုယ်တိုင်သီလကို ဖြည့်ကျင့်သော သူတော်ကောင်းတို့သည် ကောင်းမွန်စွာ သီလ၏အကျိုးဖလ ခံစားရပုံကို သိရှိကြရပါလိမ့်မည်။

ဤအကျိုးများ ခံစားရပုံနှင့် ပတ်သက်၍ အကြောင်းဖြစ်သော ဆောက်တည်ရသော သီလကို စစ်ဆေးဝေဘန်လိုက်သောအခါ ရဟန်းတော်များမှာ အကျဉ်း ၂၂၇-သွယ်, အကျယ် ကုဋ္ဌေကိုးထောင်ကျော် ရှိလေ၏။ လူများ၌ ငါးပါးသီလ, ရှစ်ပါးသီလ, ဆယ်ပါးသီလ စသည်အားဖြင့် ရှိကြ၏။ စောင့်ရှောက်ရမည့် အကြောင်းဖြစ်သော သီလက များစွာပင်ရှိ၍ အကျိုးဖလတို့လည်း များစွာပင် ရှိပါသည်။ သို့သော် စောင့်ရှောက်ရမှာ များလှသည်ဆိုပြီး စိတ်ပျက်အားလျော့စရာမလိုပါ။ သီလကို အတိုချုံးလျှင် သုံးပါး, တနည်း တပါးသာလျှင် ရှိပါသည်။

ဤကဲ့သို့ ဆောက်တည်ရမည့်သီလကား များလှပါသည်ဟူသော အကြောင်းနှင့် ပတ်သက်၍ ဝတ္ထုကြောင်းများ ရေးသားပြပါဦးအံ့—

အညတရတ္ထေရဝတ္ထု

မြတ်စွာဘုရားသခင်သည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် ဤဒေသနာတော်ကို ရဟန်းတပါးအား အကြောင်းပြု၍ ဟောတော်မူ၏။ သာဝတ္ထိပြည်၌ နေသော အမျိုးကောင်းသားတယောက်သည် မြတ်စွာဘုရား၏ တရားဒေသနာတော်ကို ကြားနာရ၍ ဘုရားမျှင်သာသနာ၌ ရဟန်းပြုလေ၏။

သာသနာတော် ရောက်ပြီးသောအခါ ဆရာဥပဇ္ဈာယ်စသော ရဟန်းများတို့က ငါ့ရှင် ရဟန်းသစ် သီလသည် တပါး, နှစ်ပါးစသည်အားဖြင့် များပြား၏။ စူဠသီလ, မဇ္ဈိမသီလ, မဟာသီလ, ဣန္ဒြိယသံဝရသီလ, ပါတိမောက္ခသံဝရသီလ, အာဇီဝပါရိသုဒ္ဓိသီလ, ပစ္စယသန္နိဿိတသီလအားဖြင့် များပြားကုန်၏ဟု ပြောကြသောအခါ ထိုရဟန်းသစ်သည် ဤသို့ ကြံစည်၏။ "ဤသီလတို့သည် များပြားလှကုန်၏၊ ငါသည် ဤသီလများကို ဆောက်တည်၍ ကျင့်ခြင်းငှါ မစွမ်းနိုင်။ သီလကို ဖြည့်ကျင့်ခြင်းငှါ မစွမ်းနိုင်သော ငါ့အား မြင့်မြတ်သော ရဟန်းဘဝဖြင့် အဘယ်အကျိုးရှိပါအံ့နည်း၊ လူထွက်ပြီး ဒါနစသော ကုသိုလ်ကောင်းမှုတို့ကို ပြုပါတော့အံ့၊ သားမယားကိုလည်း လုပ်ကျွေးပါတော့အံ့" ဟု ကြံစည်ပြီး၍ ရဟန်းများစွာတို့ကို ဤသို့လျှောက်၏။

အရှင်ဘုရားတို့....ဘုရားတပည့်တော်သည် မျှားစ့ဉာသော သီလကို စောင့်ရှောက်ခြင်းငှါ မစ့ဉမ်းနိုင်ပါ၊သီလကိုစောင့်ရှောက်ခြင်းငှါ မစ့ဉမ်းနိုင်သောအကျန့ဉ်အား မြင့်မြတ်သော ရဟန်းဘဝဖြင့် အဘယ်အကျိုးရှိပါအံ့နည်း၊ အကျန့ဉ် လူထ့ဉက်ပါအံ့၊ သပိတ်သင်္ကန်းကို အရှင်ဘုရားတို့ ယူတော်မူကြပါဟု လျှောက်လေ၏။

ထိုအခါ ရဟန်းမျှားစ့ဉာတို့က ငါ့ရှင် ရဟန်းသစ် ဒီလိုဆိုလျှင် မြတ်စ့ဉာဘုရားကို ရှိခိုးပြီးမှသာ သ့ဉးပါဟု ပြောဆိုပြီး၍ ရဟန်းသစ်ကို ခေါ်လျက် ဘုရားရှင်ထံသို့ သ့ဉးကြလေ၏။

မြတ်စ့ဉာဘုရားနှင့်တ့ဉပုံ။ ။မြတ်စ့ဉာဘုရားသည်လည်း အို....ချစ်သားရဟန်းတို့ အလိုမရှိအပ်တဲ့ ရဟန်းကို ဘယ်အတ့ဉက်ကြောင့် ခေါ်၍ လာခဲ့ကြသနည်းဟု မိန့်တော်မူသောအခါ ရဟန်းမျှားစ့ဉာတို့က မြတ်စ့ဉာဘုရား ဤရဟန်းသည် သီလကို စောင့်ရှောက်ခြင်းငှါ မစ့ဉမ်းနိုင်ဟု ပြောဆိုပြီးလျှင် လူထ့ဉက်ဘို့ရန် သပိတ်သင်္ကန်းတို့ကို တပည့်တော်တို့ထံ အပ်နှင်းပါ၏၊ သို့အတ့ဉက်ကြောင့် တပည့်တော်တို့သည် ခေါ်၍လာခဲ့ကြပါ၏ဟု လျှောက်ကြကုန်၏။

အို....ချစ်သားရဟန်းမျှားတို့ အဘယ်ကြောင့် သင်တို့ကလဲ ဤရဟန်းအား မျှားစ့ဉာသောသီလကို ပြောကြကုန်သနည်း၊ ဤရဟန်းသည် အကြင်မျှလောက်သော သီလကို စောင့်ရှောက်ခြင်းငှါ စ့ဉမ်းနိုင်၏၊ ထိုစ့ဉမ်းနိုင်သမျှလောက်သော သီလကို စောင့်ရှောက်လိမ့်လတ္တံ့။

ဤယနေ့မှစ၍ သင်တို့သည် ထိုရဟန်းကို တစုံတခုသော သီလကို မပြောရစ်ကြလင့်၊ ငါဘုရားသည် ဤရဟန်းသစ်၌ ပြုအပ်ပြုသင့်ပြုထိုက်သည်ကို သိစေပါမည်ဟု အမိန့်ရှိကာ ရဟန်းသစ်အား ချစ်သားရဟန်း ငါဘုရားထံသို့ လာခဲ့ပါလော့၊ မျှားစ့ဉာသောသီလတို့ကို မစောင့်ရှောက်နိုင်လျှင် သုံးပါးသောသီလကို စောင့်ရှောက်ခြင်းငှါ စ့ဉမ်းနိုင်သလောဟု မေးတော်မူသောအခါ သုံးပါးဆိုလျှင် စ့ဉမ်းနိုင်ပါ၏ဘုရားဟု လျှောက်၏။

ဒါဖြင့်လျှင် သင်သည် ယနေ့မှစ၍ ကာယဒ့ဉါရ, ဝစီဒ့ဉါရ, မနောဒ့ဉါရတည်းဟူသော သုံးပါးသောဒ့ဉါရတို့ကို စောင့်ရှောက်လော့။ ကာယဒ့ဉါရဖြင့် မကောင်းမှုကို မပြုလင့်၊ ဝစီဒ့ဉါရဖြင့် မကောင်းသောစကားကို မဆိုလင့်၊ မနောဒ့ဉါရဖြင့် မကောင်းသည်ကို မကြံလင့်။ သင့်နေရာသို့ သ့ဉးပြီးလျှင် ဤသုံးပါးကိုသာ စောင့်ရှောက်ပါလော့ဟု အမိန့်ရှိလေ၏။

ထိုရဟန်းသစ်သည် ဘုရားရှင်ဟောကြားသော သီလကို နှစ်သက်လျက် သုံးပါးသော သီလကို စောင့်ရှောက်ပါမည်ဟု ဝန်ခံကာ ဘုရားရှင်အား ရှိခိုးပြီး ဆရာဥပဇ္ဈာယ်တို့နှင့် အတူတကွ ဘုရားရှင်ထံမှ ပြန်ခဲ့ကြသည်။

ရဟန်းသစ်သည် သုံးပါးသော သီလတို့ကို ဖြည့်ကျင့်နေစဉ် စိတ်သန္တာန်ဝယ် ကျိုးစိုးစဉ်းစား သိရှိလေ၏၊ ဥပဇ္ဈာယ်ဆရာတို့သည် ငါ့အား ပြောကြားအပ်သော သီလသည်လည်း ကျိုးမျှသည်သာ၊ ဥပဇ္ဈာယ်ဆရာတို့သည် မိမိ၏ဗုဒ္ဓမဟုတ်သည်၏အဖြစ်ကြောင့် ငါနှင့်သင့်လျော်သော သီလကို သိစေခြင်းငှါ မစွမ်းနိုင်ကြကုန်။

သမ္မာသမ္ဗုဒ္ဓဘုရားရှင်သည်သာ မိမိ၏ ဗုဒ္ဓ သုဗုဒ္ဓ အနုတ္တရ ဓမ္မရာဇာဖြစ်သောကြောင့် ကျိုးစွာသော သီလကို သုံးပါးသော ဒုဂ်ရတို့၌ထည့်၍ ငါ့ကို သင်ယူစေ၏။ စင်စစ် မြတ်စွာဘုရားသည် ငါ၏မှီခိုရာဖြစ်ပေ၏ဟု သိပြီးလျှင် ဝိပဿနာတရား ပွါးများသောအခါ နှစ်ရက် သုံးရက်ဖြင့်သာလျှင် ရဟန္တာ ဖြစ်သွားလေ၏။

ကျိုးစွာကို ကြည့်ရှုသော သူတော်ကောင်းတို့သည် သီလဖြည့်ကျင့်ရပုံနည်းနာနယကို သိရှိသောအားဖြင့် အတုယူနိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။ ထို့နောက် နည်းယူဘွယ်ဝတ္ထုကြောင်းကို ဆက်လက်၍ ရေးသားပါဦးအံ့—

အညတရဥက္ကဏ္ဌိတဘိက္ခုဝတ္ထု

မြတ်စွာဘုရားသည် ကျိုးဒေသနာတော်ကို သာဝတ္ထိပြည်၌ သီတင်းသုံးတော်မူစဉ် ဘာသနာတော်၌ ပျင်းရိငြီးငွေ့သော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူသည်။

မြတ်စွာဘုရားသည် သာဝတ္ထိပြည်ဝယ် သီတင်းသုံးတော်မူသော အချိန်၌ သူဌေးသားတယောက်သည် မိမိအိမ်သို့ မကြာခဏ ကြွလာတတ်သော ရဟန်းသို့ချဉ်းကပ်၍ အရှင်ဘုရား တပည့်တော်သည် ဝဋ်ဆင်းရဲအပေါင်းမှ လွတ်မြောက်လိုပါ၏၊ တပည့်တော်အား ဝဋ်ဆင်းရဲမှ လွတ်အံ့သော အကြောင်းတခုကို ဟောတော်မူပါဟု လျှောက်၏။

ထိုအခါ ရဟန်းက ဒါယကာ ကောင်းပါ၏၊ ဆင်းရဲအပေါင်းမှ လွတ်လိုသည်ဖြစ်အံ့၊ ဆွမ်း သက်န်း ကျောင်း ဆေးတို့ကို လှူပါ၊ မိမိ၏ ဥစ္စာနှစ်ကို သုံးဘို့သုံးစုပြု၍ ဥစ္စာဘခုကို ရောင်းဝယ်ခြင်း အမှုစသည် ပြုလုပ်ရမည်၊ ဥစ္စာတခုဖြင့် သားမယားကို ကျွေးမွေးစောင့်ရှောက်ရမည်၊ ဥစ္စာတခုကို ဘုရားသာသနာ၌ လှူရမည်ဟု ပြောလေ၏။

အနုပုဗ္ဗသူဌေးအမည်ရပုံ။ ။သူဌေးသားသည် အရှင်ဘုရား ကောင်းပါပြီဟု ဝန်ခံ၍ ဆိုခဲ့ပြီးသော အစဉ်အတိုင်း အလုံးစုံသော ပြဋ္ဌယ်ကို ပြုပြီး ရဟန်းကို တဖန် မေးပြန်၏။ အရှင်ဘုရား ထို့ထက်အလွန် တပါး သောကုသိုလ်မျာ ပြုစရာ ရှိပါသေးသလားဟု မေးသောအခါ သရဏကုံ ငါးပါး သီလ, ဆယ်ပါးသီလ ဆောက်တည်ပါဟု ပြောလေ၏။ သူဌေးသားလည်း ပြောသည့်အတိုင်း ဆောက်တည်၏။ ဤသို့ အစဉ်အားဖြင့် ကုသိုလ်ကောင်းမှု ကို ပြုသည့်အတွက် အနုပုဗ္ဗသူဌေးဟု ထင်ရှားလေ၏။ အရှင်ဘုရား ထိုထက် အလွန် ပြုဘွယ်ကိစ္စ ရှိပါသေးသလားဟု တဖန် မေးပြန်သောအခါ ရှိပါ၏။ ရဟန်းပြုပါဟု ပြောလေသော် လူ့ဘဝမှ ထွက်ခွါ၍ ရဟန်းပြု၏။

ထိုသူဌေးသားရဟန်း၏ ဆရာတပါးသည် အာဘိဓမ္မာဆောင်ဖြစ်၏၊ ဥပဇ္ဈာယ် ဆရာသည် ဝိနည်းဆောင်ဖြစ်၏၊ အာဘိဓမ္မာဆောင် ဆရာထံ သွားလျှင် အာဘိ-ဓမ္မာပြဿနာကို ပြောဟော၏၊ ဘုရားရှင်သာသနာမည်သည် ဤသဘောမျိုးကို ပြုသင့်၏၊ ဤသဘောမျိုးကို မပြုသင့်ဟု ပြောဟောလေသည်။

ဝိနည်းဆောင်ဆရာထံသွားလျှင် ဘုရားရှင်သာသနာတော်၌ ဤအမှုကို ပြု လျှင် အပ်၏၊ ဤအမှုကား မအပ်ဟု ပြော၏၊ ဤသို့ ပြောသည့်အတွက် သူဌေး သား ရဟန်း၏ စိတ်သန္တာန်ဝယ် ဤရဟန်းဘဝသည် ကိစ္စများ၍ အလွန်ဝန် လေးစွတကား၊ ငါသည် ဆင်းရဲအပေါင်းမှ လွတ်လို၍ ရဟန်းပြု၏။ ဤသာသ နာတော်၌ ငါ၏ လက်ဖြန့်ရာ အရပ်သည်လည်း မထင်ပါ၊ အိမ်မှာနေပြီး ဆင်းရဲ ကင်းအောင် ပြုလုပ်ပါအံ့၊ လူထွက်ရလျှင် ကောင်း၏ဟု ကြံစည်ပြီးလျှင် သာ သနာတော်၌ ပျင်းရိ ငြီးငွေ့လျက် နေလေ၏။

သူဌေးသားရဟန်းသည် အပျင်းများနေသည့်အတွက် သုံးဆယ့်နှစ်ကောဋ္ဌာ သကမ္မဋ္ဌာန်းကို စီးဖြန်းခြင်းမပြုတော့ပေ။ ပါဋိကိုလည်း မသင်ယူနိုင် ဖြစ်နေ၏။ ခန္ဓာကိုယ် ပိန်ချုံး၍ လူရုပ်မလှ ဖြစ်နေသည်။

ထိုအခါ သာမဏေငယ်တို့က အရှင်ဘုရားသည် ရပ်၍ နေရာ၌ ရပ်မြဲတိုင်း သာ၊ ထိုင်၍နေရာ၌ ထိုင်မြဲတိုင်းသာ၊ ဘယ်လိုဖြစ်နေပါသနည်း၊ ရောဂါများ နှိပ်စက်ခြင်းကြောင့် မစားနိုင် မသောက်နိုင်ဖြစ်၍ ပိန်ချုံးနေပါသလား၊ အရှင် ဘုရားသည် ဘယ်အမှုကိုပြုမိ၍ စိတ်ဆင်းရဲနေပါသနည်းဟု ဝိုင်း၍မေးကြကုန်၏။

ထိုအခါ သူဌေးသားရဟန်းက ငါ့ရှင်သာမဏေငယ်တို့ ငါသည် သာသနာ တော်၌ ပျင်းရိ ငြီးငွေ့ပါ၏ဟု မပျော်မွေ့သည့် အကြောင်းစုံကို ပြောကြားလေ သည်၊ သာမဏေတို့သည်လည်း ဥပဇ္ဈာယ်ဆရာတို့ထံ သူဌေးသားရဟန်း သာ သနာမှာ မပျော်မွေ့သည့် အကြောင်းစုံကို ပြောကြား၍ ဥပဇ္ဈာယ်ဆရာတို့လဲ သူဌေးသားရဟန်းကို ခေါ်ပြီး ဘုရားရှင်အထံသို့ သွားကြလေ၏။

မြတ်စွာဘုရားက အို ချစ်သားရဟန်းတို့ ဘယ်အကြောင်းကြောင့် လာကြကုန်သနည်းဟု မေးသည်ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤသူဌေးသား ရဟန်းသည် အရှင်ဘုရားတို့၏ သာသနာတော်၌ ပျင်းရိငြီးငွေ့နေပါသည်ဟု လျှောက်ကြကုန်၏။ သူဌေးသားရဟန်း လျှောက်သည့်အတိုင်း မှန်သလောဟု ဘုရားရှင်က မေးလျှင် သာသနာ့မှာ မပျော်မွေ့သည့်အကြောင်းသည် ဟုတ်မှန်ပါကြောင်း လျှောက်လေ၏။

စိတ်တခုတည်းကို စောင့်ရှောက်ခြင်းဖြင့် ဆင်းရဲအမျိုးမျိုးမှ လွတ်နိုင်ကြောင်း ဘုရားရှင် ဆုံးမတော်မူခြင်း

ထိုအခါ မြတ်စွာဘုရားက သူဌေးသား ရဟန်း တခုတည်းသော တရားကိုသာ စောင့်ရှောက်ခြင်းငှါ အကယ်၍ သင်စွမ်းနိုင်ပါအံ့၊ ကြွင်းသော သီလတို့ကို စောင့်ရှောက်ဘယ်ကိစ္စ မရှိဟု မိန့်ကြားလျှင် အရှင်ဘုရား အဘယ်တရား စောင့်ရှောက်ရပါမည်နည်းဟု မေးလျှောက်သောအခါ သင်၏ စိတ်ကိုသာလျှင် စောင့်ရှောက်ခြင်းငှါ တတ်နိုင်သလောဟု ဘုရားရှင်ကမေးလျှင် အရှင်ဘုရား စိတ်တခုကို စောင့်ရှောက်ခြင်းငှါ စွမ်းနိုင်ပါ၏ဟု လျှောက်၏။ ဒါဖြင့်လျှင် မိမိစိတ်ကို စောင့်ရှောက်ပါ၊ ဆင်းရဲအမျိုးမျိုးမှ လွတ်ခြင်းငှါ တတ်နိုင်ကောင်း၏ဟု ဤအဆုံးအမကို ပေးလေ၏။

သုဒုဒ္ဒသံ သုနိပုဏာ၊ ယတ္ထကာမနိပါတိနံ။
စိတ္တံ ရက္ခေထ မေဓာဝီ၊ စိတ္တံ ဂုတ္တံ သုခါဝဟံ။

(ဓမ္မပဒပါဠိတော် ၁၈)

ဘိက္ခု၊ ရဟန်း။ သုဒုဒ္ဒသံ၊ အလွန်မြင်နိုင်ခဲသော။ သုနိပုဏာ၊ အလွန်သိမ်မွေ့လှစွာသော။ ယတ္ထကာမနိပါတိနံ၊ အကြင်အမှတ်မရှိ အလိုရှိရာအာရုံ၌ ကျလေ့ရှိသော။ စိတ္တံ၊ စိတ်ကို။ မေဓာဝီ၊ ပညာရှိသုခမိန်သည်။ ရက္ခေထ၊ စောင့်ရှောက်ရာ၏။ ဂုတ္တံ၊ လုံခြုံစွာ စောင့်ရှောက်အပ်သော။ စိတ္တံ၊ စိတ်သည်။ သုခါဝဟံ၊ မင်္ဂိုလ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ဆောင်တတ်ပေ၏။

တရားဒေသနာတော်၏ အဆုံး၌ သူဌေးသားရဟန်းသည် သောတာပန်ဖြစ်သွား၏။ အခြားတရားနာ ပရိသတ်တို့သည်လည်း သောတာပန် သကဒါဂါမ်စသည် ဖြစ်ကြလေ၏။

ဤဒေသနာ၌လည်း ဘုရားရှင်သာသနာတော်၌ ပြုကျင့်ဘွယ် ကိစ္စများ၍ ကြောက်လန့်ပြီး လူတွက်ဘို့ စိတ်ကူးသော ရဟန်းဖြစ်သည်။ ပြုကျင့်ဘွယ်ကိစ္စအတိုချုံးလျှင် တခုတည်းသာ စောင့်ရှောက်ရမည်ဟု တရားဟောလိုက်မှ သာသနာမှာ ဆက်လက်ပြီး ပျော်မွေ့သွား၏။

ဤ ဝတ္ထုကြောင်းများကို ထောက်ရှုသောအားဖြင့် သာသနာ့ဝန်ထမ်း အရှင်ရဟန်းတို့ အရှင်မြတ်တို့သည် သာသနာ့တာဝန်ကို ရောက်ရာဒေသ၌ ကျရာတာဝန်ကို ထက်သန်သောဝီရိယဖြင့် ထမ်းဆောင်တော်မူကြစေလိုပါသည်။ အားလျှော့ပြီး ကာမဂုဏ်အာရုံ၌ လိုက်ဘို့ စိတ်မကူးကြပါနှင့်။ ယနေ့ ဘုရားရှင်သာသနာတော်၌ အတိုးနှင့်အယုတ် အယုတ်က များနေကြပါ၏။ ယုတ်လျှော့သည့်အထဲကို အရှင်မြတ်တို့ ပါမသွားဘို့ အရေးကြီးပါ၏။ သီလကို ထိန်းသိမ်း စောင့်ရှောက်ရခြင်းသည် မလွယ်ကူချေဟူ၍ အကြောင်းပြကာ လူ့ဘဝသို့ ရောက်သွားတတ်ကြကုန်၏။ ဤ ဝတ္ထုကြောင်း ဒေသနာများကို ကြည့်ရှု သိရှိထားသော အနာဂတ်ရဟန်းတော်တို့သည် သီလကို ထိန်းသိမ်း စောင့်ရှောက်ရမှုသည် လွယ်ကူပါ၏ ဟူသော အကြောင်းပြစကားတို့ဖြင့် ရဟန်းဘဝကနေပြီး ဤသာသနာသည် ငါ့သာသနာဖြစ်၏ဆိုတဲ့ စိတ်မျိုး မွေးမြူလျက် ထက်သန်ပြင်းပြစွာ သာသနာတော်ကို ထမ်းဆောင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

သီလာနိသံသကထာ ပြီး၏။

သာသနာခေတ်၏ အုံကွယ်ချစ်ပါး

သီလဖြူစင်စွာဖြင့် အသက်မွေးမြူပြီး သာသနာ့တာဝန်ကို ထမ်းဆောင်လိုသော ပုဂ္ဂိုလ်သည် သာသနာတော်၏အုံကွယ်ကောင်းသော အကြောင်းရှစ်ပါးကိုလည်း သိသင့်သိထိုက်ပါသည်။

၁။ မဟာသမုဒ္ဒရာသည် အစဉ်အဝေါက်မနက်ပဲ အစဉ်အတိုင်း ညတ်ယိမ်းကိုင်းရှိုင်းပြီး အစောက်နက်သကဲ့သို့ ထို့အဘူ ဘုရားရှင် သာသနာတော်သည်လည်း အစဉ်အတိုင်း ကျင့်အပ်သော သုံးပါးသောသိက္ခာ, အစဉ်အတိုင်း ပြုအပ်သော တဆယ့်သုံးပါးသော ဓုတင်, အစဉ်အတိုင်း ကျင့်အပ်သော ခုနစ်ပါးသော အနုပဿနာ, သုံးဆယ့်ရှစ်ပါးသော အာရမ္မဏဝိဘတ္တိ, သုံးဆယ့်ခုနစ်ပါးသော ဗောဓိပက္ခိယတရား ရှိသည်ဖြစ်၍ အစဉ်ယာလျှင် အောက်မက် အောက်ဖိုလ်တို့သည် သိသာပြီးသော လေးပါးသော သစ္စာဟူသော အပိုင်းအခြာ ကို မလွန်မူ၍ သိတတ်သော အရဟတ္တဖိုလ်ကို ထိုးထွင်း၍ သိခြင်းသည်ပင် သာသနာတော်၏ ပဌမ အုံသြဘွယ်ဖြစ်၏။

၂။ မဟာသမုဒ္ဒရာသည် တည်ခြင်းသဘောရှိသည်ဖြစ်၍ ကမ်းကို မကျော်လွန်နိုင်သကဲ့သို့ ထို့အတူ ဘုရားရှင်သာ နာတော်၌ ကုန်ကြသောရဟန်းတို့သည် ပညတ်တော် မူအပ်သော သိက္ခာပုဒ်ကို အသက်ဟူသော အကြောင်းကြောင့်သော်လည်း မလွန်ကျူး မကျော်နင်းခြင်းသည်ပင် သာသနာတော်၏ ဒုတိယ အုံသြဘွယ် ဖြစ်၏။

၃။ မဟာသမုဒ္ဒရာသည် သူသေကောင်ပုပ်နှင့် အတူတကွ မဆက်ဆံ၊ သူသေကောင်ပုပ်ကို လျင်မြန်စွာ ကမ်းပေါ်သို့ ပို့ဆောင်သကဲ့သို့ ထို့အတူ ဘုရားရှင် သာသနာတော်၌နေသော ဒုဿီလပုဂ္ဂိုလ်သည် လင်္ဂီသူမှန် သီလဝန္တ သံဃာတော်အရှင်မြတ်တို့၏အလယ်၌ ကောင်းစွာနေသော်လည်း ယင်းသံဃာမှ ဝေးသည်သာ ဖြစ်၏။ သီလဝန္တ သံဃာတော်သည်လည်း ဒုဿီလပုဂ္ဂိုလ်မှ ဝေးသည်သာ ဖြစ်၏။ ဤသို့ ဒုဿီလရဟန်း၏ သီလဝန္တသံဃာမှ ဝေးရခြင်းသည်ပင် သာသနာတော်၏ တတိယ အုံသြဘွယ် ဖြစ်၏။

၄။ မဟာသမုဒ္ဒရာသို့ ဂင်္ဂါမြစ်, ယမုနာမြစ်, အစိရဝတီမြစ်, သရဘူမြစ်, မဟီမြစ် တည်းဟူသော မြစ်ကြီး ငါးစင်းတို့ ရောက်သည်ရှိသော် ရှေးဖြစ်သော အမည်အနွယ်များကို စွန့်ရပြီ လျှင် "မဟာသမုဒ္ဒရာ" ဟူ၍သာ ခေါ်ဝေါ်ပညတ် သမုတ်အပ်သည့်အဖြစ်သို့ ရောက်ရသကဲ့သို့ ထို့အတူ မင်းမျိုး, ပုဏ္ဏားမျိုး, ကုန်သည်မျိုး, သူဆင်းရဲမျိုးတို့သည် ဘုရားရှင်သာသနာတော်၌ ရဟန်းပြုကြသည်ရှိသော် ရှေးဖြစ်သော အမည်အနွယ်ကိုစွန့်၍ သာကီဝင်

မင်းသား ဘုရားသားတော်ဖြစ်ကြသော ရဟန်းတို့ပေတည်းဟု ခေါ်ဝေါ်ပညတ်သမုတ်ရခြင်းသည်ပင် သာသနာတော်၏ စတုတ္ထ အံ့သြဘွယ်ဖြစ်၏။

၅။ မဟာသမုဒ္ဒရာသည် မြစ်ကြီးမြစ်ငယ် မိုးရေအယဉ်တို့ စီးဆင်းခြင်းဖြင့် ယုတ်လျော့သည်အဖြစ် ပြည့်လျှံသည်အဖြစ် မထင်ရှားသကဲ့သို့ ထို့အတူ ဘုရားရှင် သာသနာတော်၌ နေကြကုန်သော ရဟန်းတော်တို့သည် အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် အကယ်၍ ပရိနိဗ္ဗာန် ဝင်စံတော်မူကြကုန်သည်ရှိသော် ထို အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်စံခြင်းဖြင့် အနုပါဒိသေသနိဗ္ဗာနဓာတ်၏ ယုတ်လျော့သည်၏အဖြစ် ပြည့်သည်၏အဖြစ် မထင်ရှားခြင်းသည်ပင် သာသနာတော်၏ ပဉ္စမ အံ့သြဘွယ်ဖြစ်၏။

၆။ မဟာသမုဒ္ဒရာသည် ငန်သောအရသာ တမျိုးတည်းသာရှိသကဲ့သို့ ထို့အတူ ဘုရားရှင်သာသနာတော်၌ ဤဓမ္မဝိနယသည် (ဝိမုတ္တိရသ)အရဟတ္တဖိုလ်ဟူသော သာယာအပ်သော ကိစ္စတမျိုးတည်းသာရှိ၏။ ဤကား သာသနာတော်၏ ဆဋ္ဌ အံ့သြဘွယ်ဖြစ်၏။

၇။ မဟာသမုဒ္ဒရာ၌ များစွာသော လောကီ ရတနာရှိသကဲ့သို့ ထို့အတူ ဘုရားရှင်သာသနာတော်၌ သတိပဋ္ဌာန်လေးပါး, သမ္မပ္ပဓာန်လေးပါး, ဣဒ္ဓိပါဒ်လေးပါး, ဣန္ဒြေငါးပါး, ဗိုလ်ငါးပါး, ဗောဇ္ဈင်ခုနစ်ပါး, မဂ္ဂင်ရှစ်ပါး ဤလောကုတ္တရာ ရတနာတို့သည် ရှိကုန်၏။ ဤလောကုတ္တရာ ရတနာတို့ ရှိခြင်းသည်ပင် သာသနာတော်၏ သတ္တမ အံ့သြဘွယ်ဖြစ်၏။

၈။ မဟာသမုဒ္ဒရာသည် တိမိင်ငါး, တိမိင်္ဂလငါး, တိမိရပိင်္ဂလငါးစသော သတ္တဝါတို့၏ နေရာဖြစ်သကဲ့သို့ ထို့အတူ ဘုရားရှင်သာသနာတော်၌ ဤဓမ္မဝိနယသည် မြတ်ခသာ သောတာပတ္တိမဂ္ဂဉာန်ပုဂ္ဂိုလ်, သောတာပတ္တိဖလဉာန်ပုဂ္ဂိုလ်, သကဒါဂါမိမဂ္ဂဉာန်ပုဂ္ဂိုလ်, သကဒါဂါမိဖလဉာန်ပုဂ္ဂိုလ်, အနာဂါမိမဂ္ဂဉာန်ပုဂ္ဂိုလ်, အနာဂါမိဖလဉာန်ပုဂ္ဂိုလ်, အရဟတ္တမဂ္ဂဉာန်ပုဂ္ဂိုလ်, အရဟတ္တဖလဉာန်ပုဂ္ဂိုလ်တို့၏ နေရာဖြစ်၏။ ဤသာသနာတော်၌ မြတ်သောပုဂ္ဂိုလ်တို့၏ နေရာဖြစ်ရခြင်းသည်ပင် သာသနာတော်၏ အဋ္ဌမ အံ့သြဘွယ်ဖြစ်၏။(အင်္ဂုတ္တိုရ် အဋ္ဌကထာ တတိယအုပ်။ ၂၁၈။)

ဤကား ဘုရားရှင်သာသနာတော်၏ အံ့သြဘွယ်ကောင်းသော တရားရှစ်ပါး ဖြစ်ပါသည်။ မည်သည့် ရဟန်းမဆို ဤကဲ့သို့ အံ့သြဘွယ်ဂုဏ်နှင့် ပြည့်စုံသော သာသနာတော်၌ နေကြရ၏။ သို့ဖြစ်၍ မိမိနေသော သာသနာ၏ ဂုဏ်အရှိန်ကို ရှုငဲ့လျက် ဂုဏ်နှင့်ဒြပ်လိုက်အောင် ကြည်ညိုဘွယ်ကို ဆောင်ကြ၍ နေတော်မူကြပါရန် မေတ္တာရှေးရှု၍ တိုက်တွန်းပါသည်။

သာသနာတော်၏ အံ့သြဘွယ်ရှစ်ပါး ပြီး၏။

နှစ်သက်အားတက်ဖွယ်ရာ ဂါထာများ

အာရမ္ဘထ နိက္ကမထ၊ ယုဥ္ဇထ ဗုဒ္ဓသာသနေ။
မုနာထ မစ္စုနော သေနံ၊ နဋ္ဌာဂါရံဝ ကုဥ္ဇရော။
(သံယုတ်ပါဠိတော်ပဌမအုပ် ၁၅၉)

ဗုဒ္ဓသာသနေ၊ ဘုရားသာသနာ ထွန်းလင်းသောအခါ၌။ အာရမ္ဘထ၊ ဝီရိယမယုတ် ကြိုးအံကုတ်၍ အားထုတ်ကြပါကုန်။ နိက္ကမထ၊ ကိလေသာငုတ် လောဘယုတ်ကို နှင်ထုတ်ကြပါကုန်။ ယုဥ္ဇထ၊ အားမာန်တက်၍ တိုက်ဖျက်ကြပါကုန်။ ကုဥ္ဇရော၊ ဆင်ပြောင်ကြီးသည်။ နဋ္ဌာဂါရံ၊ ကျုံးဝင်ရံအိမ်ကို။ မုနာတိ ကွဝ၊ မုန့်မုန့်ညက်ညက် ကြေအောင်ဖျက်သကဲ့သို့။ မစ္စုနေ ၊ သေမင်းယုတ်၏။ သေနံ၊ လောဘ ဒေါသ မောဟ တည်းဟူသော စစ်သည်ကို။ မုနာထ၊ သတိဘာရုံးအားကိုးထားလျက် တိုက်ဖျက်ကြပါကုန်။

ကုသော ယထာ ဒုဂ္ဂဟိတော၊ ဟတ္ထမေဝါနုကန္တတိ။
သာမညံ ဒုပ္ပရာမဋ္ဌံ၊ နိရယာယုပကဍ္ဎတိ။
(ဓမ္မပဒပါဠိခဏ္ဍ ၅၇)

ဒုဂ္ဂဟိတော၊ သတိမထား အရမ်းအားဖြင့် တအားကိုင်ဆုတ် ဆွဲကာနုတ်အပ်သော။ ကုသော၊ သမန်းမြက်သည်။ ဟတ္ထမေဝ၊ သတိပေါ့ပျက် ကိုင်သူ့လက်ကိုသာလျှင်။ အနုကန္တတိ ယထာ၊ သွေးစက်စိုးကျ ပြတ်အောင်ရှသကဲ့သို့။ ဒုပ္ပရာမဋ္ဌံ၊ မကောင်းသဖြင့် သုံးသပ်အပ်သော။ သာမညံ၊ ရဟန်း၏ အဖြစ်သည်။ နိရယာယ၊ ချမ်းသာကင်းရာ ငရဲရှာသို့။ ဥပကဍ္ဎတိ၊ ဆွဲငင်၏။

ဥဒယဗ္ဗယသခ်ါရေ၊ နိဗ္ဗိန္ဒိဘ္ဝာန ပဏ္ဍိတော။
သကိစ္စမနုယုဉ္ဇေယျ၊ မောဃံ ကာလံ နာ ဓိဝယေ။

ပဏ္ဍိတော၊ ကြောင်းကျိုးမြင်သိ ပညာရှိသည်။ ဥဒယဗ္ဗယသခ်ါရေ၊ ဖြစ်ပျက်ဓမ္မ သခ်ါရ၌။ နိဗ္ဗိန္ဒိတ္ဝာန၊ ငြီးငွေ့၍။ သကိစ္စံ၊ မိမိ၏ကိစ္စကို။ အနုယုဉ္ဇေယျ၊ အဖန်ဖန် ကြိုးကုတ် သုတ်သုတ်လျင်စွာ အားထုတ်ရာ၏။ မောဃံ ကာလံ၊ အချည်းနှီးသော အချိန်အခါကာလကို။ နာ ဓိဝယေ၊ မကုန်ခန်းစေရာ။

ယာဝဇီဝမ္ပိ စေ ဗာလော၊ ပဏ္ဍိတံ ပယိရုပါသတိ။
နာ သော ဓမ္မံ ဝိဇာနာတိ၊ ဒဗ္ဗီ သူပရသံ ယထာ။
(ဓမ္မပဒပါဠိတော် ၂၂)

ဒဗ္ဗီ၊ ဟင်းမွှေယောက်ျာသည်။ သူပရသံ၊ အစပ်အငန် အဖန်အခါး စသော ဟင်း၏ အရသာမျိုးကို။ နာ ဝိဇာနာတိ ယထာ၊ မသိသကဲ့သို့။ တထာ၊ ထို

အတူ။ ယော ဗာလော၊ အကြင်လူမိုက်သည်။ ယာဝဇီဝမ်ပဲ၊ အသက်ထက်ဆုံးလည်း။ ပဏ္ဍိတံ၊ ပညာရှိ သုခမိန်သို့။ စေ ပယိရုပါသတိ၊ အကယ်၍ အတူတကွနေလျက် ဆည်းကပ်သည် ဖြစ်အံ့။ သော ဗာလော၊ ထိုလူမိုက်သည်။ ဓမ္မံ၊ ပရိယတ္တိဓမ္မ ပဋိပတ္တိဓမ္မ ပဋိဝေဓဓမ္မကို။ န ဝိဇာနာတိ၊ မသိ။

ပညာရှိသို့ ချဉ်းကပ်လျက်နေသောသူသည် ပညာရှိထံမှ ရသင့် ရထိုက်သော အဆုံးအမ ဩဝါဒတရားကို မရရှိလျှင် ဟင်းမွှေယောက်မနှင့် တူသည်ဟူ၏။

မုဟုတ္တမပိ စေ ဝိညူ၊ ပဏ္ဍိတံ ပယိရုပါသတိ။
ခိပ္ပံ ဓမ္မံ ဝိဇာနာတိ၊ ဇိဝှါ သူပရသံ ယထာ။

(ဓမ္မပဒပါဠိတော် ၂၂)

ဇိဝှါ၊ လျှာသည်။ သူပရသံ၊ ဟင်း၏အရသာကို။ ဝိဇာနာတိ ယထာ၊ သိသကဲ့သို့။ တထာ၊ ထို့အတူ။ ဝိညူ၊ သိကြား လိမ္မာသော ပညာရှိသည်။ မုဟုတ္တမပိ၊ တခဏမျှလည်း။ ပဏ္ဍိတံ၊ ပညာရှိသောသူသို့။ စေ ပယိရုပါသတိ၊ အကယ်၍ ဆည်းကပ်သည် ဖြစ်အံ့။ ခိပ္ပံ၊ လျင်မြန်စွာ။ ဓမ္မံ၊ လောကုတ္တရာတရားကို။ ဝိဇာနာတိ၊ သိ၏။

လျှာသည် ဟင်း၏အရသာကို သိ၏။ ယောက်မသည် ဟင်း၏အရသာကို မသိပေ။ သင်တို့လည်း လျှာကဲ့သို့ကျင့်၊ ယောက်မလို မကျင့်လင့်ဟူ၏။ တခဏမျှ ပညာရှိထံ ဆည်းကပ်၍ အဆုံးအမ ဩဝါဒ လောကုတ္တရာဓမ္မကို ရရှိလျှင် လျှာနှင့် တူ၏။

မာ ပမာဒတ္ထ ဘိက္ခဝေ၊ ပစ္ဆာ ဝိပ္ပဋိသာရိနော။
မာ အဟုဝတ္ထ အယံ ခေါ၊ အမှာကံ အနုသာသနီ။

ဘိက္ခဝေ၊ ရဟန်းတို့။ မာ ပမာဒတ္ထ၊ မေ့ မေ့လျော့လျော့ မနေရစ်ကြကုန်လင့်။ ပစ္ဆာ၊ မကျင့်နိုင်လောက် အချိန်ရောက်မှ နောက်ကာလ၌။ ဝိပ္ပဋိသာရိနော၊ ငယ်ရွယ်စဉ်က ကျင့်ထိုက်ရာကို မကျင့်မိလေခြင်းဟု နှလုံးမသာယာခြင်း ရှိကုန်သည်။ မာ အဟုဝတ္ထ၊ သောကမျှားစွာ မဖြစ်ရစ်ကြပါကုန်လင့်။ အယံ၊ ဤဩဝါဒကထာသည်။ တုမှာကံ၊ သင်ချစ်သားတို့အား။ အမှာကံ၊ ငါဘုရားတို့၏။ အနုသာသနီ၊ အခွင့်ကာလ ဒုလ္လဘကို မလွန်ကြခင် အစတင်၍ သွန်သင်ခွေပြေး အဆုံးအမ ပေးခြင်းပေတည်း။

၁။ တည်ကြည်ခြင်းမရှိသော ဒုဿီလပုဂ္ဂိုလ်သည် အနှစ်တရာပတ်လုံး အသက်ရှည်သော်လည်း မမြတ်သည်သာ။ သီလရှိသော နှစ်ပါးသော စျာန်ကို ဝင်စားလေ့ရှိသောသူ၏ တရက်မျှ အသက်ရှည်ရခြင်းသည် မြတ်လှ၏။

၂။ သမာဓိပညာမရှိသောသူသည် အနှစ်တရာ အသက်ရှည်သော်လည်း မမြတ်သည်သာ၊ ပညာရှိသော စျာန်ဝင်စားသောသူ၏ တရက်မျှ အသက်ရှည်ရခြင်းသည် မြတ်လှ၏။

၃။ ပျင်းရိ၍ လုံ့လဝီရိယမရှိသော ရဟန်းသည် အနှစ်တရာ အသက်ရှည်ပါသော်လည်း မမြတ်သည်သာ၊ လုံ့လဝီရိယရှိ၍ မြဲမြံစွာ အားထုတ်သောသူ၏ တရက်မျှ အသက်ရှည်ရခြင်းသည် မြတ်လှ၏။

၄။ ရေကို ဆောင်သောသူသည် ရေကို မိမိလိုရာအရပ်သို့ ဆောင်ကုန်၏။ လေးသမားတို့သည် မြှားကို ဖြောင့်အောင် ပြုကုန်၏။ သစ်ရွေသမားတို့သည် သစ်တို့ကို မိမိတို့အလိုရှိတိုင်း ဖြောင့်အောင် ရွေကုန်၏။ ပညာရှိတို့သည် မိမိကိုယ်ကို ယဉ်ကျေးလိမ္မာအောင် ဆုံးမကုန်၏။

၅။ ကျောက်တောင် ကျောက်တုံးကြီးသည် လေတိုက်သောအခါ မတုန်လှုပ်သကဲ့သို့ ထို့အတူ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း ချီးမွမ်းခြင်းတို့ကြောင့် အမျက်ထွက်ခြင်း, ဝမ်းမြောက်ခြင်း၏ အစွမ်းဖြင့် မတုန်လှုပ်ကုန်။

ဤမျှသော စကားအစဉ်ဖြင့် သီလနှင့် ပတ်သက်၍ဆိုရာ စကားရပ် ပြီးဆုံးလတ်၍ လက်စသတ်လိုက်ပါပြီ။

ကာမဒီနဝကထာ

သီလကို ညစ်နွမ်းစေတတ်သည့် ကာမဂုဏ်အာရုံ၏ အပြစ်များကို ရေးသား ပါဦးအံ့—

ကာမဂုဏ်၏ အပြစ်များ

အထ ဗောဓိသတ္တော ဓမ္မာလောကမုခေန အန္တေပုရံ ပစ္စဝေက္ခမာနော မဟာကရုဏာဝရိဒေဝိတေန သတ္တေ ပရိဒေဝိတေသု။

၁။ ဣဟ တေ ဗာလာ ဟညန္တေ အာဃာတိနော ဣဝ ဝဓျာ။

၂။ ဣဟ တေ ဗာလာ ရဇ္ဇန္တေ စိတြဃတေသ္ဝါ[1] မေမျ ပရိပုဏ္ဏေ သ္ဝဝီဒံသာ[1]။

၃။ ဣဟ တေ ဗာလာ ရုဓျန္တေ စောရာ ဣဝ စာရကမဇ္ဈေ။

၄။ ဣဟ တေ ဗာလာ အဘိရတာ ဝဏှဟာ ဣဝါသုစိမဇ္ဈေ။

၅။ ဣဟ တေ ဗာလာ အဓျဝသိတာ၊ ကုဏ္ဍေ ဣဝ အဋ္ဌိကင်္ကလမဇ္ဈေ။

၆။ ဣဟ တေ ဗာလာ ဗဇ္ဈန္တေ ကဗယဣဝ ဝလယေန။

၇။ ဣဟ တေ ဗာလာ ပရိဒယှန္တေ ဇာလောက္ခိတ္တာ ဣဝ ဇလဇာ။

၈။ ဣဟ တေ ဗာလာ ပရိက္ခီဏသု ကဋ္ဌေသ္ဝိဝေါရဂါ။

၉။ ဣဟ တေ ဗာလာ အဝသဋ္ဌန္တေ ကိဗ္ဗိသကာရိနော ဣဝ သူလဋ္ဌေ။

၁၀။ ဣဟ တေ ဗာလာ သံသီဒန္တိ ဇိဏ္ဏာဂဇာ ဣဝ ပင်္ကေ။

၁၁။ ဣဟ တေ ဗာလာ ဝိပဇ္ဇန္တေ ဘိန္နဳ ယာနပတ္တာ ဣဝ မဟာသမုဒ္ဒေ။

၁၂။ ဣဟ တေ ဗာလာ ပပတန္တေ မဟာပပါတ ဣဝ ဇာတျန္ဓာ။

၁၃။ ဣဟ တေ ဗာလာ ပရုယဝဒါနံ ဂစ္ဆန္တိ ပါတာလသန္ဓိဂတမိဝ ဝါရိ။

၁၄။ ဣဟ တေ ဗာလာ ဓူမာယန္တေ ကပ္ပသခ်ိယ ဣဝ မဟာပထဝီ။

၁၅။ ဣဟ တေ ဗာလာ အာဘိဗာလာ ဘမယန္တေ ကုမ္ဘကာရမိဝါ ဝိဒ္ဓံ။

၁၆။ ဣဟ တေ ဗာလာ ပရိဘမယန္တေ သေလန္တဂတာ ဣဝ ဇာတျန္ဓာ။

၁၇။ ဣဟ တေ ဗာလာ ပရိဝတ္တန္တေ ကုက္ကုဠာ ဣဝ အင်္ဂါရကဗလဗဒ္ဓါ[1]။

၁၈။ ဣဟ တေ ဗာလာ မိလာယန္တေ ဂိမှကာလ ဣဝ ဝနပတယော။

၁၉။ ဣဟ တေ ဗာလာ ပရိဟီယန္တေ သသီ ဣဝ ကဏှပက္ခေ။

၁။ ဝိမံသိတဗ္ဗံ။

၂၀။ ဣဟ အာဘိဗာလာ ဘက္ခဳယန္တေ ဂရုဋ္ဌေနဝ ပန္နဂါ။
၂၁။ ဣဟ အာဘိဗာလာ ဃဿယန္တေ မဟာမကရေနဝ ပေါတကာ။
၂၂။ ဣဟ အာဘိဗာလာ လုပ္ပယန္တေ၊ စောရသဿေနဝ သတ္ထာ။
၂၃။ ဣဟ အာဘိဗာလာ ဘိဇ္ဇန္တေ မာရုတေနဝ သာလာ။
၂၄။ အာဘိဗာလာ ဟညန္တေ ဒဋ္ဌဝိသေဟိဝ ဇန္တဝေါ။
၂၅။ အာဘိဗာလာ ဒဿညိနော ဗာလာ ခဏယန္တေ
မဓုလိတ္ထာဘိရိဝ ခုရဓာရာဟိ ဗာလဇာတိယော။
၂၆။ အာဘိဗာလာ ဝုယ္ဟန္တေ ဒါရုက္ခန္ဓာ ဣဝ ဇလောဃေဟိ။
၂၇။ အာဘိဗာလာ ကီလန္တိ ဒါရကာ ဣဝ သမုဒ္ဒပုရိသေဟိ။
၂၈။ အာဘိဗာလာ ဗဇ္ဈန္တေ အက်ံသေနဝ ဂဇာ။
၂၉။ အာဘိဗာလာ ဝဇ္ဈန္တေ မုဒ္ဓကေဟိဝ ဗာလဇာတိယော။
၃၀။ ဣဟ တေ ဗာလာ ကုသလမူလာနိ ခပယန္တိ ဇုတာဘိရတာ
ဣဝ ဓနံ။
၃၁။ အာဘိဗာလာ ဘက္ခဳယန္တေ ရက္ခသိဟိ ဣဝ ဝဏ္ဏဇာတိ။

သိဒ္ဓတ္ထမင်းသား ဘုရားအလောင်းတော် တောထွက်တော်မူခါနီး နန်းတော်တွင်း၌ ပျော်စံနေစဉ်အခါ ကာမဂုဏ်ထဲ၌ မေ့လျော့ယစ်မူး၍ နေကြသူ လူအပေါင်းတို့၏ ဖြစ်နေကြပုံကို ကြည့်ရှု၍ ထိတ်လန့်သံဝေဂရပြီး ညည်းတွာ မိန့်ကြားအပ်သော **လလိတဝိတ္ထာရမည်သော ဗုဒ္ဓပူရာဏ်ကျမ်း**တော်ကြီးမှ ထုတ်နုတ်ရေးသားအပ်သော ကာမဂုဏ်အာရုံ၏ အပြစ်များဖြစ်သည်။

ဘုရားအလောင်းတော်သည် တရားတော်အရောင် ပြောင်ပြောင်ထိန်ဝင်းထွန်းလင်းခြင်းကို အကြောင်းပြုသဖြင့် နန်းတော်တွင်း၌ စံနေတော်မူစဉ် သတ္တဝါတို့ကို ဆင်ခြင်တော်မူသည်ရှိသော် အလွန်သနားတော်မူခြင်း၏ အစွမ်းဖြင့် ဤသို့ နှုတ်တော်ဖြင့် မြွက်ဆိုပါသည်။

၁။ ဘုရင်၏ မင်းချင်းယောကျ်ား အာဏာသား**တို့**သည် သတ်ထိုက်သင့်သူ မင်းဒဏ်သင့်သူတို့ကို သတ်အပ်ကုန်ဘိသကဲ့သို့ ထို့အတူ ကာမဂုဏ်သံနှောင် လူတို့ဘောင်၌ ကာမဂုဏ်ထဲ ပျော်အားသဲကုန်သော လူမိုက်တို့ကို ကာမဂုဏ်တို့သည် ညှဉ်းဆဲနှိပ်စက် သတ်အပ်ကုန်၏။

၂။ လောက၌ မရိပ်မိသူ မသိတတ်သည့် လူနုံ, လူအ, လူဗာလတို့သည် ကျင်ကြီးကျင်ငယ် မစင်ကြယ်သည့် ဝတ္ထုဖြင့် ပြည့်ကုန်သော ပန်းချီဆေးဖြင့် ရေးခြယ်အပ်သော အိုးခွက်တို့၌ တပ်နှစ်သက်ကြကုန်ဘိသကဲ့သို့ ထို့အတူ

ကာမဂုဏ်ဘင်ပုပ် အယုတ်တရားဌ္ဌ ကာမဂုဏ်တွင်း သက်ဆင်းကြကုန်သော လူမိုက်တို့သည် တပ်နှစ်သက်ကြကုန်၏။

(လောကဌ္ဌ ဆင်တို့သည် ဝဲဩဃရေအလယ်ဌ္ဌ မေ့လျော့ ပျော်မြူးယစ်မူးကြကုန်သကဲ့သို့ ထို့အတူ ကာမဂုဏ်ဝဲ ဩဃထဲဌ္ဌ လူမိုက်တို့သည် မေ့လျော့ပျော်မြူး ယစ်မူးကြကုန်၏။)[၁]

၃။ လောကဌ္ဌ ဘုရင်တို့သည် ခိုးသားမားပြတို့ကို နှောင်အိမ်တွင်းဌ္ဌ လှောင်ထားအပ်ကုန်သကဲ့သို့ ထို့အတူ သူမိုက်တို့ကို ကာမတဏှာတို့သည် ကာမဂုဏ် ညွတ်ကွင်း သံချိုင့်တွင်းဌ္ဌ ရိုက်နှက်ချသင်း အတင်းလှောင်ထားအပ်ကုန်၏။

၄။ လောကဌ္ဌ ဝက်တိရစ္ဆာန်တို့သည် မစင်တွင်းကြီးအလယ်ဌ္ဌ လွန်လွန်ကဲကဲ မွေလျော်ပျော်ပါ.ကုန်သကဲ့သို့ ထို့အတူ ညှီဟောက်နံသိုး ကာမဂုဏ်ဘင်ပုပ်အိုးဌ္ဌ ဆိုးကောင်းယုတ်မြတ် မသင်္ဘတ်သူ လူမလိမ္မာတို့သည် လွန်စွာပျော်မွေ့ မှားကြကုန်၏။

၅။ လောကဌ္ဌ မျောက်သတ္တဝါတို့ကို ခြေကျင်းကြိုးဖြင့် မသွားနိုင်အောင် ဖွဲ့နှောင်ချီထားအပ်ကုန်သကဲ့သို့ ထို့အတူ ကောင်းဆိုးယုတ်မြတ် မသိတတ်သူ လူမလိမ္မာတို့ကို ကာမဂုဏ်တို့သည် ကာမဂုဏ်ညွတ်ကွင်း ထောင်အတွင်းဌ္ဌ ဖွဲ့ထားအပ်ကုန်၏။

၇။ ပိုက်ကွန်တွင်းဌ္ဌ ခုန်တက်မှားကုန်သော ငါးသတ္တဝါတို့ကို လူတို့သည် ဖုတ်ကင်ကြော်မြိုက် မီးတိုက်အပ်ကုန်ဘိသကဲ့သို့ ထို့အတူ လူမိုက်တို့ကို ကာမဂုဏ်မီး လောင်ပုံကြီးဌ္ဌ တဏှာဝင်မြိုက် မီးတိုက်အပ်ကုန်၏။

၁။ ( ) ဤအတွင်း စာများ မူရင်းပါဋ္ဌိမတွေ့။

၈။ မြေတို့သည် နတ်ထင်းတို့၌ အရာမဟုတ်ပဲ အမျက်ထွက်ကုန်ဘိသကဲ့သို့ ထို့အတူ ငါးကာမဂုဏ် လူတို့ဘုံ၌ ကာမဂုဏ်ယစ်မူးကြကုန်သော သူတို့သည် အမျက်ထွက်မှားကြကုန်၏။

၉။ ခိုးမှုတိုက်မှု မကောင်းမှုကို ပြုလေ့ရှိသော သူတို့သည် မင်းချင်းတို့၏ တံကျင်ဖျား၌ ကပ်ငြိကြရကုန်ဘိသကဲ့သို့ ထို့အတူ ချမ်းသာဆင်းရဲ အသိနဲ့သူ လူမလိမ္မာတို့သည် ကာမဂုဏ်တရားငြောင့်၌ နှုတ်ယူမရ ကပ်ငြိကြရကုန်၏။

၁၀။ လောက၌ ဆင်အိုကြီးတို့သည် ရှုံညွန်ပျောင်းကြီး၌ နစ်ကြကုန်ဘိသကဲ့သို့ ထို့အတူ ဆင်းရဲချမ်းသာ မသိရှာသူ လူမလိမ္မာတို့သည် တရားအာရုံကာမဂုဏ်၌ နစ်မြုပ်ကြကုန်၏။

၁၁။ လောက၌ လှေသင်္ဘောပျက်ကုန်သော သူတို့သည် မဟာသမုဒ္ဒရာ၌ ဥစ္စာပျက်ရှုံး အသက်ဆုံးပြီး ပြုန်းတီးသကဲ့သို့ ထို့အတူ ကောင်းကျိုးချမ်းသာ မသိရှာသူ လူမလိမ္မာတို့သည် ကာမဂုဏ်မြစ်ထဲ ပင်လယ်ဝဲ၌ ပစ္စုပ္ပန် သံသရာချမ်းသာနှစ်ပါး ပျက်ပြားဆုတ်ယုတ် စင်းလုံးမြုပ်ရှာကြကုန်၏။

၁၂။ လောက၌ မိခင်ဝမ်းတွင်းက မျက်စိကန်းလာသော သူတို့သည် ချောက်ကြီးထဲ၌ ဦးစောက်ပြောင်းပြန် ကျကုန်ဘိသကဲ့သို့ ထို့အတူ ဘေးကို မသိတတ်သူ လူမလိမ္မာတို့သည် ကာမဂုဏ်ချောက်ကြီးထဲ၌ စောက်ထိုးကားရား ကျသွားရှာကြကုန်၏။

၁၃။ ဥပမာတနည်းကား အရပ်တပါး စီးချီသွားသော ချောင်းရေ မြောင်းရေသည် နဂါးပြည်ရောက် အခေါင်းပေါက်သည့် တွင်းခေါင်းအစပ် ရောက်လတ်ဘိသကဲ့သို့ ထို့အတူ ကိုယ့်ဘေးကိုယ်မသိသော လူမိုက်တို့သည် ကာမဂုဏ်တွင်းနက် ချောက်နရက်၌ ပစ္စုပ္ပန် သံသရာ နှစ်ဖြာချမ်းသာကြောင်းတို့၏ ထပေါင်းတည်းကုန်ခြင်းသို့ ရောက်ရှာကြကုန်၏။

၁၄။ လောက၌ ကမ္ဘာပျက်နေမင်း ခြောက်စင်းထွက်သည့်အခါ မြေကြီးသည် အခိုးခြောင်းခြောင်း ထကုန်ဘိသကဲ့သို့ ထို့အတူ မီးပုံကြီးအတွင်း သူထက်ငါ အပြိုင်ဆင်းကြမည့် လူမိုက်တသင်းတို့သည် ကာမဂုဏ်မီးလောင်ရာ လူတို့ရှာ၌ ခန္ဓာကိုယ်အလုံးမှ တရာခြောက်ပါး နေပူအားဖြင့် မကောင်းမှု ဒုစရိုက် အခိုးအလှိုထွက်ကြကုန်၏။

၁၅။ လောက၌ အိုးထိန်းသည်ယောကျ်ားသည် အိုးထိန်းစက်ကို မြေစိုင်ခဲကို ဖောက်ခဲ့လျက် ချာချာရစ်ပတ် လည်စေအပ်သကဲ့သို့ ထို့အတူ ကာမဂုဏ်တည်းဟူသော မီးပုံကြီး၌ ကာမတရာ မီးစက်ကွင်းတို့သည် မီးစက်ကွင်း၌ သေဒဏ်ဆိုက်သူ လူမိုက်တို့ကို ချာချာရစ်ဝဲ သွက်သွက်လဲစေအပ်ကုန်၏။

၁၆။ တောင်ထိပ်စွန်း၌ ရပ်နေကြကုန်သော အမိဝမ်းတွင်းက မျက်စိကန်းလာသော လူတို့ကို တောင်ထိပ်စွန်းသည် ပက်လက်မှောက်ခုန် လဲစေအပ်ကုန်ဘိသကဲ့သို့ ထို့အတူ ကာမဂုဏ်တောင်ထိပ်စွန်း၌ ဘေးကိုမမြင် မဆင်ခြင်ပဲ မိုက်အားသဲကုန်သော သူတို့ကို ကာမဂုဏ်တဏှာ လေမုန်တိုင်းတို့သည် ပြောင်းပြန်ဦးစောက် မှောက်စေအပ်ကုန်၏။

၁၇။ လွန်ကြိုးရှည်ဖြင့် ဖွဲထားအပ်သော ခွေးတို့ကဲ့သို့ ထို့အတူ ဆင်းရဲခြမ်းသာ မသိရှာသူ လူမလိမ္မာတို့သည် ကာမဂုဏ်ဘင်ပုပ်ထဲ၌ မခွဲနိုင်ပဲ တရစ်ဝဲဝဲ နေကြကုန်၏။

၁၈။ နွေဥတုအခါ၌ မြက်သစ်ပင် တောချုံတို့သည် ညှိုးနွမ်းခြောက်လိမ်ရွက်ဟောင်းကြွေကျ ရွက်သစ်မထပဲ ပိန် ခြောက်ကြကုန်ဘိသကဲ့သို့ တို့အတူ ခြမ်းရောကိုမခို ပူအိုက်ရာကိုသာ ခိုလိုတတ်သူ လူမလိမ္မာတို့သည် ကာမဂုဏ်တည်းဟူသော နေပူထဲ၌ ညှိုးနွမ်းပိန်ခြောက်ကြကုန်၏။

၁၉။ လဆုတ်ပက္ခ၌ လမင်းသည် တနေ့တခြား ဝန်းဝိုင်းသဏ္ဌာန်မှဌင်း, အရောင်မှဌင်း ဆုတ်ယုတ်ဘိသကဲ့သို့ ထို့အတူ လူမလိမ္မာတို့သည် ကာမဂုဏ်မိုက်မှောင် လူတို့ဘောင်၌ တနေ့တခြား ဆုတ်ယုတ်လျော့ပါး ပျက်ပြားကြကုန်၏။

၂၀။ လောက၌ တောင်သံပြင်းဟုန် ငှက်ဇင်္ဂုန်တို့သည် နဂါးတို့ကို အတင်းလိုက်၍ စားသောက်အပ်ကုန်သကဲ့သို့ ထို့အတူ ကာမဂုဏ်ဖဲ့နှောင် လူတို့ဘောင်၌ ကာမဂုဏ် ကာမတဏှာတို့သည် ဘေးမဲ့ဘေးရှိ မသိတတ်သူ လူမလိမ္မာတို့ကို ကျွတ်ကျွတ်ဝါး၍ အတင်းကိုက်စားအပ်ကုန်၏။

၂၁။ မဟာသမုဒ္ဒရာ၌ ယူဇနာငါးရာ တထောင်ရှိသော ငါးကြီးသည် ငါးကလေး ငါးပေါက်စတို့ကို လျှာ, အာမထိ မျိုလိုက်အပ်ကုန်ဘိသကဲ့သို့ ထို့အတူ ကာမဂုဏ်ညှတ်ကွင်း ထောင်အတွင်း၌ ကာမဂုဏ်အစုတ် ကာမအယုတ်တို့သည် ဘေးထိမည့်အချက်ကိုသာ နစ်နစ်နာနာ နင်းမိတတ်သူ လူမိုက်တို့ကို မျိုအပ်ကုန်၏။

၂၂။ တောပုန်းသူခိုး ဓားပြလူဆိုးအပေါင်းသည် ခိုးသားရှိရာ သွားမှားကြသူ ကုန်သည်လူတို့ကို ဥစ္စာကိုယူ လူကိုသတ်ဖြတ် ဖျက်ဆီးအပ်ကုန်ဘိသကဲ့သို့ ထို့အတူ ကာမဂုဏ်မီးလောင်ရာ လူတို့ရှာ၌ လူကိုနှိပ်စက်တတ်သော ကာမဂုဏ် ကာမတဏှာတို့သည် နှိပ်စက်မှန်းမသိတတ်သူ လူမိုက်တို့ကို ဖျက်ဆီးအပ်ကုန်၏။

၂၃။ လောက၌ လေမုန်တိုင်းသည် သစ်ပင်ကြီးငယ် အဆောက်အဦအသွယ်သွယ်တို့ကို ကိုင်းသေးကိုင်းမ စုလစ်မှန်းချုန် ကျအောင် တိုက်လှဲအပ်ကုန်ဘိသကဲ့သို့ ထို့အတူ ကာမတဏှာ လေမုန်တိုင်းတို့သည် ကာမဂုဏ်ထောင် လူတို့

ဘောင်၌ လေရိပ်လေဆင် မြော်မြင်မပြု လူမိုက်တစုတို့ကို တိုက်ဖျက်အပ်ကုန်၏။

၂၄။ ကိုက်လျှင်ကိုက်ခြင်း သေစေတတ်သောကြောင့် ဒဋ္ဌဝိသ အမည်ရသော မြွကြီးတို့သည် မြွမှုန်းမသိ နှင်းမိတတ်သူတို့ကို ပဲ့ချင်းပြီး ကိုက်သတ်အပ်ကုန်သကဲ့သို့ ထို့အတူ ကာမဂုဏ်ဘင်ပုပ် အယုတ်တရား၌ ကာမဂုဏ် ကာမတဏှာ မြွဆိုးတို့သည် မြွမှုန်းမသိသူ လူမလိမ္မာတို့ကို ထ မသွားနိုင်အောင် ကိုက်သတ်အပ်ကုန်၏။

၂၅။ ပျားရည်လူးအပ်သော သင်ခုန်းသွားတို့သည် သင်ခုန်းသွားမှုန်း မသိတတ်သေးသည့် လူငယ် လူမလိမ္မာတို့ကို လှိုးဖြတ်အပ်ကုန်သကဲ့သို့ ထို့အတူ ညှီဟောင်နံသိုး ကာမဂုဏ်ဘင်ပုပ်အိုး၌ ကာမဂုဏ်သင်ခုန်းသွားတို့သည် ကာမဂုဏ်ကို သာယာနှစ်သက်အပ်သည့် အမှတ်ရှိကုန်သော ဘေးပေါင်းဝိုင်းအုံ ရန်မျိုးခြုံသည့် ကာမဂုဏ်အပြစ်ကို မသိတတ်သူ လူမလိမ္မာတို့ကို လှိုးဖြတ်အပ်ကုန်၏။

၂၆။ ပင်လယ်ဆူဝေ ဩဃရေတို့သည် သစ်တုံးကြီးတို့ကို ဒလိမ့်ကောက်ကွေးပုပ်၍ဆွေးအောင် မျှောစေအပ်ကုန်ဘိသကဲ့သို့ ထို့အတူ ရှုပ်ထွေးပွလှ ဤလောက၌ ကာမဂုဏ်ဝဲဆိုး လှိုင်းရေမျိုးတို့သည် ဝဲမှုန်းမသိ ဆင်းမှားတတ်သူ လူမလိမ္မာတို့ကို ပက်လက်မျောက်ခုံ အသဲတုန်အောင် မျှောအပ်ကုန်၏။

၂၇။ ဤလောက၌ ဖွားစနုနယ် လူသူငယ်တို့သည် မိမိတို့ ကျင်ကြီးကျင်ငယ်တို့ဖြင့် မချုံမရှာ သူထက်ငါ ကစားကြကုန်ဘိသကဲ့သို့ ထို့အတူ ကာမဂုဏ်ရှုပ်ပွေ ဤလူ့ပြည်၌ ကာမဂုဏ် ကာမတဏှာ ညစ်ညူးစွာတို့ဖြင့် အပုပ်အိုး၌ သေဘေးဆိုက်တတ်ကြသူ လူမလိမ္မာတို့သည် တလူးလဲလဲ ကစားချက် သဲကြကုန်၏။

၂၈။ ချွန်းဖြင့် ဆင်တို့ကို ချိတ်ဆွဲအပ်ကုန်ဘိသကဲ့သို့ ထို့အတူ ကာမဂုဏ် တွင်းနက် ချောက်နရက်၌ ကာမဂုဏ် ကာမတဏှာ ချွန်းတောင်းကြီးတို့သည် ချွန်းမှုန်းမသိတတ်သူ လူမလိမ္မာတို့ကို ဆွဲငင်ချိတ်ထားအပ်ကုန်၏။

၂၉။ လောကဤ သသေးက်ကြီး အရက်သမားတို့သည် လူဆိုးလူကောင်းမသိတတ်သူ လူမလိမ္မာတို့ကို ဆဲရေးပုတ်ခတ် ထောင်းသတ်အပ်ကုန်ဘိသကဲ့သို့ ထို့အတူ ကာမဂုဏ်ညှတ်ကွင်း ထောင်အတွင်း၌ ကာမဂုဏ် ကာမတဏှာ သေသောက်ကြီးတို့သည် သေသောက်ကြီးမှုန်းမသိတတ်သူ လူမလိမ္မာတို့ကို ညှဉ်းဆဲပုတ်ခတ် ထောင်းသတ်အပ်ကုန်၏။

၃၀။ လောင်းတမ်းကစား ကြွေအန်များ၌ ပျော်ပိုက်မှားကုန်သော သူတို့သည် များစွာသော မိမိတို့ဥစ္စာကို ကုန်စေဘိသကဲ့သို့ ထို့အတူ ကာမဂုဏ် သံသရာင် လူတို့ဘောင်၌ ကာမဂုဏ်ထဲ ပျော်အားသဲကြကုန်သူ လူမလိမ္မာတို့

သည် ချမ်းသာရာ ချမ်းသာကြောင်း ကောင်းမှုတို့၏ အမြစ်မူလ ဟူသမျှတို့ကို ကုန်ခန်း ပြောင်စင်စေကြကုန်၏။

၃၁။ လူသားစားသောဘီလူးမတို့သည် ဘီလူးစားခန်း ကူးသန်းမှားကြသူ ကုန်သည်လူတို့ကို အရိုးအသားပါမကျန် အကုန်လှန်၍ တကျတ်ကျတ် ကိုက်စား အပ်ကုန်ဘိသကဲ့သို့ ထို့အတူ ဘဝမျှားစွာ ခံစားပါလျက် နှစ်သက်အားရလောက် အောင် အနှစ်သာရကို မဆောင်နိုင်ရာ ကာမဂုဏ်ဥစ္စာတို့၌ ကာမဂုဏ် ကာမ တဏှာ ဘီလူးမတို့သည် ဘီလူးစားခန်း ကူးသန်းပျော်မှားကြသူ လူမလိမ္မာတို့ကို သွေးစိမ်းသွင်သွင် အရှင်လတ်လတ် ကိုက်စားအပ်ကုန်၏။

ဤဆိုအပ်ပြီးသော အခြင်းအရာတို့ဖြင့် သုံးလူထိပ်နင်း အလောင်းမင်း ဘုရားသည် ကာမဂုဏ်ထဲ၌ မေ့အားသဲကြသဖြင့် အကျိုးကြီးနဲကြ၍ နေကြကုန် သည့် သတ္တဝါတို့ကို အကြောင်းပြု၍ ရှေးနန်းတော်မှ တောထွက်တော်မူခါနီး အခါဝယ် သံဝေဂစကား ကရုဏာရှေသွားဖြင့် ညည်းတွားမိန့်ဆိုတော်မူသည်။ (ဗုဒ္ဓပူရာဏ်ကျမ်း)။

ထို့မှတပါးလည်း မဇ္ဈိမပဏ္ဏာသ ပေါတလိယသုတ်၌ ဟောအပ်သော ကာမ ဂုဏ်တို့၏ အပြစ်ဒေါသတို့ကို ရေးသားပါဦးအံ့ —

ကာမဂုဏ်တို့သည် များသော ဆင်းရဲခြင်း ရှိကုန်၏၊ များသောပင်ပန်းခြင်း နှင့် ယှဉ်ကုန်၏၊ အလွန်နည်းပါးသော သာယာဘွယ်ရှိကုန်၏။

အဋ္ဌကင်္ကလူပမာ ကာမာ

ကာမဂုဏ် အာရုံတို့သည် အရိုးစုနှင့်တူကုန်၏။ အဘယ်သို့ တူသနည်းဟူမူ အသားမရှိသော သွေးတို့ဖြင့် လိမ်းကျံအပ်သော အရိုးစုကို ခွေးငတ်ပိန် တကောင် တွေ့လေရာ ယင်း အရိုးကို သရေတရှဲရှဲဖြင့် ကိုက်ခဲခြင်းပြုပါသော်လည်း ဆာလောင် မွတ်သိပ်ခြင်း ပျောက်သည် မရှိ၊ အားရတင်းတိမ် နှစ်သက်ခြင်းသို့ မရောက်နိုင်၊ စိမ်းညှီသောအနံ့ရှိသောကြောင့် အရိုးကိုစွန့်ပစ်၍ အရပ်တပါးသို့ မသွားနိုင်ပဲ အရသာထွက်ပြီး ဆာလောင်မွတ်သိပ်မှု ပျောက် နှိုးနှိုးနှင့် အရိုးကို အဖျားကလွဲကိုက် အလယ်ကလွဲကိုက် အရင်းကလွဲကိုက် ဖြင့်သာ အသားမတွေ့ပဲ ကိုယ်ပင်ပန်း စိတ်ပင်ပန်းခြင်းသို့ ရောက်သကဲ့သို့ ထို့အတူ မိန်းမ, ယောကျ်ား စသော သတ္တဝါတို့သည်လည်း အရိုးစုသဖွယ်ဖြစ်သော သား,မယား, လယ်ယာ,ကိုင်း,ကျွန်း, ဧရ, ငွေ စသော ကာမဂုဏ်တို့ကို ခွေးငတ်ပိန်သဖွယ်ဖြစ်၍ တရစ်ဝဲဝဲ တစွဲလမ်းလမ်း နှေရက်ရှည်ကြာ စံစားပါသော်လည်း နှစ်သက်အားရ ဝ လင်ရောင့်ရဲခြင်းသို့ မရောက်နိုင်ဖြစ်နေကြသည်။

အရသာပို၍ ထုတ်လာနိုးနိုး ချမ်းသာပို၍ လာနိုးနိုးနှင့်သာ မျော်လင့်ချက်များစွာဖြင့် နေကြရသည်။ ငါးဝအာရုံ ကာမဂုဏ်တို့ကလည်း သတ္တဝါတို့၏ သန္တာန်၌ရှိသော ကာမတဏှာဓာတ်ကို ရစ်ပတ်စွဲငြိထားသောကြောင့် ထိုကာမဂုဏ်တို့ကို စွန့်ခွါ၍လည်း မသွားနိုင်ကြပေ။

ကာမဂုဏ်မှ လွတ်မြောက်ဘို့ရာ နေကွမ္မဝိတက်များကိုလည်း မစဉ်းစား မမွေးမြူနိုင်။ မွေးမြူပါသော်လည်း မအောင်မြင်ရှိနေစဉ် သားမယားစသော ဥစ္စာတို့၏ အနိုးဥဿာ ပင်ပန်းဆင်းရဲပြီး သေခြင်းသို့ ရောက်ကြရသည်။ ထို့ကြောင့် ကာမဂုဏ်အာရုံတို့သည် အရိုးစုနှင့်တူကုန်၏။

မံသပေသူပမာ ကာမာ

ကာမဂုဏ် ငါးပါး အာရုံတရားတို့သည် သားတစ်နှင့် တူကုန်၏။ အဘယ်သို့တူသနည်းဟူမူ လင်းတ, လင်းယုန်, ဌက်ကြီးတုံးစပ် သိန်းစွန်ရဲ ဌက်တို့တွင် တမျိုးမျိုးသော သားဌက်သည် တခုသောသားတစ်ကို ကိုက်ခဲ၍ ပြန်လေရာ သားတစ်ကိုက်ခဲသွားသော ဌက်နောက်သို့ များစွာသော ဌက်တို့သည် ဝိုင်းအုံ၍ ထိုးဆိတ်ကြကုန်၏။

သားတစ်ကို မလွတ်မချင်း များစွာသော ဘေးဒုက္ခနှင့် တွေ့ကြုံရ၏၊ သားတစ်ကို လွတ်ချသည်နှင့်တပြိုင်နက် ဘေးဒုက္ခမှ ကင်းလွတ်၏၊ ထိုသားတစ်ကို တဆင့်လုယူ၍ ကိုက်ခဲပြန်သော ဌက်နောက်သို့ များစွာသော ဌက်အပေါင်းတို့သည် ဝိုင်းအုံ ထိုးဆိတ်ကြပြန်ကုန်၏၊ ဤသို့သော သားတစ်တခုအတွက်ကြောင့် ထိုသားတစ်ကို နှစ်သက်မြတ်နိုး စွာဖြင့် ကိုက်ခဲယူ၍ ပျံသန်းကြသော ဌက်တို့သည် ဆင်းရဲနှင့်သာ တွေ့ကြုံကြရသကဲ့သို့ ထို့အတူ ကာမဂုဏ်ဟု ဆိုအပ်သော သားမယား အိုးအိမ် လယ်ယာ ဧရှင့်စသော ပစ္စည်းတို့ကို သိမ်းပိုက်ထားလျှင် ရေ မီး မင်း ခိုးသူ မနာလိုသူတည်းဟူသော ရန်သူမျိုးငါးပါးသည် အမြဲမပြတ် ဝန်းရံ၍ အခွင့်အလမ်းကို ရှာပြီးလျှင် လုယက်ခြင်းစသည်ကို ပြုကြသည်။

ထိုကာမဂုဏ်ဥစ္စာများမရှိလျှင် ရန်သူမျိုးငါးပါးအတွက် ကြောက်စရာမလို မြေချမ်းသာစွာ နေကြရလိမ့်မည်။ ထို့ကြောင့် ကာမဂုဏ်အယုတ်တရားကို သားတစ်နှင့်တူသည်ဟု ဟောတော်မူ၏။

တိဏုက္ကူပမာ ကာမာ

ငါးပါးအာရုံ ကာမဂုဏ်တို့သည် ရဲရဲပြောင်ပြောင် တောက်လောင်သော မြက်မီးရှူးနှင့် တူကုန်၏။ အဘယ်သို့ တူသနည်းဟူမူ မီးလောင်၍နေသော မြက်မီးစည်းကို လေညာသို့ ဆောင်ယူသွားသောအခါ အဖျားမှစ၍ အစဉ်အတိုင်း

လောင်လေရာ၏၊ ဆောင်ယူသောသူ၏ လက်ခြေစသော အင်္ဂါတို့ တိုင်အောင် စွဲငြိလောင်ကျွမ်း၍ သေခြင်းသို့ သို့မဟုတ် သေလောက်သော ဆင်းရဲသို့ ရောက်သကဲ့သို့ ထို့အတူ ငါဟာ, ငါ့ဥစ္စာဟူ၍ သိမ်းပိုက်အပ်သော သားမယား ရွှေငွေစသော ကာမဂုဏ် ဥစ္စာတို့သည် သာယာနှစ်သက် သိမ်းပိုက်သောသူအား စိုးရိမ်၍ စောင့်ရှောက်ရခြင်းစသော ဒုက္ခမီးတို့ကို တောက်လောင်စေကုန်၏။

နှစ်သက်မြတ်နိုးသိမ်းပိုက်နေရင်း ပျက်စီးခြင်းသို့ ရောက်သောအခါမှာလည်း မျှားစွာဆင်းရဲခြင်း သက်ကြီးရွယ်ငင် ပင်ပန်းခြင်းစသော ဒုက္ခမီးတောက်တို့ကို ဖြစ်ပွားစေတတ်ကုန်၏။ ရံခါ ကာမဂုဏ်တည်းဟူသော မီးတို့၏အတွက်ကြောင့် အသက်သေရခြင်းတည်းဟူသော ဒုက္ခမီးမြိုက်ခြင်းကို ခံရလေ၏။ သားမယား ရွှေငွေစသော ကာမဝတ္ထု ဟူသမျှကို သိမ်းဆည်းထားရခြင်းသည် ရဲရဲပြောင်ပြောင် တောက်လောင်သော မီးတောက်မီးလုံးကို သိမ်းဆည်းထားရသည်နှင့်တူ၏။ ထို့ကြောင့် ကာမဂုဏ်တို့ကို မြက်မီးရှူးနှင့်တူ၏ဟူ၍ ဟောတော်မူ၏။

အင်္ဂါရကာသုပမာ ကာမာ

ငါးဝအာရုံကာမဂုဏ်တို့သည် မီးကျီးတွင်းနှင့်တူကုန်၏။ အဘယ်သို့တူသနည်း ဟူမူ အပေါ်ယံက ပြာဖုံးလျှိုနေသော မီးကျီးတွင်းသည် မီးတောက်မီးလုံး အခိုးအလုံ့ မရှိသောကြောင့် မီးရှိသည် ဟူ၍ မထင်ရပေ၊ မီးမရှိဟု အမှတ်ရှိသဖြင့် မီးကျီးတွင်းသို့ သက်ဆင်းသူကို အလွန်ပင် လောင်ကျွမ်းစေတတ်၏။

ထို့အတူ သားမယားစသော ကာမဂုဏ်ဟူးတို့သည် မျက်စိအမြင်, နားအကြား, နှာခေါင်းအနံ့, လျှာအရသာ, ကိုယ်အတွေ့အားဖြင့် အပြင်ဘန်းက သာယာဘွယ်ယောင်ယောင် ဖြစ်နေသောကြောင့် ပူလောင်သည်ဟူ၍ မထင်ရပေ၊ ကာမတဏှာတို့ကို နှစ်သက်သာယာခြင်း, မြတ်နိုးခြင်း, သိမ်းပိုက်ခြင်းအားဖြင့် ကာမတဏှာတွင်းသို့ သက်ဆင်းသောအခါ ပူလောင်ပြင်းပြစွာ ဖြစ်လာတတ်ကုန်၏၊ မီးတောက်မီးလုံးတို့ဖြင့် လောင်ကျွမ်းခြင်းသည် ထင်ရှား၏။

မီးကျီးစုအတွင်း၌ မြုပ်နှံ၍ထားအပ်သော ဝတ္ထုတို့ကို လောင်ကျွမ်းစွာ၌ မထင်ရှားသကဲ့သို့ ထို့အတူ ကာမဂုဏ်တည်းဟူသော မီးကျီးတွင်းသို့ သက်ဆင်းမြုပ်နှံခြင်းကို ခံကြရသောသူတို့သည်လည်း အတွင်းပူ ပူ၍ နေကြပြီးလျှင် ကာမဝိတက် အမျိုးမျိုး ပစ္စယပရိယေသန ဒုက္ခတာဝန်အဖုံဖုံ သားရေး သမီးရေး အိုးအိမ်ရေးတို့နှင့် လောင်ဆွေးပူပင်ရသော ဒုက္ခအမျိုးမျိုးတို့သည် အလွန်ပင် ပေါများလှကုန်၏။

ကာမသတ္တဝါတို့သည် မီးကျီးတွင်း၌ မြုပ်နှံ၍ထားအပ်သော ဝတ္ထုနှင့် တူကုန်၏။ ထို့ကြောင့် ကာမဂုဏ်အာရုံတို့သည် မီးကျီးတွင်းနှင့် တူကုန်၏။

သုပိနကူပမာ ကာမာ

ကာမဂုဏ်ငါးပါးတို့သည် အိပ်မက်၌ မြင်မက်အပ်သော အရာဝတ္ထုနှင့် တူကုန်၏၊ အဘယ်သို့ တူသနည်းဟူမူ လူတယောက်သည် အိပ်၍နေစဉ်အခါ ဥယျာဉ်၏ မွေ့လျော်ဘွယ်ရာရှိပုံ, တောတောင်၏ မွေ့လျော်ဘွယ်ရာရှိပုံ, သူဌေး သူကြွယ် ပဒေသရာဇ် ဧကရာဇ်စသော အဖြစ်မျိုးကို ရရှိ၍ မိမိသာယာစုံမက် နှစ်သက် လိုလားအပ်သော အာရုံတို့ကို အလိုရှိသမျှ ခံစား သုံးဆောင်လျက် အလွန် ပျော်ရွှင်ရပုံကို မြင်မက်၏။

အိပ်မက်မက်၍ နေစဉ်အခါ အဟုတ်တကယ်ဖြစ်၍ နေသကဲ့သို့ပင် ထင်ရ၏။ အိပ်မက်ထဲမှာ တပ်မက်နှစ်သက်၍ အရသာခံစား၍ မပြီးမီ ရုတ်တရက်အိပ်ရာက နိုးလာသောအခါ အိပ်မက်ထဲ၌ တွေ့ကြုံခဲ့သမျှသည် အချိန်နှီး အလဟဿ မျှသာ ဖြစ်လေ၏၊ အိပ်မက်၌ တခဏမျှပျော်ရွှင်ရခြင်းသည် တစုံတခုမျှ အဖတ် ရှာ၍မရ ဖြစ်လေသည်။

ထို့အတူ ကျွန်ုကာမဘုံ၌ လူ့စည်းစိမ်, နတ်စည်းစိမ်တို့ကို ကာမတဏှာ ရွေသွား ပြုသည့်အတိုင်း ခံစား၍ နေစဉ်အခါ ပျော်ရွှင် ချမ်းသာယောင်ယောင်နှင့် အတည်အတံ့ အခိုင်အမြဲ ထာဝရကဲ့သို့ စိတ်ကထင်မှတ်၍ သာယာစဲ့လမ်းပြီးလျှင် တဏှာ, မာန, ဒိဋ္ဌိ သုံးပါးတို့ဖြင့် သိမ်းပိုက်စဲ့လမ်း၍ နေကြသည်။

ပစ္စုပ္ပန်ဘဝသန္တာန်မှာ အိပ်မက်၌မြင်မက်ရသကဲ့သို့ ခံစားပြီးလျှင် မကြာခင် စဲ့လမ်းနှစ်သက်သမျှသော အာရုံတို့ကို စွန့်ခွါ၍ ဘဝပြောင်းရသည်။ အိပ်ရာက နိုးလာသောသူသည် အိပ်မက်၌ မြင်ခဲ့သမျှ အလုံစုံကွယ်ပျောက်သကဲ့သို့ သေသည်နှင့်တပြိုင်နက် ပစ္စုပ္ပန်ဘဝ၌ တွေ့ရှိခံစားရသမျှသော ကိုယ်ပိုင်ဟု စဲ့လမ်း၍ ထားအပ်သော အာရုံ, သားမယား ရွှေငွေစသော ပစ္စည်းတို့သည် တခုမကျန် ကိုယ်နှင့် မသက်ဆိုင်သည့်အဖြစ်သို့ ရောက်ကြရသည်။ ထို့ကြောင့် ကာမဂုဏ် အာရုံတို့ကို အိပ်မက်နှင့်တူ၏ဟူ၍ ရှင်တော်ဘုရား ဟောတော်မူ၏။

ယဝမိတကူပမာ ကာမာ

ကာမဂုဏ်တို့သည် ခေတ္တငှါးရမ်း၍ သုံးဆောင်အပ်သော ပစ္စည်းနှင့်တူကုန်၏။ အဘယ်သို့ တူသနည်းဟူမူ ကျွဲလောက၌ ကိုယ်ပိုင်ဥစ္စာပစ္စည်းမရှိသော သူသည် ပွဲလမ်းသဘင် ပွဲနေပွဲထိုင် အလှူမင်္ဂလာရှိသောအခါ ကျောက်သံပတ္တမြား ရွှေငွေစိန်စသော ပစ္စည်းများကို သူငှေးထံမှ ငှါးရမ်း၍ တင့်တယ်စွာ ရှိအောင် ဝတ်စားဆင်ယင်ကြကုန်၏။

ဥစ္စာရှင်သူငှေးထံသို့ ပြန်၍မအပ်ရမီ အချိန်အတွင်းမှာ ကိုယ်ပိုင်ဥစ္စာ ကဲ့သို့ တရှင်ရှင်တပြုံးပြုံးဖြင့် နေရ၏။ ငှါးရမ်းသောအချိန်ကုန်၍ ဥစ္စာရှင်သူငှေး

ထံသို့ ပြန်၍အပ်ရသောအခါ ဖြစ်စေ, ဥစ္စာရှင်သူဌေးက ပြန်၍တောင်းရမ်းသောအခါ ဖြစ်စေ မိမိငှါးရမ်း၍ ဝတ်စားဆင်ယင်ထားသော ပစ္စည်းတို့သည် တစုံတခုမျှ မကျန်မရှိပဲ ညှိုးငယ်သော မျက်နှာဖြင့်သာ ပကတိအတိုင်း နေရသကဲ့သို့ ထို့အတူ ကာမဘုံသားတို့သည်လည်း အနည်းငယ်မျှ ပျော်ရွှင်သာယာအပ်သည့်အလုပ်ကို အတည်အတံ့ အမြဲထာဝရကဲ့သို့ ထင်၍ နေကြသည်။ ကာမဂုဏ်တို့သည် မိမိစိုးပိုင်သောပစ္စည်းအဖြစ်သို့ တစုံတခုမျှ မရောက်ရှိကြချေ။ ထို့ကြောင့် ငါးဝအာရုံ ကာမဂုဏ်တို့သည် ခေတ္တငှါးရမ်း၍ ဝတ်စား ဆင်ယင်အပ်သော ရွှေ,ငွေ, သွားလာအပ်သော လှေယာဉ်စသည်တို့နှင့်တူ၏။

ရူက္ခဖလူပမာ ကာမာ

ကာမဂုဏ်တို့သည် အသီးရှိသော သစ်ပင်နှင့် တူကုန်၏၊ အဘယ်သို့ တူသနည်းဟူမူ ရွာနိုဂုံးအနီး တောအုပ်ဝယ် ချို့သော သစ်သီး ကောင်းသောအသီးတို့နှင့် ပြည့်စုံသော သစ်ပင်သည်ရှိရာ၏၊ အသီးတို့သည် မြေ၌မကျကုန်၊ အသီးကို အလိုရှိသောသူသည် လှည့်လည်ရောက်ရှိလာ၏၊ ထိုအခါ ချို့သောသစ်သီးကောင်းသော အသီးတို့နှင့် ပြည့်စုံသော သစ်ပင်ကို တွေ့မြင်ခဲ့ရာ၏၊ ငါသည် သစ်ပင်ကို မည်သို့ တက်ရမည်ကိုသိသည်၊ ငါသည် သစ်ပင်ကို တက်၍ စိတ်အလိုရှိတိုင်းစားပြီး ခါးပိုက်ကိုလည်း ပြည့်စေရသော် ကောင်းလေစွဟု ကြံပြီး သစ်ပင်သို့တက်၍ အလိုရှိတိုင်း စားပြီးလျှင် ခါးပိုက်ကိုလည်း ပြည့်စေရာ၏၊ ထိုအခါ သစ်သီးကို အလိုရှိ၍ရှာဖွေသော နှစ်ယောက်မြောက်သော သူသည် ထက်လှစွာသော ပုဆိန်ကိုယူပြီးရောက်လာခဲ့ရာ၏၊ ချို့သောသစ်သီး ကောင်းသော အသီးတို့နှင့် ပြည့်စုံသော သစ်ပင်ကို မြင်လေသော် ဤသစ်ပင်သည် ချို့သော သစ်သီး ကောင်းသော သစ်သီးတို့နှင့်ပြည့်စုံရာ၏၊ အသီးတို့လည်းမြေ၌ မကျကုန်၊ ငါသည် သစ်ပင်ကို တက်ခြင်းငှါ မတတ်နိုင်၊ ငါသည် ဤသစ်ပင်ကိုအမြစ်မှဖြတ်၍ အလိုရှိတိုင်းစား၍ အလိုရှိတိုင်း ခါးပိုက်ကို ပြည့်စေရပါမူကား ကောင်းလေစွဟုကြံ၍ ယင်း သစ်ပင်ကို ခုတ်ဖြတ်ရာ၏၊ ပဌမ ရှေးဦးစွာ သစ်ပင်ကို တက်သော ယောကျ်ားသည် လျင်မြန်စွာ အကယ်၍ မသက် ဆင်းခဲ့ငြားအံ့၊ ထိုသစ်ပင်လဲသည်ရှိသော် ရှေးဦးတက်သော ယောကျ်း၏ လက်ကို သော်၎င်း ခြေကိုသော်၎င်း ချိုးရာ၏၊ တပါးပါးသော ကိုယ်လက်အင်္ဂါ အစိတ်အပိုင်းတို့ကို မူလည်း ချိုးရာ၏၊ ထိုယောကျ်ားသည် သစ်ပင်ကို ချိုးခြင်းကြောင့် သေခြင်းသို့မူလည်း ရောက်ရာ၏၊ သေလုမျောပါး ဖြစ်သော ဆင်းရဲဒုက္ခသို့မူလည်း ရောက်ရာ၏၊ ဤအတူ ကာမဂုဏ်တို့သည် ရူက္ခဖလူပမာ အသီးရှိသော သစ်ပင်နှင့်တူကုန်၏ဟု ဟောတော်မူ၏။

အသိသ္ဆုပမာ ကာမာ

ကာမဂုဏ် ငါးပါးတို့သည် ဓားသံလျက် တို့ဖြင့် ခုတ်ဖြတ်ရာ စဉ်းတီဟုံးနှင့် တူကုန်၏၊ အဘယ်သို့ တူသနည်းဟူမူ စဉ်းတီတုံးပေါ်၌ တင်၍ သား ငါး စသည်တို့ကို သတ်ဖြတ်ကြကုန်၏၊ အတုံး အတစ်လည်း ပြုကြကုန်၏၊ ထို့ကြောင့် စဉ်းတီတုံးသည် သတ္တဝါတို့ကို သတ်ရာ အတုံးအတစ် ပြုရာဖြစ်၏။

ထို့အတူ ကာမဂုဏ်တို့သည်လည်း မိမိတို့၌ သာယာတပ်မက်သောသူတို့ကို ကာမတဏှာစသော ဓားသံလျက်တို့ဖြင့် နုပ်နုပ်စဉ်း၍ ပျက်စီးခြင်းသို့ ရောက်စေတတ်ကုန်၏။

ကာမတဏှာတည်းဟူသော စဉ်းတီတုံးပေါ်၌ လည်ပင်း တင်ထားမိကြကုန်သော သတ္တဝါတို့သည် ခြေမ်းရာတရားကို မရှာနိုင်ကြပဲ ကာမတဏှာစသော စဉ်းတီတုံးပေါ်မှာသာလျှင် ကာမတဏှာစသော ဓားသံလျက်တို့ဖြင့် ခုတ်ဖြတ်ခြင်းကို ခံရ၍ သေဆုံးပျက်စီးကြရကုန်၏၊ ထို့ကြောင့် ကာမဂုဏ် ငါးပါးတို့ကို သတ္တဝါတို့ကို သတ်ဖြတ်ရာ စဉ်းတီတုံးနှင့် တူကုန်၏ဟု ဘုရားရှင် ဟောတော်မူသည်။

သတိသလ္လပမာ ကာမာ

ကာမဂုဏ်ငါးပါးတို့သည် လုံသွားနှင့်တူကုန်၏၊ အဘယ်သို့တူသနည်း ဟူမူ အလွန်ထက်မြက်သော လုံသွားသည် ထိခိုက်ရာတွင် စူးဝင်ဆိုရှကုန်၏၊ လုံသည် ရန်သူစသောသူတို့ကို ထိုးသတ်ခြင်းအလိုဥာဿဖြစ်၏။

ထို့အတူ ကာမဂုဏ်ငါးပါးတို့သည်လည်း အလွန်ထက်မြက်သော အစွမ်းရှိကုန်သောကြောင့် မိမိနှင့်ထိခိုက်မိသောသူ ငြိတွယ်သောသူတို့ကို စူးဝင်ထိရှခြင်းကို ဖြစ်စေတတ်ကုန်၏။

ဥပမာ အူအသဲတို့ကို ငါးမျှားချိတ်ဖြင့် ချိတ်မိသော ငါးကဲ့သို့ ရူပါရုံ တည်းဟူသော လုံသွားတစင်း စူးဝင်ခံရလျှင် ရုတ်ဘရက်မနုတ်ထုတ်နိုင်ဘဲ ရူပါရုံ လုံသွား၏ အလိုသို့သာ လိုက်ပါ၍နေရ၏၊ ရူပါရုံလုံသွားစူးဝင်မှုဒဏ်ချက်ကြောင့် ရှေးက မိမိမွေးမြူ၍ ထားသော သီလ သမာဓိ ပညာ တို့သည် ပျက်စီးခြင်းသို့ ရောက်တတ်ကုန်၏၊ ဤမျှသာ မကသေးဘဲ ရူပါရုံ လုံချက်ကြောင့် အသက် ဆုံးရှုံးခြင်းသို့လည်း ရောက်စေတတ်သေး၏၊ သဒ္ဒါရုံစသည် တို့၌လည်း ဤနည်း အတိုင်းဖြစ်သည်။

ကာမဂုဏ်တည်းဟူသော လုံသွားငါးစင်းတို့သည် သတ္တဝါတို့ကို ထိုးသတ် ဖျက်ဆီးခြင်းအလိုဥာဿ ဖြစ်ကုန်၏ ကာမတဏှာကို မပယ်ခွါ နိုင်သေးသော သတ္တဝါတို့ကို သွားလေရာရာ၌ ရူပါရုံစသော လုံငါးစင်းတို့သည် အမြဲစူးဝင်ဘို့ရန်

စောင့်နေ၏၊ တွေ့လျှင် ငဲ့ညှာခြင်းမရှိဘဲ စူးဝင်ကြသည်၊ ထို့ကြောင့် ငါးဝအာရုံကာမဂုဏ်ကို လုံ့ဿဒးနှင့်တူ၏ဟူ၍ ဟောတော်မူ၏။

သပ္ပသိရူပမာ ကာမာ

ကာမဂုဏ်ငါးပါးတို့သည် မြွေဆိုး၏ ဦးခေါင်းနှင့် တူကုန်၏၊ အဘယ်သို့တူသနည်းဟူမူ မြွေဆိုး၏ဦးခေါင်းသည် ကြမ်းတမ်းသောအဆိပ်တို့ဖြင့် ပြည့်၍ စက်ဆုပ်ဘွယ် ကြောက်ရုံဘွယ် ဖြစ်၏။

ထို့အတူ ကာမဂုဏ်ငါးပါးတို့သည်လည်း ကိလေသာတည်းဟူသော ကြမ်းတမ်းသောအဆိပ်တို့ဖြင့်ပြည့်၍ စက်ဆုပ်ဘွယ် ကြောက်ရုံဘွယ်ဖြစ်သည်။ မြွေဆိုး၏ဦးခေါင်းသည် လောကဌ ဘေးကို ဖြစ်စေတတ်သကဲ့သို့ ထို့အတူ ကာမတဏှာတို့သည်လည်း ပစ္စုပ္ပန်သံသရာ နှစ်ဖြာသော လောကဌ ကြီးကျယ်သော ဘေးဖြစ်သည်။

မြွေဆိုး၏အနီးသို့ ချဉ်းကပ်လျှင် ဘေးဖြစ်သကဲ့သို့ ထို့အတူ ကာမဂုဏ်ငါးပါးသို့ ချဉ်းကပ်လျှင် ဘေးသင့်၍ အပါယ်ငရဲသို့ လားရ၏။ ထို့ကြောင့် ကာမဂုဏ်ငါးပါးကို မြွေဆိုး၏ ဦးခေါင်းနှင့်တူ၏ဟူ၍ မြတ်စွာဘုရားဟောတော်မူခဲ့သည်။

ကာမတဏှာကြောင့် ဒုက္ခရောက်ပုံ

ရှေးလွန်လေပြီးသော အတိတ်ကာလဌ ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းကြီးမင်းပြုသည်ရှိသော် ဘုရားအလောင်းတော်သည် ထိုမင်း၏ သားတော်တရာတို့တွင် အငယ်ဆုံးသား ဖြစ်လေ၏။ ဘုရားအလောင်းတော်သည် အရွယ်သို့ရောက်လာသောအခါ ဤသို့ ကြံစည်တွေးတောမိ၏။ ငါ့မှာ အစ်ကိုကြီးတို့သည် များကုန်၏၊ ထိုသို့အစ်ကိုကြီးတို့သည် များနေသည့်အတွက် ဤပြည်မှာ ငါမင်းဖြစ်ထိုက်အံ့လော, မဖြစ်ထိုက်အံ့လောဟု ကြံစည်တွေးတောမိလေ၏။

ထိုအခါတွင် မင်း၏နန်းတော်၌ ပစ္စေကဗုဒ္ဓါတို့သည်လည်း နေ့ဆွမ်းဘုဉ်းပေးကြကုန်၏။ ဘုရားအလောင်းတော်သည် ပစ္စေကဗုဒ္ဓါတို့အား ဆွမ်းကပ်ပြီးသောအခါ မိမိ၏အကြံအစည်ကို ပစ္စေကဗုဒ္ဓါတို့အား မေးကြည့်လျှင် သိရတော့အံ့ဟု စဉ်းစားပြီး၍ မိမိ၏အကြံအစည်ကို ပစ္စေကဗုဒ္ဓါတို့အား မေးလျှောက်လေသည်။

ပစ္စေကဗုဒ္ဓါတို့က မိန့်ကြားခြင်း။ ။ပစ္စေကဗုဒ္ဓါတို့သည်လည်း ဤသို့ မိန့်တော်မူကြ၏။ မင်းသားငယ်– သင်သည် ဤဗာရာဏသီပြည်၌ မင်းအဖြစ်ရရှိဘို့ရန် မမြင်ချေ။ ဤဗာရာဏသီပြည်မှ ယူဇနာနှစ်ရာဝေးသော ဂန္ဓာရတိုင်း၌ တက္ကသိုလ်ပြည်သည် ရှိ၏၊ ထိုတက္ကသိုလ်ပြည်ကို

ယနေ့မှစ၍ ခုနစ်ရက်အတွင်း သွားနိုင်ခဲ့လျှင် ခုနစ်ရက်မြောက်သော နေ့မှာ မင်းအဖြစ်ရရှိပါလိမ့်မည်။ တက္ကသိုလ်ပြည်သွားဘို့ရန် လမ်းခရီးသည်ကား ဘေးရန်အန္တရာယ်ရှိသော တောအုပ်ကြီးဖြစ်၏။ ထိုတောအုပ်လမ်းခရီးကို လှည့်လည်၍ သွားလျှင် ယူဇနာတရာဝေး၏၊ ဖြောင့်ဖြောင့်သွားလျှင် ယူဇနာငါးဆယ်ရှိ၍ ဘီလူးမျှားနေသော လမ်းခရီး ဖြစ်သည်။ ဘီလူးမတို့သည် လမ်းခရီး၌ သာယာဘွယ်ကောင်းသော ရွာကြီးတို့ကိုဝင်း, နွားသက် မြတ်နိုးဘွယ်ရာ ဇရပ်တို့ကိုဝင်း ဖန်ဆင်း၍ နတ်သမီးကဲ့သို့ လှပအောင် အသွင်ပြောင်းပြီးလျှင် ဇရပ်တို့၌နေလျက် ရောက်လာသော ယောကျ်ားတို့ကို ချိုသာသောစကားတို့ဖြင့် ဤသို့ ဖြားယောင်း၍ နေကြ၏။ အို မောင်တော်တို့– မောင်တော်တို့သည် အလွန်ပင်ပန်းသော ရုပ်ရှိကြကုန်၏။ ခရီးပန်းနေသည့်အတွက် ဤရွာဇရပ်မှာလာ၍ စိတ်တိုင်းကျအပန်းဖြေကာ သောက်တော်ရေ သောက်၍ သွားကြပါ၊ ရေမသောက်လိုသော်လည်း ခေတ္တအပန်းဖြေဘို့ရန် လာကြပါ၊ ဇရပ်အတွင်းသို့ ဝင်ကြပါဟု ချိုသာသော စကားတို့ဖြင့် ဖြားယောင်း ပြောဆိုကြကုန်၏။

ထို ဘီလူးမတို့၏စကားကို အကောင်းထင်မှတ်သော ယောကျ်ားတို့သည် ရွာဇရပ်တို့သို့ဝင်၍ အပန်းဖြေနားနေသောအခါ ဘီလူးမတို့သည် မိမိရုပ်၏တင့်တယ်စမွယ်ခြင်းတို့ဖြင့် ဖြားယောင်း၍ ကိလေသာအလိုသို့ လိုက်သည်တို့ကို ပြုပြီးလျှင် မိမိနှင့် ကိလေသာ ကာမစပ်ယှက်မှု ပြုသည်ရှိသော် ထိုနေရာ၌ပင်လျှင် ယောကျ်ားတို့အား အရှင်လတ်လတ် သွေးစိမ်းရဲရဲ ကိုက်သတ်စား၍ အသက်ကုန်ခြင်းသို့ ရောက်ကြကုန်၏။

ရုပ်ရည်လှပမှု၌ နှစ်သက်မြတ်နိုးသော ယောကျ်ားကို ရုပ်ရည်လှပမှု ဖန်ဆင်း၍ နှစ်သက်မြတ်နိုးဘွယ်အသွင် အမူအရာဖြင့် ဖြားယောင်း သိမ်းယူကုန်၏။ အသံကိုနှစ်သက်မြတ်နိုးသော ယောကျ်ားကို ချိုသာသော သီချင်းသံ, တီးမှုတ်သံမျိုးစုံဖြင့် ဖြားယောင်း သိမ်းယူကုန်၏။ အမွှေးနံ့သာကို နှစ်သက်မြတ်နိုးသောယောကျ်ားကို နတ်၌ဖြစ်သော အမွှေးနံ့သာတို့ဖြင့် မွှေးဆွယ်ဖြားယောင်းကြကုန်၏။ အရသာ၌ ကြိုက်နှစ်သက်သော ယောကျ်ားကို နတ်၌ဖြစ်သော အထူးထူးသော နတ်သြဇာစားသောက်ဘွယ်ရာတို့ဖြင့် ကျွေးမွေးဖြားယောင်းကုန်၏။ ဖောင္ဌဗ္ဗာရုံ အတွေ့အထိကို နှစ်သက် မြတ်နိုးသော ယောကျ်ားကို အလွန်ကောင်းမြတ်သော အိပ်ရာနေရာတို့ဖြင့် ဖြားယောင်းသိမ်းယူကုန်၏။

အကယ်၍ ဤနွေခြောက်ပါးကိုမဖျက်ပဲ၊ ဝါ–ဘီလူးမတို့ကိုမကြည့်ပဲ သတိရှိစွာ သွားခဲ့သော် ခုစ်နစ်ရက်မြောက်သောနေ့မှာ တက္ကသိုလ်ပြည်၌ မင်းဖြစ်ဘို့မြင်ပါသည် မင်းသားငယ်–ဟု မိန့်တော်မူကြကုန်၏။

ဘုရားလောင်း တက္ကသိုလ်ပြည် သွားခြင်း။ ။ဘုရား အလောင်းတော်သည် အရှင်ဘုရားတို့– တက္ကသိုလ်

ပြည်မှာ မင်းဖြစ်မည်ဟူသော အရှင်ဘုရားတို့၏ စကားသည် မိန့်ကြားသည့် အတိုင်း မှန်ပါစေ၊ အရှင်ဘုရားတို့၏ မိန့်တော်မူသောစကားကို လိုက်နာပါမည်၊ ဘီလူးမများကို မကြည့်ပဲ သွားနိုင်ပါ၏ဟု လျှောက်၍ အရှင်ပစ္စေကဗုဒ္ဓါတို့ထံမှ ပရိတ်သဲ့, ပရိတ်ခဲ့, ပရိတ်ကြိုးများကိုယူကာ တက္ကသိုလ်ပြည်သွားဘို့ရန် စီစဉ်လေ၏၊

ဘုရားအလောင်းတော်သည် တက္ကသိုလ်ပြည်သွားဘို့ရန်စီစဉ်ပြီးလျှင် အရှင်ပစ္စေကဗုဒ္ဓါတို့နှင့် မိဘနှစ်ပါးကို ရိုသေစွာ ရှိခိုးပြီး၍ သွားခါနီးတွင် မိမိ၏ မင်း ချင်း ယောကျ်ား တို့ကို အချင်း ယောကျ်းတို့—— ငါသည် တက္ကသိုလ်ပြည်မှာ မင်းလုပ်ရန်သွားပါတော့မည်၊ သင်တို့သည် ဤအရပ်ဒေသ၌သာ ကောင်းမွန်စွာ နေရစ်ခဲ့ကြကုန်လော့–ဟု ပြောဆိုလေ၏။ ထိုအခါ မင်းချင်း ယောကျ်း ငါးယောက်တို့သည် အကျွန်ုပ်တို့သည်လည်း အရှင်မင်းသားနှင့် အတူတကွ လိုက်ခဲ့ပါကုန်အံ့-ဟု သံတော်ဦးတင်ကြလေရာ မင်းချင်းယောကျ်း တို့–သင်တို့သည် အကျွန်ုပ်နောက်သို့ လိုက်ခြင်းငှါ မသင့်လျော်ကုန်။ လမ်းခရီး တောအုပ်ကြီး၌ ဘီလူးမတို့သည် ယောကျ်းတို့ကို အာရုံငါးပါး ကာမဂုဏ် တရားဖြင့် ဖြားယောင်းသိမ်းယူ၍ ကိုက်သတ်စားကြကုန်၏။ ဘေးရန်ကြီးသော လမ်းခရီးဖြစ်သည့်အတွက် အကျွန်ုပ်သော်မှ ကိုယ့်ကိုယ်ကိုအားကိုးပြုကာ သွားရပါလိမ့်မည်ဟု ပြောဆိုလေ၏။

ထိုအခါ မင်းချင်းယောကျ်းငါးယောက်တို့က အရှင်မင်းမြတ်–အကျွန်ုပ်တို့သည် အရှင်မင်းမြတ်တို့နှင့်အတူတကွ သွားကြပါကုန်လျက် မိမိချစ်နှစ်သက်အပ်သော ရူပါရုံစသည်တို့ကို အဘယ်မှာကြည့်ရှုရပါမည်နည်း၊ အရှင်မင်းမြတ်နှင့် အတူတကွသာ အကျွန်ုပ်တို့ လိုက်ခဲ့ပါမည်ဟု သံတော်ဦးတင်ကြလေရာ ဒီလို ဆိုလျှင် အာရုံငါးပါး ကာမဂုဏ်တရားတို့ဖြင့် ဖြားယောင်းသော ဘီလူးမများကို မကြည့်ပဲ သတိတရားကောင်းမွန်စွာထား၍ လိုက်ခဲ့ကြလော့ဟု ပြောဆိုပြီးလျှင် မင်းချင်းယောကျ်း ငါးယောက်တို့ကို ခေါ်ဆောင်ကာ တက္ကသိုလ်ပြည်အနီး တောအုပ်လမ်းခရီးသို့ သွားကြလေ၏။

ဘီလူးမတို့ ဖြားယောင်းခြင်း။ ။ဘီလူးမတို့သည် ရွာဇရပ်စသည်တို့ကို ဖန်ဆင်း၍ နေကြလေ၏။ မင်းချင်းယောကျ်း ငါးယောက်တို့တွင် ရူပါရုံအချောအလှ နှစ်သက်သောယောကျ်းသည် ဘီလူးမတို့ကို မြင်သောအခါ ချောလှသောရူပါရုံ၌ တပ်နှစ်သက်သော စိတ်ရှိသည့်အတွက် အနည်းငယ် နောက်ချန်၍ ကျန်ရစ်ခဲ့၏၊ ဘုရားအလောင်းသည် အမောင် ဘယ်အတွက်ကြောင့် အနည်းငယ်နောက်ချန်၍ ကျန်ရစ်သနည်းဟု မေးလတ်သောအခါ အရှင်မင်းမြတ်–အကျွန်ုပ်၏ခြေထောက်တို့သည် နာကျင်ကုန်သည့်အတွက် ဇရပ်မှာ ခဏတာအနားယူပြီးလျှင် လိုက်ခဲ့ပါမည်ဟု သံတော်

ဦးတင်လေ၏။ အမောင်–ဤမိန်းမကို့သည် ဘီလူးမတို့ဖြစ်ကုန်၏၊ သင်သည် ထိုဘီလူးမတို့ကို နှစ်သက်ဘွယ်ရာဟူ၍ မယူဆလေလင့်ဟု ဘုရားအလောင်းက ပြောဆိုသောအခါ အရှင်မင်းမြတ်–ဘီလူးမ ဟုတ်သည်ဖြစ်စေ, မဟုတ်သည်ဖြစ်စေ၊ ခြေထောက်နာသည့်အတွက် အကျွန်ုပ်မလိုက်နိုင်တော့ပါဟု ပြန်၍ သံတော်ဦးတင်လတ်သော် ဒါဖြင့်လျှင် သင့်အပြစ် သင်၌သာ ထင်ရှားလိမ့်မည်ဟု ပြောဆိုကာ ကျွန်လူလေးယောက်ကို ခေါ်ဆောင်၍ သွားလေ၏။

ရှုပါရုံအချောအလှ၌ နှစ်သက်သော ယောကျ်ားသည် ဘီလူးမတို့အထံသို့ သွားသောအခါ ဘီလူးမတို့က ကာမဂုဏ်အာရုံ စပ်ယှက်မှုပြုပြီးသည်ရှိသော် ထိုယောကျ်ားကို ထိုနေရာ၌ပင် အရှင်လတ်လတ် ကိုက်သတ်စားလိုက်ကြကုန်၏။ ထို့နောက် ရှေသို့တဖန်အမြန်သွား၍ ဇရပ်တခုဖန်ဆင်းကာ အထူးထူးသော တူရိယာတို့ဖြင့် တီးမှုတ်လျက် သီချင်းဆိုနေကြကုန်၏။ အသံကိုနှစ်သက်သော ယောကျ်ားသည် နောက်ချန်၍ ကျန်ရစ်ခဲ့သည့်အတွက် ထိုကျန်ရစ်သော ယောကျ်ားကို ရှေးနည်းအတိုင်းသတ်စားပြီးလျှင် ရှေသို့တဖန်အမြန်သွားကာ အထူးထူးသော အမွှေးနံ့သာပူးမျိုးစုံတို့ဖြင့် စျေးဆိုင်ဖွင့်ကာ နေကြကုန်၏။

အမွှေးနံ့သာ၌ နှစ်သက်မြတ်နိုးသော ယောကျ်ားသည် ကျန်ရစ်ခဲ့ပြန်၍ ထို ယောကျ်ားကိုလည်း အရှင်လတ်လတ် ကိုက်သတ်စားပြီးလျှင် ရှေသို့တဖန် အမြန်သွားကာ အထူးထူးသော အရသာရှိသော နတ်သြဇာစားသောက်ဘွယ်ရာတို့ကို ပန်းကန်ခွက်တို့ဖြင့် အပြည့်ထည့်လျက် ထမင်းဆိုင်ဖွင့်နေကြကုန်၏။ ရသတဏှာ၌ သာယာနှစ်သက်သော ယောကျ်ားသည် ကျန်ရစ်ခဲ့ပြန်၏။ ထိုကျန်ရစ်သော ယောကျ်ားကို့ ဘီလူးမတို့သည် အရှင်လတ်လတ် ကိုက်သတ်စား၍ ရှေသို့တဖန် အမြန်သွားကာ နတ်၌ဖြစ်သော အိပ်ရာတို့ကိုခင်းလျက် နေကြပြန်ကုန်၏။ ဖောဋ္ဌဗ္ဗာရုံအတွေ့အထိ၌ သာယာမြတ်နိုးသော ယောကျ်ားသည် ကျန်ရစ်ခဲ့ပြန်သဖြင့် ဘီလူးမတို့သည် ထိုကျန်ရစ်သောယောကျ်ားကို အရှင်လတ်လတ် သွေးစိမ်းစိုစို ကိုက်သတ်မျိုကြကုန်၏။ နောက်ဆုံး ဘုရားအလောင်းတယောက်တည်းသာ ကျန်ရစ်တော့သည်။

ထိုအခါ ဘီလူးမတကောင်သည် စင်စစ် ဤယောကျ်ားသည် ထက်မြက်သောဉာဏ်ပညာရှိ၏၊ ဤယောကျ်ားကို ငါကိုက်သတ်စားပြီးမှသာ ပြန်ခဲ့ပါအံ့ဟု ကြံစည်ကာ ဘုရားလောင်း၏နောက်မှ အစဉ်အားဖြင့် လိုက်သွားလေ၏။ တောအုပ်ကြီး၏ အထွက်ဝရောက်ခါနီးတွင် တောသွားယောကျ်ားစသည်တို့သည် ဘီလူးမကိုမြင်လျှင် ဟော့.. နှမငယ်–သင့်ရှေကသွားသော ယောကျ်ားနှင့် မည်သို့တော်စပ်သနည်းဟု မေးကြသောအခါ မောင်တော်တို့–ကျမ၏ ငယ်လင်ပါဟု ပြောဆိုလေ၏။ ထိုအခါ တောသွားယောကျ်ားစသည်တို့က အမောင်လုလင်–အလွန်သိမ်မွေနူးညံ့၍ ပန်းဆိုင်းနှင့်တူသော လွန်ကဲသော

ဘီလူးမသည် ဘုရင်အား ကိုက်သတ်စားခြင်း

ဘီလူးမသည် ကောင်းပါပြီ အရှင်မင်းမြတ်ဟု ရှင်ဘုရင်စကားကို လက်ခံ၍ ရှင်ဘုရင်အိပ်ပျော်ခြင်းသို့ ရောက်သောအခါ တောအုပ်ကြီးအတွင်း၌ ရှိသော ဘီလူးမြို့သို့ သွားပြီးလျှင် ဘီလူးတို့ကို ခေါ်ခဲ့၍ ကိုယ်တိုင် ရှင်ဘုရင်ကို အရှင်လတ်လတ် ကိုက်သတ်စားလေ၏။ ကြွင်းကျန်သောဘီလူးတို့သည် တံခါးဝမှစ၍ နန်းတော်တွင်း၌ရှိကြသော ခွေးကြက်ဌက်အစရှိသော သတ္တဝါတို့နှင့် တကွ အလုံးစုံသောလူတို့ကို အရှင်လတ်လတ် ကိုက်သတ်စားကာ အရိုးသာ ကြွင်းကျန်ရစ်စေကြကုန်၏။

နံနက်မိုးသောက် အလင်းသို့ရောက်သောအခါ ပိတ်မြဲတိုင်းသာလျှင် ဖြစ်သော တံခါးတို့ကို တွေ့မြင်ကြ၍ လူတို့သည် ပုဆိန်တို့ဖြင့် တံခါးတို့ကို ထုနှက်ရိုက်ဖွင့်ကာ အတွင်းဝင်၍ကြည့်သည်ရှိသော် နန်းတော်တခုလုံး အရိုးတွေ ဖရိုဖရဲဖြစ်နေသည်ကို မြင်လတ်သောအခါ ထိုဇရပ်တွင်း၌နေသော ယောကျ်ားသည် ဤမိန်းမသည် အကျွန်ုပ်မယားမဟုတ်၊ ဘီလူးမဖြစ်၏ဟု ပြောသော စကားသည် အမှန်ဖြစ်ပါပေ၏၊ ရှင်ဘုရင်သည် အကြောင်းအကျိုး စကားနှစ်မျိုးကို မစဉ်းစားပဲ ဘီလူးမခေါ်ပြီးလျှင် မိဖုရားအရာထားလေ၏၊ ဘီလူးမသည် အပေါင်းအသင်း မိတ်ဆွေဘီလူးတို့ကို ခေါ်၍ လူအပေါင်းကို အရှင်လတ်လတ် ကိုက်သတ်စားကာ ဖြစ်ပါလိမ့်မည်ဟု ပြောဆိုကြကုန်၏။

ဘုရားအလောင်းတော်သည် တည်ဉ့်ပတ်လုံး ထိုဇရပ်၌သာလျှင် ပရိတ်သဲကို ဦးခေါင်းပေါ်၌တင်ထား၍ ပရိတ်ချည်ကြိုးကို ကာရံကာ သံလျက်ကိုင်ပြီးလျှင် မအိပ်ပဲရပ်လျက်သာ မိုးလင်းစေ၏။

တိုင်းသူပြည်သားတို့ တိုင်ပင်ကြခြင်း

လူတို့သည် အလုံးစုံသော ဘုရင်နန်းတော်ကို သုတ်သင်ရှင်းလင်း၍ နွားချေးစိုဖြင့် လိမ်းကျံပြီးလျှင် အထက်၌ အမွေးနုံသာတို့ဖြင့် လိမ်းကျံ၏၊ ထိုနောက် ပန်းတို့ကို ဖြန့်ကြဲကာ ပန်းဆိုင်းတို့ကိုဆင်စေ၍ အမွေးနုံသာတို့ဖြင့် လှိုင်စေပြီးလျှင် ပန်းအသစ်တို့ကို ချိတ်ဆွဲကြကုန်လျက် ဤသို့ တိုင်ပင်ကြကုန်၏။ အို....တိုင်းသူပြည်သား လူအများတို့ အကြင်ယောကျ်ားသည် နတ်၌ဖြစ်သော ရူပါရုံကို ဖန်ဆင်း၍ နောက်မှလိုက်လာသော ဘီလူးမကို ဣန္ဒြေခြောက်ပါးကိုဖျက်လျက် မကြည့်ရှု၊ ထိုယောကျ်ားသည် လွန်ကဲသော ယောကျ်ားမြတ် ဖြစ်ပါပေ၏၊ တည်ကြည်ခြင်းလည်း ရှိပါပေ၏၊ ဉာဏ်ပညာနှင့်လည်း ပြည့်စုံပါပေ၏၊ ဤလို ဂုဏ်တို့နှင့်ပြည့်စုံသော ယောကျ်ားကို တိုင်းပြည်အုပ်ချုပ် ဘုရင်မင်းမြတ်ပြုလုပ်ဘို့ရန် ရှင်ဘုရင်အဖြစ် တင်မြှောက်ကြလျှင် အလွန်ပင် ကောင်းမြတ်လှပါ၏။ ရှင်ဘုရင်ဖြစ်၍ ပြည်သူပြည်သားတို့ကို ဆုံးမသည်ရှိသော် တကွသိုလ်တိုင်းပြည်

သည် ခေျမ်းသာယာပါလိမ့်မည်။ ထိုဇရပ်တွင်းဦ့ခေနသော ယောကျ်ားမြတ်ကို ရှင်ဘုရင်အဖြစ် တင်မြောက်မှု ပြုကြကုန်အံ့ဟု တိုင်ပင်ကြကုန်၏။

သဘောတူ အညီအညွတ်တိုင်ပင်ကြပြီးလျှင် အမတ်ကြီးဝို့နှင့်တကှ ပြည်သူ ပြည်သားအားလုံးတို့သည် တပေါင်းတည်း အတူတကှဖြစ်ကြလျက် ဘုရား အလောင်းတော်ထံသို့ ချဉ်းကပ်၍ အရှင်မင်းမြတ်.... အရှင်မင်းမြတ်တို့သည် ဤတကှသိုလ်ပြည်၌ တကှသိုလ်မင်းအဖြစ် ပြုတော်မူပါဟု သံတော်ဦးတင်ကြကုန်၏၊ ဘုရားအလောင်းတော်က လက်ခံသောအခါ ပြည်သူပြည်သားတို့သည် ဘုရားလောင်းမင်းသားအား မြို့တွင်းသို့ ပင့်ဆောင်၍ ရတနာအစုံ၌ တင်ထားပြီးကာ အဘိသိက်သွန်းလျက် တကှသိုလ်မင်းအဖြစ် ပြုကြကုန်၏

ဘုရားအလောင်း တကှသိုလ်မင်းသည် ဆန္ဒ, ဒေါသ, ဘယ, မောဟ တည်းဟူသော အဂတိတရားလေးပါးမှ ရှောင်ကြဉ်၍ မင်းကျင့်တရားဆယ်ပါး မပျက်စေပဲ တရားသဖြင့် မင်းပြုလျက် ဒါန သီလ ဘာဝနာကုသိုလ်တရားတို့ကို ပြုပြီးလျှင် ကံကုန်သောအခါ နတ်ရွာစံရသည်။

ကာမဂုဏ်လိုက်စား၍ ဘီလူးအစာဖြစ်ရခြင်း

ဤဇာတ်ဝတ္ထုဦ့ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတည်းဟူသော အာရုံငါးပါး ကာမဂုဏ်တရားကို စွဲလမ်းနှစ်သက်မြတ်နိုးမှုကြောင့် ဗာရာဏသီပြည်သား ငါးယောက်နှင့်တကှ တကှသိုလ်ပြည် ဘုရင်နန်းတွင်းသူ နှန်းတွင်းသားအားလုံး ခွေးကြက်ဌက်တိရစ္ဆာန်ပါမကျန် ဘီလူးများ အစားခံကြရသည်။

ဤခေတ် ဤအခါဌလည်း ငါးဝအာရုံ ကာမဂုဏ်ကြောင့် တယောက်နှင့် တယောက် သတ်ဖြတ်ခံရပုံ, ထောင်အကျဉ်းခံရပုံတို့သည် ရှိတတ်ကြသေး၏။ ဘဝခဏတဖြုတ်နေကြရသော အချိန်ကလေးမှာ ထိုအာရုံကာမဂုဏ်ကြောင့် ဒုက္ခမရောက်ရအောင် အထူးစောင့်ရှောက်ရာ၏။

သမတိတ္တိကံ အနဝဿကံ၊
တေလပတ္တံ ယထာ ပရိဟရေယျ။
ဧဝံ သစိတ္တမနုရက္ခေ၊
ပတ္ထယာနော ဒိသံ အဂတပုဗ္ဗံ။

နွှတ်ခမ်းရေးနှင့် ညီမျှနေသော ဆီခွက်ကို မဖိတ်မကျအောင် ဆောင်ယူသကဲ့သို့ ထို့အတူ နိဗ္ဗာန်ကိုအလိုရှိသော သူတော်ကောင်းသည် မိမိစိတ်ကို အာရုံငါးပါး ကာမဂုဏ်တရားများ မဝင်ရအောင် အထူး စောင့်ရှောက်ရာ၏။ (ဇာတ်အဋ္ဌကထာ ပဌမအုပ် တေလပတ္တဇာတ်- ၄၁၇)။

ကာမဂုဏ်ကြောင့် ဒုက္ခရောက်ပုံကိုပင် ပြဆိုရာဖြစ်သော အညတရပုရိသဝတ္ထု

မြတ်စွာဘုရားသည် သာဝတ္ထိပြည့် ဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံးနေတော်မူစဉ် ပသေနဒီကောသလမင်းနှင့် မထင်ရှားသော ယောကျ်ား တယောက်ကို အကြောင်းပြု၍ ဟောတော်မူ၏။ ပသေနဒီကောသလမင်းသည် ပဲ့သဘင်တခု၌ ပဏ္ဍရိကအမည်ရှိသော ဆင်ဖြူတော်တစီးကို တန်းဆာဆင်၍ စီးကာ များစွာသော မင်းပရိသတ်နှင့်တကွ တိုင်းပြည်သို့ လှည်လည်လေ၏။

ထိုသို့ ဘုရင်မင်းမြတ် တိုင်းပြည်သို့ လှည့်လည်လာစဉ် မထင်ရှားသော သူဆင်းရဲတယောက်၏ မယားသည် ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်၏အထက်၌ နေ၍ တံခါးရွက်တခုကိုဖွင့်လျက် ကြည့်ရှုပြီးသွားသောအခါ မင်းကြီး၏ စိတ်သန္တာန်၌ လပြည့်ဝန်းသည် တိမ်တိုက်ကြားသို့ ဝင်သွားသကဲ့သို့ ဖြစ်လေ၏။

မင်းကြီးသည် ထိုမိန်းမအား ချစ်ခင်မြတ်နိုးနှစ်သက်သော စိတ်ရှိသည်ဖြစ်၍ ဆင်ကျောက်ကုန်းမှ လိမ့်ကျအံ့သောအခြင်းအရာ ဖြစ်ကာ သွားသည့်အတွက် လျင်မြန်စွာ တိုင်းပြည်သို့လှည့်လည်ပြီးလျှင် နန်းတော်သို့ဝင်၍ အကျမ်းဝင်သော အမတ်တယောက်ကို ပြောဆိုလေ၏။ အမတ်ကြီး – တိုင်းပြည်သို့ လှည့်လည်စဉ် အခါ၌ ငါကြည့်ရှုသောပြာသာဒ်ကို သင်မြင်၏လော့ဟု မေးမြန်းရာ အရှင်မင်းမြတ် အကျွန်ုပ်မြင်ခဲ့ပါ၏ဟု သံတော်ဦးတင်၏။ ထိုပြာသာဒ်၌ မိန်းမတယောက်ကို မြင်ခဲ့၏လော၏ဟု မေးပြန်ရာ မြင်ပါ၏အရှင်မင်းမြတ်ဟု လျှောက်တင်ပြန်၏၊ ထိုမြင်ခဲ့သော မိန်းမထံသွား၍ လင်ယောကျ်ား ရှိ,မရှိ စုံစမ်းမေးမြန်းခဲ့လော့ဟု အမိန့်ရှိလေလျှင် အမတ်ကြီးသည် သွား၍ စုံစမ်းသောအခါ လင်ယောကျ်ားရှိသော မိန်းမဖြစ်ကြောင်းသိ၍ မင်းကြီးအား သိရှိသည့်အတိုင်း သံတော်ဦးတင်လေသည်။

ကာမတဏှာအတွက် မင်းကြီးအကောက်ကြံပုံ

ထိုအခါ မင်းကြီးသည် ထိုမိန်းမ၏လင်ယောကျ်ားကို ခေါ်ခဲ့လော့ဟု အမိန့်ရှိလတ်သော် အမတ်ကြီးသည် ထိုယောကျ်ားကို သွား၍ခေါ်ခဲ့၏၊ ယောကျ်းသည် မင်း၏အာဏာအတိုင်း သွားရမည်ဖြစ်သော်လည်း ကြိုတင်၍ ကြံစည်တွေးတောမိသည်ကား ဘုရင်မင်းမြတ် ငါ့ကိုခေါ်ဆောင်ခြင်းသည် မယားကိုမှီ၍ ဖြစ်သော ဘေးဖြစ်လိမ့်မည်၊ မယားအတွက်ကြောင့် ငါ့ကိုခေါ်ဆောင်ခြင်း ဖြစ်လိမ့်မည်ဟု ကြံစည်တွေးတောကာ ဘုရင်မင်းမြတ်ထံသွား၍ ရှိခိုးဦးချကာ နေလေ၏။

မင်းကြီးသည် ယောကျ်ားကို ယနေ့မှစ၍ ငါမင်းမြတ်အား ဆည်းကပ်ခစား လော့ဟု အမိန့်ရှိလေရာ အရှင်မင်းမြတ် – အကျွန်ုပ်သည် ဆည်းကပ်ခစားခြင်းငှါ မသင့်လျော်ပါ၊ အကျွန်ုပ်သည် မိမိအလုပ်ကို မိမိပြုလုပ်ကာ အရှင်မင်းမြတ်တို့၏ အခွန်တော်ကို ပေးဆက်ပါအံ့ဟု သံတော်ဦးတင်လေ၏။ မင်းကြီးသည် အချင်း ယောကျ်ား – သင်၏အခွန်ပေးဆက်ခြင်းဖြင့် ငါမင်းမြတ်အား အလိုမရှိချေ၊ ယနေ့မှစ၍ ငါ့အား ဆည်းကပ်ခစားရမည်ဟု အမိန့်ရှိကာ ထိုယောကျ်ားအား လက်နက်တို့ကို ပေးလေ၏။

သူ့မယားလိုချင်၍ သူ့လင်ကိုသတ်ရန်ကြံခြင်း

ထိုနောက် မင်းကြီး၏ သန္တာန်ဝယ် ဤယောကျ်ား ကို အပြစ်မရှိ၊ အပြစ်ရှာ၍သတ်ပြီးလျှင် မယားကို ယူအံ့ဟု ကြံစည်လေ၏။ ယောကျ်ားသည်လည်း သေဘေးမှ ကြောက်သောကြောင့် သတိကြီးစွာထားကာ မင်းကြီးကိုခစားရ၏။ မင်းကြီးသည် ယောကျ်ား၏အပြစ်ကို မမြင်သည်ရှိသော် ကာမတဏှာပူလောင်မှုမျှားသည်ဖြစ်၍ ယောကျ်ားအား အပြစ်တခုတင်ပြီးလျှင် မင်းအာဏာပြုအံ့ဟု ကြံစည်ကာ ယောကျ်ားအား ခေါ်စေ၍ ဤသို့ဆို၏။ အချင်းယောကျ်း – ဤနေ့ပြည်တော်မှ တယူဇနာဝေးသောအရပ်၌ မြစ်ရှိ၏၊ ထိုမြစ်သို့သွား၍ ညနေစောင်း ငါရေချိုးသောအခါရောက်အောင် ကုမုဒ္ဒရာကြာပွင့်နှင့် အရုဏ်ဝတီ မြေတို့ကိုယူ၍ လာခဲ့ရမည်။ ရေချိုးသောအခါ အကယ်၍ မရောက်လာသည် ဖြစ်အံ့၊ သင် ယောကျ်ားအား မင်းအာဏာပြုမည်ဟု အမိန့်ရှိလေသည်။

သူဆင်းရဲယောကျ်ားသည် မချုတ်ကေန် ငါသွား ရုတော့မည်၊ ကုမုဒ္ဒရာ ကြာပန်းနှင့် အရုဏ်ဝတီမြေမည်သည် နဂါးပြည်၌ရှိ၏။ အဘယ် အရပ်မှ ငါရှိပါအံ့နည်းဟု စဉ်းစားလျက် သေရမည့် ဘေးမှ ကြောက်သည် ဖြစ်၍ အိမ်သို့ အလျင်အမြန် ပြေးသွားကာ အိမ်ရှင်မ-ငါ့အတွက် ထမင်း ကျက်ပြီလားဟု မေးလေ၏။ အမောင် မီးဖိုပေါ်၌သာ ထမင်းအိုး ရှိပါသေး၏ဟု ပြောဆိုလေ လျှင် ထိုယောကျ်ားသည် ထမင်းကျက်အောင် မစောင့်နိုင်ရကား ယောက်မဖြင့် ထမင်းယူ၍ ဟင်းလျာနှင့်တကွ လောလောဆယ် ပျော့အိနေသော ထမင်းကို ခြင်းတောင်း၌ ဖိနှိပ်လျက်ယူပြီးလျှင် တယူဇနာရှိသော ခရီးသို့ပြေးသွားသည် ရှိသော် ထမင်းသည် ကျက်လေ၏။

ယောကျ်ားသည် ထမင်းမစားခင် အဦးအဖျား အနည်းငယ် ချန်ထား၍ မိမိစားသည် ရှိသော် ခရီးသွား တယောက်ကို မြင်သဖြင့် အမောင် ခရီးသွား ယောကျ်ား အကျွန်ုပ် အသီးအခြားချန်ထားအပ်သော ထမင်းရှိ၏၊ထိုထမင်းကို သုံးဆောင်ပါဟု ပြောဆိုလတ်သော် ခရီးသွား ယောကျ်ားသည် ယူ၍ စား၏။ မင်းခစား ယောကျ်ားသည်လည်း စားပြီးလျှင် ထမင်းတဆုပ်ကို ရရှိ ရှိသော သတ္တဝါတို့အား စားရန်အလို့ငှါ မြစ်ထဲ၌ ပစ်ချလေ၏။ ပါးစပ်လက် စင်ကြယ်စွာ

ဆေးကြော သုတ်သင်ပြီးလျှင် ကျယ်စွာသောအသံဖြင့် ဤမြစ်အရပ်၌ စောင့်ရှောက်နေထိုင်ကြကုန်သော ဂင်္ဂါနဒီ နဂါး နတ်မျှားတို့သည် အကျွန်ုပ်၏ စကားကို နာယူကြပါကုန်လော့၊ မင်းကြီးသည် အကျွန်ုပ်အား အာဏာပြုလို၍ ကုမုဒ္ဒရာကြာပန်းနှင့်တကွ အရဏဝတီမြေကို ဆောင်ယူခိုင်းပါ၏။ ခရီးသွားသော ယောကျ်ားအား အကျွန်ုပ် ပေးလှူအပ်သော ထမင်းကုသိုလ်သည် တထောင်သော အကျိုးရှိပါ၏၊ မြစ်တွင်းဌ်ရှိသော ငါးတို့အား ပေးလှူအပ်သောကုသိုလ်သည် တရာသောအကျိုးရှိပါ၏၊ ဤမျှလောက် ပြုခဲ့သော ကုသိုလ် ကောင်းမှုအကျိုးကို သင်တို့အား အာဘိုအစုပြု၍ ညီတူညီမျှရဘို့ရန် ပေးဝေပါ၏၊အကျွန်ုပ်အား ကုမုဒ္ဒရာကြာပန်းနှင့် အရဏဝတီ မြေကို ဆောင်ပေးကြပါ ကုန်လော့ဟု သုံးကြိမ်သုံးခါဆို၍ ပြောကြားလေ၏။

ထိုမြစ်တလျှောက်ဌ် စောင့်သော နဂါးမင်းသည် ထိုအသံကိုကြား၍ လူအို အသွင်ဖြင့် ယောကျ်း၏ အထံသို့ သွားပြီးလျှင် အဘယ် စကားကို ပြောဆို သနည်းဟု မေးမြန်းလေရာ သူဆင်းရဲ ယောကျ်းသည် နောက်ထပ်တဖန် ရှေနည်းတူ ဆိုပြန်ခြင်းကြောင့် ထိုကုသိုလ်အဘို့ကို ငါ့အား ပေးပါဟု နဂါးမင်း ကဆိုသည်ရှိသော် အညီအမျှ ပေးဝေပါ၏ဟု ပြောဆိုလေ၏၊ နောက်ထပ် တဖန်လည်း ထိုကုသိုလ်အဘို့ကို အမျှပေးဝေပါဟု ပြောဆိုသည် ရှိသော် အညီအမျှ ပေးဝေပါ၏ဟု ပြောဆိုပြန်လေ၏။ နဂါးမင်းသည် နှစ်ကြိမ် သုံးကြိမ် ကုသိုလ် အဘို့ကို အမျှယူပြီးလျှင် ကုမုဒ္ဒရာကြာနှင့် အရဏဝတီ မြေကို ယူပေးလေ၏။

မင်းကြီး၏စိတ်သန္တာန်ဝယ် လူတို့သည် လှည့်ပတ်ခြင်းများကုန်၏၊သူဆင်းရဲယောကျ်းသည် တစုံတခုသော အကြောင်းဖြင့် အကယ်၍ရခဲ့သည်ဖြစ်ငြားအံ့၊ ငါ၏ အမှုကိစ္စသည် အပြီးအဆုံးသို့ မရောက်ရာဟု ကြံစည်ကာ မင်းကြီးသည် စောစောတံခါးပိတ်စေ၍ သော့ကို ကိုယ်တိုင်ယူထား၏၊ သူဆင်းရဲ ယောကျ်းသည် မင်းကြီး ရေချိုးသော အခါဌ်ပင် လာ၍ တံခါးကို ဝင်ခွင့် မရသည်ရှိသော် တံခါးစောင့်ကိုခေါ်ကာ တံခါးဖွင့်ပေးပါဟုပြောဆိုလေလျှင် အသင်ယောကျ်း တံခါးဖွင့်ပေးခြင်းငှါ အကျွန်ုပ်မဝံ့ မရဲပါ၊ မင်းကြီး ရှိနေစဉ်ကပင် သော့ခတ်၍ နန်းတော်သို့ သော့ကို ဆောင်ယူသွားပါ၏ဟု ပြောဆိုလေသည်။

သူဆင်းရဲယောကျ်းသည် ငါကား မင်းကြီး၏ စေတမန် ဖြစ်၏။ တံခါးဖွင့်ပေးပါဟူ၍ တောင်းပန်သော်လည်း မရရှိခဲ့၊ ယခုအခါဌ် ငါ၏ အသက်သည် မရှိပြီ၊အဘယ်သို့ပြုရအံ့နည်းဟု ကြံစည်၍ တံခါးအထက်ဌ် အရဏဝတီမြေစိုင်ကို ပစ်တင်ကာ မြေစိုင်၏အထက်ဌ် ကြာပန်းပွင့်တို့ကိုဆွဲလျက် ကျယ်စွာသော အသံဖြင့် အို ပြည်သူပြည်သားအပေါင်းတို့ မင်းကြီး၏ စေခိုင်းချက်ကြောင့် ငါသည် သွား၍ ကုမုဒ္ဒရာ ကြာပန်းနှင့် အရဏဝတီ မြေစိုင်ရသည်၏ အဖြစ်ကို သိကြပါ

ကုန်လေ၄၊ မင်းကြီးသည် ငါ့ကို အပြစ်မရှိဘဲ ဖျက်ဆီးလိုခဲ့၏ဟု သုံးကြိမ်သုံးခါ ဟစ်အော်ကာ ငိုကြွေး မြည်တမ်းလေသည်။

ထို့နောက် ယခုအခါ အဘယ်အရပ်သို့ သွားရပါအုံးနည်းဟု ကြံစည်၍ ရဟန်းတော်တို့မည်သည် နူးညံ့သိမ်မွေ့သော နှလုံးရှိကြကုန်၏၊ ထို့ကြောင့် ရဟန်းများရှိရာ ကျောင်းတိုက်သို့သွား၍ အိပ်ရတော့အုံဟု ဆုံးဖြတ်လေ၏။

သံဃာတော်များကို ဒုက္ခတွေ့မှ သတိရကြပုံ

ဤလောက၌ ရှိကြသော လူသတ္တဝါတို့မည်သည် ချမ်းသာ ကြွယ်ဝသော အခါ၌ ရဟန်းများရှိသည်၏ အဖြစ်ကို မသိမူ၍ ဆင်းရဲခြင်းသည် နှိပ်စက်သော ကာလ၌ကား ကျောင်းသို့ သွားလိုကြကုန်၏။

ထို့ကြောင့် သူဆင်းရဲမင်းခစား ယောကျ်ားသည် ရဟန်းတော်တို့မှတပါး အခြားအားကိုးရာ ငါမှာ မရှိပြီဟု ကြံစည်၍ ကျောင်းသို့သွားကာ ချမ်းသာရာ အရပ်တခု၌ အိပ်လေ၏။

ထိုအခါ တည့်ဝပတ်လုံး မိန်းမကိုသတိရ၍ အိပ်ပျော်မှုမရသော မင်းကြီး အား ကာမတဏှာပူလောင်ခြင်းဖြစ်သည့်အတွက် နုံနက်မိုးလင်းလျှင် သူဆင်း ရဲယောကျ်ားကို သတ်၍ မိန်းမကိုယူအုံဟု ကြံစည်နေသောခဏ၌ပင်လျှင် ယူ ဇနာခြောက်ဆယ်ရှိသော လောဟကုမ္ဘီငရဲ၌ ဖြစ်ကုန်သော ယောကျ်ားလေး ယောက်တို့သည် ပူက်ပူက်ဆူသောထမင်းအိုး၌ ဆန်တို့ကဲ့သို့ ဟပြောင်းပြန်ပြန် ကျက်ကုန်လျက် အနှစ်သုံးသောင်းတို့ဖြင့် အောက်အပြင်သို့ရောက်၍ တပါး သော အနှစ်သုံးသောင်းတို့ဖြင့် တဖန် မျက်နှာဝသို့ ရောက်ကုန်၏၊ ငရဲသား လေးယောက်တို့သည် အချင်းချင်း ခေါင်းမော်ကြည့်၍ တဂါထာစီ တဂါထာစီ ဆိုလိုကုန်လျက် တဂါထာကို ဆိုခြင်းငှါ မတတ်နိုင်ရကား အက္ခရာတလုံးစီ ဆိုပြီးလျှင် လောဟကုမ္ဘီငရဲသို့သာ ဦးခေါင်းပြန်ဝင်ကုန်၏။

မင်းကြီးသည် အိပ်မရမူ၍ သန်းခေါင်ယံ၏ အခြားမဲ့၌ ထိုအသံများကို ကြားသောအခါ ကြောက်ထိတ်လန့်သော နှလုံးရှိသဖြင့် ငါ၏အသက်အန္တရာယ် ဖြစ်အုံလော, သို့မဟုတ် မိဖုရားကြီး၏ အသက်အန္တရာယ်ဖြစ်အုံလော, သို့ မဟုတ် တိုင်းပြည်အန္တရာယ်ဖြစ်အုံလောဟု ကြံစည်လျက် တည့်ဝပတ်လုံး မျက်စိ မှိတ်အိပ်ခြင်းငှါ မရရှိခေ။

မင်းကြီးသည် အရဏ်တက်ရာအခါ၌ ပုရောဟိတ်ပုဏ္ဏားကို ခေါ်စေ၍ ဆရာ ပုရောဟိတ်–ငါသည် မိုးလင်းခါနီးအချိန်၌ ကြောက်မက်ဘွယ်ရာ ကြီးစွာသော အသံတို့ကို ကြားရ၏။ ထိုအသံများအတွက်ကြောင့် တိုင်းပြည်၏ဂုဏ်း, မိဖုရား

၏ငင်း, ငါ၏ငင်း အဘယ်သူ၏ အန္တရာယ်ဖြစ်မည်ကို မသိ၍ ဆရာပုရောဟိတ်ကို ခေါ်ဆောင်၍ မေးခြင်းဖြစ်သည်ဟု အဓိပ္ပာယ်ရှိသောအခါ၊ မြတ်သောမင်းကြီး– အဘယ်အသံများကို ကြားလေသနည်းဟု မေးတော်မူရာ ဆရာပုရောဟိတ် "ဒု"ဟူ၍ငင်း, "သ"ဟူ၍ငင်း, "န"ဟူ၍ငင်း, "သေ"ဟူ၍ငင်း ဤ အသံကြီးများကို ကြားရပါ၏၊ ဤကြားရသော အက္ခရာလေးလုံးတို့၏ အကျိုး ကို စူးစမ်းဆင်ခြင်လော့ဟု အဓိပ္ပာယ်ရှိလတ်သော် ပုဏ္ဏားအား အမှိုက်ကြီးတခုသို့ ဝင်ရသလို တစုံတခု လျှောက်တင်ဘို့ရာ မရှိချေ။ အကျွန်ုပ်မသိပါဟု သံတော် ဦးတင်လျှင် လာဘ်သပ်ပကာဆုတ်ယုတ်မှာကြောက်၍ မြတ်သော မင်းကြီး– ဤအသံများကြားရသည့်အတွက် အရှင်မင်းကြီး၏ အသက်အန္တရာယ်ဖြစ်အံ့ဟု သံတော်ဦးတင်လေရာ မင်းကြီးသည် နှစ်ဆတက် ကြောက်သည်ဖြစ်၍ တစုံ တခု တားမြစ်နိုင်သောအကြောင်း ရှိပါသလော ဆရာပုရောဟိတ်ဟု အဓိပ္ပာယ်ရှိ လျှင် မြတ်သောမင်းကြီး ရှိပါ၏။ ကြောက်တော်မမူပါလင့်၊ အကျွန်ုပ် ဗေဒင် သုံးပုံကို တတ်မြောက်ပါ၏ဟု သံတော်ဦး တင်လေ၏။

ဆရာပုရောဟိတ်–အဘယ်ပစ္စည်းကို ရခြင်းငှါ သင့်မြတ်သနည်းဟု မေးလတ် သော် မင်းကြီး -- အကျွန်ုပ်သည် ဆင်တရာ, မြင်းတရာ, နွားလားဥသဘ တရာ, နို့ညစ်နွားမတရာ, ဆိတ်တရာ, မြည်းတရာ, အာဇာနည်မြင်းတရာ, ဆိတ်ကုလားတရာ, ကြက်တရာ, ဝက်တရာ, သတ္တိုသားတရာ, သတ္တိုသမီးတရာ ရလိုပါ၏ဟု သံတော်ဦးတင်လေလျှင် မင်းကြီးသည် အလုံးစုံသော သတ္တဝါတို့ကို လျှင်မြန်စွာယူလော့ဟု အဓိပ္ပာယ်ရှိသောအခါ မင်း၏အာဏာသားတို့သည် ထို့ထက် အလွန်ယူကုန်၏။

လူအပေါင်းသည် မိမိတို့၏ သားသမီးဆွေမျိုးများအတွက် မျက်ရည်စက် လက် ငိုကြွေးကြလျက် သည်းထန်သောအသံကို အော်ဟစ်ကာ မြေလျှင် တုန် လှုပ်သကဲ့သို့ ဖြစ်လေ၏။ မလွိကာမိဖုရားသည် ထိုငိုကြွေးသံများ ကြားလတ် သောအခါ မင်းကြီး၏ အထံသို့သွား၍ မြတ်သောမင်းကြီး သင်မင်းကြီး၏ ဣန္ဒြေတို့သည် ပင်ကိုယ်ပကတိသဘောအတိုင်း မဟုတ်ပါ၊ ဖောက်ပြန်သော ဣန္ဒြေများ ဖြစ်နေပါ၏၊ ပင်ပန်းနွမ်းနယ်သောရုပ်များ ဘယ်အတွက်ကြောင့် ဖြစ်နေပါသနည်းဟု မေးတော်မူရာ မိဖုရား–သင်သည် ငါ့နားရင်း၌သွားသော မြေဟောက်ကို အဘယ့်ကြောင့် မသိလေသနည်း မိုးသောက်ထနီး လင်းအား ကြီးအချိန်မှာ ဒအသံကြီးလေးမျိုးကို ကြားရသည့်အတွက် ပုရောဟိတ်ပုဏ္ဏားကို မေးရာ မင်းကြီး၏အသက်အန္တရာယ်ဖြစ်၏ဟု သံတော်ဦးတင်သဖြင့် အလုံးစုံ တရာစီရှိသော ယဇ်ကိုပူဇော်၍ အသက်ရှင်ရပါအံ့ဟု သံတော်ဦးတင်ပြန်သည့် အတွက် ငါ့အသက်ကိုသာ ငါရအပ်၏။ ထို့ကြောင့် ဤသတ္တဝါများကို ဖမ်းယူ စေ၏ဟု မိန့်တော်မူလေသည်။

ထိုအခါ မလ္လိကာမိဖုရားသည် မြတ်သောမင်းကြီး – "မင်းကြီးသည် အလှန် မိုက်လှ၏၊ အစားကြီးသည်သာဖြစ်၏၊ များစွာသော ဟင်းလျာအထူးဖြင့် တစရွတ်ချက်သော ဘောဇဉ်ကိုသာ စား၏။ တိုင်းပြည်နှစ်ခုတို့၏ မင်းအဖြစ်ကို ပြု၏၊ ထိုသို့ပင် ပြုပါသော်လည်း သင်မင်းကြီး၏ ပညာသည် နည်းလှချေ၏"ဟု ပြောဆိုလေသည်။

မလ္လိကာမိဖုရား၊ အဘယ့်ကြောင့် ဤသို့ဆိုဘိသနည်းဟု မိန့်တော်မူရာ သင် မင်ကြီးသည် တပါးသော သတ္တဝါတို့၏ကိုယ်စား သေခြင်းဖြင့် တပါးသော သတ္တဝါ၏ အသက်ရှင်ရခြင်းကို အဘယ်မှာမြင်ဘူးသနည်း၊ အလှန်မိုက်လှသော ပုဏ္ဏားဓါတုကိုယူ၍ များစွာသော လူအပေါင်း၏အထက်၌ ဆင်းရဲခြင်းကို အဘယ့်ကြောင့်ပစ်ချဘိသနည်း။

အနီးဖြစ်သော ဇေတဝန်ကျောင်းတော်ကြီး၌ နတ်လူဗြဟ္မာသတ္တဝါတို့ထက် အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်တော်မူ၍ အတိတ် အနာဂတ်စသည်တို့၌ အပိတ်အပင် အဆီးအတားမရှိသော ဉာဏ်ပညာရှိတော်မူသော မြတ်စွာဘုရားသည် သီတင်း သုံးနေတော်မူ၏။ ထိုမြတ်စွာဘုရားကို မေးလျှောက်၍ မြတ်စွာဘုရား မိန့်ကြား တော်မူသော စကားကို လိုက်နာပါလော့ဟု သံတော်ဦးတင်သည်ရှိသော် မင်းကြီးသည် လျင်မြန်ပေါ့ပါးသော ယာဉ်တို့ဖြင့် မလ္လိကာမိဖုရားနှင့်တကွ ဇေတဝန်ကျောင်းတော်သို့သွားကာ ပုရောဟိတ်ပုဏ္ဏားက သေဘေးဖြင့် ခြိမ်း ချောက်ထားသည့်အတွက် တစုံတခုန်းသောစကားကို လျှောက်ခြင်းငှါ မတတ် နိုင်သည်ဖြစ်၍ ဘုရားရှင်အား ရှိခိုးပြီးလျှင် သင့်လျော်ရာအရပ်၌ ထိုင်နေလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ဒကာတော်မင်းမြတ် သင်သည် နေမှန်းတည့် ချိန်အခါ၌ ယခု ဘယ်အရပ်မှ လာခဲ့သနည်းဟု မေးတော်မူရာ မင်းကြီးသည် စကားမပြော တုံ့ဏှိဘောသာလျှင် ထိုင်နေလေ၏။ မလ္လိကာမိဖုရားသည် မြတ်စွာ ဘုရားသခင်အား ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား မိန့်ကြား တော်မူသော စကားကို လိုက်နာပါလော့ဟု သံတော်ဦးတင်သည်ရှိသော် မင်းကြီးသည် လျင်မြန်ပေါ့ပါးသော ယာဉ်တို့ဖြင့် မလ္လိကာမိဖုရားနှင့်တကွ ဇေတဝန်ကျောင်းတော်သို့သွားကာ ပုရောဟိတ်ပုဏ္ဏားက သေဘေးဖြင့် ခြိမ်း ချောက်ထားသည့်အတွက် တစုံတခုန်းသောစကားကို လျှောက်ခြင်းငှါ မတတ် နိုင်သည်ဖြစ်၍ ဘုရားရှင်အား ရှိခိုးပြီးလျှင် သင့်လျော်ရာအရပ်၌ ထိုင်နေလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ဒကာတော်မင်းမြတ် သင်သည် နေမှန်းတည့် ချိန်အခါ၌ ယခု ဘယ်အရပ်မှ လာခဲ့သနည်းဟု မေးတော်မူရာ မင်းကြီးသည် စကားမပြော တုံ့ဏှိဘောသာလျှင် ထိုင်နေလေ၏။ မလ္လိကာမိဖုရားသည် မြတ်စွာ ဘုရားသခင်အား ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား မင်းကြီးသည် မိုးသောက်ထနီး လင်းအားကြီးအချိန်၌ မကောင်းသောအသံကို ကြားရသဖြင့် ပုရောဟိတ်ပုဏ္ဏားအား ပြောကြားသောအခါ ပုဏ္ဏားသည် မင်းကြီး၏ အသက် အန္တရာယ်ဖြစ်လတ္တံ့ ဟု သံတော်ဦးတင်လေရာ မင်းကြီးသည် အန္တရာယ်တား မြစ်ဘို့ရန်အတွက် သတ္တဝါတို့၏လည်ချောင်းသွေးဖြင့် ယဇ်ပူဇော်မှုကိုပြုဘို့ရန် စီစဉ်နေပါ၏။ ထို့ကြောင့် တပည့်တော်မသည် မင်းကြီးကို အရှင်ဘုရား၏ ရှေတော်မှောက်သို့ ခေါ်ဆောင်ခဲ့ပါသည်ဘုရားဟု လျှောက်လေ၏။

မင်းကြီး–မလ္လိကာမိဖုရား လျှောက်တင်သည့်အတိုင်း မှန်သလောဟု မိန့် တော်မူသောအခါ အရှင်ဘုရား မှန်ပါ၏ဟု လျှောက်၏။ မင်းကြီး ဘယ်အသံ မျှးကို ကြားသနည်းဟု မေးလတ်သော် "ဒု, သ, နု, သော"ဟူသော အသံကြီး

လေးမျိုးကို ကြားပါ၏ဟု လျှောက်လေ၏။ မြတ်စွာဘုရားသည် ထိုအသံကြီး လေးမျိုးကို လျှောက်ထားသည်နှင့်တပြိုင်နက် သိရှိလေရာ မင်းကြီးအား မကြောက်ပါလင့် ဒကာတော်မင်းမြတ် ဤအသံကြီးမျှားကြောင့် မင်းကြီးမှာ အန္တရာယ်မရှိပါ၊ မကောင်းမှုကိုပြုသော သတ္တဝါတို့သည် မိမိဆင်းရဲကို သည်းခံခြင်းငှါမတတ်နိုင်သည်ဖြစ်၍ ဤသို့ဆိုကုန်၏ဟု မိန့်တော်မူကာ အတိတ်ကာလက ဖြစ်ပျက်ပုံအကြောင်းစုံကို ဟောကြားလေသည်။

သူဌေးသားလေးယောက် ဖြစ်ပုံ

လွန်လေပြီးသောအတိတ်ကာလက ဗာရာဏသီပြည်တွင် အသက်နှစ်သောင်းရှည်ကုန်သောလူတို့၌ ကဿပမြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူ၍ ရဟန္တာနှစ်သောင်းတို့နှင့်တကွ ဒေသစာရီလှည့်လည်သည်ရှိသော် ဗာရာဏသီပြည်သို့ ရောက်တော်မူ၏။ ဗာရာဏသီပြည်သားတို့သည် တပေါင်းတည်း အတူတကွ မြတ်စွာဘုရားအမှူးရှိသော ရဟန္တာအရှင်မြတ်တို့အား အလှူပေးကြကုန်၏။

ထိုအခါ ဗာရာဏသီပြည်၌ ကုဋေလေးဆယ်ဥစ္စာကြွယ်ဝသော သူဌေးသားလေးယောက်တို့သည် အဆွေခင်ပွန်းများဖြစ်ကြ၍ တယောက်နှင့်တယောက် တိုင်ပင်ကြသည်မှာ ငါတို့အိမ်၌ ဥစ္စာပစ္စည်းပေါများ၏၊ ထိုပစ္စည်းဥစ္စာဖြင့် အဘယ်အမှုကို ပြုရပါကုန်အံ့နည်းဟု တိုင်ပင်ကြကုန်၏။ တယောက်သောသူဌေးသားသည် ရှေးဦးစွာ ဤသို့ပြောဆို၏၊ အလွန်ထက်သော အရက်ကိုသောက်လျက် ကောင်းမွန်လှစွာ အရသာရှိသောအသားကို စားကာ လှည့်လည်သွားကြပါကုန်အံ့၊ ဤသို့ပြုလုပ်လျှင် ငါတို့အား အသက်ရှင်ရကျိုးနပ်ပါလိမ့်မည်ဟု ပြောဆိုလေ၏။ သူဌေးသားတယောက်က နေ့တိုင်း နေ့တိုင်း အနံ့အရသာနှင့် ပြည့်စုံသော သလေးထမင်းကို အထူးထူးသော ဟင်းလျာတို့ဖြင့် စားလျက် လှည့်လည်သွားပါကုန်အံ့ဟု ပြောဆိုပြန်လေ၏။

သူဌေးသားတယောက်ကလည်း ချစ်ဆွေတို့–ငါတို့သည် အမျိုးသမီးများကို ဥစ္စာပေးကာ ဖျက်ဆီးကုန်အံ့၊လောက၌ ဥစ္စာကို အလိုမရှိသော မိန်းမမည်သည် မရှိချေဟု ဆိုလတ်သော် သူဌေးသား သုံးယောက်လုံး အလွန်ကောင်းပါ၏၊ အလွန်ကောင်းပါ၏ဟု ဆို၍ ထိုသူ၏ စကားကို အတည်ပြုကြကုန်၏။

ကဿပမြတ်စွာဘုရား ကွယ်လာသောအခါ ဒါန, သီလ, ဘာဝနာသုံးဖြာနှင့် ပြည့်စုံအောင် အားထုတ်ကြကုန်အံ့ဟူ၍ သူဌေးသားလေးယောက်တို့တွင် တဦးတယောက်မျှ အကြံအစည် မပေါ်ခဲ့။

သူဌေးသား လေးယောက်တို့သည် တိုင်ပင်ကြပြီးရာအခါမှစ၍ အလွန်အဆင်းလှသော မိန်းမတို့အား ဥစ္စာကို ပို့စေကာ အနှစ် နှစ်သောင်းတို့တိုင်တိုင်

သူတပါး သမီး မယားဌ် ဖျက်ဆီးမှုကိုပြု၍ သေသောအခါ အဝီစိငရဲဌ် ဖြစ်ကုန်၏။ နှစ်ဆူသော ဘုရားရှင်တို့၏ တခုသော အကြားကာလမှတ်လုံး ငရဲဌ် ကျက်၍ အဝီစိငရဲဌ်သေပြီးလျှင် ကျက်ပြီးသည်မှ ကြွင်းသော မကောင်းမှုကံဖြင့် ယူဇနာခြောက်ဆယ်ရှိသော ကြေးအိုးငရဲဌ်ဖြစ်ကာ အနှစ်သုံးသောင်းတို့ ကာလပတ်လုံး အောက်အပြင်သို့ ရောက်၏။

နောက်ဘဖန် အနှစ်သုံးသောင်းတို့ ကာလပတ်လုံး ကြေးအိုးအဝသို့ ရောက်၍ တဂါထာ တဂါထာစီကို ပြောဆိုလိုသည်ဖြစ်သော်လည်း ပြောဆိုခြင်းငှါ မတတ်နိုင်ရကား အက္ခရာ တလုံးတလုံးစီရွတ်ဆို၍ တဖန် ဦးခေါင်းပြန်လည်ပြီးလျှင် လောဟကုမ္ဘီငရဲသို့သာ ဝင်ကုန်၏။

မင်းကြီး ရှေးဦးစွာ အဘယ်အသံကို ကြားသနည်းဟု မေးတော်မူရာ အရှင် ဘုရား "ဒု"ဟူသော အသံကိုကြားပါ၏ဟု လျှောက်လေသော် မြတ်စွာဘုရားသည် ထိုငရဲသား၏ မပြည့်စုံသော အက္ခရာကို ပြည့်စုံစွာပြုကာ ဤဂါထာကို ဟောတော်မူ၏။

ပထမငရဲသား၏ "ဒု" ဟူသော စကား

ဒုဇ္ဇီဝိတမဇီဝိမ့၊ ယေ သတ္တေ့ နု ဒဒမ့သေ။
ဝဇ္ဇမာနေသု ဘောဂေသု၊ ဒပ် နာကမ့ အတ္တနော။

မာရိသာ၊ အိုအချင်းတို့။ ယေ၊ အကြင်ငါတို့သည်။ ဘောဂေသု၊ စည်းစိမ်ဥစ္စာ, ရွှေငွေရတနာတို့သည်။ ဝဇ္ဇမာနေသု၊ ထင်ရှားမျှားစွာ ကြုယ်ဝပါကုန်လျက်။ သတ္တေ့၊ သူတော်ကောင်းတို့ကို။ နု ဒဒမ့သေ၊ မပေးမလှူမိခဲ့ကြကုန်။ ဒုဇ္ဇီဝိတံ၊ ယုတ်ညံ့ပိန်ဖျင်း မကောင်းသော အသက်မွေးခြင်းကို။ အဇီဝိမ့၊ မွေးမိခဲ့ကြကုန်ပြီ။ အတ္တနော၊ မိမိ၏။ ဒီပံ၊ ကျွန်းကြီးပမာ မှီခိုရာကောင်းမှုကို။ နာကမ့၊ မပြုမိခဲ့ကြကုန်။

မင်းကြီးအား ဤဂါထာ၏ အဓိပ္ပါယ်ကိုပြပြီး၍ မြတ်သော မင်းကြီး အာဘယ်သို့လျှင် ဒုတိယအသံ, တတိယအသံ, စထုတ္ထအသံတို့ကို ကြားသနည်းဟု မေးတော်မူသောအခါ ဤသို့ ကြားပါသည်ဟု လျှောက်ထား၍ မပြည့်စုံသော အက္ခရာကို ပြည့်စုံစွာပြုကာ ဤသို့ မိန့်တော်မူ၏။

ဒုတိယငရဲသား၏ "သ" ဟူသော စကား

သဒ္ဒံဝဿသဟဿာနိ၊ ပရိပုဏ္ဏာနိ သဗ္ဗသော။
နိရယေ ပစ္စမာနာနံ၊ ကဒါ အန္တော ဘဝိဿတိ။

မာရိသာ၊ ဖော်ရွေတသင်း အိုအချင်းတို့။ နိရယေ၊ လောဟကုမ္ဘီငရဲအိုးဌ်။ သဗ္ဗသော၊ ပြောင်းပြန်ဦးစောက် ထက်ဇောက်ပေါ်ကာ ခပ်သိမ်းသောအခြင်း

အရာဖြင့်။ ပစ္စမာနာနံ၊ ကျက်ကုန်သော ငါတို့အား။ သဋ္ဌဝဿသဟဿာနိ၊ အနှစ်ခြောက်သောင်းတို့သည်။ ပရိပုဏ္ဏာနိ၊ ပြည့်ခဲ့ကုန်ပြီ။ ကဒါ၊ ဘယ်အချိန်၌။ အန္တော၊ ဆင်းရဲအဆုံးသည်။ ဘဝိဿတိ၊ ဖြစ်ပါချေလိမ့်နည်း။

တတိယငရဲသား၏ "န" ဟူသော စကား

နတ္ထိ အန္တော ကုတော အန္တော၊ န အန္တော ပဋိဒိဿတိ။
တဒါ ဟိ ပကတံ ပါပံ၊ မမ တုယ္ဘဉ္စ မာရိသ။

မာရိသ၊ အိုအချင်းတို့။ တဒါ၊ ဗာရာဏသီ ပြည်ဌာနီမှာ အတူတကွ နေကြရာ ထိုကာလ၌။ ပကတံ၊ ပြုအပ်သော။ ပါပံ၊ မကောင်းမှုသည်။ မမ စ၊ ငါ့အားဎင်း။ တုယ္ဘဉ္စ၊သင်တို့သုံးယောက်အားဎင်း။ အန္တော၊ ငရဲ၏အဆုံးသည်။ န ပဋိဒိဿတိ၊ မထင်နိုင်။ ဟိ၊ ထိုစကားသည်မှန်၏။ အန္တော၊ ငရဲ၏ အဆုံးသည်။ နတ္ထိ၊ မရှိလေယောင်တကား။ အန္တော၊ ငရဲ၏အဆုံးသည်။ ကုတော၊ ဘယ်ခါကျမှ ရှိရပါလိမ့်နည်း။

စတုတ္ထငရဲသား၏ "သော" ဟူသော စကား

သောဟံ နူန ဣတော ဂန္ဒ္ဓာ၊ ယောနိံ လဒ္ဓါန မာနုသိံ။
ဝဒညူ သီလသမ္ပန္နော၊ ကာဟာမိ ကုသလံ ဗဟုံ။

သောဟံ၊ ထိုငါသည်။ ဣတော၊ ဤလောဟကုမ္ဘီငရဲမှ။ ဂန္ဒ္ဓာ၊ လွတ်ကာ သွားရသည်ရှိသော်။ မာနုသိံ ယောနိံ၊ လူ့ပြည်၌ ဖြစ်သော ပဋိသန္ဓေကို။ လဒ္ဓါန နူန၊ အကယ်မုချ ရခဲ့သည်ဖြစ်အံ့။ ဝဒညူ၊ ကောင်းသောစကားကို နာယူလေ့ရှိသည်ဖြစ်၍။ သီလသမ္ပန္နော၊ သီလနှင့်ပြည့်စုံသည်ဖြစ်၍။ ကုသလံ၊ ကုသိုလ်ကို။ ဗဟုံ၊ များစွာ။ ဝါ၊ များများကြီး။ ကာဟာမိ၊ ပြုပါတော့အံ့။

မင်းကြီး ငရဲသား လေးယောက်တို့သည် တဂါထာ, တဂါထာစီကို ရွတ်ဆို လိုပါသော်လည်း ရွတ်ဆိုခြင်းငှါ မတတ်နိုင်ကုန်သည်ဖြစ်၍ တလုံး, တလုံးသော အက္ခရာကိုသာလျှင် ရွတ်ဆိုကာ လောဟကုမ္ဘီ ငရဲသို့သာ ပြန်၍ ဝင်သွားကြကုန်၏ဟု မိန့်တော်မူလေသည်။

မင်းကြီးအမြင်မှန်ရပုံ

ပသေနဒီကောသလမင်းကြီးသည် ထိုအသံကို ကြားလတ်သောအခါ ငရဲသားတို့သည် အောက်သို့ မြုပ်ကုန်၏။ ဤသို့ ရှင်တော်ဘုရား ဟောကြားတော်မူလေလျှင် မင်းကြီးသည် ကြီးစွာထိတ်လန့်ခြင်းသို့ ရောက်လေ၏။ သူတပါးသားမယား၌ တဏှာရာဂဖြင့် ကျူးလွန်ခြင်းအမှုသည် ဤသို့ နှစ်ရှည်ငရဲ၌ ကျ

ရောက်သဖြင့် အလွန်ပင် ဝန်လေးဘွယ် ကောင်းစွာပါတကား။ ငါသည်လည်း သူတပါးမယား၌ ချစ်မိသဖြင့် တည်ငြိုလုံး အိပ်ပျော်မှု မရရှိဖြစ်ခဲ့၏၊ ယနေ့မှစ၍ သူတပါးမယား၌ ချစ်ခင်နှစ်သက်မှု မပြုတော့အံ့ဟု ကြံစည်ကာ မြတ်စွာဘုရားအား ဤသို့ လျှောက်လေ၏။ မြတ်စွာဘုရား ယနေ့ညသည် ရှည်လှပါ၏။ မင်းခစား ယောကျ်ားသည်လည်း ထိုစကားကို ကြားလတ်သောအခါ ငါသည် အား ကြီးသောအထောက်အပံ့ကို ရရှိပေပြီဟု မြတ်စွာဘုရားအား လျှောက်၏။

မြတ်စွာဘုရား မင်းကြီးသည် ရှေးဦးစွာ ညဉ့်ရှည်ကြောင်း သိပါ၏၊ တပည့်တော်သည်လည်း ယမန်နေ့က ယူဇနာရှည်သည်၏ အဖြစ်ကို သိပါ၏ဟု လျှောက်လေသော် မြတ်စွာဘုရားသည် ထိုသူနှစ်ယောက်တို့၏ စကားကို ဆက်စပ်နှိုးနှော၍ အခွါသောပုဂ္ဂိုလ်အား ညဉ့်သည် ရှည်၏၊ အခွါသောပုဂ္ဂိုလ်အား ယူဇနာသည် ရှည်၏၊ မလိမ္မာသောသူအား သံသရာသည် ရှည်၏ဟု မိန့်တော်မူကာ အောက်ပါဂါထာကို ဟောကြားတော်မူ၏။

ဒီဃာ ဇာဂရတော ရတ္တိ၊ ဒီဃံ သန္တဿ ယောဇနံ။
ဒီဃော ဗာလာန သံသာရော၊ သဒ္ဓမ္မံ အဝိဇာနတံ။

ဇာဂရတော၊ မအိပ်မစက် နိုးကြားသောသူအား။ ရတ္တိ၊ ညဉ့်သည်။ ဒီဃာ၊ ရှည်လှ၏။ သန္တဿ၊ ခရီးပင်ပန်းသောသူအား။ ယောဇနံ၊ ယူဇနာသည်။ ဒီဃံ၊ ရှည်လှ၏။ သဒ္ဓမ္မံ၊ သုံးဆယ့်ခုနစ်ပါးသော ဗောဓိပက္ခိယတရားကို။ အဝိဇာနတံ၊ မသိကုန်သော။ ဗာလာနံ၊ လူမိုက်တို့အား။ သံသာရော၊ ခန္ဓာ, အာယတန, ဓာတ်တို့၏ အစဉ်မပြတ်ဖြစ်ရာ သံသရာသည်။ ဒီဃော၊ အလွန် ရှည်လှ၏။

ဤဒေသနာကို ဟောကြားပြီးသောအခါ မင်းခစား ယောကျ်ားသည် သောတာပန်ဖြစ်၍ အခြားသောလူတို့သည်လည်း သောတာပန်စသည် ဖြစ်ကြလေ၏။ မင်းကြီးသည် မြတ်စွာဘုရားအား ရှိခိုးပြီးလျှင် ပြန်လာခဲ့၍ ချည်နှောင်ထားသော သတ္တဝါတို့ကို ဖြေလွှတ်ပေးလေသည်။ (ဓမ္မပဒအဋ္ဌကထာ ပဌမအုပ် နှာ ၂၀၂။)

တဏှာအာရုံ ကာမဂုဏ်ကြောင့် ကောသလမင်းကြီး ဒုက္ခရောက်ပုံ, သူဌေးသားလေးယောက် ယနေ့တိုင် ငရဲမှ မလွတ်သေးပုံ အလုံးစုံတို့သည် ကြောက်မက်ဖွယ် ကောင်း၏။ တဏှာကြောင့်သာ ဒုက္ခရောက်ရ၏၊ သောကရောက်ရ၏၊ စိတ်ဆင်းရဲရ၏၊ အကဲ့ရဲ့အမျိုးမျိုး ခံရ၏၊ တဏှာကြောင့်သာ ကိုယ်ဆင်းရဲရ၏၊ ရောဂါအမျိုးမျိုးဖြစ်ရ၏၊ ပင်ပန်းစွာ ရှာဖွေရ၏။

ကာမာဒီနဝကထာ ပြီး၏။

ရတနာကထာ

ဓုတဿ အင်္ဂ ဓုတင်္ဂ = ကိလေသာကို ခါတုံ့က် ဖျက်ဆီးကြောင်းသည် ဓုတင်မည်၏။ ကိလေသာ တဏှာအယုတ်ကို ခါတုံ့က် ဖျက်ဆီးလိုလျှင် ဓုတင် ဆောက်တည်အပ်၏။ ဓုတင် ဆောက်တည်သည်ရှိသော် ရဟန်းတို့အား အလို နည်းခြင်း, ရောင့်ရဲလွယ်ခြင်း, ကိလေသာတို့ကို ခေါင်းပါးအောင် ပြုခြင်း, ဆိတ်ငြိမ်ချာ၌ နေခြင်း, ကိလေသာကို ဖျက်ဆီးသော အာကျင့်ကိုကျင့်ခြင်း, အားထုတ်အပ်သော ဝီရိယရှိခြင်း, မေ့မြုံလွယ်ခြင်း အစရှိသော ဂုဏ်ကျေးဇူး တည်းဟူသောရေဖြင့် ဆေးလျော်အပ်ပြီးသော အညစ်အကြေးရှိသော သီလ သည်လည်း အလွန်စင်ကြယ်ပါလိမ့်မည်။

အပြစ်မရှိသော သီလဓုတဓမ္မ အကျင့်ဟူသော ဂုဏ်ကျေးဇူးတို့ဖြင့် စင် ကြယ်သော အလုံးစုံသော အကျင့်ရှိသော ယောဂီပုဂ္ဂိုလ်သည် ရှေး၌ ဖြစ်ကုန် သော မြတ်စွာဘုရားတို့၏ ဥစ္စာဖြစ်သော အရိယဝံသတရား သုံးပါးအပေါင်း သမထဝိပဿနာဘာဝနာ၌ မွေ့လျော်ခြင်းရှိသောသူ၏အဖြစ်ဟု ဆိုအပ်သော အရိယဝံသတရားကိုရခြင်းငှါထိုက်သည် ဖြစ်ပါလိမ့်မည်။ ထို့ကြောင့် ဓုတင်ကို ရေးသားပါအံ့—

မှန်၏၊မြတ်စွာဘုရားသည်စွန့်အပ်ပြီးသော လာဘသက္ကာရစသော လောကာ မိသရှိသော, နိဗ္ဗာန်ကိုရခြင်းငှါ ဝိပဿနာဘာဝနာအကျင့်ကိုသာလျှင် ပြီးစေ ခြင်းငှါအလိုရှိသော အမျိုးကောင်းသားတို့အား တဆယ့်သုံးပါးသောဓုတင်တို့ကို ခွင့်ပြုတော်မူအပ်ကုန်၏။ ထိုဓုတင်တဆယ့်သုံးပါးကား—

၁။ ပံသုကူလိကင်
၂။ တိစီဝရိကင်
၃။ ပိဏ္ဍပါတိကင်
၄။ သပဒါနစာရိကင်
၅။ ဧကာသနိကင်
၆။ ပတ္တပိဏ္ဍိကင်
၇။ ခလုပစ္ဆာဘတ္တိကင်
၈။ အာရညကင်
၉။ ရုက္ခမူလိကင်
၁၀။ အဗ္ဘောကာသိကင်
၁၁။ သုသာနိကင်
၁၂။ ယထာသန္ထတိကင်
၁၃။ နိသဇ္ဇိကင် တို့ဖြစ်၏။

၁-ပံသုကူလိကဏ်ကထာ

ပံသုကူလဟူသည် ရထားလမ်းမ, သုသာန်, အမှိုက်ပုံ အစရှိသော မြေပေါ်တွင် လှမ်းမိုးကျရောက်နေသော အဝတ်အထည်ကို ပံသုကူလဟူ၍ ခေါ်၏။ (တနည်း)သုသာန်မြေစသည်ကဲ့သို့ စက်ဆုပ်ရွံရှာဘွယ်အဖြစ်သို့ ရောက်သောကြောင့် ထိုအဝတ်အထည်ကို ပံသုကူလဟူ၍ ခေါ်၏။ ထိုပံသုကူလသင်္ကန်းကို ဆောင်သောပုဂ္ဂိုလ်ကို ပံသုကူဓုတင်ဆောင်ရဟန်းဟု ခေါ်ဆိုရလေသည်။

ပံသုကူဓုတင်ဆောက်တည်ပုံ

ဂဟပတိဒါနစီဝရံ ပဋိက္ခိပါမိ။ ပံသုကူလိကင်္ ဿမာဒိယာမိ။ (ဤပါဠိနှစ်မျိုးတွင် တမျိုးမျိုးဖြင့် ဆောက်တည်နိုင်၏။)

မြန်မာလိုဆောက်တည်မူ – ဒါယကာတို့လှူဒါန်းသောသင်္ကန်းကို ပယ်ပါ၏၊ ပံသုကူသင်္ကန်းကို ဆောင်ခြင်းအလေ့ရှိသော ရဟန်း၏အကြောင်းအင်္ဂါ ဿမာ-ဒါနစေတနာကို ဆောက်တည်ပါ၏ဟု ဤစကားနှစ်မျိုးတို့တွင် တမျိုးမျိုးဖြင့် ဆောက်တည်နိုင်သည်။

ပံသုကူသင်္ကန်း ၂၃-မျိုး။ ။ပံသုကူဓုတင် ဆောက်တည်ပြီးသော ရဟန်းသည် သုသာန၌ ရအပ်သောအဝတ်ဌင်း, လမ်းခရီးတွင် စွန့်ပစ်အပ်သော အဝတ်ဌင်း, ဈေးတံခါးတွင် စွန့်ပစ်အပ်သော အဝတ်ဌင်း, အမှိုက်ပုံတွင် စွန့်ပစ်အပ်သော အဝတ်ဌင်း, ကိုယ်ဝန်ဆောင် သားဖွားသော မိန်းမ၏အညစ်အကြေးကို သုတ်သင်၍ စွန့်ပစ်အပ်သော အဝတ်ဌင်း, ရေချိုးပြီး၍ စွန့်ပစ်အပ်သော အဝတ်ဌင်း, ရေချိုးဆိပ်၌ စွန့်ပစ်အပ်သော အဝတ်ဌင်း, သုသာန်သို့ အသွားအပြန်ဝတ်၍ အမင်္ဂလာဟု ပြောဆိုကာ စွန့်ပစ်အပ်သော အဝတ်ဌင်း, မီးလောင်ရာရှိ၍ စွန့်ပစ်အပ်သော အဝတ်ဌင်း, နွားဝါးရာရှိ၍ စွန့်ပစ်အပ်သော အဝတ်ဌင်း, ခြကိုက်ရာရှိ၍ စွန့်ပစ်အပ်သော အဝတ်ဌင်း, ကြွက်ကိုက်ရာရှိ၍ စွန့်ပစ်အပ်သော အဝတ်ဌင်း, အနားပြတ်သော အဝတ်ဌင်း, အဆာပြတ်သောအဝတ်ဌင်း,အလံတမ်းခွန်အဝတ်ဌင်း,တောင်ပို့ကိုရစ်ပတ်၍ နတ်ပူဇော်ထားသောအဝတ်ဌင်း, ရဟန်းသည် စွန့်ပစ်ထားအပ်သော သင်္ကန်းဌင်း, မင်း၏အဘိသိက်ခံရာအရပ်၌ စွန့်ပစ်ထားအပ်သော အဝတ်ဌင်း, ဗေဒင်ကျွမ်းကျင်သော ရဟန်း၏ သင်္ကန်းဌင်း, ခရီးလမ်း၌ကျနေသော အဝတ်ဌင်း, လေတိုက်၍ အဝေးသို့လွင့်ပါသော အဝတ်ဌင်း, နတ်တို့ပေးလှူအပ်သော အဝတ်ဌင်း, သမုဒ္ဒရာလှိုင်းတံပိုးတို့သည် တိုက်ခတ်၍ ကြည်းကုန်းအပေါ် တင်နေသော အဝတ်ဌင်း ဤနှစ်ဆယ့်သုံးမျိုးသော အဝတ်သင်္ကန်းတို့တွင် တမျိုးမျိုးသော အဝတ်သင်္ကန်းကို ကောက်ယူခဲ့ဖြတ်၍ ဆွေးမြေ့သောနေရာကို ပယ်ပြီးလျှင်

ခိုင်ခဲ့သောအရပ်တို့ကို ဖွပ်လျှော်ကာ သင်္ကန်းချုပ်ပြီးလျှင် အဟောင်းဖြစ်သော ဂဟပတိစီဝရကိုပယ်၍ ဝတ်ရုံ သုံးဆောင်အပ်၏။

ပံသုကူလဖြစ်ထိုက်သောသင်္ကန်းများ

အကြင်သင်္ကန်းကို သံဃာအားလှူပါ၏ဟုဆို၍ပေးလှူ၏၊ အကြင်သင်္ကန်းကို အဝတ်နှင့်တကွ ဆွမ်းအလို့ငှါ ကြွလာကုန်သော ရဟန်းတို့သည် ရအပ်၏၊ ထိုနှစ်မျိုးသော သင်္ကန်းသည် ပံသုကူ မမည်ပေ။

ရဟန်းလှူသောသင်္ကန်း၌လည်း အကြင်သင်္ကန်းကို ထေရ်စဉ်ဝါစဉ်အားဖြင့် ယူစေ၍ လှူအပ်၏၊ အကြင်သင်္ကန်းသည် ဤကျောင်း၌နေသော ရဟန်းတော်တို့သည် သုံးဆောင်စေသတည်းဟု လှူအပ်သောသင်္ကန်းဖြစ်၏၊ ထိုနှစ်မျိုးသော သင်္ကန်းသည်လည်း ပံသုကူ မမည်ပေ။

ပံသုကူဖြစ်ပုံကို ပြခြင်း

ပံသုကူဆောင်ရဟန်းကို မယူစေပဲ အခြားရဟန်းက မိမိဝါစဉ်ဖြင့် ယူ၍ပေးသော သင်္ကန်းသည်သာလျှင် ပံသုကူသင်္ကန်းမည်၏။

ရဟန်းပေးအပ်သော သင်္ကန်းအရာ၌ အကြင်သင်္ကန်းကို ဒါယကာတို့သည် ရဟန်း၏အနီး၌ ချထားအပ်၏၊ ထိုသင်္ကန်းကိုရသော ရဟန်းသည် ပံသုကူဓုတင်ဆောင် ရဟန်း၏လက်၌ ထား၍ပေးအပ်၏။ ထိုရဟန်းပေးအပ်သော သင်္ကန်းသည် တပါးသောအဖို့မှ စင်ကြယ်ခြင်းရှိသော သင်္ကန်းမည်၏။

အကြင်သင်္ကန်းကို ရဟန်း၏လက်၌ထား၍ ဒါယကာတို့သည် ပေးလှူအပ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းကို ပံသုကူဆောင်မထေရ်၏ခြေရင်း၌ ထားအပ်၏၊ ထိုသင်္ကန်းသည်လည်း တပါးသောအဖို့မှ စင်ကြယ်ခြင်းရှိသော သင်္ကန်းမည်၏။

အကြင်သင်္ကန်းကို ရဟန်း၏ခြေရင်း၌ ဒါယကာတို့သည် ထားအပ်၏၊ ထိုသင်္ကန်းကို ရသောရဟန်းသည်လည်း ထို့အတူပင် ပံသုကူဆောင်ရဟန်း၏ခြေရင်း၌ထား၍ လှူအပ်၏၊ ထိုသင်္ကန်းသည် နှစ်ပါးသောအဖို့မှ စင်ကြယ်ခြင်းရှိသော သင်္ကန်းမည်၏။

ရဟန်း၏လက်၌ထား၍ ဒါယကာတို့သည် လှူဒါန်းအပ်သော အကြင်သင်္ကန်းကို ရအပ်၏။ ထိုလက်၌ထားသော သင်္ကန်းကိုရသော ရဟန်းသည်လည်း ပံသုကူဓုတင်ဆောင် ရဟန်း၏လက်၌ပင် ထားအပ်၏၊ ထိုသင်္ကန်းသည် ဥက္ကဋ္ဌမဟုတ်သော သင်္ကန်းမည်၏။

ဤသို့လျှင် ပံသုကူဓုတင်အပြားကိုသိ၍ ပံသုကူဓုတင်ဆောင်ရဟန်းသည် သင်္ကန်းကို ဝတ်ရုံ သုံးဆောင်အပ်၏။

ပံသုကူခုတင် သုံးပါးပြားပုံ

ပံသုကူခုတင်ဆောင်ရဟန်းသည် ဥက္ကဋ္ဌပုဂ္ဂိုလ်, မဇ္ဈိမပုဂ္ဂိုလ်, မုဒုပုဂ္ဂိုလ်ဟူ၍ သုံးမျိုးရှိ၏၊ ထိုသုံးမျိုးတို့တွင် သုသာန်၌စွန့်ပစ်အပ်သော အဝတ်ကိုငင်း, အိမ် စျေး တံခါးစသည်၌ စွန့်ပစ်အပ်သော အဝတ်ကိုငင်း ကောက်ယူသော ရဟန်းသည် ဥက္ကဋ္ဌ(အမြတ်ဆုံး)ပုဂ္ဂိုလ်မည်၏။

ရဟန်းတော်တို့သည် ကောက်ယူကုန်လတ္တံ့ဟု ထားအပ်သောအဝတ်ကို ကောက်ယူသောရဟန်းသည် မဇ္ဈိမ(အလတ်စား)ပုဂ္ဂိုလ်မည်၏။

ခြေရင်း၌ထား၍ ရဟန်းသည်ပေးလှူအပ်သော သင်္ကန်းကို ယူသော ရဟန်းသည် မုဒု(အညံ့စား)ပုဂ္ဂိုလ်မည်၏။

ထိုဥက္ကဋ္ဌ, မဇ္ဈိမ, မုဒုပုဂ္ဂိုလ်သုံးယောက်တို့တွင် အမှတ်မထား တပါးပါးအား မိမိသုံးဆောင်လိုခြင်းဟူသော ဆန္ဒအားဖြင့်ငင်း, ဒါယကာတို့ တောင်းပန်၍ သုံးဆောင်အံ့ဟု သည်းခံခြင်းတည်းဟူသော အဓိဝါသနခန္တီအားဖြင့်ငင်း ဒါယကာတို့ ပေးလှူအပ်သော သင်္ကန်းကို သာယာသောခဏာ၌ ခုတင်ပျက်၏။

ယခုခေတ်၌ ပံသုကူသင်္ကန်းကောက်ယူဘို့အတွက် နေရာများသည် များသော အားဖြင့် သုသာန်နှင့်အမှိုက်ပုံတို့၌ တွေ့ရှိရ၏။ လူသေကောင်၏ အဝတ်အထည် ဟောင်းများ ချုံဖုတ်ပေါ်တွင်ငင်း, ဂူကြားတွင်ငင်း တွေ့ရှိသောအခါ ထိုအဝတ် တို့ကို ကောက်ယူနိုင်၏။ သုသာန်သို့ လူသေကောင်မြုပ်ရန်လာသောအခါ ခေါင်းဖုံ့ချထားသော ဒေသဖြစ်လျှင် အလောင်းကောင်၌ ပံသုကူအဝတ် ကောက်ခွံ့မပေးနိုင်ဘူးလားဟု သေသောသူ၏ ဆွေမျိုး, လူကြီးတို့ကိုမေး၍ ခွံ့ပေးလျှင် ကောက်ယူနိုင်၏။ သူသေကောင်၌ အဝတ်ဖြူများ, အဝတ်ပိုများ ပါလာတတ်သဖြင့် ထိုအဝတ်တို့ကို ကောက်ခွံ့ပေးသောအခါ ဖြေးညှင်းစွာ ဆွဲယူနိုင်၏။

ကိုယ်ခန္ဓာ၌ ဝတ်ဆင်ထားသော လုံချည်, အင်္ကျီများကို ချွတ်၍မယူရပေ၊ အကုန်ချွတ်၍ယူလျှင် အမြင်မတော်သည့်အတွက် ကဲ့ရဲ့ဘွယ်သာဖြစ်လိမ့်မည်။ အလောင်းကောင်တခုမှာ အဝတ်တထည်မျှရလျှင် သင့်တော်၏၊ အချို့မှာ ခေါင်းအုံးစွပ်နှင့် ခေါင်းအုံး ပါလာတတ်သဖြင့် ၎င်းပစ္စည်းများကို ပံသုကူ ကောက်၍ သင်္ကန်းစပ်ကာ ချုပ်ဝတ်နိုင်၏။ မီးသင်္ဂြိဟ်မည့် အလောင်းဖြစ်လျှင် အဝတ်ပိုနှင့် ခေါင်းအုံးများကို မီးသင်္ဂြိဟ်ရန်ပြုလုပ်သောအခါ ဒါယကာတို့– ထိုပစ္စည်းများကိုမီးထဲမထည့်ပဲ ပံသုကူရဟန်းများတွေ့လျှင်ကောက်ယူနိုင်အောင် ချုံဖုတ်စသည်တနေရာ၌ ပစဲတင်ထားလျှင် အလွန်ကောင်းမြတ်ပါ၏ဟု ပြောဆို သောအခါ ဒါယကာတို့က ပစ်ထားခဲ့လျှင် ကောက်ယူနိုင်သည်။

ပံသုကူပါဘုရားဟု လျှောက်၍ အဝတ်များကို လက်ဖြင့်ပေးလှူလျှင် ဒါယကာတို့–ပံသုကူသက်နှံးအဝတ်ဟူသည် အကပ်မခံရ၊ မြေကြီးကျမှ ကောက်ယူနိုင်သည်၊ သို့မဟုတ် ချုံဖုတ်, ဂူစသည်တို့အပေါ်၌သာ ကောက်ယူနိုင်သည်ဟု ပြောဆိုသောအခါ ဒါယကာတို့သည် ထိုရဟန်း၏စကားကို နားလည်၍ ချထားခဲ့ကြကုန်အံ့။ ချုံဖုတ်စသော တနေရာ၌ပစ်ထားကြကုန်အံ့။ ထိုအခါ ပံသုကူဆောင် ရဟန်းသည်။ ဝါ၊ ပံသုကူမြောက်အောင် ပရိယာယ်ဉာဏ် အသွယ်သွယ်ဖြင့် ပြောနေသောရဟန်းသည် ဝမ်းသာစွာ ကောက်ယူနိုင်လေ၏။

ပံသုကူရရှိလို၍ မြေမြှုပ်ပြီးသား သူသေကောင်ကို ဖော်ယူလျက် ပံသုကူကောက်လျှင် မကောင်းတတ်ပေ၊ ခွင့်ပြုသောသူသေကောင်နှင့် သုသာန်အတွင်း, လမ်းဘေး, အမှိုက်ပုံစသည်တို့၌ ပံသုကူလိုက်၍ကောက်လျှင် တန္ဒစ်အတွင်း သက်နှံးစပ်ချုပ်နိုင်လောက်အောင် ရရှိနိုင်၏။

အလောင်းကောင်မပျက်သေးသော သူသေကောင်တို့၌ ပံသုကူအဝတ် မကောက်ရ၊ ကောက်ယူခဲ့သော် ဒုက္ကဋ်အာပတ်သင့်၏။ ရှေးအခါက ရဟန်းတပါးသည် အလောင်းကောင်မပျက်သေးသော သူသေကောင်၌ ပံသုကူသွား၍ကောက်ရာ အလောင်းကောင်၌ ဘီလူးပြိတ္တာပူးဝင်၍ ပံသုကူကောက်သောရဟန်းကို ထ ပြီးလျှင် လိုက်လေ၏။ပံသုကူကောက်သောရဟန်းသည် ကြောက်အားကြီးကာ ကျောင်းသို့ လျှင်မြန်စွာပြေး၍ အခန်းတွင်းသို့ဝင်လျက် တံခါးပိတ်လိုက်၏။ ထိုအခါ အလောင်းကောင်သည် အခန်းတွင်းသို့မဝင်နိုင်ပဲ တံခါးဝတွင် လဲကျသွားလေသည်။ ဤအကြောင်းကို ဘုရားရှင်သိလေသော် သိက္ခာပုဒ် ပညတ်တော်မူရလေသည်။

ပံသုကူလိုက်ကောက်၍ အဝတ်မျိုးစုံရရှိလာသောအခါ သက်နှံးချုပ်၍ သင်္ကန်းရောင်ဖြစ်အောင် ဆေးဆိုးရ၏။ ပင်ကိုယ်အရောင်ရှိသည့်အတိုင်း မဝတ်ရချေ။ဆေးဆီနှိုက်ရောင်ဆိုးလျှင် အကွက်များ, အစိမ်းရောင် အပြာရောင်များ, အနီရောင်စသည်များ ပျောက်သင့်သလောက် ပျောက်သွားသောအခါ ဝတ်ရုံသုံးဆောင်နိုင်၏။ သင်္ကန်းချုပ်ပြီးသား ဆေးဆိုးပြီးသား ပံသုကူအဖြစ်ရရှိလာလျှင် ဆေးထပ်၍ ဆိုးစရာမလိုပဲ ဝတ်ရုံသုံးစွဲနိုင်၏။

ဒါယကာ, ဒါယိကာမများသည် ဆွမ်းခံသွားစဉ် လမ်းတည့်တည့်၌ ပံသုကူအဖြစ် သင်္ကန်းများချထားလျှင် ကောက်ယူရ၏။ ကျောင်းလာ၍လှူသောအခါ အိမ်ပင့်၍လှူသောအခါတို့၌လည်း အကပ်မခံပဲ ရွှေမှာချထားလျှင် ကောက်ယူရ၏။ ထိုသို့ကောက်ယူလျှင် ပံသုကူမည်လေသည်။

ပံသုကူဆောင် ရဟန်းဖြစ်ကြောင်း လှူသောပုဂ္ဂိုလ်က မသိရှိလေလျှင် နားလည်အောင်ပြောပြရာ၏၊ ဦးပဉ္စင်းတို့က သင်္ကန်းလှူလိုလျှင် အကပ်မခံကောင်း

ပါ၊ လှူလိုပါက ရွှေမှာချပစ်ခဲ့ရ၏ဟု ပြောဆိုသောအခါ အလှူပေးပုဂ္ဂိုလ်တို့ သိရှိနိုင်လေရာ၏ "ဦးပဉ္စင်းတို့က ပံသုကူဆောင်ရဟန်းမျှားဖြစ်ကြောင်း" စသည်ဖြင့် အတွုံကွံသနအနေအားဖြင့် မပြောမိအောင် သတိကြီးစွာထားရာ၏။

မြတ်စွာဘုရားပံသုကူ ဆောင်ခြင်း ဤပံသုကူဆောင်မှုသည် အလွန်မွန်မြတ်လှသဖြင့် မြတ်စွာဘုရားကိုယ်တော်တိုင် ပံသုကူကောက်ယူတော်မူ၏။ အခါတပါး မြတ်စွာဘုရားသည် ပုပ်ပွနေသော သူသေကောင်မှ ပံသုကူ ကောက်ယူသောအခါ ပိုးလောက်တွေ့ တပြည်သားမျှ အဝတ်ထဲမှာ တွေ့ရှိ၏။ ထိုပိုးလောက်တွေကို ခါထုပ်ပြီး ဘုရားရှင်ကိုယ်တိုင် လျှော်ဖွပ်၍ ဝတ်လေသည်၊ ထိုအခါ မဟာပထဝီမြေကြီးသည် ရေအဆုံးရှိသည်ကိုပြုလျက် စက်ရဟတ်ကဲ့သို့ သွက်သွက်ခါ တုန်လှုပ်၏။ မြေတုန်လှုပ်ခြင်းအကြောင်းကား ဘုန်းတော် ကံတော် ဉာဏ်တော်အပိုင်းအခြားမရှိ ကြီးမားဘိသော မြတ်စွာဘုရားသည် စက်ဆုပ်ဘွယ်ရာ ဤပံသုကူသင်္ကန်းကို ဆောင်နိုင်ပါပေ၏ဟု ချီးကျူးဂုဏ်ပြု အံ့အားသင့်သည့်အနေဖြင့် တုန်လှုပ်ခြင်း ဖြစ်သည်။

နှစ်ဆယ့်ခြောက်ဘုံနေကုန်သော နတ်ဗြဟ္မာတို့သည် မြတ်စွာဘုရား ပံသုကူဆောင်သည့်အတွက် လွန်စွာ ကောင်းချီးပေးကြ၏၊ ရွှေးရွှေးသော မြတ်စွာဘုရားတို့၏ဓမ္မတာ အရိယဝံသတရားကို စောင့်ရှောက်လိုသောအားဖြင့် မြတ်စွာဘုရားသည် ကောက်ယူသုံးဆောင်တော်မူ၏။ ထို့ကြောင့် လောကဋ္ဌ အလုပ်သမားကောင်းတို့သည် အလုပ်ရှင်ကျေနပ်နှစ်သက်အောင် ကောင်းမွန်စွာပြုလုပ်ကြသလို ဘုရားရှင်သာသနာတော်ဋ္ဌနေကြသော မြတ်စွာဘုရားတပည့်သားတို့သည် ရှင်တော်ဘုရား ကျေနပ်နှစ်သက်အောင် သဒ္ဓါတရား ရှည်စွာထား၍ ပံသုကူသင်္ကန်းကို ဝတ်ရုံသုံးစွဲကြရာ၏။

နည်းယူဘွယ်ရာ မဇ္ဈန္တိကမထေရ်

မဇ္ဈန္တိကမထေရ်သည် သာသနာတော်ဋ္ဌ အုပ်စိုးဂုဏ်ကို အလွန်လိုလား၏၊ မထေရ်၏သင်္ကန်းနှင့်သပိတ်သည် တမတ်မျှ တန်ဘိုးရှိ၏။ အသောကဘုရင်၏ ကျောင်းရေစက်ချပဲ့မှာ မဇ္ဈန္တိကမထေရ်သည် သံဃာဦးစီး အကြီးအမှူးဖြစ်၍ တန်ဘိုးနဲသော ပံသုကူသင်္ကန်း ဝတ်ရုံထားသည်ကို ပရိသတ်များ မြင်လေလျှင် အရှင်ဘုရား....အပြင်ဘက်သို့ ခေတ္တသွားနေပါဟု လျှောက်ကြကုန်၏။ ထိုအခါ မဇ္ဈန္တိက ရဟန္တာမထေရ်သည် မင်းကြီးအား ငါကဲ့သို့သော ရဟန္တာမထေရ်သည် မချီးမြှောက်သည်ရှိသော် ငါမှတပါးအဘယ်ပုဂ္ဂိုလ်သည်ချီးမြှောက်ပါအံ့နည်းဟု နှလုံးသွင်းလျက် တန်းခိုးဖြင့် မြေ၌ ငုပ်လျှိုး၍ သံဃာ့ထေရ်အတွက် ချကားအပ်သော ဘွမ်းကိုယူကာ မြေထဲမှ ပေါ်ထွက်လာလေ၏။ ဤသို့လျှင် သူတော်ကောင်း

တို့သည် ရဟန္တာဖြစ်သော်လည်း မိမိကိုယ်ကို ရဟန္တာဟု မသိအောင် ပံသုကူဆောင်ဟု မသိအောင် ကျင့်ဆောင်ကြကုန်၏။

ပံသုကူ (ပံ့သကူ) ဓုတင်အာနိသင်

"ပံသုကူသင်္ကန်းကိုအမှီပြု၍ ရဟန်းဝတ်၏"ဟု မြတ်စွာဘုရား ဟောကြားတော်မူသောကြောင့် ပဉ္စင်းဖြစ်စက ဝန်ခံခဲ့သော ဒုတိယနိဿယနှင့် လျော်စွာသော အကျင့်ပဋိပတ်ရှိသည်၏ အဖြစ်ငှင်း, အရိယဝံသတရား လေးပါးတွင် ပထမအရိယဝံသတရား၌ တည်ခြင်းငှင်း,ပံသုကူသင်္ကန်း၏ အဖိုးမထိုက်တန်သောကြောင့် စောင့်ရှောက်ရသော ဆင်းရဲဒုက္ခမရှိခြင်းငှင်း, သူတပါးနှင့်မစပ်သော အသက်မွေးခြင်း ရှိသည်၏ အဖြစ်ငှင်း, ခိုးသူဘေးမရှိသည်၏ အဖြစ်ငှင်း, ဝတ်ရုံသုံးဆောင်ရာ၌ တပ်မက်သော တဏှာမရှိခြင်းငှင်း, ရဟန်းတို့အား လျောက်ပတ်သော ပရိက္ခရာရှိသည်၏အဖြစ်ငှင်း, တန်ဘိုးနဲ့၍ ရလွယ်ခြင်းငှင်း, တန်ဘိုးနည်းရလွယ်သော ပံသုကူသင်္ကန်းတို့သည် အပြစ်မရှိဟု မြတ်စွာဘုရား ချီးမွမ်းအပ်သော ပစ္စည်းဖြစ်ခြင်းငှင်း, သူတပါး ကြည်ညိုသည်၏အဖြစ်ငှင်း,အပို့စ္ဆတာအစရှိသော ဂုဏ်တို့၏ အကျိုးပြီးခြင်းငှင်း, မြတ်သော အကျင့်ကို ပွားစေခြင်းငှင်း, နောင်လာ နောက်သားတို့အား တွေ့မြင်ဘူးသော ကျင့်စဉ်ကို အတုလိုက်၍ ကျင့်ခြင်းသို့ရောက်စေခြင်းငှင်း ဤအလုံးစုံသည် ပံသုကူဓုတင်ဆောက်တည်ခြင်း၏ အကျိုးအာနိသင်တို့ဖြစ်၏။

စစ်ဝတ်တန်းဆာကောင်းစွာဆင်ယင်အပ်ပြီးသော မင်းသည် စစ်တိုက်ရာ စစ်မြေပြင်ဝယ် တင့်တယ်ဖွယ်ရာ ဖြစ်ဘိသကဲ့သို့ ထို့အတူ ပံသုကူသင်္ကန်းကို ဆောင်သော ရဟန်းသည် ကိလေသာ တည်းဟူသော မာရ်စစ်သည် အပေါင်းကို ထောင်းထောင်း ညက်ညက် ပယ်ဖျက်ခြင်းငှါ တင့်တယ်လှစွာ၏။

တလောကလုံး ညှတ်ရုံးပူဇော်ကာ အလွန်တရာ အလေးအမြတ်ပြုအပ်သော မြတ်စွာဘုရားသည် ကာသိတိုင်းဖြစ် အစရှိသော အထည်ကောင်းများကို ပယ်စွန့်တော်မူ၍ လူသေကောင်ထုပ်သည့် အကြင်ပံသုကူသင်္ကန်းကို ဆင်မြန်းဝတ်ရုံတော်မူလေပြီ။ ထိုပံသုကူသင်္ကန်းကို မဂ်ဖိုလ်နိဗ္ဗာန်လိုလားသော အမျိုးကောင်းသားသည် အဘယ်မှာလျှင် မဆောင်နိုင်ပဲ နေနိုင်ပါအံ့နည်း။

ထို့ကြောင့် ပဉ္စင်းခံစဉ်အခါ သိမ်အပြင်မှာ သံဃာတော်တို့အား "အာမဘန္တေ"ဟု ပေးအပ်သော မိမိ၏ပဋိညာဉ်ဝန်ခံချက်ကို နှလုံးသွင်းအောက်မေ့မိသော ရဟန်းသည် ဘာဝနာကို အားထုတ်ခြင်း၌ သက်ဝင်လျက် လေ့ကျက်သော ရဟန်းအား လျောက်ပတ်သော ပံသုကူသင်္ကန်း၌ နှစ်သက်မွေ့လျော်သည် ဖြစ်ရာ၏။

ပံသုကူလိကင်္ကထာ ပြီး၏။

၂-တောစီဝရိကဂီကထာ

တိစီဝရိက်ဓုတင်ဆိုရာ၌ နှစ်ထပ်သင်္ကန်းကြီး တထည်, သင်းပိုင်, ကေသိဏ်ကျိသုံးထည်ကို ဆောင်သော ပုဂ္ဂိုလ်သည် တိစီဝရိက်ဓုတင်ဆောင်ပုဂ္ဂိုလ်မည်၏။

တိစီဝရိက်ဓုတင်ဆောက်တည်ပုံ

စတုတ္ထကစီဝရံ ပဋိက္ခိပါမိ၊ တေစီဝရိကင်္ံ သမာဒိယာမိ။
(ဤပါဠိနှစ်မျိုးတွင် တမျိုးမျိုးဖြင့် ဆောက်တည်နိုင်၏)

မြန်မာလို ဆောက်တည်မူ ဝတ်လောက်ရုံလောက် လေးထည်မြောက်သော သင်္ကန်းကို ပယ်ပါ၏၊ ဒုကူဋ္ဋ, ကိုယ်ဝတ်, သင်းပိုင် ဟူသော သုံးထည်သော သင်္ကန်းကို ဆောင်ခြင်းအလေ့ရှိသော ပုဂ္ဂိုလ်၏အကြောင်းအင်္ဂါ သမာဒါန စေတနာကို ဆောက်တည်ပါ၏ဟု ဤစကားနှစ်မျိုးတို့တွင် တမျိုးမျိုးဖြင့် ဆောက်တည်နိုင်သည်။

ဤဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း သုံးထည်သော သင်္ကန်းကို ဆောင်ခြင်းအလေ့ရှိသော ရဟန်းသည် သင်္ကန်းလျှာပုဆိုးကိုရ၍ အကြင်မျှလောက် ကာလပတ်လုံးမကျန်းမာသည်ဖြစ်၍ ချုပ်လုပ်ခြင်းငှါ မတတ်နိုင်သေး၊ သင်္ကန်းစီရင်တတ်သောသူကိုသော်လည်း မရအပ်သေး၊ အပ်စသည်တို့တွင် တစုံတခုသော ပစ္စည်း မပြည့်စုံသေး။ ထိုမျှလောက် ကာလပတ်လုံး ထားအပ်သေး၏၊ မချုပ်လုပ်ပဲ ထားခြင်းဟူသော အကြောင်းကြောင့် အပြစ်မရှိချေ။

သင်္ကန်းဆေးဆိုးပြီးရာ ကာလမှစ၍ ထားခြင်းငှါမအပ်၊ ထားခဲ့သော် ဓုတင်သူခိုးမည်၏။

တိစီဝရိက်ဓုတင်သုံးမျိုးပြားပုံ

တိစီဝရိက်ဓုတင်ဆောင် ရဟန်းသည် ဥက္ကဋ္ဌ, မဇ္ဈိမ, မုဒုအားဖြင့် သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် ဥက္ကဋ္ဌပုဂ္ဂိုလ်သည် သင်္ကန်းဆေးဆိုးသောကာလ၌ သင်းပိုင်ကိုသော်လည်း ဆေးဆိုးပြီး၍ ထိုသင်းပိုင်ကိုဝတ်ပြီးလျှင် ကိုယ်ဝတ်ကေသိကို ဆေးဆိုးအပ်၏။ ကိုယ်ဝတ်ကေသိကို ရှေးဦးစွာဆေးဆိုး၍ ထို ကိုယ်ဝတ်ကေသိကို ဝတ်ပြီးလျှင် သင်းပိုင်ကို ဆေးဆိုးအပ်၏။ သင်းပိုင်ဝတ်ပြီး၍ ကိုယ်ဝတ်ကေသိကို ရမ်းလျက် ဒုကူဋ္ဌသင်္ကန်းကြီးကို ဆေးဆိုးအပ်၏။ ဒုကူဋ္ဌနှစ်ထပ်သင်္ကန်းကြီးကိုမူ ဝတ်ခြင်းငှါ မသင့်လျော်ချေ။

ဤကား တိစီဝရိက်ဓုတင်ဆောင် ရဟန်း၏ ရှာတွင်း၌ ပြုရာသောဝတ်ပေတည်း။ တောအာရပ်၌ဖြစ်မူ သင်းပိုင်, ကေသိနှစ်ထည်လုံးကိုပင် တပေါင်းတည်း

လျော်ဖွယ်၍ ဆိုးခြင်းငှါ အပ်၏။ ထိုသို့ပင် အပ်ပါသော်လည်း အကြင်သို့သော အခြင်းအရာအားဖြင့် နေသည်ရှိသော် တစုံတယောက်သော သူကို မြင်လျှင် သက်နှိုးကိုဆွဲ၍ ဖုံးလွှမ်းခြင်းငှါ တတ်နိုင်၏။ ထိုသက်နှိုး၏ အနီးဖြင်သော အရပ်၌ နေသင့်လှ၏။

မဇ္ဈိမရဟန်းကား သက်နှိုးဆိုးရာ ဇရပ်၌ သက်နှိုးဆိုးသော အခိုက်အတန့်တွင် ဝတ်အပ်သော သက်နှိုးရှိရာ၏။ ထိုသက်နှိုးကိုဝတ်ရုံ၍ ဆေးဆိုးခြင်း အမှုကိုပြုခြင်းငှါအပ်၏။

မုဒုရဟန်းကား သဘောတူသော ရဟန်းတို့၏ သက်နှိုးတို့ကို ဝတ်ရုံပြီးလျှင် ဆိုးရည်ဆိုးခြင်း အမှုကို ပြုခြင်းငှါ အပ်၏။ ထိုနေရာကျောင်း၌ အိပ်ရာလွှမ်းအဖြစ်ဖြင့် အဝိဋ္ဌာန်တင်အပ်သော မိမိဥစ္စာ, သူ့ဥစ္စာဖြစ်သော အိပ်ရာလွှမ်းသည်လည်း မုဒုရဟန်းအား အပ်၏။ သွားလေရာရာ ဆောင်ယူခြင်းငှါ မအပ်။ သဘောတူသော ရဟန်းတို့၏ သက်နှိုးကိုမူ ကြိုးကြားကြိုးကြား ဝတ်ရုံခြင်းငှါအပ်၏။ တိစီဝရိက်ခုတင်ဆောင် ရဟန်းအား လေးခုမြောက်အံသကိုင်၌ (ပခုံးစွန်းတင် အတွင်းခံသက်နှိုး) တခုသာ အပ်၏။ အံသကိုင်သည်လည်း အနုံတထွာ, အလျားသုံးတောင်ရှိမှ အပ်၏။

ခုတင်ပျက်ပုံ

ဥက္ကဋ္ဌ, မဇ္ဈိမ, မုဒုပုဂ္ဂိုလ်သုံးယောက်တို့အား ဝတ်လောက် ရုံလောက် လေးထည်မြောက် သက်နှိုးကို ဝတ်ရုံသုံးဆောင်ခြင်းငှါ သာယာသောခဏ၌ ခုတင်ပျက်၏။

တိစီဝရိက်နှစ်မျိုး

တိစီဝရိက်သည် ဝိနည်းတိစီဝရိက်, ခုတင်တိစီဝရိက်ဟူ၍ နှစ်မျိုးရှိရာတွင် ဝိနည်းတိစီဝရိက်သည် နှစ်ထပ်သက်နှိုး, သင်းပိုင်, ကေသီ ဤသုံးထည်ကို အဝိဋ္ဌာန်တင်၍ ပိုလွန်လျက်ရှိသော သက်နှိုးကို ဝိကပ္ပနာပြုထားလျှင် မည်မျှပင် များစွာထားသော်လည်း အပြစ်မရှိချေ။

တိစီဝရိက်ဆောင်ရဟန်းသည် ဒါယကာစသည်တို့က သက်နှိုးလာ၍ လှူသောအခါ မူလဝတ်ထားသော သက်နှိုး ဆွေးမြေ့ပျက်စီး၍ အရောင်များမရှိလျှင် အလှူခံယူအပ်၏။ သက်နှိုးဟောင်းကိုပယ်၍ အသစ်ကို အဓိဋ္ဌာန်တင်ကာ ခုတင်ဆောက်တည်၍ ဝတ်ရာ၏။

မိမိ၌ တိစီဝရိက်ပြည့်စုံပြီး၍ ဒါယကာစသည်တို့က သက်နှိုးများ လာလှူကြသော် မိမိအတွက် မဟုတ်ပဲ အခြားသော အလှူခံ ရဟန်းတို့အတွက် စိတ်က

ရည်မှတ်၍ဂင်း, အလှူပေးပုဂ္ဂိုလ် ကုသိုလ်ရအောင် ချီးမြှောက်သောအားဖြင့် ဂင်း အလှူခံယူလျှင် အပ်ပါ၏။

ဧတေန အတ္တနော ဓာရဏာပရိဘောဂရူစိယာ အဘာဝေပိ သတိ ဂိဟီနံ ပဿာဒရက္ခဏတ္ထံ တေဟိ ဒိယျမာနံ အပဋိက္ခိပိတ္ဗာ ပရေသံ ဒဿာမိတိ သာဒိတေန အာနုဒ္ဓတ္တေရေ ဒိန္နံ ဝိယ ဓုတင်္ဂဘေဒါယ နံ ဟောတိတ ဒဿေတိ။ ဝသုဒ္ဓိမဂ် စူဠဋ္ဌကထာ

ဤတိစီဝရိက်ဓုတင်ဆောင်ရဟန်းသည် ရေချိုးသောအခါ အာဂန္တုစသည် ရှိလျှင် မုဒုပုဂ္ဂိုလ်ကဲ့သို့ ရေချိုးရာ၏။ အာဂန္တုစသည်မရှိလျှင် သင်္ကန်းဆေးဆိုး သောအခါကဲ့သို့ သင်္ကန်းမျာ:ကိုချွတ်ကာ ရေချိုးနိုင်၏။ တောဓနေ ရဟန်းတပါး တည်းဖြစ်လျှင် မည်သူမျှမမြင်ခဲ့သော် ထိုနည်းတူစွာ ရေချိုးနိုင်၏။ ခြေသုတ် သော သင်္ကန်းစုတ်များပတ်၍ဂင်း, သင်းပိုင်ဖြင့်ဂင်း, ကိုယ်ဝတ်ကေသီဖြင့်ဂင်း ရေချိုးနိုင်၏။ ရေချိုးအိမ်ရှိလျှင်ကား တိစီဝရိက်ဓုတင်ဆောင် ရဟန်းတို့အတွက် အလွန်ပင်ကောင်းမြတ်ပါ၏။

ဤတိစီဝရိက်ဓုတင်ကို သဒ္ဓါတရား လွန်စွာများမှ ဆောက်တည်နိုင်၏။ မိုး တွင်း ဆွမ်းခံသွားသောအခါ မိုးရွဲလျှင် ကျောင်း၌ကျန်ရှိသောသင်္ကန်းတထည် ဖြင့်နေရ၏။ဥက္ကဋ္ဌရဟန်းများဖြစ်သော် ညွှန်သည်လာလျှင် အနေရ ခက်လှသော် လည်း သုခလိုလျှင် ဒုက္ခနှင့် ရင်းနှီးရမည်ဟု ရှင်တော်ဘုရား မှာထားသဖြင့် စိတ်မပျက်ကြရာ။

ကေသီတထည်တည်းဝတ်ပုံမှာ ကေသီကိုခေါက်၍ သင်းပိုင်အဖြစ် ဝတ်ကာ ခါးပန်းကြိုးကို ပတ်ထားရာ၏၊ ထို့နောက် တထပ်ကိုလှန်ယူ၍ အထက်ပခုံးသို့ တင်ပြီးလျှင် ရမ်းထားရာ၏။

တနည်းမှာ ကေသီသင်္ကန်းကို သင်းပိုင်ရှိသည့် အသွင်သဏ္ဌာန်အတိုင်း ရမ်း၍ နောက်၌ရှိသော သင်္ကန်းများကို ဧရှေတည့်တည့်သို့ သိမ်းကြုံးစုထားပြီး လျှင် ခါးပန်းကြိုး ပတ်ထားရာ၏။ ဤကား ကေသီတထည်ဖြင့် နှစ်ထပ်ဝတ် ထားသည်နှင့်တူအောင် ဝတ်ပုံတည်း။ ဆောင်းတွင်း, မိုးတွင်းအခါများ၌ တိ-စီဝရိက်ဓုတင်ဆောင် ရဟန်းတို့သည် ဒုက္ခများစွာ တွေ့ကြုံရသဖြင့် သဒ္ဓါတရား နောက်ဆုတ်မသွားအောင် သတိတရား မြဲစွာ ထားကြကုန်ရာ၏။

မိမိနေသော ကျောင်း၌ အခင်းများ သံဃိကပစ္စည်းများဖြစ်သော စောင်, လိုက်ကာ, ခြင်ထောင်စသည်တို့အတွက် ဓုတင်မပျက်ချေ။ ကိုယ်ပိုင်စောင်,ခြင် ထောင်,လိုက်ကာများဖြစ်လျှင် ဓုတင်ဆောင်ရဟန်းဖြစ်ခဲ့သော် ဓုတင်ပျက်၏။ သပိတ်သုတ်ပုဝါ, မျက်နှာသုတ်ပုဝါ, လက်ကိုင်ပုဝါများ ဝိနည်းအနေဖြင့် ဆောင်ထားရသည့်အတွက် ဓုတင်မပျက်စီးပေ။ ထိုပစ္စည်းများ မရှိ၍ သင်္ကန်း

ဖြင့် သပိတ်သုတ် ,မျက်နှာသုတ်ပြုလုပ်လျှင် အာပတ်သင့်၍ ငရဲသို့ ရောက်နိုင်၏။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ, မဟာဋီကာများ၌ အပ်စပ်ကြောင်း တိုက်ရိုက်အားဖြင့် ဖွင့်၍မပြသော်လည်း ဝိနည်းပိဋကတ်နှင့် ညှိနှိုင်း၍ ကြည့်ရှုသောအခါ အပ်စပ်ကြောင်းကို ဆုံးဖြတ်ရလေသည်။ အကယ်တန္တု ဓုတင်ပျက်မှာ ကြောက်၍ သပိတ်သုတ်ပုဝါစသည်မဆောင်ခဲ့လျှင် သပိတ်ကိုသင်္ကန်းဖြင့်သာသုတ်ဖို့ရာရှိ၏။ သင်္ကန်းဖြင့် သုတ်ခဲ့သော် ဓုတင်ဆောင်သည့်အတွက် ငရဲသို့ သွားရခြင်းကား မသင့်လျော်ရာ။ ပါဠိ, အဋ္ဌကထာ, ဋီကာတို့၌လည်း ရှင်တော်ဘုရားသည် ဓုတင်ဆောင်ရဟန်းများအတွက် သပိတ်သုတ်ပုဝါစသည် မဆောင်ရဟု ဟော ကြားခြင်းမရှိပေ။ ဓုတင်ပျက်၍ အာပတ်သင့်ခြင်းမရှိ၊ ဝိနည်းစည်းကမ်းပျက်၍သာ အာပတ်သင့်ခြင်းရှိ၍ ငရဲသို့ရောက်နိုင်၏။

လိုရင်းမှာ ဓုတင်ဖြည့်ကျင့်မည့် သဒ္ဓါတရားကို ပညာဉာဏ်ဖြင့် ချိန်ခွင်ပမာ နှိုင်းချိန်၍ ကျင့်ကြံအားထုတ်ရာ၏။

တိစီဝရိက်ဓုတင် အာနိသင်

တိစီဝရိက်ဓုတင်ဆောင်ရဟန်းသည် ကိုယ်ကိုဆောင်ကာမျှဖြစ်သော သင်္ကန်းဖြင့် ရောင့်ရဲလွယ်၏။ ထို့ကြောင့် တိစီဝရိက်ဓုတင်ဆောင်သော ရဟန်းသည် ဌာက်၏ပံ့ခြင်းကဲ့သို့ သင်္ကန်းကိုယူ၍သာလျှင် သွားနိုင်၏။ နည်းသောကိစ္စရှိ၏။ အဝတ်သင်္ကန်းကို သိုမှီးသိမ်းဆည်းထားခြင်းမှ ရှောင်ကြဉ်ရခြင်း, ပေါ့ပါးသော အသက်မွေးမှုရှိခြင်း, ပိုလွန်သောသင်္ကန်း၌ တပ်မက်သော တဏှာကို ပယ်ရခြင်း, ခွင့်ပြုတော်မူသဖြင့် အပ်သောသင်္ကန်းများ၌သော်လည်း သုံးထည်မျှ အတိုင်းအရှည်ကို ပြုခြင်းဖြင့် ခေါင်းပါးသော အသက်မွေးခြင်းရှိသော အဖြစ်, အလိုနည်းခြင်းအစရှိသော အကျိုး၏ပြီးခြင်း၊ ဤသို့စသော ဂုဏ်တို့သည် ပြည့်စုံ ကုန်၏။

တိစီဝရိက်ဓုတင်ကို ဆောက်တည်၍ သင်္ကန်းသုံးထည်ကိုသာ ဆောင်သော ပညာရှိ ယောဂီပုဂ္ဂိုလ်သည် အတိုင်းအရှည်ထက် ပိုလွန်သော အဝတ်သင်္ကန်း၌ တပ်မက်ခြင်းတဏှာကို ပယ်ဖျောက်၍ သိုမှီးသိမ်းဆည်းခြင်းကို ကြဉ်ရှောင်၍ ရောင့်ရဲလွယ်ခြင်း၌ ချမ်းသာသောအရသာကို သိသည်ဖြစ်၏။

ထို့ကြောင့် မိမိအတောင်နှင့်တကွ ပံ့သန်းလိုရာ ပံ့သန်းသော ဌာက်ကဲ့သို့ ၎င်း, ကိုယ်၌ ဝတ်ရုံလောက်သော သင်္ကန်းနှင့်တကွသာလျှင် ချမ်းချမ်းသာသာ သွားလိုရာရာ သွားခြင်းငှါ အလိုရှိသောယောဂီပုဂ္ဂိုလ်သည် သုံးထည်မျှသော သင်္ကန်းကို ကန့်သတ်၍ အဓိဋ္ဌာန်ရာ၌ မေ့လျော့ ပျော်ပိုက်ခြင်းကို ပြုရာ၏။

တိစီဝရိကင်္ဂကထာ ပြီး၏။

၃-ပိဋ္ဌာပါဒိကဏ်းထဲ၁

ပိဏ္ဍပါတ်ခုတင်ဆောက်တည်ပုံ

အတိရေကလာဘံ ပဋိက္ခိပါမိ၊ ပိဏ္ဍပါတိကင်္ ဿမာဒိယာမိ။
(ဤပါဠိ နှစ်မျိုးတို့တွင် တမျိုးမျိုးဖြင့် ဆောက်တည်နိုင်၏။)

မြန်မာလို ဆောက်တည်ပုံ–အပိုအလွန်ရသော လာဘ်လာဘကို ပယ်ပါ၏၊ ဆွမ်းခံလှည့်လည်၍ ရအပ်သော ဆွမ်းကိုသာ သုံးဆောင်ခြင်းဟူသော ပိဏ္ဍပါတ်ခုတင်ကို ဆောက်တည်ပါ၏၊ ပိဏ္ဍပါတိကင်္ ဆိုရာ၌ ဆွမ်းတို့၏ သပိတ်၌ကျခြင်းကို ရှာမှီးတတ်သောရဟန်း သို့မဟုတ် ဆွမ်းအလို့ငှါ လှည့်လည်ခြင်း ကျင့်ဝတ်ရှိသောရဟန်းကို 'ပိဏ္ဍပါတိက'ဟုခေါ်ဆို၏။ ယင်း အကျင့် ခုတင်ကို ဆောက်တည်ကြောင်း စေတနာသည်ကား ပိဏ္ဍပါတိကင်္ မည်၏ဟု ဤစကားနှစ်မျိုးတို့တွင် တမျိုးမျိုးဖြင့် ဆောက်တည်နိုင်၏။

ပိဏ္ဍပါတ်ခုတင်ကိုဆောက်တည်သော ရဟန်းသည် အလုံးစုံသောသံဃာအား လှူဒါန်းအပ်သောဆွမ်း, တပါး နှစ်ပါး သုံးပါး စသော ရဟန်းတို့ကို သံဃာမှ ညွှန်းစေ၍ လှူဒါန်းအပ်သော ဆွမ်း, ပင့်ဖိတ်၍ လှူဒါန်း အပ်သော ဆွမ်း, စာရေးတံဆိပ်ခေါ်၍ လှူဒါန်းအပ်သောဆွမ်း, လဆန်း ပက္ခ လဆုတ် ပက္ခ၌ လှူဒါန်းအပ်သောဆွမ်း, ဥပုသ်နေ့၌ လှူဒါန်းအပ်သောဆွမ်း, အထွက်တရက် နေ့၌ လှူဒါန်းအပ်သောဆွမ်း, ည့ှဉ်သည် အာဂန္တုကို ရည်မှန်း၍ လှူဒါန်းအပ်သောဆွမ်း, ခရီးသွားရဟန်းကို ရည်မှန်း၍ လှူဒါန်းအပ်သော ဆွမ်း, သူနာကိုရည်မှန်း၍ လှူဒါန်းအပ်သောဆွမ်း, သူနာကို လုပ်ကျွေးသော ရဟန်းကို ရည်မှန်း၍ လှူဒါန်းအပ်သောဆွမ်း, ကျောင်းကို ရည်မှန်း၍ လှူဒါန်းအပ်သောဆွမ်း, အဦး အစ အိမ်၌သာလျှင် တည်ထား၍ လှူဒါန်း အပ်သော ဆွမ်း, ရှာသူတို့သည် အလှည့်ကျ လှူဒါန်းအပ်သောဆွမ်း ဤတဆယ့်လေးပါးသောဆွမ်းတို့ကို မခံယူ မသာယာအပ်ချေ။

သံဃဘတ်ကို ယူကြပါဘုရားဟု အစရှိသောနည်းဖြင့် မဆိုမူ၍ အကျွန်ုပ်တို့ အိမ်၌ သံဃာသည် ဆွမ်းကိုခံယူပါကုန်၊ အရှင်ဘုရားတို့သည် ဆွမ်းကိုခံယူပါကုန်ဟုဆို၍ လှူဒါန်းကုန်သည်ရှိသော် ထိုဆွမ်းကို သာယာခြင်းငှါ အပ်၏၊ သံဃာမှ ရအပ်သော ယာဝကာလိကမှ တပါးသော ဆေးစသည်နှင့် ယှဉ်သော စာရေးတံသည်ရင်း, ကျောင်း၌ ဒါယကာတို့သည် ချက်၍ လှူဒါန်းအပ်သော ဆွမ်းသည်ရင်း အပ်သည်သာ ဖြစ်၏။

ပိဏ္ဍပါတ်ခုတင်သုံးမျိုးပြားပုံ

ဤပိဏ္ဍပါတ်ခုတင်သည်လည်း သုံးပါး အပြားရှိ၏၊ ထို သုံးပါးတို့တွင် ဥက္ကဋ္ဌ ပုဂ္ဂိုလ်သည် ရွှေမှုဌင်း နောက်မှုဌင်း ဆောင်၍ လောင်းလှူအပ်သော ဆွမ်းကို ခံယူအပ်၏။ အိမ်တံခါးမှရပ်၍ သပိတ်ယူကုန်သော သူတို့အား လည်း ပေးအပ်၏။ ဆွမ်းခံရာမှပြန်လာ၍ ဆွမ်းဘဉ်းပေးရာ ဇရပ်သို့ ဒါယကာများ အိမ်က ဆောင်လာ၍ ပေးလှူအပ်သောဆွမ်းကိုလည်း ခံယူအပ်၏၊ ထိုနေ့အဖို့၌ ဖိတ်မန် ထားသော ဆွမ်းလာလိမ့်မည်ဟု မျှော်လင့်လျက်နေ၍ ဆွမ်းကို မခံယူအပ်။

မဇ္ဈိမပုဂ္ဂိုလ်သည်ကား မျှော်လင့်လျက်နေ၍ ဆွမ်းကို ခံယူအပ်၏။ နက်ဖြန် အလို့ငှါ ဖိတ်ထားသော ဆွမ်းကိုမူ မခံယူအပ်။

မုဒုပုဂ္ဂိုလ်သည် နက်ဖြန် အလို့ငှါရင်း သန့်ဘက်အလို့ငှါရင်း ဖိတ်ထားသော ဆွမ်းကို သာယာခံယူအပ်၏။

မဇ္ဈိမပုဂ္ဂိုလ် မုဒုပုဂ္ဂိုလ်တို့သည် သူတပါးနှင့်မစပ်ပဲ နေခြင်းဟု ဆိုအပ်သော ချမ်းသာကို မရရှိကြပေ။ ဥက္ကဋ္ဌ ပုဂ္ဂိုလ်သည်သာ သူတပါးနှင့်မစပ်ပဲ နေရသော ချမ်းသာကို ရရှိ၏။

ရှေးအခါ ရွာတရွာ၌ အရိယဝံသသုတ်နှင့်စပ်သော တရားပွဲရှိ၏၊ ဥက္ကဋ္ဌ ပုဂ္ဂိုလ်သည် မဇ္ဈိမပုဂ္ဂိုလ် မုဒုပုဂ္ဂိုလ်တို့ကို အရှင် ဘုရားတို့ တရား နာယူခြင်းငှါ သွားကြကုန်စို့ဟု ပြောဆိုသောအခါ မဇ္ဈိမ ပုဂ္ဂိုလ်က အရှင်ဘုရား ဒါယကာ တယောက်သည် ဆွမ်းအလို့ငှါ ပင့်ဖိတ်၍ နေ့စအပ်ပါ၏ဟု လျှောက်၏။ မုဒုပုဂ္ဂိုလ်ကလည်း အရှင်ဘုရား မနက်ဖန် ဒါယကာ တယောက်၏ ဆွမ်းကို လက်ခံ သာယာထားပါ၏ဟု လျှောက်၏၊ ဤမဇ္ဈိမ မုဒုပုဂ္ဂိုလ်ဘို့သည် သူတပါးနှင့်မစပ်သော ချမ်းသာ တရားနှင့်စပ်သော ဝမ်းမြောက်ရခြင်း အရသာမှ ယုတ်လျော့ကြကုန်၏၊ ဥက္ကဋ္ဌပုဂ္ဂိုလ် သည်ကား နံနက်စောစော ဆွမ်းခံ၍ တရားနှင့်စပ်သော ဝမ်းမြောက်မှု အရသာကို ခံစားရ၏။

ခုတင်ပျက်ပုံ

ဤပုဂ္ဂိုလ် သုံးဦးစလုံးပင်လျှင် သံဃာတော်အစရှိသော အတိရေကလာဘ်ကို သာယာသောခဏ၌ ခုတင်ပျက်၏။

ဒါယကာတို့က တရားနာလိုပါ၍ ဆွမ်းဘဉ်းပေး ကြွပါဘုရားဟု လျှောက်သောအခါ ဦးပဉ္စင်းတို့သည် ပိဏ္ဍပါတ် ဆွမ်းဝတ် ရှိနေသဖြင့် ဆွမ်းခံပြီးမှသာ ကြွလာပါမည်ဟုပြောဆို၍ ဆွမ်းခံ ပြီးသော အခါ သပိတ်ပါ တခါတည်းယူကာ ကြွရာ၏။ ဒါယကာတို့သည် အိမ်ပေါက်ဝကသော်၎င်း, အိမ်အပေါ်ရောက်မှ

သော်၎င်း ဆွမ်းလောင်းလျှင် လက်ခံသာယာအပ်၏။ ဆွမ်းသပိတ်ကို အိမ်မှာ ဘုဉ်းပေးလျှင်လည်း အပ်ပါ၏။ ဆွမ်းဘုဉ်းပေးစဉ် ဆွမ်းဟင်းလျှာမျှား လာ၍ ကပ်ခဲ့သော် ခံယူအပ်၏။

ဤဆွမ်းခံသောပုဂ္ဂိုလ်သည် အကျင့်သီလမရှိလျှင် မလွယ်ကူချေ။ သီလမရှိပဲ ဆွမ်းခံလျှင် ရှက်သလို, ကြောက်သလိုဖြစ်တတ်၏။ ရှေးအခါ ဘုရင်လက်ထက်က အချို့ရာဇာမိရာဇဂုရုမင်းဆရာမျှားသည် တောရဆောက်တည်၍ ဆွမ်းခံဘုဉ်းပေးကြ၏။ ယခုခေတ်၌လည်း အဂ္ဂမဟာပဏ္ဍိတ ပညာရှိဆရာတော်အချို့သည် ရှင်တော်ဘုရား၏လမ်းစဉ်ကိုလိုက်ကာ ဆွမ်းခံဘုဉ်းပေးကြသည်ကို တွေ့ရှိရ၏။

မြတ်စွာဘုရား ဆွမ်းခံပုံ

မြတ်စွာဘုရားသည် ကပိလဝတ်နေပြည်တော်သို့ ကြွတော်မူသောအခါ အဝင်ဝတံခါးခုံ၌ ရပ်တည်တော်မူခိုလျှင် ရှေးဘုရားရှင်တို့သည် မိမိတို့ခမည်းတော်စံနေရာ နေပြည်တော်၌ အဘယ်သို့ ဆွမ်းခံကြွတော်မူကြကုန်သနည်း၊ အိမ်စဉ်ကို ပယ်ဖျက်ကာ သူဌေးမျက်နှာကြီးတို့၏အိမ်သို့သာ ဆွမ်းခံကြွလေကုန်သလော, သို့မဟုတ် အိမ်စဉ်မပြတ် မျက်နှာမရွေး ဆွမ်းရပ်တော်မူကြကုန်သလောဟု ဆင်ခြင်တော်မူလျှင် တဆူသောဘုရားရှင်မျှ အိမ်စဉ်ကိုပယ်ဖျက်ကာ မှူက်နှာကြီးတို့၏အိမ်သို့သာ ဆွမ်းခံကြွတော်မူကြသည်ကို မမြင်ရပဲ ဘုရားရှင်တို့သာ အိမ်စဉ်မပြတ် မျက်နှာကြီးငယ်မရွေး ဆွမ်းခံရပ်သောအဖြစ်ကို မြင်တော်မူ၍ ယခုအခါ ငါဘုရားသည်လည်း အိမ်စဉ်မပြတ် ဆွမ်းရပ်ခြင်းတည်းဟူသော ရှေးနောင်တော်ဘုရားရှင်တို့၏ အကျင့်တော်စဉ်အနွယ်ဆက်ကို ချီးမြှောက်သောအားဖြင့် လိုက်နာမှသင့်လျော်မည်။ နောင်အနာဂတ်ကာလ၌လည်း ငါ၏တပည့်သားရဟန်းတို့သည် ငါဘုရားသို့သာ အတူလိုက်ကာ ဆွမ်းခံမှုကျင့်ဝတ်ကို ဖြည့်ကျင့်ကြပေလိမ့်မည်ဟု နှလုံးသွင်းတော်မူ၍ သံဃာတော်နှစ်သောင်းနှင့်တကွ မြို့တွင်းသို့ဝင်၍ အိမ်စဉ်အတိုင်း ဆွမ်းခံကြွတော်မူ၏။

မြတ်စွာဘုရားဆွမ်းခံကြွတော်မူသောအခါ "ငါ့ဘို့အရှင်သိဒ္ဓတ္ထမင်းသားသည် ဆွမ်းခံလှည့်လည်တော်မူလာသတဲ့" ဟု သာကီဝင်မင်းအပေါင်းနှင့်တကွ ကပိလဝတ်ပြည်သူပြည်သားအပေါင်းတို့သည် အုတ်အုတ်ကျက်ကျက် လက်အုပ်ချီ၍ ကိုယ်စီကိုယ်ငှ ပြောဆိုလျက် အံ့ဩမကုန် ဖြစ်ကြလေကုန်၏။

ထိုအသံကို ယသော်ဓရာ ရှေ့မင်းသမီးကြားလတ်သော် "မောင်တော်ဘုရားသည် သီကြားမင်း၏အသရေကဲ့သို့ အခြွေအရံဝန်းရံကာ ဆဒ္ဒန်ပြောင်သွင် ရွှေထမ်းစဉ်နှင့် သွားမြဲဖြစ်ပါလျက် ယခုခွက်လက်စဲ့၍ ဆွမ်းခံ၏ဟူသည်မှာ တင့်တယ်

ပါလိမ့်မည်လောဟု” နန်းတော်လေသာပြူတင်းပေါက်ကို ဖွင့်၍ကြည့်ရှုလေလျှင် ရောင်ခြည်တော်ခြောက်သွယ်သည် တပြိုင်နက်ထွန်းလင်းတောက်ပလျက် နဖူးသင်းကျစ်တော်ဖျားမှ ခြေဝါးတော်အပြင်တိုင်အောင် အံ့ဩမကုန်နိုင်သော မြတ်စွာဘုရား၏အသရေတော်ကို မြင်ရ၍ နရသီဟမည်သော ရှစ်ဂါတာတို့ဖြင့် လွန်စွာချီးမွမ်းလျက် လွမ်းဆွတ်ကြည်နူး ဖူးမြင်လေသည်။

ထို့နောက် ယသော်ဓရာမင်းသမီးသည် သုဒ္ဓါဒနမင်းကြီးထံ အလျင်အမြန် သွား၍ ခမည်းတော်မင်းကြီး....အရှင်မင်းကြီ ၏သားတော်သည် မျိုးရိုးအနွယ် နှင့် မိဘ, သား, မယားကို အားမနာလေယောင်တကား၊ ဝမ်းစာအတွက် အိမ် တကာရှေ၌ ရပ်၍ ရပ်၍ စားစရာလိုက်တောင်းနေသည်၊ ကောင်းကြသေးရဲ့ လားဟု သံတော်ဦးတင်လေ၏။

သုဒ္ဓါဒနမင်းကြီး သောတာပန်တည်ခြင်း

ခမည်းတော် သုဒ္ဓါဒနမင်းကြီးသည် ယသော်ဓရာမိဖုရား လျှောက်ထား သံတော်ဦးတင်သောစကားကို ကြားသိလေရလျှင် တုန်လှုပ်ထိတ်လန့်သော စိတ် နှလုံးရှိသည်ဖြစ်၍ ရုတ်ခြည်းအမြန်ထကာ ပုဆိုးကိုလက်တဖက်ဖြင့် ကိုင်မလျက် အဆောတလျင်ပင် ရွှေနန်းတော်မှဆင်းသက်သွားပြီးသော် သားတော်ဘုရား အနီး၌ရပ်၍ အရှင်မြတ်ဘုရား....တပည့်တော်တို့ကို အဘယ့်ကြောင့် အရှက်ခွဲရဘိ သနည်း၊ အဘယ်အကျိုးကိုမြော်၍ တအိမ်တလုပ် ဝမ်းစာရှာဘိသနည်း၊ ဤမျှ လောက်မျှားပြားသော ရဟန်းတော် နှစ်သောင်းတို့အတွက် ခမည်းတော်၏ အထံ၌ ဆွမ်းပြည့်စုံစွာ ရနိုင်လိမ့်မည် မဟုတ်ဟူ၍ အောက်မေ့ မှတ်ဆင်တော်မူပါ သလောဟူ၍ စိတ်လိုက်မာန်ပါ လျှောက်ထားလေ၏။

မြတ်စွာဘုရားသည်လည်း ခမည်းတော်မင်းကြီး ဤအိမ်စဉ်မပြတ် ဆွမ်းရပ် လှည့်လည်ခြင်း ကျင့်ဝတ်သည် ငါဘုရားတို့၏ အနွယ်စဉ်ဆက် ဆင်းသက်လာ သော အကျင့်ဖြစ်ပေသည်ဟု မိန့်ကြားတော်မူလေသော် ခမည်းတော်သုဒ္ဓါဒန မင်းကြီးသည် သားတော်အရှင်မြတ်ဘုရား၊ အကျွန်ုပ်ဘို့၏ အမျိုးအနွယ်သည် ကား မဟာသမ္မတမင်းမှစ၍ ဘုရားဘိုးတော် သီဟဟနုမင်းတိုင် သုံးသိန်း သုံး သောင်း လေးထောင် ငါးရာ ခြောက်ကျိပ် ကိုးယောက်သော အနွယ်သည် ဘခမည်းတော်တို့၏ အဆက်အနွယ် မဟုတ်လော၊ ထို့ပြင်းအနွယ်အပေါင်းတို့တွင် တယောက်သောသူမျှ ဆွမ်းခံလှည့်လည် စားသည်ကို ခမည်းတော် မကြားဘူး ပါဟု လျှောက်လေ၏။

ခမည်းတော်မင်းကြီး ဤမဟာသမ္မတမင်းမှလာသော ရာဇပရမ္ပဝေဏီ အဆက် အနွယ်သည်ကား သင်မင်းကြီး၏ အနွယ်သာဖြင့်၏။ ငါတို့၏ အနွယ်သည်ကား

ဒီပင်္ကရမြတ်စွာဘုရား, ကောဏ္ဍညမြတ်စွာဘုရား, မင်္ဂလမြတ်စွာဘုရား, သုမန မြတ်စွာဘုရား, ရေဝတမြတ်စွာဘုရား, သောဘိတမြတ်စွာဘုရား, အနောမ-ဒဿီမြတ်စွာဘုရား, ပဒုမမြတ်စွာဘုရား, နာရဒမြတ်စွာဘုရား, ပဒုမုတ္တရမြတ်စွာဘုရား, သုမေဓမြတ်စွာဘုရား, သုဇာတမြတ်စွာဘုရား, ပိယဒဿီမြတ်စွာဘုရား, အတ္ထဒဿီမြတ်စွာဘုရား, ဓမ္မဒဿီမြတ်စွာဘုရား, သိဒ္ဓတ္ထမြတ်စွာဘုရား, တိဿမြတ်စွာဘုရား, ဖုဿမြတ်စွာဘုရား, ဝိပဿီမြတ်စွာဘုရား, သိခီမြတ်စွာဘုရား, ဝေဿဘူမြတ်စွာဘုရား, ကကုသန်မြတ်စွာဘုရား, ကောဏာဂုံမြတ်စွာဘုရား, ကဿပမြတ်စွာဘုရား ဤဘုရားရှင်တို့၏ အဆက်အနွယ်ဘော် ဖြစ်ပေသည်။ ထိုမြတ်စွာဘုရားတို့သည် ဖိတ်ကြားအပ်သော ဒါယကာမရှိမူ အိမ်စဉ်မပြတ် ဆွမ်းရပ်လှည့်လည်တော်မူကြမြဲ ဖြစ်ကုန်၏ဟု မိန့်ကြားပြီးလျှင် ခရီးအလယ်၌ ရပ်တော်မူလျက်—

ဥတ္တိဌေ နပ္ပမဇ္ဇေယျ၊ ဓမ္မံ သုစရိတံ စရေ။
ဓမ္မစာရီ သုခံ သေတိ၊ အသ္မိံ လောကေ ပရမ္ဟိ စ။

ဟူသော ဂါထာကို ဟောကြားတော်မူလေ၏။

(မဟာဆင့်၊ ဒကာတော်မင်းကြီး။) ဥတ္တိဌေ၊ ဘုရားရှင်တို့၏ အစဉ်အလာကျင့်ထုံးဖြစ်သော ဆွမ်းခံဝတ်၌။ နပ္ပမဇ္ဇေယျ၊ မမေ့လျော့ရာ။ သုစရိတံ၊ ကောင်းစွာကျင့်အပ်သော။ ဓမ္မံ၊ ဆွမ်းခံလှည့်လည်ခြင်း အကျင့်ကို။ စရေ၊ ဖြောင့်မတ်စည်လာ ကျင့်ပေရာ၏။ ဓမ္မစာရီ၊ ဆွမ်းခံဝတ်ကို မချွတ်ယွင်းကျင့်လေ့ရှိသော ရဟန်းသည်။ အသ္မိံ လောကေ စ၊ ဤပစ္စုပ္ပန်လောက၌ရင်း။ ပရမ္ဟိ စ၊ တမလွန်လောက၌ရင်း။ သုခံ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ။ သေတိ၊ အိပ်ရနေရ၏။

ဤဂါထာ၏ အဆုံး၌ ခမည်းတော် သုဒ္ဓါဒနမင်းကြီးသည် သောတာပန်တည်လေ၏။ သောတာပန်ဖြစ်ပြီးသော် သပိတ်တော်ကို လှမ်းယူပြီးလျှင် နောက်ပါ ရဟန္တာ နှစ်သောင်းနှင့်တကွ မြတ်စွာဘုရားကို ရှေ့နန်းတော်သို့ ပင့်ဆောင်လျက် အသင့်ခင်းထားအပ်သော မြတ်သောနေရာတော်၌ သီတင်းသုံး နေထိုင်စေတော်မူ၏။

ဤသို့လျှင် မြတ်စွာဘုရားတို့သည် မနှိုင်းယှဉ်အပ်သော ဂုဏ်တော်အနန္တရှိပါသော်လည်း ဆွမ်းခံဝတ်ကို ဖြည့်ကျင့်တော်မူကြသည်။ မြတ်စွာဘုရား၌ တပည့်သားဖြစ်ကြသော ရဟန်းတော်တို့မှာကား အဘယ်မှာ ဆွမ်းမခံပဲ နေနိုင်ကြပါကုန်အံ့နည်း။

ပိဏ္ဍပါတ်ဓုတင် အာနိသင်

သလုံးမြင်းခေါင်း ခြေနှစ်ချောင်းဖြင့် အညောင်းဖြေကာ လှည့်လည်ရှာမှီး၍ ရသော ဆွမ်းကို အမှီပြု၍ ရဟန်းပြုရ၏ဟု မြတ်စွာဘုရား ဟောတော်မူသောကြောင့် ပဉ္စင်းဖြစ်စအခါ ကမ္မဝါဆရာက လေးပါးသော မှီရာနိဿယတို့ကို ဆုံးမအပ်သည်ရှိသော် "အာမဘန္တေ"ဟု ဝန်ခံ၍ မိမိဝန်ခံခဲ့သည်အား လျော်စွာ ပဌမနိဿယအား လျော်သောအကျင့် ပဋိပတ်ရှိခြင်းအကျိုး, ဒုတိယအရိယဝံသတရား၌ တည်ခြင်းအကျိုး, သူတပါးနှင့် မစပ်သွယ်သော အသက်မွေးခြင်းရှိသောအကျိုး, ထိုပစ္စည်းတို့သည် တဇ္ဇန်းတခွက် ပေါင်း၍ ဆည်းပူးအပ်သောကြောင့် အဘိုးနည်းသောအကျိုး, ရလွယ်သောအကျိုး, အပြစ်မရှိသော အကျိုး ရှိကုန်၏။

မြတ်စွာဘုရား ချီးမွမ်းတော်မူအပ်သော ပစ္စည်းရှိသည်၏အဖြစ်, ဆွမ်းခံရန် ပျင်းရိခြင်းကို နှိပ်နင်းသည်၏အဖြစ်, စင်ကြယ်သော အသက်မွေးမှုရှိသည်၏အဖြစ်, သေခိယဝတ်နှင့် ပြည့်စုံသည်၏အဖြစ် သူတပါးကို မမှေးမြူရသည်၏အဖြစ် ဆွမ်းလောင်းလှူကုန်သော သူတို့အား ကုသိုလ်ဖြစ်ရန် ချီးမြှောက်ရခြင်းကို ပြုသည်၏အဖြစ်, ယုတ်ညံ့အောက်ကျသော အသက်မွေးခြင်းဖြစ်၍ မာန်မာနကို ပယ်ရသည်၏ အဖြစ်များသည် ပိဏ္ဍပါတ်ဓုတင်ဆောင်ရဟန်းများ ခံစားရသော အကျိုးတို့ပေတည်း။

ထို့နောက် ပိဏ္ဍပါတ်ဓုဝင်ဆောင် ရဟန်းသည် နှစ်သက်ဘွယ်ရာရသောတဏှာကို ပယ်နိုင်ခြင်း, ဂဏဘောဇနသိက္ခာပုဒ်, ပရမ္ပရဘောဇနသိက္ခာပုဒ် စာရိတ္တသိက္ခာပုဒ်တို့ဖြင့် အာပတ်မသင့်ခြင်း, အလိုနည်းခြင်းအစရှိသော ဂုဏ်ကျေးဇူးအားလျော်သော အကျင့်ဖြစ်ခြင်း, ကောင်းမြတ်သော အကျင့်ကို ပွါးစေခြင်း နောင်လာနောက်ပွါး အမျိုးသားကို ဒိဋ္ဌာနုဂတိ ဖြစ်စေခြင်းဌာ၌ ချီးမြှင့်ရခြင်း အကျိုးတို့သည် ဖြစ်ကုန်၏။

သလုံးမြင်းခေါင်း ခြေနှစ်ချောင်းဖြင့် အညောင်းဖြေကာ တလုပ်စာတလုပ်စာ စုပေါင်းရှာမှီး၍ရသော ဆွမ်းအာဟာရဖြင့်သာ မျှတရောင့်ရဲသော သူတပါးတို့နှင့် မစပ်မသွယ် အသက်မွေးရလွယ်သော အစာအာဟာရ၌ တပ်မက်တွယ်တာသော တဏှာလောလုပ်ကို ပယ်အပ်ပြီးသော ရဟန်းသည် အရပ်လေးမျက်နှာတို့၌ အပိတ်အပင်ကင်း၍ အလိုရှိရာသို့ သွားနိုင်၏။

ပိဏ္ဍပါတ်ဓုတင်သည် ပျင်းရိခြင်းကိုလည်း ပယ်ဖျောက်နိုင်ကုန်၏။ ပိဏ္ဍပါတ်ဓုတင်ဆောင်ရဟန်း၏ အသက်မွေးခြင်းသည်လည်း စင်ကြယ်၏။ ထို့ကြောင့် ပညာရှိ သူတော်ကောင်းသည် ဆွမ်းခံသောအကျင့်ကို မထီမဲ့မြင်မပြုရာ။

ဆွမ်းခံသော အကျင့်ကိုဖြည့်ကျင့်ရသော ရဟန်းသည် လာဘ်သပ်ပကာ အကျော်အစောကို လိုချင်တပ်မက်သောအားဖြင့် မမှီခဲ့ပါမူ ကိုယ့်ကိုယ်ကိုသာ မွေးမြူ၍ သူတပါးကို မမွေးမြူသော ဣဋ္ဌနှင့် အနိဋ္ဌကို အတူပြုကာ ရှုနိုင်သဖြင့် တာဒိဂုဏ်နှင့် ပြည့်စုံသော ပိဏ္ဍပါတ်ဓုတင်ဆောင် ရဟန်းအား နတ်သိကြားနှင့် လူများမကျန် အလုံးစုံသော သတ္တဝါမှန်သမျှတို့သည် ချစ်မြတ်နိုးကြကုန်၏။

ကျေးဇူးရှင် ဝေဘူဆရာတော်ထံ နေ့စဉ်က ဆရာတော်ဘုရားသည် တပည့်တို့အား "သံလုံးဆောင်၊ အိုအောင်မဆင်းရဲ"ဟု သြဝါဒပေးလေ့ရှိ၏။ သံလုံးဟူသည် သပိတ်လုံးကိုဆိုလို၏။ သပိတ်ဆောင်၍ တသက်လုံးဆွမ်းခံစားကြပါဟု သြဝါဒပေးလိုရင်းဖြစ်၏။ ဆရာတော်ဘုရားသည်လည်း သက်တော်ရှစ်ဆယ်ရှိသော်လည်း ယနေ့တိုင် ဆွမ်းခံဘဉ်းပေးလျက် ရှိသည်။ ဝေဘူဆရာတော်၊ ပရက္ကမဆရာတော်တို့သည် ကျန်းမာရေး အလွန်ချို့ယွင်းသော အခါမျှားနှင့် တွေ့ကြုံရသော်လည်း ဆွမ်းခံဝတ်မပျက်ကြပေ။ လမ်းမသွားနိုင်သည့်ရောဂါဖြစ်လာလျှင် သံဃာနှစ်ပါးကတွဲ၍ ဆွမ်းလောင်းသည့်နေရာဌာနရောက်အောင် တွဲ၍ ပို့ရ၏။

အခါတပါး မြတ်စွာဘုရားသည် ရဟန်းတပါးကို ဟင်းမျိုးစုံ အကောင်းဘဉ်းပေးလိုလျှင် ပိဏ္ဍပါတ်ဓုတင် ဖြည့်ကျင့်ရမည်ဟု အမိန့်ရှိလေ၏။ ထို့ကြောင့် အကောင်းဘဉ်းပေးလိုလျှင် ပိဏ္ဍပါတ်ဓုတင် ဖြည့်ကျင့်ရာ၏။

ဆွမ်းခံသွားစဉ် နေပူမိုးရွာ ထီးမဆောင်းရ၊ ဘိနပ်မစီးရ၊ ကျန်းမာရေးမကောင်းလွန်းလျှင်ကား ထီးဆောင်း၍ ဆွမ်းခံခြင်း၌အပြစ်မရှိချေ။ဘိနပ်ကား ခြေထောက်မှာ သွေးထွက်အောင် ကွဲနေ၍ မသွားနိုင်မှသာ စီးခွင့်ရှိသည်။ သာသနာ့အနှယ်ကျင့်ထုံးများ အဓိကားက ဖော်ပြခဲ့သော ဓားမကူး ဆရာတော် ဘိနပ်စီးသလို နည်းမှီးရမည်။ မသွားနိုင်အောင် ကွဲအက်နေသည့် ခြေထောက်တဖက်၌သာ ဘိနပ်စီး၏။

ယခုခေတ်၌ အချို့တောထွက် ရဟန်းအိုကြီးများ ဆွမ်းခံဘဉ်းပေးကြ၍ ဝမ်းမြောက်ပါ၏၊ သို့သော် ဆွမ်းခံသွားသောအခါ ဒါယကာ ဒါယိကာမတို့၏ ကြည်ညိုဘွယ်ကို ဆောင်နိုင်အောင် သွားလာအလှူခံယူစေလိုပါသည်။အကယ်၍ အကြည်ညို ပျက်အောင် သွားလာ အလှူခံယူပါက "**ပေါ့စေချင်၍ ကြောင်ရုပ်ထိုး၊ ဆေးအတွက်ဝန်လေး**"ဟူသကဲ့သို့ ချမ်းသာချင်၍ ဆွမ်းခံစား မချမ်းသာပဲ အပါယ်ငရဲသို့ လားဘို့သာ ဖြစ်လိမ့်မည်။ အိုလေလောဘကြီးလေ မဖြစ်ရအောင် သတိဆောင်ရာ၏။

ငှက်များသည် တွေ့သည့်နေရာ၌ အစာစာ၊ ပြီး အပိုအလျှံယူ၍မသွားကြသလို အရှင်မြတ်တို့သည်လည်း သပိတ်ထဲ ကျသလောက်သာ ဝမ်းမြောက်တင်းတိမ်နေ

ကြပါ၊ ညနေစာ မနက်ဖြန်စာ ချန်ၖမထား‌ဘို့ရာ ငှက်များ‌ပမာ သတိရှိရာ၏။ သပိတ်လွယ်သောအခါ လက်ျာပခုံး‌၌သာလွယ်ၖ ဆွမ်း‌ခံလှည့်လည်ပါ။ လည်ပင်း‌၌ သပိတ်အိတ်ကို လွယ်မသွား‌ပါနှင့်၊ အရှင်မြတ်တို့ သာသနာတော်အတွက် ကြည်ညိုဘွယ်ဖြစ်အောင် လျှောက်ထား‌သတိ‌ပေး‌ရခြင်း‌ဖြစ်ပါ၏။

ပိဏ္ဍပါတိကင်္ဂကထာ ပြီး‌၏။

၄—သပဒါနစာရိကက်ကထာ

သပဒါနစာရိကဂ်ဆိုရာ၌ အိမ်စဉ်ပြတ်ခြင်းကို "ဒါန" ဟူ၍ ခေါ်သည်။ အိမ်စဉ်မပြတ် လှည့်လည်ခြင်းကို "သပဒါန" ဟူ၍ ခေါ်သည်။ အိမ်စဉ်မပြတ် လှည့်လည်သော ရဟန်းကို "သပဒါနစာရိကရဟန်း" ဟူ၍ ခေါ်သည်။ ထိုအကျင့်ခုတင်ကို ဆောက်တည်ကြောင်းစေတနာသည် "သပဒါနစာရိကဂ်" မည်၏။

သပဒါနစာရိကခုတင်ဆောက်တည်ပုံ

လောလုပ္ပစာရံ ပဋိက္ခိပါမိ။ သပဒါနစာရိကဂ်ံ သမာဒိယာမိ။

မြန်မာလိုဆောက်တည်ပုံ "လောလုပ္ပတဏှာဖြင့် အိမ်စဉ်ကျော်လွှား ဆွမ်းခံသွားခြင်းကို ပယ်ပါ၏။ အိမ်စဉ် ရွာစဉ် ခရီးစဉ်မပျက် ဆွမ်းခံခြင်းအလေ့ရှိသော ရဟန်း၏ အင်္ဂါကို ဆောက်တည်ပါ၏" ဟု ဤစကားနှစ်မျိုးတွင် တမျိုးမျိုးဖြင့် ဆောက်တည်နိုင်၏။

သပဒါနစာရိကခုတင်ဆောင်ရဟန်းသည် ရွာတွင်း၌ ရပ်၍ ဆင်, မြင်း, ကျဲ, နွားစသော ဘေးရန်မရှိသည်၏အဖြစ်ကို ကောင်းစွာမှတ်အပ်၏။ ဆွမ်းခံသွားမည့်လမ်း, ရွာတို့၌ ဆင်, မြင်း, ကျဲ, နွားစသော ဘေးရန်ရှိလျှင် မသွားအပ်၊ တပါးသောလမ်း, တပါးသော ရွာသို့သာ သွားသင့်၏။ ဆွမ်းရပ်သည့် အိမ်, လမ်းခရီး, ရွာတို့၌ တစုံတခုမျှမရှိအံ့၊ ရွာမဟုတ်ဟု အမှတ်ပြုကာ သွားအပ်၏။ ဆွမ်းခံ၍ ရှိအံ့၊ ရနှိုသောအရပ်ကို ပယ်၍ သွားခြင်းငှါ မအပ်။

သပဒါနစာရိကခုတင်ဆောင်ရဟန်းသည် နံနက်စောစောကပင် ရွာတွင်းသို့ ဝင်သင့်၏။ စောစောဝင်သည်ရှိသော် ဘေးရန်ရှိ၍ မချမ်းသာသောအရပ်ကို ပယ်ပြီးလျှင် ချမ်းသာသောအရပ်ကို သွားခြင်းငှါ စွမ်းနိုင်လိမ့်လတ္တံ့။

သပဒါနစာရိကခုတင်ဆောက်တည်သောရဟန်းအား ကျောင်း၌၎င်း, လမ်းခရီး၌၎င်း အလှူပေးကုန်သောသူတို့သည် သပိတ်ကိုယူ၍ ဆွမ်းကို အကယ်၍ ပေးလှူကုန်အံ့၊ ခံယူခြင်းငှါအပ်၏။ ခရီးသွားသော သပဒါနစာရိကခုတင်ဆောင်ရဟန်းသည် ဆွမ်းခံသောအခါ၌၎င်း ရောက်သောရွာကို မလွန်စေမူ၍ ကျင့်အပ်၏။ ရောက်သောရွာ၌ အနည်းငယ်ရရှိသော် ရွာစဉ်အတိုင်းသွားအပ်၏။

သပဒါနစာရိကခုတင် သုံးပါး ပြားပုံ

သပဒါနစာရိကခုတင်ဆောင်ရဟန်းသည် ဥက္ကင္ဋ, မဇ္ဈိမ,မုဒုအားဖြင့် သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် ဥက္ကင္ဋပုဂ္ဂိုလ်သည် ဆွမ်းခံသွားစဉ် အိမ်တံခါးသို့

မရောက်မီ ရှေးမှကြို၍လှူသော ဆွမ်းကိုငင်း, ရွှေအိမ်သို့လွန်သွားပြီး နောက် အိမ်မှလိုက်၍လှူအပ်သောဆွမ်းကိုငင်း ဆွမ်းစားဇရပ်သို့ ယူလာ၍ပေးလှူ အပ်သောဆွမ်းကိုငင်း မခံယူအပ်၊ ရောက်ဆဲအိမ်ပေါက်ဝ၌ သပိတ်ကုလ်တ်၏။ ဧတင်အရာ၌ အရှင်မဟာကဿပမထေရ်နှင့်တူသော ရဟန်းမရှိခေျ။ အရှင် မဟာကဿပမထေရ်အား ယက်ကန်းသည်ယောင်ဆောင်၍လှူသောသိကြား မင်းအား သပိတ်ကုလ်တ်သောအရာသည် ထင်ရှား၏။

မဇ္ဈိမပုဂ္ဂိုလ်သည် မရောက်မီ ရွှေအိမ်မှငင်း, ရွှေအိမ်သို့ရောက်ပြီးလျင် နောက်အိမ်မှလိုက်၍ငင်း လှူသောဆွမ်းကို ခံယူရ၏။ ဆွမ်းခံရာမှပြန်လာ၍ ဆွမ်းစားဇရပ်တွင် ထိုင်နေစဉ် သပိတ်ကိုယူ၍ လှူသောဆွမ်းကိုလည်း ခံယူ ရ၏။ ရောက်ဆဲအိမ်တံခါးဦးလည်း သပိတ်ကိုစွန့်လွှတ်၏။ ဒါယကာတို့က ထိုနေ့ အာဒုတ် ဖိတ်မန်ထားသောဆွမ်းကို မျှော်လင့်ဆိုင်းငံ့၍ကား မနေ။ ဤသို့ မနေသဖြင့် မဇ္ဈိမရဟန်းသည် ဥက္ကဋ္ဌပိဏ္ဍပါတ်မဟုတ်ဧတင်ဆောင်ရဟန်းအား လျော်၏၊ မုဒုရဟန်းသည် ထိုနေ့ ဧတင်္ဂ ဒါယကာတို့ဖိတ်မန်ထားသောဆွမ်းကို ဆိုင်းငံ့၍ နေရ၏။

ဧတင်ပျက်ပုံ

ဥက္ကဋ္ဌ, မဇ္ဈိမ, မုဒုပုဂ္ဂိုလ်သုံးယောက်တို့အား ဤမည်သောရွာ, ဤမည်သော လမ်း, ဤမည်သောအိမ်၌ ဆွမ်းကောင်း ဟင်းကောင်း မျှားစွာရအုံ့ဟု လျှပ်ပေါ် လော်လီသောတဏှာဖြင့် အစဉ်ကိုလွန်၍သွားကာမျှ၌ ဧတင်ပျက်၏။

ဒေသနာညီနှိုင်းယှုပုံ

ဝိနယပိဋကတ်, အဘိဓမ္မာပိဋကတ်တို့၌ ပြည့်တန်ဆာမအိမ်, မုဆိုးမအိမ်, အပျိုဟိုင်းကြိုးအိမ်, ပဏ္ဍုကအိမ်, ရဟန်းမတို့ နေရာကျောင်း, အရက်ဆိုင် ဤခြောက်အိမ်၌ ဆွမ်းမခံရဟု ပညတ်ချက်ရှိ၏။ သပဒါနစာရိက ဧတင်ဆောင် ရဟန်းဘို့၏ အကျင့်နှင့် မဆန့်ကျင်ပြီလောဟု မေးရန်ရှိ၏၊ အဖြေကား မဆန့် ကျင်ပါ။

မဆန့်ကျင်ပုံကား– သပဒါနစာရိကဧတင်ဆောင်ရဟန်းသည် ထိုခြောက် ဌာနကိုမသိ၍ ဆွမ်းရပ်သော် အာပတ်မသင့်၊ သင့်သော်လည်း အစိတ္တကသာ ဖြစ်မည်။ ထိုခြောက်အိမ်မှန်းသိပါလျက် အမြဲတစေ ဆွမ်းခံမှသာ အပြစ်ရှိ၏။ ရှောင်သွားသောအခါ ဧတင်မပျက်စီးချေ။ ဧတင်ပျက်ကြောင်းမှာ လောလုပ္ပ-တဏှာဖြင့် အိမ်စဉ်ကျော်လွန်မှသာ ဧတင်ပျက်၏။ ဝိနည်းပညတ်သိက္ခာပုဒ် တော်ကိုစောင့်ရှောက်လိုသဖြင့် ထိုခြောက်ဌာနကို ဆွမ်းမခံခြင်း ဖြစ်သည်။

ယခုခေတ်၌ပြည့်တန်ဆာမအိမ် သီးသန့်ရှိခဲ့၏၊ ရှေးအခါက တည်ဉ့်တထောင်ပေးရသော သီရိမာတို့ ရှိကြသည်။ မုဆိုးမအိမ်, အပျိုကြီးအိမ်, အရက်ဆိုင်များသီးသန့်ရှိကြသဖြင့် ဆွမ်းခံမှူ ရှောင်ရမည်။ သပဒါနစာရိုက ဓုတင်ဆောင်ရဟန်းသည် အမြဲတစေ တကိုယ်တည်းနေသော မုဆိုးမ အပျိုကြီး, ပြည့်တန်ဆာမအိမ်များကို အဆွခင်ပွန်း ပွဲလျက် အမြဲဆွမ်းခံမှုမှ ရှောင်ကြဉ်ရာ၏။ အကြောင်းကား——

ထို ပုဂ္ဂိုလ်တို့သည် ကိလေသာထူထဲကြမ်းတမ်း၍ သာသနာ့ဥစ္စာနှံထမ်း ရဟန်းများအတွက် ပျက်ပြားမည်စိုးသောကြောင့် ဖြစ်သည်။

ဆွမ်းခံ သွားသောအခါ စက္ခုန္ဒြေနှင့်ပတ်သက်၍ လေးတောင်ထက် ပို၍ မကြည့်ရဟု ဒေသနာရှိသော်လည်း အန္ဓရာယ်ဖွယ်သောအခါ သိသင့်ဘွယ်ရာများကိုကြည့်ရှုသောအခါ ကြည့်ရှုသည့်အတွက် အာပတ်မသင့်ချေ။ အချို့လမ်း၌ ဇရပ်, ဘုရားတန်ဆောင်း, ဓမ္မာရုံ, လူမနေသော ဂိုဒေါင်, ကင်းတဲစသည်များ ရှိလေ၏။ ၎င်းတို့ကို လေးတောင်ထက် ပို၍မကြည့်ရှုလျှင် မမြင်နိုင်သည့်အတွက် အိမ်မှတ်၍ ဆွမ်းခံကြသောအခါ ရှက်ဘွယ်ရာ ကြုံတတ် ဖြစ်တတ်သည်။ အိမ်ဟုတ်၏, မဟုတ်၏, ဟု သိရှိရအောင် အကဲခပ် စဉ်းစား၍ ဆွမ်းရပ်ရာ၏။ စဉ်းစား၍ မသိနိုင်လျှင် လေးတောင်ထက်ပို၍ ကြည့်ရှုသော် အပြစ်မရှိချေ။

ဤကား မဟာပဒေသလေးပါးနှင့် ညီနိုင်းဆုံးဖြတ်အပ်သော ဝိနိစ္ဆယအမြွက်တည်း။

နည်းယူဘွယ်ရာ အရှင်မဟာကဿပ မထေရ်အကြောင်း

တနေ့သောအခါ အရှင်မဟာကဿပ မထေရ်သည် နိရောဓသမာပတ်မှထ၍ ရာဇဂြိုဟ်ပြည်သို့ သပဒါနစာရိုက ဓုတင်ဆောင်လျက် ဆွမ်းခံကြတော်မူ၏။ ထို အခါ သိကြားမင်း၏ အလုပ်အကျွေးဖြစ်သော နတ်သမီးငါးရာတို့သည် ဆွမ်းခွက်ငါးရာတို့ကို ယူဆောင်၍ အရှင်မဟာကဿပမထေရ်ကို ဆွမ်းလောင်းလှူ ဘို့ရန် အားထုတ်ကြကုန်၏။

နတ်သမီးတို့သည် အရှင်မဟာကဿပ မထေရ် ဆွမ်းခံကြွမည့်လမ်းမှ စောင့်ဆိုင်းကြကုန်လျက် အရှင်မဟာကဿပမထေရ် ကြွလာသောအခါ အရှင်ဘုရား– တပည့်တော်မတို့အား ချီးမြှောက်သောအားဖြင့် ဤဆွမ်းကို ခံယူတော်မူပါကုန်လော ဟု လျှောက်ကြကုန်၏။ အရှင်မဟာကဿပမထေရ်သည် အသင် နတ်သမီးတို့– သွားကြကုန်။ ငါသည် သူဆင်းရဲတို့အား ချီးမြှောက်မှုကို ပြုလို၏

ဟု အမိန့်ရှိလေရာ၊ နတ်သမီးတို့သည် စိတ်ဆင်းရဲစွာ နတ်ပြည်သို့သာ ပြန်သွားကြကုန်၏။

သိကြားမင်းသည် နတ်သမီးတို့--ဘယ်အရပ်သို့ သွားကြကုန်သနည်းဟု မေးသည်ရှိသော် အရှင်သိကြားမင်း– ကျွန်မတို့သည် နိရောဓသမာပတ်မှထသော အရှင်မဟာကဿပ မထေရ်အား ဆွမ်းလောင်း သွားကြပါကုန်၏။ သို့သော် ဆွမ်းမလောင်းလှူခဲ့ရပါ။ သူဆင်းရဲကိုသာ ချီးမြှောက်မည်ဟု အမိန့်ရှိလို့သည့်အတွက် ပြန်ခဲ့ကြရပါသည်ဟု ပြောဆိုကြကုန်၏။

ထိုအခါ သိကြားမင်းသည် ဆွမ်းလှူလိုသည့်အတွက် သက်ကြီးရင့်ရော် သွားကျိုးဆံဖြူ အိုမင်းရွံ့တွသော ယက်ကန်းသည် အဖိုးအိုယောင်ဆောင်၍ သုဇာတာနတ်သမီးကိုလည်း အမယ်အိုနှင့်တူအောင် ဖန်ဆင်းခိုင်းကာ ခရီးလမ်းတခု ဖန်ဆင်းပြီးလျှင် ယက်ကန်းကို ဖြန့်လျက်နေ၏။ အရှင်မဟာကဿပ မထေရ်သည် သူဆင်းရဲတို့အား ချီးမြှောက်မှုကိုပြုအံ့ဟု နှလုံးသွင်းလျက် မြို့သို့ ရွှေ့ရွှေ့ကွသည်ရှိသော် မြို့အပြင်ဘက်၌ လမ်းတခုကိုမြင်၍ ကြည့်ရှုလျှင် အဖိုးအို, အမယ်အို နှစ်ယောက်တို့ကို မြင်တော့မူ၏။

ထိုသို့မြင်ရာအခါ၌ သိကြားမင်းသည် ယက်ကန်းကိုဖြန့်၍ သုဇာတာနတ်သမီးသည် ယက်ဖောက်ကိုယောက်နေသော အသွင်ဖြစ်၏။ မထေရ်၏စိတ်သန္တာန်ဝယ် အသက်အရွယ်ကြီးကုန်သော အဖိုးအိုဇနီးမောင်နှံတို့သည် အလုပ်လုပ်ကြရကုန်သေး၏။ ဤမြို့မှာ အဖိုးအိုဇနီးမောင်နှံတို့အောက် အလွန်ဆင်းရဲသူတို့သည် မရှိလေယောင်တကား။ ဤသူတို့လှူဒါန်းအပ်သော ဆွမ်းတဇွန်းမျှနှင့် ဟင်းရွက်ပြုတ်မျှကို ယူ၍ ချီးမြှောက်မှုငါပြုအံ့ဟု နှလုံးသွင်းလျက် အဖိုးအိုတို့၏အိမ်သို့ ရွေးရွက်သွားလေ၏။

သိကြားမင်းသည် မထေရ်ကြွလာသည်ကို မြင်လေလျှင် သုဇာတာကို နှမသုဇာတာ–မထေရ်သည် ဤအရပ်သို့ ကြွလာတော်မူ၏။ နှမသည် မမြင်ချင်ယောင်ဟန်ဆောင်၍ တိတ်တိတ်ဆိတ်ဆိတ်နေပါ၊ တခဏခြင်းဖြင့် မထေရ်ကို လှည့်စား၍ ဆွမ်းလောင်းလှူအံ့ဟု ပြောဆိုလေ၏။ မထေရ်သည် ကြွလာ၍ အိမ်ပေါက်ဝ၌ ရပ်သောအခါ အဖိုးအိုဇနီးမောင်နှံတို့သည်လည်း မမြင်သကဲ့သို့ မိမိအလုပ်ကိုသာ ပြုလုပ်ကြကုန်လျက် အနည်းငယ်မျှကြာအောင် မသိဟန်ဆောင်လျက် နေကြကုန်၏။

ထိုအခါ သိကြားမင်းသည် သုဇာတာအား "အိမ်တံခါးပေါက်ဝ၌ မထေရ်တပါးရပ်သကဲ့သို့ ထင်၏၊ ရွေဦးစွာသွား၍ ကြည့်ပါဦး"ဟုဆိုလေရာ "ရှင်သွား၍ စုံစမ်းပါ"ဟု သုဇာတာက ပြောဆိုလတ်သော် အဖိုးအို သိကြားမင်းသည် အိမ်မှထွက်လာကာ အရှင်မဟာကဿပမထေရ်အား ရှိခိုး၍ လက်နှစ်ဘက်တို့ဖြင့်

ပုဆစ်တို့ကိုနှိပ်လျက် ညီးတွားကာ ထပြီးလျှင် အရှင်ဘုရားသည် အဘယ်အမည်ရှိသနည်း, အဘယ်အရပ်မှာ သီတင်းသုံးသနည်းဟု ဤသို့မသိလေဟန်ပြောဆိုလျက် အနည်းငယ် နောက်သို့ဆုတ်ကာ ဩဇာမျက်စိများလည်း မှုန်ကုန်ပြီ၊ ကောင်းကောင်းမမြင်တော့ချေဟုဆို၍ နဖူးပြင်၌ လက်ကိုတင်လျက် အင်း–ဒုက္ခ ဒုက္ခ၊ ငါတို့အရှင်ဖြစ်သော အရှင်မဟာကဿပမထေရ်သည် ကြာမြင့်စွာ အိမ်ပေါက်ဝ၌ ရပ်ရ၏။ ငါတို့အိမ်မှာ လှူဘွယ်ရှိပါသလောဟု မေးလေသည်။

အမယ်အိုယောင် ဖန်ဆင်းထားသော သုဇာတာသည် အချိန်အနည်းငယ် လှူဘွယ်ပစ္စည်းမရှိသကဲ့သို့ ဟန်ဆောင်ပြီး၍ အရှင်-လှူဖို့ရန်ပစ္စည်း ရှိပါသည်ဟု ပြောလေရာ သီကြားမင်းသည် အရှင်ဘုရား–တပည့်တော်တို့လှူသောပစ္စည်းကို ခေါင်းပါးကြမ်းတမ်း၏ ဟူ၍ရင်း, မုန်မြတ်၏ဟူ၍ရင်း မကြံအောက်မေ့ပဲ တပည့်တော်တို့အား ချီးမြှောက်မှုပြုပါဟု လျှောက်ကာ သပိတ်ကိုယူလေ၏။

အရှင်မဟာကဿပမထေရ်သည် အဖိုးအိုဇနီးမောင်နှံသည် ဟင်းရွက်ပြုတ်ပေးလှူသည်ဖြစ်စေ, ဆန်ကဲ့မုံဆုပ် ပေးလှူသည် ဖြစ်စေ ဤသူတို့အား ငါချီးမြှောက်မှုပြုပါအံ့ဟု နှလုံးသွင်းကာ သပိတ်ကို ပေးလေ၏။ သီကြားမင်းသည် အိမ်တွင်းဝင်၍ ထောပတ်ဆမ်းကို အိုးမှခူးလျက် သပိတ်အပြည့်ထည့်ပြီးလျှင် မထေရ်၏လက်၌ ကပ်လှူလေ၏။ ဟင်းလျာများစွာနှင့်ပြည့်စုံသော ဆွမ်းဖြစ်သည့်အတွက် မွေးကြိုင်သောအနံ့သည် ရာဇဂြိုဟ်တမြို့လုံး လွှမ်းမိုးသွားလေသည်။

သီကြားမင်းဟုသိပုံ

ထိုအခါ အရှင်မဟာကဿပမထေရ်၏ စိတ်နှလုံးဝယ် အဖိုးအိုသည် ဘုန်းကံနည်း၏၊ ဆွမ်းမှာမူ ကြီးမြတ်သောအာနုဘော်ရှိ၏၊ သီကြားမင်း၏ ဆွမ်းနှင့်တူသည်၊ ဤသူကား အဘယ်သူ ဖြစ်သနည်းဟု စဉ်းစားသောအခါ အဖိုးအိုကို သီကြားမင်းဟုသိ၍ ဤသို့ ပြောဆိုလေ၏။ သီကြားမင်း–သင်သည် ဝန်လေးသောအမှုကို ပြုဘိ၏၊ သူဆင်းရဲတို့၏ စည်းစိမ်ချမ်းသာကို လုယက်ဖျက်ဆီးမှုပြု၏။ အဘယ့်ကြောင့်နည်းဟူမူ ယနေ့ ငါ့အားပေးလှူသော တစုံတယောက်သောသူဆင်းရဲသည် စစ်သူကြီးအရာ, သူဌေးအရာကို ရရာ၏ဟု ပြောဆိုလေ၏။

သီကြားမင်းသည် အရှင်ဘုရား–တပည့်တော်အောက် အလွန်ဆင်းရဲသူမရှိပါဘုရားဟု လျှောက်လေရာ သီကြားမင်း–သင်သည် အဘယ့်ကြောင့်ဆင်းရဲလေဘိသနည်း၊ နတ်ပြည်၌ နတ်မင်းစည်းစိမ်ကို ခံစားရသည်မဟုတ်လောဟု မိန့်တော်မူလျှင် အရှင်ဘုရား–ဤစကားသည် မိန့်တော်မူသည့်အတိုင်းမှန်ပါ၏၊ ထိုသို့ပင် မှန်ပါသော်လည်း တပည့်တော်သည် ဘုရားမပွင့်မီ ကုသိုလ်

ကောင်းမှုပြုရ၏၊ ဘုရားပွင့်တော်မူလတ်သော် ကုသိုလ်ကောင်းမှုကို ပြုခြင်းကြောင့် စူဠဒုရထနတ်သား, မဟာရထနတ်သား, အနေကဝဏ္ဏနတ်သားတို့သည် အဆင်းသဏ္ဌာန်တူမျှသော နတ်သားဖြစ်ကြကုန်လျက် တပည့်တော်၏နေရာအနီး၌ ဖြစ်လာကြကုန်၏။တပည့်တော်ထက် လွန်စွာတန်းခိုးအာနုဘော်ကြီးကြပါကုန်၏။

မှန်ပါ၏၊ တပည့်ခတော်သည် နတ်သားတို့ နက္ခတ်ပွဲသဘင်ကို ကစားဘို့ရန် အလုပ်အကျွေးနတ်သမီးတို့ကို ခေါ်ဆောင်ကာ ခရီးလမ်းမသို့ ဆင်းသက်သည်ရှိသော် အိမ်တွင်းသို့ ပြေးဝင်ရ၏။ အဘယ့်ကြောင့်နည်းဟူမူ–ထိုနတ်သားတို့၏ကိုယ်ခန္ဓာမှ အရောင်တန်းခိုးသည် တပည့်တော်၏ကိုယ်ကို လွှမ်းမိုးဘိစီးပါ၏၊ တပည့်တော်၏ ကိုယ်မှ ထွက်လာသော အရောင်တန်းခိုးသည် ထိုနတ်သားတို့၏ကိုယ်ကို မလွှမ်းမိုး မဘိစီးနိုင်ပါ။ အရှင်ဘုရား၊ တပည့်ခတော်အောက် အဘယ်သူ ဆင်းရဲပို့ပါအံ့နည်းဟု လျှောက်လေ၏။ ဤသို့ ဆင်းရဲငြားသော်လည်း ယနေ့မှစ၍ ငါ့အား လှည့်စား၍ အလှူကို မလှူပါလင့်ဟု အမိန့်ရှိရာ အရှင်ဘုရားတို့အား အလှူကို လှည့်စား၍ ပေးလှူသည်ရှိသော် တပည့်တော်အား ကုသိုလ်ရှိ,မရှိ အမိန့်ရှိပါဟု လျှောက်လေ၏။

အရှင်မဟာကဿပမထေရ်သည် သိကြားမင်း – သင်ပြုသော ကုသိုလ်ကောင်းမှုသည် အကျိုးရှိပါ၏ဟု မိန့်တော်မူလတ်သော် အရှင်ဘုရား ကုသိုလ်ကောင်းမှုပြုခြင်းမည်သည် တပည့်တော်တို့၏ တာဝန်အဘို့ပါတည်းဟု လျှောက်၍ မထေရ်အား ရှိခိုးကာ သုဇာတာကိုခေါ်လျက် နတ်ပြည်သို့ ပြန်သွားလေ၏။ (ဤကား နည်းယူဘွယ်ရာ ဝမ်းမြောက်ဘွယ်ရာ ဝတ္ထုတည်း)။

သပဒါနစာရိကဓုတင် အာနိသင်

ဒါယကာတို့၌ အမြဲလူသစ်၏အဖြစ်ငင်း, လမင်းနှင့်တူသော ဥပမာရှိသည်၏ အဖြစ်ငင်း, ကုလမစ္ဆေရကို ပယ်ခြင်းငင်း, ဒါယကာတို့၌ အညီအမျှသနားခြင်းရှိသောသူ၏အဖြစ်ငင်း, ဒါယကာတို့သို့ ချဉ်းကပ်ရောနှောသော အပြစ်မရှိခြင်းငင်း, ဖိတ်မန်သောအားဖြင့် ပင့်ခေါ်ခြင်းကို ဝန်မခံခြင်းငင်း, ပို့လာသောဆွမ်းပွဲဖြင့် အလိုမရှိသည်၏ အဖြစ်ငင်း, အလိုနည်းခြင်း အစရှိသည်တို့အားလျော်သော အကျင့်ရှိသည်၏အဖြစ်ငင်း ဤအလုံးစုံသော စကားရပ်သည် သပဒါနစာရိကဓုတင်ဆောင် ရဟန်း၏ အကျိုးအာနိသင်တို့ပေတည်း။

ဤသာသနာတော်၌ အိမ်စဉ်မပြတ် ဆွမ်းခံဝတ်ကို ဖြည့်ကျင့်သောရဟန်းသည် ခပ်သိမ်းသောအရပ်၌ မကပ်ငြိသောစိတ်ရှိသည်၏အဖြစ်,ဖွဲ့စင်မြေသောစိတ်ရှိသည်၏အဖြစ်ကြောင့် လမင်းနှင့်တူသော ဥပမာရှိ၏။

အမျိုးဒါယကာတို့၌ တစုံတယောက်သောသူ၏ အိမ်သို့သာ အမြဲသွားသောကြောင့် အမြဲပင် လူသစ်ဖြစ်၏။ ဒါယကာတို့၌ ဝန်တိုခြင်းသဘောမရှိ၊ ချမ်းသာဆင်းရဲမရွေး မျှတသော ကရုဏာရှိ၏၊ ဒါယကာအိမ်၌ ထိုင်၍ဘုဉ်းပေးသော ကုလူပကရဟန်းတို့အား ရောက်စကောင်းသော အပြစ်မှ လွတ်၏။

ထို့ကြောင့် မြေအပြင်၌ မိမိအလိုအားလျော်စွာ သွားရခြင်းကို အလိုရှိသော ပညာရှိသည် လျှပ်ပေါ်လော်လီခြင်း လေးလုပ်ဟူသောကို ကောင်းစွာပယ်၍ ချအပ်သောမျက်လှာဖြင့် ထမ်းပိုးတပြန်မျှသာ ကြည့်သောအလေ့ရှိသည်ဖြစ်၍ အိမ်စဉ်မပြတ် ဆွမ်းခံသောအကျင့်ကို ကျင့်ရာ၏။

သပဒါနစာရိုက်ကထာ ပြီး၏။

၅-ဒကာသနိကဏ်ကထာ

ကောသနိကဏ်ဆိုရာ၌ တနေရာတည်း၌ သုံးဆောင် စားသောက်ခြင်းကို "ကောသန" ဟု ဆို၏။ တနေရာတည်း၌သာနေ၍ စားသောက်သုံးဆောင်လေ့ရှိသောပုဂ္ဂိုလ်ကို "ကောသနိက" ဟူ၍ ခေါ်ဆို၏။ ယင်းဓုတင်ကို ဆောက်တည်ကြောင်း စေတနာသည် "ကောသနိကဏ်" မည်၏။

ကောသနိက်ဓုတင်ဆောက်တည်ပုံ

နာနာသနဘောဇနံ ပဋိက္ခိပါမိ။ ကောသနိကင်္ဂံ သမာဒိယာမိ။

မြန်မာလိုဆောက်တည်ပုံ– အထူးထူးသော နေရာတို့၌နေ၍ ဘုဉ်းပေးသုံးဆောင်စားသောက်ခြင်းကို ပယ်ပါ၏။ တထိုင်တည်းတနေရာတည်း၌သာ ဘုဉ်းပေးသုံးဆောင်စားသောက်ခြင်း ကျင့်ဝတ်ရှိသောပုဂ္ဂိုလ်၏ အကြောင်း အင်္ဂါသမာဒါနစေတနာကို ဆောက်တည်ပါ၏ဟု ဤစကားနှစ်မျိုးဘွင် တမျိုးမျိုးဖြင့် ဆောက်တည်နိုင်၏။

ကောသနိက်ဓုတင်ဆောက်တည်သော ရဟန်းသည် ဆွမ်းဘုဉ်းပေးရာဇရပ်၌ ထိုင်သည်ရှိသော် မထေရ်ကြီးတို့၏နေရာ၌ မထိုင်မူ၍ ဤနေရာသည် ငါ့အား ရောက်လတ္တံ့ဟု နှလုံးသွင်းလျက် သင့်လျော်သော နေရာကိုမှတ်သဖြင့် ထိုင်နေအပ်၏။ ကောသနိက်ဓုတင်ဆောင်ရဟန်း ဆွမ်းဘုဉ်းပေးနေစဉ် ဆရာသော်ငင်း, ဥပဇ္ဈာယ်သော်ငင်း အကယ်၍ကြွလာအံ့၊ ထ၍ ဝတ်ပြုအပ်၏။ ထိုသို့ပင် ဝတ်ပြုသင့်သော်လည်း တိပိဋကစူဠဘယမထေရ်က နေရာကိုငင်း, ဘောဇဉ်ကိုငင်း စောင့်ရာ၏ဟု ဆိုလေ၏။

ဤကောသနိက်ဓုတင်ဆောင် ရဟန်းသည်ကား ဆွမ်းစားခြင်းကိစ္စ မပြီးသေးမီ ဝတ်နိဗဒ်ကို ပြုနိုင်၏။ အာဟာရဘောဇဉ်ကိုမူကား တဖန် ဘုဉ်းပေးသုံးဆောင်နိုင်ခွင့် မရှိပြီ။ ဘုဉ်းပေးလျှင် ဓုတင်မချတ် ကေန်ပျက်မည်။ ဓုတင်မပျက်စေလိုလျှင် ဘုဉ်းပေးပြီးမှသာ ထရမည်။ (ဆွမ်းဘုဉ်းပေးဆဲရဟန်းသည် နေရာမှ မထလျှင် ဆက်လက်၍ ဆွမ်းဘုဉ်းပေးကောင်းသည်၊ ဓုတင်မပျက် ဟူလို။)

ကောသနိက်ဓုတင်သုံးပါးပြားပုံ

ဤကောသနိက်ဓုတင်သည် ဥက္ကဋ္ဌ, မဇ္ဈိမ, မုဒုအားဖြင့် သုံးမျိုးရှိ၏။ ထိုသုံးမျိုးတို့တွင် ဥက္ကဋ္ဌပုဂ္ဂိုလ်သည် မျှားသည်ဖြစ်စေ, နည်းသည်ဖြစ်စေ

ဘောဇဉ် " ဘုဉ်းပေးသုံးဆောင်အုံ " ဟု နှလုံးသွင်း၍ လက်ကို ချသည်မှ တပါး သော ဘောဇဉ်ကို ယူခြင်းငှါ မရတော့ချေ။ လူတို့သည် မထေရ်အား တစုံ တခုကိုမျှ သုံးဆောင်တော်မမူဟု အောက်မေ့၍ ထောပတ် အစရှိသည်တို့ကို အကယ်၍ ဆောင်ယူလာအုံ၊ ဆေးအဖြစ် မှီဝဲဘုဉ်းပေးခြင်းငှါ အပ်၏။ အစာ အာဟာရအလို့ငှါ မအပ်ကုန်။

မဇ္ဈိမပုဂ္ဂိုလ်သည် သပိတ်၌ ဆွမ်းမကုန်သေးမီအတွင်း တပါးသော ဘော ဇဉ်ကို ခံယူခြင်းငှါ အပ်၏။ ဤမဇ္ဈိမပုဂ္ဂိုလ်ကား ဘောဇဉ်ကုန်ခြင်းအဆုံး ရှိသော ပုဂ္ဂိုလ်မည်၏။ မုဒုပုဂ္ဂိုလ်သည် နေရာမှမထမချင်း ဘုဉ်းပေးသုံးဆောင် ခြင်းငှါ အပ်၏။ ယင်းပုဂ္ဂိုလ်သည် သပိတ်ဆေးရေ မယူသေးသဖြင့် ဘုဉ်းပေး သုံးဆောင်ကောင်းသောကြောင့် သပိတ်ဆေးရေယူခြင်း အဆုံးရှိ၏။ မထသေး သရွေ့ ဘုဉ်းပေးသုံးဆောင်ကောင်းသောကြောင့် နေရာမှ ထခြင်း အဆုံးရှိ၏။

ဓုတင်ပျက်ပုံ

ဤ ဥက္ကဋ္ဌ, မဇ္ဈိမ, မုဒုပုဂ္ဂိုလ်သုံးယောက်တို့သည် အထူးထူးသောနေရာ တွင် ဘောဇဉ်ကို ဘုဉ်းပေးသုံးဆောင်ရာဏ၌ ဓုတင်ပျက်၏။

ဂိလာနအကြောင်းကြောင့် ညနေစသည်၌ ဆေးဘုဉ်းပေးလျှင် ဓုတင် မပျက်။ နွားနို့ ကော်ဖီစသော အာဟာရဖြစ်စေသော ရေမျှားကို ဇကာသ-နိုက်ဓုတင်ဆောင်သော ရဟန်းအတွက် တထိုင်တည်း, တနေရာတည်းမှ အပ မဘုဉ်းပေးရတော့ပြီ။ ရသတဏှာအလိုလိုက်၍ အကြောင်းအမျိုးမျိုးပြလျက် ဘုဉ်းပေးလျှင် ဓုတင်ပျက်၏။

နည်းယူဘွယ်ရာ ညီနောင်နှစ်ပါး

အခါတပါး စေတီယတောင်၌ ညီအစ်ကိုနှစ်ပါးတို့သည် တရားဘာဝနာဖြင့် မွေ့လျော်ကာ နေကြကုန်၏။ တနေ့သ၌ ညီရဟန်းသည် အလုပ်အကျွေး ဒါယ ကာ လှူဒါန်းအပ်သော ကြံပိုင်းတခုကို ယူ၍ အစ်ကိုမထေရ်၏အထံသို့ သွားပြီး လျှင် အရှင်ဘုရား ဤကြံပိုင်းကို ဘုဉ်းပေးပါဘုရားဟု လျှောက်၏။ ထိုအခါန်၌ နောင်တော်မထေရ်သည် ဆွမ်းဘုဉ်းပေးပြီး၍ ပါးစပ်ဆေးမှုပြုလုပ်နေရာ ငါ့ရှင် ညီငယ် ရဟန်း ဤကြံပိုင်းကို မဘုဉ်းပေးလိုတော့ပြီဟု ပြောလေ၏။ အရှင် ဘုရား အသို့နည်း၊ ဇကာသနိုက်ဓုတင် ဆောင်ထားသလောဟု လျှောက်လေ လျှင် ငါ့ရှင် ညီငယ်ရဟန်း ကြံပိုင်းယူခဲ့ဟု ပြောဆို၍ အနှစ်ငါးဆယ်ကာလပတ် လုံး ဇကာသနိုက်ဓုတင် ဆောက်တည်ထားပါသော်လည်း ဓုတင်ဆောက်တည် ကြောင်း အများမသိအောင် လျှို့ဝှက်လိုသဖြင့် ကြံပိုင်းကို ဘုဉ်းပေးမှုပြု၍ ပါးစပ်ဆေးကြောပြီးလျှင် တဖန် ဇကာသနိုက်ဓုတင်ဆောက်တည်ထားလေ၏။

(ဤကား ဓုတင်နှင့်ပတ်သက်၍ အပိုစ္ဆတာဂုဏ်ကို လိုလားရမည်ဟု ပြဆိုချက်တည်း။)

ကောသနိက်ဓုတင်အာနိသင်

ကောသနိက်ဓုတင်ဆောင် ရဟန်းသည် အနာရောဂါ ကင်းသည်၏အဖြစ်ရှိခြင်း, ကိုယ်ဆင်းရဲကင်းသည်၏အဖြစ်ရှိခြင်း, ပေါ့ပေါ့ပါးပါး ထကြွနှုန်ထသောအဖြစ်ရှိခြင်း, ခွန်အားဗလပြည့်တင်းခြင်း, ချမ်းသာစွာနေရခြင်း, အတိရိုက်မပြုသော ဘောဇဉ်ကို စားခြင်းကြောင့် သင့်ကောင်းသော အာပတ်လည်း မသင့်ခြင်း, အကြိမ်များစွာ စားအပ်သော အရသာ၌ တပ်မက်သောတဏှာကို ပယ်ဖျောက်နိုင်ခြင်း, အလိုနည်းခြင်းအစရှိသော ဂုဏ်ကျေးဇူးကို ဆောင်သော ပုဂ္ဂိုလ်တို့အား လျော်သောအဖြစ်ရှိခြင်းတို့သည် များစွာထင်ထင် ခံစားရသော အကျိုးတို့ပေတည်း။

တနေရာတည်းစား၍ခြင်၌ မွေ့လျော်သော ရဟန်းကို အစာအာဟာရဘောဇဉ်ဟူသော အကြောင်းရင်းရှိသော အနာရောဂါတို့သည် မနှိပ်စက်နိုင်ကုန်။ ရသတဏှာ၌ တပ်မက်သော လောလုပ်တဏှာ ကင်းသည်ဖြစ်၍ မိမိပြုအပ်ရာ ရဟန်းကိစ္စကို မယုတ်လျော့စေနိုင်။ ထို့ကြောင့် ချမ်းသာစွာနေရခြင်း၏ အကြောင်းဖြစ်သော တဏှာကို ခေါင်းပါးပြုန်းတီးစေတတ်သော အကျင့်၌ မွေ့လျော်သော သူတော်သူမြတ်တို့သည် မှီဝဲအပ်သော တနေရာတည်း စားခြင်း၌ နှစ်သက်မွေ့လျော် ပျော်ပိုက်ခြင်းကို အထူးသဖြင့် စင်ကြယ်သောစိတ်နှလုံးရှိသောရဟန်းသည် ဖြစ်စေရာ၏။

ကောသနိကင်္ကထာ ပြီး၏။

၆—ပတ္တပိဋကတ်ကထာ

ပတ္တပိဏ္ဍိကာဒိနှစ်ခုမြောက်ခွက်ကို ပယ်၍ တခုသောသပိတ်၌ ရှိသော ဆွမ်းကို "ပတ္တပိဏ္ဍ" ဟု ဆို၏။ တခုသောသပိတ်၌ရှိသော ဆွမ်းကိုသာ သုံးဆောင်လေ့ရှိသောကြောင့် ထိုရဟန်းကို "ပတ္တပိဏ္ဍိက" ဟူ၍ ခေါ်ဆို၏။ ယင်းမုတင်ကို ဆောက်တည်ကြောင်း စေတနာသည်ကား "ပတ္တပိဏ္ဍိကင်" မည်၏။

ပတ္တပိဏ်းမုတင် ဆောက်တည်ပုံ

ဒုတိယဘာဇနံ ပဋိက္ခိပါမိ၊ ပတ္တပိဏ္ဍိကင်ံ သမာဒိယာမိ။ မြန်မာလို ဆောက်တည်ပုံ-နှစ်ခုမြောက် ခွက်၌ရှိသော ခဲဘွယ်ဘောဇဉ်ကို စားသောက်ခြင်းကို ပယ်ပါ၏။ တခုတည်းသော ခွက်၌ရှိသော ခဲဘွယ်ဘောဇဉ်ကို စားသောက်ခြင်းဟူသော ပတ္တပိဏ်းမုတင်ကို ဆောက်တည်ပါ၏ဟု ဤစကားနှစ်မျိုးတို့တွင် တမျိုးမျိုးဖြင့် ဆောက်တည်နိုင်၏။

ပတ္တပိဏ်းမုတင်ကို ဆောက်တည်သောရဟန်းသည် ယာဂုသောက်သောအခါ ခွက်၌ထည့်၍ အမဲ, ငါးစသော ဟင်းလျာကိုရမူ ရှေးဦးစွာ အမဲ, ငါးကိုသော်လည်း စားအပ်၏။ ယာဂုကိုသော်လည်း ရှေးဦးစွာ သောက်အပ်၏။ ထိုသို့ပြုခြင်း၏ အကြောင်းမှာ ယာဂု၌ ငါး, အမဲတို့နှင့် ရောရမူ ထည့်ပါမူ အကယ်၍ ငါး, အမဲဟင်းလျာတို့က ပုပ်ခဲ့သော် ယာဂုသည် ရှုရှာဘွယ်ဖြစ်ရာချေ၏။ (ရှုံစရာကို မှီတ်၍ မျိုရလေသည်မဟုတ်) မရှုံဘွယ်ပြု၍ သုံးဆောင်အပ်လေသည်။

ထို့ကြောင့် ယာဂုကိုဖြစ်စေ, ငါး, အမဲကိုဖြစ်စေ ရှေးဦးစွာ စားရမည်ဟူသောစကားကို ဆိုရလေ၏။ ပျားရည်, တင်လဲအစရှိသည်တို့ကား ရှုံစရာမဟုတ်သည့်အတွက် ယာဂုနှင့် ရောနှော၍ ထည့်အပ်ပါ၏။ ခံယူသောအခါ၌မူ ဝ လောက်ရုံပမာဏကို နှိုင်းယှဉ် ဆင်ခြင်၍ ခံယူအပ်၏။ အစိမ်းဖြစ်သော သစ်ရွက်နုစသည်တို့ကိုမူ လက်ဖြင့်ကိုင်၍ စားခြင်းငှါ အပ်ပါ၏၊ ထို့သို့ပင်အပ်ငြားပါသော်လည်း ကြည်ညိုဘွယ်မရှိ၊ လက်တကိုင်ကိုင် မပြုမူ၍ သပိတ်၌ ထည့်အပ်၏။

သို့ရာတွင် နှစ်ခွက်မြောက်ကို ပယ်အပ်လေသောကြောင့် တပါးသော သစ်ရွက် ဖက်ခွက်၌လည်း မအပ်ချေ။

မုတင်သုံးမျိုးပြားပုံ

ဤမုတင်သည် ဥက္ကဋ္ဌ, မဇ္ဈိမ, မုဒုအားဖြင့် သုံးမျိုးပင် ရှိ၏။ ထိုသုံးမျိုးတို့တွင် ဥက္ကဋ္ဌပုဂ္ဂိုလ်သည် ကြံစုတ်သောအခါမှတပါး ငါးရိုး စပါးလုံးစသည်ကို

ဒုတိယခွက်၌ စွန့်ခြင်းငှါ မအပ်။ (စားစရာထည့်ဘို့ ခွက်နှစ်ခုကို မသာယာအပ် သည်သာမက စွန့်ပစ်စရာထည့်ဘို့ ဒုတိယမြောက်ခွက်ကိုသော်လည်း မသာယာ အပ်ဟု ဆိုလိုသည်။)

ထို့ပြင် ထမင်း, ငါး, အမဲ, မုံတို့ကိုလည်း ခဲ၍ ဖြတ်၍ စားခြင်းငှါမအပ်၊ မစ္ဆိမပုဂ္ဂိုလ်မူကား လက်တဖက်ဖြင့် ခဲဖဲ့၍ စားခြင်းငှါ အပ်၏၊ ဤမစ္ဆိမပုဂ္ဂိုလ် သည် "ဟတ္ထ ယောဂီ" မည်၏။ မုဒုပုဂ္ဂိုလ်အားကား ခဲဘွယ်ဘောဇဉ်ကို သပိတ်၌ ထည့်ခြင်းငှါ အပ်ပါ၏။ အလုံးစုံသော ခဲဘွယ်ဘောဇဉ်ကိုပင် လက်ဖြင့်ဖဲ့၍ရင်း သွားတို့ဖြင့် ခဲခြမ်းစိတ်ဖဲ့၍ရင်း စားခြင်းငှါ အပ်၏။

ဓုတင်ပျက်ပုံ

ဤပုဂ္ဂိုလ်သုံးယောက်တို့အား နှစ်ခုမြောက်သော စားခွက်ကို သာယာ၍ အကပ်ခံယူသောခဏ၌ ဓုတင်ပျက်၏။

ပတ္တပိုဏ်ဓုတင်ဆောင်ရဟန်းသည် ဆွမ်းဘုဉ်းပေးခါနီးတွင် သပိတ်ကို ပြင် ဆင်၍ ဘုဉ်းပေးအပ်၏။ ဆွမ်း, ဟင်းလျာ, ခဲဘွယ်, သစ်သီးစသည်မျှားကို မျှားလွှန်းလျှင် ကြိုတင်၍ ခဲ့ထားအပ်၏။ ဘုဉ်းပေးလောက်အောင် သပိတ်တွင်း၌သာ ထားရှိသင့်၏။ ပိုလျှံသော စားသောက်ဘွယ်ရာမျှား ဆွမ်းဘုဉ်းပေးစဉ် အနီး၌ မထားရှိအပ်။ လှူသင့်သော ပုဂ္ဂိုလ်မျှားအား ကြိုတင်၍ လှူဒါန်းရာ၏။

ပတ္တပိုဏ်ဓုတင်အာနိသင်

ပတ္တပိုဏ်ဓုတင် ဆောက်တည်သောရဟန်း ခံစားရသော အကျိုးကား—အထူးထူးသော အရသာ၌ တဏှာကိုပယ်ရခြင်း, အသီးသီးသော ဘောဇဉ်၌ တဏှာကို ပယ်ရခြင်း, အထူးထူးသောခွက်၌တည်သော အသီးသီးသော အရသာ၌ တပ်မက်သောသူ၏အဖြစ်ကို ပယ်ရခြင်း, အစာအာဟာရ၌ မြတ်စွာဘုရား ခွင့်ပြုတော်မူအပ်သော အကျိုးမျှကိုသာ မြင်လေ့ရှိသည်၏အဖြစ်ရှိခြင်း, သပိတ်တလုံးထက် အပိုအလွန် ပန်းကန်ခွက်ယောက် အစရှိသည်ကို ဆောင်ခြင်း၌ ပင်ပန်းမှုမရှိခြင်း, စိတ်မပျံ့လွင့်မှု၍ တခွက်တည်း၌သာ အာရုံစူးစိုက်သုံးဆောင် လေ့ရှိသည်၏အဖြစ် ရှိခြင်း, အလိုနည်းခြင်းအစရှိသော ဂုဏ်အားလျော်ခြင်း တို့သည် မျက်မှောက်ထင်ထင် ပစ္စုပ္ပန်၌ပင် ခံစားရသော အကျိုးမျှား ဖြစ်၏။

ကောင်းသောကျင့်ဝတ်ရှိ၍ ကောင်းသောစိတ်နှလုံးရှိသော ပတ္တပိုဏ်ဓုတင် ဆောင်ရဟန်းသည် အထူးထူးသော ဘောဇဉ်ထည့်ရာခွက်တို့၌ ပျံ့လွင့်သော စိတ်ကို ပယ်စွန့်၍ ရသတဏှာ၏ အမြစ်အရင်းတို့ကို တူးဖြိုသကဲ့သို့ သပိတ်မှတပါး ခွက်မျှားမရှိသဖြင့် သပိတ်တလုံးတည်း၌သာ စူးစိုက်ချထားသော မျက်လှာ

ရှိသည်ဖြစ်၍ မိမိ၏အတ္တဘောဖြစ်သော ရုပ်တခုကို ဆောင်သကဲ့သို့ သပိတ်တလုံးတည်းဖြင့် ရောင့်ရဲခြင်းကိုဆောင်လျက် အစာအာဟာရကို ဘုဉ်းပေးခြင်းငှါ တတ်နိုင်ရာ၏။ ပတ္တာပိဏ်ဓုတင်ဆောင် ရဟန်းမှတပါးသော အဘယ်သူသည် သုံးဆောင်နိုင်ပါအံ့နည်း။

ဤအကျိုးအာနိသင်တို့ကို ကြည့်ရှုသောအားဖြင့် ဆွမ်းဘုဉ်းပေးစဉ် သောက်ရေခွက်အနီးမှာ မထားခြင်းသည် သာလွန်၍ ကောင်း၏။ သိမ်မွေ့စွာ ပစ္စဝေက္ခဏာဆင်ခြင်၍ ဆွမ်းဘုဉ်းပေးလျှင် လည်ချောင်းနင်မှုမရှိရာ။ လည်ချောင်းနင်မှာကြောက်၍ ရေခွက်အနီးမှာထားကြောင်း အဖြေပေးသော ပုဂ္ဂိုလ်တို့သည် မိမိကျင့်ကြံနေသော အသင်္ခန့် လည်ချောင်းနင်မှာ စိုးရိမ်မှုရှိနေလျှင် ရှက်ဖွယ်ကောင်းလှ၏။

ပတ္တပိဏ္ဍိကဏ်ကထာ ပြီး၏။

၇-ခလုပ်ဆောင်တို့ကက်ကထာ

ခလုပ်ဆောင်တို့ကင်္ကဆိုရာ၌ ခလုတ်သောပုဒ်သည် တားမြစ်ခြင်းအနက်ကို ဟောသော နိပါတ်ပုဒ် ဖြစ်သည်၊ ဆွမ်းဘုဉ်းပေးစဉ် ကပ်လာသော ဘောဇဉ်ကို တားမြစ်မိသော ရဟန်းမှာ ပဝါရိတ်သင့်သည်၊ ထိုနောက် ရသောဘောဇဉ်ကို "ပစ္ဆာဘတ္တိက" ဟု ခေါ်သည်၊ ပစ္ဆာဘတ္တိကဘောဇဉ်ကို ဝိနည်းကံပြု၍ သုံးဆောင်ထိုက်သော်လည်း သုံးဆောင်လေ့မရှိသော ရဟန်းကို "ခလုပစ္ဆာ-ဘတ္တိက" ဟူ၍ ခေါ်သည်။

မဟာအဋ္ဌကထာကြီး၌ ဆိုသည်ကား — ခလုတ်သည်မှာ ငှက်သတ္တဝါကို ခေါ်သည်၊ နှုတ်သီးဖြင့် သစ်သီးကိုခဲယူရာ ထိုသစ်သီးလွတ်ကျလေသော် တဖန် အခြားသစ်သီးကို မစားသကဲ့သို့ ပဝါရိတ်သင့်ပြီးသော ရဟန်းသည်လည်း အတိရိတ်ဝိနည်းကံပြု၍ စားကောင်းသော ဘောဇဉ်ကိုပင် မစားခြင်း အလေ့ရှိသောကြောင့် "ခလုပစ္ဆာဘတ္တိက" မည်၏။ ဓုတင်ကို ဆောက်တည်ကြောင်း စေတနာသည်ကား "ခလုပစ္ဆာဘတ္တိကင်" မည်၏။

ဓုတင်ဆောက်တည်ပုံ

အတိရိတ္တဘောဇနံ ပဋိက္ခိပါမိ၊ ခလုပစ္ဆာဘတ္တိကင်ံ သမာဒိယာမိ။

ပဝါရိတ်သင့်ပြီးနောက် ဝိနည်းကံအလျောက် အတိရိတ်ဖြစ်ပြီးသော ဆွမ်းကို ပယ်ပါ၏။ ပဝါရိတ်သင့်ပြီးသည်မှနောက်၌ ရအပ်သောဆွမ်းကို ဝိနည်းကံအလျောက် အတိရိတ်ပြု၍ မဘုဉ်းပေးခြင်း ကျင့်ဝတ်ရှိသော ရဟန်း၏ အကြောင်းအင်္ဂါကို (၀၊) ခလုမည်သော ငှက်ပမာ ပဝါရိတ်သင့်ပြီးသည်မှ နောက်၌ ရအပ်သောအစာကို မဘုဉ်းပေးခြင်း ကျင့်ဝတ်ရှိသော ရဟန်း၏ အကြောင်းအင်္ဂါကို ဆောက်တည်ပါ၏ဟု ဤစကားနှစ်မျိုးတွင် တမျိုးမျိုးဖြင့် ဆောက်တည်နိုင်၏။

ခလုပစ္ဆာဘတ္တိကဓုတင်ကို ဆောက်တည်သော ပုဂ္ဂိုလ်သည် "တန်ပြီ" ဟု မြစ်ပြီး၍ တဖန် ဘောဇဉ်ကို ဝိနည်းကံဖြင့် အပ်အောင်ပြု၍ မသုံးဆောင်အပ်။

ဓုတင်သုံးမျိုးပြားပုံ

ခလုပစ္ဆာဘတ္တိက ဓုတင်သည် ဥက္ကဋ္ဌ, မဇ္ဈိမ, မုဒုအားဖြင့် သုံးပါး အပြားရှိ၏။ ထိုသုံးပါးတို့တွင် ဥက္ကဋ္ဌပုဂ္ဂိုလ်သည် ပဌမ ဆွမ်းလုပ်၌ ပဝါရိတ်သင့်ခြင်း မည်သည်မရှိ။ ပဌမဆွမ်းလုပ်ကို စားမျိုအပ်ပြီးသောအခါ တပါးသော လာဘ်ကို

ပယ်သော ပုဂ္ဂိုလ်အားသာ ပဝါရိတ်သင့်၏။ ပဝါရိတ်သင့်သော ရဟန်းသည် ပဌမဆုမ်းလုပ်ကို စားမျိုပြီး၍ ဒုတိယဆုမ်းလုပ်ကို မသုံးဆောင်။ မင်္ဂိုမပုဂ္ဂိုလ်သည် ဘောဇဉ်ကို ဘုဉ်းပေးသုံးဆောင်ခိုက် ပဝါရိတ်သင့်၏၊ ပဝါရိတ်သင့်ပြီးသော်လည်း သပိတ်၌ ကြွင်းကျန်သော ဘောဇဉ်ကိုသာ ဘုဉ်းပေးသုံးဆောင်၏၊ တပါးသောလာဘ်ကိုကား မသုံးဆောင်။ မုဒုပုဂ္ဂိုလ်မူကား နေရာမှ မထမချင်း ဘုဉ်းပေးသုံးဆောင် စားသောက်၏။

ဓုတင်ပျက်ပုံ

ဤပုဂ္ဂိုလ် သုံးယောက်တို့အား ပဝါရိတ်သင့်လျက် ဝိနည်းကံဖြင့် အပ်စပ်အောင်ပြု၍ ဘုဉ်းပေးသုံးဆောင် စားသောက်သောခဏ၌ ဓုတင်ပျက်၏။

ဤဓုတင်သည် လောဘတဏှာ ခေါင်းပါးဘို့ရာအတွက် အလွန်ကောင်းမှန်လှ၏၊ ယခုခေတ် သာသနာ၌ကား လောဘအလိုလိုက်ကာ ခလုပစ္ဆာဘတ္တိက ဓုတင် မဆောက်တည်နိုင်အောင် ဖြစ်နေကြ၏။ အစာအာဟာရ ဘုဉ်းပေးသော အခါ တဏှာ မများအောင် ဘုဉ်းပေးရပုံကို နိဒါန်းဝဂ္ဂသံယုတ်ပါဠိတော်၌ လာသော ပုတ္တမံသူပမသုတ်ဖြင့် ဤသို့ သိအပ်၏။

အခါတပါး၌ ဇနီးမောင်နှံ နှစ်ယောက်တို့သည် ရိက္ခာယူ၍ အလွန်ချစ်လှသော သားတယောက်နှင့် သဲကန္တာရခရီးသို့ သွားကြလေ၏။ သဲကန္တာရခရီး အဆုံးသို့မရောက်မီ ရိက္ခာပြတ်လေရာ သုံးယောက်လုံး သေဘို့ပင်ရှိနေ၏။ ထို အခါ ယောကျ်ားက သားအမိတို့ – ငါ့ကိုသတ်စားပြီးလျှင် သွေးကို ရေအဖြစ် သောက်ကာ သဲကန္တာရခရီးလွန်အောင် သွားကြပါဟု ပြောလေ၏။ မိန်းမကလည်း အရှင်လင်ယောကျ်ား ရှင်တို့သားအဖ အသက်ရှင်မှုကိုသာ ကျမ မြင်လိုပါ၏။ ကျမကို သတ်စား၍ ရေအဖြစ် သွေးကိုသောက်ကာ သဲကန္တာရ ခရီးလွန်အောင် သွားကြပါဟု ပြောလေ၏။

ထိုအခါ ယောကျ်ားက ရှင်မ–ငါတို့နှစ်ယောက်အသက်ရှင်လျှင်-လူဖြစ်အောင် လုပ်နိုင်ပါသည်၊ အလွန်ချစ်လှသည့် သားကလေးကို သတ်၍ အခြောက်ပြုလုပ်လျက် စားသောက်သွားလျှင် ငါတို့နှစ်ယောက်မှာ့ အသက်ရှင်နိုင်ဘုယ်ရာရှိပါ၏ ဟု တိုင်ပင်၍ သဘောတူစွာ သားကလေးကို သတ်ပြီးလျှင် သွေးကိုရေအဖြစ် သောက်၍ အသားကို အခြောက်ပြုလုပ်လျက်-စားသောက်ကာ သဲကန္တာရခရီးလွန်မြောက်အောင် သွားကြလေ၏။ ဇနီးမောင်နှံ နှစ်ယောက်တို့သည် အလွန်ချစ်လှသည့် သားကလေး၏ အသားကို စားရသောအခါ မြိန်ရှက်စွာ မစားသောက်နိုင် ဖြစ်လေသည်။

ထိုနည်းတူစွာ တရားဘာဝနာပြည့်စုံစွာဖြင့် ဓုတင်မျှားကိုဆောက်တည်သော ရဟန်းသည် အစာအာဟာရ၌ စားသောက်သောအခါ (အာဟာရေ ပဋိကူလသညာ) အစာအာဟာရ၌ စက်ဆုပ်ရွံရှာဘွယ်ရာ ကမ္မဋ္ဌာန်းကို ပွားမျှားကာ ဘဉ်းပေးသုံးဆောင်ရာ၏။

ဓုတင်အကျင့်ဖြင့် ရဟန္တာဖြစ်ပုံ

မဟာသိဝမထေရ်သည် မဟာဂါမရွာ တိဿကျောင်းတိုက်ကြီး၌ သီတင်းသုံးနေထိုင်လျက် ပိဋကတ်သုံးပုံ ပါဠိအဋ္ဌကထာကို ကိုဏ်းကြီးတဆယ့်ရှစ်ကိုဏ်း ရဟန်းတော်ပေါင်း တဆယ့်ရှစ်သင်းတို့ကို စာပေပို့ချနေထိုင်တော်မူ၏။ မထေရ်ကြီး၏ အဆုံးအမ သြဝါဒ၌ တည်ကြ၍ ရဟန်းတော်ပေါင်း (သုံးသောင်း၊ သုတ်မဟာဝဂ်ဋ္ဌကထာ) ခြောက်သောင်း အရဟတ္တဖိုလ်သို့ ရောက်ဘော်မူကြကုန်၏။ ထိုရဟန္တာပေါင်း ခြောက်သောင်းတို့အနက် ရဟန္တာတပါးသည် မိမိထိုးထွင်း၍ သိအပ်ပြီးသော အရဟတ္တဖိုလ်တရားကို အကြောင်းပြု၍ ဝမ်းမြောက်မှု ဖြစ်သော အခါ ဤသို့ ကြံတွေးဆင်ခြင်မိလေ၏။

ဤချမ်းသာသည် ငါ၏ဆရာ မဟာသိဝမထေရ်၏ သန္တာန်မှာ ရှိလေသလော ဟု ဆင်ခြင်သည်ရှိသော် ပုထုဇဉ်အဖြင်ကိုသိ၍ ငါ၏ဆရာ မဟာသိဝမထေရ်သည် သူတပါးတို့၏ မှီခိုအားထားရာသာဖြစ်၍ မိမိမှီခိုကိုးစား အားထားရာ ဖြစ်ဘို့ ရန်ကား မတတ်နိုင်ရှာချေ။ ငါသည် ဆရာအား အဆုံးအမ သြဝါဒကိုပေးအံ့ တခု သော အကြောင်းဥပါယ်ဖြင့် ဆရာမထေရ်အား ထိတ်လန့်သံဝေဂဖြစ်စေပါအံ့ဟု ကြံစည်၍ ကောင်းကင်ခရီးဖြင့် ဈာန်ယာဉ်စီးကာ ကြွသွားပြီးလျှင် မထေရ်၏ အထံ၌ သက်ဆင်းကာ ရှိခိုး ဦးချလျက် ထိုင်နေလေ၏။

ထို့နောက် ဆရာတပည့်နှစ်ပါး စကားပြောဆိုကြသည်မှာ ဆရာမထေရ်က ငါ့ရှင်ပိဏ္ဍပါတ်ဓုတင်ဆောင်ရဟန်း အဘယ်အကြောင်းကြောင့် လာရောက်သနည်းဟု မေးရာ "အနုမောဒနာတရား တပုဒ်သင်ယူရန် လာရောက်ပါသည်" ဟု လျှောက်လေ၏။ ငါ့ရှင် ငါမှာ ကိစ္စများ၍ တပည့်ကို သင်ပေးဘို့အချိန်မရှိပါဟု အမိန့်ရှိရာ အရှင်ဘုရား၊ တနေ့တည့်တပတ်လုံး ဤကဲ့သို့ အချိန်မအားလပ်လျှင် သေမင်းလာသောအခါ မည်သို့လျှင် ဆင်ခြေပေးပါမည်နည်း၊ အရှင်ဘုရားတို့သည် မိုရာတံကဲပျဉ်နှင့် တူတော်မူကြပါကုန်၏။ သူတပါး၏ မှီရာသာဖြစ်၍ မိမိ၏ မှီခိုအားထားရာ ဖြစ်ကြရန်ကား မတတ်နိုင်ကြသေးပါကုန်ဟု လျှောက်လေ၏။

ထိုအခါ မဟာသိဝမထေရ်၏ စိတ်သန္တာန်ငယ် ဤရဟန်းသည် ပရိယာယ်အားဖြင့် ပြုဘွယ်ကိစ္စမရှိ၊ စင်စစ်သော်ကား ဤရဟန်းသည် ငါ့အား သံဝေဂ

ရစေရန်အလို့ငှါသာ ကြွလာပေ၏ဟု အမှန်အတိုင်း သိရှိလေ၏။ ရဟန္တာမထေရ်သည်လည်း အရှင်ဘုရား၊ ရဟန်းမည်သည် တပည့်တော်ကဲ့သို့ ဖြစ်ရာပါ၏ဟု လျှောက်၍ ဆရာအား ရှိခိုးကာ ကောင်းကင်သို့ ပျံတက်ကြွသွားလေ၏။

မဟာသိဝမထေရ်၏ တပည့်ရဟန္တာ ကြွသွားသောအခါ သံဝေဂရရှိ၍ ယခုအခါ တောထွက်ရန် အချိန်မဟုတ်သေး၊ နံနက်မိုးလင်း ရောင်နီသင်းမှ ငါတော ထွက်ရပေအံ့ဟု ကြံစည်၍ သပိတ်သင်္ကန်းများကို အနီး၌ အဆင်သင့်ထားပြီးလျှင် တနေ့ပတ်လုံးရင်း, ပဌမယာမ်, မဇ္ဈိမယာမ်ပတ်လုံးရင်း စာပေပို့ချ၍မိုးသောက်ယာမ်ရောက်သောအခါ မထေရ်တပါး ပါဠိသင်ပြီး၍ ထွက်လတ်သော် အဆင်သင့် ပြင်ထားသော သပိတ်သင်္ကန်းကို ယူဆောင်၍ ထိုပါဠိသင်သော မထေရ်နှင့်အတူတကွပင် စာသင်သားရဟန်းတပါး အသွင်ဖြင့် ဓုတင်တဆယ့်သုံးပါးကို ဆောင်ကာ တောထွက်တော်မူလေ၏။

ထိုသို့ ထွက်လာသောအခါ ရွာနီးလိုဏ်ဂူကျောင်းသို့ ရောက်၍ လိုဏ်ဂူကို ရှင်းလင်းသုတ်သင်လျက် ညောင်စောင်း, ခုတင်၌ လျောင်း, ထိုင်, ရပ်, သွားကွရိယာပုထ်လေးပါးတို့ဖြင့် ပြောင်းလဲ နေထိုင်သော ငါ့အဖို့ရာ မင်္ဂိုလ်တရားများ ဖြစ်ပွားလိမ့်မည်မဟုတ်၊ အရဟတ္တဖိုလ်သို့ မရောက်သေးသမျှ ငါသည် ညောင်စောင်း, ခုတင်၌ ကျောမဆန့်တော့အံ့, ခြေထောက်ကိုလည်း မဆေးတော့အံ့ဟု ကြံစည်ဆုံးဖြတ်တော်မူ၍ ညောင်စောင်း, ခုတင်ကို သင့်လျော်သော နေရာ၌ ထောင်ထားလေ၏။ (ဤ၌ မဒထေရ်ကြီးသည် ကျောချ၍ ကျိန်းစက်မှု မရှိသော နိသဇ္ဇဓုတင် ဆောက်တည်ကြောင်းကို သိရ၏။)

မထေရ်ကြီးသည် ယနေ့ ရဟန္တာဖြစ်လတ္တံ့, ယနေ့ ရဟန္တာဖြစ်လတ္တံ့ဟု မျှော်လင့်အားခဲလျက် ဝိရိယထူထောင်ပါသော်လည်း ရဟန္တာမဖြစ်ချေ။ တရက်ဖြစ်နိုးနိုးဖြင့် အားထုတ်လာခဲ့ရာ နှစ်ပေါင်းသုံးဆယ် ကြာမြင့်လေ၏။ ထို့နောက် ရဟန္တာဖြစ်ဘို့ဟူသည် သို့ကလောက် ဝိရိယထူထောင်ပါသော်လည်း မလွယ်ကူချေပါတကား၊ ညည်းဝှားလျက် မဟာပဝါရဏာနေ့၌ လပြည့်ဝန်းကြီးကို ကြည့်ရှုကာ လပြည့်ဝန်းကြီးသည် ငါ၏သီလနှင့် မည်သည့်အရာက ပို၍ဖြူစင်သနည်းဟု လမင်းနှင့် သီလဖြူစင်ပုံကို နှိုင်းချိန်၍ကြည့်ရှုသော် လမင်းကြီး၌ ယုန်ရိပ် အမှတ်အသားသည် ထင်ရှားစွာရှိသည့်အတွက် ကောင်းမွန်စွာမဖြူစင်ပေ။ ငါ၏ သီလကား ပဉ္စင်းဖြစ်သည့်အခါမှစ၍ ယနေ့ အနှစ်သုံးဆယ်ကျော်တိုင်အောင် နှမ်းစေ့တစေ့မျှ အမဲစက်မရှိချေ။ ငါ၏သီလသည် လမင်းကြီးထက် ဖြူစင်ပါပေ၏ဟု ဆင်ခြင်သည်ရှိသော် သီလ၌ နှစ်သက်ဝမ်းမြောက်မှု ဂေဟာင်းစွာဖြစ်၍ ရင့်ကျက်သောအသိဉာဏ်ဖြင့် နှစ်ယာက်မှုပိတိကို ခွါလေလျှင် ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်လေ၏။ (ဤကား ဓုတင်အကျင့်ဖြင့် ကိလေသာကို ခွါလျက် ရဟန္တာဖြစ်ပုံတည်း။)

အင်္ဂုတ္တိုရ်အဋ္ဌကထာ ပဌမအုပ်(၃၁)၌ ဤမျှသာ ဖွင့်ပြသည်၊ သုတ်မဟာဝါအဋ္ဌကထာနှင့် ညီနှိုင်း၍ အကျဉ်းချုံးရေးသားလိုက်၏။ သုတ်မဟာဝါအဋ္ဌကထာ၌ မဟာသိဝမထေရ်သည် ငါကဲ့သို့ပုဂ္ဂိုလ် တရားအားထုတ်လျှင် လွယ်ကူစွာ ရရှိနိုင်ရာ၏ဟု ကြုံးဝါး၍ တရက်ရဟန္တာဖြစ်နိုးနိုးဖြင့် တရားအားထုတ်လေရာ နှစ်ဆယ့်ကိုးနှစ်ကြာသောအခါ ရဟန္တာ မဖြစ်သဖြင့် မျက်ရေအယဉ်တို့သည် တသွင်သွင်ယိုစီး၍ ကျလာကုန်၏။

ရွာသားသူငယ်တို့သည် မထေရ်၏ ခြေထောက်နှစ်ဖက်တို့၌ ကဲ့အက်နေသော နေရာများကို ဆူးတို့ဖြင့် ချုပ်စပ်၍ ပေးကြကုန်၏။ တယောက်နှင့်တယောက် မြူးထူးကျီစယ် ပြက်ရယ်မှုပြုကြသောအခါမှာလည်း အရှင်မဟာသိဝမထေရ်မြတ်ကြီး၏ ခြေထောက်များကဲ့သို့ ငါတို့ခြေထောက်များသည်လည်း ကဲ့အက်သည်သာ ဖြစ်ပါစေကုန်သတည်းဟု ပြောဆိုကြကုန်၏။

နတ်သမီးသတိပေး၍ ရဟန္တာဖြစ်ခြင်း

မဟာသိဝမထေရ်သည် အနှစ်သုံးဆယ်ပြည့်သော သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့၌ တံကဲပျဉ်ချပ်ကို မှီ၍ ရပ်တည်တော်မူလျက် ရဟန်းတရားအားထုတ်သောငါ့မှာ ယခုအခါ အနှစ် သုံးဆယ်ရှိခဲ့လေပြီ၊ သို့သော်လည်း ငါ့မှာ ရဟန္တာ မဖြစ်သေးပါကလား၊ ဤဘဝ၌ ငါ့အဖို့ ကောင်းပင် မဂ်ဖိုလ်တရားများ ဖြစ်ပွားနိုင်မည် မဟုတ်ချေ။ ငါ့မှာ သီတင်းသုံးဘော်တို့နှင့် အတူတကွ ဝိသုဒ္ဓိပဝါရဏာကို ပြုခွင့်မရတော့ချေပါတကား ဟု စဉ်းစားကြံစည်လေလျှင် မထေရ်မြတ်၏ စိတ်သန္တာန်၌ နှလုံးမသာယာမှုများ တရိပ်ရိပ်ဖြစ်ပွား လာလေသဖြင့် မျက်ရေအယဉ်တို့သည် တသွင်သွင်ယိုစီး၍ ကျကုန်၏။

ထိုအခါ မထေရ်မြတ်၏ မနီးမဝေးအရပ်၌ နတ်သမီးတယောက်သည် ငိုကြွေးလျက် ရပ်တည်လာ၏။ မထေရ်မြတ်ကြီးက အဘယ်သူသည် ဤအရပ်၌ လာရောက်ဘိသနည်းဟု မေးလေရာ၊ အရှင်ဘုရား– တပည့်တော်မသည် နတ်သမီးဖြစ်ပါ၏။ ငိုကြွေးသောသူသည် ရဟန္တာ ဖြစ်နိုင်လိမ့်မည်လားဟု အရှင်ဘုရားကို အတုယူကာ ငိုကြွေးပါ၏ဟု ပြက်ရယ်စကား လျှောက်ထားလေ၏။

ထိုအခါ မဟာသိဝမထေရ်သည် မိမိကိုယ်ကို မိမိရှက်ကာ မငိုရှာတော့ပဲ သမ္မပ္ပဓာန် လုံ့လကို ရှေးကထက်ပို၍ ထက်သန်စေလျက် ဝိပဿနာတရားကို ပွားများ အားထုတ်လေရာ ရဟန္တာဖြစ်လေ၏။ ရဟန္တာဖြစ်ပြီးမှ ခြေဆေးဘို့ရန် ကြံစည်နေစဉ် သိကြားမင်းသိရှိလေသဖြင့် ခြေဆေးပေးလေ၏။ (ဤသည်ကား အကျဉ်းမျှတည်း၊ အကျယ်ကိုလိုမူ သုတ်မဟာဝါအဋ္ဌကထာ၌ ကြည့်ရှုကြပါကုန်။)

ခလုပစ္ဆာ ဘတ္တိကဓုတင် အာနိသင်

အတိရိတ်မဟုတ်သော ဘောဇဉ်ကို စားခြင်းကြောင့် သင့်သောအာပတ်မှ ဝေးသည်၏ အဖြစ်ဂုဏ်း, ဝမ်းဗိုက်ပြည့်တင်းအောင် စားခြင်းမရှိသည်၏အဖြစ်ဂုဏ်း, အာမိသဠ် သိုမှီးခြင်းကင်းသည်၏ အဖြစ်ဂုဏ်း, တဖန် အစာရှာဖွေရခြင်းမရှိသည်၏ အဖြစ်ဂုဏ်း, အလိုနည်းခြင်း အစရှိသော ဂုဏ်အားလျော်သည်၏ အဖြစ်ဂုဏ်း ဤအကျိုးများကို ခံစားရ၏။

ခလုပစ္ဆာဘတ္တိက ဓုတင်ဆောင် ရဟန်းသည် တဖန် ဝမ်းစာရှာမှီးခြင်းကြောင့် ပင်ပန်းခြင်းသို့ မရောက်၊ သိုမှီး သိမ်းဆည်းခြင်းကိုလည်း မပြု၊ ဝမ်းပြည့်, ဝမ်းရောင် ဝမ်းတင်းအောင် စားသူတို့၏ အဖြစ်မျိုးကိုလည်း ပယ်စွန့်၏၊ မြတ်စွာဘုရားချီးမွမ်းတော်မူအပ်သော သန္တောသတာဂုဏ် အစရှိသောကျေးဇူးတို့၏ ပွားခြင်းကို ဖြစ်စေတတ်သော ဤဓုတင်ကို မဟိစ္ဆတာ စသော အပြစ်ဒေါသတို့ကို ခါတွန်ဖျက်ဆီး ပယ်ဖျောက်လိုသော ရဟန်းသည် ကျင့်သုံးဆောက်တည်မှီဝဲရာ၏။

ခလုပစ္ဆာဘတ္တိကင်္ဂကထာ ပြီး၏။

၈-အာရညိကဂိကထာ

အာရညိက်ဆိုရာ၌ တောခ္ဍနေလေ့ရှိသောရဟန်းကို "အာရညိက" ဟူ၍ ခေါ်၏၊ တောခ္ဍနေသော ဓုတင်အင်္ဂကို ဆောက်တည်ကြောင်း စေတနာသည် "အာရညိက်" မည်၏။

အာရညကင် ဓုတင်ဆောက်တည်ပုံ

ဂါမန္တသေနာသနံ ပဋိက္ခိပါမိ၊ အာရညိက်ံ သမာဒိယာမိ။

မြန်မာလို ဆောက်တည်ပုံ– ဥပစာရနှင့်တကွ ရွာနီးကျောင်းကို ပယ်ပါ၏။ တောခ္ဍနေခြင်း အင်္ဂရှိသော ရဟန်း၏ အကြောင်းအင်္ဂါကို ဆောက်တည်ပါ၏ဟု ဤစကားနှစ်မျိုးတွင် တမျိုးမျိုးဖြင့် ဆောက်တည်နိုင်၏။

တောရဆောက်တည်သော ရဟန်းသည် ရွာကျောင်းကို ပယ်၍ တောခ္ဍအရုဏ်တက် စေအပ်၏၊ ရွာတော ဟူသောစကား၌ ရွာ၏ ဥပစာနှင့်တကွ ရွာသည် ရွာကျောင်းမည်၏။ တအိမ်ထည်းရှိသောရွာ, အိမ်များစွာရှိသောရွာ, အရုံရှိသောရွာ, အရုံမရှိသောရွာ, လူရှိသောရွာ, တစုံတခုသော အကြောင်းဖြင့် လူကင်းခိုက်ဖြစ်သော ရွာတို့သည် ရွာမည်၏။ အယုတ်သဖြင့် မိုးလေးလထက် အလွန် တည်နေသော ခြေကုန်သည် , လှည်းကုန်သည်, လှေကုန်သည်တို့၏ နေရာအရပ်သည်ပင် ရွာမည်၏။

ရွာ၏ဥပစာမည်သည်–အနုရာဓမြို့မှာ တံခါးခုံနှစ်ခု ရှိသကဲ့သို့ အရုံရှိသော ရွာ၏တံခါးခုံ နှစ်ခု ရှိသည်ဖြစ်မူ အတွင်းတံခါးခုံ၌ နေသော အားအလယ် အလတ်ရှိသော ယောကျ်ား၏ ပစ်လွှတ်သော ခဲကျရာ အရပ်သည် ရွာ၏ဥပစာအရပ်မည်၏။ ခဲတကျ၏ လက္ခဏာကို လုလင်ပျိုသည် မိမိ၏ အားအစွမ်းကို ပြလျက် လက်မောင်းကိုလှဲ၍ ခဲကိုပစ်သကဲ့သို့ ပစ်သော ခဲကျရာအရပ် အတွင်းဘက်ဟု ဝိနည်းဓိရ်ပုဂ္ဂိုလ်တို့ ဆုံးဖြတ်ကြလေသည်။

သုတ္တန်ဆောင်ဆရာတို့ကမူ ကျီးငှက်ကို မောင်းနှင်သော အခြင်းအရာဖြင့် ပစ်သော ခဲကျရာအရပ်၏အတွင်းဘက်ဟု ဆိုကြကုန်၏။ အရုံမရှိသောရွာ၌ အလုံးစုံတို့၏ အစွန်ဆုံး၌တည်သော အိမ်၏တံခါးဝ၌ တည်သော မိန်းမသည် အိုးခွက်ဖြင့် ရေကိုစွန့်၏၊ စွန့်သောရေ၏ ကျရာအရပ်သည် အိမ်၏ဥပစာမည်၏၊ ထိုအိမ်၏ ဥပစာမှ ဆိုအပ်ပြီးသောနည်းအတိုင်း ခဲတကျသည် ရွာမည်၏၊ ဒုတိယ ခဲတကျသည် ရွာ၏ဥပစာမည်၏။

တောမည်သည် ဝိနည်းပရိယာယ်ဖြင့် ရွာကိုဌင်း, ရွာ၏ဥပစာကိုဌင်း ထား၍ အလုံးစုံသောအရပ်သည် တောမည်၏။ အဘိဓမ္မာပရိယာယ်အားဖြင့် တံခါးခုံမှ ထွက်၍ အပြင်ဘက်ဖြစ်သော အလုံးစုံသောအရပ်သည် တောမည်၏။ ဤမုတင် အဏ္ဍမူကား—သုတ္တန်နည်းအားဖြင့် "အာရညကံ နာမ သေနာသနံ ပဥ္စမေ-သတိကံ ပစ္ဆိမံ" ဟူ၍ အာရညကသိက္ခာပုဒ်၌ တောကျောင်းနေသော ရဟန်းကို ရည်ရွယ်၍လာသော အတိုင်းအရှည်ပမာဏကို မှတ်အပ်၏။ နီးစ့ဉ်သောအဆုံး၌ ဖြစ်သော ကုပ်လုပ်လေးတာ အပြန်ငါးရာရှိသောကျောင်းသည် တောကျောင်း မည်၏။

ကုပ်လုပ်လေးတာ အပြန်ငါးရာရှိသော တောရကျောင်းကို တင်ပြီးသော ညို့ရှိသော မကြီးမငယ်ပမာဏပြုလောက်သော ဆရာလေးဖြင့် အရံရှိသော ရွာ၏တံခါးခုံမှ အရံမရှိသော ရွာ၏ ပဌမ ခဲတကျအရပ်မှ ကျောင်းအရံ သို့တိုင်အောင် တိုင်းထွာပိုင်းခြားအပ်၏။ အရံမရှိသော ကျောင်းဖြစ်မူ အကြင်ကျောင်း ဆွမ်းစားဇရပ်, အမြဲစည်းဝေးရာဌာန, ဗောဓိပင်, စေတီတို့သည် ကျောင်းမှ ဝေးကွာသောအရပ်၌ ဖြစ်စေကာမူ ထိုအလုံးစုံတို့၏ ရှေးဦးဖြစ်သော ကျောင်းကို အပိုင်းအခြားပြု၍ နှိုင်းယှဉ်အပ်၏ဟု ဝိနည်းအဋ္ဌကထာတို့၌ ဖွင့်ဆို လေသည်။

မဇ္ဈိမနိကာယ်အဋ္ဌကထာ၌ ရွာ၏ဥပစာ၌ကဲ့သို့ အရံမရှိသော ကျောင်း၏ ဥပစာကိုလည်း ခဲနှစ်ကျတို့၏အကြား၌ တိုင်းတာရမည်ဟု ဆိုလေသည်။ ဤ မဇ္ဈိမနိကာယ် အဋ္ဌကထာ၏စကားသည် တောရတိုင်းတာရာ၌ ပမာဏပြုသင့်၏။ အနီး၌ရှိမူ ကျောင်း၌နေသောသူတို့သည် ရွာသူ ရွာသားတို့၏ အသံကိုကြားအပ် သည်ဖြစ်စေကာမူ တောင်, မြစ်စသည်ကာဆီး၍ အဖြောင့်သွားခြင်းငှါ မတတ် ကောင်း၊ ထို့ရွာ၏ ပကတိလမ်းသည် လှေဖြင့်ကူးသွားအပ်သည်ဖြစ်မူ ထိုလမ်း ဖြင့်သာလျှင် ကုပ်လုပ်လေးတာ ယူအပ်၏။

ရဟန်းသည် နီးသောရွာ၏ခရီးကို တောရအင်္ဂါ တာငါးရာပြည့်စုံစေခြင်းငှါ ပိတ်အံ့၊ လမ်းပိတ်သောရဟန်းသည် ဓုဝင်သူခိုးမည်၏။

အာရညကင် ဓုတင်ဆောက်တည်သောရဟန်းသည် ဥပဇ္ဈာယ်သော်ငင်း, ဆရာသော်ငင်း မကျန်းမမာ ဖျားနာခဲ့သော် တော၌ လျောက်ပတ်သော ဆေး ဝါးအစာကို မရမူ ထိုရဟန်းသည် မကျန်းမာသောဆရာ, ဥပဇ္ဈာယ်ကို ရှေ့ပြောင်း၍ ပြုစုအပ်၏။ သို့ရာတွင် နံနက်စောစောထွက်၍ တောရအင်္ဂါ ရလောက် သောနေရာ၌ အရုဏ်တက်စေရမည်။ အရုဏ်တက်ချိန်အခါ၌ပင် ဆရာဥပဇ္ဈာယ် တို့၏ အနာရောဂါမှာ မသက်သာ တိုးပွားလာမူ ဆရာဥပဇ္ဈာယ်တို့အား သာဆေး ဝါးပေး၍ လုပ်ကျွေးပြုစုအပ်၏။ ဓုတင်ကို စင်ကြယ်ရန် ကြိုးစားဘိုကား မသင့် မြတ်တော့ချေ။

ဓုတင်သုံးမျိုးပြားပုံ

ဤဓုတင်သည် ဥက္ကဋ္ဌ, မဇ္ဈိမ, မုဒုအားဖြင့် သုံးပါးအပြားရှိ၏။ ထိုသုံးပါး တို့တွင် ဥက္ကဋ္ဌပုဂ္ဂိုလ်သည် အခါခပ်သိမ်း တောဋ္ဌသာ အရဏ်တက်စေအပ်၏။ မဇ္ဈိမပုဂ္ဂိုလ်သည် မိုးလေးလပတ်လုံး ရွာဋ္ဌ နေခြင်းငှါ အပ်၏။ မုဒုပုဂ္ဂိုလ်သည် ဆောင်းဥတုဋ္ဌ ရွာဋ္ဌ နေခြင်းငှါ ရအပ်၏။

ဤပုဂ္ဂိုလ်သုံးယောက်တို့အား ပိုင်းခြားအပ်တိုင်းသော ဥက္ကဋ္ဌပုဂ္ဂိုလ်အား သုံးဥတု, မဇ္ဈိမပုဂ္ဂိုလ်အား နှစ်ဥတု, မုဒုပုဂ္ဂိုလ်အား ဂိမှာနဥတုဋ္ဌ တောမှ လာ၍ ရွာကျောင်းဋ္ဌ တရားနာနေစဉ် အရဏ်တက်သော်လည်း ဓုတင်မပျက်၊ တရား နာပြီး၍ သွားစဉ်လမ်းခရီးအကြားဋ္ဌ အရဏ်တက်သော် ဓုတင်မပျက်၊ ဓမ္မကထိ က ထပြီးသော်လည်း တရေးမျှအိပ်၍ သွားအံ့ဟု ကြံစည်၍ အိပ်နေစဉ် အရဏ် တက်သည်ရှိသော် ဓုတင်ပျက်၏။ မိမိအလိုအလျောက် ရွာကျောင်းဋ္ဌ အရဏ် တက်အံ့။ ဓုတင်ပျက်၏။

ဓုတင်ရရှိအောင် တိုင်းရာတွင် ကုပ်လုပ်လေးတာဟူသည် ညှိုမတင်ရသေးမူ လေးတောင့်တထွာ ညှိုတင်ပြီးမူ လေးတောင်ရှိ၏။ တိုင်းတာသောအခါ ညှိုတင်ပြီးသော လေးဖြင့်သာ တိုင်းတာရ၏။ ကုပ်လုပ်လေးတာ အပြန်ငါးရာဆိုလျှင် အတောင်ပေါင်း နှစ်ထောင် ရှိလတ္တံ့။

အာရညကင်ဓုတင် ဆောက်တည်လိုသော ရဟန်းသည် ယခုအခါဋ္ဌ ရှာပါးလှ၏။ မြတ်စွာဘုရားသည် ဘုရားဖြစ်ဘို့ရန် တောထွက်၍ တရားကျင့်ရသလို အရှင်မြတ်တို့သည်လည်း ရဟန္တာဖြစ်ဘို့ရန် တောထွက်၍ တရားကျင့်ရာ၏။ အာရညကင်ဓုတင်အရာဋ္ဌ နည်းယူဘွယ်ရာ ရှေသွားပုဂ္ဂိုလ်တို့၏ အကြောင်းကို ရေးသားပါဦးအံ့—

ဝနဝါသီ(တောနေ)ရှင်တိသအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းဋ္ဌ နေတော်မူစဉ် တောဋ္ဌနေသော ရှင်တိသသာမဏေကို အကြောင်းပြု၍ ဟောတော်မူ၏။ ရှင်သာရိပုတ္တရာ၏ ခမည်းတော်ဖြစ်သော ဝင်္ကန္တပုဏ္ဏား၏ အဆွေခင်ပွန်း မဟာသေနပုဏ္ဏားသည် ရာဇဂြိုဟ်ပြည်ဋ္ဌ နေလေ၏၊ တနေ့သောအခါ ရှင်သာရိပုတ္တရာ ဆွမ်းခံသွားသည် ရှိသော် မဟာသေနပုဏ္ဏားအား ချီးမြှောက်လိုသဖြင့် အိမ်ရှေဋ္ဌ ဆွမ်းရပ်၏။

ပုဏ္ဏားသည် စည်းစိမ်ချမ်းသာ ကုန်ခန်း၍ ဆင်းရဲနေသဖြင့် မထေရ်ကို မြင်သောအခါ သြော် ငါ့သားမထေရ်သည် ငါ့အိမ်ရှေဋ္ဌ ဆွမ်းရပ်သော်လည်း ငါဆင်းရဲ၍ ပပေးလှူနိုင်ခြင်းကို မသိလေယောင်တကားဟု ညည်းတွားပြီးလျှင် မထေရ်၏ မျက်မှောက်ဋ္ဌနေခြင်းငှါ မတတ်နိုင်သည့်အတွက် ပုန်းအောင်းနေ၏။

မထေရ်သည် ဆွမ်းရပ်မှုကြာမြင့်သော် လောင်းလှူမည့်သူ မရှိသဖြင့် အိမ်စဉ်အတိုင်းကြွသွား၍ ကျောင်းသို့ပြန်ခဲ့၏။ နောက်တနေ့၌လည်း ထိုပုဏ္ဏားအိမ်သို့ သွားလေရာ ရှေးနည်းအတူ ပုဏ္ဏားလည်း ပုန်းအောင်းနေ၏။ ပစ္စည်းတခုခု လှူဘို့ရန် ရှာကြံသော်လည်း မရရှိချေ။

တနေ့သ၌ ပုဏ္ဏားတို့၏ အတတ်ကို ရွတ်ဆို၍ရသော ပုဆိုးကြမ်းတထည်ဖြင့် နို့ဃနာခွက်ကိုယူ၍ အိမ်သို့ပြန်လာသောအခါ မထေရ်ကို လှူဘို့ရန် သတိရလေ၏။ မထေရ်သည် ခဏမျှစျာန်ဝင်စား၍ သမာပတ်မှ ထသောအခါ ပုဏ္ဏားကို မြင်သဖြင့် ပုဏ္ဏားသည် လှူဘွယ်ဝတ္ထုကိုရ၍ ငါကြွလာခြင်းကို တောင့်တလျက်နေ၏။ ထို့ကြောင့် ပုဏ္ဏားအိမ်သို့ ငါကြွသွားသင့်၏ဟု ကြံစည်လျက် ဒုကုဋ္ဌသက်နှံးကြီးကို ရုံပြီးလျှင် သပိတ်ကိုယူ၍ ပုဏ္ဏား၏အိမ်ရှေ့သို့ သွားကာ ကိုယ်ကို ပြလေ၏။

ထိုအခါ ပုဏ္ဏားသည် မထေရ်ကို မြင်လျှင်မြင်ခြင်း ကြည်ညိုသောစိတ်ဖြစ်ကာ မထေရ်၏အနှီးသို့ ချဉ်းကပ်ချိုခိုး၍ ပဋိသန္ထာရစကား ပြောပြီးလျှင် အိမ်တွင်းသို့ ပင့်ကာ နို့ဃနာခွက်ကိုယူ၍ မထေရ်၏သပိတ်၌ လောင်းထည့်လေ၏။ မထေရ်သည် နို့ဃနာ ထက်ဝက်ကိုခံယူ၍ သပိတ်ကိုပိတ်လိုက်လျှင် ပုဏ္ဏားသည် အရှင်ဘုရား ဤနို့ဃနာသည် တယောက်စာဖြစ်ပါ၏။ တပည့်တော်အား တမလွန်ဘဝအတွက် သနားခြီးမြှင့်ခြင်းကို ပြုတော်မူပါ။ ဤပစ္စုပ္ပန်ဘဝ၌ ချီးမြှောက်ခြင်းကို ပြုတော်မမူပါလင့်၊ နို့ဃနာဆွမ်းအားလုံးကို ပေးလှူလိုသည်ဖြစ်ပါ၏ဟု လျှောက်၍ နို့ဃနာဆွမ်းအားလုံးကို လောင်းထည့်လေသည်။

မထေရ်သည် ပုဏ္ဏား၏အိမ်၌သာလျှင် ဆွမ်းဘုဉ်းပေး၍ ပြီးသောအခါ ပုဏ္ဏားသည် ပုဆိုးကိုပေးလှူပြီးလျှင် ဤသို့လျှောက်၏။ အရှင်ဘုရား တပည့်တော်သည်လည်း ဤကုသိုလ်ကောင်းမှုကြောင့် အရှင်မြတ်တို့ သိမြင်အပ်သော တရားထူးကိုသာ အရှင်မြတ်တို့ သိရှိသလို သိရှိလိုပါ၏ဟု လျှောက်လေရာ မထေရ်သည် ပုဏ္ဏားအား သင်ဆုတောင်းသည့်အတိုင်း ပြည့်စုံစေဟု အနုမောဒနာပြု၍ နေရာမှ ထလျက် ဇေတဝန်ကျောင်းတော်သို့ ပြန်ခဲ့၏။

သတ္တဝါတို့သည် ဆင်းရဲသောအခါ ပေးလှူအပ်သော အလှူကို အလွန်လျှင် ကျေနပ်နှစ်သက်တတ်၏၊ ပုဏ္ဏားသည် အလှူပေးလှူပြီးသောအခါ မထေရ်၌ လွန်စွာကြည်ညိုလျက် နေ၏။ ထိုကြည်ညိုစိတ်ဖြင့် သေသောအခါ သာဝတ္ထိပြည့် မထေရ်၏ အလုပ်အကျွေးဒါယကာ၏ ဇနီး၌ ပဋိသန္ဓေ ယူလေ၏။ ပဋိသန္ဓေရရှိသောအခါ ဤသို့ချင်ခြင်းဖြစ်၏။ ရှင်သာရိပုတ္တရာမထေရ် အမှူးရှိသော ရဟန္တာငါးရာတို့ကို ပင့်ပြီးလျှင် ရေမရောသော နို့ဃနာဆွမ်းကို ပေးလှူလို၏။ ကိုယ်တိုင်ဖန်ရည်စွန်းသော အဝတ်တို့ကိုဝတ်၍ ရွှေခွက်ကိုယူပြီးလျှင်

အစဉ်အဖျားနေရာ၌ နေလျက် ဤရဟန္တာဘုရားတို့၏ ကြွင်းကျန်သော နို့ဃနာဆွမ်းကို စားရပါမူ ကောင်းလေစွဟု ချင်ခြင်းဖြစ်လေ၏။

ထိုအမျိုးသမီး၏ ဖန်ရည်စွန်းသော အဝတ်ကို ဝတ်လိုခြင်း၌ဖြစ်သော ချင်ခြင်းသည် ဝမ်းဘွင်း၌ နေသောသား၏ ဘုရားရှင်သာသနာတော်၌ ရဟန်းဖြစ်ခြင်းငှါ ပုဗ္ဗနိမိတ်တည်း။ ဆွမျိုးတို့သည် ငါတို့၏ ချစ်သမီး၏ ချင်ခြင်းသည် တရားနှင့်လျော်၏ဟု တိုင်ပင်ကြ၍ ရှင်သာရိပုတ္တရာမထေရ် အကြီးအမှူး ဦးစီးပြုသော ရဟန္တာဘုရားတို့အား ရေမရောသော နို့ဃနာဆွမ်းကို ပေးလှူကုန်၏။

ကိုယ်ဝန်ဆောင် အမျိုးသမီးသည်လည်း သင်္ဘန်းတထည်ကိုဝတ်၍ တထည်ကိုရုံလျက် ရွှေဒွက်ကို ကိုင်ပြီးလျှင် နေရာအစဉ်၌ နေလျက် ကြွင်းကျန်သော နို့ဃနာကို စားရသောအခါ ချင်ခြင်းသည် ငြိမ်း၏။ ကိုယ်ဝန်ဆောင် အမျိုးသမီး၏ မွေးဖွားသည်တိုင်အောင် အကြားအကြား၌ ပြုအပ်သော မင်္ဂလာတို့၌ ၎င်း, ဆယ်လလွန်သောအခါ သားဖွားမြင်သဖြင့် ပြုအပ်သော မင်္ဂလာတို့၌၎င်း ရှင်သာရိပုတ္တရာမထေရ် အမှူးရှိကုန်သော ရဟန္တာဘုရားတို့အား ရေမရှိသော ပျားရည်ဆွမ်းကို ပေးလှူကုန်၏။

ဤအလုံးစုံသည် သူငယ်ပုဏ္ဏားဘဝက ပေးလှူအပ်သော နို့ဃနာဆွမ်း၏ အကျိုးဆက်များဖြစ်လေသည်။ ဖွားမြင်၍ မင်္ဂလာပြုသောနေ့၌ သူငယ်ကို နံနက်စောစောက ရေချိုး၍ တန်းဆာဆင်ပြီးလျှင် အသရေရှိသော အိပ်ရာဖြစ်သော အဖိုးတသိန်းထိုက်သော ကမ္မလာ၏အထက်၌ အိပ်စေကြကုန်၏။ သူငယ်သည် ကမ္မလာအိပ်ရာ၌ အိပ်လျက်ပင် ရှင်သာရိပုတ္တရာမတေရ်ကို ကြည့်ရှု၍ ဤမထေရ်သည် ငါ၏ရှေးဆရာတည်း၊ ဤမထေရ်ကိုမှီ၍ ဤစည်းစိမ်ကို ငါရရှိ၏။ ထို့ကြောင့် မထေရ်အား ပစ္စည်းတခုခုကို လှူခြင်းငှါ သင့်မြတ်၏ဟု ကြံစည်၍ သိလယူစေခြင်းငှါ ဆောင်ခဲ့သည်ရှိသော် ကမ္မလာကို လက်သန်းဖြင့် ရစ်ပတ်၍ ဆွဲငင်၏။

ထိုအခါ သူငယ်၏ လက်ညှိုးဖြင့် ကမ္မလာကပ်ငြိ၏ဟု မိဘနှစ်ပါးတို့က ကမ္မလာကို ပယ်ရှားခြင်းငှါ အားထုတ်ကြလေလျှင် သူငယ်သည် ငိုကြွေးမြည်တမ်း၏။ ဆွမျိုးတို့သည် သူငယ်ကလေးကို မငိုကြွေးစေပါလင့်ဟု ပြောဆို၍ သူငယ်ငိုကြွေးသည့်အတွက် ကမ္မလာနှင့်အတူတကွ ဆောင်ကြရ၏။ သူငယ်သည် မထေရ်ကို ရှိခိုးဦးချလောအခါ၌ ကမ္မလာမှ လက်ညှိုးကို ဆွဲငင်၍ ကမ္မလာကို မထေရ်၏ခြေရင်း၌ ကျစေလေသည်။ ဆွမျိုးတို့သည် အရှင်ဘုရား တပည့်တော်တို့၏ သားကလေးသည် ကမ္မလာကို ပေးလှူအပ်ပါ၏၊ ကမ္မလာ စွန့်ကြဲလှူဒါန်းခြင်းသည် ဖြစ်ပါစေလော့ဟု လျှောက်၏။

ထို့နောက် သူငယ်၏ နာမည်ကို တောင်းရာ "တိဿ"ဟု အမည်ပေးလေသည်၊ နာမည်မှည့်ခြင်း မင်္ဂလာပြုပြီးနောက် တဖန် သူငယ်၏ ထမင်းခွန့်ခြင်းမင်္ဂလာ၌ရင်း, နားထွင်းမင်္ဂလာ၌ရင်း, ပုဆိုးဝတ်မင်္ဂလာ၌ရင်း, သျှောင်ထိုးမင်္ဂလာ၌ရင်း ရှင်သာရိပုတ္တရာမထေရ်အမှူးရှိကုန်သော ရဟန်းငါးရာတို့အား ရေမရောသော ပျားရည်ဆွမ်းကို ပေးလှူကြကုန်၏။

ရှင်တိဿ။ ။တိဿသူငယ် ခုနစ်နှစ်ရှိလေလျှင် သူငယ်သည် မိခင်အား ရှင်သာမဏေပြုလိုကြောင်း ပြောကြားလေရာ မိခင်သည် ခွင့်ပေးသဖြင့် ရှင်သာမဏေပြုကာ တရားအားထုတ်လေသည်။ ရှင်တိဿ ပွားများသောတရားမှာ တစပဉ္စက(ဆံပင်, မွေးညှင်း, ခြေသည်း, လက်သည်း, သွား, အရေဟူသော ကောဋ္ဌာသငါးပါးအပေါင်း)ကမ္မဋ္ဌာန်းဖြစ်၏။ မှန်၏။ အလုံးစုံ သုံးဆယ့်နှစ်ပါးသော ကမ္မဋ္ဌာန်းကို ပြောဟောခြင်းငှါ သင့်မြတ်ပါ၏၊ သို့သော် သုံးဆယ့်နှစ်ပါးလုံး စီးဖြန်းခြင်းငှါ မတတ်နိုင်သော သူသည်ကား တစပဉ္စက ကမ္မဋ္ဌာန်းကို စီးဖြန်းအပ်၏။ ဤကမ္မဋ္ဌာန်းကို ဘုရားရှင်အားလုံးတို့သည် မစွန့်အပ်သည်သာတည်း။ ဆံပင်အစရှိသော တခုတခုသော ကမ္မဋ္ဌာန်းအစုဥ် ရဟန္တာအဖြစ်သို့ရောက်သော ရဟန်းယောကျ်ား, ရဟန်းမိန်းမ, လူယောကျ်ား, လူမိန်းမတို့၏ အပိုင်းအခြားသည် ပြောမပြနိုင်လောက်အောင် များပြား၏။

မလိမ်မာသော ရဟန်းတို့သည်ကား ရဟန်းပြုကုန်သည်ရှိသော် အရဟတ္တဖိုလ်၏ ဥပနိဿယကို ဖျက်ဆီးတတ်ကုန်၏၊ ထို့ကြောင့် ရှင်သာရိပုတ္တရာမထေရ်သည် ရှင်တိဿအား ကမ္မဋ္ဌာန်းပြောကြား၍ ရှင်သာမဏေပြုပေးလေ၏။ မိဘနှစ်ပါးတို့သည် သားအား ရှင်သာမဏေပြုရာ၌ ပူဇော်ခြင်းကို ပြုကုန်လျက် ခုနစ်ရက်ပတ်လုံး ကျောင်း၌သာလျှင် မြတ်စွာဘုရားအမှူးရှိသော ရဟန်းသံဃာအား ရေမရောသော နို့ဃနာဆွမ်းကိုသာလျှင် ပေးလှူကြကုန်၏။ ရဟန်းတော်တို့သည် အမြဲမပြတ် ရေမရောသော နို့ဃနာဆွမ်းကို ဘုဉ်းပေးသုံးဆောင်ခြင်းငှါ မတတ်နိုင်ကုန်ဟူ၍ ပြစ်တင်ကဲ့ရဲ့ကြကုန်၏။

ရှင်တိဿ၏ မိဘနှစ်ပါးတို့သည် ခုနစ်ရက်မြောက်သော ညဉ့်အခါ၌ အိမ်သို့ပြန်ကြကုန်၏။ သာမဏေရှင်တိဿသည် ရှစ်ရက်မြောက်သောနေ့၌ ရဟန်းတော်တို့နှင့် အတူတကွ ရှာသို့ ဆွမ်းခံဝင်သဖြင့် သာဝတ္ထိပြည်သူပြည်သားတို့သည် သာမဏေရှင်တိဿ ယနေ့ ဆွမ်းခံဝင်လာ၏၊ သာမဏေအား ပူဇော်သက္ကာရကို ပြုကြပါကုန်အံ့ဟု ပုဆိုးငါးရာတို့ကို အလိပ်ပြုကာ ငါးရာသောဆွမ်းတို့ကို စီရင်၍ ယူလာပြီးလျှင် ခရီးရင်ဆိုင်၌ ရပ်၍ ပေးလှူကြကုန်၏။

ပိဏ္ဍပါတ ဒါယကာတိဿ။ ။နောက်တနေ့ မိုးလင်းသောအခါ ကျောင်း၏ ဥပစာသို့ လာ၍ပေးလှူကြကုန်၏။ သာမဏေ

ရှင်တိဿသည် နှစ်ရက်တို့ဖြင့်သာလျှင် သက်နှံးလျှာပုဆိုးတထောင်တို့နှင့် အတူ တကွ ဆွမ်းတထောင်ကိုရ၍ ရဟန်းသံဃာအား ပေးလှူ၏။ ဤသို့ ပြည့်စုံခြင်းသည် ပုဏ္ဏားဘဝက ပေးလှူခဲ့ဘူးသော ရုံ့ရင်းကြမ်းတမ်းသော ပုဆိုး၏ အကျိုးဆက်ဖြစ်လေသည်၊ ထိုအခါ သာမဏေရှင်တိဿအား ရဟန်းတို့သည် "ပိဏ္ဍပါတဒါယကာ တိဿ" ဟူ၍သာ မှည့်ခေါ်ကုန်၏။

နောက်တနေ့၌ ရှင်သာမဏေသည် အေးနေသောအချိန် ကျောင်းစဉ်လှည့်လည်သည်ရှိသော် ရဟန်းတော်တို့သည် မီးတင်းကုတ်စသည်တို့၌ မီးလှုံသည်တို့ကိုမြင်၍ အရှင်ဘုရားတို့ အဘယ့်ကြောင့် မီးလှုံလျက် နေကြပါကုန်သနည်းဟု လျှောက်လေရာ သာမဏော ငါတို့အား အအေးသည် အလွန်နှိပ်စက်အပ်ပါ၏။ သို့အတွက်ကြောင့် မီးလှုံကြကုန်၏ဟု ပြောဆိုကြသောအခါ အရှင်ဘုရားတို့ အေးသောအခါ ကမ္မလာကို ခြုံခြင်းငှါ အပ်သည်မဟုတ်လောဟု လျှောက်လေ၏။ ထိုအခါ ရဟန်းတို့သည် သာမဏော ကမ္မလာသည် အချမ်းကို တားမြစ်ခြင်းငှါ စွမ်းနိုင်ပါ၏။ သင်သည် ဘုန်းကံကြီးသည့်အတွက် အအေးကာကွယ်သော ကမ္မလာကို ရလေရာ၏။ ငါတို့မှာ ကမ္မလာ အဘယ်က ရအံ့နည်းဟု ဆိုလတ်သော် အရှင်ဘုရားတို့ ဒီလိုဆိုလျှင် ကမ္မလာကို အလိုရှိကုန်သော ရဟန်းတို့သည် တပည့်တော်နှင့် အတူတကွ ကြွတော်မူကြပါဟု ကျောင်းတိုက်တွင်း၌ရှိသော ရဟန်းသံဃာအားလုံးကို လျှောက်ထားလေ၏။

ထိုအခါ ရဟန်းတို့သည် သာမဏေနှင့်တကွ သွား၍ ကမ္မလာကို ဆောင်အံ့ဟု နှလုံးသွင်းလျက် ခုနစ်နှစ်အရွယ် သာမဏောကိုမှီ၍ တထောင်မျှသော ရဟန်းတို့သည် ထွက်လာကြကုန်၏။ သာမဏေသည် ဤမျှလောက်သော ရဟန်းတို့၏ ကမ္မလာကို အဘယ်အရပ်မှာ ရပါအံ့နည်းဟု ကြောင့်ကြစိတ်မဖြစ်မူ၍ ရဟန်းများနှင့်တကွ မြို့သို့ ကြွသွားလေ၏။ ကောင်းစွာ ပေးလှူအပ်ခဲ့ဘူးသော ကုသိုလ်ကြောင့် ဤသို့ သဘောရှိသော အာနုဘော်သည် ဖြစ်၏။ သာမဏေသည် မြို့အပြင်၌သာလျှင် အိမ်စဉ်အတိုင်း သွားသည်ရှိသော် ကမ္မလာငါးရာကို ရ၍ မြို့တွင်းသို့ ဝင်လေလျှင် လူတို့သည် တို့မှ ဤမှ ကမ္မလာတို့ကို ဆောင်ခဲ့၍ လှူကြကုန်၏။

ဒကာတဦးသည် အိမ်စျေးတံခါးဖြင့် လာသည်ရှိသော် ကမ္မလာငါးရာတို့ကို ဖြန့်ခင်း၍ နေသော အိမ်စျေးသည် တဦးကိုမြင်၍ မိတ်ဆွေ သာမဏေတပါးသည် ကမ္မလာတို့ကို စုရုံး၍ လာ၏၊ သင်၏ကမ္မလာတို့ကို ဖုံးဝှက်ထားပါဟု ပြောဆိုလေရာ မိတ်ဆွေ သာမဏေသည် လှူသော ကမ္မလာတို့ကို ယူသလော သို့မဟုတ် မလှူသော ကမ္မလာတို့ကိုလည်း ယူသလောဟု ပြန်၍မေးလျှင် လှူသော ကမ္မလာကိုသာ ယူပါ၏ဟု ပြောဆိုလေ၏။

ဤသို့ဖြစ်လျှင် ကမ္မလာကို အကယ်၍ အလိုရှိသည်ဖြစ်အံ့၊ အကျွန်ုပ် ပေးလှူပါမည်၊ အကယ်၍ အလိုမရှိသော် မပေးလှူပါ။ ဤကိစ္စသည် သင့်တာဝန်မဟုတ်၊ သွားပါလော့ဟု ပြောဆို၍ လွှတ်လိုက်လေ၏။ မှန်၏၊ နှမြောဝန်တို ခြင်းရှိသော အလွန်မိုက်သောသူတို့သည် အလှူပေးလှူကုန်သည်ရှိသော် နှမြောဝန်တိုကြကုန်၏။ အသဒိသအလှူကိုမြင်၍ နှမြောဝန်တိုသော ကာဠအမတ်ကြီးကဲ့သို့ ငရဲ၌ ဖြစ်ကြရကုန်၏။

အိမ်စေ့းသည်၏ စိတ်သန္တာန်ဝယ် ဤယောကျ်ားသည် မိမိစိတ်သဘော အလျောက် လာ၍ သင်၏ ကမ္မလာတို့ကို ဖုံးဝှက်ပါလော့ဟု ပြောဆို၏၊ အမှန် စင်စစ်ကား သာမဏေသည် အကယ်၍ လှူသည်ကို ယူသည်ဖြစ်အံ့၊ ငါ၏ ကမ္မလာကို အကယ်၍ အလိုရှိသည်ဖြစ်ပါမူ ပေးလှူမည်၊ အကယ်၍ အလိုမရှိလျှင် ငါမပေးလှူဟု ပြောဆိုမိ၏။ မြင်၍ တောင်းသောပစ္စည်းဝတ္ထုကိုကား မပေးသောသူအား ရှက်ဘွယ်ဖြစ်၏။ ပေးရမည်စိုး၍ မိမိဥစ္စာကို ဖုံးဝှက်သောသူအား အပြစ်မရှိချေ။

ဤကမ္မလာ ငါးရာတို့တွင် ကမ္မလာနှစ်ထည်တို့သည် အဖိုးတသိန်းထိုက်တန်ကုန်၏။ တသိန်းတန် ကမ္မလာနှစ်ထည်ဟူကိုသာလျှင် ဖုံးဝှက်ခြင်းငှါ သင့်၏ဟု နှလုံးသွင်းလျက် ကမ္မလာနှစ်ထည်ဟူကို အမြတ်အဆာတခုနှင့်တခုဖွဲ့၍ ကမ္မလာတို့၏အတွင်း၌ ထည့်ပြီးလျှင် ဖုံးဝှက်ထားလေ၏။ သာမဏေသည် ရဟန်းတထောင်နှင့်တကွ အိမ်စေ့းသည်ရှိရာအရပ်သို့ ကြွရောက်လာသောအခါ အိမ်စေ့းသည်သည် သာမဏေကို မြင်လျှင် သားအရင်းကဲ့သို့ ချစ်ခင်မြတ်နိုးသဖြင့် ကမ္မလာကိုထားဘိဦး၊ သာမဏေကို မြင်၍ ငါ၏နှလုံးသားကို ပေးလှူခြင်းငှါ သင့်မြတ်လှ၏ဟု ကြံပြီးသော် ကမ္မလာနှစ်ထည်တို့ကို ထုတ်၍ သာမဏေ၏ ခြေရင်း၌ ထားပြီးလျှင် ရှိသမျှ ရှိခိုးလျက် အရှင်ဘုရား အရှင်ဘုရားသည် တရားထူး တရားမြတ်သိမြင်ရသလို ဘုရားတပည့်တော်သည်လည်း သိမြင်ရပါစေသားဟု ဆုတောင်းလျှင် ဒါယကာ သင်တောင်းသောဆုနှင့် ပြည့်စုံစေလော့ဟု အနုမောဒနာပြုလေ၏။

ကမ္မလဒါယကာ တိဿ။ ။သာမဏေသည် မြို့တွင်း၌ ကမ္မလာ ငါးရာ ရ၏။ ဤသို့ တနေ့ချင်းဖြင့် ကမ္မလာ တထောင်ရ၍ ရဟန်းတထောင်အား ပေးလှူသည့်အတွက် "ကမ္မလဒါယကာတိဿ" ဟူသော အမည်ကို မှည့်ခေါ်ကြကုန်၏။ နာမည်မှည့်သောနေ့၌ ပေးလှူအပ်သော ကမ္မလာ၏ အကျိုးသည် ခုနစ်နှစ်ရှိသောအခါ ကမ္မလာတထောင်ရရှိခြင်းသို့ ရောက်၏။

နိဗ္ဗာန်လမ်းစဉ် ၁၀—ပ-မ-သ-စ

ဘုရားရှင်သာသနာတော်ကိုထား၍ တပါးသောအရပ်သည် မရှိ၊ အကြင်အရပ်၌ အနည်းငယ်ဖြစ်သောအလှူသည် များစွာ အကျိုးရှိ၏၊ များစွာသော အလှူသည် လွန်စွာ များသောအကျိုးရှိ၏၊ ထိုအရပ်သည် မရှိ၊ မြတ်စွာဘုရား သာသနာတော်သည်သာလျှင် ရှိ၏၊ ထို့ကြောင့် မြတ်စွာဘုရားက ရဟန်းတို့— အကြင်သို့ သဘောရှိသော ရဟန်းသံဃာ၌ အနည်းငယ်သော အလှူသည် အကျိုးများ၏၊ များစွာသော အလှူသည် လွန်စွာအကျိုးများ၏၊ ထိုသို့ သဘောရှိသော ဤရဟန်းသံဃာသည် ရှိ၏ဟု မိန့်တော်မူ၏။

ဇေတဝန်ကျောင်းတော်၌ နေသော သာမဏေ၏အထံသို့ ဆွေမျိုး ဒါယကာတို့သည် အမြဲမပြတ်လာ၍ စကားပြောကြသောအခါ သာမဏေ၏ စိတ်သန္တာန်ဝယ် ငါသည် ဤဇေတဝန်ကျောင်း၌ နေသဖြင့် ဆွေမျိုးတို့သည် လာ၍ စကားပြောဆိုကြလျှင် စကားမပြောဘဲနေခြင်းငှါ မသင့်။ ဆွေမျိုးသားချင်းတို့နှင့် အတူတကွ စကားပြော၍ ကြာမြင့်ခြင်းဖြင့်ကား ငါ့အတွက် အကျိုးမများချေ။ ငါသည် မြတ်စွာဘုရားအထံတော်၌ ကမ္မဋ္ဌာန်း သင်ယူပြီးလျှင် တောရဆောက်တည်ရပါမူ ကောင်းလေစွဟု ကြံပြီးသော် သာမဏေသည် မြတ်စွာဘုရားသို့ ချဉ်းကပ်ရှိခိုး၍ ရဟန္တာဖြစ်သည်တိုင်အောင် ကမ္မဋ္ဌာန်းတရားကို ပြောဟော စေ၏။

ထို့နောက် ဥပဇ္ဈာယ်ဆရာကို ရှိခိုး၍ သပိတ်သင်္ကန်းကို ယူကာ တောထွက်ခဲ့လေ၏၊ ငါသည် ဆွေမျိုးတို့နှင့် နီးသောအရပ်၌ အကယ်၍ နေခဲ့မူ ဆွေမျိုးတို့သည် ငါ့ကို ပင့်ခေါ်လိမ့်လတ္တံ့ဟု တွေးဆလျက် ဆွေမျိုးတို့နှင့် ဝေးသော ယူဇနာတရာခွန်စဆယ်ခရီးသို့ သွားလေ၏၊ သာမဏေသည် ရှာတံခါး တခုဖြင့် သွားသည်ရှိသော် ယောကျ်ားအိုတယောက်ကို မြင်၍ ဒါယကာကြီး၊ ဤအရပ်မှာ တောရကျောင်းများ ရှိလေသလောဟု မေးလျှင် အရှင်ဘုရား ရှိပါ၏။ သို့ဖြစ်လျှင် ကိုရင်အား လမ်းပြပါဟု ပြောဆိုသဖြင့် ဒါယကာကြီးသည် ကိုရင်ကို မြင်လျှင် သားအရင်းကဲ့သို့ ချစ်မြတ်နိုးသည် ဖြစ်၍ ကိုရင်အား ထို အရပ်၌သာလျှင် ရပ်လျက် မပြောကြားဘဲ အရှင်ဘုရား ကြွပါလော့၊ အရှင် ဘုရားအား လမ်းညွှန်ပါမည်ဟု လျှောက်၍ ပင့်ခေါ် သွားလေ၏။

ဝနဝါသီတိဿ။ ။သာမဏေသည် ဒါယကာကြီးနှင့် အတူတကွ သွားသည်ရှိသော် လမ်းခရီးအကြား၌ အထူးထူးသော အပင့် အသီးတို့ဖြင့် တန်းဆာဆင်အပ်သော သစ်ပင်တောတောင်တို့ကို မြင်၍ ဒါယကာကြီး၊ ဤတောသည် အဘယ်အမည်ရှိသနည်း၊ ဤတောသည် အဘယ်အမည်ရှိသနည်း ဟု မေး၍ မေး၍ သွားရာ ဒါယကာကြီးသည် သာမဏေအား တောတောင်တို့၏ အမည်တို့ကို ပြောကြားလျက် တောရကျောင်းသို့ ရောက်လေလျှင် အရှင်ဘုရား၊ ဤအရပ်သည် ချမ်းသာလှ၏၊ ဤတောရကျောင်း၌ သီတင်းသုံး နေရစ်

ပါလေ့၊ ထို့နောက် အရှင်ဘုရား၏ ဘွဲ့တော်ကို မည်သို့ခေါ်ပါသနည်းဟု မေးလျှောက်ရာ ဒါယကာကြီး ကိုရင်၏ ဘွဲ့တော်သည် ဝနဝါသီ တောနေ ရှင်တိဿမည်ပါ၏ဟု ပြောဆိုလေ၏။ နက်ဖြန် တပည့်တော်တို့၏ ရွာသို့ ဆွမ်းခံကြွတော်မူပါဘုရားဟု လျှောက်ကာ ဒါယကာသည် ပြန်ခဲ့လေ၏။

ရွာသို့ရောက်လျှင် တောနေရှင်တိဿသည် တောရကျောင်းသို့ ကြွလာသဖြင့် သာမဏေအတွက် ယာဂုဆွမ်း အစရှိသည်တို့ကို စီရင်ကြပါဟု လူတို့အား ပြောကြားလေ၏။ သာမဏေသည် ရှေးဦးစွာ ရှင်တိဿ အမည်ရှိ၏၊ ထို့နောက် ဒုတိယ ဆွမ်းလှူမျှားခြင်းကြောင့် ပိဏ္ဍပါတဒါယကာတိသ အမည်ရရှိ၏။ တတိယ ကမ္မလဒါယကာတိသ အမည်ရရှိ၏၊ စတုတ္ထ ဝနဝါသီတိသ အမည်ရရှိ၏၊ ခုနစ်နှစ်အတွင်း နာမည် လေးမျိုးတို့ကို ရရှိလေသည်။

သာမဏေသည် နံနက်မိုးသောက် အလင်းသို့ ရောက်သော အခါ စောစောစီးစီး ရွာသို့ ဆွမ်းခံဝင်လေရာ လူတို့သည် ဆွမ်းလောင်းပြီးလျှင် ရှိခိုးကြကုန်၏။ သာမဏေသည် **"သုခိတာ ဟောထ၊ ဒုက္ခာ မုစ္စထ၊ ချမ်းသာကြပါစေ၊ ဆင်းရဲအပေါင်းမှ လွတ်မြောက်နိုင်ကြပါစေ"** ဟု ပြောဆို၏၊ တယောက်သော သူမျှလည်း သာမဏေကို ဆွမ်းလောင်းပြီးလျှင် အိမ်သို့ တဖန်ပြန်ခြင်းငှါ မတတ်နိုင်။ လူအားလုံးတို့သည် သာမဏေကို ကြည့်ရှုလျက် နေကြကုန်၏။

ရှင်တိဿသည် မိမိအတွက် မျှတလောက်သော ဆွမ်းကို ခံယူပြီးသောအခါ ရွာသားအားလုံးတို့သည် သာမဏေ၏ခြေရင်း၌ ဝပ်လျက် အရှင်ဘုရား အရှင်ဘုရားတို့သည် ဝါတွင်း သုံးလပတ်လုံး ဤကျောင်း၌ သီတင်းသုံး နေထိုင်ကုန်သည်ရှိသော် ဟပည့်တော်တို့သည် သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလတို့၌ ဆောက်တည်ပြီးလျှင် ဝါတွင်းသုံးလ အင်္ဂါရှစ်ပါးရှိသော ဥပုသ်တို့ကို ကျင့်သုံး၍ နေထိုင်ကြပါကုန်အံ့၊ ဤကျောင်း၌ နေခြင်းငှါ တပည့်တော်တို့အား ပဋိညာဉ်ပေးတော်မူပါဘုရားဟု လျှောက်ကြကုန်၏။

သုံးလဖြင့် ရဟန္တာဖြစ်ပုံ

သာမဏေသည် ကျေးဇူးကို ကောင်းစွာမှတ်၍ ဒါယကာတို့အား ပဋိညာဉ်ဝန်ခံချက်ကို ပေးပြီးလျှင် ရွာတွင်းသို့ အမြဲမပြတ် ဆွမ်းခံကြွ၏။ ရှိခိုးဆဲ ရှိခိုးဆဲ ခဏ၌လည်း စကားနှစ်ခွန်းကိုသာ ပြောဆို၍ ကြွတော်မူ၏။သာမဏေသည် ယင်းတောရကျောင်း၌ နှစ်လလွန်ပြီး သုံးလအရောက် သီတင်းကျွတ်သည်ရှိသော် ပဋိသမ္ဘိဒါလေးပါးတို့နှင့်တကွ ရဟန္တာဖြစ်လေ၏။ ထိုအခါ ပဝါရဏာပြု၍ ဝါကျွတ်သောအခါ၌ ဥပဇ္ဈာယ်ဆရာ အရှင်သာရိပုတ္တရာမထေရ်သည် မြတ်စွာဘုရားသို့ ချဉ်းကပ်ဝပ်လျှိုး ရှိခိုး၍ အရှင်ဘုရား – တပည့်တော်သည် သာမဏေ

ရှင်တိသဃထံသို့ သွားလိုပါ၏ဟု လျှောက်လတ်သော် ချစ်သားသာရိပုတ္တရာ သွားရစ်လော့ဟု မိန့်တော်မူ၏။

အရှင်သာရိပုတ္တရာသည် မိမိ၏အခြံအရံ ဖြစ်ကုန်သော ရဟန်း ငါးရာတို့ကို ခေါ်၍ ကြွသွားသောအခါ အရှင်မဟာမောဂ္ဂလာန်နှင့်တွေ့သဖြင့် အရှင်မဟာမောဂ္ဂလာန်–တိသဿသာမဏေထံသို့ တပည့်တော် သွားပါအံ့ဟု ပြောဆိုလျှင် အရှင်မဟာမောဂ္ဂလာန် မထေရ်သည်လည်း အရှင်သာရိပုတ္တရာ–တပည့်တော်လည်း လိုက်ပါအံ့ဟု ပြောဆို၍ ရဟန်းငါးရာတို့နှင့်အတူတကွ ထွက်တော်မူ၏။ ဤသို့သောနည်းဖြင့် အရှင်မဟာကဿပမထေရ်, အရှင်အနုရုဒ္ဓါမထေရ်, အရှင်ဥပါလိမထေရ်, အရှင်ပုဏ္ဏမထေရ် စသော အလုံးစုံသော မဟာသာဝကတို့သည် ငါးရာငါးရာကုန်သော ရဟန်းတို့နှင့်အတူတကွ ထွက်တော်မူကြကုန်၏။ အလုံးစုံသော မဟာသာဝကတို့၏ အခြံအရံဖြစ်ကုန်သော ရဟန်းတို့သည် လေးထောင်ဖြစ်ကုန်၏။ ယူဇနာတရာ့နှစ်ဆယ် ခရီးသို့ ရဟန်းတို့ သွားကြ၍ ဆုမ်းခံရှာသို့ ရောက်သည်ရှိသော် သာမဏေ၏ မပြတ်အလုပ်အကျွေးဖြစ်သော ဒါယကာသည် ရှာတံခါးဦ မြင်၍ ခရီးဦးကြိုဆိုလျက် ရှိခိုးလေလျှင် အရှင်သာရိပုတ္တရာ မထေရ်သည် ဒါယကာ–ဤအရပ်၌ တောကျောင်းရှိသလောဟု မေးလေရာ အရှင်ဘုရား–တိသအမည်ရှိသော ရဟန္တာကိုရင်တပါး ရှိပါ၏ဟု လျှောက်၏။

သို့ဖြစ်လျှင် ငါတို့အား လမ်းညွှန်ပါလော့ဟု ဆိုလတ်သော် အရှင်ဘုရား–အရှင်ဘုရားတို့သည် အဘယ်သို့ သွားကြပါကုန်အံ့နည်းဟု လျှောက်လေလျှင် ငါတို့သည် သာမဏေ၏အထံသို့ ကြွလာကြကုန်၏ဟု အမိန့်ရှိရာ ဒါယကာသည် သေချာစွာကြည့်ရှုလျှင် အရှင်သာရိပုတ္တရာကို အစပြု၍ အလုံးစုံသော မဟာသာဝကတို့ကို ကောင်းစွာသိသဖြင့် အမြဲမပြတ် ပီတိတွေ့သော ကိုယ်ရှိသည်ဖြစ်၍ အရှင်ဘုရားတို့–ခေတ္တရပ်ပါကုန်ဦးလော့ဟု လျှောက်ကာ လျင်မြန်စွာ ရှာတွင်းသို့ ဝင်လျက် အရှင်သာရိပုတ္တရာမထေရ် အစပြု၍ အရှင်ကောင်းဖြစ်သော ရှစ်ကျိပ်သော မဟာသာဝကတို့သည် မိမိအခြံအရံတို့နှင့်အတူ သာမဏေ၏ထံသို့ ကြွလာကြကုန်၏။ ညောင်စောင်း, အင်းပျဉ်, အိပ်ရာခင်း, ဆီမီး စသည်တို့ကိုယူ၍ လျင်မြန်စွာ ထွက်ကြကုန်လော့ဟု ကြွေးကြော်လေ၏။

လူတို့သည် ထိုအသံကို ကြားရာခဏ၌ပင်လျှင် ညောင်စောင်း စသည်တို့ကိုယူ၍ မထေရ်တို့၏ခြေရာကို အစဉ်မှီးလျက် မထေရ်တို့နှင့် အတူတကွသာလျှင် ကျောင်းသို့ ဝင်ကြကုန်၏။ သာမဏေတိသသည် ရဟန်းအပေါင်းကို ကောင်းမွန်စွာမှတ်မိသဖြင့် အစဉ်အတိုင်း ကြွလာကုန်သော မထေရ်ကြီးတို့၏ သပိတ်သင်္ကန်းတို့ကိုယူ၍ ဝတ်ပြုလေ၏။ ထိုသို့မထေရ်ကြီးတို့၏ နေရာအရပ်ကို စီရင်စဉ် သပိတ်သင်္ကန်းကို သိုမှီးသိမ်းဆည်းစဉ် ညဉ့်အဘို့ရောက်လာ၍ မှောင်လာ၏။ အရှင်သာရိပုတ္တရာသည် ဒါယကာတို့ကို ညဉ့်မှောင်မိုက်လာသဖြင့် ပြန်ကြဘို့ရာ

ပြောဆိုလေရာ ဒါယကာတို့သည် အရှင်ဘုရား – ယနေ့သည် တရားနာအံ့သော နေ့ပါတည်း၊ တပည့်တော်တို့သည် ပြန်မသွားကြတော့ပါ၊ တရားနာကြပါကုန်အံ့၊ ရှေးယခင်က တရားနာယူခြင်းသည်လည်း ယနေ့အထိ မရှိခဲ့ပါဟု လျှောက်ထားကြကုန်၏။။

သို့ဖြစ်လျှင် သာမဏေ–ဆီမီးညှိထွန်း၍ တရားနာဘို့ရန်အခါကို ကြွေးကြော်လော့ဟု မိန့်တော်မူရာ သာမဏေသည် မထေရ်မြတ်အမိန့်အတိုင်း ပြုလေ၏။ ထို့နောက် သာမဏေ–သင်၏အလုပ်အကျွေး ဒါယကာတို့သည် တရားနာယူလို ကုန်၏ဟု လျှောက်သဖြင့် ဒါယကာတို့အား တရားဟောလော့ဟု မိန့်တော်မူလတ်သော် ဒါယကာတို့သည် တပြိုင်နက်သာလျှင် ထ၍ အရှင်ဘုရား–တပည့်တော်တို့၏ အရှင်ဖြစ်သော သာမဏေသည် **"သုခိတာ ဟောထ၊ ဒုက္ခာ မုစ္စထ"** ဟူသော ဤနှစ်ပုဒ်ကိုထား၍ တပါးသော တရားစကားကို မသိပါ၊ တပည့်တော်တို့အား တပါးသောခမ္မကထိကကို ပေးပါကုန်လော့ဟု လျှောက်ကြကုန်၏။

အရှင်သာရိပုတ္တရာသည် သာမဏေ အဘယ့်ကြောင့် ချမ်းသာပါစေ, ဆင်းရဲအပေါင်းမှ လွတ်မြောက်ကြပါစေ ဟူသော နှစ်ပုဒ်တို့ကို မိန့်ဆိုလေသနည်း။ ထိုအဓိပ္ပါယ်ကို ငါတို့အား ဟောပြောလော့ဟု အမိန့်ရှိလေရာ သာမဏေသည် ကောင်းပါပြီဟု ဝန်ခံလျက် ဆန်းကြယ်သောယပ်ကိုယူ၍ တရားဟောပလ္လင်သို့တက်ပြီးလျှင် နိကာယ်ငါးရပ်တို့မှ အကျိုးကိုငင်း, အကြောင်းကိုငင်း ဆွဲငင်၍ တခဲနက် တရားမိုးရွာသည်ရှိသော် လေးကျန်းလုံးဌ် ရွာသောမိုးကြီးကဲ့သို့ ခန္ဓာ, အာယတန, ဓာတ်, ဗောဓိပက္ခိယတရားတို့ကို ဝေဘန်လျက် အရဟတ္တဖိုလ်ကို အတုတ်တပ်သဖြင့် တရားဟောတော်မူ၏။ အရှင်ဘုရား– ဤသို့ အရဟတ္တဖိုလ်ဆို ရောက်သောသူအား ချမ်းသာပါ၏။ အရဟတ္တဖိုလ်သို့ ရောက်သောသူသည်သာလျှင် ဆင်းရဲမှ ကင်းလွတ်၏၊ အရိယာမှကြွင်းသောပုထုဇဉ်တို့သည် ဇာတိဒုက္ခ စသည်တို့မှငင်း, နိရယဒုက္ခ စသည်တို့မှငင်း မလွတ်မြောက်နိုင်ပါကုန်ဟု လျှောက်လေ၏။

သာမဏေ–ကောင်းမြတ်လှပါ၏၊ သင်၏ဟရားဟောပြောခြင်းသည် ကောင်းစွာ ဟောပြောခြင်းပါတည်း၊ ယခုအခါ၌ သရဘညကို ရွတ်ဆိုလော့ဟု မိန့်တော်မူရာ သာမဏေသည် ပါဠိရွတ်ဆိုခြင်းကို ပြုလေ၏၊ အရုဏ်တက်လာသည်ရှိသော် သာမဏေ၏ အလုပ်အကျွေး လူတို့သည် နှစ်ခြမ်းကွဲကုန်၏။အခွါသေသူတို့သည် ယခုမှ ရှေ၌ ငါတို့သည် ဤသို့သဘောရှိသော ခက်ထန်ကြမ်းတမ်းသော သူကို စင်စစ် မတွေ့မြင်ဘူးကုန်၊ မှန်ပါ၏ ။ ဤသို့ သဘောရှိသော တရားစကားကို သိလျက် ဤမျှကာလတိုင်အောင် မိဘအရာ၌ တည်၍ လုပ်ကျွေးကုန်သော လူတို့အား တရားတပုဒ်ကိုသော်လည်း အဘယ့်ကြောင့် မဟောပဲ နေလေဘိသနည်း ဟု အမျက်ထွက် စိတ်ဆိုးကုန်၏။

အချို့သော သူတို့သည် ငါတို့သည် အရတော်လေစွတကား၊ ဤသို့သဘော ရှိသော ကောင်းသော ဂုဏ်ကျေးဇူးရှိသည်ကိုဎင်း, ဂုဏ်ကျေးဇူးမရှိသည်ကိုဎင်း မသိကြကုန်ပဲလည်း လုပ်ကျွေးကြရကုန်၏။ ယခုအခါ၌မူ သာမဏေ၏ အထံ၌ တရားတော်ကို နာကြားခြင်းငှါ ရကုန်၏ဟု နှစ်သက်နေကြကုန်၏။

မြတ်စွာဘုရားကြွရောက်တော်မူခြင်း

ရှင်တော်ဘုရားသည် ထိုနေ့နံနက်မိုးလင်းအချိန်၌ ကျွတ်ထိုက်သော သတ္တဝါတို့ကို ကြည့်ရှုတော်မူသည်ရှိသော် ဝနဝါသီတိဿ သာမဏေ၏ အလုပ်အကျွေးတို့ကို ဉာဏ်တော်ကွန်ရက်၏အတွင်းသို့ ဝင်လာသည်တို့ကို မြင်တော်မူ၍ အဘယ်သို့ ဖြစ်လတ္တံ့နည်းဟု ဆင်ခြင်တော်မူသည်ရှိသော် အကြောင်းစုံကို သိတော်မူ၏။ သာမဏေ၏ အလုပ်အကျွေး, ဖြစ်သော အချို့သူတို့သည် နှစ်သက်မြတ်နိုး ကြကုန်၏၊ အချို့သူတို့သည် စိတ်ဆိုး အမျက်ထွက်ကြကုန်၏။ ငါဘုရား၏ သားတော်ဖြစ်သော သာမဏေအား စိတ်ဆိုးအမျက်ထွက်သူတို့သည် ငရဲသို့ ကျရောက်ကုန်လိမ့်လတ္တံ့ ဟု ဆင်ခြင်တော်မူလျက် ထိုအရပ်သို့ ငါဘုရား ကြွသွားတော်မူသည်ရှိသော် အလုံးစုံသော ဒါယကာတို့သည် သာမဏေ၌ မေတ္တာစိတ်ပွါးစေ၍ ဆင်းရဲမှ လွတ်မြောက်ကြကုန်တံ့ ဟု သိတော်မူ၏။

လူတို့သည် ရဟန်းအပေါင်းကို ပင့်ဖိတ်၍ ရှာသို့ ပြန်လျက် မဏ္ဍပ်ဆောက်ပြီးလျှင် ယာဂုဆွမ်း စသည်တို့ကို ပြည့်စုံစေ၍ နေရာတို့ကို ခင်းလျက် သံဃာတော်အရှင်မြတ်တို့၏ ကြွလာအံ့သော ခရီးကို ကြည့်ရှု၍ နေကြကုန်၏၊ ရဟန်းတော်တို့သည် ကိုယ်လက်သုတ်သင်ခြင်းကို ပြု၍ ဆွမ်းခံသွားအံ့သော အခါ၌ ရှာသို့ ဆွမ်းအလို့ငှါ ဝင်ကုန်သည်ရှိသော် သာမဏေကို မေးကြကုန်၏။ တိဿ-သာမဏေ– ငါတို့နှင့် အတူတကွ ဆွမ်းခံလိုက်အံ့လော၊ သို့မဟုတ် နောက်မှ လိုက်အံ့လောဟု မေးရာ တပည့်တော်၏ သွားနေကြဖြစ်သော အခါ၌သာလျှင် လိုက်လာပါအံ့၊ အရှင်ဘုရားတို့သည် ကြွနှင့်ကြပါဟု လျှောက်သည်ရှိသော် ရဟန်းတို့သည် သပိတ်သင်္ကန်းကိုယူ၍ ရှာသို့ ဆွမ်းခံဝင်ကုန်၏။

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သင်္ကန်းရုံ၍ သပိတ်ပိုက်လျက် စိတ္တကွဇတချက်ဖြင့်ပင်လျှင် ကြွတော်မူ၍ ရဟန်းတို့၏ ရှေ့မှ ရပ်၍သာလျှင် ကိုယ်တော်ကိုပြတော်မူ၏။ မြတ်စွာဘုရား ကြွလာတော်မူသည်ဟု တရွာလုံး ချောက်ချား၍ အုတ်အုတ် ကျက်ကျက် တပြိုင်နက်ဖြစ်ကာ လူတို့သည် နှစ်သက်ဝမ်းမြောက်သော စိတ်ရှိကြကုန်သည်ဖြစ်၍ မြတ်စွာဘုရား အမှူးရှိသော ရဟန်းသံဃာတော်ကို ထိုင်နေစေတော်မူပြီးလျှင် ယာဂုခဲဘွယ် ကပ်လှူကြကုန်၏။ သာမဏေသည် ဆွမ်းဘုဉ်းပေးမှုမပြီးသေးမီ ရှာတွင်းသို့ ဝင်လေလျှင် ရှာသူရှာသားတို့သည် ဆွမ်းပယူ၍ သာမဏေအား ဆွမ်းလောင်းလှူကြလေရာ၊

သာမဏေသည် ဆွမ်းကို မျှတလောက်ရုံ ယူ၍ မြတ်စွာဘုရားအထံတော်သို့ သွားကာ သပိတ်ကို ဆက်ကပ်လေ၏။

မြတ်စွာဘုရားသည် လက်တော်ကိုဆန့်၍ သပိတ်ကိုယူပြီးလျှင် ချစ်သား သာရိပုတ္တရာ– သင့် တပည့်သာမဏေ၏ သပိတ်ကို မြင်၏လော့ဟု မိန့်တော်မူလျက် အရှင်သာရိပုတ္တရာအား ပြ၏။ မထေရ်သည် မြတ်စွာဘုရားလက်တော်မှ သပိတ်ကိုယူ၍ သာမဏေအား ပေးပြီးလျှင် သာမဏေ သွားပါခဲ့။ မိမိရောက် သောနေရာ၌ နေ၍ ဆွမ်းစားခြင်းကိစ္စကို ပြုလေလော့ဟု မိန့်တော်မူ၏။

ရှာသူရှာသားတို့သည် မြတ်စွာဘုရားအမှူးရှိသော ရဟန်းသံဃာကို ဆွမ်း လုပ်ကျွေးပြီး၍ မြတ်စွာဘုရားအား ရှိခိုးလျက် အနုမောဒနာ တရားတော်ကို တောင်းပန်ကြလေရာ မြတ်စွာဘုရားသည် အနုမောဒနာပြုတော်မူလျက် ဤသို့ မိန့်တော်မူ၏။

ဒါယကာတို့– သင်တို့သည် အရတော်လေစွ့တကား။ သင် ဒါယကာတို့ သည် မိမိ၏ ဆရာဖြစ်သော သာမဏေကို အမှီပြု၍ သာရိပုတ္တရာ, မောဂ္ဂလာန်, မဟာကဿပ, အနုရုဒ္ဓါ, ဥပါလိ, ပုဏ္ဏစသော ရှစ်ကျိပ်သော မဟာသာဝက တို့ကို ဖူးမြင်ခြင်းငှါ ရကြကုန်၏။

ငါဘုရားသည်လည်း သင်တို့၏ဆရာ သာမဏေကိုမှီ၍ ကြွလာရ၏။ ဤ သာမဏေကိုမှီ၍ ရအပ်သော ငါဘုရားအား ဖူးမြင်ရခြင်းကို သင်ဒါယကာတို့ သည် အရတော်လေကုန်စွ့တကား သင်တို့သည် ကောင်းစွာ ရအပ်ကုန်စွ့ တကားဟု မိန့်တော်မူလေရာ လူတို့သည် ငါတို့အား ဘုရားကိုရင်း, ရဟန်း သံဃာကိုရင်း ဖူးမြင်ရခြင်းသည် အံ့ဩဘွယ်ရှိပေစွ့၊ ငါတို့အား နှစ်သက် မြတ်နိုးဘွယ်ကောင်းသော အရှင်တို့ကို ဖူးမြင်ရခြင်းငှါ ရကြကုန်၏၊ လှူဘွယ် ဝတ္ထုကို ပေးလှူခြင်းငှါလည်း ရရှိကြကုန်၏ဟု ပြောဆိုကြလျက် ဝမ်းမြောက် ကြကုန်၏။

ဤသို့ သာမဏေအား အမျက်ထွက် စိတ်ဆိုးကုန်သော လူတို့သည် နှစ်သက် မြတ်နိုးကြကုန်၏။ နှစ်သက် မြတ်နိုးကြကုန်ပြီးသော သူတို့သည် ရှေးကထက် လွန်စွာ ကြည်ညိုကြကုန်၏။ အနုမောဒနာ တရားပွဲ၏အဆုံး၌ မျှားစွာသောလူ တို့သည် သောတာပန်, သကဒါဂါမ် အနာဂါမ်ဖြစ်ကြကုန်၏။

မြတ်စွာဘုရားသည် နေရာမှထ၍ ဖဲကြိုတော်မူလေလျှင် လူတို့သည် ဘုရား ရှင်ကို လိုက်ပို့ကြ၍ ရှိခိုးကာ ပြန်ကြကုန်၏။ မြတ်စွာဘုရားသည် သာမဏေနှင့် တကွ သွားစဉ် သာမဏော ဤအရပ်သည် အဘယ်အမည်ရှိသနည်းဟု သာယာ ချိုမြသောအသံဖြင့် မေးရာ၊ သာမဏေသည် ဒါယကာလျှောက်ထားသည့် အမည်တို့ကို လျှောက်လေ၏။ ထို့နောက် မိမိနေရာ တောရကျောင်းသို့

ကြွရောက်၍ တောင်ထိပ်သို့ တက်လေလျှင် တောင်ထိပ် ရောက်သောအခါ တိသဿသာမဏေသည် တောင်ထိပ်၌ ရပ်လျက် ထိုထို့ကျိုက့ကြည့်ရှုသည်ရှိသော် အဘယ်ကို မြင်သနည်းဟု မေးတော်မူလေရာ အရှင်ဘုရား – မဟာသမုဒ္ဒရာကို မြင်ပါ၏ဟု လျှောက်၏။ မဟာသမုဒ္ဒရာကို မြင်လျှင် အဘယ်သို့ သင့်စိတ်မှာ ဖြစ်သနည်းဟု မေးမြန်းရာ ငါ့အား အလွန်ဒုက္ခတွေ့ရသည့်အတွက် ငိုခဲ့ရသော မျက်ရည်သည် မဟာသမုဒ္ဒရာလေးစင်း ရေတို့ထက် အလွန်များပြားသော မျက်ရည်သည် ဖြစ်ရာ၏၊ ကျိုသို့ တပည့်တော်စိတ်သန္တာန်မှာ ကြုံမိပါ၏ဟု လျှောက်သောအခါ တိသဿသာမဏေ – ကောင်းမြတ်လှပေ၏, ကောင်းမြတ်လှပေ၏ဟု ကျိုသို့ သင့်စိတ်သန္တာန်မှာ ဖြစ်ခြင်းသည် အမှန်သာလျှင် ဖြစ်ပေ၏။

မှန်ပေသည်၊ တယောက်တယောက်သော သတ္တဝါ၏ အလွန်ဆင်းရဲသော အခါ၌ ယိုစီးသော မျက်ရည်တို့သည် မဟာသမုဒ္ဒရာလေးစင်းတို့ထက် အလွန် များကုန်သည်သာတည်းဟု မိန့်တော်မူ၍ ကျိဂါထာကို ဟောတော်မူ၏။

စတူသု ဝါမုဒ္ဒေသု ဇလံ ပရိတ္တကံ၊
တတော ဗဟုံ အဿုဇလံ အနပ္ပကံ။
ဒုက္ခေန ဖုဋ္ဌဿ နရဿ သောစနာ၊
ကိ ကာရဏာ သမ္မ တုဝံ ပမဇ္ဇသိ။

(ဓမ္မပဒအဋ္ဌကထာ၊ ပဌမအုပ် စာမျက်နှာ ၃၄၂)

ချစ်သားသာမဏေ – သမုဒ္ဒရာလေးစင်းတို့၌ ရှိသောရေသည် နည်းသေး၏။ စိုးရိမ်ပူဆွေးခြင်းကြောင့် တွေ့ရသော သတ္တဝါ၏ မျက်ရည်သည် သမုဒ္ဒရာ လေးစင်း၌ရှိသော ရေထက် အတိုင်းအတာ မရှိအောင် များပြားလှလေပြီ။ အဘယ့်ကြောင့် သင်သည် မေ့လျော့ဘိသနည်းဟု မိန့်တော်မူ၏။

ထို့နောက် တဖန် သာမဏေကို မေးပြန်၏။ တိသဿသာမဏေ – အဘယ် အရပ်၌ နေသနည်းဟု မေးပြန်ရာ အရှင်ဘုရား – ကျွဲတောင်ဝှမ်း၌ နေပါ၏ဟု လျှောက်၏၊ တောင်ဝှမ်းတောင်ခေါင်း၌နေစဉ် အဘယ်ကို ကြုံမိသနည်းဟု မေးပြန်ရာ အရှင်ဘုရား – တပည့်တော်သည် ကျွဲအရပ်၌ အလောင်းကောင်ပစ်ချ ခြင်းကို ပြုရာ အပိုင်းအခြားသည် မရှိဟူ၍ ကြုံမိပါ၏ဟု လျှောက်၏။

တိသဿသာမဏေ—— ကောင်းမြတ်လှ၏, ကောင်းမြတ်လှ၏။ ကျိသို့ သင်၏ စိတ်အကြုံဖြစ်ခြင်းသည် မှန်၏။ သတ္တဝါတို့၏ မြေ၌အိပ်၍ သေရာ မဟုတ်သော အရပ်မည်သည် မရှိဟု မိန့်တော်မူ၍ ကျိအရပ်၌ ဥပသာဠက အမည်ချည်း တွင်ကုန်သော တသောင်းလေးထောင်သော အကောင်တို့ကို မီးသင်္ဂြိဟ်အပ်ကုန်ပြီ၊ လောက၌ မသေဘူးသော အရပ်မည်သည် မရှိချေ။

အကြင်အရပ်၌ သစ္စာလေးပါးသည်၎င်း လောကုတ္တရာတရားသည်၎င်း မည်၌ ဆဲခြင်းသည်၎င်း စောင့်ရှောက်ခြင်းသည်၎င်း ဆုံးမခြင်းသည်၎င်း ရှိ၏၊ ဤအရပ်ကို သူတော်ကောင်းတို့သည် မှီဝဲအပ်ကုန်၏၊ လောက၌ ဤနိဗ္ဗာန်ဟူသော အရပ်သည် မသေဘူးသော အရပ်ဖြစ်၏။

မြတ်စွာဘုရားသည် တိဿသာမဏေ ဤတောအုပ်၌ ကျား ကျားသစ် အစရှိသော သတ္တဝါတို့အသံကို ကြားသောအခါ ကြောက်သလော မကြောက်ဘူးလောဟု မိန့်တော်မူရာ မြတ်စွာဘုရား မကြောက်ပါ။ စင်စစ်မှာမူ တပည့်တော်အား ဤသတ္တဝါတို့၏ အသံကို ကြားရ၍ တောင်္ခ မွေ့လျော်ခြင်း ဖြစ်ပါ၏ဟု လျှောက်၏။ ထိုအခါ မြတ်စွာ ဘုရားသည် ခြောက်ဆယ် အတိုင်းအရှည် ရှိသော ဂါထာတို့ဖြင့် တော၏ ဂုဏ်ကျေးဇူးကို ဟောကြားတော်မူ၏။

ထို့နောက် မြတ်စွာဘုရားသည် တိဿ တိဿဟုခေါ်လေလျှင် အရှင်ဘုရား အဘယ် ကိစ္စနည်းဟု လျှောက်လေ၏။

ငါဘုရားပြန်၍ ကြွတော်မူမည်၊ သင် ငါ့တို့နောက် လိုက်ဦးမည်လော၊ ထို့သို့ မဟုတ် နေရစ်ခဲ့မည်လောဟု မေးရာ အရှင်ဘုရား တပည့်တော်၏ ဥပဇ္ဈာယ်ဆရာသည် တပည့်တော်ကို ခေါ်၍ သွားသည်ရှိသော် လိုက်ခဲ့ပါအံ့၊ နေရစ်စေလို သည်ရှိသော် နေရစ်ခဲ့ပါအံ့ဟု လျှောက်သောအခါ အရှင်သာရိပုတ္တရာသည် တိဿသာမဏေ၏ အလိုဆန္ဒသည် နေရစ်ခဲ့လိုကြောင်းသိ၍ တိဿ အကယ်၍ နေရစ်ခဲ့လိုသည်ဖြစ်ငြားအံ့၊ နေရစ်လေလော့ဟု မိန့်တော်မူရာ သာမဏေသည် မြတ်စွာဘုရားနှင့်တကွ ရဟန်းအပေါင်းကို ရှိခိုး၍ နေရစ်ခဲ့၏။ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်သို့ ရဟန်း အပေါင်းနှင့်တကွ ပြန်ကြွတော်မူ၏။

ထို့နောက် ရဟန်းတို့၏ တရားသဘင်၌ တိဿသာမဏေ၏ အံ့ဩဘွယ်ရာ ဂုဏ်အဖြာဖြာကို ပြောဆိုနေကြသည်ရှိသော် မြတ်စွာဘုရားသည် ကြွတော်မူလာ၍ ယခုအခါ အဘယ်စကားဖြင့် စည်းဝေး ပြောဆိုကြသနည်းဟု မိန့်တော်မူလေလျှင် တိဿ သာမဏေ၏ အကြောင်းကို ပြောဆိုကြပါ၏ဟု လျှောက်ကြ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ ပြုကျင့်နိုင်ခဲသော အကျင့်ကို တိဿသာမဏော ပြုကျင့်သည်မှန်၏။ လောဘသပ်ပကာ မမြှော်မှန်းပဲ အာရည်ကင် ဓုတင်စသော အကျင့်သည် နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်၏။ လောဘ်သပ်ပကာ မြှော်မှန်း၍ ဓုတင်ဖြည့်ကျင့်သော ရဟန်းအား အပါယ်လေးဘုံတို့သည် တံခါးဟင်လင်းပွင့်ကုန်၍သာလျှင် တည်ကုန်၏။

နိဗ္ဗာန်သို့ ရောက်စေခြင်း အကျင့်၌ကား ဖြစ်ပေါ်လာသော လောဘ် ပူဇော်သက္ကာရကိုစွန့်၍ တောသို့ ဝင်ပြီးလျှင် စေ့ဆော်ကြိုးကုတ် အားထုတ် လုံ့လ ပြုသည်ရှိသော် ရဟန္တာဖြစ်နိုင်၏ဟု မိန့်တော်မူလိုရကား—

အညာ ဟိ လာဘူပနိသာ၊ အညာ နိဗ္ဗာနဂါမိနီ။
ဧဝမေတံ အဘိညာယ၊ ဘိက္ခု ဗုဒ္ဓဿ သာဝကော။
သက္ကာရံ နာဘိနန္ဒေယျ၊ ဝိဝေကမနုဗြူဟယေ။
(ဓမ္မပဒပါဠိတော် စာမျက်နှာ-၂၄)

ရဟန်းတို့ လာဘ်ကိုမှီ၍ ကျင့်သောသူ၏ ဓုတင်စသော အကျင့်သည် နိဗ္ဗာန်သို့ ရောက်စေတတ်သော အကျင့်မှတပါး တခြားတည်း။ နိဗ္ဗာန်သို့ ရောက်စေတတ်သော အကျင့်သည် လာဘ်ကိုမှီ၍ ကျင့်သောသူ၏ ဓုတင်စသော အကျင့်မှတပါး တခြားတည်း။ ဤသို့ ဤအကျင့် နှစ်ပါးကို ခွဲခြားသိ၍ မြတ်စွာဘုရား၏ တပည့်သား ရဟန်းသည် လာဘ်ပူဇော် သက္ကာရကို အလွန်မနှစ်သက်မတောင်းတရာ၊ အခြေအရံ ဟူသော အပေါင်းအဖော်, ကာမဂုဏ်ဟူသော အပေါင်းအဖော်, သခ်ါရဟူသော အပေါင်းအဖော်၌ မွေ့လျော်ခြင်းကို ကြဉ်ရှောင်ပယ်ဖျောက်ခြင်း တည်းဟူသော ကာယဝိဝေက စိတ္တဝိဝေက ဥပဓိဝိဝေကကို အစဉ်အတိုင်းပွါးစေရာ၏ဟု မိန့်တော်မူရာ ဒေသနာတော် အဆုံး၌ သောတာပန်စသည် ဖြစ်ကြလေသည်။

ရှင်တိဿအကြောင်း ပြီး၏။

အရှင်ဧရဝတအကြောင်း

တောနေလိုသော ရဟန်းများသည် နည်းယူနိုင်စေရန် ခဒိရဝနိယ အရှင်ဧရဝတအကြောင်းကို ရေးသားပါဦးမည်။

ဤအရှင်သည် မည်မည်ရွတ်သော မြေရှိ၍ ကျောက်စရစ်ခဲပေါများသည့်ရွားတော အရပ်၌ တောရဆောက်တည်သောကြောင့် ခဒိရဝနိယ ရေဝတရွားတော ကျောင်းနေ အရှင်ရေဝတဟု အမည်တွင်လေသည်။ ဤအရှင် ရေဝတအကြောင်းအရာကို ရေးသားရာ၌ စကားကျဉ်း၍ ပြေပြစ် ချောမောစေရန် အလိုငှါ အရှင်ရေဝတဟူ၍သာ ရေးသားသုံးနှုန်းပါမည်။

အရှင်ရေဝတအလောင်းသည် လွန်ခဲ့သော ကမ္ဘာတသိန်းထက်ဝယ် ပဒုမုတ္တရမြတ်စွာဘုရား ပွင့်တော်မူရာကာလ၌ ဟံသာဝတီမြို့သားဖြစ်၍ ဂင်္ဂါမြစ်၏ ပယာဂဆိပ်ကမ်းတည်ရာအရပ်၌ လှေကူးတို့ပို့လျက် နေထိုင်လေသည်။ ထိုအခါ ပဒုမုတ္တရမြတ်စွာဘုရားသည် အခြံအရံရဟန်းတော်ပေါင်းတသိန်းနှင့် အတူတကွ ဒေသစာရီကြွချီတော်မူလေသော် ပယာဂဆိပ်ကမ်း ထိုမှာဘက်ကမ်းသို့ ကူးလိုသည့်အတွက် ရောက်ရှိတော်မူလာ၏။ အရှင်ရေဝတအလောင်းသည် မြတ်စွာဘုရားကို ဖူးမြော်ရလေလျှင် ငါသည် အခါမပြတ် ဘုရားရှင်ကို ဖူးမြင်ရခြင်း

မည်သည် မဖြစ်နိုင်၊ ဤယခု မြတ်စွာဘုရားကြွလာတော်မူသော အခါသည်ကား ငါ့အဖို့ရာ ကုသိုလ်ကောင်းမှုပြုလုပ်ရန် အခွင့်ကောင်းကြီးဖြစ်ပေ၏ဟု ကြံစည်၍ လေ့တဲ့ကြီးကိုဖွဲ့ပြီးလျှင် ထိုလေ့တဲ့အထက်၌ မျက်နှာကြက်အဖြူကို တပ်ဆင်၍ နံ့သာပန်းဆိုင်းများကို တဲ့လျှားဆွဲ၍ရင်း, အောက်အပြင်ဝယ် အလှန်ကောင်းမြတ်သော ပိုက်ဆံလျှော်ချည်ဖြင့် ရက်လုပ်အပ်သည့် ဆန်းကြယ်သောအခင်းများကို ခင်းစေပြီး၍ရင်း အလုံးစုံပြုလုပ်ပြီးသော် အခြံအရံ ရဟန်းတသိန်းနှင့် တကွ မြတ်စွာဘုရားကို တဖက်ကမ်းသို့ ပို့ဆောင်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် တောကျောင်းနေရဟန်းတပါးကို အာရညိက (တောရကျောင်းနေ)အရာဝယ် တောဒဂ်ထားတော်မူလေ၏။ ရေဝတအလောင်း လေ့သူကြီးသည် ထိုအကြောင်းအရာကို တွေ့မြင်ရ၍ ငါသည်လည်း ဤရဟန်းတော်ကဲ့သို့ပင် နောင်သောအခါဝယ် တဆူဆူသော ဘုရားရှင်၏သာသနာတော်၌ တောကျောင်းနေသော ရဟန်းတို့တွင် အမြတ်ဆုံး, အသာဆုံး တောဒဂ်ဘွဲ့ထူးရ ပုဂ္ဂိုလ်ဖြစ်မှ သင့်တော်မည်ဟု ကြံစည်၍ မြတ်စွာဘုရားကို ပင့်ဖိတ်ပြီးလျှင် ခုနစ်ရက်ကြာ အလှူကြီးပေးလှူပြီးနောက် မြတ်စွာဘုရားခြေတော်ရင်း၌ ဝပ်စင်းလျက် မြတ်စွာဘုရား — အရှင်ဘုရားတို့သည် တောဒဂ်ရာထူး၌ ချီးကျူးမြောက်စားတော်မူအပ်သော ထိုရဟန်းကဲ့သို့ တပည့်တော်သည်လည်း နောက်အခါ တဆူဆူသော ဘုရားရှင်၏သာသနာတော်၌ အာရညကင်ခုတင်ဆောင် ရဟန်းတို့တွင် အမြတ်ဆုံး, အသာဆုံး တောဒဂ်ဘွဲ့ထူးရပုဂ္ဂိုလ် ဖြစ်ရပါလို၏ဟု ဆုတောင်းလေ၏။

မြတ်စွာဘုရားသည် အနန္တရာယ်မရှိ ဆုတောင်းပြည့်ကို သိမြင်တော်မူလတ်၍ နောင်အနာဂတ်အခါ ဂေါတမဘုရား၏သာသနာတော်၌ သင်သည် အာရညကင်ခုတင်ဆောင်ရဟန်းတို့တွင် အမြတ်ဆုံး, အသာဆုံးဖြစ်လိမ့်လတ္တံ့ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူပြီးလျှင် ဖဲကြိုးတော်မူလေ၏။ ထိုရေဝတအလောင်းလေ့သူကြီးသည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုများကိုပြု၍ နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်လျက် လာခဲ့ရာ ဤဂေါတမမြတ်စွာဘုရား ပွင့်တော်မူရာကာလဝယ် မဂဓတိုင်းနယ်မြေအဝင်အပါ နာလကပုဏ္ဏားရွာ၌ မယ်တော် ရူပသာဒီပုဏ္ဏားမ၏ဝမ်းတွင် ပဋိသန္ဓေတည်၍ ဥပတိဿ, စုန္ဒ, ဥပဇဉနဟူသော နောင်တော်သုံးပါး, စာလာ, ဥပစာလာ, သီသူပစာလာဟူသော အမတော်သုံးယောက်တို့၏ ညီအထွေး, မောင်အထွေး အငယ်ဆုံးကလေးဖြစ်ရာ အမည်အားဖြင့် "ရေဝတ"ဟု အမည်တွင်လေသည်။

ထို့နောက် ရေဝတ၏ မိဘနှစ်ပါးတို့သည် ကြီးလာကိုင်း ကြီးလာတိုင်းသော ကလေးများကို မြတ်စွာဘုရား၏သား ရဟန်းတော်များသည် ဂေါဆောင်၌ ရှင်ရဟန်းပြုပေးကြကုန်၏။ ယခုအခါ ရေဝတ အငယ်ဆုံးသားကလေးကို

ထိုကဲ့သို့ ရှင်ရဟန်းမဖြစ်အောင် ငယ်ငယ်ကပင် အိမ်ရာအနှောင်အဖွဲ့ဖြင့် နှောင်ဖွဲ့၍ ထိမ်းမြားမင်္ဂလာပြုပေးကြကုန်စို့ဟု သဘောတူ တိုင်ပင်ကြပြီးလျှင် အမျိုးဇာတ်အနွယ် စည်းစိမ် ဂုဏ်ရည်တူသောအမျိုးမှ သတို့သမီးငယ်ကို ထိမ်းမြားမင်္ဂလာပြုဘို့ရန် ခေါ်ဆောင်ခဲ့ကြ၍ ရေဝတ၏အဖွားအိုကို ရှိခိုးစေကြပြီးလျှင် ချစ်သမီး–သင်၏အဖွားအိုကို မျက်မှောက်ထင်ထင် တွေ့မြင်ရ၏။ သင်၏အဖွားအိုကဲ့သို့ ကြာမြင့်စွာ သင်ချစ်သမီး အသက်ရှည်ပါစေလော့ ဟု ပြောဆို ကြကုန်၏။

ရေဝတ သံဝေဂရခြင်း

ရေဝတ သတို့သားသည် မိဘတို့၏ ထိုမင်္ဂလာဆုတောင်းသံကို ကြားရသောအခါ ဤသူငယ်မသည် အသက်ငယ်သူ, ပဌမအရွယ်၌ ရှိနေသူဖြစ်၏။ ဤသူငယ်မ၏ ဤမျှနုနယ်တင့်တယ်သော ရုပ်အဆင်းသည် ငါ့အဖွား၏ရုပ်အဆင်းနှင့် အလားတူ ရုတ်တရယိုယွင်း အိုမင်းရင့်ရော်ရမည် ဖြစ်လိမ့်မည်တဲ့၊ ထိုမိဘတို့၏ အလိုဆန္ဒကို သိရအောင် ငါမေးဦးမည်ဟု ကြံစည်ပြီးနောက် မိဘနှစ်ပါးတို့အဘယ်ကိုရည်ရွယ်၍ မိဘတို့သည် ဤသို့ပြောဆိုကြသနည်းဟု မေးမြန်းလေ၏။ ထိုအခါ မိဘနှစ်ပါးတို့က ငါ့သားလူကလေး သင်၏ဇနီး ဤအမျိုးသမီးသည် သင့်အဖွားကဲ့သို့ အိုမင်းရင့်ရော်ခြင်းသို့ ရောက်ပါစေ၊ မအိုခင်မသေပါစေနှင့်ဟု မင်္ဂလာဆုတောင်းစကား ငါတို့မြွက်ကြားကြသည်ဟု ပြန်ကြားဖြေဆိုကြလေလျှင် ရေဝတသတို့သားသည် မိဘနှစ်ပါးတို့ ဤသူငယ်မ၏ နုနယ်လှပသော ရုပ်အဆင်းသည် အဖွားအို၏ ရုပ်အဆင်းကဲ့သို့ အိုမင်းရင့်ရော်သည်ဖြစ်လိမ့်ဦးမည်လောဟု အမှန်တကယ်ပင် မသိနားမလည်၍ မေးမြန်းပြန်လေ၏။ ထိုအခါ မိဘနှစ်ပါးတို့သည် ချစ်သား အဘယ်ကို ပြောဆိုလေသနည်း၊ ဘုန်းကံကြီးမားသောသူမှသာ မောင့်အဖွားပမာ အိုမင်းအောင် နေကြရကုန်သည်ဟု ပြောဆိုကြလေရာ ရေဝတ၏ စိတ်သန္တာန်ဝယ် ဤရုပ်ခန္ဓာသည် ဆံဖြူ, သွားကြေ အရေတွန့်လိပ်, ရှုတ်တရ, ယိုယွင်း အိုမင်းရခြင်းသဘောဖြစ်မည်တဲ့၊ သို့ဖြစ်လျှင် ဤရုပ်ကို တပ်မက်၍ နေလျှင် ဘာအကျိုးရှိပါအံ့နည်း၊ ငါ၏ နောင်တော် ဥပတိဿသည် ဤရုပ်သဘောကို မြင်၍ ရဟန်းဝတ်သည် ဖြစ်ပါလိမ့်လတ္တံ့၊ ငါ၏ နောင်တော်များ သွားတော်မူကြရာ လမ်းသို့ပင် ငါလိုက်ပါတော့မည်ဟု စဉ်းစားကြံစည်မိလေ၏။

ထိုသို့ စဉ်းစားပြီးလျှင် ကလေးတို့ဘာဝ မြူးထူးပျော်ပါး ကစားလိုဟန်ဆောင်၍ ရှယ်တူ သူငယ်ချင်းများကို အိုသူငယ်ချင်းတို့ လာကြကုန်၊ ပြေးတန်းလိုက်တန်း ကစားကြကုန်စို့ဟု ပြောဆို၍ အပြင်သို့ ထွက်လေ၏။ မိဘနှစ်ပါးတို့က ချစ်သား မင်္ဂလာဆောင်သောနေ့မှာ အိမ်ပြင်ပသို့ မသွားပါလင့်ဟု တားမြစ်

ပါသော်လည်း ရေဝတသည် သူငယ်ဖော်တို့နှင့်တကွ ကစားလိုဟန်ဆောင်၍ မိမိပြေးရမည့်အလှည့်သို့ ရောက်သည်ရှိသော် အနည်းငယ်ပြေးသွား၍ အချိန်ကို ဖင့်နွဲ့ကြာမြင့်စေလျက် ပြန်လာ၏။

ဒုတိယအကြိမ် ပြေးလှည့်ရောက်သောအခါ ထို့ထက် လျင်မြန်သကဲ့သို့ ပြေးသွားကာ ပြန်လာလေ၏။ တတိယအကြိမ် ပြေးလှည့်ရောက်သော် ဤအခါသည် ငါထွက်ပြေးဘို့ရန် အခါကောင်းတည်းဟု သိ၍ ခြေဦးတည့်ရာ တအားကုန်ထွက်ပြေးလေလျှင် ပံသုကူဓုတင်ဆောင်ရဟန်းတို့၏ သီတင်းသုံးနေထိုင်ရာ တောရကျောင်းသို့ ရောက်၍ မဆေရ်တို့ကို ရှိခိုးလျက် ရှင်သာမဏေပြုပေးရန် တောင်းပန်လေရာ မထေရ်တို့က အို သူတော်ကောင်းကလေး ငါတို့သည် အာဘယ်သူသားဟူ၍ မသိကြပါကုန်။ သင့်မှာလည်း အဆင်တန်းဆာအပြည့်စုံဖြင့်သာ လာရောက်သူ ဖြစ်ပါ၏။ အာဘယ်သူသည် သင့်ကို ရှင်သာမဏေပြုပေးဝံ့ပါလိမ့်မည်နည်းဟု အမိန့်ရှိလေလျှင် ရေဝတသည် လက်မောင်းနှစ်ဘက်တို့ကို မြှောက်ခို၍ အကျွန်ုပ်ကို လုယက်ကုန်၏၊ အကျွန်ုပ်ကို လုယက်ကုန်၏ဟု မြည်တမ်းဟစ်အော်လေ၏။

ထိုဟစ်အော်သံကိုကြားလတ်သောအခါ ထိုမှ ဤမှ ရဟန်းတို့သည် စည်းဝေးရောက်ရှိလာကြပြီးလျှင် အိုသူတော်ကောင်းကလေး ဤအရပ်မှာ သင်၏အဝတ်အစားကို သော်၎င်း, အဆင်တန်းဆာကိုသော်၎င်း လုယက်ယူငင်သူတဦးတယောက်မျှ မရှိချေ။ သင်သည်လည်း အကျွန်ုပ်ကို လုယက်နေကြပါ၏ဟု ဟစ်အော်ပြောဆို၏။ ဘင်သည် ဘယ်အဓိပ္ပါယ်ကို ရည်ညွှန်း၍ ထိုသို့ ပြောဆိုပါသနည်းဟု မေးမြန်းကြလေရာ ထိုအခါ ရေဝတက—

အရှင်ဘုရားတို့ တပည့်တော်သည် အဝတ်တန်းဆာကို ရည်ရွယ်၍ ပြောဆိုသည်မဟုတ်ပါ၊ စင်စစ်သော်ကား တပည့်တော်၏ ရှင်ရဟန်းမပြုရသည့်အတွက် လူ,နတ်,နိဗ္ဗာန်စသော ချမ်းသာတို့ အလုယက်ခံနေရသည်ကို ရည်ညွှန်း၍ ပြောဆိုခြင်းဖြစ်ပါသည်၊ အရှင်ဘုရားတို့သည် တပည့်တော်ကို သာမဏေဝတ်မပေးကြလျှင် ရှိပါစေဦးတော့၊ တပည့်တော်၏ နောင်တော်ကြီးကိုကား အရှင်ဘုရားတို့သည် သိကြပါ၏လောဟု မေးမြန်းလေ၏။

ထိုအခါ ရဟန်းတို့က သင်၏နောင်တော်ကြီးကား အဘယ်အမည်ရှိသနည်းဟု မေးမြန်းကြလေရာ ရေဝတသူငယ်သည် တပည့်တော်၏ နောင်တော်ကြီးသည် လူဖြစ်စဉ်အခါ၌ ဥပတိဿအမည်ရှိပါ၏၊ ယခုအခါ၌ သာရိပုတ္တရာအမည်ရှိသူဟု အားလုံးက ပြောဆိုကြပါကုန်၏ဟု ပြန်ကြားလျှောက်ထားလေ၏။

ငါ့ရှင်တို့ ဤသို့ဖြစ်လျှင် ဤအမျိုးသားကလေးကား ငါတို့၏ညီငယ် ဖြစ်နေပါပကော၊ ငါတို့၏နောင်တော် တရားစစ်သူကြီး အရှင်သာရိပုတ္တရာမထေရ်သည်

ရှေးယခင်ကပင်လျှင် ငါတို့၏ ဆွမျိုးများကား မိစ္ဆာအယူရှိကြကုန်၏။ တစုံတယောက်သောသူသည် ငါတို့၏ ဆွမျိုးဟု ပြောဆိုကာ လာရောက်ခဲ့သည်ရှိသော် ထိုသူကို ဖြစ်နိုင်သည့်နည်းလမ်း ဥပါယ်ဖြင့် ရှင်ရဟန်းပြုပေးလိုက်ကြပါလေ့ဟု မှာထားပြောဆိုဘူးလေပြီ။ ဤကလေးသည်ကား အရှင်သာရိပုတ္တရာမထေရ်၏ အတွင်းကျသော ညီတယောက်ဖြစ်လေသည်။ သို့ဖြစ်၍ ထိုသူငယ်ကို ငါတို့ ရှင်ပြု၍ သာမဏေဝတ်ပေးကြကုန်စို့ဟု ပြောဆိုကာ တစပဉ္စကကမ္မဋ္ဌာန်းကို ပြောကြား၍ ရေဝတသူငယ်ကို ရှင်သာမဏေ ဝတ်ပေးကြလေသည်။ ထို့နောက် အသက်နှစ်ဆယ် ပြည့်လတ်သောအခါ ရဟန်းခံပေးကြ၍ ကမ္မဋ္ဌာန်းအလုပ်၌ အားထုတ်စေကြလေကုန်၏။

အရှင်ရေဝတ ရှားတော၌ တရားအားထုတ်ခြင်း

အရှင်ရေဝတမထေရ်သည် မိမိစရိုက်နှင့် ကိုက်ညီသော ကမ္မဋ္ဌာန်းကို ယူပြီး၍ ဆရာ, ဥပဇ္ဈာယ်တို့နှင့် မနီးမဝေးသော အရပ်၌ဖြစ်သော ရှားတောသို့ ဝင်ရောက်ကာ ရဟန်းတရားကို ပွါးများအားထုတ်လေ၏။ ထိုအရှင်ရေဝတ၏ စိတ်သန္တာန်ဝယ် ငါသည် ရဟန္တာမဖြစ်ပဲ မြတ်စွာဘုရားကိုဋ္ဌင်း, နောင်တော် အရှင်သာရိပုတ္တရာမထေရ်ကိုဋ္ဌင်း မဖူးမြော်သေးဟု နှလုံးသွင်းရှိလေ၏။ အရှင်ရေဝတသည် ဝိရိယထက်သန်စွာဖြင့် ကမ္မဋ္ဌာန်းတရား အားထုတ်စဉ်ပင် သုံးလလွန်ခဲ့လေပြီ။ သိမ်မွေ့နူးညံ့သည့် အမျိုးသားရဟန်း၏အဖို့ရာ ခေါင်းပါးကြမ်းတမ်းသော အစာအာဟာရကို ဘဉ်းပေးသုံးဆောင်ရသည်ဖြစ်၍ စိတ်သည် အရေတွန့်လိပ်သည့်အလား တွန့်လိပ်၍ နေပေ၏။ ကမ္မဋ္ဌာန်းအလုပ်သည် ကျတ်လွတ်မှုသို့ ရုတ်တရက်မရောက်နိုင်ပဲ ရှိလေ၏။ သို့သော် အရှင်ရေဝတမထေရ်သည် ဝိရိယကိုမလျော့ပဲ ကမ္မဋ္ဌာန်းအားထုတ်၍ သုံးလလွန်သောအခါ ပဝါရဏာပြု၍ ဝါကျတ်ပြီးလတ်သော် အခြား ဒေသသို့ မပြောင်းရွှေ့ပဲ ဆက်လက်၍ ထိုရှားတောအရပ်၌သာ ကမ္မဋ္ဌာန်းဘာဝနာကို အားထုတ်လေ၏။ ထိုသို့ ဝိရိယာမိပတိဇ္ဈရှိရှိနှင့် ရဟန်းတရား ပွါးများကြိုးကုတ် အားထုတ်လေလေ မထေရ်၏စိတ်သည် တည်ကြည်မှု(သမာဓိ)ရှိလာလေဖြစ်တော့၏။ ထိုသို့ စိတ်တည်ကြည်လာသောအခါ မထေရ်သည် ဝိပဿနာတရားကို ပွါးများအားထုတ်လျှင် မကြာမီပင် ရဟန္တာဖြစ်လေတော့၏။

မြတ်စွာဘုရား ရဟန်းတော်တို့နှင့်တကွ ရှားတောသို့ ကြွတော်မူပုံ

အရှင်သာရိပုတ္တရာမထေရ်သည် ညီငယ်ရေဝတရှင်ရဟန်းပြုကြောင်းကြားသိရသောအခါကပင် ဘုရားရှင်ကို မြတ်စွာဘုရား—တပည့်တော်၏ ညီငယ်ရေဝတသည် ရှင်ရဟန်းပြုပါသတဲ့ သာသနာတော်၌ မွေ့လျော် ပျော်ပိုက်မှု ရှိ,

မရှိကို သိလိုပါ၍ သွားရောက်ကြည့်ရှု အကဲခပ်လိုပါသည်ဟု လျှောက်ထားလေသည်။

မြတ်စွာဘုရားသည် အရှင်ရေဝတ၏ ဝိပဿနာအလုပ်ကို ပြင်းထန်စွာ အားထုတ်နေဆဲရှိသည်ကို သိတော်မူ၍ မသွားရန် နှစ်ကြိမ်တိုင်တိုင် တားမြစ်တော်မူပြီးလျှင် တတိယအကြိမ်မြောက် တောင်းပန်လျှောက်ထားအပ်ပြန်သည်ရှိသော် ထိုအချိန်၌ အရှင်ရေဝတ ရဟန္တာဖြစ်သည်ကို ပိုင်းခြားသိမြင်တော်မူ၍ ချစ်သား သာရိပုတ္တရာ—ငါဘုရားသည်လည်း သင်ချစ်သားတို့နှင့် အတူတကွ လိုက်ပေအံ့၊ ရဟန်းတို့အား ပြောကြားလေလော့ဟု မိန့်တော်မူ၏။

အရှင်သာရိပုတ္တရာမထေရ်သည် ရဟန်းအပေါင်းကို စည်းဝေးစေ၍ ငါ့ရှင်တို့--မြတ်စွာဘုရားသည် ဒေသစာရီ လှည့်လည်တော်မူလို၏။ လိုက်လိုသော ရဟန်းတို့သည် လာရောက်ကြကုန်လော့ဟု ရဟန်းအားလုံးတို့အားပင် ပြောကြားတော်မူလေ၏။ မြတ်စွာဘုရား ဒေသစာရီ ကြွချီတော်မူသောအခါ ကျောင်းတိုက်၌ ကျန်နေရစ်ကုန်သော ရဟန်းတို့မည်သည် နည်းပါးလှကုန်၏။

မြတ်စွာဘုရား၏ ရှေ့အဆင်းရှိသော ရူပကာယကိုယ်တော်ကိုလည်း မပြတ် ဖူးမြင်ကြရပါလိမ့်မည်, ချို့မြိန်သော တရားစကားကိုလည်း နာကြားကြရလိမ့်မည်ဟု ကြံစည်ကြကာ များသောအားဖြင့် လိုက်ပါလိုကုန်သော ရဟန်းတို့ကသာ များကြကုန်၏။ သို့ဖြစ်၍ မြတ်စွာဘုရားသည် ရဟန်းအပေါင်းခြံရံလျက် ရေဝတကို ကြည့်ရှုမည်ဟု နှလုံးသွင်းကာ ကျောင်းတော်မှ ထွက်ကြွတော်မူလေ၏။

အရှင်သီဝလိ ဘုန်းကံကြီးမားပုံ

ထိုသို့ ထွက်ကြွတော်မူလာရာ တနေရာ၌ အရှင်အာနန္ဒာမထေရ်သည် လမ်းနှစ်ခွသို့ ရောက်၍ မြတ်စွာဘုရားကို အရှင်ဘုရား—ဤအရပ်၌ လမ်းနှစ်ခု ရှိပါသည်။ အဘယ်လမ်းဖြင့် ရဟန်းများကို ကြွသွားစေလိုပါသနည်းဟု မေးလျှောက်လေရာ မြတ်စွာဘုရားက ချစ်သားအာနန္ဒာ—ထိုလမ်းနှစ်ခုတို့တွင် အဘယ်လမ်းသည် မကွေ့မကောက် ဖြောင့်မတ်သနည်းဟု မိန့်တော်မူလေလျှင် အရှင်အနာနန္ဒာမထေရ်သည် မြတ်စွာဘုရား-ဖြောင့်မတ်သောလမ်းသည် ယူဇနာသုံးဆယ်ရှိ၍ နတ်ဘီလူးများ နေထိုင်ရာ လမ်းဖြစ်ပါ၏ ဘုရား။ ဘေးရန်ကင်းအောင် လှီးလွဲကွေ့ကောက်၍ သွားရမည့် လမ်းခရီးသည်ကား ယူဇနာခြောက်ဆယ် ရှိပါ၏။ ထိုလမ်းသည်ကား အစားအသောက်လည်း ပေါများပါ၏ဘုရား ဟု လျှောက်လေ၏။ ထိုအခါ မြတ်စွာဘုရားသည် ချစ်သား အာနန္ဒာ—သီဝလိသည် ငါတို့နှင့် အတူတကွ လိုက်လာ၏လောဟု မေးတော်မူရာ လိုက်လာ

ပါသည်ဘုရားဟု လျှောက်လေလျှင် မြတ်စွာဘုရားသည် ချစ်သား အာနန္ဒာထိုသို့ဖြစ်လျှင် ရဟန်းများသည် ဘေးရန်ပေါများ အစာရှားသည့် အဖြောင့်လမ်းခရီးကိုပင် ယူလော့၊ သီဝလိရဟန်း၏ ဘုန်းတန်းခိုးကို စုံစမ်းကြပါကုန်အံ့ဟု မိန့်တော်မူလေ၏။

မြတ်စွာဘုရားသည် ရဟန်းအပေါင်းခြံရံလျက် အရှင်သီဝလိ၏ ကောင်းမှုတန်းခိုးကို စုံစမ်းရန်အလို့ငှါ တောလမ်းခရီးဖြင့် ကြွသွားလေ၏။ တောတွင်းလမ်းခရီးဖြင့် ကြွရောက်သည့် အခါနှစ်မှစ၍ နတ်အပေါင်းသည် တယူဇနာ တယူဇနာအရပ်၌ မြို့တခုတခု ဖန်ဆင်း၍ မြတ်စွာဘုရားအမှူးရှိသော ရဟန်းအပေါင်းနေထိုင်ဘို့ရန် ကျောင်းများကို စီမံဖန်ဆင်းထားလေ၏။ မြတ်စွာဘုရားနှင့် ရဟန်းအပေါင်းတို့ ရောက်ရာနေရာကျောင်းတိုက်တို့၌ နတ်သားတို့သည် ရှင်ဘုရင်သည် စေခိုင်းအပ်သော အလုပ်သမားများကဲ့သို့ဖြစ်၍ ယာဂု, ခဲဘွယ်, ဘောဇဉ် အစရှိသည်တို့ကို ယူဆောင်လာကြကာ အရှင်သီဝလိမထေရ်သည် အဘယ်မှာနည်း, အရှင်သီဝလိမထေရ်သည် အဘယ်မှာနည်းဟု မေးမြန်းလိုက်ပါကြကုန်၏။

ရှင်သီဝလိမထေရ်သည် ထိုပုဏ္ဏားဘွယ်ဝတ္ထု အစုစုကို ခံယူ၍ မြတ်စွာဘုရားအထံသို့ သွားရောက်ဆက်ကပ်လေ၏။ မြတ်စွာဘုရားသည် ရဟန်းအပေါင်းနှင့်အတူတကွ ဘုဉ်းပေးသုံးဆောင်တော်မူ၏။ ဤနည်းဖြင့်ပင် မြတ်စွာဘုရားသည် ပူဇော်သက္ကာရကို သုံးဆောင်တော်မူလျက် နေ့စဉ်နေ့စဉ် တယူဇနာခရီးတိုင်တိုင် ကြွတော်မူ၍ ယူဇာသုံးဆယ်ရှိသော ခရီးခဲကို တလဖြင့် လွန်မြောက်ပြီးလျှင် အရှင်ရေတဝ၏ နေရာအရပ်သို့ ရောက်တော်မူလေ၏။

ကျောင်းများတန်းခိုးဖြင့် ဖန်ဆင်းထားပုံ

အရှင်ရေတဝမထေရ်သည် မြတ်စွာဘုရားရှင် ကြွလာတော်မူသည်ကို ကြိုတင်သိရှိ၍ မိမိနေရာရှားတောကျောင်း၌ မြတ်စွာဘုရားအမှူးရှိသော ရဟန်းတော်အားလုံးနေလောက်အောက် ကျောင်းများကိုလည်း, မြတ်စွာဘုရားအတွက် ဂန္ဓကုဋီတိုက်တော်ကိုလည်း, ညဉ့်နေဘို့ရာ, နေ့နေဘို့ရာစသော ကျောင်းများကိုလည်း တန်းခိုးဖြင့် ဖန်ဆင်းပြီးလျှင် မြတ်စွာဘုရားအား ခရီးဦး ကြိုဆိုဘို့ရန် ကြွခဲ့လေသည်။

မြတ်စွာဘုရားသည် တန်းဆာဆင်ထားအပ်သော လမ်းခရီးဖြင့် ကျောင်းသို့ဝင်တော်မူလေ၏။ ထို့နောက် မြတ်စွာဘုရား ဂန္ဓကုဋီတိုက်သို့ ဝင်တော်မူပြီးလတ်သော် ကျန်ရှိသော ရဟန်းတို့သည် ဝါဒဉ်အတိုင်း မိမိတို့သို့ ရောက်သော ကျောင်းအိပ်ရာနေရာအသီးသီးသို့ ဝင်တော်မူကြလေကုန်၏။

နတ်တို့သည် ဤအချိန်ကား ဆွမ်းအာဟာရ ဘုဉ်းပေးရန် အချိန်မဟုတ်ဟု သိရှိကြကာ အဖျော်ရှစ်မျိုးတို့ကို ပို့ဆောင် ဆက်ကပ်ကြလေရာ မြတ်စွာဘုရား အမှူးရှိသော ရဟန်းတော်များသည် အဖျော်များကို ဘုဉ်းပေးသုံးဆောင်ကြကုန်၏။ ဤနည်းဖြင့် မြတ်စွာဘုရားရှင်၏ အဖို့ရာ ပူဇော်သက္ကာရကို သုံးဆောင်ခံစားတော်မူစဉ် လဝက် (တဆယ့်ငါးရက်) အချိန်သည် ကုန်လွန်ခဲ့လေသည်။

ရဟန်းအချို့ အထင်မှားကြခြင်း

ထိုအခါ အချို့သော သမာဓိမရှိသော ရဟန်းတို့သည် တနေရာ၌ ထိုင်နေကြပြီးလျှင် နတ်, လူ, ဗြဟ္မာ သတ္တဝါတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် "ငါအဂ္ဂသာဝကတို့၏ ညီအထွေးတည်း" ဟု မိန့်တော်မူကာ ဤသို့သဘောရှိသော နဝကမ္မအလုပ် ပြုလုပ်၍နေသော ရဟန်းကို ကြည့်ရှုရန် ကြွတော်မူဘိ၏။ ဤအရှင်ရေဝတ၏ ကျောင်းတိုက်ကြီးအနီး၌ ဇေတဝန်ကျောင်းတိုက်ကြီးသည်ရင်း, ဝေဠုဝန်ကျောင်းတိုက်ကြီးစသည်တို့သည်ရင်း ဘာလုပ်မည်နည်း၊ ဤရေဝတရဟန်းသည်လည်း ဤသို့ သဘောရှိသည့် နဝကမ္မအလုပ်ကို ပြုလုပ်နေသူသာဖြစ်၍ ရဟန်းတရားကို အဘယ်မှာ အားထုတ်မှု ပြုနိုင်ပါအံ့နည်း၊ အားထုတ်နိုင်မည်မဟုတ်ဟု ကဲ့ရဲ့အပြစ်ပြောဆိုကြကုန်၏။

ထိုအခါ မြတ်စွာဘုရား၏ စိတ်နှလုံးတော်ဝယ် ငါဘုရား ဤအရပ်၌ ကြာမြင့်စွာ နေသည်ရှိသော် ဤအရပ်သည် ပရိသတ်လေးပါး ရောပြွမ်း၍ နေပေလိမ့်မည်။ အာရညကင် ဓုတင်ဆောင်ရဟန်းတို့မည်သည် ဆိတ်ငြိမ်ခြင်းကို အလိုရှိကြကုန်၏။ ငါဘုရား ကြာရှည်စွာနေလျှင် ရေဝတအတွက် မချမ်းမသာ နေရခြင်း ဖြစ်ပေလိမ့်မည်ဟု ကြံဆင်ခြင်တော်မူပြီးနောက် အရှင် ရေဝတ၏ နေ့သန့်ရာ အရပ်သို့ ကြွသွားတော် မူ၏။ အရှင်ရေဝတမထေရ်သည် တပါးတည်းသာ စင်္ကြံစွန်းဝယ် မှီရာတံကဲပျဉ်ချပ်ကို မှီ၍ ကျောက်ဖျာပြင်၌ ထိုင်နေရင်းပင် မြတ်စွာဘုရား ကြွလာတော်မူသည်ကို အဝေးကပင် မြင်လတ်၍ ခရီးဦးကို ဆိုမူ ပြုလျက် ရှိသေစွာ ရှိခိုးလေ၏။

မြတ်စွာဘုရားသည် အရှင်ရေဝတမထေရ်ကို ချစ်သား ရေဝတ-ဤအရပ်ကား ခြင်္သေ့, သစ်, ကျား, သားရဲများနေရာဌာနဖြစ်၏။ ကြမ်းတမ်းသော ဆင်, မြင်းစသည်တို့၏ အသံကိုကြားလျှင် သင်ချစ်သားသည် အဘယ်သို့ အမှတ်ပြုသနည်းဟု မေးတော်မူရာ မြတ်စွာဘုရား-ထိုဆင်ကြမ်း, မြင်းကြမ်းစသည်တို့၏ အသံကိုကြားရသော တပည့်တော်၏ စိတ်မှာ တောင့်ခဲ့ မွေ့လျော်ပျော်ပိုက်ခြင်း အရညရတိတရား ကြိမ်ဖန်များစွာ ဖြစ်ပါ၏ဟု လျှောက်လေ၏။

မြတ်စွာဘုရားသည် ထိုနေ့သန့်ရာအရပ်၌ အရှင်ရေဝတ မထေရ်အား ဂါထာငါးရာတို့ဖြင့် အာရညကင် ဓုတင်ဆောက်တည်ရခြင်း၏ အကျိုးအာနိသင်

မည်သော တရားစကားကို ဟောကြားတော်မူပြီးလျှင် နောက်တနေ့၌ မနီးမဝေးသော အရပ်ဝယ် ဆွမ်းခံလှည့်လည်တော်မူပြီးနောက် ရှားတောကျောင်းတိုက်သို့ မပြန်တော့ပဲ ထိုအရပ်မှပင် အရှင်ရေဝတမထေရ်ကို ပြန်နှစ်စေတော်မူ၍ အရှင်ရေဝတ၏ ကျေးဇူးမဲ့ကို ပြောကြသည့် သမာဓိမရှိသော ရဟန်းများ၏ တောင်ဝှေး, ဘိနပ်, နယ်ဆီဗူး, ထီးတို့ကို မေ့ကျန်နေရစ်ရန် တန်းခိုးတော်ဖြင့် စီမံတော် မူလေ၏။

ထိုအပြစ်ပြောသော ရဟန်းတို့သည် မိမိတို့၏ ကျန်ရစ်ခဲ့သော အသုံးအဆောင်များကို ယူဆောင်ရန် အရှင်ရေဝတ၏ ကျောင်းတိုက်သို့ ပြန်နှစ်၍ လာကြသည်ရှိသော် လာခဲ့ရင်းလမ်းဖြင့်ပင် သွားကြပါသော်လည်း ထို မိမိတို့ နေခဲ့ရာအရပ်ကို မမှတ်သားနိုင်အောင် ဖြစ်နေကြကုန်တော့၏။ မှန်ပေ၏။ ထို ရဟန်းတို့သည် ရှေးဖြစ်သော နေ့များက တန်းခိုးဖြင့်ဖန်ဆင်းအပ်သည့် တန်းဆာဆင်အပ်သော လမ်းဖြင့် သွားကြရ၍ ထိုပြန်မည့် နေ့၌ကား မညီညွတ်သော ပကတိလမ်းဖြင့် သွားရလျက် ထိုထိုအရပ်၌ အပန်းဖြေကာ နားနေကြရကုန်၏။ အချို့နေရာ၌ကား ဒူးထောက်၍ သွားကြရကုန်၏။

ထိုရဟန်းတို့သည် သစ်ပင်ငယ်, ဆူးချုံများကိုပင်ပန်းဆင်းရဲစွာ ကျော်လွှားနင်းသွားကြရကုန်လျက် မိမိတို့နေခဲ့သော အရပ်နှင့်တူသည့် အရပ်သို့ ရောက်ရှိကြလေသော် ထိုထိုရှားငုတ်တို့များ၌ မိမိတို့၏ထီးများ, ဘိနပ်များ, နယ်ဆီဗူးများ, တောင်ဝှေးများကို ချိတ်လျက် ထောင်လျက်ပင် တွေ့မြင်ကြရလေ၏။ ထိုအခါကမ္မ ထိုအပြစ်ပြောသော ရဟန်းတို့သည် ဤအရှင်ရေဝတရဟန်းကား တန်းခိုးဣဒ္ဓိပါဒ် ကြီးမားသောရဟန်းပေတည်းဟု သိကြ၍ မိမိတို့၏ ပရိက္ခရာများကိုယူဆောင်ခဲ့ကြပြီးလျှင် သြဉ်မြတ်စွာဘုရားရှင်အတွက် စီမံအပ်သော ပူဇော်သက္ကာရသည် ဤသို့ အံ့သြဘွယ်သဘောရှိပေစွတကားဟု တအံ့တသြ ပြောဆိုကြကာ သာဝတ္ထိပြည်သို့ အရောက် သွားကြကုန်၏။

ရှေ့မှ သွားလင့်ကြ၍ သာဝတ္ထိပြည်သို့ ရောက်လင့်ကြသော ရဟန်းတို့ကို ဝိသာခါကျောင်းအမကြီးသည် မိမိအိမ်၌ ဆွမ်းစားပင့်၍ ထိုင်နေကြသော အခါ၌ အရှင်ဘုရားတို့ – အရှင်ရေဝတ၏ နေထိုင်ရာကျောင်းတိုက်သည် နှစ်သက်မြတ်နိုးဘွယ် ရှိပါ၏လားဘုရားဟု လျှောက်လေ၏။ ထိုအခါ ရှေးဦးစွာရောက်နှင့်သော ရဟန်းတို့သည် ဒါယိကာမကြီး – အရှင်ရေဝတ၏ နေထိုင်ရာကျောင်းတိုက်သည် နှစ်သက်ပျော်မွေ့ဘွယ်ရှိလှပါသဖြင့် နဒ္ဒဝန်နတ်ဥယျာဉ်, စိတ္တလတာနတ်ဥယျာဉ်နှင့် မခြား တသွင်တည်း တူလှပါ၏ဟု ပြောဆိုကြကုန်၏။

ထို့နောက် နောက်ဆုံးမှ ရောက်လာသော ရဟန်းတို့ကို ကျောင်းအမကြီးသည် အရှင်ဘုရားတို့ – အရှင်ရေဝတ၏ နေထိုင်ရာကျောင်းတိုက်သည် နှစ်သက်

ဘွယ်ရှိပါ၏လား၊ဘုရားဟု မေးမြန်းလျှောက်ထားပြန်လေရာ မမေးပါနှင့်ကျောင်းအမကြီး၊ ထိုအရှင်ရဟန္တာ၏ နေရာအရပ်သည် စကားထဲ၌ပင် ထည့်၍ ပြောဆိုခြင်းငှါ မသင့်လျော်သော အရပ်ဖြစ်ပါသည်၊ ထိုအရှင်ရဟန္တာ၏ နေရာအရပ်သည် ကျတ်တည်း မြေပြင်ဖြစ်သည့်ပြင် ကျောက်စရစ်ခဲများ, ကျောက်ပြား, ကျောက်တုံးများဖြင့် အလွန်လျှင် မြေမညီညွတ်သော ရှားတောအရပ်ကြီးဖြစ်ပေသည်၊ ထိုအရပ်၌ အရှင်ရဟန္တာသည် ဆင်းရဲစွာ နေရရှာပါ၏ဟု နောက်ဆုံး မိမိတွေ့ခဲ့သည့်အတိုင်း ဖြေကြားပြောဆိုကြလေကုန်၏။

ဝိသာခါကျောင်းအမကြီးသည် ရှေဦးစွာရောက်လာသောရဟန်း, နောက်မှရောက်လာသော ရဟန်းတို့၏ ကဲ့ပြားသော အဖြေစကားကို ကြားသိရ၍ အဘယ်ရဟန်းတို့၏ စကားက မှန်မည်နည်းဟု ကဲ့ပြားစွာ သိရှိရန် နေမှန်းလဲ့အခါ၌ ပန်းနှံသာယူဆောင်၍ မြတ်စွာဘုရားအား ဆည်းကပ်ရန် သွားရောက်ရှိခိုးပြီးလျှင် အပြစ်လွတ်ရာ အရပ်၌ နေထိုင်လျက် မြတ်စွာဘုရားအား အရှင်ရဟန္တာမထေရ်၏ နေရာအရပ်ကို အချို့သော အရှင်မြတ်တို့က ချီးမွမ်းကြပါ၏၊ အချို့သော အရှင်မြတ်တို့က ကဲ့ရဲ့ကြပါ၏။ ဤသို့ အဖြေစကား နှစ်ထွေကဲ့ပြားရလေခြင်းသည် အဘယ့်ကြောင့်ပါနည်း မြတ်စွာဘုရားဟု လျှောက်ထားမေးမြန်းလေရာ ဝိသာခါ–လောက၌ မွေ့လျော်ရာအရပ်ဖြစ်စေ, မမွေ့လျော်ရာ အရပ်ဖြစ်စေ အကြင်အရပ်၌ အရိယာတို့၏စိတ်သည် မွေ့လျော်၏၊ ထိုအရိယာတို့၏ စိတ်မွေ့လျော်ရာ အရပ်သည်သာလျှင် မွေ့လျော်ဘွယ်ရာ အရပ်မည်ပေ၏ဟု မိန့်တော်မူပြီးလျှင်—

ဂါမေ ဝါ ယဒိ ဝါရညေ၊ နိန္နေ ဝါ ယဒိ ဝါ ထလေ။
ယတ္ထ အရဟန္တော ဝိဟရန္တိ၊ တံ ဘူမိရာမဏေယျကံ။
(သံ၊၁·၂၃၄။ ခု၊၁·၂၇။ အံ၊၃၊၁·၁၈၀။)

ဟူသော ဂါထာကို ဟောတော်မူ၏။

ဝိသာခေ၊ ဝိသာခါ။ ဂါမေ ဝါ၊ ရွာ၌မူလည်းဖြစ်စေ။ ယဒိ၊ ထိုသို့မဟုတ်။ အရညေ ဝါ၊ တော၌မူလည်းဖြစ်စေ။ နိန္နေ ဝါ၊ ချိုင့်ဝှမ်းရာ အရပ်၌မူလည်းဖြစ်စေ။ ယဒိ၊ ထိုသို့မဟုတ်။ ထလေ ဝါ၊ ကြည်းကုန်းမြင့်ရာ အရပ်၌မူလည်းဖြစ်စေ။ ယတ္ထ၊ အကြင်အရပ်၌။ အရဟန္တော၊ ရဟန္တာပုဂ္ဂိုလ်တို့သည်။ ဝိဟရန္တိ၊ နေကြကုန်၏။ တံ ဌာနံ၊ ထိုရဟန္တာများ နေရာအရပ်သည်။ ဘူမိရာမဏေယျကံ၊ မြေအပြင်ဝယ် မွေ့လျော်ဘွယ်မှန်လှ အရပ်ဌာနပေတည်း။

(ဤကား အဂ်ုံတ္တရနိကာယ ဇောနိပါတအဋ္ဌကထာ အတိုင်းပင်ဖြစ်၏။ ဓမ္မပဒအဋ္ဌကထာများနှင့် ကဲ့ပြားမှုအနည်းငယ်ရှိသည်။)

တေဒဂ်ဘွဲ့ ရရှိတော်မူခြင်း

မြတ်စွာဘုရားရှင်သည် နောင်တချိန်ဝယ် ဇေတဝန်ကျောင်းတိုက် ရဟန္တာ ပုဂ္ဂိုလ်တို့၏ အလယ်တွင် နေထိုင်လျက် အရှင်ရေဝတ မထေရ်အား "တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ အာရညကာနံ ယဒိဒံ ရေဝတော ခဒိရဝနိ-ယော" ရဟန်းတို့ တောကျောင်းနေကြသော ငါဘုရား၏ တပည့် သာဝက ရဟန်းတို့တွင် ရှားတော၌နေသော ရေဝတရဟန်းသည် အမြတ်ဆုံး, အသာဆုံး ဖြစ်ပေ၏ဟု ချီးကျူး မြွက်ဆိုတော်မူလျက် တေဒဂ် ထားတော်မူလေသည်။

ရဟန္တာများသည် ရှာနီးကျောင်း၌ ကာယဝိဝေကကို မရပါသော်လည်း စိတ္တဝိဝေကကို ရရှိကြပေ၏။ မှန်၏၊ ရဟန္တာတို့အား နတ်၌ဖြစ်သော အာရုံနှင့် တူကုန်သော နှစ်သက်ဘွယ်ရာ အာရုံတို့သည် စိတ်ကို တုန်လှုပ်စေခြင်းငှါ မတတ်နိုင်ကြချေ။ (ဓမ္မပဒ)

အရှင်ရေဝတအကြောင်း ပြီး၏။

သတိပြုဘွယ်များ

တောတွင်း၌ တပါးတည်း သီတင်းသုံးသော ရဟန်းတော်တို့သည် အကယ်၍များ ရောဂါဖြစ်လျှင်, ကျား, ဆင်စသော သတ္တဝါတို့နှင့် တွေ့၍ ရန်မူလျှင်ငါ့မှာ တပါးတည်းဖြစ်၍ များစွာ ဒုက္ခတွေ့စရာ ရှိ၏။ ထိုဒုက္ခများ မတွေ့ရခင် မရသေးသည့် သမာဓိ ရရှိအောင်, ရရှိပြီးသော သမာဓိ မပျောက်ပျက်အောင်, ရဟန္တာမဖြစ်–ဖြစ်အောင် ကြိုးစားအားထုတ်မှ သင့်မည်ဟု ဆုံးမကာ မအိပ်မနေ ကြိုးစားအားထုတ်ရာ၏။

တောနေသည်ဟူရာ၌ ကျား, ကြောင်စသော သတ္တဝါများလည်း တောမှာနေသည်၊ ဈာန်မဂ်ဖိုလ်ကို ရလိုသော သူတော်ကောင်းများလည်း တောမှာနေသည်၊ သို့သော် တောသတ္တဝါများကား သဘာဝကြောင့် တောကြီးထဲမှာ နေကြ၏၊ သူတော်ကောင်းများကား ကာယဝိဝေက, စိတ္တဝိဝေက, ဥပဓိဝိဝေက သုံးဖြာကို ရလိုရှိငှင်း, မဂ်ဖိုလ်ကို ရလိုရှိငှင်း တောကြီးထဲမှာ နေကြလေ၏။

တောတွင်း၌ တောရဆောက်တည်သော ရဟန်းသည် မိမိရည်မှန်းသည့် အရဟတ္တဖိုလ် ပန်းတိုင်ကို နံနက်အခါ ရနိုးနိုး, နေ့လည်အခါ ရနိုးနိုး, ညနေစောင်း ရနိုးနိုးဖြင့် မျော်ကိုး၍ ကြိုးစားအားထုတ်ရာ၏။ **"ကျားကြောက်၍ ပြေးလျှင် ခွေးဟောင်တာကို သတိမမူရ"** ဆိုသကဲ့သို့ နိဗ္ဗာန်ရလို၍ တောရဆောက်တည်သော ပုဂ္ဂိုလ်သည် ရောဂါဖြစ်မှာ, ငှက်ဖျားစွဲမှာ, ကျားကိုက်မှာ, အစာအာဟာရ မပြည့်စုံမှာ, နေရာကျောင်းမရှိမှာ, ရေမရရှိမှာ,

ကုဋ္ဌီမရရှိမှာ အဖြာဖြာစသည်ကို တွေး၍ ကြောက်ပြီး တောမထွက်လျှင်, တောထွက်ပြီးမှ တွေးကြောက်နေလျှင် သံသရာတည်းဟူသောကျွး ကိုက်စား ခံရလိမ့်မည်။ အကိုက်အစား မခံရအောင် သတိရှိရာ၏။

တောနေ ရဟန်းနှင့် အာဠာနာဋိယသုတ္တန်

အခါတပါး ဝေဿဝဏ်နတ်မင်းကြီးသည် မြတ်စွာဘုရားရှင်အား ဤသို့ လျှောက်ထားလေ၏။

ဘုန်းတော်ကြီးလှတော်မူသော မြတ်စွာဘုရား–တန်းခိုးကြီးသော ယက္ခနတ်တို့သည် မြတ်စွာဘုရား အပေါ်၌ ကြည်ညိုကြသည်လည်း ရှိကြပါ၏။ မကြည်ညိုကြသည်လည်း ရှိကြပါ၏။ ထို့အတူပင် တန်းခိုး အလယ်အလတ် ရှိသော ယက္ခနတ်, တန်းခိုးသေးငယ်သော ယက္ခနတ်တို့သည်လည်း မြတ်စွာဘုရား၏ အပေါ်၌ ကြည်ညိုကြသည်လည်း ရှိကြပါ၏။ မကြည်ညိုကြသည်လည်း ရှိကြပါ၏။

မြတ်စွာဘုရား–ယက္ခနတ်တို့သည် မြတ်စွာဘုရား၏ အပေါ်၌ မကြည်ညိုကြသည်ကသာ များပါကုန်၏။ အကြောင်းသော်ကား–ရှင်တော်ဘုရားသည် ငါးပါးသီလ စောင့်ရှောက်ဖို့ရန် တရားဟောပါ၏။ ယက္ခနတ်တို့သည် ငါးပါးသီလ မရှောင်ကြဉ်သူကသာ များပါကုန်၏။ ထို သီလမရှိသော ယက္ခနတ်တို့မှာ ငါးပါးသီလ အကျင့်မြတ်သည် မချစ်နှစ်သက်ဘွယ်သာ ဖြစ်၍ နေပါ၏။

မြတ်စွာဘုရား–မြို့စွန်, ရွာဖျား, တောကျောင်းများ၌ အရှင်ဘုရား၏ တပည့်ရဟန်း အများအပြား နေထိုင်ကြပါ၏။ ထို မြို့စွန်, ရွာဖျား တောအရပ် များဝယ် ဤဘုရားသာသနာတော်၌ မကြည်ညိုကြသည့် (တန်းခိုးကြီးလှသည့်) ယက္ခနတ်အပေါင်းများစွာ အမြဲနေထိုင်လျက် ရှိကြပါသည်။ မြတ်စွာဘုရား ထို ယက္ခနတ်များ ကြည်ညိုမှု ရရှိကြရန် ရှင်တော် ဘုရားသည် အာဠာနာဋိယ ပရိတ် အရံအတားကို ရဟန်းယောကျွး, ရဟန်းမိန်းမ, ဥပါသကာယောကျွး ဥပါသိကာ မိန်းမတို့၏ အကာအကွယ် အစောင့်အရှောက် ဖြစ်စေခြင်းငှါ ယက္ခနတ်ဘီလူးတို့ အညှဉ်းဆဲ အနှိပ်စက် မခံရခြင်းငှါ ဤရိယာပထ လေးပါး၌ ချမ်းသာစွာ နေထိုင်ရခြင်းငှါ သင်ကြားပေးတော်မူပါလေ့ဟု ဤကဲ့သို့ လျှောက်ထားလေသည်။

မြတ်စွာဘုရားသည် လျှောက်ထားသည့်အတိုင်း လက်ခံတော်မူ၍ ဝေဿဝဏ် နတ်မင်းကြီး ရွတ်ဆိုလျှောက်ထားသည့် ဤ အာဠာနာဋိယပရိတ် အရံအတားကို မြတ်စွာဘုရားက တဖန် ပရိသတ်လေးပါးအား ရွတ်ဖတ်ဘို့ရန် ဟော ကြားပြန်လေသည်၊ ထို့နောက် ဝေဿဝဏ် နတ်မင်းကြီးသည် မြတ်စွာဘုရား

ဤအာဠာနာဋိယ ပရိတ်အရံအတားကို ကောင်းစွာသင်ကြား လေ့လာထား သည့် ပုဂ္ဂိုလ် တဦးဦးကို ယက္ခနတ်, ဂန္ဓဗ္ဗနတ်, ကုမ္ဘဏ္ဍနတ်,နာဂနတ် အသီးသီး သည် နှောင့်ယှက် ဖျက်ဆီးလိုသော စိတ်ရှိသည်ဖြစ်၍ မိမိထံပါး အနီးကပ်ကာ လိုက်ပါတည်နေလျှင် ထို ယက္ခနတ်သည် ရာ, နိဂုံးတို့၌ အကျွန်ုပ်၏ အခွင့် အရေးဖြစ်သည့် အရိုအသေပြုခြင်း, အလေးအမြတ် ပြုခြင်းမျှားကို မရရာ။

မြတ်စွာဘုရား–ထို ယက္ခနတ်သည် အကျွန်ုပ်၏ အာဠဝကမန္ဒာ အမည်ရှိ သော မင်းနေပြည်၌ ဗိမာန်အိမ်ရာကိုဂင်း, အမြဲနေခြင်းကိုဂင်း မရရာ။ ဤသို့ အစရှိသည်ဖြင့် ထို နှောင့်ယှက် ပူးကပ်သော ယက္ခနတ်၏ အခွင့်အရေး ဆုံးရှုံးမှု အစရှိသည်ကို လျှောက်ထား၍ မင်း၏ အမိန့်အာဏာကို မနာခံ ဖီဆန်ကုန် သော လူဆိုး သူခိုးမျှား ရှိသကဲ့သို့ စတုမဟာရာဇ် နတ်မင်းကြီးလေးယောက် တို့၏ အမိန့်အာဏာကို မနာခံ ဖီဆန်ကုန်သော ယက္ခနတ်ဆိုးမျှားလည်း ရှိကြောင်း၊ အကယ်၍ ထို ယက္ခနတ်ဆိုးမျှားသည် မြတ်စွာဘုရား၏ တပည့် တဦးဦးကို ပူးကပ် နှောင့်ယှက်လျှင် ဣန္ဒနတ်, သောမနတ်, ဝရုဏနတ် အစရှိ သော နတ် စစ်သူကြီး သုံးကျိပ် ရှစ်ဦးတို့ကို ဤ ဘီလူးသည် ဤ သူကို ဖမ်းစား ပူးဝင် နှိပ်စက် ညှဉ်းဆဲ ဆင်းရဲ ပင်ပန်းစေ၏၊ ဤ ဘီလူးသည် မလွတ်လိုဟူ၍ တိုင်တန်းပြောဆိုရန် အကြောင်းမရှိပါဟု လျှောက်ထားသွားလေသည်။

ဤကား လိုရင်း အကျဉ်းတည်း၊ အကျယ်ကို အလိုရှိမူ သုတ်ပါထေယျ-ပါဠိတော်, အဋ္ဌကထာတို့၌ ကြည့်ရှုကြရာ၏။ အာရညကင် ဓုတင်ဆောင် ရဟန်းများ အတွက် အသက်သွေးကြော ဖြစ်၍ ဤ အာဠာနာဋိယ ပရိတ် အကျယ်ကို ရွတ်ဖတ်ကြပါကုန်။ ထို့နောက် သုတ်မဟာဝဂ်ပါဠိတော်၌လာသော မဟာသမယသုတ္တန်ခေါ် ဒေဝပိယ=နတ်ချစ်သောသုတ်, ပရိတ်ကြီး ဆယ့်တသုတ် ကိုလည်း နတ်, ဗြဟ္မာ တို့အား ဖိတ်ခေါ်ပြီးလျှင် နေ့စဉ် ရွတ်ဖတ်ရာ၏။ မဟာ-သမယသုတ်ကို ထင်ရှားကျော်စောသော ဆရာတော် အစဉ်အဆက် အမြဲ မပြတ် ရွတ်ဖတ်သွားကြသည်။ ယနေ့ ထင်ရှားရှိသော ကျေးဇူးရှင် ဝေဘူ-ဆရာတော် ဘုရားနှင့် အာရညကင် ဓုတင်ဆောင် ရဟန်းများ အမြဲမပြတ် ရွတ်ဖတ်နေကြဆဲ ဖြစ်၏ ဤကျမ်း၌ကား သုတ်ပါထေယျပါဠိတော်၌လာသော အာဠာနာဋိယသုတ်ကို ရေးသားပါဦးအံ့—

အာဠာနာဋိယသုတ်ပါဠိတော်

၁။ ဝိပဿိဿ စ နမတ္ထု၊ စက္ခုမန္တဿ သိရိမတော။
သိခိဿာပိ စ နမတ္ထု၊ သဗ္ဗဘူတာနုကမ္ပိနော။

၂။ ဝေဿဘုဿ စ နမတ္ထု၊ နှာတကဿ တပဿိနော။
နမတ္ထု ကကုသန္ဓဿ၊ မာရသေနာပမဒ္ဒိနော။

၃။ ကောဏာဂမနဿ နမတ္ထု၊ ဗြာဟ္မဏဿ ဝုသီမတော။
ကဿပဿ စ နမတ္ထု၊ ဝိပ္ပမုတ္တဿ သဗ္ဗဓိ။

၄။ အင်္ဂီရသဿ နမတ္ထု၊ သက္ယပုတ္တဿ သိရိမတော။
ယော ဣမံ မမံ ဒေသေတိ၊ သဗ္ဗဒုက္ခာပနူဒနံ။

၅။ ယေ စာပိ နိဗ္ဗုတာ လောကေ၊ ယထာဘူတံ ဝိပဿိသုံ။
တေ ဇနာ အပိသုဏာထ၊ မဟန္တာ ဝီတသာရဒါ။

၆။ ဟိတံ ဒေဝမနုဿာနံ၊ ယံ နမဿန္တိ ဂေါတမံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊ မဟန္တံ ဝီတသာရဒံ။

၇။ ယတော ညဂ္ဃတိ သူရိယော၊ အာဒိစ္စော မဏ္ဍလီ မဟာ။
ယဿ ညဂ္ဃမာနဿ၊ သံဝရီပိ နိဝူဇ္ဈတိ။
ယဿ စုဂ္ဂတေ သူရိယေ၊ ဒိဝသောတိ ပဝုစ္စတိ။

၈။ ရဟဒေါပိ တတ္ထ ဂမ္ဘီရော၊ သမုဒ္ဒေါ သရိတောဒကော။
ဧဝံ တံ တတ္ထ ဇာနန္တိ၊ သမုဒ္ဒေါ သရိတောဒကော။

၉။ ဣတော သာ ပုရိမာ ဒိသာ၊ ဣတိ နံ အာစိက္ခတိ ဇနော။
ယံ ဒိသံ အဘိပါလေတိ၊ မဟာရာဇာ ယဿသီ သော။

၁၀။ ဂန္ဓဗ္ဗာနံ အဓိပတိ၊ ဓတရဋ္ဌောတိ နာမသော။
ရမတီ နစ္စဂီတေဟိ၊ ဂန္ဓဗ္ဗေဟိ ပုရက္ခတော။

၁၁။ ပုတ္တာပိ တဿ ဗဟဝေါ၊ ဧကနာမာတိ မေ သုတံ။
အသတ ဒသ ဧကော စ၊ ဣန္ဒနာမာ မဟာဗလာ။

၁၂။ တေ စာပိ ဗုဒ္ဓံ ဒိသ္သာန၊ ဗုဒ္ဓံ အာဒိစ္စဗန္ဓုနံ။
ဒူရတောဝ နမဿန္တိ၊ မဟန္တံ ဝီတသာရဒံ။

၁၃။ နမော တေ ပုရိသာဇည၊ နမော တေ ပုရိသုတ္တမ။
ကုသလေန သမေက္ခသိ၊ အမနုဿာပိ တံ ဝန္ဒန္တိ။
သုတံ နေတံ အဘိဏှသော၊ တသ္မာ ဧဝံ ဝဒေမသေ။

၁၄။ ဇိနံ ဝန္ဒထ ဂေါတမံ၊ ဇိနံ ဝန္ဒာမ ဂေါတမံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမ ဂေါတမံ။

၁၅။ ယေန ပေတာ ပဝုစ္စန္တိ၊ ပိသုဏာ ပိဠိမံသိကာ။
ပါဏာတိပါတိနော လုဒ္ဒါ၊ စောရာ နေကတိကာ ဇနာ။

၁၆။ ဣတော သာ ဒက္ခိဏာ ဒိသာ၊ ဣတိ နံ အာစိက္ခတီ ဇနော။
ယံ ဒိသံ အဘိပါလေတိ၊ မဟာရာဇာ ယသဿိ သော။

၁၇။ ကုမ္ဘဏ္ဍာနံ အဓိပတိ၊ ဝိရူဠှော ဣတိ နာမသော။
ရမတိ နစ္စဂီတေဟိ၊ ကုမ္ဘဏ္ဍေဟိ ပုရက္ခတော။

၁၈။ ပုတ္တာပိ တဿ ဗဟဝေါ၊ ဧကနာမာတိ မေ သုတံ။
အသီတိ ဒသ ဧကော စ၊ ဣန္ဒနာမာ မဟာဗလာ။

၁၉။ တေ စာပိ ဗုဒ္ဓံ ဒိသွာန၊ ဗုဒ္ဓံ အာဒိစ္စဗန္ဓုနံ။
ဒူရတောဝ နမဿန္တိ၊ မဟန္တံ ဝီတသာရဒံ။

၂၀။ နမော တေ ပုရိသာဇည၊ နမော တေ ပုရိသုတ္တမ။
ကုသလေန သမေက္ခသိ၊ အမနုဿာပိ တံ ဝန္ဒန္တိ။
သုတ နေတ အဘက္ခသော၊ တသ္မာ ဧဝံ ဝဒေမသေ။

၂၁။ ဇိနံ ဝန္ဒထ ဂေါတမံ၊ ဇိနံ ဝန္ဒာမ ဂေါတမံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမ ဂေါတမံ။

၂၂။ ယတ္ထ စောဂ္ဂဆ္ဆတိ သုရိယော၊ အာဒိစ္စော မဏ္ဍလီ မဟာ။
ယဿ စောဂ္ဂဆ္ဆမာနဿ၊ ဒိဝသောပိ နိရုဇ္ဈတိ။
ယဿ စောဂ္ဂတော သုရိယော၊ သံဝရီတိ ပဝုစ္စတိ။

၂၃။ ရဟဒေါပိ တတ္ထ ဂမ္ဘီရော၊ သမုဒ္ဒေါ သရိတောဒကော။
ဧဝံ တံ တတ္ထ ဇာနန္တိ၊ သမုဒ္ဒေါ သရိတောဒကော။

၂၄။ ဣတော သာ ပစ္ဆိမာ ဒိသာ၊ ဣတိ နံ အာစိက္ခတီ ဇနော။
ယံ ဒိသံ အဘိပါလေတိ၊ မဟာရာဇာ ယသဿိ သော။

၂၅။ နာဂါနဉ္စ အဓိပတိ၊ ဝိရူပက္ခောတိ နာမသော။
ရမတီ နစ္စဂီတေဟိ၊ နာဂေဟေဝ ပုရက္ခတော။

၂၆။ ပုတ္တာပိ တဿ ဗဟဝေါ၊ ဧကနာမာတိ မေ သုတံ။
အသီတိ ဒသ ဧကော စ၊ ဣန္ဒနာမာ မဟာဗလာ။

၂၇။ တေ စာပိ ဗုဒ္ဓံ ဒိသွာန၊ ဗုဒ္ဓံ အာဒိစ္စဗန္ဓုနံ။
ဒူရတောဝ နမဿန္တိ၊ မဟန္တံ ဝီတသာရဒံ။

၂၈။ နမော တေ ပုရိသာဇညေ၊ နမော တေ ပုရိသုတ္တမ။
ကုသလေန သမေက္ခသိ၊ အမနုဿာပိ တံ ဝန္ဒန္တိ။
သုတံ နေတံ အဘိက္ကမေ၊ တသ္မာ ဧဝံ ဝဒေမသေ။

၂၉။ ဇိနံ ဝန္ဒထ ဂေါတမံ၊ ဇိနံ ဝန္ဒာမ ဂေါတမံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမ ဂေါတမံ။

၃၀။ ယေန ဥတ္တရကုရုဝေါ၊ မဟာနေရု သုဒဿနော။
မနုဿာ တတ္ထ ဇာယန္တိ၊ အမမာ အပရိဂ္ဂဟာ။

၃၁။ န တေ ဗိဇံ ပဝပန္တိ၊ နပိ နိယန္တိ နင်္ဂလာ။
အကဋ္ဌပါကိမံ သာလိံ၊ ပရိဘုဉ္ဇန္တိ မာနုသာ။

၃၂။ အကဏ်ံ အထုသံ သုဒ္ဓံ၊ သုဂန္ဓံ တဏ္ဍုလပ္ဖလံ။
တုဏ္ဍိကိရေ ပစိတ္ဝာန၊ တတော ဘုဉ္ဇန္တိ ဘောဇနံ။

၃၃။ ဂါဝိံ ဧကခုရံ ကတ္ဝာ၊ အနုယန္တိ ဒိသောဒိသံ။
ပသုံ ဧကခုရံ ကတ္ဝာ၊ အနုယန္တိ ဒိသောဒိသံ။

၃၄။ ဣတ္ထိံ ဝါ ဝါဟနံ ကတ္ဝာ၊ အနုယန္တိ ဒိသောဒိသံ။
ပုရိသံ ဝါဟနံ ကတ္ဝာ၊ အနုယန္တိ ဒိသောဒိသံ။

၃၅။ ကုမာရိံ ဝါဟနံ ကတ္ဝာ၊ အနုယန္တိ ဒိသောဒိသံ။
ကုမာရံ ဝါဟနံ ကတ္ဝာ၊ အနုယန္တိ ဒိသောဒိသံ။

၃၆။ တေ ယာနေ အဘိရုဟိတ္ဝာ၊
သဗ္ဗာ ဒိသာ အနုပရိယာယန္တိ၊
ပစာရာ တာသ ရာဇိနော။

၃၇။ ဟတ္ထိယာနံ အာသယာနံ၊ ဒိဗ္ဗယာနံ ဥပဋ္ဌိတံ။
ပါသာဒါ သိဝိကာ စေဝ၊ မဟာရာဇာသ ယသသိနော။

၃၈။ တာသ စ နဂရာ အဟု၊
အန္တလိက္ခေ သုမာပိတာ။
အာဋာနာဋာ ကုသိနာဋာ ပရကုသိနာဋာ။
နာဋသ္ဟုရိယာ ပရကုသိဋနာဋာ။

၃၉။ ဥတ္တရေန ကသိဝန္တေ၊
ဇနေသဘမပရေန စ။
နဝနဝုတိယော အမ္ဗရအမ္ဗရဝတိယော။
အာဋကမန္ဒာ နာမ ရာဇဓာနီ။

ကုဝေရဿ ခေါ် ပန မာရိသ မဟာရာဇဿ ဝိသာဏာ နာမ
ရာဇခာနီ၊ တသ္မာ ကုဝေရော မဟာရာဇာ ဝေဿဝဏောတိ
ပဝုစ္စတိ။

၄၀။ ပစ္စေသန္တော ပကာသေန္တိ၊တတောလာ တတ္တလာ တတောတလာ။
သြဇသိ တေဇသိ တတောဇသီ၊ သူရော ရာဇာ အရိဋ္ဌော နေမိ။

၄၁။ ရဟဒေါပိ တတ္ထ ဓရဏီ နာမ၊ ယတော မေဃာ ပဝဿန္တိ။
ဝဿာ ယတော ပတာယန္တိ၊ သဘာပိ တတ္ထ သာလဝတီ နာမ။

၄၂။ ယတ္ထ ယက္ခာ ပယိရုပါသန္တိ၊ တတ္ထ နိစ္စဖလာ ရုက္ခာ။
နာနာ ဒိဇဂဏာယုတာ၊ မယူရကောဥ္စာဘိရုဒါ။
ကောကိလာဒိဟိ ဝဂ္ဂုဟိ။

၄၃။ ဇိဝဉ္ဇိဝကသဒ္ဒေတ္ထ၊ အထော သြဋ္ဌဝစိတ္တကာ။
ကုက္ကုဋ္ဌကာ ကုဋ္ဌိရကာ၊ ဝနေ ပေါက္ခရသာတကာ။

၄၄။ သုကသာလိကသဒ္ဒေတ္ထ၊ ဒဏ္ဍမာဏဝကာနိ စ။
သောဘတိ သဗ္ဗကာလံ သာ၊ ကုဝေရနဂ္ဂိနီ သဒါ။

၄၅။ ဣတော သာ ဥတ္တရာ ဒိသာ၊ ဣတိ နံ အာစိက္ခတိ ဇနော။
ယံ ဒိသံ အဘိပါလေတိ၊ မဟာရာဇာ ယသဿီ သော။

၄၆။ ယက္ခာနဉ္စ အဓိပတိ၊ ကုဝေရော ဣတိ နာမသော။
ရမတီ နစ္စဂီတေဟိ၊ ယက္ခေဟေဝ ပုရက္ခတော။

၄၇။ ပုတ္တာပိ တဿ ဗဟဝေါ၊ ဇေနာမာတိ မေ သုတံ။
အသီတိ ဒသ ဧကော စ၊ ဣန္ဒနာမာ မဟဗ္ဗလာ။

၄၈။ တေ စာပိ ပုဒ္ဓံ ဒိသ္ဝာန၊ ပုဒ္ဓံ အာဒိစ္စဗန္ဓုနံ။
ဒိဋ္ဌဓမ္မာဘိနိဗ္ဗုတံ၊ မဟန္တံ ဝီတသာရဒံ။

ဝ ဝ

၄၉။ နမော တေ ပုရိသာဇညာ၊ နမော တေ ပုရိသုတ္တမ။
ကုသလေန သမေက္ခသိ၊ အမနုဿာပိ တံ ဝန္ဒန္တိ။
သုတံ နေတံ အဘိက္ခဏော၊ တသ္မာ ဧဝံ ဝဒေမသေ။

၅၀။ ဇိနံ ဝန္ဒထ ဂေါတမံ၊ ဇိနံ ဝန္ဒာမ ဂေါတမံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊ ပုဒ္ဓံ ဝန္ဒာမ ဂေါတမံ။

အာဠဝကဒ္ဒိယသုတ္တံ နိဋ္ဌိတံ။

အာဠာနာဠိယသုတ်ပါဠိတော် နိဿယ

၁။ စက္ခုမန္တဿ၊ ဗုဒ္ဓ, ဓမ္မ, သမန္တန္နှင့် ဉာဏ, ဒိဗ္ဗာ ဤငါးဖြာသော စက္ခု ရှိတော်မူသော။ သိရိမတော၊ လွန်ကဲသော ပညာရှိတော်မူသော။ ဝိပဿီဿ စ၊ ဝိပဿီ မြတ်စွာဘုရားအား လည်း။ မေ၊ အကျွန်ုပ်၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါ၏။ သဗ္ဗဘူတာနုကမ္ပိနေ၌၊ အလုံးစုံသော သတ္တဝါတို့ကို အစဉ် သနား စောင့်ရှောက် ချီးမြှောက် ထောက်ပံ့လေ့ရှိသော။ သိခိဿာပိ စ၊ သိခီ မြတ်စွာဘုရားအား လည်း။ မေ၊ အကျွန်ုပ်၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါ၏။

၂။ နှာတကဿ၊ ကိလေသာတို့ကို ဆေးကြောသုတ်သင်တော်မူပြီးသော။ တပဿိနော၊ ကိလေသာတို့ကို ပူပန်စေတတ်သော အကျင့်ရှိတော်မူသော။ ဝေဿဘုဿ စ၊ ဝေဿဘူမြတ်စွာဘုရားအား လည်း။ မေ၊ အကျွန်ုပ်၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါ၏။ မာရသေနာပမဒ္ဒိနော၊ မာရ်မင်း, မာရ်မင်း၏ စစ်သည်ကို လွှမ်းမိုးနှိမ်နင်းတော်မူနိုင်သော။ ကကုသန္ဓဿ စ၊ ကကုသန်မြတ်စွာ ဘုရားအား လည်း။ မေ၊ အကျွန်ုပ်၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါ၏။

၃။ ဗြာဟ္မဏဿ၊ တားမြစ်ကန့်ကွက် ပယ်ဖျက်အပ်ပြီးသော မကောင်းမှုရှိ တော်မူသော။ ဝုသိမတော၊ ကျင့်သုံးအပ်ပြီးသော မဂ္ဂဗြဟ္မစရိယဝါသ, ဆယ် ပါးသော အရိယဝါသရှိတော်မူသော။ ကောဏာဂမနဿ စ၊ ကောဏာဂုံမြတ် စွာဘုရားအား လည်း။ မေ၊ အကျွန်ုပ်၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ် ပါ၏။ သဗ္ဗမိ၊ အလုံးစုံသော အာရုံတို့၌။ ဝိပ္ပမုတ္တဿ၊ ကိလေသာတို့မှ ကင်း လွတ်တော်မူပြီးသော။ ကဿပဿ စ၊ ကဿပမြတ်စွာဘုရားအား လည်း။ မေ၊ အကျွန်ုပ်၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါ၏။

၄။ အဂိရသော၊ ကိုယ်တော်မှ ပြိုးပြိုးပြက်ပြက် တလက်လက်ထွက်သော ရောင်ခြည်ရှိတော်မူသော။ သက္ကပုတ္တော၊ သုဒ္ဓါဒန သာကီဝင်မင်း၏ သားဖြစ် တော်မူသော။ သိရိမာ၊ လွန်ကဲသော ဘုန်းကံရှိတော်မူသော။ ယော ဘဂဝါ၊ အကြင် မြတ်စွာဘုရားသည်။ သဗ္ဗဒုက္ခာပနူဒနံ၊ အလုံးစုံသော ဆင်းရဲကို ပယ် ဖျောက်တတ်သော။ ဣမံ ဓမ္မံ၊ ဤပရိယတ္တိ, ပဋိပတ္တိ, ပဋိဝေဓတရားကို။ ဒေသေသိ၊ ဟောတော်မူပြီ။ အဂိရသဿ၊ ကိုယ်တော်မှ ပြိုးပြိုးပြက်ပြက် တ လက်လက်ထွက်သော ရောင်ခြည်ရှိတော်မူသော။ သက္ကပုတ္တဿ၊ သုဒ္ဓါဒန သာကီဝင်မင်း၏ သား ဖြစ်တော်မူသော။ သိရိမတော၊ လွန်ကဲသော ဘုန်းကံရှိ တော်မူသော။ တဿ ဘဂဝတော စ၊ ထိုမြတ်စွာဘုရားအား လည်း။ မေ၊ အကျွန်ုပ်၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါ၏။

၅။ လောကေ၊ လောကဋ္ဌ။ နိဗ္ဗုတာ၊ ကိလေသာတို့မှ ငြိမ်းအေးတော်မူကြကုန်ပြီးသော။ ယေ စာပိ ဇနာ၊ အကြင် ကံ ကိလေသာတို့ဖြင့် ဖြစ်ပြီးသာ ဖြစ်သော ရဟန္တာပုဂ္ဂိုလ်တို့သည်လည်း။ ယထာဘူတံ၊ မဖောက်မပြန် ဟုတ်မှန်သည်အား‌လျော်စွာ။ ဝိပဿိသုံ၊ ငါးပါးသော ဥပါဒါနက္ခန္ဓာတို့ကို သမုဒယ, ဝယ, သမုဒယဝယဟူသော သုံးပါးအပြားဖြင့် ရှုမြင်တော်မူကြကုန်ပြီ။ ဒေဝမနုဿာနံ၊ နတ် လူတို့၏။ ဟိတံ၊ အကျိုးစီးပွားကို ရှာတော်မူလေ့ရှိသော။ ဝိဇ္ဇာစရဏသမ္ပန္နံ၊ သုံးပါးသောဝိဇ္ဇာ, ရှစ်ပါးသောဝိဇ္ဇာ, တဆဲ့ငါးပါးသောစရဏတို့နှင့် ပြည့်စုံတော်မူသော။ မဟန္တံ၊ မြတ်သောနိဗ္ဗာန် ဟူသော အဆုံးရှိတော်မူသော။ ဝိတသာရဒံ၊ ရုံရှာခြင်းကင်း ရဲတင်းသောစိတ်ရှိတော်မူသော။ ဂေါတမံ၊ ဂေါတမမြတ်စွာဘုရားကို။ နမဿန္တိ၊ ရှိခိုးကြကုန်၏။ တေ ဇနာ၊ ထိုကံကိလေသာတို့ဖြင့် ဖြစ်ပြီးသာဖြစ်သော ရဟန္တာပုဂ္ဂိုလ်တို့သည်။ အပိသုဏာ၊ နှစ်ဦးသော ပုဂ္ဂိုလ်တို့၏အချစ်ကို မှန်မှန်ညက်ညက် ကြိတ်ချေတတ်သော ကုန်းတိုက်ကြောင်းစကား ရှိတော်မမူကြကုန်။ အထ၊ ထိုမျှ၌။ မဟန္တာ၊ မြတ်သောနိဗ္ဗာန် ဟူသော အဆုံးရှိတော်မူကြကုန်၏။ ဝိတသာရဒါ၊ ရုံရှာခြင်းကင်း ရဲတင်းသော စိတ်ရှိတော်မူကြကုန်၏။ တေသံ ဇနာနံ စ၊ ထိုကံကိလေသာတို့ဖြင့် ဖြစ်ပြီးသာဖြစ်သော ရဟန္တာပုဂ္ဂိုလ်တို့အား‌လည်း။ မေ၊ အက္ခန်ပ်၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါ၏။

၆။ ပဏ္ဍိတာ၊ မြတ်သောပညာရှိကြကုန်သော။ ဒေဝမနုဿာ၊ နတ်လူတို့သည်။ ဒေဝမနုဿာနံ၊ နတ်လူတို့၏။ ဟိတံ၊ အကျိုးစီးပွားကို ရှာတော်မူလေ့ရှိသော။ ဝိဇ္ဇာစရဏသမ္ပန္နံ၊ သုံးပါးသော ဝိဇ္ဇာ, ရှစ်ပါးသောဝိဇ္ဇာ, တဆဲ့ငါးပါးသောစရဏတို့နှင့် ပြည့်စုံတော်မူသော။ မဟန္တံ၊ မြတ်သောနိဗ္ဗာန်ဟူသော အဆုံးရှိတော်မူသော။ ဝိတသာရဒံ၊ ရုံရှာခြင်းကင်း ရဲတင်းသောစိတ် ရှိတော်မူသော။ ယံ ဂေါတမံ၊ အကြင် ဂေါတမ မြတ်စွာဘုရားကို။ နမဿန္တိ၊ ရှိခိုးကြကုန်၏။ တဿ ဂေါတမဿ စ၊ ထိုဂေါတမ မြတ်စွာဘုရားအား‌လည်းကောင်း။ တတော ဂေါတမတော၊ ထိုဂေါတမ မြတ်စွာဘုရားမှ။ ပုရိမာနံ၊ ရှေး၌ ပွင့်တော်မူကြကုန်သော။ ဗုဒ္ဓါနဉ္စ၊ မြတ်စွာဘုရားတို့အား‌လည်းကောင်း။ မေ၊ အက္ခန်ပ်၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါ၏။

၇။ ယတော ဌာနတော၊ အကြင်အရပ်မှ။ ယဿ သူရိယဿ စ၊ အကြင် နေသည်လည်း။ ဥဂ္ဂစ္ဆမာနဿ၊ ထွက်သည်ရှိသော်။ သံဝရိပိ၊ ညဉ့်သည်လည်း။ နိရုဇ္ဈတိ၊ ကွယ်ပျောက် ချုပ်ငြိမ်း ရုပ်သိမ်းရလေ၏။ ယသ္မိံ သူရိယေ၊ အကြင်နေသည်လည်း။ ဥဂ္ဂတေ၊ အမိုက်ကင်းပျောက် အလင်းရောက်အောင်ဝင်းတောက် ထွက်ပြူလာသည်ရှိသော်။ ဒိဝေသောတိ၊ နေ့ဟူ၍။ ပဝုစ္စတိ၊ အပြားအားဖြင့် ဆိုအပ်၏။ အာဒိစ္စော၊ အဒိတိ နတ်သမီး၏ သားဖြစ်သော။

မဏ္ဍလီ၊ ယူဇနာဝါးဆယ် အလျားအနံ ကျယ်သည်ဖြစ်၍ ကြီးသော အဝန်း အဝိုင်း ရှိသည်။ ဟုတ္ဝာ၊ ဖြစ်၍။ မဟာ၊ ကြီးသော။ သော သူရိယော၊ ထိုနေ သည်။ ဥဂ္ဂစ္ဆတိ၊ ထွက်ပြူလာ၏။

၈။ တတ္ထ တသ္မိံ ဌာနေ၊ ထိုနေထွက်ရာအရပ်၌။ ဂမ္ဘီရော၊ နက်သော။ ရဟဒေါပိ၊ ရေအိုင်သည်လည်း။ အတ္ထိ၊ ရှိပါ၏။ သော ရဟဒေါ၊ ထိုရေအိုင် သည်။ သရိတောဒကော၊ ယူဇနာအထောင်မက သက်ဝင်စီးသွားသော ရေရှိ သော။ သမုဒ္ဒေါ၊ သမုဒ္ဒရာမည်ပါ၏။ တတ္ထ တသ္မိံ ဌာနေ၊ ထိုနေထွက်ရာအရပ်၌။ ဌိတံ၊ တည်သော။ တံ ရဟဒံ၊ ထိုရေအိုင်ကို။ မနုဿာ၊ လူတို့သည်။ သမုဒ္ဒေါ သရိတောဒကော၊ သမုဒ္ဒေါ သရိတောဒကဟူ၍။ ဧဝံ၊ ဤသို့။ ဇာနန္တိ၊ သိ ကြကုန်၏။

၉—၁၀။ ယံ ဒိသံ၊ အကြင်အရပ်မျက်နှာကို။ ယသဿီ၊ ကုဋေတသိန်းတိုင်တိုင် များသော အခြံအရံရှိသော။ သော မဟာရာဇာ၊ ထိုနတ်မင်းကြီးသည်။ အ-ဘိပါလေတိ၊ စောင့်ရှောက်၏။ ယသဿီ၊ ကုဋေတသိန်းတိုင်တိုင် များသော အခြံအရံရှိသော။ သော မဟာရာဇာ၊ ထိုနတ်မင်းကြီးသည်။ ဂန္ဓဗ္ဗာနံ၊ ဂန္ဓဗ္ဗ နတ်တို့၏။ အဓိပတိ၊ အကြီးအကဲသည်။ နာမသော၊ အမည်အားဖြင့်။ ဓတ-ရဋ္ဌောတိ၊ ဓတရဋ္ဌမည်သည်။ ဟောတိ၊ ဖြစ်ပါ၏။ ယသဿီ၊ ကုဋေတသိန်း တိုင်တိုင် များသော အခြံအရံရှိသော။ သော မဟာရာဇာ၊ ထိုနတ်မင်းကြီး သည်။ ဂန္ဓဗ္ဗေဟိ၊ ဂန္ဓဗ္ဗနတ်တို့သည်။ ပုရက္ခတော၊ ရှေ့သွား ပြုအပ်သည်။ ဟုတ္ဝာ၊ ဖြစ်၍။ နစ္စဂီတေဟိ၊ ကခြင်း သီဆိုခြင်းတို့ဖြင့်။ ရမတိ၊ မွေ့လျော် ပါ၏။ သာ ဒိသာ၊ ထိုဓတရဋ္ဌနတ်မင်း စောင့်ရှောက်အပ်သော အရပ်မျက်နှာ သည်။ ဣတော ဌာနတော၊ ဤမြင်းမိုရ်တောင်အရပ်မှ။ ပုရိမာ၊ အရှေ့ဖြစ် သော။ ဒိသာ၊ အရပ်မျက်နှာပါတည်း။ ဣတိ၊ ဤသို့။ နံ ဒိသံ၊ ထိုအရပ်မျက်နှာ ကို။ ဇနော၊ လူအပေါင်းသည်။ အာစိက္ခတိ၊ ခေါ်ဝေါ်ပြောဆိုကြပါ၏။

၁၁။ တဿ မဟာရာဇိနော၊ ထိုဓတရဋ္ဌနတ်မင်းကြီး၏။ ပုတ္တာပိ၊ သားတော် တို့သည်လည်း။ ဗဟဝေါ၊ များလှပါကုန်၏။ တေ ပုတ္တာ၊ ထိုသားတော်တို့ သည်။ ဧကနာမာ၊ တူသောအမည်ရှိကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ သုတံ၊ ကျော်စောထင်ရှားခဲ့ပါပြီ။ တေ ပုတ္တာ၊ ထိုသားတော် တို့သည်။ အသိတိ စ၊ ရှစ်ဆယ်သည်လည်းကောင်း။ ဒသ စ၊ တကျိပ်တို့သည် လည်းကောင်း။ ဧကော စ၊ တယောက်သည်လည်းကောင်း။ ဟောန္တိ၊ ဖြစ်ပါ ကုန်၏။ တေ ပုတ္တာ၊ ထိုသားတော်တို့သည်။ ဣန္ဒနာမာ၊ ဣန္ဒဟူသော အမည် ရှိကြကုန်သည်။ မဟဒ္ဓလာ၊ ကြီးသော အားအစွမ်းရှိကြကုန်သည်။ ဟောန္တိ၊ ဖြစ်ပါကုန်၏။

၁၂။ တေ စာပိ ပုတ္တာ၊ ထိုသားတော်တို့သည်လည်း။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ဒိသ္ဝာန၊ တွေ့မြင်ကြကုန်သည်ရှိသော်။ အာဒိစ္စဗန္ဓုနံ၊ နေမင်း၏ အဆွေဖြစ်တော်မူသော။ မဟန္တံ၊ မြတ်သောနိဗ္ဗာန်ဟူသော အဆုံး ရှိတော်မူသော။ ဝိတသာရဒံ၊ ရွှံရှာခြင်းကင်း ရဲတင်းသော စိတ်ရှိတော်မူသော။ ဗုဒ္ဓံ၊ ကိလေသာတည်းဟူသော အိပ်ပျော်ခြင်းမှ ကင်းတော်မူသော မြတ်စွာဘုရားကို။ ဒုရတောဝေ၊ ဝေးသောအရပ်မှသာလျှင်။ နမဿန္တို၊ ရှိခိုးကြပါကုန်၏။ ကိ ဝစနံ၊ အဘယ်စကားကို။ ဝတ္ဝာ၊ ပြောဆိုကြကုန်၍။ နမဿန္တို၊ ရှိခိုးကြပါကုန်သနည်း။

၁၃။ ပုရိသာဇညေ၊ ကြောင်းကျိုးနှစ်တန် လမ်းအမှန်ကို ဧကန်သိတော်မူတတ်သော မြတ်စွာဘုရား။ တေ၊ ရှင်တော်ဘုရားအား။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါ၏။ ပုရိသုတ္တမ၊ ယောကျ်ားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား။ တေ၊ ရှင်တော်ဘုရားအား။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါ၏။ အမနုဿာပိ၊ လူနှင့်တူသော နတ်ဘီလူးတို့သည်လည်း။ တံ၊ ရှင်တော်ဘုရားကို။ တုံ၊ အရှင်ဘုရားသည်။ ကုသလေန၊ အပြစ်မရှိသော သဗ္ဗညုတဉာဏ်တော်ဖြင့်။ သမေက္ခသိ၊ ကောင်းစွာ ကြည့်ရှုတော်မူပါ၏။ ဣတိ၊ ဤသို့။ ဝတ္ဝာ၊ ပြောဆိုကြကုန်၍။ ဝန္ဒန္တို၊ ရှိခိုးကြပါကုန်၏။ ယသ္မာ၊ အကြောင်းကြောင့်။ တေ ဝစနံ၊ ဤနတ်တို့ ချီးပဲ့အပ်သော စကားကို။ နော၊ အကျွန်ုပ်တို့သည်။ အဘိဏှသော၊ မမြတ်မလပ်။ သုတံ၊ ကြားအပ်ပါပြီ။ တသ္မာ၊ ထို့ကြောင့်။ မယံ၊ အကျွန်ုပ်တို့သည်။ ဧဝံ၊ ဤသို့။ ဝဒေမသေ၊ လျှောက်ထားကြပါကုန်၏။ ဣတိ ဣဒံ ဝစနံ၊ ဤစကားကို။ ဝတ္ဝာ၊ ပြောဆိုကြကုန်၍။ နမဿန္တို၊ ရှိခိုးကြပါကုန်၏။

၁၄။ တုမ္ဟေ၊ သင်တို့သည်။ ဂေါတမံ၊ ဂေါတမအနွယ် ရှိတော်မူသော။ ဇိနံ၊ မြတ်စွာဘုရားကို။ ဝန္ဒထ၊ ရှိခိုးကြကုန်၏လော။ ဣတိ၊ ဤသို့။ အမှေဟိ၊ အကျွန်ုပ်တို့သည်။ ပုဋ္ဌာ၊ မေးအပ်ကုန်သည်။ သမာနာ၊ ဖြစ်ကုန်သည်ရှိသော်။ မယံ၊ အကျွန်ုပ်တို့သည်။ ဂေါတမံ၊ ဂေါတမအနွယ်ရှိတော်မူသော။ ဇိနံ၊ မြတ်စွာဘုရားကို။ ဝန္ဒာမ၊ ရှိခိုးကြပါကုန်၏။ ဝိဇ္ဇာစရဏသမ္ပန္နံ၊ ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏတဆယ့်ငါးပါးတို့နှင့်ပြည့်စုံတော်မူသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ဝန္ဒာမ၊ ရှိခိုးကြပါကုန်၏။ ဣတိ၊ ဤသို့။ ဝဒန္တို၊ ပြောဆိုကြပါကုန်၏။

၁၅။ ယေန ဒိသာဘာဂေန၊ အကြင် အရပ်မျက်နှာအဖို့ဖြင့်။ ပေတာ၊ ပစ္စုပ္ပန်လောက ခုဘဝမှ ပြောင်းသွားကြသော သတ္တဝါတို့ကိုလည်းကောင်း။ ပိသုဏာ၊ နှစ်ဦးနှစ်ဖက် အချစ်စက်ကို ကြိတ်ဖျက်ချေမှုန်းတတ်သော စကားကို ပြောဆိုတတ်သော သတ္တဝါတို့ကိုလည်းကောင်း။ ပိဋ္ဌိမံသိကာ၊ မိတ်ဆွေတန်မဲ့ကျောကိုဖဲ့သို့ ကဲ့ရဲ့တတ်သော သတ္တဝါတို့ကိုလည်းကောင်း။ ပါဏာတိပါတိ-နော၊ ပညတ်အားဖြင့် သတ္တဝါ, ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေကို လျင်စွာချခြင်း

အလေ့ရှိကုန်သော သတ္တဝါတို့ကိုလည်းကောင်း။ လုဒ္ဒါ၊ ကြမ်းတမ်းကုန်သော သတ္တဝါတို့ကိုလည်းကောင်း။ စောရာ၊ ခိုးသူတို့ကိုလည်းကောင်း။ နေကတိကာ၊ ကောက်ကျစ်စဉ်းလဲကြကုန်သော။ ဇနာ၊ သတ္တဝါတို့ကိုလည်းကောင်း။ နိဟရိ-ယန္တု၊ ထုတ်ဆောင်အပ်စေကုန်သတည်း။ ဣတိ၊ ဤသို့။ ပဝုစ္စန္တိ၊ အပြားအားဖြင့် ဆိုအပ်ကုန်၏။

၁၆-၁၇။ ယံ ဒိသံ၊ အကြင်အရပ်မျက်နှာကို။ ယသဿီ၊ ကုဋ္ဌေတသိန်း တိုင်တိုင် များသော အခြံအရံရှိသော။ သော မဟာရာဇာ၊ ထိုနတ်မင်းကြီးသည်။ အဘိပါလေတိ၊ စောင့်ရှောက်၏။ ယသဿီ၊ ကုဋ္ဌေတသိန်းတိုင်တိုင် များသော အခြံအရံရှိသော။ သော မဟာရာဇာ၊ ထိုနတ်မင်းကြီးသည်။ ကုမ္ဘဏ္ဍာနံ၊ ကုမ္ဘဏ်တို့၏။ အဓိပတိ၊ အကြီးအကဲသည်။ နာမသော၊ အမည်အားဖြင့်။ ဝိရူဠှော ဣတိ၊ ဝိရူဠှမည်သည်။ ဟောတိ၊ ဖြစ်ပါ၏။ ယသဿီ၊ ကုဋ္ဌေတသိန်း တိုင်တိုင် များသော အခြံအရံရှိသော။ သော မဟာရာဇာ၊ထိုနတ်မင်းကြီးသည်။ ကုမ္ဘဏ္ဍေဟိ၊ ကုမ္ဘဏ်တို့သည်။ ပုရက္ခတော၊ ရှေသွားပြုအပ်သည်။ ဟုတ္ဝာ၊ ဖြစ်၍။ နစ္စဂီတေဟိ၊ ကခြင်းသီခြင်းတို့ဖြင့်။ ရမတိ၊ မွေ့လျော်ခဲ့ပါ၏။ သာ ဒိသာ၊ ထိုဝိရူဠှနတ်မင်းကြီး စောင့်ရှောက်အပ်သော ထိုအရပ်မျက်နှာသည်။ ဣတော ဌာနတော၊ ဤမြင်းမိုရ်တောင်အရပ်မှ။ ဒက္ခိဏာ၊ တောင်ဖြစ်သော။ ဒိသာ၊ အရပ်မျက်နှာပါတည်း။ ဣတိ၊ ဤသို့။ နံ ဒိသံ၊ ထိုအရပ်မျက်နှာကို။ ဇနေ၊ လူအပေါင်းသည်။ အာစိက္ခတိ၊ ခေါ်ဝေါ်ပြောဆိုကြပါ၏။

၁၈။ တဿ မဟာရာဇိနော၊ ထိုဝိရူဠှနတ်မင်းကြီး၏။ ပုတ္တာပိ၊ သားတော်တို့သည်လည်း။ ဗဟဝေါ။ များလှကုန်သည်။ ဟောန္တိ၊ ဖြစ်ပါကုန်၏။ တေ ပုတ္တာ၊ ထိုသားတော်တို့သည်။ ဧကနာမာ၊ တူသော အမည်ရှိကြကုန်သည်။ ဟောန္တိ၊ ဖြစ်ပါကုန်၏။ ဣတိ၊ ဤသို့။ သုတံ၊ ထင်ရှားကျော်စောခဲ့ပါပြီ။ တေ ပုတ္တာ၊ ထိုသားတော်တို့သည်။ အသိတိ စ၊ ရှစ်ဆယ်တို့သည်လည်းကောင်း။ ဒသ စ၊ တဆယ်တို့သည်လည်းကောင်း။ ဧကော စ၊ တယောက်သည်လည်းကောင်း။ ဟောန္တိ၊ ဖြစ်ပါကုန်၏။ တေ ပုတ္တာ၊ ထိုသားတော်တို့သည်။ ဣန္ဒ-နာမာ၊ ဣန္ဒဟူသောအမည်ရှိကြကုန်သည်။ မဟဒ္ဓနာ၊ ကြီးသော အာနုဘော်ရှိကြကုန်သည်။ ဟောန္တိ၊ ဖြစ်ပါကုန်၏။

၁၉။ တေ စာပိ ပုတ္တာ၊ ထိုသားတော်တို့သည်လည်း။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ဒိသ္ဝာန၊ တွေ့မြင်ကြရကုန်သည်ရှိသော်။ အာဒိစ္စဗန္ဓုနံ၊ နေမင်း၏ အဆွေဖြစ်တော်မူသော။ မဟန္တံ၊ မြတ်သောနိဗ္ဗာန်ဟူသော အဆုံးရှိတော်မူသော။ ဝီတသာရဒံ၊ ရွံရှာခြင်းကင်း ရဲတင်းသောစိတ်ရှိတော်မူသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ဒိုရတော၀၊ ဝေးသောအရပ်မှသာလျှင်။ နမဿန္တိ၊ ရှိခိုးကြပါကုန်

၏။ ကိ ဝစနံ၊ အဘယ်စကားကို။ ဝတ္ဌာ၊ ပြောဆိုကြကုန်၍။ နမဿန္တိ၊ ရှိခိုး ကြပါကုန်သနည်း။

၂၀။ ပုရိသာဇညဲ၊ ကြောင်းကျိုးနှစ်တန် လမ်းအမှန်ကို ဧကန်သိတော်မူတတ် သော မြတ်စွာဘုရား။ တေ၊ ရှင်တော်ဘုရားအား။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါ၏။ ပုရိသုတ္တမ၊ ယောကျ်ားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား။ တေ၊ အရှင်ဘုရားအား။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါ၏။ အမနုဿာ-ပိ၊ လူနှင့်တူသော နတ်ဘီလူးတို့သည်လည်း။ တံ၊ ရှင်တော်ဘုရားကို။ တုံ၊ အရှင် ဘုရားသည်။ ကုသလေန၊ အပြစ်မရှိသော သဗ္ဗညုတဉာဏ်တော်ဖြင့်။ သမေက္ခ-သိ၊ ကောင်းစွာကြည့်ရှုတော်မူပါ၏။ ဣတိ၊ ဤသို့။ ဝတ္ဌာ၊ ပြောဆိုကြကုန်၍။ ဝန္ဒန္တိ၊ ရှိခိုးကြပါကုန်၏။ ယသ္မာ၊ အကြင့်ကြောင့်။ ဧတံ ဝစနံ၊ ဤနတ်တို့ ချီးဝဲအပ်သောစကားကို။ နော၊ အကျွန်ုပ်တို့သည်၊ အဘိဏှသော၊ မပြတ် မလပ်။ သုတံ၊ ကြားအပ်ပါပြီ။ တသ္မာ၊ ထို့ကြောင့်။ မယံ၊ အကျွန်ုပ်တို့ သည်။ ဧဝံ၊ ဤသို့။ ဝဒေမသေ၊ လျှောက်ထားကြပါကုန်၏။ ဣတိ ဣဒံ ဝစနံ၊ ဤစကားကို။ ဝတ္ဌာ၊ ပြောဆိုကြကုန်၍။ နမဿန္တိ၊ ရှိခိုးကြပါကုန်၏။

၂၁။ တုမ္ဟေ၊ သင်တို့သည်။ ဂေါတမံ၊ ဂေါတမအနွယ်ရှိတော်မူသော။ ဇိနံ၊ မြတ်စွာဘုရားကို။ ဝန္ဒထ၊ရှိခိုးကြကုန်၏လော။ ဣတိ၊ဤသို့။ အမှေဟိ၊အကျွန်ုပ် တို့သည်။ ပုဋ္ဌာ၊ မေးအပ်ကုန်သည်။ သမာနာ၊ ဖြစ်ကုန်သည်ရှိသော်။ မယံ၊ အကျွန်ုပ်တို့သည်။ ဂေါတမံ၊ ဂေါတမအနွယ်ရှိတော်မူသော။ ဇိနံ၊ မြတ်စွာ ဘုရားကို။ ဝန္ဒာမ၊ ရှိခိုးကြပါကုန်၏။ ဝိဇ္ဇာစရဏသမ္ပန္နံ၊ ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာ ရှစ်ပါး, စရဏတဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူသော။ ဂေါတမံ၊ ဂေါတမအနွယ် ရှိတော်မူသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ဝန္ဒာမ၊ ရှိခိုးကြပါကုန်၏။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ပြောဆိုကြပါကုန်၏။

၂၂။ ယတ္ထ စ ယသ္မိံ ဌာနေ၊ အကြင်အရပ်၌လည်း။ ယဿ စ သူရိယဿ၊ အကြင်နေသည်လည်း။ သြဂ္ဂစ္ဆမာနဿ၊ ဝင်သည်ရှိသော်။ ဒိဝသောပိ၊ နေ့သည်လည်း။ နိရုဇ္ဈတိ၊ ကွယ်ပျောက်ချုပ်ငြိမ်း ရုပ်သိမ်းရလေ၏။ ယသ္မိံ စ သူရိယေ၊ အကြင်နေသည်လည်း။ သြဂ္ဂတေ၊ ဝင်သည်ရှိသော်။ သံဝရိတိ၊ ညဉ့်ဟူ၍။ ပဝုစ္စတိ၊ အပြားအားဖြင့် ဆိုအပ်ပါ၏။ အာဒိစ္စော၊ အဒိတိနတ်သမီး ၏သားဖြစ်သော။ မဏ္ဍလီ၊ ယူဇနာဝေါဟယ် အလျားအနံကျယ်သည်ဖြစ်၍ အဝန်းအဝိုင်းရှိသည်။ ဟုတ္ဝာ၊ ဖြစ်၍။ မဟာ၊ ကြီးသော။ သော သူရိယော၊ ထို့နေသည်။ သြဂ္ဂစ္ဆတိ၊ ဝင်၏။

၂၃။ တတ္ထ တသ္မိံ ဌာနေ၊ ထို့နေဝင်ရာအရပ်၌။ ဂမ္ဘီရော၊ နက်သော။ ရဟဒေါပိ၊ ရေအိုင်သည်လည်း။ အတ္ထိ၊ ရှိပါ၏။ သော ရဟဒေါ၊ ထို့ရေအိုင် သည်။ သရိတောဒကော၊ ယူဇနာအထောင်မက သက်ဝင်စီးသွားသော ရေ

ရှိသော။ သမုဒ္ဒေါ၊ သမုဒ္ဒမည်ပါ၏။ တတ္ထ တသ္မိံ ဌာနေ၊ ထိုနေထွက်ရာ အရပ်၌။ ဌိတံ၊ တည်သော။ တံ ရဟဒံ၊ ထိုရေအိုင်ကို။ မနုဿာ၊ လူတို့သည်။ သမုဒ္ဒေါ သရိတောဒကော၊ သမုဒ္ဒေါသရိတောဒကဟူ၍။ ဧဝံ၊ ဤသို့။ ဇာနန္တိ၊ သိကြပါကုန်၏။

၂၄-၂၅။ ယံ ဒိသံ၊ အကြင်အရပ်မျက်နှာကို။ ယသဿီ၊ ကုဋေတသိန်း တိုင်တိုင် များသောအခြံအရံရှိသော။ သော မဟာရာဇာ၊ ထိုနတ်မင်းကြီးသည်။ အဘိပါလေတိ၊ စောင့်ရှောက်၏။ နာဂါနဉ္စ၊ နဂါးတို့၏လည်း။ အဓိပတိ၊ အကြီး အကဲသည်။ နာမသော၊ အမည်အားဖြင့်။ ဝိရူပက္ခောတိ၊ ဝိရူပက္ခမည်သည်။ ဟောတိ၊ ဖြစ်ပါ၏။ ယသဿီ၊ ကုဋေတသိန်းတိုင်တိုင် များသောအခြံအရံ ရှိသော။ သော မဟာရာဇာ၊ ထိုနတ်မင်းကြီးသည်။ နာဂေဟေဝ၊ နဂါး တို့သည်သာလျှင်။ ပုရက္ခတော၊ ရှေသွားပြုအပ်သည်။ ဟုတ္ဝာ၊ ဖြစ်၍။ နစ္စဂီတေဟိ၊ ကခြင်း သီဆိုခြင်းတို့ဖြင့်။ ရမတိ၊ မွေ့လျော်ခဲ့ပါ၏။ သော ဒိသာ၊ ဝိရူပက္ခနတ်မင်းကြီး စောင့်ရှောက်အပ်သော ထိုအရပ်မျက်နှာသည်။ ဣတော ဌာနတော၊ ဤမြင်းမိုရ်တောင်အရပ်မှ။ ပစ္ဆိမာ၊ အနောက်ဖြစ်သော။ ဒိသာ၊ အရပ်မျက်နှာပါတည်း။ ဣတိ၊ ဤသို့။ နံ ဒိသံ၊ ထိုအရပ်မျက်နှာကို။ ဇနော၊ လူအပေါင်းသည်။ အာစိက္ခတိ၊ ခေါ်ဝေါ်ပြောဆိုကြပါ၏။

၂၆။ တဿ မဟာရာဇိနော၊ ထိုဝိရူပက္ခနတ်မင်းကြီး၏။ ပုတ္တာပိ၊ သားတော် တို့သည်လည်း။ ဗဟဝေါ၊ များကုန်သည်။ ဟောန္တိ၊ ဖြစ်ပါကုန်၏။ တေ ပုတ္တာ၊ ထိုသားတော်တို့သည်။ ကေနာမာ၊ တူသောအမည်ရှိကြကုန်သည်။ ဟောန္တိ၊ ဖြစ်ပါကုန်၏။ ဣတိ၊ သုတံ၊ ကျော်စောထင်ရှားခဲ့ပါပြီ။ တေ ပုတ္တာ၊ ထိုသားတော်တို့သည်။ အသီတိ စ၊ ရှစ်ဆယ်သည်လည်းကောင်း။ ဒသ စ၊ တဆယ်တို့သည်လည်းကောင်း။ ဧကော စ၊ တယောက်သည်လည်းကောင်း။ ဟောန္တိ၊ ဖြစ်ပါကုန်၏။ တေ ပုတ္တာ၊ ထိုသားတော်တို့သည်။ ဣဒ္ဓနာမာ၊ ဣဒ္ဓဟူသော အမည်ရှိကြကုန်သည်။ မဟဗ္ဗလာ၊ ကြီးသောအားအစွမ်းရှိကြကုန်သည်။ ဟောန္တိ၊ ဖြစ်ပါကုန်၏။

၂၇။ တေ စာပိ ပုတ္တာ၊ ထိုသားတော်တို့သည်လည်း။ ဗုဒ္ဓံ၊ မြတ်စွာဘုရား ကို။ ဒိသ္ဝာန၊ တွေ့မြင်ကြရကုန်သည်ရှိသော်။ အာဒိစ္စဗန္ဓုနံ၊ နေမင်း၏အဆွေ ဖြစ်တော်မူသော။ မဟန္တံ၊ မြတ်သောနိဗ္ဗာန်ဟူသော အဆုံးရှိတော်မူသော။ ဝီတသာရဒံ၊ ရုံရှာခြင်းကင်း ရဲတင်းသော စိတ်ရှိတော်မူသော။ ဗုဒ္ဓံ၊ မြတ်စွာ ဘုရားကို။ နမဿန္တိ၊ ရှိခိုးကြပါကုန်၏။ ကိံ ဝစနံ၊ အဘယ်စကားကို။ ဝတ္ဝာ၊ ပြောဆိုကြကုန်၍။ နမဿန္တိ၊ ရှိခိုးကြပါကုန်သနည်း။

၂၈။ ပုရိသာဇညော၊ ကြောင်းကျိုးနှစ်တန် လမ်းအမှန်ကို ဧကန်သိတော်မူ တတ်သော မြတ်စွာဘုရား။ တေ၊ ရှင်တော်ဘုရားအား။ နမော၊ ရှိခိုးခြင်းသည်။

အတ္ထု၊ ဖြစ်ပါ၏။ ပုရိသုတ္တမ၊ ယောကျ်ားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား။ တေ၊ ရှင်တော်ဘုရားအား။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါ၏။ အမနုဿပိ၊ လူနှင့်တူသော နတ်ဘီလူးတို့သည်လည်း။ တံ၊ ရှင်တော်ဘုရားကို။ တုံ၊ ရှင်တော်ဘုရားသည်။ ကုသလေန၊ အပြစ်မရှိသော သမ္မာသမ္ဗုဒ္ဓတော်ဖြင့်။ သမေက္ခ-သိ၊ ကောင်းစွာ ကြည့်ရှုတော်မူပါ၏။ ဣတိ၊ ဤသို့။ ဝတ္ဝာ၊ ပြောဆိုကြကုန်၍။ ဝန္ဒန္တိ၊ ရှိခိုးကြပါကုန်၏။ ယသ္မာ၊ အကြင့်ကြောင့်။ ဧတံ ဝစနံ၊ ဤနတ်တို့ ချီးဝဲ့အပ်သောစကားကို။ နော၊ အကျွန်ုပ်တို့သည်။ အဘိဏှသော၊ မပြတ်မလပ်။ သုတံ၊ ကြားအပ်ပါပြီ။ တသ္မာ၊ ထို့ကြောင့်။ မယံ၊ အကျွန်ုပ်တို့သည်။ ဧဝံ၊ ဤသို့။ ဝဒေမသေ၊ လျှောက်ထားကြပါကုန်၏။ ဣတိ ဣဒံ ဝစနံ၊ ဤစကားကို။ ဝတ္ဝာ၊ ပြောဆိုကြကုန်၍။ နမဿန္တိ၊ ရှိခိုးကြပါကုန်၏။

၂၉။ တုမ္ဟေ၊ သင်တို့သည်။ ဂေါတမံ၊ ဂေါတမအနွယ် ရှိတော်မူသော။ ဇိနံ၊ မြတ်စွာဘုရားကို။ ဝန္ဒထ၊ ရှိခိုးကြကုန်၏လော။ ဣတိ၊ ဤသို့။ အမှေဟိ၊ အကျွန်ုပ်တို့သည်။ ပုဋ္ဌာ၊ မေးအပ်ကုန်သည်။ သမာနာ၊ ဖြစ်ကုန်သည်ရှိသော်။ မယံ၊ အကျွန်ုပ်တို့သည်။ ဂေါတမံ၊ ဂေါတမအနွယ်ရှိတော်မူသော။ ဇိနံ၊ မြတ်စွာဘုရားကို။ ဝန္ဒာမ၊ ရှိခိုးကြပါကုန်၏။ ဝိဇ္ဇာစရဏသမ္ပန္နံ၊ ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏတဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူသော။ ဂေါတမံ၊ ဂေါတမအနွယ်ရှိတော်မူသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ဝန္ဒာမ၊ ရှိခိုးကြပါကုန်၏။ ဣတိ၊ ဤသို့။ ဝဒန္တိ။ ပြောဆိုကြပါကုန်၏။

၃၀။ ယေန ဒိသာဘာဂေန၊ အကြင်အရပ်မျက်နှာ အဘို့ဖြင့်။ ဥတ္တရကုရု-ဝေါ၊ ဥတ္တရကုရုအမည်ရှိသောကျွန်းသည်။ အဝဋ္ဌိတော၊ တည်ခဲ့ပြီ။ သာ ဒိသာ၊ ထိုဥတ္တရကုရုကျွန်းဟည်ရာ အရပ်မျက်နှာသည်။ ဣတော ဌာနတော၊ ဤမြင်းမိုရ်တောင်အရပ်မှ။ ဥတ္တရာ၊ မြောက်ဖြစ်သော။ ဒိသာ၊ အရပ်မျက်နှာတည်း။ ယေန ဒိသာဘာဂေန၊ အကြင်အရပ်မျက်နှာအဘို့ဖြင့်။ မဟာနေရု၊ မြင်းမိုရ်တောင်သည်။ သုဒဿနော၊ သုဝဏ္ဏပဘာ ရွှေရောင်ဝါခြောက်ဌာန် ကောင်းစွာရှုမြင်အပ်သည်။ ဟောတိ၊ ဖြစ်၏။ သာ ဒိသာ၊ ထိုမြင်းမိုရ်တောင်တည်ရာ အရပ်မျက်နှာသည်။ ဣတော ဌာနတော၊ မြတ်စွာဘုရား ရွှေတော်မှောက်၌ နေရာ ဤဂိဇ္ဈကူဋ္ဌတောင်အရပ်မှ။ ဥတ္တရာ၊ မြောက်ဖြစ်သော။ ဒိသာ၊ အရပ်မျက်နှာတည်း။ တတ္ထ တသ္မိံ ဥတ္တရကုရုမှိ၊ ထိုဥတ္တရကုရုကျွန်း၌။ အမမာ၊ ငါဟာ ငါဟာ ငါ့ဥစ္စာဟု မြတ်နိုးခြင်းမရှိကြကုန်သော။ အပရိဂ္ဂဟာ၊ မယားကို သိမ်းပိုက်ခြင်း မရှိကြကုန်သော။ မနုဿာ၊ လူတို့သည်။ ဇာယန္တိ၊ ဖြစ်ကုန်၏။

၃၁။ တေ မနုဿာ၊ ထိုလူတို့သည်။ ဗီဇံ၊ မျိုးစေ့ကို။ နပဝပန္တိ၊ မစိုက်ပျိုးကြကုန်။ တေဟိ မနုဿေဟိ၊ ထိုလူတို့သည်။ ကသိကမ္မကရဏတ္ထာယ၊ လယ်ထွန်မှုကို ပြုရခြင်းအကျိုးငှါ။ နင်္ဂလာ၊ ထွန်တုံးတို့ကို။ ခေတ္တံ၊ လယ်သို့။ နပိနိယန္တိ၊

ဆောင်လည်း မဆောင်အပ်ကုန်။ မာနုသာ၊ မြောက်ကျန်းနေသူ လူတို့သည်။ အကဋ္ဌပါကိမံ၊ ထုန်ဖြင့် မရေးခြစ်အပ် မထုန်အပ်သော မြေအဘို့၌ အလိုလိုမှည့် ရင့်သော။ သာလိ ၊ သလေးစပါးကို။ ပရိဘုဥ္ဇန္တိ၊ စားကြကုန်၏။

၃၂။ တေ မာနုသာ၊ ထိုမြောက်ကျန်းနေသူ လူတို့သည်။ အကဏ်၊ ဆန်ကွဲ မရှိသော။ အထုသံ၊ ဖွဲမရှိသော။ သုဒ္ဓံ၊ သန့်ရှင်းစင်ကြယ်သော။ သုဂန္ဓံ၊ ကောင်းသောအနံ့ရှိသော။ တဏ္ဍုလပ္ပလံ၊ သလေးဆန်တည်းဟူသောအသီးကို။ တုဏ္ဍိကိရေ၊ ထမင်းအိုး၌။ အာကိရိတ္ဝာ၊ လောင်းထည့်ကြကုန်၍။ ပစိတ္ဝာန၊ ချက်ကြကုန်၍။ တတော တုဏ္ဍိကိရတော၊ ထိုထမင်းအိုးမှ။ နီဟရိတ္ဝာ၊ ခူးကြကုန်၍။ ဘောဇနံ၊ စားအပ်သောထမင်းကို။ ဘုဥ္ဇန္တိ၊ စားကြကုန်၏။

၃၃။ တဿ ရာဇိနော၊ ထိုဝေဿဝဏ်နတ်မင်း၏။ ပစရာ၊ အစေအပါး အလုပ်အကျွေးဖြစ်ကုန်သော။ ယက္ခာ၊ ဘီလူးတို့သည်။ ဂါဝိ ၊ နွားကို။ ဧကခုရံ၊ ခွါတလုံးသာရှိသော မြင်းနှင့်တူသောယာဉ်ကို။ ကတ္ဝာ၊ ပြုကြကုန်၍။ ဒိသောဒိသံ၊ အရပ်မျက်နှာတိုင်း အရပ်မျက်နှာတိုင်းသို့။ အနုယန္တိ၊ လှည့်လည်ကြကုန်၏။ ပသုံ၊ နွားမှကြွင်းသော အခြေလေးချောင်း သားအပေါင်းကို။ ဧကခုရံ၊ ခွါတလုံးသာရှိသော မြင်းနှင့်တူသောယာဉ်ကို။ ကတ္ဝာ၊ ပြုကြကုန်၍။ ဒိသောဒိသံ၊ အရပ်မျက်နှာတိုင်း အရပ်မျက်နှာတိုင်းသို့။ အနုယန္တိ၊ လှည့်လည်ကြကုန်၏။

၃၄။ ဣတ္ထိ ဝါ၊ ကိုယ်ဝန်ဆောင်မိန်းမကိုသော်လည်း။ ဝါဟနံ၊ ယာဉ်ကို။ ကတ္ဝာ၊ ပြုကြကုန်၍။ ဒိသောဒိသံ၊ အရပ်မျက်နှာတိုင်း အရပ်မျက်နှာတိုင်းသို့။ အနုယန္တိ၊ လှည့်လည်ကြကုန်၏။ ပုရိသံ၊ ယောကျ်ားကို။ ဝါဟနံ၊ ယာဉ်ကို။ ကတ္ဝာ၊ ပြုကြကုန်၍။ ဒိသောဒိသံ၊ အရပ်မျက်နှာတိုင်း အရပ်မျက်နှာတိုင်းသို့။ အနုယန္တိ၊ လှည့်လည်ကြကုန်၏။

၃၅။ ကုမာရိ ၊ သတို့သမီးပျိုကို။ ဝါဟနံ၊ ယာဉ်ကို။ ကတ္ဝာ၊ ပြုကြကုန်၍။ ဒိသောဒိသံ၊ အရပ်မျက်နှာတိုင်း အရပ်မျက်နှာတိုင်းသို့။ အနုယန္တိ၊ လှည့်လည်ကြကုန်၏။ ကုမာရံ၊ သတို့သားပျိုကို။ ဝါဟနံ၊ယာဉ်ကို။ ကတ္ဝာ၊ ပြုကြကုန်၍။ ဒိသောဒိသံ၊ အရပ်မျက်နှာတိုင်း အရပ်မျက်နှာတိုင်းသို့။ အနုယန္တိ၊ လှည့်လည်ကြကုန်၏။

၃၆။ ပစရာ၊ အစေအပါးအလုပ်အကျွေးဖြစ်ကုန်သော။ တေ ယက္ခာ၊ ထိုဘီလူးတို့သည်။ တေ ယာနေ၊ ထိုယာဉ်တို့သို့။ အဘိရုဟိတ္ဝာ၊ တက်ကြကုန်၍။ သဗ္ဗာ၊ အလုံးစုံကုန်သော။ ဒိသာ၊ အရက်မျက်နှာတို့သို့။ အနုပရိယာယန္တိ၊ လှည့်လည်ကြကုန်၏။

၃၇။ ယသဿိနော၊ ကုဋ္ဌေတသိန်းတိုင်တိုင်မျှားသော အခြံအရံရှိသော။ မဟာရာဇဿ၊ ဝေဿဝဏ်နတ်မင်းကြီးအား။ ဟတ္ထိယာနံ၊ ဆင်ယာဉ်သည်လည်းကောင်း။ အဿယာနံ၊ မြင်းယာဉ်သည်လည်းကောင်း။ ဒိဗ္ဗယာနံ၊ နတ်၌ဖြစ်သောယာဉ်သည်လည်းကောင်း။ ဥပဋ္ဌိတံ၊ တည်ခဲ့ပြီ။ ပါသာဒါ စေဝ၊ ပြာသာဒ်တို့သည်လည်းကောင်း။ သိဝိကာ စေဝ၊ ထမ်းစင်တို့သည်လည်းကောင်း။ ဥပဋ္ဌိတာ၊ တည်ကုန်ပြီ။

၃၈။ တဿ စ မဟာရာဇဿ၊ ထိုနတ်မင်းကြီးအားလည်း။ အန္တလိက္ခေ၊ ကောင်းကင်၌။ သုမာပိတာ၊ ကံသည် ကောင်းစွာ ဖန်ဆင်းအပ်ကုန်သော။ နာဂရာ၊ မြို့တို့သည်။ အဟု၊ ဖြစ်ပါကုန်ပြီ။ တေသု နာဂရေသု၊ ထိုမြို့တို့တွင်၊ ဧကံ၊ တခုသော။ နဂရံ၊ မြို့သည်။ အာဠာနာဠာ၊ အာဠာနာဠမည်သည်။ အာသိ၊ ဖြစ်ပါပြီ။ ဧကံ၊ တခုသော။ နဂရံ၊ မြို့သည်။ ကုသိနာဠာ၊ ကုသိနာဠမည်သည်။ အာသိ၊ ဖြစ်ပါပြီ။ ဧကံ၊ တခုသော။ နဂရံ၊ မြို့သည်။ ပရကုသိနာဠာ၊ ပရကုသိနာဠမည်သည်။ အာသိ၊ ဖြစ်ပါပြီ။ ဧကံ၊ တခုသော။ နဂရံ၊ မြို့သည်။ နာဠသူရိယာ၊ နာဠသူရိယမည်သည်။ အာသိ၊ ဖြစ်ပါပြီ။ ဧကံ၊ တခုသော။ နဂရံ၊ မြို့သည်။ ပရကုသိနာဠာ၊ ပရကုသိနာဠမည်သည်။ အာသိ၊ ဖြစ်ပါပြီ။

၃၉။ တသ္မိံ နဂရေ၊ ထိုပရကုသိနာဠမြို့၌။ ဌတ္ဝာ၊ တည်၍။ ဥဇုံ၊ ဖြောင့်ဖြောင့်။ သြလောကိယမာနေန၊ ကြည့်အပ်သော။ ဥတ္တရေန၊ မြောက်အရပ်၌။ ကသိဝန္တော၊ ကသိဝန္တအမည်ရှိသော။ အဠံ၊ တပါးသော့။ နဂရံ၊ မြို့သည်။ အတ္ထိ၊ ရှိပါ၏။ ဧတဿ ကသိဝန္တဿ၊ ထိုကသိဝန္တမြို့၏။ အပရေန စ၊ နောက်အဘို့၌လည်း။ ဇနောဃံ၊ ဇနောဃအမည်ရှိသော။ အဠံ၊ တပါးသော။ နဂရံ၊ မြို့သည်။ အတ္ထိ၊ ရှိပါသေး၏။ နဝနဝုတိယော၊ နဝနဝုတိအမည်ရှိသော။ အဠံ၊ တပါးသော။ နဂရံ၊ မြို့သည်။ အတ္ထိ၊ ရှိပါသေး၏။ အဠံ၊ တပါးသော။ နဂရံ၊ မြို့သည်။ အမ္ဗရအမ္ဗရဝတိယော၊ အမ္ဗရအမ္ဗရဝတိယ အမည်ရှိသည်။ ဟောတိ၊ ဖြစ်ပါ၏။ အာဠကမန္ဒာ နာမ၊ အာဠကမန္ဒာအမည်ရှိသော။ ရာဇမဟေသီ၊ မင်းနေပြည်သည်။ အတ္ထိ၊ ရှိပါသေး၏။

မာရိသ၊ ဒုက္ခကင်းကွာ ချမ်းသာသည့် မြတ်စွာဘုရား။ ကုဝေရဿ၊ ကုဝေရအမည်ရှိသော။ မဟာရာဇဿ၊ နတ်မင်းကြီးအား။ ဝိသာဏာ နာမ၊ ဝိသာဏာအမည်ရှိသော။ ရာဇဓာနီ၊ မင်းနေပြည်သည်။ အတ္ထိ၊ ရှိပါ၏။ တသ္မာ၊ ထို့ကြောင့်။ ကုဝေရာ၊ ကုဝေရအမည်ရှိသော။ မဟာရာဇာ၊ နတ်မင်းကြီးကို။ ဝေဿဝဏောတိ၊ ဝေဿဝဏဟူ၍။ ပဉ္စတိ၊ အပြားအားဖြင့် ဆိုအပ်ပါ၏။

၄၀။ အဿ မဟာရာဇဿ၊ ထိုဝေဿဝဏ်နတ်မင်းကြီးအား။ တတောလာ၊ တတောလာအမည်ရှိသော မြို့ဝန်ဘီလူးလည်းကောင်း။ တတ္တလာ၊ တတ္တလာအမည်ရှိသော မြို့ဝန်ဘီလူးလည်းကောင်း။ တတောတလာ၊ တတောတလာအမည်ရှိသော မြို့ဝန်ဘီလူးလည်းကောင်း။ သြဇသိ၊ သြဇသိအမည်ရှိသော မြို့ဝန်ဘီလူးလည်းကောင်း။ တေဇသိ၊ တေဇသိအမည်ရှိသော မြို့ဝန်ဘီလူးလည်းကောင်း။ တတောဇသိ၊ တတောဇသိအမည်ရှိသော မြို့ဝန်ဘီလူးလည်းကောင်း။ သူရော၊ သူရအမည်ရှိသော မြို့ဝန်ဘီလူးလည်းကောင်း။ ရာဇာ၊ ရာဇာအမည်ရှိသော မြို့ဝန်ဘီလူးလည်းကောင်း။ သူရောရာဇာ၊ သူရောရာဇာအမည်ရှိသော မြို့ဝန်ဘီလူးလည်းကောင်း။ အရိဋ္ဌော၊ အရိဋ္ဌအမည်ရှိသော မြို့ဝန်ဘီလူးလည်းကောင်း။ နေမိ၊ နေမိအမည်ရှိသော မြို့ဝန်ဘီလူးလည်းကောင်း။ အရိဋ္ဌောနေမိ၊ အရိဋ္ဌောနေမိအမည်ရှိသော မြို့ဝန်ဘီလူးလည်းကောင်း။ ဣတိ ဣမေ ယက္ခရဋ္ဌိကာ၊ ဤတိုင်းပြည်၏အကြီးအမှူးဖြစ်သော မြို့ဝန်ဘီလူးတို့သည်။ ပစ္ဆေသန္တော၊ အသီးအသီး အကျိုးကိုရှာမှီးကြကုန်လျက်။ ပကာသေန္တိ၊ ထင်စွာပြကြပါကုန်၏။

၄၁၊၄၂။ တတ္ထ တိဿံ ရာဇဓာနိယံ၊ ထိုဝိသာဏအမည်ရှိသော မင်းနေပြည်၌။ ယတော ရဟဒတော၊ အကြင်ရေအိုင်မှ။ ဥဒကံ၊ ရေကို။ ဂဟေတ္ဝာ၊ ယူကြကုန်၍။ မေဃော၊ မိုးနတ်သားတို့သည်။ ပဝဿန္တိ၊ ရွာသွန်းကြကုန်၏။ ယတော ရဟဒတော၊ အကြင်ရေအိုင်မှ။ ဝဿော၊ မိုးရေပေါက်တို့သည်။ ပတာယန္တိ၊ ကျဆင်းကြကုန်၏။ ဓရဏီ နာမ၊ ဓရဏီအမည်ရှိသော။ သော ရဟဒေါပိ၊ ထိုယူဇနာငါးဆယ်အပြန့်ကျယ်သော ရေအိုင်ကြီးသည်လည်း။ အတ္ထိ၊ ရှိခဲ့ပါ၏။ တတ္ထ တသ္မိံ ရဟဒေ၊ ထိုယူဇနာငါးဆယ်အပြန့်ကျယ်သောရေအိုင်ကြီး၌။ ယတ္ထ ယဿံ သဘာယံ၊အကြင်တကွပြောဆိုရာဖြစ်သောမဏ္ဍပ်၌။ယက္ခာ၊ဘီလူးတို့သည်။ ပယိရုပါသန္တိ၊ ဆည်းကပ်ကြကုန်၏။ သာလဝတီ နာမ၊ သာလဝတီအမည်ရှိသော။ သာ သဘာပိ၊ ထိုတကွ ပြောဆိုရာ တဆယ့်နှစ်ယူဇနာရှိသော မဏ္ဍပ်သည်လည်း။ အတ္ထိ၊ ရှိပါ၏။ တတ္ထ တသ္မိံ ဌာနေ၊ ထိုတကွပြောဆိုရာ တဆယ့်နှစ်ယူဇနာရှိသော ရတနာမဏ္ဍပ်၏အနီး၌။ နိစ္စဖလာ၊ အမြဲအသီးရှိကုန်သော။ နာနာဒိဇဂဏာယုတာ၊ အထူးထူးသော ငှက်အပေါင်းတို့နှင့် ယှဉ်ကုန်သော။ မယူရကောဉ္စာဘိရုဒါ၊ ဥဒေါင်းကြိုးကြာတို့၏ကျူးရင့်မြည်တွန်ရာဖြစ်ကုန်သော။ ဝဂ္ဂုဟိ၊ ကောင်းကုန်သော။ ကောကိလာဒီဟိ၊ ဥသြငှက် အစရှိသည်တို့နှင့်။ ယုတ္တာ၊ ယှဉ်ကုန်သော။ ရုက္ခာ၊ သစ်ပင်ကြီးတို့သည်။ သန္တိ၊ ရှိပါကုန်၏။

၄၃။ တတ္ထ တေသု ရုက္ခေသု၊ ဤသစ်ပင်ကြီးတို့၌။ ဇီဝဉ္ဇီဝကသဒ္ဒေါ၊အသက်ရှည်စေသတည်း အသက်ရှည်စေသတည်းဟု မြည်တင်ကုန်သည်၏အဖြစ်ကြောင့် ဇီဝဇီးအမည်ရှိသောငှက်တို့၏ အသံသည်။ အတ္ထိ၊ ရှိပါ၏။ အထော၊ ထို့မျှ။

သြဠဝဝစီတ္တကာ၊ စိတ္တ-ထ, စိတ္တ-ထ ဟု မြည်တတ်ကုန်သည်၏ အဖြစ်ကြောင့်။ ဥဠဝဝစီတ္တ အာမည်ရှိကုန်သော ငှက်တို့သည်လည်းကောင်း။ ကုက္ကုဠကာ၊ တောကြက်တို့သည်လည်းကောင်း။ ကုဋ္ဌိရကာ၊ ရှေပုဇွန်တို့သည်လည်းကောင်း။ ဝနေ၊ ပဒုမ္မာကြာတောဠ်။ ပေါက္ခရသာတကာ၊ ပေါက္ခရသာတကအာမည်ရှိသောငှက်တို့သည်လည်းကောင်း။ ဝိစရန္တိ၊ လှည့်လည်ကြပါကုန်၏။

၄၄။ ဇတ္ထ ဇတေသု ရုက္ခေသု၊ ဤသစ်ပင်ကြီးတို့ဠ်။ သုကသာလိကသဒ္ဒေါ၊ ကျေးသံ, သာလိကာသံ သည်လည်းကောင်း။ဒဏ္ဍမာဏဝကာနိ စ၊တုတ်ထောက်၍သွားလာတတ်သော လူမျက်နှာနှင့်တူသော မျက်နှာရှိသောကိန္နရာတို့သည်လည်းကောင်း။ သန္တိ၊ ရှိပါကုန်၏။ သာ ကုဝေရနဒ်ဒီ၊ ထိုကုဝေရ နတ်မင်းကြီး၏ပဒုမ္မာကြာတောဖြစ်၍ ဖြစ်သော ဓရဏီ အာမည်ရှိသော လေးထောင့်ကန်သည်။ သဒါ၊ နေ့ရောညဉ့်ပါ ချိန်ခါမပြတ်။ သဗ္ဗကာလံ၊ အလုံးစုံသောကာလပတ်လုံး။ သောဘတိ၊ တင့်တယ်ပါ၏။

၄၅-၄၆။ ယံ ဒိသံ၊ အကြင်အရပ်မျက်နှာကို။ ယသဿီ၊ ကုဋ္ဌေတသိန်းတိုင်တိုင် များသောအခြံအရံရှိသော။ သော မဟာရာဇာ၊ ထိုကုဝေရနတ်မင်းကြီးသည်။ အာဘိပါလေတိ၊ စောင့်ရှောက်ပါ၏။ ယသဿီ၊ ကုဋ္ဌေတသိန်းတိုင်တိုင် များသောအခြံအရံရှိသော။ သော မဟာရာဇာ၊ ထိုကုဝေရနတ်မင်းကြီးသည်။ ယက္ခာနဉ္စ၊ ဘီလူးတို့၏လည်း။ အဓိပတိ၊အကြီးအကဲသည်။ နာမသော၊ အမည်အားဖြင့်။ ကုဝေရောတိ၊ ကုဝေရမည်သည်။ ဟောတိ၊ ဖြစ်ခဲ့ပါ၏။ ယသဿီ၊ ကုဋ္ဌေတသိန်းတိုင်တိုင် များသောအခြံအရံရှိသော။ သော မဟာရာဇာ၊ ထို ကုဝေရနတ်မင်းကြီးသည်။ ယက္ခေဟေဝ၊ ဘီလူးတို့သည်သာလျှင်။ ပုရက္ခတော၊ ရှေသွားပြုအပ်သည်။ ဟုတ္ဝာ၊ ဖြစ်၍။ နစ္စဂီတေဟိ၊ ကခြင်း သီခြင်းတို့ဖြင့်။ ရမတိ၊ မွေ့လျော်ခဲ့ပါ၏။ သာ ဒိသာ၊ ထိုကုဝေရနတ်မင်းကြီး စောင့်ရှောက်အပ်သော အရပ်မျက်နှာသည်။ ဣတော ဌာနတော၊ ဤမြင်းမိုရ်တောင်အရပ်မှ။ ဥတ္တရာ၊ မြောက်ဖြစ်သော။ ဒိသာ၊ အရပ်မျက်နှာတည်း။ ဣတိ၊ ဤသို့။ နံ ဒိသံ၊ ထိုအရပ်မျက်နှာကို။ ဇနော၊ လူအပေါင်းသည်။ အာစိက္ခတိ၊ ခေါ်ဝေါ်ပြောဆိုကြပါ၏။

၄၇။ တဿ မဟာရာဇိနော၊ ထိုကုဝေရနတ်မင်းကြီး၏။ ပုတ္တာပိ၊ သားတော်တို့သည်လည်း။ ဗဟဝေါ၊ များကုန်သည်။ ဟောန္တိ၊ ဖြစ်ပါကုန်၏။ တေ ပုတ္တာ၊ ထိုသားတော်တို့သည်။ ဧကနာမာ၊ တူသောအမည်ရှိကြကုန်သည်။ ဟောန္တိ၊ ဖြစ်ပါကုန်၏။ ဣတိ၊ ဤသို့။ သုတံ၊ ကျော်စောထင်ရှားခဲ့ပါ၏။ တေ ပုတ္တာ၊ ထိုသားတော်တို့သည်။ အသီတိ စ။ ရှစ်ဆယ်သည်လည်းကောင်း။ ဒသ စ၊ တဆယ်တို့သည်လည်းကောင်း။ ဧကော စ၊ တယောက်သည်လည်းကောင်း။ ဟောန္တိ၊ ဖြစ်ပါကုန်၏။ တေ ပုတ္တာ၊ ထိုသားတော်တို့သည်။ ဣန္ဒနာမာ

ဣန္ဒဟူသောအမည်ရှိကြကုန်သည်။ မဟဗ္ဗလာ၊ ကြီးသော အားအစ္ဆမ်းရှိကြကုန်သည်။ ဟောန္တိ၊ ဖြစ်ပါကုန်၏။

၄၈။ တေ စာပိ ပုတ္တာ၊ ထိုသားတော်တို့သည်လည်း။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ဒိသွာန၊ တွေ့မြင်ကြကုန်သည်ရှိသော်။ အာဒိစ္စဗန္ဓုနံ၊ နေမင်း၏အဆွေဖြစ်တော်မူသော။ မဟန္တံ၊ မြတ်သောနိဗ္ဗာန်ဟူသော အဆုံးရှိတော်မူသော။ ဝီတသာရဒံ၊ ရွံရှာခြင်းကင်း ရဲတင်းသောစိတ်ရှိတော်မူသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ဒူရတောဝ၊ ဝေးသောအရပ်မှသာလျှင်။ နမဿန္တိ၊ ရှိခိုးကြပါကုန်၏။ ကိံ ဝစနံ၊ အဘယ်စကားကို။ ဝတ္ဝာ၊ ပြောဆိုကြကုန်၍။ နမဿန္တိ၊ ရှိခိုးကြပါကုန်သနည်း။

၄၉။ ပုရိသာဇညေ၊ ကြောင်းကျိုးနှစ်တန် လမ်းအမှန်ကို ကောန်သိတော်မူတတ်သော မြတ်စွာဘုရား။ တေ၊ ရှင်တော်ဘုရားအား။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါ၏။ ပုရိသုတ္တမ၊ ယောကျ်ားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား။ တေ၊ ရှင်တော်ဘုရားအား။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါ၏။ အမနုဿာပိ၊ လူနှင့်တူသော နတ်ဘီလူးတို့သည်လည်။ တံ၊ ရှင်တော်ဘုရားကို။ တုံ၊ ရှင်တော်ဘုရားသည်။ ကုသလေန၊ အပြစ်မရှိသော သဗ္ဗညုတဉာဏ်တော်ဖြင့်။ သမေက္ခသိ၊ ကောင်းစွာကြည့်ရှုတော်မူပါ၏။ ဣတိ၊ ဤသို့။ ဝတ္ဝာ၊ ပြောဆိုကြကုန်၍။ ဝန္ဒန္တိ၊ ရှိခိုးကြပါကုန်၏။ ယသ္မာ၊ အကြင့်ကြောင့်။ ဧတံ ဝစနံ၊ ဤနတ်တို့ချီးဝဲ့အပ်သောစကားကို။ အမ္ဖေဟိ၊ အကျွန်ုပ်တို့သည်။ အဘိဏှသော၊ မပြတ်မလပ်။ သုတံ နော၊ ကြားအပ်ပါသည် မဟုတ်ကုန်လော။ တသ္မာ၊ ထို့ကြောင့်။ မယံ၊ အကျွန်ုပ်တို့သည်။ ဝဒေမသေ၊ လျှောက်ထားကြပါကုန်၏။ ဣတိ၊ ဤသို့။ ဝတ္ဝာ၊ ပြောဆိုကြကုန်၍။ နမဿန္တိ၊ ရှိခိုးကြပါကုန်၏။

၅၀။ တုမ္ဖေ၊ သင်တို့သည်။ ဂေါတမံ၊ ဂေါတမအနွယ်ရှိတော်မူသော။ ဇိနံ၊ မြတ်စွာဘုရားကို။ ဝန္ဒထ၊ ရှိခိုးကြကုန်၏လော။ ဣတိ၊ ဤသို့။ ပုဋ္ဌာ၊ မေးအပ်ကုန်သည်။ သမာနာ၊ ဖြစ်ကုန်သည်ရှိသော်။ မယံ၊ အကျွန်ုပ်တို့သည်။ ဂေါတမံ၊ ဂေါတမအနွယ်ရှိတော်မူသော။ ဇိနံ၊ မြတ်စွာဘုရားကို။ ဝန္ဒာမ၊ ရှိခိုးကြပါကုန်၏။ ဥဒကေ ဝုဒ္ဓံ ဝုဒ္ဓေသု ဥဒကံ ဝိယ၊ ဝဲ့ဝဲ့ဝါးဝါးတို့နှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ဝန္ဒာမ၊ ရှိခိုးကြပါကုန်၏။ ဣတိ၊ ဤသို့။ အဘာသိ၊ ရွတ်ဆိုပြီ။

အာဠာနာဠိယသုတ်၊ အာဠာနာဠိယသုတ်သည်။
နိဋ္ဌိတံ၊ ဆုံးခန်းတိုင်မြောက်
အပြီးသို့ရောက်ပြီ။

အာရညကင်ဓုတင် ဆောက်တည်ရကျိုး

အရညကင်ဓုတင်ဆောက်တည်သော ရဟန်းသည် တောဟူသော အမှတ်သညာကို နှလုံးသွင်းလျက် မရသေးသော သမာဓိကိုရရှိခြင်းငှါ ရရှိပြီးသော သမာဓိကို စောင့်ရှောက်ခြင်းငှါ ထိုက်၏။ မြတ်စွာဘုရားသည်လည်း တောရဆောက်တည်သော ရဟန်းအား ဝမ်းမြောက်နှစ်သက်တော်မူ၏။

အဘယ်သို့ ဟောတော်မူသနည်းဟူမူ—ငါ့ရှင်နာဂိတ–ရဟန်းများ တော၌နေခြင်းဖြင့် ငါဘုရားသည် နှစ်သက်ဝမ်းမြောက်တော်မူ၏။ အစဉ်ကျ၍ ဝေးကွာလှသော တောရကျောင်း၌ ကိန်းအောင်းပျော်မွေ့လျက် နေလေ့ရှိသော တောနေရဟန်း၏စိတ်ကို မလျောက်ပတ်သော ရူပါရုံစသည်တို့သည် မပျံ့လွှင့်စေနိုင်ကုန်။

တောကျောင်းနေရဟန်းသည် ထိတ်လန့်ခြင်း ကင်း၏။ အသက်၌ တွယ်တာသော နိကန္တိတဏှာကိုလည်း စွန့်နိုင်၏။ ဆိတ်ငြိမ်ရာအရပ်၌ နေခြင်းကြောင့် ဖြစ်သော ချမ်းသာတည်းဟူသော အရသာကိုလည်း ခံစားရ၏။ ပံသုကူဓုတင်စသည်တို့၏ အဖြစ်ဟူသော ကြွင်းကျန်သော ဓုတင်တဆယ့်နှစ်ပါးသည် တောနေရဟန်းအား သင့်လျော်လျောက်ပတ်၏။

ဆိတ်ငြိမ်သော ကိုယ်စိတ်ရှိ၍ လူတို့နှင့် မရောနှောပဲ အစဉ်အဖျားကျသော တောရကျောင်း၌ ပျော်မွေ့ထသော တောရဆောက်တည်ခြင်းဖြင့် မြတ်စွာဘုရား၏ စိတ်တော်ကို နှစ်သက်စေတတ်သော ရဟန်းသည် တောရကျောင်း၌ တယောက်တည်း နေသည်ဖြစ်၍ အကြင်ဝိဝေကသုခကို ရ၏၊ ထိုရဟန်း၏ ဝိဝေကသုခအရသာမျိုးကို သိကြားမင်းနှင့်တကွ နတ်တို့သော်မှလည်း မခံစားကြရကုန်။

စစ်ဝတ်ချပ်တန်ဆာကို ဝတ်ဆင်လျက် ဆင်တပ်, မြင်းတပ်နှင့်တကွ စစ်မြေပြင်အောင်တပ်သို့ ရောက်သောမင်းသည် တဖက်ရန်ကို နှိမ်ချိုး၍ ဆောလျင်စွာ အောင်မြင်ခြင်းငှါ စွမ်းနိုင်သကဲ့သို့ ပံသုကူဟူသော စစ်ဝတ်ချပ်တန်းဆာကို ဝတ်ဆင်လျက် အာရညကင်ဓုတင်တည်းဟူသော ဆင်အပေါင်း, မြင်းအပေါင်း, ရဲမက်နှင့်တကွ ပံသုကူအာရညကင်ဓုတင်မှ ကြွင်းကျန်သော ဓုတဓမ္မဟူသော်အထူးထူးသော လက်နက်မျိုးတို့ကို စွဲကိုင်လျက် တောကျောင်းတည်းဟူသော စစ်မြေအောင်တပ်သို့ ကပ်ရောက်သော အရညဝါသီ ယောဂီရဟန်းသည် မကြာမီပင် အလျင်အမြန် အနုသယဟူသော ဆင်တပ်, မြင်းတပ်တို့ဖြင့် အထပ်ထပ် ခဲ့ရခဲ့အပ်သော ကိလေသာမာရ်ကိုယ်တွင်းရန်ကို အောင်မြင်ခြင်းငှါ စွမ်းနိုင်၏။

ထို့ကြောင့် တောရကျောင်းနေခြင်း၌ ပညာရှိသူတော်ကောင်းသည် မွေ့လျော်ခြင်းကို ပြုရာ၏။

တောရဆောက်တည်သည့်အတွက် အကျိုးခံစားရပုံ နည်းနာနယဝတ္ထုမျိုးစုံ ပိဋကတ်တို၌ များစွာပင် ရှိပါ၏။ ဤကျမ်းစာ၌ကား သခေါ်ပအမြွက်မျှပင် ရေးသားထားပါသည်၊ အကျယ်ကို အလိုရှိမူ ပိဋကတ်တော်တို၌ ကြည့်ရှုရာ၏။

အာရည်ကဂ်ကထာ ပြီး၏။

၉-ရုက္ခမူလိကဏ်ကထာ

ရုက္ခမူလိကဏ်ဆိုရာ၌ သစ်ပင်ရင်း သစ်ပင်အောက်၌ နေလေ့ရှိသော ပုဂ္ဂိုလ်ကို "ရုက္ခမူလိက"ဟူ၍ ခေါ်ဆိုသည်။ ထိုအကျင့်ဓုတင်ကို ဆောက်တည်ကြောင်း စေတနာသည်ကား ရုက္ခမူလိကင်္ဂ မည်၏။

ရုက္ခမူဓုတင် ဆောက်တည်ပုံ

ဆန္နံ ပဋိက္ခိပါမိ။ ရုက္ခမူလိကင်္ဂံ သမာဒိယာမိ။

မြန်မာလို ဆောက်တည်ပုံ–အုတ်, ကျောက်, သစ်ရွက်, မြက်, အင်္ဂတေ ငါးထွေသော အမိုးတို့ဖြင့် မိုးအပ်သော အရပ်အာဝါသကို ပယ်ပါ၏။ သစ်ပင်ရင်း သစ်ပင်အောက်၌နေခြင်း ကျင့်ဝတ်ရှိသော ရဟန်း၏ အကြောင်းအင်္ဂါကို ဆောက်တည်ပါ၏ဟူသော ဤစကားနှစ်မျိုးတို့တွင် တမျိုးမျိုးဖြင့် ဆောက်တည်နိုင်၏။

ရုက္ခမူဓုတင်ဆောက်တည်သော ရဟန်းသည် ပြည်ထောင်မင်းနှစ်ပါးတို့၏ နယ်ခြား၌ ရောက်သော သစ်ပင်, လူတို့ပူဇော်အပ်သော နတ်ရဲသစ်ပင်, သစ်စေးပင်အစရှိသော လူတို့အစေးသုံးဆောင်သောသစ်ပင်, သရက်ပိန္နဲအစရှိသော အသီးစားသစ်ပင်, လင်းနို့သုံးစွဲကြိုက်နှစ်သက်သော သစ်ပင်, မြေကြီးစသည် အောင်းစရာ အခေါင်းရှိသော သစ်ပင်, အမျှားသွားလာရာ ကျောင်းတိုက် အလယ်၌ တည်သောသစ်ပင်တို့ကို ရှောင်၍ ကျောင်း၏ အစွန်အဖျား၌ တည်သော သစ်ပင်ကို ဆောက်တည်အပ်၏။

ရုက္ခမူဓုတင် သုံးပါးပြားပုံ

ဤရုက္ခမူဓုတင်ဆောင်ပုဂ္ဂိုလ်သည် ဥက္ကဋ္ဌ, မဇ္ဈိမ, မုဒုအားဖြင့် သုံးမျိုးရှိ၏။ ထိုသုံးမျိုးတို့တွင် ဥက္ကဋ္ဌပုဂ္ဂိုလ်သည် စိတ်ကြိုက်နှစ်သက်အပ်သော သစ်ပင်ကို ရွေးချယ်ယူ၍ သုတ်သင်ရှင်းလင်းခြင်းငှါ မရရှိချေ။ ခြေထောက်ဖြင့် သစ်ပင်မှ ကြွေကျသောသစ်ရွက်, သစ်ခက်, အမှိုက်တို့ကို ဖယ်ရှား၍ နေအပ်၏။ မဇ္ဈိမပုဂ္ဂိုလ်သည် သစ်ပင်အနီးသို့ ရောက်လာသူတို့ကို သုတ်သင်စေခြင်းငှါ ရအပ်၏။ မုဒုပုဂ္ဂိုလ်သည် အာရုံမ်စောင့်, သာမဏေတို့ကို ခေါ်၍ သုတ်သင်ရှင်းလင်းစေပြီးလျှင် အညီအညွတ်ပြု၍ သဲကို ပြန့်ကြဲစေအပ်၏။ စောင်းရန်းအရုံကို ပြုစေ၍ တံခါးတပ်လျက် နေရာ၏။

အထူးမှာ လူအများ စုရုံးပြီးလျှင် ပူဇော် သက္ကာရ ပြုလာသည့်နှုန်း ရုက္ခမူ ဓုတင်ဆောင် ရဟန်းသည် မိမိနေမြဲ သစ်ပင်ရင်း၌ မနေပဲ တပါးသော ဖုံးလွှမ်းလျှို့ဝှက်အပ်သော အရပ်၌ နေအပ်၏။

ဓုတင်ပျက်ပုံ

ဤသို့ပါးသော ဓုတင်တို့သည် ငါးပါးသော အမိုးတို့ဖြင့် မိုးအပ်သော အရပ်၌ နေလိုသော ဆန္ဒဖြင့် ဝင်နေခြင်းကို ပြုသောခဏ၌ ဓုတင်ပျက်၏။ သီလျက် အမိုးရှိသောနေရာ၌ အရဏ် တက်စေ ကာမျှဖြင့် ဓုတင် ပျက်၏ဟု အဂုံတွရနိကာယ်ဆောင် မထေရ်တို့ဆိုကြ၏။

ရဟန်းအား ရုက္ခစိုးနတ်က လျှောက်ထားပုံ

အခါတပါး ရဟန်းတပါးသည် ရုက္ခမူ ဓုတင် ဆောက်တည်နေရာ သစ်ပင်စောင့် နတ်သည် ရဟန်း၏ အာနုဘော်ကြောင့် ရဟန်း ရောက်လာတိုင်း ရှောင်ဖယ်ပေးရ၏။ တနေ့သ၌ မကြာခဏ ရှောင်ဖယ် ပေးရသည့် ဆင်းရဲကြောင့် နတ်သည် ရဟန်းအား ဤသစ်ပင်အောက်လာ၍ မနေရန် လျှောက်ထားတောင်းပန်လေရာ ဖယ်၍ မပေးနိုင်ဟု အမိန့်ရှိလေ၏။ မကျေနပ်၍ တဖန် လျှောက်ထားတောင်းပန်ပြန်လေရာ နတ်မင်း ငါတို့သည် ဘုရားရှင် သာသနာတော်၌ အမြတ်ဆုံးတရားကို ကျင့်ကြံ ကြိုးကုတ် အားထုတ်သော အားဖြင့် ရုက္ခမူ ဓုတင်ကို ဆောက်တည်၏။ နတ်များက ရှောင်ဖယ်ခိုင်း၍ ထွက်ပြေးရလျှင် ငါ့အနေဖြင့် ရှက်ဖွယ် ကောင်းလှသဖြင့် ရှောင်၍ မပေးနိုင်။ သင် နတ်မင်းသာ အခြားအရပ်သို့ ပြောင်းရွှေ့လော့ဟု မေတ္တာရွှေထား၍ ပြောကြားလေလျှင် ရုက္ခစိုးနတ်မင်းသည် ရှောင်ဖယ်ပေးလေ၏။

ရုက္ခမူဓုတင် အာနိသင်

သစ်ပင်ရင်း တည်းဟူသော ကျောင်းကို အမှီပြု၍ ရဟန်းဖြစ်၏ဟု မြတ်စွာဘုရား ဟောကြားတော်မူသောကြောင့် တတိယ နိဿယ အားလျော်သော အကျင့်ရှိသည်၏ အဖြစ်ရှိကုန်၏။ သစ်ပင်ရင်း တည်းဟူသော ကျောင်းတို့သည် ကိစ္စတဝဝန် နည်းပါးကုန်၏။ အဖိုးနည်းကုန်၏။ ရောက်လေရာအရပ်မှာ ရလွယ်ကုန်၏။ အပြစ်ကင်းကုန်၏။

မြတ်စွာဘုရား ချီးမွမ်းတော်မူအပ်သော ပစ္စည်းရှိသည်၏အဖြစ်, မပြတ်မစဲနှုသော သစ်ရွက်တို့ကို မြင်သဖြင့် အနိစ္စ သညာကို ဖြစ်စေနိုင်သည်၏ အဖြစ် ကျောင်း၌ ဝန်တိုသည်၏အဖြစ်မရှိခြင်း, ရုက္ခစိုး နတ်တို့နှင့် အတူတကွ နေရခြင်း

အလိုနည်းခြင်းစသော ဂုဏ်ကျေးဇူး အားလျော်သော အဖြစ် ရှိခြင်းတို့သည် ရဂ္ဂမူ ဓုတင်ဆောင် ရဟန်း၏ အကျိုးအာနိသင်တို့ဖြစ်၏။

မြတ်စွာဘုရားသည် ချီးမွမ်းတော်မူအပ်သော ရဟန်းတို့၏ မှီရာ နိဿယဟူ၍ ဟောတော်မူအပ်သော သစ်ပင်ရင်းတည်းဟူသော ဆိတ်ငြိမ်ရာကို အလိုရှိသော ယောဂီရဟန်း၏နေရာသည် အဘယ်မှာရှိပါအံ့နည်း။

အာဝါသမစ္ဆရိယကို ပယ်ဖျောက်ရာဖြစ်သော, ရဂ္ဂစိုး နတ်တို့ စောင့်ရှောက်အပ်သော ဆိတ်ငြိမ်ရာ သစ်ပင်ရင်းခွဲ နေသော ကောင်းသော အကျင့်ရှိသော ယောဂီပုဂ္ဂိုလ်၏ နုစဉ်အခါ နီနီရဲရဲဖြစ်၍ ရင့်သောအခါ စိမ်းညိုသော အရောင်ရှိသော, မှည့်သောအခါ၌ ဝါရော်ကုန်သော အညှာမှ ကြွေကျကုန်သော သစ်ရွက်တို့ကို မျက်ဝါးထင်ထင် ရှုမြင်ရသည်ဖြစ်၍ မြဲ၏ ဟူသော အမှတ်သညာကို ပယ်ဖျောက်နိုင်၏။

ထို့ကြောင့် မြတ်စွာဘုရား ဖွားတော်မူရာ, ဘုရားဖြစ်တော်မူရာ, မွေစကြာတရား ဟောတော်မူရာ, ပရိနိဗ္ဗာန်ဝင်စံတော်မူသည့် အခါမျှားမှာ မှီဝဲအပ်သော ပစ္စည်းဖြစ်၍ ဘုရားမြတ်စွာ၏ အမွေတော်ဖြစ်သော ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းသူတို့၏ မွေ့လျော်နေရာဖြစ်သော ဆိတ်ငြိမ်သော သစ်ပင်ရင်းကို အကျိုးစီးပွါးကို လိုလားသောသူသည် မထီမဲ့မြင်မပြုရာ။

ရဂ္ဂမူလိကဂ်ကထာ ပြီး၏။

၁၀-အဗ္ဘာကာသိကဏ်ကထာ

အမ္ဘောကာသိက် ဆိုရာတွင် လွင်တီးခေါင်, ဟင်းလင်းအပြင်၌ နေလေ့ရှိသော ပုဂ္ဂိုလ်ကို အဗ္ဘောကာသိကဟူ၍ ခေါ်၏။ ယင်းအကျင့် မုတင်ကို ဆောက်တည်ကြောင်း စေတနာသည်ကား အဗ္ဘောကာသိက်မည်၏။

အဗ္ဘောကာသိကဧတင် ဆောက်တည်ပုံ

ဆန္နဥ္စ ရုက္ခမူလဥ္စ ပဋိက္ခိပါမိ။ အဗ္ဘောကာသိကင်္ ဿမာဒိယာမိ။

မြန်မာလို ဆောက်တည်ပုံ--

ငါးပါးသော အမိုးကိုဂုဏ်း, သစ်ပင်ရင်း, သစ်ပင်အောက်ကိုဂုဏ်း, ပယ်ပါ၏။ လွင်တီးခေါင်၌ နေခြင်းကျင့်ဝတ်ရှိသော ရဟန်း၏ အကြောင်းအင်္ဂါကို ဆောက်တည်ပါ၏ ဟူသော ဤစကားနှစ်မျိုးတို့တွင် တမျိုးမျိုးဖြင့် ဆောက်တည်နိုင်၏။

အဗ္ဘောကာသိကမုတင်ဆောက်တည်သော ရဟန်းသည် တရားနာယူခြင်းငှါ, ဥပုသ်ပြုခြင်းငှါ, ဥပုသ်အိမ်သို့ ဝင်ခြင်းငှါ အပ်၏။ ဝင်ပြီးသော ရဟန်းအား အကယ်၍ မိုးရွာလာအုံ၊ မိုးရွာစဉ် မထွက်မူ၍ မိုးတိတ်သောအခါ ထွက်အပ်၏။ ဆွမ်းစားဇရပ်, မီးတင်းကုပ်သို့ဝင်၍ ဝတ်နိဗန်္ဓကို ပြုအပ်၏။ ဆွမ်းစားဇရပ်သို့ မထေရ်ကြီးတို့ကို ဆွမ်းဖြင့် ပန်ကြားခြင်းငှါ ဝင်သင့်၏။

ပါဠိသင်ပေးသောရဟန်း, ပါဠိသင်ယူသော ရဟန်းတို့သည် အမိုးတွင်းသို့ ဝင်ခြင်းငှါ အပ်၏။ ပြင်ပ၌ မကောင်းသဖြင့် ထားအပ်ကုန်သော ဆောင်စောင်း အင်းပျဉ်စသည်တို့ကို အတွင်းသို့သွင်းခြင်းငှါ အပ်၏။ ခရီးသွားစဉ် သီတင်းကြီးပုဂ္ဂိုလ်တို့၏ ပရိက္ခရာပစ္စည်းကို ကိုင်ဆောင်ရသည်ဖြစ်မူ မိုးရွာခဲ့သော် လမ်းခရီး၌ရှိသော ဇရပ်, သစ်ပင်အောက်, မိုးလုံရာအရပ်သို့ ဝင်ခြင်းငှါ အပ်၏။

မထေရ်ကြီး၏ ပရိက္ခရာတစုံတခုကို ကိုင်ဆောင်အပ်သည် မဟုတ်ပါလျက် ဇရပ်စသော မိုးလုံရာ၌ ရပ်အုံ၊ လျင်မြန်သောအဟုန်ဖြင့် သွားခြင်းငှါ မအပ်။ ပကတိအတိုင်းသွား၍ ဝင်ပြီးသော ရဟန်းသည် မိုးစဲသည်တိုင်အောင် ရပ်၍ နေအပ်၏။ ရုက္ခမူမုတင်ဆောက်တည်သော ရဟန်းသည်လည်း တရားနာယူခြင်းငှါ စသည်ဖြင့် မိန့်အပ်ပြီးသော အစီအစဉ်အတိုင်းသာ သိအပ်၏။

မုတင်သုံးမျိုးပြားပုံ

ဤမုတင်ဆောင်ပုဂ္ဂိုလ်သည် ဥက္ကဋ္ဌ, မဇ္ဈိမ, မုဒုအားဖြင့် သုံးမျိုးရှိ၏။ ထို သုံးမျိုးတို့တွင် ဥက္ကဋ္ဌပုဂ္ဂိုလ်သည် သစ်ပင်, တောင်, အိမ်တို့ကိုမှီ၍ နေခြင်းငှါ

မအာပ်၊ လွှင်ပြင်၌ သက််နှံးကျောင်းဆောက်လုပ်၍ နေသင့်၏။ မဇ္ဈိမပုဂ္ဂိုလ်သည် သစ်ပင်ရင်း, တောင်ဝှမ်း, တောင်ခေါင်းတို့ကိုမှီ၍ သစ်ပင်ရင်း, တောင်ဝှမ်း, တောင်ခေါင်း ကျောင်းတွင်းသို့မဝင်ပဲ နေခြင်းငှါ အပ်၏။ မုဒုပုဂ္ဂိုလ်သည် မိုးရေမဝင်အောင် အမိုးအသွင်ဖြင့် အထက်၌ ပြုအပ်သော အပိုင်းအခြားမရှိသော တောင်ဝှမ်း, သစ်ခက်တို့ဖြင့် ကျဲကျဲမိုးသော မဏ္ဍပ်, တံစိုးတင်သော ဖယောင်းပုဆိုး, လယ်စောင့် တလင်းစောင့် စသည်တို့သည် စွန့်ပစ်ထားအပ်သော ထိုနေရာအရပ်၌ တည်သော တဲအိုမျှားသည် အပ်၏။

ဓုတင်ပျက်ပုံ

ဤသို့ယောက်သော ပုဂ္ဂိုလ်တို့အား နေရန်အလိုငှါ အမိုး သစ်ပင်ရင်း သစ်ပင်အောက်သို့ ဝင်ဆဲခဏ၌ ဓုတင်ပျက်၏။ ယခုပင် အရဏ်တက်လတ္တံ့ဟု သိလျက် အမိုးသစ်ပင်ရင်းတို့၌ အရဏ်တက်စေကာမျှ၌ ဓုတင်ပျက်၏ဟု အဂုံတွရနိကာယ်ဆောင်ပုဂ္ဂိုလ်တို့က ဆိုကြကုန်၏။

အဇ္ဈောကာသိကဓုတင်ဆောင် ရဟန်းသည် သက််နှံးကျောင်းဆောက်လုပ်၍ နေရာ၌ အမိုးမှာ သက််နှံးမိုး၍ အကာများ၌ ထရုံ, သစ်ခက်, သစ်ရွက်, သစ်သား, သွပ်ပြား စသည်တို့ ကာရံလျှင် လေအတွက် ကာကွယ်နိုင်၏။ သို့သော်လည်း ကိလေသာ ခါတွက်ရအောင် ဓုတင်ကျင့်သည့်အတွက် အကာကောင်းကောင်း ပြုလုပ်နေလျှင် ဓုတင်မပျက်သော်လည်း မသင့်တော်ရာ။ သက််နှံးမိုးပြီးလျှင် သစ်ခက်များများကာလျှင် တချို့ဒေသ၌ ထမ်းရွက်ကာလျှင် ပို၍ကောင်းလှပါ၏။

တောတောင်များရှိလျှင် သစ်ပင်, ချုံဖုတ်ကြား သစ်ရွက်ခြောက်ပေါ်၌ ထိုင်နေလျှင် ပို၍ကောင်း၏။ မိမိထိုင်သောနေရာ၌ သစ်ကိုင်းများ မရှိစေရ။ ထိုင်သောအခါ သစ်ပင်ကလေးတွေ့ ပတ်ချာဝိုင်းနေသည့်အတွက် လေတိုက်ခတ်မှု, နေပူမှု သက်သာနိုင်၏။

ရဟန်းဟူသည် တရားရဘို့ လိုရင်းဖြစ်သဖြင့် နေရာ, အဝတ်, အစား မရွေးရာ။ တရားရအောင်သာ ကြိုးစားအားထုတ်ရာ၏။ ကျောင်း, သက််နှံး, ဆွမ်း, ဆေးလေးပါးသော ပစ္စည်းရအောင် အားမထုတ်ရာ။ ပရိသတ်များအောင် အားမထုတ်ရာ။

ဓုတင်ဆောင်ရဟန်းသည် အနေဆင်းရဲ, အစားဆင်းရဲ, အဝတ်ဆင်းရဲသည်ဟူ၍ စိတ်မပျက်ရာ။ ရွှေဘုံရွှေနန်းနှင့် နေရသော်လည်း ခန္ဓာရှိသရွေ့ ဆင်းရဲတွေ့ရမည်။ သမာဓိရှိ၍ ဆင်းရဲကြောင်းသိ၏။ သမာဓိမရှိလျှင် ဆင်းရဲကြောင်းမသိရာ။ သမာဓိသည် အလွန်ချမ်းသာ၏။ ထို့ကြောင့်—

သမာဓိသုခတော ပရော သုခေါ နာမ လောကေ နတ္ထိတိ=သမာဓိ ချမ်းသာထက် လွန်မြတ်သော ချမ်းသာမည်သည် လောက၌ မရှိချေဟု ဟောတော်မူ၏။

သမာဓိသည် မှန်နှင့်တူ၏။ မှန်ကြည့်သောပုဂ္ဂိုလ်များ အမှန်အတိုင်း မြင်သလို သမာဓိရှိသောပုဂ္ဂိုလ်များ မှန်သည့်အတိုင်း မြင်နိုင်၏။ ထိုစကားကို ထင်ရှားအောင် ပြဦးအံ့။ လောက၌ ရုပ်ခန္ဓာဟူသည် အရိုး, အပုပ်သာ ဖြစ်၏။ မည်သည့် ခန္ဓာကြည့်ကြည့် အရိုးပေါ်အရေဖုံး ထားသည်။ အိုးတွင်း၌ ရေရှိလျှင် ရေအိုး, ဆီရှိလျှင် ဆီအိုး စသည်ဖြင့် ခေါ်ရသလို ရုပ်ခန္ဓာတွင်း၌လည်း မစင်ဘင်ပုပ် ကျင်ငယ်, နှပ်, သလိပ်, အရိုး စသည်များ ရှိကြသည့်အတွက် ထို ကောင္ဒညသတို့၏ တည်ရာ ရုပ်ခန္ဓာကို မစင်ဘင်ပုပ်အိုး, ကျင်ငယ်အိုး, သလိပ်အိုး, အရိုးအိုး စသည်ဟု ခေါ်ဆိုနိုင်လေသည်။ သမာဓိကောင်းစွာရှိခဲ့သော် ထို ရုပ်ခန္ဓာ၏ စက်ဆုပ်ဘွယ်ရာ အဖြာဖြာကို ကွက်ကွက်ကွင်းကွင်း ထင်ထင်လင်းလင်း သိမြင်နိုင်လေ၏။ တရားမရှိကြသည့်အတွက်, သို့မဟုတ် သမာဓိ မရှိကြသည့် အတွက် အသုဘအပုပ်ကောင်ကို သုဘ (တင့်တယ်သော အမွေးကောင်) ဟူ၍ အသိမှား အမြင်မှား ဖြစ်နေကြ၏။

သမာဓိများစွာရလျှင် နတ်မျက်စိကဲ့သို့ ကိုတင်မြင်မှုများ, ကိုတင်၍သိမှုများ ဖြစ်ပေါ်နိုင်၏။ ထို့နောက် သမာဓိရှိလျှင် စိတ်ကြည်လင်၏။ စိတ်ကြည်လင်လျှင် ရုပ်ကြည်၏။ ရုပ်ကြည်လင်လျှင် ဣန္ဒြေခြောက်ပါးတို့သည် လွန်စွာ တင့်တယ်ကုန်၏။ ထို့ကြောင့်—

> စိတ္တေ ပသန္နေ လောဟိတံ ပသီဒတိ၊ လောဟိတေ ပသန္နေ ဆ မနိန္ဒြိယာနိ အတိဝိယ ဝိရောစန္တီ–ဟူ၍ ရှင်တော်ဘုရား ဟောကြားလေသည်။

သမာဓိရရှိအောင် အားထုတ်ပုံ

သမာဓိရရှိလျှင် "သတိမရှိပဲ အသက်မရှူအံ့"ဟု စိတ်ကို တင်းတင်းမာမာ ထား၍ အားထုတ်ရာ၏။ အသက်မရှူလျှင် သေရမှာ ကြောက်သဖြင့် သတိကို မြဲမြံစွာ မွေးမြူရ၏။ မြဲမြံစွာ အားထုတ်နိုင်၏။ တနည်းအားဖြင့် သမာဓိရရှိအောင် အားထုတ်လိုသော ပုဂ္ဂိုလ်သည် သီလကို ဖြူစင်အောင် ဆောက်တည်ရာ၏။ သီလဖြူစင်လျှင်လည်း သမာဓိရရှိနိုင်၏။

တနည်းအားဖြင့် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း, ဓမ္မာနုဿတိကမ္မဋ္ဌာန်း, သံဃာနုဿတိကမ္မဋ္ဌာန်း, မေတ္တာကမ္မဋ္ဌာန်းများ စိတ်ဓာတ် ကြည်နူးအောင် ပွါးများ အားထုတ်ပြီးလျှင် သမာဓိရရှိအောင် အာနာပါနကမ္မဋ္ဌာန်းကို အားထုတ် ပွါးများသောအခါ ရရှိနိုင်၏။ ဤသမာဓိကို နှာသီးဖျား အထက်နှုတ်ခမ်းဖျား၌ စိတ်တည်ကြည်မှု ရရှိသည့်အတွက် "အာနာပါနသမာဓိ"ဟု ခေါ်ဆိုအပ်၏။

ဗုဒ္ဓါနုဿတိ ဘာဝနာ အားထုတ်၍ မြတ်စွာဘုရား အပေါ် ၌ တည်ကြည်မှု သမာဓိသည် "ဗုဒ္ဓါနုဿတိသမာဓိ" မည်၏။ ဓမ္မာနုဿတိကမ္မဋ္ဌာန်း စသည်၌ လည်း ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းနည်းတူ သိရာ၏။

တရားပေါက်ရောက်မှု အစစ်အမှန်

တရားပေါက်သည် တရားပေါက်၍ ရှုးသည်ဟု ပြောနေကြသော စကားသံ များကို နှေစဉ်နှင့်အမျှ ကြားသိနေရလေသည်။ တရားပေါက်မှု အစစ်အမှန်မှာ အထက်၌ပြခဲ့သော အပုပ်ကို အပုပ်ဟု သိမြင်မှု, အရိုးကို အရိုးဟု သိမြင်မှု ရှိမှ သာ ပေါက်သည်ဟု ဆိုရလေသည်။ အရိုး အပုပ် အမှန်အတိုင်း အမြဲတစေမြင်၍ ပေါက်ရောက်မှု ရှိနေကြလျှင် လောကအနေဖြင့် အလွန်ချစ်လှသည့် ဇနီးမယား သမီး, သားနှင့် လင်များကို စွန့်ခွါနိုင်ဘို့ရန် လွယ်ကူလေသည်။ ထိုပုဂ္ဂိုလ် တို့လည်း အရိုးအပုပ်သာ ဖြစ်ချေကုန်၏။ တရားပေါက်ရောက်မှု အစစ်အမှန် ရှိသော ပုဂ္ဂိုလ်တို့သည် မိမိစွန့်ထားသော မစင်ပုံနှင့် မိမိခန္ဓာတွင်းရှိ မစင်များကို စက်ဆုပ်ဘွယ်ရာဟု အညီအမျှ သိမြင်နိုင်ကြလေကုန်၏။ ထိုကဲ့သို့ ရှုံရှာဘွယ် အစစ်အမှန် အမြဲသိမြင်လေလျှင် တရားပေါက်သည်ဟု ခေါ် ဆိုရလေ၏။

တဒင်္ဂသိမြင်၍ မြင်တုန်းရှုံရှာလျှင် တဒင်္ဂပေါက်ဟု ခေါ် ဆိုနိုင်သော်လည်း များစွာ အကျိုးမရှိချေ။ တရားပေါက်၍ အမြဲတစေ ရုပ်ခန္ဓာ၌ ရှုံရှာဘွယ် ဖြစ် နေလျှင် မြို့ရွာလူကြားတို့၌ မနေနိုင်ရာ။ ဥပမာ–မိမိအနီးမှာ ရှုံရှာဘွယ်ရာ မစင် ဘင်ပုပ်အိုး ရှိနေလျှင် မနေနိုင်သကဲ့သို့တည်း။

ယခုခေတ် တရားပေါက်ပုံ

ယခုခေတ်အခါ၌ကား "ထမင်းမစားခင်က ဝနေသည်" ဆိုလျှင် ယုံနိုင်ဘွယ် မရှိသကဲ့သို့ တရားအားမထုတ်ခင်က တရားပေါက်နေသည်ဆိုလျှင်, သို့မဟုတ် ရက်အနည်းငယ် အားထုတ်ပြီး၍ အများအထင်ကြီးအောင် တရားပေါက်သည်, တရားရသည် ဆိုသည်မှာ ယုံကြည်ဘွယ်ရာမရှိပဲ ရယ်ဘွယ်ရာသာ ဖြစ်လေ တော့၏။ အများကမေး၍ အားနာသောအားဖြင့် အများပေါက်သလို လိုက် ပေါက်သော တရားသမားများ, အများက တရားရသည်ဆို၍ နားယောင်ကာ တရားရသော တရားသမားများ, တရားရသည်ဆို၍ အောင်ပွဲခံသော တရား သမားများ, မဂ်ဆိုက်သည် မဂ်ရသည်ဟု အများအထင်ကြီးအောင် ပြောနေ ကြသော တရားသမားများ သေသောအခါ အပါယ်ငရဲမှ လွဲကြပါစေဟု ဆု တောင်းမိပါသည်။

တရား အားထုတ်သည် ဆိုသည်ကား နိဗ္ဗာန်ချမ်းသာရအောင် အားထုတ်ကြ ခြင်းဖြစ်သည်။ သို့သော်လည်း ယခုခေတ်တရားရသည်ဆို၍ အောင်ပွဲခံနေသော

တရားသမားများအတွက်ကား “**ပေါ့စေချင်၍ ကြောင်ရုပ်ထိုး၊ ဆေးအတွက် ဝန်လေး**”ဟူသကဲ့သို့ နိဗ္ဗာန်ချမ်းသာလိုချင်၍ တရားအားထုတ် နိဗ္ဗာန်ချမ်းသာ မရပဲ အပါယ်ဆင်းရဲကို ရရှိကြ, ရောက်ရှိကြလိမ့်မည်။ သို့ဖြစ်၍ ထိုဆင်းရဲကို မရရှိအောင် သတိရှိစွာ ကျင့်ကြံရာ၏။

တရားပေါက်၍ ရွှေးသည်ဟု ပြောဆိုကြသည်ကား ဆရာဝန် မကောင်းလျှင် မသေလောက်သော ရောဂါဖြင့် သေရသောသူကဲ့သို့ ဆရာမကောင်းလျှင် တရား ရသင့်ပါလျက် တရားမရပဲ ရွှေးသွားတတ်သည်။ လောက်၌, လောကုတ္တရာ ဆရာဟူ၍ နှစ်မျိုးရှိရာ လောကုတ္တရာဆရာသည် အလွန်အရေးကြီး၏။ အရေးကြီးကြောင်းကို မြန်မာစကားပုံ၌ “**လင်ကုန်ရွှေးတော့ တခေါက် ဆရာကိုးကွယ်မှားတော့ တသံသရာလုံးမှောက်**”ဟု ပြောဆိုကြလေသည်။

အခွါရောဂါသည်ကား မိမိရောဂါ ကျမ်းနေသည့်အတွက် ဆရာဝန်မည်သို့ပင် ကောင်းသော်လည်း အသက် မရှင်သကဲ့သို့ လောကုတ္တရာ ဆရာ မည်သို့ပင် ကောင်းသော်လည်း မိမိကံအကြောင်း မကောင်းသဖြင့် အထင်ကြီး၍ ဘဝင်မြင့် ရွှေးသွားကြလေသည်။ ဤကဲ့သို့ ဝေဖန်သုံးသပ်၍ ပြသဖြင့် တရားနှင့်ပတ်သက်၍ အကြောင်းအကျိုး အကောင်းအဆိုးကို ဝေဖန်၍ ကျင့်ကြရာ၏။

အင်္ဂေါကာသိက ဓုတင်အာနိသင်

အာဝါသပလိဗောဓ ဟူသော ကျောင်းအရိပ်အာဝါသ၌ ကြောင့်ကြဘွယ်တို့ကို ဖြတ်ရခြင်း, ထိန မိဒ္ဓကို ပယ်ဖျောက်နိုင်ခြင်း, သားသမင်ကဲ့သို့ ငြိကပ်တွယ်တာခြင်း မရှိမူ၍ ရဟန်းတို့သည် နေရာကျောင်းမရှိပဲ နေကြကုန်၏ ဟု ချီးမွမ်းခြင်းအားလျော်သည့် အဖြစ်ရှိခြင်း, အရိပ်အာဝါသ၌ ငြိတွယ်သည့် အဖြစ်မရှိခြင်း, အရပ်လေးမျက်နှာတို့သို့ အပိတ်အပင်မရှိ သွားနိုင်သည့် အဖြစ်ရှိခြင်း, အလိုနည်းခြင်း စသော ဂုဏ်ကျေးဇူးအားလျော်သည့် အဖြစ်ရှိခြင်း တို့သည် အင်္ဂေါကာသိက ဓုတင်ဆောင်ရဟန်းများအတွက် အကျိုးခံစားရခြင်းတို့ဖြစ်၏။

အိမ်ရာမထောင် လူ့ဘောင်စွန့်ပစ် ရဟန်းအဖြစ်သို့ ကပ်ပျောက်သောသူနှင့် လျော်ကပ်တတ်ရလွယ်သော ကြယ်တာရာ တည်းဟူသော ပတ္တမြားတို့ဖြင့် စီခြယ်ထားအပ်သော အမိုးမျက်နှာကြက်ရှိသော လမင်း တည်းဟူသော ဓာတ်မီးဖြင့် ကြည်လင်အေးမြစွာ ထွန်းလင်းသော လွင်တီးခေါင်၌ သမင် တောသတ္တဝါစသည်တို့၏ စိတ်ကဲ့သို့ ဖြစ်သောစိတ်ဖြင့် ထိနမိဒ္ဓကို ပယ်ဖျောက်၍ နေသော ဘာဝနာကမ္မဋ္ဌာန်း၌ မွေ့လျော်ပျော်ပါးခြင်းကို မြို့သော ရဟန်းသူတော် ဝိဝေက-ရသ တည်းဟူသော သာယာဖွယ် စျာန်မင်္ဂဖိုလ်ကို မကြာမီ ရနိုင်၏။ ဤကြောင့် ပညာရှိ အမျိုးကောင်းသားသည် လွင်တီးခေါင်၌ မွေ့လျော် ပျော်ပိုက်ရာ၏။

အင်္ဂေါကာသိကဂ်ကထာ ပြီး၏။

နိဗ္ဗာန်ထမ်းစဉ် ၁၃—ပ-မ-သ-စ

၁၁-သောသဇနိကဏ်ကထာ

သောသဇနိကဏ်ဆိုရာ၌ သုသဇန် သင်းချိုင်း လုပ်တိုင်း၌ နေလေ့ရှိသူကို "သောသဇနိက" ဟူ၍ ခေါ်ဆို၏။ ယင်းအကျင့် ဓုတင်ကို ဆောက်တည်ကြောင်း စေတနာသည်ကား "သောသဇနိကင်" မည်၏။

သုသဇန်ဓုတင်ဆောက်တည်ပုံ

နံ သုသဇနံ ပဋိက္ခိပါမိ၊ သောသဇနိကင်ံ သမာဒိယာမိ။

မြန်မာဘာသာဖြင့် ဆောက်တည်ပုံ– သုသဇန်မဟုတ်သော အရပ်ကို ပယ်ပါ၏။ သုသဇန်၌ နေခြင်း ကျင့်ဝတ်ရှိသော ရဟန်း၏ အကြောင်းအင်္ဂါကို ဆောက်တည်ပါ၏ဟု ဤစကားနှစ်မျိုးတို့တွင်တမျိုးမျိုးဖြင့် ဆောက်တည်နိုင်၏။

သုသဇန်ဓုတင် ဆောက်တည်သော ရဟန်းတို့သည် ရွာသစ် တည်ထောင်သောသူတို့က ဤနေရာဌာနသည် သုသဇန်ဟု ပိုင်းခြားမှတ်သားကုန်၏၊ ထိုသို့ ပိုင်းခြားမှတ်သားအပ်ကာမျှဖြင့် သူသေကောင်မမြုပ်ရသေးလျှင် , မီးမသင့်ပို့ဟ် ရသေးလျှင် သုသဇန် မဖြစ်သေး သည့်အတွက် မနေအပ်။ သူသေကောင် မြုပ်ပြီး၍ မီးသင့်ပို့ဟ်ပြီးသောကာလမှ တဆယ့်နှစ်နှစ်ပြည့်လျှင် သုသဇန်မည်၏။

သုသဇန်၌ နေသော ရဟန်းသည် စင်္ကြံ, မဏ္ဍပ်တို့ကို ဆောက်လုပ်စေ၍ ညောင်စောင်း, အင်းပျဉ်ခင်းလျက် သောက်ရေ သုံးဆောင်ရေ တည်ထားပြီးလျှင် တရားစာပေ သင်ကြားပို့ချမှု ထယ်ထယ်ဝါဝါ မနေသင့်ချေ။ ဤဓုတင်သည် ဆောင်နိုင်ခဲ၍ တာဝန်လေးလံ၏။

ထို့ကြောင့် ဖြစ်လတ္တံ့သော ဘေးရန်ကို ပယ်ဖျောက်ခြင်းငှါ သံဃထေရ်နှင့် ရွာ၌ မင်းနှင့်စပ်သောသူတို့ကို သုသဇန်၌ မိမိနေသည်၏အဖြစ်ကို သိစေ၍ မမေ့မလျော့ပဲ နေရာ၏။ စင်္ကြံသွားသော ရဟန်းသည် ထက်ဝက်သော မျက်စိဖြင့် သူသေကောင်ဖုတ်ရာ မြုပ်ရာကို ငဲ့ကာကြည့်၍ စင်္ကြံသွားရာ၏။

သုသဇန်သို့သွားသော ရဟန်းသည် သွားရိုးလမ်းမမှ ဖဲ၍ သွားရိုးလမ်းမဟုတ်သော ဖြတ်လမ်းဖြင့် မိမိကိုယ်ကို သုသဇန်ဓုတင်ဆောင်ပုဂ္ဂိုလ်ဟု မသိအောင် လျှိုဝှက်သွားရာ၏။ နေ့အခါကသာလျှင် သစ်ငုတ် သစ်ပင် တောင်ပို့ မှိုမှို့ မဲမဲမြင်ကောင်းသော အာရုံတို့ကို ပိုင်းခြား မှတ်သားထားရာ၏။

ဤသို့ နေ့အခါက မှတ်သားထားမှသာ ထိုသစ်ငုတ်စသော အရာတို့သည် ညဉ့်အခါ၌ သုသဇန်ဓုတင်ဆောင်ပုဂ္ဂိုလ်အား ခြောက်လှန့်သော အာရုံများ

မဖြစ်ပဲ ရှိလိမ့်မည်။ ညဉ့်အခါ ဘီလူးတို့သည် မြည်တမ်းဟစ်ကြွေး၍ လှည့်လည် ကုန်သော်လည်း တစုံတခုသော တုတ် လုံ အုတ် ကျောက် တို့ဖြင့် မပစ်ခတ် အပ်ချေ။ သုသာန်သို့ တနေ့မျှ မသွားပဲ မနေအပ် နေ့စဉ်သွားရမည်။

သုသာန်၌ မစ္ဆိမယာမ်ကို ကုန်လွန်စေ၍ ပစ္ဆိမယာမ်၌ သုသာန်မှ ဖဲခြင်းငှါ သင့်၏ဟု အဂုံတွာရနိကာယ်ဆောင် ဆရာတို့သည် ပြောဆိုကြကုန်၏။ ဘီလူး သားဘက်တို့သည် ချစ်မြတ်နိုးစွာ ကြိုက်နှစ်သက်တတ်သော ဆီထွေး,နှမ်းလှော်, ပဲနှင့် ရောသော ထမင်း, ငါး အမဲ နို့ရည် ဆီ တင်လဲ အစရှိသော ခဲဘွယ် စားဘွယ်တို့ကို မမှီဝဲအပ်၊ ဒါယကာတို့ အိမ်တွင်းသို့ မဝင်အပ်၊ ဤကား သုသာန်ဓုတင် ဆောက်တည်ပုံ အစီအရင်တည်း။

ဓုတင်သုံးမျိုးပြားပုံ

ဤ သောသာနိကဓုတင်ဆောင် ပုဂ္ဂိုလ်သည်လည်း ဥက္ကဋ္ဌ,မစ္ဆိမ,မုဒုအား ဖြင့် သုံးပါးအပြား ရှိ၏။ ထို သုံးပါးတို့တွင် ဥက္ကဋ္ဌပုဂ္ဂိုလ်သည် အကြင် သုသာန်၌ မပြတ် သူသေကောင် မီးသင်္ဂြိုဟ်ခြင်း, မပြတ်သော အပုပ်နံ့, မပြတ်ငုံကြွေးသံ ရှိ၏၊ ထို သုသာန်၌ နေအပ်၏။

မစ္ဆိမပုဂ္ဂိုလ်သည်ကား မပြတ်သူသေကောင် မီးသင်္ဂြိုဟ်ခြင်း, မပြတ်အပုပ်နံ့ နံခြင်း မပြတ်ငုံကြွေးသံ ရှိခြင်းတို့တွင် တခုခုရှိသော အရပ်၌ နေအပ်၏။ မုဒု ပုဂ္ဂိုလ်သည်ကား သုသာန်လက္ခဏာရှိကာမျှသော သုသာန်၌ နေခြင်းငှါ အပ်၏။

ဤ သုံးမျိုးသော ပုဂ္ဂိုလ်တို့သည် သုသာန်မဟုတ်သော အရပ်၌ နေခြင်းကို ပြုကာမျှဖြင့် ဓုတင် ပျက်၏။ သုသာန်သို့ မသွားသောနေ့၌ ဓုတင်ပျက်၏ဟု အဂုံတွာရဘာဏက မထေရ်တို့က ဆိုကြကုန်၏။

ဤ ဓုတင်ကို ဆောက်တည်သော ပုဂ္ဂိုလ်သည် ယခုခေတ်၌ အလွန်ပင် ရှားပါးလှချေ၏၊ ခေတ္တ ဆောက်တည်သော ပုဂ္ဂိုလ်များ ရံခါတွေ့ရဘူး၏၊ သုသာန် ဓုတင်ဆောင် ရဟန်းသည် သုသာန်တွင်း၌ ဘီလူး သူရဲ သားဘက် ပြိတ္တာ စသည်တို့သည် အလွန်ကြောက်ရွံ့သော ပါထေယျပါဋိဝေတ်၌ ဟော တော်မူအပ်သော အာဠာနာဋိယ ပရိတ်တော်ကို မရွတ်ဖတ်အပ်၊ ရွတ်ဖတ်လျှင် ဘီလူး ပြိတ္တာ စသည်တို့နှင့် ကမ္ဘာမကျေသော ရန်သူတွေ့ ဖြစ်ကြလိမ့်မည်။

သုသာန်တွင်းရောက်လျှင် သုသာန်ဓုတင် ဆောက်တည်ပြီးနောက် ရုက္ခမူ, အဇ္ဈောကာသိက,ယထာသန္ထတိက, နေသဇ္ဇိကဓုတင်မျှားကိုလည်း ဆောက်တည် နိုင်သေး၏။ ဆောက်တည်ပြီးလျှင် သုသာန်စောင့် အကြီးအကဲ ဘီလူး ပြိတ္တာ နှင့် တကွ အလုံးစုံသော သတ္တဝါတို့ကို "အကျွန်ုပ်သည် ဤ သုသာန်ဓုတင် စသော ဓုတင်မျှားကို ဆောက်တည်ပါ၏။ ဤ ဆောက်တည်ရသော ကုသိုလ်

ကောင်းမှုကို သင်တို့အား အမျှပေးဝေပါ၏။ အကျွန်ုပ်ကို ဘေးဥပဒ်အန္တရာယ် ရန်စွယ်ကင်းရှင်းအောင် ကူညီကြပါ”ဟု တိုင်တမ်း၍ ပြောဆိုထားရာ၏။

မေတ္တာရွှေထား၍ ပြောဆိုလျှင် ဘီလူး ပြိတ္တာတို့သည် အလွန်ပင် နှစ်သက်ဝမ်းမြောက်ကြ၏။ သုသာန်စောင့် ဘီလူး ပြိတ္တာ စသည်တို့ကိုလည်း နာခံဝတ်ခန့် သီးသန့် မေတ္တာပွားများပေးရာ၏။ မေတ္တာပို့ပြီးမှ မိမိနှစ်သက်ရာ ကမ္မဋ္ဌာန်းကို အားထုတ်ရာ၏။ ကြောက်တတ်သော ပုဂ္ဂိုလ်များ အာနာပါန ကမ္မဋ္ဌာန်းကို သုသာန်၌နေ၍ ရက်နုစဉ် အားမထုတ်ရာ။ သမာဓိနည်းသေးလျှင် မမျော်လင့်ပဲ ကြောက်စရာ အာရုံနှင့် တွေ့ရှိပါက သွေးလန့်ပြီး ရူးသွားတတ်၏။

အရိုးစု ကမ္မဋ္ဌာန်း ဆင်ခြင်ပြီး“သူတို့သေသလိုငါသည်လည်း သေရမည်”ဟု နှလုံးသွင်းလျက် ရုပ်နာမ်မမြဲ ဆင်းရဲ၏။ အစိုးမရ မုချသေရမည်ဟု ပွားများပါလေ။ ပွားများဖန်များ၍ ငါ သူတပါး ယောကျ်ားမိန်းမ မရှိ၊ ရုပ်နာမ် အပုပ်စုကြီးသာ အရိုးစုကြီးသာ မစင်အိုးကြီးသာဟု စွဲမြဲထင်နေပါလျှင် ဆင်ခြင်နှလုံးသွင်း ကြည့်ရှုသော် ကြောက်လန့်စရာ မရှိတော့ချေ။ ထို့သို့ မကြောက်သောစိတ် ဖြစ်လာလျှင် အာနာပါနကမ္မဋ္ဌာန်းကိုအားထုတ်နိုင်သည်။

တနည်းအားဖြင့် ကြောက်တတ်လျှင် သဘောတူရာ အဖော်နှင့်အတူတကွ သွား၍ အားထုတ်ရာ၏။ ဂူပေါ်မှာ တင်ပလ္လင်ခွေထိုင်ပြီး သက်နှံးခေါင်းမြီးခြုံထား၍ တရားအားထုတ်လျှင်လည်း ကြောက်သူများအတွက် တမျိုးအားဖြင့် သင့်မြတ်ပါ၏။ စကြံ့လျှောက်ခြင်း တင်ပလ္လင်ခွေထိုင်ခြင်းနှစ်မျိုးတွင် ကြောက်သူများအတွက် စကြံ့လျှောက်ခြင်းက ပို၍ ကောင်းလှ၏။ သုသာန်တွင်းမှာ မေတ္တာပရိတ် မဟာသမယသုတ်များ ရွတ်ဖတ်၍ သတ္တဝါတွေ့ကို ဖိတ်ခေါ်ပြီး တရားဟောနိုင်သည်။ ဖယောင်းတိုင်, မီးခြစ်ဆောင်ယူသွားပါ။ မသန့်ရှင်းသော အာရုံတွေ့လျှင် မီးထွန်း၍ကြည့်လျှင် ကောင်းပါ၏။ သုသာန်အပြန်တွင် သုသာန်တွင်းရှိ သတ္တဝါတွေ့ကို အမျှပေးဝေဘို့ရန် လုံးဝမမေ့သင့်။ မေ့တတ်လျှင် နောက်ရက်လာက ဒုက္ခတွေ့တတ်၏။ တမျိုးတမည် ပြုတတ် ခြောက်လှန့်တတ်၏။

ဤမုတင်ကို ဆောက်တည်သောရဟန်းသည် ဘုရားရှင်၏ ရှေ့မျက်နှာတော်ကိုသာ ကြည့်ရမည်။ လာဘသက္ကာရကို လုံးဝမကြည့်ရချေ။

အခွါရဟန်းတော်များသည် အပို့စ္ဆတာဂုဏ် များစွာလိုသည့်အတွက် အနှစ်ခြောက်ဆယ် ကြာမြင့်သည်တိုင်အောင် မိမိသုသာန်မုတင် ဆောက်တည်ကြောင်းကို မည်သူမျှ မသိရှိကြောင်းကို တွေ့ရှိရပါသည်။ နည်းယူဘွယ်ကောင်စွဲ ပါတကား။

သုသာန်ဓုတင် ဆောက်တည်ရာ၌ အချို့ပုဂ္ဂိုလ်များသည် မိမိနေလိုရာ သုသာန်တွင်းမှာ မကောင်းဆိုးဝါး ဘီလူးပြိတ္တာများလာ၍ မနှောင့်ယှက်ရအောင် နှစ်ဆယ့်လေးပစ္စည်း စည်းချ၍ နေကြ၏။ ဝိသုဒ္ဓိမဂ်၌ လာသောနည်းထက် အညွှန့်တက်၍ ကျင့်ခြင်းငှါမသင့်ပါ၊ သုသာန်စောင့်ဘီလူးပြိတ္တာတို့သည် အကျင့်သီလနည်းပါးလျှင်လည်း ခြောက်လှန့်တတ်တည်၊ အကျင့်သီလမရှိပဲ ဓုတင်ဆောက်တည်လျှင်လည်း ထုက်ပြေးအောင် ပြုလုပ်တတ်ကြသည်။

အကျင့်သီလထူထဲ၍ အထုတ်အထိပ် ရောက်ခါနီးလျှင်လည်း အကျင့်သီလကောင်း-မကောင်း ခံနိုင်-မခံနိုင် ဟုတ်-မဟုတ် ထိတ်လန့်တုန်လှုပ်သွားအောင် အမျိုးမျိုး ခြောက်လှန့်တတ်ကြသည်။ သတိရှိကြစေလိုပါ၏။

သုသာန်ဓုတင် အာနိသင်များ

သုသာန်ဓုတင်ဆောင်ရဟန်းသည် သုသာန်၌ အမြဲကာလ သိဝထိကကို့ရှုသဖြင့် "သေရချေအံ့၊ သေရချေအံ့"ဟု အမှတ်သတိကို အဖန်တလဲလဲရခြင်း, သေရချေအံ့ဟု သတိရသဖြင့် ဝဋ်မှုထွက်မြောက်ကြောင်း အကျင့်၌ မမဲ့မလျော့ပဲနေခြင်း အလေ့ရှိသည်၏ အဖြစ်ရှိခြင်း, သုသာန်၌ စွန့်ပစ်အပ်သော ပုပ်ပုပ်ညှီညှီထိုဘုယ်အကောင်ကို မြင်ရသဖြင့် အသုဘဟု မှတ်ကြောင်းအာရုံကို ရရှိခြင်းများဖြစ်၏။

ထို့နောက် ဓုတင်ဆောင်ရဟန်းအား မတင့်တယ်ဟု မှတ်ကြောင်း အခြင်းအရာ အာရုံကို ရသဖြင့် ကာမဂုဏ်ဝတ္ထု၌ လိုချင်တပ်စွန်းသော ရာဂကို ပယ်နိုင်ခြင်း, ကြိမ်ဖန်များစွာ ကိုယ်ခန္ဓာ၏ အသုစိ, ဒုဂ္ဂန္ဓ, ဇေဂုစ္ဆ အဖြစ်ကို မှတ်သဖြင့် ကိုယ်ခန္ဓာ၏ အသုဘသဘောကို မပြတ်မြင်နိုင်ခြင်း, ကိုယ်ခန္ဓာ၏ အသုစိ ဒုဂ္ဂန္ဓ ဇေဂုစ္ဆသဘောကို မြင်ရခြင်း, မရဏာသတိကိုရခြင်း, အကြောင်းနှစ်ပါးကြောင့်များသော ထိတ်လန့်သည်၏အဖြစ်မရှိခြင်း, ဖျားနာ၍သေသူ, အိုမင်း၍သေသူတို့ကို သုသာန်၌ မြင်ရသဖြင့် အာရောဂျမဒ=အနာကင်းခြင်းကို စွဲ၍ ဖြစ်သော မာန်ယစ်ခြင်း, ယောဗ္ဗနမဒ=အရွယ်နုပျိုခြင်းကို စွဲ၍ ဖြစ်သော မာန်ယစ်ခြင်း, ဇီဝိတမဒ=အသက်ရှည်ခြင်းကို စွဲ၍ ဖြစ်သော မာန်ယစ်ခြင်းကို ပယ်ရခြင်း, ဘေးကြီးဘေးငယ် အသွယ်သွယ်ကို သည်းခံနိုင်သည်၏ အဖြစ်ရှိခြင်း, နတ်တို့သည် အလေးအမြတ် ချီးမွမ်းအပ်သည်၏ အဖြစ်ရှိခြင်း, အလိုနည်းခြင်း အစရှိသော ဂုဏ်ကျေးဇူးအားလျော်သည်၏ အဖြစ်ရှိခြင်းတို့သည် ဓုတင်၏ အကျိုးကျေးဇူးများဖြစ်၏။

သုသာန်၌နေခြင်း ကျင့်ဝတ်ဓုတင်ဆောက်တည်သော ရဟန်းကို မရဏာနုဿတိကမ္မဋ္ဌာန်း၏ အာနုဘော်ကြောင့် အိပ်ပျော်ခြင်းသို့ ရောက်ပါသော်လည်း

မေ့လျော့ခြင်း ဟူသော အပြစ်တို့သည် မနှိပ်စက်နိုင်ကုန်။ မျှားစ့ဉာကုန်သော အပုပ်ကောင်တို့ကို အစဉ်မပြတ် မြင်တွေ့သည်ဖြစ်၍ သုသာန်ဓုတင်ဆောင် ရဟန်း၏ စိတ်သည် အဖန်တလဲလဲဖြစ်သော တဏှာရမ္မက်နိုင်ငံ ဝတ္ထုကာမအာရုံကို ခုံမင်လိုက်စားမှု မဖြစ်နိုင်။

သုသာန်ဓုတင်ဆောင်ရဟန်းသည် ပြန့်ပြောသော ထိတ်လန့်ခြင်းသို့ရောက်၏၊ မာန်ယစ်မေ့လျော့ခြင်းသို့မရောက်နိုင်။ တဆယ့်တသီး ကိလေသာ မီးတို့၏ငြိမ်းရာ အမှန်ကိုသာ ရှာသည်ဖြစ်၍ ကောင်းမွန်စွာ ကြိုးစားအားထုတ် လုံ့လပြုရာ၏။

မျှားစ့ဉာသော ဂုဏ်ကျေးဇူးတို့ကို ရှက်ဆောင်တတ်သောကြောင့် နိဗ္ဗာန်သို့ ညွတ်သော စိတ်ရှိသော ယောဂီပုဂ္ဂိုလ်သည် သုသာန်ဓုတင်ကို အစဉ်မပြတ် ဆောက်တည်အပ်ပေ၏။

သောသာနိကင်္ဂကထာ ပြီး၏။

၁၂-ယထာသန္ဆတိကဂ်ကထာ

ယထာသန္ဆတိကဂ်ဆိုရာ၌ ကျောင်းဝေဖန်သော ရဟန်းက ဤကျောင်းအိပ်ရာနေရာသည် သင့်အား ရောက်၏ဟု လက်ညှိုးညွှန်ပြသော ကျောင်းအိပ်ရာနေရာကို ယထာသန္ဆတဟူ၍ ခေါ်သည်။ လက်ညှိုးညွှန်ပြသော ကျောင်းအိပ်ရာနေရာ၌ နေလေ့ရှိသောပုဂ္ဂိုလ်ကို ယထာသန္ဆတိကဟူ၍ ခေါ်သည်။ ဓုတင်ကို ဆောက်တည်ကြောင်း စေတနာသည်ကား ယထာသန္ဆတိကင်္ဂမည်၏။

ယထာသန္ဆတိဓုတင် ဆောက်တည်ပုံ

သေနာသနလောလုပ်ပံ ပဋိက္ခိပါမိ။ ယထာသန္ဆတိကင်္ဂံ သမာဒိယာမိ။

မြန်မာဘာသာဖြင့် ဆောက်တည်ပုံ–ကျောင်း၌ လျှပ်ပေါ်လော်လည်သော လောလုပ်ပတက္ခာကို ပယ်ပါ၏။ မဆွလက်မှန် ညွှန်အပ် ချထားအပ်တိုင်းသော ကျောင်းအိပ်ရာနေရာ၌သာ နေခြင်း အလေ့ရှိသော ရဟန်း၏အကြောင်းအင်္ဂါကို ဆောက်တည်ပါ၏ဟူသော ဤစကားနှစ်မျိုးတို့တွင် တမျိုးမျိုးဖြင့် ဆောက်တည်နိုင်၏။

ယထာသန္ဆတိဓုတင်ကို ဆောက်တည်သော ရဟန်းသည် ဤကျောင်းသည် အရှင်ဘုရားအား အစဉ်ရောက်ရှိပါ၏ဟု ဝါစဉ်အားဖြင့် ကျောင်းညွှန်းသော ရဟန်းက ညွှန်ချဝေဖန်သော ကျောင်းဖြင့်သာလျှင် ရောင့်ရဲတင်းတိမ်အပ်၏။ တပါးသော ရဟန်းကို မထစေကောင်း၊ တပါးသောနေရာကို မဖြစ်စေကောင်း၊ ရှေဦးညွှန်ချသော ကျောင်းကိုမကြိုက်၍ မလဲလှယ်ကောင်းဟု ဆိုလိုရင်းဖြစ်၏။

ဓုတင်သုံးမျိုးပြားပုံ

ဤဓုတင်ဆောင်ပုဂ္ဂိုလ်သည် ဥက္ကဋ္ဌ, မဇ္ဈိမ, မုဒုအားဖြင့် သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် ဥက္ကဋ္ဌပုဂ္ဂိုလ်သည် မိမိအား ရောက်သောကျောင်းကို ဝေးသလော, နီးသလော, ဘိလူး, မြွေ, ကင်းစသော ဥပဒ်ရှိသလော, ပူသလော, အေးသလောဟူ၍ မေးခြင်းငှါ မရအပ်ချေ။ မဇ္ဈိမပုဂ္ဂိုလ်သည် မေးခြင်းငှါ ရ၏။ သွား၍ကြည့်ရှုခြင်းငှါမူ မရ။ မုဒုပုဂ္ဂိုလ်သည် သွားကြည့်ပြီး၍ မနှစ်သက်လျှင် မိမိစိတ်နှင့် လျော်သော သူတပါး မနေသော်ကျောင်းကို ယူခြင်းငှါ ရ၏။

ဤပုဂ္ဂိုလ်သုံးယောက်တို့အား အဝေးအနီးစသည်ကို မေးခြင်း, သွား၍ကြည့်ရှုခြင်း, အပြစ်အနာရောဂါကင်းလျက် ပဌမ ရသောကျောင်းကို စွန့်၍ တပါး

သောကျောင်းကို လက်ခံနေခြင်းတည်းဟူသော သေနာသန လောလုပ်တဏှာ ဖြစ်သည်ရှိသော် ဓုတင်ပျက်၏။

ယထာသန္ထတိဓုတင် အာနိသင်များ

ရသောကျောင်းဖြင့်သာ ရောင့်ရဲတင်းတိမ်ရမည်ဟု ဟောတော်မူသော မြတ်စွာဘုရား၏ အဆုံးအမသြဝါဒကို လိုက်နာရခြင်း, သီတင်းသုံးဘော်တို့၏ အစီးအပွားကို ရှာမှီးခြင်း, ယုတ်သောကျောင်း မြတ်သောကျောင်းဟု အထူးကြံစည်ခြင်းကို စွန့်ပယ်ရခြင်း, မြတ်နိုးခြင်းတည်းဟူသော အနုရောဓ, မနှစ်သက်ခြင်း ဆန့်ကျင်ခြင်းတည်းဟူသော ဝိရောဓကို ပယ်ရခြင်း, အလွန်အလိုကြီးသောတဏှာ၏ အပေါက်ကို ပိတ်ဆို့နိုင်ခြင်း, အလိုနည်းခြင်း အစရှိသော ဂုဏ်ကျေးဇူးအာနိသင်လျော်သောအဖြစ် ရှိခြင်းတို့သည် ဓုတင်ဆောင်ခြင်း၏ အကျိုးများဖြစ်၏။

ရသမျှဖြင့်သာရောင့်ရဲသော ယထာသန္ထတိဓုတင်ကို ဆောက်တည်ကျင့်သုံးသော ရဟန်းသည် ကောင်း၏, မကောင်း၏ဟု ကြံစည်ခြင်းကင်းသည်ဖြစ်၍ မြက်, သစ်ရွက်အခင်းတို့၌သော်လည်း ချမ်းသာစွာ နေနိုင်၏။

ရဟန်းတော်သည် မြတ်သောနေရာကိုလည်း မတပ်မက်တတ်၊ အယုတ်အညံ့ကို ရသော်လည်း စိတ်မပျက်တတ်၊ သီတင်းသုံးဘော်ငယ်တို့ကို မေတ္တာစိတ်ဖြင့် ချီးမြှောက် မစ တတ်၏။ ထို့ကြောင့် အရိယာသူမြတ်တို့သည် မပြတ်လေ့ကျက်အပ်သည်ဖြစ်၍ မုနိတကာတို့၏ အကြီးအမှူးဖြစ်တော်မူသော မြတ်စွာဘုရားသည် ချီးမွမ်းတော်မူအပ်သော ပဌမ ညွှန်ချအပ်သောကျောင်း၌ မွေ့လျော်သည်၏အဖြစ်ကို ပညာရှိသူတော်ကောင်းသည် ကြိုးစားအားထုတ်ရာ၏။

ယထာသန္ထတိကင်္ကထာ ပြီး၏။

၁၃—နေသင့်ကြောင်းကထာ

နေသင့်ကြောင်းဆိုရာ၌ အိပ်ရာခေါင်းအုံးတွင် ခေါင်းချ၍ လျောင်းစက်ခြင်းကို ပယ်ခြင်းဖြစ်၏။ ထိုင်နေခြင်း အလေ့ရှိသောပုဂ္ဂိုလ်ကို "နေသင့်က" ခေါ်သည်။ ဓုတင်ကိုဆောက်တည်ကြောင်း စေတနာသည်ကား "နေသင့်ကင်" မည်၏။

နေသင့်ဓုတင် ဆောက်တည်ပုံ

သေယျံ ပဋိက္ခိပါမိ။ နေသင့်ကင်ံ သမာဒိယာမိ။

မြန်မာဘာသာဖြင့် ဆောက်တည်ပုံ- အိပ်ရာခေါင်းအုံး၌ ခေါင်းချ၍အိပ်ခြင်း, လျောင်းခြင်းကို ပယ်ပါ၏။ ထိုင်ခြင်းကျရိယာပုထ်ဖြင့် နေလေ့ရှိသော ရဟန်း၏ အကြောင်းအင်္ဂါကို ဆောက်တည်ပါ၏ဟူသော ဤစကားနှစ်မျိုးတို့တွင် တမျိုးမျိုးဖြင့် ဆောက်တည်နိုင်၏။

နေသင့်ကဓုတင် ဆောက်တည်သော ရဟန်းသည် ညဉ့်သုံးယာမ်တို့တွင် တခုသောယာမ်၌ ထ၍ စင်္ကြံသွားအပ်၏။ သွား လာ, ရပ်, ထိုင်, လျောင်းခြင်း ကျရိယာပုတ်လေးပါးတို့တွင် လျောင်းအိပ်ခြင်း ကျရိယာပုထ်သည်သာလျှင် မအပ်သည်ဖြစ်၏။

ဓုတင်သုံးမျိုးပြားပုံ

ဤဓုတင်ဆောင်ပုဂ္ဂိုလ်သည်လည်း ဥက္ကဋ္ဌ,မဇ္ဈိမ,မုဒုအားဖြင့် သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် ဥက္ကဋ္ဌပုဂ္ဂိုလ်သည် နောက်မှီတကဲပျဉ်ချပ်မအပ်။ ပုဆိုးပတ်, အာယောဂပတ်တို့သော်လည်း မအပ်။ မဇ္ဈိမပုဂ္ဂိုလ်သည် ဤသုံးပါးတို့တွင် တခုခုအပ်၏။ မုဒုပုဂ္ဂိုလ်သည် တကဲပျဉ်ချပ်, ပုဆိုးပတ်, အာယောဂပတ်, အုံး, အင်္ဂါငါးပါးရှိသော အင်းပျဉ်, အင်္ဂါခုနစ်ပါးရှိသော အင်းပျဉ်တို့သည် အပ်ကုန်၏။

နောက်မှီတကဲနှင့်တကွ ပြုအပ်သော အနံထက် အလျားရှည်သော ဖတိုင် အင်းပျဉ်ငယ်သည် အခြေလေးဖက်နှင့် တကဲရှိသောကြောင့် အင်္ဂါငါးပါးရှိသည်မည်၏။ နောက်မှီတကဲ ဝဲယာနှစ်ဖက်, လက်ရုံးတန်းနှင့်တကွ အခြေလေးခုရှိသော အင်းပျဉ်သည် အင်္ဂါခုနစ်ပါးရှိသော အင်းပျဉ်မည်၏။ ထိုသတ္တင်္ဂါအင်းပျဉ်ကို မိဋ္ဌာဘယမထေရ်အား ပြုလုပ်သတတ်။ မထေရ်သည် အနာဂါမ်ဖြစ်၍ ပရိနိဗ္ဗာန်ပြုသွား၏။

ဤပုဂ္ဂိုလ်သုံးယောက်တို့အား အိပ်ရာအုံးဌ ခေါင်းချ၍ အိပ်ခြင်းကို ပြုကာ မျှဌ ဓုတင်ပျက်၏။

ဤနေသဇ္ဇီကဓုတင်ကို ဆောက်တည်သော ပုဂ္ဂိုလ်သည်လည်း ရှားပါးလှ၏။ ယခုခေတ် ပက်လက်ကုလားထိုင်ကြီးများ, ပိတ်အခင်းကုလားထိုင်များကို ထိုင်လျှင် ဓုတင်မပျက်။ ပက်လက်လှန်၍ ခေါင်းချလျှင် ဓုတင်ပျက်၏။ ၎င်းကုလားထိုင်များဌ ထိုင်ပြီးလျှင် ပက်လက်လှန်၍ အိပ်ပျော်သွားပါက ဓုတင်ပျက်မည် စိုးရိမ်သည့်အတွက် လုံးဝမသုံးစွဲသင့်ပေ။ အခြို့သော နေသဇ္ဇီက ဓုတင်ဆောင်တို့သည် ပိတ်အခင်းကုလားထိုင်ကို မှီ၍ထိုင်ကြ၏။ ဓုတင်ပျက်၏ဟု ယူဆသင့်သည်။

ဤနေသဇ္ဇီကဓုတင်ကို မြတ်စွာဘုရားလက်ထက်တော်က နောင်လာနောက်သား အမျိုးသားတို့ ဒိဋ္ဌာနုဂတိလိုက်၍ ကျင့်စေခြင်းငှါ ရှေသွားအနေဖြင့် ကျင့်တော်မူသွားကြသော မဟာထေရ် ရဟန္တာအရှင်မြတ်တို့ကား —

၁။ အနှစ်သုံးဆယ် ကျောဆန့်၍ ကျောမှီ၍ ကျိန်းစက်တော်မမူသော အရှင်သာရိပုတ္တရာမထေရ်၊

၂။ အနှစ်သုံးဆယ် ကျောဆန့်၍ ကျောမှီ၍ ကျိန်းစက်တော်မမူသော အရှင်မဟာမောဂ္ဂလ္လာန်မထေရ်၊

၃။ အနှစ်တရာ့နှစ်ဆယ် ကျောဆန့်၍ ကျောမှီ၍ ကျိန်းစက်တော်မမူသော အရှင်မဟာကဿပမထေရ်၊

၄။ အနှစ်ငါးဆယ် ကျောဆန့်၍ ကျောမှီ၍ ကျိန်းစက်တော်မမူသော အရှင်အနုရုဒ္ဓါမထေရ်၊

၅။ အနှစ်သုံးဆယ် ကျောဆန့်၍ ကျောမှီ၍ ကျိန်းစက်တော်မမူသော အရှင်ဘဒ္ဒိယမထေရ်၊

၆။ တဆယ့်ရှစ်နှစ် ကျောဆန့်၍ ကျောမှီ၍ ကျိန်းစက်တော်မမူသော အရှင်သောဏမထေရ်၊

၇။ တဆယ့်နှစ်နှစ် ကျောဆန့်၍ ကျောမှီ၍ ကျိန်းစက်တော်မမူသော အရှင်ရဋ္ဌပါလမထေရ်၊

၈။ တဆယ့်ငါးနှစ် ကျောဆန့်၍ ကျောမှီ၍ ကျိန်းစက်တော်မမူသော အရှင်အာနန္ဒာမထေရ်၊

၉။ တဆယ့်နှစ်နှစ် ကျောဆန့်၍ ကျောမှီ၍ ကျိန်းစက်တော်မမူသော အရှင်ရာဟုလာမထေရ်၊

၁၀။ အနှစ်ရှစ်ဆယ် ကျောဆန့်၍ ကျောမို၍ ကျိန်းစက်တော်မမူသော **အ**ရှင်ဗာကုလမထေရ်၊

၁၁။ ပရိနိဗ္ဗာန်စံသည်တိုင်အောင် ကျောဆန့်၍ ကျောမို၍ ကျိန်းစက်တော်မမူသော အရှင်နာလကမထေရ်တို့ ဖြစ်တော်မူကြကုန်သည်။

ဤမထေရ်ကြီးများသည် အာသဝေါမကုန်၍ မအိပ်မနေ အဆင်းရဲခံ၍ နေသင့်ကဲ့ကဓုတင်ကို ဆောက်တည်ကြခြင်း မဟုတ်ပါ၊ နောင်လာနောက်သားတို့ အတွက် ကြားဘူး မြင်ဘူးသည်ကို အတုယူ၍ အကျိုးရှိအောင် ကျင့်စေခြင်းငှါသာ ကျင့်တော်မူကြ၏။

အိပ်သည့်အတွက် အမြတ်မထွက်ကြောင်းကို စာရှူသူတို့ သိရှိကြပါလိမ့်မည်။ အိပ်သည့်အတွက် တန်ဘိုးတက်သည်မရှိ၊ တန်ဘိုးပျက်သည်သာ ရှိပါ၏။ အိပ်၍ ဇရဋ္ဌေရတနာ လောကီပစ္စည်းများ မရရှိနိုင်ချေ။ မြတ်စွာဘုရားလက်ထက်တော်က တောရဆောက်တည်သော ရဟန်းတပါးသည် တရားအားမထုတ်ပဲ အိပ်ဖို့သာ အားထုတ်နေ၏။ နေ့ရောညပါ အိပ်လှသဖြင့် ရက္ခစိုးနတ်က နှိုး၍ သတိပေးရ၏။

ဥဋ္ဌေဟိ ဘိက္ခု ကိံ သေသိ၊ ကော အတ္ထော သုပိနေန တေ။
အာတုရဿ ဟိ ကာ နိဒ္ဒါ၊ သလ္လဝိဒ္ဓဿ ရုပ္ပတော။

အရှင်ရဟန်း ထတော်မူပါ၊ အဘယ့်ကြောင့် တရားအားမထုတ်ပဲ အိပ်နေဘိသနည်း၊ အရှင်ဘုရားအား စားပြီးသောက်ကာ အိပ်နေပါသဖြင့် တောထွက်လာခဲ့ရသည့်အကျိုး ဘယ်မှာ ရှိပါတော့အံ့နည်း၊ တထောင့်ငါးရာ ကိလေသာကျင်နာ နှိပ်စက်ခြင်းရှိသော ကာမစ္ဆန္ဒနီဝရဏတသင်း ငြောင့်ငါးစင်းဖြင့် စူးဝင်ခြင်းရှိသော အနိစ္စကို နိစ္စ, ဒုက္ခကို သုခ, အနတ္တကို အတ္တ, အသုဘကို သုဘထင်၍ ဖောက်ပြန်ခြင်းရှိသော အရှင်ဘုရားအား အိပ်နေခြင်းသည် အဘယ်မှာလျှင် တောနေရကျိုးရှိပါတော့အံ့နည်း၊ တောရဆောက်တည်ရကျိုး မရှိတော့ပြီဘုရားဟု လျှောက်ထားသောအခါ သတိသံဝေဂရပြီး တရားကို ဝီရိယသန်သန်ဖြင့် ပြင်းထန်စွာ အားထုတ်လိုက်သောအခါ မကြာခင် အာသဝေါကုန်ခန်းပြီး ရဟန္တာဖြစ်သွား၏။ အိပ်နေသည့်အတွက် နတ်များက နှစ်သက်တော်မမူကြချေ။

နိသင့်ဓုတင်အာနိသင်များ

အိပ်ရာ၌ တစင်းစင်း လျောင်းအိပ်ခြင်းကြောင့်ဖြစ်သော ချမ်းသာ, ဝဲယာပြန်ပြောင်း စောင်းလှည့်လူးလည်းသဖြင့် ရသောချမ်းသာ, တမှိန်းမှိန်း အိပ်မွေသဖြင့် ရသောချမ်းသာတို့ကို အဖန်တလဲလဲ အားထုတ်သည်ဖြစ်၍ နေ၏ဟု

ဟောတော်မူအပ်သော စိတ်၏အနှောင်အဖွဲ့ကို ဖြတ်ကြောင်း၏အဖြစ်, ခပ်သိမ်းသော ကမ္မဋ္ဌာန်းကို အားထုတ်သူအား လျော်သည်၏အဖြစ်, ကြည်ညိုဘွယ်သော ဣရိယာပုထ် ရှိသည်၏အဖြစ်, လှုံ့လအားထုတ်ခြင်းအား အစဉ် လျောက်သည်၏ အဖြစ်, သီလစသော သမ္မာပဋိပတ်ကို ပွားစေခြင်းတို့သည် ဓုတင်၏အကျိုးများ ဖြစ်၏။

ထက်ဝယ်ဖွဲ့ခွေလျက် ကိုယ်ကိုဖြောင့်မတ်စွာထား၍ ထိုင်နေသောရဟန်းသည် မာရ်မင်း၏ နှလုံးသားကို တုန်လှုပ်ချောက်ချားစေ၏။ အိပ်ခြင်းဖြင့်ရအပ်သော ချမ်းသာ, တမှိန်းမှိန်းအိပ်မွေ့ငိုက်မြည်းခြင်းဖြင့်ရအပ်သောချမ်းသာ၊ထိုချမ်းသာများကို ပယ်စွန့်၍ ဝိပဿနာဌ္ဌ အားထုတ် ခြီးမြှင့်အပ်သော ဝီရိယရှိသော ထိုင်နေခြင်းဌ္ဌ အလွန်မွေ့လျော်သောရဟန်းသည် ခြိုးခြံသောအကျင့်ကို ကျင့်ရာဖြစ်သော သာသနာတော်တည်းဟူသော အင်ကြင်းတောကို တင့်တယ်စေလျက် ငါးဝအာရုံ ကာမဂုဏ်တည်းဟူသော အာမိသကင်းသော ပီတိသုခကို ရနိုင်၏။ ထို့ကြောင့် ပညာရှိသူတော်ကောင်းသည် ထိုင်ခြင်း ဣရိယာပုထ်နှင့်စပ်သော နေသဇ္ဇိကဓုတင်ကို ကောင်းစွာ အားထုတ်ရာ၏။

နေသဇ္ဇိကင်္ဂကထာ ပြီး၏။

ရုပ်ပကိဏ္ဏကကထာ

အလုံးစုံဆိုအပ်ခဲ့ပြီးသော အကြောင်းအင်္ဂါတို့သည် ကျင့်သုံးဆောက်တည် ခြင်းဖြင့် ကိလေသာတို့ကို ခါတ္တက်ဖျက်ဆီးတတ်သော ရဟန်း၏ အကြောင်း အင်္ဂါတို့ဖြစ်သောကြောင့် ဓုတင်မည်ကုန်၏။

တနည်း– ကိလေသာတို့ကို ခါတ္တက် ဖျက်ဆီးတတ်သောကြောင့် ဓုတဟု ခေါ်အပ်သောဉာဏ်သည် ကျင့်သုံး ဆောက်တည်ခြင်း၏ အကြောင်းဖြစ်လေ သည်။ ထို့ကြောင့် ဓုတင်ဟူ၍ ဆိုအပ်လေသည်။

တနည်း။ ဓုတင်ဆိုသည်မှာ ဆောက်တည် ကျင့်သုံးခြင်းတို့သည် ဆန့်ကျင် ဖက် ကိလေသာတို့ကို ခါတ္တက်ဖျက်ဆီးတတ်သည်လည်း ဟုတ်၏။ သီလစသော ကောင်းသောကျင့်ဝတ်၏အကြောင်းတို့လည်း ဟုတ်၏၊ထို့ကြောင့် ဓုတင်မည်၏။

အလုံးစုံသော ဓုတင်တဆယ့်သုံးပါးတို့သည် ဆောက်တည်ကြောင်းဖြစ်သော စေတနာသာလျှင် မှတ်ကြောင်းလက္ခဏာရှိကုန်၏။

အလုံးစုံသော ဓုတင်တို့သည် လောလုပ္ပဟကဏ္ဍာကို ဖျက်ဆီးခြင်းကိစ္စရှိကုန်၏။ လောလုပ္ပတဏှာ ကင်းပေပြီဟု ဉာဏ်အား ထင်ခြင်းလျှင် ပစ္စုပဋ္ဌာန် ရှိကုန်၏။ စင်ကြယ်သော အရိယာသူတော်ကောင်းတို့၏တရားလျှင် နီးစ့ဉာသောအကြောင်း ပဒဋ္ဌာန်ရှိကုန်၏။ ဤဆိုအပ်ခဲ့ပြီးသည့်အတိုင်း ဓုတင်တို့၏ လက္ခဏာ အစရှိသော အဆုံးအဖြတ်ကို သိအပ်၏။

ဓုတင်ဆောက်တည်ကျင့်သုံးပုံ အစီအရင်အစရှိသော ငါးဌာနတို့၏ အဆုံး အဖြတ်ကို ဤဆိုအပ်လတ္တံ့သည့်အတိုင်း သိအပ်၏။

အလုံးစုံသော ဓုတင်တို့ကို မြတ်စ့ဉာဘုရား သက်တော်ထင်ရှားရှိနေစဉ် အခါက မြတ်စ့ဉာဘုရားအထံ၌ ဆောက်တည်ကြကုန်၏။ မြတ်စ့ဉာဘုရား ပရိ-နိဗ္ဗာန်စံလွန်တော်မူသောအခါ မဟာသာဝကကြီးတို့၏အထံ၌ ဆောက်တည်အပ် ကုန်၏။ မဟာသာဝကကြီးမျှားမရှိသောအခါ ရဟန္တာပုဂ္ဂိုလ်၏အထံ,အနာဂါမ် ပုဂ္ဂိုလ်၏အထံ, သကဒါဂါမ်ပုဂ္ဂိုလ်၏အထံ, သောတာပန်ပုဂ္ဂိုလ်၏အထံ, ပိဋကတ် သုံးပုံဆောင်ပုဂ္ဂိုလ်၏အထံ, ပိဋကတ်နှစ်ပုံဆောင် ပုဂ္ဂိုလ်၏အထံ, ပိဋကတ် တပုံဆောင်ပုဂ္ဂိုလ်၏အထံ, နိကာယ်ငါးရပ်တို့တွင် တပါးပါးသောနိကာယ်ကို ဆောင်သောပုဂ္ဂိုလ်၏ အထံ, အဋ္ဌကထာဆရာတို့၏ အထံ၌ ဆောက်တည်အပ် ကုန်၏။

အဋ္ဌကထာဆရာကြီးများ မရှိခဲ့သော် ဓုတင်္ဂရပုဂ္ဂိုလ်ထံ, ဓုတင်ဆောင်ပုဂ္ဂိုလ်များ မရှိခဲ့သော် စေတီယင်ပြင်ကို တံမြက်လှည်း၍ ဆောင့်ကြောင့် ထိုင်ကာ မြတ်စွာဘုရား၏ အထံတော်၌ ဆိုဘိသကဲ့သို့ ဆောက်တည်အပ်ကုန်၏။

စေတိယတောင် ညီနောင်နှစ်ပါး။ ။အမှန်စင်စစ်သော်ကား မိမိအလိုရှိသလို အလိုရှိသည့်အတိုင်း ဆောက်တည်ခြင်းငှါ အပ်သည်သာ ဖြစ်၏။ မိမိအလိုအတိုင်း ဆောက်တည်ရာ၌ စေတိယတောင်တွင် သီတင်းသုံးနေသော မထေရ်ညီနောင်နှစ်ပါးတို့တွင် နောင်တော်မထေရ်၏ ဓုတင်၌ အလိုနည်းပုံကို နည်းယူဘွယ် ကောင်းလှ၏။

အခါတပါး ညီနောင်နှစ်ပါးတို့တွင် နောင်တော်မထေရ်သည် နေသဇ္ဇိက ဓုတင်ဆောက်တည်၏၊ မထေရ်၏ဓုတင်ဆောက်တည်ပုံကို တစုံတယောက်သော သူမျှ မသိကြချေ၊ ထိုအခါ တနေ့သ၌ ညဉ့်အခါ အိပ်ရာညောင်စောင်း၌ ထိုင်နေစဉ် လျှပ်စစ်ပြက်သော အရောင်ဖြင့် တွေ့မြင်၍ ညီငယ်မထေရ်က အရှင်ဘုရား အရှင်ဘုရားတို့သည် နေသဇ္ဇိကဓုတင်ဆောင်ကုန်သလောဟု မေး၏။ နောင်တော်မထေရ်သည် ဓုတင်၌ အလိုနည်းသည်၏အဖြစ်ကြောင့် ထိုမေးစဉ်ခဏ၌ အိပ်ပြ၍ နောက်မှတဖန် နေသဇ္ဇိကဓုတင်ကို ဆောက်တည်ပြန်သည်။ ဤသို့သော ဝတ္ထုကို နည်းယူမှတ်သား၍ ကျင့်နိုင်ကြရာ၏။

အလုံးစုံသော ဓုတင်တို့သည် သေက္ခပုဂ္ဂိုလ်, ရဟန္တာပုဂ္ဂိုလ်တို့၏အစုမ်းဖြင့် အချို့ကုသိုလ်တို့ ဖြစ်ကုန်၏။ အချို့အဗျာကတတို့ ဖြစ်ကုန်၏။ အကုသိုလ်ဖြစ်သော ဓုတင်ကား မရှိသင့်ဟု သန္နိဋ္ဌာန်ကျမ့် မှတ်အပ်၏။

အယူမညီ ဝိတဏ္ဍဝါဒီပုဂ္ဂိုလ်သည် "ပါပိစ္ဆော ဣစ္ဆာပကတော အာရညိကော ဟောတိ=ယုတ်မာသော အလိုရှိသည်ဖြစ်၍ အလိုဆိုးသည် လှမ်းမိုးအပ်သည်ဖြစ်၍ တောကျောင်းနေသည် ဖြစ်၏" ဟု အင်္ဂုတ္တရ, ဝိနယပိဋကဿ, ပုဂ္ဂလပညတ်ပါဠိတော်တွင် ဟောတော်မူသောကြောင့် ဓုတင်သည် အကုသိုလ်လည်း ရှိသင့်သေး၏ဟု ဆိုငြားအံ့၊ ထိုစကားကို ဆိုနိုင်ပါ၏။ အကုသိုလ်စိတ်ဖြင့် တော၌ မနေဘူးဟူ၍ကား မဆိုသင့်ပေ။ အဘယ့်ကြောင့်ဆိုသော် တော၌နေသောပုဂ္ဂိုလ်ကို တောနေရဟန်းဟူ၍ ခေါ်၏။ ထိုရဟန်းသည် ယုတ်မာသော အလိုရှိသည်ဖြစ်ရာ၏။ နည်းပါးသော အလိုရှိသည် ဖြစ်ရာ၏။ ထိုသို့ပင်ဖြစ်ပါသော်လည်း ဤဓုတင်တို့သည် ထိုထိုပံသုကူလိကင်္ဂစသည်ကို ဆောက်တည်ခြင်းဖြင့် ဖျက်ဆီးအပ်ပြီးသော တဏှာ, ဥပါဒါန်အစရှိသော ကိလေသာပါပဓမ္မရှိသည်၏ အဖြစ်ကြောင့် တဏှာစသော ကိလေသာကို ခါတုံ့က် ဖျက်ဆီးပြီးသော ရဟန်း၏ ဓုတအဖြစ်၏ အကြောင်းတို့သည် ဖြစ်ကုန်၏။

(တနည်း)ကိလေသာကို ခါတ္ဂက် ဖျက်ဆီးတတ်သည်၏ အဖြစ်ကြောင့် ဓုတ အမည်ရှိသောဉာဏ်သည် ထိုပံသုကူဓုတင်စသည်တို့၏ အကြောင်းအင်္ဂါဖြစ်၏၊ ထို့ကြောင့် ဓုတင်တို့မည်ကုန်၏။

(တနည်း) ပံသုကူဓုတင်စသည်ကို ဆောက်တည်ခြင်းတို့သည် ဆန့်ကျင်ဖက်ဖြစ်သော ကိလေသာတို့ကို ခါတ္ဂက်ဖျက်ဆီးတတ်သည်၏ အဖြစ်ကြောင့် ဓုတမည်၏။

ဓုတအစရှိသည်တို့ကို ဝေဖန်ရာ၌ ၁-ဓုတကို သိအပ်၏။ ၂-ဓုတဝါဒကို သိအပ်၏။ ၃-ဓုတခမ္မတို့ကို သိအပ်ကုန်၏။ ၄-ဓုတင်္ဂတို့ကို သိအပ်ကုန်၏။ ၅-အာဘယ်သူသည် ဓုတင်မှဝဲခြင်းငှါ လျောက်ပတ်သနည်းဟူသော အမေး၏ အဖြေကို သိအပ်၏။

၁။ ဓုတဆိုသည်ကား - ဓုတင်ဖြင့် ကိလေသာတို့ကို ခါတ္ဂက်ဖျက်ဆီးတတ်သော ပုဂ္ဂိုလ်ကိုလည်း, သို့မဟုတ် ကိလေသာတို့ကို ခါတ္ဂက်ဖျက်ဆီးတတ်, ဖျက်ဆီးကြောင်း ဖြစ်သောတရားတို့ကိုလည်း သိအပ်၏။

၂။ ဓုတဝါဒဆိုရာ၌ (၁) မိမိသာ ဓုတင်ဖြင့် ကိလေသာတို့ကို ခါတ္ဂက်ဖျက်ဆီး၍ သူတပါးကို ဓုတင်ဖြင့် မဆုံးမသောပုဂ္ဂိုလ်။ (၂)မိမိမူကား ဓုတင်ကိုမဆောင် သူတပါးကိုသာ ဓုတင်ဖြင့် ဆုံးမတတ်သော ပုဂ္ဂိုလ်, (၃) မိမိလည်း ဓုတင် မဆောင် သူတပါးကိုလည်း ဓုတင်ဖြင့် မဆုံးမတတ်သော ပုဂ္ဂိုလ်။ (၄)ကိုယ်တိုင်လည်း ဓုတင်ဆောင်၏၊ သူတပါးကိုလည်း ဓုတင်ဖြင့် ဆုံးမတတ်သောပုဂ္ဂိုလ်ဟူ၍ လေးမျိုးရှိ၏။

ထိုလေးမျိုးတို့တွင် (၁) ဓုတင်ဖြင့် မိမိကိလေသာတို့ကို ခါတ္ဂက်ဖျက်ဆီး၍ သူတပါးကို ဓုတင်ဖြင့် မဆုံးမသောပုဂ္ဂိုလ်သည်ကား အရှင်ဗာကုလမထေရ်ကဲ့သို့ ဖြစ်၏။ အသက်တရာ့ခြောက်ဆယ်ရှိသော အရှင်ဗာကုလမထေရ်သည် မိမိသာ ဓုတင်ဖြင့် ကိလေသာတို့ကို ခါတ္ဂက်ဖျက်ဆီး၍ သူတပါးတို့အား ဓုတင်ဖြင့် ဆုံးမဟောကြားခြင်း မရှိခဲ့။

(၂) ဓုတင်ဖြင့် မိမိ၏ကိလေသာတို့ကို မခါတ္ဂက် မဖျက်ဆီးမူ၍ သူတပါးတို့အား ဓုတင်ဖြင့် ဆုံးမတတ်၏၊ ထိုပုဂ္ဂိုလ်ကား အရှင်ဥပနန္ဒမထေရ်ဖြစ်၏။ သာကီဝင်မင်းသား ဖြစ်သော အရှင်ဥပနန္ဒမထေရ်သည် မိမိမူကား ဓုတင်ဆောင်မဟုတ် သူတပါးကိုသာ ဓုတင်ဖြင့် ဆုံးမတတ်၏။

(၃) အရှင်လာဠုဒါယီမထေရ်သည် နှစ်ပါးသောအင်္ဂါမှ ချို့တဲ့၏။မိမိလည်း ဓုတင်မဆောင်၊ သူတပါးကိုလည်း ဓုတင်ဖြင့် မဆုံးမခဲ့။ ထိုပုဂ္ဂိုလ်ကား နေဝ ဓုတ နာ ဓုတဝါဒပုဂ္ဂိုလ် ဖြစ်၏။

(၄)။ တရားစစ်သူကြီးဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မထေရ်သည် နှစ်ပါးသောအင်္ဂါနှင့် ပြည့်စုံ၏။ ဤပုဂ္ဂိုလ်သည် ကိုယ်တိုင်လည်း ဓုတင်ဆောင်၏၊ သူတပါးကိုလည်း ဓုတင်ဖြင့် ဟောကြားဆုံးမတတ်၏။ ထိုပုဂ္ဂိုလ်ကား ဓုတ ဓုတ ဝါဒပုဂ္ဂိုလ်မည်၏။

၃။ ဓုတဓမ္မတို့ကို သိအပ်ကုန်၏ ဆိုသည်ကား အလိုနည်းသောသူ၏အဖြစ်, ရောင့်ရဲလွယ်သောသူ၏အဖြစ်, ကိလေသာတို့ကို ခေါင်းပါးစေတတ်သည်၏အဖြစ်, ဆိတ်ငြိမ်သည်၏အဖြစ်, ဤဓုတင်၏ ကျေးဇူးတို့သည် ရှိကုန်၏ဟု သိတတ်သောသူ၏အဖြစ်, ဤဓုတင်စေတနာ၏ အခြံအရံဖြစ်သော တရားငါးပါးတို့သည် "အပ္ပိစ္ဆံ ယေဝ နိဿာယ" အစရှိသည်ဖြင့် ဟောတော်မူသောကြောင့် ဓုတင်အား ကျေးဇူးပြုတတ်သော တရားဖြစ်၍ ဓုတဓမ္မတို့ မည်ကုန်၏။

ထိုငါးပါးတို့တွင် အလိုနည်းခြင်း, ရောင့်ရဲလွယ်ခြင်းတို့သည် တရားကိုယ်အား ဖြင့် အလောဘစေတသိက်ဖြစ်သည်။ ကိလေသာတို့ကို ခေါင်းပါးစေတတ်သော သလ္လေခတာနှင့် ဆိတ်ငြိမ်သော ပဝိဝေကတာသည် အလောဘနှင့် အမောဟ-တို့၌ ကျရောက်၏။ သိတတ်သည်၏အဖြစ် ဣဓမတ္ထိတာသည် ဉာဏ်ပေတည်း။

အလောဘ, အမောဟတို့တွင် အလောဘဖြင့် ဓုတင်ဖြင့်ပယ်အပ်သော ဂဟပတိစီဝရ အစရှိသော ဝတ္ထုတို့၌ လောဘကို ခါတွန်ဖျက်ဆီး၏။ အမော ဟဖြင့် ပယ်အပ်သောဝတ္ထုတို့၌ အပြစ်ကို ဖုံးကွယ်တတ်သော မောဟကို ခါတွန် ဖျက်ဆီး၏။

(တနည်း) အလောဘဖြင့် ပြုအပ်သောဝတ္ထုတို့ကို မှီဝဲခြင်းကို အကြောင်း ပြုသဖြင့်ဖြစ်သော ကိလေသာကာမနှင့်ယှဉ်သော ချမ်းသာသုခကို ခံစားခြင်း ကို ဖျက်ဆီးတတ်၏။ အမောဟဖြင့် ဓုတင်တို့၌ အလွန်အကျူး သလ္လေခပဋိပတ်ကို အကြောင်းပြုသဖြင့် ဖြစ်သော အတ္တကိလမထာနုယောဂနှင့်ယှဉ်သော အယုတ် တရားကို ဖျက်ဆီးတတ်၏။ ထို့ကြောင့် ဤတရားတို့ကို ဓုတဓမ္မတို့ဟူ၍ သိအပ် ကုန်၏။ ဓုတင်တဆဲ့သုံးပါးတို့ကိုလည်း သိထားအပ်သည့်အတိုင်း ရေးသားခဲ့ပြီ။

တဏှာရာဂများသောသူ, မောဟများသောသူတို့သည် ဓုတင်ကို ဆောက် တည်သင့်၏။ အဘယ့်ကြောင့်နည်းဟူမူ ဓုတင်ကို ဆောက်တည်ခြင်းသည် ဆင်းရဲ သောအကျင့် ကိလေသာကို ခေါင်းပါးစေတတ်သော နေခြင်းဖြစ်၏။ ဆင်းရဲ ခြိုးခြံသော အကျင့်ကို အမှီပြု၍ တဏှာရာဂသည် ငြိမ်း၏။ ခေါင်းခေါင်းပါးပါး ကျင့်ခြင်းကို အမှီပြု၍ မမေ့မလျော့သောသူအား မောဟကင်း၏။

ဤဓုတင်တို့တွင် အာရညကင်ဓုတင်, ရုက္ခမူလိကင်တို့သည် ဒေါသများသော ပုဂ္ဂိုလ်အား လျော်ကန်ပတ်၏။ ဤဓုတင်တို့သည် တစုံတယောက်သောသူကိုမျှ မထီခိုက်စေမူ၍ နေရသောကြောင့် ဒေါသငြိမ်း၏။

ဓုတင်တို့ကို ပေါင်းရုံး၍ ပြခြင်း

ဓုတင်တို့တွင် အကျဉ်းအားဖြင့် ခေါင်းတည်ဖြစ်သော အင်္ဂါတို့သည် သုံးပါး အပြားရှိ၏။ တပါးနှင့်တပါး မရောသောအင်္ဂါတို့သည် ရှစ်ပါးရှိကုန်၏။ သပဒါနစာရိကဓုတင်, ကောသနိက်ဓုတင်, အဇ္ဈောကာသိကဓုတင် ဤသုံးပါးတို့သည် ခေါင်းတည်အင်္ဂါတို့ဖြစ်ကုန်၏။ အကြောင်းမှာ သပဒါနစာရိကဓုတင်ဆောင် ပုဂ္ဂိုလ်သည် ပိဏ္ဍပါတ်ဓုတင်ကိုလည်း ဆောင်နိုင်၏။ ကောသနိက်ဓုတင်ဆောင် ရဟန်းသည် ပတ္တာပိုဏ်ဓုတင်, ခလုပစ္ဆာဘတ္တိကဓုတင်တို့ကို အလွယ်တကူဆောင် နိုင်၏။ အဇ္ဈောကာသ်ကဓုတင်ဆောင်ရဟန်းသည် ရုက္ခမူဓုတင်, ယထာသန္ထတိ ကဓုတင်တို့ကို ဆောင်ဘို့ရန် မရှိတော့ချေ။ ထို့ကြောင့် ခေါင်းတည်ဖြစ်သော အင်္ဂါသုံးပါးနှင့် အာရညကင်ဓုတင်, ပံသုကူဓုတင်, တိစီဝရိက်ဓုတင်, နေသဇ္ဇိ ကဓုတင်, သုသာန်ဓုတင် ဤဓုတင်ငါးပါးနှင့်ပေါင်းသော် တပါးနှင့်တပါးမရော သော အသမ္ဘိန္နအင်္ဂါဟိုသည် ရှစ်ပါးဖြစ်ကုန်၏။

ထို့ပြင် သင်္ကန်းနှင့်စပ်သော ဓုတင်နှစ်ပါး, ဆွမ်းနှင့်စပ်သောဓုတင်ငါးပါး, ကျောင်းအိပ်ရာနေရာနှင့်စပ်သော ဓုတင်ငါးပါး, ဝီရိယနှင့်စပ်သောဓုတင်တပါး အားဖြင့် ဓုတင်တို့သည် လေးပါးဖြစ်ကုန်၏။ ထိုလေးပါးတို့တွင် နေသဇ္ဇိက ဓုတင်သည် ဝီရိယနှင့်စပ်၏။ သင်္ကန်းနှင့်စပ်သော ဓုတင်စသည်တို့သည် မူကား ထင်ရှားသိသာလှ၏။

ထို့ပြင် ပစ္စည်းကိုမှီသော ဓုတင်တဆယ့်နှစ်ပါး, ဝီရိယကိုမှီသော ဓုတင်တပါး ဟူ၍ မှီရာအားဖြင့် နှစ်ပါးဖြစ်ကုန်၏။

ထို့ပြင် မှီဝဲအပ်, မမှီဝဲအပ်သည်၏ အစွမ်းဖြင့် ဓုတင်တို့သည် နှစ်ပါးအပြား ရှိကုန်၏။ မှန်၏။ ဓုတင်ကို မှီဝဲသော ရဟန်းအား ကမ္မဋ္ဌာန်းသည် တိုးပွါး၏။ ထိုရဟန်းသည် ဓုတင်ဆောက်တည်အပ်၏။ ဓုတင်ဆောင်သည့်အတွက် ကမ္မ-ဋ္ဌာန်းသည် ဆုတ်ယုတ်အံ့၊ မဆောက်တည်အပ်ချေ။

အထူးကား— သူတော်ကောင်း ရဟန်းသည် ဓုတင်ကို ဆောက်တည်သည် ဖြစ်စေ, မဆောက်တည်သည်ဖြစ်, ကမ္မဋ္ဌာန်းသည် တိုးတက်၏။ ဆုတ်ယုတ်ခြင်း မဖြစ်ပါက နောင်လာနောက်သားမျိုးကို နည်းယူစေရန် ချီးမြှောက်သော အားဖြင့် ဓုတင်ဆောင်အပ်၏။

ဤသို့လျှင် ဓုတင်သည်မှီဝဲအပ်, မမှီဝဲအပ်ဟူ၍ နှစ်ပါးပြားသော်လည်း အလုံး စုံသော ဓုတင်တဆယ့်သုံးပါးတို့သည် စေတနာ၏အစွမ်းဖြင့် တပါးသာအာဘို့ ရှိကုန်၏။ ထိုစကားမှန်၏။ ဓုတင်သည် သမာဒါနစေတနာတပါးသာ ဖြစ်၏။ ထို့ကြောင့် တပါးအာဘို့ရှိ၏ဟု ဆိုအပ်၏။ မဟာအဋ္ဌကထာကြီး၌လည်း "ယာ

စေတနာ၊ တံ မုတ်ံ=အကြင်စေတနာရှိသည်ရှိ၏၊ ထိုစေဘနာသည် မုတင်မည်၏"ဟူ၍ မိန့်ဆိုလေသည်။

အကျယ်အဝံးဖြင့်သော်ကား ရဟန်းနှင့်ဆိုင်သော မုတင်တဆယ့်သုံးပါး, ရဟန်းမတို့နှင့်ဆိုင်သော မုတင်ရှစ်ပါး, သာမဏေတို့နှင့်ဆိုင်သော မုတင်တဆယ့်နှစ်ပါး, သိက္ခမာန်သာမဏေမတို့နှင့်ဆိုင်သော မုတင်ခုနစ်ပါး, ဒါယကာ, ဒါယိကာမတို့နှင့်ဆိုင်သော မုတင်နှစ်ပါးဟူ၍ ပုဂ္ဂိုလ်၏အစွမ်းဖြင့် လေးဆယ့်နှစ်ပါးရှိ၏။

ထို့ပြင် လွှင်တီးခေါင်၌ အာရညကင်မုတင်အား ရရှိနိုင်သော သုသာန်သည် တယောက်တည်း မုတင်အားလုံးတို့ကို တပြိုင်တည်း ကျင့်သုံးဆောက်တည် ခြင်းငှါ တတ်နိုင်၏။ အာရညကင် မုတင်မရသော သုသာန်ဖြစ်လျှင် ပထမယာမ် သုသာန်မုတင် ဆောက်တည်၍ မဇ္ဈိမယာမ်, ပစ္ဆိမယာမ်တို့၌ တောရအင်္ဂါ ရလောက်ရာသို့သွား၍ အာရညကင်မုတင် ဆောက်တည်နိုင်သည်။

ဘိက္ခုနီများ မရထိုက်သော မုတင်များ ရဟန်းမတို့၌ အာရညကင်မုတင်နှင့် ခလုပစ္ဆာ-ဘတ္တိက မုတင်နှစ်မျိုးကို သိက္ခာပုဒ်အားဖြင့် ပညတ်ချက်ရှိ၍ ပယ်ထားသောအားဖြင့် , မရရှိချေ။ အဇ္ဈောကာသိကမုတင်, ရုက္ခမူမုတင်, သုသာန်မုတင်တို့ကိုမူ ဆောင်နိုင်ခဲ၏။ အဘယ့်ကြောင့်ဆိုသော် ရဟန်းမတို့မှာ အဖော်နှင့်ကင်း၍ နေခြင်းငှါ မအပ်၊ စိတ်သဘောဆန္ဒတူညီသော အဖော်ကို ရနိုင်ခဲလှ၏။

အကယ်၍ပင် ရစေဦးတော့ အပေါင်းအဖော်နှင့်နှီးနှော၍ နေခြင်းမှ မလွတ်နိုင်ရာ၊ ဤသို့ ဖြစ်ခဲ့သော် ဝိဝေကအကျိုးငှါ မုတင်ကို ကျင့်သုံးဆောက်တည်ပါသော်လည်း ထိုဝိဝေကအကျိုးသည် ရဟန်းမတို့အား မပြည့်စုံရာ၊ သို့အတွက်ကြောင့် ဘိက္ခုနီမတို့အား မုတင်ငါးပါးလျော့၍ မုတင်ရှစ်ပါးသာ ရရှိကုန်၏။

သာမဏေများ မရထိုက်သောမုတင်။ ။မုတင်တဆယ့်သုံးပါးတို့တွင် တိစီဝရိက်မုတင်ကို ထား၍ ကြွင်းကျန်သော မုတင်တဆယ့်နှစ်ပါးကို ရှင်သာမဏေများ - ဆောက်တည်ခြင်းငှါ ရကုန်၏။ ဤစကားရပ်ဖြင့် ရှင်သာမဏေများ ဒုကူဋ္ဋ,နှစ်ထပ်သင်္ကန်းကြီးများ မအပ်စပ်ကြောင်း၊ မသုံးဆောင်ကောင်းကြောင်းကို သိရှိနားလည်ကြရမည်။

သိက္ခမာန်နှင့် သာမဏေမအဘို့ ရထိုက်သောမုတင် ဘိက္ခုနီမတို့ ရသောမုတင် ရှစ်ပါးတို့တွင် တိစီဝရိက် မုတင်ကိုထား၍ ကြွင်းကျန်သော ခုနစ်ပါးကို သိက္ခမာန်, သာမဏေမတို့ ဆောက်တည်ခြင်းငှါ ရအပ်၏။

လူမျှားအတွက် ဆောင်တည်ထိုက်သောဓုတင်

ကောသနိုက်ဓုတင်နှင့် ပတ္တပိုဏ်ဓုတင် နှစ်ပါးကို ဒါယကာ, ဒါယိကာမတို့ ဆောက်တည်ခြင်းငှါ ရအပ်၏။ သဒ္ဓါတရားမျှားပြားသော ဒါယကာဖြစ်လျှင် ရုက္ခမူဓုတင်, အဇ္ဈောကာသိကဓုတင်, ယထာသန္ထတိကဓုတင်, သုသာန်ဓုတင်, အာရညကင်ဓုတင်, ခလုပစ္ဆာဘတ္တိကဓုတင်မျှား ဆောက်တည်နိုင်ပါသေး၏။

တပြိုင်နက်တည်း ဓုတင်တဆယ့်သုံးပါး ရရှိပုံ

အဇ္ဈောကာသိကဓုတင် ဆောက်တည်လျှင် ရုက္ခမူဓုတင်, ယထာသန္ထတိကဓုတင်တို့ကို ဆောက်တည်ဘို့ရန် အဘယ်မှာ ရှိပါတော့အံ့နည်းဟု ဝိသုဒ္ဓိမဂ်၌ တိုက်ရိုက်ပြဆိုထားသည်။ ဝိသုဒ္ဓိမဂ် မဟာဋီကာဆရာ အရှင်ဓမ္မပါလမထေရ်ကလည်း စောဒနာ သောဓနာ ယင်းနှစ်ဖြာဖြင့် သေချာစွာ ရှင်းပြထားလေသည်။

ကေပွဟာရေန သဗ္ဗဓုတင်္ဂါနိ ပရိဘုဉ္ဇိတုံ သက္ကောတီတိ ဝုတ္တံ။ ကထံ အဇ္ဈောကာသေ ဝိဟရန္တဿ ရုက္ခမူလိကင်္ဂံ?“ ဆန္နံ ပဋိက္ခိပါမိ၊ ရုက္ခမူလိကင်္ဂံ သမာဒိယာမီ”တိ ဝစနတော ဆန္နေ အရုဏံ ဥဋ္ဌာပိတမတ္တေ ဓုတင်္ဂံ ဘိဇ္ဇတိ၊ န အဇ္ဈောကာသေ၊ တသ္မာ ဘေဒဟေတုနော အဘာဝေန တမ္မိ အရောဂေ၀။ တထာ သေနာသနလောလုပ္ပဿ အဘာဝေန ယထာသန္ထတိကင်္ဂန္တိ ဒဋ္ဌဗ္ဗံ။ (ဝိသုဒ္ဓိ၊ ဋီ၊ ၁၊ ၁၀၆)

(မြန်မာပြန်) ရဟန်းတပါးသည် တပြိုင်တည်း ဓုတင်အားလုံးကို ဆောင်ခြင်းငှါ စွမ်းနိုင်၏ဟု အဋ္ဌကထာဆရာ မိန့်ဆိုအပ်ပြီ။ ဘယ်သို့ဘယ်ပုံ လွှင်တီးခေါင်ဌနေသော ရဟန်းအား ရုက္ခမူဓုတင် ရရှိနိုင်ပါအံ့နည်း၊ ဤကား အမေးတည်း။

အဖြေကား– အမိုးကို ပယ်ပါ၏။ ရုက္ခမူဓုတင်ကို ဆောက်တည်ပါ၏ဟု ဆိုသောကြောင့် အမိုးမှာ အရုဏ်တက်ကာမျှ၌ ရုက္ခမူဓုတင်ပျက်၏။ လွှင်တီးခေါင်ဌနေသဖြင့် ရုက္ခမူဓုတင် မပျက်ချေ။ ထိုသို့ ပျက်စီးခြင်းအကြောင်း၏ မရှိခြင်းကြောင့် ထိုရုက္ခမူဓုတင်သည်လည်း မပျက်စီးသည်သာ။ ထိုမှတပါး ကျောင်း၌ လျှပ်ပေါ်လောလီခြင်း တကာ့ကာမရှိသည်၏အဖြစ်ကြောင့် ယထာသန္ထတိကဓုတင်လည်း အဇ္ဈောကာသိကဓုတင် ဆောက်တည်သောအခါ ရရှိနိုင်၏။ ဤသို့ ပညာဉာဏ်ဖြင့် ရှုမှတ်အပ်၏။ ဤကား မဟာဋီကာဆရာ၏အလိုဖြစ်၏။

ရုက္ခမူဓုတင်ဆောက်တည်လျှင် အဇ္ဈောကာသိကဓုတင်မရရှိချေ။ နေသဇ္ဇိကဓုတင်ဆောင် ရဟန်းသည် လျောင်းအိပ်ခြင်းဣရိယာပုထ်ကို ပယ်သည်။ မအိပ်

သော်လည်း အညောင်းပြေ ခန္ဓာကိုယ်လျောင်းလျင် ဓုတင်ပျက်သည်။ ဝမ်းလျားမှောက်ပြီး အနင်းခံခြင်း, ဝမ်းလျားမှောက်ပြီးစာရေးခြင်း စသည်တို့သည် ဓုတင်ပျက်၏။ထိုင်၍, ရပ်၍, လမ်းလျှောက်၍ အိပ်ပျော်သွားလျင် ဓုတင်မပျက်ချေ။ အိပ်ပျော်သွားခြင်းသည် ဓုတင် ပျက်ခြင်းအင်္ဂါ မဟုတ်၊ ခေါင်းချ၍ အိပ်မှသာ မအိပ်သော်လည်း ခေါင်းချမှသာ ဓုတင်ပျက်၏။ ခေါင်းချ၍ မအိပ်လျင် ဓုတင်မပျက်ချေ။ (ဤကား နေသင့်ကဲ့သို့ ဓုတင်နှင့်ပတ်သက်၍ သိမှတ်စရာ အမြွက်တည်း။)

ပိဏ္ဍပါတ်ဓုတင်နှင့်ပတ်သက်၍ ရေးသားပါဦးအံ့—

အရှင်မဟာကဿပမထေရ်ဝတ္ထု

ဤကမ္ဘာမှ ပြန်၍ ရေတွက်သည်ရှိသော် ကမ္ဘာတသိန်းထက်၌ ပဒုမုတ္တရမြတ်စွာဘုရားပွင့်တော်မူ၏။ ဟံသာဝတီပြည်ကို အမှီပြုလျက် သာဒုက် အပေါင်းတို့ကို ဘေးမဲ့ပေးရာဖြစ်သော ခေမာမည်သောဥယျာဉ်တွင်း၌ သီတင်းသုံးနေတော်မူသောအခါ ဟံသာဝတီမြို့တွင်းမှ ကုဋေရှစ်ဆယ် ဥစ္စာကြွယ်ဝသော ဝေဒေဟအမည်ရှိသော ဒါယကာတယောက်သည် ဘုရား, တရား, သံဃာ၌ အလွန်မြတ်နိုးလျက် တခုသော ဥပုသ်နေ့၌ နံနက်စောစော စားဘွယ်သောက်ဘွယ် သုံးဆောင်ပြီး၍ ဥပုသ် ဆောက်တည်ပြီးလျင် ပန်းနှံသာ လက်စံလျက် ကျောင်းတော်သို့ သွား၏။ ကျောင်းတော်သို့ရောက်လျင် မြတ်စွာဘုရားကို ပန်းနှံသာတို့ဖြင့် ပူဇော်၍ ရှိခိုးဦးချပြီးလျင် ဘုရားရှင်၏ အနီး၌နေ၏။

ထိုခဏ၌ တတိယ တပည့်သာဝကဖြစ်သော မဟာနိသဘမထေရ်မြတ်သည် ဆည်းကပ်ခစားလာသည်ကို ပဒုမုတ္တရမြတ်စွာဘုရားသည်—

"တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဓုတဝါဒါနံ ယဒိဒံ နိသဘော" ဟူ၍ ဓုတင်တရားသကို ဆောင်သော အရာ၌ တေဒဂ်ထား၍ မြွောက်စားတော်မူ၏။

ထိုသို့ မြွောက်စားသည်ကို သူကြွယ်သိမြင်လျင် ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ တရားပွဲအပြီး၌ ပရိသတ်တို့ပြန်သွားကြသောအခါ မြတ်စွာဘုရားကိုရှိခိုး၍ နက်ဖြန်နံနက် တပည့်တော်၏ အိမ်သို့ အရှင်ဘုရားတို့သည် ဆွမ်းဘုဉ်းပေးကြွတော်မူကြပါဟု ပင့်လျှောက်၏။

မြတ်စွာဘုရားသည်လည်း ဒါယကာ ရဟန်း သံဃာသည် အလွန်များပြား၏။ ခြောက်သန်းမျှရှိ၏ ဟု မိန့်တော်မူလျင် အရှင်ဘုရား ကျောင်း၌ ရှင်သာမဏေကိုမျှ မကြွင်းကျန်စေပဲ သံဃာကုန်ကြွတော်မူပါဟု လျှောက်၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေကာ ဝန်ခံတော်မူ၏။

ဝေဒေဟသူကြွယ်သည်လည်း မြတ်စွာဘုရား ဝန်ခံကြောင်းကိုသိလျှင် အိမ်သို့ပြန်၍ စားသောက်ဘွယ်ရာ အလှူဒါနကြီးကို စီမံပြီးနောက် နံနက်ရောက်သောအခါ မြတ်စွာဘုရားအား ဆွမ်းဘုဉ်းပေးရန် ပင့်လျှောက်၏။မြတ်စွာဘုရားသည် သပိတ်တော်ကိုယူ၍ ရဟန်းအပေါင်းခြံရံလျက် သူကြွယ်အိမ်သို့ကြွ၍ ခင်းထားအပ်သော နေရာ၌ ထိုင်နေတော်မူ၏။ ယာဂုဆွမ်းစသည်တို့ကို ဘုဉ်းပေးမှုကို ပြုတော်မူသည်။ ဒါယကာသည်လည်း မြတ်စွာဘုရား၏အနီး၌ ထိုင်နေ၏။

ထိုအခါ တတိယသာဝကဖြစ်သော မဟာနိသဘမထေရ်သည် အိမ်စဉ်မပြတ် ဆွမ်းခံကြွလာသည်ကို ဝေဒေဟဒါယကာ မြင်လျှင် လျင်မြန်စွာလိုက်၍ မထေရ်ကို ရိုသေစွာရှိခိုးပြီးလျှင် အရှင်ဘုရား သပိတ်ကို သနားသောအားဖြင့် ပေးတော်မူပါဟု လျှောက်၏။ မထေရ်သည် သပိတ်ကို ပေးလိုက်၏။

ထို့နောက် ဒါယကာသည် အရှင်ဘုရား ဤအိမ်သို့ ကြွတော်မူပါ၊ မြတ်စွာဘုရားသည်လည်း အိမ်ပေါ်မှာရှိပါသည်ဟု လျှောက်၏။ ဒါယကာ အိမ်သို့မဝင်တော့အံ့ဟု အမိန့်ရှိလိုက်၏။ ဝေဒေဟသူကြွယ်သည်လည်း မဟာနိသဘမထေရ်၏သပိတ်ကိုယူ၍ ဆွမ်းအပြည့်ထည့်လျက် လှူလိုက်၏။ ထို့နောက် မထေရ်ကို အနည်းငယ်လိုက်ပို့ပြီး ပြန်ခဲ့၍ မြတ်စွာဘုရားအနီး၌ ထိုင်နေပြီးလျှင် အရှင်ဘုရား– ဤမဟာနိသဘမထေရ်ကား ဘုရားရှင် အိမ်ပေါ်တွင်ရှိပါ၏၊ အိမ်သို့ကြွတော်မူပါဘုရားဟု တပည့်တော် ပင့်ဖိတ်ပါသော်လည်း မကြွပါ၊ ဤပုဂ္ဂိုလ်၌ အရှင်ဘုရားတို့ထက် သာလွန်သော ဂုဏ်ကျေးဇူး အထူး ရှိပါသလောဟု လျှောက်၏။

မြတ်စွာဘုရားတို့ မည်သည်လည်း သူတပါး၏ ဂုဏ်ကျေးဇူးကို ဝန်တိုသောအားဖြင့် ကွယ်ဝှက်ခြင်းမရှိချေ။ ထို့ကြောင့် မြတ်စွာဘုရားသည် ဒါယကာ–ဤမထေရ်သည် ငါဘုရားတို့ထက်သာလွန်သော ဂုဏ်ကျေးဇူးအထူးရှိ၏။ ငါတို့ကား ပင့်ဖိတ်လာသော ဒါယကာတို့၏ ဆွမ်းကို ဘုဉ်းပေးကြ၏။ ဤမထေရ်သည်ကား ငါတို့ကဲ့သို့ မဘုဉ်းပေးပဲ၊ ဆွမ်းခံလှည့်လည်၍သာ ဘုဉ်းပေးသည်။

ငါတို့ကား ရွာနီးကျောင်း၌ နေကြ၏။ ဤမထေရ်ကား မနေပေ။ တောရကျောင်း၌သာ မွေ့လျော်နေသည်။ ငါတို့သည် အမိုးရှိသောကျောင်း၌ နေကြ၏။ ဤမထေရ်သည် ဟင်းလင်းအပြင် လွင်တီးခေါင်၌ နေသည်။ ဤသို့ စသည်ဖြင့် မြတ်စွာဘုရားသည် သန္တုဋ္ဌိ, သလ္လေခနှင့်တကွသော အရိယဝံသဓမ္မကျေးဇူးကို ချီးကျူးမိန့်ကြားတော်မူ၏။ မဟာသမုဒ္ဒရာကို ပြည့်စေဘိသကဲ့သို့ မထေရ်၏ ဂုဏ်ကျေးဇူးကို မိန့်ကြားလေသည်။

ဝေဒေဟဥပါသကာသည်လည်း အလျှံအဂါနှင့်တကွ တောက်ပနေသော ဆီမီးတောက် ဆီမီးတိုင်ကို ဆီထပ်၍ သွန်းလောင်းဘိသကဲ့သို့ အတိုင်းထက်အလွန်

ကြည်ညိုၗ ငါ့အား တပါးသောစည်းစိမ်ဖြင့် ဘာအကျိုးရှိမည်နည်း။ ဤပုဂ္ဂိုလ်ကဲ့သို့သော နောင်အခါ တဆူသော ဘုရားရှင်၏ အထံတော်ဝယ် ဓုတင်အရာဌ် မြတ်သည်၏အဖြစ်ကို ချီးပုံခံရခြင်းငှါ ဆုတောင်းရပေတော့အံ့ဟု ကြံလျက် ခုနစ်ရက်ပတ်လုံး ရွှေနည်းအတူ အလှူကြီးပေးၗ ခုနစ်ရက် မြောက်သော နေ့မှာ သံဃာတော် ခြောက်သန်းတို့အား တပါးလျှင် အသပြာတထောင် တန်သောတိစီဝရိက်သင်္ကန်းတို့ကို ဆက်ကပ်လှူဒါန်း၏။

လှူဒါန်းပြီးလျှင် မြတ်စွာဘုရား၏ ခြေတော်ရင်း၌ ဝပ်စင်းၗ အရှင်ဘုရား– တပည့်တော်သည် ငယ်ရွယ်စဉ်မှစၗ စွမ်းနိုင်သမျှ ဖြည့်ကျင့်အပ်သော ကုသိုလ်စေတနာ, သံဃာတော်ခြောက်သန်းနှင့်တကွ မြတ်စွာဘုရားအား ဆွမ်းသင်္ကန်းကပ်လှူရသော ကုသိုလ်စေတနာ, ကာယကံ ဝစီကံ မနောကံတို့ကို အလွန်သိမ်းဆည်းအပ်သော သီလပရိပူရဏ မေတ္တာသဟဂတ စေတနာ ဤစေတနာအပေါင်းတို့ကြောင့် လူစည်းစိမ်, နတ်စည်းစိမ်, ဗြဟ္မာစည်းစိမ်တို့ကို မတောင့်တမလိုလားပါ၊ တပည့်တော်၏ ဤကုသိုလ်ကောင်းမှုအစုစုတို့သည် နောင်ပဉ္စင်္တော်မှုလတို့ သော မြတ်စွာဘုရားရှင်တို့၏ သာသနာ၌ ဤမဟာနိသဘ မထေရ်ကဲ့သို့ ဇောဒဂ်ရာထူးရၗ ဓုတင်တရားသကို ဆောင်နိုင်သည်သာ ဖြစ်ရပါလို၏ဟု ဆုတောင်း၏။

မြတ်စွာဘုရားသည် ကြီးကျယ်သော ဆုထူးကို ဤဒါယကာတောင့်တခဲ့၏၊ ဆုတောင်းသည့်အတိုင်း ပြည့်စုံနိုင်၏လော မပြည့်စုံနိုင်၏လောဟု နှလုံးသွင်းကာ, အနာဂတ်သဉ္ဇာဏ်ဖြင့် ကြည့်ရှုသည်ရှိသော် ဆုတောင်းသည့် အတိုင်း ပြည့်စုံလတ္တံ့သည်၏အဖြစ်ကို မြင်ၗ ဒါယကာဝေဒေဟ–ဤကမ္ဘာမှ နောက် တသိန်းမြောက်သော ဘဒ္ဒကမ္ပာ၌ ဂေါတမဘုရား ပဉ္စင်္တော်မှုလိမ့်မည်။ ထို အခါ သင်သည် ဂေါတမမြတ်စွာဘုရား၏ သာသနာတော်၌ မဟာကဿပအမည် ရလျက် ဓုတင်တရားသကို ဆောင်နိုင်သော တတိယသာဝကကြီး ဖြစ်လတ္တံ့ ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူလေသည်။

ဝေဒေဟဥပါသကာသည် ထိုဗျာဒိတ်စကားကို ကြားလတ်သော် မြတ်စွာဘုရားတို့၏ စကားတော်သည် နှစ်ခွန်းမရှိ၊ တခွန်းသာတည်းဟု နှလုံးသွင်းလျက် တောင့်တသည့်ဆုကို နောက်နွေနံနက်တွင် ရောက်ရှိရရှိတော့မည်ကဲ့သို့ ထင်နေ၏။ ထို့နောက် ဒါန သီလ စသော ကောင်းမှုတို့ကိုပြုလျက် သေသည်ရှိသော် နတ်ပြည်၌ ဖြစ်ရ၏။

နတ်ပြည်ရောက်လိုက်, လူ့ပြည်ရောက်လိုက်ဖြင့် သံသရာ၌ ကျင်လည်ခဲ့ရာ ဂေါတမဘုရား ထင်ရှား ပဉ္စင်္တော်မှုသောအခါ ဆုတောင်းသည့်အတိုင်း 'တဒဂ်

ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဓုတဝါဒါနံ ယဒိဒံ မဟာကဿပေါ”ဟု ဓုတင်အရာ၌ တောဒဂ်ရသော မဟာကဿပ ဖြစ်လာလေသည်။

တနေ့သ၌ ဆွမ်းခံလှည့်လည်သည်ရှိသော် ခန္ဓာကိုယ်ပျက်၍ နူနေသော ဒါယကာသည် အရှင်မဟာကဿပ၏ သပိတ်ကိုလာ၍ ဆွမ်းလောင်းလှူ၏။ ဒါယကာသည် အလွန်နူပျပျက်စီးနေသည့်အတွက် လက်တချောင်းသည်ပြတ်၍ သပိတ်တွင်းသို့ ကျ၏။ ထိုသို့ ကျသည်ရှိသော် အရှင်မဟာကဿပမထေရ်သည် အလှူဒါယကာ အနူ၏ သဒ္ဓါတရားကို စောင့်ရှောက်သောအားဖြင့် ကြည်ညိုစေခြင်းငှါ အိမ်နံရံ၏အနီး၌ထိုင်၍ ပြတ်ကျသောအနူလက်ကို ဆွမ်းနှင့်ရောနယ်ပြီးလျှင် မြိန်မြိန်ရှက်ရှက် ဘုဉ်းပေးတော်မူ၏။ စက်ဆုပ်ရွံရှာမှု မဖြစ်ချေ။

ပုထုဇဉ် ပုဂ္ဂိုလ်သည် ထိုကဲ့သို့ ဆွမ်းမျိုးကို ဘုဉ်းပေးရလျှင် အူတို့သည် အပြင်သို့ ထွက်ကုန်ရာ၏။ (ဤကား ထေရအပဒါန်၌ လာသော သခ်ပကထာတည်း။)

ယခုခေတ်၌ အချို့ရဟန်းများသည် ပတ္တပိဏ်ဆွမ်းကို ခွေးအန်ဖတ်နှင့်တူသည်ဆိုပြီး ရွံရှာကြ၏။ သာသနာ့ဘောင်ရောက်သော်လည်း ပါရမီနည်းလွန်း၏။ အရှင်မဟာကဿပ မထေရ်လို အနူလက်ပြတ်ကျလျှင် ထို ပုဂ္ဂိုလ်အတွက် သေလုမတတ် ဒုက္ခရောက်လိမ့်မည်၊ အူတွေသော်လည်း အခွေလိုက်ထွက်လာလိမ့်မည်။

ဤအရှင်နိသဘမထေရ်, အရှင်မဟာကဿပမထေရ်တို့ကဲ့သို့ နည်းယူစေခြင်းငှါ ဒိဋ္ဌာနုဂတိလိုက်၍ ကျင့်စေခြင်းငှါ ရေးသားရပါ၏။ ပိဏ္ဍပါတ်ဓုတင်အတွက် မြတ်စွာဘုရား၏ ချီးမွမ်းခံလိုလျှင် ဆွမ်းခံဝတ်ကို မပြတ်ဖြည့်ကျင့်ကြရမည်။

ပိဏ္ဍပါတ်ဓုတင်သာမဟုတ်ပဲ အခြားဓုတင်များကိုလည်း မြတ်စွာဘုရားအချီးမွမ်းခံလိုလျှင် ဖြည့်ကျင့်ရမည်။ ဓုတင်တဆယ့်သုံးပါးဆောင်လျက် ရှင်တော်ဘုရား၏ သာသနာ့တာဝန်တို့ကို ထမ်းဆောင်နိုင်ပါစေဟု မျှော်လင့်တောင့်တပါ၏။ ဓုတင်တရားသဆောင်ပြီး ရဟန္တာဖြစ်အောင် ကြိုးစား အားထုတ်ရမည်။ ဓုတင်တရားသပြည့်စုံနေရုံဖြင့် ကျေနပ်နှစ်သက်စရာ မလိုသေးပေ။

ရှေးခေတ်နှင့်ယခုခေတ် ဆွမ်းခံပုံမတူကြချေ။ ရှေးခေတ်က သပိတ်ဖုံးမပါပဲ သပိတ်လုံးတခုတည်းဖြင့် တပါးဘုဉ်းပေးလောက်ရုံသာ ဆွမ်းခံကြသည်၊ ဤကား မြတ်စွာဘုရား အလိုတော်နည်းမှန်တည်း။ ဆွမ်းခံအသွားအပြန် ကမ္မဋ္ဌာန်းကိုလည်း ဆောင်ယူသွားကြ၏။ ကမ္မဋ္ဌာန်းမပါပဲ ခြေသုမ်းသည် ဟူ၍ မရှိကြချေ။

ယခုခေတ်တွင်ကား ဥတုအလျောက် သပိတ်ဖုံး ပါရှိကြ၏။ သပိတ်ဖုံးပါ၍ အပြစ်မရှိပါ၊ သို့သော် သပိတ်ဖုံးပေါ်၌ လောဘအလိုလိုက်၍ အစုလိုက်,အပြုံလိုက်

စေတီပုံဖြစ်အောင် တင်ထားလောက်အောင် ဆွမ်းခံခြင်းကား မသင့်တော်လှပါ။ ဘုရားခွင့်ပြုသည့် သပိတ်လုံးအတွင်း တပါးဘဉ်းပေးစာ ရလောက်လျှင် ပြန်ကြွလာဘို့ပင် ရှိ၏။ သပိတ်ဖုံးပေါ်၌ စားဘွယ်များမတင်လျှင် ဘုရားရှင် သာသနာ၌ ဆွမ်းခံစားသော ရဟန်းတော်များအတွက် အလွန်ကြည်ညိုဘွယ် ကောင်းမြတ်လှ၏။

လောဘနည်းအောင်ဆိုပြီး ဓုတင်ဖြည့်ကျင့်လျက် ပိဏ္ဍပါတ်ဆွမ်းခံစားပြီးမှ လောဘမနည်းပဲ လောဘတိုးပွါးမှုကို ချေရှုနေလျှင် နိဗ္ဗာန်နှင့် ဝေးသည်ထက် ဝေးကြလိမ့်မည်။

ရွာကျောင်းနေရဟန်းထက် တောကျောင်းနေရဟန်း မြတ်ပုံ

မှန်၏။ ရွာနီးကျောင်းတို့၌ တနေ့လုံး စျာန်ဝင်စား၍ နေပါသော်လည်း စျာန်မှထသည်ရှိသော် မိန်းမ, ယောကျ်ား, သူငယ်စသည်တို့၏ အသံကို ကြားရတတ်၏။ ထိုသို့ ကြားရခြင်းကြောင့် မိမိရရှိထားသော စျာန်တရားထူးသည် လျော့ကျတတ်သည်သာတည်း။

လူသူမနီး တောမြိုင်ကြီး၌ တနေ့လုံးအိပ်၍ နိုးလျှင်နိုးခြင်း ခြင်္သေ့, ကျား, ဥဒေါင်းငှက်စသည်တို့၏ ဟောက်သံ ဟစ်သံ တွန်သံစသည်ကို ကြားရတတ်၏။ ထိုသို့ကြားရခြင်းကြောင့် တောကြီးပါတကားဟု တောဟူသောအမှတ်သညာကို ရရှိဖြစ်သော ပီတိကိုသာလျှင် မမြဲ,ဆင်းရဲ,အစိုးမရတဲ့သဘောပဲဟု လက္ခဏာရေးသုံးပါးသို့တင်၍ ရှုသည်ရှိသော် သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ် စသည်ဖြင့် ဉာဏ်စဉ်တက်၍ တမဂ်ပြီးတမဂ်, တဖိုလ်ပြီးတဖိုလ်, အရဟတ္တမဂ် အရဟတ္တဖိုလ်၌ တည်လေ၏။

ဤသို့လျှင် မြတ်စွာဘုရားသည် တနေ့လုံး စျာန်ဝင်စား၍နေသော ရဟန်းထက် တော၌အိပ်နေသော ရဟန်းကိုသာလျှင် ချီးမွမ်းတော်မူ၏ (သုတ်မဟာဝါအဋ္ဌကထာ)။

တောနေခြင်း ငါးမျိုး

တောရဆောက်တည် တောသို့မှီလျက် တောနေခြင်းတို့သည်- (၁) မသိမိုက်မှား မောဟများ၍ တောနေခြင်း၊ (၂) အလိုဆိုးရှိ၍ တောနေခြင်း၊ (၃) စိတ်ခေတ်မမှန် ဖောက်ပြန်မှုးသွပ်၍ တောနေခြင်း၊ (၄) ဘုရားရှင် ချီးမွမ်းသည်ဟု နှလုံးပိုက်၍ တောနေခြင်း၊ (၅) အလိုနည်းပြီး ဝင်္ဂမှထွက်

မြောက်လို၍ တောနေခြင်းဟု ငါးမျိုးရှိ၏။ ထိုငါးမျိုးတို့တွင် အလိုနည်းလျက် ဝဋ္ဋမှထွက်မြောက်လို၍ တောနေခြင်းကိုသာ အမြတ်ဆုံးဟု ဘုရားရှင်ဟောတော်မူသည်။ (အင်္ဂုတ္တရပါဠိတော် ဒုတိယအုပ်၊ နှာ ၁၉၃)

ရွာကျောင်းဘုန်းကြီးနှင့် တောကျောင်းဘုန်းကြီးတို့ တန်းခိုး ပြကြပုံ

အခါတပါး တောကျောင်းရဟန်းတပါးက မိုးခဲရဲရဲကြီးတွေကို သင်္ကန်းနှင့် ထုပ်ယူလာပြီး ရွာနီးကျောင်းမှာနေတဲ့ ရဟန်းတပါးကို ပြသ၏။ ထိုအခါ ရွာနီးကျောင်းရဟန်းက အရှင်တောနေရဟန်းသာလျှင် တန်းခိုးသတ္တိပြနိုင်တာမဟုတ်၊ တပည့်တော် ရွာနီးကျောင်းရဟန်းသည်လည်း တန်းခိုးသတ္တိပြနိုင်ပါသည်ဆိုပြီး မိုးဆိုတာ လောင်စာရှိရာ လောင်ကျွမ်းတတ်ပါသည်၊ သေအောင် သတ်ထားမှ ဘေးကင်းမည်ဘုရားဟု ပြောဆိုလျက် ခြင်းကြားကြီးနှင့် ရေတွေကိုယူလာပြီး မီးခဲတွေကို လောင်းသတ်ပစ်လိုက်သတဲ့။

ရဟန်းနှစ်ပါးလုံးအတွက် နည်းယူဘွယ် တန်းခိုးသတ္တိတွေပြကြပါ၏။ ဖြစ်နိုင်အောင် နည်းယူနိုင်ကြပါစေ။

နိဗ္ဗာန်လိုလျှင် တောထွက်ရပုံ

ယထာပိ ဒိပိကော နာမ၊ နိလီယိတ္ထာ ဂဏ္ဍာတိ မိဂေ။
တထေဝါယံ ဗုဒ္ဓပုတ္တော၊ ယုတ္တယောဂေါ ဝိပဿကော။
အရညံ ပဝိသိတ္ထာန၊ ဂဏ္ဍာတိ ဖလမုတ္တမံ။

(ဝိသုဒ္ဓိ ၁၊ ၂၆၂။)

ယထာပိ၊ နွံငုံးယှဉ်ပြရာ ဥပမာမည်သည်။ ဒိပိကော နာမ၊ ကျားသစ်မည်သည်။ နိလီယိကွာ၊ တောချုံပိတ်ပေါင်း၌ ပုန်းအောင်းတည်နေ၍။ မိဂေ၊ သားသမင်တို့ကို။ ဂဏ္ဍာတိ ယထာ၊ ဖမ်းယူသကဲ့သို့။ တထေဝ၊ ပုံစံနွံငုံးယူထိုကျားသစ်အတူသာလျှင်။ ယုတ္တယောဂေါ၊ အားထုတ်အပ်သော ကမ္မဋ္ဌာန်းအလုပ် လက်ကိုင်ရှိသော။ ဝိပဿကော၊ သမထဝိပဿနာ အဖြူးဖြာ၌ အဖန်ဖန်ရှုလေ့ရှိသော။ အယံ ဗုဒ္ဓပုတ္တော၊ ဤဘုရားရင်နှစ် သားတော်စစ် ယောဂီရဟန်းသည်။ အရညံ၊ လူသူမနီး တောမြိုင်ကြီးသို့။ ပဝိသိတ္ထာန၊ အဖော်မလှောက်ဝင်ကာရောက်၍။ ဥတ္တမံ၊ မွန်မြတ်လှသော။ ဖလံ၊ အရဟတ္တဖိုလ်ကို။ ဂဏ္ဍာတိ၊ မရမနေ ယူရချေ၏။ (ဤကား အာရညကင်ဂေါင်နှင့်ပတ်သက်သော ပက်ဏ္ဏကကထာတည်း။)

ခလုပ်ဆွဲဘတ်တိုကဓုတင်နှင့်ပတ်သက်၍ မှတ်သားဘွယ်ရာများ

ဝိဒေဟနှင့်ဂန္ဓာရ ရသေ့နှစ်ပါး။ ။လွန်လေပြီးသောအခါ ဂန္ဓာရမင်း, ဝိဒေဟမင်းတို့သည် ဂန္ဓာရတိုင်းပြည်, ဝိဒေဟတိုင်းပြည်ကြီးများကို စွန့်ပယ်၍ ဟိမဝန္တာတောသို့ ထွက်တော်မူကြသည်။ ဟိမဝန္တာ၌ သစ်သီးအာဟာရဖြင့် မျှတ၍ ရသေ့အသွင်ဖြင့် သီတင်းသုံးနေထိုင်ကြ၏။

တနေ့သ၌ ချဉ်ဆားမှဲ့ဝဲရန်အလို့ငှါ ဟိမဝန္တာမှ ပစ္စန္တရစ်ရွာသို့ လာကြသည်။ လူတို့သည် ရသေ့နှစ်ယောက်တို့၏ ဣရိယာပုထ်တို့ကို လွန်စွာကြည်ညိုကြ၍ တော၌ ညဉ့်နေဘို့ရာ နေ့နေဘို့ရာ အဆောက်အဦတို့ကို ဆောက်ပေးကြ၏။ လမ်းခရီး၌လည်း ဆွမ်းဘုဉ်းပေးရန်အလို့ငှါ ရေရှိသောနေရာအရပ်၌ သစ်ရွက်မိုးသောကျောင်းကို ဆောက်ပေးထား၏။ ဆွမ်းခံသွားစဉ် ရံခါဆားထည့်ပေး၏။ ရံခါဆားမပါ၊ ရံခါသစ်ရွက်ထုပ်ဖြင့် ဆားများ ထည့်လှူပေးကြသည်။

ဝိဒေဟရသေ့သည် ဆားများများပါသောနေ့၌ ဆားမပါသော နေ့ရက်များသုံးဘို့ရန် သစ်ရွက်ထုပ်ဖြင့် ချန်ထား၏။ ထိုအခါ တနေ့သ၌ ဆားမပါသော အာဟာရ ရရှိသော် မနေ့ကချန်ထားသော ဆားကို ဂန္ဓာရ ရသေ့အား ဆရာရသေ့ ဆားကို ယူလော့ဟုဆို၏။ ယနေ့ လူများသည် ဆားမပေးလှူလိုက်ပါ။ သင်ဘယ်ကရသနည်းဟုမေးရာ ဆရာ လူတို့သည် မနေ့က ဆားများစွာပေးလှူကြပါ၏။ အကျွန်ုပ်သည် ဆားမပါသော နေ့များအတွက် စားဘို့ရန် ချန်ထားပါ၏ဟု ပြောကြားသောအခါ ဂန္ဓာရ ရသေ့သည် ဝိဒေဟရသေ့အား ဤသို့ ဆို၏။ အချည်းနှီးအသုံးမကျလွန်းသော ရသေ့၊ယူဇနာ သုံးရာ ကျယ်ပြန့်သော ဝိဒေဟရာဇ်တိုင်းပြည်ကို စွန့်ပယ်၍ ရသေ့ပြုလုပ်ပြီးလျှင် ကြောင့်ကြမရှိသည်အဖြစ်သို့ ရောက်ပါလျက် ယခုအခါ၌ ဆားမှုန့်ကလေး၌ တပ်နှစ်သက်၍ ကြောင့်ကြနေဘိလေယောင်တကားဟု ကဲ့ရဲ့ပြစ်တင်ဆိုလိုက်၏။

ဤဝတ္ထုကို နည်းမှီ၍ ကျင့်ဆောင်ကြရမည်။ လောကီစည်းစိမ် ကာမဂုဏ်အာရုံများ စွန့်ပယ်၍ သာသနာ့ဘောင်သို့ ရောက်ရှိလာသော ရဟန်းတို့သည် စားဘွယ်သောက်ဘွယ် ဘိဒိုကြီးငယ်တို့ဖြင့် နေ့ရှည်လများ ပုပ်သိုးသွားအောင် ချန်မထားဘို့ရန် သတိရှိကြဘို့ လိုပါသည်။

သာသနာပ ရသေ့များသော်မှ ဆားမှုန့်ကလေး၌ ကြောင့်ကြ၍ တပ်နှစ်သက်ပြီး ချန်ထားသည့်အတွက် အကဲ့ရဲ့အပြောဆိုခံရသေးလျှင် သာသနာတွင်း၌ နေထိုင်ကြသော ရှင် ရဟန်းတို့သည် ဘိဒိုကြီးငယ် အသွယ်သွယ်ဖြင့် ချန်ထားကြလျှင် ထို့ထက်ကဲလွန်၍ ကဲ့ရဲ့ပြောဆိုခံကြရလိမ့်မည်။ နိဗ္ဗာန်မဂ်ဖိုလ်ကိုမက်၍ သာသနာတော်၌ အဆင်းရဲခံကာ ကာမဂုဏ်အာရုံ မခံစားပဲ နေနိုင်ကြသေး

စေတီပုံဖြစ်အောင် တင်ထားလောက်အောင် ဆွမ်းခံခြင်းကား မသင့်တော်လှပါ။ ဘုရားခွင့်ပြုသည့် သပိတ်လုံးအတွင်း တပါးဘဉ်းပေးစာ ရလောက်လျှင် ပြန်ကြွလာဘို့ပင် ရှိ၏။ သပိတ်ဖုံးပေါ်၌ စားဘွယ်များမတင်လျှင် ဘုရားရှင် သာသနာ၌ ဆွမ်းခံစားသော ရဟန်းတော်များအတွက် အလွန်ကြည်ညိုဘွယ် ကောင်းမြတ်လှ၏။

လောဘနည်းအောင်ဆိုပြီး ဓုတင်ဖြည့်ကျင့်လျက် ပိဏ္ဍပါတ်ဆွမ်းခံစားပြီးမှ လောဘမနည်းပဲ လောဘတိုးပွါးမှုကို ရှေ့ရှုနေလျှင် နိဗ္ဗာန်နှင့် ဝေးသည်ထက် ဝေးကြလိမ့်မည်။

ရွာကျောင်းနေရဟန်းထက် တောကျောင်းနေရဟန်း မြတ်ပုံ

မှန်၏။ ရွာနီးကျောင်းတို့၌ တနေ့လုံး စျာန်ဝင်စား၍ နေပါသော်လည်း စျာန်မှထသည်ရှိသော် မိန်းမ, ယောကျ်ား, သူငယ်စသည်တို့၏ အသံကို ကြားရတတ်၏။ ထိုသို့ ကြားရခြင်းကြောင့် မိမိရရှိထားသော စျာန်တရားထူးသည် လျော့ကျတတ်သည်သာတည်း။

လူသူမနီး တောမြိုင်ကြီး၌ တနေ့လုံးအိပ်၍ နိုးလျှင်နိုးခြင်း ခြင်္သေ့, ကျား, ဥဒေါင်းငှက်စသည်တို့၏ ဟောက်သံ ဟစ်သံ တွန်သံစသည်ကို ကြားရတတ်၏။ ထိုသို့ကြားရခြင်းကြောင့် တောကြီးပါတကားဟု တောဟူသောအမှတ်သညာကို ရ၍ဖြစ်သော ပီတိကိုသာလျှင် မမြဲ,ဆင်းရဲ,အစိုးမရတဲ့သဘောပဲဟု လက္ခဏာရေးသုံးပါးသို့တင်၍ ရှုသည်ရှိသော် သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ် စသည်ဖြင့် ဉာဏ်စဉ်တက်၍ တမဂ်ပြီးတမဂ်, တဖိုလ်ပြီးတဖိုလ်, အရဟတ္တမဂ် အရဟတ္တဖိုလ်၌ တည်လေ၏။

ဤသို့လျှင် မြတ်စွာဘုရားသည် တနေ့လုံး စျာန်ဝင်စား၍နေသော ရဟန်းထက် တော၌အိပ်နေသော ရဟန်းကိုသာလျှင် ချီးမွမ်းတော်မူ၏ (သုတ်မဟာဝါအဋ္ဌကထာ)။

တောနေခြင်း ငါးမျိုး

တောရဆောက်တည် တောသို့မှီလျက် တောနေခြင်းတို့သည်- (၁) မသိမိုက်မှား မောဟများ၍ တောနေခြင်း၊ (၂) အလိုဆိုးရှိ၍ တောနေခြင်း၊ (၃) စိတ်ခေတ်မမှန် ဖောက်ပြန်ယုတ်ညံ့၍ တောနေခြင်း၊ (၄) ဘုရားရှင် ချီးမွမ်းသည်ဟု နှလုံးပိုက်၍ တောနေခြင်း၊ (၅) အလိုနည်းပြီး ဝဋ်မှထွက်

သော ရဟန်းတော်ကလေးမျာ်းအတွက် ကြည်ညိုစိတ်သဒ္ဓါတရား မွေးမြူပွါး မျာ်းပြီး (မလွတ်ပဲ) နဲမျာ်းမဟူ ပေးလှူနိုင်ဘို့ရာ ကြိုးစာ်းသင့်ပါသည်။

ဆွမ်းခံရဟန်းနှင့် ဆွမ်းလောင်းလှူသော ဒကာ ဒကာမမျာ်း နည်းယူဘွယ်ရာ အရှင်မိတ္တဏေရ်အကြောင်း

အရှင်မိတ္တမဏေရ်သည် ကဿကလိုဏ်ဂူ၌ သီတင်းသုံးနေတော်မူ၏။ အရှင်မိတ္တမဏေရ်၏ ဆွမ်းခံရွာ၌ ဥပါသိကာမကြီးတယောက်သည် အရှင်မိတ္တမဏေရ်ကို သာ်းအရင်းကဲ့သို့ လုပ်ကျေးစောင့်ရှောက်၏။ ဒါယိကာမကြီးသည် တနေ့သ၌ တောသို့ အလုပ်သွာ်းခါနီး ချစ်သမီးကို မှာထာ်းခဲ့၏။ ချစ်သမီး ဤမည်သော နေရာ၌ ဆန်ဟောင်း, ထောပတ်, နို့ရည်, တင်လဲရှိ၏။ သမီးမောင်တော် အရှင်မိတ္တ ကြွလာသောအခါ ဆွမ်းချက်၍ နို့ရည်, ထောပတ်, တင်လဲနှင့်တကွ ပေးလှူပါ၊ ချစ်သမီးလည်း စာ်းလင့်ပါ၊ ငါကာ်း ယမန်နေ့က ကျက်ပြီးသာ်းထမင်းသို့ကို ပုန်းရည်ဖြင့် စာ်းပါအုံ့ဟု ပြောဆိုမှာထာ်းခဲ့၏။

မိခင်–နေ့လည်၌ ဘာကိုစာ်းမည်နည်းဟု မေးရာ သစ်ရွက်ကိုခူ်း၍ ဆန်ကျို်, ဆန်ကဲ့တို့ဖြင့် ယာဂုချဉ် ငြုံးစပ်ယာဂုကြို၍ ထာ်းပါ ချစ်သမီးဟု ပြောဆို၏။

မထေရ်သည် သင်္ကန်းရုံ၍ သပိတ်ယူလာသည်ရှိသော် ထိုအသံကိုကြာ်း၍ မိမိကိုယ်ကို ဆုံးမ၏။ ဥပါသိကာမကြီးသည် ပုန်းရည်ဖြင့် ထမင်းသိုးကို စာ်းခဲ့ပြီတဲ့။ နေ့လည်အခါ၌လည်း သစ်ရွက်ပြုတ် ယာဂု, ငြုံးစပ်ယာဂုကို စာ်းလိမ့်မည်တဲ့။ သင့်အတွက်ကာ်း ဆန်ဟောင်းစသည်တို့ကို ပြောကြာ်း မှာထာ်းခဲ့၏။

ဥပါသိကာမကြီးသည် သင့်ကိုမှီ၍ လယ်ယာကို တောင့်တသည် မဟုတ်၊ ထမင်း အဝတ်တို့ကိုလည်း တောင့်တသည်မဟုတ်၊ လူ, နတ်, နိဗ္ဗာန် သုံးတန်သော ချမ်းသာကိုသာ တောင့်တလျက် ပေးလှူခဲ့ပါ၏။ သင်သည် ဤဒါယိကာမကြီးအာ်း ထိုစည်းစိမ်ချမ်းသာတို့ကို ပေးခြင်းငှါ စွမ်းနိုင်၏လော, မစွမ်းနိုင်၏လောဟု ဆင်ခြင်စဉ်းစာ်းပါ၊ ဤဒါယိကာမကြီး ဆွမ်းကို သင်သည် လောဘ, ဒေါသ, မောဟနှင့်တကွ ခံယူခြင်းငှါ မတတ်ကောင်းချေဟု ဆုံးမလေသည်။

ဤသို့လျှင် ဆုံးမပြီး၍ သပိတ်ကို အိတ်၌ထည့်ကာ ကမ္ပတ်သီးကို ဖြေဖြုတ်ပြီးလျှင် ပြန်နှစ်ခဲ့၍ ကဿကလိုဏ်ဂူသို့သာ သွာ်းလျက် သပိတ်ကို ညောင်စောင်းအောက်၌, သင်္ကန်းကို သင်္ကန်းတန်းဝါး၌ ထာ်းပြီးလျှင် ရဟန္တာ မဖြစ်မခြင်း ဤလိုဏ်ဂူမှ မထွက်တော့အုံ့ဟု ဝီရိယဆောက်တည်၍ နေလေ၏။

မမေ့မလျော့သော အရှင်မိတ္တမဏေရ်သည် ဝိပဿနာ ပွါးသည်ရှိသော် ဆွမ်းမစာ်းမီ ရဟန္တာဖြစ်၍ ကာ်းကာ်းစွင့်စွင့်ပွင့်သော ပဒုမ္မာကြာပန်းကဲ့သို့

ရဟန္တာအရှင်မိတ္တမထေရ်သည် ပြုံးလျက်နေ၏။ ထိုအခါ လိုဏ်ဂူတံခါးဝ သစ်ပင်၌ နေသော ရုက္ခစိုးနတ်မင်းသည် –

နမော တေ ပုရိသာဇညဲ၊ နမော တေ ပုရိသုတ္တမ။
ယဿ တေ အာသဝါ ခီဏာ၊ ဒက္ခိဏေယျာသိ မာရိသ။

ဟု ဥဒါန်းကျူးလျက် အရှင်ဘုရား-ဆွမ်းအလိုငှါ ဝင်ကုန်သော အရှင်ဘုရားတို့ကဲ့သို့ ရှုအပ်သော သဘောရှိကုန်သော ရဟန္တာ ပုဂ္ဂိုလ်တို့အား ဆွမ်းလောင်းလှူသည်ရှိသော် အသက်ကြီးသော အဖွားအိုတို့သည် ဆင်းရဲအပေါင်းမှ လွတ်မြောက်ပါကုန်လိမ့်လတ္တံ့ ဟု လျှောက်၏။

အရှင်မိတ္တမထေရ်သည် ထ၍ တံခါးကို ဖွင့်ပြီးလျှင် ဆွမ်းခံချိန်ကို ကြည့်ရှုသည်ရှိသော် ဆွမ်းခံချိန်ရှိသေး၍ သပိတ်ကိုပိုက်လျက် ရွာသို့ဝင်၏။

သူငယ်မသည် ဆွမ်းစီရင်ပြီး၍ ယခုအခါ၌ ငါ၏မောင်တော်သည် ကြွလာလိမ့်လတ္တံ့, ယခုအခါ၌ ကြွလာလိမ့်လတ္တံ့ ဟု တံခါးပေါက်ဝကို ကြည့်ရှုလျက် စောင့်မျှော်နေ၏။ သူငယ်မသည် မထေရ်အိမ်ပေါက်ဝသို့ ရောက်သည်ရှိသော် သပိတ်ကိုလှမ်းယူပြီးလျှင် ထောပတ်, တင်လဲတို့နှင့်ရောသော နွားနို့ဆွမ်းဖြင့် ပြည့်စေ၍ မထေရ်၏လက်၌ ဆက်ကပ်၏။

မထေရ်သည် "ချမ်းသာပါစေ"ဟု အနုမောဒနာပြုလျက် ဖဲသွား၏။ သူငယ်မသည် မထေရ်ကိုကြည့်ရှုလျက် ရပ်တည်နေသည်။ မှန်၏။ အရှင်မိတ္တမထေရ်အား ယွန်ကဲသော အရေအဆင်းမျှားသည်ဖြစ်နေ၏။ ဣန္ဒြေခြောက်ပါးတို့သည် အထူးသဖြင့် ကြည်လင်တောက်ပနေ၏။ မထေရ်၏မျက်နှာတော်သည် အညှာမှ ကြွေကျသော ထန်းသီးမှည့်ကဲ့သို့ အလွန်အကဲသာလျှင် လှပတင့်တယ်နေသည်။ ဥပါသိကာမကြီးသည် တောမှပြန်လာ၍ ချစ်သမီး သမီးမောင်တော် ကြွလာသလောဟု မေးသောအခါ သူငယ်မသည် အလုံးစုံဖြစ်ပုံကို ပြောပြလေ၏။ ဥပါသိကာမကြီးသည် ယနေ့ ငါ့သား ရဟန်းကိစ္စအတွက် အထူးတ် အထိပ်သို့ ရောက်ကြောင်းသိ၍ ချစ်သမီး သမီးမောင်တော် ဘုရားရှင်သာသနာတော်၌ အလွန်ပျော်မွေ့နေပါ၏။ ပျင်းရိငြီးငွေ့မှု မရှိတော့ပါဟု ဆိုလေသည်။

ဤဝတ္ထု၌ ရဟန်းတော်များသည် အရှင်မိတ္တမထေရ်ကဲ့သို့ ဆွမ်းဒါယကာ, ဒါယိကာမတွေ့ကို ချီးမြှောက်သောအားဖြင့် ရဟန္တာ မဖြစ်မခြင်း ထိုင်ရာမှမထတော့အံ့ဟု ဝီရိယဆောက်တည်နိုင်ကြပါစေဟု မျှော်လင့်တောင့်တပါ၏။ ဒါယကာ, ဒါယိကာမတို့သည်လည်း ဥပါသိကာမကြီး တောသွားခါနီး သမီးမှာခဲ့သလို ဘုရားရှင်သာသနာ့ဝန်ထမ်း ရှင်ရဟန်းများအား မွန်မြတ်လှသော ခဲဘွယ်ဘောဇဉ်တို့ကို လှူဒါန်းနိုင်ကြရန် သတိထားကြရမည်။ နည်းယူကြရမည်။

၃။ ကျောင်းဟူသည် သိက္ခာကြီးသောပုဂ္ဂိုလ်အားရောက်သည်ဖြစ်ရကား သိက္ခာကြီးသောပုဂ္ဂိုလ်တပါး ရောက်ရှိလာလျှင် အခါမရွေး ဖယ်ရှားပြီ ပေးနေရသဖြင့် သမာဓိမရနိုင်ခြင်း၊

၄။ အချမ်းအပူကို ပယ်ဖျောက်သဖြင့် ကျောင်းနေပုဂ္ဂိုလ်၏ မိမိကိုယ်ကို နှူးညံ့သိမ်မွေ့အောင် ပြုလုပ်နေရာရောက်ခြင်း၊

၅။ အမိုးအကာရှိသော ကျောင်း အိမ်တွင်းသို့ ဝင်နေသူတို့သည် တစုံတခု မကောင်းမှုကို ပြုလုပ်လွယ်နိုင်သည်ဖြစ်ရကား ကဲ့ရဲ့ဘွယ်မကောင်းမှုကို ဖုံးကွယ်ပေးသကဲ့သို့ ဖြစ်ခြင်း၊

၆။ ငါ့ကျောင်းဟူ၍ တဏှာဖြင့် စွဲယူခြင်း၏အကြောင်းတခု ဖြစ်ခြင်း၊

၇။ ကျောင်းရှိ၍နေခြင်းသည် အဖော်(မယား)ရှိ၍ နေသည်နှင့် တူခြင်း၊

၈။ သန်း, ကြမ်းပိုး, အိမ်မြှောင်စသည်တို့နှင့် ဆက်ဆံ၍ နေရခြင်းတို့ ဖြစ်သည်၊ ဤကား သစ်ရွက်မိုးကျောင်း၌ အလောင်းတော် သုမေဓာ ဆင်ခြင်သိမြင်သော အပြစ်ရှစ်ပါးတည်း။

ထို့ကြောင့် ဆုတောင်းခဏ်းပျို့ ပုဒ်ရေ (၉၅)၌—

၁။ ထိုပြို့တခါ၊ ဤကျောင်းသာကား၊ ရှာရှာမှီးမှီး၊ လုပ်ကြံးကြံမ၊ ကြောင့်ကြပန်းရှူ၊ ကုန်အောင်မူလျက်၊ ဆောက်ဦလုံးပေါင်း၊ ပြုရရှောင်းခဲ့၊

၂။ အဟောင်းရိပ္ပပ်၊ အမိုးယပ်နှင့်၊ ကြမ်းကပ်သက်ငယ်၊ နှီးနှယ်ဆွေးရွှဲ၊ ကြမ်းထေ့မခိုင်၊ နံရံယိုင်လည်း၊ ညွှန်စိုင်မြေနီ၊ ထမ်းပိုးချိလျက်၊ တသီတခါ၊ စူဖောကုတ်သဲ၊ သြော်လဲပင်ပန်း၊ ပြုရလွန်းခဲ့၊

၃။ လမ်းသန်း လမ်းကူး၊ သွားကြိုက်ဖူးသည်၊ ရပ်ကျူးမြေခြား၊ တိုင်းတပါးမှ၊ ကျောင်းအားသပွါယ်၊ အရွယ်ဝါလွန်၊ သူတော်မွန်တို့၊ ရန်ဖန်ကြိုက်ပါ၊ ငါ့နေရာသို့၊ ရောက်လှာသောအား၊ ညှာရမျှားလည်း၊ တည်ကြားမရ၊ ထကြွပြန်ပြောင်း၊ လေ့ပျံရှောင်းခဲ့၊

၄။ ထိန်းကျောင်းကိုယ်ကို၊ ရိပ်ကောင်းခိုလည်း၊ ပျင်းလိုပျင်းခန်း၊ နေပျော်လွန်း၍၊ ခါမှန်းမကြည့်၊ မယှဉ်ပူချမ်း၊ နုကြမ်းထိထိ၊ မခံချိခဲ့၊

၅။ မသိမကြား၊ကွယ်သကားဟု၊တရားမရှု၊ညစ်ညမ်းမှုကို၊ပြုလေသော်လည်း၊ မမြော်လူဗိုလ်၊ သင်္ဂြိဟ်ကဲ့ရဲ့၊ ဖုံးပိတ်ခဲ့၍၊ ရှက်မဲ့သောဟန်၊ ကျင့်လေတန်ခဲ့၊

၆။ ကျောင်းကန်သိုက်ဝမ်း၊ ငါ့သခင်္ဂမ်းဟု၊ ချစ်လွန်းရပ်ရာ၊ တပ်လွန်းစွာလည်း၊ ပြိတ္တာဖြစ်ဓဆး၊ ဝန်ဖြင့်လေးခဲ့။

၇။ အရေး လုံးစုံ၊ ရှုချေတုံလံည်း၊တဲအုံလည်းဆောက်၊နေလမြောက်သော်၊ နှစ်ယောက်ဖော်ရှိ၊ ဟူလေလိခဲ့။

၈။ ထိုပြီ. အပ၊ သန်းဖြ ကြမ်းပိုး၊ ကြွက်မျိုး ပင့်ကူ၊ တက်တူအိမ်မြောင်၊ အထောင်အသောင်း၊ အပေါင်းပိုးမွှား၊ နေသူများခဲ့–ဟူ၍ စပ်ဆိုလေသည်။

ဤအကြောင်းအရာကို အဋ္ဌာကာသိက် ဓုတင်ဆောင်ရဟန်းများအနေဖြင့် သိသင့် သိထိုက်၍ ရေးသားလိုက်ပါသည်။ ဓုတင်ခန်းကို ဤမျှ ရေးသား တင်ပြလျှင် ကျင့်နိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။ ဓုတင်ဖြည့်ကျင့်ပုံကို လက်တွေ့ စာတွေ့ အတွေ့အကြုံမျိုးစုံတို့ဖြင့် နည်းယူနိုင်စေခြင်းအကျိုးငှါ ရေးသားရခြင်း ဖြစ်ပါ၏။

ဝိသုဒ္ဓိမဂ် ဓုတင်ခန်းကို အခြေခံထား၍ နိကာယ်ကြီးများ၌ လာရှိသော နည်းယူဘွယ်ရာ ဝတ္ထုများစွာတို့ကိုလည်း ထည့်သွင်းထားပါ၏။ ဤဓုတင်ခန်းကို ကြည့်ရှုပြီးလျှင် ရှေးဆရာတော်ကြီးများက **ဝိသုဒ္ဓိမဂ်တက်လျက်၊ တောလည်း မထွက်၊ လူလည်းမထွက်၊ ရဟန်းပျက်ဟု** စပ်ဆိုလေ့ ရှိကြသည်။ဝိသုဒ္ဓိမဂ် မတက်သော်လည်း ဤကျမ်းစာအုပ်ကို ကြည့်ရှုလျှင် ဝိသုဒ္ဓိမဂ်ကျမ်းကို တက်သကဲ့သို့ပင် ဖြစ်၏။

ထို့ကြောင့် သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့သည် ဤစာအုပ်ကို ကြည့်ရှုပြီးလျှင် လူထွက်ရဟန်းပျက်မလုပ်ကြပဲ တောထွက်နိုင်ကြပါစေ၊ တောထွက်ပြီးလျှင် အရဟတ္တဖိုလ်ချမ်းသာကို ယခုလက်ရှိဘဝဖြင့် အရယူနိုင်ကြပါစေ။

ဓုတင်္ပကိဏ္ဏကကထာ ပြီး၏။

ဓုတင်္ကထာ ပြီး၏။

နိဗ္ဗာန်လမ်းစဉ် ၁၅—ပ-မ-သ-စ

သာရဏီယကျင့်ဝတ်နှင့်စပ်၍ သိမှတ်ဘွယ်ရာ

သာဒုကီယဝတ္ထုကထာ

ဤသာရဏီယဝတ်အကျင့်ကို အဘယ်ရဟန်းသည် ဖြည့်ကျင့်နိုင်သနည်း၊ အဘယ်ရဟန်းသည် မဖြည့်ကျင့်နိုင်သနည်းဟူမူ ရှေးဦးစွာ အကျင့်သီလ မရှိသောရဟန်းသည် မဖြည့်ကျင့်နိုင်။ မှန်၏၊ ထိုအကျင့်သီလမရှိသော ရဟန်း၏ ဥစ္စာကို သီလရှိသောရဟန်းတို့သည် မခံယူကြကုန်။ ထို့ကြောင့် အကျင့်သီလ မရှိသော ရဟန်းသည် ဤသာရဏီယဝတ်အကျင့်ကို မဖြည့်နိုင်ချေ။

ထက်ဝန်းကျင် စင်ကြယ်သော သီလရှိသောရဟန်းသည်သာ ဖြည့်ကျင့်နိုင်၏။ ထိုသီလရှိသော ရဟန်းသည်လည်း ဤသာရဏီယကျင့်ဝတ်ကို မကျိုးမပြတ် မပျက်စီးစေပဲ ဖြည့်ကျင့်ရ၏။

သာရဏီယဝတ် ဖြည့်ကျင့်ပုံ

အကြင်ရဟန်းသည် ရည်ညွှန်းပိုင်းခြားမှုကိုပြု၍ အမိအား ဖြစ်စေ, အဖအား ဖြစ်စေ, ဆရာဥပဇ္ဈာယ်စသည်တို့အား ဖြစ်စေ ပေးငြားအံ့၊ ထိုရဟန်းသည် ပေးသင့်ပေးထိုက်သည်ကို ပေးသောရဟန်းသာ ဖြစ်၏။ သူ၏ပေးခြင်းသည် သာရဏီယဝတ်အကျင့်ကို ဖြည့်ကျင့်ခြင်း မဟုတ်ပေ။ ပလိဗောဓကို သုတ်သင်ခြင်းဟူ၍ သာသနာတော်၌ ခေါ်၏။ မှန်ပါပေ၏။ သာရဏီယကျင့်ဝတ်သည် ပလိဗောဓ ကျွတ်လွတ်ပြီးသော ရဟန်းအားသာ ဖြည့်ကျင့်ခြင်းငှါ သင့်မြတ်လှ၏။

သာရဏီယကျင့်ဝတ်ကို ဖြည့်ကျင့်သောရဟန်းသည် ရည်ညွှန်းပိုင်းခြားမှု ပြု၍ ပေးလှူလိုလျှင် မကျန်းမာသောရဟန်း, မကျန်းမာသူကို ပြုစုလုပ်ကျွေးသောရဟန်း, အာဂန္တုကရဟန်း, ခရီးသွားရဟန်းနှင့် သင်္ကန်းရှမ်းပုံ, ရုံပုံ, သပိတ်ပွေ့ပိုက်ပုံ၌ မကျွမ်းကျင် မလိမ်မာ မသိသေးသောရဟန်းသစ် ဤပုဂ္ဂိုလ်မျှားအား ပေးသင့်ပေးထိုက် ပေးနိုင်၏။ ထိုပုဂ္ဂိုလ်မျှားအား ပေးပြီးလျှင် ကြွင်းကျန်သောဆွမ်းကို မထေရ်ကြီး၏နေရာမှစ၍ အနည်းငယ်မဟုတ်ပဲ အလိုရှိသလောက် ပေးလှူအပ်၏။ သပိတ်ထဲ၌ ဆွမ်းကျန်မရှိခဲ့သော် ဆွမ်းခံချိန်ရှိသေးလျှင် တဖန် ဆွမ်းခံလှည့်လည်၍ မထေရ်ကြီးနေရာမှစ၍ပင် မှန်မြတ်သော ခဲဘွယ်ဘောဇဉ်ကို အလိုရှိသမျှ ပေးလှူပြီးမှ သပိတ်၌ ဆွမ်းကျန်သေးလျှင် မိမိဘုဉ်းပေးရာ၏။

သပိတ်၌လည်း ဆွမ်းမကျန်၊ ဆွမ်းခံချိန်ကလည်း မရှိတော့လျှင် စိတ်မပျက်ရ၊ မိမိဖြည့်ကျင့်အပ်သော သာရဏီယဝတ်အကျင့်ကို ဝမ်းမြောက်နှစ်သက်စွာ ပီတိပါမောဇ္ဇဖြင့် နေရာ၏။

(မှတ်ချက်) ပါဠိတော်၌ သီလရှိသော သီတင်းသုံးဘော်တို့နှင့်တူ၍ အထူးပြု၍ ဟောတော်မူအပ်သောကြောင့် အာကျင့်သီလမရှိသော ရဟန်းအား မပေးခြင်းငှါလည်း အပ်၏။ ပေးလိုကလည်း ကရုဏာစိတ်ဖြင့် ပေးနိုင်ပါ၏။ ဝတ်ကိုဖြည့်ကျင့်သော အနေဖြင့်ကား ပေးရန်မဟုတ်ပေ။

ဤသာရဏီယကျင့်ဝတ်ကို ကောင်းစွာတတ်သိလိမ်မာသော သံဃာ့ပရိသတ်၌ ဖြည့်ကျင့်ရန် လွယ်ကူသည်။ သာရဏီယကျင့်ဝတ်ကို ဖြည့်ကျင့်ပုံကို မသိနားမလည်သော သံဃာ့ပရိသတ်ဖြစ်လျှင် ဖြည့်ကျင့်ရန် မလွယ်ကူလှချေ။

သာရဏီယကျင့်ဝတ်ကို ကောင်းစွာတတ်သိလိမ်မာသော သံဃာ့ပရိသတ်၌ ဖြည့်ကျင့်ရန် လွယ်ကူခြင်းသာပုံမှာ အကြင်ရဟန်းသည် အခြားသောနေရာမှ ဆွမ်းရ၏။ ထိုဆွမ်းရခဲ့သော ရဟန်းသည် သာရဏီယကျင့်ဝတ်ရဟန်း၏ဆွမ်းကို မခံယူချေ။ အခြားသောနေရာမှ ဆွမ်းမရသော်လည်း သာရဏီယကျင့်ဝတ် ဖြည့်ကျင့်သောရဟန်း ပင်ပန်းဆင်းရဲမှုမရှိစေရန် အတိုင်းအရှည်ပမာဏနှင့် ယှဉ်၍သာလျှင် ဆွမ်းကိုခံယူ၏။ အပိုအလျှံ မခံယူပေ။

ဤကား တတ်သိလိမ်မာသော သံဃာ့ပရိသတ်ဖြစ်က သာရဏီယကျင့်ဝတ်ကို ဖြည့်ကျင့်ရန် လွယ်ကူပုံတည်း။ ထိုအကျင့်ဖြည့်ပုံကို မသိရှိ မလိမ်မာသော သံဃာ့ပရိသတ်ဖြစ်မူ အခြားနေရာမှ ဆွမ်းရခဲ့သော ရဟန်းကလည်း တဏှာလောဘကြောင့် ခံယူတတ်၏။ အခြားနေရာမှ ဆွမ်းမရခဲ့သော ရဟန်းကလည်း အတိုင်းအရှည်ပမာဏထက် ပိုပိုလျှံလျှံ ခံယူတတ်၏။

ထိုအခါ စားလောက်အောင် မကြွင်းကျန်လျှင် အချိန်ရှိသမျှ ထပ်ကာထပ်ကာ ဆွမ်းခံနေရ၏၊ ရလာသော်လည်း ကုန်တတ်သဖြင့် သာရဏီယကျင့်ဝတ်ဖြည့်ကျင့်သောရဟန်းမှာ ဆွမ်းငတ်နေရမှုနှင့် နေ့စဉ်ရက်ဆက် တွေ့ကြုံနေရတတ်သောကြောင့် ဆင်းရဲလှဘိ၏။ မလွယ်ကူလှချေ။

သာရဏီယကျင့်ဝတ် တဆယ့်နှစ်နှစ်ပြည့်မှ အောင်မြင်ပုံ

ဤသာရဏီယကျင့်ဝတ် ဖြည့်ကျင့်သောရဟန်းသည် ဆိုအပ်ပြီးသော နည်းအတိုင်း ထပ်ကာထပ်ကာ ဆွမ်းခံလှည့်လည်၍ ရတိုင်းရတိုင်းသောဆွမ်းကို အာကျင့်သီလပြည့်ဝသော သီတင်းသုံးဘော် ရဟန်းတော်တို့အား လှူဒါန်းသည်ရှိသော် တဆယ့်နှစ်နှစ် တင်းတင်းပြည့်၏၊ ထို့သို့ပြည့်လျှင် သာရဏီယကျင့်ဝတ် အောင်မြင်သည်၊ တဆယ့်နှစ်နှစ်မပြည့်က မအောင်မြင်ချေ။

အကယ်၍ တဆယ့်နှစ်နှစ်ပြည့်သောနှင့် သာရဏီယကျင့်ဝတ်ဖြည့်ကျင့်သောရဟန်းသည် ဆွမ်းဖြင့် ပြည့်သော သပိတ်ကို ဆွမ်းစားကျောင်းဌာန၌

ရေချိုးရန်သွားနေစဉ် သံဃာ့ထေရ်က ဤသပိတ်သည် အဘယ်သူ၏ သပိတ်နည်းဟုမေး၍ အခြားရဟန်းတို့က သာရဏီယဝတ် ဖြည့်ကျင့်သောရဟန်း၏ သပိတ်ဖြစ်ပါသည်ဘုရားဟု လျှောက်ထားကြလေလျှင် သံဃာ့ထေရ်က ဒါဖြင့်လျှင် ထိုသပိတ်ကို ဆောင်ယူခဲ့ပါဟု အမိန့်ရှိကဲ့ ဆွမ်းအားလုံးကို ထေရ်စဉ်ဝါလိုက် ပေးဝေဘုဉ်းပေး၍ အချည်းနှီးသောသပိတ်ကို ထားငြားအံ့၊ထို့နောက်မှ သာရဏီယကျင့်ဝတ်ဖြည့်ကျင့်သော ရဟန်းသည် ဆွမ်းမရှိသည့်အချည်းနှီးသော သပိတ်ကိုမြင်၍ ငါ့အတွက် လုံးဝမချန်ကြပဲ စားရက်ကြပလေ၏ဟု စိတ်နှလုံးမသာယာမှုဖြစ်ခဲ့လျှင် သာရဏီယကျင့်ဝတ်သည် ပျက်၏။ နောက်ထပ် တဆယ့်နှစ်နှစ်ပြည့်အောင် ဖြည့်ကျင့်ရပြန်၏။ မှန်၏၊ ဤသာရဏီယကျင့်ဝတ်သည် တိတ္ထိယပရိဝါသ်နှင့်တူ၏။ တခါပျက်လျှင် တဖန် အသစ်ထပ်၍ ဖြည့်ကျင့်ရ၏။

သာရဏီယကျင့်ဝတ်ဖြည့်ကျင့်သောရဟန်းသည် သီတင်းသုံးဘော်တို့က မိမိမျက်ကွယ်တွင် ဆွမ်းဘုဉ်းပေးကြ၍ သပိတ်အချည်းနှီးကိုမြင်လျှင် ငါ၏သပိတ်တွင်းရှိဆွမ်းကို သီတင်းသုံးဘော်တို့သည် ငါ့ကို မပန်ကြားကြပဲ ဘုဉ်းပေးသုံးဆောင်တော်မူကြသည်။ ငါ့အတွက် အရတော်လေစ့ဟု ဝမ်းမြောက်ဝမ်းသာစိတ်ထားနိုင်ရမည်။ ထို့သို့ဖြစ်လျှင် သာရဏီယကျင့်ဝတ်သည် ပြည့်စုံအောင်မြင်သည်မည်၏။

သာရဏီယကျင့်ဝတ် ဖြည့်ကျင့်ရခြင်းအကျိုးများ

၁။ ဤသို့လျှင် သာရဏီယဝတ် တဆယ့်နှစ်နှစ်ပြည့်ပြီးသော ရဟန်း၏ သန္တာန်၌ ကာလမြင့်စွာပွားအပ်သော ဘာဝနာဖြင့် ခါတွက်ပယ်ဖျောက်အပ်သောကြောင့် မနာလိုမှု, ငြူစူစောင်းမြောင်းမှု ဣဿာတရား, မပေးမလှူလိုနှမြောဝန်တိုမှု မစ္ဆရိယတရား မရှိပေ။

၂။ သာရဏီယကျင့်ဝတ် ဖြည့်ကျင့်သောရဟန်းကို ပေးကမ်းစွန့်ကြဲလေ့ရှိသည်၏အဖြစ်ဖြင့် စင်ကြယ်သူ သူတော်ကောင်းဖြစ်သောကြောင့် မြင်မြင် သမျှလူအပေါင်းတို့ကလည်း ချစ်ခင်မြတ်နိုးအပ်လေသည်။

၃။ သာရဏီယကျင့်ဝတ်ဖြည့်ကျင့်သော ရဟန်းသည် အလှူဒါနနှင့်စပ်၍ ကုသိုလ်ဆန္ဒအားကြီးသောပုဂ္ဂိုလ်တို့၏ အလှူဒါနက ဤဘဝ၌ပင် လာဘ်လာဘပစ္စည်းရမှုဓာည်းဟူသော အာနိသံသ အကျိုးပေးခြင်းသဘောရှိသောကြောင့် ပစ္စည်းလေးပါးကို ချမ်းသာလွယ်ကူစွာ ရရှိ၏။

၄။ သာရဏီယကျင့်ဝတ်ကို တဆယ့်နှစ်နှစ်ကြာအောင် မပြတ်ဖြည့်ကျင့်ခဲ့သောကြောင့် ထိုရဟန်း၏သပိတ်အတွင်းရှိ ဆွမ်းသည် သူတပါးတို့အား မည်မျှပင် ပေးလှူငြားသော်လည်း မကုန်ခန်းနိုင်။

၅။ နွေစဉ်နွေတိုင်း မြတ်သောအလှူခံ သီတင်းသုံးဘော်တို့အား သံဃ ထေရ်ကြီးမှစ၍ ထေရ်စဉ်ဝါလိုက် ဆွမ်းအလှူဒါန ပေးလှူခဲ့သောကြောင့် သံဃာတော်များ ပစ္စည်းဥစ္စာခဲ့ဝေပေးရာဌာနဌ် အကောင်းဆုံး အမဲန်မြတ်ဆုံး သော ပစ္စည်းဥစ္စာ ဘဏ္ဍာကို ရရှိ၏။

၆။ လှူဘွယ်ဝတ္ထုပစ္စည်း, အလှူခံပုဂ္ဂိုလ်တို့ကို ခဲ့ခြမ်းမှုမပြုပဲ တဆယ့် နှစ်နှစ် ကြာမြင့်အောင် ဒါနဝတ်ကို ဖြည့်ကျင့်သဖြင့် ကြည်လင်စေအပ်သော စိတ်နှလုံးရှိခဲ့သောကြောင့် ငတ်မွတ်ခေါင်းပါး အစာရှာ၍ ဆာလောင် မွတ် သိပ်မှု ဒုဗ္ဘိက္ခန္တရဘေးများ တွေ့ကြုံသောအခါ နတ်များက ထိုဘေးတို့မှ ကင်း လွတ်အောင် ကြောင့်ကြစိုက်၍ ကူညီကြကုန်၏။

သာရဏီယကျင့်ဝတ် အကျိုးပြ ဝတ္ထုများ

၁။ သေနမည်သော တောင်ကျောင်း၌ သီတင်းသုံးနထိုင်တော်မူသော အရှင်တိဿ မထေရ်သည် မဟာဂိရိမည်သော ရွာကိုမှီ၍ နေတော်မူသည်။ ထို အခါ မထေရ်ငါးဆယ်တို့သည် နာဂဒီပစေတီတော်ကို ဖူးမြော်ရန်သွားကြသည် ရှိသော် မဟာဂိရိရွာ၌ ဆွမ်းခံလှည့်လည်၍ တစုံတရာစားဘွယ်ကိုမျှ မရရှိကြပဲ ရွာမှထွက်တော်မူကြကုန်၏။

အာဝါသိက အရှင်တိဿမထေရ်သည် ရွာသို့ဆွမ်းခံဝင်လတ်သော် ထိုမထေရ် ငါးဆယ်တို့ကို မြင်၍ ဆွမ်းရခဲ့ကြပါ၏လော အရှင်ဘုရားတို့ဟူ၍ မေးလေ၏။ ဆွမ်းခံလှည့်လည်ခဲ့ကြပါပြီ ငါ့ရှင်ဟူ၍ မထေရ်ငါးဆယ်တို့က မိန့်ဆိုလေလျှင် အရှင်တိဿမထေရ်သူမြတ်သည် ထိုမထေရ်ငါးဆယ်တို့ ဆွမ်းမရခဲ့ကြောင်း ကောင်းစွာရိပ်မိသိရှိတော်မူ၍ အရှင်ဘုရားတို့ တပည့်တော် ပြန်လာသည်တိုင် အောင် ဤနေရာမှာပင် သီတင်းသုံးနေတော်မူလင့်ကြပါဦးဟု လျှောက်ထားလေ၏။

ထိုအခါ မထေရ်ငါးဆယ်တို့က ငါ့ရှင်တိဿ ငါတို့ ငါးဆယ်လုံးမှာ သပိတ် စွတ်ရုံမျှပင် ဆွမ်းကို မရရှိခဲ့ကြကုန်။ ငါ့ရှင် တပါးတည်း အဘယ်သို့ ရနိုင် ပါအံ့နည်းဟု မိန့်ဆိုကြလေသော် တိဿမထေရ်သည် အရှင်ဘုရားတို့ အာဝါ-သိကပုဂ္ဂိုလ်ဘို့မည်သည် ဆွမ်းရအောင် စွမ်းနိုင်ကြပါသည်ဘုရား။ ဘုန်းကံ မရှိ၍ အရှင်ဘုရားတို့ ဆွမ်းမရပါသော်လည်း ဆွမ်းရနိုင်သည့် နည်းလမ်းသဘော ကို သိပါ၏ဘုရားဟု လျှောက်ထားလေ၏။မထေရ်ငါးဆယ်တို့သည် လျှောက်သည့် အတိုင်း စောင့်ဆိုင်း၍ နေကြကုန်၏။

အရှင်တိဿမထေရ်သည် မဟာဂိရိရွာတွင်းသို့ ဆွမ်းခံဝင်လေ၏။ ရွာအဝင်ဝ ပဌမလက်ဦးအိမ်၌ပင် အိမ်ရှင်ဒါယိကာမကြီးသည် နွားနို့ဆွမ်းကို စီရင်ပြီး၍

အရှင်တိဿမထေရ်ကို စောင့်မျှော်ကြည့်ရှုလျက် ရှိလေသည်။ ထို့နောက် မိမိ အိမ်တံခါးဝသို့ ရောက်လျှင် ရောက်ခြင်းပင် အရှင်တိဿမထေရ်မြတ်အား နွားနို့ဆမ်းကို သပိတ်အပြည့် လောင်းလှူလိုက်၏။

အရှင်တိဿမထေရ်သည် ထိုဒါယိကာမကြီး လောင်းလှူလိုက်သော နွားနို့ဆမ်းကို ယူဆောင်ခဲ့၍ မထေရ်ငါးဆယ်တို့၏ အထံသို့ သွားရောက်ပြီးလျှင် သံဃာ့မထေရ်ကြီးကို အလှူခံယူတော်မူကြပါ အရှင်ဘုရားတို့ဟူ၍ လျှောက်ဆို လေသည်။ သံဃာ့မထေရ်ကြီးသည် ဤမျှလောက်ကုန်သော ငါတို့သည် သပိတ်စွတ်ရုံ တစိုးတစိုကိုမျှ မရရှိခဲ့ချေ။

ဤရဟန်းသည်ကား လျင်မြန်စွာ နွားနို့ဆမ်းကို ဆောင်ယူ၍လာခဲ့၏။ ဘယ်လို သဘောနည်းဟု စဉ်းစားဆင်ခြင်ကာ အံ့သြသော အမူအရာဖြင့် ကျန်သောရဟန်းတို့၏ မျက်နှာကို ကြည့်ရှုလေ၏။ အရှင်တိဿမထေရ်သည် ကြည့်ရှုပုံအခြင်းအရာဖြင့်ပင် မထေရ်ကြီးတို့၏ စိတ်အကြံကို ရိပ်မိသိရှိတော်မူ၍ အရှင်ဘုရားတို့–တရားနှင့်အညီ ရရှိအပ်သော ဆမ်းဖြစ်ပါသည်။ ယုံမှားသံသယ ကင်းစွာသာ ခံယူတော်မူကြပါကုန်ဟု လျှောက်ထားကာ သံဃာ့မထေရ်ကြီးမှ အစပြု၍ မထေရ်ငါးဆယ်ဘိုးအား အလိုရှိသမျှ ပြည့်ဝအောင် နွားနို့ဆမ်းကို ဘုဉ်းပေးစေ၍ မိမိသည်လည်း အလိုရှိသမျှ ပြည့်ဝအောင် ဘုဉ်းပေးတော်မူ လေသည်။

ထို့နောက် အရှင်တိဿမထေရ်ကို ဆမ်းဘုဉ်းပေးပြီးသောအခါ မထေရ် ငါးကျိပ်တို့က ငါ့ရှင်–သင်သည် အဘယ်အခါလောက်က လောကုတ္တရာတရားကို ထိုးထွင်းသိခဲ့ပါသနည်းဟု မေးမြန်းကြလေ၏။ အရှင်ဘုရားတို့ တပည့်တော်အား လောကုတ္တရာတရားသည် မရှိသေးပါဟု အရှင်တိဿမထေရ်က ပြန်ကြား လျှောက်ထားလေလျှင် မထေရ်ငါးကျိပ်တို့က တဖန် ငါ့ရှင် စျာန်ရဖြစ်သလောဟု မေးမြန်းကြပြန်၏။

အရှင်တိဿမထေရ်က အရှင်ဘုရားတို့–တပည့်တော်မှာ စျာန်တရားလည်း မရရှိသေးပါဟု ပြန်ကြား လျှောက်ထားလေလျှင် မထေရ်ငါးကျိပ်တို့က ငါ့ရှင် ငါတို့ငါးကျိပ်လုံး သပိတ်စွတ်ရုံမျှ ဆမ်းမရကြပါပဲလျက် သင့်မှာမှ အလွန်မွန်မြတ်သော နွားနို့ဆမ်းကို အလွယ်တကူရရှိခြင်း, သပိတ်တွင်း၌ပါသော ဆမ်းကို အလုံးစုံသော ရဟန်းတို့အား ပေးလှူ၍ မကုန်နိုင်ခြင်းတို့သည် သင်၏ တန်းခိုး ပြာဋိဟာပင် မဟုတ်လောဟု မိန့်ဆိုကြလေသည်။

ထိုအခါ အရှင်တိဿမထေရ်သည် သာရဏီယအကျင့်မှာ ဥတ္တာရိမနုဿဓမ္မ မဟုတ်သောကြောင့်ၵင်း, မထေရ်ငါးကျိပ်တို့၏ ယုံမှားသံသယကို ပယ်ဖျောက် လိုသောကြောင့်ၵင်း “အရှင်ဘုရားတို့ တပည့်တော်သည် သာရဏီယဝတ်ကို

အပြည့်အစုံဖြည့်ကျင့်အပ်ခဲ့ပါပြီ။တပည့်တော်အဖို့မှာ ထိုသာရဏီယကျင့်ဝတ်ကို ဖြည့်ကျင့်ပြီးသောအခါမှစ၍ ရဟန်းတသိန်းပင် မျှားစေကာမူ ထိုရဟန်းတို့အား ဆုမ်းကိုလှူပါသော်လည်း သပိတ်အတွင်းရှိ ဆုမ်းသည် မကုန်နိုင်ပါ”ဟု ဖွင့်ဟ ဝန်ခံလျှောက်ထားလေ၏။

မထေရ်ငါးကျိပ်တို့သည် ထိုစကားကို ကြားလျှင် အို–သူတော်ကောင်း ရဟန်းမြတ် ကောင်းပါပေစွာ၊ ကောင်းပါပေစွာ၊ ဤသို့ ဟုတ်တိုင်းမှန်စွာ ပြောကြားခြင်းသည် သင်ကဲ့သို့သော သူတော်ကောင်းအား လျောက်ပတ် သင့်လျော်လှပါပေ၏ဟု ဝမ်းမြောက်စကား မိန့်ကြားတော်မူကြသည်။

ဤကား သာရဏီယကျင့်ဝတ်ဖြည့်ကျင့်သော ရဟန်း၏ သပိတ်တွင်းရှိ ဆုမ်းသည် သူတပါးတို့အား မည်မျှပင် ပေးငြားသော်လည်း မကုန်ခန်းနိုင် ဟူသော စတုတ္ထအကျိုးခံ့ ဝတ္ထုသက်သေ ဖြစ်ပါသည်။

လူအပေါင်းတို့က ချစ်မြတ်နိုးခြင်းဟူသော ဒုတိယအကျိုး, ပစ္စည်းလေးပါးကို လွယ်ကူစွာရနိုင်ခြင်းဟူသော တတိယအကျိုးများအတွက်လည်း ဤဝတ္ထုပင် သက်သေဖြစ်၏။ သို့သော် ဤဝတ္ထုခံ့ သပိတ်အတွင်းရှိ ဆုမ်းမကုန်နိုင်မှုက အထူးသဖြင့် ထင်ရှားသောကြောင့် ဤဝတ္ထုကို စတုတ္ထအကျိုးအတွက် ဝတ္ထု သာဓကတည်းဟု မဟာပရိနိဗ္ဗာနသုတ် အဋ္ဌကထာ စာမျက်နှာ(၁၂၄)၌ မိန့်ဆို လေသည်။

ဆုမ်းသာလျှင် ပေး၍မကုန်သည်မဟုတ် ပစ္စည်းဝေဖန်ရာ၌လည်း ကောင်းမွန်သော ပစ္စည်း ရရှိပုံ

၂။ ဤ အရှင်တိဿ မထေရ်သည်ပင်လျှင် စေတိယတောင် စေတိယ ကျောင်း၌ ဆီ,မီး, ပန်း, နံ့သာ စသော ဘဏ္ဍာတို့ဖြင့် ပြုအပ်သော ကြီးစွာ သော “ဂိရိဘဏ္ဍမဟာပူဇာ” သဘင်ကျင်းပရာ၌ အလှူပေးရာ အရပ်သို့ ရောက်ရှိ၍ ဤလှူဘဋ္ဌယ် ဝတ္ထု၌ အကောင်းဆုံး အမြတ်ဆုံးဖြစ်သော လှူဘဋ္ဌယ် ဝတ္ထုကား အဘယ်ဝတ္ထုဖြစ်သနည်းဟု သီတင်း သုံးဘော် ရဟန်းတို့ကို မေး၍ ရဟန်းတို့က ချောမွေ့ နုညက်သော သင်္ဃန်းလျာ အဝတ်နှစ်ထည် တို့သည် အကောင်းဆုံး အမြတ်ဆုံး လှူဘဋ္ဌယ်ဝတ္ထုဖြစ်ပါသည်ဟု လျှောက်ထားကြ၏။ အရှင်တိဿမထေရ်က ထိုနှစ်ထည်သော ကောင်းမြတ်သော အဝတ် တို့သည် ငါ့အား ရောက်ကြလိမ့်မည်ဟု မိန့်ဆိုတော်မူလေသည်။

အမတ်ကြီး တယောက်သည် ထိုစကားကို ကြားလတ်၍ မင်းကြီးအား ရဟန်းငယ်တပါးက ဤကဲ့သို့ ပြောကြားပါသည်ဟု သံတော်ဦး တင်လေသည်။

မင်းကြီးသည် ရဟန်းငယ်၏ သန္တာန်၌ ဤကဲ့သို့ စိတ် ဖြစ်သော်လည်း သံဃ မထေရ်ကြီးတို့အား သာ သိမ်မွေ့နူးညံ့သော သက်နှိုးတို့သည် သင့်လျော် လျောက်ပတ်ကုန်၏ဟု ပြောဆိုကာ သံဃမထေရ်ကြီးတို့အား ငါလှူအုံ့ဟု ကြံစည်၍ ထားလေသည်။

ရဟန်းအပေါင်းသည် ထေရ်စဉ် ဝါလိုက် ရပ်တည်လတ်သော် မင်းကြီး ကိုယ်တိုင် ဆက်ကပ် လှူဒါန်းသောအခါ ထိပ်ဦး၌ ထားရှိအပ်ပါကုန်သော်လည်း အဝတ်သက်နှံး နှစ်ထည်တို့သည် မင်းကြီး၏ လက်သို့ မတက်ရောက်လာကြပဲ အခြားလှူဘွယ်ဝတ္ထုများသာ တက်ရောက် လာကြကုန်၏။ ရဟန်းငယ် အရှင် တိဿအား လှူဒါန်းသောအခါ၌ကား အံ့ဩဘွယ်ရာ ထိုအဝတ်နှစ်ထည်တို့သည် မင်းကြီးလက်သို့ တက်ရောက်လာကုန်၏။

မင်းကြီးသည် ထိုအဝတ်နှစ်ထည်တို့ကို အရှင်တိဿ၏လက်၌ ဆက်ကပ် လှူ ဒါန်း၍ အမတ်၏ မျက်နှာကိုကြည့်လျက် ရဟန်းငယ် ဖြစ်သော အရှင်တိဿကို ထိုင်နေစေပြီးလျှင် လှူဘွယ်များကို ဆက်ကပ်လှူဒါန်းပြီး၍ သံဃာတော်ကို လှုတ်လိုက်ပြီးနောက် ရဟန်းငယ် အရှင်တိဿ၏အထံ၌ ထိုင်နေပြီးလျှင် အရှင် ဘုရား ဤတရားထူးကို အရှင်ဘုရားတို့သည် အဘယ်အခါက ရတော် မူခဲ့ကြပါ သနည်းဟု မေးလျောက်လေ၏။

အရှင်တိဿမထေရ်သည် ပရိယာယ်အားဖြင့်သော်လည်း မိမိ၌ ထင်ရှားမရှိ သော လောကုတ္တရာတရားကို ပြောကြားတော်မမူလိုရကား မြတ်သော မင်းကြီး ငါ့မှာတော့ လောကုတ္တရာတရား ထင်ရှားမရှိသေးပါဟု ရိုးသားစွာပင် ဖြေကြား တော်မူလေသည်။

မင်းကြီးက အရှင်ဘုရား အရှင်ဘုရားတို့သည် မလှူမီ ရှေးအဖို့ကပင် ထို အဝတ်နှစ်ထည်တို့သည် ငါ့အား ရောက်ကြလိမ့်မည်ဟု မိန့်တော် မူခဲ့ကြသည် မဟုတ်လောဟု လျှောက်ထားလေလျှင် အရှင်တိဿမထေရ်မြတ်သည် အရှင် မင်းကြီး အိမ်း ငါပြောခဲ့သည် မှန်ပါ၏။ ငါ့ကား သာရဏီယ ကျင့်ဝတ်ကို ဖြည့်ကျင့်သော ရဟန်းဖြစ်သည်။ ထို သာရဏီယ ကျင့်ဝတ်ကို ဖြည့်ကျင့်ပြီး သောအခါမှစ၍ သံဃာအား လှူဘွယ်ဝတ္ထု ဘဏ္ဍာများကို ဝေဖန်ရာ ဌာန၌ အဦးအမြတ်ဖြစ်သော လှူဘွယ်ဝတ္ထုဘဏ္ဍာသည် ငါ့အားသာ ရောက်ရှိပေ၏ ဟု မိန့်တော်မူလေ၏။

မင်းကြီးသည် အရှင်ဘုရား ကောင်းပါပေစွ၊ ကောင်းပါပေစွ၊ ဤသို့ ဟုတ်မှန်တိုင်းသာ ပြောကြားတော်မူခြင်းသည် အရှင် ဘုရားအား လျောက် ပတ် သင့်လျော်လှပါ၏ဟု ပြောဆို လျောက်ထားကာ ရှိခိုး၍ ရှေ့နန်းတော်သို့ ပြန်သွားလေ၏။

ဤကား သံဃာတော်များ ပစ္စည်းဥစ္စာ ခဲ့ဝေပေးရာဌာနဌ် အကောင်းဆုံး အမြတ်ဆုံးဖြစ်သော ဘဏ္ဍာကို ရရှိ၏ဟူသော ပဥ္စမ အကျိုးဌ် ဝတ္ထု သာဓက ဖြစ်ပါသည်။

ငတ်မွတ်ခေါင်းပါးခြင်းဘေး ဆိုက်ရောက်သော် နတ်တို့က ကူညီပုံ

၃။ သီဟိုဠ်ကျွန်းဌ် ဗြာဟ္မဏတိဿ ခိုးသူဘေးကြီး ဆိုက်ရောက်သောအခါ ဘာဝတရမည်သော ရွာနေသူလူအပေါင်းတို့သည် နာဂါမည်သော ရဟန်းမအား မပြောကြားကြပဲ ရှောင်သွား ထွက်ပြေးကြလေသည်။ နာဂါ ရဟန်းမသည် မိုးလင်းသောအခါဌ် ရွာသည် အလွန်လျင် အသံတိတ်ဆိတ်လှ၏။ စုံစမ်းကြကုန်ဦးလော့ဟု ရဟန်းမ ငယ်တို့ကို ပြောဆိုစေလွှတ်လိုက်လေ၏။

ရဟန်းမိန်းမငယ် တို့သည် သွားရောက်ကြ၍ ရွာနေသူ လူအပေါင်း တို့၏ ထွက်ပြေးသွားကြကြောင်းကို သိရှိကြကာ ပြန်လာကြ၍ နာဂါ ရဟန်းမကြီးအား ထိုအကြောင်းကို လျှောက်ထား ပြောဆိုကြကုန်၏။ နာဂါ ရဟန်းမကြီးသည် ထိုအကြောင်းကို ကြားသိရလေလျှင် ရှင်မတို့ ဤရွာနေသူ အားလုံးတို့၏ ထွက်ပြေး သွားကြသည့် အဖြစ်ကို ထွေရာလေးပါး အကြံ များကာ မစဉ်းရိမ်ကြပါလင့်၊ မိမိတို့ လုပ်နေကျ ပရိယတ္တိ အလုပ်, ပဋိပတ္တိ အလုပ်တို့ဌ်သာလျှင် လုံလ ကြိုးကုတ် အားထုတ်ကြပါဟု ပြောဆို၍ ဆွမ်းခံချိန်ဌ် သက်ဒ်းရုံ၍ မိမိနောက်က ရဟန်းမ ဆယ့်တပါးကို ခေါ်ဆောင်လျက် ဘာဝတရရွာတံခါးအနီးရှိ ပညောင်ပင်ကြီးအရင်းဌ် ရပ်တည်လေ၏။

ပညောင်ပင်စောင့်နတ်မင်းသည် ရဟန်းမ ဆယ့်နှစ်ပါးတို့အား ဆွမ်းအပြည့်အစုံ လှူဒါန်းပြီးလျှင် အရှင်ရဟန်းမတို့-အရပ်ဝပါးသို့ ကြွမသွားကြပါလင့်၊ အမြဲမပြတ် ဤပညောင်ပင်သို့သာ ကြွတော်မူခဲ့ကြပါဟု လျှောက်ထားလေသည်။

အထူးကား-နာဂါရဟန်းမကြီး၏ မောင်အငယ်ဖြစ်သော နာဂမထေရ်သည် ရှိ၏၊ ထိုနာဂမထေရ်သည် ခိုးသူဘေးကား ကြီးလှဘိ၏၊ ဤသီဟိုဠ်ကျွန်းဌ် အစာအာဟာရ လုံလောက်မျှတခြင်းငှါ မစွမ်းနိုင်။ သမုဒ္ဒရာတဖက်ကမ်းသို့ ငါသွားအုံဟု ကြံစည်နှလုံ ပိုက်ကာ မိမိနောက်ပါရဟန်းဆယ့်တပါးကို ခေါ်ဆောင်ခဲ့၍ မိမိနေရာကျောင်းတိုက်မှ ထွက်လတ်သော် အမကြီးနာဂါရဟန်းမကို တွေ့မြင်ပြီးမှ ငါသွားအုံဟူသော အကြံနှလုံးသွင်းဖြင့် ဘာဝတရရွာသို့ ကြွလာတော်မူခဲ့လေသည်။

နာဂါရဟန်းမကြီးသည် ငါ့မောင်တော်နှင့် မထေရ်မြတ်များ ကြွရောက်လာကြသည်ဟူသော သတင်းစကားကို ကြားသိ၍ မထေရ်တို့ထံသို့ သွားပြီးလျှင် အရှင်မြတ်တို့-အဘယ်အကြောင်းကြောင့် ကြွလာကြပါကုန်သနည်းဟု မေး

လျှောက်လေသော် မောင်တော်နာဂမထေရ်သည် ထိုအကြောင်းကို ပြောကြားလေသည်။

နာဂါရဟန်းမကြီးသည် အရှင်ဘုရားတို့–အရှင်ဘုရားတို့သည် ယနေ့တရက်တော့ဖြင့် ကျောင်းတိုက်၌သာ အပန်းဖြေနားနေတော်မူကြ၍ နက်ဖြန်ကျမှ ကြွတော်မူကြပါကုန်လော့ဟု တောင်းပန်စကား လျှောက်ထား လေသည်။ မထေရ်ရဟန်းတော် ဆယ့်နှစ်ပါးတို့သည် နာဂါရဟန်းမ ကျောင်းတိုက်သို့ သွားရောက် နေထိုင်ကြလေသည်။

နာဂါရဟန်းမကြီးသည် နံနက်မိုးသောက် အလင်းသို့ ရောက်သောအခါ ပညောင်ပင်ရင်းဝယ် ဆွမ်းခံလှည့်လည်ခဲ့၍ မောင်တော် နာဂမထေရ်ထံသို့ ဆည်းကပ်လျက် ဤဆွမ်းကို ဘုဉ်းပေးပါဘုရားဟု လျှောက်ထားလေ၏။ နာဂမထေရ်မြတ်သည် ရဟန်းမကြီး–အပ်မှ အပ်စပ်ပါရဲ့လားဟု မိန့်ကြားကာ စကားမပြော တုတ်ဖျံဘောနေလျက် ရပ်တည်နေတော်မူလေ၏။

မောင်ငယ်ဘုရား–ဤဆွမ်းကား ဝိနည်းနှင့် အပ်စပ်သော ဆွမ်းဖြစ်ပါသည်၊ အပ်လေသလော, မအပ်လေသလောဟု သံသယကုက္ကုစ္စ လုံးဝမပြုပဲ ဘုဉ်းပေးတော်မူကြပါဘုရားဟု ရဟန်းမကြီးက ပြန်ကြားလျှောက်ထားလေလျှင် နာဂမထေရ်မြတ်သည် တဖန်ထပ်၍ အပ်မှ အပ်စပ်ပါရဲ့လား ရဟန်းမကြီးဟု သံသယကုက္ကုစ္စ မကင်းစကား မိန့်ကြားတော်မူပြန်လေသည်။

နာဂမထေရ်မြတ်၏ နည်းယူဘွယ်ရာ နှလုံးရည်

ထိုအခါ နာဂါရဟန်းမကြီးသည် သပိတ်ကိုယူ၍ အဇဋ္ဌာဝေဟင် ထက်ကောင်းကင်သို့ ပစ်လိုက်လေသည်၊ သပိတ်သည် ၎ကောင်းကင်၌ တည်လေ၏။နာဂမထေရ်သည် ထန်းပင်ခုနစ်ဆင့်မျှ၌ တည်စေကာမူ ရဟန်းမ၏ ဆွမ်းပင်ဖြစ်ပါသည် ရဟန်းမကြီးဟု မိန့်တော်မူ၍ ဘေးမည်သည် အခါခပ်သိမ်း ဖြစ်သည်မဟုတ်ပါ၊ ဤဒုဿီကဘေး ငြိမ်းအေးလတ်သော် အရိယဝံသ ဓမ္မကထာစကား ပြောကြားသောငါသည် အို....ပဏ္ဍုပါတ်ခုတင်ဆောင် ရဟန်း ရဟန်းမိန်းမ ဆွမ်းကိုစားသုံး၍ ဗြာဟ္မဏတိဿ ခိုးသူဘေးကို သင်လွန်မြောက်ခဲ့ရလေပြီဟု မိမိစိတ်က မိမိကို ကဲ့ရဲ့စဉ်စစ်စကား အပြောခံရလိမ့်မည်ဖြစ်၍ ကြံ့.ကြံ့.ခိုင်ခိုင် ရပ်တည်နိုင်လိမ့်မည် မဟုတ်၊သတိသမ္ပဇဉ် အမြဲယှဉ်လျက် မမေ့မလျော့သော နေရစ်ကြပါရဟန်းမတို့ဟု အပပမာဒ ဩဝါဒစကား မိန့်ကြားတော်မူခဲ့၍ လမ်းခရီးသို့ ကြွတော်မူလေသည်။

ပညောင်ပင်စောင့်နတ်မင်းသည် အကယ်၍ နာဂမထေရ်သည် နာဂါရဟန်းမကြီး၏ လက်မှဆွမ်းကို ခံယူသုံးဆောင်တော်မူခဲ့လျှင် ထိုနာဂမထေရ်ကို ပြန်နစ်ဘို့ရန် ငါမလျှောက်ထားအံ့၊ အကယ်၍ ဘုဉ်းပေး သုံးဆောင်တော်မမူလျှင်

ပြန်နစ်ဘို့ရန် တောင်းပန်စကား ငါလျှောက်ထားမည်ဟု ကြံစည်လျက် ရပ်တည်နေရင်းက ရဟန်းမကြီး၏ဆွမ်းကို နာဂမထေရ်သူမြတ် မဘုဉ်းပေးပဲ ခရီးဆက်လက်ကြွသွားခြင်းကို ဖူးမြင်ရသဖြင့် ပညောင်ပင်ထက်မှ ဆင်းသက်၍ သပိတ်ကိုပေးတော်မူကြပါ အရှင်ဘုရားတို့ဟု လျှောက်ထားကာ သပိတ်ကို ယူသွား၏။

နာဂမထေရ်ကိုလည်း ပညောင်ပင်ရင်းသို့ ပင့်ဆောင်၍နေရာကို ခင်းပြီးလျှင် ဆွမ်းလှူလေသည်။ ဆွမ်းဘုဉ်းပေးပြီးသောအခါ နာဂမထေရ်ကို ဤအရပ်၌ နေထိုင်ရန် တောင်းပန်လျှောက်ထားကာ မထေရ်မြတ်ထံမှ နေထိုင်မည်ဟူသော ဝန်ခံချက်ကို ရယူပြီးလျှင် ရဟန်းမိန်းမ တကျိပ်နှစ်ပါး, ရဟန်းယောကျ်ား တကျိပ်နှစ်ပါးတို့ကို ခုနှစ်နှစ်ပတ်လုံး ပြုစုလုပ်ကျွေးလေသည်။

ဤ ဆိုအပ်ပြီးသော အကြောင်းသည် နတ်မျှားက ဒုဇ္ဈိကွဲဘေးတို့မှ လွတ်မြောက်အောင် ကြောင့်ကြစိုက် ကူညီကြကုန်၏ ဟူသော ဆဋ္ဌအကျိုး၌ ဝတ္ထုသာဓကဖြစ်ပါသည်။ ဤဝတ္ထု၌ နာဂါရဟန်းမကြီးသည် သာရဏီယကျင့်ဝတ်ကို ဖြည့်ကျင့်ပြီးသူ ဖြစ်လေသည်။ နာဂမထေရ်အတွက်ကား သီလတန်းခိုးကြောင့်ပင် နတ်က ကြောင့်ကြစိုက်လေသည်။

တပါးတည်းနေသော ရဟန်းဖြစ်မူ ဆွမ်းခံအပြန် နီးရာကျောင်းတိုက်၌ သာရဏီယကျင့်ဝတ်ကို ကျင့်သော ရဟန်း၏ သပိတ်ဖြစ်ကြောင်း လျှောက်ထား၍ကျင့်ရမည်။ ကျင့်နိုင်ကြပါစေ၊ ယခုခေတ်၌ ဤသာရဏီယကျင့်ဝတ် ဖြည့်ကျင့်သောရဟန်းကိုကား မတွေ့ဘူး မမြင်ဘူးခေျ၊ ကျင့်နိုင်ခဲသော အကျင့်ဖြစ်ပါ၏။

သာရဏီယဝတ္ထုကထာ ပြီး၏။

မောနေယျပဋိပန္နကထာ

မောနေယျ ကောလာဟလ

မောနေယျအကျင့် ပဋိပတ်နှင့်စပ်၍ အုတ်အုတ် ကျက်ကျက် ဖြစ်ခြင်းကို "မောနေယျကောလာဟလ" ဟု ခေါ်ဆို၏။ လူ့ပြည်လောက၌ ရဟန်းတပါးသည် မြတ်စွာဘုရားအထံတော်သို့ ချဉ်းကပ်၍ မောနေယျအကျင့်ပဋိပတ်ကို မေးလျှောက်လိမ့်မည်ဟု ကြိုတင်သိရှိကြကုန်သော သုဒ္ဓါဝါသဗြဟ္မာကြီးတို့သည် မဟောကြားမီ ခုနစ်နှစ်ကပင် ကြိုတင်၍ ရှေးနည်းအတူ လူတို့သွားလာရာ ခရီးလမ်းမတို့၌ လှည့်လည်ကြကုန်လျက်....

အို "....လူမျှားအပေါင်းတို့–ယနေ့မှနောက် ခုနစ်နှစ်ရောက်သောအခါ ရဟန်းတော်တပါး မြတ်စွာဘုရားအထံ ချဉ်းကပ်၍ မောနေယျအကျင့် ပဋိပတ်ကို မေးလျှောက်လိမ့်မည်" ဟူ၍ အနှံ့အပြား လူအပေါင်းတို့ ကြားသိလောက်အောင် ကြွေးကြော်ကြကုန်၏။ ယင်းသို့ ကြွေးကြော်ကြသည်ကို အကြောင်းပြု၍ "မောနေယျအကျင့်ပဋိပတ်" ဟူသော စကားကို လူအများစုရုံးကာ နေရာအနှံ့အပြား၌ အုတ်အုတ်ကျက်ကျက် ပြောဆိုကြခြင်းကို "မောနေယျကောလာဟလ" ဟူ၍ ခေါ်ဆိုသည်။ ဤကား ဗုဒ္ဓဝင်အဋ္ဌကထာ, ဇာတက-အဋ္ဌကထာ, ကောသလသံယုတ် အဋ္ဌကထာ, ခုဒ္ဒကပါဌအဋ္ဌကထာ, သုတ္တနိပါတ် အဋ္ဌကထာ, ဇိနာလင်္ကာရဋီကာတို့အလို ဖြစ်၏။

ဤမောနေယျအကျင့်ကို ကျင့်သော အရှင်နာလကမထေရ်၏ အတ္ထုပ္ပတ္တိအကြောင်းအရာကို မထုတ်ပြမီ ရှေဦးစွာ အရှင်နာလကမထေရ်၏ ဦးရီးတော် ကာဠဒေဝိလရသေ့ကြီးအကြောင်းကို ထုတ်ဖော်ပြသင့်သေးသဖြင့် ရေးသားလိုက်ပါဦးအံ့—

ကာဠဒေဝိလရသေ့ကြီးအကြောင်း

ကပိလဝတ်ပြည်, ဒေဝဒဟပြည် နှစ်ပြည်ထောင်သား လူအများတို့သည် မိဖုရားကြီး မဟာမာယာဒေဝီနှင့်တကွ ဘုရားအလောင်း သားတော်မြတ်ကို ယူဆောင်ခဲ့ကြကုန်၍ ကပိလဝတ်နေပြည်တော်သို့ သွားကြလေသည်။

ကပိလဝတ်နေပြည်တော်သို့ ဘုရားအလောင်းတော်နှင့် မယ်တော်တို့ ဆိုက်ရောက်သောနေ့၌ပင် သိကြားနတ်မင်း အမှူးရှိသော တာဝတိံသာနတ်အပေါင်းတို့သည် ကပိလဝတ်ပြည်၌ သုဒ္ဓါဒန မင်းကြီးအား သားတော်မြတ်ကို ရရှိပေပြီ၊ သားတော်မြတ်သည် ဗုဒ္ဓဟောင် ဗောဓိပြင်၌ ဘုရားစင်စစ် ဖြစ်တော်

မူလတ္တံ့ဟု နှစ်သက်ရှင်လန်း ဝမ်းမြောက် ဝမ်းသာဖြစ်ကြကုန်၍ ပုဆိုးအဝတ် ပစ်မြောက်ခြင်း, လက်ခမောင်းခတ်ခြင်း စသည်တို့ကို ပြုကြကုန်လျက် မြူးတူးပျော်ပါး ကစားကြကုန်၏။

ထိုအခါ သုဒ္ဓါဒနမင်းသား၏ဖခင် သီဟဟနုမင်းကြီးသည် ပုရောဟိတ်ပုဏ္ဏား ကို အဘိသိက်မသွန်းလောင်းရသေးသော သုဒ္ဓါဒနမင်းသားအား ပညာမျိုးစုံ တဖက်ကမ်းခတ် တတ်မြောက်အောင် သင်ပေးလေသည်။ သုဒ္ဓါဒနမင်းသား အဘိသိက်သွန်းလောင်း၍ မင်းဖြစ်လာသောအခါ ဆရာသည် ပုရောဟိတ်ရာထူး ကိုပင် ဆက်လက်ထမ်းဆောင်ရလေ၏။

ပုရောဟိတ်ပုဏ္ဏားသည် ည နံနက် မင်းအား ဓစားရာအရပ်သို့ သွားသည် ရှိသော် သုဒ္ဓါဒန မင်းသည် ငယ်ရွယ်စဉ် ပညာသင်သောအခါကဲ့သို့ ရိုသေတုပ် ဝပ်မှု နှိမ့်ချမှုမပြုပဲ ဆရာဖြစ်ခဲ့ဘူး၍ လက်အုပ်ချီမှုမျှသာ ပြုလေ၏။ ဤကား အဘိသိက်သွန်းလောင်းပြီးသော သာကီဝင်မင်းတို့၏ ဓမ္မတာသဘောဖြစ်၏။ ပုရောဟိတ်ပုဏ္ဏားသည် ထိုမင်း၏ ဖြစ်ပုံအမူအရာကို ငြိုးငွေ့စိတ်ပျက်၍ မင်းကြီး အကျွန်ုပ်သည် ရသေ့ပြုလုပ်ပါတော့အံ့ဟု ဆို၏။

သုဒ္ဓါဒနမင်းသည် ဆရာပုရောဟိတ်ပုဏ္ဏား၏ အဆုံးအဖြတ်ကိုသိရှိ၍ ဆရာ–အကျွန်ုပ်သည် ဆရာအား အမြဲမပြတ် မြင်လိုပါ၏။ ထို့ကြောင့် အကျွန်ုပ်၏ ဥယျာဉ်၌သာ နေပါဟု တောင်းပန်လေသည်။ ပုရောဟိတ်ပုဏ္ဏားသည်၊ အိမ်း.... ဥယျာဉ်၌ နေပါဟု တောင်းပန်သော်လည်း နေရတာပေါ့ဟု ဝန်ခံပြီးလျှင် ရသေ့ ပြုလုပ်၍ မင်းသည် ပြုစုလုပ်ကျွေးလျက် ဥယျာဉ်၌သာလျှင် သီတင်းသုံးနေ ထိုင်သောအခါ ကသိုဏ်းပရိကမ်းကိုပြု၍ သမာပတ် ရှစ်ပါး, အဘိညာဉ်ငါးပါးတို့ ကို ဖြစ်စေ၏။ ရသေ့ပြုလုပ်သော အခါ မည်းနက်သော ကိုယ်အဆင်းရှိသော ကြောင့် အသိတရသေ့ (တနည်း) ကာဠဒေဝိလရသေ့ဟု ခေါ်ဆိုလေသည်။

ထိုကာဠဒေဝိလရသေ့သည် ထိုအခါမှစ၍ နှုန်းတော်၌ ဆွမ်းဘုဉ်းပေးပြီးလျှင် ဟိမဝန္တာတောင်, စာတုမဟာရာဇ် နတ်ဘုံ အစရှိသည်တို့တွင် နှစ်သက်သော နေရာသို့ သွား၍ နေခင်းနေတော်မူ၏။ တနေ့သောအခါ တာဝတိံသာနတ် ပြည်သို့ ရောက်၍ ရတနာဗိမာန်အတွင်း ခင်းထားအပ်သော ရတနာပလ္လင် ထက်၌ ထိုင်နေတော်မူကာ စျာန်သမာဓိချမ်းသာကို ခံစားလျက် ညနေ စောင်း၌ သမာဓိချမ်းသာမှထ၍ ဗိမာန်တံခါးဝ၌ ရပ်ပြီးလျှင် ထိုထို့ကြောင့် ကြည့်ရှုလတ်သော် ယူဇနာခြောက်ဆယ်ရှိသော နတ်လမ်းခရီးမှ၌ နတ်ဝတ် ပုဆိုးကို ပစ်မြောက်ခြင်း, ဦးရစ်ခေါင်းပေါင်းကို ပစ်မြောက်ခြင်းကို ပြုလျက် ဘုရားအလောင်းတော်၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းစကားပြောကြားကြ၍ မြူးတူး ပျော်ပါး ကစားနေကြသော သိကြားနတ်မင်း အမှူးရှိသည့် နတ်တို့ကို မြင်လေ

သည်။ အို-နတ်အပေါင်းတို့ – အသင်တို့သည် အဘယ့်ကြောင့် ဤသို့ အားရ ရွှင်လမ်း ဝမ်းမြောက်ဝမ်းသာ နှစ်သက်ပျော်ပါး ကစားကြကုန်သနည်း၊ ထို အကြောင်းကို ငါ့အား ပြောကြားကြကုန်ဟု မိန့်ဆိုလေသည်။

ထိုအခါ နတ်အပေါင်းတို့က အရှင်ရသေ့မြတ်-ယနေ့ သုဒ္ဓါဒနမင်းကြီးအား သားတော်မြတ် ဖွားမြင်လတ်ပြီ၊ ထိုသားတော်မြတ်သည် အလုံးစုံသော မြတ်စွာဘုရားတို့ ဘုရားဖြစ်တော်မူရာ မြေချဉ်းကိုင် မဏ္ဍိုင်ချက်ဗေ့ဒ ဗုဒ္ဓဟေပင် ဗောဓိပြင်၌ ပလ္လင်ဖွဲ့ခွေ နေတော်မူလျက် တရားခပ်သိမ်းကို ပြီးငြိမ်းကုန်စင် သိမြင်တော်မူသော ဘုရားဖြစ်တော်၍ ဓမ္မစက္ကာ တရားဒေသနာတော်ကို ကောင်းစွာ ဟောကြားတော်မူလတ္တံ့။

မြတ်စွာဘုရား၏ အဆုံးအပိုင်းအခြားမရှိ၊ ထူးမြတ်လှစွာသော တင့်တယ်ခြင်း အသရေတော်ကို ဖူးမြင်ခြင်းငှါငင်း ဟောတော်မူအပ်သော တရားဒေသနာတော် မြတ်ကို ဆတ်ဆတ်ထင်ရှား ကြားနာခြင်းငှါငင်း အခွင့်ကောင်းကြီးကို ရကြပေတော့အံ့၊ ဤအကြောင်းကြောင့် အကျွန်ုပ်တို့သည် ဤသို့ အားရရွှင်လန်း ဝမ်းမြောက်ဝမ်းသာ နှစ်သက်ပျော်ပါး ကစားကြပါကုန်သည်ဟု ဖြေကြား လျှောက်ထားကြကုန်၏။

ကာဠဒေဝိလရသေ့သည် ထိုတာဝတိံသာနတ်တို့ ဖြေကြား လျှောက်ထားသော စကားကို ကြားသိရ၍ တာဝတိံသာနတ်ပြည်မှ လျင်မြန်စွာ ဆင်းခဲ့ပြီးလျင် သုဒ္ဓါဒနမင်းကြီး နန်းတော်သို့ဝင်၍ ခင်းထားအပ်သောနေရာ၌ ထိုင်နေတော်မူ၏။ သုဒ္ဓါဒနမင်းကြီးသည်လည်း ပဋိသန္ထာရစကား ပြောဆိုပြီးသော် ရသေ့၏အနီး၌ ထိုင်နေ၏။ကာဠဒေဝိလရသေ့သည်လည်း ဒကာတော်မင်းကြီး ဒကာတော်မင်းကြီးအား သားတော်ဖွားမြင်သည်ဟု ကြားသိရပေသည်။ ထိုသားတော်ကို ရှုမြင်လိုပေသည်ဟု မိန့်ဆိုသဖြင့် သုဒ္ဓါဒနမင်းကြီး သည်လည်း တန်းဆာစုံလင် ဆင်ယင်အပ်သော သားတော်မြတ်ကို ဆောင်ယူခဲ့စေ၍ ဆရာရသေ့ကို ရှိခိုးစေအံ့သောငှါ ရှေးရှုဆောင်ပေ၏။

ထိုသို့ ဆောင်စဉ်ခဏ၌ပင်လျှင် အလောင်းတော်မင်းသား၏ ခြေဖဝါးတော် အစုံသည် လျှပ်ခြည်စက်ကဲ့သို့ ပြန်တက်၍ မည်းနက်ညို့မှောင်သော တိမ်တောင် အထွတ်တို့၌ ဝင်းဝင်း လက်လက် ပြိုးပြိုးပြက်သော လျှပ်စစ်နွယ်ကဲ့သို့ သပ္ပါယ်စွာ ဖွဲ့ယှက်ထားအပ်သည့် ကာဠဒေဝိလရသေ့၏ ဆံကျစ်ဖျားတို့၌ ရပ်တည်နေလေ၏။ ဤသို့သော အံ့ဘွယ်သရဲ့ ထူးကဲသော ဘုန်းတန်းခိုးရှိသည်၏အဖြစ်ကို မြင်လျှင် ရှင်ရသေ့သည်ထ၍ ဘုရားအလောင်းတော်မြတ်ကို လက်အုပ်ချီလေ၏။ ခမည်းတော်မင်းတရားသည်လည်း ထိုသို့သော အံ့ဘွယ်သရဲကို မြင်၍ မိမိ၏ သားတော်မြတ်ကို ရှိခိုးပေ၏။

ရသေ့ကြီး၏ ပြုံးရယ်ခြင်း, ငိုကြွေးခြင်းအကြောင်း

ကာဠဒေဝိလရသေ့သည် အဘိညာဉ်ငါးပါး, သမာပတ်ရှစ်ပါးတို့ကို ရသော ရသေ့သူမြတ်ဖြစ်၍ ရှေးလွန်လေပြီးသော အတိတ်၌ ကမ္ဘာလေးဆယ်, နောက်လာလတ္တံ့သော အနာဂတ်၌ ကမ္ဘာလေးဆယ် ဤသို့ ရှေ့နောက် ကမ္ဘာရှစ်ဆယ်တို့ကို အောက်မေ့ဆင်ခြင် သိမြင်နိုင်၏။ ရှင်ရသေ့သည် အလောင်းတော်မင်းသား၏ ပြည့်စုံသော လက္ခဏာကြီးငယ်ကို ကြည့်ရှုလျက် ဘုရားစင်စစ် ဖြစ်အံ့လော မဖြစ်အံ့လောဟု စိစစ်ဆင်ခြင်တော်မူလတ်သော် ဤ မင်းသား သူငယ်ကား ယုံမှားဖွယ်မရှိ၊ ကေန်စင်စစ် ဘုရားဖြစ်လတ္တံ့ဟု အနာဂတံသဉာဏ်ဖြင့် သိမြင်လေ၍ အားရဝမ်းသာ ရှင်ကြည်လှသော နှလုံးဖြင့် ပြုံးရယ်တော်မူလေသည်။

ထို့နောင်မှ ငါသည် ဤမင်းသား ဘုရားဖြစ်သည်ကို ဖူးမြော်ခွင့် ရပါအံ့လော, မရအံ့လောဟု ဆင်ခြင်ပြန်လေသော် ဖူးမြော်ခွင့်ရတော့မည်မဟုတ်ချေ၊ ငါသည် ဤ အလောင်းတော်မင်းသား ဘုရားမဖြစ်မီပင် သေလွန်၍ ဘုရားအရာ အထောင်ပင် ကြွရောက်ချဉ်းကပ်၍ ဟောကြားသိစေခြင်းငှါ မတတ်နိုင်ရာသည့် အရူပဘုံ၌ ဖြစ်ရပေအံ့ဟု အနာဂတံသဉာဏ်ဖြင့်ပင် သိမြင်လေ၍ ငါသည် ဤသို့ ပါရမီကျေးဇူး ဂုဏ်အထူးတို့နှင့် ပြည့်စုံသော အံ့ဩဘွယ် ကောင်းလှသည့် ယောကျ်ားကို တွေ့ရလျက် ဘုရားဖြစ်သည် တိုင်အောင် ဖူးမြော်ရခြင်းငှါ ရတော့မည် မဟုတ်ချေ။ ဤသို့ ဘုရားကို မဖူးမြော်ရခြင်းသည် ငါ့အတွက် ကြီးစွာသော ဆုံးရှုံးခြင်းပေတကားဟု သည်းထန်ပြင်းပြသော နှလုံးမသာယာခြင်းဖြင့် ငိုကြွေးလေသည်။

လူတို့က မေးလျှောက်ကြခြင်း

ကာဠဒေဝိလရသေ့ ရယ်လိုက်, ငိုလိုက် ပြုလုပ်သည်ကို မြင်ကြရ၍ နန်းတွင်းသူ နန်းတွင်းသား လူအများတို့က ငါတို့၏ အရှင်ရသေ့သည် ယခုပင် ရယ်ပြီးလျှင် တဖန် ငိုပြန်၏၊ ထူးဆန်း အံ့ဩဘွယ် ကောင်းစွာ့တကားဟု စဉ်းစားကြပြီးလျှင် အရှင် ရသေ့မြတ် အကျွန်ုပ်တို့၏ မင်းသားအတွက် အန္တရာယ် တစုံတရာ ရှိပါသလောဟု မေးလျှောက်ကြကုန်၏။

ထိုအခါ ကာဠဒေဝိလ ရသေ့ကြီးက ဤမင်းသားအတွက် တစုံတရာ အန္တရာယ် မရှိပေ၊ ဤမင်းသားသည် ကေန်စင်စစ် ဘုရားဖြစ်လိမ့်မည်။ ထိုသို့သော သူမြတ်ကို တွေ့ရ၍ ဝမ်းမြောက်လှသောကြောင့်သာ ငါရယ်မိသည်ဟု ဖြေဆိုလေ၏။

ထိုသို့ ဖြစ်ပါလျက် အဘယ့်ကြောင့် ရှင်ရသေ့သည် ငိုကြွေးတော်မူပါသနည်းဟု လူအပေါင်းတို့က မေးပြန်သောအခါ ကာဠဒေဝိလ ရှင်ရသေ့က ဤသို့သော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသည့် ယောကျ်ားမြတ် ဘုရားဖြစ်သည်ကို ငါဖူးမြော်ခွင့်ရတော့မည် မဟုတ်ချေ။ ငါ့အား ကြီးစွာသော ဆုံးရှုံးမှု နစ်နာမှုကြီး ဖြစ်စွဲတကားဟု ကိုယ်ရေးကိုယ်တာအတွက် စိုးရိမ်ပူဆွေး ငိုကြွေးခြင်း ဖြစ်သည်ဟု ဖြေဆိုလေသည်။

နာလကလုလင် ရဟန်းပြုခြင်း

ဤသို့ ဖြေကြားမိန့်ဆိုပြီးနောက် ကာဠဒေဝိလ ရှင်ရသေ့သည် အလောင်းမင်းသား ဘုရားဖြစ်သောအခါ ငါပင် မဖူး မတွေ့ရသော်လည်း ငါ၏ ဆွေမျိုးထဲမှ တစုံတယောက်သောသူသည် ဤ အလောင်းမင်းသား ဘုရားဖြစ်သည်ကို ဖူးတွေ့ခြင်းငှါ ရနိုင်ဦးမည်လော, မရနိုင်မည်လောဟု ဆင်ခြင်ကြည့်ရှုပြန်လေသော် မိမိနှမငယ်၏သား နာလကလုလင်ကို ငါ့တူမောင် နာလကသည်ကား ဤ အလောင်းမင်းသား ဘုရားဖြစ်သည်ကို ဖူးတွေ့နိုင်ပေလိမ့်မည်ဟု မြင်တော်မူပြီး ကာ မိမိ၏ နှမအိမ်သို့ ကြွရောက်ပြီးလျှင် နာလကလုလင်ကို ခေါ်စေပြီးသော် မိမိထံမှောက် ရောက်လာသော တူတော် နာလကကို—

ငါ့တူ အမောင်နာလက သုဒ္ဓါဒန မင်းကြီး၏ နန်းတော်မှာ သားတော်တပါး ဖွားမြင်ခဲ့လေပြီ၊ ထို သားတော်သည် ဘုရားအလောင်းတော် ဖြစ်ပေသည်။ အသက် သုံးဆယ့်ငါးနှစ်လွန်လျှင် လူတွင်ထင်ရှား ဘုရားဖြစ်လိမ့်မည်၊ ငါ့တူသည် ထို ဘုရားကို ဖူးမြင်ခြင်းငှါ ထိုက်ပေ၏။ ထို့ကြောင့် ငါ့တူသည် ယနေ့ပင် ရဟန်းပြုလော့ဟု မိန့်ဆို တိုက်တွန်းလေသည်။

ထို နာလကလုလင်သည် ရှစ်ဆယ့်ခုနစ်ကုဋေ ဥစ္စာကြွယ်ဝသော မိဘအိမ်၌ ဖြစ်ရသော သူငယ်ပင်ဖြစ်လင့်ကစား ငါ၏ ဦးကြီးသည် ငါ့ကို အကျိုးမရှိသော အရာ၌ တိုက်တွန်းလိမ့်မည်မဟုတ်၊ အမှန်စင်စစ် အကျိုးရှိမည့် အရာသာ ဖြစ်၍ ဤသို့ တိုက်တွန်းပေသည်ဟု ယုံကြည် ကြံစည် ဆုံးဖြတ်ပြီးလျှင် ထို ခဏ၌ပင် စေ့းအတွင်းမှ သပိတ် သင်္ကန်း တို့ကို ဝယ်ယူဆောင်ကြဉ်းစေ၍ ဆံ မုတ်ဆိတ် တို့ကို ရိတ်ပယ်ပြီးလျှင် သင်္ကန်းတို့ကို ဝတ်ရုံလျက်—

“လောကဥ္စ အမြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်သည့် မြတ်စွာဘုရားကို ရည်ညွှန်း၍ ငါ ရဟန်းပြုခြင်း ဖြစ်ပေ၏”ဟု နှုတ်မှ မြွက်ဆိုကာ ဘုရားအလောင်းရှိရာ ကပိလဝတ် နန်းတော်ဘက်သို့ မျက်နှာချွေတည် လက်အုပ်ချီလျက် တည်ခြင်း ငါးပါးဖြင့်ရှိခိုးပြီးမှ သပိတ်ကိုအိတ်၌ထည့်၍ ပခုံးစွန်း၌လွယ်ပြီးသော် ဟိမဝန္တာတောသို့ ဝင်၍ မြတ်စွာဘုရားကို စောင့်ကြိုကာ ရဟန်းတရား ပွားများကြိုးကုတ် အားထုတ်နေလေ၏။

ဘုရား တဆူတဆူ ပဋိတော်မူလျှင် မောနေယျ အကျင့်ကိုကျင့်သော ရဟန်း တပါး တပါး ပေါ်ထွန်းမြဲ ဓမ္မတာ ဖြစ်၏။ မြတ်စွာဘုရားသည် ဝါဆိုလပြည့်နေ့ ၌ ဓမ္မစကြာတရားကို ဟောကြားတော်မူ၍ ဗြဟ္မာတဆယ်ရှစ်ကုဋေနှင့်တကွ အရှင် ကောဏ္ဍညမထေရ်ကို ကျတ်တမ်းဝင်စေပြီးလျှင် ထို ဝါဆိုလပြည့်ကျော် ငါးရက်နေ့၌ ပဉ္စဝဂ္ဂိရဟန်း ငါးဦးတို့ကို အရဟတ္တဖိုလ်သို့ ရောက်အောင် အနတ္တ လက္ခဏသုတ္တန်ကို ဟောကြားခြေချတ်တော် မူ၏။ ဝါဆိုလပြည့်ကျော် ခုနစ်ရက် နေ့မြောက် ရောက်လတ်သောအခါ ဓမ္မစကြာတရားနာ ပရိသတ်၌ အပါ အဝင် ဖြစ်ကြသည့် အရှင်နာလကာ၏ အကျိုးကို လိုလားသော နတ်တို့က အရှင် နာလက မြတ်စွာဘုရားသည် ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော၌ ဓမ္မစကြာတရားဦး ဟောကြားလေပြီ။ လောက၌ မြတ်စွာဘုရား ထင်ရှား ပဋိ တော်မူနေပြီဟု အရှင် နာလကအား မြတ်စွာဘုရားပဋိတော်မူပြီဖြစ်ကြောင်းနှင့် ဓမ္မစကြာတရား ဟောတော်မူပြီဖြစ်ကြောင်း လျှောက်ထား ပြောကြားလေ သည်။

အရှင်နာလကသည် လွန်ခဲ့သော နှစ်ပေါင်း သုံးဆယ့်ငါးနှစ်ကပင် အစပြုကာ ရသေ့ ရဟန်းပြုပြီးလျှင် ရေငုပ်ဖန်များလျှင် နားပင်းလိမ့်မည်၊ နားပင်း နား ချိုတဲ့လျှင် တရားစကားကို မကြားရ၍ တရားတော်မှ ဆုံးရှုံးခြင်းသို့ ရောက်လေ ရာ၏ဟု နှလုံးပိုက်၍ ဆွေမျိုးတို့၏ အစဉ်အလာ အကျင့် စာရိတ္တ ဖြစ်သော ရေငုပ်ခြင်းအကျင့်ကိုပင် ပယ်လျက် မြတ်စွာဘုရား ပဋိထွန်း ပေါ်လာလိမ့်မည့် အချိန်ကို စောင့်မြော်နေသူဖြစ်၏။

ထို့နောက် နတ်များ လျှောက်ထား ပြောကြားသော သတင်းစကားကို ကြားလျှင် ငါ၏ ဦးရီးတော် ရသေ့က ငါ့အား မှာကြားခဲ့သော အချိန်အခါ သည် ကောင်းစွာ ဆိုက်ရောက်လာပြီ ဟူ၍ နှစ်သက် ရွှင်လန်း ဝမ်းမြောက် ကာ ဝါဆို လပြည့်ကျော် ခုနစ်ရက် နေ့တွင် ဆီးနှင်းများစွာ ထုတ်သော ဟိမဝန္တာတောင်ကြီးမှ ဖဲခွါခဲ့၍ ဣသိပတန မိဂဒါဝုန်တော၌ အရောက်သွား လေသည်။

ထိုအခါ မြတ်စွာဘုရားက နာလကရသေ့သည် ယနေ့ ရောက်လာ လိမ့်မည်။ ထိုနာလက ရသေ့အား မောနေယျ အကျင့်ကို ဟောကြားမည် ဟူသော အလို တော်ဖြင့် မျှော်လင့်စောင့်ဆိုင်းကာ မြင့်မြတ်သော နေရာ၌ တင်ပလ္လင်ခွေ ထိုင်နေတော်မူ၏။

အရှင်နာလကသည် မြတ်စွာဘုရားကို ဖူးမြင်ရလေလျှင် အလွန်ပင် သဒ္ဓါ ယိုဖိတ် ကြည်ညိုစိတ် ရှိလှသည်ဖြစ်၍ မြတ်စွာဘုရားကို ရိုသေစွာရှိခိုးပြီးလျှင်—

အညာတမေတံ ဝစနံ၊ အသိတဿ ယထာတထံ။
တံ တံ ဂေါတမ ပုစ္ဆာမိ၊ သဗ္ဗမမ္မာန ပါရဂုံ။

ဟူသော ဂါထာဖြင့် လျှောက်ထား၏။

ဘုန်းတော်ကြီးလှတော်မူသော မြတ်စွာ ဘုရား ကာဠဒေဝိလ ရသေ့က အကျွန်ုပ်အား လွှန်ခဲ့သော နှစ်ပေါင်းသုံးဆယ့်ငါးနှစ်က ပြောဆိုမှာကြားခဲ့သော စကားသည် ယခုအခါ မြတ်စွာဘုရားကို မျက်ဝါးထင်ထင် ဖူးမြင်ရ၍ မချွတ်မယွင်း ဖြောင့်စင်း မှန်ကန်လှပေ၏ဟု အကျွန်ုပ်ကိုယ်တွေ့ တွေ့မြင်အပ်ပါပြီ။ ထို့ကြောင့် အလုံးစုံသော တရားတို့၌ ခြောက်ပါးသော အခြင်း အရာဖြင့် ပါရဂူမြောက် တဖက်ကမ်းရောက်တော်မူပြီးသော ရှင်တော် ဘုရားကို မေးမြန်း လျှောက်ထားပါရစေ။

အနဂါရိယုပေတဿ၊ ဘိက္ခာစရိယံ ဇီဂီသတော။
မုနိ ပဗြူဟိ မေ ပုဋ္ဌော၊ မောနေယျံ ဥတ္တမံ ပဒံ။

ဘုန်းတော် ခြောက်စုံ တန်းခိုး ဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာ ဘုရား အိမ်ရာမထောင် ရဟန်းဘောင်သို့ ကပ်ရောက်လျက် ဆွမ်းခံ ခြင်းဖြင့် မှီတင်းနေထိုင်သော ရဟန်း၏ မဂ်ဉာဏ်လေးပါးသို့ ရောက်ကြောင်း ကောင်း မြတ်သော အကျင့်ပဋိပတ်ဖြစ်သော မောနေယျ အကျင့်မြတ်ကို အရှင်ဘုရား သည် တပည့်တော်အား ဟောကြားတော်မူပါဘုရား။

ထိုအခါ မြတ်စွာ ဘုရားသည် အရှင် နာလကအား "မောနေယျ တေ ဥပညိဿံ အစရှိသော နှစ်ဆယ့် သုံးဂါထာတို့ဖြင့် မောနေယျအကျင့် ပဋိပတ်ကို အကျယ်ဟောကြားတော်မူသည်။ ထို ဂါထာတို့ကား—

၁။ မောနေယျံ တေ ဥပညိဿံ၊ ဒုက္ကရံ ဒုရဘိသမ္ဘဝံ။
ဟန္ဒ တေ နံ ပဝက္ခာမိ၊ သန္ထမ္ဘဿု ဒဋ္ဌော ဘဝေ။

ချစ်သား နာလက သင့်အား ငါဘုရားသည် ဆင်းရဲငြိုငြင် ပြုနိုင်ခဲလှသည့် ပြင် သက်ဝင်ချဉ်းနင်း ဖြစ်စေခြင်းငှါလည်း ခဲယဉ်းစွာသော မောနေယျ အကျင့်ကို ထင်ရှား သိစေ ဟောပြပေအံ့။ သင်ချစ်သားသည် ဝီရိယဖြင့် မြဲမြံစွာ ထောက်ပင့်ပြီးလျှင် မလျော့သော လုံ့လဖြင့် ကျင့်ကြံ ကြိုးကုတ် အားထုတ် ပါလော့။

၂။ သမာနဘာဂံ ကုဗ္ဗထ၊ ဂါမေ အက္ကုဋ္ဌဝန္ဒိတံ။
မနောပဒေါသံ ရက္ခေယျ၊ သန္တော အနုဏ္ဏတော စရေ။

ချစ်သား နာလက မြို့ရွာဇနပုဒ်တို့၌ လူများက သင့်အား အမျက်ထွက် စိတ်ဆိုးသောအားဖြင့် ထိပါး ဆဲဆိုခြင်းကိုငင်း ကြည်ညိုရိုကျိုး ရှိခိုး တုပ်ဝပ်

ခြင်းကိုငင်း မုန်းခြင်းချစ်ခြင်း အလျင်းမရှိပဲ အတူအမျှ ဖြစ်အောင် ကျင့်ဆောင်အားထုတ် ပြုလုပ်ရမည်။ သူတော်ကောင်း ဖြစ်သော သူသည် မိမိအား ထိပါးဆဲဆိုလာမှုကြောင့် စိတ်နှလုံးမရှင် ငြိုငြင်သောအား စိတ်ပြစ်မှားခြင်းကို ဟန့်တား စောင့်ရှောက်ရမည်။ ကြည်ညို ရိုကျိုး ရှိခိုးတုပ်ဝပ်မှုကြောင့် မြင့်မော်တက်ကြွခြင်း အလျင်းမရှိအောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်ရမည်။ ဤဂါထာဖြင့် မြို့ရွာနှင့်စပ်သော ကိလေသာကို ပယ်ရှားရန် ဟောတော်မူသည်။

၃။ ဥစ္စာဝစာ နိစ္ဆရန္တိ၊ ဒါယေ အဂ္ဂိသိခူပမာ။
နှာရိယော မုနိ ပလောဘေန္တိ၊ တာသု တံ မာ ပလောဘယုံ။

ချစ်သား နာလက တောဋ္ဌလည်း မီးလှဲ့ ပမာ လောင်ကျွမ်း တတ်စွာသော အာရုံအမျိုးမျိုးတို့ ထင်လာတတ်ကုန်၏၊ တနည်းအားဖြင့် တောမီး လောင်ကျွမ်းသောအခါ မီးလှဲ့ မီးညှန့် တို့သည် အခိုးရှိ, မရှိ အညိုရောင်, အဝါရောင်, အနီရောင်, အကြီးအငယ်စသည်အား အထူးထူး အပြားပြား ထွက်ပေါ်လာကြကုန်သကဲ့သို့ ဤအတူ ဘီလူး, ခြင်္သေ့, သစ်, ကျား, ဌက် အမျိုးမျိုး, ထိုသတ္တဝါတို့၏ အသံအမျိုးမျိုး, အသီးအပွင့် ရွက်ညှန့်စသော အားဖြင့် တောအရပ်ဋ္ဌလည်း ကြောက်မက်ဘွယ်အာရုံ, နှစ်သက်တပ်မက်ဘွယ် အာရုံ, မုန်းတီးဘွယ်အာရုံ, တွေဝေဘွယ်အာရုံ အမျိုးမျိုးတို့သည် ထင်လာတတ်ကုန်၏၊ ဤသို့ထင်လာသော အာရုံအမျိုးမျိုးတို့အနက် အပျော်အပါး ဥယျာဉ်ကစား တောကစားလာကြသော မိန်းမများ, ထင်းခွေပန်းခူး ဟင်းရွက်ခူး သစ်သီးကောက်လာကြသော မိန်းမများသည် ရဟန်းတပါးတည်း ဆိတ်ငြိမ်ရာဋ္ဌ နေသည်ကိုမြင်ကြရလျှင် ပြုံးရွှင်ခြင်း, ထိပါးရိပါးပြောကြားခြင်း, ငိုကြွေးခြင်း, ထမီကို ရောရဲစွာဝတ်ခြင်းစသည်တို့ဖြင့် ဖြားယောင်းသွေးဆောင်တတ်ကြကုန်၏။ ထိုမိန်းမများက သင်ချစ်သားကို မဖြားယောင်းကြစေကုန်လင့်။ (ဤဂါထာဖြင့် တောနှင့်စပ်သော ကိလေသာကို ပယ်ရှားရန် ဟောတော်မူ၏။)

၄။ ဝိရတော မေထုနာ ဓမ္မာ၊ ဟိတ္ဝာ ကာမေ ပရောပရေ။
အဝိရုဒ္ဓေါ အသာရတ္တော၊ ပါဏေသု တသထာဝရေ။

၅။ ယထာ အဟံ တထာ ဧတေ၊ ယထာ ဧတေ တထာ အဟံ။
အတ္တာနံ ဥပမံ ကတ္ဝာ၊ န ဟနေယျ န ဃာတယေ။

ချစ်သား နာလက ယှဉ်ဖက်မြူးခုန် မေထုန်အကျင့်မှ ဝေးစွာရှောင်ကြဉ်သူ ဖြစ်ပါလော့၊ ထိုမှတပါးသော အာရုံငါးပါး ကာမဂုဏ်တရားတို့ကို ပယ်စွန့်၍ ရန်မူသောသတ္တဝါတို့၌ မဆန့်ကျင်သည် ဖြစ်ပါလော့၊ အဖော်ကျွမ်းဝင် ကြင်နာသောသတ္တဝါတို့၌ ချစ်ခင်တပ်မက်မှု အလျင်းမရှိသည် ဖြစ်ပါလော့။

ပုထုဇဉ်သေက္ခဖြစ်သော သတ္တဝါ, တဏှာလောဘကင်းပြီးသော ရဟန္တာတို့ကို ငါကဲ့သို့ပင် ထိုသတ္တဝါတို့သည် အသက်ရှည်ကြလို့, ချမ်းသာကြလို့, မဆင်းရဲကြလိုကုန်။ ထိုသတ္တဝါတို့ကဲ့သို့ပင် ငါသည်လည်း အသက်ရှည်လို့, မသေလို့, ချမ်းသာလို့, မဆင်းရဲလိုပေဟု မိမိကိုယ်ကို ဥပမာပြုကာ ကိုယ်တိုင်လည်း မသတ်ဖြတ် မညှဉ်းဆဲရာ၊ သူတပါးကိုလည်း သတ်ဖြတ်ညှဉ်းဆဲရန် မခိုင်းစေရာ။ (ဤဂါထာတို့ဖြင့် ပါတိမောက္ခသံဝရသီလ, ဣန္ဒြိယသံဝရသီလနှစ်ပါးကို အကျဉ်းအားဖြင့် ပြတော်မူ၏။)

၆။ ဟိတ္ဝာ ဣစ္ဆဉ္စ လောဘဉ္စ၊ ယတ္ထ သတ္တော ပုထုဇ္ဇနော။
စက္ခုမာ ပဋိပဇ္ဇေယျ၊ တရေယျ နရကံ ဣမံ။

ချစ်သား နာလက–ပုထုဇဉ်သတ္တဝါအပေါင်းသည် ကျောင်း, သင်္ဃန်း, ဆွမ်း, ဆေး, လေးပါးသောပစ္စည်းဌ် တပ်မက်ကပ်ငြိသည်ဖြစ်၍ တည်၏။ သင်ချစ်သားသည် ပစ္စည်းလေးပါးဌ် မရသည်ကို လိုချင် တပ်မက်မောသော ဣစ္ဆာကိုဌင်း, ရပြီးသည်ကို မဖိတ်မယုံမပေးလိုမလှူရက်လိုချင်တပ်မက်မောသော လောဘတရားကိုဌင်း ရှောင်ရှားစွန့်ပယ်ကာ ဆင်ခြင်ခြင်းပညာမျက်စိရှိသည်ဖြစ်၍ မောနေယျအကျင့်မြတ်ကို ကျင့်ကြံကြိုးကုတ် အားထုတ်ရာ၏။ ဤသို့ကျင့်သောသူသည် ငရဲသို့ ဆောင်တတ်သော မိစ္ဆာဇီဝ၏ အကြောင်းဖြစ်သော ပစ္စည်းလေးဖြာ တွယ်တာတပ်မက်ခြင်း တဏှာတရားကို ကူးသန်းလွန်မြောက်ရာ၏။ (ဤဂါထာဖြင့် ကုလဒူသနအနေသနစသည်မှ ခွါ၍ အာဇီဝပါရိသုဒ္ဓိသီလကို ပြတော်မူသည်။)

၇။ ဥန္နဒရော မိတာဟာရော၊ အပ္ပိစ္ဆဿ အလောလုပေါ။
သဒါ ဣစ္ဆာယ နိစ္ဆာတော၊ အနိစ္ဆော ဟောတိ နိဗ္ဗုတော။

ချစ်သား နာလက မောနေယျအကျင့်ကို ကျင့်လိုသောရဟန်းသည် ဆွမ်းဘုဉ်းပေးသည်ရှိသော် လေးလုပ်ငါးလုပ် လျော့စားရသဖြင့် ပါးလျသော ဝမ်းဗိုက်ရှိသူ ဖြစ်ရာ၏။

စတ္တာရော ပဒူ အာလောပေ၊ အဘုတ္ဝာ ဥဒကံ ပိဝေ။
အလံ ဖာသုဝိဟာရာယ၊ ပဟိတတ္တဿ ဘိက္ခုနော။

ဆွမ်းဘုဉ်းပေးလျှင် ဆွမ်းဝခါနီးဌ် လေးလုပ်ငါးလုပ်သော ဆွမ်းတို့ကို မစားမူ၍ ရေကို သောက်ရာ၏။ ဆွမ်းလေးလုပ်ငါးလုပ်သောနေရာအတွက် ရသောက်ထားသည်ရှိသော် ကိုယ်နှင့်အသက် မငဲ့ကွက်ပဲ ရက်စက်ခိုင်ခဲ့ခန့်စိတ်အကြံဖြင့် နိဗ္ဗာန်သို့ စေလွှတ်သောစိတ်ရှိသော ရဟန်းမြတ်အား ကိုယ်စိတ်နှစ်ပါး ချမ်းသာစွာနေရခြင်းငှါ သင့်မြတ်၏။

လေးလုပ်ငါးလုပ် လျော့စားရုံမျှဖြင့်လည်း မပြီးသေးပါ၊ ထိုဆွမ်းကို ပစ္စဝေက္ခဏာတင် ဆင်ခြင်စားသုံးခြင်းဖြင့် ပိုင်းခြားနှိုင်းယှဉ်အပ်သော အစာအာဟာရရှိသူ ဖြစ်ရမည်။ ဤမျှဖြင့်လည်း မပြီးသေးပါ။

၁။ ပစ္စည်းလေးဖြာတို့၌ လောဘတဏှာနည်းပါးခြင်း တည်းဟူသော ပစ္စယအပ္ပိစ္ဆ၊

၂။ မိမိဓုတင်ဆောင်ဖြစ်ကြောင်း သူတပါးတို့ကို အသိမပေးလိုခြင်း တည်းဟူသော ဓုတင်္အပ္ပိစ္ဆ၊

၃။ မိမိက စာပေကျမ်းဂန်တတ်မြောက် ကျမ်းကျင်မှု ဗဟုသုတရှိသည်ကို သူတပါးတို့အား အသိမပေးလိုခြင်းတည်းဟူသော ပရိယတ္တိအပ္ပိစ္ဆ၊

၄။ မိမိရရှိအပ်သော တရားထူးတရားမြတ်ကို သူတပါးတို့အား အသိမပေးလိုခြင်းတည်းဟူသော အဓိဂမအပ္ပိစ္ဆဟူသော အပ္ပိစ္ဆတရားလေးပါးနှင့် ပြည့်စုံသူ ဖြစ်ရမည်။

ဤတရားလေးပါးနှင့် ပြည့်စုံရုံမျှဖြင့် မပြီးသေးပါ၊ အရဟတ္တမဂ်ဖြင့် တဏှာလောလုပ်ပွကို ပယ်သတ်၍ လျှပ်ပေါလောလီမှု မရှိသည် ဖြစ်ရာ၏။ ဤသို့ လောလုပ်ပွတဏှာ ကင်းပြီးသူဖြစ်လတ်သော် အခါခပ်သိမ်းပင် ဆာလောင်မှတ်သိပ်ခြင်း အလွန်အမင်း နှိပ်စက်အပ်သောသူပမာ ပစ္စည်းလေးဖြာကို လွန်စွာတပ်မက်တတ်သော ဣစ္ဆာလောဘတဏှာတရားဖြင့် မလိုချင်သူဖြစ်ကာ ကိလေသာဟူသော ဆာလောင်ခြင်းကင်းသူဖြစ်လိမ့်မည်၊ ထို့သို့ ကိလေသာ ဆာလောင်ခြင်း ကင်းလတ်သော် ကိလေသာဟူ အပူခပ်သိမ်း ငြိမ်းအေးပြီးသူ ဖြစ်ပါလိမ့်အံ့။ (ဤဂါထာဖြင့် ဘောဇနမတ္တညုတာ=အစာအာဟာရ၌ အတိုင်းအရှည်ပမာဏကို သိခြင်းကို အဦးပြု၍ ပစ္စယသန္နိဿိတသီလနှင့် ထို့မှအစဉ် လျှောက်၍ အရဟတ္တဖိုလ်တိုင်အောင် ရောက်စေနိုင်သော အကျင့်ပဋိပတ်ကို ရှင်တော်ဘုရား ဟောကြားတော်မူသည်။)

၈။ သ ပိဏ္ဍစာရံ စရိတ္ဝာ၊ ဝနန္တမဘိဟာရယေ။
ဥပဋ္ဌိတော ရုက္ခမူလသ္မိံ၊ အာသနူပဂတော မုနိ။

၉။ သ စျာနပသုတော မီရော၊ ဝနန္တေ ရမိတော သိယာ။
စျာယေထ ရုက္ခမူလသ္မိံ၊ အတ္တာနမဘိတောသယံ။

ချစ်သား နာလက မောနေယျအကျင့်ကို ကျင့်သောရဟန်းသည် ဆွမ်းခံလှည့်လည်ပြီးလျှင် ဆွမ်းစားခြင်းကိစ္စပြုပြီး၍ လူတို့နှင့် ကြာရှည်စွာ စကားပြောခြင်းစသည်ကို မပြုပဲ မိမိနေရာ တောအရပ်သို့သာ ရှေးရှုသွားရာ၏။

တောသို့ ရောက်သောအခါ သစ်ပင်ရင်းဌ် ရပ်သည်ဖြစ်၍ နေရာသို့ ကပ်လျက် မလျောင်းမစက် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေရာ၏။

ဤဌ် 'သပိတ္တာစာရံ စရိတ္တာ'ဟူသော ပါဠိဖြင့် ပိတ္တပါတ်ဓုတင်ကို ပြတော်မူ၏။ ဥက္ကဋ္ဌ ပိတ္တပါတ်ဓုတင်ကို ဆောက်တည်သော ရဟန်းသည် သပဒါန စာရိကဓုတင်, ကောသနိက်ဓုတင်, ပတ္တပိဏ္ဍိကဓုတင်, ခလုပစ္ဆာဘတ္တိကဓုတင်, တိစီဝရိက်ဓုတင်, ပံသုကူလိကဓုတင်တို့ကိုလည်း ဆောက်တည်ကျင့်သုံးရကား ထိုဓုတင်ခြောက်ပါးတို့ကိုလည်း ပြတော်မူအပ်ပြီး ဖြစ်လေတော့၏။

'ဝနန္တမဘိဟာရယေ' ဟူသော ပါဠိဖြင့် အာရညကင်ဓုတင်ကို ပြတော်မူ၏။

'ဥပဋ္ဌိတော ရုက္ခမူလသိ်'' ဟူသော ပါဠိဖြင့် ရုက္ခမူဓုတင်ကို ပြတော်မူ၏။

'အာသနူပဂတော'ဟူသော ပါဠိဖြင့် နေသဇ္ဇိကဓုတင်ကို ပြတော်မူ၏။

ဤဓုတင်ဆယ်ပါးတို့ကို အစဉ်အားလျော်စွာ ဟောတော်မူသဖြင့် ထိုဓုတင်တို့အား လျော်လျောက်ပတ်သောကြောင့် အဇ္ဈောကာသိကဓုတင်, ယထာသန္ထတိကဓုတင်, သုသာန်ဓုတင် ဤဓုတင်သုံးပါးတို့ကိုလည်း အနက်သဘောအားဖြင့် ရောက်သော အတ္ထာပတ္တိနည်းအားဖြင့် ပြတော်မူပြီး ဖြစ်လေသည်။ သို့ပြရကား ဤဂါထာဖြင့် မြတ်စွာဘုရားသည် နာလကမထေရ်အား ဓုတင်တဆယ်သုံးပါးကို ဟောကြားတော်မူ၏။

ချစ်သား နာလက ထိုဓုတင်တဆယ်သုံးပါးတို့ကို ဆောက်တည်လျက် မောနေယျပဋိပတ်အကျင့်မြတ်ကို ကျင့်သောရဟန်းသည် မဖြစ်သေးသော လောကီစျာန်ကိုဖြစ်စေခြင်း, ဖြစ်ပြီးရပြီးသောလောကီစျာန်ကို ဝသီဘော်ငါးဖြာ လေ့လာနိုင်နင်းအောင် ပြုခြင်းတို့ဖြင့် လောကီစျာန်တရားတို့ဌ် လေ့လာကြိုးကုတ် အားထုတ်လျက် အပ္ပနာသမာဓိရှိသည်ဖြစ်၍ လူသံမနှော တောအရပ်ဌ် မွေ့လျော်ပျော်ပိုက်သူဖြစ်ရာ၏။ လောကီစျာန်သက်သက်ကိုသာ အားထုတ်ရုံမျှဖြင့် မပြီးသေးပါ၊ ထိုတောအတွင်း သစ်ပင်ရင်းဌ် သောတာပတ္တိမဂ်စသည်နှင့် ယှဉ်သော လောကုတ္တရာစျာန်ဖြင့်လည်း မိမိကိုယ်ကို အလွန်ရှင်လန်းနှစ်သက်စေလျက် စျာန်ဝင်စားကာ နေထိုင်ရာ၏။ (ဤဂါထာဖြင့် လောကီ လောကုတ္တရာစျာန်ဌ် လေ့လာကြိုးကုတ် အားထုတ်ခြင်းဖြင့် တောကျောင်းဌ် မွေ့လျော်ခြင်းကိုဎင်း, အရဟတ္တဖိုလ်ကိုဎင်း မြတ်စွာဘုရား ဟောကြားတော်မူ၏။)

အရှင်နာလကသည် ဤကဲ့သို့သော တရားဒေသနာတော်ကို ကြားနာရလျှင် လူသူမနီး တောမြိုင်ကြီးသို့ ဝင်၍ အစာအာဟာရ မစားပဲလည်း မောနေယျအကျင့်ကို ဖြည့်ကျင့်ရန် အလွန်အကဲ စိတ်အားထက်သန်လျက်ရှိ၏။ အစာအာဟာရမစားပဲလည်း ရဟန်းတရားကို အားထုတ်ခြင်းငှါ မစွမ်းနိုင်ချေ။

မှန်၏၊ အစာအာဟာရမစားပဲ ရဟန်းတရားကို အားထုတ်သူအား အသက်ရှည်မှု မဖြစ်နိုင်၊ စင်စစ်သော်ကား ကိလေသာအယုတ်တရားတို့ကို မဖြစ်ပွါးစေပဲ အစာအာဟာရကို ရှာမှီးရမည်သာ ဖြစ်၏။ ဤသို့ ကိလေသာတရားတို့ကို မဖြစ်ပွါးစေပဲ အစာအာဟာရကို ရှာမှီးခြင်းသည် သာသနာတော်၌ နည်းလမ်းမှန်ကန်သော အလုပ်ဖြစ်ပါ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် အရှင်နာလကမထေရ်အား နောက်နောက်နေ့ရက်များ၌ မြို့ရွာတွင်းသို့ ဆွမ်းခံလှည့်လည်စေရာ၏။ သို့သော် ကိလေသာအယုတ်တရားကိုမူ မဖြစ်စေအပ်ဟူ၍ ပြတော်မူခြင်းအကျိုးငှါ အရဟတ္တဖိုလ်သို့ ရောက်ခြင်းလျှင် အဆုံးရှိသော ဆွမ်းခံကျင့်ဝတ်ကို ဟောတော်မူလိုသည်ဖြစ်၍ ဆိုလတ္တံ့သော ခြောက်ဂါထာတို့ကို မိန့်မြွက်ဟောကြားတော်မူလေသည်။

၁၀။ တတော ရတ္တာ ဝိဝသာနေ၊ ဂါမန္တမဘိဟာရယေ။
အဝှါနံ နာဘိနန္ဒေယျ၊ အဘိဟာရဉ္စ ဂါမတော။

ချစ်သား နာလက မောနေယျအကျင့်ကို ကျင့်သောရဟန်းသည် ဆွမ်းခံလှည့်လည်ပြီး လူသူမနီး တောမြိုင်ကြီးသို့ ရှေးရှုသွားသည်မှအထက် နောက်ရက်များ၌လည်း ညဉ့်ကိုလွန်မြောက် နံနက်မိုးသောက် အလင်းသို့ရောက်သော အခါ ဆွမ်းခံချိန်မရောက်သေးမီအတွင်း ကျောင်းတွင်း၌ပင် စေတိယင်္ကဝတ် စသည်ကို ပြုကျင့်လျက် ကာယဝိဝေက, စိတ္တဝိဝေကတရား ပွါးများပြီးလျှင် အသွားအပြန်ကမ္မဋ္ဌာန်းဆောင်လျက် ရှာတွင်းသို့ ဆွမ်းခံသွားရမည်။

ရှာတွင်းသို့ရောက်သောအခါ အရှင်ဘုရား တပည့်တော်တို့၏အိမ်၌ ဆွမ်းဘုဉ်းပေးတော်မူပါဟူ၍ ပင့်ဖိတ်ကပ်လှူသောဆွမ်း, ငါ့အား ဤအိမ်က ဆွမ်းလှူမည်လော, မလှူမည်လော, ကောင်းကောင်းလှူအုံ့လော, မလှူအုံ့လောဟု ထွေရာလေးပါး အကြံများလျက် ခံယူအပ်သောဆွမ်းများကို မနှစ်သက်မမြတ်နိုးရာ။

အကယ်၍ ဒါယကာများက သပိတ်ကို အတင်းယူကာ ဆွမ်းအပြည့်ထည့်ပြီးလျှင် လှူလိုက်သည်ရှိသော် ထိုဆွမ်းကိုဘုဉ်းပေး၍ ရဟန်းတရားကို ကြိုးစားအားထုတ်အပ်၏။ ဓုတင်ကား မပျက်စီးချေ။ သို့သော် ထိုဆွမ်းမျိုးကို ရလိမ့်နိုးနိုး မြော်ကိုးသောစိတ်ထားဖြင့်ကား ထိုရှာသို့ မဝင်ကောင်း။

ရှာတွင်းသို့ ဝင်ရောက်ပြီးသော မောနေယျရဟန်းအား ဒါယကာများက မိမိအိမ်သို့ မပင့်မဖိတ်ပဲ အိမ်စဉ်လျှောက်၍ ဆွမ်းမခံမီပင် မောနေယျရဟန်းရှိရာသို့ လာကြ၍ ဟင်းခွက်ပေါင်းများစွာဖြင့် ကပ်လှူလာသော ဆွမ်းမျိုးကို

"အဘိဟာရ"ဆုံမ်းဟူ၍ ခေါ်သည်။ ယင်းအဘိဟာရဆုံမ်းကိုလည်း ဟင်းခွက်ပေါင်းအရာဖြင့် လာကပ်စေကာမူ ဆုံမ်းစေ့တခုကိုမျှ မခံယူရာ။ စင်စစ်ကား အိမ်စဉ်မပြတ် ဆုံမ်းခံလှည့်လည်ရာ၏။

၁၁။ န မုနီ ဂါမမာဂမှ၊ ကုလေသု သဟသာ စရေ။
ဃာသေသနံ ဆိန္နကထော၊ နံ ဝါစံ ပယုတံ ဘဏေ။

ချစ်သားနာလက မောနေယျအကျင့်ကို ကျင့်သောရဟန်းသည် ရွာတွင်းသို့ ရောက်လတ်သည်ရှိသော် ဒါယကာ, ဒါယိကာမတို့နှင့်တကွ ရောနှော ဆက်ဆံမှုကို မပြုရာ၊ သံယောဇဉ်ဖြစ်လောက်သော စကားမျိုးကို မပြောပဲ ပြတ်သော စကားရှိသည်ဖြစ်၍ ကျင့်ရာ၏။ ပရိယာယ်ရိပ်, နိမိတ်သြဘာသနှင့် ယှဉ်သော အစားအဝတ် ရှာမှီးခြင်းနှင့်ယှဉ်သော စကားကို မပြောဆိုရာ။

၁၂။ အလတ္ထံ ယဒိဒံ သာဓု၊ နာလတ္ထံ ကုသလံ ဣတိ။
ဥဘယေနေဝ သော တာဒိ၊ ရုက္ခံဝုံ'ပနိဝတ္တတိ။

ချစ်သားနာလက မောနေယျပဋိပတ်အကျင့်မြတ်ကို ကျင့်သော ရဟန်းသည် ရွာသို့ ဆုံမ်းခံဝင်လတ်သော် ဆုံမ်းအနည်းငယ်မျှကို ရလျှင်လည်း ယင်းသို့ရခြင်းသည် ကောင်း၏ဟူ၍ဎင်း, ဆုံမ်းမရလျှင်လည်း ယင်းသို့မရခြင်းသည်ကောင်း၏ အပြစ်မရှိဟူ၍ဎင်း ဤသို့ ရ-မရနှစ်ပါးဖြင့်ပင်လျှင် ဖောက်ပြန် တုန်လှုပ်ခြင်းမရှိ၊ တာဒိဂုဏ်နှင့် ပြည့်စုံသည်ဖြစ်၍ သစ်ပင်ကဲ့သို့ လျစ်လျူပြု၍ ပြန်နစ်ရာ၏။

(အဓိပ္ပါယ်) သစ်သီးရှာသော ယောကျ်ားသည် သစ်ပင်သို့ လာရောက် ချဉ်းကပ်ပြီးလျှင် သစ်သီးကို ရသည်ဖြစ်စေ, မရသည်ဖြစ်စေ မုန်းချစ်မပြု လျစ်လျူရှုကာ ထိုသစ်ပင်ကို စွန့်ခွါဖဲသွားသကဲ့သို့ ထို့အတူ ဆုံမ်းမရခြင်း, ဆုံမ်းရခြင်းကြောင့် မုန်းချစ်မပြု လျစ်လျူရှုကာ ဒါယကာတို့အိမ်ကို စွန့်ခွါဖဲသွားရာ၏။

၁၃။ သ ပတ္တပါဏိ ဝိစရန္တော၊ အမူဂေါ မူဂသမ္မတော။
အပ္ပံ ဒါနံ န ဟီဠေယျ၊ ဒါတာရံ နာဝဇာနိယာ။

ချစ်သား နာလက သပိတ်ပိုက်ကာ ဆုံမ်းလိုက်ရှာသော ထိုမောနေယျ ရဟန်းသည် မအ-သော်လည်း အ-သောသူဟု လူတို့မှတ်ထင်အောင် ကျင့်ဆောင်ရာ၏။ စကားများစွာ မပြောဆိုရာ။ အနည်းငယ်မျှ လှူဒါန်းအပ်သော အလှူဝတ္ထုကို မရှုတ်ချ မကဲ့ရဲ့ရာ။ အနည်းငယ်မျှ လှူဒါန်းသူဟူ၍လည်း လှူဒါန်းသူကို မထီမဲ့မြင် အထင်သေးမှုမပြုရာ။

၁၄။ ဥစ္စာဝစာ ဟိ ပဋိပဒါ၊ သမဏေန ပကာသိတာ။
နု ပါရံ ဒိဂုဏံ ယန္တိ၊ နယိဒံ ဧကဂုဏံ မုတံ။

ချစ်သားနာလက မောနေယျပဋိပတ် အကျင့်မြတ်ကို ဖြည့်ကျင့်သော ရဟန်းသည် ဤဆိုအပ်ခဲ့ပြီးသည့်အတိုင်း ဆုမ်းခံကျင့်ဝတ်နှင့် ပြည့်စုံသည်ဖြစ်၍လည်း ထိုမျှလောက်ဖြင့် တင်းတိမ်ရောင့်ရဲ နှစ်သက်မှုကို မပြုပဲ လွန်ကဲတူးမြတ်သော ပဋိပတ် အကျင့်ကို ကျင့်ကြံအားထုတ် ပြုလုပ်ပြီးစီးစေရမည်။ မှန်၏၊ သာသနာတော်သည် ပဋိပတ္တိ တည်းဟူသော မြတ်သော အနှစ်သာရရှိ၏။ ပဋိပတ်အကျင့်သည် သာသနာတော်၏ အနှစ်သာရဖြစ်၏။ ပဋိပတ်ကျင့်မှ သာသနာတော်၏ အနှစ်သာရသို့ ဆိုက်ရောက်မည်။ မဂ်သို့ရောက်ကြောင်း ထိုအကျင့်ကောင်းကိုလည်း အမြတ်စား, အညံ့စားနှစ်မျိုးအာဖြင့် မြတ်စွာဘုရား ဟောကြားတော်မူအပ်ပြီ။

အဋ္ဌကထာအဖွင့်အတိုင်း ထင်စွာပြပါဦးအံ့---

ရဟန်းတရားကို ပွါးများ အားထုတ်သည်မှစ၍ နိဝရဏတရား ငါးပါးတို့ကို ခွါနိုင်သည်တိုင်အောင် ဤအတွင်းသည် ပဋိပဒါ၏ခေတ် (ပဋိပဒါ၏ နယ်ပယ်) မည်၏။ ဤအတွင်း အလွယ်တကူ မပင်မပန်း နိဝရဏတရား ငါးပါးတို့ကို စွန့်ခွါနိုင်လျှင် "သုခါပဋိပဒါ" ဟူ၍ ခေါ်သည်။

ဆင်းရဲငြိုငြင် ပင်ပန်းခဲယဉ်းစွာ ကျင့်မှ နိဝရဏတရားတို့ကို စွန့်ခွါရလျှင် "ဒုက္ခာပဋိပဒါ" ဟူ၍ ခေါ်သည်။

နိဝရဏတရား ငါးပါးတို့ကို စွန့်ခွါပြီးသည်မှစ၍ မဂ်ဉာဏ်သို့ရောက်သည်တိုင်အောင် ဤအတွင်းသည် အဘိညာဉ်ခေတ်(အဘိညာဉ်=ဝိပဿနာဉာဏ်ပညာ)၏ နယ်ပယ်မည်၏။

နိဝရဏတရား ငါးပါးတို့ကို ခွါပြီးသည်မှနောက် မဂ်ဉာဏ်သို့ အလျင်အမြန်ရောက်သော ဝိပဿနာဉာဏ်တို့ကို "ခိပ္ပါဘိညာ" ဟူ၍ ခေါ်သည်။

မဂ်ဉာဏ်သို့ နှေးနှေးကန်ကန် ရောက်မူ ထိုဝိပဿနာဉာဏ်တို့ကို "ဒန္ဓာဘိညာ" ဟူ၍ ခေါ်သည်။

၁။ အခြို့သော ပုဂ္ဂိုလ်တို့မှာ ရဟန်းတရား အားထုတ်လတ်သော် နိဝရဏတရား ငါးပါးတို့ကို မပင်မပန်း အလွယ်တကူနှင့် ပယ်ပြီးလျှင် မဂ်ဉာဏ်သို့ လျင်မြန်စွာ ရောက်ကြ၏။ ထိုပုဂ္ဂိုလ်တို့၏ အကျင့်မျိုးကို "သုခါပဋိပဒါခိပ္ပါဘိညာ" ဟူ၍ ခေါ်သည်။ ဤအကျင့်မျိုးကို အမြတ်စားဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူ၏။

၂။ အခွါသောသူတို့မှာ နိဝရဏတရား ငါးပါးတို့ကို အလွယ်တကူနှင့် ပယ်သတ်ပြီးနောက် နှေးကန်စွာ မဂ်ဉာဏ်သို့ ရောက်ကြ၏။ ထိုပုဂ္ဂိုလ်တို့၏ အကျင့်မျိုးကို "သုခါပဋိပဒါဒန္ဓာဘိညာ" ဟူ၍ ခေါ်သည်။

၃။ အခွါသောသူတို့မှာ နိဝရဏတရား ငါးပါးတို့ကို ဆင်းရဲပင်ပန်း ခဲယဉ်းစွာ ကျင့်မှ စွန့်ခွါနိုင်ပြီးလျှင် မဂ်ဉာဏ်သို့ကား လျင်မြန်စွာ ဆိုက်ရောက်၏။ ထိုသူတို့၏ အကျင့်မျိုးကို "ဒုက္ခာပဋိပဒါခိပ္ပါဘိညာ" ဟူ၍ ခေါ်သည်။

၄။ အခွါမှာ နိဝရဏတရား ငါးပါးတို့ကိုလည်း ဆင်းရဲငြိုငြင် ပင်ပန်းခဲယဉ်းစွာ ကျင့်မှ စွန့်ခွါပြီးနောက် မဂ်ဉာဏ်သို့လည်း နှေးနှေးကန်ကန် ဆိုက်ရောက်ကြ၏။ ထိုသူတို့၏ အကျင့်မျိုးကို "ဒုက္ခာပဋိပဒါဒန္ဓာဘိညာ" ဟူ၍ ခေါ်သည်။

ဤ ဒုတိယ, တတိယ, စတုတ္ထအာဇာနိယ်သုံးမျိုးကို အညွှံစားဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူ၏။

ဆောင်ပုဒ်

ဆင်းရဲငြိုငြင်၊ မဂ်သိလျှင်၊ ခေါ်တွင် ဒု–ဒန္ဓ။
ဆင်းရဲမငြိုငြင်၊ မဂ်သိလျှင်၊ ခေါ်တွင် ဒု–ခိပ္ပ။
ချမ်းသာငြိုငြင်၊ မဂ်သိလျှင်၊ ခေါ်တွင် သု–ဒန္ဓ။
ချမ်းသာမငြိုငြင်၊ မဂ်သိလျှင်၊ ခေါ်တွင် သု–ခိပ္ပ။

တနည်း ဆောင်ပုဒ်

ဒု–ဒန်၊ ဒု–ခိ၊ သု–ဒန်၊ သု–ခိ၊ လေးပါးရှိ၊ မှတ်သိပဋိပဒါတည်း။

ချစ်သား နာလက ထိုအမြတ်စား, အညွှံစား အကျင့်နှစ်ပါးဖြင့် နိဗ္ဗာန်တည်းဟူသော တဖက်ကမ်းသို့ ဆိုက်ရောက်ရာမှာလည်း မဂ်ဉာဏ်တခုတည်းဖြင့် နိဗ္ဗာန်သို့ နှစ်ကြိမ်နှစ်ခေါက် မရောက်ကောင်းချေ။

မဂ်ဉာဏ်သည် တကြိမ်ဖြစ်လိုက်လျှင် မိမိပယ်ရမည့် ကိလေသာကို အပြီးသတ်ပယ်သောကြောင့် နောက်ထပ်တဖန် ထိုခန္ဓသန္တာန်မှာ ဖြစ်ရိုး မရှိသဖြင့် နိဗ္ဗာန်သို့ နှစ်ကြိမ်နှစ်ခေါက် မရောက်ကောင်းဟု ဟောတော်မူလိုရင်းဖြစ်၏။ ဤနိဗ္ဗာန်တရားသည် မဂ်ဉာဏ်တခုတည်းဖြင့် တကြိမ်တည်းသာ အပြီးရောက်ကောင်းသည့် တရားမျိုးလည်းမဟုတ်၊ မဂ်ဉာဏ်တခုတည်းဖြင့် ကိလေသာ အလုံးစုံကို အကုန်ပယ်နိုင်သည်မဟုတ်၊ မဂ်ဉာဏ်လေးပါးတို့ဖြင့်သာ ဆိုင်ရာဆိုင်ရာ ဝေခွဲ၍ ကိလေသာတို့ကို သူ့အစုန့်အသူ အကြွင်းမဲ့ ပယ်နိုင်သောကြောင့် မဂ်

ဉာဏ်တချက်တည်းဖြင့် နိဗ္ဗာန်သို့ အပြီးတိုင် အရဟတ္တဖိုလ်ပေါက် မရောက်နိုင်။ မဂ်ဉာဏ်လေးရပ်ဖြင့်သာ အရဟတ္တဖိုလ်ပေါက် နိဗ္ဗာန်သို့ အပြီးတိုင် ဆိုက်နိုင်၏ဟု မှတ်သားရာ၏။

၁၅။ ယဿ စ ဝိသတာ နတ္ထိ၊ ဆိန္နသောတဿ ဘိက္ခုနော။
ကိစ္စာကိစ္စပ္ပဟီနဿ၊ ပရိဠာဟော န ဝိဇ္ဇတိ။

ချစ်သား နာလက ဤသို့ဟောပြအပ်ခဲ့သော ပဋိပဒါနှစ်ရပ်တွင် မိမိရထိုက်ရာ အကျင့်ပဋိပတ်ဖြင့် အရဟတ္တဖိုလ်ပေါက် ဆိုက်ရောက်အောင် ကျင့်ကြံအားထုတ်ပြီးသော အကြင် မောနေယျရဟန်းအား အရဟတ္တမဂ်ဖြင့် အကြင်းမဲ့ပယ်ရှားသတ်ဖြတ်အပ်ပြီးဖြစ်၍ တရာ့ရှစ်ပါး အကျယ်ပြန့်ပွါးသည့် တဏှာဒုစရိုက် တရားတို့လည်း မရှိကုန်၊ ထိုသို့ အရဟတ္တမဂ်ဖြင့် ကိလေသာရေအယဉ်ကိုလည်း အကြင်းမဲ့ဖြတ်ပြီး ကုသိုလ်အမှု, အကုသိုလ်အမှုတို့ကိုလည်း ပယ်ပြီးသော မောနေယျရဟန်း၏ သန္တာန်၌ ရာဂပရိဠာဟ, ဒေါသပရိဠာဟပူလောင်မှု အနည်းငယ်မျှ မရှိတော့ချေ။ (ဤဂါထာဖြင့် ပဋိပဒါ၏ အကျိုးအာနိသင်ကို ပြတော်မူ၏။)

ဤတရားဒေသနာတော်တို့ကို ကြားသိရသောအခါ အရှင်နာလက၏ စိတ်သန္တာန်၌ မောနေယျအကျင့်သည် ဤမျှလောက်သာဆိုလျှင် လွယ်ကူလှပါ၏။ ခဲယဉ်းသည်မဟုတ်။ မငြိုမငြင် မပင်မပန်း အလွယ်နှင့်ပင် ငါဖြည့်စွမ်းနိုင်၏ဟု အကြံအစည်ဖြစ်လေသည်။

ထိုအခါ မြတ်စွာဘုရားသည် အရှင်နာလကအား ချစ်သားနာလက မောနေယျအကျင့်သည် သင့်ကြံစည်ထင်သည့်အတိုင်း ကျင့်ကြံအားထုတ်ရန် လွယ်ကူသည့် အလုပ်မဟုတ်ပါ။ စင်စစ်ကေန် အမှုန်အားဖြင့် ခဲယဉ်းသောအကျင့်ဖြစ်သည်ဟု တဖန် ဟောပြတော်မူပြန်သည်။

၁၆။ မောနေယ္ယ တေ ဥပညိဿံ၊ ခုရဓာရူပမော ဘဝေ။
ဇိဝှါယ တာလုမာဟစ္စ၊ ဥဒရေ သညတော သိယာ။

ချစ်သားနာလက သင်ချစ်သားအား မောနေယျအကျင့်ကို ဆက်လက်၍ သိစေပါဦးအံ့၊ မောနေယျအကျင့်ကို ကျင့်သောရဟန်းသည် သင်ဓုန်းသုံးလျှင် နှိုင်းယှဉ်ဘွယ်ရာ ဥပမာရှိသူ ဖြစ်ရမည်။ လျှာဖြင့် အာစောက်ကို ဖိနှိပ်ထောက်ပြီးလျှင် သို့မဟုတ် တောက်ခေါက်ပြီးလျှင် ရသတဏှာကို ပယ်ခွါလျက် မိစ္ဆာဇီဝနည်းလမ်းဖြင့် ဖြစ်ပေါ်ရရှိသော ပစ္စည်းလေးပါးတို့ကို မမှီဝဲပဲ ဝမ်းအတွက် စောင့်စည်းသူ ဖြစ်ရမည်။

ပျားရည်လိမ်းသုတ်ထားသော ခားသွားကို လျက်သောသူသည် လျှာပြတ်မည့်ဘေးမှ စောင့်ရှောက်သတိပြုရဘိသကဲ့သို့ ထို့အတူ တရားသဖြင့် ရအပ်သောပစ္စည်းလေးပါးတို့ကို သုံးဆောင်သော မောနေယျရဟန်းသည်မိမိစိတ်ကို ကိလေသာဖြစ်မည့်ဘေးမှ စောင့်ရှောက်သွားရာ၏။ မှန်၏၊ ပစ္စည်းလေးပါးတို့ကို စင်ကြယ်သော နည်းလမ်းဖြင့် ရဘို့ရန်လည်း ခဲယဉ်း၏၊ ရပြီးသောအခါ မှာလည်း အပြစ်ကင်းအောင် သုံးဆောင်ဘို့ရန် ခဲယဉ်းလှ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် ပစ္စယသန္နိဿိတသီလကိုသာလျှင် ကြိမ်ဖန်များစွာ ဟောကြားတော်မူခဲ့သည်။

ထို့နောက် ဝမ်းရေးအတွက် ဓမ္မိယလဒ္ဓပစ္စည်းကို မရရှိလျှင် ရသတဏှာကို ပယ်ရှားပြီး အံကျိတ် တောက်ခေါက်၍ အောင့်အည်း သည်းခံနိုင်ရမည်။ မိစ္ဆာဇီဝနည်းလမ်းဖြင့် ရှာမှီးရကား ဘယ်နည်းနှင့်မျှ မသုံးစွဲရာဟု ဟောကြားတော်မူခဲ့ပြန်၏။

၁၇။ အလိနစိတ္တော စ သိယာ၊ န စာပိ ဗဟု စိန္တယေ။
နိရာမဂန္ဓော အသိတော၊ ဗြဟ္မစရိယပရာယဏော။

ချစ်သား နာလက မောနေယျ ပဋိပတ်အကျင့်မြတ်ကို ကျင့်သောရဟန်းသည် ကုသိုလ်တရား ပွါးများခြင်း၌ မရပ်မနား ပြုလေ့ရှိသောအားဖြင့် အမြဲတစေ မပျင်းရိသောစိတ်ရှိသူလည်း ဖြစ်ရမည်။ ဆွမျိုးအကြောင်း, မြို့ရွာအကြောင်းစသည်အားဖြင့် ထွေရာလေးပါး စိတ်ကြံမများရာ။ ကိလေသာတည်းဟူသော စိမ်းညစ်သောအနံ့ကင်းလျက် တဏှာဒိဋ္ဌိတို့ဖြင့် တစုံတခုသောဘဝကြီးငယ်၌ မမှီတွယ်ပဲ သုံးပါးသိက္ခာ သာသနာတည်းဟူသော မြတ်သောအကျင့်လျှင် လည်းလျောင်းအားပြုရာရှိသူလည်း ဖြစ်ရမည်။

၁၈။ ဧကာသနဿ သိက္ခေထ၊ သမဏူပါသနဿ စ။
ဧကတ္တံ မောနမဂ္ဂါတံ၊ ဧကော စေ အဘိရမိဿသိ။
အထ ဘာဟိသိ ဒဿဒိသာ။

ချစ်သား နာလက မောနေယျ အကျင့်ကို ကျင့်သော ရဟန်းသည် အဖော်မမှီး တကိုယ်တည်းသာ ဆိတ်ငြိမ်စွာနေခြင်းဌာနငှါး, ရဟန်းတို့ချဉ်းကပ်ရာ သုံးဆယ့်ရှစ်ပါးသော ကမ္မဋ္ဌာန်းအာရုံကို အဖန်ဖန်ကြိုးကုတ် အားထုတ်ခြင်းဌာနငှါး ကျင့်ကြံအားထုတ်ရမည်။

ဤ၌ အဖော်မမှီး တယောက်တည်းနေခြင်းဖြင့် ကာယဝိဝေကကို ဟောတော်မူ၏။ ကမ္မဋ္ဌာန်းအာရုံကို အားထုတ်ပွါးများခြင်းဖြင့် စိတ္တဝိဝေကကို ဟောတော်မူ၏။

ဤသို့ ကာယဝိဝေက, စိတ္တဝိဝေက နှစ်ပါးဖြင့် အဖော်မမှီး တကိုယ်တည်း နေခြင်းကို "မောနေယျအကျင့်" ဟူ၍ ဘုရားဟောကြားတော်မူအပ်၏။ ချစ်သား နာလက သင်ချစ်သားသည် ကာယဝိဝေက, စိတ္တဝိဝေက နှစ်ပါးဖြင့် အဖော်မမှီး တကိုယ်တည်းသာ မွေ့လျော်နိုင်သည်ရှိသော် ထက်ဝန်းကျင်အရပ် ဆယ်မျက်နှာတို့၌ ကျော်စောထင်လင်းသူ ဖြစ်ပေလတ္တံ့။

၁၉။ သုတ္ဝာ ဓီရာနံ နိဿောသံ၊ စျာယီနံ ကာမစာဂိနံ။
တတော ဟိရိဉ္ဇ သဒ္ဓဉ္ဇ၊ ဘိယျော ကုဗ္ဗထ မာမကော။

ချစ်သား နာလက အာရမ္မဏ လက္ခဏဟု နှစ်မူကွဲပြား စျာန်ယာဉ် ကစားကြကုန်လျက် ဝတ္ထုကိလေ နှစ်ထွေသော ကာမတို့ကို ပယ်ရှားစွန့်ပစ်တော်မူကြပြီးသော ပညာရှိအပေါင်း သူတော်ကောင်းတို့၏ ကောင်းချီးမြွက်ဖော် ကြွေးကြော်သံကို ကြားရသည်ရှိသော် သင်ချစ်သားသည် ထို့ကောင်းချီးသံအတွက် စိတ်မပျံ့လွင့်စေပဲ ရှေးကထက်တိုး၍ ရှက်နိုးခြင်း ဟိရိတရားကိုငင်း, ဤမောနေယျအကျင့်သည် သံသရာဝဋ်ဒုက္ခ ကျွတ်လွတ်ထွက် မြောက်ကြောင်း အကျင့်ကောင်းတည်းဟု ယုံကြည်သက်ဝင်ခြင်း သဒ္ဓါတရားကိုငင်း, အကြိမ်ကြိမ်ဖြစ်ပွါးစေလျက် နိယျာနိကအကျင့်ကိုသာ ပြုလုပ်ပွါးများရာ၏။ ထို့သို့ပွါးများသည်ရှိသော် ငါဘုရား၏ သားတော်စစ် သာဝကဖြစ်ပေလိမ့်မည်။

၂၀။ တံ နဒီဟိ ဝိဇာနာထ၊ သောဗ္ဘေသု ပဒရေသု စ။
သဏ္ဌန္တာ ယန္တိ ကုသောဗ္ဘာ၊ တုဏ္ဍီ ယန္တိ မဟာဒဓိ။

ချစ်သားနာလက.... ငါဘုရားဟောကြားခဲ့သည့် ပညာရှိတို့၏ ထိုကောင်းချီးသံကို ကြားရသော် စိတ်ပျံ့လွင့် တုန်လှုပ်ခြင်းကို မဖြစ်စေပဲ ဟိရိတရား, သဒ္ဓါတရားကိုသာ ဆဆထပ်ပိုး တိုးဝှေ့ပြုရာ၏ဟူသော အဆုံးအမ ဩဝါဒကို ဤဆိုလတ္တံ့သော မြစ်ကြီးဥပမာ, ချောင်းငယ်, မြောင်းငယ်ဥပမာတို့ဖြင့် သိရမည်။

ချောင်းငယ် မြောင်းငယ်များသည် ရေစီးသောအခါ တလှုပ်လှုပ် တရှက်ရှက် အသံထွက်၍ စီးသွားကြကုန်၏။ ဂင်္ဂါ, ယမုနာစသော မြစ်ကြီးတို့သည်ကား မလှုပ်မရှက် အသံမထွက်ပဲ တိတ်တိတ်ဆိတ်ဆိတ်သာ စီးသွားကြကုန်၏။

ထို့အတူပင် ငါဘုရား၏ သားတော် မပီသသော သူတို့သည် ချောင်းငယ် မြောင်းငယ်များပမာ ငါကား မောနေယျ အကျင့်ကို ဖြည့်ကျင်သူ ဖြစ်ပေ၏ဟု ပျံ့လွင့်တုန်လှုပ်၏။ ငါဘုရား၏သားတော် ပီသသော သူသည်ကား ဆိုအပ်ပြီးသည့် ဟိရိတရား, သဒ္ဓါတရား ဤနှစ်ပါးကို ဖြစ်ပွါးစေကာ မြစ်ကြီးများပမာ နှိမ်ချသောစိတ်ရှိလျက် ဆိတ်ဆိတ်သာလျှင် တည်နေ၏။

၂၁။ ယဒူနကံ တံ သဏ္ဌာတိ၊ ယံ ပူရံ သန္တမေဝ တံ။
အစေ့ကုမ္ဘာ့ပမော ဗာလော၊ ရဟဒေါ ပူရော၀ ပဏ္ဍိတော။

ချစ်သား နာလက... ငါဘုရား တဆင့်တိုး၍ တမျိုးညွှန်ပြလိုသည်မှာ အကြင် အိုးခွက်သည် ရေမပြည့်ပဲ ယုတ်လျော့၏။ ထိုအိုးခွက်သည် ဗောင်ပင်ခတ်လျက် အသံထွက်၏။ အကြင် အိုးခွက်သည် ရေဖြင့်ပြည့်၏၊ ထိုရေဖြင့်ပြည့်သော အိုးခွက်သည် အသံမထွက် ငြိမ်သက်၏။ သူမိုက်သည် ရေတဝက်ဖြင့် အသံထွက်သော အိုးခွက်နှင့်တူ၏။ ပညာရှိသည် ရေပြည့်သော အိုးခွက်နှင့်တူ၏။ သို့မဟုတ် အိုင်ကြီးနှင့်တူ၏။

ဤ၌ သူမိုက်သည် မငြိမ်မသက် အသံထွက်သောအားဖြင့် ရေမပြည့်သော အိုးနှင့်တူ၍ ပညာရှိသည် အသံမထွက် ငြိမ်သက်သောအားဖြင့် ရေပြည့်သောအိုး သို့မဟုတ် ရေပြည့်သော အိုင်ကြီးနှင့် တူခဲ့သော် မြတ်စွာဘုရားသည် အာဘယ် ကြောင့် တရားဟောရန် အားထုတ်သည်ဖြစ်၍ များစွာသော စကားကို ပြောကြားတော်မူသနည်းဟု စောဒကတက်ဖွယ်ရှိလာပြန်သောကြောင့် ဤဂါထာကို ဟောကြားတော်မူပြန်၏။

၂၂။ ယံ သမေ္ဓာ ဗဟုံ ဘာသတိ၊ ဥပေတံ အတ္ထသဉ္ဍိတံ။
ဇာနံ သော ဓမ္မံ ဒေသေတိ၊ ဇာနံ သော ဗဟု ဘာသတိ။

၂၃။ ယော စ ဇာနံ သံယတတ္တော၊ ဇာနံ န ဗဟု ဘာသတိ။
သ မုနီ မောနမရဟတိ၊ သ မုနီ မောနမဇ္ဈဂါ။

ချစ်သား နာလက.... ရဟန်းမြတ်ဖြစ်တော်မူသော ငါဘုရားသည် အနက် သဒ္ဓါနှင့်ပြည့်စုံသည့် အကျိုးစီးပွါးနှင့်စပ်ယှဉ်သော အကြင်စကားမျှားကို များစွာဟောကြား၏။ ထိုစကားကိုပြန့်လှင့်ခြင်း, တုန်လှုပ်ခြင်း ဥဒ္ဓစ္စဖြင့် ဟောသည်မဟုတ်၊ အမှန်စင်စစ်ကား ရဟန်းမြတ်ဖြစ်သော ငါဘုရားသည် အကျိုးရှိ-မရှိ အသိဉာဏ် ပညာတရားဖြင့် ပိုင်းခြားသိမြင်လျက် တရားကိုသာလျှင် ဟောကြားခြင်းဖြစ်၏။ တနေ့လုံးဟောကြားစေကာမူ အချိန်ဖင့်နွဲအောင် တမင်ဆွဲ၍ ဟောနေခြင်းမဟုတ်ချေ။

ယင်းသို့ တရားကိုသာ ဟောဆိုရာမှာလည်း ဤတရားသည် ဤသူအတွက် အကျိုးဖြစ်ကြောင်း အစီးအပွါးကောင်းတည်းဟု အထူးထူးအပြားပြား ခွဲခြားသိမြင်၍သာလျှင် များစွာ ဟောကြားတော်မူ၏။ ပင်ကိုယ်က စကားများသူ ဖြစ်၍ အနှစ်မပါသော စကားကို ပြောကြားနေခြင်းမဟုတ်ချေ။

ချစ်သား နာလက.... မောနေယျအကျင့်ကို ကျင့်သော အကြင် ရဟန်းသည် ငါဘုရား ခွဲခြားသိမြင်၍ ဟောကြားအပ်သော တရားကို နိဗ္ဗေဓဘာဂိယ

ဟု ဆိုအပ်သော ကိလေသာတို့ကို ဖြိုခဲ့နိုင်သော အသိပညာဖြင့် သိမြင်ကာ လုံခြုံအောင် ထိန်းသိမ်းစောင့်ရှောက်အပ်သော စိတ်ရှိလျက် သတ္တဝါတို့အား စီးပွါးချမ်းသား မဖြစ်စေနိုင်သည့်စကားမျိုးကို သိသည်ဖြစ်၍ မျှားစ့ာမပြောကြား။ ထိုမောနေယျအကျင့်ကို ကျင့်သော ရဟန်းသည်သာ မောနေယျအကျင့်ကို ထိုက်တန်သူဖြစ်ပေ၏။ ထိုက်တန်ရုံသာ မဟုတ်သေး၊ စင်စစ်သော်ကား ထိုမောနေယျရဟန်းသည် အရဟတ္တမဂ်ဉာဏ်ကို ကေန်မုခ္ဂ ရနိုင်၏။ ဤသို့လျှင် မြတ်စ့ာဘုရားသည် အရဟတ္တဖိုလ် အထ့တ်တပ်လျက် မောနေယျအကျင့် ပဋိပတ်နှင့် စပ်သော တရားဒေသနာတော်မြတ်ကို ဟောကြားပြီးဆုံးစေတော်မူ၏။

အနုဒီပနီသိမ့တ်ဘ့ယ်များ

ဂါထာနံပါတ်(၂၁)၌စကားများမူကို ဘုရားရှင်နှစ်သက်တော်မမူ။ ရေမပြည့်သောအိုး ဗောင်ပင်ခတ်၏။ ရေပြည့်သောအိုးကား ဗောင်ပင်မခတ်ပါ။ ထိုနည်းတူစ့ာ တရားမပြည့်သောသူသည် တရားစကား များစ့ာဝါကြွားရ၍ ပြောကြားတတ်၏။ တရားပြည့်သောသူကား အနည်းငယ်မျ တန်ဘိုးရှိသော စကားတလုံးလောက်ကိုသာ ပြောဆိုဆုံးမရမည် ဟူ၏။

စကားများခြင်းဒ္ဒ အပြစ်များ

၁။ **'စကားများအမ့ားပါ'** ဆိုသည့်အတိုင်း မုသာဝါဒသိက္ခာပုဒ်ဖြင့် အာပတ်သင့်စရာ မုသာစကားကိုလည်း ပြောမိတတ်ပါသည်။

၂။ ပေသုညသိက္ခာပုဒ်ဖြင့် အာပတ်သင့်စရာ တဦးတယောက်ထံမှ စကားကို အခြားတဦးတယောက်ထံ ပြောကြားသောအားဖြင့် ကုန်းတိုက်သောစကားကိုလည်း ပြောမိတတ်ပါသည်။

၃။ သြမသဝါဒသိက္ခာပုဒ်ဖြင့် အာပတ်သင့်စရာ ကြမ်းတမ်း မောင်းမဲ ဆဲဆိုသော စကားကိုလည်း ပြောမိတတ်ပါသည်။

၄။ ဒုဋ္ဌာသိတ အာပတ်သင့်စရာ အနှစ်အသား တရားမဟက် အပျက်အချော် သရော်ပြောင်လှောင်သော စကားကိုလည်း ပြောမိတတ်ပါသည်။

၅။ ထိုကဲ့သို့စကားမျိုးဖြင့် နေ့ရက်လ နှစ် သက္ကရာဇ်တွေ့စီး၍ သေခါနီးသောအခါ တော့တော့ဝေဝေ သေပြီးလျင် အပါယ်လေးပါးသို့ သွားရတတ်ပါသည်။ (အင်္ဂုတ္တိုရ်ပါဠိတော်-၂၂၂)။

ဤသို့စကားများခြင်းအပြစ်တို့ကို သိရှိ၍ စကားများမှုကို ရှောင်ကြဉ်ရမည်။

အရှင်နာလက၏ အလိုနည်းခြင်းသုံးပါး

မြတ်စွာဘုရားသခင်သည် အရဟတ္တဖိုလ် အထုတ် တပ်၍ မောနေယျအကျင့်ပဋိပတ်ကို အကျယ်တဝင့် ဟောပြောအပ်သည်ကို ကြားနာရသည်ရှိသော် အရှင်နာလကမထေရ်သည်—

၁။ ဘုရားဖူးခြင်း၊

၂။ တရားနာခြင်း၊

၃။ မောနေယျအကျင့်ကို မေးမြန်းခြင်း ဤသုံးဌာနတို့၌ အလိုနည်းပါးသူ ဖြစ်လေ၏။

ခဲ့ဦးအံ့-အရှင်နာလကမထေရ်သည် မောနေယျအကျင့် ပဋိပတ်နှင့် စပ်သော တရားဒေသနာကို ကြားနာပြီးရာကာလ၏ အဆုံး၌ အလွန် ကြည်လင်ရွှင်ပျ အားရသောစိတ်ရှိလျက် မြတ်စွာဘုရားကို ရိုသေမြတ်နိုး အားရအင်ပြည့် ရှိခိုးပြီးလျှင် တောမြို့ကြီးသို့ အဖော်မမှီး တယောက်တည်းဝင်သွားတော်မူသည်။

၁။ တောဝင်သည်မှစ၍ နောက်ထပ်တဖန် ငါသည် ရှင်တော်ဘုရားကို ဖူးမြင်ရပါမူ ကောင်းလေစွဉ်ဟု အလိုဆန္ဒမျိုး အရှင်နာလက မထေရ်၏ စိတ်သန္တာန်၌ တကြိမ်မျှ မဖြစ်တော့ချေ။ ဤကား အရှင်နာလက၏ ဘုရားဖူးခြင်း၌ အလိုနည်းပါးမှု အပိုစ္ဆတာဂုဏ်ပင်တည်း။

၂။ ထို့နည်းအတူ ငါသည် နောက်ထပ်တဖန် တရားဒေသနာကို ကြားနာရပါမူ ကောင်းလေစွဉ်ဟူသော အလိုဆန္ဒမျိုးလည်း အရှင်နာလကမထေရ်၏ စိတ်သန္တာန်၌ တကြိမ်မျှ မဖြစ်တော့ချေ။ ဤကား အရှင်နာလက၏ တရားနာခြင်း၌ အလိုနည်းပါးမှု အပိုစ္ဆတာ ဂုဏ်ပင်တည်း။

၃။ ထို့အတူပင် ငါသည် နောက်ထပ်တဖန် မောနေယျအကျင့်ကို မြတ်စွာဘုရားအား လျှောက်ထားမေးမြန်းရပါမူ ကောင်းလေစွဉ်ဟူသော အလိုဆန္ဒမျိုးလည်း အရှင်နာလကမထေရ်၏ စိတ်သန္တာန်၌ တကြိမ်မျှ မဖြစ်တော့ချေ။ ဤကား အရှင်နာလက၏ မောနေယျအကျင့်ကို မေးမြန်းခြင်း၌ အလိုနည်းပါးမှု အပိုစ္ဆတာ ဂုဏ်ပင်တည်း။

အရှင်နာလကရဟန္တာဖြစ်ခြင်း

ဤသို့လျှင် အရှင်နာလကမထေရ်သည် အလိုနည်းပါးခြင်း သုံးမျိုးနှင့် ပြည့်စုံသူ ဖြစ်၍ တောင်ခြေအရင်း တောအတွင်းသို့ ဝင်ပြီးလျှင် တောအုပ်တခု၌ တရက်သာနေ၍ နှစ်ရက်မနေ၊ သစ်တပင်ရင်း၌လည်း တရက်သာနေ၍ နှစ်ရက်မနေပါ၊ရွာတရွာ၌လည်း တရက်သာဆွမ်းခံ၍ နှစ်ရက်ဆွမ်းမခံချေ။ ဤနည်းဖြင့်

တတောမှတတောသို့ဌင်း, သစ်ပင်တပင်ရင်းမှ သစ်ပင်တပင်ရင်းသို့ဌင်း, တရွာမှ တရွာသို့ဌင်း ပြောင်းရွှေ့လှည့်လည်တော်မူကာ မိမိနှင့် လျောက်ပတ်သော မောနေယျအာကျင့်ကို ကျင့်တော်မူသည် ရှိသော် မကြာမီပင် ရဟန္တာဖြစ်တော်မူလေ၏။

မောနေယျပုဂ္ဂိုလ် သုံးမျိုးနှင့် အရှင်နာလက ပရိနိဗ္ဗာန်စံပုံ

မောနေယျအာကျင့်ကိုကျင့်သော ပုဂ္ဂိုလ်တို့တွင်—

၁။ အမြတ်ဆုံး ဥက္ကဋ္ဌပုဂ္ဂိုလ်သည် ခုနစ်လသာ အသက်ရှည်၏။

၂။ အလယ်အလတ်ကျင့်သော မဇ္ဈိမပုဂ္ဂိုလ်သည် ခုနစ်နှစ်သာ အသက်ရှည်၏။

၃။ လျော့လျော့နုံ့နုံ့ကျင့်သော မုဒုပုဂ္ဂိုလ်သည် တဆယ့်ခြောက်နှစ်သာ အသက်ရှည်၏။

ထိုဥက္ကဋ္ဌ, မဇ္ဈိမ, မုဒုပုဂ္ဂိုလ်သုံးယောက်တို့တွင် ဤ အရှင်နာလကသည်ကား မောနေယျအကျင့်ကို အထက်ဆုံး အမြတ်ဆုံးပြု၍ ဖြည့်ကျင့်သော ပုဂ္ဂိုလ်ဖြစ်သောကြောင့် ခုနစ်လသာ အသက်ရှည်တော်မူ၍ မိမိ၏အာယုသင်္ခါရဖြစ်သော ဇီဝိတိန္ဒြေသန္တာန်အစဉ် ကုန်တော့မည်ကို ဆင်ခြင်သိမြင်တော်မူသဖြင့် ခန္ဓာကိုယ်ကို သန့်ရှင်းစင်ကြယ်အောင် ရေချိုးတော်မူလျက် သင်းပိုင်ကို အဝန်းညီစွာ ပြင်ဆင်သပ်ယပ် ဝတ်တော်မူပြီးလျှင် ခါးပန်းကြိုးကို ပန်းတော်မူပြီးနောက် နှစ်ထပ်သင်္ကန်းကြီးနှင့် ဇကသီကိုထပ်လျက်ရုံပြီးကာ မြတ်စွာဘုရား သီတင်းသုံးတော်မူရာ ရာဇဂြိုဟ်ပြည်ဖက်သို့ မျက်နှာရှေးရှုပြီးလျှင် လက်နှစ်ဖက်, ဒူး, နဖူး မြေထား တည်(ထိ)ခြင်းငါးပါးဖြင့် ရှိခိုးရှိ၍ လက်အုပ်ကိုမြှောက်ချီကာ ဟိုဂုံလကမည်သော ဆေးဒန်းမြင်းသီလာတောင်ကိုမှီလျက် ရပ်တော်မူ၍ ပရိနိဗ္ဗာန်ဝင်စံချုပ်ငြိမ်း ဘဝဇာတ်သိမ်းတော်မူလေ၏။

ဓာတ်တော်များကို စေတီတည်ခြင်း

ထိုအခါ မြတ်စွာဘုရားသည် အရှင်နာလကမထေရ် အနုပါဒိသေသနိဗ္ဗာန်ဓာတ်ဖြင့် ပရိနိဗ္ဗာန်စံဝင်ကြောင်းကို ကြည့်ရှုသိမြင်တော်မူသဖြင့် နောက်ပါရဟန်းသံဃာများနှင့်တကွ ထိုအရပ်သို့ ကြွတော်မူပြီးလျှင် ဘုရားရှင်ကိုယ်တိုင် ဦးစီးစိမံ၍ အန္တိမအဂ္ဂိစျာပနမှုပြုပြီးနောက် ဓာတ်တော်များကို ကောက်ယူစေပြီးလျှင် စေတီတည်ထားတော်မူ၍ ရာဇဂြိုဟ်ပြည်သို့ပင် ပြန်ကြွတော်မူလေသည်။

သင်တို့သည်လည်း ဤဒေသနာကို သေချာစေ့ငု နှလုံးပြု၍ကျင့်ကြံကြိုးကုတ်အားထုတ်ကြရမည်။ အားထုတ်နိုင်ကြပါစေ။ ဤစာရေးသူသည် ငယ်စဉ်ကပင်

အရှင်နာလကာ၏ မောနေယျအကျင့် ဖြည့်ကျင့်ပုံကို သိရှိမှတ်သားရသဖြင့် ထို မထေရ်ကို ကြည်ညိုသည့် အားလျော်စွာ ဤစာရေးသူ နေသော ကျောင်းကို **'မောနေယျစံကျောင်း'** ဟူ၍ အမည်ပေးထား၏။ ဤစာရေးသူသည် ပဉ္စင်္တော်မူလတ္တံ့ ဘုရားရှင်တို့၏ သာသနာတော်၌ မောနေယျအကျင့်ကို ကျင့်ဘို့လည်း ဆုတောင်းထားခြင်း မဟုတ်ပါ၊ ဘုရားတဆူမှာ တပါးသာ ပေါ်ပေါက်ခဲ့သော အရှင်နာလကမထေရ်နှင့် ဤစာရေးသူကိုကား မနှိုင်းယှဉ်အပ်ချေ။ အချို့က အထင်အမျိုးမျိုးဖြင့် ဝေဖန်မှုတွေ့ ကြားရ၏။ နောင်တချိန်မှာ ဤစာရေးသူနှင့် ဆက်စပ်သော ကျောင်းများကို ရှင်တော်ဘုရားသာသနာ၌ ထင်ရှားလှသော ရဟန္တာများ၏အမည်ကိုမှည့်ထားဘို့စိတ်ကူးမိ၏။ ယခုနေသော တောင်ကိုလည်း ထိုနာလကမထေရ်ကို ကြည်ညိုသတိရစိမ့်သောဌါ **'မောနေယျတောင်'** ဟူ၍ အမည်ပေးထား၏။ ဤစာရေးသူကို အရှင်နာလကလို မောနေယျအကျင့် ကျင့်သည်ဟု ပြောဆိုကြလျှင် ဘုရားတဆူမှာ နှစ်ပါးပေါ်ရိုးမရှိသဖြင့် ထိုစကား ကို မပြောဆိုမိ၊အောင် သတိထားကြပါ သူတော်ကောင်းတို့။

မောနေယျအကျင့် ဖြည့်ကျင့်ပုံ ပြီး၏။

သုတ္တနိပါတ်ပါဠိတော်၌လာသော ခဂ္ဂဝိသာဏသုတ်မြန်မာပြန်

၁။ ပစ္စေကဗုဒ္ဓါသည် သတ္တဝါအားလုံးတို့၌ ကာယဒဏ်, ဝစီဒဏ်, မနောဒဏ်မထားမူ၍သတ္တဝါတဦးတယောက်ကိုမျှလည်းမညှဉ်းဆဲမနှိပ်စက်ချေ။အတြင်မိမိကိုစဲ့၍ဖြစ်သော သား, ခေတြင်=အိပ်ရာ၊ အင်းပျဉ်၊ ပလ္လင်၊ ရင်ခွင်စသည် တို့၌ဖြစ်သောသား, ဒိန္နက=မွေးစားဖို့ရန်ပေးအပ်သောသား,အန္တေဝါသိက=အနီး၌ အတတ်ပညာ သင်သောသား တည်းဟူသော သားလေးမျိုးတို့တွင် မည်သည့်သားကိုမျှလည်း အလိုမရှိပေ။ အဆွေခင်ပွန်း အပေါင်းအဖော်ကိုမူ အဘယ်မှာ အလိုရှိပါမည်နည်း။ ချို့တချောင်းရှိသော ကြံသတ္တဝါကဲ့သို့ ကြံချို့ပမာ အဖော်မမှီး တယောက်တည်းသာ ကျင့်ရာ၏။

၂။ ဒဿနသံသဂ္ဂ=မြင်ခြင်း၏ အစွမ်းအားဖြင့်ဖြစ်သော ရောနှောစပ်ယှက်တပ်မက်မှု, သဝနသံသဂ္ဂ = ကြားခြင်း၏ အစွမ်းအားဖြင့်ဖြစ်သော ရောနှောစပ်ယှက် တပ်မက်မှု, ကာယသံသဂ္ဂ = ကိုယ်အစွမ်းအားဖြင့်ဖြစ်သော ရောနှောစပ်ယှက် တပ်မက်မှု, သမုလ္လပနသံသဂ္ဂ=စကားပြောဆိုခြင်း၏ အစွမ်းအားဖြင့် ဖြစ်သော ရောနှောစပ်ယှက် တပ်မက်မှု, သမ္ဘောဂသံသဂ္ဂ = သုံးဆောင်ခြင်း၏ အစွမ်းအားဖြင့် ဖြစ်သော ရောနှောစပ်ယှက် တပ်မက်မှုဟူသော ငါးပါးသော သံသဂ္ဂ=ရောနှောစပ်ယှက် တပ်မက်မှုတို့တွင် အမှတ်မထား တပါးပါးသော

သံသဂ္ဂ=ရောနှောစပ်ယှက် တပ်မက်မှုဖြစ်နေသူအား ချစ်ခင်နှစ်သက်မှုတို့သည် ဖြစ်ကုန်၏။ ထိုချစ်ခင်နှစ်သက်မှုသို့ အစဉ်လိုက်သော ပဂ္ဂိုလ်သည် မျက်မှောက်ထင်ထင် ရှုမြင်အပ်သော စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်းခြင်း, တမလွန်ဘဝ၌ စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်းခြင်း ဆင်းရဲသည် ဖြစ်ရ၏။ ထို့ကြောင့် ချစ်ခင်နှစ်သက်မှုကြောင့်ဖြစ်သော အပြစ်ကို ဉာဏ်ဖြင့် ရှုဆင်ခြင်လျက် ကြံချိုပမာအဖော်မမှီး တယောက်တည်းသာ ကျင့်ရာ၏။

၃။ အဆွေခင်ပွန်းတို့ကိုဂုဏ်း, ချစ်ကျမ်းဝင်သူတို့ကိုဂုဏ်း အစဉ်သနားသည် ဖြစ်၍ ထိုသူတို့၌ နှစ်သက်နှောင်ဖွဲ့သော စိတ်ရှိသူသည် အကျိုးစီးပွားအားလုံးကို ဆုတ်ယုတ်စေ၏။ ထို့ကြောင့် ပေါင်းသင်းဆက်ဆံမှု၌ အကျိုးဆုတ်ယုတ်မှုဟူသော ဘေးကို ဉာဏ်အမြင်ဖြင့် ရှုဆင်ခြင်လျက် ကြံချိုပမာ အဖော်မမှီး တယောက်တည်းသာ ကျင့်ရာ၏။

၄။ ကျယ်ပြန့်သော ဝါးရုံကြီးသည် ငြိယှက် ရှုပ်ထွေးကာ တည်သကဲ့သို့ ထို့အတူ ချစ်ခင်နှစ်သက် ငဲ့ကွက်မှု တဏှာသည် သားသမီးတို့၌ဌင်း, မယားတို့၌ဌင်း ငြိကပ်တွယ်တာ၏။ ထို့ကြောင့် ဝါးရုံ၏အလယ်၌ ပေါက်သစ်စဖြစ်သော ဝါးမျစ်စို့သည် မငြိမတွယ် တည်သကဲ့သို့ လောကီအာရုံ ကာမဂုဏ် သားမယားစသည်တို့၌ မငြိကပ် မတွယ်တာပဲ ကြံချိုပမာအဖော်မမှီး တယောက်တည်းသာ ကျင့်ရာ၏။

၅။ တောအရပ်၌ သားသမင်သည် အနှောင်အဖွဲ့မရှိပဲ သွားလိုရာရာအရပ်သို့ အစာစားရန် သွားနိုင်သကဲ့သို့ ထို့အတူ ပညာရှိယောကျ်ားသည် သူတပါးနှင့် အနှောင်အဖွဲ့ စပ်ယှက်မှုမရှိပဲ မိမိအလိုဆန္ဒအတိုင်း ပညာမျက်စိဖြင့် ကြည့်ရှုလျက် ကြံချိုပမာ အဖော်မမှီး တယောက်တည်းသာ ကျင့်ရာ၏။

၆။ အပေါင်းအဖော်တို့၏ အလယ်၌ နေသောသူအား ထိုင်နေရာ၌သော်ဌင်း, ရပ်နေရာ၌သော်ဌင်း, သွားရာ၌သော်ဌင်း, လှည့်ပတ်ရာ၌သော်ဌင်း အလိုရှိရာ အတောင်းခံရ၏။ ထို့ကြောင့် သူတပါးတို့ အလိုမရှိအပ်သော နေခြင်းကို မိမိအလိုဆန္ဒအတိုင်း ဉာဏ်ဖြင့် ရှုဆင်ခြင်လျက် ကြံချိုပမာ အဖော်မမှီး တယောက်တည်းသာ ကျင့်ရာ၏။

၇။ အပေါင်းအဖော်တို့၏အလယ်၌ နေသောသူအား ကစားမှုးတူးခြင်း, ငါးဝအာရုံ ကာမဂုဏ်၌ မွေ့လျော်ခြင်းသည် ဖြစ်၏။ သားသမီးတို့၌လည်း ကျယ်ပြန့်များပြားသော ချစ်ခင်နှစ်သက်မှုသည်ဖြစ်၏။ ထို့ကြောင့် ပိယေဟိ ဝိပ္ပယောဂ ဒုက္ခဖြစ်သော ချစ်ခင်နှစ်သက်သူတို့နှင့် ကွေကွင်းရခြင်း ဆင်းရဲကို စက်ဆုပ်ရွံမုန်းသည်ဖြစ်၍ ကြံချိုပမာ အဖော်မမှီး တယောက်တည်းသာ ကျင့်ရာ၏။

၈။ ဆိုးကောင်းယုတ်မြတ် ရတတ် သမျှသောပစ္စည်းဖြင့် နှစ်သိမ့်ရောင့်ရဲကာ အရပ်လေးမျက်နှာတို့၌ မေတ္တာဘာဝနာဖြင့် ပြန့်နှံ့စေလျက် ချမ်းသာစွာနေရသူ, သတ္တဝါတို့၌ ထိပါးမှု မရှိသူဖြစ်သည့်အပြင် အတွင်းအပ ဘေးရန်တို့ကို သည်းခံနိုင်သူ, ထိတ်လန့် ကြောက်ရွံ့ခြင်းမရှိသူ ဖြစ်၍ ကြံ့ချိုပမာ အဖော်မမှီး တယောက်တည်းသာ ကျင့်ရာ၏။

၉။ အချို့သောရဟန်းတို့ကိုငင်း, အချို့သော အိမ်နေသူလူတို့ကိုငင်း ချီးမြှောက်ရန် ခဲယဉ်းလှကုန်၏။ ဤသို့သိသောကြောင့် သူတပါးသားသမီးတို့၌ ကြောင့်ကြမဲ့ဖြစ်၍ ကြံ့ချိုပမာ အဖော်မမှီး တယောက်တည်းသာ ကျင့်ရာ၏။

၁၀။ လုံလဝီရိယရှိသူသည် လူ၏အသွင်အပြင်တို့ကို ပယ်ချ၍ အရွက်ကြွေကျပြီးသော ပင်လယ်ကသစ်ပင်ကဲ့သို့ လူ၌ဖြစ်သော အနှောင်အဖွဲ့တို့ကို ဖြတ်တောက်လျက် ကြံ့ချိုပမာ အဖော်မမှီး တယောက်တည်းသာ ကျင့်ရာ၏။

၁၁။ ကသိုဏ်းပရိကမ်စသည်တို့၌ ကျွမ်းကျင်လိမ္မာသည်ဖြစ်၍ ရင့်ကျက်သည့် ပညာရှိသော ကောင်းစွာနေလေ့ရှိသော ဝီရိယမလျော့သော အတူတကွ ကျင့်ဖော်ကျင့်ဖက် မိတ်ဆွေကောင်းကို ရနိုင်ခဲမှု ထိုမိတ်ဆွေကောင်းနှင့် ဝမ်းမြောက်ဝမ်းသာ သတိရှိသည်ဖြစ်၍ အတွင်းအပ ဘေးရန်အားလုံးတို့ကို လွှမ်းမိုးလျက် ကျင့်ဆောင်ရာ၏။

၁၂။ ရင့်ကျက်သော ပညာရှိသော ကောင်းစွာနေလေ့ရှိသော ဝီရိယမလျော့သော အတူတကွ ကျင့်ဖော်ကျင့်ဖက် မိတ်ဆွေဟောင်းကို မရခဲ့မူ သုတသောမမင်းသည် မိမိအောင်အပ်ပြီးသော တိုင်းပြည်ကိုပယ်စွန့်ကာ တယောက်တည်း ကျင့်နိုင်သကဲ့သို့ရင်း၊ တော၌ မာတင်္ဂမည်သော ဆင်ပြောင်ကြီးသည် တကောင်တည်း လှည့်လည်သွားလာသကဲ့သို့ရင်း ကြံ့ချိုပမာ အဖော်မမှီး တယောက်တည်းသာ ကျင့်ရာ၏။

၁၃။ ရှေးပန်းတိမ်သည်သားသည် ကောင်းစွာပြုလုပ်ပြီးကုန်သော ရွှေရောင်တလက်လက် ထွက်သော လက်၌ နှစ်ဆင့်ဝတ်ထားသော ရွှေလက်ကောက်တို့ အချင်းချင်း ထိခိုက်ကြသည်တို့ကို မြင်ရ၍ ကြံ့ချိုပမာ အဖော်မမှီး တယောက်တည်းသာ ကျင့်ရာ၏။

၁၄။ အပေါင်းအဖော်တို့နှင့် ပြည့်စုံခြင်းကို အမှန်ပင် ချီးမွမ်းပါကုန်၏။ သီလအစရှိသည်တို့ဖြင့် မိမိထက်မြတ်သော အပေါင်းအဖော်တို့ကိုငင်း၊ မိမိနှင့်တူသော အပေါင်းအဖော်တို့ကိုငင်း ပေါင်းသင်းဆက်ဆံထိုက်ကုန်၏။ ဤသို့သော အပေါင်းအဖော်တို့ကို မရခဲ့သော် အပြစ်ကင်းသော ဘောဇဉ်ကို ဘုဉ်းပေး သုံးဆောင်လျက် ကြံ့ချိုပမာ အဖော်မမှီး တယောက်တည်းသာ ကျင့်ရာ၏။

၁၅။ ရွှေပန်းတိမ်သည်သားသည် ကောင်းစွာပြုလုပ်ပြီးကုန်သော ရွှေရောင်တလက်လက် ထွက်သော လက်၌ နှစ်ဆင့်ဝတ်ထားသော ရွှေလက်ကောက်တို့ အချင်းချင်း ထိခိုက်ကြသည်တို့ကို မြင်ရ၍ ကြံ့ချိုပမာ အဖော်မမှီး တယောက်တည်းသာ ကျင့်ရာ၏။

၁၅။ အပေါင်းအဖော်နှင့်တကွ ဤသို့စကားပြောရခြင်းသည်၎င်း၊ အလွန်ကပ်ငြိစဲ့လမ်းခြင်းသည်၎င်း ငါ့အား ဖြစ်ခဲ့ရာ၏။ နောက်အခါဖြစ်မည့် ဤသို့သောဘေးကို ရှုဆင်ခြင်လျက် ကြံချိုပမာ အဖော်မမျိုး တယောက်တည်းသာ ကျင့်ရာ၏။

၁၆။ ဆန်းဆန်းကြယ်ကြယ် သာယာမြတ်နိုးဘွယ် မွေ့လျော်ဘွယ်ဖြစ်ကုန်သော ကာမဂုဏ်တို့သည် ဖောက်ပြန်သောသဘောအားဖြင့် စိတ်ကိုမွေ့နှောက်ချောက်ချားတတ်ကုန်၏ဟု ကာမဂုဏ်တို့၌ အပြစ်ကိုရှုမြင်ပြီး၍ ကြံချိုပမာ အဖော်မမျိုး တယောက်တည်းသာ ကျင့်ရာ၏။

၁၇။ ကာမဂုဏ်သည် ဘေးရန်လည်းမည်၏, အိုင်းအမာလည်း မည်၏, ကပ်၍နှိပ်စက်တတ်သော ဥပဒ္ဒဝေါလည်း မည်၏, အနာရောဂါလည်း မည်၏, ငြောင့်တံသင်းလည်း မည်၏, ဘေးလည်းမည်၏ဟု ကာမဂုဏ်တို့၌ ဤသို့သော ဘေးကိုရှုမြင်ပြီး၍ ကြံချိုပမာ အဖော်မမျိုး တယောက်တည်းသာ ကျင့်ရာ၏။

၁၈။ အအေးကို၎င်း အပူကို၎င်း, ဆာလောင်မွတ်သိပ်ခြင်းကို၎င်း မှက်ခြင် ယင် မြွေ ကင်း သန်းတို့ကို၎င်း ဤအလုံးစုံတို့ကို လွှမ်းမိုးနှိပ်နင်း၍ ကြံချိုပမာ အဖော်မမျိုး တယောက်တည်းသာ ကျင့်ရာ၏။

၁၉။ ကောင်းသော လုံးရပ်သဏ္ဌာန် ကြန်အင်လက္ခဏာရှိသော ပဒုမ္မာကြာအဆင်းရှိ၍ မြင့်မြတ်သော ဆင်ပြောင်ကြီးသည် ဆင်အပေါင်းတို့ကို ရှောင်ဖယ်စွန့်ခွါလျက် ဇတောဠမွေ့လျော်၍ နေသကဲ့သို့ ကြံချိုပမာ အဖော်မမျိုး တယောက်တည်းသာ ကျင့်ရာ၏။

၂၀။ အပေါင်းအဖော်၌ မွေ့လျော်သူအား ကိလေသာမှ လွတ်မြောက်မှုလောကီသမာပတ်ကို ရနိုင်ရာ၏ဟူသော, အကြောင်းမျိုးသည် အကြောင်းမှန်မဟုတ်နိုင်၊ ဤသို့လျှင် နေမင်း၏အဆွေဖြစ်တော်မူသော ပစ္စေကဗုဒ္ဓါ၏ စကားတော်ကို ပညာဖြင့်ဆင်ခြင်၍ အပေါင်းအဖော်၌ မွေ့လျော်မှုကို ပယ်ဖျောက်လျက် ကြံချိုပမာ အဖော်မမျိုး တယောက်တည်းသာ ကျင့်ရာ၏။

၂၁။ ငါသည် မိစ္ဆာအယူဟူသော ငြောင့်တံသင်းတို့ကို သောတာပတ္တိမဂ်ဖြင့် လွန်၍ဖြစ်ပြီးလျှင် သောတာပတ္တိမဂ်သို့ ရောက်ပြီးသူ, အထက်မဂ်သုံးပါးကိုရပြီးသူဖြစ်၍ သူတပါးတို့ သိစေအပ်သည်မဟုတ်ပဲ ဖြစ်ပေါ်လာသော ပစ္စေကဗောဓိဉာဏ်ရှိသူ ဖြစ်၏။ ထို့ကြောင့် ဗောဓိဉာဏ်ကို အလိုရှိသူသည် ကြံချိုပမာ အဖော်မမျိုး တယောက်တည်းသာ ကျင့်ရာ၏။

၂၂။ အာဟာရ၌ လော်လည်ခြင်းကင်းသူ၊ အုံသြဘွယ်ပြုခြင်းမှကင်းသူ၊ မွတ်သိပ်ခြင်းမှကင်းသူ၊ သူကျေးဇူးကို ချေဖျက်ခြင်းမှကင်းသူ၊ မောဟတည်းဟူ

သော ဖန်ရည်ကို ထုတ်ပြီးသူ၊ လောကအားလုံး၌ တွယ်တာမှုတဏှာကင်းသူ ဖြစ်၍ ကြံခိုင်ပမာ အဖော်မမှီး တယောက်တည်းသာ ကျင့်ရာ၏။

၂၃။ အကျိုးမဲ့ကို ပြတတ်သော ကာယဒုစရိုက်စသည့် မည်မမည်တ်ရာ၌ သက်ဝင်တတ်သော ကာမဋ္ဌလိုက်စားသော ကုသိုလ်ကောင်းမှုတို့၌ မေ့လျော့တတ်သော ယုတ်ညံ့သော အပေါင်းအဖော်ကို ရှောင်ကြဉ်ရာ၏။ မိမိအလို အားဖြင့် မမှီဝဲရာ။ ကြံခိုင်ပမာ အဖော်မမှီး တယောက်တည်းသာ ကျင့်ရာ၏။

၂၄။ ဗဟုသုတရှိသူ, တရားကိုဆောင်သူ, မြင့်မြတ်ပြန့်ပြောလျှ ပဋိဘာန်ဉာဏ်အမြင်ရှိသူကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ အကျိုးစီးပွားတို့ကို သိ၍ ယုံမှားခြင်းကို ပယ်ဖျောက်ပြီးလျှင် ကြံခိုင်ပမာ အဖော်မမှီး တယောက်တည်းသာကျင့်ရာ၏။

၂၅။ လောက၌ ကစားမြူးတူးခြင်းကိုလည်း, မွေ့လျော်ပျော်ပိုက်ခြင်းကိုလည်း, ကာမဂုဏ်ချမ်းသာကိုလည်း, တင့်တယ်လျောက်ပတ် ကောင်းမြတ်၏ဟုမယူမူ၍ ငဲ့ကွက်ခြင်းမရှိပဲ အတင့်အတယ်ပြုခြင်းမှ ရှောင်ကြဉ်ကာ အမှန်စကားကို ပြော ဆိုလျက် ကြံခိုင်ပမာ အဖော်မမှီး တယောက်တည်းသာ ကျင့်ရာ၏။

၂၆။ သားသမီးကိုလည်း၊ မယားကိုလည်း၊ မိဖနှစ်ပါးကိုလည်း၊ ပုလဲပတ္တမြား ကြောင်မြက်ရွဲစသော ဥစ္စာကိုလည်း၊ ကောက်ပဲသီးနှံတို့ကိုလည်း၊ မိတ်ဆွေအပေါင်း အဖော်တို့ကိုလည်း၊ မိမိ မိမိတို့၏ အပိုင်းအခြားအလိုက် တည်ကုန်သော ကာမဂုဏ် တို့ကိုလည်း စွန့်ပစ်လျက် ကြံခိုင်ပမာ အဖော်မမှီး တယောက်တည်းသာ ကျင့်ရာ၏။

၂၇။ ဤကာမဂုဏ်သည် သတ္တဝါတို့ ငြိတွယ်ရာဖြစ်၏၊ ဤကာမဂုဏ်၌ ချမ်း သာခြင်းသည် နည်းပါး၏၊ ဤကာမဂုဏ်၌ သာယာဘွယ်မရှိ၊ ဆင်းရဲများ၏။ ဤကာမဂုဏ်သည် ငါးများနှင့်တူ၏ဟုသိ၍ ပညာရှိသည် ကြံခိုင်ပမာ အဖော်မမှီး တယောက်တည်းသာ ကျင့်ရာ၏။

၂၈။ ရေ၌ကျက်စားသော ငါးသည် ပိုက်ကွန်ကိုဖြတ်တောက်၍ မကပ်ငြိပဲ သွားသကဲ့သို့ သံယောဇဉ်အနှောင်အဖွဲ့ကို အကြွင်းမဲ့ဖြတ်တောက်ပြီးလျှင် မီး သည် လောင်ကျွမ်းပြီးရာအရပ်သို့ ပြန်လှည့်၍မလာသကဲ့သို့ ကာမဂုဏ်တော်သို့ ပြန်မလှည့်မူ၍ ကြံခိုင်ပမာ အဖော်မမှီး တယောက်တည်းသာ ကျင့်ရာ၏။

၂၉။ လေးတောင်မျှကိုကြည့်သဖြင့် အောက်သို့ချသော မျက်လွှာရှိသည် ဖြစ်၍ ခြေထောက်မလျှပ်ပေါ်ပဲ စောင့်ရှောက်သော ဣန္ဒြေ စောင့်စည်းသော စိတ်ရှိသဖြင့် ကိလေသာမိုးသည်လည်း မစိုစွတ်, ကိလေသာမီးသည်လည်း မ လောင်မြိုက်မူ၍ ကြံခိုင်ပမာ အဖော်မမှီး တယောက်တည်းသာ ကျင့်ရာ၏။

၃၀။ လူ့အသွင် အပြင်တို့ကို ပယ်စွန့်၍ အိမ်မှထွက်ပြီးလျှင် ကောင်းစွာဖုံးလွှမ်းထားသော အရှက်ရှိသော ပင်လယ်ကသစ်ပင်ကဲ့သို့ ဖန်ရည်ဆိုး အဝတ်သင်္ကန်းတို့ကို ဝတ်ရုံဖုံးလွှမ်းလျက် ကြွချိုပမာ အဖော်မမှီး တယောက်တည်းသာ ကျင့်ရာ၏။

၃၁။ အချိုအချဉ်စသော ရသာရုံတို့၌ တပ်မက်မောခြင်းကိုမပြု လျှပ်ပေါ်သောတဏှာလည်းမရှိ၊ သူတပါတို့မွေးမြူမှုကိုလည်း မခံယူပဲ အိမ်စဉ်အတိုင်း ဆွမ်းခံလှည့်လည်လျက် မင်းစသော အမျိုးတိုင်းအမျိုးတိုင်း၌ ကပ်ငြိနှောင်ဖွဲ့သောစိတ်မရှိမူ၍ ကြွချိုပမာ အဖော်မမှီး တယောက်တည်းသာ ကျင့်ရာ၏။

၃၂။ စိတ်၏အပိတ်အပင် နိဝရဏတရားငါးပါးတို့ကို ပယ်၍ အလုံးစုံသော ညစ်ညူးကြောင်းတရားတို့ကို ပယ်လျက် မိစ္ဆာဒိဋ္ဌိကို မမှီပဲ ချစ်ခြင်းတဏှာဟူသော သိနေဟဖြင့် အမျက်ဒေါသကို ဖြတ်တောက်ပြီးလျှင် ကြွချိုပမာ အဖော်မမှီး တယောက်တည်းသာ ကျင့်ရာ၏။

၃၃။ ချမ်းသာသုခကို၎င်း, ဆင်းရဲဒုက္ခကို၎င်း, ဝမ်းမြောက်ခြင်းသောမနုဿကို၎င်း, နှလုံးမသာယာခြင်း ဒေါမနဿကို၎င်း ရှေးအဖို့ ဥပစာဌ်ပင်လျှင် စွန့်ပစ်ပယ်ရှား ကျောခိုင်းထားလျက် အထူးသဖြင့် စင်ကြယ်၍ငြိမ်သက်တည်ကြည်သော စတုတ္ထဥပေက္ခာကိုရပြီးလျှင် ကြွချိုပမာ အဖော်မမှီး တယောက်တည်းသာ ကျင့်ရာ၏။

၃၄။ နိဗ္ဗာန်ဟူသော မြတ်သောအကျိုးသို့ရောက်ခြင်းငှါ ထက်သန်သော လုံ့လ မဆုတ်နှစ်သောစိတ် မပျင်းရိသောဖြစ်ခြင်း မြဲမြံသောဝီရိယရှိသည်ဖြစ်၍ ကိုယ်အားဉာဏ်အားနှင့် ပြည့်စုံလျက် ကြွချိုပမာ အဖော်မမှီး တယောက်တည်းသာ ကျင့်ရာ၏။

၃၅။ တယောက်တည်းကိန်းအောင်းခြင်းကို၎င်း, စျာန်ကို၎င်း မကင်းစေမူ၍ ခန္ဓာငါးပါးတရားတို့၌ အစဉ်တစိုက်လိုက်သော ဝိပဿနာအကျင့်ကို အမြဲမပြတ်ကျင့်သည်ဖြစ်၍ သုံးပါးသောဘဝတို့၌ အပြစ်ကို ဆင်ခြင်သုံးသပ်လျက် ကြွချိုပမာ အဖော်မမှီး တယောက်တည်းသာ ကျင့်ရာ၏။

၃၆။ တဏှာကုန်ရာနိဗ္ဗာန်ကိုတောင့်တလျက် မမေ့မလျော့ မဆိုင်းမတွပဲ အကြားအမြင်သုတ အောက်မေ့မှု သတိရှိသည်ဖြစ်၍ ပိုင်းခြားသိအပ်ပြီးသော တရားရှိသူ, အရိယာမဂ်ဖြင့် မြဲခြင်းသို့ရောက်ပြီးသူ သမ္ဗပ္ပဓာန် လုံ့လရှိသူဖြစ်လျက် ကြွချိုပမာ အဖော်မမှီး တယောက်တည်းသာ ကျင့်ရာ၏။

၃၇။ ခြင်္သေ့သည် အသံတို့ကြောင့် မထိတ်မလန့် မကြောက်မ၌ သကဲ့သို့ အနိစ္စစသည်တို့ကြောင့် မထိတ်လန့်မကြောက်ဘဲ၊ လေသည် ပိုက်ကွန်၌ မကပ်ငြိ

သကဲ့သို့ ခန္ဓာစသည်တို့၌ မကပ်ငြိပဲ၊ ပဒုမ္မာကြာသည် ရေဖြင့် မလိမ်းကျံသကဲ့သို့ ကိလေသာဖြင့် မလိမ်းကျံပဲ ကြံ့ခိုင်ပမာ အဖော်မမှီး တယောက်တည်းသာ ကျင့်ရာ၏။

၃၈။ အစ္စယ်ဟူသောအားရှိသော ကသရာဇာခြင်္သေ့မင်းသည် သားကောင်တို့ကို လှမ်းမိုးနှိပ်စက်၍ လှည့်လည်သွားလာသကဲ့သို့ ဝေးသောကျောင်းအိပ်ရာနေရာတို့ကို နေထိုင် သီတင်းသုံးလျက် ကြံ့ခိုင်ပမာ အဖော်မမှီး တယောက်တည်းသာ ကျင့်ရာ၏။

၃၉။ တရုတခါဆန့်ကျင်ဖက်တို့မှ လွတ်မြောက်သော ချစ်ခြင်းမေတ္တာကိုဎ်း, လျစ်လျူရှုမှုဥပေက္ခာကိုဎ်း, သနားမှုကရုဏာကိုဎ်း, ဝမ်းမြောက်မှုမုဒိတာကိုဎ်း ပွားများလျက် သတ္တဝါအားလုံးနှင့် မဆန့်ကျင်မှု၍ ကြံ့ခိုင်ပမာ အဖော်မမှီး တယောက်တည်းသာ ကျင့်ရာ၏။

၄၀။ ရာဂ, ဒေါသ, မောဟကို ပယ်စွန့်လျက် သံယောဇဉ်အနှောင်အဖွဲ့တို့ကို ဖြတ်တောက်ကာ အသက်ကုန်ဆုံးခြင်း၌ ထိတ်လန့်ကြောက်ရွံ့မှု မရှိသည်ဖြစ်၍ ကြံ့ခိုင်ပမာ အဖော်မမှီး တယောက်တည်းသာ ကျင့်ရာ၏။

၄၁။ ယခုအခါ အဆွေခင်ပွန်းတို့သည် ကိုယ်ကျိုးကိုယ်စီးပွားဟူသော အကြောင်းကြောင့်သာလျှင် ဆည်းကပ်ကြကုန်၏။ ပေါင်းသင်းကြကုန်၏။ ကိုယ်ကျိုးကိုယ်စီးပွားဟူသော အကြောင်းမရှိကုန်ပဲ ဆည်းကပ်မှီဝဲ ပေါင်းသင်းသူအာဆွေခင်ပွန်းတို့ကို ရခဲကုန်၏။ မစင်ကြယ်သောလူတို့သည် ကိုယ်ကျိုးကိုယ်စီးပွားကိုသာ မြင်စွမ်းနိုင်သည့် ပညာဉာဏ်ရှိကြကုန်၏။ ထို့သို့ သဘောရှိသောသူတို့မှ ငြီးငွေ့စိတ်ပျက်သည်ဖြင့်၍ ကြံ့ခိုင်ပမာ အဖော်မမှီး တယောက်တည်းသာ ကျင့်ရာ၏။

ခဂ္ဂဝိသာဏသုတ် မြန်မာပြန် ပြီး၏။

တိုက်တွန်းချက်

ဤသုတ်သည် ခုဒ္ဒကနိကာယ် သုတ္တနိပါတ် ဥရဂဝဂ်၌ လာရှိသည်။ ဂါထာတခုလျှင် ဇာတ်ကြောင်းတခုဖြင့် ကျယ်ပြန့်စွာ လာရှိသည်။ ထိုဇာတ်လမ်းတို့ကို နေ ဝင် အခါအခွင့်သင့်မှသာ ရေးသားပါတော့မည်။ ဤဂါထာမြန်မာပြန်တို့ကို ကြည့်ရှု၍ ကျင့်နိုင်ကြဘို့ရန် တိုက်တွန်းပါ၏။ နိဗ္ဗာန်လိုလျှင် တယောက်တည်းကျင့်မှသာ လျင်မြန်ဆောစွာရရှိနိုင်၏။

ထယောက်တည်းကျင့်မှုနှင့် ပတ်သက်၍ "ဒိဿာ သုဝဏ္ဏာသ ပဘာသရာနိ" စသော ဂါထာအတိုင်း မဟာဇနကဇာတ်မှ အနည်းငယ် အဓိပ္ပါယ်အမြွက် နည်းယူဘွယ်ရာကို ပြဆိုဦးအံ့—

ဘုရားအလောင်းတော်သည် ထူးဆန်းမြို့တောင်တံခါးဝသို့ ရောက်သောအခါ သတ္တိသမီးငယ်တို့သည် အိုးဘုတ်ငယ်, ခွက်ငယ်, ဆန်ကောငယ်တို့ဖြင့် သဲမှုန့်ကို ထမင်းချက်ဟန်, ဆန်ချင်ဟန်, ဆန်ပြာဟန်, စပါးလှော်ဟန် ကစား၍ နေကြသည်၊ ထိုသတ္တိသမီးငယ် တစုတွင် တယောက်သော သတ္တိသမီးငယ်၌ လက်တဖက်ဝယ် ရွှေလက်ကောက်နှစ်ဆင့်, တဖက်မှာကား တဆင့်တည်း တက္ခင်းတည်း ဝတ်ဆင်လျက် ဆန်ကောငယ်နှင့်သဲကို ဆန်ပြာဟန်, ဝိုင်းဟန်ပြု၍ ကစားလေသော် လက်ကောက်နှစ်ဆင့်ဝတ်ရာက လက်ကောက်ချင်းခတ်မိသဖြင့် အသံဖြစ်ပေါ်လာ၏။ တဆင့်တည်းဝတ်သော လက်ကောက်ကား ခတ်စရာမရှိသောကြောင့် အသံမဖြစ်ပေါ်ချေ။

ထိုအခြင်းအရာကို ဘုရားလောင်းမြင်လေလျှင် ဤသို့ကြံတော်မူ၏။ ယခုငါ့နောက်တော်မှ မိဖုရား သီဝလိသည် အစဉ်လိုက်ခဲ့၏။ မိန်းမမည်သည် ရဟန်းတော်တို့၏ အညစ်အကြေးဖြစ်သည်။ ငါ့ကို သူတပါးမြင်သော် ဤသူသည် ရဟန်းဖြစ်သည်တိုင်အောင်လည်း မယားကို မစွန့်ပစ်နိုင်ဟု ကဲ့ရဲ့ကြပေလိမ့်မည်။

ဤရွှေလက်ကောက်ဝတ်သော သတ္တိသမီးငယ်သည် ပညာရှိဖြစ်မူ မိဖုရား သီဝလိ ငါ့နောက်သို့ မလိုက်ဝံ့အောင် ပြောဆိုလိမ့်လတ္တံ့။ သတ္တိသမီးငယ်၏ စကားကို ကြားလတ်၍ မိဖုရားသီဝလိကို တိုက်တွန်းပြောဆိုအံ့ဟု ကြံပြီးသော် သတ္တိသမီးငယ်၏အနီးသို့ ချဉ်းကပ်လျက် အကြောင်းကို မေးအံ့သောငှါ—

ကုမာရိကေ ဥပသေနိယေ၊ နိစ္စံ နိဂ္ဂဋမဏ္ဍိတေ။
ကသ္မာ တေ ဧကော ဘုဇော ဇနတိ၊ကော တေ နု ဇနတီ ဘုဇော။

ဟူသော ဂါထာဖြင့် ပြောဆို၏။

အဝတ်တန်းဆာဝတ်ဆင်လျက် အမိရင်ခွင်၌သာ မှီတွဲကာနေချိန်အရွယ်ဖြင့် အမိရင်အုပ်မကွာသေးသော သတ္တိသမီးငယ်— အဘယ့်ကြောင့် သင်၏လက်တဖက်မြည်သနည်း, အဘယ့်ကြောင့် လက်တဖက် မမြည်သနည်းဟု မေးလိုက်လေ၏။

ဘုရားအလောင်းစကားကို ကြားလျှင် သတ္တိသမီးငယ်သည် ပါရမီရှိသော မိန်းမ ဖြစ်ခြင်းကြောင့် အမေးနှင့် တန်ရုံသာမဖြေပဲ ထုံးစံတခုရလောက်အောင် ကရားရေဖိတ်စကားဖြင့် ဖြေလို၍—

၁။ ဣမသ္မိံ မေ သမဏ ဟတ္ထေ၊ ပဋိမုဏ္ဍာ ဒုနိဝရ။
သဿ်တာ ဇာယတေ သဒ္ဒေါ၊ ဒုတိယသ်ဝ သာ ဂတိ။

၂။ ဣမသ္မိံ မေ သမဏ ဟတ္ထေ၊ ပဋိမုဏ္ဍော ဇနိဝရော။
သော အဒုတိယော နု ဇနတိ၊ မုနိဘူတော၁ တိဋ္ဌတိ။

၃။ ဝိ၀ါဒပဟတ္တော ဒုတိယော၊ ကနေ'ကော ဝိ၀ဒိသတိ။
တသ တေ သဂ္ဂကာမသ၊ ကေတ္တ'မုပရောစတံ – ဟု ဆို၏။

ရှင်တော် ရဟန်း— ကျွန်မ၏လက်၌ လက်ကောက်နှစ်ဆင့် နှစ်ကွင်းဖြစ်၍ အချင်းချင်းထိခိုက်မိသဖြင့် အသံဖြစ်ပါ၏။ ဤသို့ ဖြစ်ခြင်းသည် အဖော်အဖက် ရှိခြင်း၏ ဓလေ့ဖြစ်ပါတော့သည်။

ဤလက်၌ကား လက်ကောက်တခုသာ ဖြစ်၍ အချင်းချင်း ထိခိုက်စရာ မရှိသောကြောင့် အသံမဖြစ်ပါ။ ထိုသို့ မဖြစ်ခြင်းသည် ကိလေသာကိုပယ်ပြီးသော အရိယာ ရဟန်းကဲ့သို့ အဖော်မရှိခြင်း၏ ဓလေ့ ဖြစ်ပါတော့သည်။

ရှင်တော် ရဟန်း – ဤ လက်ကောက်မှာသာမဟုတ် လောက၌ ခပ်သိမ်းသောအရာမှာပင် အဖော်ရှိလျှင် ငြင်းခုံမှု ဖြစ်ရခြင်းကား အမြဲပါတည်း။ အဖော်မရှိ တယောက်တည်းနေသောသူအား အဘယ်သူ လာ၍ ငြင်းခုံခြင်းကို ပြုပါအံ့နည်း။ နတ်ပြည်ကိုလိုလား၍ ရဟန်းပြုလေပြီးသော ရှင်တော် ရဟန်းသည်လည်း အဖော်မပါ တယောက်တည်းနေခြင်းကိုသာ နှစ်သက်တော်မူပါ။ ရဟန်းတို့မည်သည် နှမရင်းကိုမျှလည်း ခေါ်ဆောင်၍ မသွားရပါ။ အဘယ်အကြောင်းကြောင့် အရည်အသွေး ပေပြစ်ချောမောလှပသော မိန်းမကို နောက်လိုက်ပြု၍ မြို့ထဲ ရွာထဲ လှည့်လည် သွားလာဘိသနည်း။ အရှင်ရဟန်းသည် ဤမိန်းမနှင့်အတူ နေဖန်များသဖြင့် မိန်းမကိုမှီ၍ဖြစ်သော အန္တရာယ်သည် မကြာမြင့်မီပင် ရောက်ပါလိမ့်လတ္တံ့။ ဤမိန်းမကို ဖယ်ရှား၍ အဖော်မမှီး တပါးတည်း ရဟန်းတရားကို ကြိုးစားပါလော့ဟု ပြောဆိုလေသည်။

ဘုရားအလောင်းတော်သည် သတ္တိသမီးငယ်၏ စကားကို ကြားလျှင် သတိသံဝေဂ ရမိသည်။ သံဝေဂရမိသည့်အလျောက် မိဖုရားသီဝလိအား သူ့နောက် မလိုက်ဘို့ အကြိမ်ကြိမ်ပြောဆိုပါသည်။ သို့သော် ပြောဆို၍ကား မရရှိချေ။ ဆက်လက်ပြီး ထူးဆန်းမှုတွင်းသို့ အိမ်စဉ်မပြတ် ဆွမ်းရပ်လေသော် လေးသမား တယောက်၏အိမ်တံခါးဝသို့ ရောက်၍ ရပ်တော်မူ၏။ သီဝလိမိဖုရားသည်လည်း သင့်တင့်ရာနောက်ပါးက ရပ်လျက် နေသည်။

ထိုအခါ လေးသမားသည် မိမိအိမ်ရှေ့တွင် မီးခွက်တခု၌ မြှားကိုမီးကင်ပြီးလျှင် မျက်စိတဖက်ကိုမှိတ်လျက် ကျန်သောမျက်စိတဖက်ဖြင့် ကြည့်၍ မြှားတံကို ပအုံးရည်ဖြင့်ဆွတ်ကာ ဖြောင့်လျက် နေ၏။

ဘုရားအလောင်းတော်သည် ထိုလေးသမားပြုပုံကိုမြင်လျှင် ဤလေးသမားကား အကယ်၍ပညာရှိဖြစ်မူ ငါ့အား တစုံတခုသော အကြောင်းကို ဆိုလတ္တံ့။ ထိုလေးသမားကို ငါ-ယခုမေးအံ့ဟု ကြံ၍ လေးသမားအနီးသို့ သွားပြီးသော်—

ဧဝံ နော သာဓု ပဿသိ၊ ဥသုကာရ သုဏောဟိ မေ။
ယ'ဒေကံ စက္ခုံ နိဂ္ဂယ္ဟ၊ ဇိမ္မ' မေကေန ပေက္ခသိ။
ဟူသော ဂါထာဖြင့် မေးလေသည်။

လေးသမား–ငါဆိုအံ့သောစကားကို နားထောင်ပါဦး၊ ယခု သင်၏မျက်စိတဖက်ကို မှိတ်လျက် တဖက်ဖြင့်သာ ကြည့်၍ မြားကိုဖြောင့်နေဘိ၏။ဆီမီးနှစ်တိုင်ပြိုင်၍ထွန်းသကဲ့သို့ မျက်စိနှစ်ဖက်ဖြင့် ကြည့်လျက်ဖြောင့်လျှင် သာ၍ပင် ဖြောင့်လွယ်ပါမည်မဟုတ်လော။ အဘယ့်ကြောင့် မျက်စိတဖက်ကို မှိတ်ရသနည်း၊ မျက်စိတဖက်တည်းဖြင့် ကြည့်ရှုခြင်း၌ သာ၍ပင် မြင်နိုင်ပါသလောဟု မေးလေသည်။

ဘုရားလောင်းစကားကို ကြားလျှင် လေးသမားသည် ဖြည့်ဆည်းပူးအပ်သော ပါရမီရှင်ဖြစ်၍ ပညာရှိခြင်းကြောင့် စကားပြောရုံမျှသာ မဖြေဆိုပဲ စကားလမ်းသင့်တိုင်း ဖြေဆိုလို၍–

ဒ္ဒိဟိ သမဏ စက္ခူဟိ၊ ဝိသာလံ ဝိယ ခါယတိ။
အသမ္ပတ္တာ ပရမံ လိင်္ဂံ၊ နဒုဘာဝါယ ကပ္ပတိ။

ကေဠု စက္ခုံ နိဂ္ဂယ္ဟ၊ ဇိမ္မ 'မေကေန' ပေက္ခတော။
သမ္ပတ္တာ ပရမံ လိင်္ဂံ၊ ဥဇုဘာဝါယ ကပ္ပတိ။

ဝိဝါဒပ္ပတ္တော ဒုတိယော၊ တေနေ'ကော ဝိဝဒိဿတိ။
တဿ တေ သဂ္ဂကာမဿ၊ ကေတ္တ'မုပရောစတံ။

ဟူသော သုံးဂါထာဖြင့် ပြောဆိုလေသည်။

အရှင်ရဟန်း အဖော်များတိုင်း အရာခပ်သိမ်းမှာ ကောင်းသည်မဟုတ်ပါ၊ ဤမြားဖြောင့်ခြင်းမည်သည်လည်း မျက်စိနှစ်ဖက်ဖြင့် ကြည့်၍ဖြောင့်ချေလျှင် စိတ်များခြင်းကြောင့် အာရုံပြားသည်ဖြစ်၍ မြား၏ အဖြောင့် အကောက် အလိမ်ကို မမြင်ပဲ တပြင်တည်းသာ ထင်သဖြင့် အလွန်ဖြောင့်နိုင်ခဲ၏။ မျက်စိတဖက်တည်းဖြင့် ကြည့်၍ ဖြောင့်ရမူကား စိတ်တခုတည်း ဖြစ်ခြင်းကြောင့် သမာဓိရသဖြင့် မြား၏ အကောက် အဖြောင့် အလိမ်တို့ကို မြင်သည်ဖြစ်၍ ပြင်လွယ် ဖြောင့်လွယ် ရှိပါသည်။

အရှင်ရဟန်း ဤမြွေးဖြောင့်ခြင်းမှာသာမဟုတ်၊ အလုံးစုံ ဖြောင့်အပ်သည်ဟူသမျှ အမှုမှာပင် နှစ်ကိုယ် နှစ်စိတ် နှစ်ပညာဖြင့်သာ ပြုလုပ်ပါက အနှောင့်အယှက် အငြင်းအခုံများသည်ဖြစ်၍ သမာဓိကို မရခြင်းကြောင့် ဖြောင့်မှန်ဘို့ရာ ရခဲပါ၏။ မိမိသတိပညာကို ရင့်ကျက်စေပြီး၍ တကိုယ်တစိတ် တပညာတည်းဖြင့် ပြုရပါမူကား အာရုံ၌ သမာဓိကို ရခြင်းကြောင့် ဖြောင့်မှန်ဘို့ရာ လယ်ကပါ၏။

နတ်ပြည်ကို အလိုရှိ၍ ဖန်ရည်စွန်းသော အဝတ်ကို ဝတ်လေပြီးသော အရှင်ရဟန်းသည်လည်း အဘယ့်ကြောင့် ကိစ္စများအောင် မိန်းမများကို ခေါ်၍လာဘိသနည်း၊ ဤမိန်းမသည် အဆင်းအရောင် အသွင်အပြင် ချောလှ၏။ ရှင်ရဟန်း၏ နှမလော, မယားလော၊ စင်စစ် နှမပင်ဖြစ်စေကာမူ ရဟန်းတို့နှင့် အတူသွားခြင်း, နေခြင်းငှါ မတင့်တယ်ပါ။ ရဟန်းမည်သည် တပါးတည်းနေ၍ တရားအကျင့်ကိုရှာမှ ကောင်းသောအာရုံ၌ သမာဓိကို ရသဖြင့် တောင့်တသော အကျိုး ပြည့်စုံမည်မဟုတ်လော။ မိန်းမနှင့် ရှင်ရဟန်း နေလျှင် မကြာမြင့်မီပင် သီလပျက်စီးကြောင်း တွေ့ကြုံပါလိမ့်မည်။ သို့အတွက်ကြောင့် ဤမိန်းမကို စွန့်ပယ်၍ အဖော်မမှီး တယောက်တည်း ချမ်းသာစွာနေလျက် ရဟန်းတရားကို ဖြောင့်ဖြောင့် ကျင့်တော်မူပါဟု ပြောဆိုလေသည်။

ဤသို့လျှင် ရှေးဦး ပြခဲ့သော "ဧကော စရေ ခဂ္ဂဝိသာဏကပ္ပော" ဟူသော ဒေသနာတော်အတိုင်း နည်းယူပြီး၍ လူသူမနီးသည့် တောမြိုင်ကြီးသို့ သွားပြီးလျှင် သေချာစွာ ကျင့်ကြံ ကြိုးကုတ် အားထုတ်ကြရမည်။

အထူးသတိပြုရန်မှာ – "ဣတ္ထီ စ နာမ ပဗ္ဗဇိတာသ မလံ" = မိန်းမ မည်သည် ရဟန်း၏ အညစ်အကြေးမည်၏ ဟူသော ဒေသနာတော်ကို သေချာစေ့ငု အဖန်ဖန် နှလုံးပြု၍ ရှောင်ကြဉ်ကြဘို့ရန် သတိပေးလိုက်ပါ၏။ လူသူမနီးသည့် တောမြိုင်ကြီးမှာ ဂရားအားထုတ်နေပြီးကာမှ ကျောင်း, သင်္ဃန်း, ဆွမ်း, ဆေး လေးပါးသော ပစ္စည်းကို တွယ်တာမှု, နှစ်ကျပ် သုံးကျပ်တန်ပစ္စည်းကလေးတွေကို တွယ်တာမှု ပြုလုပ်နေလျှင်လည်း **"အပ်ဝင်လျက် ပုဆိန်ထွက်"** သလို ဖြစ်နေလိမ့်မည်။

အလိုရှိလှသည့် စျာန်မဂ်ဖိုလ်တရားထူးကို မရ ရအောင် အားခဲလျက် အရိုးကြေကြေ အရေစုတ်စုတ် နောက်ပဆုတ်ပဲ ကျင့်မှသာလျှင် လူဖြစ်ရကျိုး, ရဟန်းဖြစ်ရကျိုး နပ်ပေလိမ့်မည်။ လယ်တီဆရာတော်ဘုရားက မိုးညှင်းဆရာတော်ဘုရားအာ- တရားနှင့်တော်သက်၍ သြဝါဒပေးသည်မှာ နည်းယူမှတ်သားဘွယ် ကောင်း၍ ရေးသားပါဦးအံ့။

လယ်တီဆရာတော်၏ ဩဝါဒ

ငါ့ရှင်သုမန အားထုတ်သောတရားကား မခက်၊ အားထုတ်သူ၏ ဝီရိယသာ လိုသည်။ ယခုခေတ်တွင် မဂ်ဖိုလ်ရနိုင်စွမ်းရှိသော ဝီရိယကို မထူထောင်ကြဘူးကွဲ့၊ အဋ္ဌကထာဆရာတို့ ဆုံးမတဲ့အတိုင်း "ပန်းဝတ်ရည် ယူအုံ့" ဟု ပျံသွားလေသောပျား, ရေအပြင် ကြာရွက်၌ သွေးကြာဖြတ်သင်္ကေသော ဆေးသမား, အသပြာလေးထောင်ကိုလို၍ ပင့်ကူချည်မျှင် လေးလံရအောင် တုတ်ဖြင့်ရစ်ယူသော ယောကျ်ား, လေကြမ်းလျှင် ခါးလယ်ကိုစီး၍ လေညှင်လျှင် ရွက်ကုန်ဖြန့်၍ ရွက်တိုက်သော လှေသမား, အပေါက်ကျဉ်းလှသော ဆီကျည်တောက်၌ မဖိတ်စေရအောင် ဆီသွတ်သော ယောကျ်ားတို့ကဲ့သို့ မဆုတ်မနစ် မတက်ကြွားစေရအောင် စိတ်ကို စဉ်းစားဆင်ခြင်၍ သမုဒ္ဒရာ၏ ထိုမျှဘက်ကမ်းကို ကူးသန်းအံ့သော ယောကျ်ား၏ လုံ့လကဲ့သို့ရင်း, စကြာမင်းစည်းစိမ်ကို ယူအုံ့သော ယောကျ်ား၏ အာသာဆန္ဒကဲ့သို့ရင်း သက်စွန့်ကြိုးစားပြီး အားထုတ်ရမကွဲ့။

ရှေးအခါက ယောကျ်ားနှစ်ဦးတို့သည် တောကြမ်းခရီးလမ်း၌ ရှားနှစ်ကို တွေ့၍ ဤရှားနှစ်ကို မီးပုတ်သော် မီးရမည်လောဟု တယောက်ကဆိုလျှင် မစင်ချေးပါအောင် ပုတ်သော်လည်း မီးမရဟု တယောက်က ဆိုသောစကားကို မခံချင်လှ၍ ငါမစင်ပါအောင်ပုတ်မည်ဟု အားထုတ်ကြိုးစားပုတ်ရာတွင် အခိုးထလေ နှိပ်ပြီး ပုတ်လေလေဖြင့် "မစင်လဲ ဖျစ်ကနဲပါ မီးလဲရလာသည်" ဟူသော ဥဒါန်းစကားအတိုင်း မီးပုတ်သော ယောကျ်ား၏ အာသာဆန္ဒ လုံ့လပယောဂ လောက်မျှမရှိ။

တရားထူးရမည်ကို သက်နှံတစုံ, သပိတ်တလုံးရမည်လောက်မျှဝမ်းမမြောက်, ဆွမ်းတအုပ်ရသလောက်မျှ မခင်မင်ကြသော ပုထုဇဉ်ပေတုံး ပိတ်ဖျင်ကိုသာဖြုံးကြသော ကတုံးတွေ့မှာ မြေကြီးနှင့် ကောင်းကင်အလား ဤတရားမြတ်နှင့် ဝေးလိမ့်မည်ကွဲ့၊ အရေကြွင်းစေ, အကြောကြွင်းစေ, အသားအသွေး အကုန်ခန်းခြောက်ပါစေ ရထိုက်သောတရားမျိုးသာ မှန်ပါစေ မရသမျှငါမနေ,မပေါက်မရောက်သမျှ ငါမနေဟု ဝီရိယကို မလျော့ပဲ အားထုတ်ရမည်ကွဲ့။

ဤသို့ သက်စွန့်ကြိုးစား အားထုတ်ပါလျှင် ခပေါင်းရေကြည်စေ့ခတ်သော ရေသည် ခဏချက်ချင်း စိမ်းမြဖြူစင် ကြည်လင်သန့်ရှင်း တောက်ပထွန်းလင်းသကဲ့သို့ တခုတည်းသော တရားအာရုံကိုသာ စူးစိုက်စွဲမြဲသော သမာဓိနှင့်ယှဉ်ရသဖြင့် တရားအားထုတ်သူ၏ စိတ်အစဉ်သည် လွန်စွာ ကြည်လင်တောက်ပပြီး အဆင့်ဆင့်မြတ်သော တရားထူးတရားမြတ်ကို ရနိုင်တယ်ကွဲ့။

ဤသို့သော ဩဝါဒစကားသည် သာသနာစိတ်, တရားထူးရလိုသော စိတ်ဆန္ဒရှိသော သူတော်ကောင်းများအတွက် လွန်စွာမှ တန်ဖိုးရှိလှ၏။ နိဗ္ဗာန်ရလို

သော ပုဂ္ဂိုလ်များနှင့်လျော်သော ဆရာစဉ်ဆက် ဩဝါဒလက်ဝမျှားကိုလည်း ရေးသားပါဦးအံ့—

ဩဝါဒလက်ဝသံပေါက်မျှား

၁။ ရတနာသုံးဆိုင်၊ ငုံကြာခိုင်၊ ဆုံပြိုင် ဝန္ဒနာ။

၂။ နှစ်ဆီရသ၊ မြတ်ဓမ္မ၊ မှတ်ကြစဉ်အလာ။

၃။ ပရိနိဗ္ဗာန၊ မြတ်ဗုဒ္ဓ၊ မိန့်ထ ညောင်စောင်းမှာ။

၄။ နိဗ္ဗာန်လိုက၊ သခ်ါရ၊ နှေ့ည မမေ့ရာ။

(နိဗ္ဗာန်ကို အလိုရှိသောပုဂ္ဂိုလ်များ ရုပ်နာမ်ဓမ္မသခ်ါရတို့၏ မမြဲကြောင်းကို နေ့ရောညပါ အဓါမပြတ် ပွားများရမည်ဟု ဆိုလို၏။)

၅။ ပုတြာမည်ရှိ၊ ရှင်သာရိ၊ အန္တိမိန့်ခဲ့ရှာ။

၆။ နိဗ္ဗာန်လိုလား၊ သဒ္ဓါပွား၊ မခြားနေသင့်ရာ။

(အရှင်သာရိပုတ္တရာ နောက်ဆုံးမိန့်မှာတော်မူခဲ့သည်မှာ နိဗ္ဗာန်လိုလားလျှင် သဒ္ဓါတရားများအောင် ပွားများရမည်ဟူလို။ သဒ္ဓါနည်းပါးလျှင် နိဗ္ဗာန်ရဘို့ အတွက် မကျင့်နိုင်။)

၇။ ဆရာတော်ရေငုံ၊ ကျင့်အထုံ၊ မှာပုံသင့်လှပါ။

၈။ နိဗ္ဗာန်လိုက၊ လိုသမျှ၊ ကျင့်ကြကောင်းရာရာ။

(ရေငုံဆရာတော်ဘုရားက နိဗ္ဗာန်လိုလားလျှင် လိုသမျှကောင်းရာရာကို ကျင့်ရမည်ဟု ဆိုလို၏။)

၉။ ဝံသာအရှိ၊ သာမုနိ၊ ထားရှိသူအမှာ။

၁၀။ နိဗ္ဗာန်လိုက၊ ကိုယ်ကေ၊ နေထ သင့်လျော်ရာ။

(မဏိသာရမဉ္ဇူသာဠီကာကျမ်းပြု အရှင်အရိယဝံသ ဆရာတော်ဘုရားက နိဗ္ဗာန်ကိုလိုလားလျှင် အဖော်မမှီး တယောက်တည်း သင့်လျော်သောနေရာ၌ ကျင့်ရမည်ဟူ၏။)

၁၁။ ညောင်ကန်ဆရာတော်၊ ဦးဗုဒ္ဓခေါ်၊ ထုတ်ဖော်မိန့်ခဲ့ရာ။

၁၂။ လူ့,နတ်,ဗြဟ္မာ၊ ကဲ့ရဲ့မှာ၊ ဆိတ်စာ မကြောက်ရာ။

၁၃။ ဘုရားကဲ့ရဲ့၊ ကြောက်သူကဲ့၊ ရောက်မဲ့နိဗ္ဗုတာ။

(မင်းဆရာ ညောင်ကန်ဆရာတော်ဦးဗုဒ္ဓက နိဗ္ဗာန်ကို အလိုရှိ၍ ကျင့်လျှင် လူ့,နတ်,ဗြဟ္မာ ကဲ့ရဲ့မှာကို နဲနဲမှ မကြောက်ရ၊ ဘုရားကဲ့ရဲ့မှာကိုသာ ကြောက်ရမည်ဟူ၏။ ဘုရားကဲ့ရဲ့မှာကြောက်၍ ကျင့်လျှင် နိဗ္ဗာန်ကို ချရှိနိုင်သည်။)

၁၄။ ငါးခုံကဝိ၊ မြတ်ဗောဓိ၊ ဟောရှိသည်အမှာ။

၁၅။ စိတ်ဆိုးစိတ်ညစ်၊ ကိုယ့်ကြောင့်ဖြစ်၊ ပယ်လှစ်သူတကာ။

၁၆။ စိတ်ညစ်ပယ်ချိုး၊ စိတ်မဆိုး၊ ရောက်ရိုးနိဗ္ဗုတာ။

(ငါးခုံဆရာတော်ဘုရားက စိတ်ဆိုးစိတ်ညစ် ကိုယ့်ကြောင့်ဖြစ်သည့်အတွက် ထိုနှစ်ခုကို ပယ်ချိုးကျင့်နိုင်လျှင် နိဗ္ဗာန်သို့ ရောက်ရှိနိုင်သည်ဟူ၏။)

၁၇။ မန်ကျည်းတောခေါ်၊ ဆရာတော်၊ ထုတ်ဖော်မှတ်စရာ။

၁၈။ နိဗ္ဗာန်ကိုရည်၊ ကုတ်နှင့်ကီ၊ ကြောက်သည်မရှိရာ။

(မကျည်းတောဆရာတော်ဘုရားက နိဗ္ဗာန်ကိုလိုလားချင်လျှင် လောကုတ္တရာနှင့်လောကီကို မကြောက်ရဟုမိန့်တော်မူ၏။လောကုတ္တရာကိုမကြောက်ရဟူသည် သီလဖြည့်ကျင့်ရာ ဓုတင်ဖြည့်ကျင့်ရာ တရားဘာဝနာအားထုတ်ရာတို့၌ ပျင်းရိသည့်အတွက် ကြောက်ရွံခြင်း, သဒ္ဓါတရား ခေါင်းပါးကြသည့်အတွက် မကျင့်လိုကြခြင်း စသည်တို့မဖြစ်အောင် ကျင့်ရမည်ဟူ၏။ ကောသဇ္ဇတရားကင်းပြီး သဒ္ဓါတရားများလျှင် မကြောက်ချေ။ လောကီကို မကြောက်ရဟူသည် လာဘ=လာဘ်ရခြင်း, အလာဘ=လာဘ်မရခြင်း, ယသ=အခြံအရံများခြင်း, အယသ=အခြံအရံမများခြင်း,နိန္ဒ=ကဲ့ရဲ့ခြင်း,ပသံသ=ချီးမွမ်းခြင်း, သုခ=ချမ်းသာခြင်း, ဒုက္ခ=ဆင်းရဲခြင်းတည်းဟူသော လောကဓံတရား ရှစ်ပါးနှင့် တွေ့ကြုံလာသောအခါ တုန်လှုပ်ကြောက်ရွံ့မှုမရှိရ။ လုံးဝမကြောက်ရဟူ၏။)

၁၉။ ကျင့်ကျော်ထုတ်ခေါင်၊ နှုတ်တော်ဆောင်၊ သိအောင်မိန့်ခဲ့ရာ။

၂၀။ နိဗ္ဗာန်လိုလျှင်း၊ သူ့အတင်း၊ ပြောခြင်းပယ်ချိုးပါ။

(ပဋိပတ္တိအရာတွင် ကျော်စော ထင်ရှားလှသော ထုတ်ခေါင် ဆရာတော်ဘုရားက နိဗ္ဗာန်ကို လိုလားချင်လျှင် သူတပါး မကောင်းကြောင်း အပြစ်ပြောဆိုခြင်းမှ ရှောင်ကြဉ်ရလိမ့်မည် ဟူ၏။)

၂၁။ ရွှေရင့်မာရှင်၊ ဆရာပင်၊ မှာတွင်သိစရာ။

၂၂။ ဟောတိုင်း ပြောတိုင်း၊ ချင့်စာနှိုင်း၊ ရေးတိုင်းမယုံရာ။

၂၃။ နိဗ္ဗာန်လိုက၊ ဝိရာဂ၊ မိန့်မှ ယုံသင့်ပါ။

(ရွှေရင့်မာ ဆရာတော်ဘုရားက သူများ ဟောတိုင်း ပြောတိုင်း ရေးတိုင်း မယုံရ၊စဉ်းစား နှိုင်းချိန်ပြီးမှသာလျှင် ယုံကြည်ရမည် ဟူ၏။နိဗ္ဗာန်ကို အလိုရှိ၍ ကျင့်သည့်အခါ ကျင့်သည့်အတိုင်း တဏှာကင်းမှ ယုံကြည်ရမည်။)

၂၄။ မြင်းဝန်ဆရာတော်၊ မိန့်မြွက်ဖော်၊ မြင်မြော်မှတ်စရာ။

၂၅။ နိဗ္ဗာန်လိုလစ်၊ မုန်းအချစ်၊ ဆုံးပစ်ပယ်ချပါ။

(မြင်းဝန် ဆရာတော် ဘုရားက နိဗ္ဗာန်ကို အလိုရှိလျှင် ချစ်ခြင်း မုန်းခြင်း တရားနှစ်ပါးကို ပယ်မြစ်၍ ကျင့်ရမည် ဟူ၏။)

၂၆။ ဝိနည်းကျော်လှ၊ ဗန်းမော်က၊ ဖော်ပြမိန့်ခဲ့ရာ။

၂၇။ နိဗ္ဗာန်ကိုမက်၊ ကိုယ့်အသက်၊ ငဲ့ကွက်မပြုရာ။

(ဝိနည်းအရာ၌ ကျော်ကြားလှသော ဗန်းမော် ဆရာတော်ဘုရားက နိဗ္ဗာန်ကိုမက်လျှင် ရုပ်နာမ်နှစ်ပါးကို ငဲ့ကွက်မှုမထားရ ဟူ၏။)

၂၈။ လေသင်းမင်းကျောင်း၊ နေတိုကောင်း၊ သိကြောင်းအစဉ်မှာ။

၂၉။ နိဗ္ဗာန်လိုက၊ သည်းခံကြ၊ တွင်းပအရာရာ။

၃၀။ သုံးဘုံမကိုင်၌၊ တရားမြို့က်၊ သားခ္ဒ ဤနည်းသာ။

၃၁။ အချုပ်စကား၊ ဆုံးတရား၊ သုံးထားမြဲမြံစွာ။

၃၂။ အဓိပ္ပါယ်နက်၊ အသိခက်၊ ထည့်စုက် ဉာဏ်ဝိဇ္ဇာ။

၃၃။ ကျင့်သုံးဗိုလ်လူ၊ ပြည်နိဗ္ဗု၊ လွယ်ကူရောက်မည်သာ။

(နေတိုကောင်းသော လေသင်းမင်းကျောင်း ဆရာတော် ဘုရားက နိဗ္ဗာန်ကို အလိုရှိလျှင် အစစအရာရာ သည်းခံရမည်ဟူ၏။)

ဤကား ရှေးဆရာတော်ကြီးများ၏ နိဗ္ဗာန်ရဘို့ရန် အမြင်အမျိုးမျိုး ရှိသည့် အားလျော်စွာ သြဝါဒအဖုံဖုံ ပေါ်ထွက်လာခဲ့ပေသည်။

ပဓာနိယင်္ဂတရားငါးပါး

နိဗ္ဗာန်ကို အလိုရှိသော သူတော်ကောင်းတို့သည် ပဓာနိယင်္ဂ တရား ငါးပါးနှင့်ပြည့်စုံမှသာ ရရှိပေလိမ့်မည်။ ဤ အင်္ဂါ ငါးပါးနှင့် မပြည့်စုံလျှင် နိဗ္ဗာန်ကို ရဘို့ရန် မမြင်ချေ။ ထိုအင်္ဂါငါးပါးတို့မှာ—

၁။ မြတ်စွာဘုရား၏ လေးပါးသော မဂ်ဉာဏ်နှင့် သဗ္ဗညုတ ဉာဏ်ကို ယုံကြည်ရခြင်း။

၂။ ကိုယ်လက်အင်္ဂါကျန်းမာခိုင်ခံ့မှုရှိရခြင်း။

၃။ မိမိ၌ မရှိသော ဂုဏ်ကျေးဇူးကို မဖော်ပြသည့်ပြင် ရှိသော အပြစ်ကိုလည်း မဖုံးကွယ်မူ၍ ဖြစ်ပေါ်သည့် အတိုင်း အမှန်ကိုသာ ဆရာသမား သိတင်းဆုံးဖော်တို့အား ပြောပြတတ်ခြင်း။

၄။ အသားအသွေး ခန်းခြောက်မှုက ခန်းခြောက်ပါစေ, အရေ အကြောအရိုးမျှသာ ကျန်လိုကကျန်ပါစေ တရားထူးကို မရမနေ အားထုတ်မည်ဟု ဆောက်တည်လျက် အင်္ဂါ လေးပါးရှိသော ဝီရိယဖြင့် ပြင်းပြင်းထန်ထန် အားထုတ်ရခြင်း။

၅။ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ဖြစ်ပျက်မှုကို သိစွမ်း နိုင်သော ဥဒယဗ္ဗယဉာဏ်နှင့်ပြည့်စုံရခြင်းတို့ပင်ဖြစ်၏။

ဤအင်္ဂါငါးပါးနှင့်ပြည့်စုံသူသည် ယခုဘဝ၌ပင် အာသဝေါ ကုန်ခန်း ရဟန္တာဖြစ်နိုင်သည်။ ပဓာနိယင်္ဂ ဆိုရာ၌ အရိုး အကြော အရေ ကြွင်းစေ အသားအသွေး အကုန် ခန်းခြောက်၍ ကုန်ပါလေစေ၊ ရဟန္တာမဖြစ်သမျှ ငါမထဟု ဖြစ်သော အင်္ဂါလေးပါးနှင့်ပြည့်စုံသော ဝီရိယသည် ပဓာန မည်၏။ ထိုပဓာနမှုကို ပြုသောသူသည် ပဓာနိယင်္ဂမည်၏။ ထိုပြခဲ့ပြီးသော အင်္ဂါ ငါးပါးသည် ပဓာနိယင်္ဂတရားမည်၏။ (အင်္ဂုတ္တရနိကာယပါဠိတော်)

မဇ္ဈိမပဏ္ဏာသ ဗောဓိရာဇကုမာရသုတ် (မ-၂-၃၀၀)၌ တိကွပညာနေယျပုဂ္ဂိုလ်ကို ရည်ရွယ်၍ တည်၌အတွင်း တနေ့ အတွင်းမှာပင် တရားထူး ရနိုင်သည်ဟူ၍ ဝန်ခံတော်မူသေး၏။ ဝန်ခံပုံမှာ အောက်ပါအတိုင်းပင် ဖြစ်လေသည်။

"ဣမေဟိ ပဉ္စဟိ ပဓာနိယင်္ဂေဟိ သမန္နာဂတော ဘိက္ခု တထာဂတံ ဝိနာယကံ လဘမာနော သာယမနုသိဋ္ဌော ပါတော ဝိသေသံ အဓိဂမိဿတိ၊ ပါတမနုသိဋ္ဌော သာယံ ဝိသေသံ အဓိဂမိဿတိ"။

ပဉ္စဟိ၊ ငါးပါးကုန်သော။ ဣမေဟိ ပဓာနိယင်္ဂေဟိ၊ ကမ္မဋ္ဌာန်း အားထုတ်သူ၏ အကြောင်းဖြစ်သော ဤအင်္ဂါတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ဝိနာယကံ၊ နိဗ္ဗာန်သို့ ပို့ဆောင်တတ်သော။ တထာဂတံ၊ မြတ်စွာဘုရားကို။ လဘမာနော၊ ရသော။ ဘိက္ခု၊ ရဟန်းသည်။ သာယံ၊ ညနေချမ်းအခါ၌။ အနုသိဋ္ဌော၊ ဆုံးမအပ်သည်ဖြစ်၍။ ပါတော၊ နံနက်အခါ၌။ ဝိသေသံ၊ တရားထူးကို။ အဓိဂမိဿတိ၊ ရလိမ့်လတ္တံ့။ ပါတံ၊ နံနက်အခါ၌။ အနုသိဋ္ဌော၊ ဆုံးမအပ်သည်ဖြစ်၍။ သာယံ၊ ညနေချမ်းအခါ၌။ ဝိသေသံ၊ တရားထူးကို။ အဓိဂမိဿတိ၊ ရလိမ့်လတ္တံ့။

ဤသို့လျှင် ရှင်တော်ဘုရားက နိဗ္ဗာန်ရနိုင်ကြောင်းကို ထင်ရှားစွာ ဝန်ခံ၍ ဟောကြားခဲ့ပြီးပြီ။ နိဗ္ဗာန်မဂ်ဖိုလ်ရလိုသော သင်တို့အတွက် ကျင့်ဘို့သာ လိုတော့သည်။ နိဗ္ဗာန်တည်းဟူသော အမြင့်ဆုံးပန်းတိုင်ကို ရလိုရောက်လိုသော ပုဂ္ဂိုလ်တို့သည် အခြေခံအရင်းဖြစ်သော အဆင့်မျှားဖြစ်သည့် သောတာပန်, သကဒါဂါမ်, အနာဂါမ်ဖြစ်ပြီးမှသာ ရဟန္တာဖြစ်လျက် နိဗ္ဗာန်ကို ရရှိလေသည်။

ရဟန္တာဖြစ်ပြီးလျှင် နိဗ္ဗာန်ရပြီးသားပင် ဖြစ်နေတော့၏။ဖားခုန်သလိုခုန်ကျော်၍ သောတာပန် စသည်မဖြစ်ပဲ ရဟန္တာဖြစ်ရိုးထုံးစံမရှိခေ့။

ယခုခေတ်၌ သောတာပန်ပုဂ္ဂိုလ်နှင့်ပတ်သက်၍ ပြဿနာအမျိုးမျိုး, ရဟန္တာပုဂ္ဂိုလ်နှင့်ပတ်သက်၍ ပြဿနာအမျိုးမျိုးတွေ့ ပေါ်ထွက်လျက်ရှိနေသည်။ ထိုပြဿနာမျိုးတွေ့ ဖြေရှင်းသောအားဖြင့် ဗုဒ္ဓအလိုတော်ကျ ဒေသနာပေတံနှင့် တိုင်းထွာ၍ နိကာယ်အရပ်ရပ်မှ လိုရင်းကို ထုတ်ဆောင်လျက်ပြပါဦးမည်။

မောနေယျပဋိပန္နကထာ ပြီး၏။

သောတာပန္နာဒိပုဂ္ဂလကထာ

သောတာပန်စစ်တမ်း

သောတာပန် မှန် မမှန်ကို ဤရေးလတ္တံ့သော အင်္ဂါမျှားနှင့် စစ်၍ ကြည့်ရှုရမည်။

"ဣဓာနန္ဒ အရိယသာဝကော ဗုဒ္ဓေ အဝေစ္စပသာဒေန သမန္နာဂတော ဟောတိ"။

စသည်ဖြင့် ဟောတော်မူအပ်သော သုတ်မဟာဝါ ပါဠိတော်၊ မဟာပရိနိဗ္ဗာနသုတ် ဂဝ-နှင့်အညီ အာယ်လေးပါးသို့ လုံးဝမရောက်ရပဲ ကောင် သော သုဂတိဘုံသို့ အမြဲလားပြီးသော သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ် တည်းဟူသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန် အစစ်ဖြစ်သောသူသည်—

၁။ မြတ်စွာဘုရား၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း၊

၂။ တရားတော်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း၊

၃။ သံဃာတော်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း၊

၄။ အရိယာပုဂ္ဂိုလ်တို့ နှစ်သက်သော ငါးပါးသီလနှင့် အမြဲပြည့်စုံခြင်း ဤအင်္ဂါငါးပါးနှင့် ပြည့်စုံ၏။

ထို့ကြောင့် ပညာရှိတို့က—

ရတနာသုံ ပါး ယုံကြားကောန်၊
ငါးပါးသီလ လုံထအမှန်။
အင်္ဂါငါးဝ ညီမျှစုံလျှံ၊
ဤသူမြတ် မချွတ်သောတာပန်။
ဟု ကဗျာစပ်ဆိုတော်မူကြကုန်၏။

သဒ္ဓါလေးမျိုးကို ခွဲခြားပြခြင်း။ ။ရတနာသုံးပါးကို ကြည်ညို ယုံကြည်ရာ၌ အာဂမနီယသဒ္ဓါ=မင်္ဂလာ သဗ္ဗညုတဉာဏ် ဖြစ်ပေါ်လာကြောင်းဖြစ်သော အကျင့်ဖြစ်လာသောသဒ္ဓါ, အဓိဂမသဒ္ဓါ= မဂ်ဖိုလ်ကို ရခြင်းဖြင့် ရအပ်သော မတုန်မလှုပ် ကြည်ညိုခြင်း ဟူသောသဒ္ဓါ,

ပသာဒသဒ္ဒါ=ရတနာသုံးပါးတို့၌ စိတ်၏ကြည်လင်ခြင်း ဟူသော သဒ္ဒါ, ဩကပ္ပနသဒ္ဒါ=ရတနာသုံးပါးတွင်၌ စိတ်၏ သက်ဝင်ယုံကြည်ခြင်းဟူသော သဒ္ဒါ တို့ဖြစ်သည်။ ထိုလေးမျိုးတို့တွင် သောတာပန်ပုဂ္ဂိုလ်တို့ ယုံကြည် ကြည်ညိုသော သဒ္ဒါသည် အဓိကမသဒ္ဒါဖြစ်၏။

တနည်း သောတာပန်ပုဂ္ဂိုလ်၏ အင်္ဂါလေးပါး

"လောကတော ဥတ္တရတိတိ လောကုတ္တရာ" ဟူသည်နှင့်အညီ လူနတ်ဗြဟ္မာ သတ္တဝါဟူသော လောကမှ ထွက်မြောက်၍ မဂ်လေးပါး, ဖိုလ်လေးပါး, နိဗ္ဗာန်တပါး ဤကိုးပါးသည် လောကုတ္တရာဖြစ်၏။ ထိုကိုးပါးတို့တွင် မဂ်လေးပါးထဲက သောတာပတ္တိမဂ် စသည်ဖြင့် လေးမဂ်ရှိရာ သောတာပတ္တိမဂ်သို့ ရောက်ဘို့ရာဘို့ (၀၂) သောတာပန်ဖြစ်ဘို့ အင်္ဂါလေးပါးတို့မှာ—

> စတ္တာရိ သောတာပတ္တိယင်္ဂါနိ၊ သပ္ပုရိသသံသေဝေါ သဒ္ဓမ္မဿဝနံ ယောနိသော မနသိကာရော ဓမ္မာနုဓမ္မပ္ပဋိပတ္တိတိ။
>
> (သုတ်ပါထေယျပါဠိတော် စာမျက်နှာ ၁၉၀။)

ချစ်သားရဟန်းတို့ သောတာပန်ပုဂ္ဂိုလ်၏အင်္ဂါ (၀၂) သောတာပတ္တိမဂ်ကို ရခြင်း၏အကြောင်းတို့သည် ဤလေးပါးတို့ ဖြစ်ကုန်၏။ အဘယ်လေးပါးတို့ ဟူမူ—

၁။ ဘုရား စသော သူတော်ကောင်းတို့ကို မှီဝဲဆည်းကပ်ခြင်း၊

၂။ သင့်လျော်လျောက်ပတ် ကောင်းမြတ်သော ပိဋကတ်သုံးပုံ နိကာယ်ငါးရပ်၌ရှိသော ရုပ်, နာမ်, ခန္ဓာ, အာယတန, ဓာတ်, သစ္စာ စသော အမြတ်တရားတို့ကို ကြားနာခြင်း၊

၃။ ငါသူတပါး မိန်းမယောကျ်ားမဟုတ်၊ နာမ်, ရုပ်နှစ်ပါးသာ၊ ထိုနာမ်, ရုပ်သည်လည်း မမြဲ, ဆင်းရဲ, အစိုးမရဟု နှလုံးသွင်းခြင်း၊

၄။ မဂ်ဖိုလ်နိဗ္ဗာန်ရဘို့ရန် သမထဝိပဿနာတရားကို မှန်ကန်စွာ ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်း။ ဤအင်္ဂါလေးပါးနှင့် ပြည့်စုံလျှင်လည်း သောတာပန်ပုဂ္ဂိုလ်ဟု ဟောကြားတော်မူပြန်ပါသည်။

(တနည်း) သောတာပန်ပုဂ္ဂိုလ်၏ အင်္ဂါသုံးပါး

"တိဏ္ဏံ သံယောဇနာနံ ပရိက္ခယာ သောတာပန္နော နာမ ဟောတိ" အဝိနိပါတဓမ္မော နိယတော သမ္မောဓိပရာယဏော ဟူ၍ (အင်္ဂုတ္တိုရ်ပါဠိတော် ပဌမအုပ် ၂၃၃-)၌ ဟောတော်မူပြန်သည်။

တိဏ္ဏံ၊ သုံးပါးကုန်သော။ သံယောဇနာနံ၊ သက္ကာယဒိဋ္ဌိဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ တည်းဟူသော သံယောဇဉ်တို့၏။ ပရိက္ခယာ၊ ကုန်ဆုံး ချုပ်ငြိမ်း ရုပ်သိမ်းခြင်းကြောင့်။ သောတာပန္နော နာမ၊ အနုပါဒိသေသနိဗ္ဗာန်= တဏှာ စသည်တို့က အကျိုး၏အဖြစ်ဖြင့် ယူအပ်သော ဝိပါက်နာမက္ခန္ဓာကဋ္ဌတ္တာရုပ် အကြွင်းမရှိသော ငြိမ်းအေးမှုသို့ တဖြောင့်တည်းသွားသော ဗောဓိပက္ခိယ ဓမ္မ အယဉ်သို့ ရှေးဦးစွာ ရောက်သောသူ မည်သည်။ ဟောတိ၊ ဖြစ်၏။ အဝိနိပါတ-ဓမ္မော၊ စုတသေလွန်ပြီးသည်၏ အခြားမဲ့၌ အလိုမရှိရာဘဝသို့ ပရမ်းပတာကျ ခြင်းသဘောမှ ကင်းလွတ်၏။ နိယတော၊ ဘဝအဓက်ဆက် ကမ္ဘာ အဆက်ဆက် မပျက်မကွဲ အစဉ်ထာဝရမြဲသော ဗောဓိပက္ခိယဓမ္မ အမွေခံ ဖြစ်၏။ သမ္မောဓိပရာယဏော၊ အထက်မဂ်, အထက်ဖိုလ် သုံးပါးလျှင် အလိုရှိကာ လွယ်ကူစွာ ရကြောင်း လည်းလျောင်း မှီခိုရာရှိသည်။ ဟောတိ၊ ဖြစ်၏။

သံယောဇဉ်သုံးပါးတို့တွင် သက္ကာယဒိဋ္ဌိသည် အချုပ်ပဓာနဖြစ်၏။ ငါ့ကိုယ် ငါ့ဟာ ငါ သူတပါး ယောကျ်ားမိန်းမ စဲလမ်းနေမှုသည် သက္ကာယဒိဋ္ဌိမည်၏။ ဘုရားဟုတ်လေသလား မဟုတ်လေသလား၊တရားဟုတ်လေသလား မဟုတ်လေသလား၊ သံဃာဟုတ်လေသလား မဟုတ်လေသလား စသည်ဖြင့် သို့လော သို့လော တွေးတောနေမှု သံသယကို ဝိစိကိစ္ဆာ ခေါ်၏။ ခွေးတို့၏ အလေ့အကျင့် နွားတို့၏ အလေ့အကျင့်ဖြင့် ကျင့်မှသာ မုန်မြတ်၏၊ သံသရာမှ ထွက်မြောက်၏ဟု မှားမှားယွင်းယွင်း သုံးသပ်ခြင်းသည် သီလဗ္ဗတပရာမာသမည်၏။ ခေါင်းဆောင် သက္ကာယဒိဋ္ဌိပြုတ်လျှင် နောက်လိုက်ပြုတ်ဘို့ရန် လွယ်ကူလှ၏။

သက္ကာယ ဒိဋ္ဌိဖြုတ်ပုံမှာ ငါသူတပါး ယောကျ်ားမိန်းမ အချောအလှ လူနာမည် စသည်မျှားသည် အမည်နာမပညတ်တည်း။ ပရမတ် သဘော အနေဖြင့် ကြည့်ရှုလျှင် နာမ်ရုပ်နှစ်ပါးသာ၊ ထိုနာမ်ရုပ် သည်လည်း မမြဲ,ဆင်းရဲ, အစိုးမရချေ တကားဟု ထပ်ကာ ထပ်ကာ ကြိမ်ဖန်များစွာ ပုံးများလျှင် တရား သဘာဝထင်ရှားလာကာ သက္ကာယဒိဋ္ဌိ အစဲအလမ်းသည် ပြုတ်လာ၏။ ထိုတရား ခန္ဓာမှာ ပြုတ်သွားလျှင် နောက်နှစ်ပါးပြုတ်ဘို့ရန် မခဲယဉ်းပြီ၊ ဖြုတ်ကြလေ။

ဤသို့လျှင် မြတ်စွာဘုရားသည် သတ္တဝါတို့ သန္တာန်ကို သဗ္ဗညုတဉာဏ်တော်ဖြင့် ကြည့်ရှုတော်မူ၍ နည်းအမျိုးမျိုးဖြင့် သောတာပန်ဖြစ်ဘို့ရန် ဟော ကြားခဲ့လေသည်။ သောတာပန် ဖြစ်မဖြစ်ကို သိလိုလျှင် ဟောကြားခဲ့သော အင်္ဂါများနှင့် နှိုးနှောတိုက်ဆိုင်၍ ကြည့်ရှုကြရမည်။ ယခုခေတ်၌ တရားအား ထုတ်၍ ရက်တပတ်လောက်ရရှိလျှင် အချို့ဆရာများက သောတာပန် လက်မှတ် ထုတ်ပေးကြောင်း, သောတာပန်ဖြစ်ကြောင်း အမည်တပ်ပေးကြသည်ဟု သိရှိ ရ၏။ နေရာတိုင်း ဆရာပြောသလို မယုံကြည်ပဲ ကိုယ်ပိုင်ဉာဏ်ဖြင့် ဆုံးဖြတ်ဖို့ရန် တိုက်တွန်းပါသည်။

ကြည်ညိုသည့်အခါ ပုဂ္ဂိုလ်မရွေးရ၊ ကိုးကွယ်ချဉ်းကပ် ဆည်းကပ်သောအခါ ပုဂ္ဂိုလ်ရွေးရ၏။ ဆရာတဆူအနေဖြင့် ဆည်းကပ်ခံတော်မည်ဟု ဆုံးဖြတ်သားလျှင် ဆရာကောင်း မှန်မမှန် ကိုယ်ပိုင်ဉာဏ်ဖြင့် အကဲခတ်၍ ကိုးကွယ်ဆည်းကပ်စေလို၏။ ဆရာကိုးကွယ်ဆည်းကပ်မှား၍ အဇာတသတ် မင်းကြီးသည် ဖခင် ဗိမ္ဗိသာရမင်းအား သတ်မိလေသည်။ ဘုရားရှင်နှင့် တွေ့၍ တရားထူး တရားမြတ် ရထိုက်သော်လည်း ပိတုဃာတက=အဖ သတ်ကံကြောင့် တရားမရပဲ အပါယ်ငရဲသို့ ရောက်ရှိသွား၏၊ ဝမ်းနည်းဘွယ် ကောင်းလေစွတကား။

သောတာပန်ခေါ်ပုံ အဓိပ္ပါယ်

အဘယ်ကြောင့် သောတာပန်ခေါ်သနည်း၊ အဖြေကား—ဟိမဝန္တာမှ စီးလာကြကုန်သော မြစ်ကြီ ငါးသွယ် မြစ်ငယ်ငါးရာ ရေအယဉ်တို့သည် နောက်သို့ပြန်စီးခြင်း အလျှင်းမရှိကုန်မူ၍ မဟာသမုဒ္ဒရာသို့အရောက် စီးသွ းကြကုန်သောကြောင့် သောတမည်ကုန်၏။ ထိုနည်းတူစွာ အရိယာပုဂ္ဂိုလ်တို့သည်လည်း ပုထုဇဉ်အဖြစ်သို့ တဖန်ပြန်ရောက်ခြင်း မရှိကြကုန်မူ၍ ရုပ်နာမ်ခန္ဓာ မရှိသော အနု ဒါဒိသေသနိဗ္ဗာန်သို့သာ တဖြောင့်တည်း ဆန်တက်၍ သွားကြကုန်၏။ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် အထက်ဘဝ်မှသော်လည်း အဝီစိငရဲတိုင်အောင် အောက်အောက်ဘုံသို့ တဖန်ပြန်ရောက်တတ်ကုန်သကဲ့သို့ အရိယာသောတာပန်ပုဂ္ဂိုလ်တို့သည် မိမိတို့ဖြစ်ရာဘုံဘဝမှ အောက်အောက်ဘုံသို့ တဖန်ပြန်ရောက်ခြင်းဖြစ်သော ပဋိသန္ဓေနမှု မရှိတော့ချေ။ အထက်အထက်ဖြစ်သော သကဒါဂါမ် အနာဂါမ် ရဟန္တာဘဝသို့ ဆန်တက်ဘို့ရာ တလမ်းတည်းသာ ရှိကြကုန်၏။

ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ရူပအရူပဗြဟ္မာ တိဟိတ်ဖြစ်ကြကုန်ပြီးမှ ခွေး, ဝက်, ကြက်, ငှက်စသော ဒုဂ္ဂတိအဟိတ်တိုင်အောင် အောက်အောက်သို့ တဖန် ပြန်ရောက်ကြကုန်သကဲ့သို့ ထိုသောတာပန် အရိယာပုဂ္ဂိုလ်တို့သည် ပုထုဇဉ်အဖြစ်သို့ တဖန် ပြန်ရောက်ခြင်းမရှိကြကုန်ပြီ။ အထက်အထက် အရိယာပုဂ္ဂိုလ်အဖြစ်သို့ ဆန်တက်ဘို့ တပေါက်တလမ်းသာ ရှိကြကုန်၏။ ဤသို့ ဘုံအားဖြင့်ငင်း, ဘဝ်အားဖြင့်ငင်း ယုတ်နိမ့်ရာဘဝသို့ တဖန်ပြန်ရောက်မှု မရှိကြကုန်မူ၍ တဘုံထက်တဘုံ တဘဝထက် တဘဝ မြင့်မြတ်ရာဘဝသို့ ဆက်တက်မှုတလမ်းသာ ရှိကြကုန်သည်ဖြစ်၍ ဘဝမျှားစွာ ကမ္ဘာ မျှားစွာ တရွေ့ရွေ့ဆန်တက်၍ သွားကြလေကုန်ရာ အမြတ်ဆုံးဘုံ အမြတ်ဆုံးဘဝသို့ ရောက်ကြကုန်သောအခါ ခန္ဓာငါးပါးကို စွန့်၍ အနုပါဒိသေသနိဗ္ဗာန်သို့ ကူးကြကုန်လတ္တံ့။

ဤသို့ အနုပါဒိသေသနိဗ္ဗာန်တိုင်အောင် တဖြောင့်တည်း တတန်းတည်း ဆန်တက်၍ သွားမှုကို ဓမ္မသောတခေါ်သည်။

ယင်းသောတသည်—

၁။ သမ္မာဒိဋ္ဌိသောတ၊

၂။ သမ္မာသင်္ကပ္ပသောတ၊

၃။ သမ္မာဝါစာသောတ၊

၄။ သမ္မာကမ္မန္တသောတ၊

၅။ သမ္မာအာဇီဝသောတ၊

၆။ သမ္မာဝါယာမသောတ၊

၇။ သမ္မာသတိသောတ၊

၈။ သမ္မာသမာဓိသောတအားဖြင့် ရှစ်ပါးရှိ၏။

၁။ သမ္မာဒိဋ္ဌိသောတ

ထိုရှစ်ပါးတို့တွင် သမ္မာဒိဋ္ဌိသောတဆိုသည်ကား သင်္ကာယဒိဋ္ဌိအနုသယ နှိုင်ငံကြီး ပျက်စီးကုန်ဆုံးသောအခါ၌ ထိုသင်္ကာယဒိဋ္ဌိနှိုင်ငံကြီး အရာမှာ သစ္စာလေးပါးကို အလင်းမြင်နိုင်သော သမ္မာဒိဋ္ဌိနိုင်ငံကြီးဖြစ်၍ တည်လေ၏။ တည်ဦးလုံး မှောင်အမိုက်ဘို၏တည်ရာ၌ နေထုတ်၍လာသောအခါ နေရောင် အလင်းဖြစ်၍ တည်သကဲ့သို့ ဖြစ်၏။ ထိုသမ္မာဒိဋ္ဌိအလင်းနိုင်ငံကြီးသည် အနုပါဒိသေသနိဗ္ဗာန်ငံစံရာ ဘဝတိုင်အောင် ဘဝမျှားစွာ ကမ္ဘာအဆက်ဆက် တည်လေတော့သည်။ တဘဝထက်တဘဝ ထွန်းလင်းစည်ကား၍ သွားတော့သည်။

လောက၌ အမိဝမ်းမှ မွေးဖွားစဉ်အခါ အန္ဓရာယ်ကပ်ငြို၍ မျက်စိနှလုံး ထူထပ်စွာ တိမ်သလာဖုံး၍ အလင်းကိုမျှ မမြင်ရဘူးသောသူမှာ ဝိဇ္ဇာမယ= အတတ်ပညာဖြင့် ပြုအပ်သော ဆေးကောင်း မျက်စဉ်းကောင်းနှင့် တွေ့၍ တိမ်သလာ အကုန်ကွာပျောက်သည်နှင့် တပြိုင်နက် မျက်စိအမြင်နှင့်ပြည့်စုံသော သူကောင်းပကတိ ဖြစ်၏။ အသက်ထက်ဆုံး မြေမိုးကောင်းကင် နေလ နက္ခတ် အရပ်ဆယ်မျက်နှာ အလင်းပင့်၏။ ဘယ်အခါမဆို ကြည့်ရှုလိုသောအခါ မြင်နိုင်၏။

ဤဥပမာကဲ့သို့ ထိုသောတာပန်အရိယာတို့သည် ဖြစ်လေရာရာဘဝ အဆက် ဆက်တို့၌ လက္ခဏာရေးသုံးပါး, သစ္စာလေးပါး တရားတို့သည် အလင်းပင့်ကုန်၏။ ကြည့်လို မြင်လို ဆင်ခြင်လိုသောအခါ ကောင်းကင်နေလတ်ကိုကဲ့သို့ ထင်ထင် ရှားရှား မြင်နိုင်ကြကုန်၏ဟူလို။ (ဤကား သမ္မာဒိဋ္ဌိသောတ တည်ထောင်ပုံ ဖြစ်၏။)

၂။ သမ္မာသက်ပွသောတ

သမ္မာဒိဋ္ဌိဿ သမ္မာသက်ပွေါ ပဟော်တိ။

သမ္မာဒိဋ္ဌိဿ၊ သမ္မာဒိဋ္ဌိဉာဏ်အမြင် တည်ထောင်မိသော အရိယာပုဂ္ဂိုလ်အား။ သမ္မာသက်ပွေါ၊ ကောင်းမြတ်သော အကြံအစည်သည်။ ပဟော်တိ၊ ဖြစ်၏။ (မဟာဝဂ္ဂသံယုတ်ပ၊ဋ္ဌိတော် စာမျက်နှာ ၂။)

သမ္မာဒိဋ္ဌိနိုင်ငံကြီး အမြဲတည်သည်ရှိသော် ထိုသောတာပန်ပုဂ္ဂိုလ်တို့အား ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း အကြံအစည်မျိုး, သတ္တဝါတဦးကို မပျက်စီးစေလိုသော အကြံအစည်မျိုးဟူသော သမ္မာသက်ပွနိုင်ငံကြီးသည်လည်း အနုပါဒိသေသပရိနိဗ္ဗာန်ဝင်စံရာ ဘဝတိုင်အောင် ဘဝများစွာ ကမ္ဘာအဆက်ဆက် တည်ထောင်ဖြစ်ပွါး တဘဝထက်တဘဝ စည်ကား၍ သွားလေတော့သည်။ (ဤကား သမ္မာသက်ပွသောတ တည်ထောင်ပုံဖြစ်၏။)

၃။ သမ္မာဝါစာသောတ

သမ္မာသက်ပွဿ သမ္မာဝါစာ ပဟော်တိ။

ဟူသော ယင်း ပါဠိတော်နှင့်အညီ ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သော အကြံအစည်မျိုး, သတ္တဝါတဦးကို ချမ်းသာစေလိုသော အကြံအစည်မျိုး အမြဲတည်သည်ရှိသော် ဝစီဒုစရိုက်=နှုတ်ဖြင့်မကောင်းသဖြင့် ပြုအပ်သောအကျင့်တို့မှ လွတ်ကင်းစင်ကြယ် ကြည်ညိုဘွယ်သော ဝစီကံ နှုတ်မှုတို့သည်လည်း အမြဲအစဉ် တည်ထောင်စည်ကား၍ သွားကုန်တော့သည်။ (ဤကား သမ္မာဝါစာသောတ တည်ထောင်ပုံဖြစ်၏)။

၄။ သမ္မာကမ္မန္တသောတ

"သမ္မာဝါစဿ သမ္မာကမ္မန္တော ပဟော်တိ"—

ဟူသော ယင်း ပါဠိတော်နှင့်အညီ ဝစီဒုစရိုက်တို့မှ လွတ်ကင်းစင်ကြယ် ကြည်ညိုဘွယ်သော ဝစီကံနှင့် အမြဲအစဉ် ပြည့်စုံကြကုန်သည်ရှိသော် ထို့ထက် ရုန့်ရင်းသော ကာယဒုစရိုက်=ကိုယ်ဖြင့် မကောင်းသဖြင့် ပြုအပ်သော အကျင့်တို့မှ လွတ်ကင်းစင်ကြယ် ကြည်ညိုဘွယ်သော ကာယကံ ကိုယ်ဖြင့် ပြုအပ်သော အမှုတို့သည်လည်း အမြဲအစဉ် တည်ထောင်စည်ကား၍ သွားကုန်တော့သည် (ဤကား သမ္မာကမ္မန္တသောတ တည်ထောင်ပုံ ဖြစ်၏)။

၅။ သမ္မာအာဇီဝသောတ

"သမ္မာကမ္မန္တဿ သမ္မာအာဇီဝေါ ပဟောတိ"—

ဟူသော ယင်း ပါဠိတော်နှင့်အညီ အမြင် အကြံ ကာယကံ ဝစီကံ စင်ကြယ်ကြကုန်သည်ရှိသော် ယုတ်ညံ့သော အသက်မွေးမှုတို့သည်လည်း အစဉ် ထာဝရ စင်ကြယ်ကြကုန်တော့သည်။ (ဤကား သမ္မာအာဇီဝသောတ တည်ထောင်ပုံ ဖြစ်၏)။

၆။ သမ္မာဝါယာမသောတ

"သမ္မာအာဇီဝဿ သမ္မာဝါယာမော ပဟောတိ"—

ဟူသော ယင်း ပါဠိတော်နှင့်အညီ အမြင် အကြံ ကာယကံ ဝစီကံ အာဇီဝ စင်ကြယ်ကြကုန်သည်ရှိသော် ဒုစရိုက် ဒုရာဇီဝ=မကောင်းသဖြင့် အသက်မွေးခြင်းတို့မှ စင်ကြယ်သော ဝီရိယမှုတို့သည် အမြဲတည်ကုန်တော့သည်။ (ဤကား သမ္မာဝါယာမသောတ တည်ထောင်ပုံ ဖြစ်၏)။

၇။ သမ္မာသတိသောတ

"သမ္မာဝါယာမဿ သမ္မာသတိ ပဟောတိ"—

ဟူသော ယင်း ပါဠိတော်နှင့်အညီ သီလ သမာဓိ ပညာမှုတို့၌ စွဲမြဲသော သမ္မာသတိ မှုင်လည်း တဘဝတခြား စည်ကား၍ သွားတော့သည်။ (ဤကား သမ္မာသတိသောတ တည်ထောင်ပုံ ဖြစ်၏)။

၈။ သမ္မာသမာဓိသောတ

"သမ္မာသတိဿ သမ္မာသမာဓိ ပဟောတိ"—

ဟူသော ယင်း ပါဠိတော်နှင့်အညီ သီလ သမာဓိ ပညာမှုတို့၌ တည်ကြည်သော စိတ်ကို လွန်စွာ အစိုးရသော သမ္မာသမာဓိမဂ္ဂင်လည်း အစဉ်အမြဲ စည်ကား၍ သွားတော့သည်။ (ဤကား သမ္မာသမာဓိသောတ တည်ထောင်ပုံ ဖြစ်၏)။

ဤကား သောတာပန်အဖြစ်သို့ ရောက်သည်မှစ၍ အနုပါဒိသေသပရိနိဗ္ဗာန်ဝင်စံရာ ဘဝတိုင်အောင် ဘဝများစွာ ကမ္ဘာ အဆက်ဆက် မဂ္ဂင်ရှစ်ပါး တရားအယဉ်တည်းဟူသော ဓမ္မသောတ တည်ထွန်း၍ သွားပုံ ဖြစ်၏။

ထွက်သက် ဝင်သက် အစရှိသော ကိုယ်အင်္ဂါတို့၌ ကာယဂတာသတိ ကိုယ်၌ဖြစ်သော သတိကို တည်ထောင်မိသည်မှစ၍ ထိုကဲ့သို့ အစဉ် တိုးတက်၍ သွားမှု ရှိခြားသော်လည်း နိယာမအဖြစ်သို့ မရောက်သေးသောကြောင့် အရိယသောတ

မဟုတ်သေးပါ၊ သောတာပတ္တိမဂ်သည် ထို အရိယသောတ၏ အစအဦး ပေတည်း။ ထို ပုဂ္ဂိုလ်တို့သည် သောတာပတ္တိမဂ်သို့ ရောက်သည်နှင့်တပြိုင်နက် ထို အရိယသောတ နယ်ပယ်တွင်းသို့ ရောက်ကြလေကုန်သည်။ ထို့ကြောင့်—

သောတံ အာဒိတော ပဇ္ဇိ·သု ပါပုဏိ·သူတိ သောတာပန္နော—

ဟူ၍ ဖွင့်ဆိုကြကုန်၏။

ယေ၊ အကြင် သူတို့သည်။ သောတံ၊ အရိယသောတသို့။ အာဒိတော၊ အစစ္စာ။ ပဇ္ဇိ·သု ပါပုဏိ·သု၊ ရောက်ကြကုန်ပြီ။ ဣတိတသ္မာ၊ ထိုသို့ အရိယ-သောတသို့ အစစ္စာ ရောက်ကြကုန်ပြီးသည်၏ အဖြစ်ကြောင့်။ တေ၊ ထို သူတို့သည်။ သောတာပန္နာ၊ သောတာပန် မည်ကုန်၏။

ဤ မဂ္ဂင်ရှစ်ပါး မြတ်တရားနှင့်ပြည့်စုံသူကို သောတာပန်ဟု ဟောတော်မူ၏။ သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါးကို သောတဟု ခေါ်၏။ သ·ပ္ပုရိသသံသေဝစသည်ကို သောတာပတ္တိယင်္ဂ ခေါ်၏။ ဤကား ပါဠိတော်နည်းအတိုင်း သောတမည်ပုံ သောတာပန်မည်ပုံ သောတာပတ္တိယင်္ဂမည်ပုံ အမြွက်တည်း။ အဋ္ဌကထာ၌ကား—

သပ္ပုရိသေ သေဝန္တော ဘဇန္တော ပယိရုပါသန္တော ဓမ္မံ သုဏန္တော ယောနိသော မနသိကရောန္တော ဓမ္မာနုဓမ္မံ ပုဗ္ဗဘာဂပဋိပဒံ ပဋိ-ပဇ္ဇန္တော သောတာပတ္တိ· ပဋိလဘတီတိ သပ္ပုရိသသံသေဝါဒယော သောတာပတ္တိအင်္ဂါယ အင်္ဂီ သောတာပတ္တိယင်္ဂ· နာမ။ ဤတရေ ပဌမသခ်္ခါတာယ သောတာပတ္တိယာ အင်္ဂီပိ သောတာပတ္တိယင်္ဂ·။ ပဋိဝိဒ္ဓသောတာပတ္တိမဂ္ဂဿ သောတာပတ္တိမဂ္ဂေါ အင်္ဂီပိ သောတာ-ပတ္တိယင်္ဂ·။

ဟူ၍လည်း သောတာပန်ပုဂ္ဂိုလ် အင်္ဂါတို့ကို ဝစနတ္ထ အာဒေးဖြင့် ဖွင့်ဆို တော်မူကြကုန်၏။

သောတာပန်တို့၏သဘော

သောတာပန် ပုဂ္ဂိုလ်တို့သည် အရိယသောတနယ်တွင်းသို့ ရောက်ကုန်သည်နှင့်တပြိုင်နက် ပုထုဇဉ်ဘုံကို လွန်မြောက်ကြကုန်၏။ လောကီဘုံသား မဟုတ်ကြတော့ချေ။ လောကုတ္တရာဘုံသား ဖြစ်ကြလေသည်။ ဝဋ်ဆင်းရဲ၌ ဖြစ်သော ဘုံသား မဟုတ်ကြတော့ကုန်ပြီ။ နိဗ္ဗာန်ဘုံသား ဖြစ်ကြတော့၏။ ဘဝ အဆက်ဆက် ပဌမနိဗ္ဗာန် နယ်တွင်းမှ မထွက်ကြရတော့ကုန်။ သက္ကာယဒိဋ္ဌိ အနုသယ နိုင်ငံကြီးသို့ တဖန်ပြန်ရောက်မှု ပုထုဇဉ်အဖြစ်သို့ တဖန်ပြန်ရောက်မှု မရှိတော့ပြီ ဟူ၏။

သဉ္ဉပါဒိသေသ တဏှာစသည် တို့က အကျိုး၏ အဖြစ်ဖြင့် ယူအပ်သော ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ် အကြင်း အကျန် ရှိသော ပဌမ နိဗ္ဗာန်ကြီး၌ အမြဲတည်ကြကုန်၍ အလိုရှိရာ ကောင်းမြတ်ရာ လူ့ခြမ်းသာ နတ်ခြမ်းသာ ဖြဟ္မာခြမ်းသာတို့ကို ကမ္ဘာအဆက်ဆက် ခံစားစံစား၍ သွားကြရကုန်၏။

မဂ္ဂင်ရှစ်ပါးတရားတို့သည် အရိယာပုဂ္ဂိုလ်အား လောကုတ္တရာမဂ်ဓဏ ဖိုလ်ဓဏတို့၌သာ တပေါင်းတည်းဖြစ်ကြလေသည်။ လောကီကုသိုလ် ဓဏတို့၌မူကား သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝဟူသော သီလမဂ္ဂင် သုံးပါးတို့သည် သီလကုသိုလ်နှင့်သာ ယှဉ်ကုန်၏။

သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိဟူသော သမာဓိမဂ္ဂင်သုံးပါး၊ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ ဟူသော ပညာမဂ္ဂင် နှစ်ပါတို့သည်ကား ကုသိုလ်အမျှားနှင့်ပင် ယှဉ်ကုန်၏။ သီလမဂ္ဂင်သုံးပါးတို့သည် သီလကုသိုလ်နှင့်သာ ယှဉ်ကုန်ကြား သော်လည်း အဝိတိက္ကမသီလ မလွန်ကျူးအပ်သော သဘာ အနေအားဖြင့် အရိယာပုဂ္ဂိုလ်တို့၌ ဘဝမျှားစွာ ကမ္ဘာအဆက်ဆက် အခိုင်အမြဲ တည်ကုန်၏။

မဂ္ဂင်ရှစ်ပါး ပြီး၏။

သောတာပန်သုံးမျိုး

သောတာပန်ပုဂ္ဂိုလ်သည်—

၁။ ကေဝဋ္ဋီ သောတာပန်၊

၂။ ကောလံကောလ သောတာပန်၊

၃။ သတ္တက္ခတ္တုပရမ သောတာပန် အားဖြင့် သုံးမျိုးရှိ၏။

ထိုသုံးမျိုးတို့တွင်—

၁။ ကာမ သုဂတိ ခုနစ်ဘုံ၌ တကြိမ်မျှသာ ပဋိသန္ဓေ မျိုးစေ့ကြောင့် ခန္ဓာဖြစ်၍ အရဟတ္တဖိုလ်သို့ ရောက်၏။ ဤပုဂ္ဂိုလ်သည် **"ကေဝဋ္ဋီ သောတာပန်"** မည်၏။

၂။ ကာမသုဂတိ ခုနစ်ဘုံ၌ ခြောက်ကြိမ် သော်၎င်း ငါးကြိမ် သော်၎င်း လေးကြိမ်သော်၎င်း သုံးကြိမ်သော်၎င်း နှစ်ကြိမ်သော်၎င်း ပဋိသန္ဓေနေရသော သောတာပန်ပုဂ္ဂိုလ်သည် **"ကောလံကောလ သောတာပန်"** မည်၏။

၃။ ကာမသုဂတိဘုံ၌ ခုနစ်ကြိမ်အလွန်ဆုံး ပဋိသန္ဓေ ယူရသော သောတာပန်ပုဂ္ဂိုလ်သည် **"သတ္တက္ခတ္တုပရမ သောတာပန်"** မည်၏။

ထိုသောတာပန် ပုဂ္ဂိုလ်တို့တွင် သတ္တက္ခတ္တု ပရမ သောတာပန် ပုဂ္ဂိုလ်သည် အညံ့ဆုံး အောက်တန်းအကျဆုံးဖြစ်၏။ထိုအညံ့ဆုံးသော သောတာပန်အရိယာသာဝကဟု ဘုရားရှင်က မှတ်မှောက်ဘဝ၌ ရအပ်သော ဒိဋ္ဌလက်တွေ့ဖြစ်သော မင်္ဂလာအကျိုးကြီးကျယ်ကြောင်း (မဟာဝဂ္ဂ သံယုတ် နခသီခသုတ်၌)ဤသို့ ဟောကြားတော်မူသည်။

မြတ်စွာဘုရားသည် လက်သည်းဖျားပေါ်၌ အနည်းငယ်မျှသော မြေမှုန့်ကို တင်ပြီးလျှင် ရဟန်းတို့ကို ခေါ်၍ မိန့်တော်မူသည်မှာ—

ချစ်သားရဟန်းတို့ ငါဘုရား၏ လက်သည်းတော်ဖျားခွံ တင်ထား အပ်သော အကြင်မြေမှုန့်သည်လည်း ရှိ၏၊ ဤမဟာပထဝီမြေကြီးသည်လည်း ရှိ၏၊ ဤနှစ်ပါးတို့တွင် အဘယ်အရာက များသနည်း ဟူ၍ မေးတော်မူ၏။

ထိုအခါရဟန်းတို့က အရှင်ဘုရား အကြင် မဟာပထဝီ မြေကြီးသည် ရှိ၏၊ ထိုမဟာပထဝီ မြေကြီး သည်သာလျှင် များပြားပါသည်။ မြတ်စွာ ဘုရား၏ လက်သည်းဖျား ပေါ်၌ တင်ထားအပ်သော ဤ မြေမှုန့်သည်ကား အနည်းငယ်မျှသာဖြစ်ပါသည်ဘုရား ဟူ၍ လျှောက်ထားကြကုန်၏။

ထိုသို့ လျှောက်ထားသောအခါ မြတ်စွာဘုရားက ချစ်သား ရဟန်းတို့ ဤ ဥပမာ အတိုင်းပင်လျှင် လောကုတ္တရာပညာနှင့်ပြည့်စုံသော တရားအထူးကို သိမြင် ပေါက်ရောက်ပြီးသော သောတာပန်ပုဂ္ဂိုလ်အား အကြင်ကုန်ပြီးသော ဝဋ်ဆင်းရဲသည် ရှိ၏။ ထိုကုန်ပြီးသော ဝဋ်ဆင်းရဲသည်သာလျှင် အလွန်များပြားလှစွာ၏။ ကြွင်းကျန်သော ဝဋ်ဆင်းရဲသည်ကား အနည်းငယ်မျှသာ ဖြစ်သည်ဟု ဟောကြားတော်မူ၏။ ဤကား သတ္တက္ခတ္တုပရမဟု ဆိုအပ်သော အရိယာသာဝက အညံ့စားကို ရည်ရွယ်၍ ဟောတော်မူအပ်သော စကား ဖြစ်ပေသည်။ ထို့ထက် မြင့်မြတ်သော အဆက်အဆက်ဖြစ်သော အရိယာသာဝကတို့၏ ကုန်ပြီးသော ဝဋ်ဆင်းရဲ၏ များပြားပုံ, ကြွင်းကျန်သော ဝဋ်ဆင်းရဲ၏ နည်းပါးပုံကိုမူကား အထူးဆိုဘွယ် မရှိပေ။ ဤဆိုခဲ့ပြီးသော သုတ်ဖြင့်ပင်လျှင် ဆင်ခြင် သိသာထိုက်ပေ၏။

မြတ်စွာဘုရား၏ သာသနာတော်၌ တရားထူးရခြင်းသည် ဤမျှလောက် အကျိုးကြီးလေ၏။ဤဆိုအပ်ပြီးသော စကားရပ်သည်ကား ကာမဘုံ၌ စျာန်မရသော အရိယာသာဝက သာမညတို့အတွက် ဆိုအပ်သော စကားဖြစ်သည်။ အကြင်အရိယာသာဝကတို့သည် စျာန်ကိုရ၍ ဤလူ့ပြည်မှ စုတေကြကုန်သည် ရှိသော် ဗြဟ္မာ့ပြည်တို့၌ ဖြစ်ကြလေကုန်၏။ ထို့သို့သဘောရှိသော သောတာပန် အရိယာတို့အတွက် ဟောကြားတော်မူအပ်သော သုတ်တို့သည်လည်း များစွာ ရှိကြကုန်၏။

အကြင်ပုဂ္ဂိုလ်သည် ဤလောက၌ လောကီစျာန်အဘိညာဉ်ရ၍ မေတ္တာတရားနှင့် ပြည့်စုံ၏။ မေတ္တာတရားကို သာယာမြတ်နိုး လိုလား၏၊ ထိုပုဂ္ဂိုလ် သေပြီးသည်ရှိသော် ဗြဟ္မာ့ပြည်သို့ ရောက်ရ၏။ ဗြဟ္မာ့ပြည်၌ အသက်တမ်း ရှိသည့်အတိုင်း နေရ၍ စုတေသေလွန်သောအခါ ငရဲဘုံ, တိရစ္ဆာန်ဘုံ, ပြိတ္တာဘုံများသို့ သောတာပန်မဟုတ်သည့်အတွက် လားရာဖြစ်ရသေး၏။ ထို့ကြောင့် အင်္ဂုတ္တရနိကာယ် ဘယဝဂ်၌ ဤသို့ ဟောကြားတော်မူ၏။

ချစ်သားရဟန်းတို့ – ဤလောက၌ အခြို့သောပုဂ္ဂိုလ်သည် မေတ္တာစိတ်ဖြင့် သတ္တဝါအားလုံးတို့အပေါ်၌ ပို့နှံ့ပွါးများ၍ နေ၏။ ထိုပုဂ္ဂိုလ်သည် မိမိရရှိဝင်စား၍နေသော မေတ္တာစျာန်ကို သာယာ၏။ မေတ္တာစျာန်၌ တည်လျက် စုတေသေလွန်ခဲ့သည်ရှိသော် ပဌမစျာန်ဗြဟ္မာ့ဘုံ၌ ဖြစ်လေ၏။ ပဌမစျာန် ဗြဟ္မာတို့၏ အသက်တမ်းသည် တကမ္ဘာရှိ၏။ ကရုဏာ, မုဒိတာ, ဥပေက္ခာ စျာန်များ၌တည်လျက် စုတေသေလွန်ခဲ့သည်ရှိသော် အာဘဿရဗြဟ္မာဘုံ, သုဘကိဏ္ဏဗြဟ္မာဘုံ, ဝေဟပ္ဖလ်ဗြဟ္မာဘုံတို့၌ ဖြစ်ကြလေ၏။ အာဘဿရ ဗြဟ္မာတို့၏ အသက်တမ်းသည် နှစ်ကမ္ဘာရှိ၏။ သုဘကိဏ္ဏဗြဟ္မာတို့၏ အသက်တမ်းသည် လေးကမ္ဘာရှိ၏။ ဝေဟပ္ဖလ်ဗြဟ္မာတို့၏ အသက်တမ်းသည် ငါးကမ္ဘာရှိ၏။

ဤလောက၌ အခြို့သောပုဂ္ဂိုလ်သည် ပဌမစျာန်, ဒုတိယစျာန်, တတိယစျာန်, စတုတ္ထစျာန်များကို ရရှိဝင်စား၍ နေ၏၊ ထိုပုဂ္ဂိုလ်သည် မိမိရရှိဝင်စား၍နေသော ပဌမစျာန်, ဒုတိယစျာန်, တတိယစျာန်, စတုတ္ထစျာန်များကို သာယာ၏။ ထိုစျာန်များ၌တည်လျက် စုတေသေလွန်ခဲ့သော ပဌမစျာန်ဗြဟ္မာ စသည်၌ အသက်တမ်းရှိသည်အလျောက် နေကြရ၏။ ထိုဗြဟ္မာဘုံများ၌ ပုထုဇဉ် ဖြစ်ခဲ့လျှင် အသက်တမ်းရှိသည့်အတိုင်း တည်နေ၍ စုတေသေလွန်သောအခါ ငရဲဘုံသို့လည်း လားရလေ၏၊ တိရစ္ဆာန်ဘုံသို့လည်း လားရလေ၏၊ ပြိတ္တာဘုံသို့လည်း လားရလေ၏။

ဤလောက၌ အခြို့သောပုဂ္ဂိုလ်သည် ပဌမစျာန်, ဒုတိယစျာန်, တတိယစျာန်, စတုတ္ထစျာန်များကို ရရှိဝင်စား၍ နေ၏၊ ထိုပုဂ္ဂိုလ်သည် မိမိရရှိဝင်စား၍နေသော ပဌမစျာန်, ဒုတိယစျာန်, တတိယစျာန်, စတုတ္ထစျာန်များကို သာယာ၏။ ထိုစျာန်များ၌တည်လျက် စုတေသေလွန်ခဲ့သော ပဌမစျာန်ဗြဟ္မာ စသည်၌ အသက်တမ်းရှိသည်အလျောက် နေကြရ၏။ ထိုဗြဟ္မာဘုံများ၌ ပုထုဇဉ်ဖြစ်ခဲ့လျှင် အသက်တမ်းရှိသည့်အတိုင်း တည်နေ၍ စုတေသေလွန်သောအခါ ငရဲဘုံသို့လည်း လားရလေ၏၊ တိရစ္ဆာန်ဘုံသို့လည်း လားရလေ၏၊ ပြိတ္တာဘုံသို့လည်း လားရလေ၏။

မြတ်စွာဘုရား၏ တပည့်သား အရိယာသာဝက သောတာပန်ပုဂ္ဂိုလ်သည် မူကား ထိုဗြဟ္မာဘုံ၌ အသက်တမ်းရှိသည့်အတိုင်း တည်နေရပြီးလျှင် ဗြဟ္မာဘုံ၌ပင်လျှင် ပရိနိဗ္ဗာန်ပြုလေ၏။ အို ရဟန်းတို့ – ဤဆိုအပ်ပြီးသော စကားတော်သည်ကား သူတော်ကောင်းတရားကို ကြားနာရခြင်းမရှိသော ပုထုဇဉ်ပုဂ္ဂိုလ်, စျာန်ရသောပုဂ္ဂိုလ်တို့နှင့် သောတာပန်အရိယာပုဂ္ဂိုလ်တို့၏ ထူးခြားပုံများတည်း။

စကြဝဠတေးမင်း, လူမင်း, နတ်မင်း, ဗြဟ္မာမင်းတို့သည် စကြဝဠာအပြည့် ရွှေစေတီ, ငွေစေတီ, မြစေတီစသော ကုသိုလ်ကောင်းမှုတော်ကို ပြုလုပ်ပါသော်လည်း သောတာပန်မဖြစ်လျှင် အပါယ်ငရဲမှ မလွတ်သေးချေ။ သောတာပန်

ဖြစ်ပြီးသော ပုဂ္ဂိုလ်သည် ထိုကဲ့သို့သော ကုသိုလ်များ မပြုလုပ်သော်လည်း အပါယ်ဘုံ, တိရစ္ဆာန်ဘုံ, ပြိတ္တာဘုံ, အသုရကာယ်ဘုံများသို့ ဆဲ့ချသော်လည်း မကျတော့ချေ။ ထို့ကြောင့် သောတာပန်ဖြစ်သော ပုဂ္ဂိုလ်သည် "သောတာပန္နော ပန ပိဟိတာပါယဒ္ဒါရော ဟုတ္ဝာ" ဟူ၍ အပါယ်လေးပါး တံခါးပိတ်ကြောင်းကို ဟောတော်မူ၏။ (ဓမ္မပဒ အဋ္ဌကထာ၊ ဒုတိယ၊ ၁၂၅။)

အမြတ်ဆုံး သောတာပန်ပုဂ္ဂိုလ်

လောကုတ္တရာ၌ သောတာပတ္တိမဂ္ဂဉာန်ပုဂ္ဂိုလ်, သကဒါဂါမိမဂ္ဂဉာန်ပုဂ္ဂိုလ်, အနာဂါမိမဂ္ဂဉာန်ပုဂ္ဂိုလ်, အရဟတ္တမဂ္ဂဉာန်ပုဂ္ဂိုလ်, သောတာပတ္တိဖလဉာန်ပုဂ္ဂိုလ်, သကဒါဂါမိဖလဉာန်ပုဂ္ဂိုလ်, အနာဂါမိဖလဉာန်ပုဂ္ဂိုလ်, အရဟတ္တဖလဉာန်ပုဂ္ဂိုလ်ဟူ ရှစ်ယောက်ရှိရာ အရဟတ္တဖလဉာန်ပုဂ္ဂိုလ်က အဆက်တန်းအမြင့်ဆုံး, သောတာပတ္တိဖလဉာန်ပုဂ္ဂိုလ်က အောက်ဘန်းအကျဆုံးဖြစ်ရာ အထက်တန်း အမြင့်ဆုံးဖြစ်တဲ့ သောတာပတ္တိဖလဉာန်ပုဂ္ဂိုလ်အဖြစ်သို့ ရောက်သွားသောအခါ အပါယ်လေးဘုံမှ ကျတ်လွတ်သွားသည့်အတွက် သောတာပတ္တိဖလဉာန်ပုဂ္ဂိုလ် အမြတ်ဆုံးဟု ဆိုရချေ၏။

လောကီနှင့်ယှဉ်၍ ကြည့်ရှုသဖြင့် အောက်တန်းအကျဆုံးဖြစ်သည့် သောတာပတ္တိဖလဉာန်ပုဂ္ဂိုလ်ကို အမြတ်ဆုံးဟု ဆိုလိုက်သည်။ သကဒါဂါမ်စသော ဖိုလ်ထက် မြတ်သည်မဟုတ်ပေ။ သောတာပန်ပုဂ္ဂိုလ်သည် ပုဂ္ဂိုလ်လေးမျိုးတွင် အောက်တန်းကျ၍ သကဒါဂါမ်, အနာဂါမ်, ရဟန္တာများကို ဆင်ခြင်၍ မသိရှိနိုင်။ အထက်တန်းပုဂ္ဂိုလ်တို့ကသာ အောက်ပုဂ္ဂိုလ်များကို ဆင်ခြင်၍ သိရှိနိုင်၏။

သောတာပတ္တိဖိုလ်ကို ရသောသူသည် စကြဝဠာတစ်မင်း ဖြစ်သည်ထက်, သိကြားနတ်မင်းဖြစ်သည်ထက်, ဗြဟ္မာမင်းဖြစ်သည်ထက်, အလုံးစုံသော လူနတ်ဗြဟ္မာလောကကို အစိုးရသည်ထက် တန်ဖိုးမဖြတ်နိုင်အောင် မွန်မြတ်လှသည်။ သိမှတ်ဘွယ်ရာသာဓကကို ထုတ်ဆောင်၍ပြပါဦးအံ့—

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် အနာထပိဏ်သူဌေး၏သား ကာလကို အကြောင်းပြု၍ ဂျိုသုတ္တာန်တရားကို ဟောကြားတော်မူသည်။ မောင်ကာလသည် သဒ္ဓါတရားနှင့်ပြည့်စုံသော အနာထပိဏ်သူဌေး၏ သားဖြစ်ပါလျက် မြတ်စွာဘုရားအထံတော်သို့ မသွားဝံ့ချေ။ မြတ်စွာဘုရားအိမ်သို့ ကြွလာသောအခါ ဖူးမြော်ခြင်းငှါ မသွားပဲ နေ၏။ တရားတော်မြတ်ကိုလည်း မနာယူ၊ သံဃာတော်အရှင်မြတ်တို့၏ ဝေယျာဝစ္စ (အမှုကြီးငယ်)ကို ပြုခြင်းငှါလည်း အလိုမရှိဖြစ်ခဲ့၏။

ဖခင်အနာထပိဏ်သူဌေးသည် သားအား ဤသို့ ပြုလုပ်ပုံအခြင်းအရာကို မပြုလုပ်ရန် ပြောသော်လည်း စကားကို နားမထောင်ချေ။ ထိုအခါ သူဌေးကြီးက ငါ့သားသည် ဤမိစ္ဆာအယူကိုယူ၍ လှည့်လည်သွားလာခဲ့သည်ရှိသော် သေသောအခါ ငရဲသို့ လားရောက်လိမ့်မည်။ ငါထင်ရှားရှိပါလျက် ငါ့သားငရဲသို့ ရောက်ရခြင်းသည် မသင့်တော်ချေ။ ဤလောက၌ ဥစ္စာကိုပေးသဖြင့် မပျက်သော သတ္တဝါမည်သည် မရှိ။ ထို့ကြောင့် ဥစ္စာဖြင့် ငါ့သား၏ မိစ္ဆာအယူကို ဖျက်ဆီးအံ့ဟု ကြံစည်ပြီးကာ သားကို ဤသို့ ပြောဆိုလေသည်။ ချစ်သား ဥပုသ်နေ့၌ ကျောင်းတော်သို့သွား၍ ဘုရားရှင်၏ တရားတော်ကို ကြားနာပြီး ပြန်ခဲ့လို့ရှိလျှင် အသပြာတရာ ငါ့သားကို ပေးပါမည်၊ သွားနိုင်မည်လောဟု ပြောဆို၏။ ထိုအခါ မောင်ကာလသည် သွားနိုင်ကြောင်း သုံးကြိမ် သုံးခါ ပဋိညာဉ်ယူ၍ ဥပုသ်နေ့၌ ဇေတဝန်ကျောင်းတော်သို့ သွားခဲ့သည်။

ကျောင်းတော်သို့ ရောက်သောအခါ မောင်ကာလ တရားနာယူခြင်းမရှိပဲ ချမ်းသာစွာ အိပ်ရေးဝအောင် အိပ်ပြီးကာ နံနက်စောစော အိမ်သို့ပြန်လာခဲ့၏။ ထိုအခါ ဖခင်ဖြစ်သူ သူဌေးကြီးက ငါ့သားဥပုသ်စောင့်သုံးသည့်အတွက် စားသောက်ဖွယ်ယာဂုစသည်တို့ကို လျင်လျင်မြန်မြန် ဆောင်ခဲ့ကြလော့ဟု ပြောဆို၍ စားသောဖွယ် ယာဂုစသည်တို့ကို ပေးစေ၏။ မောင်ကာလသည် အသပြာတရာမပေးပဲနေလျှင် မစားတော့အံ့ဟု ပြောဆိုလျက် ရှေးရှုဆောင်ခဲ့သော စားဘွယ်မျိုးကို ပယ်မြင်လျက် နေသည်ရှိသော် ဖခင်သူဌေးကြီးသည် သားညှဉ်ဆဲသည်ကို သည်းမခံနိုင်သဖြင့် အသပြာတရာကို ပေးစေ၏။ မောင်ကာလသည် အသပြာထုပ်ကို လက်ဖြင့်ကိုင်လျက်သာ အာဟာရကို စားသောက်၏။

သူဌေးကြီးသည် နောက်တနေ့နံနက်၌ သားကို ဤသို့ ပြောဆိုလေသည်။ ငါ့သား မောင်ကာလ အသပြာတထောင်ငါပေးမည်။ မြဲစွာဘုရားရှေတော်၌ နေ၍ တရားဘပုဒ်ကို သင်ယူပြီးကာ လာခဲ့ရမည်ဟု ပြောဆိုစေခိုင်း၏။ မောင်ကာလသည်လည်း နံနက်မိုးသောက် ကျောင်းတော်သို့ အရောက်သွား၍ မြတ်စွာဘုရားရှေတော်မှနေပြီးကာ တရားတပုဒ်ကို သင်ယူပြီးလျှင် ထွက်ပြေးခြင်းငှါ အလိုရှိ၏။ ထိုအခါ မောင်ကာလအား မြတ်စွာဘုရားက သတိမမူပဲနေလေသည်။ မောင်ကာလသည် သင်ယူမှတ်သားပြီးသော တရားတပုဒ်ကို ကောင်းစွာမမှတ်မိသဖြင့် အထက်တရားတပုဒ်ကို သင်ယူအံ့ဟု နှလုံးသွင်းလျက် ရပ်ပြီးကာ နာကြားလေသည်။ ထိုသို့အထက်ဆုံးတရားတပုဒ်ကို သင်ယူ နာကြားစဉ်ပင် မောင်ကာလသည် သောတာပတ္တိဖိုလ်၌ တည်၍ သောတာပန် ဖြစ်သွားသည်။

သောတာပန်ဖြစ်ပြီးသော သူဌေးသား မောင်ကာလသည် နောက်တနေ့ မြတ်စွာဘုရားအမှူးရှိသော ရဟန်းအပေါင်းနှင့် အတူတကွ သာဝတ္ထိမြို့တွင်းသို့

ဝင်လေ၏။ သူဌေးကြီးသည် သားကို မြင်လျှင် ယနေ့ သား၏အခြင်းအရာကို ကြည့်ရှုမြင်ရသဖြင့် နှစ်သက်ဖွယ်ကောင်း၏ဟု ကြံစည်နေ၏။

မောင်ကာလသည်လည်း ငါ့ဖခင် ယနေ့ မြတ်စွာဘုရား၏ အထံတော်ရှေ့၌ အသပြာတို့ကို မပေးလျှင် အလွန်ပင် ကောင်းမြတ်ပါလိမ့်မည်။ အသပြာကြောင့် ငါစောင့်ရှောက်သော ဥပုသ်သီလ ဖုံးလွှမ်းပျက်စီးသွားရာ၏ဟု ကြံစည်နေ၏။ မြတ်စွာဘုရားသည် မနေ့က အသပြာရလိုမှုကြောင့် မောင်ကာလ ဥပုသ်စောင့် သုံးကြောင်း သိရှိ၏။ သူဌေးကြီးသည် မြတ်စွာဘုရားအမှူးရှိသော ရဟန်းသံဃာတော်အပေါင်းကို ယာဂုပေးလှူပြီး၍ သားအားလည်း ယာဂုပေးလှူစေသည်။ မောင်ကာလသည် ထိုင်လျက် စကားမပြောပဲ ယာဂုခဲဘွယ်ထမင်းတို့ကို စားသောက်လျက် နေ၏။ မြတ်စွာဘုရား ဆွမ်းဘုဉ်းပေးပြီးသောအခါ သူဌေးကြီးသည် သား၏အရှေ့မှာ အသပြာထောင်ထုပ်ကို ထား၍ ငါ့သား မောင်ကာလ၊ ဖခင်သည် ငါ့သားအား အသပြာတထောင်ပေးအံ့ဟု ပြောဆို၍ ဥပုသ်ဆောက်တည်ဘို့ရန် ကျောင်းတော်သို့ စေလွှတ်ခဲ့၏။ ဤအသပြာတထောင်သည် သင့်ဥစ္စာပါတည်းဟု ပြောဆိုသောအခါ မောင်ကာလသည် မြတ်စွာဘုရားရှေ့တော်၌ အသပြာထောင်ထုပ်ပေးသည်ကို မြင်၍ ရှက်နိုးလှသဖြင့် ဖခင် အသပြာဖြင့် အကျွန်ုပ်အလိုမရှိတော့ပါဟု ပြောဆိုလျက် ဘယ်လိုပင် တိုက်တွန်း၍ပေးသော်လည်း မယူပဲ နေလေ၏။

ထိုအခါ သူဌေးကြီးသည် မြတ်စွာဘုရားကို ရှိခိုး၍ ဘုန်းတော်ကြီးလှတော်မူသော မြတ်စွာဘုရား၊ ယနေ့ တပည့်တော်သား၏ ဖြစ်ပုံအခြင်းအရာကို တပည့်တော် နှစ်သက် မြတ်နိုးပါ၏ဟု လျှောက်သောအခါ သူဌေးကြီး၊ အဘယ်အကြောင်းကြောင့်နည်းဟု မြတ်စွာဘုရားက မေးလျှင် သားအား အသပြာပေး၍ ဥပုသ်စောင့်ခိုင်းပုံ အလုံးစုံကို လျှောက်ကြားလေသည်။ မြတ်စွာဘုရားသည် ဟုတ်တယ်သူဌေးကြီး၊ ယနေ့ သူဌေးကြီး၏သား မောင်ကာလအား စကြဝတေးမင်းစည်းစိမ်, နတ်စည်းစိမ်, ဗြဟ္မာစည်းစိမ်တို့ထက်လည်း သောတာပတ္တိဖိုလ်ကို ရမှု သောတာပန်ဖြစ်မှုသည် မြတ်လှ၏ဟု၍ ဂါထာကို ဟောကြားလေသည်။

ပထဗျာ ကေရဇ္ဇေန၊ သဂ္ဂဿ ဂမနေန ဝါ။
သဗ္ဗလောကာဓိပစ္စေန၊ သောတာပတ္တိဖလံ ဝရံ။

(ဓမ္မပဒအဋ္ဌကထာ၊ ဒုတိယအုပ်-၁၂၄)။

သောတာပတ္တိဖလံ၊ သောတာပတ္တိဖိုလ်ကို ရသောသူသည်။ ဝါ၊ သောတာပန်ပုဂ္ဂိုလ်သည်။ ပထဗျာ၊ လေးကျွန်းလုံးကို။ ဇကရဇ္ဇေန၊ တယောက်တည်း စကြဝတေးမင်းအဖြစ်ကို ရသည်ထက်ဝင်း။ သဂ္ဂဿ ဂမနေန ဝါ၊ နတ်ပြည်ကို အစိုးရ

သော နတ်သိကြားမင်းစည်းစိမ်ထက်၎င်း။ သဗ္ဗလောကာဓိပစ္စေန၊ အလုံးစုံသော လူ နတ် စည်းစိမ်ကို အစိုးရသည်ထက်၎င်း။ ဝရုံ၊ မြတ်လှ၏ ဝါ-စကြာသိကြား နတ် ဗြဟ္မာ သူဌေး သူကြွယ် ပဒေသရာဇ် ကေရာဇ်မင်းတို့သည် ပြုအပ်သော ကံအားလျော်စွာ အကြိမ်ကြိမ်အခါခါ မရေမတွက်နိုင်သော သူဌေး သူကြွယ် ပဒေသရာဇ် ကေရာဇ် စကြဝတေး သိကြား ဗြဟ္မာ ဘယ်လိုပင်ဖြစ်ရပါသော်လည်း အကြိမ်ကြိမ် အဖန်ဖန် အပါယ်လေးပါးသို့ ပြန်ကျရသဖြင့် အပါယ်လေးပါး လက်ထဲမှ မလွတ်နိုင် မထွက်နိုင်ကြသည်ကား ကေန်မုချပင်ဖြစ်၏။ ဒိဋ္ဌဝိစိကိစ္ဆာကင်းသည့် သောတာပန် ဖြစ်သွားသည်နှင့် တပြိုင်တည်း အပါယ်လေးပါး တို့မှ ကင်းသွားသည် အမှန်ဖြစ်သောကြောင့် သောတာပတ္တိဖိုလ်သာ (ဝါ) သောတာပန် ဖြစ်ခြင်းကသာ အမြတ်ဆုံး အသာဆုံးအကောင်းဆုံး ဖြစ်ပေ၏။ (ဤကား နည်းယူမှတ်သားစရာ ဝတ္ထုသာဓကဖြစ်၏။)

ဒါနကုသိုလ် မျှားစွာ ပြုလုပ်သော်လည်းကောင်း, သီလကုသိုလ် မျှားစွာ ဆောက်တည်သော်လည်းကောင်း, ဘာဝနာကုသိုလ်ကို အင်္ဂါလေးပါးရှိသော ဝီရိယဖြင့် အားထုတ်သော်လည်းကောင်း, ဓုတင်တေရသဆောင်သော်လည်းကောင်း, သာရဏီယဝတ်ဖြည့်ကျင့်သော်လည်းကောင်း, ပိဋ္ဌကတ်သုံးပုံနိကာယ်ငါးရပ်ကို ဆောင်သော်လည်းကောင်း, အမြဲစာပေပို့ချနေသော်လည်းကောင်း သောတာပန်မဖြစ်သရွေ့ အပါယ်လေးပါးမှ မလွတ်သေးချေ။ ထိုပြုလုပ်သမျှ ကုသိုလ်တို့သည်ကား နိဗ္ဗာန်တည်းဟူသော ပန်းတိုင်သို့ ရောက်ရှိဘို့ရန်, အယုတ်ဆုံး အပါယ်လေးပါးမှ လွတ်မြောက်ပြီး သောတာပန်စခန်းသို့ ရောက်ရှိဘို့ရန် ပြုလုပ်ကြရခြင်း ဖြစ်၏။

မျှားစွာပင် ကုသိုလ်ပြုသော်လည်း အပါယ်ဘေးမှ မလွတ်နိုင်လျှင် ကုသိုလ်ပြုခြင်းသည် အချည်းနှီးဟု ပြောနေကြရန်, ကုသိုလ်မပြုပဲ နေကြရန်မဟုတ်ချေ။ အကြောင်းကား ကုသိုလ်ပြုခြင်းသည် အာယတိရဲသို့ ကျရောက်စေတတ်သော အကုသိုလ်ကိုဖယ်ရှားလိုသောအားဖြင့် ပြုကြရသည်။ **"မီးနဲ့ ရေနိုင်၊ ရေနဲ့ မီးနိုင်"** ဆိုသလို မိမိတို့၏ကုသိုလ်ကံ နည်းပါး၍ အကုသိုလ်ကံ များသောကြောင့်သာ အပါယ်ဘေးရဲသို့ ရောက်ရှိကြရသည်။ အပါယ်လေးပါးကျရောက်မှာ ကြောက်လျှင် အကုသိုလ်ကိုနိုင်အောင် ဒါနကုသိုလ်, သီလကုသိုလ်, ဘာဝနာကုသိုလ် မှန်မှန်ကန်ကန် ပြုလုပ်ရမည်။ ပြုလုပ်ဖန်များ၍ သောတာပန်ဖြစ်သွားသောအခါ အပါယ်ဘေးရဲသို့ ဆွဲခြသော်လည်း မကျရောက်ဘေးတော့ချေ။

ထို့ကြောင့် လူ့ဘဝသို့ ရောက်ရှိလာကြသော လူသားအားလုံးတို့သည် အပါယ်ဘေးမှ လွတ်မြောက်နိုင်ရန် သောတာပန်ဖြစ်ဘို့ ရည်မှန်းချက်ပန်းတိုင်ကို ထားရပေလိမ့်မည်။ လူ့ဘဝမှာသာ သောတာပန်ဖြစ်ဘို့ ကျင့်ကြံအားထုတ်ရန် လွယ်ကူလှသည်။ တိရစ္ဆာန်ဘုံ, ပြိတ္တာဘုံ ငရဲဘုံ, အသုရကာယ်ဘုံ, ရောက်

သွားလျှင် ကျင့်ကြံအားထုတ်ဘို့အတွက် လုံးဝမရှိတော့ချေ။ တရားဟောပြော သောအခါ သိရှိနားလည်နိုင်သော သတ္တဝါများမဟုတ်သဖြင့် မည်မျှပင် တရားဟော ကောင်းသော်လည်း အချည်းနှီးပင်ဖြစ်၏။ ထို့ကြောင့် သူ တော်ကောင်းစိတ်ဓာတ်ရှိသော ပုဂ္ဂိုလ်တို့သည် ယခုဘဝမှာ အနည်းဆုံး သော တာပန်ဖြစ်အောင် ကျင့်ကြံအားထုတ်ကြကုန်ရာ၏။

သောတာပန် အရိယာပုဂ္ဂိုလ်တို့၏ သဒ္ဓါတရား ခိုင်မြဲပုံကို ပြဆိုရာဖြစ်သော သုပ္ပဗုဒ္ဓကုဋ္ဌိဝတ္ထု

အရိယာတို့၏ ယုံကြည်မှု ကြည်ညိုမှုသဒ္ဓါသည် လိမ်လည်ဖြားယောင်း၍ ဖျက်သော်လည်း မပျက်၊ ခြိမ်းခြောက်၍ ဖျက်သော်လည်း မပျက်ချေ။ မပျက်ပုံ ကို နည်းယူမှတ်သား သိစေရန် သုပ္ပဗုဒ္ဓကုဋ္ဌိ၏အကြောင်းကို ရေးသားပါဦးအံ့—

မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်၌ နေတော်မူစဉ် ခန္ဓာကိုယ် နှုနာရောဂါနှိပ်စက်သော သုပ္ပဗုဒ္ဓသည် မပြတ်အော်ဟစ်ပြီး ညည်းတွားနေရ၏။ အားကိုးရာမရှိ ဖြစ်နေသည်။ အလွန်ဆင်းရဲသဖြင့် ကလေးဘဝမှစ၍ တယောက် တည်း တောင်းရမ်းစားသောက်နေရ၏။ သုပ္ပဗုဒ္ဓသည် တနေ့သ၌ မြတ်စွာဘုရား တရားဟောခိုက်မှာ ပရိသတ်အစွန်၌ နေ၍ တရားနာစဉ် သောတာပန် ဖြစ် သဖြင့် မိမိရရှိသော တရားထူး တရားမြတ်ကို မြတ်စွာဘုရားအား လျှောက် ထားရန် ကြံစည်၏။ ပရိသတ်အလယ်သို့ မသွားဝံ့သဖြင့် လူအများ မြတ်စွာ ဘုရားကို ရှိခိုးပြီး ပြန်သွားသောအခါ ရောနှောပြီး အနည်းငယ် ပြန်လိုက်သွား ပြီးမှ မြတ်စွာဘုရားရှိရာ ဝေဠုဝန်ကျောင်းတော်သို့ ပြန်လာခဲ့၏။

ထိုခဏ၌ နတ်တို့ကို အစိုးရသော သိကြားမင်းသည် ဤနှုနာစွဲသော သုပ္ပ-ဗုဒ္ဓကား မိမိ ထိုးထွင်း၍ သိအပ်သော တရားထူး တရားမြတ်ကို ဘုရားရှင် သာသနာ၌ ထင်ရှားအောင်ပြလို၏ဟု ကြံစည်ပြီးကာ အဇဋာဝေဟင် ထက် ကောင်းကင်၌ ရပ်လျက် ဤသို့ ပြောလေ၏။ အို....သုပ္ပဗုဒ္ဓ သင်ဟာ အလွန် ဆင်းရဲနွမ်းပါးလှပါတယ်၊ အားကိုးရာမဲ့တဲ့ လူဖြစ်တယ်၊ သင့်အား အပိုင်းအခြား မရှိ မျှားပြားလှသည့် ရွှေငွေရတနာ ကျောက်သံပတ္တမြားတို့ကို ငါ ပေးကမ်း မစမည်၊ ဘုရားသည် ဘုရားစစ်မဟုတ် တရားသည် တရားစစ်မဟုတ် သံဃာ သည် သံဃာစစ်မဟုတ်, ငါသည် ဘုရား တရား သံဃာကို အလိုမရှိဟု ဤ စကားကို ပြောဆိုပါလေ့ဟု သိကြားမင်းက ပြောဆိုလေ၏။

ထိုအခါ သုပ္ပဗုဒ္ဓ က သင် မည်သူလဲဟု မေးသောအခါ ငါ နတ်တို့ကို အစိုးရ သော သိကြားမင်းဖြစ်၏ဟု ဖြေဆို၏။ မိုက်မဲ၍ အရှက်မဲ့တဲ့ အို သိကြား မင်း သင်ဟာ မပြောသင့်တဲ့ အပြောမျိုးကို ပြောရက်ပေတယ်၊ သင်နှင့်ငါ

စကားပြောရန်ပင် မသင့်လျော်ပါ၊ ပြီးတော့လဲ သင်က ငါ့ကို လူမဲ့ လူဆင်းရဲ ခိုကိုးရာမဲ့ဟု ပြောဆိုရက်တယ်၊ ငါဟာ လူဆင်းရဲ လူမဲ့ ခိုကိုးရာမဲ့ မဟုတ်ပါ။ အမှန်စင်စစ်အားဖြင့် ငါသည် ချမ်းသာ အထွတ် အထိပ်သို့ ရောက်သော မြတ်သော လောကုတ္တရာဥစ္စာပေါများသော သူဌေးကြီး ဖြစ်ပါသည်ဟု ပြောဆို လိုသဖြင့် ဤဂါထာတို့ကို ရွတ်ဆို၏—

သဒ္ဓါဓနံ သီလဓနံ၊ ဟိရီ ဩတ္တပ္ပိယံ ဓနံ။
သုတဓန္စ စာဂေါ စ၊ ပညာ ဝေ သတ္တမံ ဓနံ။

ယဿ ဧတေ ဓနာ အတ္ထိ၊ ဣတ္ထိယာ ပုရိသဿ ဝါ။
အဒလိဒ္ဒေါ်တိ တံ အာဟု၊ အမောဃံ တဿ ဇီဝိတံ။

သဒ္ဓါဓနံ၊ သဒ္ဓါတည်းဟူသော ဥစ္စာဂုဏ်း။ သီလဓနံ၊ သီလတည်းဟူသော ဥစ္စာဂုဏ်း။ ဟိရီဓနံ၊ ဟိရီတည်းဟူသော ဥစ္စာဂုဏ်း။ ဩတ္တပ္ပိယံ ဓနံ၊ ဩတ္တပ္ပတည်းဟူသော ဥစ္စာဂုဏ်း။ သုတဓန္စ၊ သုတတည်းဟူသော ဥစ္စာဂုဏ်း။ စာဂေါ စ၊ စွန့်ကြဲခြင်းဟူသော ဥစ္စာဂုဏ်း။ (ပဌမမဂ်ဖြင့် သူ၏ဆိုင်ရာ ကိလေသာ အဘိသင်္ခါရတို့ကို ပယ်စွန့်ခြင်းသည် စာဂမည်၏။ ဤစာဂကြောင့် အရိယာ သောတာပန်ပုဂ္ဂိုလ်တို့မှာ လှူဘွယ်ဝတ္ထုတို့ကို ပေးလှူသောအခါ၌ မုတ္တစာဂ= လွတ်လွတ်စွန့်ကြဲခြင်း ဖြစ်နိုင်ပေသည်။ မဂ်ဖြင့်ပြီးသော ဤ အဓိဂမစာဂသည် အရိယာပုဂ္ဂိုလ်တိုင်း ပြည့်စုံ၏။ သုပ္ပဗုဒ္ဓမှာလည်း ပြည့်စုံပေ၏)။

ဝေ၊ စင်စစ်။ ပညာ၊ ပညာတည်းဟူသော။ သတ္တမံ ဓနံ၊ ခုနစ်ခုမြောက်သော ဥစ္စာဂုဏ်း။ ဧတေ ဓနာ၊ ထို ခုနစ်ပါးသော ဥစ္စာတို့သည်။ ယဿ ဣတ္ထိယာ ဝါ၊ အကြင်မိန်းမ၏ သန္တာန်၌ဂုဏ်း။ ယဿ ပုရိသဿ ဝါ၊ အကြင်ယောကျ်ား၏ သန္တာန်၌ဂုဏ်း။ အတ္ထိ၊ ရှိကုန်၏။ တံ၊ မိန်းမ ယောကျ်ားကို။ အဒလိဒ္ဒေါ်တိ၊ လူဆင်းရဲ လူမဲ့မဟုတ် လူချမ်းသာဟူ၍။ အာဟု၊ ဘုရားစသော သူတော်စင် သူတော်ကောင်း သူမြတ်လောင်းတို့က ဆိုကြကုန်ပြီ။ တဿ၊ ထိုခုနစ်ပါးသော ဥစ္စာရှိသော သောတာပန် အရိယာပုဂ္ဂိုလ်၏။ ဇီဝိတံ၊ အသက်ရှင်ခြင်းကို။ အမောဃံ၊ အချည်းနှီးမဟုတ် အကျိုးများသော အသက်ရှင်ခြင်းဟူ၍။ အာဟု၊ မိန့်ဆိုကြကုန်၏။

ထိုအခါ သိကြားမင်းသည် မြတ်စွာဘုရားအထံသို့ ရှေးဦးစွာသွား၍ အကြောင်းစုံကို လျှောက်၏။ ထိုသို့လျှောက်သောအခါ မြတ်စွာဘုရားသည် သုပ္ပဗုဒ္ဓကို သင်ကဲ့သို့သော သိကြားမင်း တရာတထောင်သော်လည်း ဘုရားတရား သံဃာမဟုတ်ဟု ဖြားယောင်းခြင်းငှါ မစွမ်းနိုင်ဟု မိန့်တော်မူ၏။ နှုန်းစွဲသော သုပ္ပဗုဒ္ဓသည်လည်း မြတ်စွာဘုရားအထံတော်သို့ သွား၍ မြတ်စွာဘုရားနှင့် ဝမ်းမြောက်ဝမ်းသာ စကားပြောဆိုလျက် မိမိထိုးထွင်း၍သိအပ်သော

တရားထူးတရားမြတ်ကို လျှောက်ထားပြီးလျှင် ပြန်လာသောအခါ ရန်ငြိုးရှိသော ဘီလူးမက နွားမယောင်ဖန်ဆင်း၍ ဝှေ့သတ်သဖြင့် သေရှာလေ၏။ သေပြီးသည့်နောက် တရားနာစဉ်မှစ၍ ဖြစ်ပွားခဲ့သော သဒ္ဓါ, သီလ, သုတ, စာဂ, ပညာတို့၏အစုမ်းကြောင့်ငင်း, ယင်းသဒ္ဓါစသည်တို့နှင့် ပြည့်စုံ၍ အရိယာသောတာပန်ဖြစ်ပြီးသောကြောင့်ငင်း တာဝတိံသာနတ်ပြည်၌ တန်းခိုးကြီးမားသော နတ်သားဖြစ်လေ၏။

လူ့ပြည်၌ ဆင်းရဲနွမ်းပါးသော လောကီပစ္စည်းရှားသူဖြစ်သော်လည်း အရိယာမင်္ဂါအစုမ်းကြောင့် အချိုနတ်များထက် တန်းခိုးကြီးလျက်ရှိ၏။ ထို့ကြောင့် အချိုနတ်များက မနာလို၍ ငြူစူစောင်းမြောင်းကြသောအခါ သိကြားမင်းက အဆွေနတ်များတို့ ဤသုပ္ပဗုဒ္ဓနတ်သားကို မနာလိုဝန်တို ငြူစူစောင်းမြောင်းခြင်း မရှိကြကုန်လင့်။ သူသည် လူ့ဘဝက မြတ်စွာဘုရား၏သာသနာမှာ သောတာပန်အရိယာဖြစ်အောင် သဒ္ဓါစသော သူတော်ကောင်းတရားတို့ကို ဆည်းပူးခဲ့သည့်အတွက် ယခုလို တန်းခိုးကြီးမားပေသည်ဟု ဆိုးမပြောဟောလေ၏။ (ဓမ္မပဒအဋ္ဌကထာ။ ပဌမအုပ်၊ ၃၀၂-၃၀၃။)

လူ့ပြည်၌ ဆင်းရဲနွမ်းပါးသော လောကီပစ္စည်းရှားသူဖြစ်သော်လည်း အရိယာမင်္ဂါအစုမ်းကြောင့် အချိုနတ်များထက် တန်းခိုးကြီးလျက်ရှိ၏။ ထို့ကြောင့် အချိုနတ်များက မနာလို၍ ငြူစူစောင်းမြောင်းကြသောအခါ သိကြားမင်းက အဆွေနတ်များတို့ ဤသုပ္ပဗုဒ္ဓနတ်သားကို မနာလိုဝန်တို ငြူစူစောင်းမြောင်းခြင်း မရှိကြကုန်လင့်။ သူသည် လူ့ဘဝက မြတ်စွာဘုရား၏သာသနာမှာ သောတာပန်အရိယာဖြစ်အောင် သဒ္ဓါစသော သူတော်ကောင်းတရားတို့ကို ဆည်းပူးခဲ့သည့်အတွက် ယခုလို တန်းခိုးကြီးမားပေသည်ဟု ဆိုးမပြောဟောလေ၏။ (ဓမ္မပဒအဋ္ဌကထာ။ ပဌမအုပ်၊ ၃၀၂-၃၀၃။)

ဤသို့လျှင် သောတာပန်ပုဂ္ဂိုလ်များသည် ဘုရား တရား သံဃာအစစ်တို့ကို မဟုတ်ဟူ၍ငင်း, မရှိဟူ၍ငင်း ပြောဆိုစေရန်, စွန့်လွှတ်စေရန် လောကီစည်းစိမ်ဧရ ဌေရတနာ ကျောက်သံပတ္တမြားစသော ဥစ္စာတို့ဖြင့် ဘယ်လိုပင်ဖြားယောင်းသော်လည်း သောတာပန်အစစ်ဖြစ်သောသူသည် ထိုသို့သော စကားမျိုးကို မပြောဆိုသည်သာ ဖြစ်၏။ ရတနာသုံးပါးကို မတုန်မလှုပ် သက်ဝင်ယုံကြည်သဖြင့် မစွန့်လွှတ်နိုင်ပေ။

ဤသို့လျှင် သောတာပန်ပုဂ္ဂိုလ်များသည် ဘုရား တရား သံဃာအစစ်တို့ကို မဟုတ်ဟူ၍ငင်း, မရှိဟူ၍ငင်း ပြောဆိုစေရန်, စွန့်လွှတ်စေရန် လောကီစည်းစိမ်ဧရ ဌေရတနာ ကျောက်သံပတ္တမြားစသော ဥစ္စာတို့ဖြင့် ဘယ်လိုပင်ဖြားယောင်းသော်လည်း သောတာပန်အစစ်ဖြစ်သောသူသည် ထိုသို့သော စကားမျိုးကို မပြောဆိုသည်သာ ဖြစ်၏။ ရတနာသုံးပါးကို မတုန်မလှုပ် သက်ဝင်ယုံကြည်သဖြင့် မစွန့်လွှတ်နိုင်ပေ။

လိမ်လည်လှည့်ပတ်၍ ဖျက်သော်လည်း သဒ္ဓါတရားမပျက်သော အရိယာသောတာပန်တဦး၏ အကြောင်းကိုလည်း နည်းယူနိုင်စေရန် ရေးသားပါဦးအုံ-

သူရမ္ဗဋဝတ္ထု

သူရမ္ဗဋသည် ပဒုမုတ္တရမြတ်စွာဘုရား၏ လက်ထက် ဟံသာဝတီပြည် အမျိုးအိမ်မတအိမ်၌ ဖြစ်၍ ဘုရားရှင်၏တရားတော်ကို ကြားနာရသောအခါ ပဒုမုတ္တရမြတ်စွာဘုရားသည် ဒါယကာတယောက်ကို မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်းတို့တွင် ဧတဒဂ် (ဤသူသာအမြတ်ဆုံး) ရာထူးပေးသည်ကိုမြင်သဖြင့် ဘုရားရှင်အား ပူဇော်သက္ကာရပြု၍ ထိုပုဂ္ဂိုလ်ကဲ့သို့ ဖြစ်အောင် ဧတဒဂ်ရာထူးတောင်းလေ၏။ သူရမ္ဗဋသည် ကမ္ဘာတသိန်းကာလပတ်လုံး လူနတ်ငြဟ္မာတို့၌ ကျင်လည်၍ ဤဂေါတမမြတ်စွာဘုရားလက်ထက်၌ သာဝတ္ထိပြည် သူဌေးမျိုးတွင် သူရမ္ဗဋအမည်ဖြင့် ထင်ရှား၏။ အရွယ်ရောက်လာသောအခါ အိမ်ထောင်သားမွေးပြုလုပ်၍ သာသနာပ တိတ္ထိတို့၏ အလုပ်အကျွေးဖြစ်၏။

ထိုအခါ မြတ်စွာဘုရားသည် နံနက်မိုးသောက် အလင်းသို့ရောက်သောအခါ တရားရထိုက်သူတို့ကို ကြည့်ရှုတော်မူသည်ရှိသော် သူရမ္ဘဋ္ဌ၏ သောတာပန်ဖြစ်မည့်အကြောင်းကို မြင်တော်မူ၍ ဆွမ်းခံသွားသောအချိန်၌ သူရမ္ဘဋ္ဌ၏ အိမ်တံခါးသို့ ဆိုက်ရောက်၏။ ထိုသူသည် မြတ်စွာဘုရားကို ဖူးမြင်ရ၍ ကြံစည်၏။

ဂေါတမမြတ်စွာဘုရားသည် မြတ်သောအမျိုး၌ ဖြစ်၏။ လောက၌လည်း ထင်ရှားခဲ့၏။သို့အတွက်ကြောင့် မြတ်စွာဘုရားထံသို့ မသွားပဲ နေခြင်းငှါမသင့်ဟု ကြံ၍ မြတ်စွာဘုရားအထံတော်သို့ သွားပြီးလျှင် ခြေတော်အစုံကို ဦးချပြီးကာ မြတ်စွာဘုရားကိုပင့်၍ ဆွမ်းကပ်လှူ၏။ဆွမ်းဘုဉ်းပေးပြီးသောအခါ၌ သူရမ္ဘဋ္ဌ၏ စရိုက်နှင့်လျော်သော တရားဒေသနာတော်ကို ဟောကြားတော်မူသဖြင့် သူရမ္ဘဋ္ဌသည် သောတာပန်ဖြစ်လေ၏။

မြတ်စွာဘုရားသည် ကျောင်းတော်သို့ ပြန်ကြွသွားသောအခါ၌ မာရ်နတ်မင်းသည် သူရမ္ဘဋ္ဌကို စုံစမ်းလိုသောကြောင့် မြတ်စွာဘုရားနှင့်တူအောင် ဖန်ဆင်း၍ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီးကိုဆောင်လျက် သူရမ္ဘဋ္ဌ၏အိမ်တံခါးသို့ ရပ်တည်လော၏။ သူရမ္ဘဋ္ဌသည်လည်း တဖန် မြတ်စွာဘုရားကြွလာ၏ဟု ကြား၍ မြတ်စွာဘုရားတို့အား ဝင့်ဆင်းရဲမှု မထုတ်ဆောင်သော ကြွလာခြင်းမည်သည် မရှိချေ။ ဘယ်လိုအကြောင်းကြောင့် ကြွလာတော်မူသနည်းဟု စဉ်းစားပြီးကာ လျင်မြန်စွာသွား၍ မြတ်စွာဘုရားဟူသောအမှတ်ဖြင့် ဘုရားအသွင်ဖန်ဆင်းထားသော မာရ်နတ်၏အထံသို့သွားလျက် ရှိခိုးပြီးလျှင် မြတ်စွာဘုရား–အရှင်ဘုရားတို့သည် ယခုပင် ဤအိမ်၌ ဆွမ်းဘုဉ်းပေးပြီး၍ ကြွသွားပါ၏။ မည်ကဲ့သို့သော အကြောင်းကို စဲ၍ တဖန် ပြန်ကြွတော်မူလာပါသနည်းဟု လျှောက်၏။

ထိုအခါ ဘုရားအသွင် ဖန်ဆင်းထားသော မာရ်နတ်က အို ဒါယကာ သူရမ္ဘဋ္ဌ–ငါဘုရားသည် သင့်အား တရားဟောစဉ်က တခုသောတရားကို မဆင်ခြင်မိပဲ ဟောကြားမိခဲ့၏။ ဘာတရားကို မဆင်ခြင်ပဲ ဟောခဲ့မိသနည်း ဟူမူ ခန္ဓာငါးပါးကို အနိစ္စ=မမြဲ, ဒုက္ခ=ဆင်းရဲ, အနတ္တ=အစိုးမရဟု ငါဘုရား ဟောကြားမိခဲ့၏။ သို့သော်လည်း ဤခန္ဓာငါးပါးလုံးသည် အနိစ္စ, ဒုက္ခ, အနတ္တ မဟုတ်ကြပေ။ အမှန်စင်စစ်အားဖြင့် အချို့ခန္ဓာတို့က နိစ္စ, ဓုဝ, သဿတ ဖြစ်ကြပေ၏ဟု ပြောဆို၏။

ထိုအခါ သူရမ္ဘဋ္ဌသည် ဆင်ခြင်စဉ်းစား၏၊ ဤစကားသည် အလွန်ဝန်လေးသောစကား ဖြစ်ပါသည်။ မှန်၏။ ဘုရားရှင်တို့၏ စကားမည်သည်မှာ မဆင်ခြင်၍ဟောခဲ့သော နှစ်သွယ်နှစ်ခွစကား မရှိပေ။ မာရ်နတ်မင်းသည် မြတ်စွာဘုရား၏ ဆန့်ကျင်ဘက်ဟု ငါကြားသိဘူး၏။ အမှန်ပင် ဤသူသည် မာရ်နတ်ဖြစ်ပေလိမ့်မည်ဟု ဆင်ခြင်စဉ်းစားပြီးလျှင် သင်သည် မာရ်နတ် မဟုတ်လောဟု

မေးလေ၏။ သောတာပန်အရိယာ သူရမ္ဘဋ္ဌ၏ ပြောဆိုမေးမြန်းအပ်သော စကား သည် မာရ်နတ်အား ပုဆိန်ဖြင့် ထုနှက်ဘိသကဲ့သို့ ဖြစ်၏။ ထို့ကြောင့် မိမိ ဖန်ဆင်းထားသော ဘုရားအသွင်ဖြင့် တည်နေခြင်းငှါ မစွမ်းနိုင်ရကား အို သူရမ္ဘဋ္ဌ – ငါမာရ်နတ်ဖြစ်ပေ၏ဟု ဝန်ခံလေ၏။

ထိုအခါ သူရမ္ဘဋ္ဌက သင်ကဲ့သို့သောမာရ်နတ်တွေ့ တရာ တထောင်သော် လည်း ငါ၏ သဒ္ဓါတရားကို မလှုပ်ရှား မဖျက်ဆီးနိုင်ပါ။ ဆယ်ပါးသောအား ကို ဆောင်တော်မူသော မြတ်စွာဘုရားသည် ငါ့အား တရားဟောစဉ်အခါက အလုံး စုံသော ရူပ်နာမ်ဓမ္မ သင်္ခါရတို့သည် မမြဲကုန်ဟု ဟောကြားတော်မူသွားပြီ။ သင်မာရ်နတ်သည် ငါ၏ အိမ်တံခါးဦ၌ ရပ်တည်၍ မနေပါလင့်၊ အမြန်သွား ပါလော့ဟု ပြောဆိုကာ လက်ဖျစ်တီးလျက် နှင်ထုတ်လိုက်၏။ မာရ်နတ်သည် သောတာပန် သူရမ္ဘဋ္ဌ၏စကားကို ကြား၍ ဆန့်ကျင်ဘက် ပြုလုပ်သဖြင့် စကား ပြောဆိုခြင်းငှါ မတတ်နိုင်သည့်အတွက် တံခါးဝဦးပင် ကွယ်ပျောက်လေ၏။ (ပါထေယျ အဋ္ဌကထာ, ပဏ္ဏာသအဋ္ဌကထာ, အင်္ဂုတ္တိုရ်အဋ္ဌကထာ)။

ဤဘုရားရှင် သာသနာတော်၌ ရတနာသုံးပါး၏ဂုဏ်ကို အမှန်အတိုင်းသိ၍ မတုန်မလှုပ် သက်ဝင်ယုံကြည်သော ဥပါသကာဟိုတွင် သူရမ္ဘဋ္ဌကို အထူး အမြတ်ဆုံးပုဂ္ဂိုလ်ဟု မြတ်စွာဘုရားက ဒေဒဂ်အရာ၌ ထားတော်မူ၏။ အရိယာ သောတာပန်အစစ်သည် သူရမ္ဘဋ္ဌဥပါသကာကဲ့သို့ ဒေဒဂ်ရလောက်အောင် ယုံ ကြည်မှုအဆင့်အတန်းမရှိသော်လည်း ရတနာသုံးပါးဂုဏ်ကို မစွန့်လွှတ်နိုင်အောင် ခိုင်မြဲသောသဒ္ဓါနှင့် ပြည့်စုံရာ၏။ ဘယ်လိုပင် လိမ်လည်လှည့်စား ဖြားယောင်း သော်လည်း ရတနာသုံးပါးအပေါ်၌ ကြည်ညိုမှု ယုံကြည်မှု မပျက်သည်သာ ဖြစ်၏။

ယခုခေတ်၌ တရားအလုံးစုံကို သိမြင်နိုင်သော မြတ်စွာဘုရားမရှိဟူ၍၎င်း, မြတ်စွာဘုရားသည် အချို့တရားမျှားကို မသိမြင်နိုင်ဟူ၍၎င်း, မဂ်ဖိုလ်နိဗ္ဗာန် မည်သည် မရှိဟူ၍၎င်း, ဘုရားတရားသံဃာမရှိဟူ၍၎င်း, ကျင့်ကြံကြိုးကုတ် အားထုတ်သော်လည်း ကိလေသာကင်းငြိမ်းခြင်း လျော့ပါးခြင်းမည်သည် မရှိ ဟူ၍၎င်း, ရဟန်းသံဃာ အရိယာရဟန္တာမျှား မရှိဟူ၍၎င်း ဤသို့မြတ်စွာဘုရား အလိုတော်နှင့် ဆန့်ကျင်သော စကားမျိုးကို အခြားတယောက်က ပြောဆို ခဲ့လျှင်၊ သောတာပန်ပုဂ္ဂိုလ်တို့သည် ယုံကြည်မှုမရှိချေ။

ခြိမ်းခြောက်ဖျက်သော်လည်း မပျက်သော
သောတာပန် ဓနဥာနီပုဏ္ဏားမဝတ္ထု

တနေ့သ၌ ခင်ပွန်းသည်ဖြစ်သော ဘာရဒ္ဒါဇပုဏ္ဏားက ဓနဥာနီအား ဤသို့ ပြော၏၊ ရှင်မရေ-နက်ဖြန်ကာ ငါတို့အိမ်မှာ ပုဏ္ဏားငါးရာကို ထမင်းကျွေးဘို့

ဖိတ်ထားပါသည်။ မင်းဟာ ရပ်ရင်း, ထိုင်ရင်း, လျှောင်းရင်း, အိပ်ရင်း, ချောင်းဆိုးရင်း စသော နေရာတကာမှာ 'နမော ဗုဒ္ဓဿ' ဟုဆိုလျက် ဦးပြည်းရဟန်းတွေကို ရှိခိုးပြီးနေတာပဲ နက်ဖြန်တရက်တော့ တောင်းပန်ပါရစေ၊ ညည့်သည်တော်ပုဏ္ဏားများ ထမင်းစားဆဲအခါ အဲသည်လိုဆိုပြီး ရှိမခိုးမိအောင် နှုတ်ကို စောင့်စည်းစေချင်ပါတယ်။ ရှင်မ ဆိုတာကို ပုဏ္ဏားတွေကြားသွားလျှင် ငါ့အပေါ်မှာအထင်လွဲပြီး သဘောကဲ့ကုန်ပါလိမ့်မယ် ဟု ပြောလေ၏။

ထိုအခါ ပုဏ္ဏေးမက "ပုဏ္ဏားတွေနှင့် ရှင်ဟာကဲ့ပြားသော်လည်း ကျမ မတတ်နိုင်ပါ။ အရှင်လင်ယောကျား ၏ပုဏ္ဏားနှင့်သာမဟုတ်၊ နတ်ဗြဟ္မာတွေနှင့် ကဲ့ပြားသော်လည်း မတတ်နိုင်ပါ။ဘုရားရှင်ကို အမှတ်ရလျှင်တော့ ကျမက ရှိမခိုးပဲ မနေနိုင်ပါဟု ဓနဉ္ဉာနီပုဏ္ဏေးမက ငြင်းပယ်ပြောဆိုလေ၏၊ ရှင်မ ဓနဉ္ဉာနီ-စဉ်းစားပါဦးကွယ်၊ ကျယ်ဝန်းသည့်ရွာတံခါးကိုတောင်မှ ပိတ်ထားလို့ဖြစ်သေးတာပဲ၊ ပုဏ္ဏားတွေ ထမင်းစားဆဲအခါ တခဏကလေးအတွင်းမှာ လက်နှစ်သစ်လောက်ရှိသည့် ပါးစပ်ပေါက်ကလေးကို ပိတ်ထားလို့ မခက်ပါဘူးကွယ်ဟု ဖြစ်နိုင်အောင် ပိတ်ထားဘို့ အဖန်ဖန်တောင်းပန်လေ၏။

ပုဏ္ဏားကြီးသည် တောင်းပန်သော်လည်း တားမြစ်လို့ မလွယ်ကူ ဖြစ်နေ၏။ တားမြစ်၍ မလွယ်ကူသောအခါ ဘာရဒ္ဒါဇပုဏ္ဏားသည် သန်လျက်ကိုကိုင်၍ ဟေ့ ရှင်မ-သည်မှာကြည့်စမ်း၊ နက်ဖြန်ခါ ပုဏ္ဏားတွေ ထမင်းစားဆဲမှာ ဦးပြည်းရဟန်းကို ရှိခိုးလျှင် ဤခေါင်းဖြင့် ခြေဖျားမှစ၍ ဆံဖျားတိုင်အောင် မျှစ်လိုပင် အပိုင်းအပိုင်းဖြစ်အောင် ခုတ်ဖြတ်ပစ်မည်ဟု ခြိမ်းခြောက်ပြောဆို၏။ ထိုအခါ သောဟာပန် ဓနဉ္ဉာနီပုဏ္ဏေးမ က—

သစေ မေ အင်္ဂါနိ၊ ကာမံ ဆေဇ္ဇသိ ဗြာဟ္မဏ။
နေဝါဟံ ဝိရမိဿာမိ၊ ဗုဒ္ဓဒဿဒ္ဒဿ သာသနာ။

ဗြာဟ္မဏ၊ လင်တော်မောင် အိုပုဏ္ဏား။ တုံ၊ တရားမခင် အမှားမြင်လျက် မယားကိုပင် သတ်လိုသော သင်ပုဏ္ဏားသည်။ မေ၊ သောတာပန်ဖြစ်ပြီးသော သင့်မယား ငါပုဏ္ဏေးမ၏။ အင်္ဂါနိ၊ အင်္ဂါကြီးငယ် အသွယ်သွယ်တို့ကို။ ကာမံ၊ စိတ်တိုင်းကျ အလိုရှိသလို။ သစေ ဆေဇ္ဇသိ၊ ခြေဖျားမှစ၍ ဆံဖျားတိုင်အောင် မျှစ်လိုပင် အပိုင်းအပိုင်းဖြစ်အောင် အကယ်၍ ခုတ်ဖြတ်စေကာမူ။ အဟံ၊ အပါယ်နှင့်ဝေးပြီးသော ငါပုဏ္ဏေးမသည်။ ဗုဒ္ဓဒဿဒ္ဒဿ၊ ရှင်တော်မြတ်ဘုရား၏။ သာသနာ၊ အဆုံးအမ သာသနာတော်မှ။ နေဝ ဝိရမိဿာမိ၊ ရှောင်ကြဉ်မည် မဟုတ်သည်သာ။

ဤသို့စသော ဂါထာငါးရာတို့ကို ဆိုလျက် ကန့်ကွက်ငြင်းပယ်၍ နေလေ၏။ ထိုအခါ ဘာရဒ္ဒါဇပုဏ္ဏားသည် ဒါဖြင့် မင်းသဘောအတိုင်းပဲဆို၍ အလျှော့ပေး

လိုက်ရ၏။ နောက်တနေ့၌ ည့ဉ်သည်တော် ပုဏ္ဏားတို့အား ထမင်းစားပဲ့ ခင်းကျင်း၍ ကျွေးမွေးနေစဉ်မှာ ဓနဥ္ဇာနီပုဏ္ဏေးမသည် ခလုတ်တိုက်မိ၍ ချော်လဲသွားရှာလေ၏။ တိုက်ခိုက်မိသော ဝေဒနာကြောင့် နာကျင်မှု ဖြစ်ပေါ်လာသောအခါ ဓနဥ္ဇာနီပုဏ္ဏေးမသည် မြတ်စွာဘုရားကို သတိရ၍ ဦးခေါင်းထက်၌ လက်အုပ်ချီကာ ဘုရားရှိရာ ဝေဠုဝန်ကျောင်းတော်ဆီသို့ ဦးညွတ်လျက် 'နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ' ဟု သုံးကြိမ် တိုင်တိုင် ဥဒါန်းကျူးရင့်လျက် ကန်တော့မိလေ၏။

ထိုအခါ ည့ဉ်သည်ပုဏ္ဏားတို့သည် အယူဇောတ်ကွဲပြားသော သူ၏ထမင်းကို ငါတို့ မစားလိုဟု ပြောဆိုစိတ်ဆိုးလျက် ထ သွားကြလေကုန်၏။ ဘာရဒ္ဒါဇ ပုဏ္ဏားလည်း အမျက်ဒေါသ ချောင်းချောင်းထလျက် ပုဏ္ဏေးမကို အမျိုးမျိုးဆဲဆိုပြီးလျှင် မကျေနပ်သေးသောကြောင့် သူယုတ်မာ၏ဘုရားကို မေးခွန်းမေးမြန်း၍ ဝါဒတင်မည်ဟု ကြံစည်ကာ ဘုရားထံသို့သွား၍ မေးလေ၏။

ကိ သု ဆေတ္တာ သုခံ သေတိ၊ ကိ သု ဆေတ္တာ နု သောစတိ။
ကိဿဿု ကေဓမ္မဿ၊ ဝဓံ ရောစေသိ ဂေါတမာတိ။

ဂေါတမ၊ ဂေါတမန္နယ်ဖွား ရှင်တော်မြတ်ဘုရား။ ကိ သု၊ အဘယ်တရားကို။ ဆေတ္တာ၊ ဖြတ်၍။ ဝါ၊ ဖြတ်သည်ရှိသော်။ ဝါ၊ ဖြတ်ခြင်းကြောင့်။ သုခံ၊ ချမ်းချမ်းသာသာ။ သေတိ၊ အိပ်ရ နေရပါသနည်း။ ကိ သု၊ အဘယ်တရားကို။ ဆေတ္တာ၊ ဖြတ်သောကြောင့်။ နု သောစတိ၊ မစိုးရိမ်ရပါသနည်း။ ကိဿ၊ အဘယ်မည်သော။ ကေဓမ္မဿ၊ တခုသောတရားကို။ ဝဓံ၊ သတ်ခြင်းကို။ ရောစေသိ၊ နှစ်သက်ပါသနည်း။ ဣတိ၊ ဤသို့မေးလျှောက်ပြီ။

ထိုအခါ မြတ်စွာဘုရားက ဤသို့ဖြေဆိုတော်မူ၏။

ကောဓံ ဆေတ္တာ သုခံ သေတိ၊ ကောဓံ ဆေတ္တာ နု သောစတိ။
ကောဓဿ ဝိသမ္မူလဿ၊ မဓုရဂ္ဂဿ ဗြာဟ္မဏ။
ဝဓံ အရိယာ ပသံသန္တိ၊ တံ ဟိ ဆေတ္တာ နု သောစတီတိ။

ဗြာဟ္မဏ၊ ဘာရဒ္ဒါဇ နာမမည်ဟီး ပုဏ္ဏားကြီး။ ကောဓံ၊ ဒေါသအမျက်ကို။ ဆေတ္တာ၊ ဖြတ်၍။ ဝါ၊ ဖြတ်ခြင်းကြောင့်။ သုခံ၊ ချမ်းသာစွာ။ သေတိ၊ အိပ်ရ နေရ၏။ ကောဓံ၊ ဒေါသအမျက်ကို။ ဆေတ္တာ၊ ဖြတ်သောကြောင့်။ နု သောစတိ၊ မစိုးရိမ်ရခြေ။ ဝိသမ္မူလဿ၊ အဆိပ်လျှင် အရင်းရှိသော။ ဝါ၊ ဆင်းရဲခြင်း အကျိုးရှိသော။ မဓုရဂ္ဂဿ၊ သာယာခြင်းလျှင် အဆုံးရှိသော။ ကောဓဿ၊ ဒေါသအမျက်ကို။ ဝဓံ၊ သတ်ခြင်းကို။ အရိယာ၊ ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့သည်။ ပသံသန္တိ၊ ချီးမွမ်းကြကုန်၏။ တံ ဟိ၊ ထိုဒေါသအမျက်

ကိုသာလျှင်။ ဆေတ္တာ၊ ဖြတ်သောကြောင့်။ နသောစတိ၊ မစိုးရိမ်ရချေ။ ဣတိ၊ ဤသို့ ဖြေတော်မူ၏။

ဤဒေသနာတော်ကို ဟောကြားသောအခါ ဘာရဒ္ဒါဇပုဏ္ဏားသည် အလွန်နှစ်သက်ဝမ်းမြောက်၍ ရတနာမြတ်သုံးပါးကို ကိုးကွယ်ဆည်းကပ်ကာ မြတ်စွာဘုရားထံ၌ ရဟန်းပြု၏။ ရဟန်းပြုပြီး မကြာမီ အဖော်မမှီး တယောက်တည်း ကိုယ်နှင့်အသက် မငဲ့ကွက်ပဲ ကျင့်ကြံကြိုးကုတ် အားထုတ်သည်ရှိသော် ရဟန္တာဖြစ်တော်မူ၏။ (သဂါထာဝဂ္ဂသံယုတ်ပါဠိတော်။ ၁၆၃။)

ဤသို့လျှင် ရတနာမြတ်သုံးပါးကို စွန့်ရမည်, မစွန့်လျှင် သတ်ပစ်မည်ဟု သတ်လိုသူကပြောသော်လည်း အရိယာ သောတာပန်ဖြစ်သောသူသည် ဤဓနဥာနီပုဏ္ဏားမကဲ့သို့ပင် မစွန့်လွှတ်နိုင်ပဲ ခိုင်မြဲသောသဒ္ဓါနှင့် ပြည့်စုံနေသည်သာ ဖြစ်ရာ၏။

သောတာပန်ပုဂ္ဂိုလ်၏ သီလစင်ကြယ်ခိုင်မြဲပုံ

သောတာပန်ပုဂ္ဂိုလ်သည် ဘဝတပါးဘဲသော်လည်း အရိယာအဖြစ် မစွန့်အပ်သောကြောင့် စောင့်ရှောက်ထားအပ်သော ငါးပါးသီလသည် မပျက်စီးပေ။ ဘဝတပါးသို့ ရောက်သော သောတာပန်ပုဂ္ဂိုလ်သည် မိမိ၏ အရိယာသောတာပန်အဖြစ်ကို မသိသော်လည်း တစုံတယောက်သောပုဂ္ဂိုလ်က ဤပိုးရှဉ့်, ပရွက်ဆိတ်, ခြပုံးကို သတ်ဖြတ်၍ စကြဝဠာအားလုံးဘဲ့ စကြဝတေးမင်း ပြုလုပ်ပါဟု အကယ်၍ ပြောဆိုပါသော်လည်း သောတာပန်ပုဂ္ဂိုလ်သည် ပိုး ရှဉ့်, ပရွက်ဆိတ်, ခြပုံး စသည်တို့၏အသက်ကို မည်သည့်နည်းနှင့်မျှ သတ်ဖို့ စိတ်မကူးချေ။ ဘယ်လိုပင်သတ်ခိုင်းသော်လည်း မသတ်ရာ။ အကယ်၍ ပိုးရှဉ့်, ပရွက်ဆိတ်, ခြပုံးတို့၏အသက်ကို သင်မသတ်ငြားအံ့၊ သင်၏ဦးခေါင်းကို ငါတို့ဖြတ်ကုန်အံ့ဟု ပြောဆိုစေကာမူ ပြောဆိုသော သူတို့သည် အရိယာ သောတာပန်ပုဂ္ဂိုလ်၏ ဦးခေါင်းကိုသာ ဖြတ်လျှင်ဖြတ်ရလေကုန်ရာ၏။ ထိုသောတာပန်ပုဂ္ဂိုလ်သည်ကား ပိုးရှဉ့်, ပရွက်ဆိတ်စသည်တို့ကို မသတ်ရာသည်သာဖြစ်၏။

သူတပါးဥစ္စာကို ခိုးမှု, သူတပါးသားမယားတို့၌ ကာမဂုဏ် ကျူးလွန်မှု, သူတပါး၏အကျိုးမဲ့ဖြစ်အောင် လိမ်လည်မှု, သေအရက်ကို သောက်စားမှုတို့ကိုလည်း ပါဏာတိပါတနည်းတူပင် အရိယာသောတာပန်သည် မပြုလုပ်တော့ချေ။ သူ့ဌေးစည်းစိမ်, မင်းစည်းစိမ်, ကိုယ်ခန္ဓာအသက်တို့ထက်သော်လည်း ငါးပါးသီလကို ခင်မင်မြတ်နိုးသည်သာဖြစ်၏။

ကာမေသုမိစ္ဆာစာရကံ၌ သောတာပန်ပုဂ္ဂိုလ်သည် မိမိ၏မယား လင်ယောကျ်ားတို့၌ကား ကာမဂုဏ်သွားလာမှု ပြုလုပ်သော်လည်း ငါးပါးသီလ

မပျက်သည်သာဖြစ်၏။ နွားနို့နှင့်အရက်, ရေနှင့်အရက် ရောနှော၍တိုက်သော်လည်း သေရည်သေရက်ကား မဝင်ပဲ ရေနှင့်နွားနို့သာ ဝင်လိမ့်မည်။ ခေတ်သောတာပန်လက်မှတ်ရသူတို့ ဟုတ် မဟုတ် စမ်းသပ်ကြည့်ကြလေ။

အခါတပါး ဒါယကာနှစ်ဦးတို့သည် သူတရားအားထုတ်၍ သောတာပန်ဖြစ်သည်၊ ငါ့တရားအားထုတ်၍ သောတာပန်ဖြစ်သည်ဟု ငြင်းခုံပြီးလျှင် မန္တလေးမြို့ ဝိသုဒ္ဓါရုံတိုက် အဘိဓဇ မဟာရဋ္ဌဂုရု ရွှေကျင်သာသနာပိုင် သက်တော်တရာကျော် စံကင်းဆရာတော်ဘုရားထံသို့ ဆုံးဖြတ်ရန်ရောက်ရှိလာကြရာ ဆရာတော်ဘုရားက ငါတို့မှာ သက်တော်ရှယ်တော်ရင့်၍ ဇရာသင့်နေသည့်အတွက် ဒါယကာတို့ သောတာပန်တရား မဖြေနိုင်အားပါ။ သုဓမ္မာသာသနာပိုင် သက်တော်ကိုးဆယ်ကျော် မစိုးရိမ်ဆရာတော်ထံသွားပြီး မေးလျှောက်ချေဟု အမိန့်ရှိလိုက်၏။ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားသည် ဒါယကာနှစ်ဦး၏ သောဘာပန်ပြဿနာ ငြင်းခုံပြီး လာလျှောက်သောအခါ ဤသို့ အမိန့် ရှိလိုက်၏။

ဒါယကာတို့ ဒါယကာတို့တွင် ဒါယကာတယောက်ကလဲ သူတရားအားထုတ်၍ သောတာပန်ဖြစ်သည်, ကျန်တယောက်ကလဲ သူတရားအားထုတ်၍ သောတာပန်ဖြစ်သည်ဟု ငြင်းခုံမနေကြနှင့်၊ မြတ်စွာဘုရားတရားဟူသည် အကောင်းချည်းပင် ဖြစ်၏။ သောတာပန်တို့ဟူသည် သူတရားကောင်းတယ် ငါ့တရားကောင်းတယ်ဟု ငြင်းခုံရိုးထုံးစံမရှိကြချေဟု အမိန့်ရှိလိုက်သောအခါ ဒါယကာနှစ်ဦးတို့သည် ဘာတခုမှ ဆက်လက်၍ မလျှောက်ထားတော့ပဲ အသာကလေးဆင်းရဲပြန်ခဲ့ရှာကြသည်ဟူ၏။ ဤကား သောတာပန်တို့ဟူသည် တရားဒေသနာနှင့်ပတ်သက်၍ ငြင်းခုံမနေအပ်ကြောင်းကို သိရှိမှတ်သားဘို့ပင်ဖြစ်၏။

မှန်၏၊ ဘုရားရှင်၏ တရားတော်များသည် အကုန်လုံး ကောင်းမြတ်လှ၏။ သင့်လျော်ရာစရိုက်နှင့် ကိုက်ညီစွာ အားထုတ်လျှင် မည်သည့်တရားမဆို အားထုတ်ပါက သောတာပန်အရိယာစသည် ဖြစ်နိုင်သည်ဟု မှတ်သားရာ၏။ ယခုခေတ်၌ သူတရားကောင်းတယ်, ငါ့တရားကောင်းတယ်, သူရိပ်သာကောင်းတယ်, ငါ့ရိပ်သာကောင်းတယ်, သမထမကောင်းဘူး, ဝိပဿနာမှကောင်းတယ်ဟု ငြင်းခုံနေကြသော တရားသမား ပုထုဇဉ်အဖျင်းတို့သည် အလွန်ပေါများနေ၏။

အစစ်အမှန် သိဘို့ရန်ကား လေးသခ္ခိုနှင့်ကမ္ဘာတသိန်း ပါရမီဖြည့်ကျင့်၍ မြတ်စွာဘုရားဖြစ်မှ ဟောကြားအပ်သော တရားတော်မှန်လျှင် အကုန်လုံးကောင်းမြတ်ပေ၏။ ဥပမာ လူတယောက် ထမင်းစားလျှင် ဟင်းနှင့်ကင်း၍ ထမင်းစားခြင်းငှါ မဖြစ်နိုင် ဟူသကဲ့သို့ တရားသမားဖြစ်လျှင် သို့မဟုတ်

ဝိပဿနာတရား အားထုတ်သူဖြစ်လျှင် သမထနှင့်ကင်း၍ မဖြစ်နိုင်ချေ။ မှန်၏၊ ဗုဒ္ဓဘာသာဝင်ဖြစ်သော တရားအားထုတ်သော သူသည် ဘုရားရှိခိုးခြင်း မေတ္တာပို့ခြင်း, ဂုဏ်တော်ပုတီးစိတ်ခြင်းတို့ကို ပြုလုပ်ကြ၏။ ထိုအလုပ်များသည် သမထအလုပ်များဖြစ်၏။ ဤအလုပ်များကို ကဲ့ရဲ့လျှင် မိစ္ဆာဒိဋ္ဌိဖြစ်မှန်းမသိ ဖြစ်နေလိမ့်မည်။ ဘုရားရှင်၏တရားတော်ကို ကဲ့ရဲ့ရာရောက်မှန်းမသိ ရောက်နေလိမ့်မည်။ ထို့ကြောင့် "**သံကိုသံဖျက်၊ သံချေးတက်**" ဟူသကဲ့သို့ ဘုရားရှင်သာသနာတော်နှင့် တရားဒေသနာများကို သူတရားကောင်း, ငါ့တရားကောင်း အငြင်းပေါင်းများစွာဖြင့် ဖျက်ဆီးရာ မရောက်ကြဘို့ရန် လေးလေးနက်နက် သတိပေးအပ်ပါသည်။

သောတာပန်ပုဂ္ဂိုလ် အပါယ်ဘေးမှ လွတ်မြောက်ပုံ

သောတာပန်အရိယာဟူသမျှသည် ခန္ဓာငါးပါး အကြွင်းရှိသော (သဥပါဒိသေသ)ပုဂ္ဂိုလ်ပင် ဖြစ်သော်လည်း ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်တည်းဟူသော အပါယ်လေးပါးမှ လွတ်မြောက်သည်ချည်းသာ ဖြစ်၏။ သဥပါဒိသေသ အရိယာပုဂ္ဂိုလ်တို့တွင် သောတာပန် သကဒါဂါမ်တို့သည် ကာမသုဂတိဘုံနှင့် ရူပဘုံ, အရူပဘုံတို့၌သာလျှင် ဖြစ်ရကုန်၏။ ကာမသုဂတိဘုံ၌လည်း ယုတ်ညံ့သေးသိမ်သော အမျိုးတို့၌ မဖြစ်ရကုန်။ ကြီးကျယ်မြင့်မြတ်သော အမျိုးတို့၌သာလျှင် ဖြစ်ကြရကုန်၏။ အနာဂါမ်ပုဂ္ဂိုလ်တို့သည်ကား ရူပဘုံ, အရူပဘုံတို့၌သာလျှင် ဖြစ်ကြရကုန်၏။ အပါယ်လေးပါး၌ မဖြစ်ပုံကို ဤသုတ်ဖြင့် သိအပ်၏။

အခါတပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ နေစဉ် အရှင်သာရိပုတ္တရာသည် ဆုမ်းခံကြွသောအခါ အချိန်စောသေးသဖြင့် သာသနာပ ပရိဗိုဇ်တို့၏ အရာမ်သို့ဝင်၍ ပရိဗိုဇ်တို့နှင့် ဝမ်းမြောက်ဝမ်းသာ စကားပြောဆိုလျက် နေ၏။ ထိုအခိုက် ပရိဗိုဇ်တို့က—

> "ယော ဟိ ကောစိ အာဝုသော သဥပါဒိသေသော ကာလံ ကရောတိ၊ သဗ္ဗော သော အပရိမုတ္တော နိရယာ၊ အပရိမုတ္တော တိရစ္ဆာနယောနိယာ၊ အပရိမုတ္တော ပေတ္တိဝိသယာ၊ အပရိမုတ္တော အပါယဒုဂ္ဂတိဝိနိပါတာ"။

ဟူ၍ ပြောဆို၏။

ငါ့ရှင်တို့–တစုံတယောက်သော အရိယာသောတာပန်သည် ခန္ဓာငါးပါး အကြွင်းရှိလျက် သေငြားအံ့၊ ထိုသို့သော သောတာပန်အလုံးစုံသည် အပါယ်ငရဲမှ မလွတ်၊ တိရစ္ဆာန်အဖြစ်မှ မလွတ်၊ ပြိတ္တာအဖြစ်မှ မလွတ်၊ အပါယ်ဒုဂ္ဂတိဘေးမှ မလွတ်ချေဟု ပြောဆို၏။

ထိုစကားကို အရှင်သာရိပုတ္တရာကြားရသောအခါ မနှစ်သက် လက်မခံပဲ နေရာမှထ၍ မြတ်စွာဘုရားထံရောက်လျှင် ဤစကား၏အနက်အဓိပ္ပါယ်ကို သိရပါအံ့ဟု နှလုံးသွင်းလျက် ဖဲခွါခဲ့၏။ ဆွမ်းခံပြန်၍ ဆွမ်းဘုဉ်းပေးပြီးသောအခါ မြတ်စွာဘုရားရှိရာသို့ သွားလျက် ကြားခဲ့သည့်စကားအလုံးစုံကို လျှောက်၏။ ထိုအခါ မြတ်စွာဘုရားက—

"ကေ စ သာရိပုတ္တ အညတိတ္ထိယာ ပရိဗ္ဗာဇကာ ဗာလာ အဗျတ္တာ၊ ကေ စ သဉ္ဉပါဒိသေသံ ဝါ သဉ္ဉပါဒိသေသော"တိ ဇာနိဿန္တိ၊အနုပါဒိသေသံ ဝါ 'အနုပါဒိသေသော'တိ ဇာနိဿန္တိ"။

ဟူ၍ မိန့်တော်မူ၏။

ချစ်သား သာရိပုတ္တရာ–သာသနာတော်မှတပါး တခြား အယူရှိကုန်သော မသိမလိမ်မာ၍ မကျွမ်းကျင်ကုန်သော ပရိဗိုဇ်တို့သည် ဘယ်လိုပုဂ္ဂိုလ်မျှား ပါလိမ့်၊ ဘယ်လိုပုဂ္ဂိုလ်မျှားဖြစ်ကြ၍ ခန္ဓာငါးပါး အကြွင်းရှိသော ပုဂ္ဂိုလ်ကို မူလည်း ခန္ဓာငါးပါး အကြွင်းရှိသောပုဂ္ဂိုလ်ဟူ၍ သိနိုင်ပါကုန်လတ္တံ့နည်း။ ခန္ဓာငါးပါး အကြွင်းမရှိသော ပုဂ္ဂိုလ်ကိုမူလည်း ခန္ဓာငါးပါး အကြွင်းမရှိသော ပုဂ္ဂိုလ်ဟူ၍ သိနိုင်ကုန်လတ္တံ့နည်းဟု ကဲ့ရဲ့ပြစ်တင်စကား မိန့်ကြားတော်မူ၏ (အင်္ဂုတ္တိုရ်ပါဠိတော်)။

ဆက်လက်၍ မြတ်စွာဘုရားက ချစ်သားသာရိပုတ္တရာ—ခန္ဓာငါးပါးအကြွင်း အကျန်ရှိလျက် သေသောအခါ အပါယ်လေးပါးမကျရောက်သော ပုဂ္ဂိုလ်တို့သည် ကိုးယောက်ရှိကုန်၏။ ယင်းကိုးယောက်တို့မှာ—

၁။ အန္တရာပရိနိဗ္ဗာယီပုဂ္ဂိုလ်၊
၂။ ဥပဟစ္စပရိနိဗ္ဗာယီပုဂ္ဂိုလ်၊
၃။ အသင်္ခါရပရိနိဗ္ဗာယီပုဂ္ဂိုလ်၊
၄။ သသင်္ခါရပရိနိဗ္ဗာယီပုဂ္ဂိုလ်၊
၅။ ဥဒ္ဓံသောတအကနိဋ္ဌဂါမီပုဂ္ဂိုလ်(ဤကား အနာဂါမ်ပုဂ္ဂိုလ်မျှားဖြစ်ကြ၏။ အန္တရာပရိနိဗ္ဗာယီစသည်ဖြစ်မည့် အနာဂါမ်ပုဂ္ဂိုလ်တို့ကိုယူရမည်။)
၆။ သကဒါဂါမ်ပုဂ္ဂိုလ်၊
၇။ ကေဝိဇီသောတာပန်ပုဂ္ဂိုလ်၊
၈။ ကောလံကောလသောတာပန်ပုဂ္ဂိုလ်၊
၉။ သတ္တက္ခတ္တုပရမသောတာပန်ပုဂ္ဂိုလ်တို့ ဖြစ်ပေ၏။

ထို့နောက် မြတ်စွာဘုရားက ချစ်သားသာရိပုတ္တရာ— ရဟန်းယောကျ်ား, ရဟန်းမိန်းမ, ဒါယကာ, ဒါယိကာမတို့အား မေးခွန်းမပေါ်သေးခင် ရှေးဦးစွာ ခန္ဓာငါးပါး အကြွင်းအကျန်ရှိသော အရိယာသောတာပန်ပုဂ္ဂိုလ်တို့၏ အပါယ်လေးပါးမှ လွတ်မြောက်ကြောင်းကို ဖော်ပြသော ဤတရားဒေသနာတော်သည် မထင်ပေါ်ခဲ့သေးပါ။ မဟောကြားခဲ့ဘူးသေးပါ။

ထို့သို့ မထင်ပေါ်ခဲ့ခြင်း, မဟောကြားခဲ့ခြင်းသည် အဘယ့်ကြောင့်နည်းဟူမေးရန်ရှိ၏။ အဖြေကား—ခန္ဓာငါးပါးအကြွင်းရှိသော အရိယာသောတာပန်ပုဂ္ဂိုလ်တို့သည် ဤတရားဒေသနာကို နာကြားရသောကြောင့် မေ့လျော့ခြင်းသို့ မရောက်ပါစေလင့် ဟူသော ရည်ရွယ်ချက်ရှိ၍ မဟောကြားခဲ့ခြင်း ဖြစ်၏။ ချစ်သားသာရိပုတ္တရာ—မေ့လျော့ခြင်းသို့ မရောက်ကြစေရန် မဟောကြားပဲ ထားသင့်သော်လည်း ဤတရားဒေသနာတော်ကို **"အမေးရှိက အဖြေရှိမြဲ"** ဟူသော မေးခွန်း၏သဘောကြောင့် ငါဘုရားဟောကြားအပ်ခဲ့ပေ၏။

ဤဒေသနာတော်၌ သဉ္ဇပါဒိသေသအရိယာဖြစ်သော သောတာပန်, သကဒါဂါမ်, အနာဂါမ်တို့သည် မိမိတို့ အပါယ်လေးပါးမှ လွတ်မြောက်ကြောင်းကို နာကြား၍သိရလျှင် အရဟတ္တဖိုလ်သို့ရောက်ရန် (၀၊) ရဟန္တာဖြစ်ရန် အားမထုတ်မေ့လျော့နေကြမည်ကို မြင်တော်မူ၍ မေးခွန်းပေါ်လာသည့်ကာလတိုင်အောင် ထိုတရားဒေသနာတော်ကို မဟောခဲ့သေးပဲ ဆိုင်းငံ့နေတော်မူခဲ့ကြောင်းကို မိန့်တော်မူသောကြောင့် သာမန် သောတာပန်, သကဒါဂါမ်, အနာဂါမ်ပုဂ္ဂိုလ်တို့သည် မိမိတို့၏ လားရာဂတိမြဲကြောင်းကို မြတ်စွာဘုရား၏ဒေသနာတော်ဖြင့် သာလျှင် သိနိုင် ဆုံးဖြတ်နိုင်ကြပေသည်။

ကိုယ်ပိုင်ဉာဏ်သက်သက်ဖြင့်ကား မသိနိုင်မဆုံးဖြတ်နိုင်ဟူသော အဓိပ္ပါယ်သည် ထင်ရှား၏။ ဤသို့ ကိုယ်ပိုင်ဉာဏ်သက်သက်ဖြင့်ကား မသိနိုင် မဆုံးဖြတ်နိုင်သောကြောင့်ပင်လျှင် သကဒါဂါမ်ဖြစ်သော မဟာနာမ်မင်းမှာ လားရောက်မည့်ဂတိနှင့်စပ်၍ ယုံမှားတွေးတောမှုဖြစ်ဘူးကြောင်းကို **မဟာဝဂ္ဂသံယုတ်ပါဠိတော်သောတာပတ္တိသံယုတ် သရဏာနိဝဂ် ၃၂၂ ၌** ဤသို့ပင် တွေ့ရလေသည်။

> တဿ မယ္ဟံ ဘန္တေ တသ္မိံ သမယေ မုဿတေဝ ဘဂဝန္တံ အာရဗ္ဘ သတိ၊ မုဿတိ ဓမ္မံ အာရဗ္ဘ သတိ၊ မုဿတိ သံဃံ အာရဗ္ဘ သတိ။ တဿ မယ္ဟံ ဘန္တေ ဧဝံ ဟောတိ "ဣမမ္ဟိ နာဟံ သမယေ ကာလံ ကရေယ္ယံ၊ ကာ မယ္ဟံ ဂတိ၊ ကော အဘိသမ္မရာယော"တိ။

မြတ်စွာဘုရားသည် ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်းတိုက်၌ နေတော်မူစဉ် မဟာနာမ်မင်းသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ဤစကားကိုလျှောက်လေ၏။ မြတ်စွာဘုရား ကပိလဝတ်ပြည်သည် စည်ကားလှပါ၏။ များစွာသော

လူတို့ဖြင့် ရောပြွမ်းပါ၏။ ထိုအခါ တပည့်တော်သည် မြတ်စွာဘုရားကိုဖြစ်စေ, ရဟန်းတော်များကိုဖြစ်စေ ဆည်းကပ်ဖူးမြော်ပြီးလျှင် ဆည်းစျာရောင်သန်းညနေချမ်းအခါ ကပိလဝတ်မြို့တော်သို့ ပြန်ဝင်စဉ် မရပ်မတည် ချာချာလည်သော ဆင်ကြမ်း, မြင်းကြမ်း, ရထားကြမ်း, လှည်းကြမ်း, ဆိုးသွမ်းသော လူကြမ်းတို့နှင့် တွေ့ရသောအခါမှာ ဘုရား တရား သံဃာတို့၌ ကြည်ညိုလျက်ရှိသော သတိသည် ပျောက်ပျက်သွားပါ၏။ သတိတရား ပျောက်ပျက်သွားသောအခါ တပည့်တော်သည် ယခုလို ရတနာမြတ်သုံးပါး အာရုံ ပျောက်ပျက်သွားသောအချိန်မျိုး၌ ငါသေသွားလျှင် ငါ၏ဘဝ လားရာဂတိသည် ဘယ်လို များနေမည်လဲ၊ နောင်တမလွန်ဘဝ၌ ဘယ်လိုများဖြစ်မည်လဲဟု ဤသို့သော ယုံမှားတွေးတောမှု ဖြစ်ပါသည်ဘုရားဟူ၍ လျှောက်ထား၏။

ထိုအခါ မြတ်စွာဘုရားက—

မာ ဘာယိ မဟာနာမ၊ မာ ဘာယိ မဟာနာမ၊ အပါပကံ တေ မရဏံ ဘဝိဿတိ အပါပိကာ ကာလံကိရိယာ။ ယဿ ကဿစိ မဟာနာမ ဒီဃရတ္တံ သဒ္ဓါပရိဘာဝိတံ စိတ္တံ၊ သီလပရိဘာဝိတံ စိတ္တံ၊ သုတပရိဘာဝိတံ စိတ္တံ၊ စာဂပရိဘာဝိတံ စိတ္တံ၊ ပညာပရိဘာဝိတံ စိတ္တံ၊ တဿ ယော ဟိ ခွိယံ ကာယော ရူပီ စာတုမဟာဘူတိကော မာတာပေတ္တိကသမ္ဘဝေါ ဩဒနကုမ္မာသူပစယော အနိစ္စုစ္ဆာဒနပရိမဒ္ဒနဘေဒနဝိဒ္ဓံသနဓမ္မော။ တံ ဣဓေဝ ကာကာ ဝါ ခါဒန္တိ၊ ဂိဇ္ဈာ ဝါ ခါဒန္တိ၊ ကုလလာ ဝါ ခါဒန္တိ၊ သုနခါ ဝါ ခါဒန္တိ၊ သိင်္ဂါလာ ဝါ ခါဒန္တိ၊ ဝိဝိဓာ ဝါ ပါဏကဇာတာ ခါဒန္တိ။ ယဉ္စ ခွဿ စိတ္တံ ဒီဃရတ္တံ သဒ္ဓါပရိဘာဝိတံ။ ။ပ။ ပညာပရိဘာဝိတံ၊ တံ ဥဒ္ဓဂါမိ ဟောတိ ဝိသေသဂါမိ—

ဟူ၍ မိန့်တော်မူ၏။

မကြောက်လင့် မဟာနာမ်၊ မကြောက်လင့် မဟာနာမ်၊ သင့်မှာ မယုတ်ညွှတ်သော မြင့်မြတ်သော သေခြင်းသာ ဖြစ်ပါလိမ့်မည်၊ မြင့်မြတ်သော အဆုံးသတ်ရာကာလကို ပြုရခြင်းသာ ဖြစ်ပါလိမ့်မည်။ မဟာနာမ်–အကြင် တစုံတယောက်သောသူမှာ ရှည်မြင့်စွာသော ကာလပတ်လုံး သဒ္ဓါတရားဖြင့် ထုံစေအပ်ပြီးသော စိတ်ရှိ၏။ သီလဖြင့် ထုံစေအပ်ပြီးသော စိတ်ရှိ၏။ သုတဖြင့် ထုံစေအပ်ပြီးသော စိတ်ရှိ၏။ စာဂဖြင့် ထုံစေအပ်ပြီးသော စိတ်ရှိ၏။ ပညာဖြင့် ထုံစေအပ် ပွားများအပ်ပြီးသော စိတ်ရှိ၏။ ထိုသူ၏ အကြင်ရုပ်ခန္ဓာသည် ရှိ၏။ ထိုရုပ်ခန္ဓာကို ဤမျက်မှောက်လောကမှာပင် ကျီးကန်း, လင်းတ, သိန်းစုန်, အိမ်ခွေး, တောခွေး, ပိုးအမျိုးမျိုးတို့သည် စားကြကုန်၏။ သို့သော်သည်း ထိုသူ၏ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာဖြင့် ရှည်မြင့်စွာ ပွားများအပ် ထုံစေအပ်ပြီး

သော စိတ်သည်ကား အထက်သို့သာလျှင် တက်သွား၏။ မင်္ဂိုလ်တရားထူးသို့သာလျှင် သွားရောက်၏။

မဟာနာမ် – ရတနာမြတ်သုံးပါး၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း, ငါးပါးသီလနှင့် ပြည့်စုံခြင်းဟူသော လေးပါးသောအင်္ဂါတို့နှင့် ပြည့်စုံသော အရိယာသောတာပန် ပုဂ္ဂိုလ်သည် နိဗ္ဗာန်သို့သာလျှင် စိတ်ညွတ်၏။ နိဗ္ဗာန်သို့သာလျှင် စိတ်ကိုင်းရှိုင်း၏။

ဥပမာဖြင့် ဟောပြရမည်ဆိုလျှင် – အရှေဘက်သို့ ကိုင်းနေသော သစ်ပင်ကို အရင်းမှဖြတ်လဲလိုက်လျှင် မူလကိုင်းနေသော အရှေအရပ်သို့သာ လဲကျသကဲ့သို့ ၎င်း, ထောပတ်အိုး ဆီအိုးများကို ရေထဲမှာ နှစ်မြုပ်၍ ခဲလိုက်လျှင် အိုးကွဲများသာ နစ်မြုပ်၍ ထောပတ်များ ဆီများက ရေပေါ်တက်လာသကဲ့သို့၎င်း ထို့အတူ ရုပ်ကိုယ်ကောင် ပျက်စီးသွားသော်လည်း သဒ္ဓါ, သီလ, သုတ, စာဂ, ပညာဖြင့် ထုံအပ်ပြီးသော စိတ်ဓာတ်က တဆင့်ထက်တဆင့် မြင့်တက်သွားသည် မဟာနာမ်ဟု ဟောကြားတော်မူ၏။

ဤသုတ်၌ "ကာ မယှံ ဂတိ၊ ကော အဘိသမ္ပရာယော" ဟူ၍ မဟာနာမ်၏ လျှောက်ထားပုံကို တွေ့ရသောကြောင့် လားရမည်ဂတိ၌ ယုံမှားခြင်း, ပယ်ပြီးမပယ်ရသေးသော ကိလေသာ၌ ယုံမှားခြင်းတို့သည် အချို့သောတာပန်, သကဒါဂါမ်တို့အား ဖြစ်တတ်ကြသေးသည်ဟု သိအပ်၏။ သို့သော်လည်း ထိုသို့သော ယုံမှားမှုမျှား ရှိသည့်အတွက်ကြောင့် ဝိစိကိစ္ဆာမကင်းသေးဟူ၍ကား မဆိုအပ်ချေ။ အကြောင်းကား – ဤသို့သော ယုံမှားတွေးတောမှုသည် မင်္ဂါဖြင့်ပယ်အပ်ပယ်သင့်ပယ်ထိုက်သော ဝိစိကိစ္ဆာကိလေသာ မဟုတ်ပေ၊ ကခ်ါဝိတရဏဝိသုဒ္ဓိ အရာ၌ အတ္တဒီဋ္ဌဥပနိဿယရှိသော ယုံမှားမှုရှစ်မျိုး, တဆယ့်ခြောက်မျိုးသည် သာလျှင် ပဟာတဗ္ဗဝိစိကိစ္ဆာကိလေသာ ဖြစ်ပေ၏။

စူဠသောတာပန်

သောတာပန်ပုဂ္ဂိုလ်သည် ရှေးဦးစွာပြခဲ့သော အင်္ဂါများနှင့် ပြည့်စုံပါက စူဠသောတာပန် = (အငယ်စားသောတာပန်) ကို ၎ငါကဲ့သို့ မဟာသောတာပန်ဟူ၍လည်း ခေါ်ထိုက်ပေ၏။ စူဠသောတာပန်ပုဂ္ဂိုလ်သည် ကခ်ါဝိတရဏဝိသုဒ္ဓိဉာဏ်နှင့်ပြည့်စုံရ၏။ ထိုဉာဏ်နှင့် ပြည့်စုံပါက စူဠသောတာပန်ပုဂ္ဂိုလ်ဟုခေါ်၏။ ဘုရားရှင်သာသနာတော်၌ သက်သာရာကို ရအပ်ပြီးသည်ဖြစ်၍ သုဂတိဘဝလျှင် ထောက်တည်ရာမြဲ၏။

အရိယာဖိုလ်သည် သာသနာတော်၌ သက်သာရာအစစ်ဖြစ်၏။ အရိယာမဂ်သည် ထောက်တည်ရာ အစစ်ပေတည်း။ ဤစူဠသောတာပန်ပုဂ္ဂိုလ်သည် ထို

အရိယာမဂ်ဖိုလ်တို့ကို မရသေးပေ၊ သို့သော်လည်း ထိုမဂ်ဖိုလ်ကို ကောန်ရစေနိုင်သော ရှုမှတ်မှုအကျင့်၌ တည်သောကြောင့် သက်သာရာ ထောက်တည်ရာတို့ကို ရသောသူဟူ၍ ဆိုအပ်ပေသည်။

တနည်းအားဖြင့် ပစ္စယပရိဂ္ဂဟဉာဏ်နှင့် ကခ်ါဝိတရဏဝိသုဒ္ဓိဉာဏ် ဤဉာဏ်နှစ်ပါးနှင့်ပြည့်စုံသောသူကို ဘုရားမြတ်စွာသာသနာ၌ထောက်တည်ရာ သက်သာရာကိုရ၍ ယခုဘဝသေလွန်သောအခါ လူနတ်သုဂတိဘဝသို့ရောက်သော စူဠဋ္ဌသောတာပန်ဟူ၍ မှတ်သားရာ၏။ ထို့ကြောင့် ဝိသုဒ္ဓိမဂ် ဒုတိယ ၂၄၀ ၌–

ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠဋ္ဌသောတာပန္နော နာမ ဟောတိ။

ဟူ၍ မိန့်ဆိုလေသည်။

တနည်း စူဠဋ္ဌသောတာပန်ခေါ်ပုံ

ရုပ်နာမ်ဓမ္မ သခ်ါရသင်္ခေါတရားတို့ကို မမြဲ ဆင်းရဲ အစိုးမရ၊ငါ သူတပါးယောကျ်ား မိန်းမမဟုတ်၊ နာမ် ရုပ် နှစ်ပါးသာဟု ကောင်းစွာမှတ်၍ နေသောယောဂီပုဂ္ဂိုလ်သည် နှစ်ပေါင်းများစွာ ခိုင်မာကြီးပွားကြောင်း ကောင်းသောသစ်ပင်၏ မူလအမြစ်ပမာ ဗုဒ္ဓမြတ်စွာ သာသနာ၌ အမြစ်သက်ဆင်း တွယ်တာကပ်ငြိမိတော့သည်ဖြစ်၍ လက်ရှိဘဝ စုတိကျက လူနတ်သုဂတိဘုံဘဝသို့ သွားရောက်ရသော စူဠဋ္ဌသောတာပန် ဖြစ်ပေ၏။ ထို့ကြောင့် သမ္မောဟဝိနောဒနီ အဋ္ဌကထာ၌–

ဧဝံ သခ်ါရေ သလ္လက္ခေတွာ ဌိတဿ ပန ဘိက္ခုဿ ဒဿဗလဿ သာသနေ မူလံ ဩတိဏ္ဏံ နာမ ဟောတိ။ ပတိဋ္ဌာ လဒ္ဓါ နာမ၊ စူဠဋ္ဌသောတာပန္နော နာမ ဟောတိ နိယတဂတိကော။

ဟူ၍ မိန့်ဆိုတော်မူ၏။

ဝိသုဒ္ဓိမဂ်မဟာဋီကာ၌လည်း–

အပရိဟီနကခ်ါဝိတရဏဝိသုဒ္ဓိကော ဝိပဿကော လောကိယာဟိ သီလသမာဓိပညာသမ္ပဒါဟိ သမန္နာဂတတ္တာ ဥတ္တရိ အပဋိဝိဇ္ဈန္တော သုဂတိပရာယဏော စ ဟောတိတိ ဝုတ္တံ "နိယတဂတိကော"တိ။ တတော ဧဝ စူဠဋ္ဌသောတာပန္နော နာမ ဟောတိ၊ သောတာပန္နော ဟိ ခီဏာပါယဒုဂ္ဂတိဝိနိပါတောတိ။

ဟူ၍ မိန့်ဆိုဖွင့်ပြတော်မူသေး၏။

အပရိဟီနကခ်ီဝိတရဏဝိသုဒ္ဓိကော၊ မဆုတ်ယုတ်မပျက်စီးသော ကခ်ီဝိတ-ရဏဝိသုဒ္ဓိရှိသော။ ဝိပဿကော၊ အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာဖြင့်ရှုသော ဝိပဿနာယောဂီ ပုဂ္ဂိုလ်သည်။ လောကိယာဟိ၊ လောကီဖြစ်ကုန်သော။ သီလသမာဓိ ပညာသမ္ပဒါဟိ၊ ပြည့်စုံစင်ကြယ်သော သီလ သမာဓိ ပညာတို့နှင့်။ သမန္နာဂတတ္တာ၊ ပြည့်စုံသည်၏အဖြစ်ကြောင့်။ ဥတ္တရိအပ္ပဋိဝိဇ္ဈန္တော စ၊ အထက်မဂ်ထူး တရားထူးကို မသိငြားသော်လည်း။ သုဂတိပရာယဏော၊ ကောင်းသော ဘဝလားရာဂတိရှိသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ထို့ကြောင့်။ နိယတဂတိ-ကောတိ၊ မြဲသောဂတိရှိ၏ဟူ၍။ ဝုတ္တံ၊ မိန့်ဆိုအပ်၏။ တတော၀ေ၊ ထိုဂတိမြဲခြင်းကြောင့်ပင်လျှင်။ စူဠသောတာပန္နော နာမ၊ အနည်းငယ် ဂတိပုံ တူမျှသော စူဠသောတာပန်မည်သည်။ ဟောတိ၊ ဖြစ်၏။ ဟိ သစ္စံ၊ ထိုစကားသည်မှန်၏။ သောတာပန္နော၊ သောတာပန်ပုဂ္ဂိုလ်သည်။ ခိဏာပါယဒုဂ္ဂတိဝိနိပါတော၊ ကုန်ပြီးသော အပါယ်ဒုဂ္ဂတိဝိနိပါတရှိ၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ ဉာဏ်ဖြင့်ကပ်၍ ရှုမှတ်အပ်၏။

(ဤကား စူဠသောတာပန်အကြောင်း သိကောင်းဘွယ်ရာမျှား ဖြစ်၏။)

သောတာပန်ပုဂ္ဂိုလ်၏ မဟာပစ္စဝေက္ခဏာ (၇) ပါး

ယခုအခါ၌ မူလပဏ္ဏာသ ကောသမ္မိယသုတ်၌လာသော သောတာပန်ပုဂ္ဂိုလ်၏ မဟာပစ္စဝေက္ခဏာ (၇) ပါးကို မြန်မာဘာသာဖြင့် ထုတ်ပြပါဦးအံ့—

ရဟန်းတို့ -အကြင်သောတာပတ္တိမဂ်နှင့်ယှဉ်သော အသိအမြင်သည် ဖွဲ့စင်၏၊ ဝဋ်မှ ထွက်မြောက်တတ်၏၊ ထိုသောတာပတ္တိမဂ်နှင့်ယှဉ်သော အသိအမြင်သည် အဘယ်သို့လျှင် ကောင်းစွာ ဟောတော်မူတိုင်း ကျွင့်သူ၏ ဆင်းရဲ၏ကုန်ခြင်း အကျိုးငှါ ဖြစ်သနည်းဟူမူ—

၁။ ရဟန်းတို့ ငါဘုရား၏သာသနာတော်၌ နေသော အရိယာသောတာပန်ရဟန်းသည် တောအရပ်, သစ်ပင်အောက်အရပ်, ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်လျက် ဤသို့ဆင်ခြင်၏။ အကြင်ပရိယုဋ္ဌာန = (ထကြွသောင်းကျန်းသော ကိလေသာ)က စိတ်ကို ထကြွပိတ်ပင်သောကြောင့် ငါသည် ဟုတ်တိုင်းမှန်စွာ မသိမြင်နိုင်ရာ၊ ထိုသို့ မသိမြင်နိုင်အောင် ပိတ်ပင်တတ်သော ပရိယုဋ္ဌာနကိလေသာသည် ငါ၏ကိုယ်တွင်းသန္တာန်၌ မပယ်ရသေးပဲရှိသေးသလောဟု ဆင်ခြင်၏။

ရဟန်းတို့ ငါဘုရားသာသနာ၌နေသော အရိယာ သောတာပန်ရဟန်းသည် ကာမရာဂထကြွလွှမ်းမိုးခံရလျှင် ကာမရာဂထကြွလွှမ်းမိုးအပ်သော စိတ်ရှိသည်သာတည်း။ ဗျာပါဒ ထကြွလွှမ်းမိုးခံရလျှင် ထကြွလွှမ်းမိုးအပ်သော စိတ်ရှိသော ပုဂ္ဂိုလ်သည်သာ ဖြစ်၏။ ထိနမိဒ္ဓထကြွလွှမ်းမိုးခံရလျှင် ထကြွလွှမ်းမိုးခံရသော

စိတ်ရှိသောပုဂ္ဂိုလ်သည်သာ ဖြစ်၏။ ဥဒ္ဓစ္စကုက္ကုစ္စထက္လွန်းမိုးခံရလျှင် ထက္လွန်းမိုးခံရသော စိတ်ရှိသောပုဂ္ဂိုလ်သည်သာ ဖြစ်၏။ ဝိစိကိစ္ဆာထက္လွန်းမိုးခံရလျှင် ထက္လွန်းမိုးခံရသော စိတ်ရှိသောပုဂ္ဂိုလ်သည်သာ ဖြစ်၏။

ရဟန်းတို့ ငါဘုရားသာသနာတော်၌နေသော သောတာပန်ရဟန်းသည် ဤမျက်မှောက်လောကကို ကြံစည်ခြင်း၌ လေ့ကျက်ဝင်စားမိလျှင် ဝင်စားမိသော စိတ်ရှိသောပုဂ္ဂိုလ်သည်သာ ဖြစ်၏။ တပါးသောလောကကိုကြံဆမှု၌ လေ့ကျက်ဝင်စားမိလျှင် ဝင်စားမိသောစိတ်ရှိသော ပုဂ္ဂိုလ်သည်သာ ဖြစ်၏။ ရန်စလျက် ရန်ဖြစ်လျက် ငြင်းခုံလျက် အချင်းချင်း နှုတ်လုံထိုးလျက်နေမိလျှင် ထက္လွန်းမိုးအပ်သောစိတ်ရှိသော ပုဂ္ဂိုလ်သည်သာ ဖြစ်၏။

ထိုရဟန်းသည် ဤသို့ သိလေ၏။ အကြင်ပရိယုဋ္ဌာနကိလေသာက စိတ်ကို လွန်းမိုးပိတ်ပင်သောကြောင့် ငါသည် ဟုတ်တိုင်းမှန်စွာ မသိမမြင်တန်ရာ။ ထိုသို့ မသိမမြင်နိုင်အောင် ပိတ်ပင်တတ်သော ပရိယုဋ္ဌာနကိလေသာသည် ငါ၏ ကိုယ်တွင်း၌ မပယ်ရသေးပဲ ကြွင်းကျန်လျက် မရှိတော့ပြီ။ ငါ၏စိတ်ကို အမှန်တရား တို့ကို သိမြင်နိုင်ရန် ကောင်းစွာထားအပ်ပြီဟု သိလေ၏။

သောတာပန်အရိယာရဟန်းသည် ပုထုဇဉ်ပုဂ္ဂိုလ်တို့နှင့် လုံးဝ မသက်ဆိုင်၊ သောတာပန်အရိယာတို့နှင့်သာဆိုင်သော လောကုတ္တရာကိုမှီ၍ဖြစ်သော ဤ ပဌမပစ္စဝေက္ခဏာဉာဏ်ကို ရအပ်၏။

၂။ ရဟန်းတို့ အရိယာသောတာပန်ပုဂ္ဂိုလ်သည် တမျိုးတဖုံဆင်ခြင်ပြန်၏။ဤ အသိအမြင်ကိုမှီဝဲလျက် အကြိမ်များစွာ လေ့လာနေသောငါသည် မိမိစိတ်၌ ငြိမ်သက်တည်ကြည်ခြင်းကို ရပါ၏လော, မိမိစိတ်၌ ကိလေသာငြိမ်းခြင်းကို ရပါ၏လောဟု ဆင်ခြင်၏။ ထိုသောတာပန် အရိယာပုဂ္ဂိုလ်သည် ဤသို့သိလေ၏။ ငါသည် ဤအသိအမြင်အယူကို မှီဝဲသည်ရှိသော်, ဖြစ်ပွါးစေသည်ရှိသော်, အကြိမ်များစွာ လေ့လာနေသည်ရှိသော် မိမိစိတ်၌ ငြိမ်သက်တည်ကြည်ခြင်း, ကိလေသာငြိမ်းအေးခြင်းကို အမှန်ပင်ရပါပေ၏ဟု သိလေ၏။ ဤသောတာပန်အရိယာသာဝကသည် ပုထုဇဉ်ပုဂ္ဂိုလ်တို့နှင့် လုံးဝမသက်ဆိုင်, သောတာပန်အရိယာသာဝကတို့နှင့်သာဆိုင်သော လောကုတ္တရာကိုမှီ၍ ဖြစ်သော နှစ်ခုမြောက် ပစ္စဝေက္ခဏာဉာဏ်ကို ရအပ်၏။

၃။ ရဟန်းတို့– သောတာပန်ပုဂ္ဂိုလ်သည် တဖန် ဤသို့ ဆင်ခြင်ပြန်၏။ ငါသည် အကြင်သို့သော မဂ်ဉာဏ်အမြင်နှင့် ပြည့်စုံ၏။ ထိုသို့သော မဂ်ဉာဏ်အမြင်နှင့်ပြည့်စုံသော ဤသာသနာတော်မှအပ၌ တပါး တခြားသော ရဟန်းဖြစ်စေ, ပုဏ္ဏားဖြစ်စေ ရှိလေသလောဟု ဆင်ခြင်၏။

ထို သောတာပန်ပုဂ္ဂိုလ်သည် ဤသို့ သိလေ၏။ ဤသာသနာတော်မှ အပဋ္ဌ တပါးတခြားသော ရဟန်းဖြစ်စေ, ပုဏ္ဏားဖြစ်စေ ငါ့မှာ ဖြစ်ပေါ်သော မဂ်ဉာဏ် အမြင်မျိုးနှင့် ပြည့်စုံသူမရှိတော့ပြီဟု သိလေ၏။ ဤ သောတာပန်အရိယာ သာဝကသည် ပုထုဇဉ်တို့နှင့် လုံးဝမသက်ဆိုင်, အရိယာတို့နှင့်သာ သက်ဆိုင်သော လောကုတ္တရာကိုမှီ၍ ဖြစ်သော ဤတတိယ ပစ္စဝေက္ခဏာဉာဏ်ကိုလည်း ရအပ်၏။

၄။ ရဟန်းတို့– သောတာပန်အရိယာရဟန်းသည် တဖန် ဤသို့ ဆင်ခြင်ပြန်၏။ မဂ်အသိအမြင်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် အကြင်သို့သော ပင်ကိုယ်သဘောနှင့် ပြည့်စုံ၏၊ ထိုသို့သော ပင်ကိုယ်သဘောနှင့် ငါလဲ ပြည့်စုံပါ၏လောဟု ဆင်ခြင်၏။

ရဟန်းတို့– မဂ်အသိအမြင်နှင့် ပြည့်စုံသော ရဟန်းသည် အဘယ်သို့သော ပင်ကိုယ်သဘောနှင့် ပြည့်စုံသနည်းဟူမူ– ကုစားနိုင်ကောင်းသော အာပတ် အပြစ်သို့ တရံတခါရောက်သွားလျှင် ထိုအာပတ်အပြစ်ကို မြတ်စွာဘုရားထံမှာ ဖြစ်စေ, ပညာရှိသီတင်းသုံးဖော်များထံမှာ ဖြစ်စေ လျင်မြန်စွာသာလျှင် ပြောကြားဖော်ပြ၏။ ပေါ်လွင်အောင် ပြု၏။ ပေါ်လွင်အောင် ပြောကြားပြီးလျှင် နောက်အခါ၌ စောင့်ရှောက်၏။ လျင်မြန်စွာ ပြောကြား၍ စောင့်ရှောက်ရာ၌ ဥပမာကား= ပက်လက်အိပ်တတ်ကာမျှ နုနယ်လှသော ကလေးသူငယ်သည် မီးကျီးခဲကို လက်ခြေဖြင့်ဖိမိလျှင် ထိုလက်ခြေကို လျင်မြန်စွာ ပြန်၍ရုပ်သိမ်းလိုက် သကဲ့သို့ ထို့အတူပင် သင့်မိသောအာပတ်အပြစ်ကို လျင်မြန်စွာ ပြောကြား၍ နောက်အခါ၌ စောင့်ရှောက်၏။

> အရိယသာဝကော ဟိ အာပတ္တိं အာပဇ္ဇန္တော ဂရုကာပတ္တိသု ကုဋိကာရသဒိသံ လဟုကာပတ္တိသု သဟသေယ္യာဒိသဒိသံ အစိတ္တကာပတ္တိं ယေဝ အာပဇ္ဇတိ၊ တမ္ပိ အာသဉ္ဆိစ္ဘ၊ နော သဉ္ဆိစ္ဘ၊ အာပန္နံ နပဋိစ္ဆာဒေတိ။

သောတာပန်အရိယာဖြစ်သော ရဟန်း အာပတ်သင့်လျှင် ဂရုကအာပတ်တို့တွင် ကုဋိကာရအာပတ်မျိုး, လဟုကအာပတ်တို့တွင် သဟသေယျ စသော အစိတ္တကပဏ္ဏတ္တိဝဇ္ဇအာပတ် သို့သာလျှင် ရောက်၏။ ထိုအာပတ် များသို့လည်း လွန်ကျူးလိုသောစေတနာဖြင့် မစေ့ဆော်မူ၍သာလျှင် သင့်ရောက်၏။ လွန် ကျူးလိုသော စေတနာဖြင့်ကား မပြုလုပ်ချေ။ အစိတ္တကအာပတ် ကိုလည်း မဖုံးလွှမ်းတတ် (အဋ္ဌကထာ။)

> အာပတ္တိပဋိဂ္ဂါဟကော သဘာဂပုဂ္ဂလော သတိ ဧကံ ဒိဝသံ ဝါ ရတ္တိံ ဝါ အနဓိဝါသေတ္ဝာ ရတ္တိံ စတုရင်္ဂပိ တမေသဘာဂဘိက္ခုနော ဝသနဋ္ဌာနံ ဂန္ဓာ ဒေသေတိယေဝ။

ဒေသနာအကြားခံရမည့် သဘောတူရဟန်းရှိလျှင် တနေ့တည်ဉ့်မျှစောင့်ဆိုင်းမနေပဲ လဆုတ်ဆယ့်လေး တောအရောနှင့် တိမ်မှေးတိမ်လှဲ သန်းခေါင်ခါဟူလေးဖြာသောအင်္ဂါရှိသော အမိုက်တိုက်ဖြစ်စေကာမူ သဘာဂရဟန်း၏နေရာသို့သွား၍ အာပတ်ကို ပြောကြားသည်သာ ဖြစ်၏။ သောတာပန် လူပုဂ္ဂိုလ်သည်လည်း သီလကိုစင်ကြယ်အောင် မွေးမြူ၏။ သီလချွတ်ယွင်းကြောင်း သဘာဂပုဂ္ဂိုလ်ကမေးလျှင် မှန်ကန်သော မိမိအပြစ်ကို ဝန်ခံလေ၏။ ဤကား အဋ္ဌကထာမှ ဖွင့်ပြသောအဓိပ္ပါယ်တည်း။

ဤသို့ မိမိ၏အာပတ်အပြစ်ကို လျင်မြန်စွာပြောကြား ဖော်ပြ၍ နောက်ကာလ၌ စောင့်ရှောက်ခြင်းသည် မဂ်အသိအမြင်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်၏ ဓမ္မတာသဘောပေတည်း။ ဆင်ခြင်သော အရိယာသောတာပန် ရဟန်းသည် ဤသို့သိလေ၏။ မဂ်အသိအမြင်နှင့်ပြည့်စုံသောသူအား ပြည့်စုံမြဲဖြစ်သော အပြစ်ကို မဖုံးကွယ်လိုခြင်း, စောင့်ရှောက်ခြင်း ဟူသော ထိုပင်ကိုယ်သဘောနှင့် ငါလည်း ပြည့်စုံပါပေသည်ဟု သိလေ၏။ ဤသောတာပန်အရိယာ သာဝကသည် ပုထုဇဉ်တို့နှင့် လုံးဝမသက်ဆိုင် သောတာပန်အရိယာ ပုဂ္ဂိုလ်တို့နှင့်သာ သက်ဆိုင်သော လောကုတ္တရာကိုမှီ၍ ဖြစ်သော ဤစတုတ္ထပစ္စဝေက္ခဏာဉာဏ်ကိုလည်း ရအပ်၏။

၅။ ရဟန်းတို့– သောတာပန်အရိယာရဟန်းသည် ဤသို့တဖန် ဆင်ခြင်ပြန်၏။ မဂ်အသိအမြင်ရှိသော ပုဂ္ဂိုလ်မှာ ပြည့်စုံမြဲဖြစ်သော ပင်ကိုယ်ဓမ္မတာသဘောနှင့် ပြည့်စုံ၏။ ထိုသို့သော ပင်ကိုယ်သဘောနှင့် ငါလည်း ပြည့်စုံပါ၏လောဟု ဆင်ခြင်၏။ ထိုဓမ္မတာပင်ကိုယ်သဘောကား အဘယ်နည်းဟူမူ–ရဟန်းတို့– သီတင်းသုံးဖော်တို့၏ သင်္ကန်းချုပ်ဆိုးခြင်း, စေတီဥ္စ အင်္ဂတေသုတ်ခြင်းစသော မြတ်သောအမှု, မထေရ်ကြီးများ၏ ခြေထောက်ကို ရေဆေးပေးခြင်း ဆီလိမ်းပေးခြင်းစသော ယုယသောအမှုတို့တွင် အကျွန်ုပ်သည် အဘယ်မှကို ပြုလုပ်ရပါမည်နည်းဟု မေး၍ ပြုထိုက်သော အမှုကိစ္စတို့ဥ္စ သောတာပန်ရဟန်းသည် ကြောင့်ကြောင့်ကြကြ မလွဲသာ၍ ပြုလုပ်ရသော်လည်း အဓိသီလ အဓိစိတ္တ အဓိပညာ ဟူသော သိက္ခာသုံးပါးကို ကျင့်မှဥ္စအားကြီးသောင့်ကွက်မှုရှိ၏။ ဤသိက္ခာပုဒ်သုံးပါးဥ္စ ထက်မြက်သော င့်ကွက်မှုသည် သောတာပန် ပုဂ္ဂိုလ်၏ ဓမ္မတာပင်ကိုယ်သဘောဖြစ်၏။

နှိုင်းယှဉ်ပြစရာဥပမာကား မွေးပြီးကာစ နုနယ်လှသော သားငယ် ရှိသော နွားမသည် မစားလျှင်မဖြစ်၍ မြက်အစာကို စားရသော်လည်း နွားငယ် သားကလေးကို ဆင်ခြင်ကြည့်ရှုသကဲ့သို့တည်း။

ဆင်ခြင်သော အရိယာသောတာပန် ရဟန်းသည် ဤသို့ သိလေ၏။ မဂ်အသိအမြင်ရှိသော ပုဂ္ဂိုလ်၏ ပြည့်စုံမြဲ ဖြစ်သော သိက္ခာသုံးပါးကို ကျင့်ရန်

ထက်သန်စွာ လိုလားခြင်းဟူသော ထိုပင်ကိုယ်သဘောနှင့် ငါလည်း ပြည့်စုံပါပေသည်ဟု သိလေ၏။ ဤသောတာပန် အရိယာသာဝကသည် ပုထုဇဉ်တို့နှင့် လုံးဝမသက်ဆိုင် အရိယာတို့နှင့်သာ သက်ဆိုင်သော လောကုတ္တရာကို မှီ၍ ဖြစ်သော ဤပဉ္စမပစ္စဝေက္ခဏာဉာဏ်ကိုလည်း ရအပ်၏။

၆။ ရဟန်းတို့ သောတာပန် အရိယာ ရဟန်းသည် ဤသို့ တဖန် ဆင်ခြင်ပြန်၏။အရိယာပုဂ္ဂိုလ်မှာ ပြည့်စုံမြဲဖြစ်သော ခွန်အားနှင့် ငါ့မှာလည်း ပြည့်စုံပါ၏လောဟု ဆင်ခြင်ပြန်၏။ ထိုခွန်အားကား အဘယ်နည်း ဟူမူ ရဟန်းတို့ ငါဘုရား ဟောကြားအပ်သော တရားဝိနည်းကို ဟောပြောနေလျှင် သောတာပန် ပုဂ္ဂိုလ်သည် လိုလိုချင်ချင် နှစ်နှစ်ကာကာ နှလုံးသွင်းလျက် အလုံးစုံသော စိတ်ဖြင့် အဖန်ဖန် ဆင်ခြင်လျက် နားစွင့်သည်ဖြစ်၍ တရားကို နာကြား၏။

ဤသို့တရားတော်ကို ရှိရှိသေသေ လိုလိုချင်ချင် စူးစူးစိုက်စိုက် နာကြားခြင်းသည် သောတာပန်ပုဂ္ဂိုလ်၏ ပြည့်စုံမြဲဖြစ်သော ခွန်အားဖြစ်၏။ ဆင်ခြင်သော ထိုသောတာပန်အရိယာသည် ဤသို့ သိလေ၏။ သောတာပန် အရိယာမှာ ပြည့်စုံမြဲဖြစ်သော တရားတော်ကို ရှိသေစွာ နာကြားခြင်းတည်းဟူသော ထို ခွန်အားနှင့် ငါလည်း ပြည့်စုံပါပေသည်ဟု သိလေ၏။ ဤသောတာပန် အရိယာသာဝကသည် ပုထုဇဉ်တို့နှင့် လုံးဝမသက်ဆိုင် အရိယာတို့နှင့်သာ သက်ဆိုင်သော လောကုတ္တရာကို မှီ၍ဖြစ်သော ဤဆဋ္ဌပစ္စဝေက္ခဏာဉာဏ်ကိုလည်း ရအပ်ပေ၏။

၇။ ရဟန်းတို့ သောတာပန် အရိယာ ရဟန်းသည် ဤသို့ တဖန် ဆင်ခြင်ပြန်၏။အရိယာပုဂ္ဂိုလ်မှာ ပြည့်စုံမြဲဖြစ်သော ခွန်အားနှင့် ငါ့မှာလည်း ပြည့်စုံပါ၏လောဟု ဆင်ခြင်ပြန်၏။ ထိုခွန်အားကား အဘယ်နည်း ဟူမူ ရဟန်းတို့ ငါဘုရား ဟောကြားအပ်သော တရားဝိနည်းကို ဟောပြောနေလျှင် သောတာပန် ပုဂ္ဂိုလ်သည် လိုလိုချင်ချင် နှစ်နှစ်ကာကာ နှလုံးသွင်းလျက် အလုံးစုံသော စိတ်ဖြင့် အဖန်ဖန် ဆင်ခြင်လျက် နားစွင့်သည်ဖြစ်၍ တရားကို နာကြား၏။

ဤသို့တရားတော်ကို ရှိရှိသေသေ လိုလိုချင်ချင် စူးစူးစိုက်စိုက် နာကြားခြင်းသည် သောတာပန်ပုဂ္ဂိုလ်၏ ပြည့်စုံမြဲဖြစ်သော ခွန်အားဖြစ်၏။ ဆင်ခြင်သော ထိုသောတာပန်အရိယာသည် ဤသို့ သိလေ၏။ သောတာပန် အရိယာမှာ ပြည့်စုံမြဲဖြစ်သော တရားတော်ကို ရှိသေစွာ နာကြားခြင်းတည်းဟူသော ထို ခွန်အားနှင့် ငါလည်း ပြည့်စုံပါပေသည်ဟု သိလေ၏။ ဤသောတာပန် အရိယာသာဝကသည် ပုထုဇဉ်တို့နှင့် လုံးဝမသက်ဆိုင် အရိယာတို့နှင့်သာသက်ဆိုင်သော လောကုတ္တရာတရားတော်ကို မှီ၍ဖြစ်သော ဤသတ္တမပစ္စဝေက္ခဏာဉာဏ်ကိုလည်း ရအပ်၏။

၂။ ရဟန်းတို့—အရိယာ သောတာပန် ရဟန်းသည် ဤသို့တဖန် ဆင်ခြင်ပြန်၏။ သောတာပန်အရိယာမှာ ပြည့်စုံမြဲဖြစ်သော ခွန်အားနှင့် ငါ့မှာ ပြည့်စုံပါ၏လောဟု ဆင်ခြင်၏။ ထိုခွန်အားကား အဘယ်နည်းဟူမူ – ဘုရားဟောအစစ်ဖြစ်သော တရားဝိနည်းကို ဟောပြောနေလျှင် နာကြားသောအရိယာသောတာပန်ပုဂ္ဂိုလ်သည် အကျိုးအကြောင်း အနက်အဓိပ္ပါယ်ကိုလည်း နှစ်နှစ်ချိုက်ချိုက် သဘောကျ၏၊ တရားနှင့်စပ်ဆိုင်သော နှစ်သိမ့်ဖွားရခြင်းကိုလည်း ရ၏။

တရားတော်ကို နာကြားစဉ်၌ ဤသို့ နားလည်သဘောကျခြင်း, ရွှင်လန်းနှစ်သိမ့်အားရခြင်းသည် သောတာပန်အရိယာ၏ ပြည့်စုံမြဲ ခွန်အားပေတည်း။ ဆင်ခြင်သော ထိုအရိယာ သောတာပန်ပုဂ္ဂိုလ်သည် ဤသို့ သိလေ၏။ တရားတော်ကို နာကြားစဉ်၌ အကျိုးအကြောင်း အနက်အဓိပ္ပါယ် ဒေသနာအစဉ်ကို သဘောကျ၍ ရွှင်လန်းနှစ်သိမ့် အားရခြင်းဟူသော အရိယာသောတာပန်၏ ခွန်အားနှင့် ငါ့မှာလည်း ပြည့်စုံပါပေသည်ဟု သိလေ၏။

ဤအရိယာ သောတာပန်ပုဂ္ဂိုလ်သည် ပုထုဇဉ်တို့နှင့် လုံးဝ မသက်ဆိုင် အရိယာတို့နှင့်သာသက်ဆိုင်သော လောကုတ္တရာတရားကို မှီ၍ ဖြစ်သော ဤသတ္တမပစ္စဝေက္ခဏာဉာဏ်ကိုလည်း ရအပ်၏။

ရဟန်းတို့—ဤဟောအပ်ပြီးသော မဟာပစ္စဝေက္ခဏာ ဉာဏ်အင်္ဂါ ၇-ပါး နှင့် ပြည့်စုံသော အရိယာသောတာပန်ပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုသောဉာဏ်ဖြင့် အရိယာသောတာပန်၏ ဖြစ်မြဲရိုးရာဓမ္မတာသဘောကို ကောင်းစွာ အပြည့်အစုံအစဉ်လိုက်၍ ရှာမှီးအပ်ပြီး ဖြစ်လေ၏။ ရဟန်းတို့—ဤဟောကြားခဲ့သည့်အတိုင်း မဟာပစ္စဝေက္ခဏာ ဉာဏ်အင်္ဂါ ၇-ပါးနှင့် ပြည့်စုံသော အရိယာသောတာပန်ပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်နှင့် ပြည့်စုံသော အရိယာသောတာပန်ပုဂ္ဂိုလ် ပေတည်း။။

(မူလပဏ္ဏာသပါဠိတော် ၄၀၀။)

သောတာပန်အရိယာများ ဆင်ခြင်ပုံ ပြီး၏။

ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့၌ သုံးနှုန်းသော သောတာပန်ပုဂ္ဂိုလ်၏ အမည်များ

သောတာပန်ပုဂ္ဂိုလ်ကို—(၁) မဂ္ဂဒိဋ္ဌိယာသမ္မန္နာ ဟူ၍၎င်း, (၂) အရိယသာဝကာ ဟူ၍၎င်း, (၃) ဒိဋ္ဌိသမ္မန္နာ ဟူ၍၎င်း, (၄) ဒဿနသမ္မန္နာ ဟူ၍၎င်း, (၅) အာဂဓတော ဂ္ဂမံ သဒ္ဓမ္မံ ဟူ၍၎င်း, (၆) ပဿတိ ဂ္ဂမံ သဒ္ဓမ္မံဟူ၍၎င်း, (၇) သေက္ခေန ဉာဏေန သမန္နာဂတော ဟူ၍၎င်း, (၈) သေက္ခာယ ဝိဇ္ဇာယ သမန္နာဂတောဟူ၍၎င်း, (၉) ဓမ္မသောတသမာပန္နော ဟူ၍၎င်း, (၁၀) အရိယော နိဗ္ဗေဓိကပညော ဟူ၍၎င်း, (၁၁) အမတဒ္ဒါရံ အာဟစ္စ တိဋ္ဌတိ ဟူ၍၎င်း အမည်တို့သည် များပြားကုန်၏။

(အင်္ဂုတ္တိရ်အဋ္ဌကထာ၊ ပဌမအုပ် ၃၅၂)။

သောတာပန်ပုဂ္ဂိုလ်သည် ရုပ်နာမ်ဓမ္မ သင်္ခါရကို မြဲ၏ဟူ၍၎င်း, ချမ်းသာ၏ ဟူ၍၎င်း, အတ္တဟူ၍၎င်း ရှုမှတ်သိမြင်ရိုးထုံးစံမရှိမူ၍ ပဋိဝေဓန္တရိယကံငါးပါးကို လည်း ကျူးလွန်ခြင်း လုံးဝမရှိချေ။

သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာများ အာပတ်သင့်ပုံ

သောတာပန်ပုဂ္ဂိုလ်တို့၏ မဟာပစ္စဝေက္ခဏာစတုတ္ထမြောက် အာပတ်သင့်ပုံ, ကုစားရပုံများကို အင်္ဂုတ္တရနိကာယ် တိကနိပါတ် သမဏဝဂ် ပဌမသိက္ခာသုတ်၊ ဒုတိယသိက္ခာသုတ်(အင်္ဂုတ္တိရ်ပါဠိ၊ ပဌမအုပ်၊ ၂၃၃။) တို့ဖြင့် ထပ်ဆင့်၍ ပြပါဦးအံ့—

သော ယာနိ တာနိ ခုဒ္ဒါနုခုဒ္ဒကာနိ သိက္ခာပဒါနိ၊ တာနိ အာပဇ္ဇတိပိ ဝုဋ္ဌာတိပိ။ တံ ကိဿ ဟေတု? န ဟိ မေတ္ထ ဘိက္ခဝေ အာဘိဇ္ဇတာ ဝုတ္တာ။ ယာနိ စ ခေါ တာနိ သိက္ခာပဒါနိ အာဒိဗြဟ္မစရိယကာနိ ဗြဟ္မစရိယသာရုပ္ပါနိ၊ တတ္ထ ခုဝသီလော စ ဟောတိ ဌိတသီလော စ၊ သမာဒါယ သိက္ခတိ သိက္ခာပဒေသု။

ဤဒေသနာတို့တွင် "တာနိ အာပဇ္ဇတိပိ ဝုဋ္ဌာတိပိ" ဟူသော ပါဠိအရ အဋ္ဌကထာဌ် ဖွင့်ပြသည်မှာ ရဟန္တာပုဂ္ဂိုလ်သည် လောကဌ်အပြစ်ရှိသော အာပတ်မသင့်ရောက်ခဲ့။ ပညတ်တော်ကြောင့် အစိတ္တကအာပတ်သာလျှင် သင့်ရောက်၏။ကိုယ်နှုတ် နှလုံး သုံးပါးလုံးဌ် အာပတ်သင့်ရောက်ရာတွင် ကိုယ်ဖြင့်သင့်ရောက်သော အာပတ်ကား ကုဋိကာရသိက္ခာပုဒ်, သဟသေယ္ယသိက္ခာပုဒ်စသော သိက္ခာပုဒ်တို့ဖြင့် သင့်ရောက်နိုင်၏။ နှုတ်ဖြင့်သင့်ရောက်နိုင်သော အာပတ်ကား သဉ္စရိတ္တသိက္ခာပုဒ်, ပဒသောဓမ္မသိက္ခာပုဒ်တို့ဖြင့် သင့်ရောက်နိုင်၏။ စိတ်ဖြင့် သင့်ရောက်နိုင်သောအာပတ်ကား ရူပိယပဋိဂ္ဂဟဏသိက္ခာပုဒ်ဖြင့် သင့်ရောက်နိုင်၏။ သောတာပန်, သကဒါဂါမ်, အနာဂါမ်တို့ဌ်လည်း ရဟန္တာများ အာပတ်သင့်ရောက်သည့်နည်းတူ မှတ်ယူရာ၏။ (အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ ပဌမအုပ်၊ ၂၁၆)။

သောတာပန် သာသနာကြည်ညိုလျှုဒါန်းရာဌ်
နည်းယူဘွယ်ရာ အနာထပိဏ်သူဌေးအကြောင်း

အနာဂပိဏ်သူဌေးသည် သာဝတ္ထိပြည်ဝယ် ဆွေမျိုးခုနစ်ဆက်တိုင်တိုင် ပြည့်ဖြိုးကြွယ်ဝသော သုဒတ္တအမည်ရှိသော သူဌေးဖြစ်၏။ ထိုသူဌေးသည် ငတ်မွတ်ခေါင်းပါး အစာရှားသော ဖုန်းတောင်းယာစကာတို့အား စားဘွယ်ထမင်းဖြင့် တနေ့မပြတ် ပေးလှူတတ်သော အလေ့ရှိသောကြောင့် 'အနာထပိဏ်ဂိုက' ဟူ၍ ခေါ်ဆိုကြ၏။ ထိုအခါ အနာထပိဏ်သူဌေးသည် ရာဇဂြိုဟ်ပြည်ဌ်နေသော ဝိသာလသူဌေး၏နှမ သိရီသုမနနှင့် ထိမ်းမြားမင်္ဂလာ ပြုကြသဖြင့် အမျိုးယောက်ဖ တော်စပ်ကြကုန်၏။ ယင်းသို့ ဆွေမျိုးတော်စပ်သဖြင့် ရာဇဂြိုဟ်ပြည်ဌ် ဖြစ်ပေါ်သော ကုန်ပစ္စည်းများ ရာဇဂြိုဟ်ပြည်ဌ် အဖိုးနည်း၍ သာဝတ္ထိပြည်ဌ် အဖိုးများစွာ ထိုက်တန်သော့အခါ ရာဇဂြိုဟ်သူဌေးသည် ထိုကုန်ပစ္စည်းများကို ဝယ်ယူကာ သာဝတ္ထိပြည်သို့ လှည်းငါးရာတို့ဖြင့် တင်ဆောင်သွား၏။

သာဝတ္ထိပြည်သို့ သွားသောအခါ မရောက်မီ တယူဇနာခရီးကပင် ကြိုတင်၍ မိမိလာရောက်ကြောင်းကို အနာထပိဏ်သူဌေးထံသို့ သတင်းစကား ပို့ရောက်စေလေသည်။ အနာထပိဏ်သူဌေးသည် ခရီးဦးကြိုဆိုကာ ကြီးစွာသော ဧည့်ခံကျွေးမွေးမှုဖြင့် ပြုလုပ်ပြီးလျှင် ယာဉ်တစီးတည်းသို့ ကုန်ပစ္စည်းများ တင်ဆောင်လျက် နှစ်ယောက်အတူစီးကာ သာဝတ္ထိမြို့သို့ ဝင်လေ၏။

ရာဇဂြိုဟ်သူဌေး ဝိသာလသည် မိမိယူဆောင်လာသော ကုန်ပစ္စည်းများကို လျင်မြန်စွာ ရောင်းရလျင်လည်း ရောင်းချရ၏။ လျင်မြန်စွာ မရောင်းချရလျင်လည်း သာဝတ္ထိပြည် ယောက်ဖ အနာထပိဏ်သူဌေးအိမ်မှာ ထားခဲ့၍ ပြန်သွားလေ့ရှိ၏။ အနာထပိဏ်သူဌေးသည်လည်း ထိုနည်းအတူပင် ပြု၏။

မြတ်စွာဘုရားသခင် ရာဇဂြိုဟ်ပြည်၌ ဒုတိယဝါ ကပ်ဆိုပြီးသော ထိုနှစ်မှာ အနာထပိဏ်သူဌေးသည် သာဝတ္ထိပြည်၌ ဖြစ်ပေါ်သော ကုန်ပစ္စည်းများကို လှည်းအစီးငါးရာတို့ဖြင့် ဝယ်ယူတင်ဆောင်ကာ ရာဇဂြိုဟ်ပြည်သို့ ခရီးထွက်ခဲ့လေသော် ရာဇဂြိုဟ်ပြည်သို့မရောက်မီ တယူဇနာကပင် ကြိုတင်၍ မိမိလာရောက်ကြောင်းကို ရာဇဂြိုဟ်သူဌေးထံသို့ ရှေးရှေးကလာရောက်သည့် အခေါက်များနည်းတူ သတင်းစကား သဝဏ်လွှာပို့ရောက်စေလေသည်။

ရာဇဂြိုဟ်သူဌေး ဝိသာလသည် ထိုသတင်းစကားသဝဏ်လွှာကို အရေးမစိုက်နိုင်ပဲ တရားတော်ကိုနာယူရန် မြတ်စွာဘုရား သီတင်းသုံးတော်မူသည့် ယင်းတိုက်တော်သို့ သွားရောက်ကာ တရားနာယူပြီးလျင် မြတ်စွာဘုရား အမှူးရှိသော ရဟန်းအပေါင်းကို နက်ဖြန်ကာ ဆွမ်းဘုဉ်းပေးကြွရောက်ရန် ပင့်လျှောက်ခဲ့၍ မိမိ၏အိမ်၌ ဆွမ်းချက်ဘို့ရန် ဖိုခနောက်ကျင်းများ တူးစေခြင်း, ထင်းခဲစေခြင်းစသော အမှုများကို စီမံခန့်ခဲ့လျက်သာ နေလေသည်။

အနာထပိဏ်သူဌေးသည်လည်း ငါ့အား ခရီးဦးကြိုဆိုမှုပြုပေလိမ့်မည်, ယခုပင် ပြုပေလိမ့်မည်ဟု ကြံစည်အောက်မေ့ကာ အစဉ်သဖြင့် ခရီးဆက်ခဲ့ရာ ရာဇဂြိုဟ် ဝိသာလအိမ်တံခါးဝသို့ ရောက်လာသည်တိုင်အောင် ကြိုဆိုမှုကို မတွေ့ရချေ။ အိမ်တွင်းသို့ရောက်သောအခါ၌လည်း နှုတ်ခွန်းဆက်စကား မျှားမျှားမရရှိပဲ သူဌေးကြီး-ကလေးများ ကျန်းမာကြပါ၏လော, လမ်းခရီးမှာ မပင်ပန်းပဲချမ်းသာစွာ လာခဲ့ရ၏လောဟု ဤမျှသာ ရာဇဂြိုဟ်သူဌေးထံမှ နှုတ်ခွန်းဆက်စကားကို ရရှိလေသည်။

ရာဇဂြိုဟ်သူဌေးကြီးကား ဖော်ပြရာပါအတိုင်း အနာထပိဏ်သူဌေးကြီးကို နှုတ်ခွန်းဆက်စကား နှစ်ခွန်းမျှသာပြောကြားပြီးလျင် မိမိ၏ ကျေးကျွန်များ, အလုပ်သမားများကို အချင်းတို့-နက်ဖြန်နံနက် စောစောထပြီးလျင် ယာဂုများကို ကြိုကြ, ထမင်းများကိုချက်ကြ, ဟင်းများကို ပြည့်စုံအောင်စီမံကြ, အဖျော်ယမကာ လက်သုတ်ဟင်းလျာများကို ပြည့်စုံအောင် စီမံကြဟု ဤသို့စသည်ဖြင့် နက်ဖြန်ဆွမ်းကပ်ရန် ဝေယျာဝစ္စအမှုများကိုသာ ပြုပြင်စီမံကာနေ၏။

ထိုအခါ အနာထပိဏ်သူဌေး၏ စိတ်သန္တာန်ဝယ် ငါ၏ယောက်ဖ ဝိသာလသည် ရှေးအခါက ငါရောက်လာမူ များစွာသောကိစ္စတို့ကို စွန့်ထား၍ ငါနှင့်အတူတကွသာ ဝမ်းမြောက်ဝမ်းသာစကား ပြောကြားပေ၏။ ယခုအခါ၌ကား

ကျေးကျွန်များနှင့် စားရေးအတွက်ကိုသာ စီရင်လျက်နေ၏။ ဤသူဌေးမှာ သမီးသားအတွက် အာဝါဟ (သမီးယူခြင်း), ဝိဝါဟ (သမီးပေးခြင်း) ထိမ်းမြားမင်္ဂလာအခါနှင့် ကြုံလေသလော, အလှူကြီးပင် စီရင်အပ်လေသလော, ဗိမ္ဗိသာရမင်းကြီးကိုပင် စစ်သည်ဗိုလ်ပါနှင့်တကွ နက်ဖြန်ကာ ထမင်းစား့ရန် ဖိတ်မန်ထားလေသလောဟု ကြုံစည်တွေးတောလျက် နေလေ၏။

ရာဇဂြိုဟ်သူဌေး ဝိသာလသည် ကျေးကျွန်အလုပ်သမားများကို အစစအရာရာ စီမံပြီးသော် အနာထပိဏ်သူဌေးထံမှောက်သို့ လာရောက်၍ ဝမ်းမြောက်ဝမ်းသာ စကားနှိုးနှော ပြောဆိုလေသည်။ ထိုအခါ အနာထပိဏ်သူဌေးက သူဌေးဝိသာလ သင်သည် ရှေးအခါက ငါလာလျှင် အလုံးစုံသော ကိစ္စများကို ပယ်ရှားပြီးလျှင် ငါနှင့်အတူတကွသာ ဝမ်းမြောက်ဝမ်းသာစကား ပြောဆိုပေ၏။ ယခုအခါ၌မူ ရှေးကကဲ့သို့ မဟုတ်ပဲ ကြောင့်ကြဗျာပါရ အမှုကိစ္စကိုသာ အရေးစိုက်နေရတိသနည်းဟု မေးလေသော် မိတ်ဆွေအနာထပိဏ် သင်ထင်မြင်၍ မေးသည့်အတိုင်း မဟုတ်ပါ၊ အစိန္တေယျ အပ္ပမေယျ လောကသင်းကျစ်ဓမ္မရာဇ်မှန်ကူ သယမ္ဘူဖြစ်တော်မူသော မြတ်စွာဘုရားသည် ယခု ငါတို့ရာဇဂြိုဟ်ပြည်၌ လူနတ်တို့အား တရားအမြိုက်ဆေး တိုက်ကျေးစံနေတော်မူသည်။ ထို့မြတ်စွာဘုရားရှင်နှင့် သံဃာတော်တို့အား ဆွမ်းလုပ်ကျွေး၍ တရားတော်ကို နာယူခြင်းငှါ ငါ၏အိမ်သို့ ပင့်ဆောင်အပ်သည်ဖြစ်၍ ကောင်းမြတ်သော ဆွမ်းအာဟာရတို့ကို စီမံနေပါသည်ဟု ပြောလေ၏။

ရာဇဂြိုဟ်သူဌေး၏နှုတ်မှ ဝမ်းမြောက်စွာ မြွက်ဆိုပြောကြားလိုက်သည့် 'မြတ်စွာဘုရား' ဟူသော အသံကိုကြားရလေလျှင် အနာထပိဏ်သူဌေးကြီးသည်—

၁။ ခုဒ္ဒိကာပီတိ=အနည်းငယ်နှစ်သိမ့်ဝမ်းမြောက်မှု၊

၂။ ခဏိကာပီတိ=ခဏခဏဆင့်၍ဖြစ်သော နှစ်သိမ့်ဝမ်းမြောက်မှု၊

၃။ ဩက္ကန္တိကာပီတိ=လှိုက်လှိုက်လဲ့လဲ့သက်ဝင်လျက် နှစ်သိမ့်ဝမ်းမြောက်မှု၊

၄။ ဥဗ္ဗေဂါပီတိ=ခုန်ကြွတက်စေတတ်သော နှစ်သိမ့်ဝမ်းမြောက်မှု၊

၅။ ဖရဏာပီတိ=တကိုယ်လုံး၌ ပျံ့နှံ့စေလျက် နှစ်သိမ့် ဝမ်းမြောက်မှု—ဟူသော ပီတိငါးမျိုးတို့ကို ရရှိလေသည်။

ပီတိငါးမျိုးသည် အနာထပိဏ်သူဌေးကြီး၏ ဦးခေါင်းမှအစဖြစ်၍ ခြေဖမိုးတိုင်အောင် လွှမ်းမိုးသွားလေသည်။ နံပါးနှစ်ဖက်မှအစဖြစ်၍ အလယ်တကိုယ်လုံး ပျံ့နှံ့သွားလေသည်။ အလယ်မှအစဖြစ်၍ နံပါးနှစ်ဖက် အနှံ့ပျံ့၍ သွားလေသည်။

အနာထပိဏ်သူဌေးကြီးသည် ပိတိငါးမျိုးဖြင့် အမြဲမပြတ် တွေ့ထိအပ်သော ကိုယ်ရှိသည်ဖြစ်ရကား ရာဇဂြိုဟ်သူဌေးကြီးကို သူဌေးကြီး–သင်သည် "မြတ်စွာဘုရား" ဟူ၍ ပြောဆိုလိုက်သလားဟု မေးမြန်းလေသည်၊ ရာဇဂြိုဟ်သူဌေးကလည်း သူဌေးကြီး–ကျွန်ုပ်သည် "မြတ်စွာဘုရား" ဟူ၍ ပြောဆိုလိုက်ပါသည်ဟု ဖြေကြားလေသည်။ ဤနည်းအတူ သုံးကြိမ်တိုင်တိုင် မေးပြီးလျှင် အနာထပိဏ်သူဌေးကြီးသည် သူဌေးကြီး–လောကမှာ "မြတ်စွာဘုရား၊ မြတ်စွာဘုရား" ဟူသော အသံကိုသော်လည်း ကြားရခဲ့ နာရခဲ့ဘိ၏။ သူဌေးကြီး ယခု မြတ်စွာဘုရားသခင်ကို ဖူးမြင်ရန် သွားရောက်လိုပါ၏ဟု ပြောဆိုလေ၏။ ထိုအခါ ရာဇဂြိုဟ်သူဌေးကြီးသည် ဘုရားရှင်တို့မည်သည် အဆိပ်ထန်ပြင်း မြေမင်းကြီး မျိုးပမာ ချဉ်းကပ်နိုင်ခဲကုန်၏။မြတ်စွာဘုရားသည်လည်း သုသာန်သင်းချိုင်း၏ အနီး ယင်းတိုက်တောရကျောင်း၌ သီတင်းသုံးနေထိုင်တော်မူဆဲဖြစ်၏။ ယခုလို နေဝင်ခါနီးအချိန်မှာ အနာထပိဏ်သူဌေးကြီးသည် သွားရောက်ခြင်းငှါ မသင့်ဟု အောက်မေ့ဆင်ခြင်ကာ သူဌေးကြီး–ဤအချိန်မှာ မြတ်စွာဘုရားသခင်ကို ဖူးမြင်ရန် သွားရောက်ခြင်းငှါ အခါမဟုတ်တော့ပါ၊ နက်ဖြန် နံနက်စောစော အခါ၌သာ မြတ်စွာဘုရားသခင်ကို ဖူးမြင်ရန် သွားရောက်ခြင်းငှါ သင့်လျော်ပါ၏ဟူ၍ ပြောဆိုလေသည်။

ထိုအခါ အနာထပိဏ်သူဌေးကြီးသည် နက်ဖြန်နံနက် နေစက်ထွန်းတောက်မိုးသောအခါ မြတ်စွာဘုရားသခင်ကို ဖူးမြင်ရန် သွားရောက်နိုင်တော့မည်ဟု ငါးပါးသောပိတိဖြင့်ထုံလျက် ဂုဏ်ကျေးဇူးတော်ကို အောက်မေ့၍ အိပ်လေ၏။ ညဉ့်ဦးယာမ်လွန်လတ်သောအခါ လျောင်းစက်ရာမှထ၍ မြတ်စွာဘုရား၏ဂုဏ်တော်ကို အဖန်တလဲလဲ ဆင်ခြင်အောက်မေ့လေသည်။ ထိုအခါ အနာထပိဏ်သူဌေးကြီးအား မြတ်စွာဘုရား၌ အလွန်အားကြီးသော ကြည်ညိုမှု ဗလဝသဒ္ဓါ တဖွားဖွားဖြစ်ပွါးလေသည်။ ပိတိကြောင့်ဖြစ်သော အလင်းရောင်များ ပေါ်ထွက်လာကာ အမှောင်ဓာတ်များ ကင်းကွာသွားလေသည်။ ဆီမီးအထောင် ညှိထွန်းသကဲ့သို့၎င်း, လဝန်း နေဝန်းကြီးများ ပေါ်ထွန်းထွက်ပြူလာသကဲ့သို့၎င်း ဖြစ်လေ၏။

တိုသို့ အရောင်များ ဖြစ်လေသောအခါ သူဌေးကြီးသည် ဩဿ်....ငါသည် မေ့လျော့ခြင်းသို့ ရောက်လေစွတကား၊ နေဝန်းကြီးသော်မှ ပေါ်ထွန်းထွက်ပြူလာလေပြီဟု ညည်းတွားပြောဆိုကာ နေရာမှထ၍ အဇ္ဈာဝေဟင် ထက်ကောင်းကင်၌ လမင်းကြီးထွန်းလင်းတောက်ပနေသည်ကို ကြည့်ရှုပြီးလျှင် ညဉ့်ဦးယာမ်သာ ရှိပါသေးတကား၊ သန်းခေါင်ယာမ်နှင့် မိုးသောက်ယာမ် နှစ်ယာမ်တို့အချိန်ကျန်ရှိပါသေးတကားဟု စဉ်းစားဆင်ခြင်မိကာ တဖန်အိပ်ရာတိုက်ခန်းသို့ ဝင်၍ လျောင်းစက်ပြန်လေသည်။

ထိုနည်းဖြင့်ပင် သန်းခေါင်ယာမ်အဆုံးဌ်ဌင်း, မိုးသောက်ယာမ်အဆုံးဌ်ဌင်း ဤသို့လျှင် သုံးကြိမ်တိုင်တိုင် အိပ်ရာမှထခဲ့လေသည်။ ပစ္ဆိမယာမ်အဆုံးဌ်ဤးမိုးသောက်အားကြီး လင်းခါနီးဌ်ပင် ထ၍ လသာဆောင်အပြင်ဘက်အတိုင်း လာလတ်သော် အဝင်တံခါးမကြီးအနီးသို့ ရောက်လေ၏။ ဘုံဆောင်ခုနစ်ဆင့် တို့ဌ်ရှိသော အဝင်တံခါးမများသည် အလိုလိုသာပွင့်ပြီး ဖြစ်နေလေသည်၊ အနာထပိဏ်သူဌေးကြီးသည် ဘုံဆောင်ခုနစ်ဆင့်ရှိသောပြာသာဒ်မှ ဆင်းခဲ့၍ မြို့တွင်းလမ်းအတိုင်း လျှောက်၍လာခဲ့လေ၏။

ထိုသို့လာခဲ့သောအခါ သီကဝမည်သော တံခါးအနီးသို့ ရောက်၍လာလေလျှင် မြို့စောင့်သူကော်ကောင်းအရိယာနတ်တို့သည် ဤအနာထပိဏ်သူဌေးကြီးကား မြတ်စ္စာဘုရားကို ပြုစုလုပ်ကျွေးဆည်းကပ်ရန် သွားမည်ဟူသော အကြံဖြင့် ထုတ်ခဲ့လေပြီ၊ ဤသူဌေးကြီးသည် မြတ်စ္စာဘုရားကို ပဌမအကြိမ်ဖူးမြော်ရလျှင်ပင် သောတာပတ္တိဖိုလ်ဌ်တည်၍ ရတနာမြတ်သုံးပါးတို့အား အသာဆုံး အမြတ်ဆုံးအလုပ်အကျွေး ဒါယကာတဦးဖြစ်ကာ အတုမရှိသော သံဃာတော်များနေဘို့ရန် ကျောင်းတိုက်ကြီးကို ဆောက်လုပ်ပြီးလျှင် အရပ်လေးမျက်နှာမှ လာလာသမျှသော အရိယာသံဃာတော်အပေါင်းအတွက် မပိတ်ဆို့အပ်သော တံခါးရှိသူဖြစ်ပေလိမ့်မည်၊ ဤသူဌေးကြီးအား တံခါးကို ပိတ်ထားခြင်းငှါ မသင့်လျော်ဟု ကြံစည်အောက်မေ့ကြပြီးလျှင် မြို့တံခါးကို ကြိုတင်၍ ဖွင့်ထားလင့်ကြလေကုန်၏။

ထိုအခါ အနာထပိဏ်သူဌေးကြီးအား မြို့မှထွက်မိလတ်သော် အလင်းရောင်များကွယ်ပျောက်၍ အမှောင်များရောက်လာလေသည်၊ ကြောက်လန့်တုန်လှုပ်ခြင်း, ကြက်သီးမွေးညှင်းထခြင်းများဖြစ်လာလေသည်၊ သို့ရကား အနာထပိဏ်သူဌေးကြီးသည် ရှေ့သို့ဆက်လက်၍ မသွားပဲ ပြန်လည်ဆုတ်နစ်ခြင်းငှါ အလိုရှိလေသည်။

ထိုအချိန်အခါ၌ ရာဇဂြိုဟ်ပြည်သည် လူမျိုးပေါင်းများစွာ ရောပြွမ်းစည်ပင်လှ၏။ မြို့တွင်း၌ ကိုးကုဋေ, မြို့ပ၌ ကိုးကုဋေအားဖြင့် လူဦးရေတဆယ့်ရှစ်ကုဋေတို့သည် ရာဇဂြိုဟ်ပြည်ကိုမှီ၍နေကြလေ၏။ ညဉ့်အချိန်၌ သေလွန်သောသူများကို မြို့တံခါးမကြီးပိတ်ထားသဖြင့် မြို့ပြင်သို့ထုတ်ဆောင်သင်္ဂြိုဟ်ခြင်းငှါ မစွမ်းနိုင်ကုန်ရကား မြို့ရိုးပေါ်မှ ပြအိုး၌ ရပ်တည်ကြကာ မြို့တော်တံခါးမ အပြင်ဘက်သို့ ပစ်ချကြရကုန်၏။

ထို့ကြောင့် အနာထပိဏ်သူဌေးကြီးသည် မြို့မှအပြင်သို့ထွက်လျှင်ပင် လောလောလတ်လတ်စွန့်ပစ်ပြီးကာစဖြစ်သော သူသေကောင်တခုကို နင်းမိလေတော့သည်၊ အခြားသူသေကောင်တခုကိုလည်း ခြေထောက်ဖြင့် တိုက်မိလေတော့သည်၊ထိုအခါ ယင်ကောင်များ ဝေါကန် ပျံသန်းရစ်ဝဲကြလေ၏။သူသေကောင်မှ

အပုပ်နံ့သည် သူဌေးကြီး၏ နှာခေါင်းတွင်းသို့ တိုးဝင်လာသဖြင့် သူဌေးကြီး သန္ဓာန်၌ ဖြစ်ပွါးနေသော မြတ်စွာဘုရားသခင်၌ ကြည်ညိုမှုပသာဒသဒ္ဓါတရား သည် ပါး၍သွားသည့်အတွက် သူဌေးကြီး၏ ကိုယ်ခန္ဓာမှ ပီတိကြောင့်ထွက်နေသည့်အရောင်များ ကွယ်ပျောက်၍ အမိုက်မှောင်များ ရောက်လာလေသည်။ အမိုက်မှောင်များ ရောက်၍ ထိတ်လန့်ကြောက်ရွံ့သည့်အတွက် ပြန်နစ်လိုသော အခါ သီဝကနတ်ဘီလူးသည် ကိုယ်ထင်ရှားမပြပဲ ငါသည် သူဌေးကြီးအား ရွေ့သို့ ဆက်သွားရန် လှုံ့လကို ဖြစ်စေအံ့ဟု ကြံစည်ကာ ရှေ့ဆည်းလည်းကို လှုပ်သည့် ပမာ သာယာစွာသော အသံဖြင့် ဤသို့ ပြောဆိုလေ၏။

သတံ ဟတ္ထီ သတံ အာဿာ၊ သတံ အဿတရီရထာ။
သတံ ကညာသဟဿာနိ၊ အာမုက္ကမဏိကုဏ္ဍလာ။
ဧကဿ ပဒဝီတိဟာရဿ၊ ကလံ နာဂ္ဃန္တိ သောဠသိ ။

(စူဠဝါပါဠိတော် ၃၀၃။ သံယုတ်ပါဠိတော်၊ ပဌမအုပ်၊ ၂၁၃)

မဟာသေဋ္ဌိ၊ အနာထပိဏ်ဍ ဂုဏ်သိရိလှုံ့ညီး အိုသူဌေးကြီး။ သတံဟတ္ထီ သဟဿာနိ၊မင်းထိုက်စိုးတန်အမျိုးမှန်သည့် အဖိုးတန်ရတနာ သန်းပေါင်းတွက်ကိန်း ဆင်တသိန်းတို့သည်၎င်း။ သတံအဿသဟဿာနိ၊ မင်းထိုက်စိုးတန် အာမျိုးမှန် သည့် အဖိုးတန်ရတနာ သန်းပေါင်းတွက်ကိန်း မြင်းတသိန်းတို့သည်၎င်း။ သတံ အာဿ-တရီရထာ သဟဿာနိ၊ မင်းထိုက်စိုးတန် အာမျိုးမှန်သည့် အဖိုးတန်ရတနာ သန်းပေါင်းတွက်ကိန်း အာဿတိုရ်မြင်းကသည့် ရထားတသိန်းတို့သည်၎င်း။ အာမုက္က-မဏိကုဏ္ဍလာ၊ ပတ္တာမြားနားခွောင်း သွယ်ပျောင်းစုံလင် တန်းဆာဆင်အပ်ကုန် ပြီးသော။ သတံကညာသဟဿာနိ၊ မင်းထိုက်စိုးတန် အံ့မျိုးမှန်သည့် အဖိုးတန် ရတနာ သန်းပေါင်းတွက်ကိန်း သတို့သမီးကညာတသိန်းတို့သည်၎င်း။ဧကဿ ပဒဝီတိ-ဟာရဿ၊ မြတ်စွာဘုရားကို ဖူးမြော်မည် တရားတော်ကို နာယူမည် သံဃာ တော်ကို ပြုစုလုပ်ကျွေးမည်ဟု ရည်ရွယ်မှန်းထား ကျောင်းတော်သို့ အရောက် သွားသည့် ယောကျ်ားလူစွမ်း ခြေတလှမ်း၏။ (ဝါ) ခြေတလှမ်း၌ ဖြစ်ပွါးသော ကုသိုလ်စေတနာ၏။ သောဠသိ ကလံ၊ တဆယ့်ခြောက်စိတ် ဆယ့်ခြောက်ပြန်စိတ် ၍ တစိတ်လောက်ကမျှ။ (ဝါ) နှစ်ရာ့ငါးဆယ့်ခြောက်စိတ် စိတ်၍ တစိတ်မျှ။ နာဂ္ဃန္တိ၊ အဖိုးမထိုက်ကြကုန်။

အဘိက္ကမ ဂဟပတိ၊ အဘိက္ကမ ဂဟပတိ။
အဘိက္ကန္တံ တေ သေယျော နော ပဋိက္ကမနံ။

(စူဠဝါပါဠိတော် ၃၀၃။ သံယုတ်ပါဠိတော်၊ ပဌမအုပ်၊ ၂၁၃။)

ဂဟပတိ၊ အနာထပိဏ်ဍ ဂုဏ်သိရိလှုံ့ညီး အိုသူဌေးကြီး။ အဘိက္ကမ၊ ရွှေ့သို့ ဆက်၍သာ သွားပါလော့။ ဂဟပတိ၊ စည်းစိမ်ဓန ပေါကြွယ်လှ၍ နာမ

ဂုဏ်သိရ် အိုအနာထပိဏ်။ အဘိက္ကမ၊ ရွှေသို့သာဆက်လက်၍ သွားပါလော့။ တေ၊ သင်သူဌေးကြီး၏။ အဘိက္ကန္တံ၊ ရွှေသို့သာသွားခြင်းသည်။ သေယျော၊ မြတ်၏။ ပဋိက္ကန္တံ၊ နောက်သို့ဆုတ်ခြင်းသည်။ နော သေယျော၊ မမြတ်သည်သာ။

ဤသို့ ပြောဆိုသောအခါ အနာထပိဏ်သူဌေးကြီးသည် ငါကား တယောက်တည်းဟူ၍ မှတ်ထင်၏။ ငါ၏နောက်လိုက် အဖော်သဟဲမျှားလည်း ရှိကြ၏။ အဘယ်ကြောင့် ကြောက်ရမည်နည်းဟု ကြံစည်ဆင်ခြင်မိကာ ရဲရင့်၍လာပြန်၏၊ ထိုအခါ သူဌေးကြီး၏သန္တာန်၌ မြတ်စွာဘုရား၌ ကြည်ညိုမှုအားကြီးသော သဒ္ဓါတရား ဖြစ်ပွါးလာပြန်၏။ ထို့ကြောင့် အမှောင်ပျောက်၍ အလင်းရောင် ရောက်ပြီးလျှင် ကြောက်လန့်ဘုန်းသူပ်ခြင်း, ကြက်သီးမွေးညှင်းထခြင်းတို့သည် ငြိမ်းအေးသွားကုန်၏။

ထို့နောက် အနာထပိဏ်သူဌေးကြီးသည် ရွှေသို့တက်၍ ခရီးဆက်ခဲ့ပြန်ရာ ကြောက်ဘွယ်ကောင်းသော သုသာန်ခရီးတလျှောက်၌ အသုဘသူသေကောင်အမျိုးမျိုးတို့ကို မြင်ရပြန်၏၊ ကြောက်ဘွယ်ကောင်းသည့် အိမ်ခွေးတောခွေးစသည်တို့၏ အသံကိုကြားရပြန်၏။ ထို့ကြောင့် ကြောက်စိတ်များဝင်ရောက်ကာ ဒုတိယအကြိမ် ရွှေနည်းအတိုင်း အလင်းရောင်များပျောက်၍ အမှောင်ရောက်ခြင်းစသည် ဖြစ်သောအခါ ရွှေနည်းတူပင် သီဝကနတ်ဘီလူးက ဒုတိယအကြိမ် အားပေးစကား ပြောကြားပြန်သဖြင့် အမှောင်ပျောက်၍ အလင်းရောင်ရောက်ခြင်း ဖြစ်ပေါ်လာပြန်၏။

အလင်းရောင်ကြောင့် ရွှေသို့တက်၍ ခရီးဆက်ခဲ့ပြန်ရာ ရွှေနည်းအတူဖြစ်၍ တတိယအကြိမ်မြောက်၌ကား တွေ့ရှိသမျှ ဘေးရန်အားလုံးသည် မြတ်စွာဘုရား၌ ကြည်ညိုမှုသဒ္ဓါတရားကို လွန်စွာပွါများခြင်း, သီဝကနတ်ဘီလူးက သုံးကြိမ်မြောက် သာယာစွာသောအသံဖြင့် ပြောဆိုအားပေးခြင်းတို့ကြောင့် ထိတ်လန့်ကြောက်ရွံ့သမျှ ငြိမ်းအေး၍သာ သွားလေ၏။ ထိုသို့သွားသဖြင့် အနာထပိဏ်သူဌေးကြီးသည် အစဉ်သဖြင့် ယင်းတိုက်တောအုပ်သို့ ရောက်လေ၏။ ထိုအချိန်၌ မြတ်စွာဘုရားသည် မိုးသောက်အားကြီး လင်းလုံးကာလဝယ် ဟင်းလင်းအပြင် လွင်တီးခေါင်၌ လူးလာတုံ့ခေါက် စင်္ကြံတော်လျှောက်၍ နေတော်မူဆဲဖြစ်လေသည်။

အနာထပိဏ်သူဌေးကြီးသည် သွားရင်းပင် ဤလောက၌ ပူရဏကဿပစသော တိတ္ထိဆရာကြီးတို့သည် ငါတို့ကား ဘုရားများ ဖြစ်ကြ၏၊ ငါတို့ကား ဘုရားများ ဖြစ်ကြ၏ဟု ပြောဆိုကြကုန်၏။ ငါသည် ဘယ်ပုံဘယ်နည်းဖြင့် မြတ်စွာဘုရား၏ ကေန်စင်စစ် ဘုရားဖြစ်ကြောင်းကို ကောင်းစွာသိရပါမည်နည်းဟူ၍ ကြံစည်မိလေသည်၊ ထို့နောက် သူဌေးကြီး၏စိတ်သန္တာန်ဝယ် တဖန်

ဆင်ခြင်၍ ကိုးကွယ်ရာမဲ့သူတို့အား အစာထမင်းပေးကမ်းခြင်းတည်းဟူသော ဂုဏ်ကျေးဇူးကြောင့် ဖြစ်ပေါ်လာသည့် "အနာထပိဏ်သူဌေး" ဟူသော ငါ၏ အမည်ကို လူအများပင်သိကြ၏၊ ငါ၏မိဘတို့မှည့်ခေါ်အပ်သည့် "သုဒတ္တ" ဟူသောအမည်ကိုကား ငါ့အပြင် အခြားသူ တဦးတယောက်မျှ မသိချေ။ အကယ်၍ ဘုရားစင်စစ် ဖြစ်တော်မူလျှင် မြတ်စွာဘုရားသည် ငါ့ကို မိဘတို့မှည့်ခေါ်ပေးအပ်သည့် 'သုဒတ္တ' ဟူသော အမည်ဖြင့် ခေါ်တော်မူလိမ့်မည်ဟု အကြံဖြစ်လေ၏။

မြတ်စွာဘုရားသည် အနာထပိဏ်သူဌေးကြီးလာလတ်သည်ကို အဝေးမှပင် မြင်တော်မူ၍ စကြံ့သွားခြင်းမှ ရပ်နားပြီးလျှင် ခင်းထားအပ်သော နေရာ၌ ထိုင်တော်မူပြီးကာ အနီးသို့ရောက်ရှိလာသော အနာထပိဏ်သူဌေးကို ဟေ သုဒတ္တ=(လာလော့ ချစ်သားသုဒတ္တ)ဟူ၍ အကြံအစည်ကို ကြိုတင်သိရှိတော်မူသည့်အတိုင်း ခေါ်ဝေါ်တော်မူလေသည်။ ထိုအခါ အနာထပိဏ်သူဌေးကြီးသည် ငါ့ကို မြတ်စွာဘုရားသည် မိဘတို့မှည့်ခေါ်အပ်သော အမည်ရင်းဖြင့် ခေါ်တော်မူပေ၏ဟု သိရှိကာ ဝမ်းမြောက်တက်ကြွသော စိတ်နှလုံးရှိပြီးလျှင် မြတ်စွာဘုရား၏ထံမှောက်သို့ သွားရောက်ချဉ်းကပ်၍ မြတ်စွာဘုရား၏ခြေတော် အစုံတို့၌ ဦးခေါင်းဝပ်လျှိုး ရှိခိုးဦးညွတ်ပြီးသော် မြတ်စွာဘုရားကို ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဘုန်းတော်သခင် ဘုရားရှင်သည် ချမ်းသာစွာ ကျိန်းစက်တော်မူရပါ၏လောဟူ၍ လျှောက်ထားမေးမြန်းလေ၏။

ထိုအခါ မြတ်စွာဘုရားသည် အနာထပိဏ်သူဌေးကြီးကို—

သဗ္ဗဒါ ဝေ သုခံ သေတိ၊ ဗြာဟ္မဏော ပရိနိဗ္ဗုတော။
ယော န လိမ္ပတိ ကာမေသု၊ သီတိဘူတော နိရူပဓိ။

(စူဠဝါပါဠိတော် ၃၀၄။ သဂါထာဝဂ္ဂသံယုတ်ပါဠိတော် ၂၁၄။)

ပဟပတိ၊ ဒါယကာအနာထပိဏ်သူဌေး။ ယော၊ အကြင်ရဟန္တာသခင် အရှင်မြတ်သည်။ ကာမေသု၊ ဝတ္ထုအာရုံ ကာမဂုဏ်တို့၌။ န လိမ္ပတိ၊ ကိန်းလသာ ညွှန်တို့ဖြင့် လိမ်းကျံတော်မမူ။ သီတိဘူတော၊ ကိလေသာဟူ အပူကင်းဝေး ငြိမ်းဇောတော်မူသည်ဖြစ်၍။ နိရူပဓိ၊ ကိလေသာ အဘိသင်္ခါရကာမဂုဏ်အား သုံးထွေပြားသော ဥပဓိတရားတို့မှ ကင်းရှင်းတော်မူပြီးဖြစ်ပေ၏။ ဗြာဟ္မဏော၊ မကောင်းမှုကိုအပပြုပြီးသော။ ပရိနိဗ္ဗုတော၊ ကိလေသပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း အပူဇာတ်သိမ်းတော်မူပြီးသော။ သော၊ ထိုရဟန္တာသခင် အရှင်မြတ်သည်။ သဗ္ဗဒါ၊ နေ့ည၌ဆက်ကာ ခပ်သိမ်းသောအခါ၌။ ဝေ၊ စင်စစ်ကေန် အမှန်အားဖြင့်။ သုခံ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ။ သေတိ၊ အိပ်ရနေရ၏။

သဗ္ဗာ အာသတ္တိယော ဆေတ္ဝာ၊ ဝိနေယျ ဟဒယေ ဒရံ။
ဥပသန္တော သုခံ သေတိ၊ သန္တိံ ပပ္ပုယျ စေတသာ။

(စုဋ္ဌဝါပါဠိတော် ၃၀၄။ သဂါထာဝဂ္ဂသံယုတ်ပါဠိတော် ၂၁၄။)

ဂဟပတိ၊ အနာထပိဏ်ဂုဏ်သိရ်ပြန့်မွှေး အိုသူဌေး။ သော၊ ထိုရဟန္တာသခင် အရှင်မြတ်သည်။ သဗ္ဗာ၊ အလုံးစုံကုန်သော။ အာသတ္တိယော၊ အာရုံငါးသွယ် ငြိတွယ်လိုက်စား တဏှာတရားတို့ကို။ ဆေတ္ဝာ၊ မဂ်ဉာဏ်လေးရပ်ဖြင့် အကြွင်းမဲ့ ဖြတ်ပြီး၍။ ဟဒယေ၊ နှလုံး၌။ ဒရံ၊ ကိလေသာဟူ အပူခပ်သိမ်းကို။ ဝိနေယျ၊ ပယ်ဖျောက်ပြီး၍။ သန္တိံ၊ ကိလေသာခပ်သိမ်း ငြိမ်းရာနိဗ္ဗာန်သို့။ စေတသာ၊ အရဟတ္တဖလသမာပတ် စိတ်တော်မြတ်ဖြင့်။ ပပ္ပုယျ၊ ကြိမ်ကြိမ်ဖန်ဖန် ပြန်ပြန် ထောက်ထောက် ဆိုက်ရောက်တော်မူ၍။ ဥပသန္တော၊ ကိလေသာဟူ အပူခပ် သိမ်း အေးငြိမ်းတော်မူပြီးသည်ဖြစ်၍။ သုခံ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ။ သေတိ၊ အိပ်ရနေရ၏။

ဤသို့လျှင် ကိုယ်တော်မြတ်မှာ ဣရိယာပုထ်လေးပါး၌ပင် ချမ်းသာစွာနေ ထိုင်ရကြောင်း မိန့်ကြားတော်မူပြီးလျှင် မြတ်စွာဘုရားသည် အနာထပိဏ် သူဌေးကြီးအား မဂ်ဖိုလ်ရောက်ကြောင်း ကောင်းမြတ်သောတရားလမ်းစဉ်ဖြစ် သည့် ဒါနကထာ, သီလကထာ, သဂ္ဂကထာ, မဂ္ဂကထာ, ကာမာနံ အာဒီ-နဝကထာ, နေက္ခမ္မေ အာနိသံသကထာ ဒေသနာအစဉ်အတိုင်း ဟောကြား တော်မူ၍ ထိုအနာထပိဏ်သူဌေးကြီး၏ ခံသောစိတ်, နူးညံ့သောစိတ်, ပိတ်ပင် ခြင်း နီဝရဏ ကင်းသောစိတ်, တက်ကြွဝမ်းမြောက်သောစိတ်, ကြည်လင်သော စိတ်မျိုးရှိသည်ကို သိတော်မူသောအခါ သစ္စာလေးဝ သာမုက္ကံသိက(ကိုယ်တော် တိုင်ချီးမြှောက်ခြင်း ရှိသော) ဓမ္မဒေသနာကို ဟောကြားတော်မူလေလျှင် အနာထပိဏ်သူဌေးကြီးသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

ထိုအခါ သောတာပန်ဖြစ်ပြီးသော အနာထပိဏ်သူဌေးကြီးသည် ဘုန်းတော် ကြီးလှတော်မူသော မြတ်စွာဘုရား အလွန်နှစ်သက်ဘွယ်ရှိပါပေစွ, အလွန် နှစ်သက်ဘွယ်ရှိပါပေစွ၊ ဘုန်းတော်ကြီးလှတော်မူသောမြတ်စွာဘုရား လောက ဥပမာအားဖြင့် မှောက်၍ထားသော ဝတ္ထုကို လှန်လိုက်သကဲ့သို့ဌင်း, ဖုံးအုပ် ထားသော အရာဝတ္ထုကို ဖွင့်လှစ်၍ပြလိုက်ဘိသကဲ့သို့ဌင်း, မျက်စိလည်လမ်းမှား သောသူအား လက်ကိုကိုင်ဆွဲ၍ ဤသည်ကား သင်သွားရမည့်လမ်းတည်းဟု လမ်းမှန်ကို ပြောကြားလိုက်ဘိသကဲ့သို့ဌင်း, မျက်စိအမြင်ရှိသောသူတို့သည် ရှုပါ ရုံကိုမြင်ကြပေလိမ့်မည်ဟု နှလုံးသွင်း၍ လဆုတ်ဆယ့်လေး တောအရေးနှင့် တိမ်မြေးတိမ်လှာ သန်းခေါင်ခါဟု လေးဖြာသောအင်္ဂါရှိသော အမိုက်တိုက်၌ ဆီမီးတန်ဆောင် အလင်းရောင်ကို ညှိထွန်းထားဘိသကဲ့သို့ဌင်း ထို့အတူပင်

မြတ်စွာဘုရားသည် အကျွန်ုပ်အား မျှားစွာသောအကြောင်းဖြင့် တရားဒေသနာတော်ကို ထင်ရှားစွာ ဟောပြတော်မူအပ်ပါပြီ။

ဘုန်းတော်ကြီးလှတော်မူသော မြတ်စွာဘုရား တပည့်တော်သည် ရတနာမြတ်သုံးပါးကို ကိုးကွယ်လည်းလျောင်း ပုန်းအောင်းမှီခိုရာဟူ၍ သိမှတ်ဆည်းကပ်ပါ၏။ အရှင်ဘုရားသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ရှည်သမျှကာလပတ်လုံး သရဏဂုံတည်သူ ဥပါသကာဟူ၍ မှတ်ယူတော်မူပါလော့ဟု လျှောက်လေ၏။ ထို့နောက် ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား ရှင်တော်ဘုရားသည် နက်ဖြန်ကာ ကောင်းမှုကုသိုလ်အလို့ငှါ ရဟန်းသံဃာတော်များနှင့်တကွ တပည့်တော်၏ ဆွမ်းကို သည်းခံသုံဃာတော်မူပါဘုရားဟု ဆွမ်းစားရန် ပင့်ပြန်လေ၏။

မြတ်စွာဘုရားသည်လည်း ဆိတ်ဆိတ်နေသဖြင့် အနာထပိဏ်သူဌေးကြီး၏ ဆွမ်းစားပင့်လျှောက်ချက်ကို လက်ခံသာယာတော်မူလေ၏။ ထိုအခါ အနာထပိဏ်သူဌေးကြီးသည် မြတ်စွာဘုရား သည်းခံသာယာတော်မူသည်ကို သိရှိ၍ နေရာမှထ၍ မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးပြီးလျှင် နောက်ဆုတ်ပြန်ကာ လက်ျာရစ်လှည့်၍ မိမိ၏တည်းခိုရာ ရာဇဂြိုဟ်သူဌေးကြီးအိမ်သို့ပြန်သွားလေ၏။

ဘုရင်မင်းမြတ်နှင့် သူဌေးများက ကူညီရန် ဖိတ်မန္တက ပြုကြခြင်း

အနာထပိဏ်သူဌေးကြီးက မြတ်စွာဘုရား အမှူးရှိသော သံဃာတော်အားဆွမ်းစားပင့်ခဲ့ကြောင်း သီတင်းစကားသည် တမုဟုတ်ခြင်း ပျံ့နှံ့ကာ ရာဇဂြိုဟ်သူဌေး ဝိသာလ ကြားသိလေလျှင် အနာထပိဏ် သူဌေးကို အို အနာထပိဏ် သူဌေးကြီး သင်သူဌေးကြီးသည် မြတ်စွာဘုရား အမှူးရှိသော သံဃာတော်များကို နက်ဖြန် ကောင်းမှုကုသိုလ်အလို့ငှါ ဆွမ်းစား ပင့်အပ်ပါပြီ ဟူသော စကားကို ကြားသိရပါသည်။ သင်သူဌေးကြီး မှာလည်း ဥစ္စာသည် အာဂန္တုဖြစ်နေပါသဖြင့် သူဌေးကြီးအား လက်ခ ကံကျေး ဝေယျာဝစ္စ အကူအညီပေးပါရစေ၊ အကျွန်ုပ်ပေးသော အကူအညီဖြင့် မြတ်စွာဘုရား အမှူးရှိသော သံဃာတော်အား ဆွမ်းကျေးပါလော့ဟု ဖိတ်မန်စကား ပြောကြားလေသည်။

ထိုအခါ အနာထပိဏ် သူဌေးကြီးက သူဌေးကြီး ဝိသာလ တော်ပါပြီ၊ အကျွန်ုပ်မှာ လက်ခကံကျေး ပေးစရာရှိပါ၏၊ ယင်းလက်ခ ကံကျေးဖြင့် မြတ်စွာဘုရား အမှူးပြုသော သံဃာတော်အား ဆွမ်းကျေးပါမည်ဟု ပြန်ကြား ပြောဆိုလေသည်။ ရာဇဂြိုဟ်ပြည်၌ နေကုန်သော မိတ်ဆွေ သူဌေး တို့သည်၎င်း ဗိမ္မိသာရမင်းကြီးသည်၎င်း ခွင့်တောင်းပြောဆိုသော်လည်း တို့အတူ ပယ်ရှား၍ နောက်တနေ့ နံနက်ရောက်သောအခါ အနာထပိဏ်သူဌေးကြီးသည် ယောက်ဖ

တော် ရာဇဂြိုဟ်သူဌေး ဝိသာလ အိမ်၌ ဘုရား အမှူးရှိသော သံဃာတော်ကို မွန်မြတ်သော ဆွမ်းခဲဘွယ်ဘောဇဉ်ဖြင့် ဆက်ကပ်လုပ်ကျွေး၏။

ဆွမ်းကျွေး၍ တရားတော်နာယူပြီးသောအခါ အပြစ်ခြောက်ပါး လွတ်ကင်းသောအရပ်၌ ထိုင်နေပြီးလျှင် မြတ်စွာဘုရားကို "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အကျွန်ုပ်အား သနားတော်မူပါသဖြင့် ရဟန်းအပေါင်းနှင့်တကွ သာဝတ္ထိပြည် အရပ်၌ ဝါဆို သီတင်းသုံးရန် သည်းခံ သာယာတော်မူပါဘုရား" ဟူ၍ လျှောက်ထားလေလျှင် မြတ်စွာဘုရားသည် အနာထပိဏ်သူဌေးကြီးကို ဒါယကာ အနာထပိဏ်သူဌေး ငါဘုရားကား သုံးပါးသော ဘဝ၌ ကျင်လည်သမျှသော ဝေနေယျ သတ္တဝါတို့၏ အကျိုးငှါသာ ပါရမီဖြည့်တော်မူသည်၊ ရာဇဂြိုဟ်ပြည်သူတို့၏ အကျိုးငှါသာ ပါရမီ ဖြည့်သည်မဟုတ်၊ ထိုထိုသို့သော အရပ်၌ လှည့်လည်ကာ နေတော်မူမည်။ သို့ရာတွင် ဘုရားတို့ ဓမ္မတာသည် လူနှင့်မရောပြွမ်းသော ဆိတ်ငြိမ်ရာ အရပ်၌ ပျော်ပိုက်တော်မူကြကုန်၏ဟု မိန့်ကြားတော်မူ၏။

အနာထပိဏ်သူဌေးသည်လည်း ဤသို့သော အမိန့်တော်ကို ကြားလျှင် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အကျွန်ုပ်သိပါပြီ။ သင့်မြတ်သော်သော နေရာကျောင်းကန်ကို စီမံဆောက်လုပ်ပါတော့မည်ဟု လျှောက်ထား၏။ မြတ်စွာဘုရားသည်လည်း တရားဒေသနာ အာစဉ်ဖြင့် အနုမောဒနာပြု၍ ကြွတော်မူ၏။

ရာဇဂြိုဟ်နှင့်သာဝတ္ထိအကြား ကျောင်းဆောက်လုပ်ခစခြင်း

အနာထပိဏ် သူဌေးသည်လည်း ရာဇဂြိုဟ်ပြည်ဝယ် ပြုဘွယ်ကိစ္စ ဟူသမျှကို ပြီးဆုံးစေ၍ မိမိနေရာ သာဝတ္ထိပြည်သို့ ပြန်ခဲ့လေသော် အဆွေခင်ပွန်းအမျှား ရှိသူဖြစ်ရကား လမ်းခရီးအကြား မြို့ကျေးရွာတို့၌ နေထိုင်ကြသော လူအမျှားကို မိတ်ဆွေတို့ တည်းခိုနားနေရန် အရာမ် ဥယျာဉ်မျှား ပြုလုပ်ကြကုန်၊ကျောင်းမျှား တည်ဆောက်ကြကုန်၊ အလှူဝတ်မျှား တည်ဆောက်ကြကုန်၊ လောက၌ မြတ်စွာဘုရားပွင့်တော်မူနေပြီ၊ ထိုမြတ်စွာ ဘုရားသည် ငါ၏ ပင့်ဖိတ်ချက်အရ မိတ်ဆွေတို့နေရာ ဤလမ်းအတိုင်း ကြွလာတော်မူပေလိမ့်မည်ဟု တိုက်တွန်းနှိုးဆော်စကား ပြောကြားလေသည်။ ထိုအခါ လမ်းခရီးအကြားရှိ မိတ်ဆွေတို့သည် မိမိတို့ ကိုယ်တိုင်က ငွေကြေးတတ်နိုင်သူမျှားဖြစ်လျှင် သူဌေးကြီး၏ အကူအညီကို မယူကြပဲ မိမိတို့ ငွေကြေးဖြင့်ပင် အရာမ် ဥယျာဉ် ကျောင်းမျှား ပြုလုပ်တည်ဆောက်၍ အလှူဝတ်မျှား တည်ထားကြလေသည်။

ငွေကြေး နည်းပါးသူ ငွေကြေးလုံးဝမတတ်နိုင်သူတို့အားကား အနာထပိဏ် သူဌေးကြီးကပင် ငွေထုတ်ပေးသဖြင့် အရာမ် ဥယျာဉ် ကျောင်းမျှား ပြုလုပ်

တည်ဆောက်ကြ၍ ၊ အလှူဝတ်မျှား တည်ထား ကြလေသည်။ ဤသို့လျှင် သူဌေးကြီးက ငွေအသပြာတသိန်းနှင့် တသိန်းတန်သော သစ်ဝါး အဆောက် အဦ ဘဏ္ဍာမျှားကို ပေးပြီးလျှင် ရာဇဂြိုဟ်ပြည်နှင့် သာဝတ္ထိပြည် အကြား လေးဆယ့်ငါးယူဇနာ ဝေးကွာသောခရီးဝယ် တယူဇနာလျှင် စံကျောင်းတော် တကျောင်းတကျောင်းစီ တည်ဆောက်စေ၍ သွားလေသဖြင့် သာဝတ္ထိပြည်သို့ ဆိုက်ရောက်လေသည်။

အနာထပိဏ်သူဌေးကြီးကျောင်းတိုက်နေရာကို ရှာဖွေ ဝယ်ယူရခြင်းအကြောင်း

ထိုအခါ အနာထပိဏ် သူဌေးကြီးသည် သာဝတ္ထိပြည်သို့ ရောက်သောအခါ မြို့ပတ်ဝန်းကျင်၌ မြို့ရှာနှင့်မနီးလွန်းခြင်း, မဝေးလွန်းခြင်း , သွားလမ်း လာလမ်း နှင့် ပြည့်စုံခြင်း , လူတိုင်းလူတိုင်းအလိုရှိသောအခါ သွားလာဘို့ရန် လွယ်ကူခြင်း, အာရုံငါးတန် မြို့သံရှာသံတို့မှ ကင်းဆိတ်ခြင်း၊ ဤအင်္ဂါငါးချက်နှင့် ပြည့်စုံနိုင် သောအရပ်သည် မြတ်စွာဘုရားရှင် သီတင်းသုံး နေထိုင်ဘို့ရန် သင့်မြတ်လှ၏ဟု ဆင်ခြင်ကြည့်ရှု ရှာဖွေလေ၏။

ထို့နောက် ရှာဖွေသောအခါ အင်္ဂါငါးချက်နှင့် ပြည့်စုံသော ဇေတမင်းသား၏ ဥယျာဉ်ကို တွေ့မြင်သဖြင့် ဇေတမင်းသားထံသို့သွားရောက်၍ အရှင့်သား– ကျောင်းတိုက် တည်ဆောက်ရန် အရှင့်သား၏ဥယျာဉ်ကို အကျနုံပ်အား အဖိုးဖြတ်၍ ပေးစေချင်ပါသည်ဟု ရောင်းဘို့ရန် ပြောကြားလေ၏။ ထိုအခါ ဇေတမင်းသားသည် သူဌေးကြီး–အကျနုံပ်၏ဥယျာဉ်ကို အသပြာချင်း အစ္ဆန်း ထိအောင် ခင်းသဖြင့်လည်း မပေးနိုင်ပါဟူ၍ ပြန်ကြားပြောဆိုလေသည်။

(ဤစကားရပ်၌ ဇေတမင်းသားသည် အကျနုံပ်၏ ဥယျာဉ်ကို မပေးနိုင်ပါဟူ၍ ပြောဆိုလျှင် ဥယျာဉ်၏ တန်ဘိုးဖြတ်သည့်စကားပြောကြားသည် မမည်ချေ။ ယခုမူ အကျနုံပ်၏ဥယျာဉ်ကို အသပြာချင်းအစ္ဆန်းထိအောင် ခင်းသဖြင့်လည်း မပေးနိုင်ပါဟူ၍ ပြောဆိုလိုက်သည့်အတွက် မိမိဥယျာဉ်၏ တန်ဘိုးကို ဖြတ်လိုက်သည် မည်ရုံမျှမက တန်ဘိုးထက်ပို၍ပင် ပြောကြာ့လိုက်သည် မည်နေပုံကို သတိပြုရာ၏။)

ထိုအခါ အနာထပိဏ်သူဌေးသည် ဇေတမင်းသား၏ စကားကျအခိုပွါယ်ကို ကောက်ယူပြီးလျှင် ဇေတမင်းသား–သင်သည် ဥယျာဉ်ကိုရောင်းဘို့ရန် စကား ကမ်းလှမ်း ပြောကြား ချုပ်ဆိုမိလေပြီဟူ၍ အရေးဆိုလိုက်လေသည်။ ဇေတ မင်းသားကလည်း သူဌေးကြီး အကျနုံပ်သည် အကျနုံပ်ဥယျာဉ်ကို ရောင်းဝယ် ရန် ကမ်းလှမ်းသည့်စကား လှားလှားမျှ မပြောအပ်ပါတကားဟူ၍ ငြင်းဆို လိုက်လေသည်။

ဤနည်းဖြင့် တဖက်နှင့်တဖက် အငြင်းပွားကာ တရားလွှတ်ရုံးသို့တက်၍ တရားသူကြီးအမတ်တို့ထံ အဆုံးအဖြတ် ခံကြသည်ရှိသော် တရားသူကြီးဖြစ်သူ အမတ်များကလည်း ဇေတမင်းသား–သင်သည် အသပြာချင်း အစုန်းထိုအောင် ခင်းသဖြင့်လည်းဟူ၍ မတန်သည့် အဖိုးပြတ် စကား ပြောကြားမိရကား မင်းသားပိုင်ဆိုင်သည့် ဥယျာဉ်ကို ရောင်းဝယ်ရန် ကမ်းလှမ်းသည့်စကား ပြောကြားချုပ်ဆိုမိလေပြီဟူ၍ ဆုံးဖြတ်ချက်ချမှတ်ကြကုန်၏။ အလွန်သိမ်မွေ့သော လောကီစကားဖြစ်၍ ဉာဏ်ပညာကြီးစွာဖြင့် စဉ်းစားဆင်ခြင်နိုင်မှသာ နားလည်ကျေနပ်ကြနိုင်ရာ၏။ တရားလွှတ်ရုံးမှ အနိုင်ရလာသောအခါ အနာထပိဏ်သူဌေးသည်လည်း ရွှေဒင်္ဂါးများကို လှည်းများဖြင့် တိုက်ထုတ်စေပြီးလျှင် ဇေတမင်းသား၏ ဥယျာဉ်မြေအပြင်ကို အသပြာချင်း အစုန်းထိုစပ်အောင် ခင်းစေလေတော့သည်။

ထိုဥယျာဉ်အတွင်း၌ရှိသော ခင်းရှိမဖြစ်နိုင်သည့် ရေကန်နေရာ, သစ်ပင်နေရာတို့အတွက်လည်း ထိုရေကန် သစ်ပင်တို့၏ အဝန်းအဝိုင်းပမာဏကို တိုင်းယူပြီးလျှင် အခြားတနေရာ၌ ထိုပမာဏနှင့်အညီ အသပြာ ရွှေဒင်္ဂါးချင်း ထိုအောင် ခင်းရှိပေးလေသည်။ ဤသို့လျှင် အနာထပိဏ်သူဌေးကြီး၏ အရေးရှိလျှင် သုံးစွဲရန် သိုမှီးသိမ်းဆည်းရှိထားသော ရွှေဒင်္ဂါးပေါင်း တဆယ့်ရှစ်ကုဋေ (သန်းပေါင်း တရာ့ရှစ်ဆယ်)သော ဥစ္စာများ ကျောင်းတိုက်နေရာ ဝယ်ယူရေးကိစ္စမှာပင် ကုန်ကျလေသည်။

အနာထပိဏ်သူဌေးကြီးသည် ထိုပဌမအကြိမ် လှည်းများဖြင့် တိုက်ထုတ်လာခဲ့သော အသပြာ ရွှေဒင်္ဂါးတို့ဖြင့် ဇေတဝန်ကျောင်းတိုက်နေရာကို အသပြာချင်း အစုန်းထိုအောင် ခင်းစေရာ များစွာကြီးကျယ်သော ကျောင်းတိုက်နေရာ မြေအပြင်ကို ခင်းမိ၍ တံခါး မုခ်နေရာ အနည်းငယ် မြေကွက်တကွက်သာ အသပြာများ လိုနေလေသည်။ ထိုအခါ သူဌေးကြီးသည် မိမိ၏ လူများကို အမောင်တို့– သွားကြကုန်, ရွှေဒင်္ဂါး များကို တိုက်ထုတ် ယူလာခဲ့ကြကုန် ဤကျောင်းတိုက်မုခ်နေရာ မြေအပြင်ကို ခင်းကြကုန်အံ့ဟူ၍ အမိန့်ပေးစကား ပြောကြားလေသည်။

ဇေတမင်းသား ကျောင်းတိုက် မုခ်ဦး ပြာသာဒ်ကို လှူဒါန်းခြင်း

ထိုမျှများပြားစွာသောဥစ္စာကို စွန့်လွှတ်လှူဒါန်းသော အနာထပိဏ် သူဌေးကြီး၏မျက်နှာမှာ တိုး၍တိုး၍သာလျှင် ကြည်လင်လျက်ရှိခဲ့၏။ ထိုအခြင်းအရာကိုမြင်သော ဇေတမင်းသား၏ စိတ်သန္တာန်ဝယ် ဤအနာထပိဏ်သူဌေးကြီး ထိုမျှများပြားသော ရွှေဒင်္ဂါးများကို ဝမ်းမြောက်စွာ လှူဒါန်းစွန့်လွှတ်မှုပြုလုပ်ခြင်းသည် ငကန္တ မယုတ်သည်သော ကောင်းမှုဖြစ်ပေလိမ့်မည်ဟု

ကြံ့စည်စဉ်းစားမိကာ ဇေတမင်းသားသည် အနာထပိဏ်သူဌေးကြီးကို တော်ပါပြီ သူဌေးကြီး–ထိုနေရာကိုမခင်းပါစေနှင့်တော့၊ ဤနေရာ အနည်းငယ်ကို ကျွန်ုပ်အား ပေးပါမူ ကျွန်ုပ်၏ အလှူဒါနဖြစ်ပါလိမ့်မည်ဟု တောင်းပန်စကား ပြောကြားလေသည်။

ထိုအခါ အနာထပိဏ်သူဌေးကြီးသည် ဤဇေတမင်းသားကား ထင်ရှားကျော်စောသူ, လူသိများသူတယောက်ဖြစ်လေသည်၊ ဤဇေတမင်းသားကဲ့သို့ ကျော်စောထင်ရှား လူသိများသူတို့တရားသဖြင့်ဆုံးမရာ မြတ်စွာဘုရားသာသနာ၌ သဒ္ဓါကြည်ညိုခြင်းသည် အကျိုးကြီးလှပေမည်ဟု ကြံစည်ပြီးလျှင် ထိုနေရာ အနည်းငယ်ကို ဇေတမင်းသားအား ပေးလေ၏။ ထိုအခါ ဇေတမင်းသားသည် ထိုမြေနေရာအရပ်၌ ဘုံခုနစ်ဆင့်ရှိသော ကျောင်းတိုက်မုခ်ဦး ပြာသာဒ်ကြီးကို တည်ဆောက်လှူဒါန်းလေသည်။

အနာထပိဏ်သူဌေး ဇေတဝန်ကျောင်းတိုက်ကြီး တည်ဆောက်ခြင်း

ထိုအခါ အနာထပိဏ်သူဌေးကြီးသည် အခြားအသပြာ တဆယ့်ရှစ်ကုဋေ အကုန်အကျခံ၍ ဇေတမင်းသား၏ ဥယျာဉ်အရာမ်၌ ပယ်သင့်သောသစ်ပင်များကိုပယ်ရှင်း, ချန်သင့်သောသစ်ပင်များကိုကျောင်းတိုက်ကြီး၌ တင့်တယ်အေးမြစေရန် ချန်လှပ်ရှင်း, မြတ်စွာဘုရား သီတင်းသုံးတော်မူရန် ကျောင်းတော်နှင့်တကွ အရာမ်ကျောင်းတော်ကြီးများကိုရှင်း, ခမ်းနားလှစွာသော ကျောင်းဦးမုခ်ပြာသာဒ်ကြီးများကိုရှင်း, မီးတင်းကုတ်များကိုရှင်း, ကပ်ပိယကုဋီကျောင်းများကိုရှင်း, ဝစ္စကုဋီများကိုရှင်း, မြေစင်္ကြံများကိုရှင်း, ထို မြေစင်္ကြံများ၏ အမိုးတန်းလျားများ အဆောက်အဦများကိုရှင်း, ရေချိုးတိုက်များ, ချွေးပေါင်းအိုးများကိုရှင်း, လေးထောင့် ရေကန်များကိုရှင်း, မဏ္ဍပ်များကိုရှင်း လိုလေသေးမရှိအောင် သူနေရာနှင့်သူ နေသန့်ရာညဉ့်သန့်ရာ အဆောက်အဦများပါ အပြည့်အစုံကျောင်းတိုက်ကြီး ဖန်တည်းတည်ဆောက်လေသည်။

ဤသို့လျှင် အနာထပိဏ်သူဌေးကြီးသည် တဆယ့်ရှစ်ကုဋေသော ရွှေဒင်္ဂါးအသပြာများကို စွန့်လွှတ်သဖြင့် နှလုံးမွေ့လျော်ဘွယ် ရှိသော ဥယျာဉ်တော်ရာမြေအရပ်၌ တဆယ့်ရှစ်ကုဋေအကုန်အကျခံကာ ဇေတဝန်ကျောင်းတိုက်ကြီးကို စီမံဖန်တည်း ဆောက်လုပ်စေပြီးလျှင် မြတ်စွာဘုရားသခင် ကွယ်လာတော်မူပါရန် မြတ်စွာဘုရားအထံတော်သို့ လိမ်မာသော သူကြွယ်တဦးကို ပင့်လျှောက်စေလွှတ်လိုက်၏။

ဘုရားကိုယ်တော်မြတ်လည်း သာဝတ္ထိပြည်၌ အရှည်သဖြင့် သီတင်းသုံးနေတော်မူရအံ့သည်လည်းတကြောင်း, အတိုင်းမသိသော ဘုရားကျေးဇူးတော်၏ ကျော်စောပျံ့နှံ့သည်လည်းတကြောင်း, မြားမြောင်လှစွာသော လူနတ်ဗြဟ္မာ

သတ္တဝါတို့ အကျပ် တရားရရှိရာ သာသနာ့အောင်မြေ ဖြစ်ပေလိမ့်မည်လည်း တကြောင်း ဤအကြောင်းများကို ထောက်ထားဆင်ခြင် ကြည့်ရှုသံမြင်တော်မူကာ နောက်ပါ ရဟန်းတော်မြတ်အပေါင်း ခြံရုံလျက် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်မှထွက်ခဲ့၍ ခရီးလမ်းအကြား တယူဇနာ တယူဇနာဝယ် အနာထပိဏ်သူဌေးကြီး ကြိုတင်စီမံဆောက်လုပ်အပ်ပြီးသော စံကျောင်းတော်များ၌ တည့်စီ တည့်စီ တည်းခိုစံနေတော်မူကာ သာဝတ္ထိပြည်ဖက်သို့ အစဉ်သဖြင့် ခရီးဒေသစာရီ ကြွချီတော်မူလာသည်။ အနာထပိဏ်သူဌေးသည်လည်း မြတ်စွာဘုရား ကြွလာကြောင်းကြားလျင် မိသားစုအားလုံးစုရုံး၍ လှူဒါန်းပွဲတို့ကို ပြုပြင်စေပြီးလျင် သားကြီးဖြစ်သော မဟာကာလကို ဝတ်စားတန်းဆာ ကောင်းမွန်စွာ ဆင်ယင်စေကာ ငါးရာသော သူဌေးသားအခြံအရံနှင့်တကွ ပဉ္စင်္ဂပတမ်းခွန်ကို ကိုင်စေလျက် ထွက်၍ ကြိုစေလေသည်။

ထို့နောက်မှ စူဠသုဘဒ္ဒါ, မဟာသုဘဒ္ဒါ ဟူသော သမီးနှစ်ယောက်တို့ကို အခြံအရံသူဌေးသမီးပေါင်း ငါးရာနှင့်တကွ ရွှေမြို့တာ, ငွေမြို့တာအိုးတို့ကို ရွက်စေ၍ လက်မှ ပန်းပေါက်ပေါက်ကိုင်စေလျက် လိုက်ပါပင့်ဆောင်ကြရလေသည်။

ထိုသူဌေးသမီးတို့၏ နောက်မှ အနာထပိဏ်သူဌေး၏ သူဌေးကတော်ကြီး ပုညလက္ခဏဒေဝီသည် အဆင်းတန်းဆာ အပြည့်အစုံတန်းဆာဆင်လျက် သူဌေးကတော်ငါးရာတို့နှင့်တကွ နံ့သာရည် စသည်တို့ဖြင့် ပြည့်သော ရွှေခွက် ငွေခွက်များကို လက်စွဲကြကာ လိုက်ပါပင့်ဆောင်ကြလေသည်။

အားလုံးတို့၏နောက်မှ အနာထပိဏ်သူဌေးကြီးသည် ကိုယ်တိုင်ကာ အသစ်စက်စက် သူဌေးဝတ်စုံတို့ကို ဝတ်ဆင်ကာ အသစ်စက်စက်ဖြစ်သည့် သူဌေးဝတ်စုံကိုဝတ်ဆင်ကြသော သူဌေးပေါင်းငါးရာတို့နှင့်တကွ ပန်းနံ့သာအဖျော် လက်စွဲလျက် မြတ်စွာဘုရားကို ခရီးဦးကြိုဆို ပင့်ဆောင်လေသည်။

မြတ်စွာဘုရားသည် များလှစွာသော ဘိက္ခု, ဘိက္ခုနီ, ဥပါသကာ, ဥပါသိကာ ဟူသော ပရိသတ်လေးပါး ဝန်းရံကာ ရတနာဂူမှထွက်သော ခြင်္သေ့မင်းကဲ့သို့ရင်း, ညချမ်းဆည်းစျာဝယ် တိမ်ဝါလျှပ်ဆောင်ဖြင့် တောက်ပသော ဂ္ဂန္ဓနီလာတောင်မင်းကဲ့သို့ရင်း, ဝင်းဝင်းထိန်ပြောင် ရောင်ခြည်တော် အဝန်းဖြင့် ထွန်းလင်းတောက်ပသော မြတ်စွာဘုရား အာသရေတော်ကို ဆောင်လျက် ဇေတဝန်ကျောင်းတော်သို့ ကြွဝင်တော်မူလေ၏။

ဇေတဝန်ကျောင်းတိုက်ကို စတုဒ္ဒိသသံဃိက
ရေစက်ချ၍ လှူဒါန်းခြင်း

ထိုအခါ အနာထပိဏ် သူဌေးကြီးသည် ဘုရားအမှူးရှိသော သံဃာတော်ကို နောက်တနေ့နံနက်ဆွမ်းဘုဉ်းပေးရန် ရှိသေစွာ ပင့်ဆောင်ပြီးလျှင် နံနက်

မိုးသောက် အလင်းရောက်သောအခါ မိမိအိမ်၌ မွန်မြတ်သော ခဲဘွယ်ဘောဇဉ် မျိုးကို စီမံစေပြီးလျှင် မြတ်စွာဘုရားအား ဆွမ်းစား ပင့်လျှောက်လေသည်၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းအပေါင်း ခြံရံလျက် အနာထပိဏ်သူဌေး အိမ်သို့ ကြွရောက်၍ ခင်းထားအပ်သော နေရာ၌ ထိုင်နေတော်မူ၏။

အနာထပိဏ်သူဌေးသည် ဘုရားအမှူးရှိသော ရဟန်းသံဃာတော်ကို မွန်မြတ်သော ခဲဘွယ် ဘောဇဉ်မျိုးဖြင့် ကိုယ်တိုင် ကိုယ်ကျ သာဟတ္ထိကမြောက်လက်ရောက်ကြည်ဖြူ ကပ်လှူလုပ်ကျွေးပြီးသော် သင့်လျော်လျောက်ပတ်သော အရပ်၌ ထိုင်နေ၍ မြတ်စွာဘုရားကို "ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား-အကျွန်ုပ်သည် ဤ ဇေတဝန်ကျောင်းတိုက်တော်ကို အဘယ်သို့ ရေစက်ချ၍ လှူဒါန်းရပါမည်နည်း" ဟု လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားက အနာထပိဏ်သူဌေးကြီးအား "ဂြိမ် ဇေတဝန-ဝိဟာရံ အာဂတာနာဂတဿ စာတုဒ္ဒိသဿ ဗုဒ္ဓပ္ပမုခဿ ဘိက္ခုသံဃဿ ဒေမ" (ဤ ဇေတဝန်ကျောင်းတိုက်ကို ရောက်ပြီး ရောက်ဆဲ ရောက်လတ္တံ့သော အရပ်လေးမျက်နှာ၌ တည်ရှိသော ဘုရားအမှူးရှိသည့် ရဟန်းသံဃာတော်အား သဒ္ဓါကြည်ဖြူ လှူဒါန်းပူဇော်ပါကုန်၏) ဟု ဆို၍ မိမိ၏ လက်တော်၌ ရေသွန်း လောင်းစေတော်မူသည်။

အနာထပိဏ်သူဌေးကြီးသည် မြတ်စွာဘုရား မိန့်ကြားတော်မူချက်အတိုင်း ဇေတဝန်ကျောင်းတိုက်ကို အာဂတာနာဂတ စာတုဒ္ဒိသသံဃိက ရေစက်ချ၍ လှူဒါန်းလေသည်။

အနာထပိဏ် သူဌေးကြီးသည် ဒုတိယနေ့မှစ၍ ကျောင်းတိုက် ရေစက်ချ အောင်ပွဲကြီးကို စတင်ကျင်းပ လေသည်။ (ဝိသာခါ သူဌေးကတော်ကြီး၏ ပုဗ္ဗာရုံကျောင်းတိုက် ရေစက်ချပွဲကြီးသည် လေးလကြာမှ ပြီးစီးလေသည်) အနာထပိဏ်သူဌေးကြီး၏ ဇေတဝန်ကျောင်းတိုက် ရေစက်ချအောင်ပွဲကြီးကား ကိုးလကြာမှ ပြီးစီးလေ၏။ ကျောင်းရေစက်ချ အောင်ပွဲသဘင် ဆင်ယင်ကျင်းပဆု၌လည်း ရွှေဒင်္ဂါး တဆယ့်ရှစ်ကုဋေကို အကုန်အကျခံ၍ စွန့်ကြဲလှူဒါန်း ပေးကမ်းခဲ့လေသည်။

ဤသို့လျှင် ဇေတဝန်ကျောင်းတိုက်တော် တခုအတွက်ပင်လျှင် ကျောင်းတိုက် မြေရာအတွက် တဆယ့်ရှစ်ကုဋေ, ကျောင်းဆောက်ရာ၌ တဆယ့်ရှစ်ကုဋေ, ကျောင်းတိုက်ရေစက်ချအောင်ပွဲသဘင် ကျင်းပရာ၌ တဆယ့်ရှစ်ကုဋေအား ဖြင့် ရွှေဒင်္ဂါး ငါးဆယ့်လေးကုဋေ (သန်းပေါင်း ငါးရာလေးဆယ်) အကုန်အကျခံ၍ သာသနာတော်၌ စွန့်ကြဲလှူဒါန်းခဲ့လေသည်။

ဘုရားရှင်အား တင်လျှုသောနေ့မှစ၍ သူဌေးအိမ်၌ တနေ့မပြတ် လှူဒါန်း အပ်သော ဒါတဗ္ဗ ဝတ္ထုတို့ကား ငးရာ မျလောက်သော စာရေးတံဆွမ်း စာရေးတံယာဂုတို့ကိုဌင်း, ငါးရာမျလောက်သော ပက္ခိကဆွမ်း, ပက္ခိကယာဂု တို့ကိုဌင်း, ငါးရာမျလောက်သော အိမ်ဦးဦ ကျွးမွေးအပ်သော ဓုရဆွမ်း, ဓုရယာဂုတို့ကိုဌင်း, ငါးရာမျလောက်သော အာဂန္တုကဆွမ်း, အာဂန္တုကယာဂု တို့ကိုဌင်း, ငါးရာမျလောက်သော ခရီးသွားလိုသော ရဟန်းတို့အား လှူအပ် သော ဂမိကဘတ်, ဂမိကယာဂုတို့ကိုဌင်း, ငါးရာမျလောက်သော သူနာရဟန်း တို့အား လှူဒါန်းအပ်သော ဂိလာနဘတ်, ဂိလာနယာဂုတို့ကိုဌင်း, ငါးရာမျ လောက်သော သူနာကို လုပ်ကျွေးသော ရဟန်းတို့အား လှူအပ်သော ဂိလာ-နုပဋ္ဌာကဘတ်,ဂိလာနုပဋ္ဌာကယာဂုတို့ကိုဌင်း တည်ထား၍ လှူဒါန်းကာ ငါးရာ မျလောက်သော အိပ်ရာနေရာတို့ကို တနေ့မပြတ် အိမ်ဦးခန်း၌ ခင်းထားအပ် လေသည်။

မြတ်စွာဘုရား ဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံးနေထိုင်စဉ်အခါများတွင် နေ့စဉ်နေ့တိုင်း တနေ့လျှင် သုံးကြိမ် မြတ်စွာဘုရားအား ချဉ်းကပ်၏။ ဇေတဝန် ကျောင်းတော်သို့ သွားသည်ရှိသော် အဘယ်ပစ္စည်းကို ယူ၍ လာပါသနည်းဟု နှလုံးသွင်းကာ သာမဏေငယ်, ရဟန်းငယ်တို့သည် ငါ၏လက်ကို ကြည့်ရှုကုန် ရာ၏ဟု ကြံစည်စဉ်းစား၍ လက်အချည်းနှီးမသွားဘူးချေ။ နံနက်စောစော သွားလျှင် ယာဂုယူ၍ဌင်း, နံနက်စာစားပြီး၍သွားလျှင် ထောပတ်, ဆီဦး, ပျားရည်, တင်လဲစသော ဆေးတို့ကိုယူ၍ဌင်း, ဆည်းစျာရောင်သန်း ညနေချမ်း အခါ၌သွားလျှင် ပန်းနံ့သာစသည်တို့ကိုယူ၍ဌင်း သွား၏။

ဤသို့လျှင် အနာထပိဏ်သူဌေးကြီးသည် အမြဲမပြတ် နေ့စဉ် အလှူဒါနပေး လှူကာ သီလကို စောင့်ရှောက်၍နေ၏။ အလှူဒါန ပေးလှူဖန်များသဖြင့် နောင်အခါ စည်းစိမ်ဥစ္စာ ကုန်သွားလေသည်။ကုန်ရောင်းဝယ်ဖက်မိတ်ဆွေတို့နှင့် ဆွေမျိုးတို့ကလည်း တဆယ့်ရှစ်ကုဋေစီ ကြွေးယူချေးငှါးထားကြ၍ မြစ်ကမ်း နားဌ၌ မြုပ်၍ထားသော ရွှေဒင်္ဂါးတို့သည်လည်း ကမ်းပြိုသောအခါ မဟာသမုဒ္ဒ ရာတွင်းသို့ ရောက်ရှိသွားကြသဖြင့် အနာထပိဏ်သူဌေးအား စည်းစိမ်ဥစ္စာ ကုန်ဆုံးခြင်းဖြစ်လေ၏။ ဤသို့ပင် စည်းစိမ်ဥစ္စာကုန်ဆုံးသော်လည်း သောတာ ပန်ဖြစ်ပြီး၍ မြတ်စွာဘုရားသာသနာ၌ အလွန်ကြည်ညိုသဖြင့် မွန်မြတ်လှသော ခဲဘွယ်ဘောဇဉ်စသည်ကို မလှူဒါန်းနိုင်သော်လည်း စွမ်းနိုင်သလောက် သံဃာ တော်အရှင်မြတ်တို့ကို လှူဒါန်းလျက်သာရှိလေ၏။

မြတ်စွာဘုရားသည် တနေ့သောအခါ အနာထပိဏ်သူဌေးကြီးကို သူဌေးကြီး သင်၏အိမ်၌ အလှူဒါနပြုရပါ၏လော ဟု မေးအပ်သည်ရှိသော် အရှင်ဘုရား

အလှူဒါနပြုရပါ၏၊ ထိုသို့ပင် အလှူဒါနပြုရပါသော်လည်း ဆန်ကဲ့ထမင်းနှင့် ပအုံးရည်ဟင်းသာ ဖြစ်ပါ၏ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားက အနာထပိဏ်သူဌေးကြီး မကောင်းသောပစ္စည်းကို ပေးလှူရ၏ဟု စိတ်မကောင်း မဖြစ်လင့်၊ စင်္ကာ မွန်မွန်မြတ်မြတ်ထား၍ ပေးလှူအပ်သည်ရှိသော် ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့အား ပေးလှူအပ်သောဒါနသည် မမြတ်သည်ဟူ၍ မရှိချေ။ စင်စစ်မှာမူကား အနာထပိဏ်သူဌေးကြီးသည် ရှစ်ယောက်သော အရိယာပုဂ္ဂိုလ်တို့အား ပေးလှူရ၏။ ငါဘုရားမှာမူကား ဝေလာမပုဏ္ဏားဘဝ၌ ဇမ္ဗူဒိပ်တကျွန်းလုံး လယ်ယာထွန်ခြင်း ပြတ်သည်ဖြစ်၍ အလှူဒါနပေးလှူရပါသော်လည်း သရဏဂုံသုံးပါးနှင့် ပြည့်စုံသူကို မရရှိခဲ့ပါ၊ မြတ်သော ဒေယျာခံပုဂ္ဂိုလ်မည်သည် သို့ကလောက်ရနိုင်ခဲပေ၏။ ထို့ကြောင့် တန်ဘိုးမရှိ၍ မမွန်မြတ်သောပစ္စည်းကို လှူရ၏ဟု စိတ်မကောင်း မဖြစ်လင့်ဟု မိန့်တော်မူကာ ဝေလာမသုတ်တရားတော်ကို ဟောကြားတော်မူလေသည်။

ထိုအခါ အနာထပိဏ်သူဌေးကြီး၏ တံခါးမုခ်၌ စိုးအုပ်သမှု ပိုင်းခြားပြု၍ နေသော နတ်သမီးသည် မြတ်စွာဘုရားနှင့် မြတ်စွာဘုရား တပည့်သားတို့သည် အနာထပိဏ်သူဌေးအိမ်သို့ ဝင်ထွက်သွားလာသည်ရှိသော် ထိုမြတ်စွာဘုရားနှင့် တပည့်သားတို့၏ တန်ခိုးကြောင့် တံခါးမုခ်၌ ကောင်းကောင်းမွန်မွန် မနေရသဖြင့် မြတ်စွာဘုရားအမှူးရှိသော သံဃာတော်အရှင်မြတ်တို့သည် သူဌေးကြီးအိမ်သို့ မဝင်ရအောင် အနာထပိဏ်သူဌေးကြီးကို လှည့်ပတ် ဖြားယောင်း၍ ဖျက်ဆီးအံ့၊ သူဌေးကြီးကို ရွေးယခင်က ပြောဆိုခြင်းငှါ အလိုရှိပါသော်လည်း စည်းစိမ်ဥစ္စာ ပြည့်စုံသောအခါဖြစ်၍ အနည်းငယ် တစုံတခုသော စကားကိုမျှ ပြောခြင်းငှါ မစွမ်းနိုင်ချေ။

ယခုအခါ၌မူ အနာထပိဏ်သူဌေးကြီးသည် ဆင်းရဲသဖြင့် ငါ၏စကားကို နာယူလိမ့်လတ္တံ့ဟူသော နှလုံးသွင်းဖြင့် ညဉ့်အခါ သူဌေးကြီး၏ အိပ်စက်ရာ ကျက်သရေတိုက်ခန်းသို့ဝင်၍ ကောင်းကင်၌ ရပ်တည်လျက် နေ၏၊ ထိုအခါ သူဌေးကြီးသည် အရောင်တဝင်းဝင်းဖြင့် ကောင်းကင်၌ ရပ်တည်နေသော သူကို့မြင်၍ ဤသူကား အဘယ်သူနည်းဟု မေးလိုက်သည်ရှိသော် သူဌေးကြီး အကျွန်ုပ်ကား သင်သူဌေးကြီး၏ တံခါးမုခ်၌ စိုးအုပ်လွှမ်းမိုး၍နေသော နတ်သမီး ဖြစ်ပါ၏၊ သင်သူဌေးကြီးအား အဆုံးအမ သြဝါဒပေးရန်အလို့ငှါ လာပါ၏ဟု ပြောဆိုလတ်သော် နတ်သမီး ဒီလိုဆိုလျှင် အဆုံးအမ သြဝါဒ ပေးပါလော့ဟု ပြောဆို၏။ သူဌေးကြီး သင်သည် နောင်အရှည်ကို မျှော်၍ မကြည့်ပဲ ရဟန်း ဂေါတမ၏သာသနာ၌ မျှားစွာသော ဥစ္စာကို ဖရိုဖရဲ ဖြန့်ကြဲလိုက်၏။ ယခုအခါ ဆင်းရဲခြင်းသို့ ရောက်ပါသော်လည်း ထိုဥစ္စာမျှား ဖရိုဖရဲ စွန့်ကြဲပေးကမ်းမှု

အယူဝါဒကို မစွန့်လွှတ်သေးပါ၊ ဒီလိုသာ ပေးကမ်းနေမည်ဆိုလျှင် နှစ်ရက် သုံးရက်အတွင်း စားစရာ ဝတ်စရာဘာမျှမရှိ ဖြစ်လိမ့်မည်။ ရဟန်းဂေါတမကို ပေးကမ်းခြင်းဖြင့် သူဌေးကြီးအား အကျိုး မရှိပါ၊ စွန့်ကြဲ ပေးကမ်းမှုကို ရှောင်ကြဉ်၍ ကုန်ရောင်းဝယ်မှု ပြုလုပ်ကာ ဥစ္စာရအောင် ပြုလုပ်ပါလော့ ဤကားသူဌေးကြီးအတွက် အကျွန်ုပ် နတ်သမီး၏ အဆုံးအမ သဝါဒဖြစ်ပါ၏ဟု ပြောဆိုလေသည်။

ထိုအခါ အနာထပိဏ်သူဌေးကြီးသည် နတ်သမီး–သင်ပြောသည့်အတိုင်း ဟုတ်ပေ၏၊ သင် ဒီနေရာမနေလင့် သွားတော့၊ ငါ၏သဒ္ဓါတရားကို သင်လို နတ်သမီး အရာ အထောင် အသန်းဖြင့်လည်း တုန်လှုပ်ဖျက်ဆီးခြင်းငှါ မစွမ်းနိုင်ပါ၊ မသင့်သောစကားကို သင် နတ်သမီး ပြောဆိုဘို၏၊ ငါ့အိမ်မှာနေသဖြင့် ဘာ အသုံးကျမှာလဲ၊ နတ်သမီး-မြန်မြန်သာ ငါ၏အိမ်မှထွက်သွားပါလော့ဟု ပြောဆို နှင်ထုတ်လိုက်လေ၏။

တံခါးစောင့်နတ်သမီးသည် သောတာပန်အရိယာဖြစ်သော အနာထပိဏ် သူဌေး၏စကားကို ကြားလတ်သောအခါ ရပ်တည်၍နေခြင်းငှါ မတတ်နိုင်သည့် အတွက် ကလေးငယ်တို့ကို ခေါ်ဆောင်၍ တံခါးမုခ်မှ ဆင်းခဲ့သည်ရှိသော် နေ ဘို့ရန် နေရာလိုက်ရှာသောအခါ မရသဖြင့် အနာထပိဏ်သူဌေးကြီးကို ကန်တော့ တောင်းပန် သည်းခံစေ၍ တံခါးမုခ်၌ပင်လျှင် ပြန်၍ နေပါအံ့ဟု ကြံစည်လျက် မြို့စောင့်နတ်ထံသို့သွားရောက် ချဉ်းကပ်ပြီးလျှင် မိမိမှားခဲ့သောအပြစ်ကို ပြော ကြားပြ၍ မြို့စောင့်နတ်မင်း-လာလိုက်ခဲ့ပါ အကျွန်ုပ်ကို သူဌေးကြီး၏အထံသို့ခေါ် ဆောင်၍ ပြုခဲ့သောအပြစ်ကို သူဌေးကြီးအား သည်းခံစေကာ အကျွန်ုပ် နေ ဘို့ရန် နေရာကို ပေးပါလော့ဟု တောင်းပန်စကား ပြောကြားလေ၏။

ထိုအခါ မြို့စောင့်နတ်သည် တံခါးစောင့်နတ်သမီး– သင်သည် မသင့်သော စကားကို ပြောဆိုခဲ့၏၊ ငါသည်လည်း သောတာပန် သူဌေးကြီး၏ အထံသို့ မသွားဝံ့ပါဟု ပြောဆို၍ နတ်သမီး၏စကားကို ပယ်မြစ်လေသည်။ ထို့နောက် တဖန် တံခါးစောင့်နတ်သမီးသည် စာတုမဟာရာဇ် နတ်မင်းကြီးလေးယောက် တို့၏အထံသို့ သွားသည်ရှိသော် နတ်မင်းကြီးလေးယောက်တို့ကလည်း ပယ်မြစ် ပြန်သည်ဖြစ်၍ သိကြားမင်းထံသို့ ချဉ်းကပ်ပြီးလျှင်အရှင်သိကြားမင်း–အကျွန်ုပ် နေဘို့ရန်အတွက် နေရာမရရှိသဖြင့် သားငယ်တို့ကို လက်ဆဲ့ကာ ကိုးကွယ်ရာ မရှိ လှည့်လည်နေရပါ၏။ အကျွန်ုပ်အတွက် နေရာအရပ်ကို ပေးပါလော့ဟု အကြောင်းစုံကို ပြောကြား၍ အထူးသဖြင့် ကောင်းမွန်စွာ တောင်းပန်ရာ လေ၏။

ထိုအခါ သိကြားမင်းသည် ငါသည်လည်း သင့်အတွက်ဖြင့် သူဌေးကြီးကို စကားမပြောဆိုဝံ့ပါ၊ သို့သော် သင်၏နေရာရဘို့ရာအကြောင်း ဥပါယ်တနည်းကို

တော့ ပြောဆိုပါမည်ဟု နတ်သမီးအား ဤသို့ပြောပြလေ၏။ နတ်သမီး–သင်သဘားပြီးလျှင် အနာထပိဏ်သူဌေးကြီး၏ အမှုဆောင်အသွင်ကိုယူပြီးကာ သူဌေးကြီး၏လက်မှ စာလွှာကို ဆောင်ယူ၍ ကုန်သွယ်ခြင်းဖြင့် အသက်မွေးသော သူတို့သည် ယူအပ်သော တဆယ့်ရှစ်ကုဋေသော ဥစ္စာကို မိမိ၏ အစွမ်းဖြင့် သုတ်သင်၍ အချည်းနှီးသောကျိုတ်ို့ကို ပြည့်စေရန် မဟာသမုဒ္ဒရာသို့ ကမ်းပြိုရာ၌ ပါသွားသော တဆယ့်ရှစ်ကုဋေသော သူဌေးကြီးဥစ္စာကို ပြန်လည်ရရှိရန် ပိုင်ရှင်မရှိသော အခြားနေရာအရပ်မှ တဆယ့်ရှစ်ကုဋေသောဥစ္စာကို မိမိ၏ အစွမ်းဖြင့် ဆောင်ယူပေးဘို့ရန် စုစုပေါင်း ငါးဆယ့်လေးကုဋေသောဥစ္စာများကို ဒဏ်အမှုကို ထမ်းဆောင်သောအားဖြင့် သူဌေးကြီး၏ ကျိုတ်ိုက်တို့ကို ပြည့်စေ၍ ကန်တော့တောင်းပန် သည်းခံစေပါလော့ဟု သိကြားမင်းက ပြောပြလေ၏။

သိကြားမင်းပြောပြ အကြံဉာဏ်ပေးသည့်အတိုင်း နတ်သမီးသည် ငါးဆယ့်လေးကုဋေသော ဥစ္စာတို့ကို ကျိုတ်ိုက်တို့၌ ပြည့်စေ၍ တဖန် သူဌေးကြီး၏ ကျက်သရေတိုက်ခန်းသို့ ဝင်ပြီးလျှင် ကိုယ်ရောင်ကိုယ်ဝါ ထွန်းလင်းတောက်ပစေလျက် ကောင်းကင်၌ ရပ်တည်နေသည်ရှိသော် ဤသူကား အဘယ်သူနည်းဟု သူဌေးကြီးက မေးလိုက်သောအခါ အကျွန်ုပ်ကား သင်သူဌေးကြီး၏ တံခါးမှုခ်လေးခု၌ လှမ်းမိုး စိုးအုပ်၍ နေသော အလွန် မိုက်မဲသော နတ်သမီးဖြစ်ပါ၏။

အကျွန်ုပ်သည် မိုက်မဲသည်၏ အဖြစ်ကြောင့် သူဌေးကြီး၏အပေါ်၌ အကြင်မသင့်လျော်သော စကားကို ပြောဆိုအပ်မိပါပြီ၊ အကျွန်ုပ် မိုက်မဲ၍ ပြောဆိုမိသောစကားကို သည်းခံတော်မူပါလော့၊ ကျွန်ုပ်သည် မိုက်မဲသည့်အတွက် သိကြားမင်း၏ အမိန့်တော်စကားဖြင့် ငါးဆယ့်လေးကုဋေသော ဥစ္စာများကို စုပေါင်းပြီးလျှင် အချည်းနှီးသော ကျိုတ်ိုက်တို့ကို ပြည့်စေသောအားဖြင့် ဒဏ်ထမ်းသောအမှုကို ပြုအပ်ပြီးပါပြီ၊ အကျွန်ုပ်မှာ နေရာအရပ်ကို မရရှိပါသဖြင့် ကလေးငယ်များနှင့် များစွာပင် ဆင်းရဲပင်ပန်းလှပါ၏ဟု တောင်းပန်စကား ပြောကြားလေ၏။

အနာထပိဏ်သူဌေးကြီးသည် စိတ်ထဲ၌ ဤနတ်သမီးသည် အကျွန်ုပ် ဒဏ်ထမ်းမှုပြုပြီးပါပြီဟု ပြောဆို၏။ မိမိအပြစ်ကိုသိသဖြင့် ဘုရားရှင်အား နတ်သမီးကို ခေါ်ဆောင်၍ ပြပါအံ့ဟု ကြံစည်ပြီးကာ နတ်သမီးကို မြတ်စွာဘုရားထံသို့ ခေါ်ဆောင်၍ နတ်သမီး၏ မကောင်းမှုပြုပုံ အလုံးစုံသော စကားများကို လျှောက်ကြားလေသည်။ ထိုအခါ နတ်သမီးသည် မြတ်စွာဘုရား၏ ခြေတော်အစုံကြာပဒုံတို့၌ မိမိ၏ဦးခေါင်းဖြင့်ပွတ်၍ ဘုန်းတော်ကြီးလှတော်မူသော မြတ်စွာဘုရား– တပည့်တော်မသည် မိုက်မဲသည်၏ အဖြစ်ကြောင့် အရှင်ဘုရား တို့၏ ဂုဏ်ကျေးဇူးတို့ကိုမသိမှု၍ အကြင်မကောင်းသောစကားကို ပြောဆိုအပ်

မိပါပြီ၊ တပည့်တော်မအား သနားသောအားဖြင့် ထိုမကောင်းသော စကား များကို သည်းခံတော်မူပါလေ၊ဟု မြတ်စ္စာဘုရားကို သည်းခံစေတော်မူ၍ အနာထပိဏ်သူဌေးကြီးကိုလည်း သည်းခံစေ၏။

မြတ်စ္စာဘုရားသည် ကောင်းမှု မကောင်းမှုတို့၏ အကျိုး၏ အစွမ်းအားဖြင့် သူဌေးကြီးကိုဌင်း, နတ်သမီးကိုဌင်း အဆုံးအမ ပြုလိုရကား—

ပါပေါပိ ပဿတိ ဘဒြံ၊ ယာဝ ပါပံ န ပစ္စတိ။
ယဒါ စ ပစ္စတိ ပါပံ၊ အထ ပါပေါ ပါပါနိ ပဿတိ။

ဘဒြောပိ ပဿတိ ပါပံ၊ ယာဝ ဘဒြံ န ပစ္စတိ။
ယဒါ စ ပစ္စတိ ဘဒြံ၊ အထ ဘဒြော ဘဒြာနိ ပဿတိ–

ဟူသော ဤဂါထာများကို ဟောကြားလေသည်။

အနာထပိဏ်သူဌေးကြီး– ဤလောက၌ မကောင်းမှု ပြုလုပ်သော ပုဂ္ဂိုလ်သည် အကြင်မျှလောက် ကာလပတ်လုံး မကောင်းကျိုး မပေးသေးချေ၊ ထိုမျှလောက်သောကာလပတ်လုံး ကောင်းကျိုးကိုသာမြင်၏၊ အကြင် အခါ၌ကား မကောင်းမှုကိုပြုသောသူအား မကောင်းကျိုးပေး၏၊ ထိုအခါ မကောင်းမှုကိုသာ မြင်၏။ကောင်းမှုကိုပြုသောပုဂ္ဂိုလ်သည်လည်း အကြင်မျှလောက်ကာလပတ်လုံး ကောင်းကျိုးမပေးသေး၊ ထိုမျှလောက်သော ကာလပတ်လုံး မကောင်းမှုကို မြင်၏။ ဤကြင်အခါ၌ကား ကောင်းမှုကိုပြုသောပုဂ္ဂိုလ်အား ကောင်းကျိုး ပေး၏။ ထိုအခါ ကောင်းကျိုးကိုသာ မြင်၏။ (ဓမ္မပဒ။ ၁၁၉-ဂါထာ။)

ဤကား သောတာပန်ပုဂ္ဂိုလ်တို့သည် မြတ်စ္စာဘုရားသာသနာ၌ ကြည်ညိုသောအခါ လှူဒါန်းရာ၌ နည်းယူဘွယ်ရာများ ဖြစ်၏။ နတ်သမီးက မလှူဒါန်း ရအောင် ဖျက်သော်လည်း မပျက်ပေ၊ လှူဒါန်း၍ ပစ္စည်းကုန်သွားသည်ကို ဂရုမစိုက်ဖြစ်ကြ၏။ ယခုခေတ်သောတာပန် ဖြစ်မဖြစ် တပ်အပ်သိလိုသော ပုဂ္ဂိုလ်တို့သည် ဤအနာထပိဏ်သူဌေးကြီး သာသနာကြည်ညိုပုံ, သဒ္ဓါတရားခိုင်မြဲပုံ အလုံးစုံတို့နှင့် နှိုးနှောတိုက်ဆိုင်၍ ကြည့်ရှုကြရာ၏။ ယခုခေတ် သောတာပန်တို့ကား ပစ္စည်းရှာဖွေ၍ မရသေးခင်၊ ဘုရားလှူဘို့ မကြာခဏ ပြောဆိုကြ၏။ ပစ္စည်းရလာတော့ ဘုရားကိုသတိမရတော့ပဲ မယားကိုသာ သတိရကြပြီးလျှင် မယားကိုသာစိန်ဆင်၍ ဘုရားကိုကား လိမ်ထားကြ၏၊ ယင်း သောတာပန်တို့ကဲ့သို့ မဖြစ်ရအောင် သတိဆောင်၍ ရှောင်ကြဉ်ကြရမည်။

သောတာပန် ဖြစ်မဖြစ်သိလိုက အောက်ပါဘုရားရှင် ဟောကြားအပ်သော ဒေသနာများနှင့်တိုက်ဆိုင်၍ ကြည့်ရှုကြပါကုန်။

သောတာပန်အရိယာ အင်္ဂတိမလိုက်စား

အရိယသာဝကော ပန ဇီဝိတက္ခယံ ပါပုဏန္တော်ပိ ဆန္ဒာဂတိအာဒီနိ
န ဂစ္ဆတိ။

သောတာပန် အရိယာပုဂ္ဂိုလ်သည် အသက်ကုန်ခြင်းသို့ ရောက်ပါသော်လည်း ဆန္ဒ, ဒေါသ, ဘယ, မောဟတည်းဟူသော အင်္ဂတိတရားလေးပါးကို မလိုက်စား မလွန်ကျူးခေ့။ (သုတ်ပါဌေယျအဋ္ဌကထာ ၁၂၇။)

သောတာပန်ပုဂ္ဂိုလ် ၂၄-ယောက်

၁။ သဒ္ဓါဓုရ ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ ကေဝိဇိ သောတာပန်၊
၂။ သဒ္ဓါဓုရ ဒုက္ခပဋိပဒါ ခိပ္ပါဘိညာ ကေဝိဇိ သောတာပန်၊
၃။ သဒ္ဓါဓုရ သုခပဋိပဒါ ဒန္ဓာဘိညာ ကေဝိဇိ သောတာပန်၊
၄။ သဒ္ဓါဓုရ သုခပဋိပဒါ ခိပ္ပါဘိညာ ကေဝိဇိ သောတာပန်၊

၁။ ပညာဓုရ ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ ကေဝိဇိ သောတာပန်၊
၂။ ပညာဓုရ ဒုက္ခပဋိပဒါ ခိပ္ပါဘိညာ ကေဝိဇိ သောတာပန်၊
၃။ ပညာဓုရ သုခပဋိပဒါ ဒန္ဓာဘိညာ ကေဝိဇိ သောတာပန်၊
၄။ ပညာဓုရ သုခပဋိပဒါ ခိပ္ပါဘိညာ ကေဝိဇိ သောတာပန်။

၁။ သဒ္ဓါဓုရ ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ ကောလံ ကောလ သောတာပန်၊
၂။ သဒ္ဓါဓုရ ဒုက္ခပဋိပဒါ ခိပ္ပါဘိညာ ကောလံ ကောလ သောတာပန်၊
၃။ သဒ္ဓါဓုရ သုခပဋိပဒါ ဒန္ဓာဘိညာ ကောလံကောလ သောတာပန်၊
၄။ သဒ္ဓါဓုရ သုခပဋိပဒါ ခိပ္ပါဘိညာ ကောလံကောလ သောတာပန်၊

၁။ ပညာဓုရ ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ ကောလံကောလ သောတာပန်၊
၂။ ပညာဓုရ ဒုက္ခပဋိပဒါ ခိပ္ပါဘိညာ ကောလံကောလ သောတာပန်၊
၃။ ပညာဓုရ သုခပဋိပဒါ ဒန္ဓာဘိညာ ကောလံကောလ သောတာပန်၊
၄။ ပညာဓုရ သုခပဋိပဒါ ခိပ္ပါဘိညာ ကောလံကောလ သောတာပန်၊

၁။ သဒ္ဓါဓုရ ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ သတ္တက္ခတ္တုပရမသောတာပန်၊
၂။ သဒ္ဓါဓုရ ဒုက္ခပဋိပဒါ ခိပ္ပါဘိညာ သတ္တက္ခတ္တုပရမသောတာပန်၊
၃။ သဒ္ဓါဓုရ သုခပဋိပဒါ ဒန္ဓာဘိညာ သတ္တက္ခတ္တုပရမ သောတာပန်၊
၄။ သဒ္ဓါဓုရ သုခပဋိပဒါ ခိပ္ပါဘိညာ သတ္တက္ခတ္တုပရမ သောတာပန်၊

၁။ ပညာဓုရ ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ သတ္တက္ခတ္တုပရမ သောတာပန်၊
၂။ ပညာခုရ ဒုက္ခပဋိပဒါ ခိပ္ပါဘိညာ သတ္တက္ခတ္တုပရမ သောတာပန်၊
၃။ ပညာဓုရ သုခပဋိပဒါ ဒန္ဓာဘိညာ သတ္တက္ခတ္တုပရမ သောတာပန်၊
၄။ ပညာဓုရ သုခပဋိပဒါ ခိပ္ပါဘိညာ သတ္တက္ခတ္တုပရမ သောတာပန်
အာဒိုဖြင့် ၂၄-ယောက်ရှိ၏။(အင်္ဂုတ္တိရ်ပါဠိတော် ပဌမ၊ ၂၃၄၊ ၂၃၅။)

အင်္ဂုတ္တရနိကာယအဋ္ဌကထာ တိကနိပါတဝဏ္ဏနာ, ပုဂ္ဂလပညတ်အဋ္ဌကထာ ကေကနိဒ္ဒေသဝဏ္ဏနာတို့၌—

"ဣမသ္မိံ ပန ဌာနေ စတုဝီသတိ သောတာပန္နာ ဒ္ဝါဒသ သကဒါဂါမိနော အဋ္ဌစတ္တာလီသ အနာဂါမိနော ဒ္ဝါဒသ စ အရဟန္တော ကထေတဗ္ဗာ။ ဣမသ္မိံ သာသနေ သဒ္ဓါဓုရံ ပညာဓုရန္တိ ဒွေ ဓုရာနိ။ ဒုက္ခပဋိပဒါဒန္ဓာဘိညာဒယော စတသ္သော ပဋိပဒါ။ တတ္ထကော သဒ္ဓါဓုရေန အာဘိနိဝိသိတ္ဝာ သောတာပတ္တိဖလံ ပတ္ဝာ ကေမေဝ ဘဝံ နိဗ္ဗတ္တေတ္ဝာ ဒုက္ခဿန္တံ ကရောတိ၊ အယမေကော ကေဝိဇီ။ သော ပဋိပဒါဝသေန စတုဗ္ဗိဓော ဟောတိ။ ယထာ စေသ၊ ဧဝံ ပညာဓုရေန အာဘိနိဝိဋ္ဌောပိတိ အဋ္ဌ ကေဝိဇနော။ တထာ ကောလံကောလော သတ္တက္ခတ္တုပရမော စာတိ ဣမေ စတုဝီသတိ သောတာပန္နာ နာမ"

ဟု လာသော ပါဠ်အရ ရေတွက်၍ ပြလိုက်သည်။

သောတာပန်အရိယာ သဒ္ဓါခိုင်မြဲပုံ

အယံ ဝုစ္စတိ ဘိက္ခဝေ အာကာရဝတီ သဒ္ဓါဒဿနမူလိကာ ဒဋ္ဌာ အသံဟာရိယာ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိံ

ဟူသော မူလပဏ္ဏာသ ဝိမံသကသုတ်အရ သောတာပတ္တိမဂ် ဟူသော အကြောင်းရှိသော မြဲမြံသော ယုံကြည်မှုသဒ္ဓါကို ရဟန်း, ပုဏ္ဏား, နတ်, မာရ်နတ်, ဗြဟ္မာ, တစုံတယောက်သောသူသည် လောကဌ် ပယ်ရှားခြင်းငှါ မစွမ်းနိုင်။

ယင်းအဋ္ဌကထာဌ် သူရဖုဋ္ဌဝတ္ထုကို ဖွင့်ပြပြီးလျှင် သဒ္ဓါခိုင်မြဲပုံကို–

"မဂ္ဂေန အာဂတာ သဒ္ဓါ နာမ သိလာပထဝိယံ ပတိဋ္ဌိတသိနေရု ဝိယ အစလာ ဟောတိ"

ဟူ၍ ဖွင့်ပြတော်မူ၏။

မင်္ဂဖြင့်လာသော ယုံကြည်မှုသဒ္ဓါမည်သည် ကျောက်မြေ၌ တည်လျက်ရှိသော မြင်းမြရံတောင်ကဲ့သို့ မတုန်မလှုပ် ခိုင်ခိုင်မတ်မတ် ရတနာသုံးပါး၌ ယုံကြည်မှု တည်တံ့၏။။

(တနည်း) သောတာပန်အင်္ဂါလေးပါး

၁။ မြတ်စွာဘုရား၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း၊

၂။ တရားတော်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း၊

၃။ သံဃာတော်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း၊

၄။ စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း။။

ဤကား မဟာဝဂ္ဂသံယုတ် ထပတိသုတ်၌ ဟောတော်မူအပ်သော ပါဠိတော် အရ သောတာပန်အင်္ဂါလေးပါးတည်း။။

သောတာပန်ဖြစ်လျက် လေးမြားစသည်ကို ယူဆောင်ပေးသော်လည်း
ဒုစရိုက်မဖြစ်ပုံ မှတ်သားဖွယ်ရာ

၀

ကုက္ကုဋ္ဌမိတ္တနေသာဒဝတ္ထု

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတိုက်၌ သီတင်းသုံးနေတော်မူသောအခါ ကုက္ကုဋ္ဌမိတ္တမူဆိုးမိသားစုကို အကြောင်းပြု၍ ဟောကြားတော်မူလေသည်၊ အကြောင်းအရာအကျယ်ကား—

ရာဇဂြိုဟ်ပြည်၌ သူဌေးသမီးတယောက်သည် အရွယ်သို့ရောက်လတ်သော် ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်ခုနစ်ဆင့် တိုက်၏အမြင့်ဆုံးအထပ်ဝယ် အသရေရှိသော တိုက်ခန်း၌ စောင့်ရှောက်ထိန်းသိမ်းရန် အလုပ်အကျေး မိန်းမတယောက်ကိုပေး၍ မိဘနှစ်ပါးတို့က ချမ်းသာစွာနေစေအပ်စဉ် တနေ့သ၌ ညနေချမ်းအခါဝယ် လေသာပြူတင်းတံခါးပေါက်မှ မြို့တွင်းလမ်းမကို ကြည့်ရှုလတ်သော် ကျောက်ဇင်းငါးရာ, တံစို့ငါးရာတို့ကိုယူ၍ သားသမင်တို့ကို သတ်ဖြတ်ကာ အသက်မွေးမှုပြုသော ကုက္ကုဋ္ဌမိတ္တအမည်ရှိသော သားသတ်မူဆိုးတယောက် သားကောင်ငါးရာတို့ကိုသတ်၍ ထိုသားကောင်များအသားဖြင့် လှည်းအပြည့်တင်ဆောင်ကာ လှည်းဦး၌ထိုင်၍ အသားရောင်းရန် မြို့တွင်းသို့ လှည်းမောင်းဝင်လာသည်ကို မြင်လတ်၍ မူဆိုး၌တပ်နှစ်သက်သောစိတ် ရှိရကား အိမ်ဖော်အလုပ်အကျေး မိန်းမ၏လက်၌ လက်ဆောင်ပဏ္ဏာများပေးပြီးလျှင် ရှင်မ ငါခိုင်းသည့်အတိုင်း သွားပါချေ။ ထိုမူဆိုးအား ဤလက်ဆောင်ပစ္စည်းများကို ပေးပြီးလျှင် သူပြန်လာမည့်အချိန်ကို သိအောင် စုံစမ်း မေးမြန်းပြီးမှ ပြန်ခဲ့ပါဟု မှာကြားစေလွှတ်လိုက်လေ၏။။

အိမ်ဖော်မိန်းမသည် မှာကြားသည့်အတိုင်း သွားလေ၍ မူဆိုးအား လက်ဆောင်ပစ္စည်းများပေးပြီးလျှင် အမောင်–အဘယ်အချိန်အခါ၌ ပြန်လာပါမည်နည်းဟု မေးလတ်သောအခါ မူဆိုးကလည်း ငါကား ယနေ့အသားများကိုရောင်းချ၍ နက်ဖြန်နံနက်စောစော၌ပင် ဤမည်သောတံခါးမှထွက်၍ ပြန်ပေအံ့ဟု ပြောဆိုလေသည်။

အိမ်ဖော်မိန်းမသည် မူဆိုးပြောသောစကားကို မှတ်သားခဲ့၍ သူဌေးသမီးထံ ပြန်လာပြီးလျှင် သူဌေးသမီးအား ထိုအကြောင်းကို ပြန်ကြားပြောဆိုလေ၏။ သူဌေးသမီးသည် မိမိယူအပ်ယူသင့်ယူထိုက်သော အဝတ်တန်းဆာ ဧရှင်ဥစ္စာများကို စိမ်ထည့်သွင်းယူဆောင်၍ နံနက်မိုးမလင်းခင် အဝတ်ညစ်ကို ဝတ်ဆင်ကာ ရေအိုးကိုရွက်ပြီးလျှင် ကျွန်မတို့နှင့်အတူတက္ခ ရေချိုးဆိပ်သို့သွားဘိသကဲ့သို့ အိမ်မှထွက်လာခဲ့၍ ထိုမူဆိုးပြောသော နေရာဌာနသို့ သွားရောက်ကာ မူဆိုးလာချိန်ကို စောင့်မျှော်၍နေလေ၏။

မူဆိုးသည်လည်း နံနက်စောစောကပင် လှည်းကိုမောင်းနှင်လျက် မြို့မှထွက်လာခဲ့၏။ သူဌေးသမီးသည် မူဆိုး၏လှည်းနောက်မှ လိုက်သွားလေသည်။ မူဆိုးသည် နောက်မှလိုက်လာသော အမျိုးသမီးကိုမြင်လေလျှင် အို နှမ-ငါသည်သင့်ကို မည်သူသမီးဟူ၍ မသိချေ။ ငါ့နောက်သို့ မလိုက်ပါလင့်ဟု ပြောဆိုလေသည်။ ထိုအခါ သူဌေးသမီးက မောင်တော်–ကျမကို မောင်တော်မခေါ်ခဲ့ပါ၊ ကျမစိတ်သဘောအတိုင်း လိုက်လာခဲ့ပါ၏၊ မောင်တော်သည် နှုတ်ဆိတ်လျက်သာ ကိုယ့်လှည်းကိုသာ မောင်းနှင်ပါလော့ဟု ပြောဆိုလေ၏။

မူဆိုးသည် သူဌေးသမီးကို အဖန်ဖန်ပင် ရှေးနည်းအတူ တားမြစ်သောအခါ သူဌေးသမီးသည် မူဆိုးကို မောင်တော်–မိမိထံမှောက်သို့ အလိုလိုကျက်သရေမဂ််လာရောက်လာသည်ကို မတားမြစ်ပါလင့်ဟု ပြောဆိုလေသည်။ ထိုအခါမှ မူဆိုးသည် သူဌေးသမီး မိမိနောက်သို့လိုက်လာကြောင့်၊ သံသယကင်းစ့ာသိရပါသဖြင့် သူဌေးသမီးကို လှည်းပေါ်သို့တင်ဆောင်ကာ မောင်းနှင်သွားလေသည်။ သူဌေးသမီး၏ မိဘနှစ်ပါးတို့သည် ထိုထိုက္ခိုက္ခါ သမီးကိုရှာဖွေစေ၍ မတွေ့ရသည့်အဆုံး၌ ရှာဖွေလို့မတွေ့လျှင် တနေ့ချာချာမှာ သေနေလေရခြင်းဖြစ်ပါလိမ့်မည်ဟု စဉ်းစားကြကာ သေသူသမီးအား ရည်မှန်း၍ ဆွမ်းသွတ်အမျှဝေမှုကို ပြုကြလေ၏။ သူဌေးသမီးသည်လည်း ကုက္ကုဋ္ဌမိတ္တမူဆိုးနှင့်လင်မယားအဖြစ် ဆက်ဆံပေါင်းသင်းနေထိုင်ခြင်းကို အစဉ်ပြုကာ သားခုနစ်ယောက်ကိုဖွားမြင်ပြီးနောက် ထိုသားခုနစ်ယောက်တို့ အရွယ်ရောက်ကြလေသော် အိမ်ထောင်မှု ပြုကြလေ၏။

ကုက္ကုဋမိတ္တမူဆိုးမိသားစု သောတာပန်ဖြစ်ခြင်း

ထို့နောက် တနေ့သ၌ မြတ်စွာဘုရားသည် နံနက်မိုသောက် အလင်းသို့ ရောက်သောအခါ သတ္တလောကကို ကြည့်ရှုတော်မူလေသော် သားခုနစ်ယောက် ချွေးမခုနစ်ယောက်တို့နှင့်အတူတကွ ကုက္ကုဋမိတ္တမူဆိုးတို့ ကိုယ်တော်မြတ်၏ ဉာဏ်တော်ကွန်ရက်အတွင်းသို့ ဝင်လာကြသည်ကို မြင်တော်မူ၍ အကြောင်းအရာ မည်သို့နည်းဟု ဆက်လက်၍ စူးစမ်းဆင်ခြင်တော်မူသည်ရှိသော် ထို့ဆယ့်ငါး ယောက်တို့၏ သောတာပန်အရိယာဖြစ်ဘို့အကြောင်း ရှေးကောင်းမှုကို မြင်တော်မူ၍ နံနက်စောစော သပိတ် သင်္ကန်းကိုယူဆောင်ပြီးလျှင် ကုက္ကုဋမိတ္တမူဆိုး ကျော့ကွင်း ထောင်ရာအရပ်သို့ တပါးတည်းကြွသွားတော်မူ၏။ ထို့နေ့၌ သား ကောင်တကောင်မျှပင် ကျော့ကွင်း၌ နှောင်ဖွဲ့မိနေသည်ဟူ၍ မရှိဖြစ်၏။

မြတ်စွာဘုရားသည် မူဆိုး၏ ကျော့ကွင်းများအနီး၌ ခြေတော်ရာကို ထင်ရှား စွာချတော်မူခဲ့၍ ကျော့ကွင်း၏ ရှေ့နားချုံဖုတ်တခု၏ အရိပ်အောက်၌ ထိုင်နေ တော်မူလေ၏။ ကုက္ကုဋမိတ္တမူဆိုးသည် နံနက်စောစောကပင် လေးမြားတို့ကို ယူဆောင်ကာ ကျော့ကွင်းထောင်ထားရာအရပ်သို့ သွားရောက်ပြီးလျှင် ဒေ့စ အဦးဖြစ်သော ကျော့ကွင်းမှာ၌ အစဉ်အတိုင်း ကျော့ကွင်းများကို ကြည့်လတ် သော် သားကောင်တကောင်ကိုမျှ ကျော့ကွင်း၌ မိနေသည်ကို မတွေ့ရပဲ မြတ်စွာဘုရား၏ ခြေတော်ရာကိုသာ တွေ့မြင်ရလေ၏။

ထိုအခါ ကုက္ကုဋမိတ္တမူဆိုး၏ စိတ်သန္တာန်ဝယ် ငါ၏ ကျော့ကွင်း၌ မိနေ သော သားကောင်များကို ဘယ်လူများ ဖြေလွှတ်ကာ လှည့်လည်ကျက်စား သွားလာဘိသနည်းဟု အကြံအစည်ဖြစ်ပွားလျက် ဘုရားရှင်ကို မမြင်ရသေးမီ စိတ်ဆိုးပြီး သွားလေလျှင် ချုံဖုတ်တခု၏အောက်၌ ထိုင်နေသော မြတ်စွာဘုရား ကို တွေ့မြင်ရ၍ ဤပုဂ္ဂိုလ်ပင် ငါ၏ကျော့ကွင်း၌ မိနေသောသားကောင်များကို ဖြေလွှတ်ခြင်းဖြစ်ပေလိမ့်မည်။ ထို့ကြောင့် သင့်ကို ငါ၏လေးဖြင့် ပစ်သတ်တော့ အံ့ဟု ကြံစည်၍ လေးကိုဆွဲငင်ကာ ချိန်ရွယ်လေ၏။

မြတ်စွာဘုရားသည် လေးကိုဆွဲငင်ရုံသာ အခွင့်ပေး၍ မြားကိုပစ်လွှတ်ခြင်းငှါ အခွင့်မပေးချေ။ မူဆိုးသည် မိမိမြားကို ပစ်လွှတ်ခြင်းငှါလည်းမတတ်နိုင်၊ တဖန် ပြန်၍ မြားကိုချခြင်းငှါလည်းမတတ်နိုင်ပဲ နံရိုးများကျိုးအံ့သကဲ့သို့ဖြစ်၍ ပါး စပ်ပေါက်မှ တံတွေးတစိုစိုယိုစီးလျက် ပင်ပန်းသော ကိုယ်ခန္ဓာဖြင့်လျက် ကျောက် ရုပ်ကြီးပမာ ရပ်တည်၍နေရ၏။

ထိုအခါ မူဆိုး၏သားခုနစ်ယောက်တို့သည် ဖခင်အိမ်သို့ ဆော့ကာလာကြပြီး လျှင် ငါတို့၏ဖခင် တောသွားခြင်းသည် ကြာမြင့်လှချေ၏၊ ဤမျှလောက်ကြာမြင့် ခြင်းသည် အဘယ်အကြောင်းကြောင့်ပါနည်းဟု မိခင်နှင့်အတူတကွ စကား

စပ်ပြောကြလေရာ မိခင်က သားတို့ မောင်တို့ဖခင်ထံ လိုက်၍သွားကြဦးဟု စေခိုင်းသည်ရှိသော် အသီးအသီး ကိုယ်စီကိုယ်ငှ လေးမြားတို့ကို ယူဆောင်၍ လိုက်သွားကြလေလျှင် ကျောက်ရုပ်ပမာ ရပ်ကာနေသော ဖခင်မူဆိုးကို တွေ့မြင်ကြရ၍ ချုံရိပ်အောက်၌ ထိုင်၍နေသော မြတ်စွာဘုရားရှင်ကို ဤသူသည် ငါတို့ဖခင်၏ ရန်သူဖြစ်လိမ့်မည်ဟု ကြံစည်အောက်မေ့ကြကာ သားခုနစ်ယောက်တို့သည် လေးတို့ကို ကိုယ်စီကိုယ်ငှ ဆဲတင်ကြလေလျှင် မြတ်စွာဘုရား၏ တန်းခိုးအာနုဘော်တော်ကြောင့် ထိုသူတို့၏ ဖခင်မူဆိုး ရပ်တည်နေသကဲ့သို့ပင် ပင်ပန်းကြီးစွာ ကျောက်ရုပ်ကြီးများပမာ ရပ်တည်၍နေကြလေ၏။

ထို့နောက် ထိုသူတို့၏မိခင်သည် ငါ၏သားတို့သည်လည်း ဘယ်အတွက်ကြောင့် ဒါလောက်တောင် ကြာမြင့်ကြကုန်သနည်းဟု ပြောဆို၍ ခွေးမခုနစ်ယောက်တို့ကို ခေါ်ဆောင်ပြီးကာ လိုက်သွားကြကုန်သည်ရှိသော် ကျောက်ရုပ်ကြီးများပမာ ရပ်တည်နေကြသော သားအဖရှစ်ယောက်တို့ကို တွေ့မြင်ကြ၍ ဤသားအဖ ရှစ်ယောက်တို့သည် အဘယ်သူအား လေးတို့ကို တင်ဆဲငင်၍ ရပ်တည်နေကြပါလိမ့်မည်နည်းဟု ထိုမှ ဤမှ ကြည့်ရှုလေသော် မြတ်စွာဘုရား၏ တန်းခိုးအာနုဘော်တော်ကြောင့် ထိုသူတို့၏ ဖခင်မူဆိုး ရပ်တည်နေသကဲ့သို့ပင် ပင်ပန်းကြီးစွာ ကျောက်ရုပ်ကြီးများပမာ ရပ်တည်၍နေကြလေ၏။

ကုက္ကုဋ္ဌမိတ္တမူဆိုးသည် ထိုမယားအသံကိုကြားရ၍ သြော် ငါသည် ပျက်စီးချေပြီတကား၊ ဤသူကား ငါ၏ယောကျ်ားမဖြစ်သတဲ့၊ သြော် ဝန်လေးသောအမှုကို ငါပြုခဲ့မိလေပြီတကားဟု စဉ်းစားကြံစည်လေ၏။

ထို့နောက် ကုက္ကုဋ္ဌမိတ္တမူဆိုးသည် ဤသူကား ငါ၏ ယောကျ်ားယောကျ်ားသူတည်းဟု ကြံစည်အောက်မေ့ကာ မေတ္တာစိတ်ကို ဖြစ်ပွါးစေလေသည်၊ သားခုနစ်ယောက်တို့သည်လည်း ငါတို့၏ အဘိုးပေတကားဟု ကြံစည်အောက်မေ့ကာ မေတ္တာစိတ်ကို ဖြစ်ပွါးစေကြလေသည်။

ထိုအခါ သားခုနစ်ယောက်တို့၏မိခင် သူဌေးသမီးသည် သားအဖရှစ်ယောက်တို့ကို လျှင်မြန်စွာ လေးမြားတို့ကို စွန့်ပစ်စေ၍ ငါ့ဖခင်ကို သည်းခံဘို့ရန် ကန်တော့ကြလော့ဟု ပြောဆိုလေ၏။

မြတ်စွာဘုရားသည် သားအဖရှစ်ယောက်တို့၏ နှုးညံ့သောစိတ်ရှိသည်၏ အဖြစ်ကို သိတော်မူ၍ လေးမြားတို့ကို ချခြင်းငှါ ခွင့်ပေးလေ၏။ ထိုသူရှစ်ယောက်တို့သည် မြတ်စွာဘုရားရှင်ကို ရှိခိုးကြ၍ ဘုန်းတော်ကြီးလှတော်မူသော မြတ်စွာဘုရား– အကျွန်ုပ်တို့ သားအဖ ရှစ်ယောက်တို့ကို သည်းခံတော်မူပါဘုရားဟု ပြောဆိုကန်တော့ကြ၍ ဝေး, နီး, လေညာ, မြင့်လွန်းရာနှင့် ရွှေမှာ

စူးစူး, နောက်ရပ်ထူးဟု ခြောက်ဦးညစ်ကြေး နေပြစ်ဘေးမှ ကင်းဝေးစင်ကြယ်ရာအရပ်၌ ထိုင်နေကြလေကုန်၏။

ထိုသို့ထိုင်နေကြသောအခါ ဘုရားရှင်သည် ကုက္ကုဋမိတ္တမိသားစု တဆယ့် ခြောက်ယောက်တို့အား ဒါနကထာ သီလကထာ သဂ္ဂကထာ ကာမာနံအာဒီ-နဝကထာ နေက္ခမ္မေအာနိသံသကထာ တည်းဟူသော အစဉ် တရားဒေသနာတော်မျှားကို ဟောကြားတော်မူ၏။ တရားဒေသနာပြီးဆုံးသောအခါ ကုက္ကုဋမိတ္တမူဆိုးသည် သားခုနစ်ယောက် ခွေးမ ခုနစ်ယောက်တို့နှင့် အတူတကွ သောတာပန် အရိယာဖြစ်ကြလေသည်၊ မြတ်စွာဘုရားသည် ထိုမူဆိုးသားအဖ ခွေးမတို့ကို သောတာတ္တိဖိုလ်အရောက် ချီးမြှောက်တော်မူပြီးလျှင် ရာဇဂြိုဟ်ပြည်အတွင်းသို့ ဆွမ်းခံလှည့်လည်တော်မူ၍ ဆွမ်းဘုဉ်းပေးပြီးသောအခါ၌ ကျောင်းတော်သို့ ပြန်ကြွတော်မူလေ၏။

ထိုအခါ မြတ်စွာဘုရားကို အရှင်အာနန္ဒာမထေရ်က ဘုန်းတော်ကြီးလှတော်မူသော မြတ်စွာဘုရား – အဘယ် အရပ်သို့ ကြွနေတော်မူပါသနည်းဟု မေးလျှောက်လေလျှင် မြတ်စွာဘုရားသည် ချစ်သား အာနန္ဒာ – ငါဘုရားသည် ကုက္ကုဋမိတ္တမူဆိုးထံသို့ သွားရောက်ခဲ့သည်ဟု ဖြေကြားတော်မူ၏။ တဖန် အရှင်အာနန္ဒာက ဘုန်းတော်ကြီးလှတော်မူသော မြတ်စွာဘုရား – အရှင်ဘုရားတို့သည် ထိုကုက္ကုဋမိတ္တမူဆိုးကို ပါဏာတိပါတ ဒုစရိုက်မှ ရှောင်ကြဉ်သူ ဖြစ်အောင် တရားဒေသနာတော်ဖြင့် ဆုံးမ ချေချုပ်တော်မူအပ်ပါပြီလောဟု မေးလျှောက်လေလျှင် အကျွတ်တရား ရအောင် ဆုံးမတော်မူအပ်ခဲ့ပြီ အာနန္ဒာ။ မူဆိုး ခွေးမ သားမျှားတို့သည် မတုန်မလှုပ် ရတနာသုံးပါး၌ သက်ဝင်ယုံကြည်ကြ၍ ပါဏာတိပါတ ဒုစရိုက်မှ ရှောင်ကြဉ်ကြသူ ဖြစ်ကြလေပြီဟု မြတ်စွာဘုရားက မိန့်တော်မူလေသည်။

ထို့နောက် ရဟန်းတို့က ဘုန်းတော်ကြီးလှတော်မူသော မြတ်စွာဘုရား – ထိုမူဆိုး၌ မယားရှိသေးသည် မဟုတ်ပါလောဟု မေးမြန်း လျှောက်ထားကြလေလျှင် ရှိသည် ချစ်သား ရဟန်းတို့ – ထိုအိမ်ရှင်မသည်ကား မိဘတို့နှင့် နေစဉ်ကပင် ငယ်ရွယ်သူအပျိုဘဝကတည်းက သောတာပန် အရိယာ ဖြစ်ခဲ့၏ဟု မြတ်စွာဘုရားရှင်က ပြန်လည်ဖြေကြားတော်မူလေသည်။

ရဟန်းတို့သည် အချင်းချင်း ဝေဘန် ပြောဆိုနေကြသည်မှာ အရှင်မြတ်တို့ ကုက္ကုဋမိတ္တမူဆိုး၏ဇနီးသည် မိဘတို့အိမ်၌ သတို့သမီးငယ်ဖြစ်စဉ်ကပင် သောတာပတ္တိဖိုလ်သို့ရောက်ပြီ ဖြစ်၍ ထိုမူဆိုး၏အိမ်သို့ လိုက်ပါကာ သားခုနစ်ယောက်တို့ကို ရခဲ့လေပြီ။ ထိုမူဆိုး၏ဇနီးသည် အရှင်သခင်လင်ဖြစ်သူ မူဆိုးက လေးမြားယူခဲ့, လှံတံကျင်ယူခဲ့, ပိုက်ကွန်ယူခဲ့ ဟု စေခိုင်းပြောဆိုအပ်လျှင် ထိုလေးမြား

စသည်တို့ကို ယူဆောင်၍ ပေးခဲ့လေပြီ၊ မူဆိုးသည်လည်း မယား သောတာပန် ပေးအပ်သည့် လေးမြားစသည်တို့ကို ယူဆောင်သွားပြီးလျှင် ပါဏာတိပါတ ဒုစရိုက်အမှုကို နှစ်ပေါင်းများစွာ ပြုလုပ်ခဲ့၏။ အရှင်မြတ်တို့ သောတာပန် ပုဂ္ဂိုလ်သည် သူတပါးအသက်သတ်မှုကို ပြုလုပ်ကြသလောဟု အချင်းချင်း နှိုးနှောတိုင်ပင်ဆွေးနွေးပြောဆိုကြလေသည်။

မြတ်စွာဘုရားရှင်သည် ရဟန်းများရှိရာ တရားသဘင်သို့ ကြွတော်မူလာ၍ ချစ်သားရဟန်းတို့ ယခု ငါဘုရား ကြွလာတော်မူသောအခါ အဘယ်စကားဖြင့် ဆွေးနွေးညီမူ၍ နေကြသနည်းဟု မေးတော်မူလေလျှင် ရဟန်းတို့က မူဆိုး၏ ဇနီး သောတာပန်အရိယာမ၏အကြောင်းကို ဆွေးနွေးညီမူ၍ နေကြပါကြောင်း လျှောက်ထားကြသည်ရှိသော် မြတ်စွာဘုရားက ရဟန်းတို့ သောတာပန် အရိယာပုဂ္ဂိုလ်တို့သည် ပါဏာတိပါတအမှုကို မပြုလုပ်ကြကုန်၊ မူဆိုး၏ဇနီး သူဌေးသမီး သောတာပန်သည်ကား လင်ယောကျ်ား၏စကားကို လိုက်နာရမည့် ဝတ္တရားရှိသည့်အတွက် မိမိဝတ္တရားကို စဉ်းစားဆင်ခြင်ကာ မူဆိုးတောင်းသည့် လေးမြားစသည်ကို ယူပေးမှုပြုလုပ်ရလေသည်၊ ထိုအမျိုးသမီးမှာ သူယူပေး သော လေးမြား စသည်ဖြင့် မူဆိုးသည် တော်သို့သွားပြီးလျှင် သတ္တဝါတို့ကို သတ်ပါစေဟူသော စေတနာမရှိချေ။

သီရိဘွယ်ရာ ဥပမာကား–လက်ဖဝါးအပြင်၌ အနာမရှိလျှင် အဆိပ်ကို လက်ဖြင့် ကိုင်မိသော်သူအား ထိုအဆိပ်သည် လောင်ကျွမ်းခြင်းငှါ မစွမ်းနိုင် သကဲ့သို့ ဤအတူပင် အကုသိုလ်စေတနာမရှိသဖြင့် မကောင်းမှုကို မပြုသော သူအား လေးမြား စသည်တို့ကို ယူဆောင်၍ ပေးငြားသော်လည်း မကောင်းမှု ဒုစရိုက်မည်သည် မဖြစ်နိုင်ဟု မိန့်တော်မူပြီးလျှင် ဤဂါထာကို ဟောကြား တော်မူ၏။

ပါဏိမှိ စေ ဝဏ္ဏော နာဿ၊ ဟရေယ္ယ ပါဏိနာ ဝိသံ။
နာဗ္ဗဏံ ဝိသမန္နေတိ၊ နတ္ထိ ပါပံ အကုဗ္ဗတော။

ဘိက္ခဝေ၊ ရဟန်းတို့။ ပါဏိမှိ၊ လက်ဖဝါးအပြင်၌။ ဝဏ္ဏော၊ ဝေါက်သော အမာ ထိရှသောအနာသည်။ စေ နာ အာဿ၊ အကယ်၍မရှိငြားအံ့။ အဗ္ဗဏံ၊ အနာမရှိသောလက်ကို။ ဝိသံ၊ အဆိပ်သည်။ နာ အန္နေတိ၊ မလောင်ကျွမ်း မနှိပ်စက်နိုင်။ တသ္မာ၊ ထို့ကြောင့်။ ပါဏိနာ၊ အနာမရှိသော လက်ဖြင့်။ ဝိသံ၊ အဆိပ်ကို။ ဟရေယ္ယ၊ ယူဆောင်ခြင်းငှါ စွမ်းနိုင်ရာ၏။ ဧဝံ၊ ပမာနိုင်းပမာ ဤအတူ။ ပါပံ၊ မကောင်းမှုကို။ အကုဗ္ဗတော၊ လေးမြားစသည်ကို ယူဆောင်၍ ပေးပါသော်လည်း အကုသိုလ်စေတနာ မရှိမှုကြောင့် မပြုမလုပ်သောသူအား။ ပါပံ၊ မကောင်းမှုသည်။ နတ္ထိ၊ အနည်းငယ်မျှ မရှိချေ။

တရားဒေသနာ ပြီးဆုံးသောအခါ များစွာသော သူတို့သည် သောတာပန်စသည် ဖြစ်ကြလေ၏။

ကုက္ကုဋမိတ္တမူဆိုးမိသားစု၏ ရှေးကောင်းမှုကုသိုလ်

တပါးသောအချိန်၌ ရဟန်းတို့သည် တရားသဘင်ဝယ် အရှင်မြတ်တို့-မူဆိုးနှင့် သားမယား ၎ခြုံးမတစုတို့သည် အဘယ်ကုသိုလ်ကြောင့် မူဆိုးအမျိုး၌ ဖြစ်ကြပြီးလျှင် တဖန် သောတာပန်အရိယာ ဖြစ်ကြပြန်သနည်းဟု ဆွေးနွေးစကား ပြောဆိုကြလေသည်။ ထိုအခါ မြတ်စွာဘုရား ကြွလာတော်မူပြီးလျှင် ရဟန်းတို့-ယခုအခါ အဘယ်စကားဖြင့် ဆွေးနွေးတိုင်ပင် ပြောဆိုကြပြန်သနည်းဟု မေးတော်မူလတ်သော် ထိုအကြောင်းကို ပြန်ကြားလျှောက်ထားလေလျှင် မြတ်စွာဘုရားသည် ထိုမူဆိုးမိသားစု၏ အတိတ်ကံ အကြောင်းကို ဤသို့ မိန့်ကြားတော်မူ၏။

ရဟန်းတို့-ရှေးအတိတ်ကာလ၌ ကဿပမြတ်စွာဘုရားရှင်၏ ဓာတုစေတီတော်ကြီး တည်ထားကိုးကွယ် ပူဇော်ရန် စီမံကြသည်ရှိသော် ဤယခု ဓာတုစေတီတော်ကြီးအတွက် အဘယ်အရာကို မြေညက်အဖြစ် အသုံးပြု၍ အဘယ်အရာကို ရေအဖြစ် အသုံးပြုကြမည်နည်းဟု လူအများ တိုင်ပင်ဆွေးနွေးကြလေ၏။

ထိုအခါ အစည်းအဝေးပွဲ၌ လူအများတို့၏ စိတ်အကြံကား ဆေးဒန်းမြင်းသီလာကို အင်္ဂေမြေညက်အဖြစ် အသုံးပြုရန်, ရေအတွက် နှမ်းဆီကို အသုံးပြုရန် အကြံအစည် ပေါ်ပေါက်လာကြကာ ညီညီညွတ်ညွတ်သဘောတူကြ၍ ထို လူများအပေါင်းသည် ဆေးဒန်းမြင်းသီလာကို အမှုန့်ဖြစ်အောင် ထုနှက်ကြ နှမ် ဆီနှင့်ရောမွှေကြကာ အုတ်နှင့်တွဲစပ်အောင် အင်္ဂေတအဖြစ် အသုံးပြုကြပြီးလျှင် ယင်း၏အပေါ်မှ ရွှေချ၍ စေတီတော်ကြီး အတွင်းသားကို စီထားကြလေသည်၊ အပြင်မျက်နှာ အုတ်လွှာ၌ကား တခဲနက်ထူထဲသော ရွှေသားအုတ်တို့ကိုသာ စီကြကုန်၏။ အုတ်တချပ်တချပ်လျှင် အဖိုးငွေ တသိန်းစီတန်၏။

ဘုရားလူကြီး ရွှေးချယ်ကြခြင်း

ထိုလူတို့သည် ဓာတ်တော် ဌပနာနိုင်လောက်အောင် စေတီတော်ကြီးပြီးလတ်သောအခါ ဓာတ်တော် ဌပနာလျှင် ငွေများစွာ လိုနေ၏၊ အဘယ်သူကို အကြီးအကဲဥက္ကဋ္ဌ တင်မြှောက်ကြရပါမည်နည်းဟု ကြံစည်တိုင်ပင်ဆွေးနွေးကြကုန်၏။

ထိုအခါ တောရွာနေ သူငြေးတယောက်သည် ငါဘုရားလူကြီးပြုလုပ်မည်ဟု ကြံစည်ကာ ဓာတ်တော် ဌပနာဘို့ရန်အတွက် ငွေ တကုဋေ ထည့်ဝင်လှူ၊ ဒါန်း

လေ၏၊ ထို တောသူဌေး၏ ဌေထည့်ဝင်လှူဒါန်းပုံကို မြင်တွေ့ကြရသော တိုင်းသူပြည်သား လူအများတို့သည် ဤမြို့သူဌေးကြီးကား ဥစ္စာများစွာ ခြပုံးပမာ စုဆောင်းသူဖြစ်၏၊ ဤမျှလောက် မွန်မြတ်ကြီးကျယ်သော ဓာတုစေတီတော်ကြီး ဌပနာပွဲ၌ ဘုရားလူကြီးဖြစ်ဘို့ရန် မစုမ်းနိုင်ချေ။ တောသားသူဌေးကသာ ဌေတကုဋ္ဌေ ထည့်ဝင်လှူဒါန်း၍ ဌပနာပွဲ၌ အကြီးအကဲ ဘုရားလူကြီး ဖြစ်ချေပြီဟု ကဲ့ရဲ့ပြစ်တင် ပြောဆိုကြလေ၏။

မြို့နေသူဌေးကြီးသည် ထိုလူတို့၏စကားကို ကြားလတ်သောအခါ ငါကား နှစ်ကုဋ္ဌေ ဘုရားအတွက်ထည့်ဝင်လှူဒါန်း၍ ဘုရားလူကြီး ဥက္ကဋ္ဌပြုလုပ်အံ့ဟု ကြံစည်ကာ ငဋ္ဌ နှစ်ကုဋ္ဌေ ထည့်ဝင်လှူဒါန်းလေ၏။ တောရွာနေ သူဌေးကလည်း ငါသာလျှင် ဌပနာပွဲ ဘုရားလူကြီးဥက္ကဋ္ဌပြုလုပ်အံ့ဟု ကြံစည်ကာ ငဋ္ဌ သုံးကုဋ္ဌေ ထည့်ဝင်လှူဒါန်းလေသည်။ ဤနည်းဖြင့် တယောက်နှင့်တယောက် တိုး၍တိုး၍ အစဉ်သဖြင့် လှူဒါန်းလာကြရာ မြို့နေသူဌေးကြီးသည် ရှစ်ကုဋ္ဌေ ထည့်ဝင်လှူဒါန်းလေ၏။

အထူးအားဖြင့် တောရွာသူဌေး၏အိမ်၌ ငဋ္ဌကိုးကုဋ္ဌေသာရှိ၏၊ မြို့သူဌေးကြီး၏အိမ်၌ကား ငဋ္ဌ ကုဋ္ဌေလေးဆယ်ရှိလေသည်။ သို့ရကား တောသားသူဌေးသည် အကယ်၍ ငါက ကိုးကုဋ္ဌေလှူလိုက်လျှင် ဤမြို့သားသူဌေးက ငါ ဆယ်ကုဋ္ဌေတို့ကို လှူပေအံ့ဟု ပြောဆိုလိမ့်မည်၊ ထိုအခါ သူ့ အလှူကို မှီအောင် ငါ လိုက်၍ မလှူနိုင်သဖြင့် ငါ၏ဥစ္စာမရှိခြင်း ထင်ရှားလိမ့်မည်ဟု ကြံစည်ဆင်ခြင်ပြီးလျှင် ငါသည် ဤမျှလောက်ဥစ္စာကိုလည်း ထည့်ဝင်လှူဒါန်းပါမည်၊ သားခုနစ်ယောက် ချွေးမခုနစ်ယောက် မယားနှင့်တကွ စေတီတော်ကြီး၏ ကျေးကျွန်အဖြစ်လည်း ခံယူပါမည်ဟု ပြောဆိုကာ သားခုနစ်ယောက်တို့ကိုဌင်း, ချွေးမခုနစ်ယောက်တို့ကိုဌင်း, မယားကိုဌင်း ခေါ်ခဲ့၍ မိမိနှင့်တကွ တဆယ့်ခြောက်ယောက်သောသူတို့ကို စေတီတော်ကြီးအား အပ်နှင်းလှူဒါန်းလိုက်လေသည်။

တိုင်းသူပြည်သားတို့သည် ဥစ္စာမည်သည်ကို နောက်ထပ်ဖြစ်စေခြင်းငှါ တတ်ကောင်း၏။ ဤတောသားသူဌေးကား သားမယား ချွေးမနှင့်တကွ မိမိကိုယ်ကို စေတီတော်ကြီးအား လှူဒါန်းသူဖြစ်လေသည်။ သို့ရကား ဤ တောသားသူဌေးသည်ပင် ဌပနာပွဲအကြီးအကဲဥက္ကဋ္ဌ ဘုရားလူကြီးဖြစ်စေဟု တညီတညွတ်တည်း သဘောတူဆုံးဖြတ်ချက်ချမှတ်ကာ တောသားသူဌေးကို အကြီးအကဲဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြလေ၏။

ဤသို့လျှင် ထိုတဆယ့်ခြောက်ယောက်သော မိသားစုတို့သည် စေတီတော်ကြီး၏ကျွန်များဖြစ်ကြကုန်ပြီ။ သို့သော် တိုင်းသူပြည်သား လူအများတို့သည် ထိုမိသားစု တဆယ့်ခြောက်ယောက်တို့ကို ကျွန်အဖြစ်မှ သဘောတူလွှတ်ကြ

ကုန်၏။ ဤသို့ပင် ကျွန်အဖြစ်မှ လွတ်ကြသော်လည်း ထိုမိသားစုတို့သည် စေတီတော်ကြီးကို သုတ်သင်ရှင်းလင်းကြ၍ အသက်ထက်ဆုံး နေကြရပြီးသော် လူ့ပြည်မှစုတေသေလွန်သောအခါ နတ်ပြည်၌ ဖြစ်ကြလေကုန်၏။

ထိုသူတဆယ့်ခြောက်ယောက်တို့သည် ဗုဒ္ဓန္တရအသခ်ျေယျ တကပ်ဖြစ်သော ကဿပမြတ်စွာဘုရားနှင့် ဂေါတမမြတ်စွာဘုရားနှစ်ဆူတို့၏အကြား ကာလပတ်လုံး နတ်ပြည်၌ နေကြကုန်စဉ် ငါတို့ ဂေါတမမြတ်စွာဘုရား ပွင့်တော်မူသော အခါ အိမ်ရှင်မသူဌေးကတော်သည် နတ်ပြည်မှ စုတေခဲ့၍ ဤရာဇဂြိုဟ်ပြည်ဝယ် သူဌေးသမီးဖြစ်လာ၏။ ထိုသူဌေးသမီးသည် ကုမာရီရှယ် သတို့သမီးငယ်ဖြစ်စဉ်ကပင် သောတာပန်အရိယာသူတော်ကောင်းမ ဖြစ်လေ၏။

သစ္စာလေးပါးတရားကို မသိမြင်သော ပုထုဇဉ်ပုဂ္ဂိုလ်၏ ပဋိသန္ဓေတည်နေရခြင်းမည်သည် ဝန်လေးလှ၏။ပစ္ဆိမဘဝိကပုဂ္ဂိုလ်ပင် ဖြစ်နိုင်သော်လည်း ယုတ်ညံ့သောအမျိုး၌ သွားရောက်ကာ ပဋိသန္ဓေနေရတတ်၏။ သောတာပန်အရိယာဖြစ်ပြီးမှ ဘဝတခုမှ ဘဝတခုသို့ သွားရောက်ဖြစ်ခဲ့သော် ယုတ်ညံ့အောက်ကျသောအမျိုး၌ မဖြစ်ချေ။

သို့ရကား ထိုသူဌေးသမီး၏ အရှင်သခင် လင်ယောကျ်ားဖြစ်သောနတ်သားသည် လူ့ပြည်သို့တဖန် ပြန်လည်၍ဖြစ်သောအခါ မူဆိုးအမျိုး၌ သွားရောက်ပြီးလျှင် ပဋိသန္ဓေတည်နေရလေ၏။ ဘဝ၏နိဒ်စာသော အကြောင်းကြောင့် မူဆိုးကိုမြင်သည်နှင့်တပြိုင်နက် သူဌေးသမီးသန္တာန်ဝယ် ရှေး၌ဖြစ်ခဲ့ဘူးသော အချစ်ဓာတ်တဏှာပေမသည် လှုပ်းမိုး၍ လာလေသည်။ ထို့ကြောင့် မြတ်စွာဘုရားသည် ဤဂါထာကို မိန့်တော်မူအပ်လေပြီ။

ပုဗ္ဗေဝ သန္နိဝါသေန၊ ပစ္စုပ္ပန္နဟိတေန ဝါ။
ဧဝံ တံ ဇာယတေ ပေမံ၊ ဥပ္ပလံဝ ယထောဒကေ။

(ဧကနိပါတ်ဇာတ်ပါဠိတော် ပ-အုပ် နှာ ၆၆။)

ပုဗ္ဗေ၊ ရှေးရှေးဘဝက။ သန္နိဝါသေန ဝါ၊ အတူတကွ နေထိုင်ဘူးသောကြောင့်ဂုဏ်း။ ပစ္စုပ္ပန္နဟိတေန ဝါ၊ မျက်မှောက်ပစ္စုပ္ပန်အကျိုး ဆောင်သည်ပိုးသောကြောင့်ဂုဏ်း။ ဧဝံ၊ ဤသို့ပေါင်းစပ် ကြောင်းနှစ်ရပ်ကြောင့်။ ပေမံ၊ တဏှာပေမ, မေတ္တာပေမ နှစ်ဝအပြား အချစ်ဓာတ်များသည်။ ဇာယတေ၊ ဥပါဒ်ထင်ရှားး ဖြစ်ပွါးလာ၏။ ကိမိဝ၊ ဥပမာပုံဆို ဘယ်ကဲ့သို့နည်းဟူမူ။ ဥဒကေ၊ ရေ၌။ ပဝတ္တံ၊ ဖြစ်သော။ ဥပ္ပလံ ဝါ၊ ကြာသည်ဂုဏ်း။ အညံ ဝါ၊ ကြာမှတပါး တခြားရေ၌ဖြစ်သောပန်းသည်ဂုဏ်း။ ဇာယတေ ယထာ၊ ရေနှင့်မြေ ထိုနှစ်ရပ်တွေကို အမှီပြု၍ ဖြစ်သကဲ့သို့တည်း။

သူဌေးသမီးသည် ရှေးဘဝကအချစ်ဓာတ်ကြောင့်ပင် မူဆိုးအိမ်သို့ လိုက်ပါသွားလေသည်။ သားတို့သည်လည်း နတ်ပြည်မှစုတေခဲ့ကြ၍ မိခင်ဟောင်း သူဌေးသမီး၏ဝမ်းကြောတိုက်၌ ပဋိသန္ဓေတည်နေကြကုန်၏။ ခြေးမခုနစ်ယောက်တို့သည်လည်း ထိုထိုအမျိုးဦးဖြစ်ကြ၍ အရှယ်သို့ရောက်လတ်ကုန်သော် ရှေးဘဝကအချစ်ဓာတ်ကြောင့် ထိုမူဆိုးမိသားစုတို့၏ အိမ်သို့သာလျှင် ဆိုက်ရောက်ကြကုန်သည်။

ဤသို့လျှင် မူဆိုးမိသားစု တဆယ့်ခြောက်ယောက်တို့သည် ထိုစဉ်အခါကဿပမြတ်စွာဘုရား၏ ဓာတုစေတီတော်ကြီးကို အတူတကွ သုတ်သင်ရှင်းလင်းခဲ့ကြသော ကုသိုလ်ကောင်းမှုကြောင့် ဤသာသနာတော်၌ သောတာပန် အရိယာ ဖြစ်ကြလေသည်။ ဓမ္မပဒအဋ္ဌကထာ၊ ၂၀)။

ဤကား ကုက္ကုဋ္ဌမိတ္တမိသားစုတို့၏ ရှေးကံအကြောင်းတည်း။

ကုက္ကုဋ္ဌမိတ္တ နေသာဒဝတ္ထု ပြီး၏။

သောတာပန်အင်္ဂါများ နှိုးနှော၍ယူပုံ

မြတ်စွာဘုရားသည် သတ္တဝါတို့၏ စိတ်သန္တာန်အသွင်ကို ကြည့်ရှု၍ နည်းအမျိုးမျိုးဖြင့် သောတာပန်အင်္ဂါများကို ဟောကြားလေသည်။ ထိုနည်းမျိုးစုံကို ဝေဖန်သုံးသပ်လိုက်သောအခါ လိုရင်းအချုပ်ကား သုပ္ပဗုဒ္ဓဝတ္ထု၌ ဟောကြားသော သဒ္ဓါ, သီလစသော ခုနစ်ပါးသော တရားများ ဖြစ်လေ၏။ အချို့သော သတ္တဝါတို့ကို မြတ်စွာဘုရားက ရတနာမြတ်သုံးပါးကြည်ညိုခြင်း, ငါးပါးသီလပြည့်စုံခြင်း ဤအင်္ဂါလေးပါးနှင့် ပြည့်စုံလျှင် သောတာပန်ဖြစ်နိုင်သည်ဟု ဟောကြားသဖြင့် သဒ္ဓါတရားရှိမှသာ ရတနာမြတ်သုံးပါးကို ကြည်ညိုနိုင်လိမ့်မည်။ ငါးပါးသီလ၌လည်း သဒ္ဓါတရားရှိမှသာ လုံခြုံအောင် စောင့်ရှောက်နိုင်၏။ အဘယ်အကျင့်မဆို သဒ္ဓါတရားလိုရင်းဖြစ်သည်။

သံယောဇဉ်သုံးပါးကုန်ဆုံးချုပ်ငြိမ်းလျှင် သောတာပန်ဖြစ်နိုင်၏ဟု ဟောကြားပြန်သဖြင့် ထို သံယောဇဉ်တရားကို ပယ်သတ်နိုင်ဘို့ရန် တရားအားထုတ်ရပါလိမ့်မည်။ တရားအားထုတ်ဟူရာ၌လည်း သဒ္ဓါတရားရှိမှသာ အားထုတ်နိုင်၏၊ မည်မျှပင် သောတာပန်အင်္ဂါများစွာ ဟောကြားသော်လည်း သိမ်းကျုံးယူလိုက်သောအခါ သဒ္ဓါ, သီလ, သုတ, စာဂ, ဟိရီ, ဩတ္တပ္ပ, ပညာတည်းဟူသော သူတော်ဥစ္စာ ခုနစ်ဖြာ၌ အကျုံးဝင်သက်ဆိုင်လသည်။ သို့ဖြစ်၍ သောတာပန်အရိယာဖြင်လိုသော ပုဂ္ဂိုလ်တို့သည် ဤပြဆိုခဲ့သော တရားခုနစ်ပါးနှင့် ပြည့်စုံအောင် ကြိုးစားအားထုတ်ရာ၏။

သဒ္ဓါတရားအရေးကြီးပုံ

"သဒ္ဓါနဲ့လျှင် ဥစ္စာမဲ့သည်"ဟူသော စကားသည် မှန်၏။သောတာပန်အရိယာမဖြစ်သေးသော ပုထုဇဉ်တို့သည် စေတနာသဒ္ဓါတရားအလျောက် ဆင်းရဲခြင်း, ချမ်းသာခြင်း, ရှုပ်ဆိုးခြင်း, ရှုပ်လှခြင်း, ကံကောင်းခြင်း, ကံဆိုးခြင်း စသည်တို့သည် ထင်ရှားဖြစ်လာကုန်၏။ မြေကောင်း ရေကောင်းရှိလျှင် အသီးကောင်းသီးသည်, စားရသည် ဟူသကဲ့သို့ အကြောင်းသဒ္ဓါတရားကောင်းလျှင် စိတ်ချမ်းသာ ကိုယ်ချမ်းသာနှင့် ပြည့်စုံခြင်း, ကံကောင်းခြင်းစသော အကျိုးတရားတို့သည် လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားစွာ ခံစားရကုန်၏။

သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ=သတ္တဝါ အားလုံးတို့သည် အာဟာရဟူသောတည်ရာ ရှိကြကုန်၏ဟူသကဲ့သို့ သဒ္ဓါတရားသည်လည်း သတ္တဝါအားလုံးတို့၏ ပစ္စုပ္ပန်သံသရာ နှစ်ဖြာချမ်းသာဘို့ရာ တည်ရာမှီရာ ဖြစ်၏။ ထို့ကြောင့် လူဟူ၍ ဖြစ်လာကြသော သင်္ဃသားတို့သည် သဒ္ဓါတရားတည်းဟူသော ပန်းကိုပန်ဆင်ကြကုန်လျက် သီလတည်းဟူသော အဝတ်ကိုဝတ်ဆင်ကာ ဟိရိဩတ္တပ္ပတည်းဟူသော နှံ့သာကို လိမ်းကျံပြီးလျှင် သုတ စာဂတည်းဟူသော မျက်စိနှစ်ကွင်း ပွင့်ပွင့်လင်းလင်း ဖွင့်လျက် ပညာတည်းဟူသော သန်လျက်ဖြင့် အဟိရိက, အနောတ္တပ္ပစသော ရန်သူတို့ကိုခုတ်သတ်၍ သောတာပန် အရိယာဖြစ်အောင် ကြိုးစားအားထုတ်ကြကုန်ရာ၏။ သောတာပန်အရိယာဖြစ်ပြီးသော ပုဂ္ဂိုလ်များသည် သဒ္ဓါပညာတို့နှင့် ပြည့်စုံသည်အားလျော်စွာ မက္ခ, ပဠာသ, ဣဿာ, မစ္ဆရိယ, မာယာ, သာဌေယျ ဟူသော တရားများကို ပယ်အပ်ပြီးဖြစ်လေ၏။

ထိုတွင် မက္ခဟူသည်—ကျေးဇူးပြုဘူးသောသူအား ကျေးဇူးကန်းလျက် ပြောဆိုခြင်း, သူပြုဘူးသောကျေးဇူးကို ဖျောက်ဖျက်ခြင်း, ချေဖျက်ခြင်း, ကျေးဇူးရှင်ကို ကျေးစွပ်ခြင်းတည်း။

ပဠာသဟူသည်—သဒ္ဓါ သီလ သုတ စသော ဂုဏ်တို့ဖြင့် မိမိထက် သာလွန်ထူးမြတ်သောပုဂ္ဂိုလ်ကို တွေ့ရှိလျှင် မိမိထက် သာလွန်ထူးမြတ်မှန်း သိပါလျက် ထိုသူ၏ဂုဏ်ကို သိမ်ဖျင်းသေးနုပ်သွားအောင် မိမိနှင့် တန်းတူထား၍ ဘက်ပြိုင်ပြောဆိုလိုသော သဘောဖြစ်သော ဒေါသမူစိတ္တုပ္ပါဒ်ဖြစ်၏။

ဣဿာဟူသည်—သူတပါး၏ ကြီးပွါးချမ်းသာမှုကို မနာလို ငြူစူ စောင်းမြောင်းမှု ဖြစ်၏။

မစ္ဆရိယဟူသည်—နှမြောဝန်တိုမှု သဘောတည်း။

မာယာဟူသည်—လှည့်ပတ်ဖြားယောင်းမှု သဘောဖြစ်၏။ (တနည်း) မိမိ၏မကောင်းမှုကို ဖုံးလွှမ်းလှည့်ပတ်၍ အကောင်းကဲ့သို့ ဟန်ဆောင်မှုသဘောသည် မာယာမည်၏။

သာဒ္ဓေယျဟူသည်—ကောက်ကျစ်စဉ်းလဲမှု သဘောဖြစ်၏။ မိမိ၌ ထင်ရှားမရှိသောဂုဏ်ကို ဝါကြွား ပလ္လားလိုသောအားဖြင့် ဖော်ပြခြင်းသည် (ဝါ) မကောင်းသော စိတ်ဖြင့် အတ္တုက္ကံသနပြုလုပ်ခြင်းသည် သာဒ္ဓေယျ မည်၏။ ထိုသာဒ္ဓေယျကို အာယတနမစ္ဆမည်သော ငါးမြွှန့်တူသည်ဟု အဋ္ဌကထာတို့၌ ဖွင့်ပြ၏။ ထိုငါးမြွှသည် အမြီးမှာ ငါးနှင့်တူသည်ဖြစ်၍ ငါးနှင့်တွေ့လျှင် အမြီးကိုပြ၍ ပေါင်းသင်း ဆက်ဆံစားသောက်၏၊ ဦးခေါင်းမှာ မြွှန့်တူသည်ဖြစ်၍ မြွှန့်တွေ့လျှင် ဦးခေါင်းကိုပြ၍ ပေါင်းသင်း ဆက်ဆံစားသောက်သည်။

ဣဿာ မစ္ဆရိယ အကျယ်ကို ပြဦးအံ့

ဣဿတီတိ ဣဿာ=သူတပါးတို့၏ စည်းစိမ်ကို မနာလို မကြည်ဖြူငြူစူခြင်း သဘောသည် ဣဿာ မည်၏။

သာ ပရသမ္ပတ္တိနံ ဥသ္သူယနလက္ခဏာ = သူတပါးရပြီး ရလတ္တံ့ ဖြစ်သော စည်းစိမ်ဥစ္စာတို့၌ မြင်ရ ကြားရလျှင် မမြင်လို မကြားလို သဖြင့် မနာလို မကြည်ဖြူ ငြူစူခြင်း သဘောလက္ခဏာ ရှိ၏။

တတ္ထဝ အနဘိရတိ ရသာ=သူတပါးတို့၏ စည်းစိမ်ဥစ္စာ၌ ရရှိသည်ကို မြင်သော်၎င်း၊ ကြားသော်၎င်း ဝမ်းမမြောက်နိုင်ခြင်း မခံမရပ်နိုင်ခြင်း ရသရှိ၏။

တတော ဝိမုခဘာဝပစ္စုပဋ္ဌာနာ=သူတပါးတို့၏ စည်းစိမ်မှ မျက်နှာလွှဲတတ်သော တရားဟူ၍ ယောဂီပုဂ္ဂိုလ်၏ဉာဏ်ဝယ် ထင်သောအခြင်းအရာ ပစ္စုပဋ္ဌာန် ရှိ၏။ ဣဿာ လွှမ်းမိုးခံနေရသောသူသည် သူတပါးတို့ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံသည်ကို မြင်ရ ကြားရလျှင် ဝမ်းမြောက်စွာ မရှိပဲ မျက်နှာလွှဲ၍သာ နေတတ်၏။

ပရသမ္ပတ္တိပဒဋ္ဌာနာ = ဣဿာ သဘောတရားသည် သူတပါး စည်းစိမ်လျှင် နီးစွာသော အကြောင်းရင်း ပဒဋ္ဌာန် ရှိ၏။

သူတပါးစည်းစိမ်ကို မြင်ရ ကြားရမှ ဣဿာ ဖြစ်သည်။ မမြင်ရ မကြားရလျှင် ဣဿာ မဖြစ်။ သို့ရကား သူတပါး စည်းစိမ်သည် ဣဿာ တရားဆိုး ဖြစ်ပွါးဘို့ရန် အနီးကပ်ဆုံး အကြောင်းဖြစ်သည် ဟူ၏။ ။(အဋ္ဌသာလိနီ အဋ္ဌကထာ-၂၉၉)

ဤ ဣဿာတရား၏ မနာလို မကြည်ဖြူ ငြူစူခြင်း သဘော လက္ခဏာကို လူရဟန်းနှစ်မျိုးတို့ဖြင့်ပင် ပြဆိုအပ်၏။

ခဲ့ဦးအံ့–အခြို့သော လူသည် လယ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း စသည်တို့တွင် တပါးပါးသော အသက်မွေးမှုဖြင့် မိမိယောကျ်ားတို့ လုပ်ရည်အစွမ်းသတ္တိကိုမှီ၍ လှည်း, ရထား, မော်တော်ကား, ဆင်, မြင်း, ကျဲ, နွား, စိန်, ရွှေ, ပတ္တမြား

စသော သက်ရှိသက်မဲ့ ပစ္စည်းတို့ကို ရရှိတတ်၏။ ထို သူ၏ ယခုလိုလာဘ်ရခြင်းကို မနာလို မရှုစိမ့်သော ဣဿာစိတ်ရှိသော လူတယောက်သည် ထိုသူလာဘ်ရခြင်း အတွက် ဘယ်နည်းနှင့်မျှ မနှစ်သက်နိုင်သည့်ပြင် "ဤသူသည် ဘယ်သော အခါ၌ ဤစည်းစိမ် ချမ်းသာမှ ဆုတ်ယုတ်လျော့ကျ၍ အထီးကျန် ဆင်းရဲသား တယောက်ဖြစ်ကာ မချမ်းမသာ လှည့်လည် သွားလာရပါလိမ့်မည်နည်း" ဟု ထိုသူ၏ ပျက်စီးခြင်းကိုသာ အမြဲကြံစည်၍နေ၏။ တခုခုသော အကြောင်း ကြောင့် ထို စည်းစိမ်ရှင်သည် ထို ရရှိအပ်ပြီးသော စည်းစိမ်ချမ်းသာမှ လျော့ကျ ဆုတ်ယုတ်လျှင် ဣဿာ စိတ်ရှိသူသည် လွန်စွာ အားရနှစ်သက်တတ်၏။

အချို့သော ဣဿာရှိသော ရဟန်းသည်လည်း အခြား ရဟန်းတော်တပါး မိမိ အကြားအမြင် ဗဟုဿုတနှင့် ပြည့်စုံခြင်း, ကျမ်းဂန်စာပေ သင်ကြား ပို့ချ ခြင်း အစရှိသည်တို့ကို အမှီပြုကာ လာဘ်ပူဇော်သက္ကာရနှင့် ပြည့်စုံနေသည်ကို မြင်ရလျှင် "ဤ ရဟန်းသည် ဘယ်သောအခါ၌ ဤ လာဘ်ပူဇော်သက္ကာရ စသည်မှ ဆုတ်ယုတ်လျော့ကျပါလိမ့်မည်နည်း" ဟု ကြံစည်အောက်မေ့၍နေစဉ် တခုခုသော အကြောင်းကြောင့် လာဘ်များ ဆုတ်ယုတ်သည်ကို မြင်ရကြားရ သောအခါ ဣဿာ လွှမ်းမိုး ထို ရဟန်းဆိုးသည် ဝမ်းမြောက် ဝမ်းသာ ဖြစ်လေ တော့၏။ ဤသို့လျှင် ဣဿာ သဘောတရားသည် သူတပါးတို့၏ စည်းစိမ်တို့၌ မနာလို မကြည်ဖြူ ငြူစူစောင်းမြောင်းခြင်း ရှုတ်ချခြင်း လက္ခဏာ ရှိ၏။ (အဋ္ဌ-သာလိနီ အဋ္ဌကထာ ၄၀၅)

မစ္ဆရိယအဓိပ္ပါယ်

မစ္ဆေရဘာဝေါ မစ္ဆရိယံ=မိမိစည်းစိမ်ကို ဝန်တိုစေးနဲ့ နှမြောခြင်းသဘော သည် မစ္ဆရိယ မည်၏။ ထို မစ္ဆရိယသည်—

"တံ လဒ္ဓါနံ ဝါ လဘိတဗ္ဗာနံ ဝါ အတ္တနော သမ္ပတ္တိနံ နိဂူဟန-လက္ခဏံ"

ဟူသော ပါဠိအရ ရပြီး ရလတ္တံ့ ဖြစ်သည့် မိမိစည်းစိမ်များကို သူတပါးတို့အား အသိမပေးလို ဝန်တိုလျှိုဝှက်ခြင်းသဘောလက္ခဏာ ရှိ၏။

"တာသံ ယေဝ ပရေဟိ သာဓာရဏဘာဝအကွမနရသံ"

ဟူသော ပါဠိအရ ထို မိမိစည်းစိမ်များ သူတပါးတို့နှင့် ဆက်ဆံမည်ကို သည်းမခံ နိုင်ခြင်း (ဝါ) မိမိစည်းစိမ်များကို သူတပါးတို့အား ခွဲခြမ်းဝေပေးရမည်ဆိုလျှင် မခံမရပ်နိုင်ခြင်း ရသရှိ၏။

"သကော်စနပစ္စုပဋ္ဌာနံ၊ ကဋုကဋ္ဌုကတာ ပစ္စုပဋ္ဌာနာ ဝါ"

ဟူသော ပါဠိအရ မပေးရက်လို တွန့်တိုခြင်း ပစ္စုပဋ္ဌာန် ရှိ၏။ (ဝါ) မနေသာ၍

ပေးပြန်သော်လည်း ယောက်မဖျား ဇနီးဖျားဖြင့် ကော်သွန်၍ ပေးကမ်း လှူဒါန်းခြင်း ပစ္စုပဋ္ဌာန် ရှိ၏။

အတ္တာသမွတ္တိပဒဋ္ဌာနံ။

ဟူသော ပါဠိအရ မိမိစည်းစိမ်လျှင် နီးစွာသော အကြောင်း ပဒဋ္ဌာန်ရှိ၏။ (အဘိ၊ ဋ္ဌ၊ ၁။ ၂၉၉။)

မစ္ဆရိယငါးမျိုး

ထိုမစ္ဆရိယသည် ၁-အာဝါသမစ္ဆရိယ။ ၂-ကုလမစ္ဆရိယ။ ၃-လာဘ မစ္ဆရိယ။ ၄-ဝဏ္ဏမစ္ဆရိယ။ ၅-ဓမ္မမစ္ဆရိယဟူ၍ ငါးမျိုးရှိ၏။ထိုငါးမျိုးတို့တွင်—

၁။ ကျောင်းတိုက်တခုလုံးကိုဌင်း ပရဝုဏ်တခုလုံးကိုဌင်း တိုက်ခန်း တခုလုံးကိုဌင်း နေ့နေရာ ည၌နေရာ စသည်တို့ကိုဌင်း အာဝါသဟူ၍ ခေါ်၏။ ထိုအာဝါသတို့၌ နေထိုင်သူတို့သည် ချမ်းချမ်းသာသာ နေထိုင်ကြရ၍ ပစ္စည်း လေးပါးကိုလည်း ရရှိကုန်၏။ မစ္ဆရိယစိတ်ရှိသော ရဟန်းသည် ဝတ်ကြီးဝတ်ငယ်နှင့်ပြည့်စုံသည့် သီလဝန္တ အခြားရဟန်းတပါး ထိုအာဝါသ၌ လာရောက် နေထိုင်သည်ကို အလိုမရှိနိုင်၊ လာရောက်နေထိုင်လျှင်လည်း မြန်မြန် ထွက်သွားပါစေဟု ကြံစည် တောင့်တတတ်၏။ ဤသို့ ဝန်တိုနှမြောခြင်းသည် "အာဝါသမစ္ဆရိယ"မည်၏။

အထူးကား ရန်ဖြစ်၍ နှင်ထုတ်ခြင်း ဒေါသအမျက် ချောင်းချောင်း ထွက် လျက်ငြင်း ခုံမှုပြုလုပ်သည့်အတွက် ကျောင်းတိုက်မှ နှင်ထုတ်ခြင်းတို့ကို ပြုလုပ် သော ရဟန်းအား အာဝါသမစ္ဆရိယမဖြစ်ပေ၊ အလင်္ကီ ဒုဿီလ ပါပဘိက္ခု သာသနာ့ ကစဝရရဟန်း၏ ဝင်ထွက်နေထိုင်မှုကို မလိုလားသော ရဟန်းအား လည်း အာဝါသမစ္ဆရိယ မဖြစ်နိုင်။

၂။ မိမိ၏ အလုပ်အကျေး ဒါယကာ, ဒါယိကာမ, ဆွေမျိုးများကို ကုလ ဟူ၍ ခေါ်၏။ ထိုမိမိ၏ အလုပ်အကျေး စသည်တို့ထံ၌ သီလ ရှိသော သူတော် ကောင်း ရဟန်းများ ဝင်ထွက်ဆက်ဆံမှုကို အလိုမရှိခြင်းသည် "ကုလမစ္ဆရိယ" ဖြစ်၏။

အထူးကား မိမိ၏ ဆွေမျိုး ပစ္စည်းလေးပါး ဒါယကာ ဒါယိကာမ စသည် တို့၏ ကြည်ညိုမှု ပသာဒတရားကို ပျက်ပြားအောင် ပြုမှု ကျင့်ကြံ တတ်သော အလင်္ကီ ဒုဿီလရဟန်း၏ ဝင်ထွက်သွားလာမှုကို အလိုမရှိမှုသည်ကား မစ္ဆရိယ မဖြစ်ချေ။

၃။ ကျောင်း, သင်္ကန်း, ဆွမ်း, ဆေး လေးပါးသော ပစ္စည်းနှင့် ရဟန်း တို့အား လျော်ပတ်သော ထီး ဘိနပ်စသော ပစ္စည်းများကို လာဘ်လာဘဟု

ခေါ်၏။ ထိုပစ္စည်းများကို အခြား သီလဝန္တသိက္ခာကာမ ရဟန်းတပါး ရရှိသည်ကို မရဘို့ရန် ကြံစည်သော ရဟန်းအား "လာဘမစ္ဆရိယ"ဖြစ်၏။

အထူးကား ဒါယကာ ဒါယိကာမများ သဒ္ဓါတရားဖြင့် လှူဒါန်း အပ်သော ပစ္စည်းများကို အလဲသုံးစားပြုလုပ်တတ်သောရဟန်း, လုံးဝမသုံးစွဲခြင်း မကောင်းသဖြင့် သုံးစွဲခြင်းတို့ဖြင့် ဒါယကာ ဒါယိကာမတို့ သဒ္ဓါဒေယျ ပစ္စည်း များကို ဖျက်ဆီးတတ်သော ရဟန်း, ပုပ်သိုးသည် မှိုတက်သည် တိုင်အောင် သူတပါး အား မပေးရက် ကိုယ်တိုင်လည်း မသုံးစွဲရက်သော ရဟန်းများရှိ၏။

ထိုရဟန်းမျိုးကို မြင်၍ ပစ္စည်းများကို အလဇီ ဒုဿီလရဟန်းမရရှိပဲ လဇီ သူမဲ့န် သီလဝန္တရဟန်းတပါး ရရှိခဲ့သော် ကောင်းလေစွဟု ကြံစည် တွေး တော၍ နေသော ရဟန်းအား လာဘမစ္ဆရိယမဖြစ်နိုင်။

၄။ ကိုယ်ရေအဆင်းနှင့် ဂုဏ်ကျေးဇူးကို ဝဏ္ဏ ဟူ၍ ခေါ်၏။ သူတပါး ရုပ် အဆင်းနှင့် သီလဓုတင် ဂုဏ်သတင်းကို မနာလိုဝန်တိုခြင်းသည် "ဝဏ္ဏ မစ္ဆရိယ" မည်၏။ ထိုဝဏ္ဏ မစ္ဆရိယ ရှိသောသူသည် အခြားသူတယောက် နှစ်သက်မြတ်နိုး ဘုယ်ရာ ရုပ်ရည်အဆင်း လှပခြင်းရှိ၏ဟု ပြောဆိုအပ်လျှင် ထိုအကြောင်း ကို ပြောဆိုခြင်းငှါ အလိုမရှိချေ။ မိမိသာလျှင် လှပတင့်တယ်လို၏။ ဂုဏ်ကို ဝန် တိုသော ပုဂ္ဂိုလ်သည် သူတပါး၏ သီလဂုဏ် ဓုတင်ဂုဏ် ပဋိပတ် ဘာဝနာဂုဏ် များကို လုံးဝ မပြောလိုဘဲ ရှိ၏။ သူတပါး ချီးမွမ်းပြောဆိုသည်ကိုလည်း မနှစ်သက်နိုင်။

၅။ ဓမ္မသည် ပရိယတ္တိဓမ္မ ပဋိဝေဓဓမ္မဟူ၍ နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတို့တွင် ပဋိဝေဓ ဓမ္မသည် အရိယာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သည်အား လျော်စွာ အရိယာ ပုဂ္ဂိုလ်တို့သည် မိမိတို့ ရရှိအပ်သော ပဋိဝေဓ တရားများကို လူ နတ် ဗြဟ္မာ သတ္တဝါအများ ရကြသိကြဘို့ရန် အလိုရှိကြကုန်၏။ မိမိတို့ သိရှိအပ်သော ပဋိ ဝေဓ (မဂ်ဖိုလ်နိဗ္ဗာန်) တရားထူးကို အခြားသတ္တဝါများ သိကြပါစေ ဟူသော အလိုဆန္ဒအမြဲရှိကုန်၏။

ပရိယတ္တိတရားဌဿာလျှင် ဓမ္မမစ္ဆရိယမည်သည် ဖြစ်နိုင်၏။ ထိုဓမ္မမစ္ဆရိယ ရှိသော ပုဂ္ဂိုလ်သည် မိမိတတ်သိသော လျှို့ဝှက်ခက်ခဲသည့် ပါဠိ အဋ္ဌကထာ ကို သူတပါးမသိစေလို မိမိသာသိလို၏။

အထူးကား စိတ်သဘောထား မဖြောင့်မတ်သော ပုဂ္ဂိုလ်, သင်ယူပြီးလျှင် ပါဠိ, အဋ္ဌကထာ နည်းနာနယများကို နည်းယူပြီးကာ (အကျင့်အသိကြောင့် မဟုတ်ပဲ) အရိယာဖြစ်ပြီ စသည်ဖြင့် ပြောဆိုပြုလုပ်မည်ဟု ယူဆရသောပုဂ္ဂိုလ် များကို သင်မပေးလျှင် ဓမ္မမစ္ဆရိယမဖြစ်ချေ။

ထိုစကားရပ်၌ ပရိယတ္တိဓမ္မကို သင်ယူမည့်ပုဂ္ဂိုလ်သည် လျှပ်ပေါ်လော်လီ မတည်ကြည်သည်ဖြစ်၍ ရံခါ ရဟန်း, ရံခါ ပုဏ္ဏား, ရံခါ တက္ကတ္ထန်း စသည် ဖြစ်ရကား အလွန်သိမ်မွေ့နူးညံ့သောတရားနှင့် မထိုက်တန်သောကြောင့် တရား တော်ကို ချီးမြှောက်သောအားဖြင့် မသင်ပေးသောရဟန်းသည်၎င်း, ဤသိမ် မွေ့နူးညံ့သော တရားကို သင်ယူပြီးသည်ရှိသော် မိမိကိုယ်ကို ရဟန္တာ မဟုတ်ပဲ ရဟန္တာအနေ ရှင်လူတို့အား ပြောကြား၍ ပျက်စီးသွားပေလိမ့်မည်ဟု ဆင်ခြင် စဉ်းစားပြီ လျှင် ပုဂ္ဂိုလ်ကို သနားချီးမြှောက်သောအားဖြင့် မသင်ပေးသော ရဟန်းသည်၎င်း ဓမ္မမစ္ဆရိယ မဖြစ်ပေ။

ဤပရိယတ္တိ, ပဋိပတ္တိဒေသနာများကို သင်ပေးလျှင် ငါတို့၏အယူဝါဒကို ဖျက်ဆီးနိုင်သူဖြစ်ပေလိမ့်မည်, ငါတို့ဆက် သာလွန်သူဖြစ်ပေလိမ့်မည်စသည်ဖြင့် အမျိုးမျိုးတွေးတောကာ မိမိတတ်သိသည့် လျှို့ဝှက်ခက်ခဲသော ပရိယတ္တိဓမ္မ, ပဋိပတ္တိဓမ္မကို သူတပါးအား သင်မ့ပေးသောရဟန်းအားသာလျှင် "ဓမ္မမစ္ဆရိယ" ဖြစ်၏။

မစ္ဆရိယငါးမျိုး အပြစ်များ

မစ္ဆရိယငါးမျိုးတို့တွင်—

၁။ အာဝါသမစ္ဆရိယကြောင့် ဘိလူး သို့မဟုတ် ပြိတ္တာဖြစ်၍ မိမိ ဝန်တို ခဲ့သော ကျောင်းတိုက်အာဝါသ၏ အမှိုက် အညစ်အကြေးတို့ကို ဦးခေါင်းဖြင့် ချီရွက်၍ လှည့်လည်ကာ နေရတတ်၏။ (တနည်း) သံပူငရဲ၌ ကျက်ရတတ်၏။

၂။ ကုလမစ္ဆရိယကြောင့် မိမိ၏ ဆွေမျိုး ဒါယကာ, ဒါယိကာမများ ပစ္စည်းလေးပါးဒါယကာ, ဒါယိကာမများ အိမ်၌ အခြားသော ရဟန်းတို့အား အလှူပေးခြင်း, မြတ်နိုးပူဇော်ခြင်း စသည်တို့ကို ပြုလုပ်သည်တို့ကို မြင်ရသော အခါ ဤဒါယကာ ဒါယိကာမများသည် ငါနှင့် စိတ်ဝမ်းကွဲပြားခဲ့လေပြီဟု ကြံစည်ပူပန်သော ရဟန်းအား သွေးသောက်လည်း အန်တတ်၏။ သွေးဝမ်း သွားခြင်းသည်မူလည်း ဖြစ်တတ်၏၊ အူသိမ် အူမတို့သည်မူလည်း အပိုင်းပိုင်းပြတ်၍ ထွက်ကုန်၏။ (တနည်း) ဤ ကုလမစ္ဆရိယကြောင့် လာဘ်သပ်ပကာရမူ နည်း ပါးကုန်၏။

၃။ လာဘမစ္ဆရိယကြောင့် သံဃာ၏လာဘ်၌ဖြစ်စေ, ဂိုဏ်း၏လာဘ်၌ ဖြစ်စေ နှမြောဝန်တိုပြီးလျှင် ကိုယ်ပိုင်ပုဂ္ဂလိက အသုံးအဆောင်ကဲ့သို့ အောက် မေ့ကာ သုံးဆောင်ခြင်းကြောင့် သေပြီးသည့်နောက် ဘိလူးသော်၎င်း, ပြိတ္တာ သော်၎င်း, စပါးကြီးမြွေသော်၎င်း ဖြစ်ရတတ်၏။ (တနည်း) ဘင်ပုပ်ငရဲ (၀၊) မစင်ငရဲ၌ ဖြစ်ရတတ်၏။

၄။ ဝဏ္ဏမစ္ဆရိယကြောင့် တမလွန်ဘဝတိုင်းဌ် အဆင်းမလှသူ (ဝါ) အရုပ်ဆိုး အကြည့်တန်သူ ဖြစ်ရတတ်၏။

၅။ ဓမ္မမစ္ဆရိယကြောင့် သံသရာ ဘဝဆက်တိုင်းဌ် ရုပ်ရည် အဆင်းလှပခြင်း မရှိသူဖြစ်ရ၍ ပြာပူငရဲဌ် ခံရတတ်၏။ သုတ်မဟာဝါ အဋ္ဌကထာ ၃၁။ အဋ္ဌသာလိနီ အဋ္ဌကထာ ၄၀၅။ မဟာနိဒ္ဒေသ အဋ္ဌကထာ ၉၆။

ဣဿာနှင့်မစ္ဆရိယခြားနားပုံ။ ။ဣဿာသည် သူတပါးစည်းစိမ်ကို အာရုံပြု၍ ဖြစ်၏၊ မစ္ဆရိယသည် မိမိစည်းစိမ်ကို အာရုံပြု၍ဖြစ်၏။

ဤသို့ အာရုံကဲ့ပြားကြသောကြောင့် ထိုဣဿာနှင့် မစ္ဆရိယတို့သည် တပေါင်းတည်း မဖြစ်နိုင်ကြကုန်။ လောကဌ် တဦးနှင့်တဦး ရန်ငြိုးဖွဲ့ခြင်း ရန်မူခြင်းများသည် ဤဣဿာ, မစ္ဆရိယသံယောဇဉ် နှစ်မျိုးကြောင့် ဖြစ်ရ၏။ ဤဣဿာ, မစ္ဆရိယ သံယောဇဉ်နှစ်ပါးကို သောတာပတ္တိမဂ်ဖြင့်သာ အကြွင်းမဲ့ ပယ်သတ်နိုင်၏။ သို့ရကား သေးတာပတ္တိမဂ်ဖြင့် ဣဿာ, မစ္ဆရိယတရားနှစ်ပါးကို မပယ်သတ်ရသေးသမျှ ကာလပတ်လုံး နတ်လူတို့သည် ရန်ငြိုးကင်းခြင်း စသည်တို့ကို တောင့်တကြကုန်သော်လည်း ရန်ငြိုးဖွဲ့ခြင်း စသည်တို့မှ မလွတ်မြောက်နိုင်ကြပဲ ဆင်းရဲပင်ပန်းစွာသာ နေကြရကုန်၏။

မစ္ဆရိယငါးမျိုးအပြစ် ပြီး၏။

နတ်ပြည် တရားပွဲများ

နတ်ပြည်, ဗြဟ္မာပြည်တို့ဌ် ရှင်တော်ဘုရား၏ တပည့် သာဝကတို့သည် အလွန်ပင် များပြားလေသည်။ မြတ်စွာဘုရားရှင် ထင်ရှားရှိတော်မူစဉ်အခါဌ် ရှင်တော်ဘုရားသည် နတ်ပြည်, ဗြဟ္မာပြည်များသို့ ကိုယ်တော်တိုင် ကြွမြန်းတော်မူ၍ တရားဓမ္မများကို ဟောကြား ဆုံးမတော်မူလေ၏။ မထေရ်တို့တွင် အရှင်မဟာမောဂ္ဂလ္လာန်မထေရ်သည် နတ်ပြည် ဗြဟ္မာပြည်တို့ဌ် ထင်ရှားလှသော ဓမ္မကထိကရဟန္တာဖြစ်သည်အားလျော်စွာ နတ်ဗြဟ္မာတို့သည် တန်းခိုးဣဒ္ဓိပါဒ်ကို အလေးပြုခြင်း များကြကုန်၏။

အရှင် မဟာမောဂ္ဂလ္လာန်မထေရ်သည် တန်းခိုးအရာတွင် တေဒဂ်ရရှိတော်မူသောကြောင့် နတ်ဗြဟ္မာတို့၏ စိတ်ဆန္ဒနှင့် ညီညွတ်လှ၏။ ကျော်စောသော တန်းခိုးဣဒ္ဓိပါဒ် ဂုဏ်သတင်းသည်လည်း နတ်ပြည် ဗြဟ္မာပြည်တို့ဌ် ထင်ရှားလေသည်။ အရှင်သာရိပုတ္တရာ စသော မထေရ်တို့သည်ကား လူ့ပြည်ဌ် ဓမ္မကထိကအဖြစ်ဖြင့် ထင်ရှားလေ၏။ များစွာသောသုတ်တို့ဌ် မြတ်စွာဘုရားသည် တာ-

ဝတိ သာ နတ်ပြည်တို့၌ ဒေသစာရီ ကြွချိုတော်မူ၍ တရားဟောတော်မူသည့် အတွက် နတ်အပေါင်းတို့သည် ရတနာမြတ်သုံးပါး၌ မတုန်မလှုပ် သက်ဝင် ယုံကြည်ခြင်း, အရိယာတို့ နှစ်သက်အပ်သော အရိယကန္တသီလနှင့် ပြည့်စုံခြင်း တို့ကြောင့် အချို့သောနတ်တို့သည် သောတာပန် ဖြစ်ကြလေကုန်၏။

နတ်ငြဟ္မာတို့သည် မိမိတို့ ဘုံဗိမာန်သို့ မြတ်စွာဘုရား ကြွတော်မူလာ၍ တရားဟောတော်မူမှသာ တရားနာရခြင်း, ဟရားထူးရခြင်း မဟုတ်ကုန်၊ လူ့ ပြည်သို့လ ရောက်၍ တရားနာခြင်း, တရားထူ ရခြင်းတို့သည်လည်း ဖြစ်ကုန်၏။ ဓမ္မစက္ကပဝတ္တနသုတ်, မဟာသမယသုတ် စသည်တို့ကို ဟောတော်မူရာအခါတို့၌ နတ်ငြဟ္မာတို့သည် ထင်ရှား မျှားပြားကုန်၏။

အခါတပါး အရှင်မဟာမောဂ္ဂလ္လာန်သည် တာဝတိ သာနတ်တို့၏ အလယ်၌ ကိုယ်ထင်ရှား ပေါ်လေ၏။ ထိုအခါ နတ်အပေါင်းတို့ကို အစိုးရသော သိကြား မင်းသည် ငါးရာသောနတ်တို့နှင့်တကွ အရှင်မဟာမောဂ္ဂလ္လာန်မထေရ်သို့ ချဉ်း ကပ်ပြီးလျှင် ရိုသေစွာရှိခိုးကာ သင့်လျော်ရာအရပ်၌ ရပ်တည်လေ၏။ ထိုအခါ အရှင်မဟာမောဂ္ဂလ္လာန်မထေရ်သည် ဤစကားကို မိန့်ကြားတော်မူလေသည်။

အို....သိကြားမင်း-ရတနာမြတ်သုံးပါးကို ဆည်းကပ် ကိုးကွယ်ခြင်းသည် ကောင်း၏၊ အို သိကြားမင်း ရတနာမြတ်သုံးပါးကို ဆည်းကပ်ကိုးကွယ်ခြင်း ကြောင့် ဤလောက၌ အချို့သော သတ္တဝါတို့သည် မိမိတို့ဖြစ်ရာဘဝမှ စုတေ သေလွန်ကြသည်ရှိသော် နတ်ပြည်သုဂတိ၌ ဖြစ်ကြလေကုန်၏။ ထိုနတ်တို့သည် တပါးသော နတ်တို့ကို ဆယ်ပါးသောအကြောင်းအရာတို့ဖြင့် သာလွန်လွှမ်းမိုး ကြလေကုန်၏။ ယင်းဆယ်ပါးသောအကြောင်းတို့ကား—(၁) နတ်သက်တမ်း ဖြင့်ရင်း, (၂) နတ်အဆင်းဖြင့်ရင်း, (၃) နတ်ချမ်းသာဖြင့်ရင်း, (၄) နတ် အခြံအရံဖြင့်ရင်း, (၅) နတ်ပြည်၌ဖြစ်သော အစိုးရခြင်းဖြင့်ရင်း, (၆) နတ်ပြည်၌ဖြစ်သော အဆင်းရုပါရုံဖြင့်ရင်း, (၇) အသံသဒ္ဒါရုံဖြင့်ရင်း, (၈) အမွှေးအနံ့ ဂန္ဓာရုံဖြင့်ရင်း, (၉) ကောင်းသော အရသာ ရသာရုံဖြင့် ရင်း, (၁၀) အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံဖြင့်ရင်း သာလွန်လွှမ်းမိုးကြလေ၏။

သဋ္ဌာယတနဝဂ္ဂမောဂ္ဂလ္လာနသံယုတ်ပါဠိတော်၌ပင်လျှင် ဤတာဝတိ သာသို့ ကြွတော်မူသကဲ့သို့ အထက်နတ်ပြည် စာတုမဟာရာဇ်ဘုံ, ယာမာဘုံ, တုသိတာဘုံ, နိမ္မာနရတိဘုံ, ပရနိမ္မိတဝသဝတ္တီဘုံမျှားတို့သို့လည်း ဒေသစာရီ ကြွချိုတော်မူသဖြင့် ထိုထိုဘုံ၌ရှိသော နတ်မင်းကြီးမျှားနှင့် နတ်ပရိသတ်မျှား စွာတို့ ဆည်းကပ်လာကြသည့်အတွက် တရားဒေသနာမျှားကို ဟောကြားရ လေသည်။ ထို့ကြောင့် နတ်ပြည်ခြောက်ထပ်တို့၌ မြတ်စွာဘုရား၏တပည့်သာဝက ဖြစ်သော နတ်သား နတ်သမီးတို့သည် မျှားပြားပြည့်နှက်စွာ ရှိကြကုန်၏။

အရှင်မဟာမောဂ္ဂလ္လာန်မထေရ်သည် နတ်ပရိသတ်တို့အား တရားဟောခြင်း ကိစ္စဖြင့် မကြာမကြာ ကြွတော်မူလေသည်။

(တနည်း) သောတာပန်အင်္ဂါ (၄) ပါး

ပုန စ ပရံ ဘိက္ခဝေ အရိယသာဝကော ဗုဒ္ဓေ၊ ဓမ္မေ၊ သံဃေ၊ ပညဝါ ဟောတိ၊ ဥဒယတ္ထဂါမိနိယာ ပညာယ သမန္နာဂတော အရိယာယ နိဗ္ဗေဓိကာယ သမ္မာ ဒုက္ခက္ခယဂါမိနိယာ။

၁။ မြတ်စွာဘုရား၌ ကြည်ညိုခြင်း,
၂။ တရားတော်၌ ကြည်ညိုခြင်း,
၃။ သံဃာတော်၌ ကြည်ညိုခြင်း,
၄။ ရုပ်နာမ်ခန္ဓာတို့၏ အဖြစ်အပျက်ကို သိမြင်နိုင်သော ပညာနှင့် ပြည့်စုံခြင်း၊

ဤအင်္ဂါလေးပါးနှင့် ပြည့်စုံလျှင် သောတာပန်အရိယာဟု သိမှတ်အပ်၏။ (သောတာပတ္တိသံယုတ် နှာ-၃၅၁)။

သောတာပန်အင်္ဂါများကို ပုဂ္ဂိုလ်စရိုက်ကိုကြည့်၍ ဘုရားရှင်ဟောထား သဖြင့် နိကာယ်ငါးရပ်၌ အထပ်ထပ်ရှာဖွေရာ ဤစာအုပ်၌ပါရှိသော နည်းလမ်း ဆယ်ပါးကို တွေ့ရှိရလေသည်။

ထိုအင်္ဂါများနှင့်ပြည့်စုံအောင် သူတော်ကောင်းတို့သည် ကြိုးစားအားထုတ် ကြရာ၏။ ထိုနည်းဆယ်ပါးကို အကျဉ်းချုံးသောအခါ သဒ္ဓါတခုသာလျှင် လိုရင်းဖြစ်၏။ သံသရာကျင်လည်ရမှာကို တွေးကြောက်လျှင် သောတာပန် ဖြစ်ဘို့ ပန်းတိုင်ကို သူထက်ငါ အလျင်အမြန်ရောက်အောင် သွားကြကုန်ရာ၏။

သောတာပန္နပုဂ္ဂလကထာ ပြီး၏။

သကဒါဂါမ်ပုဂ္ဂိုလ်

သောတာပန်ပုဂ္ဂိုလ်၏ အကြောင်းအရာများကို ရေးသားပြီး၍ သကဒါဂါမ် ပုဂ္ဂိုလ်၏အကြောင်းအရာများကို ရေးသားပါအံ့—

သောတာပန်အကြောင်းအရာများ စုံလင်သည်ထက် စုံလင်အောင် ပိဋကတ် သုံးပုံ နိကာယ်ငါးရပ်တို့မှထုတ်နှုတ်၍ ရေးသားသည်အားလျော်စွာ သကဒါဂါမ် ပုဂ္ဂိုလ်၏အကြောင်းအရာများကိုလည်း ထိုနည်းတူစွာ ရေးထားသင့်ပေသည်။ သို့သော် သကဒါဂါမ်ပုဂ္ဂိုလ်ဟူသည် သောတာပန်အရိယာဖြစ်ပြီးမှ ဖြစ်ရသည့်

အတွက် သောတာပန်ပုဂ္ဂိုလ်၏သန္တာန်၌ ထူထဲနေသော တဏှာဆာဂစသည်တို့ကို ခေါင်းပါးအောင် ကျင့်ကြံကြိုးကုတ် အားထုတ်ပါမူ သကဒါဂါမ်အဆင့်အတန်းသို့ ရောက်လေတော့၏။ သို့ဖြစ်၍ သီးသန့်အင်္ဂါထုတ်နှုတ်၍ ပြစရာအထူးမရှိပါ၊ သောတာပန်ပုဂ္ဂိုလ်၏ အကြောင်းအရာမျှလောက် ကျယ်ပြန့်နိုင်ဘွယ်ရာမရှိချေ။

သကဒါဂါမ်ပုဂ္ဂိုလ်မည်ပုံ

ပဋိသန္ဓိဝသေန သကိံ အာဂစ္ဆတီတိ သကဒါဂါမီ=ပဋိသန္ဓေ၏ဒုစရိုက်းဖြင့် တကြိမ်သာ ကျိလူ့ပြည်သို့ လာရောက်တတ်သောကြောင့် "သကဒါဂါမ်ပုဂ္ဂိုလ်" ဟူ၍ ခေါ်သည်။

> ကတမော စ ပုဂ္ဂလော သကဒါဂါမီ၊ ဣမေကစ္စော ပုဂ္ဂလော တိဏ္ဏံ သံယောဇနာနံ ပရိက္ခယာ ရာဂဒေါသမောဟာနံ တနုတ္တာ သကဒါဂါမိ ဟောတိ သကိဒေဝ ဣမံ လောကံ အာဂန္ဆာ ဒုက္ခဿန္တံ ကရောတိ။ အယံ ဝုစ္စတိ ပုဂ္ဂလော သကဒါဂါမီ။ (ပုဂ္ဂလပညတ်ပါဠိတော် နှာ ၁၁၉)။

အဘယ်ပုဂ္ဂိုလ်မျိုးကို သကဒါဂါမ်ပုဂ္ဂိုလ်ဟူ၍ ခေါ်သနည်း။ ကျိလေးကဋ္ဌ အချို့သောပုဂ္ဂိုလ်သည် သက္ကာယဒိဋ္ဌိ, သီလဗ္ဗတပရာမာသ, ဝိစိကိစ္ဆာကဉ်ဟူသော သံယောဇဉ်သုံးပါးတို့၏ကုန်ခြင်း, ရာဂ ဒေါသ မောဟတို့၏ခေါင်းပါးခြင်း, တကြိမ်သာလျှင် ကျိလူ့ပြည်သို့ လာလတ်၍ ဒုက္ခ၏အဆုံးကို ပြုခြင်းတို့ကြောင့် သကဒါဂါမ်ပုဂ္ဂိုလ်ဟူ၍ ခေါ်သည်။

ကျိပုဂ္ဂလပဉ်ညတ်ပါဠိတော်၌ ရာဂ ဒေါသ မောဟတို့၏ ခေါင်းပါးခြင်းဟု ပြဆို၏။ ဓမ္မသင်္ဂဏီပါဠိတော်၌ကား ကာမရာဂဗျာပါဒါနံ တနုဘာဝါယဟု မိန့်ဆို၏တော်မူ၏။ ပုဂ္ဂလပညတ်ပါဠိတော်အဘိုင်း မောဟဆည့်သွင်း ရေတွက်၍ ယူရမည်။

ရာဂ ဒေါသ မောဟများ ခေါင်းပါးခြင်းဟူရာ၌ ရုံခါကိလေသာဖြစ်ခြင်း, ကိလေသာထိုးကျင့်ခြင်း၌ နှံ့သည်၏အဖြစ်ခံခြင်း ကျိနှစ်ပါးသော အကြောင်းတို့ဖြင့် ကိလေသာခေါင်းပါးကြောင်းကို သိရမည်။

ခဲ့ညီးအံ့–သံသရာဝင်္ဋ၌ ကျင်လည်၍နေသော များစွာသော လူအပေါင်းအား ကိလေသာတို့သည် အမြဲမပြတ် ဖြစ်ကုန်ဘိသကဲ့သို့ သကဒါဂါမ်ပုဂ္ဂိုလ်အား ကိလေသာတို့သည် အမြဲမဖြစ်ကုန်။ ရံခါရံခါသာ ဖြစ်ကုန်၏။ ဥပမာ–စိုက်ပျိုးကြဲချအပ်သောလယ်၌ အညှန့်အညောက်များကဲ့သို့ ကြဲသောအခြင်းအရာရှိကုန်သည်ဖြစ်၍ ဖြစ်ကုန်၏။

သံသရာဝင်္ဋ၌ ကျင်လည်သော များစွာသော လူအပေါင်းအား ကိလေသာတို့သည် နင်းနယ်ကုန်လျက် ဖြန့်၍ဖုံးလွှမ်းကာ အမိုက်မှောင်ကို ပြုပြီးလျှင်

ဖြစ်ကုန်ဘိသကဲ့သို့ သကဒါဂါမ်ပုဂ္ဂိုလ်အား ထိုကဲ့သို့မဖြစ်ကုန်။ သောတာပတ္တိမဂ်, သကဒါဂါမိမဂ်တို့ဖြင့် ပယ်သတ်ပြီးသည့် အတွက်ကြောင့် နူးနူးညံ့ညံ့ကိလေသာတို့သာ ဖြစ်ကြကုန်၏။ ဥပမာ–မိုးတိမ်လွှာကဲ့သို့ဎင်း၊ ယင်း တောင်ကဲ့သို့ဎင်း ခေါင်းပါးသောအခြင်းအရာရှိသည်ဖြစ်၍ ဖြစ်ကုန်၏။

ဤအရာ၌ အခြို့သော မထေရ်တို့က သကဒါဂါမ်ပုဂ္ဂိုလ်အား ကိလေသာတို့သည် အကယ်၍ကား ကြာမြင့်မှ ဖြစ်ကုန်၏။ ထိုသို့ကြာမြင့်မှ ဖြစ်ပါသော်လည်း ထူထဲသောကိလေသာတို့သည် ဖြစ်ကုန်၏။ ထိုစကားသည် မှန်၏။ သကဒါဂါမ်ပုဂ္ဂိုလ်အား သားသမီးတို့သည် ထင်ရှားရှိကုန်၏ဟု ပြောဆိုကြလေသည်။ ဤကဲ့သို့ အခြို့မထေရ်တို့က ပြောဆိုကြသော်လည်း ထိုစကားကို အလေးတမူ အရေးယူ၍ ပမာဏမပြုအပ်ခေျ။ အကြောင်းကား သားသမီးရမှုဟူသည် ကိုယ်လက်အင်္ဂါကြီးငယ်ကို သုံးသပ်ကာမျှဖြင့်လည်း ဖြစ်ကုန်၏။ မဂ်နှစ်ပါးတို့ဖြင့် ပယ်သတ်ထားသည့်အတွက် ကိလေသာထူထပ် အားသန်ခြင်းမရှိဖြစ်၏။ ထို့ကြောင့် ရံခါကိလေသာဖြစ်ခြင်း, ကိလေသာထိုးကျင့်ခြင်း၌ နှံ့သည်၏အဖြစ်ရှိခြင်း၊ ဤနှစ်ပါးသောအကြောင်းဖြင့်သာ သကဒါဂါမ်ပုဂ္ဂိုလ်အား ကိလေသာတဏှာ ခေါင်းပါးသည်ဟု သိအပ်၏။ အဋ္ဌသာလိနီအဋ္ဌကထာ ၂၀၁။

သကဒါဂါမ်ပုဂ္ဂိုလ် ၁၂-ယောက်

သကဒါဂါမ်ပုဂ္ဂိုလ်တို့သည်

၁။ သုညတဝိမောက္ခ ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ သကဒါဂါမ်၊
၂။ သုညတဝိမောက္ခ ဒုက္ခပဋိပဒါ ခိပ္ပါဘိညာ သကဒါဂါမ်၊
၃။ သုညတဝိမောက္ခ သုခပဋိပဒါ ဒန္ဓာဘိညာ သကဒါဂါမ်၊
၄။ သုညတဝိမောက္ခ သုခပဋိပဒါ ခိပ္ပါဘိညာ သကဒါဂါမ်။

၁။ အနိမိတ္တဝိမောက္ခ ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ သကဒါဂါမ်၊
၂။ အနိမိတ္တဝိမောက္ခ ဒုက္ခပဋိပဒါ ခိပ္ပါဘိညာ သကဒါဂါမ်၊
၃။ အနိမိတ္တဝိမောက္ခ သုခပဋိပဒါ ဒန္ဓာဘိညာ သကဒါဂါမ်၊
၄။ အနိမိတ္တဝိမောက္ခ သုခပဋိပဒါ ခိပ္ပါဘိညာ သကဒါဂါမ်။

၁။ အပ္ပဏိဟိတဝိမောက္ခ ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ သကဒါဂါမ်၊
၂။ အပ္ပဏိဟိတဝိမောက္ခ ဒုက္ခပဋိပဒါ ခိပ္ပါဘိညာ သကဒါဂါမ်၊
၃။ အပ္ပဏိဟိတဝိမောက္ခ သုခပဋိပဒါ ဒန္ဓာဘိညာ သကဒါဂါမ်၊
၄။ အပ္ပဏိဟိတဝိမောက္ခ သုခပဋိပဒါ ခိပ္ပါဘိညာ သကဒါဂါမ်။

အားဖြင့် ၁၂-ယောက်ရှိကုန်၏။

ဤကား အာဂုံတ္တရနိကာယ တိကနိပါတ ဒုတိယသိက္ခာသုတ် အဋ္ဌကထာ၌

"တီသု ပန ဝိမောက္ခေသု သုညတဝိမောက္ခေန သကဒါဂါမိဘူမိံ ပတ္တာ စတုန္နံ ပဋိပဒါနံ ဝသေန စတ္တာရော သကဒါဂါမိနော၊ တထာ အနိမိတ္တဝိမောက္ခေန ပတ္တာ စတ္တာရော၊ အပ္ပဏိဟိတဝိမောက္ခေန ပတ္တာ စတ္တာရောတိ ဣမေ ဒ္ဝါဒသ သကဒါဂါမိနော"

ဟူသော ပါဠိအရ ရေတွက်၍ ပြလိုက်သည်။

သကဒါဂါမ်ပုဂ္ဂိုလ် ၅-မျိုး

၁။ အခ္ခါသော သကဒါဂါမ်ပုဂ္ဂိုလ်သည် ဤလူ့ပြည်၌ သကဒါဂါမိဖိုလ်သို့ရောက်၍ ဤလူ့ပြည်၌သာ ပရိနိဗ္ဗာန်ပြု၏၊

၂။ အခ္ခါသော သကဒါဂါမ်ပုဂ္ဂိုလ်သည် ဤလူ့ပြည်၌ သကဒါဂါမိဖိုလ်သို့ရောက်၍ နတ်ပြည်၌ ပရိနိဗ္ဗာန်ပြု၏၊

၃။ အခ္ခါသော သကဒါဂါမ်ပုဂ္ဂိုလ်သည် နတ်ပြည်၌ သကဒါဂါမိဖိုလ်သို့ရောက်၍ ထိုနတ်ပြည်၌သာ ပရိနိဗ္ဗာန်ပြု၏၊

၄။ အခ္ခါသော သကဒါဂါမ်ပုဂ္ဂိုလ်သည် နတ်ပြည်၌ သကဒါဂါမိဖိုလ်သို့ရောက်၍ ဤလူ့ပြည်၌ ပဋိသန္ဓေနေ၍ ပရိနိဗ္ဗာန်ပြု၏၊

၅။ အခ္ခါသော သကဒါဂါမ်ပုဂ္ဂိုလ်သည် ဤလူ့ပြည်၌ သကဒါဂါမိဖိုလ်သို့ရောက်၍ နတ်ပြည်၌ အသက်အပိုင်းအခြား ကာလပတ်လုံ နေပြီးလျှင် တဖန် ဤလူ့ပြည်၌ဖြစ်၍ ပရိနိဗ္ဗာန်ပြု၏။၊

(ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ ၄၈)။

ကေဗီဇီသောတာပန်နှင့် သကဒါဂါမ်ပုဂ္ဂိုလ်အထူး

ဤမဃ ပန သကဒါဂါမိနော ကေဗီဇီနာ သဒ္ဒိံ ကိံ နာနာကရဏန္တိ။ ကေဗီဇီဃ ကောဝ ပဋိသန္ဓိ၊ သကဒါဂါမိဃ ဒ္ဝေ ပဋိသန္ဓိယော။ ဤဒံ နေသ နာနာကရဏန္တ။

ရှေးဦးစွာပြခဲ့သော ငါးယောက်သော သကဒါဂါမ်ပုဂ္ဂိုလ်နှင့်ကေဗီဇီသောတာပန်ပုဂ္ဂိုလ်တို့ မည်သို့ထူးခြားသနည်းဟူမူ ကေဗီဇီ သောတာပန်ပုဂ္ဂိုလ်၏ ပဋိသန္ဓေနေမှုသည် တကြိမ်သာ ဖြစ်၏။ သကဒါဂါမ်ပုဂ္ဂိုလ်၏ ပဋိသန္ဓေတို့သည် နှစ်ကြိမ်ဖြစ်ကုန်၏။ဤကားငါးယောက်သော သကဒါဂါမ်ပုဂ္ဂိုလ်နှင့်ကေဗီဇီသောတာပန်ပုဂ္ဂိုလ်တို့၏ ထူးထွေကွဲပြား ခြားနားပုံတည်း။ (ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ ၄၈)။

တဏှာခေါင်းပါ.ရုံဖြင့် သကဒါဂါမ် မမည်ပုံ

လူသတ္တဝါတို့သည် အခွါတိရစ္ဆာန်ဘုံ,ပြိတ္တာဘုံ စသည်တို့မှ လာရောက်ကာ လူ.ဘဝသို့ ရောက်လာကြသည်။ အခွါလူ.ဘဝ, နတ်ဘဝ,ဗြဟ္မာဘဝတို့မှ လူ.ဘဝသို့ ရောက်လာကြသည်။ ဗြဟ္မာပြည်မှ ရောက်လာကြသော လူတို့သည် လောဘ, ဒေါသ, မောဟခေါင်းပါးကြသည်။ ထိုသို့ပင် ခေါင်းပါးသော်လည်း သကဒါဂါမ်ပုဂ္ဂိုလ်ကား မဟုတ်ခဲ့။

လောကဌ် ဗြဟ္မာပြည်မှလာသော ကိလေသာ ခေါင်းပါးသော ရဟန်းများ လူများတို့သည် ရှိကြကုန်၏။ ကိလေသာခေါင်းပါးသည့်အတွက် အိမ်ထောင်မပြုကြသော လူပျိုကြီး, အပျိုကြီးတို့သည်လည်း ရှိကြကုန်၏။ အိမ်ထောင်မပြုတိုင်း ဗြဟ္မာပြည်မှလာသည်ဟူ၍ မမှတ်သားအပ်။ ကိလေသာအပြစ်ကို တရားသဘောဖြင့် ကြောက်ရုံ့၍ အိမ်ထောင်မပြုပဲ တရားဘာဝနာအားထုတ်နေသော လူများကိုကား ဗြဟ္မာပြည်ကလာသည်ဟု မဆိုအပ်ခဲ့။

သကဒါဂါမိပုဂ္ဂလကထာပြီး၏။

အနာဂါမ်ပုဂ္ဂိုလ်

ကတမော စ ပုဂ္ဂလော အနာဂါမီ၊ ဣဓေကစ္စော ပုဂ္ဂလော ပဉ္စန္နံ သြရမ္ဘာဂိယာနံ သံယောဇနာနံ ပရိက္ခယာ သြပပါတိကော ဟောတိ၊ တတ္ထ ပရိနိဗ္ဗာယီ အနာဝတ္တိမဓမ္မော တသ္မာ လောကာ။ အယံ ဝုစ္စတိ ပုဂ္ဂလော အနာဂါမီ။ (ပုဂ္ဂလပညတ်ပါဠိတော်။ နှာ·၁၁၉)။

အဘယ်ပုဂ္ဂိုလ်သည် အနာဂါမ်မည်သနည်း။ ဤလောကရှိ အခွါသော ပုဂ္ဂိုလ်သည် အောက်သံယောဇဉ်ငါးပါးတို့၏ကုန်ခြင်းကြောင့် ဥပပါတ်ပဋိသန္ဓေဖြစ်၏။ သုဒ္ဓါဝါသဘုံ၌ ပရိနိဗ္ဗာန်ပြုလတ္တံ့၊ ရူပဘုံမှ ကာမဘုံသို့ တဖန်ပြန်လည်ခြင်း သဘောမရှိခဲ့။ ဤပုဂ္ဂိုလ်ကို အနာဂါမ်ပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုအပ်၏။

ခဲ့ဦးအံ့—ပုဂ္ဂိုလ်တဦးအား ကာမရာဂသံယောဇဉ်စသော အနှောင်အဖွဲ့တို့သည် ရှိနေခဲ့လျှင် နေဝသညာနာသညာယတနဘုံ၌ ဖြစ်ပါသော်လည်း ငါးမျှားချိတ်မျှိမိသော ငါးကဲ့သို့ငင်း၊ ကြိုးရှည်ဖြင့် ခြေထောက်၌ ချိနှောင်ထားအပ်သော ကျီးငှက်ကဲ့သို့ငင်း သံယောဇဉ်အနှောင်အဖွဲ့တို့သည် ဆွဲငင်အပ်သည်ရှိသော် ကာမဘုံ၌သာလျှင်ဖြစ်ပြန်၏။ အနာဂါမ်ပုဂ္ဂိုလ်အား ထိုငါးပါးသော သံယောဇဉ်တို့ကုန်ခန်းခြင်းကြောင့် ကာမဘုံသို့ပြန်၍ မရောက်နိုင်ဖြစ်လေသည်။

သို့သော်လည်း မြတ်စွာဘုရားအား ဖူးမြင်ခြင်း, မထေရ်တို့ကိုဖူးမြင်ခြင်း, တရားနာယူခြင်းအလို့ငှါ အနာဂါမ် ပုဂ္ဂိုလ်အား ကာမဘုံသို့ လာရောက်ပါသေး၏။ အမိဝမ်းဦ်ကိန်းအောင်းခြင်း, ပဋိသန္ဓေ၏အဖြစ်ဖြင့် တဖန် ကာမဘုံသို့ မလာရောက်ခြင်းတို့ကိုသာ မြတ်စွာဘုရားသည် ဟောတော်မူ၏။

နည်းယူဘွယ်ရာ အနာဂါမ်ဝိသာခ ဝတ္ထု

ရာဇဂြိုဟ်ပြည်၌ ဝိသာခဥပါသကာနှင့် ၉နိုး ဓမ္မဒိန္နာတို့သည် နေထိုင်ကြလေ၏။ မြတ်စွာဘုရားသည် သစ္စာလေးပါးတရားကို သိရှိပြီ ၍ ဓမ္မစကြာတရားဒေသနာတော်ကို ဟောတော်မူလျက် ယသအစရှိသော အမျိုးကောင်းသားတို့ကို အဆုံးအမ သြဝါဒပေးပြီးလျှင် ဥရုဝေဠတောအုပ်သို့ ရောက်သည်ရှိသော် ရသေ့တထောင်တို့ကို ဆုံးမ၍ ထိုရသေ့တထောင်တို့သည် အာသဝေါကင်းကွာ ရဟန္တာဖြစ်ကြလေကုန်၏။

မြတ်စွာဘုရားသည် ထိုရဟန္တာတို့နှင့်အတူတကွ ရာဇဂြိုဟ်ပြည်သို့ သွားရောက်၍ မြတ်စွာဘုရားရှင်အားဖူးမြော်ရန် တသိန်းနှစ်သောင်းသောပရိသတ်နှင့်တကွ လာရောက်သော ဗိမ္ဗိသာရမင်းကြီးအား တရားဒေသနာတော်ကို ဟောတော်မူ၏။ မင်းကြီးနှင့်အတူတကွ လာရောက်ကုန်သော တသိန်းနှစ်သောင်းသောပရိသတ်တို့တွင် တသောင်းသောပရိသတ်သည် ရတနာသုံးပါးကို ချဉ်းကပ်တတ်သော ဥပါသကာအဖြစ် အသိအမှတ်ပြုရန် မြတ်စွာဘုရားအား လျှောက်ထားကြကုန်၏။

ဗိမ္ဗိသာရမင်းကြီးနှင့်တကွ တသိန်းတသောင်းသော ပရိသတ်များသည် သောတာပန်အရိယာများဖြစ်ကြသောအခါ ဝိသာခဥပါသကာလည်းတယောက်အပါအဝင် ဖြစ်၏။ ထိုပရိသတ်နှင့်အတူ မြတ်စွာဘုရားကို ရှေးဦးစွာ ဖူးမြင်ရစဉ်ကပင် ဝိသာခသည် သောတာပန်အရိယာဖြစ်၍ တဖန် နောက်တနေ့ တရားတော်ကို ဆက်လက်၍ နာယူသောအခါ သကဒါဂါမ်ဖြစ်ပြီးလျှင် နောက်တဖန် တရားတော်ကို နာယူပြန်သောအခါ အနာဂါမ်ပုဂ္ဂိုလ်အဖြစ် တည်ရှိလေ၏။

ဝိသာခသည် အိမ်သို့ ပြန်လာသည်ရှိသော် ခါတိုင်းနေ့မျှား၌ ထိုထို့ကျ့ကြည့်ရှုလျက် ပြုံးရယ်ခြင်းကိုပြုပြီးလျှင် ပြန်လာလေ၏။ အနာဂါမ်ပုဂ္ဂိုလ်ဖြစ်ပြီး၍ ပြန်လာသောအခါ ထိုကဲ့သို့မဟုတ်တော့ပဲ တည်ငြိမ်သော ဣန္ဒြေဖြင့် ငြိမ်သက်သောစိတ်ရှိလျက် ပြန်လာလေ၏။

ဓမ္မဒိန္နာသည် တံခါးရွက်ကိုဖွင့်၍ မြို့လမ်းမတော်ကို ကြည့်ရှုသည်ရှိသော် ခင်ပွန်းသည် ဝိသာခပြန်လာသည်ကို မြင်လေလျှင် ဤသို့ဖြစ်ပုံကား ဘယ်သို့ပါလိမ့်ဟု ကြံစည်၍ ဝိသာခအား ခရီးဦးကြိဆိုမှုကို ပြုလျက် စောင်းတန်းဦး၌

ရပ်ပြီးလျှင် ဝိသာခ၏လက်ကို လှမ်းဆွဲလိုက်၏။ အနာဂါမ်ဝိသာခသည် ဓမ္မဒိန္နာအား လက်ဆွဲမှုကို ခွင့်မပြုပဲ လက်ကို ကွေးလိုက်လေ၏။

ထိုအခါ ဓမ္မဒိန္နာသည် စိတ်ထဲ၌တမျိုးတဖုံဖြစ်ကာ နံနက်ထမင်းစားလျှင် သိပါအုံဟု ကြံစည်ကာ နေ၏။ နံနက် ထမင်းအတူစားသော အခါ၌လည်း ဝိသာခသည် စကားတခွန်းမျှမပြောပဲ ကမ္မဋ္ဌာန်းဆောင်၍ ဘုဉ်းပေးသော ရဟန်းကဲ့သို့ စားသောက်၏။ ဓမ္မဒိန္နာသည် အမျိုးမျိုးတွေးတောပြန်ကာ ညဉ့် အခါရောက်လျှင် သိရပါအုံဟု ကြံစည်လျက် နေပြန်၏။

ဝိသာခသည် ထိုနေ့၌ ဇနီးဓမ္မဒိန္နာနှင့် ရှေးကဒေဟူတက္က အိပ်စက်ရာ ကျက် သရေတိုက်ခန်းသို့ မဝင်တော့ပဲ တပါးသော အိပ်ရာတိုက်ခန်းကို ရှင်းလင်း သုတ်သင်၍ ညောင်စောင်းပေါ်၌ အိပ်လေသည်။ ဓမ္မဒိန္နာသည် စိတ်ထဲ၌ ငါယောကျ်ားသည် ငါမှအပ အခြားမိန်းမကို တောင့်တမှု ရှိလေသလော, သို့မဟုတ် တစုံတယောက်က ကုန်းတိုက်ထားလေသလော, သို့မဟုတ် ငါ့မှာ အပြစ်များ တစုံတခုရှိလေသလော်ဟု ကြံစည်တွေးတောကာ အလွန်အကဲဒေါသ အမျက် ထွက်ပြီးလျှင် ဝိသာခ၏အနီးသို့ သွားရောက်၍ ရှိခိုးလျက် နေလေ၏။

ဝိသာခသည် ဓမ္မဒိန္နာ--အချိန်အခါ မဟုတ်ပဲ ဘယ်အကြောင်းကြောင့် လာသနည်းဟု ဓမ္မဒိန္နာအား မေးမြန်းလေ၏။ အရှင်သခင်-ကျမ အချိန်အခါ မဟုတ် လာသည်မှန်၏။အရှင်သည် ရှေးကနှင့်မတူပါ၊ ကျမအပေါ်၌ အပြစ်များ ရှိလေသလော သို့မဟုတ် တစုံတခု ချော်ပစ်ကုန်းတိုက်သော စကားရှိသလော၊ ကျမမှအပ အခြားမိန်းမများ ရှိလေသလောဟု မေးမြန်းလိုသည့်အတွက် လာရောက်ပါသည်ဟု ပြောလေ၏။ ထိုအခါ ဝိသာခက သင်မေးသလို ဘာတခုမှ မဟုတ်ပါ၊ ငါသည် ရှင်တော်ဘုရား၏ တရားဒေသနာတော်ကို နာယူရသည့် အတွက် လောကုတ္တရာတရားကိုရရှိအပ်ပေပြီ၊ လောကုတ္တရာတရားကို ရရှိသော ပုဂ္ဂိုလ်မှန်လျှင် လောကီအမူအရာများသည် မအပ်စပ်တော့ပါ။ သင်အကဲယ်၍ အလိုရှိအုံ၊ ငါတို့နှစ်ယောက် ပိုင်ဆိုင်သော ကုဋေရှစ်ဆယ် ဥစ္စာများကို သင် အကုန်ယူကာ ငါ၏အမိအရာ, သို့မဟုတ် နှမအရာ၌တည်၍ နေပါလော့။ သင် ကျေးသော ထမင်းဖြင့် ငါမျှတ၍ နေပါအုံ။ ယခု ငါပြောသည့်အတိုင်း လက်မခံ နိုင်လျှင် ဤဥစ္စာတို့ကိုယူ၍ သင်၏ဆွေမျိုး အိမ်သို့သွားပါလော့။ ဆွေမျိုး အိမ်သို့ ရောက်၍ နောက်အိမ်ထောင်မပြုပဲနေလျှင် ငါသည် သင့်အား နှမအရာ သမီးအရာ၌ထား၍ ပြုစုလုပ်ကျွေးပါအုံဟု ပြောဆိုလေသည်။

ဓမ္မဒိန္နာ၏စိတ်ထဲဝယ် ပင်ကိုယ်ပကတိသဘောရှိသော ယောကျ်ားသည် ဤသို့သောစကားမျိုးကို ပြောဆိုခြင်းမရှိ၊ အမှန်စင်စစ် ဝိသာခသည် မြတ်သော လောကုတ္တရာတရားကို ထိုးထွင်း၍ သိအပ်ပေပြီ။ ထိုလောကုတ္တရာတရားကို

ယောကျ်ားများသာ သိရှိအပ်သလော, သို့မဟုတ် မိန်းမများသည်လည်း သိခြင်းငှါ မစွမ်းနိုင်သလောဟု စဉ်းစားကာ ဝိသာခအား စဉ်းစားထားသည့် အတိုင်း မေးမြန်းလေ၏။

ထိုအခါ ဝိသာခသည် ဓမ္မဒိန္နာအား ဓမ္မဒိန္နာ–မှန်မြတ်သော ရှင်တော် ဘုရား၏ တရားတော်များကို ယောကျ်ား-မိန်းမ မမခြွေး ကျင့်ကြံကြိုးကုတ် အားထုတ်ကြလျှင် တရားထူးကို ရရှိနိုင်ကြပါသည်ဟု ပြောဆိုသောအခါ ဒါဖြင့်လျှင် တရားအားထုတ်လိုသည့်အတွက် ကျမအား ဘိက္ခုနီ ပြုလုပ်ခွင့်ပေးပါဟု ခွင့် တောင်းပြီးလျှင် ဘိက္ခုနီမ ပြုလုပ်၍ တရားကို ကြိုးစားအားထုတ်လေရာ မကြာ မြင့်မီ အနာဂါမ်ဝိသာခ လင်ယောကျ်ားထက် ရှေးဦးစွာ ရဟန္တာမ ဖြစ်လေ သည်။

ဤဝတ္ထုဌဲ့ အနာဂါမ်ပုဂ္ဂိုလ် ဖြစ်သွားလျှင် လောဘတဏှာ ကင်းကွာ ကြောင်းကို သိရှိရာ၏။ ဝတ္ထုအကျယ်ကို အလိုရှိမူ မဇ္ဈိမနိကာယ် မူလပဏ္ဏာသ အဋ္ဌကထာ စူဠဒုက္ခက္ခန္ဓသုတ်အဖွင့်, ဓမ္မပဒအဋ္ဌကထာ, အင်္ဂုတ္တိုရ်အဋ္ဌကထာ စသည်တို့ဌဲ့ ယူကြကုန်ရာ၏။

အနာဂါမ်ပုဂ္ဂိုလ် (၅) မျိုး

ယင်းအနာဂါမ်ပုဂ္ဂိုလ်တို့သည် ဤဘဝဌဲ့ ရဟန္တာဖြစ်၍ ငြိမ်းသောပုဂ္ဂိုလ်, ဖြတ်မှာပြည့်သို့သွားရသော ပုဂ္ဂိုလ်ဟူ၍ နှစ်မျိုးရှိ၏။

အဝိဟာဘုံ, အတပ္ပါဘုံ, သုဒဿာဘုံ, သုဒဿီဘုံ, အကနိဋ္ဌဘုံတည်းဟူသော အဆင့်ဆင့်တည်သော သုဒ္ဓါဝါသဘုံဌဲ့ကား—

၁။ အန္တရာပရိနိဗ္ဗာယီပုဂ္ဂိုလ်၊
၂။ ဥပဟစ္စပရိနိဗ္ဗာယီပုဂ္ဂိုလ်၊
၃။ သသင်္ခါရပရိနိဗ္ဗာယီပုဂ္ဂိုလ်၊
၄။ အသင်္ခါရပရိနိဗ္ဗာယီပုဂ္ဂိုလ်၊
၅။ ဥဒ္ဓံသောတ အကနိဋ္ဌဂါမီပုဂ္ဂိုလ် ဟူ၍—

အနာဂါမ် ပုဂ္ဂိုလ်ငါးမျိုးရှိလေသည်။

၁။ အသက်တမ်း၏ အလယ်သို့မရောက်မီ ရဟန္တာဖြစ်သော အနာဂါမ်သည် အန္တရာပရိနိဗ္ဗာယီ မည်၏။ ဥပမာ အဝိဟာဘုံဌဲ့ အသက်တမ်း ကမ္ဘာတထောင် ရှိ၏။ ကမ္ဘာငါးရာဟု ဆိုအပ်သော အသက်တမ်းအလယ်သို့ မရောက်မီသော်ငင်း, အသက်တမ်း အလယ်တည့်ဘည့်သို့ရောက်၍ သော်ငင်း ရဟန္တာဖြစ်လျှင် အန္တရာ ပရိနိဗ္ဗာယီဟု ခေါ်သည်။ အထက်ဘုံတို့ဌဲ့လည်း ဤနည်းအတိုင်း သိကြရမည်။

၂။ အသက်တမ်းထက်ဝက်ကိုလွန်၍ မစုဝေးမီ အတွင်း၌ ရဟန္တာဖြစ်သော အနာဂါမ်သည် ဥဟဟစ္စုပရိနိဗ္ဗာယီမည်၏။

၃။ လုံ့လ ပဓာနမျှားစွာ ကူပင့်ရ၍ ဆင်းဆင်းရဲရဲ အရဟတ္တဖိုလ်သို့ ရောက်သော အနာဂါမ်သည် သသန်္ခါရပရိနိဗ္ဗာယီ မည်၏။

၄။ လုံ့လပဓာနမျှားစွာ မကူပင့်ရပဲ ချမ်းချမ်းသာသာ ရဟန္တာဖြစ်သော အနာဂါမ်သည် အသန်္ခါရပရိနိဗ္ဗာယီ မည်၏။

၅။ အနာဂါမ် အဖြစ်ဖြင့် အဝိဟာဘုံသို့ ရောက်ပြီးလျှင် အရဟတ္တဖိုလ်သို့ မရောက်ပဲ ဘုံစဉ်အဆင့်ဆင့်စံပြီးလျှင် အကနိဋ္ဌဘုံသို့ရောက်မှ ရဟန္တာဖြစ်သော အနာဂါမ်သည် ဥဒ္ဓံသောတ အကနိဋ္ဌဂါမီ မည်၏။

(တနည်း) အနာဂါမ်ပုဂ္ဂိုလ် ၄-မျိုး

၁။ ဥဒ္ဓံသောတ အကနိဋ္ဌဂါမီ အနာဂါမ် ပုဂ္ဂိုလ်၊

၂။ ဥဒ္ဓံသောတ နာ အကနိဋ္ဌဂါမီ အနာဂါမ်ပုဂ္ဂိုလ်,

၃။ နာ ဥဒ္ဓံသောတ အကနိဋ္ဌဂါမီ အနာဂါမ် ပုဂ္ဂိုလ်၊

၄။ နာ ဥဒ္ဓံသောတ နာ အကနိဋ္ဌဂါမီ အနာဂါမ်ပုဂ္ဂိုလ်၊

၁။ အဝိဟာဘုံမှစ၍ အတပ္ပါ သုဒဿာ၊ သုဒဿီဘုံ ဖြစ်သော လေးထပ်သော သုဒ္ဓါဝါသဗြဟ္မာဘုံတို့ကို သုတ်သင်ပြီးလျှင် အကနိဋ္ဌဘုံသို့သွားရောက်ကာ ပရိနိဗ္ဗာန်စံဝင်သော အနာဂါမ်ပုဂ္ဂိုလ်သည် ဥဒ္ဓံသောတ အကနိဋ္ဌဂါမီမည်၏။

၂။ အဝိဟာ, အတပ္ပါ, သုဒဿာဘုံ ဖြစ်သော သုံးထပ်သော သုဒ္ဓါဝါသဗြဟ္မာဘုံတို့ကို သုတ်သင်ပြီးလျှင် သုဒဿီဗြဟ္မာဘုံ၌တည်၍ ပရိနိဗ္ဗာန်စံသော ပုဂ္ဂိုလ်သည် ဥဒ္ဓံသောတ နာ အကနိဋ္ဌဂါမီ မည်၏။

၃။ ဤကာမဘုံမှ အကနိဋ္ဌဘုံသို့သွားရောက်ကာ ပရိနိဗ္ဗာန်စံသော ပုဂ္ဂိုလ်သည် နာ ဥဒ္ဓံသောတ အကနိဋ္ဌဂါမီ မည်၏။

၄။ အောက်ဆုံးလေးပါးကုန်သော သုဒ္ဓါဝါသဗြဟ္မာဘုံတို့တွင် ထိုထိုသို့သောဘုံ၌သာ ပရိနိဗ္ဗာန်စံသော ပုဂ္ဂိုလ်သည် နာ ဥဒ္ဓံသောတ နာ အကနိဋ္ဌဂါမီ မည်၏။

အနာဂါမ်ပုဂ္ဂိုလ် (၄၈) ယောက်

အဝိဟာဘုံတို့၌ ရှေးဦးစွာ ပဋိသန္ဓေနေသည်၏ အခြားမဲ့၌ မဂ်ကိုရသော အန္တရာပရိနိဗ္ဗာယီ ပုဂ္ဂိုလ်၊

အသက်အပိုင်းအခြား၏ ထက်ဝက်သို့ မရောက်မူ၍ မဂ်ကိုရသော အန္တရာပရိနိဗ္ဗာယီ ပုဂ္ဂိုလ်၊

အသက်အပိုင်းအခြား၏ ထက်ဝက်သို့ရောက်၍ မဂ်ကိုရသော အန္တရာပရိနိဗ္ဗာယီပုဂ္ဂိုလ်၊

ဥပဟစ္စပရိနိဗ္ဗာယီပုဂ္ဂိုလ်, ဥဒ္ဓံသောတပုဂ္ဂိုလ်၊ ယင်း ပုဂ္ဂိုလ်ငါးယောက်တို့သည် အသခ်ါရပရိနိဗ္ဗာယီ ပုဂ္ဂိုလ် ငါးယောက်, သသခ်ါရပရိနိဗ္ဗာယီပုဂ္ဂိုလ် ငါးယောက်ဖြစ်ကုန်၏။ ဤပုဂ္ဂိုလ်ဆယ်ယောက်သည် အဝိဟာဘုံ၌ ဖြစ်ကြသည်။

ထို့အတူ အတပ္ပါဘုံ၌တဆယ်, သုဒဿာဘုံ၌တဆယ်, သုဒဿီဘုံ၌တဆယ်-စုစုပေါင်း လေးဆယ်။

အကနိဋ္ဌဘုံ၌ ဥဒ္ဓံသောတပုဂ္ဂိုလ်မရှိသည့်အတွက် အန္တရာပရိနိဗ္ဗာယီပုဂ္ဂိုလ် သုံးယောက်, ဥပဟစ္စပရိနိဗ္ဗာယီပုဂ္ဂိုလ်တယောက် ယင်းပုဂ္ဂိုလ် လေးယောက်တို့သည် အသခ်ါရပရိနိဗ္ဗာယီ ပုဂ္ဂိုလ်လေးယောက်, သသခ်ါရပရိနိဗ္ဗာယီ ပုဂ္ဂိုလ် လေးယောက်အားဖြင့် ရှစ်ယောက်ဖြစ်၍ စုစုပေါင်း အနာဂါမ်ပုဂ္ဂိုလ် လေးဆယ့်ရှစ်ယောက်ဖြစ်၏။ (တိကနိပါတ်အဂုံတို့ရိ အဋ္ဌကထာ ၂၀၁။ ပုဂ္ဂလပညတ် အဋ္ဌကထာ ၅၀)။

သံပွားသံပုံဥပမာဖြင့် အနာဂါမ်ပုဂ္ဂိုလ် (၄၈) ယောက်ကို မြတ်စွာဘုရားဟောတော်မူပုံ

တနေ့ပတ်လုံး မီးခဲ့ဖုတ်အပ်သောဆောက်,သင်ဓုန်းဓား, လက်သည်းလှီးဓား ငယ်, သံတွေခဲကို တူဖြင့် ပေါ့၌ ထုနှက်အပ်သည်ရှိသော် သံပွားသံပုံဖြစ်၍ ငြိမ်း၏။ ဤဥပမာနှင့်တူသော ပုဂ္ဂိုလ်ကို ပဋိသန္ဓေနေပြီးသည်မှ အခြားမဲ့၌ အရိယာမဂ်ကိုရသော ပဌမအန္တရာပရိနိဗ္ဗာယီပုဂ္ဂိုလ်ဟု သိမှတ်အပ်၏။ အဘယ့်ကြောင့်နည်းဟူမူ ပဋိသန္ဓေနေပြီးသည်၏ အခြားမဲ့၌ ကိလေသာပရိနိဗ္ဗာန်ဖြင့် ငြိမ်းခြင်းကြောင့်တည်း။

ထိုဆိုအပ်ခဲ့ပြီးသော သံတွေသံခဲထက် ကြီးမားသော သံတွေသံခဲကို တူဖြင့် ပေါ့၌ ထုနှက်အပ်သည်ရှိသော် သံပွားသံပုံသည် ကောင်းကင်သို့ ပျံတက်၍ ငြိမ်း၏။ ဤဥပမာနှင့်တူသော ပုဂ္ဂိုလ်ကို အသက်၏ထက်ဝက်သို့မရောက်ပဲ မဂ်ရသော ဒုတိယ အန္တရာပရိနိဗ္ဗာယီပုဂ္ဂိုလ်ဟု သိမှတ်အပ်၏။ အဘယ့်ကြောင့်နည်းဟူမူ အလယ်သို့ရောက်၍ ငြိမ်းခြင်းကြောင့်တည်း။

ထိုဆိုအပ်ခဲ့ပြီးသော သံတွေသံခဲထက် ကြီးမားသော သံတွေသံခဲကို တူဖြင့် ပေါ့၌ ထုနှက်အပ်သည်ရှိသော် သံပွားသံပုံသည် ကောင်းကင်သို့ ခုန်တက်၍

ပြန်ကျသောအခါ မြေပြင်သို့ မရောက်မီ ငြိမ်း၏။ ဤဥပမာနှင့်တူသော ပုဂ္ဂိုလ်ကို အသက်အပိုင်းအခြား၏ ထက်ဝက်သို့ရောက်၍ မဂ်ကိုရသော တတိယအနာဂါမိပုဂ္ဂိုလ်ဟု သိမှတ်အပ်၏။ အဘယ့်ကြောင့်နည်းဟူမူ အလယ်သို့ရောက်၍ သေခြင်းသို့ မကပ်ပဲ ငြိမ်းခြင်းကြောင့်တည်း။

ထိုဆိုအပ်ခဲ့ပြီးသော သံတွေ့သံခဲထက်ကြီးမားသော သံတွေ့သံခဲကို တူဖြင့်ပေ၌ ထုနှက်အပ်သည်ရှိသော် သံပုံးသံပုံသည် ကောင်းကင်သို့ ခုန်တက်၍ မြေပြင်၌ကျသောအခါ ငြိမ်း၏။ ဤဥပမာနှင့်တူသော ပုဂ္ဂိုလ်ကို ဥပဟစ္စ ပရိနိဗ္ဗာယီပုဂ္ဂိုလ်ဟု သိမှတ်အပ်၏။ အဘယ့်ကြောင့်နည်းဟူမူ သေခြင်းသို့ ကပ်ရောက်၍ အသက်၏ဖြစ်ခြင်းကို ကုန်စေလျက် ငြိမ်းခြင်းကြောင့်တည်း။

ထိုဆိုအပ်ခဲ့ပြီးသော သံတွေ့သံခဲထက်ကြီးမားသော သံတွေ့သံခဲကို တူဖြင့်ပေ၌ ထုနှက်အပ်သည်ရှိသော် သံပုံးသံပုံသည် အနည်းငယ်သော မြက်ထင်း၌ကျရောက်၍ မြက်ထင်းအနည်းငယ်ကို လောင်စေလျက် ငြိမ်း၏။ ဤဥပမာနှင့်တူသော ပုဂ္ဂိုလ်ကို အသခ်ါရပရိနိဗ္ဗာယီပုဂ္ဂိုလ်ဟု သိမှတ်အပ်၏။ အဘယ့်ကြောင့်နည်းဟူမူ လုံ့လပယောဂကင်းသဖြင့် လျင်မြန်ပေါ့ပါးသော အသက်၏ဖြစ်ခြင်းဖြင့် ငြိမ်းခြင်းကြောင့်တည်း။

ထိုဆိုအပ်ခဲ့ပြီးသော သံတွေ့သံခဲထက်ကြီးမားသော သံတွေ့သံခဲကို တူဖြင့်ပေ၌ ထုနှက်အပ်သည်ရှိသော် သံပုံးသံပုံသည် ကြီးသော မြက်ထင်းပုံ၌ကျရောက်၍ မြက်ထင်းပုံကြီးကို လောင်ကျွမ်းပြီးလျှင် ငြိမ်း၏။ ဤဥပမာနှင့်တူသော ပုဂ္ဂိုလ်ကို သသခ်ါရပရိနိဗ္ဗာယီပုဂ္ဂိုလ်ဟု သိမှတ်အပ်၏။ အဘယ့်ကြောင့်နည်းဟူမူ လုံ့လပယောဂနှင့်တကွ မလျင်မြန်သော အသက်၏ ဖြစ်ခြင်းဖြင့် ငြိမ်းခြင်းကြောင့်တည်း။

တပါးသော သံပုံးသံပုံသည် ကြီးမားကုန်သော မြက်ထင်းပုံတို့၌ ကျရောက်၍ မြက်ထင်းပုံကြီးတို့ကို လောင်ကျွမ်းကုန်သည်ရှိသော် အလျှံကင်းသော မီးခဲသည်၎င်း, မီးလျှံသည်၎င်း ပျံတက်ပြီးလျှင် ပန်းဘဲဖို့ကို မီးလောင်ကာ ရှာ, နိဂုံး, မြို့, တိုင်းနိုင်ငံပါမကျန် လောင်ကျွမ်းလျက် မဟာသမုဒ္ဒရာဟူသော အပိုင်းအခြားသို့ရောက်၍ ငြိမ်း၏။ ဤဥပမာနှင့်တူသော ပုဂ္ဂိုလ်ကို ဥဒ္ဓံသောတအကနိဋ္ဌဂါမီပုဂ္ဂိုလ်ဟု သိမှတ်အပ်၏။ အဘယ့်ကြောင့်နည်းဟူမူ မျှားစ့ဉာသော ဘဝ၏ မျိုးစေ့တည်းဟူသော အဝိဇ္ဇာတဏှာ၏ ပျံ့ခြင်းကို တွေ့ရောက်၍ အပိုင်းအခြား ကင်းအောင်ပြုပြီးလျှင် ငြိမ်းခြင်းကြောင့်တည်း။

မှန်၏၊ ပုတ်ဆောက်စသော ငယ်သောသံသည်၎င်း, ကြီးသော့သံသည်၎င်း အယောကပလ္လ=သံတွေ့သံခဲဟူ၍သာ ဘုရားရှင်ဟောတော်မူ၏။(သတ္တကနိပါတ် အင်္ဂုတ္တိရ်ပါဠိတော် ဒုအုပ် ၄၅၀-၂, ပဉ္စပကရဏအဋ္ဌကထာ ၅၀-၁)။

အနာဂါမ်ပုဂ္ဂိုလ်များ နည်းယူနိုင်ရန်
အနာဂါမ်ဥပါသိကာမကြီးဝတ္ထု

ကောသလမင်းကြီး၏နိုင်ငံ၌ တခဲနက် လူနေအိမ်ခြေပေါများသော တောင်ခြေရင်း၌ တည်ရှိသော မာတိကရွာသည် ရှိလေ၏။ တနေ့သောအခါ ရဟန်းခြောက်ကျိပ်တို့သည် မြတ်စွာဘုရားအထံတော်မှ ရဟန္တာဖြစ်သည်တိုင်အောင် ကမ္မဋ္ဌာန်းတရားကို သင်ယူပြီးကာ ထိုမာတိကရွာသို့ သွားရောက်ပြီးလျှင် ဆွမ်းခံလှည့်လည်ကြလေသည်။ ထိုရွာ၌ အကြီးအကဲဖြစ်သော ဒါယကာသည် မာတိကအမည်ရှိ၍ မိခင်သည်လည်း ရှိလေသည်။ မာတိက၏ မိခင်ဒါယိကာမကြီးသည် ရဟန်းခြောက်ကျိပ် ဆွမ်းခံဝင်သည်ကို မြင်လတ်သောအခါ လိုက်၍ ပင့်ပြီးလျှင် မွန်မြတ်သော ခဲဘွယ်ဘောဇဉ်တို့ဖြင့် အိမ်၌ ဆွမ်းကပ်လေ၏။

ဆွမ်းကပ်ပြီးသောအခါ အရှင်ဘုရားတို့–ဘယ်အရပ်သို့ ကြွသွားကြမည်နည်းဟု မေးလေလျှင် ဒါယိကာမကြီး–ဦးပဉ္စင်းတို့သည် ချမ်းသာရာအရပ်သို့ သွားပါကုန်အံ့ဟု အမိန့်ရှိလေသော် အရှင်မြတ်အားလုံးတို့သည် ဝါဆိုကျောင်းရှာလိုယောင်ဖြစ်ဘိ၏ဟု ဒါယိကာမကြီးသည်တွေးဆသိရှိသောအားဖြင့် ခြေရင်း၌ဝပ်၍ အရှင်မြတ်တို့သည် ဝါတွင်းသုံးလ ဤရွာမှာ သီတင်းသုံးနေထိုင်ကြလျှင် တပည့်တော်မတို့သည် ဥပုသ်စောင့်သုံးပါအံ့ဟု လျှောက်လေ၏။ ငါတို့သည် ဤဒါယိကာမကြီးကို့မှီ၍ ဆွမ်းမပင်မပန်းပဲ သံသရာဝဋ်မှ ထွက်မြောက်မှုကို ပြုခြင်းငှါ စွမ်းနိုင်ကုန်အံ့ဟု နှလုံးသွင်းကာ ဒါယိကာမကြီးလျှောက်ထားသည့်အတိုင်း လက်ခံကြကုန်၏။ ဒါယိကာမကြီးသည် ရဟန်းများနေထိုင်ဘို့ရန် ကျောင်းကို ဆောက်လုပ်လှူဒါန်းလေသည်။

တနေ့သ၌ ရဟန်းအားလုံးတို့သည် စည်းဝေးကြကုန်၍ အချင်းချင်းဆုံးမကြကုန်၏။ အရှင်မြတ်တို့–မွေမွေလျော့လျော့ကျင့်ခြင်းငှါမသင့်ပါ၊ မွေလျော့စွာ နေထိုင်ကြလျှင် ငါတို့၏နေရာကျောင်းကဲ့သို့ ငရဲကြီးရှစ်ထပ်တို့သည် တံခါးဟင်းလင်းပွင့်လျက် ရှိပါကုန်၏။ စင်စစ်အားဖြင့် သက်တော်ထင်ရှားရှင်တော်ဘုရား၏ အထံတော်၌ ကမ္မဋ္ဌာန်းကိုယူဆောင်ကာ ငါတို့လာကြသည်။ ရှင်တော်ဘုရား နှစ်သက်ဝမ်းမြောက်မှုရှိအောင် မမွေမလျော့တရားတော်ကို ကြိုးစားအားထုတ်ကြစို့။ တနေရာတည်း၌ နှစ်ပါးမနေရ၊ ညဉ့်အခါ မထေရ်ကြီးထံဆည်းကပ်သောအခါ နံနက်ဆွမ်းခံသွားသောအခါများ၌သာ တပေါင်းတည်းအတူတကွ ဖြစ်ကြရပါမည်။ နာဖျားသောအခါ၌ကား ကျောင်းအလယ်သို့လာ၍ ခေါင်းလောင်းကျောက်စည် ထိုးခေါက်ကြရမည်။ ထိုအသံကို ကြားလတ်သောအခါ ဝိုင်းဝန်း၍ ဆေးကုကြရမည်ဟု စည်းဝေးကြကုန်လျက် ကတိကဝတ်ပြုကြကာ နေထိုင်ကြသည်ရှိသော် တနေ့သ၌ ဒါယိကာမကြီးသည် ထောပတ်, တင်လဲ, စတုမဓုစသည်ကိုယူ၍ ညနေချမ်းအခါ ကျောင်းသို့ သွားလျှင် ရဟန်း

တို့ကို မမြင်ခြင်းကြောင့် အရှင်မြတ်တို့သည် ဘယ်အရပ်သို့ သွားကြကုန်သနည်းဟု အတူပါလာသော ကျွန်အမှူလုပ်တို့ကို မေးမြန်းလေသည်။

ထိုအခါ ကျွန်အမှူလုပ်တို့က အရှင်မ–ရဟန်းတော်တို့သည် ညဉ့်နေရာ, နေ့နေရာအရပ်တို့၌ နေထိုင်ကြလျက် တရားဘာဝနာအားထုတ်ကြသည်ဟု ပြောဆိုလတ်သော် ရဟန်းတော်တို့ကို ဖူးမြော်ဘို့ရန်အတွက် ဘယ်သို့ပြုလုပ်ကြမည်နည်းဟု မေးလတ်သည်တွင် ရဟန်းတော်တို့၏ ကတိကဝတ်ကို သိသောလူတယောက်က ခေါင်းလောင်းကျောက်စည် ထိုးခတ်လိုက်လေသည်။

ရဟန်းတို့သည် ခေါင်းလောင်းကျောက်စည်သံ ကြားလတ်သောအခါ စင်စစ်ရဟန်းတပါး မကျန်းမမာဖြစ်လိမ့်မည်ဟု နှလုံးသွင်း၍ မိမိတို့ နေရာအသီးသီးမှ ထွက်ခဲ့ကြပြီးလျှင် ကျောင်းအလယ်၌ စည်းဝေးကြကုန်၏။ တခုသောလမ်းဖြင့် နှစ်ပါးအတူမလာသည့်အတွက် ဒါယိကာမကြီး ၁ ည် စိတ်ထဲ၌ ငါ့သားရဟန်းတော်တို့သည် အချင်းချင်းငြင်းခုံခြင်း, ခိုက်ရန်ကိုပြုထားကြသည်ဟု ကြံစည်တွေးတောကာ မေးမြန်းလျှောက်ထားလေသည်။ ရဟန်းအပေါင်းက ခိုက်ရန်ငြင်းခုံမှုမရှိကြောင်း အမိန့်ရှိသောအခါ အရှင်ဘုရားများ တပည့်တော်အိမ်သို့ ကြွလာစဉ်အခါ ရဟန်းအားလုံး တပေါင်းတည်းကြွလာကြပါ၏။ ယခုအခါမူ ထိုကဲ့သို့မဟုတ်ပဲ တခုတခုသောအရပ်မှ တပါးတပါးစီ ကြွလာကြသည်ဟု လျှောက်ထားသောအခါ ဒါယိကာမကြီး–ရဟန်းများ တနေရာစီ ရဟန်းတရားအားထုတ်ကြသည်ဟု အမိန့်ရှိကြလေသည်။

ထိုအခါ ဒါယိကာမကြီးသည် အရှင်ဘုရားတို့–ဤရဟန်းတရားမည်သည် အဘယ်သို့ပါနည်းဟု မေးလျှောက်ရာ ဒါယိကာမကြီး–ကောသာ, လောမာစသော သုံးဆယ့်နှစ်ပါးသော အခြင်းအရာတို့ကို ရှုတ်အံ့ကြပါ၏။ ကိုယ်ခန္ဓာအတွင်ဘော၌ ကုန်ခြင်း ပျက်ခြင်းကို နှလုံးသွင်းကြပါ၏ဟု အမိန့်ရှိသောအခါ အားထုတ်ပုံများလိုသော်စိတ်ဆန္ဒရှိသဖြင့် ထိုတရားကို ရဟန်းတို့ထံမှ သင်ယူပြီးလျှင် ကြိုးစားအားထုတ်ရာ ရဟန်းတို့ထက် ရှေးဦးစွာ ပဋိသမ္ဘိဒါလေးပါး, လောကီအဘိညာဉ်တို့နှင့်တကွ အနာဂါမ်အရိယာ ဖြစ်သွားလေ၏။

အနာဂါမ်ဒါယိကာမကြီးသည် မဂ်ဖိုလ်ချမ်းသာမှ ထ၍ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ကြည့်ရှုလျှင် လောဘ, ဒေါသ, မောဟများရှိကြ၍ စျာန်ဝိပဿနာမျှ ထိုရဟန်းတို့မှာ မရှိချေ။ သို့သော်တခါန်မှာ ရဟန္တာဖြစ်ဘို့ရန်အကြောင်းကိုတော့ သိမြင်လေ၏။ ဆက်လက်ပြီး ဆင်ခြင်ကြည့်ရှုပြန်ရာ ကျောင်း အိပ်ရာများ ပြည့်စုံပုံ, ပဂ္ဂလသပ္ပါယရှိပုံများကို တွေ့မြင်ပြီးလျှင် အာဟာရသပ္ပါယ မရှိပုံကို တွေ့မြင်သည့်အတွက် ထိုအခါမှစ၍ မွန်မြတ်သော ခဲဘွယ်ဘောဇဉ်တို့ကို စီမံပြီး ဆက်ကပ်၍ နှစ်သက်ရာ အာဟာရတို့ကို ဘုဉ်းပေးပြီး တရားအားထုတ်ကြရာ မကြာမြင့်မီ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာ ဖြစ်ကြလေသည်။

ထို့နောက် မထင်ရှားသော ရဟန်းတပါးသည် အနာဂါမ်ဒါယိကာမကြီး၏ ဂုဏ်သတင်းကို ကြား၍ ထိုဒါယိကာမကြီးထံ သွားလိုသောစိတ်ဖြစ်ရာ မြတ်စွာဘုရားအထံတော်၌ ကမ္မဋ္ဌာန်းယူပြီးလျှင် ဘုရားထံ ခွင့်ပန်၍ ထို့ရွာသို့ ကြွသွားလေ၏။ ကျောင်းသို့ရောက်သောအခါ ဤဒါယိကာမကြီးသည် သူတပါးကြွံစည်အပ်သမျှ အကုန်သိ၏ဟု ငါကြားခဲ့သည်။ ငါသည်လည်း ခရီးပန်းခဲ့သည့်အတွက် ကျောင်းကိုအမှီက်သုတ်သင်ခြင်းငှါမတတ်နိုင်သည်ဖြစ်၍ အမှိုက်သုတ်သင်ဘို့ရန် လူတယောက်လွှတ်လျှင်ကောင်းမှာပဲဟု ကြံစည်လေရာ ဒါယိကာမကြီးသည် အိမ်၌ ဆင်ခြင်လေလျှင် ထိုအကြောင်းကို သိ၍ လူတယောက်အား ကျောင်းသုတ်သင်ဘို့ရန် လွှတ်လိုက်လေသည်။

ထို့နောက် ဖျော်ရည်သောက်လိုကြောင်း ကြံစည်သည့်အတွက် ဖျော်ရည်တဖန် ပို့ခိုင်းပြီးလျှင် နံနက်စောစော ယာဂုနှင့် ဆွမ်းလက်သုတ်ဟင်းလျာ စားလိုကြောင်း ကြံစည်ပြန်လေရာ ထိုနည်းတူစွာ ပို့ခိုင်းပြန်လေသည်။ အမျိုးမျိုးစားဘွယ်များကြံစည်တိုင်းပို့ခိုင်းလေလျှင် ငါကြံစည်တိုင်း ဤဒါယိကာမကြီးသည် အကုန်သည်အတွက် ဤဒါယိကာမကြီးကို ငါကြည့်ရှုလို၏၊ အစားကောင်းများ ကိုယ်တိုင်ယူပြီးလျှင် ရောက်လာပါမူ ဩဇာ ကောင်းလေစွဲဟု ကြံစည်လေရာ အနာဂါမ်ဒါယိကာမကြီးသည် ထိုအကြံကိုသိ၍ ကိုယ်တိုင်သွားရောက် ဆက်ကပ်လေ၏။

ထိုရဟန်းသည် ဆွမ်းဘုဉ်းပေးပြီးသောအခါ ဒါယိကာမကြီး–သူတပါး စိတ်အကြံကို သိသလောဟု မေးလေလျှင် ငါ့သား ဘယ်အကျိုးငှါ ငါ့ကို မေးလေဘိသနည်းဟု ပြောဆိုလတ်သော် ဦးပဉ္စင်းကြံစည်အပ်သမျှ ပြုပေးသည့်အတွက် မေးရခြင်းဖြစ်ပါ၏ဟု ပြောဆို၏။ ငါ့သား သူတပါးစိတ်ကိုသိသော ရဟန်းတို့သည် များစွာရှိပါကုန်၏ဟု လျှောက်ထားသောအခါ ဒါယိကာမကြီး–သူတပါးကို ငါမမေးပါ၊ ဒါယိကာမကြီးကိုသာ မေးပါ၏ဟု ဤသို့မလဲ့သာအောင်မေးသော်လည်း ဒါယိကာမကြီးသည် သူတပါးစိတ်ကိုသိသည်ဟူ၍ မပြောဆိုပဲ ငါ့သားမောင်ပဉ္စင်း–သူတပါးစိတ်ကို သိသော်သူတို့မည်သည်ကား ဤသို့ပြုကုန်၏ဟု ပြောဆိုလေသည်။

ထိုရဟန်းသည် ဤအမှုကား ဝန်လေး၏၊ ပုထုဇဉ်တို့မည်သည် ကောင်းမကောင်း ကြံတတ်ကုန်၏၊ ငါသည် မသင့်တင့်မလျောက်ပတ်သည်ကို အကယ်၍ ကြံမှားခဲ့သော် ဥစ္စာထုပ်နှင့်တကွ မိသောခိုးသူကို ဆံပင်ရောင်ထုံး၌ ဆွဲငင်ဘိသကဲ့သို့ ငါ့ကို ဖရိုဖရဲဖောက်ပြန်ခြင်းသို့ ရောက်စေလေရာ၏။ ငါသည် ဤကျောင်းမှာနေခြင်းငှါ မသင့်လျော်ဖြစ်ဘို၏ဟု ကြံစည်၍ ဒါယိကာမကြီးကို သွားဘို့ရန် ပြောကြားလေသည်၊ ဒါယိကာမကြီးသည် မသွားဘို့ရန် တောင်းပန်သော်လည်း ထိုရဟန်းသည် ဘုရားထံသို့ ထွက်ခွါသွား၏။

မြတ်စွာဘုရားထံရောက်၍ ဤအကြောင်းစုံကို လျှောက်ထားလေလျှင် ဘုရားရှင်က စိတ်တခုကို စောင့်ရှောက်နိုင်သလောဟု မိန့်တော်မူသောအခါ စောင့်ရှောက်နိုင်ပါ၏ဘုရားဟု လျှောက်ထားလေသော် ဒီလိုဆိုလျှင် စိတ်ဘခု ကိုနှိုင်အောင် စောင့်ရှောက်လော့။ ဤစိတ်တခုကို စောင့်ရှောက်နိုင်ခဲ၏။ သင် ချစ်သားသည် မိမိစိတ်ကို နှိမ်နင်းလေလော့၊ တခြားကို မကြံလင့်၊ ဤစိတ်ကို နှိမ်နင်းနိုင်ခဲ၏ဟု မိန့်တော်မူကာ ဤဒေသနာဂါထာကို ဟောတော်မူလေသည်။

ဒုန္နိဂ္ဂဟဿ လဟုနော၊ ယတ္ထကာမနိပါတိနော။
စိတ္တဿ ဒမထော သာဓု၊ စိတ္တံ ဒန္တံ သုခါဝဟန္တိ။

ဒုန္နိဂ္ဂဟဿ၊ အလွန်နှိမ်နင်းနိုင်ခဲသော။ လဟုနော၊ လျင်မြန်စွာဖြစ်ခြင်း ချုပ်ခြင်းရှိသော။ ယတ္ထကာမနိပါတိနော၊အကြင်အကြင်အလိုရှိအပ်သောအာရုံ၌ကျခြင်းရှိသော။ စိတ္တဿ၊ စိတ်ကို။ ဒမထော၊ ဆုံးမခြင်းသည်။ သာဓု၊ ကောင်း၏။ ဒန္တံ၊ ဆုံးမအပ်ပြီးသည်ဖြင့်၍ ယဉ်ကျေးသော။ စိတ္တံ၊ စိတ်သည်။ သုခါဝဟံ၊ မင်္ဂလာနိဗ္ဗာန်ချမ်းသာကို ဆောင်တတ်၏။ ဤတိ၊ ဤသို့ မိန့်တော်မူ၏။

ထိုရဟန်းသည် အဆုံးအမသြဝါဒကို ဘုရားထံမှ နာယူပြီးလျှင် မာတိကာရွာသို့ပင် ပြန်လာခဲ့၍ စိတ်ကို စောင့်ရှောက်ပြီး တရားအားထုတ်လေရာ မကြာမြင့်မီ ရဟန္တာဖြစ်လေ၏။

ဤကား အနာဂါမ်ပုဂ္ဂိုလ်များအတွက် နည်းယူဘွယ်ရာပေတည်း။ အနာဂါမ်ပုဂ္ဂိုလ်တို့သည် ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ, ပရစိတ္တဝိဇာနနစသော လောကီအာဘိညာဉ်များရနိုင်ကြောင်းကို သိရှိရာ၏။ သာသနာကြည်ညိုရာ၌ အထူးဆိုဘွယ်ရာမရှိပြီ။ သောတာပန်, သကဒါဂါမ်ပုဂ္ဂိုလ်တို့ထက်ပင် ကြည်ညိုလေးစားမြတ်နိုးကြလေ၏။

ဗြဟ္မဉ့ပြည်တွင် အနာဂါမ်များရှိကြောင်း

ဗြဟ္မာဘုံ နှစ်ဆယ်တို့တွင် သုဒ္ဓါဝါသငါးဘုံသည် အရိယာပုဂ္ဂိုလ်အထွတ်အထိပ်တို့၏ နေရာဌာနသာ ဖြစ်၏။ ထိုဘုံ၌ ရှိရှိသမျှသော ဗြဟ္မာတို့သည် မြတ်စွာဘုရားတို့၏ တပည့်သားအစစ် ဖြစ်ကြီး ဖြစ်ကြကုန်သော အရိယာသာဝကတို့သာတည်း။ ပုထုဇဉ်သာဝက, သောတာပန်သာဝက, သကဒါဂါမ်သာဝကတို့နှင့် သက်ဆိုင်သောဘုံမဟုတ်ချေ။ ထိုသုဒ္ဓါဝါသ ငါးဘုံတို့တွင် တဘုံတဘုံမှာပင် ဝိပဿီ အစရှိကုန်သော ဘုရားခုနစ်ဆူတို့အနက် တဆူတဆူသော ဘုရားရှင်၏ တပည့်သာဝက ဖြစ်ကုန်သော ဗြဟ္မာတို့သည်ပင်လျှင် သိန်းပေါင်း

များစ္ဒာရှိနေကြကုန်၏။ ဘုရားခုနစ်ဆူတိုင်တိုင် သိမ့်လိုက်ကြကုန်သော ဗြဟ္မာကြီးတို့သည်လည်း များစ္ဒာပင် ရှိကြကုန်၏။

တရံရောအခါ ငါတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော ဂေါတမမြတ်စ္ဒာဘုရားသည် သုဒ္ဓါဝါသဗြဟ္မာဘုံတို့၌ ဒေသစာရီ ကြွချီတော်မူသောအခါ ရှေးဦးစ္ဒာအဝိဟာဗြဟ္မာတို့၏ အလယ်၌ ကိုယ်ထင်ရှား ပေါ်တော်မူ၏။ အဝိဟာဘုံ၌ အသိန်းမကသော ဗြဟ္မာတို့သည် မြတ်စ္ဒာဘုရားထံသို့ ချဉ်းကပ်ကုန်ပြီးလျှင် ခုနစ်ဆူကုန်သော ဘုရားရှင်တို့၏ အန္တယ်အဆက်တို့ကို မြတ်စ္ဒာဘုရားအား လျှောက်ထားကြလေကုန်၏။

ထို့နောက် ထိုအဝိဟာဗြဟ္မာတို့ကို နောက်ပါခေါ်ဆောင်ခဲ့၍ အတပ္ပါဗြဟ္မာတို့အလယ်၌ ကိုယ်ထင်ရှားပေါ်တော်မူပြီးလျှင် အတပ္ပါဘုံ၌ရှိကြသော ဗြဟ္မာတို့သည်လည်း ရှေးနည်းအတူပင် လျှောက်ထားကြကုန်၏။

ထို့နောက် ထိုအဝိဟာဗြဟ္မာ, အတပ္ပါဗြဟ္မာတို့ကို နောက်ပါခေါ်ဆောင်ခဲ့၍ သုဒဿာ ဗြဟ္မာတို့အလယ်၌ ကိုယ်ထင်ရှားပေါ်တော်မူ၏။ ထိုသုဒဿာဘုံ၌ ရှိကြသော ဗြဟ္မာအပေါင်းတို့သည်လည်း ရှေးနည်းအတူပင် လျှောက်ထားကြကုန်၏။

ထို့နောက် အဝိဟာဗြဟ္မာ, အတပ္ပါဗြဟ္မာ, သုဒဿာဗြဟ္မာတို့ကို နောက်ပါခေါ်ဆောင်ခဲ့၍ သုဒဿီဗြဟ္မာလေးဘုံသားတို့ကို နောက်ပါ ခေါ်ဆောင်တော်မူခဲ့၍ အကနိဋ္ဌ ဗြဟ္မာတို့၏ အလယ်၌ ကိုယ်ထင်ရှားပြတော်မူ၏။ ထိုအကနိဋ္ဌဘုံ၌လည်း ဗြဟ္မာအပေါင်းတို့သည် ရှေးနည်းအတူပင် လျှောက်ထားကြကုန်၏ဟူ၍ မဟာပဒါနသုတ်၌ ဆိုသည်။

ထို သုဒ္ဓါဝါသဗြဟ္မာဘုံသို့ ကြွချီတော်မူသောအခါ မြတ်စ္ဒာဘုရားထံပါးသို့ ချဉ်းကပ် ခစားရန် လာရောက်ကြကုန်သော ဗြဟ္မာတို့သည် ကုဋေအရာမက စည်းဝေးမိကြကုန်၏။ ထိုဗြဟ္မာတို့သည် သာမညသာဝကများ မဟုတ်ကြပဲ အချို့မှာ အနာဂါမ်, အချို့မှာ ရဟန္တာဖြစ်ကြကုန်၏ဟု ဆိုသည်။ ထို့ကြောင့် တသောင်းသော လောကဓာတ်အတွင်း၌ ရှိနေကြကုန်သော နတ်ပြည်, ဗြဟ္မာပြည်ဘို့သည် မြတ်စ္ဒာဘုရား၏ တပည့်သာဝကတို့ဖြင့် ပြည့်လျှံနေကြကုန်၏ဟူ၍ သိမှတ်အပ်၏။

ပုဂ္ဂိုလ်လေးမျိုးနှင့် သက်ဆိုင်သော သိမှတ်ဘွယ်ရာ တရားတော်များ

သောတာပတ္တိဖိုလ်, သကဒါဂါမိဖိုလ်, အနာဂါမိဖိုလ်, အရဟတ္တဖိုလ် ဤဖိုလ်လေးပါးသည် လောကုတ္တရာအကျင့် ပဋိပတ်၏အကျိုးအာနိသင်မည်၏။

သောတာပတ္တိဖိုလ်ဌာတည်သော အရိယာသာဝက တပည့်သားတော်မြတ်သည် သောတာပန်မည်။

သကဒါဂါမိဖိုလ်ဌာတည်သော အရိယာသာဝကသည် သကဒါဂါမ်မည်၏။

အနာဂါမိဖိုလ်ဌာတည်သော အရိယာသာဝကသည် အနာဂါမ်မည်၏။

အရဟတ္တဖိုလ်ဌာတည်ပြီးသော အာသဝေါမရှိသော အရိယာသာဝကသည် ရဟန္တာမည်၏။

ရုပ်နာမ်ဓမ္မ သင်္ခါရတို့ဌာ အနိစ္စသညာကို ပွားများသည်ရှိသော် ကြိမ်ဖန်များစွာ အလေ့အလာ ပြုအပ်သည်ရှိသော် အတ္တဒိဋ္ဌိ, သီလဗ္ဗတပရာမာသ, ဝိစိကိစ္ဆာသံယောဇဉ်သုံးပါးတို့၏ ကုန်ခန်းခြင်းကြောင့် သောတာပန်ဖြစ်လေ၏။ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် တည်းဟူသော အပါယ်လေးပါးသို့ ကျရောက်ရန် သဘောမရှိ၊ သုဂတိဘုံဘဝတည်းဟူသော မြဲသောဂတိရှိ၏၊ အထက်မဂ်ဉာဏ်သို့သာလျှင် ဆိုက်ရောက် လည်းလျောင်းရာရှိ၏။

ထို အနိစ္စ ဝိပဿနာတရားကိုပင်လျှင် တဖန်ပွားများပြန်သည်ရှိသော်, ကြိမ်ဖန်များစွာ အလေ့အလာပြုပြန်သည်ရှိသော် ရုန့်ရင်းကြမ်းတမ်းသော ကာမရာဂနှင့် ဗျာပါဒတို့ကို ပယ်သဖြင့် သကဒါဂါမ်ဖြစ်လေ၏။ ဤကာမသုဂတိဘုံသို့ ပဋိသန္ဓေအားဖြင့် တကြိမ်မျှသာ ကျင်လည်ရန်ရှိ၏။

ထို့အနိစ္စဝိပဿနာတရားကို ဆက်လက်၍ တဖန်ပွားများပြန်သည်ရှိသော်, ကြိမ်ဖန်များစွာ ဝီရိယထူထောင်၍ အလေ့အလာ ပြုပြန်သည်ရှိသော် သိမ်မွေ့သော ကာမရာဂနှင့် ဗျာပါဒကို အကြွင်းမဲ့ပယ်သဖြင့် အနာဂါမ်ဖြစ်လေ၏။ ပဋိသန္ဓေအားဖြင့် ဤကာမဘုံသို့ လာရန်သဘောမရှိချေ။

ထို့အနိစ္စဝိပဿနာကမ္မဋ္ဌာန်းကိုပင်လျှင် တဖန် ပွားများပြန်သည်ရှိသော် ကြိမ်ဖန်များစွာ အလေ့အလာပြုပြန်သည်ရှိသော် အလုံးစုံသော ကိလေသာတို့ကို အကြွင်းမဲ့ပယ်သဖြင့် အာသဝေါကုန်ခန်းသော ရဟန္တာအဖြစ်သို့ ရောက်လေ၏။ မြတ်သောအလှူကို ခံထိုက်၏၊ မျက်မှောက်ဘဝ၌ ပင်လျှင် ငြိမ်းချမ်းမှုကို ရလေ၏။

ခန္ဓဝဂ္ဂသံယုတ် ပဥ္စမဗုဒ္ဓဝဂ်၌....

"ရဟန်းတို့ အနိစ္စဝိပဿနာကမ္မဋ္ဌာန်းကို ကြိုးစားအားထုတ်သည် ရှိသော် ကာမဘဝ၌ သာယာသော ကာမတဏှာအလုံးစုံကို ကုန်ခန်းစေနိုင်၏။ ရူပဘဝ၌ သာယာသော ရူပရာဂအလုံးစုံကို ကုန်ခန် စေနိုင်၏၊ ဘဝအမျိုးမျိုး၌ သာယာသော ဘဝရာဂအလုံးစုံကို ကုန်ခန်းစေနိုင်၏၊ အဝိဇ္ဇာအားလုံးကို ကုန်ခန်းစေနိုင်၏၊ မောက်မောက်မားမား ငါတကားဟူ၍ စွဲလမ်းသော အသိမာန အားလုံးကို ပယ်နုတ်နိုင်၏။

ဥပမာသော်ကား– ရဟန်းတို့.... တန်ဆောင်မုန်းလအခါ၌ လယ်ထွန်သမား သည် ကြီးစွာသော ထွန်ဖြင့် လယ်ထွန်သည်ရှိသော် အလုံးစုံသော သစ်မြစ် အစဉ်ကို ဖြတ်ခဲ့သုတ်သင်လျက် ထွန်သကဲ့သို့ငင်း, ဥပမာတနည်းသော်ကား– ဗြိတ်မြက်ရိတ်သမားသည် ဗြိတ်မြက်ကိုရိတ်၍ အဖျားဌ ကိုင်ပြီးလျှင် နှဲ့၍ခါ သကဲ့သို့ငင်း, နှဲ့၍ဆောင်သကဲ့သို့ငင်း, ဥပမာ တနည်းသော်ကား– သရက်သီး ခိုင်ကို အညှာမှဖြတ်အပ် ဆွတ်ခူးအပ်သည်ရှိသော် သရက်သီး အလုံးစုံတို့သည် ထိုအညှာသို့ လိုက်ပါကြကုန်ဘိသကဲ့သို့ငင်း, ဥပမာ တနည်းသော်ကား– အထွတ်တပ်သော ပြာသာဒ်၏ အကြင် အလုံးစုံသော အခြင်တို့သည် ဒိုင်း မြှား ရနယ် စသည်တို့သည် ရှိကြကုန်၏၊ ထိုအလုံးစုံသော အခြင်တို့သည် အထွတ်သို့သာ ဆုံစည်းကြကုန်၏၊ အထွတ်ကို ထိုအခြင်တို့၏ အစွန်အဖျား ဆို အပ်သကဲ့သို့ငင်း, ဥပမာတနည်းသော်ကား–အလုံးစုံသော အမြစ်နှံသာမျိုးတို့ သည် ရှိကုန်၏၊ ထိုအမြစ်နှံ့ သာမျိုးတို့တွင် အကျော်နှံ့ သာကို အမြတ်ဆုံး ဆိုအပ်သကဲ့သို့ငင်း, ဥပမာတနည်းသော်ကား–အလုံးစုံသော အနှစ်နှံ့ သာမျိုး တို့သည် ရှိကုန်၏၊ ထိုအနှစ်နှံ့ သာမျိုးတို့တွင် စန္ဒကူးနီကို အမြတ်ဆုံး ဆိုအပ် သကဲ့သို့ငင်း, ဥပမာတနည်းသော်ကား– အလုံးစုံသော ပန်းနှံ့ သာမျိုးတို့သည် ရှိကုန်၏၊ ထိုပန်းမျိုးနှံ့ သာမျိုးတို့တွင် မိုးစေ့ပန်းကို အမြတ်ဆုံး ဆိုအပ်သကဲ့သို့ ငင်း, ဥပမာတနည်းသော်ကား– အလုံးစုံသော တိုင်းကြပ်မင်းငယ်အပေါင်းတို့ သည် ရှိကုန်၏၊ စကြာမင်းကို ထိုမင်းတို့ထက် အမြတ်ဆုံး ဆိုအပ်သကဲ့သို့ငင်း, ဥပမာတနည်းသော်ကား– အလုံးစုံသော ကြယ်တာရာတို့၏ အရောင်တို့သည် ရှိကုန်၏၊ ထိုအလုံးစုံသော ကြယ်တာရာအရောင်တို့သည် လမင်းအရောင်ကို တဆယ့်ခြောက်စိတ်စိတ်၍ တစိတ်စာမျှ မထိုက်မမှီကုန်။ လမင်းအရောင်သည် သာလျှင် ထိုကြယ်တာရာရောင်တို့ထက် မြတ်၏ဟူ၍ ဆိုအပ်သကဲ့သို့ငင်း, ဥပမာ တနည်းသော်ကား–မိုးတိမ်စင်ကြယ်သောကန်ဆောင်မုန်းလအခါ၌ နေမင်းသည် ကောင်းကင်သို့ တက်သည်ရှိသော် ကောင်းကင်အပြင်၌ တည်သော အမိုက် မှောင်အားလုံးကို ပယ်ဖျောက်နှိမ်နင်း၍ ထွန်းလင်းသကဲ့သို့ငင်း, တောက်ပ သကဲ့သို့ငင်း, တင့်တယ်သကဲ့သို့ငင်း ရဟန်းတို့–ဤအတူပင်လျှင် အနိစ္စဝိပဿနာ

ကမ္မဋ္ဌာန်းကို ပွါးများအပ်သည်ရှိသော် နှစ်ဆယ်လေးနာရီ နေ့စဉ်မပြတ် ပွါးများအပ်သည်ရှိသော် ကာမတဏှာ အားလုံးကို ကုန်ခန်းစေနိုင်၏၊ ရူပရာဂ, ဘဝရာဂ အားလုံးတို့ကို ကုန်ခန်းစေနိုင်၏၊ အဝိဇ္ဇာအားလုံးကို ကုန်ခန်းစေနိုင်၏၊ အသို့မာနအားလုံးကို အမြစ်ပါမကျန် ပယ်နုတ်နိုင်၏ဟု ဟောတော်မူ၏။

ဤရှင်တော်ဘုရား၏ စကားတော်တွင် အနိစ္စဝိပဿနာကမ္မဋ္ဌာန်း လိုရင်းဖြစ်ကြောင်း ထင်ထင် ရှားရှား အနိစ္စဝိပဿနာပေါက်ရောက်လျှင် ရဟန္တာဖြစ်နိုင်ကြောင်း ပြဆိုလေသည်။

နဝဂ်တွင်ရပါဠိတော်နှာ (၁၆၉)၌လည်း....

> "အနိစ္စသညာ ဘာဝေတဗ္ဗာ အသ္မိမာနသမုဂ္ဃါတာယ၊ အနိစ္စသညိနော မေဃိယ အနတ္တသညာ သဏ္ဌာတိ၊ အနတ္တသညီ အသ္မိမာနသမုဂ္ဃါတံ ပါပုဏာတိ ဒိဋ္ဌေဝ ဓမ္မေ နိဗ္ဗာနံ"ဟူ၍ ဟောတော်မူသည်။

အသ္မိမာနသမုဂ္ဃါတာယ၊ မောက်မောက်မားမား ငါတကားဟု ထောင်လွှားတက်ကြွတတ်သော မာနကို ပယ်သတ်ဖျက်ဆီးခြင်းငှါ၊ အနိစ္စသညာ၊ ရုပ်နာမ်မမြဲဟူသော အမှတ်သညာ ဝိပဿနာကမ္မဋ္ဌာန်းကို။ ဘာဝေတဗ္ဗာ၊ ပွါးများအားထုတ်အပ်၏။ မေဃိယ၊ မေဃိယ။ အနိစ္စသညိနော၊ ရုပ်နာမ်မမြဲ ဟူသော ဝိပဿနာအမှတ်သညာကမ္မဋ္ဌာန်းစွဲမြဲ၍ နေသောသူအား။ အနတ္တသညာ၊ ကိုယ်ဟု စွဲလမ်းစရာအနှစ်သာရ အတ္တမရှိဟူသော အနတ္တအထင်သည်။ သဏ္ဌာတိ၊ အလိုလိုတည်လာ၏။ အနတ္တသညီ၊ အနတ္တသညာ ထင်မြင်လာသောသူအား။ အသ္မိမာနော၊ မောက်မောက်မားမား ငါတကားဟု ထောင်လွှား တက်ကြွတတ်သော မာနသည်။ သမုဂ္ဃါတံ၊ ပျက်စီးခြင်းသို့။ ပါပုဏာတိ၊ ရောက်၏။ ဒိဋ္ဌေဝဓမ္မေ၊ မျက်မှောက်ထင်ထင် ရှုမြင်အပ်သော ပစ္စုပ္ပန်ဘဝ၌ပင်လျှင်။ နိဗ္ဗာနံ၊ ငြိမ်းချမ်းသက်သာခြင်းသည်။ ဟောတိ၊ ဖြစ်၏။

အဂ်ုတ္တိရ်ဝေလာမသုတ်၌လည်း "အစ္ဆရာသဃ်ဘတမတ္တမိဳ အနိစ္စသညံ ဘာဝေယျ ဣဒံ တတော မဟပ္ဖလတရံ=လက်ဖျစ်တတ်ခန့်မျှ နာမ်ရုပ်မမြဲဟူသော အမှတ်သညာကို ပွါးများလျှင် ဒါန, သီလတို့ထက်မြတ်၏"ဟု ဟောကြားတော်မူ၏။ "ဤကား အနိစ္စဝိပဿနာကမ္မဋ္ဌာန်း၏ ထက်မြက်ပုံ အကျိုးအာနိသင်မျှားတည်း။

အနာဂါမိပုဂ္ဂလကထာ ပြီး၏။

အရဟန္တကထာ

သောတာပန်ဖြစ်ပြီးလျှင် သကဒါဂါမ်, သကဒါဂါမ် ဖြစ်ပြီးလျှင် အနာဂါမ်, အနာဂါမ်ဖြစ်ပြီးလျှင် ရဟန္တာဖြစ်လေသည်။

ရဟန္တာဟူသည် ကိလေသာအားလုံးကို ပယ်သတ်ပြီးသော ပုဂ္ဂိုလ်ဖြစ်သည်၊ ဤလောက၌ သတ္တဝါအားလုံးတို့သည် ကိလေသာကြောင့် ဆင်းရဲအမျိုးမျိုး နှစ်စဉ် တွေ့ကြုံကြရပြီးလျှင် သေပြီးသည့် နောက်ကာလ၌လည်း ဆင်းရဲရှိရာ ဘုံဘဝသို့ ရောက်ကြရကုန်၏။

ရဟန္တာပုဂ္ဂိုလ်ဟူသည် ထိုကဲ့သို့သော ကိလေသာတို့ကို အကြွင်းမရှိပယ်သတ်ပြီးဖြစ်သောကြောင့် ဆင်းရဲမတွေ့ရတော့ပဲ ခန္ဓာခြုံပ်လျှင် (၀၇) ပရိနိဗ္ဗာန်စံဝင်လျှင် နိဗ္ဗာန်သို့သာ ရောက်ရှိသွားတော့၏။

ပုဂ္ဂလပညတ်ပါဠိတော် နှာ (၁၂၁) ၌ "ယဿ ပုဂ္ဂလဿ ရူပရာဂေါ အရူပရာဂေါ မာနော ဥဒ္ဓစ္စံ အဝိဇ္ဇာ အနဝသေသာ ပဟီနာ။ အယံ ဝုစ္စတိ ပုဂ္ဂလော အရဟာ"။

ဟူ၍ ရဟန္တာခေါ်ဆိုအပ်ပုံကို မိန့်တော်မူ၏။

ရူပရာဂ=ရူပဘုံ၌ တပ်မက်မှု, အရူပရာဂ=အရူပဘုံ၌တပ်မက်မှု, မာန=ထောင်လွှားတက်ကြွမှု, ဥဒ္ဓစ္စ=ပျံ့လွင့်မှု, အဝိဇ္ဇာ=သစ္စာလေးပါးကိုမသိမှု တရားမျှားကို အကြွင်းမဲ့ ပယ်သတ်အပ်ပြီးသော ပုဂ္ဂိုလ်ကို ရဟန္တာဟူ၍ ဆိုအပ်၏။

ခီဏာ ဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊ နာပရံ ဣတ္ထတ္တာယ ဟူသော ထိုထိုသို့သော နိကာယ်တို့၌ ဟောတော်မူအပ်သော ပါဠိတော်အရ ရဟန္တာပုဂ္ဂိုလ်သည် နောက်တဖန် ဘဝသစ်ဖြစ်မှု ပဋိသန္ဓေနေမှု မရှိတော့ပြီ၊ မြတ်သော အာကျင့်ကို ကျင့်သုံးအပ်ပြီ၊ တဆယ့်ခြောက်ပါးသော မဂ်ကိစ္စ အလို၌ပါ တပါးသော ကျင့်ဘွယ်ကိစ္စမရှိတော့ပြီ။

ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ တည်းဟူသော အာသဝေါတရားလေးပါးတို့၏ ကုန်ခန်းခြင်းကြောင့်၎င်း, တထောင့်ငါးရာ ကိလေသာတို့၏ ကုန်ခန်းခြင်းကြောင့်၎င်း အာသဝက္ခယဉာဏ်ကို ရရှိတော်မူသဖြင့် ရဟန္တာဟူ၍ပင် ခေါ်ဆိုအပ်လေ၏။

ရဟန္တာ ၁၂-မျိုး

"တတ္ထ သုညတဝိမောက္ခေန ဝိမုတ္တာ ခီဏာသဝေါ ပဋိပဒါဝသေန စတုဗ္ဗိဓော ဟောတိ၊ တထာ အနိမိတ္တအပ္ပဏိဟိတဝိမောက္ခေဟိ ဧဝံ ဒ္ဝါဒသ အရဟန္တော ဝေဒိတဗ္ဗာ"။

ဟူသော ပုဂ္ဂလပညတ်အဋ္ဌကထာ နှာ(၅၃)နှင့် အဂုတ္တိုရ် အဋ္ဌကထာများ၌ ဖွင့်ပြသည့် ရဟန္တာ (၁၂) မျိုးကား—

နိဗ္ဗာန်လမ်းစဉ်ပြကျမ်း

၁။ သုညတဝိမောက္ခ ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ ရဟန္တာ၊
၂။ သုညတဝိမောက္ခ ဒုက္ခပဋိပဒါ ခိပ္ပါဘိညာ ရဟန္တာ၊
၃။ သုညတဝိမောက္ခ သုခပဋိပဒါ ဒန္ဓာဘိညာ ရဟန္တာ၊
၄။ သုညတဝိမောက္ခ သုခပဋိပဒါ ခိပ္ပါဘိညာ ရဟန္တာ။
၁။ အနိမိတ္တဝိမောက္ခ ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ ရဟန္တာ၊
၂။ အနိမိတ္တ ဝိမောက္ခ ဒုက္ခပဋိပဒါ ခိပ္ပါဘိညာ ရဟန္တာ၊
၃။ အနိမိတ္တ ဝိမောက္ခ သုခပဋိပဒါ ဒန္ဓာဘိညာ ရဟန်္တာ၊
၄။ အနိမိတ္တ ဝိမောက္ခ သုခပဋိပဒါ ခိပ္ပါဘိညာ ရဟန္တာ။
၁။ အပဏိဟိတ ဝိမောက္ခ ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ ရဟန္တာ၊
၂။ အပဏိဟိတ ဝိမောက္ခ ဒုက္ခပဋိပဒါ ခိပ္ပါဘိညာ ရဟန္တာ၊
၃။ အပဏိဟိတ ဝိမောက္ခ သုခပဋိပဒါ ဒန္ဓာဘိညာ ရဟန္တာ၊
၄။ အပဏိဟိတ ဝိမောက္ခ သုခပဋိပဒါ ခိပ္ပါဘိညာ ရဟန္တာ တို့
ဖြစ်၏။

ပုဂ္ဂလပညတ်ပါဠိတော်၌ ဟောတော်မူအပ်သော ရဟန္တာပုဂ္ဂိုလ် စသည်များနှင့် သိမှတ်ဘွယ်ရာ အဖြာဖြာ

၁။ သမသီသီပုဂ္ဂိုလ်၊
၂။ ဥဘတောဘာဂဝိမုတ္တပုဂ္ဂိုလ်၊
၃။ ပညာဝိမုတ္တပုဂ္ဂိုလ်၊
၄။ ကာယသက္ခိပုဂ္ဂိုလ်၊
၅။ ဒိဋ္ဌပ္ပတ္တပုဂ္ဂိုလ်၊
၆။ သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်၊
၇။ ဓမ္မာနုသာရီပုဂ္ဂိုလ်၊
၈။ သဒ္ဓါနုသာရီပုဂ္ဂိုလ်၊

၁။ သမသီသီ ပုဂ္ဂိုလ်သည် (က) ဣရိယာပထသမသီသီ, (ခ) ရောဂသမသီသီ, (ဂ) ဇီဝိတသမသီသီ ဟူ၍ သုံးမျိုးရှိရာတွင်—

(က) ဣရိယာ ပုထ်ဖြင့် ဝိပဿနာတရားကို အားထုတ်ပွါးများရာ ထို ဣရိယာပုထ်ဖြင့် အာသဝေါကုန်ခန်း ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်ယူသော ပုဂ္ဂိုလ်သည် ဣရိယာပထသမသီသီ ပုဂ္ဂိုလ်မည်၏။

ဥပမာ-စကြံသွားသော ဣရိယာပုဒ်ဖြင့် ရုပ်နာမ်တရားတို့ကို မမြဲကြောင်း ဝိပဿနာတရားဖြင့် ပွါးများဆင်ခြင်ရာ ရဟန္တာလည်းဖြစ်, စကြံသွားသော ဣရိယာပုထ်ဖြင့်လည်း ပရိနိဗ္ဗာန် ပြု၏၊ ထို ပုဂ္ဂိုလ်သည် ဣရိယာပထသမသီသီ ပုဂ္ဂိုလ် မည်၏။ ဝိပဿနာတရားကို ပွါးများဆင်ခြင်ရာ ရဟန္တာဖြစ်၍ စကြံသွားလျက် ပရိနိဗ္ဗာန်ပြုသော အရှင်ပဒုမ မထေရ်ကဲ့သို့ရင်း, ရပ်လျက် ဝိပဿနာတရားကို ပွါးများဆင်ခြင်ရာ ရဟန္တာဖြစ်ပြီးလျှင် ရပ်လျက်သာ ပရိနိဗ္ဗာန်ပြုသော ကောဋ္ဌတောင်ပေါ်ကျောင်းတိုက်၌ ဒုနသော အရှင်တိဿမထေရ်ကဲ့သို့ရင်း သိမှတ်အပ်၏။ ထို့အတူ ထိုင်လျက်, လျောင်းအိပ်လျက် ဝိပဿနာ ပွါးများအားထုတ်ရာ ရဟန္တာဖြစ်၍ ထိုထိုသို့သော ဣရိယာပုဒ်ဖြင့်သာ ပရိနိဗ္ဗာန်ပြုသည်တို့ကိုလည်း ဣရိယာပထသမသီသီဟူ၍ မှတ်သားအပ်၏။

(ခ) အကြင် ပုဂ္ဂိုလ်မှာ အနာရောဂါ တခုခု ညှဉ်းပန်းနှိပ်စက်၍ နေ၏။ ထိုရောဂါကပ်ရောက်စဉ် အတွင်း၌ပင်လျှင် ဝိပဿနာဘာဝနာကို ပွါးများအားထုတ်ရာ ရဟန္တာဖြစ်ပြီးလျှင် ထိုရောဂါဖြင့် ပရိနိဗ္ဗာန်ပြုသော ပုဂ္ဂိုလ်သည် ရောဂသမသီသီပုဂ္ဂိုလ် မည်၏။

(ဂ) အရှင်ဂေါမိက မထေရ်ကဲ့သို့ အရဟတ္တဖိုလ်သို့လည်းရောက်, ပရိနိဗ္ဗာန်လည်း စံသော ပုဂ္ဂိုလ်သည် ကိလေသာကုန်ခြင်း, အသက်ကုန်ခြင်းကြောင့် ညီမျှသော ဇီဝိတသမသီသီ ပုဂ္ဂိုလ်မည်၏။

အဝိဇ္ဇာတည်းဟူသော ကိလေသာ ဦးခေါင်းအထုတ်ကို အရဟတ္တမဂ်က ကုန်ခန်းစေ၏၊ ဇီဝိတိန္ဒြေတည်းဟူသော အသက်၏ဦးခေါင်းအထုတ်ကို စုတိစိတ်က ကုန်ခန်းစေ၏၊ ကိလေသာကုန်, အသက်ကုန် နှစ်ပါးညီမျှ၍ ဇီဝိတသမသီသီ ခေါ်သည်။

အသက်ကုန်ခြင်းနှင့် ကိလေသာကုန်ခြင်း အဘယ်သို့ ညီမျှနိုင်ပါသနည်း၊ အရဟတ္တမဂ်စိတ်နှင့် စုတိစိတ်သည် တမျိုးစီဖြစ်၏ဟူ၍ စောဒနာဘွယ် ရှိ၏၊ အရဟတ္တမဂ်ဝီထိစိတ်ဝါရ၌ပင်လျှင် ဘဝင်ကျ၍ စုတိလေသောကြောင့် ဝီထိဝါရ ညီမျှသဖြင့် ဇီဝိတသမသီသီဟု ဆိုရလေသည်။ စိတ်ဖြစ်ပုံသည် လျင်မြန်လှသဖြင့် ရဟန္တာဖြစ်ခြင်းနှင့် စုတိခြင်းသည် တပြိုင်နက် တချက်တည်းကဲ့သို့ ဖြစ်လေ၏။

၂။ ဥဘတောဘာဂဝိမုတ္တ ပုဂ္ဂိုလ်ဟူသည်-သမာပတ် ရှစ်ပါးတို့ကို နာမကာယဖြင့် တွေ့၍နေ၏။ယောဂီပုဂ္ဂိုလ်၏ ပညာဖြင့် တွေ့မြင်၍ အာသဝေါတရားတို့ ကုန်သော ပုဂ္ဂိုလ်ကို နှစ်ပါးသောအဘိုဖြင့် လွတ်သော ပုဂ္ဂိုလ်မြတ်ပေတည်း။

အရှပသမာပတ် လေးပါးကို ရသော ပုဂ္ဂိုလ်သည် ထိုသမာပတ်ကို အနိစ္စဟု ရှု၍ ရဟန္တာအဖြစ်သို့ ရောက်သော ပုဂ္ဂိုလ်လေးယောက်, အနာဂါမ် ပုဂ္ဂိုလ်သည်

နိဏ္ဍောဓသမာပတ်မှထ၍ ထို သမာပတ်ကို အနိစ္စဟူ၍ ရှုသဖြင့် ရဟန္တာအဖြစ်သို့ ရောက်သော ပုဂ္ဂိုလ်တယောက် ဤ ငါးယောက်သည် ဥဘတောဘာဂဝိမုတ္တ ဖြစ်၏။ နှစ်ပါးသောအဘို့ ဆိုသည်ကား— ရူပကာယ, နာမကာယ နှစ်ပါးဖြစ်၏။ နှစ်ကြိမ်လွတ်၏ ဆိုသည်ကား-အရူပသမာပတ်ဖြင့် ရူပကာယမှ လွတ်ခြင်းမဂ်ဖြင့် ကိလေသာဟု ဆိုအပ်သော နာမကာယမှ လွတ်ခြင်းဖြစ်၏။ ရူပကာယ, နာမကာယအဘို့ နှစ်ပါးတို့မှ အရူပစျာန် သမာပတ်,အရိယာမဂ်တို့ဖြင့် နှစ်ကြိမ်ကျွတ်လွတ်သောကြောင့် ဥဘတောဘာဂဝိမုတ္တ ဆိုသည်။

(ဘနည်း) ဝိက္ခမ္ဘနဝိမောက္ခဟု ဆိုအပ်သော စျာန်သမာပတ်ဖြင့် ကိလေသာတို့ကို ခွါ၍ ကျွတ်လွတ်၏။ သမုစ္ဆေဒ ဝိမောက္ခဟု ဆိုအပ်သော အရိယာမဂ်ဖြင့် ကိလေသာတို့ကို အကြွင်းမဲ့ဖြတ်၍ ကျွတ်လွတ်၏။ ထို့ကြောင့် ဥဘတော ဘာဂ ဝိမုတ္တာမည်၏။ အရကောက် အားဖြင့်ကား သမာပတ်အလုံးစုံကို ရပြီး၍ အရူပစျာန်ကို အခြေခံပြီးလျှင် ဝိပဿနာတင်သဖြင့် ရဟန္တာအဖြစ်သို့ ရောက်သော ပုဂ္ဂိုလ်မြတ်ပေတည်း။(ရူပါဝစရစျာန်ကို ရကာမျှဖြင့် ထိုစျာန်ကို အခြေပြု၍ ရဟန္တာဖြစ်သောပုဂ္ဂိုလ်ကို ဥဘတောဘာဂ ဝိမုတ္တ ပုဂ္ဂိုလ်ဟူ၍ မဆို ထိုက်ချေ။)

၃။ ပညာဝိမုတ္တပုဂ္ဂိုလ် ဆိုသည်ကား သမာပတ် ရှစ်ပါးလုံးနှင့် မပြည့်စုံပဲ ဝိပဿနာဉာဏ်သက်သက်ဖြင့် ကျွတ်လွတ်သော ရဟန္တာပုဂ္ဂိုလ်ပေတည်း။ ထို ပညာ ဝိမုတ္တပုဂ္ဂိုလ်ကို အပြားအားဖြင့်ဝေဘန်လျှင် သက်သက် စျာန်မရသော သုက္ခဝိပဿက ရဟန္တာတပါး, ရူပါဝစရ စျာန်လေးပါးကိုရရှိ၍ ထိုစျာန်ကို ဝင်စားပြီးလျှင် စျာန်မှထသောအခါ ရဟန္တာအဖြစ်သို့ ရောက်သော ပုဂ္ဂိုလ် လေးပါး ဤငါးပါးဖြစ်၏။

၄။ ကာယသက္ခီ ပုဂ္ဂိုလ် ဟူသည်ကား စျာန်ချမ်းသာ မဂ်ဖိုလ် ချမ်းသာတို့ကို ကိုယ်တိုင် ဒိဋ္ဌတွေ့ထိခံစား၍ နိဗ္ဗာန်ကို မျက်မှောက်ပြုသော အရိယာပုဂ္ဂိုလ် ဖြစ်၏။ စျာန်အတွေ့အထိကို ရှေးဦးစွာ တွေ့ထိ ခံစားရ၏။ ထို့နောက် နိဏ္ဍောဓသမာပတ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြု၏။ ထို့ကြောင့် ကာယသက္ခီ ဆိုသည်။ ထိုကာယသက္ခီပုဂ္ဂိုလ်သည် အပြားအားဖြင့် သောတာပတ္တိဖလဋ္ဌာန်မှစ၍ အရဟတ္တမဂ္ဂဋ္ဌာန်တိုင်အောင် ခြောက်ယောက်ရှိ၏။

၅။ လွန်ကဲသောပညာဖြင့် သစ္စာလေးပါး တရားကို လျင်မြန်စွာ ထိုးထွင်းသိမြင်၍ အရိယာ ပညာစခန်းသို့ ပေါက်ရောက်သော ပုဂ္ဂိုလ်သည် ဒိဋ္ဌပ္ပတ္တ မည်၏။ ဤဒိဋ္ဌပ္ပတ္တပုဂ္ဂိုလ်သည် ကာယသက္ခီပုဂ္ဂိုလ်ကဲ့သို့ ခြောက်ယောက်ရှိ၏။

၆။ သဒ္ဓါတရားကို အမှူးထား၍ မထက်မြက်သော ပညာဖြင့် နုံ့နှေးစွာ ကျွတ်လွတ်သော အရိယာပုဂ္ဂိုလ်သည် သဒ္ဓါဝိမုတ္တမည်၏။ သဒ္ဓါလွန်ကဲသော

ပုဂ္ဂိုလ်ဖြစ်၍ သဒ္ဓါတရားကို အားကိုးပြီးလျှင် ကျွတ်လွတ်အောင် တိထ္ဒင်ခဲ့ရသော ပုဂ္ဂိုလ်ဟု ဆိုလိုသည်။ ထိုသဒ္ဓါ ဝိမုတ္တသည် ကာယသက္ခီကဲ့သို့ပင် ခြောက်ယောက်ရှိ၏။

ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်နှင့် သဒ္ဓါဝိမုတ္တ ပုဂ္ဂိုလ် နှစ်ဦးတို့မှာ ကိလေသာ ကုန်ခန်း၍ အာရိယာစခန်း ပေါက်သောအခါ မထူးကြ အတူအမျှပင်ဖြစ်၏။ သို့ရာတွင် မဂ်ကို ရအောင် ကျင့်ကြံအားထုတ်ကြသော အခါ၌မူ ထူးထွေကြ၏။ ထူးခြားပုံမှာ ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်သည် ကိလေသာကို ပယ်ခွါသောအခါ ဆင်းရဲ ငြိုငြင်ခြင်း မရှိပဲ ချမ်းချမ်းသာသာနှင့် ကိလေသာ အယုတ်တရားကို ပယ်ခွါ၍ လျင်မြန်စွာ အလုပ်စခန်းပေါက်ရောက်၏။ သဒ္ဓါဝိမုတ္တ ပုဂ္ဂိုလ် သည်ကား ဆင်းရဲ ငြိုငြင်စွာ ကိလေသာကို ပယ်ခွါရ၏။ အလုပ်စခန်း ပေါက်ရောက်ချက် နုံ့နှေး၏။ ထိုပုဂ္ဂိုလ် နှစ်မျိုး၏ ဉာဏ်ပညာသည်လည်း ခြားနားလျက်ရှိ၏။

မှန်၏။ ဒိဋ္ဌိပ္ပတ္တ ပုဂ္ဂိုလ်၏ ဝိပဿနာ ဉာဏ်သည် အထက် မဂ်သုံးပါးသို့ တက်ခြင်းငှါ ထက်မြက်ကြည်လင် ရဲရင့်သည်ဖြစ်၏။ သဒ္ဓါဝိမုတ္တ ပုဂ္ဂိုလ်၏ ဉာဏ်သည်ကား ထက်မြက်ကြည်လင် ရဲရင့်သည်မဟုတ်ချေ။ ထို့ကြောင့် သဒ္ဓါဝိမုတ္တ ပုဂ္ဂိုလ်သည် ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်ကို မမှီဟူ၍ မြတ်စွာဘုရား ဟောတော်မူ၏။သဒ္ဓါနှင့် ပညာသည် ဤလောကုတ္တရာအချက်၌ အရည်အချင်း အစွမ်းသတ္တိ ခြားနားကြ၏။

ဥပမာအားဖြင့် လုလင်ပျိုနှစ်ယောက်သည် ခွန်အားဗလပြိုင်သော အားဖြင့် ငှက်ပျောပင်ကို သန်လျက်ဖြင့်စမ်းခုတ်ကြရာ လုလင်ပျိုတယောက်၏ သန်လျက်သည် ထက်မြက်၏။ ကျန်ရှိသော လုလင်ပျို၏သန်လျက်သည် တုံး၏၊ ထက်မြက်သော သန်လျက်ဖြင့် ငှက်ပျောပင်ကို ခုတ်သောအခါ ပြတ်သောအသံသည် မထင်ရှား၊ ပြတ်ချက် ထင်ရှား၍ ချောမော လျင်မြန်စွာ ပြတ်၏။ တုံးသော သန်လျက်ဖြင့် ခုတ်သော အခါ ပြတ်သောအသံ ထင်ရှားပြီးလျှင် ချောချောမောမော မပြတ်ချေ။အားစိုက် ခုတ်ပိုင်းသော်လည်း အပြတ်နှေး၏။ ဤဥပမာ၌ ထက်မြက်သော သန်လျက်ဖြင့် ငှက်ပျောပင်ကို ခုတ်ဘိသကဲ့သို့ ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်၏ ဝိပဿနာ ဉာဏ်စွမ်းကို မှတ်ရာ၏။ တုံးသောသန်လျက်ဖြင့် ငှက်ပျောပင်ကို ခုတ်ဘိ သကဲ့သို့ သဒ္ဓါ ဝိမုတ္တ ပုဂ္ဂိုလ်၏ ဝိပဿနာ ဉာဏ်စွမ်.ကို မှတ်ယူရာ၏။ (ပုဂ္ဂလပညတ် အဋ္ဌကထာ ၄၃-၄၄)

၇။ ဓမ္မာနုသာရီ ပုဂ္ဂိုလ် ဟူသည်ကား ပညာကို ဝန်ဆောင် နွားကဲ့သို့ ဝိပဿနာ အလုပ်၌ မောင်းနှင်ပြီးလျှင် ပညာ၏ အစွမ်းဖြင့် သောတာပတ္တိမဂ်သို့ ပေါက်သော ပုဂ္ဂိုလ်ပေတည်း။ သောတာပတ္တိမဂ်အခိုက်ကိုသာ ဆိုသည်။ ဖိုလ်သို့ ရောက်သောအခါ ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်မည်၏။

၈။ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်ကြံ အားထုတ်သော ပုဂ္ဂိုလ်၏ သဒ္ဓိန္ဒြေသည် လွန်ကဲ၏။ သဒ္ဓါတရား ရှေးရှုဆောင်လျက် ပြဋ္ဌာန်းသော အရိယာမဂ်ကို ပွားစေ၏။ ဤပုဂ္ဂိုလ်ကို သဒ္ဓါနုသာရီ ပုဂ္ဂိုလ်ဟု ခေါ်ဆိုအပ်၏။ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်သောပုဂ္ဂိုလ်သည် သဒ္ဓါနုသာရီ ပုဂ္ဂိုလ်မည်၏။ ဖိုလ်၌ဘည်းသောအခါ သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်မည်၏။

ဥဘတောဘာဂဝိမုတ္တစသော အရိယာပုဂ္ဂိုလ် (၇) ယောက်တို့ကို သန့်ရှင်း ခြားနားစွာ သိနိုင်ရန် အားထုတ်မှုလမ်းအစဉ်အားဖြင့် အမြွက်မျှပြဆိုဦးအံ့—

လောကုတ္တရာတရားကို အားထုတ်ကြကုန်သော သူတော်ကောင်းတို့အား ဓုရန္ဒစ်မျိုး, အဘိနိဝေသန္ဒစ်မျိုး, သီသန္ဒစ်မျိုးတို့ကို သိအပ်၏။

ရှေဆောင် ဦးတည်အမှုသည် ဓုရမည်၏။ နှလုံးသွင်းသည် အဘိနိဝေသမည်၏။ လောကုတ္တရာ၌ အထူတ်အထိပ်ဖြစ်သော အရဟတ္တဖိုလ်သည် သီသမည်၏။

ဓုရန္ဒစ်၂ါးကား (၁) သဒ္ဓါဓုရ, (၂) ပညာဓုရဖြစ်၏။ ဤအရာ၌ ဂုဏ်ဓုရ, ဝိပဿနာဓုရကို ဆိုသည်မဟုတ်။

အဘိနိဝေသ နှစ်မျိုးကား (၁) သမထာဘိနိဝေသ, (၂) ဝိပဿနာဘိနိ-ဝေသ နှစ်မျိုး ဖြစ်၏။

သီသန္ဒစ်မျိုးကား (၁) ဥဘတောဘာဂဝိမုတ္တ, (၂) ပညာဝိမုတ္တန္ဒစ်ပါး ဖြစ်၏။ လောကုတ္တရာအကျင့်စခန်းသို့ တက်ကြကုန်သော ပုဂ္ဂိုလ်တို့သည် ဤဓုရ, အဘိနိဝေသ သီသတည်းဟူသော လမ်းတို့ဖြင့်သာလျှင် တက်ကြရကုန်၏။

တက်ပုံကား—အရှုပစ္စာန်တိုင်အောင် သမာပတ်ရှစ်၂ါးလုံးကို ရပြီးသော ပုဂ္ဂိုလ်သည် ပညာကို ရှေဆောင်ဦးတည်ပြု၍ သမထနည်းလမ်းအစဉ်အတိုင်း ဆင်ခြင်နှလုံးသွင်းလျက် အရှုပစ္စာန်တခုခုကို အခြေခံပြုပြီးလျှင် ဝိပဿနာ ပွါးများ၍ ရဟန္တာဖြစ်လေ၏။ ထိုပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ခဏ၌ ဓမ္မာ-နုသာရီမည်၏။ သောတာပတ္တိဖိုလ်မှစ၍ အရဟတ္တမဂ်တိုင်အောင် ခြောက် ဌာနတို့၌ ကာယသက္ခီမည်၏။ အရဟတ္တဖိုလ်သို့ရောက်သောအခါ ဥဘတော-ဘာဂဝိမုတ္တ မည်၏။

တယောက်သော ပုဂ္ဂိုလ်သည် ပညာကို ရှေဆောင်ဦးတည်ပြု၍ ဝိပဿနာ နည်းလမ်းအားဖြင့် နှလုံးသွင်းလျက် သင်္ခါရတရားသကဲသက်တို့ကိုဂုဏ်း, ရှုပါ-ဝစရစျာန်တို့ကိုဂုဏ်း ဝိပဿနာဉာဏ်ဖြင့်သုံးသပ်ဆင်ခြင်ပြီးလျှင် အရဟတ္တဖိုလ်သို့ ရောက်လေ၏။ ထိုပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်အခိုက်၌ ဓမ္မာနုသာရီပုဂ္ဂိုလ်

မည်၏။ အလယ်ခြောက်ဌာနတို့၌ ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်မည်၏။ အရဟတ္တဖိုလ်သို့ ရောက်သောအခါ ပညာဝိမုတ္တပုဂ္ဂိုလ်မည်၏။

သမာပတ်ရှစ်ပါးလုံးကို ရပြီးသောပုဂ္ဂိုလ်တဦးသည်မူကား သဒ္ဓါကိုရှေဆောင်ဦးတည်ပြု၍ သမထနည်းအားဖြင့် ဆင်ခြင်လျက် အရူပစျာန် တပါးပါးကို အာဒါခံပြုပြီးလျှင် ဝိပဿနာပါးများ၍ ရဟန္တာအဖြစ်သို့ ရောက်လေ၏။ ထိုပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ဇော်၌ သဒ္ဓါနုသာရီပုဂ္ဂိုလ် မည်၏။ အလယ်ခြောက်ဌာန၌ သဒ္ဓါဝိမုတ္တပုဂ္ဂိုလ် မည်၏။ ဓမ္မာနုသာရီ စသော(၇) ယောက်သော ပုဂ္ဂိုလ်တို့သည် လောကီ၌ မြတ်သောအလှူကို ခံထိုက်သောပုဂ္ဂိုလ်တို့ပေတည်း။

ယခုခေတ်ရဟန္တာများနှင့် တရားအားထုတ်သူများ

သာသနာနောက်ပိုင်းဖြစ်သော ယခုခေတ်အခါကြီး၌ တရားအားထုတ်သူပေါများသလောက် တရားရသူ,တရားပေါက်သူ မရှိဖြစ်နေ၏။ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာလည်း မတွေ့ရဘူးခေါ။ တရားရမှုဟူသည်လည်း ကိုယ်တိုင်စစ်မှန်သောစေတနာဖြင့် တရားအားထုတ်မှ, တရားအားထုတ်သော်လည်း စရိုက်ခြောက်မျိုးတွင် မိမိနှင့် ကိုက်ညီသော တရားကို ပွါးများအားထုတ်မှ အလိုစရိုက်လိုက်ပြီး ကိုက်ညီသောတရားကို ပေးစွမ်းနိုင်သော ဆရာကောင်း(သပ္ပုရိသူပနိဿယ)ရှိမှသာလျှင် တရားပေါက်ရောက်မှု လွယ်ကူလေသည်။

ဤကဲ့သို့သော အကြောင်းများစွာတို့နှင့် တိုက်ဆိုင်မှသာ လောကုတ္တရာအစစ်အမှန် တရားထူးတရားမြတ်ရဘို့ရန် ဖြစ်သဖြင့် ထုံးပြခဲ့သော အကြောင်းများနှင့် ပြည့်စုံအောင်သာ ရှေးဦးစွာ ကြိုးစားရှာဖွေရပေလိမ့်မည်။ စေတနာသဒ္ဓါတရား ဖြူစင်စွာဖြင့် သံသရာမှထွက်မြောက်ဘို့ရန်ဟူသော ရည်ရွယ်ချက်ကို မေ့မြုကာ တရားဘာဝနာကို ကြိုးစားအားထုတ်ပါလျှင် မလွဲတမ်းပင် တရားထူးများ ရရှိပါလိမ့်မည်။

ယခုခေတ် အခွို့ ရဟန်းတော်များသည် ပဌမရည်ရွယ်ချက်ဖြင့် တောတောင်ကြီးအတွင်း နေထိုင်ကာ တရားဘာဝနာကို အပြင်းအထန်အားထုတ်၍ နိဗ္ဗာန်ကို ရယူရမည်ဟူသောရည်ရွယ်ချက်ပင် ဖြစ်လေသည်၊အနေကြာလာသော အခါ ထိုရည်ရွယ်ချက်များ ကွယ်ပျောက်ပြီး လာဘသက္ကာရဘက်သို့ ဆိုက်ရောက်သွားကြလေကုန်၏။

လာဘသက္ကာရသည် လွန်စွာပင် ကြောက်စရာ ကောင်းလှ၏၊ ဘုရားရှင် လက်ထက်တော်မှစ၍ ယနေ့ခေတ်တိုင်အောင် အခွို့ ရဟန်းများ ကျောင်း, သင်္ကန်း, ဆွမ်း, ဆေး လေးပါးသော ပစ္စည်းလာဘ်သပ်ပကာကို မက်မောခြင်း ကိုယ့်ကိုယ်ကို ရဟန္တာထင်လောက်အောင် အများ ဒါယကာ, ဒါယိကာမတို့ အား လှည့်စားမှုပြုလုပ်သည်တို့ကို ကြားသိရလေ၏။ အခွို့ ရဟန်းများကား ငါ ရဟန္တာဖြစ်ပြီ၊ မယုံလျှင် ကျိန်ဆို၍ ပြောပါမည်၊ ရဟန္တာမဖြစ်လျှင် မိုးကြိုးပစ် သေရပါစေသား၊ အပါယ်ငရဲမှ မလွတ်ပါစေသားဟူ၍ပင် ပြောဆိုကြလေ၏။ ကြောက်မက်ဘွယ်ကောင်းစွာပါတကား။

ဝဂ္ဂုမုဒါမြစ်ကမ်းခွံ ဝါဆိုသော ရဟန်းများ လာဘသက္ကာရ ရလိုမှုကြောင့် ဝါကြွားကြပုံ

မြက်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ကူဋာဂါရသာလ= အထပ်တပ်သောကျောင်းတိုက်၌ သီတင်းသုံးနေတော်မူစဉ် ဝဂ္ဂုမုဒါ မြစ်ကမ်း ပါး၌ သူငယ်ချင်းရဟန်းများစွာတို့သည် ဝါဆိုကြလေ၏။ ထိုရဟန်းတို့ ဝါဆို သောနှစ်၌ ဝဇ္ဇီတိုင်းသည် ငတ်မွတ်ခေါင်းပါး အစာရှားသော ဒုဗ္ဘိက္ခန္တရဘေး ဆိုက်ရောက်နေသောကြောင့် သပိတ်ပိုက်ကာ ဆွမ်းလိုက်ရှာသဖြင့် မလွယ်ကူ တော့ချေ။ တိုသို့ ဆွမ်းအတွက် မလွယ်ကူကြသောအခါ ရဟန်းများစည်းဝေး ကြ၍ ဆွမ်းရဘို့နည်းလမ်းကို အမျိုးမျိုး နှိုးနှောတိုင်ပင်ကြရာတွင် နောက်ဆုံး အများသဘောတူ အကြံအစည်တခုက ဤရဟန်းက ပဌမစျာန်ရတယ်, ဤ ရဟန်းက ဒုတိယစျာန်, တတိယစျာန်, စတုတ္ထစျာန် ရတယ်၊ ဤရဟန်းက သောတာပန်, ဤရဟန်းက သကဒါဂါမ်, ဤရဟန်းက အနာဂါမ် ဖြစ်တယ်၊ ဤရဟန်းက ရဟန္တာ, တဝိဇ္ဇဓရ, ဆဠဘိညဖြစ်တယ်ဟု အချင်းချင်း ပြောဆို ကြလျှင် ဆွမ်းအတွက် လွယ်ကူဘွယ်ရာ ရှိပါသည်ဟု အားလုံး သဘောတူ အတည်ပြု၍ မိမိတို့မှာ မရှိသောဂုဏ်ကို လူတို့အား ဝါကြွား၍ ပြောကြလေ သည်။

ထိုအခါ လူတို့က လွန်စွာ ကြည်ညိုကြသဖြင့် မိမိ ဘို့ မစားရက် မသောက်ရက် မိဘ သားသမီးကိုမျှ မကျွေးရက် ဆွေမျိုး မိတ်ဆွေကျွန်တို့ကိုမျှ မကျွေးရက် သော စားသောက်ဘွယ်ရာ အဖြာဖြာတို့ကို လှူဒါန်းကြလေသည်။ ရဟန်းတို့

သည် အစားကောင်းတို့ကို ဘုဉ်းပေးရသောအခါ ဝဖြိုးလျက် ရှိကြ၏။ အရေအဆင်း စိုပြေ၍လာကြ၏။

ဘုရားရှင် ကဲ့ရဲ့တော်မူပုံ

သီတင်းပါလက္ခတ်လျှင် မြတ်စွာဘုရားထံသို့ ဖူးမြော်ရန် လာကြရသည့် ထုံးစံရှိသည့်အတိုင်း ထိုဝဂ္ဂုမုဒါမြစ်ကမ်းခွ် ဝါကပ်ကြသောရဟန်းတို့သည်လည်း မြတ်စွာဘုရားထံ ဖူးမြော်လာကြလေရာ မြတ်စွာဘုရားရှင်က သင်တို့ ဝါတွင်းသုံးလ ကျန်းမာစွာ ချမ်းသာစွာဖြင့် သီတင်းသုံးခဲ့ကြရရဲ့လား, ဆွမ်းအာဟာရလည်း မပင်ပန်းဘဲ မျှတခဲ့ကြရရဲ့လားဟု မေးတော်မူလေသည်။ ထိုအခါ ဝဂ္ဂုမုဒါမြစ်ကမ်းခွ်နေကြသော ရဟန်းတို့သည် မိန့်တို့ ဝါကြွားပြီး အစာအာဟာရ ရှာခဲ့ပုံ ရခဲ့ပုံ စားရပုံ အလုံးစုံကို လျှောက်ထားကြလေ၏။

ထိုအခါ မြတ်စွာဘုရားက သင်တို့မှာ တရားထူး တရားမြတ် ရရှိသော စျာန်ရပုဂ္ဂိုလ်များ ဖြစ်ကြသလောဟု မေးလတ်သောအခါ မဖြစ်ကြောင်းကိုလျှောက်ကြသည်တွင် ဘုရားရှင်က မင်္ဂဖိုလ်မမှီး အချည်းနှီးသောယောကျ်ားတို့–သင်တို့သည် ရဟန်းတို့နှင့် မလျော် မလျောက်ပတ်သောအလုပ်မျိုးကို လုပ်ရက်ပေတယ်၊ အဘယ့်ကြောင့် ဝမ်းဗိုက်အတွက် စျာန် မင် ဖိုလ်တရားမြတ်ကို လူတို့အား ဝါကြွားပြောဆိုရဘိသနည်း၊ အလွန် ထင်လှစွာသော သားလိုးဓားဖြင့် ဝမ်းဗိုက်ကို ဖြတ်လိုးရခြင်းက တဘဝသာ အသက်သေ၍ နောင်အရှည်အပါယ်ငရဲသို့ မကျနိုင်သဖြင့် ကောင်းမြတ်ပါသေး၏။ ဝမ်းရေးအတွက် မဟုတ်မမှန် လုပ်ကြံ ညာဖျန်း၍ ဂုဏ်ကို ထုတ်ဖော်၍ပြောမှ ရရှိသောအစာကို စားရခြင်းကား သေလျှင် အပါယ်ငရဲသို့ မလွဲပင် ရောက်ဘွယ်ရာရှိသဖြင့် မကောင်းမြတ်ချေဟု ကဲ့ရဲ့တော်မူပြီးလျှင် ခိုးသူ ဓားပြကြီးငါးမျိုးကို ဆက်လက်၍ ဟောကြားတော်မူလေသည်။

ခိုးသူ ဓားပြကြီး ငါးမျိုး

ရဟန်းတို့–ဤလောက၌ ခိုးသူ ဓားပြကြီးငါးဦးတို့သည် ထင်ရှားရှိကုန်၏၊ ထိုငါးယောက်တို့ကား—

၁။ ဤလောက၌ အချို့သော ခိုးသူ ဓားပြကြီး၏စိတ်ဝယ် ဤသို့ ဖြစ်၏။ ငါသည် အဘယ်အခါ၌ ရာဆောင်များပြားသော ခိုးသူ ဓားပြခြံရုံ၍ ရွာနိုဂုံးမင်းနေပြည်ကို လုယက်ဖျက်ဆီးကာ လှည့်လည်သွားလာရပါအံ့နည်းဟု ကြံစည်နေ၏။ ထို့နောက် ဤသို့သော အကြံအစည်အတိုင်း အောင်မြင်၍ လုယက်ဖျက်ဆီးပြီးလျှင် လှည့်လည်သွားလာနေ၏။

ရဟန်းတို့ ထိုနည်းတူစွာ ဤသာသနာတော်၌ အခြို့သော အကျင့်သီလမရှိသော ယုတ်မာသောရဟန်းအား ဤသို့သော အကြံအစည် ဖြစ်၏။ ငါသည် ဘယ်သောအခါ၌ ရာထောင်မျှားစွာ တပည့်ပရိသတ်ခြံရုံလျက် မြို့ရွာဇနပုဒ်နိုင်ငံတို့၌ လှည့်လည်ကာ ဒါယကာ ဒါယိကာမတို့၏ အပူဇော်အရိုအသေပြုမှု, ပစ္စည်းလေးပါးရမှုမျှား ခံစားရပါမလဲဟု ကြံစည်၏။ ထိုကဲ့သို့သော အကြံအစည်အတိုင်း ပစ္စည်းလေးပါးစသည်တို့ဖြင့် အပူဇော်မှုခံရအောင် ကြိုးစားအားထုတ်သည့်အတွက် အပူဇော်ခံရ၏။ ထိုရဟန်းသည် သာသနာတော် စည်ပင်ပြန့်ပွားရေး, သတ္တဝါတို့ အကျိုးမျှားရေးကို မရည်ရွယ်ဘဲ သာသနာတော်ကို မှီပြီး မိမိကြီးကျယ်ခမ်းနားရေး, ပစ္စည်းလာဘ်လာဘရရေးကိုသာ ကြံစည်၍ အားထုတ်သော ပဌမတစ်နံပါတ် ခိုးသူဓားပြကြီး ဖြစ်၏။

၂။ ရဟန်းတို့ ငါဘုရားသာသနာတော်၌ အခြို့သော ပါပဘိက္ခုသည် ငါဘုရားဟောကြားအပ်သော ပိဋကတ်သုံးပုံ,နိကာယ်ငါးရပ်ကို သင်ယူပြီးသော အခါ သိရှိတတ်မြောက်သဖြင့် သူတပါးအား ကိုယ်တိုင် ကြံစည်တီထွင်၍ သိသကဲ့သို့ ပြောပြီးလျှင် ဘုရားတရား ကို ခိုးယူ၏။ ထိုရဟန်းသည်လည်း ဒုတိယနှစ်နံပါတ် ခိုးသူဓားပြတမျိုးဖြစ်၏။

၃။ ရဟန်းတို့ ငါဘုရားသာသနာတော်၌ အခြို့သော အလဇ္ဇီဒုဿီလရဟန်းယုတ်သည် အကျင့်သီလစင်ကြယ်သော ရဟန်းတော်ကို သီလမစင်ကြယ်သူဟု ကဲ့ရဲ့စပ်စွဲ၏။ ထိုရဟန်းယုတ်သည်လည်း တတိယသုံးနံပါတ် ခိုးသူဓားပြတမျိုးဖြစ်၏။

၄။ ရဟန်းတို့ ငါဘုရားသာသနာတော်၌ အခြို့သော အကျင့်သီလမရှိသော ရဟန်းသည် သံဃိကပစ္စည်းဖြစ်သော နှစ်ဆယ့်ငါးပါးသော ဂရုဘဏ်တို့ဖြင့် လှူတို့အား ပေးကမ်းခြီးမြှောက်၏။ ထိုခြီးမြှောက်သော ရဟန်းသည်လည်း စတုတ္ထမြောက် လေးနံပါတ် ခိုးသူဓားပြတမျိုးဖြစ်၏။

၅။ ရဟန်းတို့ ငါဘုရားသာသနာတော်၌ အခြို့သော ရဟန်းယုတ်သည် မိမိမှာ ထင်ရှားမရှိသော စျာန်မဂ်ဖိုလ်တရားကို ရှိဟန်ဆောင်၍ လူတို့အား ပြော၏။ (ဝါ) ရဟန္တာမဟုတ်ပဲ ရဟန္တာဟု ဝန်ခံ၏။ ထိုရဟန်းယုတ်သည် တလောကလုံးရှိ သတ္တဝါအားလုံးကို လိမ်ရာကျသောကြောင့် ခိုးသူဓားပြအကြီးဆုံး ဖြစ်၏။

ဆက်လက်၍ မြတ်စွာဘုရားက ရဟန်းတို့ စျာန်,မဂ်,ဖိုလ်တရားကို ဝါကြွားပလွှားရှိ ရဟန္တာမဟုတ်ပဲ ရဟန္တာဟု ဝန်ခံသောရဟန်းသည် ခိုးဝှက်၍ လူတို့၏ ဆွမ်းကို စားသည်မည်၏။ ဥပမာအားဖြင့် ကောက်ကျစ်စဉ်းလဲသော ငှက်မူဆိုး

သည် စဉ်းလဲကောက်ကျစ်၍ ငှက်အပေါင်းကို စားသက်သေဖြစ်၏ဟု မိန့်တော်မူလေသည်။

အထင်ရှိ၍ ပြောမိလျှင် အပြစ်မရှိ

အခါတပါး သီလစင်ကြယ်သော ရဟန်းများစွာတို့သည် တရားဘာဝနာအားထုတ်ကြလေရာ ကိလေသာစိတ်များ မဖြစ်တာကြာနေသည့်အတွက် ကိုယ့်ကိုယ်ကို ရဟန္တာဖြစ်ပြီဟု မှတ်ထင်ကြ၍ အခြားသီတင်းသုံးဘော်ရဟန်းတို့အား ပြောပြကြလေသည်။ ထို့နောက် ရာဂ, ဒေါသ, မောဟစိတ်များ ဖြစ်လာပြန်သောအခါမှ ရဟန္တာမဖြစ်သေးမှန်းသိ၍ ရှေးက ရဟန္တာဖြစ်ပြီဟု ပြောမိသည့်အတွက် ပါရာဇိကအပြစ်များ သင့်လေရော့သလားဟု ယုံမှားသံသယဖြစ်ပြီးလျှင် အမျှင်အာနန္ဒာအား လျှောက်ကြလေရာ အရှင်အာနန္ဒာမှတဆင့် မြတ်စွာဘုရားထံ လျှောက်လေသော် စျာန်,မဂ်,ဖိုလ်ရပြီဟု ထင်၍ ပြောမိသောရဟန်းသည် လိမ်လည်၍ပြောခြင်းမဟုတ်ရကား ပါရာဇိကအာပတ်မသင့်ဟု မိန့်တော်မူလေသည်။

သတိပြုဘွယ်ရာများ

အခါတပါး ရဟန်းအများတို့သည် ဤနေရာမှ အရင်ဆုံး ထွက်သွားသူကို ရဟန္တာဟူ၍ သိရပါလိမ့်မည်ဟု ကတိကဝတ်ပြု၍ ဝါဆိုကြကုန်၏။ ရဟန်းတပါးသည် မိမိကို ရဟန္တာဟု ထင်စေလိုသောကြောင့် ရဟန္တာမဖြစ်သေးပဲ အရင်ဆုံးထွက်သွား၏။ ထိုရဟန်းသည် အထင်ကြီးမှုကို လိုလား၍ လိမ်လည်သည့်အတွက် ပါရာဇိကကျ၏။

မြတ်စွာဘုရားလက်ထက်တော်၌ ရဟန်းတပါးသည် သူ့ကို လူအများက ချီးမွမ်းစေလိုသောကြောင့် ဣန္ဒြေကြီးစွာထား၍ ဆွမ်းခံသွား၏။ အချို့သော ရဟန်းတို့ကလည်း သူများအထင်ကြီးအောင် ဣန္ဒြေကြီးစွာထား၍ ဆွမ်းခံသွားကြ, ရပ်ကြ, ထိုင်ကြ, စကြံလျှောက်ကြ, လျောင်းနေကြ၏။ ထို ရဟန်းတို့ကို လူတို့က ရဟန္တာမြတ်တို့ ဖြစ်ကြပေ၏ဟု ချီးမွမ်း ပြောဆို ကြ၍ အထင်ကြီးကြကုန်၏။ ထိုသို့ အထင်ကြီးအောင် ဟန်ဆောင်သော ရဟန်းတို့အား ဒုက္ကဋ်အာပတ်ဟု ပညတ်တော်မူသည်။ အများ ချီးမွမ်းစေလို၍ တောရဆောက်တည်သော ရဟန်းသည်လည်း ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း ဒုက္ကဋ်အာပတ်သင့်၏။

မြတ်စွာဘုရား ပညတ်တော်မူအပ်သော သိက္ခာပုဒ်တော်တို့ကို စောင့်ရှောက်လိုသောအားဖြင့် ဣန္ဒြေ ကြီးကြီးမားမားထားလျှင် အာပတ်မသင့်၊ ထိုင်မှု, ရပ်မှု, တောရဆောက်တည်မှု စသည်တို့သည်လည်း မြတ်စွာဘုရား ချီးမွမ်းမှုကို

လိုလားပြီး နေထိုင်ကျင့်သုံးလျှင် အပြစ်မရှိရုံသာမက ကုသိုလ်ပင် များစွာ ရပါသေး၏။

ရဟန္တာမဟုတ်ပဲ ရဟန္တာဖြစ်ပြီဟု နှတ်များကို ပြောလျှင် ပါရာဇိကမကျ။ နှတ်များက အသိမြန်လွန်းသည့်အတွက် နှတ်များကို ပြောမိရာ၌ ပါရာဇိက မကျဟု ချင်းချက်ပြုတော်မူသည်။ ဒါယကာ, ဒါယိကာမများက ကြည်ညိုလှသဖြင့် ရဟန္တာမဟုတ်သေးပဲ ရဟန္တာဟု ခေါ်ဝေါ်ပြောဆိုလျှင် အာပတ် မသင့်ခဲ့ချေ။ သို့သော် သူတို့ပြောတိုင်း ကိုယ်က မသာယာဘို့ အရေးကြီး၏။ မိမိကိုယ်ကို ရဟန္တာမဖြစ်သေးမှန်းသိလျှင် ရဟန္တာဖြစ်ပြီလား, ရဟန်းကိစ္စ ပြီးပြီလားဟု မေးသူပေါ်လာက မဖြစ်သေးကြောင်း တိတိကျကျ အဖြေပေး ရမည်။ စားပေါက်ချောင်အောင် ဟန်ဆောင်၍ မလိမ့်တပတ် မလယ်ရွတ် အဖြေမျိုးကို မပေးအပ်ရာ။

အိုးစရည်းကြီးရဟန္တာ

အခါတပါး အုံဩဘွယ်အဖြစ်ကို ပြုလုပ်၍ စားသောက်နေသော ရဟန်း တပါးသည် တိုက်ခန်းအတွင်း၌ အိုးစရည်းကြီးတလုံးကိုမြုပ်၍ လူများ လာသောအခါ ထိုမြုပ်ထားသော အိုးစရည်းကြီးအတွင်းသို့ ဝင်ရောက်နေ၏။ လူများက ဆရာတော်ဘုရား–ဘယ်ကြွသလဲ ကျောင်းသားတို့ဟု မေးလေလျှင် တိုက်ခန်းအတွင်း၌ ရှိကြောင်း ပြောဆိုလတ်သော် လူအများက တိုက်ခန်းအတွင်းသို့ဝင်၍ ရှာဖွေကြည့်ရှုလျှင် မတွေ့မြင်သည့်အတွက် ပြန်ထွက်လာကြကာ ဆရာတော်ဘုရား မတွေ့ရှိဘူးဟု ပြောဆိုကြကုန်၏။

ထိုအခါ ကျောင်းသားများက ဆရာတော်ဘုရား တိုက်ခန်းအတွင်း၌သာ ရှိပါသည်ဟု တဖန် ပြောဆိုလေသော် လူများက တဖန် ပြန်ဝင်၍ ရှာကြကုန်၏။ ဆရာတော်သည်လည်း အိုးစရည်းကြီးအတွင်းမှ အမြန်ထွက်ကာ ကုလားထိုင်ပေါ်၌ ကွန်ဒြေရရထိုင်နေရာ လူများက ဆရာတော်ဘုရား တပည့်တော်တို့ မတွေ့မြင်ပဲ ယခု ဘယ်နေရာက ထွက်လာသလဲဘုရား, စောစောလာရောက် ဖူးမြော်စဉ်က မတွေ့ရှိပါ၊ ဘယ်အရပ် ကြွရောက်နေပါသလဲ ဘုရားဟု လျှောက်ထားကြလေသော် ဒါယကာ, ဒါယိကာမတို့ ရဟန်းတို့မည်သည် အလိုရှိရာ အလိုရှိရာ အရပ်များသို့ ကြွရောက်နေကြရသေး၏ဟု အဖြေစကား ပြောကြားလေ၏။ ဤသို့လျှင် မိမိရဟန္တာ မဟုတ်ပဲလျက် မလယ်ရွတ်စကားဖြင့် အများ အထင်ကြီးလောက်အောင် ပြောဆိုမူသည် သာသနာတော်၌ အလွန်ပင် စက်ဆုပ်ဘွယ်ကောင်း၏။ ထိုကဲ့သို့ ရဟန်း၏အဖြေမျိုး မပေးမိအောင် ရဟန်းကောင်းတို့ သတိကြပ်ကြပ်ထားရာ၏။

အခါတပါး ယုတ်မာသောရဟန်းတပါးသည် တောတောင်တခုဌ် သစ်ရွက်မိုးကျောင်းဖြင့် နေထိုင်လေ၏။ ကျောင်းနောက်ဖက် ခေျာင်းနခမ်းတွင် သစ်ကတိုးပင် တပင်လည်း ရှိ၍ ထိုသစ်ပင်၏ နွယ်များကလဲ မြေသို့ တဲ့ရရဲ့ကျနေ၏။ လူများက အရှင်ဘုရား– ဤလမ်းကြီးအတိုင်း တပည့်တော်တို့ထံကြွရောက်ရန် ပင့်လျောက်ပါ၏ဘုရားဟု လျောက်ထားပြီး သွားလေရာ ရဟန်းသည် သပိတ်သင်္ကန်းကိုယူပြီးလျင် သွားရိုးမဟုတ်သော ဖြတ်လမ်းဖြင့် လျင်မြန်စွာ သွား၍ ရွာတံခါးက စောင့်ပြီး မိမိကိုယ်ကို လူတို့အား ပြလေ၏။

လူတို့သည် နောက်မှရောက်လာ၍ အရှင်ဘုရား–ဘယ်လမ်းကကြွလာသလဲ ဘုရားဟု လျောက်ထားလေသော် ဒါယကာ, ဒါယိကာမတို့ ရဟန်းတို့၏ ကြွလာရာလမ်းမည်သည်ကို မေးခြင်းငှါ မအပ်ချေ။ မိမိတို့အလိုရှိရာ အလိုရှိရာ လမ်းခရီးများမှ ကြွလာကြကုန်၏ဟု ဤသို့သော အဖြေစကားဖြင့် မိမိကို ရဟန္တာထင်အောင် ပြောဆိုလေသည်။ ထိုရဟန်းယုတ်၏ ဧပြာပုံများကို အကင်းပါးသော လူတယောက်သည် မယုံကြည်သဖြင့် စုံစမ်းသိရှိ၍ ထိုရဟန်းယုတ်၏ ဖြတ်လမ်းက ဆွဲဆင်းနေကျနွယ်ကို ပြတ်လုခမန်းဖြင့်အောင် ဖြတ်ထားလေရာ နောက်တကြိမ် ထိုရဟန်းသည်လည်း ဆွဲဆင်းနေကျအတိုင်း ဆင်းလေသော် နွယ်ပြတ်ကျ၍ မရွှမလှ မသက်သာလှပဲ လွယ်ထားသောမြေသပိတ်ပါ ကွဲထွက်သွားသည့်အတွက် ငါ့အကြောင်း သူများတွေ ကောင်းကောင်းသိကုန်ပြီဟု တွေးတော၍ ရှက်နိုးကာ ထွက်ပြေးလေ၏။

ဤသို့လျင် လောကကြီး၌ စေတနာအစစ်အမှန်မရှိပဲ ရဟန္တာဟု ထင်ရအောင် ဖြေဆိုပုံ, ပြုလုပ်ပုံတို့သည် များစွာပင် ရှိသည့်အတွက် ထိုရဟန္တာအတု တို့၏ အဖြေစကားကို သေချာစွာ စဉ်းစားဝေဘန်သုံးသပ်ကြရာ၏။ အသိပညာကင်းသော လူအချို့တို့သည်ကား စဉ်းစားမှုမရှိပဲ အချည်းနှီး ကုသိုလ်မရ ကြည်ညိုမှု ပြုလုပ်ချဉ်းကပ်ကိုးကွယ်တတ်ကြကုန်၏။ အတော်ကြာမှ "ဘုရားမှတ်လို့ ကိုးကွယ်၊ ဖွတ်ထွက်မှ တောင်ပို့မှန်းသိ" ဖြစ်နေတတ်ကြလေ၏။

ကိလေသာဖြစ်မှုမရှိတာကြာလျင် ရဟန္တာဟု ထင်တတ်ပုံ

တလင်္ကရအရပ်၌ ရဟန္တာဖြစ်သော ဓမ္မဒိန္နမထေရ်သည် များစွာသော ရဟန်းအပေါင်းကို ဩဝါဒပေးပြီး နေထိုင်လေ့ရှိ၏။ ရဟန္တာဓမ္မဒိန္နမထေရ်သည် တနေ့သောအခါ မိမိနေခင်းနေရာအရပ်၌ နေထိုင်၍ ဆင်ခြင်စဉ်းစားသည်မှာ ငါ၏ဆရာ ဥစ္စတလင်္ကအရပ်၌ သီတင်းသုံးနေထိုင်သော မဟာနာဂထေရ်သည် ရဟန္တာဖြင့်ပြီလော, မဖြစ်သေးပဲရှိသလောဟု ဆင်ခြင်လေလျင် ပုထုဇဉ်ရဟန်းအဖြစ်သာ ရှိသေးသည့်အတွက် ငါမသွားလျင် ငါ့ဆရာပုထုဇဉ်

ရဟန်းဘဝဖြင့် သေမှုပြုလိမ့်မည်ဟု သိရှိ၍ အဘိညာဉ်တန်းခိုးဖြင့် အဇဋ္ဌာဝေဟင် ထက်ကောင်းကင်သို့ ပြန်တက်ကာ ဆရာ၏ နေ့ခင်းနေရာအနီးသို့ သက်ဆင်း၍ ရှိခိုးပြီးလျှင် သင့်လျော်ရာအရပ်၌ နေထိုင်လေ၏။

ဆရာဖြစ်သော မဟာနာဂထေရ်က ငါ့ရှင်ဓမ္မဒိန္န–အချိန်အခါမဟုတ်ပဲ ဘယ်အကြောင်းကြောင့် ကြွလာသနည်းဟု ပြောဆိုမေးမြန်းသည်ရှိသော် ဆရာသခင်ကျေးဇူးရှင်ဘုရား–တပည့်တော်သည် ဆရာမြတ်အား ပြဿနာမေးလျှောက်လို၍ ကြွလာခြင်းဖြစ်ပါ၏ဘုရားဟု လျှောက်လေသည်။ထိုအခါမဟာနာဂထေရ်က ငါ့ရှင် ဓမ္မဒိန္န–သင်မေးလိုသည့် ပြဿနာမေးပါလော့ သိလျှင်တော့ ငါဖြေပါမည်ဟု ပြောဆိုလေသော် တပည့် ဓမ္မဒိန္နမထေရ်က ပြဿနာတထောင်ကို မေးလေရာ မေးတိုင်းပင် ဆရာသည် ရှင်းရှင်းလင်းလင်း ဖြေဆိုလေသည်။ ဖြေဆိုသော ပြဿနာကို စိတ်သဘောကျသည့်အတွက် တပည့်ဓမ္မဒိန္နမထေရ်က အရှင်ဘုရား–အရှင်ဘုရား၏ ဉာဏ်တော်သည် အလွန်ထက်မြက်လှပါ၏၊ ဘယ်အချိန်က ဤတရားကို အရှင်ဘုရား ရရှိအပ်ပါသလဲဟု မေးမြန်းလတ်သော် ငါ့ရှင်ဓမ္မဒိန္နံ–ဤယနေ့ထိဆိုလျှင် တရားကိုရရှိတာ အနှစ်ခြောက်ဆယ်ကြာသွားပြီဟု အမိန့်ရှိလေသည်။ အရှင်ဘုရား–သမာဓိကိုကော မသုံးဆောင်ဘူးလားဟု တဖန်မေးမြန်းလေရာ ဤအမှု ဝန်မလေးပါဘူး ငါ့ရှင် ဓမ္မဒိန္န၊ သို့ဖြစ်လျှင် ဆင်ကြီးတကောင် ဖန်ဆင်းတော်မူပါဘုရားဟု လျှောက်လေရာ ဆင်ဖြူကြီးတကောင် ဖန်ဆင်းလေသည်။

ထို့နောက် အရှင်ဘုရား–ယခုအခါ ဤဆင်ဖြူကြီးကို နားရွက်ကားကားကြီးပြုလုပ်ပြီး အမြီးထောင်ကာ နှာမောင်းကို ပါးစပ်၌ ထည့်ပြီးလျှင် ကြောက်ဘွယ်ကောင်းသော ကြိုးကြာသံကဲ့သို့ ပြုလျက် အရှင်မြတ်ထံသို့ ရှေးရှုပြေးလာပုံ အခြင်းအရာ ဖန်ဆင်းမှုပြုတော်မူပါဘုရားဟု လျှောက်လေရာ တပည့်ဓမ္မဒိန္နလျှောက်သည့်အတိုင်း ပြုလုပ်လေသည်။ ထို့သို့ပြုလုပ်သောအခါ ဆင်ကြီးသည် အော်မြည်၍ အနည်းငယ် ပြေးလာလျှင် ဆရာမဟာနာဂထေရ်သည် ထ၍ ပြေးခြင်းငှါ ဟန်ပြင်လေ၏။ ထိုအခြင်းအရာကို တပည့်ရဟန္တာမထေရ်က မြင်လတ်၍ လက်ဖြန့်ပြီး သင်္ဃန်းထောင့်စွန်းကို ဆဲကိုင်ပြီးလျှင် အရှင်ဘုရား–ရဟန္တာပုဂ္ဂိုလ်အား ကြောက်ရွံ့ထိတ်လန့်မှုရှိပါသလောဟု မေးမြန်းလေ၏။

ထိုသို့ မေးမြန်းမှ မဟာနာဂမထေရ်သည် မိမိပုထုဇဉ်အဖြစ်သိရှိ၍ ငါ့ရှင် ဓမ္မဒိန္န–ငါ၏ အားထားမှီခိုရာဖြစ်ပါလော့ဟု တပည့်ခြေရင်း၌ ဆောင့်ကြောင့် ထိုင်ကာ နေလျှင် အရှင်ဘုရား–တပည့်တော်သည် အရှင်ဘုရားတို့၏ မှီခိုအားထားရာဖြစ်ဘို့အတွက် လာရောက်ခြင်းဖြစ်ပါ၏။ အထူးတွေးတောကြံစည်မှုမဖြစ်ပါလင့်ဟု လျှောက်ပြီး၍ တရားဘဝနာကို အားထုတ်ဘို့ လမ်းမှန်ပြော

ကြားလေ၏။ မဟာနာဂမထေရ်သည် တပည့်ပြုပြသော ကမ္မဋ္ဌာန်းတရားကို နာယူ၍ စကြံကျောင်းသို့ တက်သောအခါ သုံးခုမြောက် ခြေလှမ်းကို လှမ်းမိလေလျှင် ရဟန္တာဖြစ်လေ၏။ မဟာနာဂမထေရ်သည် ဒေါသအားကြီးသော ပုဂ္ဂိုလ်ဖြစ်ခဲ့၏။

ဤဝတ္ထုဥဒ္ဒေ နှစ်ရှည်ကိုလေသာ မဖြစ်၍ မိမိကိုယ်ကို ရဟန္တာဟု ထင်နေကြောင်းကို ပြဆိုလေသည်။ အရှင်တို့လည်း ဤဝတ္ထုကို နည်းမှီးကာ ရဟန္တာဟုတ် မဟုတ် သေချာစွာ သုံးသပ်ဘို့ လိုပေလိမ့်မည်။

အရဟန္တကထာ ပြီး၏။

သောတာပန္နာဒိပုဂ္ဂလကထာ ပြီး၏။

ဘဝဓနဉာနယသနိဗ္ဗိပကထာ

ဤသို့ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်တို့၏ အကြောင်းအရာကို ရေးသားပြီး၍ ယခုအခါ၌ ကမ္မဋ္ဌာန်းလေးဆယ်တို့ထွင် ယခုခေတ် ဗုဒ္ဓဘာသာဝင်တို့ အသုံးပြုများသော ကမ္မဋ္ဌာန်းတရားများကို အကျဉ်းရေးသားပါဦးအံ့—

ထို တရားတို့ကား—

၁။ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း။
၂။ ဓမ္မာနုဿတိကမ္မဋ္ဌာန်း။
၃။ သံဃာနုဿတိကမ္မဋ္ဌာန်း။
၄။ မေတ္တာကမ္မဋ္ဌာန်း။
၅။ ကရုဏာကမ္မဋ္ဌာန်း။
၆။ မုဒိတာကမ္မဋ္ဌာန်း။
၇။ ဥပေက္ခာကမ္မဋ္ဌာန်း။
၈။ မရဏာနုဿတိကမ္မဋ္ဌာန်း။
၉။ အာနာပါနကမ္မဋ္ဌာန်း
၁၀။ ကာယဂတာသတိကမ္မဋ္ဌာန်း
တို့ဖြစ်၏။

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း ဟူသည်ကား—

"ဗုဒ္ဓံ အာရဗ္ဘ ဥပ္ပန္နာ အနုဿတိ ဗုဒ္ဓါနုဿတိ၊ ဗုဒ္ဓဂုဏာရမ္မဏာယ သတိယာ ဧတံ အဓိဝစနံ"

ဟူသော ဝိသုဒ္ဓိမဂ် ပဌမအုပ်၊ နှာ (၁၉၁) လာ စကားအတိုင်း ဘုရားရှင်၏ ဂုဏ်ဘော်ကို အာရုံပြု၍ ပွားများနေသော သတိသည် ဗုဒ္ဓါနုဿတိမည်၏။ ထို ဘုရားရှင်၏ ဂုဏ်တော်ကို အဖန်တလဲလဲ ပွားများနေသောပုဂ္ဂိုလ်ကို ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ပွါးများနေသောပုဂ္ဂိုလ်ဟု ခေါ်ဆိုအပ်၏။

ဘုရားဂုဏ်တော် ပွားများနည်း

ဤတိပိ သော ဘဂဝါ အရဟံ၊ သမ္မာသမ္ဗုဒ္ဓါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသဒမ္မသာရထိ၊ သတ္ထာ ဒေဝ-မနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ။

၁။ အရဟံ၊ လွဲနတ်ပြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား။

၂။ သမ္မာသမ္ဗုဒ္ဓေါ၊ မဖောက်မပြန် ကိုယ်တော်တိုင်သာ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော မြတ်စွာဘုရား။

၃။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏတဆယ့်ငါးပါး တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

၄။ သုဂတော၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား။

၅။ လောကဝိဒူ=လောကအားလုံးကို သိတော်မူသော မြတ်စွာဘုရား။

၆။ အနုတ္တရော=အတုမရှိ မြတ်တော်မူသော မြတ်စွာဘုရား။

၇။ ပုရိသဒမ္မသာရထိ=မယဉ်ကျေးသော လူယောကျ်ား နတ်ယောကျ်ား တိရစ္ဆာန်ယောကျ်ားတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သော မြတ်စွာဘုရား။

၈။ သတ္ထာ ဒေဝမနုဿာနံ=နတ်လူပြဟ္မာ သတ္တဝါတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရား။

၉။ ဗုဒ္ဓေါ=သစ္စာလေးပါး မြတ်တရားကို ပိုင်းခြင်းထင်ထင် သိမြင်တော်မူသော မြတ်စွာဘုရား။

၁၀။ ဘဂဝါ=ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

ဤပါဠိတော်နှင့် အနက်မြန်မာပြန်ကို နှုတ်တက်ရွရွ အရဆောင်ထားရမည်။ ပါဠိလိုပုဒ်းလျှင်လည်း အနက်အဓိပ္ပါယ်ထင်မှ ကုသိုလ်များစွာရသည်။ ဘုရားဂုဏ်တော်သည် အနုတ္တရော ပုရိသဒမ္မသာရထိကို တပေါင်းတည်းပြု၍ ကိုးပါးတနည်း။ အနုတ္တရောတပါး, ပုရိသဒမ္မသာရထိတပါး ခွဲထား၍ ဆယ်ပါးတနည်း ဖြစ်သည်။

ပါဠိလိုပုဒ်းလျှင် 'အရဟံ အရဟံ'ဟု တပါးစီ ပုဒ်းများရ၏။ ပုဒ်းများသော အခါ မြတ်စွာဘုရား၏ ကြည်ညိုဘွယ်ရာ ရုပ်ပုံတော်ကို ကြည့်ရှု၍ ပုဒ်းများရာ၏။ ဘုရားပုံတော် မျက်စိထဲ၌ ထင်မြင်လာသောအခါ မျက်စိမှိတ်၍ ပုဒ်းများနိုင်၏။ ပုဒ်းများဖန်များ၍ သမာဓိရရှိလာသောအခါ ကြည်ညိုဘွယ်ရာ မြတ်စွာဘုရား ပုံတော်များကို ဖန်ဆင်း၍ ပုဒ်းများလျှင် လွယ်ကူစွာ ပေါ်ထင်လာသည်။ ဘုရားရှင် တပါးတည်းသာမက ဂင်္ဂါဝါဠု သဲစုမက ပုဒ်တော်မူကြကုန်သော ဘုရားရှင်များကိုလည်း အာရုံပြု၍ ပုဒ်းများလျှင် မိမိကိုယ်ခန္ဓာပတ်ဝန်းကျင်မှစ၍

စကြဝဠာအပြည့် ဘုရားရှင်မျှားလည်း ပေါ်ထင်လာသည်။ ရပ်၍တဖုံ, စကြံ့လမ်းလျှောက်၍တဖုံ တင်ပလ္လင်ခွေထိုင်၍ တနည်း ကြည်နူးဘွယ် အသီးသီး စိတ်ထဲမှာဖန်ဆင်းပြီးလျှင် ပွားမျှားနိုင်သည်။

ရှေးဦးစွာစ၍ ပွားစဉ်မှာ ဘုရားရှင်စက္ကူပုံ, ကြေးဆင်းတုပုံ, ကျောက်ဆင်းတုပုံများ မသပ္ပါယ်သော်လည်း ဗုဒ္ဓါနုဿတိသမာဓိ ဖြစ်လာသောအခါ၌ဌင်း, ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း ပေါက်ရောက်လာသော အခါတို့၌ဌင်း သပ္ပါယ်သော ပုံတော်များကိုသာ စိတ်ထဲမှာပေါ်ထင်လာသည်။ အလွန်ကြည်နူးဘွယ်ရာပုံတော်များ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း ပေါက်ရောက်သောအခါ ပေါ်ထင်လာသည်။ ရုပ်ပုံများပင်ဖြစ်သော်လည်း အသက်ရှိသော ရှင်တော်ဘုရားကဲ့သို့ ထင်မြင်နေသည်။

ထိုကဲ့သို့ ထင်မြင်နေသောပုဂ္ဂိုလ်အား အကျိုးကျေးဇူးတို့သည် ပြောမပြနိုင်အောင် များပြားလှချေ၏။ အရှေ့နေဝန်းထွက်သည်မှ အနောက်နေဝန်းဝင်သောအရပ်သို့ နေ့စဉ်သွားလျှင် သွားရမည့်ခရီး ရှည်ဝေးသော်လည်း နေဝင်ရာအဆုံးသို့ ရောက်ချင်ရောက်မည်။ ရှင်တော်ဘုရား၏ဂုဏ်တော်များကို ပွားများသည့်အတွက် အကျိုးကျေးဇူးများကို ဘဝတိုင်း ဘဝတိုင်း နေ့စဉ် နေ့စဉ် ဘယ်လိုပင်ပြောသော်လည်း ကုန်ဆုံးဘွယ်ရာမရှိချေ။

ယခု ငါတို့အသက်ထင်ရှားရှိစဉ်ပင် ဘုရားဂုဏ်တော် တန်းခိုးတော်ကြောင့် နေ့စဉ် ချမ်းသာမှုတိုးသော သူဌေးများ, ရာထူးစည်းစိမ်တိုးသော အရာရှိများ, မင်းများ, ဝန်ကြီးများ, ဝန်ကြီးချုပ်များ, ဗိုလ်ချုပ်ကြီးများ၊ လေယာဉ်ပျက်, ရေယာဉ်ပျက်, ကားမှောက်, မီးလောင်, သူခိုးခိုး, ဓားပြတိုက်ခံရခြင်း အစရှိသော ဒုက္ခမျိုးစုံတို့နှင့် တွေ့ကြုံရသော်လည်း အသက်မသေ ချမ်းသာမှု ရရှိသောပုဂ္ဂိုလ်တို့၏ အကြောင်းအရာမျိုးစုံကို တင်ပြလျှင်ပင် ကုန်နိုင်ဘွယ်ရာမရှိဖြစ်သည်။

ဘုရားရှင်ကလည်း ဂုဏ်တော် တန်းခိုးကြောင့် ကြီးပွားချမ်းသာပုံများ, ပစ္စုပ္ပန်သံသရာနှစ်ဖြာ ချမ်းသာနိုင်ပုံများ, ဘီလူး သူရဲ ပြိတ္တာ မှင်စာ စသော မကောင်းဆိုးဝါးဘေးတို့မှ လွတ်မြောက်နိုင်ပုံများ, မင်းဘေး စိုးဘေး လေဘေး ရေဘေးတို့မှ ကင်းလွတ်ပုံများကိုလည်း နိကာယ်ငါးရပ်တို့၌ အကျယ်တဝင့် ဟောပြလျက်ရှိလေသည်။

ငါတို့ အသက်ချမ်းသာစွာ ရှည်ကြာမှုရှိလျှင် ထို ဂုဏ်တော်တန်းခိုးကြောင့် ချမ်းသာပုံစသည် အလုံးစုံကို ရေးသားဘို့ ရည်ရွယ်ထားပါသည်။ ယခုအခါ၌ အားလပ်ခွင့်မရှိသဖြင့် သာသနာအကျိုးမျှော်ကိုးပြီး အခွင့်အနည်းငယ်ဖဲ့ယူ၍ ပွားများပုံအကျဉ်းကလေးကိုသာ ရေးသားရပါ၏။

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းသည် လူချစ် နတ်ချစ် ပိယဆေးတခုလည်း ဖြစ်ပါသည်။ ဣစ္ဆာသယ အလိုရှိတိုင်းရသော မန္တန်ဂါထာတခုလည်း ဖြစ်ပါသည်။ လောကီထွက်ရပ်ပေါက် ဂိုဏ်းဆရာကြီးများ အမြဲပွားများ၍ ဂိုဏ်းဆရာကြီးများ၏ အာသက်သခင်လည်း ဖြစ်ပါသည်။ ဘုန်းကြီးချင်လျှင် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ပွားများရမည်။ သူဌေးဖြစ်လိုလျှင်, သူဌေးသမီး, သူဌေးသား အလိုရှိလျှင် စိတ်ချမ်းသာ ကိုယ်ချမ်းသာနှစ်မျိုးတွင် စိတ်ချမ်းသာမှုသာ အမြတ်ဆုံးဖြစ်သည့်အတွက် စိတ်ချမ်းသာမှုကို လိုလားလျှင်, ရောဂါအန္တရာယ်အမျိုးမျိုးပျောက်ကင်းလိုလျှင် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ပွားများရမည်။

လောကမှာ ခြေနှစ်ချောင်းရှိသောပုဂ္ဂိုလ်တို့တွင် ဘုရားရှင်သာ အမြတ်ဆုံး အသာဆုံး အတုမရှိပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်ဆန်း ဖြစ်သည့်အတွက် ထိုပုဂ္ဂိုလ်၏ ဂုဏ်တော်ကို အဖန်တလဲလဲ ပွားများနေသော ပုဂ္ဂိုလ်သည်လည်း လောကမှာ အမြတ်ဆုံးအသာဆုံး ဖြစ်ပါသည်။

မြတ်စွာဘုရား၏ ဂုဏ်တော်ကို အဖန်ဖန် ဆင်ခြင်အောက်မေ့သည်ရှိသော် သဒ္ဓါတရား အလွန်ထက်သန်၏၊ မိမိ ဦးခေါင်းကိုပင်ဖြတ်၍ ပူဇော်ချင်အောင် သဒ္ဓါတရားဖြစ်ပေါ်တတ်၏။ စိတ်ဉာဏ်အလွန်ကြည်လင်၏။ ဉာဏ်တိုးပွားကြီးရင့်၏။ စိတ်အလွန်တည်ကြည်၏။ ဥပစာရစျာန်ကိုရ၏။

ဘုရားဂုဏ်တော်ကို ပွားများလျှင် "အရဟံ" ဆိုလျှင် ပုတီးတလုံးချ။ တရာ့ရှစ်လုံး ပုတီးတပတ်ရလျှင် "အရဟံ" ဂုဏ်တော်အတွက် ပုတီးတပတ်ရပြီဟုမှတ်။ "အရဟံ" ပြီးလျှင် 'သမ္မာသမ္ဗုဒ္ဓါ' သို့ ကူးပြီးစိပ်ပါ ။ ကျန်ရှိသော ဂုဏ်တော်များလည်း "အရဟံ" အတိုင်း ပုတီးစိပ်ရမည်။ ပုတီးစိပ်သောအခါ နှေးနှေးမှန်မှန် ဘုရားရုပ်ပုံကိုကြည့်၍ သို့မဟုတ် ရုပ်ပုံကိုအာရုံပြု၍ စိပ်ရမည်။ ဘုရားရှင်၏ရုပ်ပုံကိုကြည့်ရှု စိပ်လျှင် စိတ်က မြတ်စွာဘုရားပုံတော်ကိုလည်းမြင်, ဂုဏ်တော်အဓိပ္ပါယ်လည်းတခါတည်းထင်, ပုတီးကလည်း စိပ်လျက်ပင်ရှိနေ၏။ ပုတီးဘယ်နှစ်လုံးရပြီဟု ပုတီးကိုလိုက်၍ မှတ်မနေနှင့်၊ ရုပ်ပုံတော်ကို အာရုံများများစူးစိုက်လျှင် ဂုဏ်တော် ပါဠိနှင့် အဓိပ္ပါယ်လည်း တခါတည်း ထင်မြင်ပေါက်ရောက်လာ၏။ ပွားများပုံ ပွားများနည်း ပြောပြ ရေးပြလျှင် ရှည်သည်ကြာသည်။ကိုယ်တိုင်ပွားများကြည့်လျှင် **"တန္ဒယ်ငင် တစင်ပါ"** ဆိုသလို တချက်ခုတ် ဆယ်ချက်ပြတ်ဖြစ်သည်။

ဂုဏ်တော်ကိုမရ တရကျက်ပြီးပွားများလျှင် ပါဠိမှာမှာကို စိုးရိမ်၍ စဉ်းစားရွတ်ဖတ်နေရတာနှင့် ဘုရားရုပ်ပွားတော်ထံ စိတ်မရောက်နိုင် ဖြစ်နေတတ်သည်။ ထိုသို့ဖြစ်နေလျှင်လည်း မကောင်းချေ။တချို့က ဂုဏ်တော်ကိုးပါးလုံးတခါတည်း ရွတ်ဖတ်ပြီးမှ ပုတီးတလုံးချသည်။ တချို့ ဂုဏ်တော်ကို အနုလုံပဋိလုံ ရွတ်ဖတ်

သည်။ ဘုရားဂုဏ်တော်ကို အမျိုးမျိုးရွတ်ဖတ်ပူဇော်များသော်လည်း လိုရင်းမှာ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းပေါက်ရောက်ဘို့ ဖြစ်ပါသည်။ ဆယ်နှစ် အနှစ် နှစ်ဆယ် အနှစ် သုံး ဆယ် အ နှစ်လေး ဆယ် အ နှစ်ငါး ဆယ် ပူဇော်များအားထုတ် နေသော်လည်း ဆရာမရှိလျှင် ငါးပိဖုတ်တောင်မတတ်ဆိုသလို ဂုဏ်တော်ပူဇော်များ ပုံ ပူဇော်များနည်းမတတ်လျှင်, မသိလျှင်, ထိုင်ပြီး ဗုဒ္ဓါနုဿတိပူဇော်များသည်ရှိသော် တင်ပါးကိုသာ ခြစားခံရမည်၊ လမ်းလျှောက်၍ အားထုတ်လျှင်လည်း အရိုးသာ တိုဝင် တုံးဝင်သွားမည်။ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းတော့ ပေါက်ရောက်မည် မဟုတ်ချေ။

ထို့ကြောင့် ဆရာကောင်း အလွန်အရေးကြီးသည်၊ အကြောင်းတိုက်ဆိုင်မှု ရှိမှ ပါရမီကံထူးရှိမှ ဆရာကောင်း တွေ့နိုင်သည်။ အထက်က ပူဇော်များပုံ ပူဇော်များနည်းကို သေချာစေ့ငုံ အဖန်ဖန် ရွှုကြည့်ကြလေ။

(တနည်း) "အရဟံ" သုံးနည်းပူဇော်များပုံ

အ – ရဟံ၊ ဆိတ်ကွယ်ရာ၌ မကောင်းမှုကို ပြုတော်မမူသော မြတ်စွာဘုရား။

အရ – ဟံ၊ ကိလေသာဟူ ရန်သူအပေါင်းကို ပယ်သတ်တော်မူပြီးသော မြတ်စွာဘုရား။

အရဟံ၊ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား။

ပဌမ အ-ရဟံ၌ အ တပုဒ်၊ရဟံ တပုဒ်၊နှစ်ပုဒ်၊အ တပုဒ်ဖြတ်၊ရဟံ တပုဒ်ဖြတ်။

ဒုတိယ အရ-ဟံ၌ အရ တပုဒ်ဖြတ်၊ ဟံ တပုဒ်ဖြတ်၊ နှစ်ပုဒ်။

တတိယ အရဟံ၌ သုံးလုံးမှ တပုဒ်ဖြတ်ရမည်။ အနက်မြန်မာ ကျေပြန်စွာ ရထားရာ၏။ ပူဇော်များသောအခါ အနက်မြန်မာ ရွတ်ဆိုနေဘို့မလိုပဲ အ – ရဟံ၊ အရ – ဟံ၊ အရဟံ – သုံးတန်းလုံးပြီးမှ ပုတီးတလုံးချ။ အမြဲရွတ်ဖတ်လျှင် အလွန်ကောင်း၏။ အာရုံယူပုံမှာ ဂုဏ်တော်ကိုးပါးနည်းအတိုင်းပင် ဖြစ်လေ၏။ စည်းကမ်းထား၍ တနေ့ အပတ်သုံးဆယ် ပူဇော်များကြည့်ပါ။ ထူးဆန်းဘွယ်ရာ လောကီ လောကုတ္တရာအကျိုး နှစ်မျိုး တွေ့ရှိ ခံစားရပါလိမ့်မည်။

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ပူဇော်များအားထုတ်သော ရဟန်းသည် ဘုရားရှင်၌ ရိုသေလေးစားခြင်း, ကျိုးနွံတုပ်ဝပ်ခြင်း ရှိသည်ဖြစ်၍ သဒ္ဓါတရား ပေါများခြင်း, သတိပညာ ကျယ်ပြန့်များပြားခြင်း, ကုသိုလ်ပေါများခြင်းကို ရ၏။ နှစ်သက် ဝမ်းမြောက်ခြင်းများသည်ဖြစ်၍ ဒုက္ခကြီးငယ်ကို သည်းခံနိုင်၏။ မြတ်စွာဘုရားနှင့် အတူတကွ နေရသည့် အမှတ်သညာကို ရရှိ၍ ဘုရား

ဂုဏ်ကျေးဇူးတော်ကို အကြိမ်ကြိမ် အဖန်ဖန် အောက်မေ့ဆင်ခြင်သောသတိ၏ စံနေကိန်းအောင်းရာဖြစ်သော ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို အားထုတ်သောပုဂ္ဂိုလ်၏ ကိုယ်ခန္ဓာသည်လည်း စေတီအိမ်ကဲ့သို့ ပူဇော်ခြင်းဌါထိုက်၏။

ဗုဒ္ဓဘူမိသို့ စိတ်ညွတ်၏၊ လွန်ကျူးအပ်သော ဝတ္ထုနှင့် တွေ့လတ်သော် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းသော ပုဂ္ဂိုလ်၏ မျက်မှောက်၌ မြတ်စွာဘုရားကို မြင်ရဘိသကဲ့သို့ဖြစ်၍ အရှက်အကြောက် ဟိရိဩတ္တပ္ပနှစ်ပါးကို စောင့်ရှောက်နိုင်၏။ မင်္ဂလိုကို မထိုးထွင်းနိုင်သော်လည်း သေလွန်သောအခါ နတ်ပြည်သုဂတိသို့ ရောက်ရှိနိုင်၏ (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ပဌမအုပ်၊ ၂၀၆။)

အပဒါန်ပါဠိတော်, (ပ-တဲ့၊ ၇၆)၎င်း အဋ္ဌကထာတို့၌ သုဘူတိမထေရ်အား ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းအကျိုးများကို ဤသို့ ဟောကြားလေ၏။

ဘာဝေဟိ ဗုဒ္ဓါနုဿတိ ံ၊ ဘာဝနာနမနုတ္တရံ။
ဣမံ သတိ ံ ဘာဝယိတ္ဝာ၊ ပူရယိဿသိ မာနသံ။

နဒ္ဓရသေ့-ကမ္မဋ္ဌာန်းဘာဝနာ များစွာတို့တွင် အတုမရှိ လွန်မြတ်သော ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ပွားများအားထုတ်ပါလော့။ ဤဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ပွားများအားထုတ်လျှင် စိတ်ချမ်းသာမှု ပြည့်စုံပါလိမ့်မည်။

ဗုဒ္ဓါနုဿတိအကျိုးကြောင့် နဒ္ဓရသေ့သည် သေလွန်သောအခါ နတ်ပြည်မှာ အနှစ်သုံးသောင်း, ထို့နောက် သိကြားမင်းဘဝ အကြိမ်ရှစ်ရာ, ထို့နောက် စကြာမင်းဘဝ အကြိမ်တထောင်, ပဒေသရာဇ်မင်း, ကေရာဇ်မင်းဘဝ မရေမတွက်နိုင်အောင် အကြိမ်များစွာဖြစ်၏။ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ပွားများအားထုတ်သော ဘဝမှစ၍ အပါယ်လေးဘုံသို့ ကျရောက်မှု မရှိပဲ ကမ္ဘာတသိန်းကာလပတ်လုံး လူ့ဘုံ နတ်ဘုံဖြစ်သည့် သုဂတိဘုံတို့၌သာ စည်းစိမ်ချမ်းသာတို့ကို ခံစားရ၏။

သတသဟဿိတော ကပ္ပေ၊ ယံ ကမ္မမကရိ ံ တဒါ။
ဒုဂ္ဂတိ ံ နာဘိဇာနာမိ၊ ဗုဒ္ဓါနုဿတိယာ ဖလံ။
(အပဒါနပါဠိ၊ ပဌမ၊ ၇၇)

ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းအထက်၌ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းမှု ပြုခဲ့သော ကုသိုလ်ကောင်းမှုကြောင့် ထိုဘဝမှစ၍ ဒုဂ္ဂတိဘဝကို မသိခဲ့ချေ။ ဤကဲ့သို့ အကျိုးခံစားရခြင်းကား ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းခဲ့ရသည့် အကြောင်းကြောင့် ဖြစ်၏။ အမြတ်ဆုံး ကမ္မဋ္ဌာန်းဟူသည် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းဟု အဖြေထွက်လျက်ရှိ၏။

အင်္ဂုတ္တိုရ်ပါဠိတော် ပဌမ (၄၃) ဥဒ္ဒါန်းညီး—

အစ္ဆရာသၦ်္ဃာတမတ္တာမိ စေ ဘိက္ခဝေ ဗုဒ္ဓါနုဿတိံ ဘာဝေတိ။ အယံ ဝုစ္စတိ ဘိက္ခဝေ ဘိက္ခု အရိတ္တဇ္ဈာနော ဝိဟရတိ သတ္ထုသာသန-ကရော သြဝါဒပဋိကရော အမောဃံ ရဋ္ဌပိဏ္ဍံ ဘုဉ္ဇတိ၊ ကော ပန ဝါဒေါ ယေ နံ ဗဟုလီကရောန္တီ–ဟူ၍ ဟောတော်မူ၏။

ရဟန်းတို့ လက်ဖျစ်တတ်ခန့်မျှ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကိုအကယ်၍ပွားများအားထုတ်ခဲ့အံ့၊ ထိုသို့ အားထုတ်ခဲ့သည်ရှိသော် ထိုရဟန်းသည် ဥပစာရသမာဓိစျာန်ရှိသည်ဖြစ်၍နေ၏။ ငါဘုရား၏သြဝါဒ အဆုံးအမဒေသနာတော်ကို ရိုသေစွာ လိုက်နာမှုပြုသည်ဖြစ်၍ ပြည်သူတို့၏ကြည်ဖြူစွာလှူဒါန်းအပ်သော ဆွမ်းကို အချည်းနှီးမဖြစ်စေပဲ အကျိုးစီးပွားများအောင် ဘုဉ်းပေးသုံးဆောင်သော ရဟန်းဟူ၍ ခေါ်ဆိုအပ်၏။ လက်ဖျစ်တတ်ထက်မက အကြိမ်များစွာ ပွားများအားထုတ်ကြပါကုန်မူကား အကျိုးအာနိသင်များသည်၌ ဆိုဘွယ်ရာအထူးအဘယ်မှာလျှင် ရှိပါတော့အံ့နည်း။

ရှေးအခါက ကဋ္ဌအန္ဓကာရအရပ်၌ သီတင်းသုံးနေထိုင်သော ဖုဿဒေဝမထေရ်သည် မာရ်နတ် ဖန်ဆင်း၍ပြသော ဘုရားအသွင် သဏ္ဌာန်တော်ကို မြင်ရသောအခါ ကြည်ညိုလှသဖြင့် ဤပုဂ္ဂိုလ်ကား ရာဂ ဒေါသ မောဟများသော မာရ်နတ်သာဖြစ်ချေသည်၊ လောဘ ဒေါသ မောဟကင်းကွာသော မြတ်စွာဘုရားအစစ် ဖြစ်ပါက အလွန်ပင်ကြည်ညိုဘွယ်ရာ ဖြစ်မှာပါတကားဟု ဘုရားရှင်အာရုံရှိသော ပီတိကိုရရှိ၍ ထိုပီတိကို ဝိပဿနာပွားများသောအခါ ရဟန္တာဖြစ်လေသည်။ (စူဠဝဂ္ဂါဒိ အဋ္ဌကထာ-၁၇၄)။

ဘုရားဂုဏ်တော်ကြောင့်
ရဟန္တာများ မရေတွက်နိုင်အောင်များကြပုံ

ဗုဒ္ဓါဒိ ဂေါစရံ ပီတိ ံ၊ လဘိတ္ဝာ ယေ စ တခ်ဏော။
ဝိပဿနံ ဝဍ္ဎေတ္ဝာန၊ သုဝိမုတ္တာ အသ်ံဳယာ။

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ပွားများသောပုဂ္ဂိုလ်သည် ဘုရားစသော အာရုံကို အာရုံပြု၍ ဆင်ခြင်ပွားများသည့်အတွက် စေတနာသဒ္ဓါတရား ကြည်ညိုမှုများ တဖွားဖွားပေါ်လာတတ်သည်၊ ခုဒ္ဒိကာ ပီတိစသော ငါးပါးသောပီတိတို့သည်လည်း အသီးအသီး ရံခါတွေ့ကြုံရလေသည်၊ ထိုပီတိတို့ကို ဖြစ်ပျက် ဝိပဿနာဆင်ခြင်သုံးသပ်လေလျှင် ဉာဏ်စဉ်အတိုင်း တက်ရောက်ကာ မဂ်ဖိုလ်သို့ ရောက်ကြသည်မှာ မရေတွက်နိုင်အောင် များပြားလှလေပြီ။

ဝိပဿနာသို့ ကူးတက်ပုံ

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းသည် သမထကမ္မဋ္ဌာန်းဖြစ်၏။ ဝိပဿနာသို့ ကူးလို သောအခါ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ပွားများအားထုတ်သော ပုဂ္ဂိုလ်သည် ပညတ်အနေအားဖြင့် လူဟုခေါ်ဝေါ်သည်။ ပရမတ္ထအစစ်အမှန်အားဖြင့် နာမ်ရုပ်နှစ်ပါးသာ၊ ဓာတ်လေးပါးသာ၊ ထိုနာမ်ရုပ်နှစ်ပါးသည်လည်း အမြဲမရှိ ဆင်းရဲ၏ အစိုးမရချေပါတကားဟု ဤသို့လျှင် ဝိပဿနာသို့ ကူးပြောင်းရလေသည်။ (အဂုံတို့ရ်အဋ္ဌကထာ ပဌမအုပ် ဗုဒ္ဓါနုဿတိအဖွင့်ကို မှီးပါသည်။)

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကြောင့် ကောင်းကင်သို့ ပျံတက်သွားပုံ

အခါတပါး ဂိရိကဏ္ဍကကျောင်းတိုက်၏ ဆွမ်းခံရွာဖြစ်သော ဝတ္တဂါလက ရွာ၌ ကိုယ်ဝန်ရှိသော အမျိုးသမီးတယောက်သည် အားကြီးသော ဗုဒ္ဓါရမ္မဏ ပီတိဖြင့် ကောင်းကင်သို့ ပျံတက်သွားဘူး၏။ တနေ့သောအခါ ထိုအမျိုးသမီး၏ မိဘနှစ်ပါးတို့သည် ညနေစောင်း တရားနာယူရန် ကျောင်းသို့ သွားခါနီးတွင် သမီးအား ချစ်သမီး သင့်မှာ ကိုယ်ဝန်ဖြင့် သွားခြင်းငှါ မသင့်လျော်သဖြင့် အိမ်မှာနေရစ်ခဲ့ပါ၊ ငါတို့သည်. ချစ်သမီးအတွက် ကုသိုလ်ပြု၍ တရားတော်ကို နာယူခဲ့ပါအုံဟု မှာခဲ့၍ သွားကြလေသည်။

ကိုယ်ဝန်ဆောင်အမျိုးသမီးသည် လိုက်လိုသော်လည်း မိဘတို့၏စကားကို မလွန်ဆန်နိုင်သည့်အတွက် အိမ်၌ကျန်ရစ်ခဲ့၍ အိမ်တံခါးပေါက်ဝ၌ ရပ်လျက် လရောင်ဖြင့် ဂိရိကဏ္ဍကကျောင်းတောင်ထွတ်၌ တည်ရှိသော စေတီပြင်ကို စိုက်စိုက်ကြည့်လတ်သော် စေတီအား ဆီမီးပူဇော်သည်ကိုဎင်း, ပရိသတ်လေးပါးတို့သည် ပန်းနံ့သာတို့ဖြင့် စေတီတော်အား ပူဇော်နေသည်တို့ကိုဎင်း မြင်လေ၏။ ရဟန်းအပေါင်း၏ ရွတ်ဖတ်သရဇ္ဈာယ်သံကိုလည်း ကြားနေ၏။ ထိုသို့ကြားမြင်လတ်သောအခါ ဤပုဂ္ဂိုလ်တို့သည် ဘုန်းကံအထူးရှိပေကုန်စွဲတကားဟု ဝမ်းမြောက်ဝမ်းသာဖြစ်လတ်၍ ပုလဲအစုန္ဒင့်တူသော စေတီတော်ကို သဒ္ဓါချက်ချက် ကြွတက်စိတ်ရှိ ပီတိရွှမ်းပြည့် ကြည့်စဉ်ပင်လျှင် ဥဇ္ဇေဂါပီတိဖြစ်လတ်၍ ကောင်းကင်သို့ ပျံတက်ကာ စေတီယင်ပြင်၌ သက်ဆင်းပြီးလျှင် စေတီတော်ကို ရှိခိုး၍ တရားတော်ကို နာယူလျက်နေလေ၏။

နောက်မှရောက်လာသော မိဘနှစ်ပါးတို့သည် သမီးကိုမြင်လျှင် အံ့အား သင့်ကာ ချစ်သမီး— သင်ဘယ်လမ်းက လာခဲ့သနည်းဟု မေးရာ မိဘနှစ်ပါးတို့ ကျမ ကောင်းကင်ခရီးဖြင့် လာခဲ့ပါ၏၊ မြေလမ်းဖြင့် မလာခဲ့ပါဟု ပြောဆိုလတ်သော် ချစ်သမီး—ကောင်းကင်ခရီးဖြင့်လာနိုင်သော ပုဂ္ဂိုလ်ဟူသည် ရဟန္တာများသာလျှင် ဖြစ်၏။ သင် ရောက်လာပုံအလုံးစုံကို မှန်မှန် ကန်ကန် ပြောပ၊

ချစ်သမီးဟု မိဘတို့ကပြောဆိုပြန်လျှင် မိဘနှစ်ပါးတို့– ကျမသည် လရောင်ဖြင့် စေတီတော်ကိုကြည့်ရှုလျက်ရပ်နေစဉ် ဘုရားရှင်၌ အလွန်ကြည်ညိုသော ပီတိဖြစ်လာပါသည်၊ ထိုပီတိဖြစ်ပေါ်လာသောအခါ ကျမရပ်နေသည် ထိုင်နေသည် မျှားကို မသိတော့ပဲ ကြည်ညိုသောစိတ်နှင့်အတူ ကောင်းကင်သို့ပျံတက်၍ စေတီယင်ပြင်တော်၌ ကျရောက်လာပါ၏ဟု ပြောဆိုသောအခါမှ မိဘတို့သည် ယုံကြည်ကြလေ၏။ (ဤသို့လျှင် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းသည် ကောင်းကင်သို့ပျံတက်နိုင်ကြောင်းကိုလည်း သိရှိမှတ်သားထားရမည်။)

အခါတပါး ပုဏ္ဏဝလ္လိကကျောင်းတိုက်၌ သီတင်းသုံးနေထိုင်သော မဟာတိဿမထေရ်သည်လည်း လပြည့်နေ့၌ ပုဏ္ဏဝလ္လိကကျောင်းရှိ စေတီယင်ပြင်သို့သွား၍ လရောင်အလင်းမြင်လတ်သောအခါ မဟာစေတီသို့ ရှေးရှုမျက်နှာမူပြီးလျှင် ဤအခါိန်အခါမှာ ပရိသတ်လေးပါးတို့သည် မဟာစေတီကို ရှိခိုးပူဇော်သော အခါိန်အခါပါတကား ဟု ကြံအောက်မေ့၍ ရှေးကာလက မဟာစေတီကို ကြည်ညိုဘူးသော ပီတိအစွမ်းဖြင့် ဘုရားလျှင် အာရုံရှိသော ဥဇ္ဇေဂါပီတိကို ဖြစ်စေသောအခါ ကောင်းကင်သို့ပျံတက်၍ မဟာစေတီ၌ ကျရောက်တည်ရှိလေသည်။ ဤမထေရ်မျှားကဲ့သို့ဖြစ်အောင် နည်းယူ၍ ကျင့်ဆောင်ကြကုန်ရာ၏။ (အဋ္ဌသာလိနီ၊ ၁၅၉။)

ဘုရားဂုဏ်ကြောင့် ရေပေါ်၌သွားနိုင်ပုံ

လွန်လေပြီးသောအခါ ကဿပဘုရားရှင်၏လက်ထက်၌ သောတာပန် ဥပါသကာတဦးသည် မဟာသမုဒ္ဒရာ၌လှေဖြင့် ကူးသွားသောအခါ ခုနစ်ရက်မြောက်သောနေ့၌ လှေပျက်၏။ ရေထဲမှာ ပျဉ်ချပ်တခုကိုတွေ့ရှိသဖြင့် အဖော်တယောက်နှင့်အတူတက္ခ ပွေ့ဖက်၍သွားရာ ကျွန်းတကျွန်းသို့ ရောက်လေ၏။ အဖော်ပါလာသူက သားငှက်တို့ကို သတ်ဖြတ်၍ စားသောက်သော်လည်း သောတာပန်ဥပါသကာသည် မစားချေ။

ဥပါသကာ၏စိတ်ထဲဝယ် ဤကျွန်းအရပ်၌ ရတနာမြတ်သုံးပါးကိုထား၍ အားထားမှီခိုရာ ငါတို့မှာ မရှိပြီဟု ကြံစည်သည့်အတိုင်း ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိကမ္မဋ္ဌာန်းသုံးပါးကို ပွားများလေ၏။ ထိုသို့ပွားများသောအခါ ယင်းကျွန်း၌နေသော နဂါးမင်းသည် မိမိကိုယ်ကို လှေကြီးအသွင် ဖန်ဆင်းပေး၏။ မဟာသမုဒ္ဒရာ၌ စောင့်သောနတ်မင်းကား လှေသူကြီးပြုလုပ်၍ ထိုလှေ၌ ရတနာခုနစ်ပါးတို့ဖြင့် ပြည့်စေ၏။

သမုဒ္ဒရာစောင့်နတ်မင်းသည် လှေပေါ်၌ ရပ်တည်ကာ ဇမ္ဗုဒိပ်ကျွန်းသို့သွားလိုသောပုဂ္ဂိုလ်များရှိပါက လာကြပါဟု ကြွေးကြော်လေ၏။ သောတာပန်

ဥပါသကာသည် ငါတို့လိုက်ပါအံ့ဟု ပြောဆိုကာ လှေပေါ်သို့တက်စီးပြီးလျှင် အဖော်ပါလာသူကို ခေါ်လေ၏။ ထိုအခါ သမုဒ္ဒရာစောင့်နတ်မင်းက သင့်အတွက် သာစီးခွင့်ရှိပါသည်၊ ထိုပုဂ္ဂိုလ် စီးခွင့်မရှိပါဟု ပြောဆိုရာ အဘယ်အတွက်ကြောင့် ဖြစ်ပါသနည်းဟု မေးမြန်းလေ၏။

သင်၏အဖော်သည် သီလဂုဏ်မရှိသည့်အတွက် စီးနင်းခွင့်မရှိပါ၊ သင့်အတွက်သာ ဤလှေကိုယူခဲ့ပါ၏ဟုပြောဆိုရာ သောတာပန်ဥပါသကာသည် သည်လိုဆိုလျှင် ကောင်းပါပြီ၊ အကျွန်ုပ်၏ ဒါန, သီလ, ဘာဝနာ ကုသိုလ်တရားများကို ဤအဖော်ပုဂ္ဂိုလ်အား အမျှပေးဝေပါ၏ဟု ပြောဆိုသောအခါ အဖော်ပုဂ္ဂိုလ် သည်လည်း ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာပြု၍ ကုသိုလ်အဖို့ ရရှိလေလျှင် နတ်မျှားသည်လည်း နှစ်ယောက်လုံး လှေပေါ်တင်၍ အလိုရှိရာ ဗာရာဏသီပြည်သို့ ပို့ကြလေ၏။ (ဤကား ဗုဒ္ဓ, ဓမ္မ, သံဃ ဂုဏ်တော်ကို အဖန်ဖန်အောက်မေ့ ပွားများ၍ ချမ်းသာမှု ခံစားရပုံဖြစ်၏။)

အခါတပါးလည်း သောတာပန်ဥပါသကာသည် တနေ့သ၌ ဇေတဝန်ကျောင်းတော်သို့သွားရာ ညနေချမ်းအခါ အစိုရဝတီမြစ်သို့သွား၍ လှေဆိပ်၌ လှေမတွေ့သဖြင့် အခက်ကြုံသည်ရှိသော် ဗုဒ္ဓါရမ္မဏပီတိကိုယူ၍ မြစ်သို့ ဆင်းသည်တွင် ခြေနှစ်ချောင်းလုံး ရေပေါ်မှာဖြစ်၍ ရေမစုတ်ချေ။ ဗုဒ္ဓါရမ္မဏပီတိနှံ့နှေးလျှင် ခြေနှစ်ချောင်းလုံး ရေထဲ၌နစ်ဘို့ ဖြစ်ကုန်၏။ ထိုအခါ ဗုဒ္ဓါရမ္မဏပီတိမြဲမြံစွာပြု၍ ရေပြင်၌ ထောက်တည်ရာကိုပြုကာ မြေကိုနင်းဘိသကဲ့သို့ ရေပြင်၌သွားလျက် ဇေတဝန်ကျောင်းတော် မြတ်စွာဘုရားရှိရာသို့ သွားလေ၏။ (ဤကား ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကြောင့် အကျိုးသက်ရောက်ပုံများ ဖြစ်လေ၏။)

ဗုဒ္ဓါနုဿတိဘာဝနာ ပြီး၏။

ဓမ္မာနုဿတိကမ္မဋ္ဌာန်း ပွားများ အားထုတ်ပုံ

ဓမ္မာနုဿတိ ကမ္မဋ္ဌာန်းဟူသည် ရှင်တော်ဘုရားဟောကြားတော်မူအပ်သော မဂ်, ဖိုလ်, နိဗ္ဗာန်, ဓမ္မက္ခန်ဟူ ဆယ်တန်သော တရားတော်မြတ်၏ ဂုဏ်တော်ကျေးဇူးတော်တို့ကို အဖန်ဖန်အောက်မေ့ဆင်ခြင်မှုသတိကို ဆိုလို၏။ ထိုဓမ္မာနုဿတိ ကမ္မဋ္ဌာန်းကို ပွားများအားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် ဆယ်ပါးသော တရားတော်မြတ်၏ ဂုဏ်တော် (၆) ပါးကို ပါဠိနှင့်တကွ မြန်မာအနက်ပါ ကျေပြန်စွာ ရရှိထားရမည်။

တရားဂုဏ်တော်ပွားများနည်း

၁။ သွာက္ခာတော ဘဂဝတာ ဓမ္မော။

၂။ သန္ဒိဋ္ဌိကော။

၃။ အကာလိကော။

၄။ ဧဟိပဿိကော။

၅။ ဩပနေယျိကော။

၆။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

၁။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ သွာက္ခာတော၊ ကောင်းစွာ ဟော ကြားတော်မူအပ်သော။ ဓမ္မော၊ တရားတော်ပါတကား။

၂။ သန္ဒိဋ္ဌိကော၊ ကိုယ်တိုင်ရှုမြင်အပ်သော တရားတော်ပါတကား။

၃။ အကာလိကော၊ အခါမလင့် အကျိုးပေးတတ်သော တရားတော်ပါတကား။

၄။ ပေါိပဿိကော၊ မယုံလျှင် လာလှည့်ရှုလှည့် ဟူသော အစီအရင်ကို ခံတော်မူထိုက်သော တရားတော်ပါတကား။

၅။ ဩပနေယျိကော၊ ဘာဝနာ၏ အစွမ်းဖြင့်ကပ်၍ ဆောင်ခြင်းငှ၊ ထိုက် တော်မူသော တရားတော်ပါတကား။

၆။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ၊ ပညာရှိတို့သည် အသီးအသီး ကိုယ်စီကိုယ်ငှ သိအပ်ခံစားအပ်သော တရားတော်ပါတကား။

ဤအနက်အကျဉ်းကို အရဆောင်ထားပြီးမှ ပါဠိရုတ်ဖတ်ပြီး ပုတီးစိပ်လျှင် အဓိပ္ပါယ် ပေါ်လွင်နေသည့်အတွက် အကျိုးများသည်။ ပုတီးစိပ်သောအခါ "သွာက္ခာတော" ဟု ဆိုလျှင် ပုတီးတလုံးခြ၍ ပုတီးတပတ်ပြည့်အောင် ပွား များပါ။ ပုတီးတပတ်ပြည့်လျှင် "သန္ဒိဋ္ဌိကော" သို့ ကူးပြောင်း၍ စိပ်ပါ။ စိပ်ပုံစိပ်နည်း ပွားများပုံ ပွားများနည်းမှာ ဗုဒ္ဓါနုဿတိ ဘာဝနာ အတိုင်းပင် ဖြစ်၏။ သို့သော် အာရုံယူပုံကို သာဓကဝတ္ထုဖြင့် ထင်ရှားစွာ ပြဦးအံ့—

အခါတပါး သဒ္ဓါတရား များပြားသော သူကြွယ်တယောက်သည် မြတ်စွာ ဘုရားနှင့် သံဃာတော်အရှင်မြတ်တို့အား အမြဲမပြတ် မြတ်သောပူဇော်မှုကို ပြုလုပ်၏။ တနေ့သောအခါ သူကြွယ်၏ စိတ်သန္တာန်ဝယ် ငါသည် ဘုရားရတနာ နှင့် သံဃာရတနာကို မွန်မြတ်သော ခဲဘွယ်ဘောဇဉ်တို့နှင့်တကွ နူးညံ့သော အဝတ်သင်္ကန်းတို့ကို ပေးလှူရလျက် အမြဲမပြတ် ပူဇော်မှုကို ပြုလုပ်ရ၏။ ယခု

အခါ ဓမ္မရတနာကိုလည်း ပူဇော်မှု ပြုလုပ်ပါအံ့၊ အဘယ်သို့လျှင် တရားရတနာကို ပူဇော်မှု ပြုလုပ်ရပါအံ့နည်းဟု အကြံအစည် ဖြစ်လေ၏။

ထို သူကြွယ်သည် အကြံအစည် ဖြစ်ပြီးသည့်နောက် များစွာသော နံ့သာပန်း အစရှိသည်တို့ကို ယူ၍ ဇေတဝန်ကျောင်းတော်သို့သွားရောက်ကာ မြတ်စွာဘုရားအား ရှိခိုးလျက် ဘုန်းတော်ကြီးလှတော်မူသော မြတ်စွာဘုရား– တပည့်တော်သည် တရားရတနာကို ပူဇော်မှု ပြုလုပ်လိုပါ၏၊ ထိုတရားရတနာကို ဘယ်ပုံ ပြုလုပ်လျှင် ပူဇော်ရာ ရောက်ပါမည် နည်းဟု လျှောက်ထားသော အခါ သူကြွယ်– တရားရတနာကို အကယ်၍ ပူဇော်လိုလျှင် တရားဘဏ္ဍာစိုးဖြစ်သော အရှင်အာနန္ဒာအား ပူဇော်မှုပြုလုပ်လော့ဟု အမိန့်ရှိလေသည်။

သူကြွယ်သည် ကောင်းပါပြီ ဘုရားဟု ဝန်ခံ၍ အရှင်အာနန္ဒာမထေရ်ကို အိမ်သို့ပင့်ကာ နံ့သာပန်း စသည်တို့ဖြင့် ပူဇော်၍ အထူးထူးသော ဘောဇဉ်တို့ကို ဆက်ကပ်လျက် တန်ဘိုးများစွာထိုက်သော သင်္ကန်းသုံးထည် ချုပ်ဘို့ ဝတ်နိုင်လောက်အောင် အဝတ်တို့ကိုလည်း ဆက်ကပ် လှူဒါန်း လေ၏။ အရှင် အာနန္ဒာမထေရ်သည်လည်း စိတ်ထဲ၌ ဤသင်္ကန်းသုံးထည် ချုပ်ဘို့ဖြစ်သော အဝတ်တို့သည်လည်း တရားရတနာကို ပူဇော်လို၍ ပြုလုပ်၏။ ထို့ကြောင့် ငါ့အား ဤသင်္ကန်းများဖြင့် မသင့်လျော်ခဲ့ပေ။ အဂ္ဂသာဝက ဓမ္မသေနာပတိ တရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတ္တရာ မထေရ်အားသာ သင့်လျော် လျောက်ပတ်ခဲ့၏ဟု နှလုံးသွင်းရှိကာ ဆွမ်းအဝတ်တို့ကို ကျောင်းသို့ယူဆောင်ခဲ့၍ အရှင် သာရိပုတ္တရာမထေရ်အား လှူဒါန်းလေသည်။

အရှင် သာရိပုတ္တရာမထေရ်သည်လည်း စိတ်ထဲ၌ ဤ ဆွမ်းအဝတ်တို့သည် တရားရတနာကိုပူဇော်မှုပြုလုပ်သော ပစ္စည်းများဖြစ်၍ စင်စစ်ကောန် အမှန်အား ဖြင့် တရားပိုင်ရှင် သမ္မာသမ္ဗုဒ္ဓ ရှင်တော်ဘုရားအားသာလျှင် သင့်လျော်လျောက် ပတ်ခဲ့၏ဟု စဉ်းစားမိသည့်အတိုင်း မြတ်စွာဘုရားအား တဖန် လှူဒါန်းပြန်လေသည်။ မြတ်စွာဘုရားသည် မိမိထက်လွန်မြတ်သောပုဂ္ဂိုလ်, တရားဆောင်သော ပုဂ္ဂိုလ်ကို မမြင်သည့်အတွက် ဆွမ်းကို ဘုဉ်းပေးသုံးဆောင်တော်မူ၍ သင်္ကန်း ချုပ်ဘို့ဖြစ်သော အဝတ်ကိုလည်း လက်ခံယူလိုက်လေသည်။

ဤ ဝတ္ထုသာဓကကို ထောက်ရှုသောအားဖြင့် တရားကို ပူဇော်လိုလျှင် တရားဘဏ္ဍာစိုးဖြစ်သည့် မြတ်စွာဘုရားနှင့် အရှင်သာရိပုတ္တရာ, အရှင်အာနန္ဒာ စသော တရားတော်ကို ဆောင်သော ရဟန္တာများကို ပူဇော်ရမည်။

အာရုံယူ၍ ရှိခိုးဦးချသောအခါ တရားကိုဆောင်ထားသော တရားဘဏ္ဍာစိုး ရဟန္တာများပါတကား, ထို တရားတော်များသည်လည်း ဂုဏ်တော်ခြောက်ပါးနှင့် ပြည့်စုံလှပါပေတကားဟု နှလုံးသွင်း၍ အာရုံယူကာ ဦးချရှိခိုးရသည်။

စေတီလေးမျိုးတွင် ပိဋကတ်တော်များသည် ဓမ္မစေတီဖြစ်သဖြင့်၎င်း, ဓမ္မဘဏ္ဍာဂါရိက တရားဘဏ္ဍာစုံးများ ဖြစ်သဖြင့်၎င်း ဂုဏ်တော်ခြောက်ပါးကို အာရုံယူကာ ရှိခိုးဦးချရသည်။

လောကဌ် ဂုဏ်ရှိသောပုဂ္ဂိုလ်, ဂုဏ်မရှိသောပုဂ္ဂိုလ်ဟု နှစ်မျိုးရှိရာတွင် ဂုဏ်ရှိသောပုဂ္ဂိုလ်သည် ဂုဏ်မရှိသောပုဂ္ဂိုလ်ထက် သာ၍ လူ့လောကဌ် အသုံးဝင်လေသည်။ အကြောင်းကား ဂုဏ်ရှိ၍ အသုံးဝင်ခြင်းဖြစ်သည်။ အသုံးမဝင်သော ပုဂ္ဂိုလ်ကား ဂုဏ်မရှိ၍ပင်ဖြစ်၏။ ဂုဏ်ဟူသည် ပညာဂုဏ်, ဥစ္စာဂုဏ်, ဆွေမျိုးဂုဏ် စသည်တို့ ဖြစ်သည်။ ကိုယ်ခန္ဓာကြီးသည် ဒြပ်မည်၏။ လူတယောက်၌ ဂုဏ်နှင့်ဒြပ် ခဲ့ခြားတတ်ရမည်။ ရဟန်းသံဃာတော်တို့၌လည်း တိပိဋကဓရဂုဏ်, ဓုတင်္ဓရဂုဏ်, သီလ သမာဓိ ပညာဂုဏ် စသည်တို့ကိုလည်း ကိုယ်ခန္ဓာဒြပ်နှင့် ခဲ့ခြားတတ်ရမည်။ သို့သော် ထိုဂုဏ်များသည် ဒြပ်ကိုအမှီပြု၍ ဖြစ်ပေါ်လာသည်။ ဒြပ်နှင့် ကင်းကွာ၍ကား မဖြစ်ချေ။

တရားရတနာကို အာရုံယူ၍ ရှိခိုးဦးချ ပူဇော်ရာ၌ တရားဘဏ္ဍာစုံး ပုဂ္ဂိုလ်များတွင် ဒြပ်ကိုအာရုံယူ၍ ပူဇော်ရသည်မဟုတ်ပဲ ဂုဏ်တော်ခြောက်ပါးကို အာရုံယူ၍ ပူဇော်ရသည်။ ဘုရားရတနာ, သံဃာရတနာတို့၌လည်း ထိုနည်းတူစွာ ဂုဏ်ကို အသီးအသီး အာရုံယူ၍ ပူဇော်ရသည်။ ဤဂုဏ်တော်များကို အာရုံယူရာ၌ ကိုယ်တိုင်သိ၍ အာရုံယူတတ်သော်လည်း သူတပါးအား သဘောပေါက်နားလည်အောင် အပြောရခဲယဉ်းသည်။ ရေးပြ၍လည်း ခဲယဉ်းသည်၊ ရေးပြထားသည့် ဝတ္ထုသာဓကကို နည်းမှီပြီး ဉာဏ်သက်ဝင်၍ အာရုံယူတတ်ပါစေ။ ပုဂ္ဂိုလ်အမျိုးမျိုးလိုက်၍ လူဖြစ်လာပြီး သာသနာနှင့် တွေ့ကြုံရသည့် အခါ ရတနာသုံးပါး ပူဇော်မှု, အာရုံယူမှု မပြုလုပ်တတ်လျှင် လူဖြစ်ရကျိုးရှုံးမည်ကို စိုးရိမ်သဖြင့် ရှင်းသည်ထက်ရှင်းအောင် ရေးပြနေခြင်းဖြစ်သည်။

လူ့လောကဌ် ရတနာမြတ်သုံးပါး ပူဇော်ဦးချရာတွင် တရားရတနာနှင့် ပတ်သက်၍ အာရုံယူပုံ ယူနည်း ပူဇော်ပုံ ပူဇော်နည်းများကို လူများအား စစ်ဆေးမေးမြန်းကြည့်ရာ တရာတွင် တယောက် အဖြေမှန် မထွက်တတ်ကြချေ။

အခြား ဘာသာဝင်လူတို့က မင်းတို့ ဗုဒ္ဓဘာသာတွင် ဘုရားရတနာ, တရားရတနာ, သံဃာရတနာဟု သုံးမျိုးရှိရာတွင် ဘုရားရှင်ကို ရှိခိုးဦးချတော့လဲ ဘုရားရုပ်ပွားကိုပင် ရှိခိုးဦးချသည်။ တရားတော်ကို ရှိခိုးဦးချသည့်အခါဌ်လည်း ဘုရားရှင်ကို ရှိခိုးဦးချသည်ဟု ပြောဆိုကြလေသည်။ တချို့ကလဲ ဗုဒ္ဓဘာသာဝင်တို့က ဘုရားစေတီတည်ရင်လဲ အုတ်ခဲ, လှေကား လုပ်ရင်လဲ အုတ်ခဲ, လမ်းခင်း အိမ်သာ လုပ်ရင်လဲ အုတ်ခဲဟု ပြောဆိုကြပြန်လေသည်။ ထိုသူတို့ ပြောသောစကားကို အဖြေပေးလျှင် လွယ်လွယ်ကလေးပင် ဖြစ်၏။

အဖြေကား – သင့်မှာ မိန်းမ မရှိဘူးလား၊ ရှိပါတယ်၊ မွေးမိခင်နှင့် ညီမ နှမများကော မရှိဘူးလား၊ ရှိပါတယ်၊ မိန်းမချင်း မတူဘူးလား၊ တူပါတယ်၊ တူလျှင် သင့်နှမ ညီမများကို ကိုယ့်မိန်းမအဖြစ် ယူလို့မဖြစ်ဘူးလား၊ ဒီလိုတော့ မဖြစ်ပါဟု အဖြေပေးလေသည်။ မိန်းမချင်းတူသော်လည်း သူနေရာနှင့်သူ စည်းကမ်းခြားနားမှု, သူမိန်းမ, ကိုယ့်မိန်းမ, သူနှမ, ကိုယ့်နှမ, သူဆွေမျိုး, ကိုယ့်ဆွေမျိုး လောကကြီးမှာရှိသလို အုတ်ခဲလည်း ဘုရားတည်သောအုတ်ခဲ, လှေကားအုတ်ခဲ, လမ်းခင်းအုတ်ခဲ, အိမ်သာအုတ်ခဲ စသည်ဖြင့် သူနေရာနှင့် သူ ကဲ့ပြားခြားနားမှု ရှိလေသည်။ ဤကား လူပြိန်းနားလည်အောင် အထင်ရှားဆုံး ဥပမာဖြင့် ရေးပြခြင်းဖြစ်၏။ အခြားသော ဥပမာတို့ဖြင့် ကိုယ်ပိုင်ဉာဏ် ထုတ်၍ အကျယ်တဝင့် သိရှိကြလေ။ ဘုရားရတနာကို ရှိခိုးဦးချသောအခါ ဂုဏ်တော်ကိုးပါးကို အာရုံယူ၍ ရှိခိုးဦးချရမည်။ တရားရတနာကို အာရုံယူလို သည့်အတွက် တရားဆောင်ထားသော ဘုရားရှင်ကို အာရုံယူသောအခါ ဂုဏ်တော်ခြောက်ပါးကို အာရုံယူ၍ ရှိခိုးဦးချရမည်။

အခြို့ကလဲ မြတ်စွာဘုရားအမှူးရှိသော ရဟန္တာငါးရာ ကြွလာသောအခါ တရားဆောင်၍ ကျင့်သည့်အတွက် ထိုရဟန္တာများသည် တရားဘဏ္ဍာစုံးများဖြစ်ချေ၏ဟု နှလုံးသွင်း၍ ရှိခိုးဦးချကြသည်။ တရားတော်ကို အနည်းငယ် ဆောင်၍ ကျင့်လျှင်လည်း တရားတော်ကို ဆောင်သည်မည်၏။ နိကာယ် ငါးရပ် ပိဋကတ်သုံးပုံဆောင်မှ တရားဆောင်သော ဓမ္မဘဏ္ဍာဂါရိကဟု လှေနံ ခေးထစ် မမှတ်အပ်။ ဘုရားဟောပါဠိတော်ကို မြန်မာဘာသာဖြင့် မှတ်သား၍ ကျင့်ကြံကြူးကုတ် ဒါနးထုတ်ခြင်း, ဟောပြောခြင်း, ကမ္မဋ္ဌာနာစရိယပြုလုပ်ခြင်း, ဓမ္မကထိက ပြုလုပ်ခြင်းတို့သည်လည်း တရားကိုဆောင်သော တရားဘဏ္ဍာစုံးဟု ခေါ်ဆိုထိုက်ပါ၏။

ဓမ္မာနုဿတိ ကမ္မဋ္ဌာန်း ဘာဝနာ ပေါက်ရောက်သောအခါ တရားဆောင်သော ဘုရားရှင်များနှင့် ရဟန္တာများကို မိမိပတ်ဝန်းကျင်မှစ၍ စကြဝဠာ အပြည့် ဖန်ဆင်းပြီးလျှင် ဂုဏ်တော်ခြောက်ပါးကို ရွတ်ဖတ်ကာ အာရုံယူလျက် ပွားများကြကုန်ရာ၏။ ဓမ္မာနုဿတိကမ္မဋ္ဌာန်းသည် သမထ ကမ္မဋ္ဌာန်း ဖြစ်၏။ ဝိပဿနာသို့ ကူးလိုသော် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း၌ ပြဆိုခဲ့သော ဝိပဿနာကူးပုံနှင့် မခြားနားလှချေ၊ နည်းမှီ၍ ကူးရာ၏။

တရားရှိ၍ သတ္တဝါများ ချမ်းသာကြပုံ

ဤလောက၌ ရှိကြသော သတ္တဝါတို့သည် တရားရှိသောအခါ ချမ်းသာမှု ရရှိ၍ တရားမရှိသောအခါ ဆင်းရဲမှုတွေ့ကြုံရလေသည်။ လောဘ, ဒေါသ,

မောဟ, မာန, ဣဿာ, မစ္ဆရိယ တရားတို့သည် သတ္တဝါတို့၏ သန္တာန်၌ ထင်ရှားလျှင် ထိုတရားယုတ်များ ကပ်ဝင်သောအခါ မည်သို့ မည်ပုံ ဖြစ်သည် ပြောင်းလဲသည် ဆိုတာကို အထူးပြောစရာ မလိုတော့ချေ။ သင်တို့ကိုယ်တိုင် တွေ့မြင်ခံစားရသောအခါ သိရှိပါလိမ့်မည်။ ဟိရီ=မကောင်းမှုမှ ရှက်ခြင်း, ဩတ္တပ္ပ=မကောင်းမှုမှ ထိတ်လန့်ကြောက်ရွံ့ခြင်း တရားနှစ်ပါးသည်လည်း လူ့သတ္တဝါများတွင် ရှိသင့်သလောက် ရှိကြ၏။ ခွေး, နွား, ကြက်, ငှက် စသော တိရစ္ဆာန်များကား ထိုဟိရီ ဩတ္တပ္ပတရားနှစ်ပါး မရှိ၍ လောဘတဏှာအာရုံ ကာမဂုဏ်နှင့် ပတ်သက်သည့်နေရာများမှာ နေရာအနှံ့အပြား ထင်ရှားလှုလေသည်။

ဒေါသနှင့် ပတ်သက်လျှင်လည်း ခွေးဆိုလျှင် တကောင်နှင့်တကောင် အသစ်မြင်လျှင် ဒေါသထွက်၍ ကိုက်ကြသည်။ ဤသို့ ဖြစ်ရခြင်းမှာ ရှက်ရမည့် ဟိရီတရား, မကောင်းမှုမှ ကြောက်ရမည့် ဩတ္တပ္ပတရား မရှိကြောင်း ထင်ရှား၍ ဆိုတာ အထူးပြောစရာမရှိပေ။

ဤကဲ့သို့သော တရားဒေသနာများကို ဉာဏ်ဖြင့်ဆင်ခြင်ကြည့်လျှင် လောကကြီး၌ လူသတ္တဝါတို့အား တရားတော်များရှိ၍သာ, ထိုတရားတော်များကို စွမ်းနိုင်သလောက် စောင့်ရှောက်၍သာ ချမ်းသာစွာ နေကြရလေသည်။ ထိုတရားတော်ကို စောင့်ရှောက်မှုမရှိလျှင်, ထိုတရားတော်များ လောကမှာ လုံးဝမရှိလျှင် လူဖြစ်သော်လည်း ခွေး, နွား တိရစ္ဆာန်တို့နှင့် မထူးတော့ပဲ ထို သတ္တဝါများကဲ့သို့ အိပ် စား သွား လာ နေမည်ဆိုတာ မှန်းဆ၍ သိရှိကြပေလိမ့်မည်။

ဤလို သိရှိလာသော အခါတို့၌လည်း တရားတော်၏ ဂုဏ်ကျေးဇူးတော်ကို နက်နဲစွာ ဉာဏ်ဖြင့် သိရှိလာလိမ့်မည်။ တရားတော်၏ နက်နဲပုံ, ခက်ခဲပုံ, ကျယ်ပြန့်ပုံ, မွန်မြတ်ပုံ, ချမ်းသာပုံ ကျေးဇူးတော် အလုံးစုံကို ဖော်ပြ ရေးသားရမည်ဆိုလျှင် စကြဝဠာ ကမ္ဘာမြေပြင်အပြည့် စာရွက်များဖြင့် ရေးသားဖော်ပြသော်လည်း ကုန်နိုင်ဘွယ်ရာ မရှိပါ။ သို့ကလောက် ကျေးဇူးတော် များပြားသော တရားတော်များကို အဖန်ဖန် အထပ်ထပ် သေချာစွာ သုံးသပ်ပြီးလျှင် ကျင့်ကြံကြိုးကုတ် အားထုတ်ကြရာ၏။

ဓမ္မာနုဿတိ ဘာဝနာပွားများသောအခါ မြန်မာအနက် တွဲပြီးဆိုရန် မလိုပဲ ပါဠိသက်သက်ဖြင့် ရွတ်ဖတ်၍ ဂုဏ်တော်ခြောက်ပါးဆိုပြီးမှ ပုတီးတလုံး ချနိုင်သည်။ ဂုဏ်တော်တခုချင်း အနုလုံ ပဋိလုံ စသည်များလည်း ပွားများအားထုတ်နိုင်သည်။ ဘယ်လိုနည်းကိုပွားပွား ပေါက်ရောက်ဘို့ရာသာ လိုရင်းဖြစ်၏။ မြန်မာအနက် တွဲဆိုသော်လည်း မမှားပေ။

ဝိသုဒ္ဓိမဂ်ဒီပနီ ဖွင့်ပြသော ဓမ္မာနုဿတိ ဘာဝနာအကျိုး

ဓမ္မာနုဿတိ ဘာဝနာကမ္မဋ္ဌာန်းကို အားထုတ်သော ပုဂ္ဂိုလ်သည် မြတ်စွာဘုရား၌ဌိတ, တရားတော်၌ဌိတ ရိုသေလေးစား ကျိုးနွံသည်ဖြစ်၍ သဒ္ဓါတရားပိုး၍ပင် များပြားလေသည်။ ပီတိ=နှစ်သက်မှု, ပါမောဇ္ဇ=ဝမ်းမြောက်မှု များပြား၍ ဘေးကြီး, ဘေးငယ် ဒုက္ခကြီး, ဒုက္ခငယ်များကို သည်းခံခြင်းငှါ စွမ်းနိုင်၏။ တရာတော်နှင့် အတူတကွ နေရသည့် အမှတ်ကို ရရှိ၏။ ဓမ္မာနုဿတိ ဘာဝနာ စွဲနေကိန်းအောင်းရာဖြစ်သော ယောဂီပုဂ္ဂိုလ်၏ ကိုယ်ခန္ဓာသည်လည်း စေတီအိမ်ကဲ့သို့ ပူဇော်ခြင်းငှါထိုက်၏။ အတုမရှိ လွန်မြတ်သော တရားတော်ကို ထိုးထွင်း၍သိခြင်းငှါ စိတ်ညွတ်လျက် ရှိ၏။ လွန်ကျူးအပ်သော ဝတ္ထုနှင့် တွဲလတ်သော် ဓမ္မ ၏ သွာက္ခာတဓမ္မ အဖြစ်ကို ဆင်ခြင်သော ယောဂီပုဂ္ဂိုလ်မှာ ဟိရိသြတ္တပ္ပတရားနှစ်ပါးသည် ရှေးရှု ထင်လာ၏။ ဤဘဝမှာ လောကုတ္တရာ တရားထူးတရားမြတ်ကို မရခဲ့သော် သေပြီးသည့်နောက် ဗြဟ္မာပြည်သို့ ရောက်နိုင်၏။ ထို့ကြောင့် အလွန် အာနုဘော် ကြီးသော ဓမ္မာနုဿတိ ကမ္မဋ္ဌာန်း၌ အမြဲမပြတ် မမေ့မလျော့ ပွါးများ အားထုတ်ရာ၏။

ဓမ္မာနုဿတိဘာဝနာ ပြီး၏။

သံဃာနုဿတိကမ္မဋ္ဌာန်း ပွါးများအားထုတ်ပုံ

သံဃာနုဿတိ ကမ္မဋ္ဌာန်း ဟူသည်ကား ရှင်တော်ဘုရား၏ တပည့် ဖြစ်သော သံဃာတော်မြတ်၏ ဂုဏ်တော် ကျေးဇူးတော် တို့ကို အဖန်ဖန် ဆင်ခြင်အောက်မေ့သော သတိကို ဆိုလိုသည်။ ထိုသံဃာနုဿတိ ကမ္မဋ္ဌာန်းကို ပွါးများအားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် သံဃာတော် အရှင် မြတ်တို့၏ ဂုဏ်တော်ကိုးပါးကို ပါဠိနှင့်တကွ မြန်မာအနက်ပါ ကျေပြွန်စွာ ရရှိထားရ၏။

သံဃဂုဏ်တော် ပွါးများနည်း

၁။ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။

၂။ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။

၃။ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။

၄။ သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။

၅။ ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသ ပုဂ္ဂလာ။
ဧသ ဘဂဝတော သာဝကသံဃော အာဟုနေယျော။

၆။ ပါဟုနေယျော။

၇။ ဒက္ခိဏေယျော။

၈။ အဉ္ဇလိကရဏီယော။

၉။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿာတိ။

၁။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ မဂ္ဂဋ္ဌာန်လေးယောက် ဖလဋ္ဌာန် လေးယောက်ဟု ဆိုအပ်သော ရှစ်ယောက်သော တပည့်သား သံဃာ တော်အပေါင်းသည်။ သုပ္ပဋိပန္နော၊ ကောင်းသော အကျင့် ရှိတော်မူ၏။

၂။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်သား သံဃာ တော်အပေါင်းသည်။ ဥဇုပ္ပဋိပန္နော၊ ဖြောင့်မတ်သော အကျင့် ရှိတော်မူ၏။

၃။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်သား သံဃာတော်အပေါင်းသည်။ ဉာယပ္ပဋိပန္နော၊ နိဗ္ဗာန်အကျိုးငှါ ကျင့်တော်မူတတ်၏။

၄။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်သား သံဃာတော် အပေါင်းသည်။ သာမီစိပ္ပဋိပန္နော၊ ရိုသေ လေးမြတ်သော အကျင့် ရှိတော်မူ၏။

ယဒိဒံ ယာနိ ဣမာနိ စတ္တာရိ ပုရိသယုဂါနိ၊ အကြင် လေးယောက်သော ယောကျ်ားမြတ်အစုံတို့သည်။ ယဒိဒံ ယေ ဣမေ အဋ္ဌ ပုရိသ ပုဂ္ဂလာ၊ အကြင် အသီးအသီး ရှစ်ယောက်သော ယောကျ်ားမြတ် ပုဂ္ဂိုလ်တို့သည်။သန္တိ၊ရှိကုန်၏။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သေ ဧသော သာဝကသံဃော၊ ထို အစုံလေး ယောက်သော အသီးအသီး ရှစ်ယောက်သော တပည့်သား သံဃာတော်သည်။

၅။ အာဟုနေယျော၊ အဝေးမှဆောင်ယူ၍ လှူဒါန်း အပ်သော ပစ္စည်း ဝတ္ထုကို ခံတော်မူထိုက်၏။

၆။ ပါဟုနေယျော၊ ညှဉ်သည်အလို့ငှါ ရည်မှတ်၍ ထားအပ်သော ပစ္စည်း ဝတ္ထုကို ခံတော်မူထိုက်၏။

၇။ ဒက္ခိဏေယျော၊ တမလွန်ဘဝကို ရည်မှတ်၍ လှူဒါန်းအပ်သော အလှူ ကိုလည်း ခံတော်မူထိုက်၏။

၈။ အဉ္ဇလိကရဏီယော၊ လက်အုပ်ချီမှုကို ခံယူခြင်းငှါ ထိုက်တော်မူ၏။

၉။ လောကဿ၊ လူအပေါင်း၏။ အနုတ္တရံ၊ အတုမရှိသော။ ပုညက္ခေတ္တံ၊ ကုသိုလ်ကောင်းမှု တည်းဟူသော မျိုးစေ့တို့၏ စိုက်ပျိုးပစ်ချရာ လယ်ယာ မြေကောင်းသဖွယ်ဖြစ်တော်မူ၏။

သံဃာတော် ၂-မျိုး

သံဃာတော်သည်—

သမ္မုတိသံဃာ အရိယာ သံဃာဟု နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတို့တွင် ပုထုဇဉ် သံဃာသည် သမ္မုတိသံဃာဖြစ်၍ သောတာပန်ပုဂ္ဂိုလ်မှစ၍ ရဟန္တာပုဂ္ဂိုလ် တိုင်အောင်သော ပုဂ္ဂိုလ်များသည် အရိယာ သံဃာဖြစ်လေသည်။

အရိယာရှစ်ပါး သံဃာတော်များကို မုချအားဖြင့် သံဃာ ဟူ၍ ခေါ်၏။ ကလျာဏပုထုဇဉ် သီလဝန် ပညာဝန် အရှင်ကောင်း အရှင်မြတ် အပေါင်း ကိုလည်း ဘုရားအဆုံးအမ ဩဝါဒကို ရိုသေစွာ လိုက်နာသောကြောင့် ပရိ ယာယ်အားဖြင့် သံဃာဟူ၍ ခေါ်၏။

ထင်ရှားစေဦးအံ့၊ ပါဠိလို သာဝက, မြန်မာလိုတပည့်ဟူသော သဒ္ဒါနက်ရရှိရာ တွင် သာဝကဟူသောပုဒ်ကို 'သက္ကစ္စံ သုဏန္တီတိ သာဝကော"=ရိုသေစွာ နား ထောင်တတ်သောကြောင့် သာဝကဟူ၍ ဝိဂြိုဟ်ပြုရ၏။ ရိုသေစွာ နာယူမှုဟူသည် လည်း ဆုံးမအပ်တိုင်း ကျင့်ကြံခြင်းဖြင့် ကိစ္စပြီးပြည့်စုံသောကြောင့် အရိယာ အဖြစ်ကို ရွက်ဆောင်နိုင်သော နာယူခြင်းမျိုးကို ဆိုလိုသည်။ ထို့ကြောင့် ဤ ဝိဂြိုဟ်အရ မုချအားဖြင့် အရိယာပုဂ္ဂိုလ်တို့သာ သာဝက သံဃာမည်၍ ကလျာ ဏပုထုဇဉ်ပုဂ္ဂိုလ်တို့မှာ ပရိယာယ်အားဖြင့် သာဝကသံဃာမည်လေသည်။

မှန်၏။ အရိယာအဖြစ်သို့ ရောက်ရှိမှသာ ရိုသေစွာ နာယူမှုကိစ္စ ပြီးပြည့်စုံ သည့်အတွက် အရိယာပုဂ္ဂိုလ်တို့သာ မုချအားဖြင့် တပည့်သံဃာမည်၍ ကလျာဏ ပုထုဇဉ် သီလသမာဓိရှိသော အရှင် မြတ်အပေါင်းမှာ မဂ်ဖိုလ်သို့ပင် မရောက် သေးသော်လည်း ရောက်မည်ကန် စင်စစ်မှန်သောကြောင့် ပရိယာယ်အားဖြင့် တပည့်သံဃာအမည်ရလေ၏။ သီလအားဖြင့် တူညီသော ပုဂ္ဂိုလ်အပေါင်းကို သံဃာဟု ခေါ်၏။ အရိယာသံဃာကို အရကောက်ယူရသည်။

အကြောင်းဂုဏ် အကျိုးဂုဏ်များ

သံဃာ့ဂုဏ်တော်ကိုးပါးတွင် သုပ္ပဋိပန္နတာ စသော ရှေဂုဏ်တော်လေးပါး ကြောင့် အာဟုနေယျစသော နောက်ဂုဏ်တော်ငါးပါးတို့ ပြီးမြောက်ရကား ရှေ ဂုဏ်တော်လေးပါးတို့သည် အကြောင်းဂုဏ်တော်များဖြစ်၍ နောက်ဂုဏ်တော် ငါးပါးတို့မှာ အကျိုးဂုဏ်တော်များ ဖြစ်လေသည်။

အကြောင်းဂုဏ်တော်လေးပါးဟူရာ၌လည်း လေးမျိုးခွဲခြား၍ ကျင့်ရမည်ဟု မဆိုလိုပါ၊ တချက်ခုတ် လေးချက်ပြတ်ဟူသကဲ့သို့ အရိယာမဂ်တည်းဟူသော သမ္မာပဋိပတ်ကို ကျင့်ကြံကြိုးကုတ် အားထုတ်လျှင်ပင် အကြောင်းဂုဏ်တော် လေးပါး ပြည့်စုံလာလေ၏။

ရှစ်ပါးလေးစုံ သံဃာတော်

သုပ္ပဋိပန္နတာစသော အကြောင်းဂုဏ်လေးပါးနှင့် ပြည့်စုံသော သံဃာတော်ကို အစုံဖွဲ့၍ ရေတွက်လျှင်—

၁။ ပဌမမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်=သောတာပတ္တိမဂ်ဌ် ကည်သောပုဂ္ဂိုလ်နှင့် ပဌမဖလဋ္ဌာန်ပုဂ္ဂိုလ်=သောတာပတ္တိဖိုလ်ဌ် တည်သောပုဂ္ဂိုလ် (တစုံ)။

၂။ ဒုတိယမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်=သကဒါဂါမိမဂ်ဌ် တည့်သော ပုဂ္ဂိုလ်နှင့် ဒုတိယဖလဋ္ဌာန်ပုဂ္ဂိုလ်=သကဒါဂါမိဖိုလ်ဌ် တည်သော ပုဂ္ဂိုလ်(တစုံ)။

၃။ တတိယမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်=အနာဂါမိမဂ်ဌ် တည်သောပုဂ္ဂိုလ်နှင့် တတိယဖလဋ္ဌာန်ပုဂ္ဂိုလ်=အနာဂါမိဖိုလ်ဌ် တည်သောပုဂ္ဂိုလ် (တစုံ)။

၄။ စတုတ္ထမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်=အရဟတ္တမဂ်ဌ် တည်သောပုဂ္ဂိုလ်နှင့် စတုတ္ထဖလဋ္ဌာန်ပုဂ္ဂိုလ်=အရဟတ္တဖိုလ်ဌ် တည်သောပုဂ္ဂိုလ် (တစုံ)။

ဤသို့ လေးစုံဖြစ်လေသည်။ (ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ = အကြင် လေးယောက်ကုန်သော ယောကျ်ားအစုံတို့သည်ဟူသောပုဒ်၏အရ ဖြစ်လေသည်။)

အရိယာသံဃာတော်များကို တမျိုးစီရေတွက်လျှင် ရှစ်မျိုးဖြစ်သည်။ ယင်းရှစ်မျိုးသည် အဋ္ဌပုရိသပုဂ္ဂလာ=ယောကျ်ားပုဂ္ဂိုလ် ရှစ်ယောက်ဟူသော ပါဠိ၌ အရ ဖြစ်သည်၊ သံဃာတော်များ ထောင်သောင်းများစွာ ကျင့်ကြံကြိုးကုတ်အားထုတ်၍ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဖြစ်ကြသောအခါ နောက်ဆုံး၌ ဤပုဂ္ဂိုလ်ရှစ်မျိုး၌ အသီးအသီး အကျုံးဝင်သွားလေသည်။

သံဃာနုဿတိဘာဝနာကို ပွါးများအားထုတ်သော ရဟန်းသည် မြတ်စွာဘုရားအမှူးရှိသော အရိယာသံဃာတော်များနှင့် လဇ္ဇီသူမဋ္ဌန် သီလဝန္တရဟန်းတော်များ ဆွမ်းခံကြွလာပုံ သို့မဟုတ် မြတ်စွာဘုရားက တရားဒေသနာ ဟောကြား၍ တပည့်ရဟန္တာစသည်များစွာတို့က တရားနာယူနေပုံ သို့မဟုတ် မိမိထိုင်နေ ရပ်နေ လမ်းလျှောက်နေသော နေရာမှစ၍ ပတ်ဝန်းကျင် စကြဝဠာအပြည့် ရဟန်းသံဃာတော်များ ထိုင်နေပုံ ရပ်နေပုံစသည်တို့ကို အာရုံဖမ်းယူ၍ ပွါးများရာသည်။

ပွါးများသောအခါ 'သုပ္ပဋိပန္နော သုပ္ပဋိပန္နော'ဟု တခုချင်း ပွါးများ အားထုတ်ရ၏။ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို နည်းမှီ၍ အားထုတ်ပါ။ ဂုဏ်တော်ကိုးပါးလုံး တခါတည်း ရွတ်ဖတ်၍ ကိုးပါးလုံးပြီးမှ ပုတီးတလုံးချ၍လည်း ပွါးများအားထုတ်နိုင်သည်။

(တနည်း) ဘုရားဂုဏ်တော်ကိုးပါး, တရားဂုဏ်တော်ခြောက်ပါး, သံဃာ့ဂုဏ်တော်ကိုးပါးလုံးကို ရွတ်ဆိုပြီးမှ ပတိဿရလုံးချီလည်း ပွါးများနိုင်၏။ ထိုနည်းမှာ ဘုရားဂုဏ်, တရားဂုဏ်, သံဃာ့ဂုဏ်များကို တပြိုင်တည်း ပွါးများနည်းဖြစ်၏။ သို့မဟုတ် ဘုရားဂုဏ်တော်များ စိတ်ကျေနပ်လောက်အောင် ပွါးများပြီးမှ တရားဂုဏ်တော်ကို ကူးပြောင်းပြီး ပွါးများနိုင်၏။ တရားဂုဏ်တော်ပြီးမှ သံဃာ့ဂုဏ်တော်ကူး၍ ပွါးများနိုင်သည်။

တနည်းအားဖြင့် စကြဝဠာအပြည့် ဂန်ဂါဝါဠု သဲစုမက ပုဋ်တော်မူကြကုန်သော ဘုရားရှင်တို့၏ တပည့်သံဃာတော်များကို အာရုံဖမ်းယူ၍ ပွါးများအားထုတ်ရသည်။ ဂုဏ်တော်ကိုးပါးကို ဂုဏ်နှင့်ဒြပ် ခွဲခြား၍ ပွါးများတတ်ပါစေ။ သံဃာနုဿတိကမ္မဋ္ဌာန်းကို ပွါးများအားထုတ်သောပုဂ္ဂိုလ်သည် သံဃာတော်အရှင်မြတ်တို့ကို ကြည်ညိုလွန်ကဲတတ်သည်။ မကြည်ညိုပဲ မနေနိုင်အောင် ဖြစ်တတ်သည်။ ထိုသံဃာ့ဂုဏ်ကို အောက်မေ့ဆင်ခြင်ပွါးများသောအခါ ထိုပုဂ္ဂိုလ်၏စိတ်နှလုံးဝယ် ရာဂ,ဒေါသ,မောဟ ထကြွသောင်းကျန်းသောစိတ်များမဖြစ်ပွါးကြတော့ပဲ ကမ္မဋ္ဌာန်းလမ်းမှန်သို့ သက်ရောက်သဖြင့် တွန့်တိုဆုတ်နစ်ခြင်း, ပြန့်လွင့်ခြင်းများ ကင်းရှင်းသောကြောင့် အလယ်အလတ်ဖြစ်သော သမထနိမိတ်ပဋိပတ်ဖြင့် အလွန်ဖြောင့်မတ်သော စိတ်အစဉ်သည် တသွင်သွင်ဖြစ်လေတော့၏။

ထိုသို့ပွါးများဖန်များသဖြင့် သံဃာ့ဂုဏ်ကို အာရုံပြုသော ဘာဝနာအဆင့်ဆင့်ရင့်၍ လာသောအခါ လောဘ,ဒေါသ,မောဟ,နီဝရဏတရားများ ကင်းကွာလေတော့၏။ ကိလေသာတရားတို့သည်လည်း ဖြစ်ပွါးမှု, ထကြွမှုမရှိပဲ အနယ်ထိုင်နေသည့်ပမာ ငြိမ်၍နေကုန်၏။ သဒ္ဓါ,ဝီရိယ,သတိ,သမာဓိ,ပညာဖြစ်သော ဣန္ဒြေငါးပါးတို့သည် အလွန်သန့်ရှင်းကြည်လင်၍ ထက်မြက်လာလေသည်။

သံဃာနုဿတိဘာဝနာ အလေ့အလာများသောကြောင့် ဝိတက်, ဝိစာရတို့သည် လွန်လွန်ကဲကဲ မိမိတို့ဆိုင်ရာကိစ္စတို့ကို ရွက်ဆောင်ကြလျက် ဖြင့်ပွါးကြကုန်၏၊ ထိုအခါ မိမိ၏ အလုပ်မှန်ကို လွန်စွာ နှစ်သက်လျက် ပီတိတရားကြီးကြီးမားမား တဖွားဖွား ဖြစ်လာလေသည်။ ထိုပီတိကြောင့် ကိုယ်စိတ်တို့၏ ငြိမ်းအေးခြင်း ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိတရား နှစ်ပါး ဖြစ်ပွါးကာ ကိုယ်စိတ်တို့၏ ပူပန်မှုမျှသည်လည်း ငြိမ်းအေး၍ အနယ်ထိုင်မှု ဖြစ်လျက်နေ၏။

ကိုယ်စိတ်နှစ်ဖြာ အေးငြိမ်းလှစွာသောကြောင့် သမာဓိ၏ အကြောင်းရင်းဖြစ်သော သုခတရား ခိုင်ခံ့သည်ထက် ခိုင်ခံ့စွာ ဖြစ်ပွါးလေ၏။ သုခဖြင့် ပွါးစီးစိုပြေသော စိတ်အစဉ်သည် ကမ္မဋ္ဌာန်းအာရုံ၌ အလွန်တည်ကြည်၍နေလေတော့၏။

သံဃာနုဿတိဘာဝနာကို အားထုတ်သောပုဂ္ဂိုလ်သည် အရိယာသံဃာသီလဝန္တသံဃာတော်များ၌ သူမတူတန်အောင် ရှိသေကျိုးနှံခြင်းရှိသူ ဖြစ်၏။ ထို့ကြောင့်ပင် အရိယာပုဂ္ဂိုလ်တို့၏ သဒ္ဓါတရားနှင့် အလားတူစွာ သဒ္ဓါတရားကြီးမားပြန့်ပြောခြင်းသို့ရောက်, သတိတရား ပညာတရား ကြီးထွားပြန့်ပြောခြင်းသို့ရောက်, ကုသိုလ်တရား တိုးပွါးပြန့်ပြောခြင်းသို့ရောက် ရောက်ရှိလေ၏။

နှစ်သက်မှုပီတိများ၍ ကြောက်လန့်ခြင်းကြီးငယ် အသွယ်သွယ်ကို သည်းခံပယ်ဖျောက်နိုင်သူဖြစ်ရကား ဒုက္ခကို အောင့်အည်းသည်းခံနိုင်စွမ်းရှိသူ ဖြစ်လေ၏။ အရိယာသံဃာတော်နှင့် အတူတကွ နေထိုင်ရသည့် အမှတ်သညာကို ရရှိ၍ သံဃာနုဿတိဘာဝနာကုသိုလ်ဖြစ်ပွါးရာ ယောဂီပုဂ္ဂိုလ်၏ ကိုယ်ခန္ဓာကြီးသည် သံဃာတော်အရှင်မြတ်များ စည်းဝေးနေဆဲဖြစ်သော ဥပုသ်အိမ်သိမ်အပြင်ကဲ့သို့ ပူဇော်အထူးကို ခံယူခြင်းငှါ ထိုက်တန်လေ၏။

သံဃာနုဿတိဘာဝနာအားထုတ်သော ပုဂ္ဂိုလ်၏ စိတ်သည် သံဃာတော်အရှင်မြတ်တို့၏ ဂုဏ်တော်တို့ကို ရရှိရန် အမြဲတစေးညှတ်၍နေ၏။ ထိုဘာဝနာကို အားထုတ်ပွါးများသောသူ၏အဖို့ရာ ထိုဘာဝနာအစွမ်းဖြင့်ပင် အချင်းခပ်သိမ်း သံဃာဂုဏ်တော်များက စိတ်၌ အပြန်ပြန်အလှန်လှန် ဖြစ်ပေါ်၍နေရကား သီလပျက်စီးဘို့ဂုန် လွန်ကျူးရမည့် ဝီတိက္ကမိတဗ္ဗဝတ္ထုအာရုံနှင့် ကြုံကြိုက်ပေါင်းဆုံမိစေကာမူ အရိယာသံဃာတော်ကို မျက်ဝါးထင်ထင် ဖူးမြင်နေရသူ၏ သန္ဓာန်မှာကဲ့သို့ ဒုစရိုက်မကောင်းမှု အကုသိုလ်မှ ရှက်ကြောက်ထိတ်လန့်ခြင်း ဟိရိသြတ္တပ္ပတရားတို့ အဖန်ဖန် ဖြစ်ပွါးလေ၏။

ဤဗုဒ္ဓါနုဿတိဘာဝနာ, ဓမ္မာနုဿတိဘာဝနာ, သံဃာနုဿတိဘာဝနာများကို အခြေခံပြု၍ ဝိပဿနာတရား ပွါးများလျှင် မဂ်ဖိုလ်တရားထူးကို လွယ်ကူစွာ ရရှိနိုင်၏။ ပါရမီမပြည့်သေး၍ မဂ်ဖိုလ်ကို မရသေးလျှင်လည်း ကောင်းရာသုဂတိဘုံဘဝသို့ လားရောက်ရ၏။

သံဃာနုဿတိဘာဝနာ၏ အကျိုးများသည် ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိဘာဝနာတို့နှင့် အကျိုးချင်းမထူးလှချေ။ ထိုဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိဘာဝနာအကျိုးကိုသည်လည်း သံဃာနုဿတိဘာဝနာနှင့် အကျိုးချင်း တူညီလှ၏။ သံဃာနုဿတိကမ္မဋ္ဌာန်းအားထုတ်လျက် သံဃာတော်တို့၏ အပြစ်ကို ပြောဆိုနေလျှင် ခုတ်ရာတခြား ပြတ်ရာတခြား ဖြစ်နေလိမ့်မည်။ သံဃာတော်တို့၏ အ[illegible]ကို မပြောမိအောင် သတိရှိရာ၏။ ကိုယ်, နှုတ်, နှလုံး သုံးပါးလုံးဖြင့် မပြစ်မှားမိဘို့ ကြိုတင်၍ သတိပေးပါ၏။

ယခုခေတ်၌ သူဘုန်းကြီး, ငါဘုန်းကြီး, သူကျောင်းတိုက် ငါကျောင်းတိုက် သူ့ဘုရား, ငါဘုရား, အငြင်းပွါးနေသော ပုဂ္ဂိုလ်တို့သည် ရတနာမြတ်သုံးပါး

ဂုဏ်တော်ကို မသိ၍ဂင်း, ပွါးများအားထုတ်မှု မရှိ၍ဂင်း, ဖြစ်တန်ရာ၏။ ပါးစပ်က သောတာပန်အမည်ခံလျက် ရတနာမြတ်သုံးပါးအပြစ်ကို ပြောသော သောတာပန်တို့သည် လူစင်စစ်က အမြီးပေါက်သလောက် အကြည့်ရဆိုးလှပေသည်။ သောတာပန်အရိယာဟူသည် ရတနာမြတ်သုံးပါးဂုဏ်ကို လွန်လွန်ကဲကဲ ကြည်ညိုကြောင်း သောတာပန်အခန်း၌ ပြဆိုခဲ့ပြီ။

အနုဿတိကမ္မဋ္ဌာန်း (၂) မျိုး

ဤဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိကမ္မဋ္ဌာန်းများသည်— (၁) စိတ်ရှင်လန်းအားတက်ဘို့ရန် အောက်မေ့ပွါးများခြင်း၊ (၂) ဝိပဿနာဉာဏ် ပညာအလို့ငှါ အောက်မေ့ပွါးများခြင်းဟူ၍ (၂) မျိုးရှိလေသည်။

ထိုစကားကို ထင်ရှားစွာပြဦးအံ့— ၁။ အကြင်အခါ၌ အသုဘကမ္မဋ္ဌာန်းဆယ်ပါးတို့တွင် တပါးပါးသောကမ္မဋ္ဌာန်းကို ပွါးများသောရဟန်း၏ စိတ်အစဉ်သည် အသုဘအာရုံက စက်ဆုပ်ရွံရှာဘွယ် ကောင်းလှသောကြောင့် ပင်ပန်းနွမ်းနယ် ပျင်းရိငြီးငွေ့ကာ သက်သာရာမရရှိပဲ နွားသိုးကဲ့သို့ အာရုံအမျိုးမျိုးသို့ ပြေးသွားငြားအံ့၊ ထိုအခါ ထိုယောဂီပုဂ္ဂိုလ်သည် မူလနှလုံးသွင်းရင်းဖြစ်သည့် ထိုအသုဘကမ္မဋ္ဌာန်းကို ခေတ္တပယ်ရှားထား၍ ဘုရားဂုဏ်, တရားဂုဏ်, သံဃာဂုဏ်တို့ကို အဖန်ဖန်အောက်မေ့ရာ၏။

ထိုသို့ အောက်မေ့ပွါးများလတ်သောအခါ ယောဂီပုဂ္ဂိုလ်၏ စိတ်အစဉ်သည် ကြည်လင်လာ၏။ နိဝရဏတရားများ ကင်းကွာ၍ သွားလေ၏။ ထိုသို့ နိဝရဏတရားတို့ ကင်းကွာ၍ စိတ်အစဉ် ကြည်လင်လာသောအခါ ယောဂီပုဂ္ဂိုလ်သည် တဖန် မူလနှလုံးသွင်းဖြစ်သည့် အသုဘကမ္မဋ္ဌာန်းကို နှလုံးသွင်းရပြန်၏။

နှိုင်းပြစရာ ဥပမာကား အားကောင်းသောယောကျ်ားသည် ပြဿဒ်အထွတ်ပြုလုပ်ရန် သစ်ပင်ကြီးကို ခုတ်လှည်းဖြတ်တောက်လေလျှင် အကိုင်းအခက်အလက်တို့ကို ဖြတ်ကာမျှဖြင့် ဓားမကြီးအသွားတုံး၍ သို့မဟုတ် ပျက်စီးပဲ့သွား၍ သစ်ပင်ကြီးကို မဖြတ်နိုင်ရှိလတ်သော် စိတ်အားမလျော့ပဲ ပန်းဘဲဖို့သို့ သွားရောက်ကာ ဓားမကြီးကို အသွားထက်အောင် ပြုလုပ်ပြီးလျှင် တဖန် ထို သစ်ပင်ကြီးကို အပိုင်းအပိုင်း အလိုရှိတိုင်း ခုတ်ဖြတ်လေသကဲ့သို့ တည်း။

ထိုယောဂီပုဂ္ဂိုလ်သည် ဤနည်းအတိုင်း ဗုဒ္ဓါနုဿတိဘာဝနာဖြင့် မိမိစိတ်ကို ကြည်လင်ရှင်ပျအောင် ပြုလုပ်ပြီးလျှင် တဖန် မူလနှလုံးသွင်းရင်းဖြစ်သော အသုဘကမ္မဋ္ဌာန်းကို နှလုံးသွင်းပွါးများပြန်၍ အသုဘအာရုံကို အာရုံပြုသည့် ရူပါဝစရပဌမစျာန်ကို ဖြစ်စေပြီးနောက် ထိုစျာန်၌ပါရှိသော စျာန်အင်္ဂါတို့ကို အနိစ္စ=အမြဲမရှိ, ဒုက္ခ=ဆင်းရဲ၏, အနတ္တ=အစိုးမရဟု သုံးသပ်ဆင်ခြင်

ပဋိးများကာ ဝိပဿနာဉာဏ် ဆယ်ဆင့် အစဉ်သဖြင့် ရင့်ကျက်ပြီးလျှင် လော ကုတ္တရာမဂ်ဖိုလ်သို့ဆိုက်ရောက်လေ၏။ ဤကား–ရှေးဦးစွာ စိတ်ဇ္ဈာန်းအား တက်ဖို့ရန် ပဋိးများခြင်းဖြစ်၏။

၂။ ယောဂီပုဂ္ဂိုလ်သည် ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ ဤသုံးပါး တို့တွင် တပါးပါးကို အောက်မေ့ပဋိးများပြီး၍ ဝိပဿနာဖြစ်အောင် ပဋိးများ လိုသော် ယခုဂုဏ်တော်များကို ပဋိးများနေသူကား အဘယ်သူနည်း၊ မိန်းမ လေလော, ယောကျ်ားလေလော, နတ် လူ မာရ်နတ် ဗြဟ္မာတို့တွင် တယောက် ယောက်ဖြစ်လေသလောဟု ပရမတ္ထသဘာဝဉာဏ်ပညာဖြင့် ဆင်ခြင်သိမ်းဆည်း သည် ရှိသော် တစုံတယောက်သော မိန်းမ ယောကျ်ား စသည်မဟုတ်၊ ထိုမိန်းမ, ယောကျ်ား, နတ်, မာရ်နတ်, ဗြဟ္မာဟူသည် ပရမတ္ထသစ္စာနယ်ပယ်၌လည်း မရှိ။

စင်စစ်သော်ကား သတ်နှင့်ယှဉ်သောစိတ်သည်ပင်လျှင် ဆင်ခြင်အောက်မေ့ ၏ဟု သိမြင်လော၏။ ထိုသို့ သိမြင်ပြီးနောက် ထိုဆင်ခြင်အောက်မေ့သော စိတ် သည် ခန္ဓာဖဲ့လျှင် ဝိညာဏက္ခန္ဓာဖြစ်၏။ ထိုဝိညာဏက္ခန္ဓာနှင့် အတူတကွ ယှဉ်သောခံစားမှုဝေဒနာသည် ဝေဒနာက္ခန္ဓာဖြစ်၏။ ထိုဝိညာဏက္ခန္ဓာနှင့်တကွ ယှဉ်သော မှတ်သားမှုသညာသည် သညာက္ခန္ဓာဖြစ်၏။ ထိုဝိညာဏက္ခန္ဓာနှင့် အတူတကွဖြစ်သော အာရုံကိုတွေ့ထိမှုဖဿ စသော သင်္ခေါတရားတို့သည် သခ်ါရက္ခန္ဓာဖြစ်ကုန်၏ ဤသို့လျှင် ခန္ဓာငါးပါးတို့သည် နာမ်ခန္ဓာ နာမ်တရား အစုတို့ဖြစ်ကုန်၏ဟု နာမ်တရားတို့ကို ပိုင်းခြား၍ သိမြင်ပြီးလျှင် ထိုနာမ်တရား အစု၏မှီရာကို တဖန်ရှာကြံသည်တွင် ဟဒယဝတ္ထုကို ဉာဏ်ဖြင့်မြင်၍ ဟဒယ ဝတ္ထု၏မှီရာ မဟာဘုတ်ကြီးတို့ကိုဂုဏ်း, ထိုမဟာဘုတ်တို့ကို မှီ၍ဖြစ်ကြသည့် ကြွင်းသော ဥပါဒါရုပ်တို့ကိုဂုဏ်း, ဉာဏ်ဖြင့်ဆင်ခြင် သိမ်းဆည်းရ၏။

ထိုသို့ ဉာဏ်ဖြင့် ဆင်ခြင်သိမ်းဆည်းပြီးမှ ဤအလုံးစုံသော ရုပ်တရားအစု သည် ရူပက္ခန္ဓာတည်း၊ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူ, တပါး, ယောကျ်ား, မိန်းမ မဟုတ်ဟု ပိုင်းခြားသိမြင်ပြီးမှ ဆိုအပ်ပြီးသော အကျဉ်းအားဖြင့် ရုပ်နာမ် နှစ်ပါး, အကျယ်အားဖြင့် ခန္ဓာငါးပါး တို့ကို တဖန် အကျဉ်းအားဖြင့် ဤ ခန္ဓာငါးပါး တို့သည် ဒုက္ခသစ္စာတည်း၊ (၀၊) ဆင်းရဲအမှန် ဖြစ်၏ဟု ရှေးဦး ဒုက္ခသစ္စာကို ပိုင်းခြား၍ သိမြင်ရာ၏။

ထို့နောင် ဒုက္ခသစ္စာကို ဖြစ်ပဋိးစေတတ်သော တဏှာလောဘသည် သမုဒယ သစ္စာတည်း၊ ထိုဒုက္ခသမုဒယနှစ်ပါးတို့၏ ချုပ်ငြိမ်းရာနိဗ္ဗာန်သည် နိရောဓ သစ္စာတည်း၊ ထိုနိရောဓသစ္စာကို သင်ကြောင်း အင်္ဂဂိုက မဂ်တည်းဟူသော အကျင့်သည် မဂ္ဂသစ္စာဟူ၍ ဤသို့ ရှေးပိုင်းဝယ် သစ္စာလေးပါး အမှန်တရား များကို ပိုင်းခြားဆင်ခြင် သိမြင်ပြီးမှ ဝိပဿနာဉာဏ်စဉ်အတိုင်း ပဋိးများ

အားထုတ်လတ်သော် အရိယာမဂ်ဖိုလ်သို့ ဆိုက်ရောက်လေ၏။ ထိုအခါ ယောဂီပုဂ္ဂိုလ်၏ ဤအနုဿတိ ကမ္မဋ္ဌာန်းသည် ဝိပဿနာဉာဏ်ပညာအလို့ငှါ အောက်မေ့ ပွါးများအပ်သော ကမ္မဋ္ဌာန်းဖြစ်လေ၏။

(ကေနိပါတ်အဂုံတ္တိုရ်အဋ္ဌကထာ ၃၆၆-၇။)

ဗုဒ္ဓါနုဿတိဘာဝနာဌ္ဌလည်း သမ်ထမှ ဝိပဿနာကူးပုံကို အကျဉ်းအားဖြင့် ရေးသားခဲ့ပြီးသော်လည်း အကျယ်နှစ်သက်သောပုဂ္ဂိုလ်များအတွက် တနည်းတဖုံ ရေးသားရပြန်လေ၏။ နှစ်သက်ရာနည်းဖြင့် သမထ အားထုတ်ပြီးသော အခါ ဝိပဿနာသို့ ကူးပြောင်းပြီး အားထုတ်နိုင်ပါသည်။

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းပွါးများသူနှင့် ဗုဒ္ဓဘာသာဝင်တိုင်း ကျက်မှတ်ရန်ဘုရားရှိခိုးအမျိုးမျိုး ကန်တော့ဆုတောင်း

အစိန္တေယျ အစိန္တေယျ အစိန္တေယျ၊ အပ္ပမေယျ အပ္ပမေယျ အပ္ပမေယျ' မကြုံစည်အပ် မနှိုင်းယှဉ်အပ်သော ကျေးဇူးတော်အစုံ ဂုဏ်တော်အပေါင်းတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား မြတ်စွာဘုရား။

ဩကာသ ဩကာသ ဩကာသ ကာယဒ္ဓါရ ဝစီဒ္ဓါရ မနောဒ္ဓါရ တည်းဟူသော သုံးပါးသောဒ္ဓါရတို့ဖြင့် ဘုရားရတနာ, တရားရတနာ, သံဃာရတနာ ဖြစ်တော်မူသော ရတနာမြတ်သုံးပါးတို့ကို ဘုရားတပည့်တော် ရှိသမြတ်နိုးလက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။ ဤသို့ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော ကုသိုလ်ကောင်းမှုကြောင့်ငင်း, သံသရာဘဝအဆက်ဆက်တို့မှစ၍ ယခုဘဝ ဤနေ့ဤရက်အထိ ပြုခဲ့သော ကုသိုလ်ကောင်းမှုကြောင့်ငင်း အပါယ်လေးပါး, ကပ်သုံးပါး, ရပ်ပြစ်ရှစ်ပါး, ရန်သူမျိုးငါးပါး, အနာမျိုးကိုးဆဲ့ခြောက်ပါး, ဝိပတ္တိတရားလေးပါး, ဗျသနတရား ငါးပါးတို့မှ ဘဝဆက်တိုင်း လွတ်ကင်းငြိမ်းကုန်သည်ဖြစ်၍ စျာန်ချမ်းသာ, မဂ်ချမ်းသာ, ဖိုလ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို လျင်မြန်ဆောစွာ ရရှိရပါလို၏ အရှင်ဘုရား။

သမ္မုဒ္ဒေဘုရားရှိခိုး

၁။ သမ္မုဒ္ဒေ အဋ္ဌဝီသဉ္စ၊ ဒ္ဝါဒသဉ္စ သဟဿကေ။
ပဉ္စသတသဟဿာနိ၊ နမာမိ သိရသာ မဟံ။

၂။ အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ။
တေသံ မမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။

၃။ နမက္ကာရာနုဘာဝေန၊ ဟိတ္ဝာ သဗ္ဗေ ဥပဒ္ဒဝေ။
အနေက အန္တရာယာပိ၊ ဝိနာသန္တု အသေသတော။

၁။ အဌဝိသံ၊ နှစ်ကျိပ်ရှစ်ဆူကုန်သော။ သမ္မုဒ္ဓေ စ၊ မြတ်စွာဘုရားတို့ကို ၎င်း။ ဒွါဒသဥ္စ သဟာဿကေ၊ တသောင်းနှစ်ထောင်ကုန်သော။ သမ္မုဒ္ဓေ စ၊ မြတ်စွာဘုရားတို့ကိုဌင်း။ ပဉ္စသတသဟာဿာနိ၊ ငါးသိန်းကုန်သော။ သမ္မုဒ္ဓေ စ၊ မြတ်စွာဘုရားတို့ကိုဌင်း။ အဟံ၊ အက္ခန့ိပ်သည်။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ နမာမိ၊ ရှိခိုးပါ၏။

၂။ ဝါဠဟကာ ဂင်္ဂါ၊ ဂင်္ဂါမြစ်၌ရှိသော သဲတို့သည်။ အပွကာ၊ နည်းလှပေကုန်၏။ နိဗ္ဗုတာ၊ နိဗ္ဗာန်သို့ရောက်ကြကုန်သော။ ဇိနာ၊ မြတ်စွာဘုရားတို့သည်။ အနန္တာ၊ ပိုင်းခြားမရ များလှပေကုန်၏။ တေ စ၊ ထိုဂင်္ဂါဝါဠဟသဲစုမကပဋိတော် မူကြကုန်သော ဘုရားရှင်တို့ကိုလည်း။ အာဒရေန၊ ရိုသေစွာ။ နမာမိ၊ ရှိခိုးပါ၏။ တေသံ၊ ထိုမြတ်စွာဘုရားတို့၏။ ဓမ္မဥ္စ၊ တရားတော်မြတ်ကိုဌင်း။ သံဃဥ္စ၊ သံဃာတော်ကိုဌင်း။ အာဒရေန၊ ရိုသေစွာ။ အဟံ၊ အက္ခန့ိပ်သည်။ နမာမိ၊ ရှိခိုးပါ၏။

၃။ နမက္ကာရာနုဘာဝေန၊ ဤသို့ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ကန်တော့ရသော ကုသိုလ်စေတနာကြောင့်။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဥပဒ္ဒဝေ၊ဘေးရန်တို့ကို။ ဟိတ္ဝာ၊ ပယ်ဖျောက်၍။ အနေကအန္တရာယာပိ၊ များစွာသောအန္တရာယ် အပေါင်းတို့သည်လည်း။ အသေသတော၊ အကြွင်းအကျန်မရှိသောအားဖြင့်။ ဝိနာသန္တု၊ပျောက်ပျက်ပါစေကုန်သတည်း။

ဘုရားဂုဏ်တော် (၉)ပါး

သော ဘဂဝါ ဣတိပိ အရဟံ။
သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ။
သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော။
သော ဘဂဝါ ဣတိပိ သုဂတော။
သော ဘဂဝါ ဣတိပိ လောကဝိဒူ။
သော ဘဂဝါ ဣတိပိ အနုတ္တရော ပုရိသဒမ္မသာရထိ။
သော ဘဂဝါ ဣတိပိ သတ္ထာ ဒေဝမနုဿာနံ။
သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ။
သော ဘဂဝါ ဣတိပိ ဘဂဝါတိ။
နဝဂုဏေဟိ တိလောကေ ဝန္ဒာမိ တံ သဒါတုလံ။

သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ကွတိပိ၊ ဤသို့လူနတ်ဗြဟ္မာသတ္တဝါတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သည်၏ အဖြစ်ကြောင့်၎င်း, မကောင်းမှုကို ပြုရာ ဆိတ်ကွယ်ရာ အရပ်ရှိတော်မမူသည်၏ အဖြစ်ကြောင့်၎င်း, ကိလေသာဟူ ရန်သူအပေါင်းကို ပယ်သတ်တော်မူပြီးသည်၏ အဖြစ်ကြောင့်၎င်း။ အရဟံ၊ အရဟဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏။

သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ကွတိပိ၊ ဤသို့ တရားအာနုံးကို မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် အကြင်းမရှိ မိမိအလိုလို ကိုယ်တော်တိုင် ထိုးထွင်း၍ သိမြင်တော်မူသော အကြောင်းကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓါ၊ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏။

သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ကွတိပိ၊ ဤသို့ ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး စရဏ တဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော် မူသော အကြောင်းကြောင့်လည်း။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏသမ္ပန္န ဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏။

သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ကွတိပိ၊ ဤသို့ အာဒိကလျာဏ မဇ္ဈေကလျာဏ ပရိယောသာန ကလျာဏဂုဏ်နှင့် ပြည့်စုံလှစွာသော ပိဋကတ်အားဖြင့် သုံးပုံ, နိကာယ်အားဖြင့် ငါးပါး, အင်္ဂါအားဖြင့် ကိုးတန်, ကျမ်းအားဖြင့် ရှစ်ဆယ့်တပါး, ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင် အရေအတွက်ရှိသော ကောင်းသော စကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း။ သုဂတော၊ သုဂတဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏။

သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ကွတိပိ၊ ဤသို့ စကြဝဠာ အနန္တ ရှိရှိသမျှသတ္တဝါ ဟူသော သတ္တလောက, ခန္ဓာအာယတန ဓာတ်သစ္စာမကြွင်းခပင်းများစွာ ဒေသနာကား သင်္ခါရလောက, မြင်းမိုရ်စကြဝဠာ သမုဒ္ဒရာနှင့် ဟိမဝါတောတောင်မြားမြောင်လှစွာ ကမ္ဘာတည်နေခြင်း ဟူသော ဩကာသလောကတည်းဟူသော လောကသုံးပါးကို ပိုင်းခြားတိတိ သိမြင်တော်မူသောအကြောင်းကြောင့်လည်း။ လောကဝိဒူ၊ လောကဝိဒူ ဂုဏ်တော်နှင့်ပြည့်စုံတော်မူပါပေ၏။

သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ကွတိပိ၊ ဤသို့ သီလ သမာဓိ ပညာ အစဖြာသော ဂုဏ်တော်အားဖြင့် တစုံတယောက်သောသူနှင့် နှိုင်းယှဉ်၍ ရတော်မမူသောကြောင့်၎င်း, အလုံးစုံသော သတ္တဝါတို့ထက် ထူးကဲလွန်မြတ်သောကြောင့်၎င်း, မယဉ်ကျေးသောသတ္တဝါတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သောကြောင့်၎င်း။ အနုတ္တရော ပုရိသဒမ္မသာရထိ၊ အနုတ္တရော ပုရိသ-ဒမ္မသာရထိ ဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏။

သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ လူနတ်ဗြဟ္မာသတ္တဝါတို့ကို ပစ္စုပ္ပန်အကျိုးစီးပွါး သံသရာအကျိုးစီးပွါး နှစ်ဖြာသော အကျိုးစီးပွါးတို့ကို မြော်ကိုး၍ ဆုံးမတော်မူတတ်သည်၏ အဖြစ်ကြောင့်ရင်း, ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ဖြင့် လှည့်ပတ်နေသော သတ္တဝါတို့ကို ကယ်တင်တော်မူပြီးလျှင် နိဗ္ဗာန်တည်းဟူသော ဘေးမျိုးကင်းကွာ ချမ်းသာသုခသို့ ပို့ဆောင်တတ်သောကြောင့်ရင်း။ သတ္ထာ ဒေဝမနုဿာနံ၊ သတ္ထာ ဒေဝမနုဿာနဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏။

သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ ဒုက္ခသမုဒယ နိရောဓနှင့် မဂ္ဂတဖြာ လေးသစ္စာကို ဆရာမကူ အလိုလိုသိတော်မူ၍ သတ္တဝါအပေါင်းတို့အား လည်း သုံးဆယ့်ခုနစ်ပါးသော ဗောဓိပက္ခိယတရားတို့ကို ပွါးများစေတော်မူသဖြင့် သစ္စာလေးပါး မြတ်တရားကို သိစေတော်မူတတ်သောကြောင့်လည်း။ ဗုဒ္ဓေါ၊ ဗုဒ္ဓဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏။

သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ ဣဿရိယ, ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တမည် ဘုန်းခြောက်လီနှင့် ပြည့်စုံတော်မူသောကြောင့်လည်း။ ဘဂဝါ၊ ဘဂဝါဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏။

ဣတိ ဣမေဟိ နဝဂုဏေဟိ၊ ဤကိုးပါးသော ဂုဏ်တော်ပုဒ်တို့ကြောင့်။ တိလောကေ၊ လူနတ်ဗြဟ္မာ သုံးဖြာသောလောက၌။ အတုလံ၊ အတုရှိတော်မမူသော။ တံ ဗုဒ္ဓံ၊ ထိုမြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ သဒါ၊ နေ့ရော ညဉ့်ပါ ချိန်ခါမစဲ ထပ်တလဲလဲ။ ဝန္ဒာမိ၊ သုံးဖြာဒွါရ ပဏာမဖြင့် ရှိခိုးပါ၏။

(ဤကား မကျဉ်းမကျယ် ဘုရားဂုဏ်တော်အနက်ဖြစ်၏။)

တရားဂုဏ်တော် (၆) ပါး

သွာက္ခာတော ဘဂဝတာ ဓမ္မော, သန္ဒိဋ္ဌိကော, အကာလိကော, ဧဟိပဿိကော, ဩပနေယျိကော, ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိတိ။

ဆဟိ ဂုဏေဟိ တိလောကေ ဝန္ဒာမိ တံ သဒါတုလံ။

ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဓမ္မော၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ထင်ရှား ကိုးပါးသောတရားတော်ကို။ သွာက္ခာတော၊ ကောင်းစွာဟောကြားတော်မူအပ်၏။

(တနည်း) ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ယော ဓမ္မော၊ အကြင် ပိဋကတ်သုံးပုံတည်းဟူသော ပရိယတ္တိတရားတော်ကို။ သွာက္ခာတော၊ ရှင်လန်း

သာမော ဟောတော်မူအပ်၏။ သော ဓမ္မော၊ ထိုပရိယတ္တိတရားတော်သည်။ သုဘာဘာဝတော၊ သုဘာဘာဝတဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏။

သန္ဒိဋ္ဌိကော၊ တရားတော်သည် ကျင့်သူတို့အား ယခုဘဝ ပစ္စက္ခဋ္ဌပင် ဒိဋ္ဌကိုယ်တွင် တွေ့မြင်ခံစားရသော ဂုဏ်ကျေးဇူးအထူးနှင့်လည်း ပြည့်စုံတော်မူပါပေ၏။

အကာလိကော၊ တရားတော်သည် ကျင့်သည့်အခါဋ္ဌပင် တွေ့မြင်ယုံကြည်ရသော ကောင်းကျိုးချမ်းသာနှင့်လည်း ပြည့်စုံတော်မူပါပေ၏။

ဧဟိ ပဿိကော၊ ထင်ရှားရှိသော ပတ္တမြားကို ပြဘိသက္ခဲသို့ တရားတော်သည် မယုံကြည်လျှင် လာလှည့်ပါ ရှုလှည့်ပါဟူသော အစီအရင်ကို ခံတော်မူထိုက်သော ဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါပေ၏။

ဩပနေယျိကော၊ တရားတော်သည် မိမိကာယ အဇ္ဈတ္တတွင် ရရှိပေါက်ရောက်အောင် ဘာဝနာ၏အစွမ်းဖြင့် ကပ်ရွေဆောင်ခြင်းငှါ ထိုက်သောဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ၊ ပညာရှိတို့သည် အသီးအသီး ကိုယ်စီကိုယ်ဌ သိအပ် ခံစားအပ်သော ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူပါပေ၏။

ဣတိ ဣမေဟိ ဆဟိ ဂုဏေဟိ၊ ဤခြောက်ပါးသော ဂုဏ်တော်တို့ကြောင့်။ တိလောကေ၊ သုံးပါးသော လောကဌ်။ အတုလံ၊ အတုရှိတော်မမူသော။ တံ ဓမ္မံ၊ ထိုတရားတော်မြတ်ကို။ အဟံ၊ အကျွန်ုပ်သည်။ သဒါ၊ အခါခပ်သိမ်း။ ဝန္ဒာမိ၊ ဒဋ္ဌရသုံးလီ စုံညီမြတ်နိုး ရှိခိုးပါ၏။

သံဃဂုဏ်တော် (၉) ပါး

ဘဂဝတော သာဝကသံဃော သုပ္ပဋိပန္နော။

ဘဂဝတော သာဝကသံဃော ဥဇုပ္ပဋိပန္နော။

ဘဂဝတော သာဝကသံဃော ဉာယပ္ပဋိပန္နော။

ဘဂဝတော သာဝကသံဃော သာမီစိပ္ပဋိပန္နော။

ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ၊ ဧသ ဘဂဝတော သာဝကသံဃော အာဟုနေယျော။ ဧသ ဘဂဝတော သာဝကသံဃော ပါဟုနေယျော။ ဧသ ဘဂဝတော သာဝကသံဃော ဒက္ခိဏေယျော။ ဧသ ဘဂဝတော သာဝကသံဃော အဉ္ဇလိကရဏီယော။ ဧသ ဘဂဝတော သာဝကသံဃော အနုတ္တရံ ပုညက္ခေတ္တံ လောကဿာတိ။

နဝဂုဏေဟိ တိလောကေ ဝန္ဒာမိ တံ သဒါ တုလံ။

ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ ကလျာဏပုထုဇဉ် သီလ ဝန် ပညဝန် အရှင်မှန် အရှင်မြတ်တို့နှင့် တကွသော အရိယာရှစ်ပါး တပည့် သားသံဃာတော်မြတ်အပေါင်းသည်။ သုပ္ပဋိပန္နော၊ သိက္ခာသုံးပါး မြတ်တရား ကို ကောင်းစွာကျင့်သော ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ သည်။ ဥုජုပ္ပဋိပန္နော၊ သိက္ခာသုံးပါး မြတ်တရားကို ဖြောင့်ဖြောင့်မတ်မတ် ကျင့်သောဂုဏ်နှင့် ပြည့်စုံ တော်မူပါပေ၏။

ဘဂဝတော၊ ၏။ သာဝကသံဃော၊ သည်။ ဉာယပ္ပဋိပန္နော၊ သိက္ခာသုံးရပ် လွန်သင့်မြတ်သော ပဋိပတ်ဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါပေ၏။

ဘဂဝတော၊ ၏။ သာဝကသံဃော၊ သည်။ သာမိစိပ္ပဋိပန္နော၊ အရိုအသေ ပြုအပ်သော သိက္ခာသုံးပါး အကျင့်များနှင့် ပြည့်စုံတော်မူပါပေ၏။

ယဒိဒံ ယာနိ ဏ္ဍမာနိ စတ္တာရိ ပုရိသယုဂါနိ၊ အကြင်လေးယောက်သော ယောကျ်ားမြတ်အစုံတို့သည်။ သန္တိ၊ အံ့ဘွယ်ရှစ်ဖြာ သာသနာတော်အတွင်း၌ ရှိကုန်၏။ ယဒိဒံ ယေ ဏ္ဍမေ အဋ္ဌ ပုရိသပုဂ္ဂလာ၊ အကြင်ရှစ်ယောက်သော ယောကျ်ားမြတ်တို့သည်။ သန္တိ၊ ရှိကုန်၏။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သေ ဧသော သာဝကသံဃော၊ ထိုလေးစုံရှစ်ပါး တပည့်သားသံဃာတော်မြတ် အပေါင်းသည်။ အာဟုနေယျော၊ အဝေးမှဆောင်ယူ၍ လှူဒါန်းအပ်သော အလှူဝတ္ထုမျိုးကို ခံယူခြင်းငှါထိုက်သော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်နှင့် လည်း ပြည့်စုံတော်မူပါပေ၏။

ဘဂဝတော၊ ၏။ သေ ဧသော သာဝကသံဃော၊ သည်။ ပါဟုနေယျော၊ အာဂန္တုကိုရည်မှတ်၍ ထားအပ်သော ပစ္စည်းဝတ္ထုကို ခံယူခြင်းငှါထိုက်သော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါပေ၏။

ဘဂဝတော၊ ၏။ သေ ဧသော သာဝကသံဃော၊ သည်။ ဒက္ခိဏေယျော၊ တမလွန်လောကကို ယုံကြည်၍ လှူအပ်သောအလှူကို ခံထိုက်သော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါပေ၏။

ဘဂဝတော၊ ၏။ သေ ဧသော သာဝကသံဃော၊ သည်။ အဉ္ဇလိကရဏီ-ယော၊ထိပ်ထက်၌လက်အုပ်ချီခြင်းကို ခံတော်မူထိုက်သော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါပေ၏။

ဘဂဝတော၊ ၏။ သေ ဧသော သာဝကသံဃော၊ သည်။ လောကဿ၊ လူအပေါင်း၏။ အနုတ္တရံ၊ အတုမရှိမြတ်သော။ ပုညက္ခေတ္တံ၊ ကုသိုလ်မျိုးစေ့ တို့ကို စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်တော်မူပါပေ၏။

ဣတိ ဣမေဟိ နဝဂုဏေဟိ၊ ဤကိုးပါးသော ဂုဏ်တော်တို့ကြောင့်။ တိလောကေ၊ သုံးဖြာသောလောကဌ်။ အတုလံ၊ အတုမရှိသော။ တံ အရိယသံဃံ၊ ထို အရိယာသံဃာတော်ကို။ အဟံ၊ အကျွန်ုပ်သည်။ သဒါ၊ ချိန်ခါမလပ်။ ဝန္ဒာမိ၊ ဒွါရသုံးပါး ကရိဏ်းထားလျက် ရှိခိုးပါ၏။

ဗုဒ္ဓဘာသာဝင်တိုင်း မကျဉ်းမကျယ် ဤဂုဏ်တော်အနက်တို့ကို ရရှိထားရာ၏။

ဘာဝနာနယသခေ်ပကထာ ပြီး၏။

မေတ္တာကမ္မဋ္ဌာန်း

"ဒေါသပဟာနာယ မေတ္တာဘာဝနာ ဘာဝေတဗ္ဗာ"—ဟူသော ဒေသနာတော်အတိုင်း ဒေါသတရားပယ်ဘို့ရန် စိတ်ဆိုးအမျက်ထွက်မှု နှုနာတရားပျောက်ဘို့ရန် မေတ္တာတရား ပွါးများအပ်၏။ မေတ္တာတည်းဟူသောဆေးကို မြိန်ရှက်စွာသောက်အပ်၏ဟု ရှင်တော်ဘုရား ဟောကြားခဲ့သဖြင့် ထိုမေတ္တာပွါးများနည်းကို ရေးသားပါဦးအံ့—

၁။ ငါသည်—

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ။
ဘေးရန်အန္တရာယ် ရန်စွယ်ကင်းငြိမ်းပါစေ။
ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းပါစေ။
ဆင်းရဲခပ်သိမ်း ကင်းငြိမ်းပါစေ။
ချမ်းသာစွာ မိမိကိုယ်ကို ဆောင်ရွက်နိုင်ပါစေ။
ဆင်းရဲအပေါင်းမှ လွတ်မြောက်နိုင်ပါစေ။
ရရှိအပ်ပြီးသော လက်ရှိစည်းစိမ်ချမ်းသာမှ မပျောက်ပျက်နိုင်ပါစေ။
ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသော ငါပါပေ။

၂။ ငါ၏မိဘနှစ်ပါးတို့သည်—

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။
ဘေးရန်အန္တရာယ် ရန်စွယ်ကင်းငြိမ်းကြပါစေ။
ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ချမ်းသာစွာ မိမိကိုယ်ကို ဆောင်ရွက်နိုင်ကြပါစေ။
ဆင်းရဲအပေါင်းမှ လွတ်မြောက်နိုင်ကြပါစေ။
ရရှိအပ်ပြီးသောလက်ရှိစည်းစိမ်ချမ်းသာမှ မပျောက်မပျက်နိုင်ကြပါစေ၊
ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသော ငါ၏ မိဘနှစ်ပါးတို့ပါပေ။

၃။ ငါ၏မိဘနှစ်ပါးနှင့်တကွ အိမ်သူအိမ်သား ဆွေမျိုးမိတ်သင်္ဂဟအများတို့သည်—

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။
ဘေးရန်အန္တရာယ် ရန်စွယ်ကင်းငြိမ်းကြပါစေ။
ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ။

ဆင်းရဲခပ်သိမ်း ကင် ငြိမ်းကြပါစေ။
ချမ်းသာစွာ မိမိကိုယ်ကို ဆောင်ရွက်နိုင်ကြပါစေ။
ဆင်းရဲအပေါင်းမှ လွတ်မြောက်နိုင်ကြပါစေ။
ရရှိအပ်ပြီးသော လက်ရှိစည်းစိမ် ချမ်းသာမှ
မပျောက်မပျက် နိုင်ကြပါစေ။
ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသော ငါ၏ မိဘနှစ်ပါးနှင့်တကွ အိမ်သူ
အိမ်သား ဆွေမျိုးမိတ်သင်္ဂဟအများတို့ပါပေ။

(မှတ်ချက်) မိဘနှစ်ပါးသည် ကျေးဇူးကြီးမား၍ ဆွေမျိုးများအား မေတ္တာ ပို့သော အခါ၌လည်း ထပ်၍ ပို့ရန် ရေးသားလိုက်သည်၊ နှစ်ခါပါသည် ဟူ၍ စောဒနာ မတက်ကြပါနှင့်။

၄။ ငါ၏ ဆရာသမားတို့သည်....
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။
ဘေးရန်အန္တရာယ် ရန်စွယ်ကင်းငြိမ်းကြပါစေ။
ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ချမ်းသာစွာ မိမိကိုယ်ကို ဆောင်ရွက်နိုင်ကြပါစေ။
ဆင်းရဲအပေါင်းမှ လွတ်မြောက်နိုင်ကြပါစေ။
ရရှိအပ်ပြီးသော လက်ရှိ စည်းစိမ်ချမ်းသာမှ မပျောက်မပျက်နိုင်ကြ ပါစေ။
ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသော ငါ၏ဆရာသမားတို့ပါပေ။

(၅) တောတောင်ကို စောင့်သောနတ်, မြို့ရွာကိုစောင့်သောနတ်, အိမ်ကို စောင့်သောနတ်, သာသနာ့တော်စောင့်နတ်,ကိုယ်စောင့်နတ်တို့သည်....
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။
ဘေးရန်အန္တရာယ် ရန်စွယ်ကင်းငြိမ်းကြပါစေ။
ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ချမ်းသာစွာ မိမိကိုယ်ကို ဆောင်ရွက်နိုင်ကြပါစေ။
ဆင်းရဲအပေါင်းမှ လွတ်မြောက်နိုင်ကြပါစေ။
ရရှိအပ်ပြီးသော လက်ရှိ စည်းစိမ်ချမ်းသာမှ မပျောက်မပျက်နိုင်ကြ ပါစေ။
ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသော နတ်တို့ပါ၄ပ။

၆။ ဤမြို့သူ မြို့သားအားလုံးတို့သည်....

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။
ဘေးရန်အန္တရာယ် ရန်စွယ်ကင်းငြိမ်းကြပါစေ။
ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ချမ်းသာစွာ မိမိကိုယ်ကို ဆောင်ရွက်နိုင်ကြပါစေ။
ဆင်းရဲအပေါင်းမှ လွတ်မြောက်နိုင်ကြပါစေ။
ရရှိအပ်ပြီးသော လက်ရှိ စည်းစိမ်ချမ်းသာမှ မပျောက်မပျက်နိုင်ကြပါစေ။
ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသော မြို့သူမြို့သား အားလုံးတို့ပါပေ။

(မှတ်ချက်) ရှာဌ်နေသူ မေတ္တာပို့လျှင် "ဤရှာသူရှာသား အားလုံးတို့သည်" ဟု ဆို၍ မေတ္တာပို့ပါ။ ရဟန်းတော်များအတွက် ငါ၏ ဆွမ်းခံ ရှာသူ ရှာသား (မြို့နေသော ရဟန်းဖြစ်လျှင် ငါ၏ဆွမ်းခံရာ မြို့သူမြို့သား) တနည်း၊ ငါ၏ဆွမ်းခံအိမ်တို့သည်, ငါ၏ဆွမ်းခံအိမ်နှင့်တကွ မြို့သူမြို့သားအားလုံးတို့သည် ဟု ဆို၍ မေတ္တာပို့နိုင်ပါသည်။ ဤကျောင်းတိုက်ရှိ ရဟန်းအားလုံးတို့သည် ဟူ၍လည်း အကျယ်ချဲ့ကာ ပွားများနိုင်သေး၏။

တပုဒ်ရလျှင် အခြားပုဒ်လည်း ရရှိနိုင်သည်၊ အတူများ၏။ အတူများကို မြုပ်၍, ပေယျာလထိုး၍ ရေးလျှင် လူများအတွက် ကျက်မှတ်ရာ၌ ခဲယဉ်းမည် စိုးသဖြင့် အကုန်ဖော်၍ ရေးလိုက်သည်။

ငါးရာ့နှစ်ဆယ် ရှစ်သွယ် မေတ္တာပွားနည်း

၁။ အာရုံငါးပါး၌ ကပ်ငြိတပ်မက်ကုန်သော သတ္တဝါအားလုံးတို့သည်....

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။
ဘေးရန်အန္တရာယ် ရန်စွယ်ကင်းငြိမ်းကြပါစေ။
ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ချမ်းသာစွာ မိမိကိုယ်ကို ဆောင်ရွက်နိုင်ကြပါစေ။
ဆင်းရဲအပေါင်းမှ လွတ်မြောက်နိုင်ကြပါစေ။
ရရှိအပ်ပြီးသော လက်ရှိ စည်းစိမ်ချမ်းသာမှ
မပျောက်မပျက် နိုင်ကြပါစေ။
ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသော အာရုံငါးပါး၌ ကပ်ငြိတပ်မက်ကုန်သော သတ္တဝါအားလုံးတို့ပါပေ။

၂။ အသက်ရှိသော သတ္တဝါအားလုံးတို့သည်....

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။
ဘေးရန်အန္တရာယ် ရန်စွယ်ကင်းငြိမ်းကြပါစေ။
ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ချမ်းသာစွာ မိမိကိုယ်ကို ဆောင်ရွက်နိုင်ကြပါစေ။
ဆင်းရဲအပေါင်းမှ လွတ်မြောက်နိုင်ကြပါစေ။
ရရှိအပ်ပြီးသော လက်ရှိ စည်းစိမ်ချမ်းသာမှ မပျောက်မပျက် နိုင်ကြပါစေ။
ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသော အသက်ရှိသော သတ္တဝါအားလုံးတို့ပါပေ။

၃။ ကိုယ်ထင်ရှားရှိသော သတ္တဝါအားလုံးတို့သည်....

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။
ဘေးရန်အန္တရာယ် ရန်စွယ်ကင်းငြိမ်းကြပါစေ။
ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ချမ်းသာစွာ မိမိကိုယ်ကို ဆောင်ရွက်နိုင်ကြပါစေ။
ဆင်းရဲအပေါင်းမှ လွတ်မြောက်နိုင်ကြပါစေ။
ရရှိအပ်ပြီးသော လက်ရှိစည်းစိမ်ချမ်းသာမှ မပျောက်မပျက်နိုင်ကြပါစေ။
ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသော ကိုယ်ထင်ရှားရှိသော သတ္တဝါအားလုံးတို့ပါပေ။

၄။ ငရဲဌာကျရောက်ကုန်သော သတ္တဝါအားလုံးတို့သည်....

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။
ဘေးရန်အန္တရာယ် ရန်စွယ်ကင်းငြိမ်းကြပါစေ။
ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ချမ်းသာစွာ မိမိကိုယ်ကို ဆောင်ရွက်နိုင်ကြပါစေ။
ဆင်းရဲအပေါင်းမှ လွတ်မြောက်နိုင်ကြပါစေ။

ရရှိအပ်ပြီးသော လက်ရှိ စည်းစိမ်ချမ်းသာမှ မပျောက် မပျက် နိုင်ကြပါစေ။

ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသော ငရဲဒဏ်ကျရောက်ကုန်သော သတ္တဝါအားလုံးတို့ ပါပေ။

၅။ ကိုယ်ခန္ဓာအတွင်ဘောဒ္ဓ် အကျုံးဝင်ကုန်သော သတ္တဝါအားလုံးတို့သည်....

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

ဘေးရန်အန္တရာယ် ရန်စွယ်ကင်းငြိမ်းကြပါစေ။

ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ။

ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ။

ချမ်းသာစွာ မိမိကိုယ်ကို ဆောင်ရွက်နိုင်ကြပါစေ။

ဆင်းရဲအပေါင်းမှ လွတ်မြောက်နိုင်ကြပါစေ။

ရရှိအပ်ပြီးသော လက်ရှိစည်းစိမ်ချမ်းသာမှ မပျောက်မပျက်နိုင်ကြပါစေ။

ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသော ကိုယ်ခန္ဓာအတွင်ဘောဒ္ဓ် အကျုံးဝင်သော သတ္တဝါအားလုံးတို့ပါပေ။

(မှတ်ချက်) ယခုပြီးခဲ့သော ၁။ အာရုံငါးပါးဌ် ကပ်ငြို တပ်မက်ကုန်သော သတ္တဝါ, ၂။ အသက်ရှိသော သတ္တဝါ, ၃။ ကိုယ်ထင်ရှားရှိသော သတ္တဝါ, ၄။ ငရဲဌ် ကျရောက်ကုန်သော သတ္တဝါ, ၅။ ကိုယ်ခန္ဓာအတွင်ဘောဌ် အကျုံးဝင်ကုန်သောသတ္တဝါ ဤငါးဦးသော သတ္တဝါတို့သည် "သဗ္ဗေ သတ္တာ သဗ္ဗေ ပါဏာ သဗ္ဗေ ဘူတာ သဗ္ဗေ ပုဂ္ဂလာ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ"ဟူသော ပါဠိကို မြန်မာပြန်ထားသော, ပုဂ္ဂိုလ်တယောက်ချင်း မပိုင်းခြား မရည်ညွှန်းအပ်သော အနောဓိပုဂ္ဂိုလ် ငါးယောက်ဖြစ်သည်။

၆။ မိန်းမအားလုံးတို့သည်....

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

ဘေးရန်အန္တရာယ် ရန်စွယ်ကင်းငြိမ်းကြပါစေ။

ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ။

ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ။

ချမ်းသာစွာ မိမိကိုယ်ကို ဆောင်ရွက်နိုင်ကြပါစေ။

ဆင်းရဲအပေါင်းမှ လွတ်မြောက်နိုင်ကြပါစေ။

ရရှိအပ်ပြီးသော လက်ရှိစည်းစိမ်ချမ်းသာမှ မပျောက်မပျက် နိုင်ကြပါစေ။

ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသော မိန်းမအားလုံးတို့ပါပေ။

၇။ ယောကျ်ားအားလုံးတို့သည်....

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ပ။

(အကုန် ဖော်၍ ဆိုပါ။)

ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသော ယောကျ်ားအားလုံးတို့ပါပေ။

၈။ မြတ်သောပုဂ္ဂိုလ်အားလုံးတို့သည်....

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ပ။

ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသော မြတ်သောပုဂ္ဂိုလ် အားလုံးတို့ပါပေ။

၉။ မမြတ်သော ပုဂ္ဂိုလ်အားလုံးတို့သည်....

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ပ။

ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသော မမြတ်သော ပုဂ္ဂိုလ်အားလုံးတို့ပါပေ။

၁၀။ နတ်ဗြဟ္မာအားလုံးတို့သည်....

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ပ။

ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသော နတ်ဗြဟ္မာအားလုံးတို့ပါပေ။

၁၁။ လူအားလုံးတို့သည်....

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ပ။

ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသော လူအားလုံးတို့ပါပေ။

၁၂။ ပြိုကွဲပျက်စီး၍ ဖရိုဖရဲကျရောက်တတ်ကုန်သော အပါယ်ဘုံသား အားလုံးတို့သည်....

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

ဘေးရန်အန္တရာယ် ရန်စွယ်ကင်းငြိမ်းကြပါစေ။

ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ။

ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ။

ချမ်းသာစွာ မိမိကိုယ်ကို ဆောင်ရွက်နိုင်ကြပါစေ။

ဆင်းရဲအပေါင်းမှ လွတ်မြောက်နိုင်ကြပါစေ။

ရရှိအပ်ပြီးသော လက်ရှိစည်းစိမ် ချမ်းသာမှ မပျောက်မပျက် နိုင်ကြပါစေ။

ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသော ပြိုကွဲပျက်စီး၍ ဖရိုဖရဲ ကျရောက်တတ်ကုန်သော အပါယ်ဘုံသား သတ္တဝါ အားလုံးတို့ပါပေ။

နံပါတ်ခြောက်မှ မိန်းမအားလုံး, ယောကျ်ားအားလုံး, မြတ်သောပုဂ္ဂိုလ် အားလုံး, မမြတ်သောပုဂ္ဂိုလ်အားလုံး, နတ်ဗြဟ္မာအားလုံး, လူအားလုံး, ပြိုကွဲပျက်စီး၍ ဖရိုဖရဲကျရောက်တတ်ကုန်သော နံပါတ် ဆယ့်နှစ် အပါယ်ဘုံသား အားလုံးအထိ ဤပုဂ္ဂိုလ် ခုနစ်ဦးတို့သည် "သဗ္ဗာ ဇာတ္ထိယော သဗ္ဗေ ပုရိသာ သဗ္ဗေ အရိယာ သဗ္ဗေ အနရိယာ သဗ္ဗေ ဒေဝါ သဗ္ဗေ မနုဿာ သဗ္ဗေ ဝိနိ-ပါတိကာ" ဟူသော ပါဠိတော်ကို မြန်မာပြန်ထားသော ပိုင်းခြား ရည်ညွှန်းအပ်သော ဩဓိပုဂ္ဂိုလ် ခုနစ်ယောက် ဖြစ်သည်။

အရပ်ဆယ်မျက်နှာဖြင့် မမှတ်အပ်သော အနောဓိ ပုဂ္ဂိုလ် ငါးယောက်, ဩဓိ ပုဂ္ဂိုလ် ခုနစ်ယောက် ပေါင်း ဆယ့်နှစ်ယောက် ဖြစ်သည်။ ထို ပုဂ္ဂိုလ် ဆယ့်နှစ်ယောက်ကို အရပ်ဆယ်မျက်နှာဖြင့် ပွားများပုံကို ရေးသားပါဦးအံ့—

ဒိသာဖရဏမေတ္တာ

ယင်း မေတ္တာဟူသည်–အရပ်မျက်နှာ အားလုံးကို ပို့နှံ့စေ၍ ပို့သပွားများ အပ်သော မေတ္တာဘာဝနာပင် ဖြစ်၏။

(အရွှေအရပ်)

(၁) ၁။ အရွှေအရပ်၌ နေထိုင်ကြကုန်သော အာရုံငါးပါး၌ ကပ်ငြိတပ်မက်ကုန်သော သတ္တဝါအားလုံးတို့သည်....

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။
ဘေးရန်အန္တရာယ် ရန်စွယ်ကင်းငြိမ်းကြပါစေ။
ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ချမ်းသာစွာ မိမိကိုယ်ကို ဆောင်ရွက်နိုင်ကြပါစေ။
ဆင်းရဲအပေါင်းမှ လွတ်မြောက်နိုင်ကြပါစေ။
ရရှိအပ်ပြီးသော လက်ရှိစည်းစိမ် ချမ်းသာမှ မပျောက်မပျက်နိုင်ကြပါစေ။

ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသော အရွှေအရပ်၌ နေထိုင်ကြကုန်သော အာရုံငါးပါး၌ ကပ်ငြိတပ်မက်ကုန်သော သတ္တဝါအားလုံးတို့ပါပေ။

၂။ အရှေအရပ်၌ နေတိုင်ကြကုန်သော အသက်ရှိသော သတ္တဝါအားလုံး တို့သည်....

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ပ။

ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသော အရှေအရပ်၌ နေထိုင်ကြကုန်သော အသက်ရှိသော သတ္တဝါအားလုံးတို့ပါပေ။

၃။ အရှေအရပ်၌ နေထိုင်ကြကုန်သော ကိုယ်ထင်ရှားရှိသော သတ္တဝါအားလုံး တို့သည်....

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ပ။

ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသော အရှေအရပ်၌ နေထိုင်ကြကုန်သော ကိုယ်ထင်ရှားရှိသော သတ္တဝါ အားလုံးတို့ ပါပေ။

၄။ အရှေအရပ်၌ နေထိုင်ကြကုန်သော ငရဲ၌ ကျရောက်ကုန်သော သတ္တဝါ အားလုံးတို့သည်....

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ပ။

ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသော အရှေအရပ်၌ နေထိုင်ကြကုန်သော ငရဲ၌ကျရောက်ကုန်သော သတ္တဝါအားလုံးတို့ ပါပေ။

၅။ အရှေအရပ်၌ နေထိုင်ကြကုန်သော ကိုယ်ခန္ဓာအတ္တဘောဌ် အကျုံးဝင် ကုန်သော သတ္တဝါအားလုံးတို့သည်....

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ပ။

ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသော အရှေအရပ်၌ နေထိုင်ကြကုန်သော ကိုယ်ခန္ဓာအတ္တဘောဌ် အကျုံးဝင်ကုန်သော သတ္တဝါအားလုံးတို့ပါပေ။

(အနောဓိ)

၆။ အရှေအရပ်၌နေထိုင်ကြကုန်သော မိန်းမအားလုံးတို့သည်...

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ပ။

ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသော အရှေအရပ်၌ နေထိုင်ကြကုန်သော မိန်းမအားလုံးတို့ပါပေ။

၇။ အရွှေအရပ်၌ နေထိုင်ကြကုန်သော ယောကျ်ားအားလုံးတို့သည်....
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ပ။
ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသော အရွှေအရပ်၌
နေထိုင်ကြကုန်သော ယောကျ်ားအားလုံးတို့ပါပေ။
၈။ အရွှေအရပ်၌ နေထိုင်ကြကုန်သော မြတ်သောပုဂ္ဂိုလ်အားလုံးတို့သည်....
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ပ။ (ဆိုမြဲ)။
၉။ အရွှေအရပ်၌ နေထိုင်ကြကုန်သော မမြတ်သောပုဂ္ဂိုလ်အားလုံးတို့သည်....
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ပ။ (ဆိုမြဲ)။
၁၀။ အရွှေအရပ်၌ နေထိုင်ကြကုန်သော နတ်ငြဟ္မာအားလုံးတို့သည်....
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ပ။ (ဆိုမြဲ)။
၁၁။ အရွှေအရပ်၌ နေထိုင်ကြကုန်သော လူအားလုံးတို့သည်....
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ပ။ (ဆိုမြဲ)။
၁၂။ အရွှေအရပ်၌ နေထိုင်ကြကုန်သော ပြိုကွဲပျက်စီး၍ ဖရိုဖရဲကျရောက်တတ်
ကုန်သော အပါယ်ဘုံသား သတ္တဝါတို့သည်....
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ပ။ (ဆိုမြဲ)။

ဤကား အရွှေအရပ်မျက်နှာအတွက် ဖြစ်သည်။ အနောက်အရပ်၌လည်း အရွှေအရပ်မျက်နှာ၌ နည်းမှီ၍ ဆိုပါ။ ဆိုရန်ကား—

အနောက်အရပ်

(၂) အနောက်အရပ်၌ နေထိုင်ကြကုန်သော အာရုံငါးပါး၌ ကပ်ငြိတပ်မက်
ကုန်သော သတ္တဝါအားလုံးတို့သည်....
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။
ဘေးရန်အန္တရာယ် ရန်စွယ်ကင်းငြိမ်းကြပါစေ။
ရောဂြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ချမ်းသာစွာ မိမိကိုယ်ကို ဆောင်ရွက်နိုင်ကြပါစေ။
ဆင်းရဲအပေါင်းမှ လွတ်မြောက်နိုင်ကြပါစေ။
ရရှိအပ်ပြီးသော စည်းစိမ်ချမ်းသာမှ မပျောက်မပျက်နိုင်ကြပါစေ။

ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသော အာရုံငါးပါး၌
ကပ်ငြိတပ်မက်ကုန်သော သတ္တဝါအားလုံးတို့ပါပေ။

မှတ်ချက်။ ။အရွှေအရပ်နည်းတူ အနောဓိပုဂ္ဂိုလ် ငါးယောက်, ဩဓိပုဂ္ဂိုလ်ခုနစ်ယောက် စုစုပေါင်း ဆယ့်နှစ်ယောက် တို့ကိုလည်း အနောက်အရပ်မျက်နှာအတွက် အကုန်ပွားများရမည်။

(၃) မြောက်အရပ်၌ နေထိုင်ကြကုန်သော အာရုံငါးပါး၌ ကပ်ငြိ တပ်မက်ကုန်သော သတ္တဝါအားလုံးတို့သည်....
ကိုယ်ဒိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ပ။
(မြောက်အရပ်ဟု ဆိုရုံသာ့ ထူးသည်။ အရွှေအရပ်နည်းတူပို့လေ။)

တောင်အရပ်

(၄) တောင်အရပ်၌ နေထိုင်ကြကုန်သော အာရုံငါးပါး၌ ကပ်ငြိတပ်မက်ကုန်သော သတ္တဝါအားလုံးတို့သည်....
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ပ။
(အရွှေအရပ်နည်းတူဆို။)

အရွှေတောင်ထောင့်အရပ်

(၅) အရွှေတောင်ထောင့် အရပ်၌ နေထိုင် ကြကုန်သော အာရုံငါးပါး၌ ကပ်ငြိတပ်မက်ကုန်သော သတ္တဝါအားလုံးတို့သည်....
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ပ။
(အရွှေအရပ်နည်းတူဖော်၍ အကုန်ဆို။)

အနောက်တောင်ထောင့်အရပ်

(၆) အနောက်တောင်ထောင့်အရပ်၌ နေထိုင်ကြကုန်သော အာရုံငါးပါး၌ ကပ်ငြိတပ်မက်ကုန်သော သတ္တဝါအားလုံးတို့သည်....
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ပ။
(အရွှေအရပ်နည်းတူ ဖော်၍ဆို။)

အနောက်မြောက်ထောင့်အရပ်

(၇) အနောက်မြောက်ထောင့်အရပ်၌ နေထိုင်ကြကုန်သော အာရုံငါးပါး၌ ကပ်ငြိတပ်မက်ကုန်သော သတ္တဝါအားလုံးတို့သည်....

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ပ။

(အရှေ့အရပ်နည်းတူ အနောဓိ ဩဓိ ပုဂ္ဂိုလ်အားလုံးကို ဖော်၍ ဆို)

အရှေ့မြောက်ထောင့်အရပ်

(၈) အရှေ့မြောက်ထောင့် အရပ်၌ နေထိုင်ကြကုန်သော အာရုံငါးပါး၌ ကပ်ငြိတပ်မက်ကုန်သော သတ္တဝါအားလုံးတို့သည်—

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ပ။

(အရှေ့အရပ်နည်းတူ အကုန်ဖော်၍ဆို။)

အောက်အရပ်

(၉) အောက်အရပ်၌ နေထိုင်ကြကုန်သော အာရုံငါးပါး၌ ကပ်ငြိ တပ်မက်ကုန်သော သတ္တဝါအားလုံးတို့သည်-

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ပ။

(အရှေ့အရပ်နည်းတူ ပုဂ္ဂိုလ်ဆယ့်နှစ်ယောက်လုံးအကုန်ဖော်၍ ဆိုပါ။)

အထက်အရပ်

(၁၀) ၁။ အထက်အရပ်၌ နေထိုင်ကြကုန်သော အာရုံငါးပါး၌ ကပ်ငြိ တပ်မက်ကုန်သော သတ္တဝါအားလုံးတို့သည်....

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

ဘေးရန်အန္တရာယ် ရန်စွယ်ကင်းငြိမ်းကြပါစေ။

ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ။

ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ။

ချမ်းသာစွာ မိမိကိုယ်ကို ဆောင်ရွက်နိုင်ကြပါစေ။

ဆင်းရဲအပေါင်းမှ လွတ်မြောက်နိုင်ကြပါစေ။

ရရှိအပ်ပြီးသော လက်ရှိစည်းစိမ်ချမ်းသာမှ မပျောက် မပျက် နိုင်ကြပါစေ။

ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသော အထက်အရပ်၌ နေထိုင်ကြကုန်သော အာရုံငါးပါး၌ ကပ်ငြိတပ်မက်ကုန်သော သတ္တဝါအားလုံးတို့ပါပေ။

၂။ အထက်အရပ်၌ နေထိုင် ကြကုန်သော အသက်ရှိသော သတ္တဝါအားလုံး တို့သည်....
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။
ဘေးရန်အန္တရာယ် ရန်စွယ်ကင်းငြိမ်းကြပါစေ။ပ။
ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသော အထက်အရပ်၌
နေထိုင်ကြကုန်သော အသက်ရှိသော သတ္တဝါအားလုံးတို့ပါပေ။

၃။ အထက်အရပ်၌ နေထိုင်ကြကုန်သော ကိုယ်ထင်ရှားရှိသော သတ္တဝါ အားလုံးတို့သည်....
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ပ။ (ဆိုမြဲ။)

၄။ အထက်အရပ်၌ နေထိုင်ကြကုန်သော ငရဲ၌ကျရောက်ကုန်သော သတ္တဝါ အားလုံးတို့သည်....
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ပ။ (ဆိုမြဲ။)

၅။ အထက်အရပ်၌ နေထိုင်ကြကုန်သော ကိုယ်ခန္ဓာအတွင်ဘော၌ အကျုံးဝင် ကုန်သော သတ္တဝါအားလုံးတို့သည်....
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ပ။ (ဆိုမြဲ။)

၆။ အထက်အရပ်၌ နေထိုင်ကြကုန်သော မိန်းမအားလုံးတို့သည်....
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ပ။ (ဆိုမြဲ။)

၇။ အထက်အရပ်၌ နေထိုင်ကြကုန်သော ယောကျ်ားအားလုံးတို့သည်....
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ပ။ (ဆိုမြဲ။)

၈။ အထက်အရပ်၌ နေထိုင်ကြကုန်သော မြတ်သောပုဂ္ဂိုလ်အားလုံးတို့သည်....
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ပ။ (ဆိုမြဲ။)

၉။ အထက်အရပ်၌ နေထိုင်ကြကုန်သော မမြတ်သော သတ္တဝါအားလုံးတို့ သည်....
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ပ။ (ဆိုမြဲ။)

၁၀။ အထက်အရပ်၌ နေဆိုင်ကြကုန်သော နတ်ဗြဟ္မာအားလုံးတို့သည်....
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ပ။ (ဆိုမြဲ။)

၁၁။ အထက်အရပ်၌ နေထိုင်ကြကုန်သော လူအားလုံးတို့သည်....
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ပ။ (ဆိုမြဲ။)

၁၂။ အထက်အရပ်၌ နေထိုင်ကြကုန်သော ပြိုကွဲပျက်စီး၍ ဖရိုဖရဲကျရောက်တတ်ကုန်သော အပါယ်ဘုံသား အားလုံးတို့သည်....

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ပ။ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသော အထက်အရပ်၌ နေထိုင်ကြကုန်သော ပြိုကွဲပျက်စီး၍ ဖရိုဖရဲကျရောက်တတ်ကုန်သော အပါယ်ဘုံသား အားလုံးတို့ပါပေ။

(ဤကား အရပ်ဆယ်မျက်နှာဖြင့် ပို့သအပ်သော မေတ္တာဘာဝနာဖြစ်၏။ အရှေ့အရပ်မျက်နှာရအောင် ကျက်ထားလျှင် ကျန်ရှိသော အရပ်မျက်နှာတို့၌လည်း "တချက်ခုတ် ဆယ်ချက်ပြတ်" ဆိုသလိုလွယ်ကူလေတော့၏။ ငါးရာ့နှစ်ဆယ်ရှစ်သွယ်မေတ္တာပွားပုံ ဆိုရိုးကို တရက်လေ့လာရုံမျှဖြင့်ပင် အာဂုံရနိုင်ပါသည်။

ငါးရာ့နှစ်ဆယ်ရှစ်သွယ် မေတ္တာရေတွက်ပုံ

ဤပွားနည်း၌ အနောဓိ=မပိုင်းခြား မရည်ညွှန်းအပ်သော ပုဂ္ဂိုလ်ငါးယောက်, သြဓိ=ပိုင်းခြား ရည်ညွှန်းအပ်သော ပုဂ္ဂိုလ်ခုနစ်ယောက် ယင်း ပုဂ္ဂိုလ် တကျိပ်နှစ်ယောက်ကို စေလေးလုံးနှင့်မြှောက် (၄၈)ရ၏။ ယင်း (၄၈) ကို မှတ်ထားလေ။

စေ လေးလုံးဟူသည်ကား အာရုံငါးပါး၌ ကပ်ငြိတပ်မက်ကုန်သော သတ္တဝါအားလုံးတို့သည်....

ဘေးရန် အန္တရာယ် ရန်စွယ် ကင်းငြိမ်းကြပါစေ။
ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ချမ်းသာစွာ မိမိကိုယ်ကို ဆောင်ရွက်နိုင်ကြပါစေ – တို့၌ရှိသော စေ လေးလုံးဖြစ်သည်။

အရှေ့အရပ်မျက်နှာ၌ အာရုံငါးပါးစသောပုဂ္ဂိုလ် တဆယ့်နှစ်ယောက်တွင် လည်း စေလေးလုံးနှင့်မြှောက်လျှင် (၄၈)ရ၍ အရပ်ဆယ်မျက်နှာတွင် (၄၈၀) ရသည်။ အရပ်မျက်နှာ မသတ်မှတ်သော ယခင်(၄၈)နှင့်ပေါင်း (၅၂၈)ရ၏။

ငါးရာ့နှစ်ဆယ်ရှစ်သွယ်ပွားပြီးလျှင် ဆက်လက်၍ပွားများရန်

၁။ အထက်ဘဝဂ် အောက်အဝီစိအတွင်း စကြဝဠာအားလုံးတို့ဘွင် မြေ၌ကျက်စားသွားလာ နေထိုင်ကြကုန်သော သတ္တဝါအားလုံးတို့သည်....

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ပ။ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသော မြေ၌ကျက်စားသွားလာနေထိုင်ကြကုန်သော သတ္တဝါအားလုံးတို့ပါပေ။

၂။ အထက်ဘဝက် အောက်အဝီစိအတွင်း စကြဝဠာအားလုံးတို့တွင် ရှေ့၌ ကျက်စား သွားလာနေထိုင်ကြကုန်သော သတ္တဝါအားလုံးတို့သည်.....

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ပ။(ပို့မြဲ)။

၃။ အထက် ဘဝက် အောက် အဝီစိအတွင်း စကြဝဠာ အားလုံးတို့တွင် ကောင်းကင်၌ ကျက်စားသွားလာ နေထိုင်ကြကုန်သော သတ္တဝါအားလုံး တို့သည်.....

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ပ။ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသော ကောင်းကင်၌ ကျက်စားသွားလာ နေထိုင်ကြကုန်သော သတ္တဝါအားလုံးတို့ပါပေ။

ဤမေတ္တာပို့နည်းမျှားကား ပဋိသမ္ဘိဒါမဂ် ဝိသုဒ္ဓိမဂ် စသည်တို့၌ လာသော ပို့နည်းမျှားဖြစ်၏။ မေတ္တာသုတ်လာ ပုဒ်းမျှားနည်းကိုလည်း ဆက်လက်၍ ပုဒ်းမျှားရန် ရေးသားပါဦးအုံ့—

မေတ္တာသုတ်လာပုဒ်းမျှားနည်း

၁။ ကြောက်တတ်သောသတ္တဝါ, မကြောက်တတ်သောသတ္တဝါ အားလုံးတို့သည်.....

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

ဘေးရန်အန္တရာယ် ရန်စွယ်ကင်းငြိမ်းကြပါစေ။

ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ။

ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ။

ချမ်းသာစွာ မိမိကိုယ်ကို ဆောင်ရွက်နိုင်ကြပါစေ။

ဆင်းရဲအပေါင်းမှ လွတ်မြောက်နိုင်ကြပါစေ။

ရရှိအပ်ပြီးသော လက်ရှိစည်းစိမ်ချမ်းသာမှ မပျောက်မပျက် နိုင်ကြပါစေ။

ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသော ကြောက်တတ်သောသတ္တဝါ, မကြောက်တတ်သော သတ္တဝါအားလုံးတို့ပါပေ။

၂။ မြင်ဘူးသောသတ္တဝါ, မမြင်ဘူးသော သတ္တဝါအားလုံးတို့သည်.....

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ပ။(ဖော်၍ဆိုမြဲ။)

ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသော မြင်ဘူးသောသတ္တဝါ, မမြင်ဘူးသော သတ္တဝါအားလုံးတို့ပါပေ။

၃။ အဝေးဌိုရှိသောသတ္တဝါ အနီးဌိုရှိသော သတ္တဝါအားလုံးတို့သည်.....

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ပ။ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသော အဝေးဌိုရှိသောသတ္တဝါ, အနီးဌိုရှိသော သတ္တဝါအားလုံးတို့ပါပေ။

၄။ ပဝတ္တိကာလဌိ ရောက်ရှိကြသောသတ္တဝါ, ပဋိသန္ဓေကာလဌိ ရောက်ရှိနေကြသော သတ္တဝါအားလုံးတို့သည်.....

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ပ။ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသော ပဝတ္တိကာလဌိ ရောက်ရှိသော သတ္တဝါ, ပဋိသန္ဓေကာလဌိ ရောက်ရှိနေကြသော သတ္တဝါအားလုံးတို့ပါပေ။

၅။ ရှည်သောသတ္တဝါ, တိုသောသတ္တဝါ, မတိုမရှည် အလယ်အလတ် ဖြစ်သော သတ္တဝါအားလုံးတို့သည်.....

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ပ။ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသော ရှည်သောသတ္တဝါ,တိုသောသတ္တဝါ,မတိုမရှည် အလယ်အလတ် ဖြစ်သော သတ္တဝါအားလုံးတို့ပါပေ။

၆။ ကြီးသောသတ္တဝါ, ငယ်သောသတ္တဝါ, မကြီးမငယ် အလယ်အလတ် ဖြစ်သော သတ္တဝါအားလုံးတို့သည်.....

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ပ။ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသော ကြီးသောသတ္တဝါ, ငယ်သောသတ္တဝါ, မကြီးမငယ် အလယ်အလတ်ဖြစ်သော သတ္တဝါအားလုံးတို့ပါပေ။

၇။ ဝသောသတ္တဝါ, ပိန်သောသတ္တဝါ, မပိန်မဝ အလယ်အလတ်ဖြစ်သော သတ္တဝါအားလုံးတို့သည်.....

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ပ။ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသော ဝသောသတ္တဝါ, ပိန်သောသတ္တဝါ, မပိန်မဝ အလယ်အလတ် ဖြစ်သော သတ္တဝါအားလုံးတို့ပါပေ။

၈။ သတ္တဝါအားလုံးတို့သည်....

အချင်းချင်း ချစ်ခင်စုံမက် နှစ်သက်မြတ်နိုးကြပါစေ။

(ဤကား-မေတ္တာသုတ်လာ ပဌာနပျားနည်းတည်း။ကရဏာ,မုဒိတာ,ဥပေက္ခာ, ပဌာနပျားနည်းကိုလည်း တဆက်တည်းပင် ပဌာနပျားသောအခါ လဲ့ယ်ကူးအောင် ရေးသားလိုက်ပေ၏။ 'ငါသည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ'မှစ၍ ပဌာနပျား

လျှင် ငါးရာ့နှစ်ဆယ်ရှစ်သွယ်ပါမကျန် မေတ္တာသုတ်လာပုဒ်းနည်း ပြီးဆုံးလျှင် တနာရီ ဆယ်မိနစ်မျှ ကြာပါ၏။)

ကရဏာရေတွက်ပုံ

အရပ်မျက်နှာ မသတ်မှတ်ပဲ အာရုံငါးပါးစသောပုဂ္ဂိုလ်တဆယ့်နှစ်ယောက်ကို မေတ္တာပို့သော အခါ "ဆင်းရဲအပေါင်းမှ လွတ်မြောက်နိုင်ပါစေ" ဟူသည်ကား ကရဏာပို့ဖြစ်၏။ ပုဂ္ဂိုလ်ဆယ့်နှစ်ယောက်ဖြင့်၍ ကရဏာပို့ ဆယ့်နှစ်ခုမှတ်ထား။ အရပ်ဆယ်မျက်နှာတို့တွင် တရာ့နှစ်ဆယ်။ ယခင် ဆယ့်နှစ်ခုနှင့် ပေါင်းလျှင် တရာ့သုံးဆယ့်နှစ် ကရဏာပို့ဖြစ်၏။

"ရရှိအပ်ပြီးသော လက်ရှိစည်းစိမ်ချမ်းသာမှ မပျောက်မပျက်နိုင်ကြပါစေ" ဟူသည်ကား သူတပါးစည်းစိမ်ကို ဝမ်းမြောက်ရသော မုဒိတာပို့ဖြစ်၏။မုဒိတာပို့လည်း တရာ့သုံးဆယ့်နှစ်ခုပင် ဖြစ်၏။

"ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသော သတ္တဝါအားလုံးတို့ပါပေ" ဟူသည်ကား ဥပေက္ခာ ပို့ ဖြစ်၏။ ဥပေက္ခာပို့သည်လည်း တရာ့သုံးဆယ့်နှစ်ခုပင် ဖြစ်၏။

"ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ"ဟူသည်ကား မေတ္တာသုတ်၌ လာသော "သုခိနော ဝေမိနော ဟောန္တု၊ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ"ဟူသော ပါဠိအရ ဖြစ်သည်။ ထိုအနက်ကို ငါးရာ့နှစ်ဆယ်ရှစ်သွယ်တို့၌လည်း ရှေတန်းက ပါဝင်၍ ရေးထည့်လိုက်ပါသည်။ ငါးရာ့နှစ်ဆယ်ရှစ်သွယ်၌ ထိုပါဠိဖြင့် မရေတွက်အပ်။ တနည်းအားဖြင့် 'အနီဃာ ဟောန္တု' ပါဠိအရ "ဆင်းရဲခပ်သိမ်းကင်းငြိမ်းပါစေ"ဟူသော မြန်မာအနက်ကို"ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ၍ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းပါစေ"ဟူ၍လည်း မြန်မာပြန်ဆိုကြသေးသည်။ ဆင်းရဲကင်းလျှင် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရမည်မှာ ဓမ္မတာဖြစ်သည်။

ဥပမာ–လူနှစ်ယောက်လမ်းသွားသောအခါတွင် ရှေကလူသည် အလွန်ချောလှ၏ ဆိုသဖြင့် နောက်ကလူ မချောလှကြောင်း ထင်ရှားသကဲ့သို့ ဖြစ်၏။ ထို့ကြောင့် ပရိယာယ်တမျှ ဖြင့် မေတ္တာနှစ်မျိုး ပို့ရသည်ဟူ၍လည်း မှတ်သားသင့်၏။ လိုရင်းတမျှ ဖြင့် ပွားလိုသောပုဂ္ဂိုလ်မျှား ဖြစ်လျှင်ကား ရှေတန်း "ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ" ဟူသော မြန်မာအနက်ကို မရွတ်ပဲ နေနိုင်သည်။ ပါဠိတော်နှင့် အနက် မြန်မာ တိုက်ဆိုင်ကြည့်သောအခါ မကိုက်ညီလျှင် အပြစ်တင်ဘွယ်ရာဖြစ်၍ သတိပေးသော အားဖြင့် ရေးသားတင်ပြရပါ၏။

မေတ္တာပွားများသောအခါ နှုတ်ကရွတ်ပြီးစိတ်ကမပါလျှင်တခြားစိတ်ရောက်နေလျှင် မေတ္တာပေါက်ရောက်ဘို့ မလွယ်ကူ ဖြစ်၏။ ပါးစပ်က ပွါးများရွတ်ဖတ်စဉ် ဗဟိုအလယ်ကျကျ မှတ်သား၍ ဥပမာ အရှေအရပ်ကို ပွားများလျှင်

ပါးစပ်မှစ၍ အရွေ့စကြဝဠာအဆုံးအထိ ယင်းအတွင်း၌ရှိသော သတ္တဝါအားလုံးတို့ကို မှန်းဆပြီး အားလုံးယူ၍ မေတ္တာပို့ရသည်။ အရပ်ဆယ်မျက်နှာတို့၌လည်း ထိုနည်းတူစွာ ပွားများရာ၏။

ငါ၏အမိအဘစသည် ပွားများလျှင် မျက်စိအာရုံထဲ၌ မိဘနှစ်ပါး စသည်ကို မြင်အောင် ကြံဆ၍ ကြည့်ရှုကာ ပွားများရ၏။ သို့မှသာ မေတ္တာကမ္မဋ္ဌာန်းပေါက်ခရောက်လိမ့်မည်။ မနှေးမမြန်အေးအေးမှန်မှန် မေတ္တာပို့ရ၏။ ပြီးစလွယ်မြန်မြန်မပွားရ။ မေတ္တာအကျိုး သာဓက မျာ စွာရှိ၏၊ သို့သော် ဤကျမ်း၌ အကျယ်တဝင့် မရေးပြတော့ပါ။

ရှေးဦးစွာ မေတ္တာမပို့အပ်သောပုဂ္ဂိုလ်များ

ရှေးဦးစွာ မေတ္တာမပွားသင့်သောပုဂ္ဂိုလ်, မေတ္တာပွားသင့်သောပုဂ္ဂိုလ်တို့ကို ခွဲခြား၍ သိထိုက်၏။ ထိုစကားမှန်၏။ မချစ်မနှစ်သက်သောပုဂ္ဂိုလ်, အလွန်ချစ်သောပုဂ္ဂိုလ်, မချစ်လွန်းမမုန်းလွန်းအပ်သော လျစ်လျူရှုသောပုဂ္ဂိုလ်, ရန်သူဖြစ်သောပုဂ္ဂိုလ် ဤလေးယောက်အား ရှေးဦးစွာ မေတ္တာမပွားအပ်။ အဘယ့်ကြောင့်နည်းဟူမူ—

မိမိမချစ်မနှစ်သက်သောသူကို ရှေးဦးစွာ မေတ္တာပွားလျှင် မေတ္တာစိတ်ဖြစ်ဘို့ရန် ခဲယဉ်း၏။ အလွန်ချစ်လှစွာသောသူကို မေတ္တာပွားလျှင် သောကဝင်တတ်၏။ လျစ်လျူရှုအပ်သောပုဂ္ဂိုလ်ကိုရှေးဦးစွာ မေတ္တာပွားလျှင် မေတ္တာစိတ်သက်ဝင်ဘို့ရန် နှောင့်နှေးကြန့်ကြာ၏။ ရန်သူကို ရှေးဦးစွာ မေတ္တာပွားလျှင် မေတ္တာစိတ်မဖြစ်မူ၍ အမျက်ဒေါသဖြစ်တတ်၏။

ထို့ကြောင့် ဆိုအပ်ခဲ့ပြီးသော ပုဂ္ဂိုလ် လေးမျိုးကို ရှေးဦးစွာ မေတ္တာမပွားအပ်။ ယောကျ်ားဖြစ်လျှင် မိန်းမ၌, မိန်းမဖြစ်လျှင် ယောကျ်ား၌ ရည်ညွှန်းပိုင်းခြားအပ်သော တယောက်ချင်း သြဓိ မေတ္တာဘာဝနာကို မပွားအပ်။ ပွားလျှင် မေတ္တာမဖြစ်မူ၍ တဏှာရာဂ ဖြစ်တတ်၏။ သေပြီးသောသူ၌ မေတ္တာမပွားအပ်။ ပွားသော်လည်း အကျိုးမရှိချေ။ စျာန်ကိုလည်း မရမူ၍ စျာန်၏အနီးသို့လည်း မရောက်နိုင်။

ဤကား မေတ္တာမပွားအပ်သော ပုဂ္ဂိုလ်တို့ဖြစ်၏။

မေတ္တာပွားများနည်း

မေတ္တာကို ပွားသောသူသည် အလုံးစုံသော သူတို့၏ ရှေးဦးစွာ "ငါသည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ" စသည်ဖြင့် မိမိကိုယ်၌ မေတ္တာကို အဖန်တလဲလဲ ပွားများအပ်၏။ ထိုသို့ မိမိကိုယ်၌ ကြိမ်ဖန်များစွာ မေတ္တာပွားခြင်းဖြင့် စျာန်သို့

ငင်း, စျာန်၏အနီးသို့ငင်း ရောက်နိုင်ပါမည်လော ဟူမူ မရောက်နိုင်ချေ။ သို့မရောက်နိုင်လျှင် မည်သို့ အကျိုးရှိပါမည်နည်းဟူမူ မိမိကိုယ်ကို သက်သေအရာ၌ထား၍ ငါသည် ချမ်းသာကို အလိုရှိ၍ ဆင်းရဲကို စက်ဆုပ်သကဲ့သို့ သတ္တဝါအားလုံးတို့သည်လည်း ဆင်းရဲကို စက်ဆုပ်၍ ချမ်းသာကို အလိုရှိကြကုန်၏ဟူ၍ မိမိကိုယ်နှင့် အလားတူထားပြီးလျှင် အလုံးစုံသော သတ္တဝါတို့၌ မေတ္တာပွါးအပ်၏။

ထိုစကားမှန်၏၊ အကြင်သူသည် မိမိကိုယ်ကိုပင် ချစ်ခင်ရမှန်း မသိ၊ ချမ်းသာကို အလိုရှိမှန်း မသိ၊ ဆင်းရဲကို စက်ဆုပ်ရမှန်း မသိလျှင် တပါးသော သတ္တဝါတို့၌ "ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ"ဟူ၍ မေတ္တာပွါးများခြင်းကို အဘယ်မှာလျှင် ပြုနိုင်ပါအံ့နည်း။ ထို့ကြောင့် မိမိကိုယ်ကို သက်သေအရာ၌ ထားနိုင်အောင် တပါးသောသူတို့၌ မေတ္တာမပွါးမီ မိမိကိုယ်ကို ရှေးဦးစွာ မေတ္တာပွါးအပ်၏။

ထို့နောက် မိမိအပေါ်၌ ကျေးဇူးကြီးမားသော မိဘနှစ်ပါး, မိဘနှစ်ပါးနှင့် သွယ်စပ်နေသော သားချင်းဆွေမျိုး, ထို့နောက် မိမိအလေးအမြတ်ပြုအပ်သော ဆရာသမား စသည်အားဖြင့် ရှေး၌ ပွါးများပုံ ပွါးများနည်း ရေးသားခဲ့သည့်အတိုင်း မေတ္တာပွါးရာ၏။ ထိုသို့ မေတ္တာကို အဖန်တလဲလဲ ပွါးများစီးဖြန်း၍ စျာန်သို့သော်ငင်း၊ စျာန်၏အနီးသော်ငင်း ရောက်နိုင်သော်လည်း ထိုမျှလောက်ဖြင့် မရောင့်ရဲမူ၍ ရှေသို့ ဆက်လက်ပြီးလျှင် အလွန်ချစ်အပ်သော သူများကို မေတ္တာပွါးအပ်၏။

ထို့နောက် လျစ်လျူရှုသောသူ၌ မေတ္တာကို ပွါးများအပ်၏။ ထို့နောက် ရန်သူဖြစ်သောသူ၌ မေတ္တာကို ပွါးများအပ်၏။ ဤသို့ ပွါးများလျှင် မိမိကိုယ်၌ငင်း, မိမိအကျိုးကိုဆောင်ရွက်သော ပုဂ္ဂိုလ်၌ငင်း, လျစ်လျူရှုသော ပုဂ္ဂိုလ်၌ငင်း, ရန်သူဖြစ်သော ပုဂ္ဂိုလ်၌ငင်း ခဲ့ခြားမှုကင်း၍ တညီတညွတ်တည်း ဖြစ်၏။ ထိုသို့ အပိုင်းအခြားကင်းသောအခါ မိမိ၏အကျိုးစီးပွါးကို ဆောင်ရွက်သောသူ, လျစ်လျူရှုသောသူ, ရန်သူဖြစ်သောသူတို့သည် မိမိနှင့်အတူတကွ ထိုင်နေရာ၌ ခိုးသားဓားပြတို့လာလတ်၍ ဤလေးယောက်သော ပုဂ္ဂိုလ်တို့တွင် တယောက်ယောက်သောသူကို ပေးပါဟု တောင်းခဲ့လျှင် မည်သူကိုမျှ မပေးနိုင်, မည်သူကိုမျှ ပေးလိုသောစိတ်မရှိ။ မည်သူကို ပိုမို၍ ချစ်ခင်သောစိတ်မရှိ ဖြစ်ပေလိမ့်မည်။ ထိုသို့ ဖြစ်သော်မှသာလျှင် အပိုင်းအခြားကင်းသည်မည်၏။

ယင်းသို့မဟုတ်ပဲ လေးယောက်သောသူတို့တွင် မိမိကိုယ်ကိုပေးလိုသော်ငင်း၊ တစုံတယောက်သောသူကို ပေးလိုသော်ငင်း ပိုင်းခြားခြင်း မကင်းသေးချေ။ မကင်းသေးလျှင်လည်း မေတ္တာဘာဝနာကမ္မဋ္ဌာန်း၏ အဆုံးသို့ မရောက်သေးဖြစ်၏။ ထို့ကြောင့် မေတ္တာကမ္မဋ္ဌာန်း အဆုံးသို့ ရောက်လိုသော (၀၊) မေတ္တာ

ကမ္မဋ္ဌာန်းပေါက်ရောက်လိုသော ပုဂ္ဂိုလ်သည် ဤသူသည် ငါပဲဖြစ်သည်, ငါချစ်သောသူဖြစ်သည်, လျစ်လျူရှုသောသူဖြစ်သည်, ရန်သူဖြစ်သည်ဟူ၍ ပိုင်းခြားခြင်းမှ ကင်းအောင် မေတ္တာဗြဟ္မဝိဟာရတရားကို ကြိုးစားအားထုတ်၍ ပွါးများရာ၏။

အတ္တာနိ ဟိတမဇ္ဈတ္တေ၊ အဟိတေ စ စတုဗ္ဗိဓေ။
ယဒါ ပဿတိ နာနတ္တံ၊ ဟိတစိတ္တော၀ ပါဏိနံ။
န နိကာမလာဘီ မေတ္တာယ၊ ကုသလီတိ ပ၀ုစ္စတိ။
ယဒါ စတသော သီမာယော၊ သမ္ဘိန္နာ ဟောန္တိ ဘိက္ခုနော။

သမံ ဖရတိ မေတ္တာယ၊ သဗ္ဗလောကံ သဒေ၀ကံ။
မဟာ၀ိသေသော ပုရိမေန၊ ယဿ သီမာ နာ ဉာယတိ။

အကြင်မျှလောက်သောကာလပတ်လုံး မိမိ၌ဌင်း အကျိုးစီးပွါးကို လိုလား သောသူ, လျစ်လျူရှုသောသူ၌ဌင်း အစီးအပွါးမဲ့ကို ပြုသောရန်သူ၌ဌင်း ဤပုဂ္ဂိုလ်လေးယောက်၌ ထူးခြားသော အဖြစ်ကို မြင်၏။ ထိုမျှလောက်သော ကာလပတ်လုံး သတ္တ၀ါတို့၏ အကျိုးစီးပွါးကို လိုလားသည်သာလျှင် ဖြစ်သော အလိုရှိတိုင်းအလွယ်တကူစျာန်ကိုရသော မေတ္တာကမ္မဋ္ဌာန်း၌ လိမ္မာသောသူဟူ၍ မဆိုရသေးချေ။

အကြင်အခါ၌ အကြင်ရဟန်းအား လေးခုသော အပိုင်းအခြား တို့သည် ကင်းပျက်ကုန်၏၊ ပိုင်းခြားခြင်းမထင်၊ နှတ်နှင့်တကွသော သတ္တ၀ါအားလုံး တို့ကို ညီတူညီမျှမေတ္တာဖြင့် ပြန့်နှံ့စေ၏။ ထိုအခါ ထိုရဟန်းအား အပိုင်းအခြား မကင်းမပျက်မီ ရှေးအခါကထက် အလွန်ထူးခြားကဲလဲသော ဂုဏ်သည် မုချ မသေ ဖြစ်ခဲ့လေ၏။ (၀ိသုဒ္ဓိမဂ်အဋ္ဌကထာ ဒုတိယအုပ် ၃၀၀)။

(တနည်း) မေတ္တာပွါးများပုံ

လယ်ထွန်ခြင်း၌ လိမ္မာသောသူသည် လယ်ကိုပိုင်းခြား၍ တဖြေးဖြေးတိုး၍ ထွန်သကဲ့သို့ ထို့အတူ မိမိနှင့်ဆက်စပ်ရာ အိမ်၌ ရှိသော သတ္တ၀ါကို မေတ္တာပို့သအပ်၏။ ဤနည်းအတူ နှစ်အိမ် သုံးအိမ် လေးအိမ် ငါးအိမ်တိုးတက်၍ တလမ်း တရပ်ကွက် တရွာ တကြိုး တနယ် တခရိုင် တပြည် စသည်ဖြင့် တိုးတက်၍ စကြ၀ဠာတခု စကြ၀ဠာတသောင်း ဤသို့အဆင့်ဆင့်တက်၍ မေတ္တာပွါးအပ်၏။

မေတ္တာ၏ရန်သူနှစ်ပျိုး

မေတ္တာပွါးများသော ပုဂ္ဂိုလ်အား အနီးရန်သူ အဝေးရန်သူ ဟူ၍ နှစ်မျိုး ရှိ၏။ ထိုတွင် ပုဂ္ဂိုလ်တဦး၏ အကျိုးမဲ့ကို ပြုလိုသဖြင့် အနီးမှ ချောင်း၍လိုက်နေ

သောရန်သူကဲ့သို့ ဂုဏ်ကျေးဇူးကို မြင်တတ်ခြင်းအားဖြင့် မေတ္တာနှင့်သဘော တူသောကြောင့် လောဘသည် နီးသောရန်သူမည်၏။ နီးသော ရန်သူသည် အကျိုးစီးပွါးဆုတ်ယုတ်မှုကို အလွယ်တကူနှင့် ပြုလုပ်နိုင်သကဲ့သို့ ရာဂသည် မေတ္တာ၏အကျိုးမဲ့ကို အလွယ်တကူနှင့် ပြုလုပ်နိုင်၏။ ထို့ကြောင့် "မေတ္တာယနာ မုခေန ရာဂေါ ဝဠွေတိ=ရာဂတဏှာသည် မေတ္တာယောင်ဆောင်ကာ လှည့်ပတ် တတ်သည်"ဟူ၍ နေတ္တိအဋ္ဌကထာ နှာ(၉၀)၌ မိန့်ဆိုထားချက်အရ သတ္တဝါများ အပေါ်မှာ မေတ္တာပွါးလိုသောသူသည် မေတ္တာယောင်ဆောင်သည့် ရာဂတရား ကို မပွါးမိကြရန် အထူးသတိထားအပ်၏။ ဝိသုဒ္ဓိမဂ်၌ ဒေါသအမျက်၏ ငြိမ်း ခြင်းသည် မေတ္တာ၏ပြည့်စုံခြင်း ဖြစ်၏။ တပ်စွန်းချစ်ခင်သော ရာဂဖြစ်ပေါ်လာ ခြင်းသည် မေတ္တာ၏ပျက်စီးခြင်း ဖြစ်သည်ဟု မိန့်ဆိုပေ၏။

မြန်မာအဓိပ္ပါယ်မှာ မုန်းနေသော သူတယောက်ကို မေတ္တာပွါးများလျှင် မုန်းစိတ်ပျောက်၍ မေတ္တာတရား ရောက်ရှိလာ၏။ ဤသို့ မုန်းစိတ် ပျောက်ငြိမ်း သွားခြင်းသည် မေတ္တာ၏ပြည့်စုံခြင်းဖြစ်ပေ၏။ မေတ္တာစစ်ပြည့်စုံနေရာမှ ထိုသူ အပေါ်မှာ ချစ်ခင်နှစ်သက် တွယ်တာသောစိတ်ဖြစ်လာလျှင် မေတ္တာအစစ်ပျက် သွားပြီး တဏှာရာဂတရားက မေတ္တာယောင်ဆောင်၍ အလှည့်ပတ် ခံရပြီဟု ဆိုလိုသည်။

ယောကျ်ား၏သွားလာရန် ခဲယဉ်းသော တောတောင်စသော အရပ်ဒေသ၌ နေသော ရန်သူကဲ့သို့ သဘောချင်းမတူ၍ ဆန့်ကျင်ဘက် ဖြစ်သောကြောင့် ဒေါသသည် မေတ္တာ၏ ဝေးသောရန်သူ မည်၏။ ထိုအဝေးရန်သူ ဒေါသမှ ကင်းလွတ်အောင် မေတ္တာပွါးများအပ်၏။

မေတ္တာ၏သဘောအစစ်ကား မိမိကိုယ်ခန္ဓာနှင့် သတ္တဝါအားလုံးတို့အပေါ်၌ ညီတူညီမျှချစ်မှု ဖြစ်၏။ ကိုယ့်ဆွေမျိုးအပေါ် ကိုယ့်လင် ကိုယ့်မယားအပေါ် ချစ်ခင်မှုတို့ကား မေတ္တာစစ် ဖြစ်နိုင်ခဲ၏။ ထိုကဲ့သို့ ချစ်ခင်မှုတို့ကား တဏှာပေမ, ဂေဟာသိတပေမတို့သာ အဖြစ်များကုန်၏။

၁။ တဏှာပေမ ဟူသည် မိန်းမနှင့်ယောကျ်ားအချင်းချင်း တဏှာလောဘ၏ အစွမ်းဖြင့် ချစ်ကြိုက်ကြခြင်းကို ခေါ်ဆို၏။ ဤတဏှာပေမကို အလင်္ကာကျမ်း၌ သင်္ဂါရဟု ခေါ်ဆို၏။ ဤတဏှာပေမကို မေတ္တာစစ်ဟူ၍ မမှတ်သားအပ်၊ မေတ္တာစစ်ကား ကြည်လင်အေးမြ၏။

၂။ မိဘနှင့်သားသမီး, အစ်ကိုနှင့်ညီ, မောင်နှင့်နှစ်မစသည်တို့ အချင်းချင်း ချစ်ခင်တွယ်တာမှုကို ဂေဟာသိတပေမဟု ခေါ်၏။ ဂေဟာသိတ ပေမ ဟူသည် အိမ်၌မှီ၍ဖြစ်သော ချစ်ခြင်းကို ခေါ်ဆို၏။ ဤချစ်ခြင်းကို အလင်္ကာကျမ်း၌ ဝစ္ဆလ ဟူ၍ ခေါ်၏။ ဤတဏှာပေမ, ဂေဟာသိတပေမနှစ်မျိုးလုံးပင် ကုသိုလ်

တရားမဟုတ်ပဲ အကုသိုလ်တရာများသာဖြစ်လေ၏။ တဏှာပေမမှာ တဏှာရာဂ ဖြစ်၍ ဂေဟာသိတ ပေမမှာ လောဘပင်ဖြစ်၏။

မေတ္တာပေမကား သူတပါးတို့၏အကျိုးဖြစ်ထွန်းမှုကို လိုလားမှုတည်း။ ဤမေတ္တာတရားသည် သူတပါးတို့နှင့် မခွဲခွါနိုင်ခြင်းသဘော အလျှင်းမရှိ၊ အမြဲယှဉ်တွဲနေလိုခြင်းသဘောလည်း အလျှင်းမရှိ။ လူအချင်းချင်း တန်ိုင်ငံစီပင် ဝေးကွာ၍ နေရစေကာမူ၊ ထိုဝေးကွာနေသူမှာ စီးပွါးချမ်းသာဖြစ်သည်ဟု သိရလျှင် ကျေနပ်မှုရှိ၏။ အတူမနေရသည့်အတွက် ခက်ခဲဝန်လေးခြင်း အလျှင်းမရှိ။

သို့ဖြစ်၍ မေတ္တာတရားသည် စင်ကြယ်မွန်မြတ်သော သဘောတရားသာဖြစ်၍ ဗြဟ္မဝိဟာရ=(မြတ်သောနေခြင်း)ဟူသော အမည်ကိုလည်း ရလေ၏။ ကရုဏာ, မုဒိတာ, ဥပေက္ခာတရားတို့သည်လည်း ဗြဟ္မဝိဟာရဟူသော အမည်ကို ရကြလေကုန်၏။ ထိုတရားလေးပါးကို ဗြဟ္မစိုရ်တရားလေးပါးဟု ခေါ်ဆိုပြန်သေး၏။

ဤဗြဟ္မစိုရ်တရားများ ပွါးများသောအခါ မစင်ကြယ်သော တဏှာပေမခဲ့ချစ်ခြင်း, ဂေဟာသိတပေမချစ်ခြင်းတို့ မဟုတ်စေပဲ စင်ကြယ် မွန်မြတ်သန့်ရှင်းအေးမြလှသော မေတ္တာပေမ တရားကိုသာ ပွါးများရမည်ဟု အထူးသတိပြု၍ မှတ်သားရာ၏။

ဗြဟ္မစိုရ်တရားများ၏ သဘောလက္ခဏာ

မေတ္တာသည် အတိုင်းမသိသော သုခိတသတ္တဝါ, ဒုက္ခိတသတ္တဝါ ပညတ်ကို အာရုံပြု၍ အညီအမျှ ချစ်ခြင်းလက္ခဏာရှိ၏။

ကရုဏာသည် အတိုင်းမသိသော ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ သနားခြင်းလက္ခဏာရှိ၏။

မုဒိတာသည် အတိုင်းမသိသော သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်း လက္ခဏာရှိ၏။

ဥပေက္ခာသည် အတိုင်းမသိသော သုခိတသတ္တဝါ, ဒုက္ခိတသတ္တဝါ, ပီယဝေရီသတ္တဝါပညတ်ကို အာရုံပြု၍ အထူးအားဖြင့် လျစ်လျူရှုခြင်းလက္ခဏာရှိ၏။ ဤတရားလေးပါးကို အပွမညာတရားဟူ၍လည်း ခေါ်၏။

မေးမြန်းဘွယ်ရာ ပြဿနာများ

(မေး) မေတ္တာပွါးများနည်းကို တနည်းတည်းသာ မပြဆိုပဲ အဘယ့်ကြောင့် ပဋိသမ္ဘိဒါမဂ်ပါဠိတော်နည်း, မေတ္တာသုတ်ပါဠိတော်နည်း အသီးသီး ပြဆိုပါသနည်း။

(ဖြေ) ပုထုဇဉ်သတ္တဝါတို့၏စိတ်သည် အာရုံအမျိုးမျိုး၌ လေ့လာကျက်စား မရပ်မနား လှည့်လည်၍နေ၏။ ထိုသို့ အာရုံအမျိုးမျိုး၌ လေ့လာကျက်စား မရပ်မနား လှည့်လည်၍နေသော စိတ်သည် တနည်းတည်းဖြင့်ပင် မေတ္တာဘာဝနာအာရုံ၌ ကြာရှည်မတည်နိုင်၊ အာရုံအမျိုးမျိုး ပြောင်းလဲကာ ပြောင်းလဲကာ ပွါးများအားထုတ်မှ ကြာရှည်စွာ သမာဓိရနိုင်သည်။ ထို့ကြောင့် မေတ္တာပွါးများနည်းအမျိုးမျိုးကို မြတ်စွာဘုရား ဟောကြားတော်မူပါသည်။ နောက် ဆရာတို့သည်လည်း ရှင်တော်ဘုရားအလိုတော်ကျ ထုတ်ဖော်ပြရပါသည်ဟု ဖြေဆိုရာ၏။

(တနည်း) လူတယောက်သည် ခဲတလုံးဖြင့် တိုင်တတိုင်ကိုပစ်သောအခါ ချော်လဲဘို့ရာမျှား၏၊ ခဲမျှားစွာဆုပ်ကိုင်၍ ပစ်သောအခါ ခဲမျှားသည့်အတွက် ချော်သည့်ခဲမျှားရှိသော်လည်း မှန်ဘို့ရာခဲလည်း မလဲပင်ရှိနိုင်ရာ၏။ ထိုနည်း တူစွာ သတ္တဝါတို့၏စိတ်သဘောသည် တည်ကြည်မှုမရှိပဲ ပြေးလွှားနေသည့် အတွက် မေတ္တာပွါးများသောအခါ အချို့သောသတ္တဝါအပေါ်၌ မေတ္တာစိတ် ရောက်မှုမရှိချေ။ ဥပမာ သတ္တဝါတို့အပေါ်၌ စိတ်မရောက်ပဲ အမှတ်မဲ့ မေတ္တာပွါးနေသည့်အခါမျိုး၌ အာရုံငါးပါး၌ ကပ်ငြိတပ်မက်ကုန်သော သတ္တဝါကို မပွါးဖြစ်သောအခါ ထို့နောက် အသက်ရှိသော သတ္တဝါဟုဆိုသဖြင့် အထက်ပုဒ်က လွတ်သွားသော သတ္တဝါတို့အတွက် အောက်ပုဒ်ကမလွတ်ပဲ ရှိနေပြန်သေး၏။ ထိုသို့ မလွတ်ပဲရှိနေပြန်သည့်အတွက် တခဲမမှန်သော်လည်း တခဲမှန်ဆိုသလို တခုလွတ်သွားပေမဲ့ နောက်တခုက မလွတ်ပဲရှိနေပြန်သေးသဖြင့် ထိုနည်းကို အသိမှတ်၍ နည်းအမျိုးမျိုး, သတ္တဝါအမျိုးမျိုး ထုတ်ဖော်ပြရသည်ဟူ၍ ဖြေဆိုရာ၏။

(တနည်း) မေတ္တာတရား ပွါးများသောပုဂ္ဂိုလ်များမှာ အလိုအဇ္ဈာသယ ဓာတ်ခံ အမျိုးမျိုးရှိကြ၏။ အချို့မှာ အနောဓိမေတ္တာ ပွါးများနည်းက ဉာဏ်၌ထင်လင်း၏။ အချို့မှာ ဩဓိမေတ္တာပွါးများနည်းက ဉာဏ်၌ထင်လင်း၏။ အချို့မှာ အရပ်ဆယ်မျက်နှာမှတ်၍ ပွါးများအားထုတ်မှ ဉာဏ်၌ထင်လင်း၏။ အချို့မှာ မေတ္တာသုတ်လာနည်းကို ပွါးများအားထုတ်မှ ဉာဏ်၌ထင်လင်း၏။ ဤသို့ မေတ္တာဘာဝနာအလုပ်ကို အားထုတ်သော ပုဂ္ဂိုလ်တို့၏ အလိုအဇ္ဈာသယဓာတ်ခံ အမျိုးမျိုးရှိကြသောကြောင့် မိမိတို့ပေါက်ရောက်ရာ ထင်လင်းရာ အာရုံရရာကိုယူ၍ မေတ္တာတရားပွါးများစိမ့်သောငှါ မေတ္တာပွါးများနည်း အမျိုးမျိုးကို ရှင်တော်ဘုရားဟောကြားသည့်အတိုင်း နောက်ဆရာတို့ကလဲ အပြည့်အစုံ ထုတ်ဖော်ပြဆိုရာ၏ဟူ၍ ဖြေဆိုရာ၏။

အရပ်ဆယ်မျက်နှာမေတ္တာပို့သရာတွင် အထက်အရပ်၌ ငရဲရှိသလားဟူသော အမေးရှိရာ ထိုအမေးကို သဘာဝဖြင့် ဖြေဆိုရန်ကား အထက်အရပ်၌ ငရဲမရှိ

ကြောင်း ဗုဒ္ဓဘာသာဝင်တိုင်း သိကြသည်၊ သို့သော် အထက်အရပ်၌ သောတာပန်မဖြစ်သေးသော နတ်ပြဟ္မာများ ရှိကြသေးသဖြင့် ထိုနတ်ပြဟ္မာတို့သည် သေသောအခါ တချိန်မှာ ကံစီမံရာ ကြုံရပြန်သေးသည်အားလျော်စွာ ငရဲ၌ ကျရောက်ဘို့ရာလည်း ရှိကြပါသည်။ ထိုသို့ ငရဲ၌ ကျရောက်လတ္တံ့ရှိသည့် အတွက် အထက်အရပ် မေတ္တာပွါးများသောအခါ ငရဲ၌ ကျရောက်ကုန်သော သတ္တဝါဟုဆိုသော်လည်း ကျရောက်လတ္တံ့ပုဂ္ဂိုလ်ကို ယူရာ၏။

မေတ္တာနှင့်ရာဂ

"မေတ္တာယနာမုခေန ရာဂေါ ဝဉ္ဆေတိ–

ဟူသော နေတ္တိအဋ္ဌကထာနှင့်အညီ ချစ်ခြင်းမေတ္တာကို အကြောင်းပြုသဖြင့် တပ်နှစ်သက်ခြင်း တဏှာ ရာဂသည် မေတ္တာယောင်ဆောင်၍ လှည့်စားတတ်၏။ ရာဂတဏှာကို မေတ္တာဟု ထင်မှတ်တတ်၏။

ရာဂ၏ လက္ခဏာကား မျောက်နဲ့စေးဦ တောမျောက်၏ တပ်မက်ခြင်းကဲ့သို့ ၎င်း, ဆီမီးရောင်ခြည် ပိုးပလံ၏ တပ်မက်ခြင်းကဲ့သို့၎င်း ပူပန် မိန်းမောခြင်းနှင့် တကွ အာရုံ၌ တပ်မက်မောခြင်း လက္ခဏာရှိ၏။

မေတ္တာ၏ လက္ခဏာကား နို့စိုသားငယ်၌ နို့တိုက်သော နွားမကဲ့သို့ ဝမ်းမြောက်ဝမ်းသာ ချမ်းအေးကြည်လင်ခြင်းနှင့်တကွ ချစ်ခြင်းလက္ခဏာရှိ၏။

တယောက်သောသူ၏ ရာဂသည် တယောက်သောသူ၌ ရာဂကိုပွါးစေ၍ ပူပန် မိန်းမောစေတတ်သည်။ တယောက်သောသူ၏ မေတ္တာသည် တယောက်သောသူ၌ မေတ္တာကို ပွါးစေ၍ ကြည်လင် ချမ်းအေးစေတတ်၏။

ကရုဏာနှင့်သောက

"ကရုဏာယနာပတိရူပေန သောကော ဝဉ္ဆေတိ"

ဟူသော နေတ္တိအဋ္ဌကထာနှင့် အညီ သနားကြင်နာခြင်း ကရုဏာနှင့်တူသော အားဖြင့် စိုးရိမ်ခြင်းသောကတရား လှည့်ပတ်တတ်သည်။ သောကကို ကရုဏာထင်မှတ်တတ်သည်။

သောကသည် ညစ်ညူးပူးပန်ခြင်းနှင့်တကွ ကြောင့်ကြစိုးရိမ်ခြင်း လက္ခဏာရှိ၏။

ကရုဏာကား ညစ်ညူး ပူပန်မှု မရှိပဲ သနားကြင်နာခြင်း လက္ခဏာ ရှိ၏။ ကရုဏာလွန်လျှင် သောကဝင်တတ်သည်။

မုဒိတာနှင့် ပဟာသ

"မုဒိတာဝိဟာရပတိဋ္ဌပေန ပဟာသော ဝတ္ထေတိ"

ဟူသော နေတ္တိအဋ္ဌကထာနှင့်အညီ မုဒိတာဟန်ဆောင်၍ မြူးတူးရွှင်ပျခြင်း ပဟာသတရား လှည့်စားတတ်သည်။ နှလုံးမြူးတူးခြင်း လောဘမူ သောမနဿ-ပဟာသတရားကို မုဒိတာဗြဟ္မဝိဟာရတရားဟု မှတ်ထင်တတ်သည်။

ပဟာသကား သူတပါးချမ်းသာ၌ သာယာခြင်း အဿာဒလက္ခဏာရှိ၏။

မုဒိတာကား သူတပါးချမ်းသာ၌ မငြူစူခြင်း ကြည်သာခြင်းလက္ခဏာရှိ၏။ ပဟာသကား ပူပန်ခြင်း ကိလေသာသဘောနှင့်တကွ နှလုံးရွှင်မြူးခြင်း ဖြစ်၏။

မုဒိတာကား နှလုံးချမ်းမြေ့ခြင်း မေတ္တာသဘောနှင့် ဝမ်းမြောက်ခြင်း ပါမောဇ္ဇ ရှိ၏။

သူတပါး စီးပွါးချမ်းသာ ပြည့်စုံရာ၌ မုဒိတာ ဘာဝနာ ပြည့်စုံလျှင် ဣဿာ စိတ် အာဘိဿာစိတ် ဖြစ်မှု မရှိချေ။ မုဒိတာဘာဝနာမရှိလျှင် သူတပါး စီးပွါး ပျက်စီးရာ ဒုက္ခအမျိုးမျိုးတွေ့ကြုံရာတို့၌ ဝမ်းမြောက်တတ်သည်။ ထို့သို့ သူတပါး ဒုက္ခတွေ့ရာ၌ ကရုဏာဘာဝနာမဖြစ်ပဲ ဝမ်းမြောက်နေသောသူကား ဣဿာ-အာဘိဿာအကုသိုလ် အယုတ်တရား ပေါများသောသူ ဟူ၍ မှတ်ယူရာ၏။

ဥပေက္ခာနှင့် နိက္ခိတ္တဓုရတာ

"ဥပေက္ခာဝိဟာရပတိဋ္ဌပေန ကုသလေသု ဓမ္မေသု နိက္ခိတ္တဓုရတာ ဝတ္ထေတိ"—

ဟူသော နေတ္တိအဋ္ဌကထာနှင့်အညီ ဥပေက္ခာဗြဟ္မဝိဟာရတရား ယောင်ဆောင်၍ ကုသိုလ်ကောင်းမှု၌ လှုံ့လမပြု စိတ်ချလက်ချ နေနိုင်အားသော နိက္ခိတ္တဓုရတာ တရား လှည့်ဖျားတတ်သည်။ နိက္ခိတ္တဓုရတာ တရားသည် ကုသိုလ်ကောင်းမှု ဝတ်ကြီး ဝတ်ငယ် ပြုရာတို့၌ အားမထုတ်ခြင်း လျစ်လျူရှုခြင်း သဘောလက္ခဏာ ရှိ၏။ ဥပေက္ခာဗြဟ္မဝိဟာရတရားသည် သတ္တဝါသင်္ခါရတို့၌ လျစ်လျူရှုခြင်း သဘောလက္ခဏာ ရှိ၏။

သတ္တဝါတဦးကို မေတ္တာ ကရုဏာ မုဒိတာ မထားနိုင်လျှင် ဥပေက္ခာ လျစ်လျူရှုထားရာ၏။ ဥပေက္ခာ မထားနိုင်လျှင် ဒေါသ, သောက, ပဟာသ တရားတို့ ဝင်ရောက်နှိပ်စက်တတ်၏။

ဥပေက္ခာအဓိပ္ပါယ်

ဤ ဥပေက္ခာဟူသော ပါဠိစကားကို မြန်မာပြန်ဆိုလျှင် လျစ်လျူရှုခြင်း (၀၊) သင့်တင့်ညီညွတ်အောင် ရှုခြင်းဟူ၍ မြန်မာ ပြန်ဆိုရာ၏။ သင့်တင့်ညီညွတ်အောင် ရှုခြင်းဟူသည် ဆင်းရဲမှု, ချမ်းသာမှု နှစ်ပါးရှိရာတွင် မည်သည့် ဘက်ကိုမျှ တဖက်သတ် မလိုက်ပဲ ဆင်းရဲမှုနှင့်လည်း သင့်တင့်ညီညွတ်, ချမ်းသာမှုနှင့်လည်း သင့်တင့်ညီညွတ်အောင် ရှုခြင်းကို ဆိုလို၏။ ဤကဲ့သို့ ဘက်မလိုက် သင့်တင့်ညီညွတ်အောင် ရှုခြင်းကိုပင် မြန်မာပညာရှိ, ဗုဒ္ဓဘာသာဝင်ပညာရှိတို့က လျစ်လျူရှုခြင်းဟူ၍ ခေါ်ဝေါ် သတ်မှတ်ကြကုန်၏။

ဤပညာရှိတို့၏ စကားအဓိပ္ပါယ်ကို လေးနက်စွာမသိသော အချို့သော ပုဂ္ဂိုလ်တို့က လျစ်လျူရှုခြင်းဟူသည် အာရုံမပြု ဂရုမစိုက်ပဲ တမင်သက်သက် နေခြင်းဖြစ်သည်ဟု ထင်မှတ်ပြောဆိုမိတတ်ကြ၏။ ဤကဲ့သို့ အာရုံမပြု ဂရုမစိုက်ပဲ တမင်သက်သက်နေခြင်းသည် ဥပေက္ခာမမည်၊ (၀၊) ဥပေက္ခာဟူ၍ မခေါ်ဆိုပါ။ ဥပေက္ခာဆိုသည်မှာ အာရုံပြုရမည်သာ ဖြစ်၏။

ဥပေက္ခာပဋိပက္ခနည်းမှာ ကံသာလျှင်ကိုယ်ပိုင်ဥစ္စာရှိသော သတ္တဝါတို့ပါပေဟု မေတ္တာပဋိပက္ခနည်း၌ ပါခဲ့သည့်အဘိုင်းပင် ဖြစ်၏။ ထိုကမ္မဋ္ဌာန်းပေါက်ရောက်သော ပုဂ္ဂိုလ်မှာ ဆင်းရဲမှုအာရုံနှင့်တွေ့လျှင်တမျိုး, ချမ်းသာမှုအာရုံနှင့် တွေ့လျှင်တဖုံ ဤကဲ့သို့ဖြစ်ပုံမျိုးတို့သည် မရှိကုန်။ ဆင်းရဲချမ်းသာတို့၌ ညီတူညီမျှ တသားတည်းသာထား၍ ရှုမြင်ဆင်ခြင်ခြင်းသာ ဖြစ်၏။

ဥပေက္ခာရှုပဋိပက္ခနည်းအဖုံဖုံ

အထက်၌ပြခဲ့သော ရှုပဋိပက္ခသည် ရှေးရိုးစဉ်လာ ကမ္မဿကာဟူသောပုဒ်ကို မြန်မာပြန်ထားသော နည်းဖြစ်သည်။ ထိုနည်းမှ တမျိုးတခြား ပဋိပက္ခများလိုသော် အဂုံတ္တရနိကာယ် ပဥ္စကနိပါတ် အာဘိဏှသုတ်၌လာရှိသော နည်းများကိုလည်း ပဋိပက္ခနိုင်သေး၏။

၁။ သဗ္ဗေ သတ္တာ ကမ္မဿကာ=အလုံးစုံသော သတ္တဝါတို့သည် ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြကုန်၏။

၂။ သဗ္ဗေ သတ္တာ ကမ္မဒါယာဒါ=အစုံးသော သတ္တဝါတို့သည် ကံသာလျှင် အမွေခံရှိကြကုန်၏။

၃။ သဗ္ဗေ သတ္တာ ကမ္မယောနိ=အလုံးစုံသော သတ္တဝါတို့သည် ကံသာလျှင် အကြောင်းရင်း ရှိကြကုန်၏။

၄။ သဗ္ဗေ သတ္တာ ကမ္မပဋိသရဏာ=အလုံးစုံသော သတ္တဝါတို့သည် ကံသာလျှင် အဆွေခင်ပွန်း ရှိကြကုန်၏။

၅။ သဗ္ဗေ သတ္တာ ကမ္မပ္ပဋိသရဏာ=အလုံးစုံသော သတ္တဝါတို့သည် ကံသာလျှင် ကိုးကွယ်ရာအားထားရာ ရှိကြကုန်၏–ဟူ၍ ပွါးများနိုင်၏။ ထိုသဒ္ဒါအနက်ကို ဥပေက္ခာပွါးဘို့အတွက် မြန်မာအဓိပ္ပါယ်ပြန်ဆိုလျှင် အစဉ်အတိုင်း—

၁။ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသော သတ္တဝါအားလုံးတို့ပါပေ။

၂။ ကံသာလျှင် အမွေခံရှိသော သတ္တဝါအားလုံးတို့ပါပေ။

၃။ ကံသာလျှင် အကြောင်းရင်းရှိသော သတ္တဝါအားလုံးတို့ပါပေ။

၄။ ကံသာလျှင် အဆွေခင်ပွန်းရှိသော သတ္တဝါအားလုံးတို့ပါပေ။

၅။ ကံသာလျှင် ကိုးကွယ်အားထားရာရှိသော သတ္တဝါအားလုံးတို့ပါပေ။

ဤကဲ့သို့သော နည်းများကိုလည်း အရဆောင်ကာ ပွါးများနိုင်၏။ ပါဠိလို ပွါးပွါး မြန်မာလိုပွါးပွါး နှစ်သက်ရာများကို ပေါက်ရောက်အောင် ပွါးများရာ၏။

စဉ်းစားဆင်ခြင်ဘွယ်ရာ

ဤအရာ၌ စဉ်းစားဘွယ်ရာ ပေါ်လာပြန်၏။ မေတ္တာကမ္မဋ္ဌာန်းမှာ သတ္တဝါအားလုံးတို့ကို အာရုံပြုကာ ချမ်းသာစေလိုသော စိတ်နှလုံးကို ထားရသည့်အတွက် မြင့်မြတ်သောတရားဖြစ်ကြောင်း သိသာထင်ရှား၏။ ဥပေက္ခာဘာဝနာမှာမူကား ပွါးများအားထုတ်အပ်သော တရားတပါးပင် ဖြစ်သော်လည်း သတ္တဝါအားလုံးကို အာရုံပြုကာ သတ္တဝါတို့၏ ချမ်းသာမှု ဆင်းရဲမှုသည် ကံအတိုင်းသာ ဖြစ်သည်။ ချမ်းသာထိုက်သော ကံပါလျှင် ချမ်းသာလိမ့်မည်၊ ဆင်းရဲထိုက်သော ကံပါလျှင် ဆင်းရဲလိမ့်မည်။ သို့အတွက် ငါပူစရာနဲ့နဲ့မှ မရှိ, တစုံတရာကြောင့်ကြစိုက်နေဘွယ်ရာ မရှိဟူသော နှလုံးသွင်းပွါးများမှုမျိုးဖြစ်၍ ဤနှလုံးသွင်းပွါးများမှုကို မြင့်မြတ်လှသည်ဟုဆိုရန် ခဲယဉ်းမည်မဟုတ်ပါလော၊ သို့ဖြစ်၍ ဥပေက္ခာဘာဝနာသည် အဘယ့်ကြောင့် မြင့်မြတ်သောတရား ဖြစ်နိုင်သနည်းဟု မေးမြန်းဘွယ်ရာ စဉ်းစားဘွယ်ရာ ရှိလာပြန်၏။

စဉ်းစားဆင်ခြင်လေသော် ဤလောကဌ္ဌ ကောကိလောကုတ္တရာနှစ်ပါးလုံးမှာပင် ရနိုင်ခဲ ဖြစ်နိုင်ခဲသောအရာသည် တန်ဘိုးရှိလှ၍ ရလွယ်ဖြင့်လွယ်သော အရာသည် ထိုကဲ့သို့တန်ဘိုးမရှိခြင်း ဓမ္မတာပင် ဖြစ်၏။ ဥပမာ လောကဌ္ဌ မြေခဲကျောက်ခဲ အမျိုက်သရိုက် သဲတို့သည် ရလွယ်သည့်အတွက် အဘိုးမတန်လှပဲ ရွှေငွေကျောက်သံ ပတ္တမြား စသည်တို့ကား ရနိုင်ခဲ ဖြစ်နိုင်ခဲသည့် အတွက် အဘိုးတန်လှကြောင်း လူတိုင်းပင် သိရှိထင်ရှားပေ၏။

ဤအတူ လောကုတ္တရာ ဓမ္မအကြောင်းမှာလည်း လောဘ, ဒေါသ, မောဟာ, မာန, ဣဿာ, အာဘိဋ္ဌာ, မစ္ဆရိယစသော တရားယုတ်တို့သည် ရလွယ်

ဖြစ်စေလွယ်နိုင်သော တရားမျှားဖြစ်၍ အနည်းငယ်မျှ တန်ဘိုးမရှိကုန်၊ ရလွယ်ဖြစ်လွယ်အောင် တမင်ကြံဆောင် အားထုတ်နေရခြင်းမရှိ၊ မဖြစ်အောင်ပင် ကြိုးစား အားထုတ်နေရ၏။ အဘိုး မတန်သည့် ကျင်ကြီး ကျင်ငယ်တို့နှင့် တူကုန်၏။ ဒါနသီလ ဘာဝနာစသော ကုသိုလ်တရားတို့သည်ကား အားထုတ်မှု မရှိပဲ အလိုအလျောက် မဖြစ်နိုင်။အားထုတ် ဆည်းပူးနိုင်ပါမှ ဖြစ်ပေါ်လာသော တရားစုသာ ဖြစ်ကုန်၏။ ထိုတရားစုထဲတွင် ဒါန သီလ တို့ထက် အဆင့်အတန်း မြင့်သော ဘာဝနာကုသိုလ် အပါအဝင် မေတ္တာတရား အစစ်ကို ရရှိဖြစ်ဘို့ရန် ခဲယဉ်းလှပေ၏။

ခဲယဉ်းပုံမှာ ဝေရီပုဂ္ဂိုလ် မဇ္ဈတ္တပုဂ္ဂိုလ် ပိယပုဂ္ဂိုလ် ဟူ၍ ပုဂ္ဂိုလ် သုံးစား ရှိသည့်အနက် ရန်သူဖြစ်သော ဝေရီပုဂ္ဂိုလ်တို့အပေါ်မှာ မေတ္တာတရားပွါးမျှား ဖြစ်စေရန် ခဲယဉ်းလှ၏။ မိတ်ဆွေလည်းမဟုတ် ရန်သူလည်းမဟုတ်သော အလတ်စား မဇ္ဈတ္တ ပုဂ္ဂိုလ်တို့အပေါ်မှာကား ရန်သူအပေါ်မှာ မေတ္တာ ပွါးမျှားရသည်လောက် မခဲယဉ်းလှပေ။ ချစ်အပ်သော မိတ်ဆွေ အပေါ်၌မှာမူ မခဲယဉ်းပဲ အလွယ်တကူနှင့် မေတ္တာတရားဖြစ်စေနိုင်သည်။ သို့ရာတွင် ဝေရီပုဂ္ဂိုလ်နှင့်မဇ္ဈတ္တ ပုဂ္ဂိုလ်တို့အပေါ်မှာ မေတ္တာတရားမပွါးမျှားပဲ အလွယ်လိုက်ကာ ချစ်အပ်သော မိတ်ဆွေအပေါ်မှာသာ ပွါးမျှားပါတော့မည် ဟူ၍ မေတ္တာကို မည်ကဲ့သို့ပင် ပွါးမျှားနေစေကာမူ ထိုမေတ္တာသည် ခဲယဉ်းခြင်းမရှိသည့်အတွက် အဘိုးတန် မေတ္တာမဟုတ်သည့်ပြင် ထိုမေတ္တာမျိုးကို ပွါးမျှားနေ၍လည်း မေတ္တာပါရမီ ဖြည့်ကျင့်ရာမရောက်။

မေတ္တာပွါးမျှားသော ပုဂ္ဂိုလ်သည် မိမိကိုကိုယ်ရင်း၊ မိမိ ရင်သွေးငယ်ကိုရင်း ချစ်မြတ်နိုးသလို ရန်သူဖြစ်သော ပုဂ္ဂိုလ် နှုနှာစဲ့သော ပုဂ္ဂိုလ်တို့ကိုလည်း ထို့ကဲ့သို့ ချစ်မြတ်နိုးမှုရှိအောင် ပွါးမျှား ရသောအခါ လွယ်ကူသော အရာမဟုတ်သဖြင့် ခဲခဲယဉ်းယဉ်းညီမျှမှုရှိအောင် မေတ္တာပွါးရာ၏။ သို့မှသာ မေတ္တာ ပါရမီ ဖြည့်ကျင့်ရာအစစ်ဖြစ်မည်။

ဤအကြောင်းကို ထောက်ရှုလျှင် မေတ္တာအစစ်ဖြစ်ဘို့ မည်မျှခဲယဉ်းသည် မည်မျှလောက်အဘိုးတန်သည်တို့ကို သိရှိပေလိမ့်မည်။ မိမိနှင့် ထပ်တူ ထပ်မျှ သတ္တဝါအားလုံးတို့အပေါ်မှာ မေတ္တာအစစ်ရှိလျှင် မေတ္တာကမ္မဋ္ဌာန်းပေါက်သည်ဟု ဆိုနိုင်ရာ၏။ ဤကဲ့သို့ မေတ္တာ ဘာဝနာ ပေါက်ရောက်မှ တောတောင်ကြီးမျှား၌ တရားအားထုတ်သောအခါ ကျား ကျားသစ် တောဝက် စသည်တို့နှင့် အတူတကွ နေလို့ရလိမ့်မည်။ ဝေဿန္တရာမင်းကြီး တောထွက်သော အခါ မင်းကြီး၏ မေတ္တာကြောင့် သတ္တဝါတွေအချင်းချင်း ရန်မမူကြဘဲ ချစ်ခင်မြတ်နိုးပြီး အတူတကွ နေထိုင်ကြကာ မင်းကြီး၏မေတ္တာရိပ်ကို ခိုလှုံနေကြ၏။

ဤမေတ္တာ ခဲယဉ်းသည်ထက် ဥပေက္ခာ အစစ်ဖြစ်ဘို့ ဆိုသည်လည်း ပိုမို၍ ခဲယဉ်းလှ၏။ ခဲယဉ်းပုံမှာ ပြခဲ့ပြီးသော ပုဂ္ဂိုလ် သုံးဦးအနက် အလယ် အလတ် မဇ္ဈတ္တပုဂ္ဂိုလ်အပေါ်မှာပင် ဥပေက္ခာတရားဖြစ်ရန် လွယ်ကူလှသည်မဟုတ်ပေ၊ လောကဌ ဤသူကို ယခု ငါ ဥပေက္ခာ ပြုထားပြီ၊ စိတ်ဆင်းရဲမနေပါနှင့် ဥပေက္ခာ ပြုထားလိုက်ပါ၊ သူနှင့်ပတ်သက်၍ . ဘာမှမတွေးပါနှင့်စသည်ဖြင့် အရေးမယူ ဂရုမစိုက်ခြင်း သဘောကိုသာ ပြောဆိုနေကြသဖြင့် လျစ်လျူရှုခြင်း ဥပေက္ခာ သည် အရေးမပါအရာမရောက်သကဲ့သို့ ဖြစ်နေ၏။ အမှန်စင်စစ်ကား ဥပေက္ခာ ဖြစ်ရန် အာရုံပြု၍ ဂရုစိုက်ရမည်သာဖြစ်၏။

မေတ္တာအရာမှာ မိတ်ဆွေအပေါ်၌ ပွါးများရန် လွယ်ကူသကဲ့သို့ ဥပေက္ခာ သည်လည်း အလယ်အလတ် ပုဂ္ဂိုလ်အပေါ်မှာ ပွါးများရန် လွယ်ကူ သေး၏။ အကြောင်းမှာ ပကတိအားဖြင့် အလယ်အလတ်ပုဂ္ဂိုလ်အပေါ်မှာ ချစ်ခြင်း မုန်း ခြင်း မရှိသဖြင့် ထို့သူ၏ ချမ်းသာစေလိုသောစိတ် ပျက်စီးစေလိုသော စိတ်တို့ မဖြစ်ပွါးအောင် စောင့်ရှောက်ရန် လွယ်ကူ၏။

အလယ်အလတ် ပုဂ္ဂိုလ်အပေါ်မှာ ဥပေက္ခာ ပွါးများဘို့ထက် ရန်သူ အပေါ်မှာ ဥပေက္ခာပွါးများဘို့ရန် ပိုမိုခဲယဉ်း၏၊ အကြောင်းမှာ ရန်သူအပေါ်၌ ပင်ကိုယ်က မုန်းစိတ်ရှိနေသည့် အတွက် မုန်းသောသူ ပျက်စီးသွားသတဲ့ ဆို လျှင် ဝမ်းသာသောသဘော လွယ်လွယ်နှင့် ပေါ်ပေါက်လာတတ်၏။ ရန်သူမှာချမ်းသာ မှု ပြည့်ပြည့်ဝဝရှိသတဲ့ ဆိုလျှင် မနှစ်သက်မနာလိုသောစိတ် ပူပန်မှုသဘော လွယ်လွယ်နှင့် ပေါ်ပေါက်လာတတ်၏။

ထို့သဘောနှစ်မျိုးလုံးပင် စိတ်ထဲမဝင်လာအောင် မပေါ်ပေါက်လာအောင် စောင့်ရှောက်ပိတ်ပင်ရန် ခဲယဉ်း၏။ ဤသဘောမျိုး အနည်းငယ်မျှ ဝင်လာလျှင် ဥပေက္ခာသဘော ပျက်ကွယ်၍သွား၏။ ဤသို့ ရန်သူအပေါ်မှာ ဥပေက္ခာပွါးများ ရန် ခဲယဉ်းသည်ထက် မိတ်ဆွေအပေါ်မှာ ဥပေက္ခာ ပွါးများရန် သာလွန်၍ ခဲယဉ်းပြန်၏။ အကြောင်းမှာ ချစ်အပ်သော မိတ်ဆွေ အပေါ်မှာ ပကတိ အားဖြင့် မေတ္တာသက်ဝင် ချစ်ခင်နေသည့်အတွက် ချစ်ခင် လေးစားအပ်သော မိတ်ဆွေသည် ချမ်းသာသုခရသွားသတဲ့ဆိုလျှင် စိတ်အထူး ရွှင်မြူးဝမ်းမြောက်၍ လာတတ်၏။ ဆင်းရဲဒုက္ခရောက်သတဲ့ဆိုလျှင် အလွန်တရာ ပူပင်သောက ဝင်ရောက်၍ လာတတ်၏။ ထို့ရွှင်လန်းဝမ်းမြောက်ခြင်း, ပူပင်သောကရောက် ခြင်း နှစ်မျိုး မဝင်လာနိုင်မှ ဥပေက္ခာတရား အောင်မြင်လေ၏။

ဤပိယ, မဇ္ဈတ္တ, ဝေရီ ပုဂ္ဂိုလ်သုံးမျိုးလုံး၌ စိတ်သဘော မခြားနား ညီညီ ညွတ်ညွတ် လျစ်လျူရှုနိုင်မှ ဥပေက္ခာဘာဝနာအစစ် ဖြစ်၏။ ဤပုဂ္ဂိုလ်သုံးမျိုး အပေါ်၌ စိတ်သဘောတရား ခြားနားမှုရှိလျှင် ဥပေက္ခာတရား ထမြောက် အောင်မြင်ခြင်း မရှိနိုင်။ ဥပေက္ခာမှာ ပြခဲ့သည့်အတိုင်း အာရုံမပြု ဂရုမစိုက်

စွန့်ပစ်ထားရသော သဘောမျိုးမဟုတ်ပဲ အာရုံပြု ဂရုစိုက်ရမည့်သဘောမျိုး ဖြစ်လေသည်။ သတ္တဝါများအပေါ်၌ တစုံတရာ စိုးရိမ်ကြောင့်ကြမှု မပြုရသဖြင့် ဥပေက္ခာတရားသည် သိမ်မွေ့လှ၏။ တည်ကြည်ငြိမ်သက်လှ၏။ မေတ္တာတရားထက် အထက်သို့ ရောက်လေလေ အဆင့်အတန်း မြင့်လေလေဖြစ်၏။

အဆင့်အတန်းမြင့်ပုံမှာ ဤဥပေက္ခာသည် မေတ္တာဘာဝနာကဲ့သို့ပင် သမထကမ္မဋ္ဌာန်း လေးဆယ်တို့တွင် တပါးအပါအဝင်ဖြစ်ပြီးလျှင် ပါရမီဆယ်ပါးတို့တွင်လည်း တပါးအပါအဝင်ဖြစ်၏။ သမထနည်းလမ်းအရ ဥပေက္ခာကမ္မဋ္ဌာန်းကို စီးဖြန်းပွါးများလိုလျှင် အထက်ဆုံးစျာန်အတွက်သာ ပွါးများရ၏။ အောက်စျာန်များအတွက် မပွါးရ။

ထင်ရှားအောင် ပြဦးအုံ့–စျာန်သည် ဉာဏ်နှုံ့နှေးသူတို့မှာ ငါးကြိမ်ပေါက်မြောက်မှ စျာန်စခန်း အဆုံးသို့ရောက်၏။ ထိုပုဂ္ဂိုလ်များအတွက် စျာန်ငါးပါးကို မြတ်စွာဘုရား ဟောကြားတော်မူ၏။ ပဥ္စကနည်းဟူ၍ ခေါ်၏။ သို့ဖြစ်၍ ဉာဏ်နှုံ့နှေးသူအဖို့ ပဌမအကြိမ်ရရှိသော စျာန်ကို ပဌမစျာန်, ဒုတိယအကြိမ်ရရှိသောစျာန်ကို ဒုတိယစျာန်, တတိယအကြိမ်ရရှိသောစျာန်ကို တတိယစျာန်, စတုတ္ထအကြိမ်ရရှိသောစျာန်ကို စတုတ္ထစျာန်, ပဉ္စမအကြိမ် ရရှိသောစျာန်ကို ပဉ္စမစျာန် ဤသို့အားဖြင့် ဉာဏ်နှုံ့နှေးသူအဖို့ စျာန်ငါးပါးရှိလေသည်။

ဉာဏ်ထက်မြက်သောပုဂ္ဂိုလ်မှာကား လေးကြိမ်ပေါက်ရောက်လျှင်ပင် စျာန်တရားအဆုံးသို့ ရောက်လေ၏။ ထိုပုဂ္ဂိုလ်များအတွက် စျာန်လေးပါးကို မြတ်စွာဘုရား ဟောတော်မူ၏။ စတုက္ကနည်းဟူ၍ ခေါ်၏။ သို့ဖြစ်၍ ပဌမအကြိမ်ရရှိသောစျာန်ကို ပဌမစျာန်, ဒုတိယအကြိမ်ရရှိသောစျာန်ကို ဒုတိယစျာန်, တတိယအကြိမ် ရရှိသောစျာန်ကို တတိယစျာန်, စတုတ္ထအကြိမ် ရရှိသောစျာန်ကို စတုတ္ထစျာန် ဤသို့အားဖြင့် စျာန်လေးပါးရှိလေ၏။

ဤသို့ ဉာဏ်နှုံ့နှေးသော ပုဂ္ဂိုလ်တို့အတွက် စျာန်ငါးပါး၊ ဉာဏ်ထက်မြက်သောပုဂ္ဂိုလ်တို့အတွက် စျာန်လေးပါးဟူ၍ နည်းနှစ်နည်းရှိရာ မည်သည့်စျာန်ကိုမျှ မရသေးခင် စျာန်တရားကိုရရန် ကြိုးကုတ်အားထုတ်သောသူသည် ဥပေက္ခာကမ္မဋ္ဌာန်းကို စီးဖြန်းပွါးများမှ မပြုရသေးချေ။

ဥပေက္ခာပွါးနိုင်သောပုဂ္ဂိုလ်

ဥပေက္ခာကမ္မဋ္ဌာန်းသည် ပဉ္စကနည်းအလို ပဉ္စမစျာန်နှင့်သာ သက်ဆိုင်၏။ စတုက္ကနည်းအလို စတုတ္ထစျာန်နှင့်သာ သက်ဆိုင်၏။ သို့ဖြစ်၍ ဉာဏ်နှုံ့နှေးသူဖြစ်လျှင် အခြားသော သမထကမ္မဋ္ဌာန်းများဖြင့် စတုတ္ထစျာန် ပေါက်မြောက်အောင် အားထုတ်ပြီးမှ နောက်ဆုံး ပဉ္စမစျာန်ကို ရအောင် အားထုတ်လိုသော အခါမှသာ ဥပေက္ခာကမ္မဋ္ဌာန်းကို ပွါးများနိုင်သည်။

ဉာဏ်ထက်မြက်သူဖြစ်လျှင် အခြား သမထကမ္မဋ္ဌာန်းများဖြင့် တတိယစျာန် တိုင်အောင် ပေါက်မြောက်အောင် အားထုတ်ပြီးမှ နောက်ဆုံး စတုတ္ထစျာန်ကို ရအောင် အားထုတ်လိုသော့အခါမှသာ ဥပေက္ခာကမ္မဋ္ဌာန်းကို ပွါးများနိုင်သည်။ အကြောင်းသော်ကား ဥပေက္ခာသည် ပြခဲ့ပြီးသည့်အတိုင်း သိမ်မွေ့တည်ကြည် မြင့်မြတ်သော သဘောရှိသော တရားဖြစ်၍ အထက်ဖြစ်သော စျာန်တရားနှင့်သာ သက်ဆိုင်သည်၊ အောက်စျာန်များနှင့် မသက်ဆိုင်။

မေတ္တာတရား၌မှာ အောက်စျာန်လေးပါး, သုံးပါးတို့နှင့်သာ သက်ဆိုင်၏။ ဤအချက်ကို ထောက်ရှုသဖြင့်ပင် မေတ္တာတရားထက် ဥပေက္ခာတရားက သာလွန်မြင့်မြတ်ကြောင်း ထင်ရှားပေ၏။ သမထကမ္မဋ္ဌာန်းအနေဖြင့် စီးဖြန်းခြင်းမဟုတ်ပဲ ဥပေက္ခာပါရမီ ပြည့်ဝရန်သာ ရည်ရွယ်ခဲ့ပါလျှင် မည်သည့် အခါမှာမဆို ဥပေက္ခာတရားကို ပွါးများအားထုတ်နိုင်သည်။ (ဤကား ဥပေက္ခာနှင့်ပတ်သက်၍ မင်းကွန်း တိပိဋကဓရမဟာဇ္ဈာဂါရိုက ဆရာတော် ဦးဝိစိတ္တာသာရာဘိဝံသ စိစစ်ပုံကို နှစ်သက်၍ ရေးသားတင်ပြလိုက်ပေ၏။)

ဥပေက္ခာကမ္မဋ္ဌာန်း ဖြည့်ကျင့်ပုံဝတ္ထု

လွန်လေပြီးသောအခါ ဘုရားအလောင်းတော်သည် သူဌေးမျိုးဌာဖြစ်၍ ကြီးပြင်းလာသောအခါ ဒိသာပါမောက္ခဆရာ၏အထံသို့ ပညာသင်ရောက်၍ အလုံးစုံသောပညာတို့ကို တဖက်ကမ်းခပ်တတ်မြောက်ပြီး၍ ပြန်လာပြီးလျှင် အမိအဘတို့ကို ကောင်းစွာ စောင့်ရှောက်လုပ်ကျွေး၍ နေ၏။

မိဘတို့ ကွယ်လွန်သောအခါ ဆွေမျိုးများက ပစ္စည်းများကို စောင့်ရှောက်လော့ဟု ပြောဆိုကြလေ၏။ ဘုရားအလောင်းမှာမူ ရုပ်နာမ်သဘါရတို့၏ မမြဲခြင်း အနိစ္စသဘောကို နှလုံးသွင်းရှိသဖြင့် အလုံးစုံသော ဘုံဘဝတို့၌ ထိတ်လန့် ကြောက်ရွံ့ခြင်း သဘော တိုးပွါးထက်သန်ပြီးလျှင် ခန္ဓာဌာလည်း မတင့်တယ် ရွံမုန်းဘွယ်ဖြစ်သော အသုဘအမှတ်သညာကို ရရှိလျက် အိမ်ရာတည်ထောင်ခြင်း ကြောင့်ကြဘွယ်အမှုတို့ဖြင့် လွှမ်းမိုး၍နေသော ကိလေသာချုံအရှုတ်အထွေးအတွင်းသို့ သက်ဆင်းလိုစိတ် လုံးဝမရှိပဲ ကြာမြင့်စွာသော ကာလကပင် ကာမနယ်မှ ထွက်မြောက်လိုသည့် စိတ်ဆန္ဒသာ အမြဲတိုးပွါး၍ နေသဖြင့် များစွာသော စည်းစိမ်ဥစ္စာတို့ကို ပယ်စွန့်၍ ရဟန်းပြုလိုသော်လည်း အကယ်၍ ငါရဟန်းပြုသွားလျှင် ငါ၏ဂုဏ်ကျေးဇူးကို ချီးမွမ်းကြခြင်းဖြင့် ငါအထင်အရှားဖြစ်နေလိမ့်မည်ဟု ကြံစည်မိပြန်၏။ ဤသို့ ကျော်စောထင်ရှားလာဘ်ပေါများမှုတို့ကို စက်ဆုပ်ရွံမုန်းသဖြင့် ရဟန်းမပြုပဲ ငါသည် လာဘ်ရခြင်း, လာဘ်မရခြင်းစသော လောကဓမ်တရားတို့၌ မတုန်မလှုပ်ဖြစ်ခြင်းငှါ စွမ်းနိုင်ပါ

မည်လောဟု ကြံစည်လျက် အထူးအားဖြင့် သူတပါးတို့၏ အနှိပ်အစက်ဒဏ်ကို သည်းခံခြင်းစသော အကျင့်ကို ပြည့်စေလျက် သူတပါးတို့အပေါ်မှာ လျစ်လျူရှုခြင်းတည်းဟူသော ပါရမီကို အထွတ်အထိပ်သို့ရောက်စေအံ့ဟု နှလုံးသွင်း၍ ဝတ်မြဲတိုင်းသောအဝတ်ဖြင့်ပင် အိမ်မှထွက်လာခဲ့၍ မြင့်မြတ်လှစွာ ခေါင်းပါးသော အသက်မွေးခြင်းရှိလျက် အားမရှိတရှိ မနုံတနုံကဲ့သို့ သူတပါးတို့အပေါ်မှာ စိတ်မဆိုးသောသဘောရှိသူဖြစ်၍ အများကယူဆရကာ အများတကာတို့၏ မရိုမသေညှဉ်းဆဲစရာဖြစ်၍ မြို့ရွာနိုဂုံးတို့၌ တညတညသာအိပ်နေ၍ လှည့်လည်ကျက်စားသွားလာနေတော်မူ၏။

မရိုသေမှုများစွာ အပြုခံရသောအရပ်မှာကား ကြာမြင့်စွာလည်း နေတော်မူ၏။ ဝတ်ထားသောအင်္ကျီများ ဆွေးမြေ့ဟောင်းနွမ်းလတ်သော် ရှိသမျှအဝတ်ပိုင်းငယ်ဖြင့်သာ မျှတ၍ ထိုအဝတ်ပိုင်းငယ် တဖန် ဆွေးလတ်ပြန်သော် တစုံတယောက်က ပေးလှူသောအဝတ်ကို ခံယူတော်မမူပဲ အရှက်အကြောက်ဖုံးလွှမ်းရုံ ရရသမျှသော အရာဝတ္ထုတခုဖြင့်သာ ကိုယ်အင်္ဂါကိုဖုံးလွှမ်း၍ လှည့်လည်တော်မူ၏။

ဤသို့နေသဖြင့် ကာလကြာမြင့်လတ်သော် နိဂုံးရွာတခုသို့ ရောက်လေ၏။ ထိုရွာ၌ရှိသော ကလေးသူငယ်တို့သည် လွန်ကျူးစော်ကားတတ်သော သဘောရှိကြကုန်၏။ အခွါအခွါသော မုဆိုးမသား, မင်းကျွမ်းဝင်သူတို့၏သား, မြေးကျွန်စသည်တို့သည် လျှပ်ပေါ်လေ်လီသော စိတ်ရှိကြကုန်၍ ငါတလူလူ မာန်မူတက်ကြွကြကုန်လျက် နှုတ်ထွက်ကြမ်းတမ်းသောစကား ပြောကြားကာ အခါခပ်သိမ်းပင် သူတဖက်သားအပေါ်မှာ ပျော်မြူး ပြောင်လှောင်ခြင်း များစွာပြုလုပ်လှည့်ပတ်ကြကုန်၏။

လူအိုလူမင်း ဆင်းရဲသော မိန်းမ, ယောကျ်ားတို့ကို လမ်းသွားတာမြင်လျှင် နောက်မှလိုက်၍ ပြာထုပ်ဖြင့် ကျောအပေါ်မှာ လောင်း၍ ပြေးကြကုန်၏။ ဆပ်သားရွက်ကို မခံသာအောင် ချိုင်းကြား၌ဆွဲ၍ ပေးကြကုန်၏။ ထို့သို့ဖောက်ပြန်သော အမူအကျင့်ပြုလုပ်သဖြင့် ပြန်လည်ကာ ကြည့်ရှုသော အဘိုးအို အဖွားအို စသည်ဘို့ကိုလည်း ကုန်းယောင်, ကွယောင်, ဆွံ့ယောင် စသည်ဖော်ပြသော ကစားခြင်း, ပြောင်လှောင်ခြင်းမျိုးစုံကို ဖော်ပြလျက် ပြင်းစွာဟားတိုက်ရယ်ကြကုန်၏။

ဘုရားအလောင်းတော်သည် ထိုရွာနိဂုံးမှာ ဤသို့ မသင့်မတော်လျှင် ပြုကျင့်စော်ကားကြသည့် ထိုရွာသားကလေးတို့ကို မြင်လျှင် ယခုအခါ ငါသည် ဥပေက္ခာပါရမီ ပြည့်စုံရန်အကြောင်း အဆောက်အပံ့ကောင်းကို ရအပ်ပြီဟု ကြံစည်၍ ထိုရွာနိဂုံး၌ နေတော်မူ၏။ ဘိုးသမ်းသောကလေးတို့သည် ဘုရား

အလောင်းတော်ကို မြင်လေလျှင် ဖောက်ပြန်သော အပြုအမူများ ပြုလုပ်ရန် အားထုတ်ကြလေတော့၏။

အလောင်းတော်သည် ထိုကလေးတို့ ပြုလုပ်ပုံကို သည်းမခံနိုင်ယောင်, ကြောက်ရွံယောင်ဆောင်ကာ ထ၍ ပြေးသွားတော်မူလေ၏။ ကလေးသူငယ်တို့သည် အလောင်းတော်နောက်သို့ ကောက်ကောက်ပါ ဝိုင်း၍ လိုက်ကြကုန်၏။ ဘုရားအလောင်းတော်သည် ထိုသူငယ်မိုက်တို့နောက်မှ မျက်ခြေမပြတ်လိုက်လာသောအခါ သုသာန်အနီးသို့ ရောက်သည်တွင် ဤသုသာန်၌ ကလေးငယ်များငါ့အပေါ် ထင်သလိုပြုလုပ်လျှင် တားမြစ်ပြောဆိုမည့်သူ တယောက်မျှ မရှိ၊ ငါ၏ဥပေက္ခာပါရမီကို ကောင်းမွန်စွာ ဖြည့်ကျင့်ရတော့မည်ဟု ကြံစည်တော်မူကာ သုသာန်အတွင်းသို့ သွားရောက်ပြီးလျှင် လူရိုးတခုကို ခေါင်းအုံးကာ အိပ်နေတော်မူလေ၏။

ကလေးသူငယ်မိုက်တို့သည်လည်း အခွင့်ကောင်းရကာ ဘုရားအလောင်းတော် အိပ်နေရာသို့သွားကြပြီးလျှင် ခဲ့ သလိပ် နှပ် တံထွေးတို့ဖြင့် ထွေးပက်ခြင်းစသည်တို့ကို ပြုလုပ်ကာ ပြန်သွားကြကုန်၏။ ထိုကလေးမိုက်တို့သည် နေ့စဉ်နေ့စဉ်ဤနည်းအတိုင်းလာရောက်ပြီးလျှင် ဘုရားအလောင်းကို ပြုလုပ်ကြကုန်၏။

ပညာရှိသောသူတို့က ထိုကလေးများပြစ်မှားမှု ပြုလုပ်ကြသည်တို့ကို မြင်သောအခါ တားမြစ်ကြပြီးလျှင် ဤပုဂ္ဂိုလ်ကား တန်းခိုးအာနုဘော်ကြီးလှသော ရသေ့ မြတ်သောယောဂီပုဂ္ဂိုလ်ကြီး ဖြစ်ပေသည်ဟု သိရှိကြကာ များစွာသော ပူဇော်သက္ကာရမှု မြတ်နိုးမှုကို ပြုကြလေ၏။

ဘုရားအလောင်းတော်သည်ကား သူငယ်မိုက်တို့နှင့် ပညာရှိများအပေါ်မှာ ငါ့ကိုပူဇော်ကြပေသည်ဟူ၍လည်း ချစ်ခြင်းမရှိ, ငါ့ကိုပြစ်မှားကြသည်ဟူ၍လည်း မုန်းခြင်းမရှိပဲ ပညာရှိ, ကလေးအမိုက် နှစ်မျိုးလုံးအပေါ်မှာ အလယ်အလတ် တူညီမျှသော သဘောရှိတော်မူ၍ ဥပေက္ခာပါရမီကို ဖြည့်ကျင့်တော်မူလေသည်။

ယေ မေ ဒုက္ခံ ဥပဟာရန္တိ၊ ယေ စ ဒေန္တိ သုခံ မမ။
သဗ္ဗေသံ သမကော ဟောမိ၊ ဒယာ ကောပေါ နူပဇ္ဇတိ။

အကြင်ရွာသူရွာသား ကလေးများတို့သည် ငါ့အား ကိုယ်ဆင်းရဲခြင်းကို ပြုကြကုန်၏။ အကြင်ပညာရှိသူ လူလိမ္မာတို့သည် ပန်းနှံသာစသည်တို့ဖြင့် ပူဇော်မှုချမ်းသာကို ပေးကြကုန်၏။ ထိုအလုံးစုံသော ပညာရှိ, သူငယ်မိုက်တို့၏ အပေါ်မှာ ငါ၏စိတ်ထား တူညီမျှသည်သာ ဖြစ်၏။ ပန်းနှံသာစသည်တို့ဖြင့် ပူဇော်သော ပညာရှိတို့၏အပေါ်၌ မေတ္တာကရုဏာ အုပ်အလွန်သည်ထင်း, သူငယ်မိုက်တို့၏အပေါ် စိတ်ပြစ်မှားမှု ဒေါသတရားသည်ထင်း မရှိသည်သာ။

သုံ့ခဒုက္ခေ တုလာဘူတော၊ ယသေသု အယသေသု စ။
သဗ္ဗတ္ထ သမကော ဟောမိ၊ သော မေ ဉပေက္ခာပါရမီ။

ချမ်းသာ ဆင်းရဲမှုတို့၌ဖြစ်စေ, ကျော်စောမှု မကျော်စောမှုတို့၌ဖြစ်စေ၊ လာဘ်ရမှု မရမှုတို့၌ဖြစ်စေ ငါ၏စိတ်သည် ညီမျှသောချိန်ခွင်သဖွယ်သာ ဖြစ်၏။ အလုံးစုံသော လောကမမ်းများတို့၌ဌင်း, အလုံးစုံသော သတ္တဝါအားလုံးတို့၌ဌင်း တူညီမျှသော စိတ်ရှိသည်သာ ဖြစ်၏။ မညီမမျှဖောက်ပြန်သော စိတ်မရှိချေ။(စရိယာပိဋကပါဠိတော် ၄၁၉)။

အဋ္ဌသာလိနီ အဋ္ဌကထာနှင့် ပါဠိတော်အဋ္ဌကထာတို့၌လည်း ဤသို့လျှင် ရှာသူသားငယ်တို့ ခဲ့သလိပ်စသည်ထွေးခြင်း, ပန်းနှံသာတို့ဖြင့် ပူဇော်ခြင်း ဆင်းရဲချမ်းသာကို ဖြစ်စေကြကုန်သော်လည်း လျစ်လျူရှုခြင်းသဘောကို မလွန်စေသော အလောင်းတော်၏ ဉပေက္ခာပါရမီသည် ပရမတ္ထဉပေက္ခာပါရမီဖြစ်၏ ဟူ၍ ချမ်းသာဆင်းရဲမှုနှစ်ပါးကိုပင် အခြေခံထား၍ ဖွင့်ဆိုတော်မူကြသည်။

ထိုမှတပါး ဝိသုဒ္ဓိမဂ်အဋ္ဌကထာနှင့် အဋ္ဌသာလိနီ အဋ္ဌကထာတို့မှာ ဗြဟ္မဝိဟာရုပေက္ခာ၏ လက္ခဏာစသည်ကို ပြဆိုရာ၌ "သတ္တေသု မဇ္ဈတ္တာကာရလက္ခဏာ ဉပေက္ခာ=ဉပေက္ခာသည် သတ္တဝါတို့အပေါ်မှာ လျစ်လျူရှုသော အခြင်းအရာဖြင့်ဖြစ်ခြင်း လက္ခဏာရှိ၏" ဟု ပြဆိုတော်မူကြ၏။ သတ္တဝါတို့အပေါ်မှာဟူ၍ သာမညပြဆိုထားသဖြင့် သတ္တဝါ၏အရ မိမိကို ပြစ်မှားသော သတ္တဝါ မြတ်နိုးသော သတ္တဝါတို့ကိုဌင်း, ချမ်းသာသော သတ္တဝါ ဆင်းရဲသော သတ္တဝါတို့ကိုဌင်း ယူနိုင်သည်သာ ဖြစ်၏။ သို့ဖြစ်၍ မိမိကိုပြစ်မှားသူနှင့် မြတ်နိုးသူတို့၏ အပေါ်မှာ အလယ်အလတ်စား စိတ်ထားနိုင်သော အခြင်းအရာသည်လည်း ဗြဟ္မဝိဟာရုပေက္ခာဖြစ်၏ဟူသော အဓိပ္ပါယ်သည် ထင်ရှားပေ၏ ထို့သို့ဖြစ်လျှင် ပါရမီဉပေက္ခာသည် ဗြဟ္မဝိဟာရုပေက္ခာ၌ ပါဝင်သည်ဟူသော အဓိပ္ပါယ်လည်း ထင်ရှားလေတော့၏။

ဉပေက္ခာ၏ပြည့်စုံခြင်း

မုန်းခြင်း ချစ်ခြင်းနှစ်မျိုးတို့၏ ငြိမ်းခြင်းသည် ဉပေက္ခာ၏ပြည့်စုံခြင်း ဖြစ်၏၊ တနည်းအားဖြင့် ဉပေက္ခာပါရမီဟူသည် မုန်းခြင်းချစ်ခြင်း နှစ်မျိုးတို့၏ ငြိမ်းအေးခြင်းပင် ဖြစ်၏။ လူတို့တွင် အခ္ခိုသောပုဂ္ဂိုလ်ကား တစုံတရာတွေးဆလျက်သော်ဌင်း, တွေတွေဝေဝေ ငေးမိုင်၍သော်ဌင်း နေခြင်းသည် ဉပေက္ခာ၏ ပျက်စီးခြင်းဖြစ်၏။ ထို့ကဲ့သို့နေမှုကို ဉပေက္ခာဟူ၍ မခေါ်ဝေါ်ပေ၊ ဉပေက္ခာဟူ၍ ထင်မှားရသည့် မသိမမြင်မှုသာ ဖြစ်၏။ ဉပေက္ခာအစစ်မှာ တစုံတရာမသိမမြင်ပဲ တွေတွေဝေဝေ ငေးမိုင်နေခြင်းမျိုးမဟုတ်၊ သတ္တဝါတို့၏ ချမ်းသာကြောင်း ဆင်းရဲကြောင်း အကောင်းအဆိုးကို သိမြင်သည်။ သို့သော် ကောင်းဆိုးနှစ်တန်

သည် ငါနှင့်မသက်ဆိုင်၊ ထိုသူ၏ကံနှင့်သာ သက်ဆိုင်သည်ဟု ထင်ထင်မြင်မြင့် နှလုံးသွင်းခြင်းသည်သာ ဖြစ်သည်ဟူ၍ မှတ်ယူအပ်၏။

နေတ္တိအဋ္ဌကထာ၌ ပြင်းစွာ တွေဝေငေးမိုင်နေခြင်း မောဟတရားသည် ကောင်းကောင်းဆိုးဆိုး အာရုံအမျိုးမျိုးတို့၌ လျစ်လျူရှုသည့် ဥပေက္ခာ အယောင်ဆောင်၍ လှည့်ပတ်တတ်သည်။ ကုသိုလ်တရားတို့၌ အားမထုတ်လို ခြင်းသည် ဥပေက္ခာဖြဟ္မစိုရ်အယောင်ဆောင်၍ ပျင်းရိမှုကောသဇ္ဇတရား လှည့် စားတတ်သည်ဟု (နေတ္တိဋ္ဌကထာ၊ ၉၀)၌ ဖွင့်ဆိုထား၏။

ဤကဲ့သို့ ဥပေက္ခာ အယောင်ဆောင်ကြသည့် မောဟတရား ကောသဇ္ဇ တရားတို့က မိမိကိုယ်ကို အလှည့်စားမခံရအောင် အထူး သတိထားသင့်ကြ ပေသည်။

ဥပေက္ခာအရကောက်

ဥပေက္ခာ ဟူသည်–တတြမဇ္ဈတ္တတာခေါ်သော စေတသိက်တရား ဖြစ်၏။ ပရမတ္ထအားဖြင့် တရားကိုယ်ထင်ရှား သီးခြား ရှစကောင်းသောတရား ဖြစ်၏။ သို့သော် တတြမဇ္ဈတ္တတာစေတသိက် ဟူသမျှ သိမ်းကျုံးကာ အလုံးစုံကိုပင် ဥပေက္ခာ ပါရမီဟူ၍ကား မခေါ်နိုင်။

တတြမဇ္ဈတ္တတာ စေတသိက်သည် သောဘဏစိတ်အားလုံးတို့နှင့် ဆက်ဆံ သော စေတသိက်ဖြစ်၍ သောဘဏစိတ်တိုင်းမှာပင် ဤ တတြမဇ္ဈတ္တတာ စေတသိက်သည် ယှဉ်တွဲဖြစ်ပေါ်၏။ ဥပေက္ခာပါရမီစစ် ဖြစ်နိုင်သော တ-တြ-မဇ္ဈတ္တတာကား သတ္တဝါများကို အာရုံပြုကာ သတ္တဝါတို့၏ ချမ်းသာမှု ဆင်းရဲမှု သည် ကံအတိုင်းသာ ဖြစ်ပေ၏။ မည်သူမျှ ဝင်ရောက် ကြောင့်ကြစိုက်၍ ရကောင်းသည်မဟုတ်ဟူ၍ သတ္တဝါတို့ကိုအာရုံပြုကာ ထိုသတ္တဝါမှာ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိမှု အရင်းခံရှိမှုကို ဆင်ခြင်နှလုံးသွင်းသော အခြင်းအရာအားဖြင့် ဖြစ်သည့် တတြမဇ္ဈတ္တတာ စေတသိက်ဖြစ်သည်။ သတ္တဝါတို့ကို အာရုံမပြုပဲ ရဘနာသုံးပါးအာရုံ, သီလအာရုံစသည်တို့ကို အာရုံပြုကာ ဖြစ်ပေါ်လာသော တတြမဇ္ဈတ္တတာစေတသိက်ကား ဥပေက္ခာပါရမီ မဖြစ်နိုင်။

သတ္တဝါဘို့၏ ချမ်းသာမှု ဆင်းရဲမှုကို အာရုံပြု၍ လျစ်လျူရှုသည့်အခါမှာ လည်း တတြမဇ္ဈတ္တတာ စေတသိက်တပါးတည်းသာ ဖြစ်လာသည်မဟုတ်၊ ယှဉ်ဘော်ယှဉ်ဘက် စေတသိက်အများပင် အတူတက္ခ ဖြစ်ကြ၏။ ထိုသို့ဖြစ်ရာမှာ တတြမဇ္ဈတ္တတာ စေတသိက်၏ အာရုံနှင့် ယှဉ်ဘော်ယှဉ်ဘက် စေတသိက်တို့၏ အာရုံသည် အတူတူ တခုတည်း တမျိုးတည်း ဖြစ်သော်လည်း သတ္တဝါတို့၏ ချမ်းသာမှု ဆင်းရဲမှုကို လျစ်လျူရှုခြင်းသည် တတြမဇ္ဈတ္တတာစေတသိက်၏

သဘောရင်းဖြစ်၍ ထိုတရြမဇ္ဈတ္တတာစေတသိက်ကို ဥပေက္ခာပါရမီဟု အမည်ထူး တပ်၍ ခေါ်ဆိုရလေသည်။ ထိုသို့ ဖြစ်သည့်အခါတွင် တရြမဇ္ဈတ္တတာစေတသိက်နှင့် ယှဉ်ဘော်ယှဉ်ဘက် စိတ်စေတသိက်တို့သည်လည်း ဥပေက္ခာပါရမီတွင် အပါအဝင် ဖြစ်ကုန်တော့၏။ တရြမဇ္ဈတ္တတာစေတသိက်က ဦးစီးခေါင်းဆောင်ဖြစ်ခြင်းမျှသာ ထူးတော့၏။

ဥပေက္ခာ ၁၀-ပါး

ဤသို့လျှင် ပရမတ္ထအားဖြင့် တရားကိုယ် သီးခြားထင်ရှား ရကောင်းပါလျက် ဥပေက္ခာပါရမီတွင် မပါဝင်နိုင်သော ဥပေက္ခာတရားမျှားလည်း ရှိနေသေးသည့် အတွက် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ပဌမ ၁၅၅နှင့် အဋ္ဌသာလိနီအဋ္ဌကထာ ၂၁၆-တို့၌—

၁။ ဆဠင်္ဂုပေက္ခာ,
၂။ ဗြဟ္မဝိဟာရုပေက္ခာ,
၃။ ဗောဇ္ဈင်္ဂုပေက္ခာ,
၄။ ဝီရိယုပေက္ခာ,
၅။ သင်္ခါရုပေက္ခာ,
၆။ ဝေဒနုပေက္ခာ,
၇။ ဝိပဿနုပေက္ခာ,
၈။ တရြမဇ္ဈတ္တုပေက္ခာ,
၉။ စျာနုပေက္ခာ,
၁၀။ ပါရိသုဒ္ဓုပေက္ခာ—ဟူ၍ ဥပေက္ခာဆယ်မျိုး ရှိကြောင်းကို ပြဆိုတော်မူကြ၏။

ထိုဆယ်မျိုးတို့တွင်–

၁။ ရဟန္တာပုဂ္ဂိုလ်ကြီးမျှားမှာ ခြောက်ပါးသော ဒွါရတို့၌ ကောင်းကောင်းဆိုးဆိုး အာရုံခြောက်မျိုးတို့ ထင်ကြရာ ကောင်းသော ဣဋ္ဌာရုံထင်သော်လည်း ဝမ်းသာမှုမရှိခဲ့။ မကောင်းသော အလိုမရှိအပ်သည့် အနိဋ္ဌာရုံဆင်သော်လည်း စိတ်မနောကောင်းမှုမဖြစ်ကြပဲ သတိသမ္ပဇဉ် အမြဲယှဉ်တော်မူကြကာ သင့်တင့်စွာ ရှုတော်မူကြကုန်၏။ ဤသို့ ရဟန္တာပုဂ္ဂိုလ်၏ ဒွါရခြောက်ပါးတို့၌ ကောင်းဆိုးနှစ်ဖြာ အာရုံခြောက်ဖြာထင်လာရာ၌ စင်ကြယ်သော မူလပကတိသဘောကို မစွန့်လွှတ်သော အခြင်းအရာအားဖြင့် ဖြစ်သော အင်္ဂါခြောက်ပါးရှိသော ဥပေက္ခာသည် "ဆဠင်္ဂုပေက္ခာ"မည်၏။ အာရုံခြောက်ပါး ဟူသည် ဒွါရခြောက်ပါးနှင့် အာရုံခြောက်မျိုးတို့ပင် ဖြစ်၏။

၂။ သတ္တဝါတို့၏ ဆင်းရဲမှု ချမ်းသာမှုသည် ထိုသတ္တဝါတို့၏ ကံအတိုင်းသာ ဖြစ်သည်ဟူ၍ လျစ်လျူရှုမှုသည် "ဗြဟ္မဝိဟာရုပေက္ခာ"မည်၏။ ဤဗြဟ္မဝိဟာရုပေက္ခာသည်ပင် ဥပေက္ခာပါရမီ ဖြစ်၏။

၃။ မဂ်ဖိုလ်တရားရခိုရန် အားထုတ်သောအခါ အခွံတရားက အားလျော့၍ အခွံတရားက အားပိုနေလျှင် လျော့သောတရားကို မြှောက်ပင့်ပေးရခြင်း, အားပိုနေသောတရားကို ဖိနှိပ်ပေးရခြင်း ပြုမြဲဖြစ်သော်လည်း မဂ်၏အင်္ဂါအစိတ်အပိုင်းဟု ခေါ်အပ်သော ဗောဇ္ဈင်အဖြစ်သို့ ရောက်သောအခါ ယှဉ်ဘော်ယှဉ်ဘက်တရားတို့သည် အလျော့အပိုမရှိပဲ အညီအမျှသာဖြစ်ကြရှိကြရသောကြောင့် တကွဖြစ်ဖက်တရားတို့အပေါ်မှာ အညီအမျှသာ ဖြစ်ခြင်းဟု ဆိုအပ်သော ဥပေက္ခာသည် "ဗောဇ္ဈင်္ဂုပေက္ခာ"မည်၏။

၄။ မဂ်ဖိုလ်တရားရခိုရန် အားထုတ်ရာမှာ အပိုအလိုမရှိရအောင် ညီမျှစွာဖြစ်သော ဝီရိယသည် "ဝီရိယုပေက္ခာ"မည်၏။

၅။ သမာဓိတရား မဂ်ဖိုလ်တရားတို့ကိုရရှိရန် အားထုတ်သောအခါ ပဌမဈာန် စသည်တို့ဖြင့် အသီးအသီး ပယ်ရှားအပ်သော နီဝရဏစသော သခ်ါရတရားတို့ကို အာရုံယူခြင်း၌ လျစ်လျူရှုခြင်း သဘောသည် "သခ်ါရုပေက္ခာ"မည်၏။

၆။ အာရုံ၏အရသာကို ခံစားရသည့်အခါမှာ ချမ်းသာသော အနေအားဖြင့်လည်းမဟုတ်, ဆင်းရဲသော အနေအားဖြင့်လည်း မဟုတ်ပဲ အလတ်စားဖြစ်သော အနေအားဖြင့်သာ ခံစားခြင်း ဝေဒနာသည် "ဝေဒနုပေက္ခာ"မည်၏။

၇။ ခန္ဓာစသောတရားတို့၏ မမြဲသော အနိစ္စသဘောကို အထူးမြင်အောင် သုံးသပ်ရာ၌ လျစ်လျူအနေအားဖြင့်သာ သုံးသပ်ဆင်ခြင်ခြင်းသည် "ဝိပဿနုပေက္ခာ"မည်၏။

၈။ ဆိုင်ရာဆိုင်ရာ မိမိတို့၏ကိစ္စ၌ အညီအမျှ ဖြစ်နေကြသော သဟဇာတ်တရားတို့အပေါ်မှာ ညီညွတ်အောင် အားထုတ်မနေရတော့ပဲ လျစ်လျူရှုသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းသည် "တတြမဇ္ဈတ္တုပေက္ခာ"မည်၏။

၉။ ဈာန်တရားကို ပွားများရာမှာ တတိယဈာန်၌ ဖြစ်သော မြတ်သော ချမ်းသာ၌ပင် ချမ်းသာသည့်အဖို့အစုမှာ မကျရောက်မပါဝင်စေပဲ လျစ်လျူရှုနိုင်ခြင်းသဘောသည် "ဈာနုပေက္ခာ"မည်၏။

၁၀။ အလုံးစုံဆန့်ကျင်ဖက် ဖြစ်သောတရားတို့မှ စင်ကြယ်သည်ဖြစ်၍ ဆန့်ကျင်ဖက်တရားတို့ကို ငြိမ်းစေမှု၌ ကြောင့်ကြခြင်းမပြုသော သဘောသည် "ပါရိသုဒ္ဓုပေက္ခာ" မည်၏။

ဆောင်ပုဒ်လက်ံာ

၁။ ဆ-ဗြ-ဗော-တာ၊ စျာန္ဒင့် ပ၊ အတ္ထ တတြာ။
၂။ ဝိ-ဝေ-ဘေဒ၊ ဒွေ့ဓမ္မ၊ အတ္ထ ကဲ့ဟုလာ။
၃။ သံ-ဝိ-ဘေဒ၊ ဒွေ့ဓမ္မ၊ အတ္ထ မြတ်ပညာ။

ထိုဆယ်ပါးတို့တွင် ဆဋ္ဌံပေက္ခာ, ဗြဟ္မဝိဟာရုပေက္ခာ, ဗောဇ္ဈင်္ဂပေက္ခာ, တတြမဇ္ဈတ္တုပေက္ခာ, စျာနုပေက္ခာ, ပါရိသုဒ္ဓုပေက္ခာ ဤ ခြောက်ပါးတို့သည် တရားကိုယ်အားဖြင့် တူညီကြကုန်၏။ တတြမဇ္ဈတ္တတာ စေတသိက်တမျိုးတည်းသာ ဖြစ်ကုန်၏။

တရားကိုယ်တမျိုးတည်းဖြစ်လျက် အဘယ့်ကြောင့် ခြောက်မျိုးခွဲထားပါသနည်းဟု မေးလတ်သော် အဖြေကား အခိုက်အတန့် ကဲ့ပြားသောအားဖြင့် ခြောက်မျိုးခွဲ၍ ခေါ်ဆို၏။

ဥပမာဆိုသော် လူတယောက်တည်းပင် ဖြစ်စေကာမူ ငယ်စဉ်အခါက ကုမာရ=(ကလေးသူငယ်), လူပျိုအရွယ်ရောက်သောအခါ ယုဝ=(လုလင်ပျို), ထို့ထက်ကြီးလာပြန်သောအခါ ဝဿု=(လူကြီး), ရာဇ=(မင်း), သေနာပတိ (စစ်သူကြီး), ဂဟပတိ=(သူကြွယ်) ဟု အရွယ်အလိုက် အခိုက်အတန့် အလိုက်အားဖြင့် ခွဲခြားခေါ်ဆိုခြင်းဖြစ်သကဲ့သို့တည်းဟူ၍ ဖွင့်ပြတော်မူ၏။

ဥပေက္ခာပါရမီသည် ဗြဟ္မဝိဟာရုပေက္ခာ၌ ပါဝင်၏။ အချို့သော ဆရာတို့ကမူ ဗြဟ္မဝိဟာရုပေက္ခာနှင့် ပါရမီ ဥပေက္ခာသည် တခြားစီဖြစ်၏။ ဖြစ်ပုံမှာ– မိမိအပေါ် ပြစ်မှားကျူးလွန်သောသူနှင့် မြတ်နိုးမှုပြုလာသော သူတို့အပေါ်မှာ စိတ်ဓာတ်မခြားနားပဲ တသားတည်းထားနိုင်ခြင်းသည် ပါရမီဥပေက္ခာ ဖြစ်၏။ သတ္တဝါတို့၏ ချမ်းသာမှု ဆင်းရဲမှုသည် ကံအတိုင်းသာ ဖြစ်ကြသည်ဟု သတ္တဝါတို့၏ချမ်းသာမှု ဆင်းရဲမှုအပေါ်မှာ စိတ်တမျိုးတည်း ထားနိုင်ခြင်းသည် ဗြဟ္မဝိဟာရုပေက္ခာ ဖြစ်၏ဟူ၍ ပြဆိုကြကုန်၏။

ဤဆရာတို့ အလိုမှာ ဥပေက္ခာပါရမီသည် မိမိကို ပြစ်မှားသူ, မြတ်နိုးသူတို့အပေါ်မှာသာ အာရုံရောက်၏။ ချမ်းသာ ဆင်းရဲ သဘောသို့ အာရုံမရောက်၊ သတ္တဝါတို့၏ ချမ်းသာမှု, ဆင်းရဲမှုသို့ အာရုံရောက်လျှင် ပါရမီဥပေက္ခာမဟုတ်၊ ဗြဟ္မဝိဟာရုပေက္ခာသာ ဖြစ်သည်ဟု ဆိုလိုပေသည်။ ဗုဒ္ဓဝင်ပါဠိတော် (၃၁၉)၌ ကား.... ဥပေက္ခာပါရမီ၏သဘောကို....

"တထေဝ တံ သုခဒုက္ခေ၊ တုလာဘူတော သဒါ ဘဝေ။

"ချမ်းသာမှု ဆင်းရဲမှုတို့မှာ ချိန်ခွင်သဖွယ် ဖြစ်ပါစေ" ဟူ၍ ချမ်းသာဆင်းရဲနှစ်ပါးကို အခြေခံထား၍ ဟောတော်မူ၏။

ဤမျှသောစကားရပ်ဖြင့် ဥပေက္ခာဘာဝနာအကြောင်း သိမှတ်ဘွယ်ရာအဖြာဖြာ ပြီးဆုံးလတ်ပြီ။

မေတ္တာအကျိုး ၁၁-မျိုး

ချမ်းသာ အိပ်စက်၊ ချမ်းသာလျက် နိုး၊ အိပ်မက်ဆိုး ကင်း၊ စောင့်ခြင်းနတ်များ၊ လူသားလည်း ချစ်၊ နတ်လည်း ချစ်လျက်၊ လက်နက်ဆိပ်မီး၊ ပြီးသည့်တဖြာ၊ မျက်နှာရွှင်ကြည်၊ တည်ကြည်နှလုံး၊ သေဆုံး မတွေ့၊ သေလျှင် ဗြဟ္မာ၊ ဖြစ်တတ်စွာသည်၊ မေတ္တာအကျိုး ဆယ့်တမျိုး။

နှစ်သက်ရာလက်ံကို ကျက်မှတ်ထားရန် ဖြစ်၏။

၁။ ချမ်းသာစွာ အိပ်ရခြင်း၊,
၂။ ချမ်းသာစွာ အိပ်ရာမှ နိုးရခြင်း၊
၃။ မကောင်းသော အိပ်မက်ကို မမြင်မက်ခြင်း၊
၄။ လူတို့ ချစ်ခင်ခြင်း၊
၅။ နတ်တို့ ချစ်ခင်ခြင်း။
၆။ နတ်တို့ စောင့်ရှောက်ခြင်း၊
၇။ မီးမလောင် အဆိပ်မသင့် လက်နက်မစူးရှခြင်း၊
၈။ စိတ်တည်ကြည်ခြင်း၊
၉။ မျက်နှာအဆင်း ကြည်လင်ခြင်း၊
၁၀။ မတွေမဝေ သေရခြင်း၊
၁၁။ သေသောအခါ ဗြဟ္မာပြည်သို့ ရောက်ခြင်း။

မေတ္တာဘာဝနာအကျိုး ၁၁-မျိုး

၁။ အိပ်ရချမ်းသာ၊ ၂။ ချမ်းသာစွာနိုး၊ ၃။ အိပ်မက်ဆိုး ပျောက်၊ ၄။ စောင့်ရှောက်နတ်များ၊ ရင်ဝယ်သားသို့၊ ၅။ လူများလည်း ခင်၊ ၆။ နတ်လည်း ခင်၏၊ ၇။ မီးလျှင်မပူ၊ အဆိပ်ဟူလည်း၊ ထို့တူ ပြေပျောက်၊ လက်နက်ရောက်လည်း၊မပေါက် မဝင်၊ ပြီးထလျှင်တည်း၊ ၈။ အစဉ်စိတ်တည်၊ ၉။ မျက်နှာကြည်၍၊ ၁၀။ သေသည်ကာလ၊ မတွေရရှင့်၊ ၁၁။ သေက ဗြဟ္မာ၊ ပြည်သို့သာလျှင်၊ လားရာဆယ့်တမျိုး၊ ဤအကျိုးသည်၊ တန်းခိုးမေတ္တာ ပွားမှုတည်း။

လက်ံအဓိပ္ပါယ်အကျယ်

၁။ အိပ်ရချမ်းသာ။ ။မေတ္တာမပွားများသော ပုဂ္ဂိုလ်အား အိပ်စက်သောအခါ ဃူရွး ဃူရွးဟု ဟောက်လျက် ဆင်းရဲငြိုငြင်စွာ အိပ်ရဘိသကဲ့သို့

ထို့အတူ မေတ္တာတရားပြည့်စုံစ္ဓာဖြင့် အိပ်ပျော်သောပုဂ္ဂိုလ်အား ဟောက်လျက် ဆင်းရဲငြိုငြင်စွာ မအိပ်ရမူ၍ ချမ်းချမ်းသာသာ အိပ်ရ၏၊ အိပ်ပျော်သော အခါ သမာပတ်ဝင်စားသော ပုဂ္ဂိုလ်ကဲ့သို့ ဖြစ်၏။ လက်တွေ့ခံစားချင်လျှင် ငါးရာ့နှစ်ဆယ် ရှစ်သွယ်ကို ပို့ကြည့်ရာ၏။

၂။ **ချမ်းသာစွာနိုး**။ ။မေတ္တာဓာတ်မရှိသော ပုဂ္ဂိုလ်အား အိပ်ပျော်သော အခါ ငြီးတွား ယောင်ယမ်းလျက် အရိအရွဲ့ ယိုစီးကျကာ အံကြိတ်၍ အိပ်ရပြီးလျှင် ဆင်းဆင်းရဲရဲ နိုးရတိသကဲ့သို့ မေတ္တာတရား ပွားများ၍ အိပ်ချာမှ နိုးလာသော ပုဂ္ဂိုလ်အား ထိုကဲ့သို့မဟုတ်ပဲ နေအာရုံနှင့် ကြုံကြိုက်၍ ကားကား စွင့်စွင့် ပွင့်သော ပဒုမ္မာကြာပန်းကဲ့သို့ ချမ်းချမ်းသာသာ အိပ်ချာမှ နိုးလာ၏။

၃။**အိပ်မက်ဆိုးပျောက်**။ ။မေတ္တာတရား ပြည့်စုံသော ပုဂ္ဂိုလ်သည် အိပ်ပျော်သောအခါ အိပ်မက်မြင်မက်လျှင် ကောင်းသောအိပ်မက်ကို မြင်မက်၏။ စေတီတော်ကို ဖူးမြင်ရမှု, ရတနာမြတ် သုံးပါးကို ဖူးမြင်ရမှု, ပူဇော်ရမှုများကို ပြုရသကဲ့သို့ မြင်မက်၏။ နှစ်သက် ကြည်နူးဘွယ်ရာ ရေကန် ပန်းခြံ စသည်တို့ကိုလည်း မြင်မက်၏။

ဒေါသတရားနှင့် အိပ်ပျော်သော ပုဂ္ဂိုလ်သည် အိပ်မက်မက်သောအခါ ကျား, ဆင်, မြင်း, ခွေး စသည်တို့လိုက်၍ ပြေးရခြင်း, ရန်သူများလိုက်ခြင်း, တောင်ကမ်းပါးများပေါ်က ကျခြင်း, သူရဲ သားဘက်များလိုက်ခြင်း စသော မကောင်းသော အိပ်မက်တို့ကို မြင်မက်တတ်၏။

၄။ **စောင့်ရှောက်နတ်များ၊ ရင်ဝယ်သားသို့၊** ၅။ **လူများလည်းခင်၊** ၆။ **နတ်လည်းခင်**၏။ လည်ဒ္ဓဖွဲ့၍ ရင်သားတွင် တဲ့လျှားကျသော ပုလဲသွယ်ကဲ့သို့ ၎င်း, ဦးခေါင်းဒ္ဓ ပန်ဆင်အပ်သော် ပန်းများကဲ့သို့၎င်း မြင်သူ, ကြားသူ နတ်ဘီလူးတို့သည် ချစ်ခင်မြတ်နိုးကြကုန်၏။ မိဘတို့သည် သားသမီးကို စောင့်ရှောက်ကုန်သကဲ့သို့ နတ်တို့သည် မေတ္တာပွားများသော ပုဂ္ဂိုလ်အား စောင့်ရှောက်ကုန်၏၊ (သာမက ဝတ္ထုများနောက်ဒ္ဓ ထင်ရှားလတ္တံ့။)

၇။ **မီးလျှင်မပူ၊ အဆိပ်ဟူလည်း၊ထို့တူပြေပျောက်၊ လက်နက်ရောက်လည်း၊ မပေါက်မဝင်၊ ပြီးထလျှင်တည်း**။ ။သံရိမာ ပြည့်တန်းဆာမ သည် ဥတ္တရာမည်သော ဥပါသိကာမအား ကျိုက်ကျိုက်ဆူသော ထောပတ်ပူဖြင့် လောင်းချရာ ဥတ္တရာ ဥပါသိကာမ၏ မေတ္တာကြောင့် ထောပတ်ပူသည် ရေကဲ့သို့ အေးမြ၍ ဥတ္တရာ၏ ကိုယ်ခန္ဓာကို မလောင်ကျွမ်းချေ။ (အကျယ်ကို ဓမ္မပဒ အဋ္ဌကထာ၌ ကြည့်ရှုရာ၏။)

မေတ္တာဗြဟ္မဝိဟာရတရားကို အထူးပွားများသောပုဂ္ဂိုလ်အား အဆိပ်စားမိ မျိုမိသော်ငင်း, ဦးနှောက်ပျက်ပြီးရှူးသွားအောင် ဆေးခတ် အင်းမြုပ် စသည်

ပြုလုပ်သော်ငင်း မရရှိပေ။ မှန်၏၊ သီဟဗာဟုမင်းသားသည် အဖဖြစ်သော ခြင်္သေ့ကို အဆိပ်လူးသောမြားဖြင့် ပစ်ငြားသော်လည်း ဖခင် ခြင်္သေ့သည်ကား သားဟူသော ချစ်ခြင်းမေတ္တာ အလွန်တရာအားကြီးနေဆဲခဏ၌ သီဟဗာဟုမင်းသားပစ်အပ်သော မြားသည် မေတ္တာစိတ် အားကြီးထုံလျက်ရှိသော ဖခင်ခြင်္သေ့အား စူးရှဘိုနေနေသာသာ မြှားပစ်၍သော်မှ မရရှိချေ။ ဖခင်ခြင်္သေ့သည် သားက မြှားဖြင့်ပြစ်ပုံ အမူအရာကြောဖန်မျှားသော် ငါ့သားက ငါ့အား ရန်သူကဲ့သို့ ရက်စက်လေခြင်းဟု စိတ်နှလုံးပြောင်းပြီး ဒေါသဝင်လာသောအခါ သားပစ်သော အဆိပ်လူးမြားသည် ဖခင်ခြင်္သေ့အား စူးဝင်လေ၏။

ယခုခေတ်၌ ဆေးခတ် အင်းမြုပ် စသည် ပြုလုပ်မှု မျှား၏။ ထိုအမှုကို ကြောက်လန့်သော ပဂိုလ်အား နေ့စဉ် မေတ္တာတရား မျှားစွဲပါးရာ၏။ ရှင်တော်ဘုရား၏ မေတ္တာတရားကို မျှားစွဲပွားမျှားထားလျှင် ထိုဘေးမျိုးမှ လွတ်မြောက်နိုင်သည်။

လက်နက် မစူးရှဟူရာ၌ မူဆိုးတယောက်သည် သားငယ်အား နို့တိုက်နေသော နွားမကို အရိုးရှည်သောလှံဖြင့် ထိုးလိုက်ရာ လှံသည် နွားမသို့ မစူးဝင်မူ၍ ထန်းရွက်ကဲ့သို့ လိမ်ကောက်သွားလေသည်။ ထိုသို့ဖြစ်ရခြင်းမှာ အခြားမဟုတ်၊ သားငယ်၌ ချစ်သောမေတ္တာတရား၏ လွန်ကဲခြင်းကြောင့်ပင် ဖြစ်၏။

ထိုမှတပါးလည်း သံကိစ္စသာမကကေ၊ ခိုးသူမျှားခေးဖြင့်ခုတ်သော်လည်း မေတ္တာ၏တန်းခိုးအာနုဘော်ကြောင့် ခေးသည် ထန်းရွက်ကဲ့သို့ လိမ်ကောက်သွားလေ၏။ (အကျယ်ကိုအလိုရှိမူ ဓမ္မပဒအဋ္ဌကထာ၌ ကြည့်ရှုရာ၏။)

၈။ **အစဉ်စိတ်တည်။** ။စိတ်ပျံ့လွှင့်ခြင်း၏ အကြောင်းတို့သည် လောဘ ဒေါသ သောက စသော အယုတ်တရားတို့ကြောင့် ဖြစ်ကုန်၏။ တနည်းအားဖြင့် ဆွေမျိုးပျက်စီးခြင်း, ဥစ္စာပျက်စီးခြင်း, ရောဂါနှိပ်စက်ခြင်း စသည်တို့နှင့် တွေ့ကြုံရသောအခါ စိုးရိမ်ပူဆွေးခြင်း, ဆင်းရဲငတ်ပန်းခြင်း စသည်တို့သည် ဖြစ်ပေါ်လာကုန်၏။ ထိုသို့ ဖြစ်ပေါ်လာသောအခါ စိတ်သည် ပျံ့လွှင့်ခြင်းသို့ရောက်၏။ ထိုပျံ့လွှင့်သောစိတ် တည်ကြည်ဘို့ရန်မှာ မေတ္တာဟူသော ဆေးသည် သာလျှင် အကောင်းဆုံးဖြစ်လေ၏၊

နတ်ဘီလူးစသော နတ်ကြမ်းမျှားက မေတ္တာပွါးမျှားလျက်ရှိသော ပုဂ္ဂိုလ်၏ စိတ်ကို တုန်လှုပ်ချောက်ချား ပျံ့လွှင့်သွားအောင် ပြုလုပ်သော်လည်း ပြုလုပ်ခြင်းငှါမစွမ်းနိုင်ရာ။ဥပမာအားဖြင့်အသွားထက်မြက်သောလှံကို တစုံတယောက်သောသူက ငါသည် အသွားထက်မြက်သောဤလှံကို ငါ၏လက်ဖြင့် ကွေးကောက်အောင် လုံးအောင် ပြုလုပ်မည်ဟု အားထုတ်သော်လည်း မပြုလုပ်နိုင်သကဲ့သို့ ထို့အတူ မေတ္တာပွားမျှားလျက်ရှိသော ပုဂ္ဂိုလ်၏စိတ်ကို တုန်လှုပ်

ချောက်ချား ပုံ့လွှင့်အောင် နတ်ဘီလူးစသော နတ်ကြမ်းများသည် မစွမ်းနိုင်ရာ။ (နိဒါနဝဂ္ဂသြပမ္မသံယုတ်)။

၉။ **မျက်နှာကြည်၍။** ။မေတ္တာပွားများသော ပုဂ္ဂိုလ်၏ မျက်နှာသည် ဒေါသတရား ခေါင်းပါးသည့်အတွက် ထန်းသီးမှည့်ပမာ မျက်နှာအဆင်းသည် သန့်ရှင်းကြည်လင် ဝါဝင်း၏။

သတ္တဝါတို့၏အဆင်းမလှခြင်းသည် ဒေါသမူလရှိကုန်၏။ ။

အဂုံတ္တရနိကာယ် သတ္တကနိပါတ် ကောဓနသုတ်၌——

၁။ အမျက်ထွက်သောပုဂ္ဂိုလ်သည် ရေချိုးခြင်း, ပန်းနံ့သာလိမ်းကျံခြင်း, အဝတ်ကောင်းအဖိုးတန်တို့ကို ဝတ်ဆင်ခြင်းဖြင့် မိမိကိုယ်ကို လှပတင့်တယ်အောင် ပြုပြင်ဆင်ယင်သော်လည်း မျက်နှာမှာမလှပဲ အရုပ်ဆိုး အကြည့်ဆိုး အောက်သိုးသိုးဖြစ်၏။

၂။ ထိုမှတပါးလည်း စိတ်တိုတတ်သောပုဂ္ဂိုလ်သည် လက်လေးသစ်အမွေးရှည်သောအခင်း, ဖြူဖွေးသောအခင်း စသည်တို့အပေါ်၌ အိပ်ရသော်လည်း မည်သည့်အခါမျှ ချမ်းသာမှုကို မခံစားရပဲ ဆင်းဆင်းရဲရဲ နေရလေ၏။

၃။ ထိုမှတပါးလည်း စိတ်ဆိုးတတ်သော ပုဂ္ဂိုလ်သည် အကောင်းကို မကောင်းထင်မှတ်ခြင်း, မကောင်းကို အကောင်းထင်မှတ်ခြင်း, ဤသို့လျှင် အကောင်းကိုအဆိုး, အဆိုးကိုအကောင်း ထင်မှတ်တတ်သည့်အတွက် ထိုသူပြုလုပ်သမျှအလုပ်တို့သည် ရှည်မြင့်စွာသော ကာလပတ်လုံး အကျိုးမများ အပြစ်သာလျှင်များ၍ ပျက်စီးဆုံးရှုံးကုန်၏။

၄။ ထိုမှတပါးလည်း စိတ်ဆိုးတတ်သောပုဂ္ဂိုလ်သည် ရာဇဝတ် မင်းဒဏ်သင့်သော အမှုအလုပ်တို့ကို ပြုလုပ်မိတတ်သဖြင့် လုံလဝီရိယစိုက်ကာ ရအပ်ကုန်သော စည်းစိမ်ဘဏ္ဍာတို့ကို အစိုးရမင်းတို့သည် သိမ်းယူခြင်းကို ခံရတတ်ကုန်၏။

၅။ ထိုမှတပါးလည်း အမျက်ထွက် စိတ်ဆိုးတတ်သော ပုဂ္ဂိုလ်သည် အခြေအရံ အကျော်အစောမှလည်း ရွေ့လျောပျက်စီးတတ်၏။

၆။ ထိုမှတပါးလည်း စိတ်ဆိုးတတ်သော ပုဂ္ဂိုလ်ကို ဆွေမျိုးမိတ်ဆွေ အပေါင်းအသင်းတို့သည် ရှောင်ကြဉ်ကြကုန်၏။

၇။ ထိုမှတပါးလည်း စိတ်ဆိုးတတ်သောပုဂ္ဂိုလ်သည် ကိုယ်နှုတ်နှလုံး သုံးပါးလုံးဖြင့် မကောင်းမှုကို ပြုလုပ်တတ်သည့်အတွက် သေပြီးသည့်နောက် အပါယ်ငရဲသို့ ရောက်ရ၏။ ဤကား ဒေါသထွက်သောပုဂ္ဂိုလ်၏ ခံစားရသော အပြစ်

မျှားဖြစ်၏။ ထိုအပြစ်တို့ကို ခံရမှာကြောက်လျှင် မေတ္တာတရား မျှားစွာပွါးရာ၏။

၁၀။ **သေသည့်ကာလ မတွေ့ရရှင့်။** ။မေတ္တာပွါးသော ပုဂ္ဂိုလ်သည် သေသောအခါ မတွေမဝေ သေရ၏။

အိပ်ပျော်သကဲ့သို့ ချမ်းချမ်းသာသာ သေရ၏။

မှတ်သားဘွယ်ရာကား ဟသ်ာတမြို့ ဘုရားကြီးတိုက် သာသနာပိုင် ဆရာတော်သည် ပုံလွန်တော်မူခါနီးတွင် မျက်နှာသစ်ပြီးလျှင် အိပ်ချင်တယ်ဟု တပည့်ကိုပြောဆိုကာ အိပ်လိုက်သည်နှင့် တပြိုင်နက်တည်း ချမ်းသာစွာ မတွေမဝေ ပုံလွန်တော်မူသွား၏။ ဤကား မေတ္တာဘာဝနာ၏ တန်းခိုးသတ္တိကြောင့် ဆိုလျှင် မမှားနိုင်ရာတည်း။

ဤစာရေးသူ ပခုက္ကူ မဟာဝိသုတာရာမတိုက်၌နေစဉ် ဤစာရေးသူ၏ ဆရာဖြစ်သော စေ့းကျောင်းဆရာတော်, သဒ္ဓမ္မဇောတိကကျောင်း ဆရာတော်တို့၏ ဆရာအရှင် ဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ ဆရာတော်ဘုရားကြီးသည်လည်း ပုံလွန်တော်မူခါနီးတွင် တွေ့တွေ့ဝေဝေ မဟုတ်ပဲ ချမ်းသာစွာ စာချသော အာသင်္မုရာဖြင့် ပုံလွန်တော်မူသွားပါသည်။ ဤကား ရှေးဦးစွာ ပွားများထုံအပ်သော မေတ္တာ၏ အစွမ်းသတ္တိကြောင့်ပင် ဖြစ်၏။

၁၁။ **သေကြဟူ၊ ပြည်သို့သာလျှင်။** ။မေတ္တာတရားကို ပွားများသော ပုဂ္ဂိုလ်သည် မေတ္တာကမ္မဋ္ဌာန်းမှ ဝိပဿနာသို့ကူးကာ ဤဘဝမှာ ရဟန္တာမဖြစ်ခဲ့သော် သေပြီးသည့် နောက်ကာလ၌ အိပ်သောယောကျ်ား နိုးသောလားသို့ ဖြဟ့ူပြည်သို့ မုချမသွေ ရောက်ရလေ၏။ (ဤကား မေတ္တာအကျိုး ၁၁-မျိုးတည်း။)

သာဓကဝတ္ထုတို့ဖြင့် အနည်းငယ်ထုတ်ပြပါဦးအံ့—

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးနောက် သီဟိုဠ်ကျွန်း၌ သာသနာထွန်းတောက်နေချိန် ပါဠလိပုတ်ပြည်သား ဝိသာခမည်သော ဒါယကာသည် ဤသို့သော သတင်းစကားကို ကြားသိလေ၏။ အဘယ်သို့ ကြားသိလေသနည်းဟူမူ—သီဟိုဠ်ကျွန်းသည် စေတီအစဉ်တို့ဖြင့် တန်းဆာဆင်ထားအပ်၏၊ ရဟန်းတို့၏ သက်ဦးရောင်တို့ဖြင့် တပြောင်ပြောင်တောက်ပ၏။ ဤသို့ သီဟိုဠ်ကျွန်း၌ အလိုရှိသောနေရာမှာ နေခြင်းငှါ စွမ်းနိုင်၏။ ဥတုလျောက်ပတ်ခြင်း, ကျောင်းလျောက်ပတ်ခြင်း, ပုဂ္ဂိုလ်အချင်းချင်း ချစ်ခင်မြတ်နိုးခြင်း, တရားတော်ကို နာယူဘို့ရန်လည်း သင့်လျော်လျောက်ပတ်ခြင်း စသည့် အလုံးစုံကို ကြားသိလေ၏။

ထိုအခါ ဝိသာခဒါယကာသည် မိမိစည်းစိမ်ဥစ္စာကို သားမယားအား အကုန်လွှဲအပ်၍ သင်္ဘောစရိတ်အတွက် အသပြာတကျပ်ကိုသာ ပုဆိုးစွန်း၌ ချီပြီးလျှင် အိမ်မှထွက်ခဲ့ရာ သင်္ဘောဆိပ်သို့ရောက်သောအခါ သင်္ဘောမကြုံသဖြင့် သင်္ဘောဆိပ်၌ တလမျှ စောင့်ဆိုင်းနေရ၏။ ထိုသို့ စောင့်နေရစဉ်ပင် ကုန်ကူးသန်းရောင်းဝယ်ရေး၌ ကျွမ်းကျင်နားလည် လိမ္မာသည်အားလျော်စွာ ကုန်ကူးသန်းရောင်းဝယ်ခြင်းကိုပြုရာ တလအတွင်း အသပြာတထောင်ကို စုဆောင်းရရှိလေ၏။

ထို့နောက် သင်္ဘောကြုံကို စောင့်၍စီးရာ သီဟိုဠ်ကျွန်း မဟာဝိဟာရကျောင်းတိုက်သို့ ရောက်သဖြင့် ဆရာတော်အား ရဟန်းအဖြစ်ကို လျှောက်ထားတောင်းပန်လေ၏။ ရဟန်းခံရန် သိမ်တွင်းသို့သွားကြသောအခါ ဝိသာခဒါယကာ၏ ခါးပိုက်ထဲမှ ငွေတထောင်ထုပ်သည် မြေသို့ထွက်ကြလေ၏။ ထိုအခါ ရဟန်းတော်တို့က ဒါယကာ–ဘာပစ္စည်းဖြစ်သနည်းဟု မေးလတ်သော် အသပြာ တထောင်ထုပ်ပါဘုရားဟု လျှောက်သောအခါ အသင်ဒါယကာယခု စီရင်ပါလော့၊ ရဟန်းဖြစ်ပြီးနောက် စီရင်ခွင့်မရတော့ပြီဟု မိန့်တော်မူကြလေလျှင် ဝိသာခဒါယကာသည် မိမိရဟန်းခံရာသို့ ရောက်လာကြသော ပရိသတ်ဘို့ကို လက် အချည်းနှီး ပြန်မသွားကြပါစေနှင့်ဟု နှုတ်ဆုံးပြု၍ အသပြာတထောင်ထုပ်ကို ဖြေ၍ ဝေခြမ်းစွန့်ကြဲလိုက်ပြီးမှ ရဟန်းပြုလေ၏။

ရဟန်းပြုပြီး၍ ငါးဝါရသောအခါ ဒွေမာတိကာကို သင်ကြား၍ ပဝါရဏာပြုပြီးလျှင် မိမိစရိုက်နှင့်ကိုက်ညီသော ကမ္မဋ္ဌာန်းကိုယူ၍ တကျောင်း တကျောင်း၌ လေးလစီနေလျက် စိတ္တလတောင်သို့ သွားလတ်သော် ခရီးနှစ်ခွ ရှိနေသည်ကိုတွေ့မြင်သဖြင့် လမ်းမှန်ကား မည်သည်လမ်းဖြစ်ပါလိမ့်မည်နည်းဟု စဉ်းစားနေခိုက် တောင်စောင့်နတ်က လက်ညှိုးညွှန်ပြလိုက်သဖြင့် စိတ္တလတောင်သို့ သွား၍ လေးလမျှနေပြီးသော် နံနက်မိုးလင်းလျှင် အခြားအရပ်သို့ သွားအံ့ဟု စိတ်ကြံစည်လျက် ကျိန်းစက်တော်မူ၏။

ထိုအခါ စကြံဦး၊သပြေပင်၌ စောင့်သောနတ်သားသည် စောင်းတန်းပြင်၌နေ၍ ငိုကြွေး၏။ မထေရ်မြတ်က ယခုငိုသောသူကား အဘယ်သူနည်းဟု မေးလျှင် ဘုရားတပည့်တော် သပြေပင်စောင့်နတ်ပါဘုရားဟု လျှောက်၏။အဘယ့်ကြောင့် ငိုသနည်းဟု မေးတော်မူပြန်ရာ အရှင်ဘုရားသည် ဤအရပ်မှ ကွတော်မူမည်ကို စိုးရိမ်သောကြောင့်ပါဘုရားဟု လျှောက်လေ၏။ ငါသည် ဤအရပ်၌နေသဖြင့် သင့်အား အဘယ်သို့သော ကျေးဇူးရှိသနည်းဟု မိန့်တော်မူလျှင် အရှင်ဘုရားတို့သည် ဤအရပ်၌နေတော်မူကုန်သည်ရှိသော် ဤအရပ်၌ရှိသော နတ်ဘီလူးတို့သည် အချင်းချင်းချစ်ခင်မြတ်နိုးကြကုန်၍ အလွန်ပင် အေးချမ်းသာယာမှုကို

ရရှိကြပါ၏၊ အရှင်ဘုရား ကြွသွားတော်မူလျှင် ခိုက်ရန်ဒေါသ ဖြစ်ကြကုန်၍ နေကြပါလိမ့်မည်ဟု လျှောက်ထားလေ၏။

သို့ဖြစ်လျှင် ကောင်းပြီဟု မိန့်ဆိုတော်မူ၍ နောက်ထပ် လေးလပတ်လုံး သီတင်းသုံး၍ လေးလပြည့်သောအခါ ရှေးအတူ ကြွသွားလိုသောစိတ်ဖြစ်ပြန်၏။ သပြေပင်စောင့်နတ်သည်လည်း ရှေးနည်းအတူ ငိုပြန်လေ၏။ ဤသို့လျှင် လေးလစေ့၍ မထေရ်ကြွမည်ကြံတိုင်း နတ်ကငို၍ငို၍တားသောကြောင့် ဝိသာခ မထေရ်သည် အခြားအရပ်သို့ မကြွဖြစ်ပဲ ဤစိတ်တလတောင်ပေါ်၌ပင် ပရိနိဗ္ဗာန် ဝင်စံရလေ၏။

ဤဝတ္ထုကို ထောက်ရှုသဖြင့် ဝိသာခမထေရ်သည် မေတ္တာပွားသောအခါ "သတ္တဝါအားလုံးတို့သည် အချင်းချင်း ချစ်ခင်စုံမက် နှစ်သက်မြတ်နိုးကြပါစေ" ဟု မေတ္တာတရားကို ပွားများကြောင်း, မထေရ်မြတ်၏မေတ္တာသည် မေတ္တာပို့သော မထေရ်မြတ်အပေါ်မှာသာ မေတ္တာကိုခံယူသောပုဂ္ဂိုလ်တို့က ချစ်ခင်ကြသည်မဟုတ်ပဲ မေတ္တာခံအချင်းချင်းလည်း မထေရ်မြတ်၏ ပို့သောမေတ္တာကြောင့် အချင်းချင်း ချစ်ခင်မြတ်နိုးမှုကို ရရှိသည်ဟု ကောင်းစွာ မှတ်သားအပ်၏။ မေတ္တာပွားများသော ပုဂ္ဂိုလ်အား နတ်ဘီလူးများက ချစ်မြတ်နိုးကြောင်းဖြစ်သော ဝတ္ထုသာဓကဖြစ်၏။

လူတို့ချစ်မြတ်နိုးပုံဝတ္ထု

မြတ်စွာဘုရားရှင်သည် ပရိနိဗ္ဗာန်ဝင်စံခါနီး အခါတပါးဌ် ကုသိနာရုံပြည်သို့ တထောင့်နှစ်ရာငါးဆယ်သော ရဟန်းအပေါင်းခြံရုံလျက် ကြွတော်မူ၏။ ကုသိ-နာရုံပြည် မလ္လမင်းတို့သည်လည်း မိမိတို့မြို့သို့ မြတ်စွာဘုရားကြွလာတော်မူသည်ဟု ကြားလေလျှင် ကြည်ရှင်အားရ ဝမ်းသာလှသဖြင့် မြတ်စွာဘုရားကို ခရီးဦးကြိုဆိုရန် တိုင်ပင်ကြရာတွင် မြတ်စွာဘုရားကြွလာသောအခါ ခရီးဦးကြိုဆိုရန် လိုက်၍မလာသောပုဂ္ဂိုလ်အား ဒဏ်ငွေငါးရာ ဆောင်ကြစတမ်းဟူ၍ ကတိကဝတ် ပြုကြလေ၏။ မလ္လမင်းများတွင် ရောင်မည်သော မလ္လမင်းသည်ကား ရှင်တော်ဘုရား၏ အလုပ်အကျွေးဖြစ်သော အရှင်အာနန္ဒာ၏ ငယ်သူငယ်ချင်းဖြစ်၏။

မြတ်စွာဘုရားသည် တပည့်သံဃာများနှင့်တကွ ကုသိနာရုံပြည်သို့ ကြွလာတော်မူသောအခါ မလ္လမင်းတို့သည်လည်း ကတိကဝတ်ထားကြသည့်အတိုင်း အညီအညွတ်ခရီးဦးကြိုဆိုမှုပြုကြကုန်၏။ ရောင်မည်သော မလ္လမင်းသည်ကား မြတ်စွာဘုရားကို ခရီးဦးကြိုဆိုပြီးသည်နှင့်တပြိုင်နက် စကားအနည်းငယ်မျှ မပြောမူ၍ ဘုရားထံမှ ဖဲခွါခဲ့ပြီးလျှင် သူငယ်ချင်း အရှင်အာနန္ဒာထံသို့ သွားရောက်လေ၏။

အရှင်အာနန္ဒာသည် ရောဇမလ္လမင်းအား "ဥဋ္ဌာရုံ ခေါ် တေ ဣဒံ အာဝုသော ရောဇ=ဒါယကာရောဇ ဘုရားရှင်ကို ခရီးဦးကြိုဆိုမှု ပြုရခြင်းသည် သင့်အတွက် အလွန်မြတ်လှပေ၏" စသည်ဖြင့် ချီးမွမ်းစကားပြောဆိုရာတွင် ရောဇမလ္လမင်းက အရှင်အာနန္ဒာ အကျွန်ုပ်သည် ဘုရား, တရား, သံဃာကို မြတ်နိုးလှ၍ ခရီးဦးကြိုဆိုမှုပြုရသည်မဟုတ်ပါ၊ မလ္လမင်းတို့၏ ကတိကဝတ်ကြောင့် ဒဏ်ငွေငါးရာ ဆောင်ရမည်စိုး၍သာ ခရီးဦးကြိုဆိုမှုပြုရပါသည်ဟု ပြောဆိုလေသည်။

အရှင်အာနန္ဒာသည် ရောဇမလ္လမင်း၏စကားကို ကြားလျှင် စိတ်ချမ်းမြေ့မှု ရရှိတော်မမူသဖြင့် မြတ်စွာဘုရားထံသို့ ကြွသွားပြီးလျှင် ဤသို့ လျှောက်ထားလေ၏။ အရှင်ဘုရား ရောဇမည်သော မလ္လမင်းသည် ဥစ္စာဂုဏ်ဇာတ်အားဖြင့် မြင့်မြတ်ထင်ရှားသူဘယောက်ဖြစ်ပါ၏။ ဤပဂ္ဂိုလ်သည် မြတ်စွာဘုရားသာသနာတော်ကို ကြည်ညိုလျှင် အလွန်အမင်း အကျိုးများလှပါ၏။ သာသနာ့ကျက်သရေ ဖြစ်ပါ၏။ ထိုသူတို့မှာလည်း လောကုတ္တရာ ဂုဏ်တက်၍ အကျိုးအဆက်ဆက် ဖြစ်ထွန်းဘွယ်ရာ ရှိပါသည်။ ထို့ကြောင့် မြတ်စွာဘုရားသည် ရောဇမလ္လမင်းသန္တာန်၌ သာသနာတော်ကို ကြည်ညိုသော သဒ္ဓါတရားဖြစ်ပွားလာအောင် စိတ်နှလုံးနူးညံ့အောင် ပြုတော်မူပါဘုရားဟု လျှောက်ထား တောင်းပန်လေ၏။

ထိုအခါ မြတ်စွာဘုရားက ချစ်သားအာနန္ဒာ–ရောဇမလ္လမင်း သာသနာတော် ကြည်ညိုလာအောင်, စိတ်နှလုံး နူးညံ့လာအောင် ပြုလုပ်မှုသည်ကား ခဲယဉ်းသော အရာမဟုတ်ပေ၊ လွယ်လွယ်မျှပင် ဖြစ်ပေ၏ဟု ပြောဆိုကာ ထိုခဏ၌ ရောဇမလ္လမင်းကို သီးသန့် အာရုံပြု၍ ရောဇမလ္လမင်းကို သြဓိမေတ္တာပို့တော်မူပြီးလျှင် နေရာမှထတော်မူ၍ သီတင်းသုံးနေမြဲ ကျောင်းတွင်းသို့ဝင်တော်မူလေ၏။

ရောဇမလ္လမင်းသည် မြတ်စွာဘုရားပို့သတော်မူသော သြဓိမေတ္တာဖြင့် တွေ့ထိအပ်သည်ဖြစ်၍ ရှင်တော်ဘုရား၏ သြဓိမေတ္တာပို့ပြီးသည်နှင့် တပြိုင်တည်း လောကီဥပမာအားဖြင့် နို့စို့နွားငယ်ရှိသော အမိနွားမသည် သားနွားကလေးနောက်သို့ တကောက်ကောက် အစဉ်လိုက်သကဲ့သို့ဌင်း, သားတယောက်သာရှိသော မိခင်သည် သားငယ်ကလေးအလိုရှိရာသို့ အစဉ်လိုက်သကဲ့သို့ဌင်း လျှင်မြန်စွာထ၍ မြတ်စွာဘုရားရှိရာသို့ အစဉ်လိုက်လေ၏။ လိုက်၍ ဘုရားကိုမတွေ့လျှင် ကျောင်းတကျောင်းမှ တကျောင်းသို့ တက်လိုက်ဆင်းလိုက်ဖြင့် မြတ်စွာဘုရား ဘယ်မှာနည်းဟု ရဟန်းတို့ကိုမေး၍ လိုက်လေ၏။

ရဟန်းတို့ကလည်း ဒါယကာ ရောဇ–ဤအရပ်မှ ဤလမ်းကိုသွားလျှင် တံခါးပိတ်ထားသော ကျောင်းကို တွေ့ရလိမ့်မည်။ ထိုတံခါး ပိတ်ထားသော

ကျောင်းကို တွေ့လျှင် ယင်းကျောင်းတွင်းမှာ ဘုရားရှင်ရှိသည်။ ဖူးမြင်လိုလျှင် ဖြေးဖြေးသာသာ အသံမထွက်ရအောင် သွား၍ တံခါးမုခ်သို့ရောက်သောအခါမှ ချောင်းဟန့်၍ အသံပြုပြီးလျှင် တံခါးရွက်ကို ခေါက်လော့၊ မြတ်စွာဘုရားသည် တံခါးကို ဖွင့်၍ သင်နှင့် အတွေ့ခံလိမ့်မည်ဟု ညွှန်ကြားလိုက်လေ၏။

ယင်းသို့ ညွှန်ကြားသည့်အတိုင်း ရောဇမလ္လမင်းသွားရာ ဘုရားရှင်နှင့် တွေ့၍ ရှိခိုးကာ တရားတော်ကို နာကြားလေ၏။ မြတ်စွာဘုရားသည်လည်း ဒါနကထာ, သီလကထာစသည်တို့ကို ပြောဟောလေလျှင် ရောဇမလ္လမင်းသည် လည်း သောတာပန်ပုဂ္ဂိုလ် ဖြစ်သွားလေ၏။

မေတ္တာသုတ်နှင့် နတ်များ

အခါတပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အထူးထူးသော တိုင်းပြည်များမှ လာရောက်ကြကုန်သော ရဟန်းတို့သည် ဝါဆိုခါနီးဘွင် မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းကိုယူကြ၍ မွေလျော်ပျော်ပိုက်ရာအရပ်များသို့ ဝါဆိုရန် သွားကြကုန်၏။

မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းကိုယူကြ၍ ဟူရာ၌ မြတ်စွာဘုရားသည်....

ရာဂစရိုက်ရှိသောရဟန်းအား အသုဘဆယ်ပါး, ကသာလောမာ စသော ကာယကောဋ္ဌာသတပါး ဤတဆယ့်တပါးသော ကမ္မဋ္ဌာန်းကို ဟောတော်မူ၏။

ဒေါသစရိုက်များသော ပုဂ္ဂိုလ်အား မေတ္တာကမ္မဋ္ဌာန်းကို ဟောတော်မူ၏။

မောဟစရိုက်များသော ပုဂ္ဂိုလ်အား မရဏာနုဿတိကမ္မဋ္ဌာန်း စသည်ကို ဟောတော်မူ၏။

အကြံအစည် 'ဝိတက်'စရိုက်များသောပုဂ္ဂိုလ်အား အာနာပါနကမ္မဋ္ဌာန်း, ပထဝီကသိုဏ်းကမ္မဋ္ဌာန်း စသည်ကို ဟောတော်မူ၏။

သဒ္ဓါစရိုက်များသော ပုဂ္ဂိုလ်အား ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စသည်ကို ဟောတော်မူ၏။

ပညာစရိုက်များသော ပုဂ္ဂိုလ်အား ဓာတ်လေးပါးကမ္မဋ္ဌာန်း စသည်ကို ဟောတော်မူ၏။ ဤကား ခုဒ္ဒကပါဌအဋ္ဌကထာ မေတ္တာသုတ်အဖွင့်၌ လာသော စကားတည်း။

ထိုအခါ ငါးရာသော ရဟန်းတို့သည် မြတ်စွာဘုရားအထံမှ ကမ္မဋ္ဌာန်းကိုယူကာ ဟိမဝန္တာနှင့် တစပ်တည်းဖြစ်သော တောတောင်ကြီးကို တွေ့မြင်ကြရကုန်၏။ ထိုတောတောင်ကြီးသို့ သွားရောက်၍ တည်၌အိပ်ပြီးလျှင် မိုးလင်း

သောအခါ ရှာသို့ဆုမ်းခံဝင်ကြလေ၏။ ရှာသားတို့သည် ရဟန်းတို့ကို မြင်လေ လျှင် လှုန်စွာကြည်ညိုကြ၍ ဤအရပ်၌ ဝါဆိုဘို့အကြောင်း တောင်းပန်လျှောက် ထားကြရာ လက်ခံတော်မူကြသဖြင့် ကမ္မဋ္ဌာန်းကျောင်းငါးရာကို ဒါယကာတို့က ဆောက်လုပ်လှူဒါန်းလေသည်။

နှစ်ရက်မြောက်သောနေ့၌ ရဟန်းတို့သည် တပါးသောရှာသို့ ဆုမ်းခံဝင်ကြ ကုန်၏။ ဒါယကာတို့သည် ယခင်ဒါယကာများကဲ့သို့ ဆုမ်းလှူဒါန်း၍ ဝါဆိုဘို့ရန် တောင်းပန် လျှောက်ထားကြကုန်၏။ ရဟန်းတို့သည်လည်း ခွင့်ပြု၍ ထိုတော အုပ်သို့ ဝင်ပြီးလျှင် တည်ဥပတ်လုံး ကမ္မဋ္ဌာန်းအားထုတ်ကြကုန်၏။

သီလရှိသော ရဟန်းတို့၏တန်းခိုးတော်ကြောင့် နတ်တို့သည် မိမိတို့၏ ဘုံ ဗိမာန်မှ ဆင်းသက်၍ ကလေးများကို ပွေ့ယူပြီးလျှင် ရှောင်တိမ်းကာ နေကြရ ကုန်၏။ ဥပမာအားဖြင့် ဘုရင်မင်းမြတ်နှင့်တကွ အမတ်,စစ်သူကြီး စသည်တို့ သည် ပစ္စန္တရာဇ်သို့ သွားကြသည်ရှိသော် ခေတ္တတည်းခိုရန် တောသားတို့၏ အိမ်၌ ခေတ္တခဏမျှ တည်းခိုနေထိုင်ကြသောအခါ ထို တောသားတို့မှာ မိမိတို့ အိမ်မှ ရှောင်ရှားတိမ်းလွှဲနေရသဖြင့် ထိုဘုရင်မင်းမြတ်,အမတ်,စစ်သူကြီး စသည် တို့သည် ဘယ်အခါ ပြန်ပါမည်နည်းဟူ၍ အဝေးကသာလျှင် စောင့်စား ကြည့်ရှုနေကြကုန်ဘိသကဲ့သို့ ထိုနတ်တို့သည်လည်း မိမိတို့၏နေရာဗိမာန်တို့ကို စွန့်ပစ်၍ ထိုထိုအရပ်များသို့ ရှောင်ရှားလှည့်လည် ကြပြီးလျှင် ထိုရဟန်းတော် တို့သည် မည်သည့်အခါ၌ ကြွသွားကြပါမည်နည်းဟူ၍ အဝေးကသာလျှင် စောင့်စားကြည့်ရှုနေကြရကုန်၏။

ထို့နောက် နတ်တို့သည် စည်းဝေးကြပြီးလျှင် ကလေးများနှင့် ဆင်းရဲစွာ မနေနိုင်ကြသည့်အတွက် ရဟန်းတို့ကို တုန်လှုပ်ချောက်ချားအောင် ကြောက် ဘွယ်ကောင်းသော အာရုံကို ဖန်ဆင်း၍ ရပ်ကြကုန်၏။ အသံကြီးများကိုလည်း လွှန်အောင် ပြုကြကုန်၏။ မကောင်းနံ့လည်း ပေးကြကုန်၏၊ ထို အကြောင်း အရာများကို ကြောက်လန့်ကြမည်စိုး၍ အချင်းချင်း မပြောကြားကြကုန်။

တနေ့သောအခါ မထေရ်ကြီးအထံသို့ ဆည်းကပ် ခစားကြရာတွင်မှ မထေရ် ကြီးက မေးမြန်းသဖြင့် ထိုအကြောင်းကို လျှောက်ကြားကြကုန်၏၊ ထို အခါ မထေရ်ကြီးက အရှင်ဘုရားတို့ – ဤနေရာ ဤကျောင်းသည် နေဘို့ရန်မသင့် လျော်ချေ။ လာကြကုန်၊ သွားကြကုန်စို့ဟု ပြောဆိုကာ မည်သည့်ဒါယကာ ဒါယိကာမတို့ကိုမျှ စွဲလန်းငြိကပ်ခြင်းမရှိသည့်အတွက် နှုတ်ဆက်ပြောကြားခြင်း မရှိပဲ ကိုယ့်သပိတ်ကိုယ်လွယ်ကာ မြတ်စွာဘုရားရှိရာ ဇေတဝန်ကျောင်းတော် သို့ ပြန်လာကြကုန်၏။

မြတ်စွာဘုရားသည် ရဟန်းတို့ကို တွေ့မြင်သောအခါ ရဟန်းတို့ ဝါတွင်း၌ ဒေသစာရီမလှည့်လည်ရဟူ၍ ငါဘုရား သိက္ခာပုဒ်ပညတ်တော်မူပါလျက် ဘယ်အတွက်ကြောင့် ဒေသစာရီ လှည့်လည်ကြ ကုန်သနည်း ဟူ၍ မေးမြန်းတော်မူသောအခါ အကြောင်းစုံကို ပြန်၍ လျှောက်ထားကြလေကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ချစ်သားတို့ ထိုနေရာမှလွဲ၍ လျှောက်ပတ်သောနေရာ သင်တို့အတွက် ဇီးရွက်ခန့်မျှ မြင်တော်မမူ။ ထိုအရပ်သို့သာ ပြန်သွားကြလော့။ ပြန်သွားပြီးလျှင် မေတ္တာသုတ်ပရိတ်တော်ကို သင်ကြားမှတ်ယူ၍ ထိုအရပ်ရောက်လျှင် ရွတ်ဖတ်ကြကုန်လော့၊ ရွတ်ဖတ်ကြသည့်အတွက် နတ်တို့သည် သင်ချစ်သားတို့အား ကြောက်ဖွယ် အဖြာဖြာ အဆင်းအသံများကို မပြကြတော့ရာဟု မှာကြားမိန့်မြွက်တော် မူလိုက်လေ၏။

ထိုရဟန်းတို့သည် မြတ်စွာဘုရားစကားတော်ကို နာယူမှတ်သား၍ မြတ်စွာဘုရားအား ရှိခိုးပြီးလျှင် ထိုတောအုပ်သို့သာပြန်ကြွတော်မူပြီးလျှင် မြတ်စွာဘုရားကိုယ်တော်မြတ် မိန့်မှာတော်မူသည့်အတိုင်း မေတ္တာသုတ်ကို ရွတ်ဖတ်၍ မေတ္တာတရားကို ပွားများကြသောအခါ နတ်တို့သည် ဝမ်းမြောက်ကြကုန်၏။ ကျောင်းများကိုလည်း တံမြက်လှည်း၍ ရှင်းလင်း သုတ်သင်ပေးခြင်း, ရေနွေးအိုး ကျိုပေးခြင်း, ခြေဆုပ်လက်နယ်ပြုခြင်း စသည်တို့ကို ပြုလုပ်လျက် ထို ရဟန်းတို့ကို အထူးအားဖြင့် စောင့်ရှောက်ကြကုန်၏။

ရဟန်းတို့သည်လည်း မေတ္တာဗြဟ္မဝိဟာရတရားကို အခြေခံပြုလျက် ဝိပဿနာကို ဆက်လက်ပွားကြလေလျှင် ထိုဝါတွင်း၌ပင် ရဟန္တာဖြစ်ကြလေ၏။ (ဤကား မေတ္တာတရားကို ပွားများသည့်အတွက် နတ်များက စောင့်ရှောက်ပုံဖြစ်၏။)

မေတ္တာတရားကြောင့် ချမ်းသာပုံ

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းသည် မင်းကျင့်တရားဆယ်ပါးနှင့်အညီ မင်းပြု၍ ဒါနသီလတို့နှင့်လည်း ပြည့်စုံ၏။ ထိုအခါ နန်းတော်တွင်း၌အမတ်တယောက်သည် မသင့်သောအပြစ်ကို ကျူးလွန်သည့်အတွက် ဗြဟ္မဒတ်မင်းက တိုင်းပြည်မှ နှင်ထုတ်လိုက်ရာ အနီးအပါး ကောသလမင်းထံ ဝင်ရောက်ခစားပြီးလျှင် ဗာရာဏသီပြည်ကိုသိမ်းယူလျှင် လွယ်ကူစွာ ရရှိနိုင်ကြောင်း အားပေးတိုက်တွန်းသောအခါ ကောသလမင်းသည် ဗာရာဏသီပြည်ကို လာရောက်ဝိုင်းဝန်းတိုက်ခိုက်ပြီးလျှင် ခုခံတိုက်ခိုက်ခြင်းအလျဉ်းမရှိသော ဗြဟ္မဒတ်မင်းကို မူးမတ်များနှင့်တကွ ဖမ်းဆီး၍ သံခြေကျင်းခတ်ပြီးလျှင် ထောင်သွင်းအကျဉ်းချ ထားလေ၏။

ဗြဟ္မဒတ်မင်းသည် ထောင်တွင်း၌ နေလျက်ပင် ရန်သူဖြစ်သော ကောသလမင်းကို မေတ္တာပွားသည်ရှိသော် မေတ္တာဈာန်သည် ဖြစ်လေ၏။ ထိုမေတ္တာဈာန်

၏ အာနုဘော်ကြောင့် ရန်သူမင်း၏ ကိုယ်ခန္ဓာသည် ပူလောင်ခြင်း ဖြစ်၏။ တကိုယ်လုံးမှာ မီးရူးအစုံတို့ဖြင့် ရှို့မြိုက်အပ်သကဲ့သို့ဖြစ်၍ ကြီးစွာသော ဆင်းရဲဖြင့် အထူးနာကျင်လှသည့်အတွက် အမတ်ကြီးတို့ကို ငါ့မှာ အဘယ့်ကြောင့် ဤကဲ့သို့ ဖြစ်ရသနည်းဟု မေး၏။

အမတ်ကြီးတို့က အရှင်မင်းကြီးသည် သီလနှင့်ပြည့်စုံသော ဗြဟ္မဒတ်မင်းကို နှောင်အိမ်၌သွင်းထားသည့်အတွက် ဤသို့ ဆင်းရဲကြီးစွာ ရောက်ရပါသည်ဟု လျှောက်ထားကြသောအခါ ရန်သူကောသလမင်းသည် လျင်မြန်စွာသွား၍ ဘုရားအလောင်းဗြဟ္မဒတ်မင်းကို ကန်တော့တောင်းပန် သည်းခံစေပြီးလျှင် အရှင်မင်းကြီး၏ တိုင်းပြည်သည် အရှင်မင်းကြီး၏ တိုင်းပြည်သာ ဖြစ်ပါစေဟူ၍ ပြန်လည်အပ်နှင်းလေ၏။

ဘုရားအလောင်း ဗြဟ္မဒတ်မင်းသည်လည်း မူးမတ်ဗိုလ်ခြေ များစွာတို့အား မေတ္တာ၏အာနုဘော်ကို ဟောပြော၍ တိုင်းပြည်ကိုပယ်စွန့်ကာ ဟိမဝန္တာသို့ တောထွက်သွားလေသည်။ ဤဝတ္ထုဥ၌ ဗြဟ္မဒတ်မင်းသည် မေတ္တာကမ္မဋ္ဌာန်းကို ပွါးများသဖြင့် စျာန်တရားရရှိလေသည်။

အခါတပါး ကောသလတိုင်းကို အစိုးရသော ဒုဇ္ဇိဿေနမင်းသည် နန်းရင်ပြင်မှာ အမတ်များ၏အလယ်၌ တင့်တယ်စွာ စံနေသော ဗာရာဏသီမင်းကို နှောင်ဖွဲ့ကာ ဆိုင်းတွင်ထည့်စေပြီးလျှင် နန်းတော်တံခါးခုံအထက်၌ စောက်ထိုးတဲ့လျှား ဆဲထားစေ၏။ ဗြဟ္မဒတ်မင်းသည် ရန်သူဖြစ်သော ဒုဇ္ဇိဿေနမင်းကို အာရုံပြု၍ ဩဓိမေတ္တာ ပွားများသောအခါ ကသိုဏ်းပရိကမ်ကိုပြု၍ စျာန်ဖြစ်လေ၏။ မေတ္တာစျာန်ပေါက်ရောက်သောအခါ စောက်ထိုးတဲ့လျှားဆဲထားသည့် ကြိုးသည် ပြတ်ကာ ဗြဟ္မဒတ်မင်းသည် ကောင်းကင်၌ တင်ပလ္လင်ခွေ၍ နေ၏။

ဒုဇ္ဇိဿေနမင်း၏ ကိုယ်ခန္ဓာမှာလည်း ပူလောင်ခြင်းဆင်းရဲပြင်းလှသဖြင့် ပူလှသည် ပူလှသည်ဟု ညည်းညူကာ မြေပြင်၌ အပြန်ပြန်လူးလှိမ့်၍ နေပြီးမှ အဘယ့်ကြောင့် ငါသည် ဤသို့ဖြစ်ရသနည်းဟု မူးမတ်တို့ကိုမေးလျှင် မူးမတ်တို့က အရှင်မင်းကြီး–အရှင်မင်းကြီးတို့သည် တရားရှိသော ဗြဟ္မဒတ်မင်းကို မတရားဖမ်းယူကာ စောက်ထိုးတဲ့လျှား ဆဲထားစေသည့်အတွက် အရှင်မင်းကြီးတို့မှာ ဤသို့ ဆင်းရဲကြီးစွာ ရောက်ရပါသည်ဟု လျှောက်ထားကြကုန်၏။

သို့ဖြစ်လျှင် လျင်မြန်စွာသွား၍ ဗြဟ္မဒတ်မင်းကို လွှတ်ကြပါကုန်လော့ဟု စေခိုင်းသဖြင့် မင်းချင်းယောကျ်ားတို့သည် လျင်မြန်စွာ ကြိုးဖြေ သွားကြရာ ကောင်းကင်၌ တင်ပလ္လင်ခွေထိုင်နေသော ဘုရားအလောင်း ဗြဟ္မဒတ်မင်းကို မြင်ကြသဖြင့် ပြန်လာကာ ဒုဇ္ဇိဿေနမင်းအား အကြောင်းစုံကို ပြန်ကြား လျှောက်ဆိုကြကုန်၏။ ဒုဇ္ဇိဿေနမင်းသည်လည်း လျင်မြန်စွာ သွား၍ ဘုရား

လောင်းအား ရှိခိုး ကန့်တော့ တောင်းပန်လေသည်။ တိုင်းပြည်ကိုလည်း ပြန်လည်အပ်နှင်း၍ အရှင်ဗြဟ္မဒတ်မင်း၏ ရန်သူဟူသမျှကိုလည်း ကာကွယ် စောင့်ရှောက်ပေးပါမည်ဟူ၍ ဝန်ခံကတိ ပြုသွားလေ၏။ (စတုက္ကနိပါတ်၊ ကေ ဏ္ဍဇာတ်အဋ္ဌကထာ ၁၁၊၁၄။)

မေတ္တာ၏အစွမ်းကြောင့် မြားပစ်၍ မရပုံ

အခါတပါး ဥတေနမင်းသည် မာဂဏ္ဍိမိဖုရား၏ ကုန်းချောစကားကြောင့် ပြင်းစွာအမျက်ထွက်၍ ချက်ခြင်းခေါ်စေပြီးလျှင် လေးတင်လျက် အဆိပ်လူးသော မြားဖြင့်ပစ်ခြင်းငှါ အားထုတ်၏။ သာမာဝတီအမှူးရှိသော မိဖုရား ငါးရာတို့သည်လည်း သတ်အံ့သောအမူအရာကိုမြင်လျှင် မင်းကြီးအား သြဓိ မေတ္တာကို ပွါးစေလျက် ဂုဏ်တော်အရံအတားဖြင့် နေလေ၏။ ဥတေနမင်းကြီး သည်လည်း လေးဖြင့် အကြိမ်ကြိမ်ပစ်လျက် မြားမသွားနိုင်ပဲ မျက်နှာရင်ဝတို့မှ ချွေးများစွာကျလာသော် သာမာဝတီမိဖုရားကလည်း အရှင်မင်းမြတ် အရပ် တပါးသို့ ပစ်လွှတ်၍ ကြည့်ပါဦးလော့ဟု လျှောက်၏။

ဥတေနမင်းသည်လည်း အခြားတနေရာ မြေပြင်သို့ ပစ်လွှတ်သောအခါ လျင်မြန်စွာ မြားသွားသည်ကိုမြင်လျှင် ဆင်ခြင်စဉ်းစားမိသည်ကား အသက် မရှိသော လေးမြားမှ မိဖုရား၏ဂုဏ်ကျေးဇူးကို သိသေးလျက် အသက်ရှိသော ငါ့သည် မသိရာရောက်ပေသည်တကားဟု ထိတ်လန့်ကာ သာမာဝတီအား ကန့်တော့တောင်းပန်လေ၏။

ဤကား မေတ္တာထက်မြက်ပုံ သာဓကအကျဉ်းတည်း။

မေတ္တာပို့ပါဠိ

ပါဠိဖြင့် ပို့သလိုသော သူတော်ကောင်းများအတွက် ရေးသားပါဦးအံ့ –

အဟံ အဝေရော ဟောမိ၊ အဗျာပဇ္ဈော ဟောမိ၊ အနီဃော ဟောမိ၊ သုခီ အတ္တာနံ ပရိဟရာမိ (ဤကား မေတ္တာလေးပါး)၊ ဒုက္ခာ မုဉ္စာမိ (ကရုဏာ)၊ ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆာမိ (မုဒိတာ)၊ ကမ္မဿကော (ဥပေက္ခာ)။

ဤသည်တို့ကား မိမိကိုယ်၌ ဗြဟ္မဝိဟာရတရား အကုန်မရငြားသော်လည်း ဗြဟ္မစိုရ်တရားလေးပါး ထင်ရှားအောင် ခွဲပြလိုက်သည်။ (မိမိကိုယ်ကို မေတ္တာ ပွါးရန်ပါဠိ။)

မမ မာတာပိတုအာစရိယာ ဉာတိမိတ္တသမ္ဗန္ဓာ အဝေရာ ဟောန္တု၊ အဗျာ-ပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊ ဒုက္ခာ မုဉ္စန္တု၊ ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု၊ ကမ္မဿကာ။

မမ ကာယေ အာရက္ခဒေဝတာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊ ဒုက္ခာ မုဉ္စန္တု၊ ယထာလဒ္ဓသမ္ပတ္တိ-တော မာဝိဂစ္ဆန္တု၊ ကမ္မဿကာ။

ဘူမ္မဒ္ဒေဝတာ၊ ရုက္ခဒ္ဒေဝတာ၊ အာကာသဒ္ဒေဝတာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊ ဒုက္ခာ မုဉ္စန္တု၊ ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု၊ ကမ္မဿကာ။

သဗ္ဗေ သတ္တာ၊ သဗ္ဗေ ပါဏာ၊ သဗ္ဗေ ဘူတာ၊ သဗ္ဗေ ပုဂ္ဂလာ၊ သဗ္ဗေ အတ္တ-ဘာဝပရိယာပန္နာ(ဤကား အနောဓိပုဂ္ဂိုလ်ငါးယောက်)

သဗ္ဗာ ဣတ္ထိယော၊ သဗ္ဗေ ပုရိသာ၊ သဗ္ဗေ အရိယာ၊ သဗ္ဗေ အနရိယာ၊ သဗ္ဗေ ဒေဝါ၊သဗ္ဗေ မနုဿာ၊သဗ္ဗေ ဝိနိပါတိကာ (ဤကား သြခီပုဂ္ဂိုလ်ခုနစ်ယောက်)

အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊ ဒုက္ခာ မုဉ္စန္တု၊ ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု၊ ကမ္မဿကာ။

(ဤ၌ ဗြဟ္မဝိဟာရတရားလေးပါးလုံး မုချရသည်၊ အရပ်မည္ဆန်း မေတ္တာပို့)

ပုရတ္ထိမာယ ဒိသာယ၊ ပစ္ဆိမာယ ဒိသာယ၊ ဥတ္တရာယ ဒိသာယ၊ ဒက္ခိဏာယ ဒိသာယ၊ ပုရတ္ထိမာယ အနုဒိသာယ၊ ပစ္ဆိမာယ အနုဒိသာယ၊ ဥတ္တရာယ အနု-ဒိသာယ၊ ဒက္ခိဏာယ အနုဒိသာယ၊ ဟေဋ္ဌိမာယ ဒိသာယ၊ ဥပရိမာယ ဒိသာယ၊ သဗ္ဗေ သတ္တာ၊ သဗ္ဗေ ပါဏာ၊သဗ္ဗေ ဘူတာ၊ သဗ္ဗေ ပုဂ္ဂလာ၊ သဗ္ဗေ အတ္တဘာဝ-ပရိယာပန္နာ၊သဗ္ဗာ ဣတ္ထိယော၊သဗ္ဗေ ပုရိသာ၊ သဗ္ဗေ အရိယာ၊သဗ္ဗေ အနရိယာ၊ သဗ္ဗေ ဒေဝါ၊ သဗ္ဗေ မနုဿာ၊ သဗ္ဗေ ဝိနိပါတိကာ အဝေရာ ဟောန္တု၊ အဗျာ-ပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊ ဒုက္ခာ မုဉ္စန္တု၊ ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု၊ ကမ္မဿကာ။

ဥဒ္ဓံ ယာဝ ဘဝဂ္ဂါ စ၊ အဓော ယာဝ အဝီစိတော။
သမန္တာ စက္ကဝါဠေသု၊ ယေ သတ္တာ ပထဝီစရာ။
အဗျာပဇ္ဈာ နိဝေရာ စ၊ နိဒုက္ခာ စာနုပဒ္ဒဝါ။

ဥဒ္ဓံ ယာဝ ဘဝဂ္ဂါ စ၊ အဓော ယာဝ အဝီစိတော။
သမန္တာ စက္ကဝါဠေသု၊ ယေ သတ္တာ ဥဒကေစရာ။
အဗျာပဇ္ဈာ နိဝေရာ စ၊ နိဒုက္ခာ စာနုပဒ္ဒဝါ။

ဥဒ္ဓံ ယာဝ ဘဝဂ္ဂါ စ၊ အဓော ယာဝ အဝီစိတော။
သမန္တာ စက္ကဝါဠေသု၊ ယေ သတ္တာ အာကာသေစရာ။
အဗျာပဇ္ဈာ နိဝေရာ စ၊ နိဒုက္ခာ စာနုပဒ္ဒဝါ။

မေတ္တာပို့ပါဠိ ပြီး၏။

မေတ္တာပို့အနက်

အဟံ၊ ငါသည်။ အဝေရော၊ ဘေးရန်အန္တရာယ် ရန်စွယ်ကင်းငြိမ်းသည်။ ဟောမိ၊ ဖြစ်ရပါလို့၏။ အဗျာပဇ္ဇော၊ ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းသည်။ ဟောမိ၊ ဖြစ်ရပါလို့၏။ အနီဃော၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းသည်။ ဟောမိ၊ ဖြစ်ရပါလို့၏။ သုခီ၊ ချမ်းသာစွာ။ အတ္တာနံ၊ မိမိကိုယ်ကို။ ပရိဟရာမိ၊ ဆောင်ရွက်နိုင်ရပါလို့၏။ (မေတ္တာလေးပါး။) ဒုက္ခာ၊ ဆင်းရဲအပေါင်းမှ။ မုဉ္စာမိ၊ လွတ်မြောက်ရပါလို့၏။ (ကရုဏာ။) ယထာလဒ္ဓသမ္ပတ္တိတော၊ ရအပ်ပြီးသော လက်ရှိစည်းစိမ်ချမ်းသာမှ။ မာဝိဂစ္ဆာမိ၊ မပျောက်မပျက် တည်ပါစေသတည်း။ (မုဒိတာ။) ကမ္မဿကော၊ မိမိပြုအပ် နှစ်ရပ်သောကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိ၏။ (ဥပေက္ခာ။)

မေ၊ ငါ၏။ မာတာပိတုအာစရိယာ၊ အမိအဘ ဆရာသမားတို့သည်ငင်း။ ဉာတိမိတ္တာသမ္ဗန္ဓာ၊ ဆွေမျိုးမိတ်ဆွေအပေါင်းတို့သည်ငင်း။ အဝေရာ၊ ဘေး အန္တရာယ် ရန်စွယ်ကင်းငြိမ်းကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ အဗျာပဇ္ဇာ၊ ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ အနီဃာ၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြ ကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ သုခီ၊ ချမ်းသာစွာ။ အတ္တာနံ၊ မိမိကိုယ်ကို။ ပရိဟရန္တု၊ ဆောင်ရွက်နိုင်ကြပါစေကုန်သတည်း။ ဒုက္ခာ၊ ဆင်းရဲအပေါင်းမှ။ မုဉ္စန္တု၊ လွတ်မြောက်နိုင်ကြပါစေကုန် သတည်း။ ယထာလဒ္ဓသမ္ပတ္တိ-တော၊ ရရှိအပ်ပြီးသော လက်ရှိစည်းစိမ် ချမ်းသာမှ။ မာဝိဂစ္ဆန္တု၊ မပျောက်မပျက် တည်ပါစေကုန်သတည်း။ ကမ္မဿကာ၊ မိမိပြုအပ်သော နှစ်ရပ်သော ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြကုန်၏။

မမ ကာယော၊ ငါ၏ခန္ဓာကိုယ်၌။ အာရက္ခာ၊ စောင့်ရှောက်ကြကုန်သော။ ဒေဝတာ၊ နတ်တို့သည်။ အဝေရာ၊ ဘေးရန်အန္တရာယ် ရန်စွယ်ကင်းငြိမ်းကြကုန် သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ပ။ ကမ္မဿကာ၊ မိမိပြုအပ် နှစ်ရပ် သောကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြကုန်၏။

ဘုမ္မဋ္ဌဒေဝတာ၊ မြေ၌တည်သော ဘုမ္မစိုးနတ်တို့သည်ငင်း။ ရုက္ခဋ္ဌဒေဝတာ၊ သစ်ပင်၌တည်သော ရုက္ခစိုးနတ်တို့သည်ငင်း။ အာကာသဋ္ဌဒေဝတာ၊ ကောင်း ကင်၌တည်သော အာကာသစိုးနတ်တို့သည်ငင်း။ အဝေရာ၊ ကုန်သည်။ ဟောန္တု၊ ကုန်သတည်း။ပ။ကမ္မဿကာ၊ ကုန်၏။

သဗ္ဗေ၊ အလုံးစုံကုန်သော။ သတ္တာ၊ အာရုံငါးပါး၌ ကပ်ငြိတပ်မက်ကုန်သော သတ္တဝါတို့သည်ငင်း။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ပါဏာ၊ အသက်ရှိသော သတ္တဝါတို့သည်ငင်း။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဘူတာ၊ ကိုယ်ထင်ရှားရှိသော

သတ္တဝါတို့သည်ၛင်း။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ပုဂ္ဂလာ၊ ငရဲ၌ ကျရောက်ကုန်သော သတ္တဝါတို့သည်ၛင်း။ သဗ္ဗေ၊ အလုံးစုံကုန်သော။ အတ္တဘာဝဝပရိယာပန္နာ၊ ကိုယ်ခန္ဓာအတ္တဘောဝ်၌ အကျုံးဝင်ကုန်သော သတ္တဝါတို့သည်ၛင်း။ သဗ္ဗာ ဣတ္ထိယော၊ မိန်းမအားလုံးတို့သည်ၛင်း။ သဗ္ဗေ ပုရိသာ၊ ယောကျ်ားအားလုံးတို့ သည်ၛင်း။ သဗ္ဗေ အရိယာ၊ အရိယာအားလုံးတို့သည်ၛင်း။ ဝါ-မြတ်သော ပုဂ္ဂိုလ်အားလုံးတို့သည်ၛင်း။ သဗ္ဗေ အနရိယာ၊ အရိယာမဟုတ်သူ အားလုံးတို့ သည်ၛင်း။ ဝါ၊ ပုထုဇဉ်ပုဂ္ဂိုလ်အားလုံးတို့သည်ၛင်း။ သဗ္ဗေ ဒေဝါ၊ နတ်ဗြဟ္မာ အားလုံးတို့သည်ၛင်း၊ သဗ္ဗေ မနုဿာ၊ လူအားလုံးတို့သည်ၛင်း။သဗ္ဗေ ဝိနိပါတိကာ၊ ပြိုကွဲပျက်စီး၍ ဖရိုဖရဲကျရောက်တတ်ကုန်သော အပါယ်ဘုံသား အားလုံး တို့သည်ၛင်း။ အဝေရာ၊ ကုန်သည်။ ဟောန္တု၊ ကုန်သတည်း။ပ။ကမ္မဿကာ၊ ကုန်၏။

(အရပ်မည္ဆန်း အနောဓိပုဂ္ဂိုလ်ငါးယောက်၊ အရပ်ရည်ည္ဆန်း ဩဓိ ပုဂ္ဂိုလ် ခုနစ်ယောက် အနက်ပြီး၏။

အရပ်ည္ဆန်းသဗ္ဗဒိသာဖရဏမေတ္တာ

ပုရတ္ထိမာယ ဒိသာယ၊ အဋ္ဌမျက်နှာအရပ်၌ၛင်း။ ပစ္ဆိမာယ ဒိသာယ၊ အနောက်မျက်နှာအရပ်၌ၛင်း။ဥတ္တရာယ ဒိသာယ၊ မြောက်မျက်နှာအရပ်၌ၛင်း။ ဒက္ခိဏာယ ဒိသာယ၊ တောင်မျက်နှာအရပ်၌ၛင်း။ ပုရတ္ထိမာယ အနုဒိသာယ၊ အဋ္ဌတောင်ထောင့်အရပ်၌ၛင်း။ ပစ္ဆိမာယ အနုဒိသာယ၊ အနောက်မြောက် ထောင့်အရပ်၌ၛင်း။ ဥတ္တရာယ အနုဒိသာယ၊ အဋ္ဌမြောက်ထောင့်အရပ်၌ၛင်း။ ဒက္ခိဏာယ အနုဒိသာယ၊ အနောက်တောင်ထောင့်အရပ်၌ၛင်း။ ဟေဋ္ဌိမာယ ဒိသာယ၊ အောက်အရပ်၌ၛင်း။ ဥပရိမာယ ဒိသာယ၊ အထက်အရပ်၌ၛင်း။ (ဌိတာ၊ တည်နေကြကုန်သော။) သဗ္ဗေ၊ အလုံးစုံကုန်သော။ သတ္တာ၊ အာရုံငါးပါး၌ ကပ်ငြိတပ်မက်ကုန်သော သတ္တဝါတို့သည်ၛင်း။ပ။ကမ္မဿကာ၊ ကောင်းဆိုး နှစ်ပါးကို ပြုမိသော ကံတရားသည်သာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြပေကုန်၏။

အရပ်ည္ဆန်းသဗ္ဗဒိသာဖရဏမေတ္တာပို့အနက် ပြီး၏။

အရပ်မည္ဆန်း ၄၈၊ အရပ်ည္ဆန်း ၄၈၀။စုစုပေါင်း ၅၂၈-သွယ် မေတ္တာပို့ဖြစ်၏။

"အဟံ အဝေရော ဟောမိ" စသည်မှ "ဘုမ္မဋ္ဌဒေဝတာ။ပ။ ကမ္မဿကာ" တိုင်အောင်သော မေတ္တာပို့ကား(၅၂၈)သွယ်၌မပါ။ သို့သော် ချန်ထား၍ကား မဖြစ်။ ရှင်တော်ဘုရားက အစဉ်သနား၍ မေတ္တာပို့ခိုင်းလျှင် ဆင်ခြေ မများနဲ့ သူတော်ကောင်းတို့။ မေတ္တာပို့သောအခါ လယ်ထွန်ပုံဥပမာကို ရှေးဦးပြခဲ့ပြီ။

ဥဒ္ဓံ၊ အထက်၌။ ယာဝ ဘဝဂ္ဂါ စ၊ ဘဝဂ်တိုင်အောင်ငင်း။ အဓေ၊ အောက်၌။ ယာဝ အဝီစိတော စ၊ အဝီစိတိုင်အောင်ငင်း။ သမန္တာ၊ ထက်ဝန်းကျင်ဖြစ်ကုန်သော။ စက္ကဝါဠေသု၊ စကြဝဠာတိုက်တို့၌။ ယေ သတ္တာ၊ အကြင်သတ္တဝါတို့သည်။ ပထဝီစရာ၊ မြေ၌ကျက်စားကြကုန်၏။ (ဥဒကေစရာ၊ ရေ၌ကျက်စားကြကုန်၏။ အာကာသေစရာ၊ ကောင်းကင်၌ ကျက်စားကြကုန်၏။) တေ သတ္တာ၊ ထိုသတ္တဝါတို့သည်။ အဗျာပဇ္ဇာ စ၊ စိုးရိမ်ကြောင့်ကြ ဗျာပါရမရှိကြကုန်သည်ငင်း။ နိဝေရာ စ၊ တွင်းပန္နစ်တန် ဘေးရန်မရှိကြကုန်သည်ငင်း။ နိဒုက္ခာ စ၊ ဆင်းရဲခြင်းမရှိကြကုန်သည်ငင်း။ အနုပဒ္ဒဝါ စ၊ ကပ်၍ညှဉ်းဆဲနှိပ်စက်တတ်သော ဥပဒ္ဒဝေါ မရှိကြကုန်သည်ငင်း။ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

မေတ္တာပို့အနက် ပြီး၏။

ရှေးဦးပြခဲ့သော (၅၂၈) သွယ်တို့သည် ဤပါဠိတော်ကို မြန်မာပြန်သော အနက်မျှားပင် ဖြစ်လေ၏။

ထို့နောက် ဂေဟသိက ပေမ, တဏှာပေမ အချစ်မျှားကို မေတ္တာပေမ ဖြစ်အောင် မေတ္တာပွါးနိုင်က အကုသိုလ်မဖြစ်ပဲ ကုသိုလ်ရနိုင်ပါသေး၏။ ထိုပေမနှစ်ခုကို အကုသိုလ်ဖြစ်သည်ဟု လေ့နံခေးထစ် မမှတ်သားအပ်။

မေတ္တာပုဗ္ဗပဋိဘာဂတရား(၁၆)ပါး

၁။ အမှုကိစ္စတခုကို ဆောင်ရွက်လိုသောသူသည် အေးချမ်းသော သဘော ရှိသော နိဗ္ဗာန်ကို အာရုံပြု၍ ပြုလုပ်ရမည်။
၂။ မိမိပြုအပ် ပြုသင့် ပြုထိုက်သော အမှုတို့ကို ပြုခြင်းငှါ စွမ်းနိုင်ရမည်။
၃။ ကိုယ်နှုတ်နှလုံး သုံးပါးလုံး ဖြောင့်မတ်ရမည်။
၄။ ကိုယ်နှုတ်နှလုံး အလွန်ဖြောင့်မတ်ရမည်။
၅။ ဆိုဆုံးမမှု လွယ်ကူရမည်။
၆။ နူးညံ့သော ကိုယ်မှု နှုတ်မှု စိတ်မှုရှိရမည်။
၇။ မာန်မာန ထောင်လွှားမှုကင်းရမည်။
၈။ သန္တုဋ္ဌိသလ္လေခတာဂုဏ်နှင့် ပြည့်စုံရမည်။
၉။ လုပ်ကျွေးမွေးမြူမှု လွယ်ကူရမည်။
၁၀။ နည်းပါးသော ကိစ္စရှိရမည်။
၁၁။ အသက်မွေးမှု ပေါ့ပါးရမည်။
၁၂။ တည်ငြိမ်သော ဣန္ဒြေရှိရမည်။

၁၃။ ရင့်ကျက်သော ပညာရှိရမည်။
၁၄။ မကြမ်းတမ်းသော ကိုယ်အမူအရာ နှုတ်အမူအရာရှိသူဖြစ်ရမည်။
၁၅။ အမျိုးတို့၌ စွဲလမ်းမှု ကင်းရမည်။
၁၆။ ပညာရှိမျှားကဲ့ရဲ့မည့် အလုပ်ကို ရှောင်ကြဉ်ရမည်။

ဤတရား (၁၆)ပါးနှင့်ပြည့်စုံသော ပုဂ္ဂိုလ်အား မုချကြီးပွါးခြင်းသို့ ရောက်နိုင်၏။

ကြီးပွါးချမ်းသာလိုသော် မေတ္တာကို ခံယူရပုံ

လောက၌ ကြီးပွါးချမ်းသာလိုသော ပုဂ္ဂိုလ်တို့သည်—

၁-မိဘတို့ထံမှ၎င်း။ ၂-သားမယား ကျွန်အမှုလုပ်တို့၏ထံမှ၎င်း။ ၃-အိမ်နီးချင်း လယ်နီးချင်း မိတ်ဆွေ အချင်းချင်း ထံမှ၎င်း။ ၄-သမ္မာဒေဝနတ်ကောင်းနတ်မြတ်တို့ထံမှ၎င်း။ ၅-ရဟန်းသံဃာ ဆရာသမား သူတော်ကောင်းမျှားထံမှ၎င်း။ ဤပုဂ္ဂိုလ်ငါးယောက်ထံမှ မေတ္တာကိုခံယူ၍ ထို ငါးယောက်သောသူတို့က မေတ္တာပို့မှသာ ကြာရှည်လေးမြင့်စွာ အသက်ရှည်၍ ကြီးပွါးချမ်းသာခြင်းသို့ ရောက်ပေလိမ့်မည်။

အကယ်၍ ထိုပုဂ္ဂိုလ်တို့အထံမှ မေတ္တာကို မခံယူရလျှင် ဘုန်းကံကြီးသော်လည်း အသက်မရှည်၊ အသက်ပင်ရှည်သော်လည်း ဘုန်းကံကြီးမည်မဟုတ်ချေ။

မှန်၏၊ တိုင်းပြည်ကို စိုးမိုးအုပ်ချုပ်သော ဘုရင်, သမ္မတ, ဝန်ကြီးချုပ်, စစ်ဗိုလ်ချုပ် စသည်တို့သည် ပြည်သူလူထု၏ မေတ္တာတရားကို ခံယူရလျှင် ကြာရှည်စွာ တည်တံ့ ကြီးပွါးရကုန်၏။ ပြည်သူလူထု၏ မေတ္တာတရားကို မခံယူရသောအခါ၌ကား ပျက်စီးဆုတ်ယုတ်တတ်ကုန်၏။ ရွာသူကြီး, အသင်းလူကြီး စသည်တို့သည်လည်း ထိုရွာ ထိုအသင်းတို့၏ မေတ္တာတရားကိုခံယူရမှသာ အခြေမယွင်း ပျက်ပြားခြင်းကင်းပေလိမ့်မည်။ ဤကဲ့သို့ မေတ္တာတရားကို ခံယူရရှိမှသာ ကြီးပွါးချမ်းသာကြောင်းကို အဂံုတ္တရနိကာယ်၌ မဟာနာမ်အား ဟောကြားတော်မူ၏။ ဟောကြားပုံကား—

မဟာနာမ်– ဤလောက၌ နေထိုင်ကြသော ဘုရင်မင်းမြတ် အိမ်ရှေ့မင်းသား, စစ်သူကြီး, ရွာသူကြီး, အသင်းလူကြီး စသော ပုဂ္ဂိုလ်တို့သည် ကြီးပွါးချမ်းသာခြင်းကိုအလိုရှိခဲ့သော် ဤတရားငါးပါးနှင့် ပြည့်စုံအပ်၏။

၁။ မဟာနာမ်–အမျိုးကောင်းသားတဦးသည် ပင်ပန်းဆင်းရဲစွာ ရှာဖွေ၍ ရရှိအပ်သော ပစ္စည်းဥစ္စာရတနာတို့ဖြင့် မိဘနှစ်ပါးတို့ကို ရိုသေလေးမြတ်စွာ ပူဇော်၏။ ထိုအမျိုးကောင်းသားကို အရှိအသေအလေးအမြတ်ပူဇော်ခံရသော

မိဘနှစ်ပါးတို့က အသက်ရှည်ပါစေသတည်း စသည်ဖြင့် မေတ္တာပို့သကြကုန်၏။ မဟာနာမ်– ထိုမိဘနှစ်ပါးတို့ မေတ္တာတရားကို ခံယူရသော အမျိုးကောင်းသား အား ကြီးပွါးချမ်းသာအံ့သောသူ ဟူ၍သာ ဆိုအပ်၏။ ဆုတ်ယုတ်ပျက်ပြား အံ့ဟူ၍ မမှတ်ယူအပ်။

၂။ မဟာနာမ်– အမျိုးကောင်းသားတဦးသည် လုံ့လဝီရိယဖြင့် ရှာဖွေ၍ တရားသဖြင့် ရအပ်ကုန်သော ပစ္စည်းဥစ္စာရတနာတို့ဖြင့် သားမယား ကျွန်အမှု လုပ်တို့ကို ကောင်းစွာပြုစု၏၊ အလေးအမြတ် ပူဇော်၏၊ ထိုအမျိုးကောင်းသား ကို ကောင်းစွာပြုအပ် အလေးအမြတ် အပူဇော်ခံရသော သား မယား ကျွန် အမှုလုပ်တို့က ငါတို့၏ အရှင်သခင်သည် အသက်ရှည်ပါစေ၊ ရှည်မြင့်စွာအသက် ကို စောင့်ရှောက်နိုင်ပါစေဟု ကောင်းသောစိတ်ဖြင့် မေတ္တာပို့သကြကုန်၏။ မဟာနာမ်– သား မယား ကျွန်အမှုလုပ်တို့၏ ချစ်ခြင်းမေတ္တာကိုခံယူရသော ထို အမျိုးကောင်းသားအား ကြီးပွါးချမ်းသာအံ့ ဟူ၍သာ မှတ်ယူရမည်၊ ဆုတ် ယုတ်ပျက်ပြားအံ့ဟူ၍ မမှတ်ယူအပ်။

၃။ မဟာနာမ်– အမျိုးကောင်းသားတဦးသည် ခွေးဒီးဒီး ယိုစီးကျအောင် လက်ရုံးအားဖြင့် ဆည်းပူးရှာဖွေ၍ ရအပ်သော စည်းစိမ်ဥစ္စာတို့ဖြင့် လယ်နိုး ချင်း, အလုပ်ရုံနိုးချင်း, အိမ်နိုးချင်းတို့ကို ကောင်းစွာပြု၏၊ အလေးအမြတ် ပူဇော်၏၊ ထိုအမျိုးကောင်းသားကို လယ်နိုးချင်း, အလုပ်နိုးချင်း, အိမ်နိုး ချင်းတို့က အသက်ကို ရှည်မြင့်စွာ စောင့်ရှောက်နိုင်ပါစေဟု ကောင်းသော စိတ်ဖြင့် မေတ္တာပို့သကြကုန်၏။ မဟာနာမ်– လယ်နိုးချင်း, အလုပ်ရုံနိုးချင်း, အိမ်နိုးချင်းတို့၏ မေတ္တာကို ခံယူရသော အမျိုးကောင်းသားအား ကြီးပွါး ချမ်းသာအံ့ဟူ၍သာ မှတ်ယူအပ်၏။ ဆုတ်ယုတ်ပျက်ပြားအံ့ဟူ၍ မမှတ်ယူအပ်။

၄။ မဟာနာမ်– အမျိုးကောင်းသားတဦးသည် လုံ့လဝီရိယဖြင့် ရရှိအပ် ကုန်သော ပစ္စည်းဥစ္စာတို့ဖြင့် နတ်တို့ကို အရှိအသေ အလေးအမြတ် ပူဇော်၏။ ထိုအပူဇော်ခံရသောနတ်တို့က ရှည်မြင့်စွာ အသက်ကို စောင့်ရှောက်နိုင်ပါစေဟု ကောင်းသောစိတ်ဖြင့် မေတ္တာပို့သကြကုန်၏။ မဟာနာမ်– နတ်တို့၏မေတ္တာကို ခံယူရသော အမျိုးသားအား ကြီးပွါးချမ်းသာအံ့ ဟူ၍သာ မှတ်ယူရမည်၊ ဆုတ် ယုတ်ပျက်ပြားအံ့ဟူ၍ မမှတ်ယူအပ်။

၅။ မဟာနာမ်– အမျိုးကောင်းသားတဦးသည် လုံ့လဝီရိယဖြင့် ရှာဖွေ၍ ရအပ်ကုန်သော ပစ္စည်းဥစ္စာတို့ဖြင့် ရသေ့ရဟန်းတို့အား အရှိအသေ ပြု၏၊ အလေးအမြတ်ပူဇော်၏၊ ထိုအလေးအမြတ် အပူဇော်ခံရသော ရသေ့ရဟန်း တို့က အသက်ရှည်ပါစေဟု ကောင်းသောစိတ်ဖြင့် မေတ္တာပို့သကြကုန်၏။ မဟာနာမ့်– ရသေ့ရဟန်းတို့၏ မေတ္တာကို ခံယူရသော ထိုအမျိုးသားအား

ကြီးပွါးချမ်းသာအံ့ဟူ၍သာ မှတ်ယူအပ်၏၊ ဆုတ်ယုတ်ပျက်ပြားအံ့ဟူ၍ မမှတ်ယူအပ်။

မဟာနာမ်–အဘိသိက်သွန်းပြီးသော မင်းအားငင်း, အိမ်ရှေမင်းအားငင်း, စစ်သူကြီး ရွာသူကြီး အသင်းလူကြီးစသော သူအားငင်း ဤတရားငါးပါးတို့သည် တည်ရှိကုန်၏၊ ထိုသူအား ကြီးပွါးချမ်းသာအံ့ဟူ၍သာ မှတ်ယူအပ်၏၊ ဆုတ်ယုတ်ပျက်ပြားအံ့ဟူ၍ မမှတ်ယူအပ်။ (အင်္ဂုတ္တိရ်ပါဠိတော် ပဉ္စကနိပါတ်။)

ကြီးပွါးချမ်းသာ သူဌေးဖြစ်လိုသော ပုဂ္ဂိုလ်တို့သည် ဤပြခဲ့သော အင်္ဂါငါးပါးနှင့် ပြည့်စုံအောင် ကြိုးစားကြရာ၏။

မေတ္တာစွမ်းရည်

ဤလောကဌ် ပုဂ္ဂိုလ်တဦးသည် ရှေးအခါက မေ့လျော့၍ အကုသိုလ်ဒုစရိုက်တရားကို များစွာပင် ပြုလုပ်မိခဲ့သော်လည်း နောင်သောအခါ မေတ္တာဘာဝနာပွါး၍ မေတ္တာတရားနှင့် သေခဲ့သည်ဖြစ်အံ့၊ ရှေးကမေ့လျော့၍ ပြုခဲ့မိသော အကုသိုလ် ဒုစရိုက်တရားတို့သည် ဒုတိယဘဝဌ် မကောင်းကျိုးကို ပေးခြင်းငှါ မစွမ်းနိုင်ရာ။

လောကဥပမာအားဖြင့် အနည်းငယ်မျှသော ရေသည် များစွာသောရေကို လွှမ်းမိုး၍ မသွားနိုင်၊ များစွာသောရေကသာ အနည်းငယ်မျှသော ရေကို ယူဆောင်၍ သွားတတ်သကဲ့သို့ ထို့အတူ အကုသိုလ်ဒုစရိုက်တို့ကို မေတ္တာကုသိုလ်က လွှမ်းမိုး၍ သွားနိုင်၏။ အကယ်၍ စျာန်သမာပတ်သို့ ရောက်အောင် ပွါးနိုင်သဖြင့် ထိုစျာန်သမာပတ်ကိုပင် ပွါး၍ မေတ္တာ၏ရန်သူဖြစ်သော ဒေါသတရားကို အကြွင်းမဲ့ ပယ်ရှားနိုင်သည်ဖြစ်ပါက သေသည်၏အခြားမဲ့၌ ဗြဟ္မာပြည်သို့ ရောက်၍ ထိုဗြဟ္မာဘုံမှတဖန် ပြန်မလာပဲ နိဗ္ဗာန်သို့သာ တခါတည်း ရောက်လေတော့၏။ ဤသို့ မေတ္တာတရား၏စွမ်းရည်ကို ရှင်တော်ဘုရားသည် အင်္ဂုတ္တရနိကာယ် ဒသကနိပါတ် ၅၀၄-၌—

"ဘာဝေတဗ္ဗာ ခေါ ပနာယံ ဘိက္ခဝေ မေတ္တာ စေတောဝိမုတ္တိ ကုတ္ထိယာဝါ ပုရိသေန ဝါ။ ကုတ္ထိယာ ဝါ ဘိက္ခဝေ ပုရိသဿ ဝါ နာယံ ကာယော အာဒါယ ဂမနီယော၊ စိတ္တန္တရော အယံ ဘိက္ခဝေ မစ္စော။ သော ဧဝံ ပဇာနာတိ "ယံ ခေါ မေ ဣဒံ ကိဉ္စိ ပုဗ္ဗေ ကုမိနာ ကရဇကာယေန ပါပကမ်ံ ကတံ၊ သဗ္ဗံ တံ ဣဓ ဝေဒနီယံ၊ နတံ အနုဂံ ဘဝိဿတီ"တိ။ ဧဝံ ဘာဝိတာ ခေါ ဘိက္ခဝေ မေတ္တာ စေတောဝိမုတ္တိ အနာဂါမိတာယ သံဝတ္တတိ ဣဓ ပညဿ ဘိက္ခုနော ဥတ္တရိ ဝိမုတ္တိံ အပ္ပဋိဝိဇ္ဈတော-ဟူ၍ ဟောတော်မူ၏။

ရဟန်းတို့–မိန်းမသည်၎င်း, ယောကျ်ားသည်၎င်း ဤဗြဟ္မဝိဟာရမေတ္တာတရားကို ပွါးများအပ်သည်သာ၊ ရဟန်းတို့–မိန်းမသည်၎င်း, ယောကျ်ားသည်၎င်း ဤခန္ဓာကိုယ်ကို ယူဆောင်၍မသွားအပ်။ ရဟန်းတို့ ဤသတ္တဝါသည် စိတ်သာလျှင် အကြောင်းရင်းရှိ၏။

ထိုပုဂ္ဂိုလ်သည် "ငါသည် ရှေးဦး ဤကရဇကာယဖြင့် အမှတ်မထင် အကြင် အကုသိုလ်ကို ပြုအပ်ပြီ၊ ထိုအလုံးစုံသည် ဤဘဝ၌ ခံစားအပ်၏။ ထိုပုဂ္ဂိုလ်သို့ အစဉ်လိုက်သည်မဖြစ်လတ္တံ့" ဟူ၍ သိ၏၊ ဤသာသနာတော်၌ ပညာရှိသော ရဟန်းအား အလွန် အရဟတ္တဖိုလ်ကို ထိုးထွင်း၍ မသိသေးသည်ရှိသော် ဤပွါးများအပ်သော ဗြဟ္မဝိဟာရမေတ္တာတရားသည် အနာဂါမ် အဆင့်အတန်းသို့ ရောက်ခြင်းငှါ ဖြစ်၏၊ ရဟန်းတို့—

ဤကား မေတ္တာဘာဝနာ စွမ်းရည် ဖြစ်၏။ ကရဏာ, မုဒိတာ, ဥပေက္ခာတရားတို့ကိုလည်း မေတ္တာနိသံသဖလအတိုင်းပင် ဟောတော်မူ၏။

မေတ္တာအပြား သုံးပါး

မေတ္တာသည်—

၁။ ကာယကံ မေတ္တာ,

၂။ ဝစီကံမေတ္တာ,

၃။ မနောကံမေတ္တာ ဟူ၍ သုံးပါး အပြားရှိ၏။

ထို သုံးပါးတို့တွင် ကာယဒွါရ၌ဖြစ်သော မေတ္တာသည် ကာယကံ မေတ္တာမည်၏။ ဝစီဒွါရ၌ဖြစ်သော မေတ္တာသည် ဝစီကံ မေတ္တာ မည်၏။ မနောဒွါရ၌ဖြစ်သော မေတ္တာသည် မနောကံမေတ္တာ မည်၏။

ထိုစကားကို ခဲ့ဦးအုံ–မိဘ နှစ်ပါးတို့သည် သားသမီးငယ်တို့အား အချမ်းအပူ မနှိပ်စက်ရအောင် စောင့်ရှောက်ခြင်း, နို့တိုက်ခြင်း, ထမင်းကျေးခြင်း, ရေချိုးပေးခြင်း စသည်ဖြင့် ဆင်းရဲဒုက္ခ မကျရောက်စေမူ၍ တနေ့တခြား ကြီးပွါးစေခြင်းငှါ ကိုယ်ဖြင့် စောင့်ရှောက်ခြင်းသည် ကာယကံမေတ္တာ မည်၏။

သားသမီးဖြစ်သူတို့ကလည်း ထို့အတူ မိဘ နှစ်ပါးတို့အား ရေချိုးပေးခြင်း, ချေးပွတ်ခြင်း, အဝတ်အစားတို့ကို ဖွပ်လျှော်ပေးခြင်း, မိဘတို့၏ ပြဘွယ်ကိစ္စအဝဝတို့ကို ကူညီပြုလုပ်ပေးခြင်း, အရိုအသေပြုခြင်း စသောအားဖြင့် မိဘတို့အပေါ်၌ ချစ်ခင်သော အမူအရာဖြင့် ပြုလုပ်အပ်သော အရာတို့သည် ကာယကံမေတ္တာ မည်၏။

ဆရာ တပည့်တို့တွင်လည်း ဆရာက တပည့်အား ဆရာဝတ်ကျေပြန်အောင် ပြုစုစောင့်ရှောက်ခြင်း, တပည့်ကလည်း ဆရာ့အပေါ်၌ ဝိနည်းပိဋကတ် မဟာ·

ဝဂ္ဂ, မဟာခန္ဓကလာသည့်အတိုင်း တပည့်ဝတ် ကျေပြန်အောင် ပြုမူခြင်းတို့သည် ကာယကံမေတ္တာ မည်၏။

မိဘ ဆရာ တပည့်မှ တပါးသော မိတ်ဆွေ အချင်းချင်း, လင်မယား အချင်းချင်း တို့သည်လည်း ကာယကံမေတ္တာ ဖြစ်ပုံကို သိကြလေ။

နှုတ်ဖြင့်မြွက်ဆို၍ မေတ္တာပို့ခြင်းသည် ဝစီကံမေတ္တာ မည်၏။ နှုတ်ဖြင့် မမြွက်ပဲ စိတ်ထဲကသာ ကျန်းမာကြပါစေ ချမ်းသာကြပါစေ စသည်ဖြင့် ပို့ မျှားခြင်းသည် မနောကံမေတ္တာ မည်၏။

ဝစီကံ မေတ္တာဘာဝနာကြောင့် ချမ်းသာပုံ

လွန်ခဲ့ပြီးသော အနှစ်ရှစ်ရာလောက်က အိန္ဒိယပြည် ဒေလီမြို့၌ အက္ကဘာ ဘုရင် စိုးစံတော်မူသောအခါ....အာရောဘိယ တိုင်းပြည်တွင် ဘုရင်၏ အမတ်ကြီး တယောက်သည် ကြမ်းကြုတ်ခက်ထန်၍ မာန်မာနကြီးလှသဖြင့် အာရောဘိယ တိုင်းပြည် ဘုရင်မင်းမြတ်က ထို ကြမ်းကြုတ်ခက်ထန်သော အမတ်ကြီး ရောက် လာလျှင် မာန်မာနကျအောင် ဆုံးမတော်မူပါဟု ရှေးဦးစွာ သံတမန်စေလွှတ်ပြီး အတွင်းစာ ပေးလေ၏။

မကြာခင် ကြမ်းတမ်းခက်ထန်သော ထို အမာ်ကြီးကို နောက်ပါအခြေ အရံ ငါးရာနှင့်တကွ အက္ကဘာဘုရင်မင်းမြတ်ထံသို့ သံတော်စေလွှတ်ရာ အက္ကဘာ ဘုရင်မင်းမြတ်ထံသို့ ရောက်လျှင် ဘုရင်ကြီးက ထို အမတ်ကြီးကို မာန်မာန ကျစေခြင်းငှါ အခြေအရံ ငါးရာနှင့်တကွ အမတ်ကြီးကို ကျောက်သားပကတိ ပြီးသော ထောင်ကြီး၌ ချထားပြီးလျှင် ဤထောင်ကြီးကဲ့ပျက်မှ သင်တို့ထွက် ရမည်ဟု အမိန့်တော် သတ်မှတ်ထား၏။

ဤသို့ ကျောက်ထောင်ကြီးထဲ၌ အခြေအရံ ငါးရာနှင့်တကွ ကြမ်းကြုတ် သော အမတ်ကြီးသည် ချထားခံရသောအခါ အမတ်ကြီးနှင့် အခြေအရံတို့က ဤသို့ တိုင်ပင်ကြသည် 'ငါတို့သည် ကျောက်ထောင်ကြီးကဲ့ပျက်မှ ချမ်းသာရ မည်၊ ကျောက်ထောင်ကြီးကဲ့ပျက်အောင် မေတ္တာပို့မျှားဘို့ပင် ဖြစ်၏'ဟု တိုင်ပင်ပြီးလျှင် ငါတို့အားလုံးတို့သည် ချမ်းသာကြပါစေ၊ ငါတို့ချမ်းသာဘို့ အတွက် ဤကျောက်ထောင်ကြီး ကဲ့ပျက်ပါစေဟု အညီအညွတ် နှုတ်မစဲ မေတ္တာပို့ကြရာ မကြာမီပင် ကျောက်ထောင်ကြီး ကဲ့ပျက်သဖြင့် အမတ်ကြီးနှင့် တကွ အခြေအရံ ပရိသတ်တို့မှာ ချမ်းသာကို ရကြ၍ မေတ္တာ၏ အကျိုးအာနိ သင်ကို ကိုယ်တိုင် တွေ့မြင်ရသဖြင့် မာန်မာနကျ၍ သိမ်မွေ့နူးညံ့သော အဖြစ်သို့ ရောက်ကြကုန်၏။

ဤသို့ ဝစီကံမေတ္တာ ဆုတောင်းပတ္ထနာ ပြုခြင်းအကျိုးကို စိတ်တွင်မှတ်သား၍ ဆင်ခြင်စဉ်းစားပြီးလျှင် ဆုတောင်းပတ္ထနာ ဝစီကံမေတ္တာကို ပွါးများမိကြရအောင် အထူးသတိဆောင်ကြကုန်ရာ၏။

(တနည်း) မေတ္တာဘာဝနာအကျိုး

"ယော ဘိက္ခဝေ ပုဗ္ဗဏ္ဟသမယံ ဩကွာသတံ ဒါနံ ဒဒေယျ၊ ယော မဇ္ဈန္ဟိကသမယံ ဩကွာသတံ ဒါနံ ဒဒေယျ၊ ယော သာယန္ဟသမယံ ဩကွာသတံ ဒါနံ ဒဒေယျ။ ယော ဝါ ပုဗ္ဗဏ္ဟသမယံ အန္တမသော ဂဒ္ဒုဟာနမတ္တမ္ပိ မေတ္တာစိတ္တံ ဘာဝေယျ၊ ယော ဝါ မဇ္ဈန္ဟိကသမယံ အန္တမသော ဂဒ္ဒုဟာနမတ္တမ္ပိ မေတ္တာစိတ္တံ ဘာဝေယျ၊ ယော ဝါ သာယန္ဟသမယံ အန္တမသော ဂဒ္ဒုဟာနမတ္တမ္ပိ မေတ္တာစိတ္တံ ဘာဝေယျ၊ ဣဒံ တတော မဟပ္ဖလတရံ။

ရဟန်းတို့ အကြင်သူသည် နံနက်ခင်း၌ မွန်မြတ်သော ဘောဇဉ်ဖြင့်ပြည့်သော ဒယ်အိုးအလုံးတရာရှိသော အလှူကို ပေးလှူရာ၏၊ အကြင်သူသည် နေ့ခင်း၌ မြတ်သောဘောဇဉ်ဖြင့်ပြည့်သော ဒယ်အိုးအလုံးတရာရှိသောအလှူကို ပေးလှူရာ၏၊ အကြင်သူသည် ညနေချမ်းအခါ၌ မွန်မြတ်သော ဘောဇဉ်ဖြင့်ပြည့်သော ဒယ်အိုးအလုံးတရာရှိသောအလှူကို ပေးလှူရာ၏။ အကြင်ပုဂ္ဂိုလ်သည်ကား နံနက်ခင်း၌ နွားနို့တကြိမ်ညှစ်မျှလောက် မေတ္တာဗြဟ္မစိုရ်တရားကို ပွါးများရာ၏။နေ့လယ်ခင်း၌လည်း နွားနို့တကြိမ်ညှစ်မျှလောက် မေတ္တာဗြဟ္မစိုရ်တရားကို ပွါးများရာ၏။ ညနေခင်း၌လည်း နွားနို့တကြိမ်ညှစ်မျှလောက် မေတ္တာဗြဟ္မစိုရ်တရားကို ပွါးများရာ၏။ ဤကဲ့သို့ ပွါးများခြင်းသည် ထိုနံနက်ခင်း, နေ့လည်ခင်း, ညနေခင်း၌ မွန်မြတ်သော ဘောဇဉ်ခဲဘွယ်တို့နှင့်ပြည့်သော ဒယ်အိုးအလုံးတရာရှိသော အလှူဒါနကို ပေးလှူရသည်ထက် ဖုံ့ဖုံ့ဖြိုးဖြိုးကြီးမားသောအကျိုးရှိ၏ဟု ဘုရားရှင်က နိဒါနဝဂ္ဂသုပမသံယုတ်၌ ဟောထားတော်မူသည်။

ထိုမှတပါးလည်း ငါတို့ မြတ်စွာဘုရားအလောင်းတော်သည် ခုနစ်နှစ်မျှ မေတ္တာတရားကို ပွါးများခဲ့ဘူးသောကြောင့် မဟာဗြဟ္မာကြီးအဖြစ် ခုနစ်ကြိမ်, သိကြားမင်းအဖြစ် သုံးဆယ့်ခြောက်ကြိမ်, စကြာမင်းအဖြစ် အကြိမ်အရာမက ဖြစ်ခဲ့ဘူး၏။

ဤသို့လျှင် မေတ္တာဘာဝနာ၏အကျိုးကို ကြားသိရသည်ဖြစ်ပါက ယုတ်ညံ့အောက်ကျသောအမျိုးပင်ဖြစ်စေကာမူ ယုံကြည်ခြင်းသဒ္ဓါတရား မဖြစ်ပွါးပဲ မနေနိုင်ရာ။ ထို့ကြောင့် ချမ်းသာအစစ်ကို အလိုရှိသောသူသည် မေတ္တာတရား ပွါးများခြင်းဟုဆိုအပ်သော ကောင်းမှုကုသိုလ်ကို မကြောက်အပ်ချေ။ ကုသိုလ်

ကောင်းမှုကို ကြောက်လျှင် ချမ်းသာကို ကြောက်သည်မည်၏။ ထို့ကြောင့် အဂုံတွာရနိကာယ် သတ္တကနိပါတ် အဗျာကတဝဂ်, ဣတိဝုတ်ပါဠိတော် တတိယဝဂ်တို့၌—

"မာ ဘိက္ခဝေ ပုညာနံ ဘာယိတ္ထ၊ သုခဿေတံ ဘိက္ခဝေ အဓိဝစနံ ။ပ။ယဒိဒံ ပုညာနိ။

၁။ ပဿ ပုညာနံ ဝိပါကံ၊ကုသလာနံ သုခဿိနော။
မေတ္တံ စိတ္တံ ဝိဘာဝေတ္ဝာ၊ သတ္တဝဿာနိ ဘိက္ခဝေါ။
သတ္တသံဝဋ္ဋဝိဝဋ္ဋကပ္ပေ၊ နယိမံ လောကံ ပုနာဂမိံ ။

၂။ သံဝဋ္ဋမာနေ လောကမ္ဖိ၊ ဟောမိ အာဘဿရူပဂေါ။
ဝိဝဋ္ဋမာနေ လောကသ္မိံ ၊ သုညဗြဟ္မ။ပဂေါ အဟံ။

၃။ သတ္တက္ခတ္တုံ မဟာဗြဟ္မာ၊ ဝသဝတ္တီ တဒါ အဟံ။
ဆတ္တိံသက္ခတ္တုံ ဒေဝိန္ဒော၊ ဒေဝရဇ္ဇေ မကာရယိံ ။

၄။ စက္ကဝတ္တီ အဟံ ရာဇာ၊ ဇမ္ဗုမဏ္ဍဿ ဣဿရော။
မုဒ္ဓါဝသိတ္တော ခတ္တိယော၊ မနုဿာဓိပတီ အဟံ။

၅။ ဣဒ္ဓိမာ ယသဝါ ဟောတိ၊ ဇမ္ဗုမဏ္ဍဿ ဣဿရော။
ကော သုတ္ဝာ နပ္ပသီဒေယျ၊ အပိ ကဏှာဘိဇာတိယော။

၆။ တသ္မာ ဟိ အတ္တကာမေန၊ မဟတ္တမဘိကင်္ခတာ။
သဒ္ဓမ္မော ဂရုကာတဗ္ဗော၊ သရံ ဗုဒ္ဓါနသာသနံ။

ရဟန်းတို့ ကောင်းမှုကုသိုလ်တို့ကို သဒ္ဓါတွန့်၍ မကြောက်ရွံကြပါကုန်လင့်၊ ရဟန်းတို့ ကောင်းမှုကုသိုလ်ဟူသော ဤအမည်သည် ချမ်းသာသုခ၏အမည် ဖြစ်၏။

၁။ ရဟန်းတို့ ကုသိုလ်တို့ကို ရှာမှီးသောသူ၏ ကောင်းမှုတို့၏ အကျိုးကို ပညာစက္ခုဖြင့် ရှုကြည့်စမ်းပါ။ ရဟန်းတို့ ခုနစ်နှစ်တို့ပတ်လုံး မေတ္တာတရားပွါး များသည့်အတွက် ခုနစ်ပါးသော သံဝဋ္ဋကပ် ဝိဝဋ္ဋကပ်တို့တိုင်တိုင် ဤလူ့ပြည်သို့ နောက်ထပ်တဖန် မလာခဲ့ရပြီ။

၂။ ငါဘုရားသည် ဩကာသလောကကြီး ကျက်သည်ရှိသော် အာဘဿရ ဗြဟ္မာဘုံသို့ ရောက်တော်မူရ၏။ ဩကာသလောကကြီး တည်သည်ရှိသော် ဗြဟ္မာတို့မှ ကင်းဆိတ်သော ပဌမစျာန်ဗြဟ္မာဘုံသို့ ရောက်တော်မူရ၏။

၃။ ပဌမစျာန်ဗြဟ္မာဘုံသို့ရောက်တော်မူရာ ထိုအခါ၌ ခုနစ်ကြိမ် တပါးသော ဗြဟ္မာတို့ကို မိမိအလိုသို့လိုက်စေနိုင်သော မဟာဗြဟ္မာဖြစ်တော်မူရပြီ၊ သုံးဆယ့် ခြောက်ကြိမ် နတ်တို့ကိုအစိုးရသည်ဖြစ်၍ နတ်မင်းအဖြစ်ကို ပြုလုပ်ရဘူးပြီ။

၄။ ဇမ္မုကျွန်းခွင် ပြေအပြင်ကို အစိုးရသော စကြဝတေးမင်း အကြိမ်များစွာ ဖြစ်ခဲ့ရဘူးပြီ၊ ထိပ်ထက်၌ရောစင်ဖြင့် သွန်းလောင်းအပ်ပြီးသော လူတို့ကို အစိုးရသော မင်းဖြစ်တော်မူရလေပြီ။

၅။ လွန်ကဲသော တန်းခိုးအရှိန်အစော် အကျော်အစော အခြံအရံရှိသည်ဖြစ်၍ ဇမ္မူကျွန်းခွင် မြေအပြင်ကို အစိုးရ၏။ ယုတ်ညံ့အောက်ကျသော အမျိုးပင်ဖြစ်စေကာမူ မေတ္တာ၏အကျိုးအာနိသင်ကို ကြားနာရသည်ရှိသော် အဘယ်သူသည် မကြည်ညိုပဲ ရှိပါအံ့နည်း။

၆။ ထို့ကြောင့်သာလျှင် ကိုယ့်အကျိုးစီးပွါးကို လိုလားသော ကြီးမြတ်သည်၏အဖြစ်ကို အလိုရှိသောသူသည် ဘုရားရှင်တို့၏အဆုံးအမတော်ကို အောက်မေ့သည်ဖြစ်၍ မေတ္တာပွါးခြင်းဟူသော သူတော်ကောင်းတရားကို အလေးအမြတ်ပြုအပ်၏။

ဝေလာမသုတ်၌လာသော မေတ္တာဘာဝနာသိမှတ်ဘွယ်ရာ

အခါတပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏အရာမ်ဖြစ်သော ဇေတဝန်ကျောင်းတိုက်၌ နေတော်မူစဉ် အနာထပိဏ်သူဌေးသည် မြတ်စွာဘုရားအထံသို့ လာရောက်၍ ရှိသေစွာရှိခိုးလျက် သင့်လျော်ရာအရပ်၌ ထိုင်နေလေ၏။ ထိုအခါ မြတ်စွာဘုရားက အနာထပိဏ်သူဌေးကြီးအား အနာထပိဏ်သူဌေးကြီး ရှေးအတိတ်ကာလ၌ ဝေလာမပုဏ္ဏားသည် ရှိလေ၏။ ထိုပုဏ္ဏားသည် ဤသို့သော အလှူဒါနကြီးကို ပေးလှူ၏။ ငွေဖြင့်ပြည့်သော ရွှေခွက်ကြီး ရှစ်သောင်းလေးထောင်တို့ကို ပေးလှူ၏။ ရွှေဖြင့်ပြည့်သော ရွှေခွက်ပေါင်း ရှစ်သောင်းလေးထောင်တို့ကို ပေးလှူ၏။ ရတနာခုနစ်ပါးတို့ဖြင့် ပြည့်သော ကြေးခွက်ပေါင်း ရှစ်သောင်းလေးထောင်တို့ကို ပေးလှူ၏။ ရွှေတန်းဆာ ရွှေအလံ ရွှေကွန်ယက်တို့ဖြင့် ဖုံးလွှမ်းအပ်သော ဆင်ပေါင်းရှစ်သောင်းလေးထောင်တို့ကို ပေးလှူ၏။ ခြသေ့ရေ, ကျားရေ, သစ်ရေဖြင့် ကာအပ်ကုန်သော ဖြောတော့သောအဆင်းရှိသော ကမ္မလာဖြင့် ကာရံအပ်ကုန်သော ရွှေတန်းဆာ ရွှေအလံ ရွှေကွန်ယက်တို့ဖြင့် ဖုံးလွှမ်းအပ်ကုန်သော ရထားပေါင်း ရှစ်သောင်းလေးထောင်တို့ကို ပေးလှူ၏။ ငွေဖြင့်ပြီးသော နို့ရည်ခံခွက်နှင့်တကွ ကုန်သော နို့ညှစ်နွားမ ရှစ်သောင်းလေးထောင်တို့ကို ပေးလှူ၏။

ပုလဲ ပတ္တမြား နားဆွဲဆင်အပ်ကုန်သော သတို့သမီးရှစ်သောင်းလေးထောင်တို့ကို ပေးလှူ၏။ လက်လေးသစ်အမွေးရှည်သော ကော်ဇောအခင်း, ဖြူသောသားမွေးဖြင့်ပြီးသောအခင်း, တခဲနက်ပန်းအတိပြီးသောသားမွေးအခင်း, ကောင်းမြတ်သော ကြောင်ဝံပိုင်ရေဖြင့် ပြုအပ်သောအခင်းထက်၌ မျက်နှာကြက်နှင့်တကွသော နီသောခြေအုံး ခေါင်းအုံ နှင့်တကွသော ပလ္လင်ပေါင်း

ရှစ်သောင်းလေးထောင်တို့ကို ပေးလှူ၏။ သိမ်မွေ့နူးညံ့သော ခါမတိုင်းဖြစ်ပုဆိုး, သိမ်မွေ့နူးညံ့သောပိုးပုဆိုး, သိမ်မွေ့နူးညံ့သောဝါချည်ပုဆိုးဟုဆိုအပ်သော ရှစ်သောင်းလေးထောင်သော အဝတ်ပုဆိုး အထည်အလိပ်တို့ကို ပေးလှူ၏။ ထမင်းအစာခဲဘွယ် စားဘွယ် သောက်ဘွယ် လျက်ဘွယ်တို့ကို လှူသည်မှာကား အဘယ်ပြောဆိုဘွယ်ရာရှိပါအံ့နည်း၊ ထိုအစာဘောဇဉ်မျှားသည်ကား မြစ်ကြီးကဲ့သို့ စီးဆင်း၍ သွားယောင်ယောင် ထင်ရသည်အထိ လှူဒါန်းလေ၏။

အနာထပိဏ်သူဌေးကြီး ထိုအချိန်က ဝေလာမပုဏ္ဏားဟူသည် ငါဘုရားလောင်းပင် ဖြစ်၏။ ထိုအလှူဒါနကို ပေးလှူသောအခါတွင် အကျင့်သီလနှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် တဦးတယောက်မျှ မပါဝင်ချေ။ ဝေလာမပုဏ္ဏားကြီးသည် ကြီးကျယ်သောအကြင်အလှူကို ပေးလှူ၏။ အကြင်သူသည်မူကား အရိယာဉာဏ်အမြင်နှင့်ပြည့်စုံသော သောတာပန်တပါးကို တကြိမ်ဆွမ်းလှူ၏။ ဤသို့ သောတာပန်တယောက်အား တကြိမ်ဆွမ်းလှူခြင်းသည် ထိုဝေလာမပုဏ္ဏား၏ အလှူထက် အကျိုးကြီးမြတ်၏။

အကြင်သူသည် သောတာပန်တရာတို့ဒါး ဆွမ်းလှူ၏၊ အကြင်သူသည် သကဒါဂါမ်ပုဂ္ဂိုလ်တဦးကို ဆွမ်းလှူ၏၊ ထိုအလှူသည် သောတာပန်တရာကို လှူသည်ထက် အကျိုးကြီးမြတ်၏။

အကြင်သူသည် သကဒါဂါမ်တရာကို ဆွမ်းလှူ၏၊ အကြင်သူသည် အနာဂါမ်ပုဂ္ဂိုလ်တဦးကို ဆွမ်းလှူ၏၊ ထိုအလှူသည် သကဒါဂါမ်တရာကို လှူသည်ထက် အကျိုးကြီးမြတ်၏။

အကြင်သူသည် အနာဂါမ်တရာကို ဆွမ်းလှူ၏၊ အကြင်သူသည် ရဟန္တာတပါးကို ဆွမ်းလှူ၏၊ ထိုအလှူသည် အနာဂါမ်တရာကို ဆွမ်းလှူရသည်ထက် အကျိုးကြီးမြတ်၏။

အကြင်သူသည် ရဟန္တာတရာကို ဆွမ်းလှူ၏၊ အကြင်သူသည် ပစ္စေကဗုဒ္ဓါတပါးကို ဆွမ်းလှူ၏၊ ထိုအလှူသည် ရဟန္တာတရာကို ဆွမ်းလှူဒါန်းသည်ထက် အကျိုးကြီးမြတ်၏။

အကြင်သူသည် ပစ္စေကဗုဒ္ဓါတရာကို ဆွမ်းလှူ၏၊ အကြင်သူသည် သမ္မာသမ္ဗုဒ္ဓဘုရားတဆူကို ဆွမ်းလှူဒါန်း၏၊ ထိုအလှူသည် ပစ္စေကဗုဒ္ဓါတရာကို ဆွမ်းလှူဒါန်းသည်ထက် အကျိုးကြီးမြတ်၏။

အကြင်သူသည် မြတ်စွာဘုရားတဆူကို ဆွမ်းလှူဒါန်း၏၊ အကြင်သူသည် မြတ်စွာဘုရားအမှူးရှိသော ရဟန်းသံဃာကို ဆွမ်းလှူဒါန်း၏၊ ထိုအလှူသည် မြတ်စွာဘုရားကို ဆွမ်းလှူဒါန်းရသည်ထက် အကျိုးကြီးမြတ်၏။

အကြင်သူသည် မြတ်စွာဘုရားအမှူးရှိသော သံဃာတော်ကို ဆွမ်းလှူဒါန်း၏၊ အကြင်သူသည် အရပ်လေးမျက်နှာမှ ကြွလာသမျှသော သံဃာတော်ကို ရည်စူး၍ ကျောင်းဆောက်လှူဒါန်း၏၊ ထိုအလှူသည် မြတ်စွာဘုရားအမှူးရှိသော သံဃာတော်ကို ဆွမ်းလှူဒါန်းရသည်ထက် အကျိုးကြီးမြတ်၏။

အကြင်သူသည် အရပ်လေးမျက်နှာမှ ကြွလာသမျှသော သံဃာတော်ကို ရည်စူး၍ ကျောင်းဆောက်လှူဒါန်း၏၊ အကြင်သူသည်ကား ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ ဘုရား, တရား, သံဃာကို ကိုးကွယ်ဆည်းကပ်၏၊ ထိုကိုးကွယ်ဆည်းကပ်မှုသည် စာတုဒ္ဒိသာ သံဃိကကျောင်းကို ဆောက်လုပ်လှူဒါန်းရသည်ထက် အကျိုးကြီးမြတ်၏။

အကြင်သူသည် ရတနာမြတ်သုံးပါးကို ဆည်းကပ်ကိုးကွယ်၍ သရဏဂုံကို ဆောက်တည်၏။ အကြင်သူသည် ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ ငါးပါးသီလ သိက္ခာပုဒ်ကို ခံယူဆောက်တည်၏။ ထို ငါးပါး သီလ ဆောက်တည်ခြင်းသည် သရဏဂုံဆောက်တည်သည်ထက် အကျိုးကြီးမြတ်၏။

အကြင်သူသည် ငါးပါးသီလကို ဆောက်တည်၏။ အကြင်သူသည် အယုတ်ဆုံးအားဖြင့် ပန်းတရုပ် နမ်းကာမျှလောက် နွားနို့ တည့်စ် ခန့်မျှလောက် မေတ္တာတရားကို ပွါးများ၏။ ထိုမေတ္တာ ပွါးများမှုသည် ငါးပါး သီလကို ဆောက်တည်သည်ထက် အကျိုးကြီးမြတ်၏။

ထို့ကြောင့် မြတ်စွာဘုရားရှင်က—

"ယော ဂ အန္တမသော ဂန္ဓောဟနမတ္တမ္ပိ မေတ္တာစိတ္တံ ဘာဝေယျ၊ ဣဒံ တတော မဟပ္ဖလတရံ"ဟု အဂ်ုတ္တရနိကာယ် နဝကနိပါတ်၌ ဟောတော်မူ၏။

ယော စ၊ အမှတ်မထင် အကြင်သူသည်လည်း။ အန္တမသော၊ အယုတ်အားဖြင့်။ ဂန္ဓောဟနမတ္တမ္ပိ၊ နံ့သာတရုပ်ခန့်မျှလည်း၊ မေတ္တာစိတ္တံ၊ မေတ္တာနှင့်ယှဉ်သော စိတ်ကို။ ဘာဝေယျ၊ ပွါးများရာ၏။ ဣဒံ၊ ဤကဲ့သို့ နံ့သာ တရုပ် ခန့်မျှလောက်ကာလ မေတ္တာတရားကို ပွါးများခြင်းသည်။ တတော၊ ထိုအောက်က ပြခဲ့ပြီးသော ကုသိုလ်ထက်။ မဟပ္ဖလတရံ၊ အထူးသဖြင့် အကျိုးကြီးမား၏။

ဤသို့ဒေသနာတော်ကို ထောက်ရှုသောအားဖြင့် မေတ္တာတရားကို ပွါးများကြရာ၏။

အကျိုးကြီးမြတ်သော မေတ္တာ ဘာဝနာ ဆိုသည်မှာ ကာမစ္ဆန္ဒ စသော နီဝရဏတရားတို့ကို ခွါ၍ ပွါးများအပ်သော စျာန်အနီးသို့ရောက်သော ဥပစာရ မေတ္တာကိုလည်း, သို့မဟုတ် အပ္ပနာသို့ဆိုက်ရောက်ပြီးသော မေတ္တာစိတ်ကိုလည်း ဆိုလို၏။

ထိုကဲ့သို့ ရင့်သန်သော မေတ္တာစိတ်မှသာလျှင် ပြဆို ခဲ့ပြီးသော ဒါနသီလ တို့ထက် အကျိုးကြီးနိုင်၏။ သာမည မေတ္တာမည်ကာမျှဖြင့် ပွါးများသော မေတ္တာစိတ်သည်မူကား ထိုကဲ့သို့ အကျိုးကြီးမားမည်မဟုတ်ချေ။

(တနည်း) မေတ္တာအကျိုးများပုံ

အစ္ဆရာသင်္ကာတမတ္တာမို့ စေ ဘိက္ခဝေ ဘိက္ခု မေတ္တာစိတ္တံ အာသေဝတိ(ဘာဝေတိ,မနသိကရောတိ)၊အယံ ဝုစ္စတိ ဘိက္ခဝေ ဘိက္ခု အရိတ္တဇ္ဈာနော ဝိဟရတိ သတ္ထုသာသနကရော သြဝါဒပတိကရော အမောဃံ ရဋ္ဌပိဏ္ဍံ ဘုဉ္ဇတိ၊ ကော ပန ဝါဒေါ ယေ နံ ဗဟုလီ ကရောန္တိ။

ရဟန်းတို့ လက်ဖျစ်တတွက်ခန့်မျှ မေတ္တာကမ္မဋ္ဌာန်းကို အကယ်၍ ပွါးများအားထုတ်ခဲ့အံ့။ ထိုသို့ အားထုတ်ခဲ့သည်ရှိသော် ထိုရဟန်းသည် ဥပစာရသမာဓိစျာန်ရှိသည်ဖြစ်၍ နေ၏။ ငါဘုရား၏ သြဝါဒအဆုံးအမ ဒေသနာကို ရိုသေစွာ လိုက်နာမှုပြုသည်ဖြစ်၍ ပြည်သူပြည်သားတို့၏ ကြည်ဖြူစွာ လှူဒါန်းအပ်သော ဆွမ်းကို အချည်းနှီးမဖြစ်စေပဲ အကျိုးစီးပွါးများအောင် ဘုဉ်းပေး သုံးဆောင်သော ရဟန်းဟူ၍ ခေါ်ဆိုအပ်၏။ အကြင်ရဟန်းတို့သည် လက်ဖျစ် တတွက်ထက်မက အကြိမ်များစွာ ပွါးများအားထုတ်ကြကုန်မူကား အကျိုးအာနိသင်များသည်၌ ဆိုဘွယ်ရာ အထူး ဘယ်မှာလျှင် ရှိပါဘော့အံ့နည်း။

မေတ္တာဓာတ်သည် ချမ်းသာသုခကိုရနိုင်ခြင်း။ ။မေတ္တာဓာတ်သည် ရူပ်ဓာတ် နာမ်ဓာတ် နှစ်မျိုး ရှိရာတွင် နာမ်ဓာတ်ဖြစ်၍ အကောင်အထည်အားဖြင့် တွေ့မြင်ရသည်မဟုတ်ချေ။ လောကဌ် ဆန်းပြားဘွယ်ရာများမှာ ဂင်္ဂါမြစ်ဌ် ဒီဂရေအတက်အကျရှိရာတွင် ဒီဂရေတက်သောအခါ ငါးပိအိုးများဌ် ရေတိုးခြင်း,ဒီဂရေကျသောအခါ ငါးပိအိုးများဌ် ရေခန်းခြောက်ခြင်းအားဖြင့် ဂင်္ဂါသမုဒ္ဒရာရေနှင့်မည်သို့မျှဆက်စပ်ခြင်းမရှိသော ငါးပိအိုးဌ် ရေတိုးခြင်း, ရေခန်းခြောက်ခြင်း အခြေသို့ ရောက်အောင် ထိခိုက်သကဲ့သို့ဌင်း,အပင်ပေါ်မှ ကြွေကျသော ဥသျစ်သီးကို မီးဖုတ်သော အခါ အပင်ပေါ်ဌ် ကျန်ရှိကုန်သော ဥသျစ်သီးတို့သည်လည်း မည်သို့မျှ ဆက်စပ်ခြင်းမရှိပဲ ကဲ့အက်ခြင်းသို့ ရောက်သကဲ့သို့ဌင်း, မိုးသားနှင့် မြေကြီးသည် မည်သို့မျှ ဆက်စပ်မှုမရှိသော်လည်း မိုးချုန်းသောအခါ မြေဌ် ရှိသော မှိုတို့သည် ထွက်ကုန်သကဲ့သို့ဌင်း မေတ္တာပို့သောသူနှင့် မေတ္တာကို ခံယူရသော သူတို့မှာ မည်သို့မျှ ဆက်စပ်ခြင်း မရှိငြားသော်လည်း မေတ္တာပို့သခြင်းကို ခံယူရသော သူများမှာ မေတ္တာဓာတ်အားကြီးလျှင် အားကြီးသည့်အလျောက် ချမ်းသာသုခကို ရကြကုန်၏။

ထိုစကားကို ထင်ရှားအောင် ပြဦးအံ့—

လိပ်, ဥဒေါင်း စသော သတ္တဝါ အချို့တို့သည် မိမိတို့ ဥများကို သင့်လျော်ရာ၌ ဥထားခဲ့၍ အဝေးကပင် မေတ္တာပို့သကြကုန်၏။ ထို မေတ္တာဓာတ်ကြောင့် အချိန်ရောက်လျှင် (ပုပ်သိုးခြင်းသို့ မရောက်ပဲ) ပေါက်ဖွားကြကုန်၏။ မိခင် လိပ် ဥဒေါင်းစသည်မျှား အန္တရာယ်ကြောင့် သေပျောက်ပျက်စီးကြသော အခါ မေတ္တာအရှိန်ကို မခံရသော လိပ်ဥ ဥဒေါင်းဥတို့သည် ပုပ်သိုး ပျက်စီး၍ ပေါက်ဖွားမှုမရှိကြကုန်။ ဤသို့လျှင် လောက၌ ဆန်းပြားစွာ ရှိကြလေသဖြင့် ထိုမေတ္တာတရားကို ကြိုးစား၍ ပွားများအားထုတ်ကြရာ၏။

မေတ္တာကမ္မဋ္ဌာန်း ပြီး၏။

မရဏာနုဿတိကမ္မဋ္ဌာန်း

မရဏာနုဿတိကမ္မဋ္ဌာန်းဟူသည်ကား “မရဏမာရဇ္ဈ ဥပ္ပန္နာ အနုဿတိ မရဏာနုဿတိ”ဟူသော ဝိသုဒ္ဓိမဂ်အတိုင်း သေခြင်းတရားကို စဲ့၍ဖြစ်သော သတိသည် မရဏာနုဿတိမည်၏။

ယင်း ကမ္မဋ္ဌာန်း ပွားများပုံ

‘ငါသေရဦးမည်’ဟု ပွားများ ရွတ်ဆိုအပ်၏။ နေ့စဉ်ပုတီးစိပ်ပြီး ဂုဏ်တော် များး ပွားသလို ‘ငါသေရဦးမည်၊ ငါသေရဦးမည်’ဟု ပုတီးစိပ်ပွားများနိုင်၏။ တနေ့လျှင် အနည်းဆုံး တနာရီလောက် ဗုဒ္ဓဘာသာဝင်တိုင်း ရွတ်ဆိုပွားများသင့်၏။ ရေချိုး, ထမင်းချက်, ရေခပ်, လမ်းသွားရင်း အလုပ်လုပ်ရင်းအနား မပေးပဲ ပွားများနိုင်၏။ ရထားစီး ကားစီးသောအခါတို့၌လည်း ရွတ်ဆိုပွားများနိုင်၏။ မအားလပ်၍ဟု ဆင်ခြေပေးစရာမလိုပါ၊ လက်ကမအားပေမဲ့ ပါးစပ်က အားလပ်သောအခါ များ၏။ ကိုယ်ခန္ဓာကို မအားလို့ဟု သက်သာစွာ နေလိုသည့်အတွက် ဆင်ခြေပေးသောပုဂ္ဂိုလ်အား သေခါနီးရောက်လျှင် မအားလို့ မသေပါလင့်ဦးဟု ပြော၍ ရရှိနိုင်သလားဟု မေးလိုပါ၏။ ဤကဲ့သို့ မေးလျှင် ရောင်ပေပေနေမှုအဖြေမှတပါး ထိုပုဂ္ဂိုလ်အား အခြားအဖြေမရှိချေ။

သိမှတ်ဘွယ်ရာ အပြားပြား

မြစ်ငယ် မြစ်လောင်း တောင်ကျခြောင်းတို့၏ ရေသည် မကြာမြင့်မီ ခန်းလွယ်သကဲ့သို့ နေ့ည့်တို့သည် လွန်သွားကုန်၏။ သတ္တဝါတို့၏ အသက်သည် ကုန်၏။

နံနက်အခါမှည့်ကုန်သော အသီးတို့၏ ကြွေကျသည်မှ စိုးရိမ်ဘွယ် ကြောက်မက်ဘွယ်သည် ဖြစ်သကဲ့သို့ ဤအတူ ဖြစ်ကုန်သော သတ္တဝါတို့၏ အမြဲသေရသည်မှ ကြောက်ခြင်းသည် ဖြစ်လေ၏။

အိုးထိန်းသည်သည် ပြုအပ်သော ကြီးကြီးငယ်ငယ် အကျက်အစိမ်း အိုးခွက်များသည် ကွဲပျက်ခြင်းလျှင် အဆုံးရှိသကဲ့သို့ ထို့အတူ သတ္တဝါတို့၏ အသက်သည် သေခြင်းအဆုံးရှိ၏။

မြက်ဖျားခွံ့တင်သော ဆီးနှင်းပေါက်သည် နေရောင်ထွက်လာသောအခါ ပျက်စီးသွေ့ခြောက် လွင့်ပျောက်သွားသကဲ့သို့ ဤအတူ လူတို့၏အသက်သည် ကြာရှည်စွာ တည်တံ့ခြင်း မရှိ။

ဤကိုယ်ခန္ဓာသည် ငါချည်းမဟုတ်၊ များစွာသော သတ္တဝါတို့နှင့် ဆက်ဆံ၏၊ ရှေးဦးစွာ ရှစ်ဆယ်သောပိုးမျိုးတို့နှင့် ဆက်ဆံ၏။ ထိုရှစ်ဆယ်သောပိုးမျိုးတို့တွင် အပေါ်ရေကိုမှီ၍ နေကုန်သောပိုးတို့သည် အရေပါးကို ကိုက်ဖြတ်ကုန်၏။ အတွင်းရေကို မှီ၍ နေကုန်သောပိုးတို့သည် အရေကို ခဲစားကုန်၏။ အသားကိုမှီကုန်သော ပိုးတို့သည် အသားကို ခဲစားကုန်၏။ အကြောကိုမှီကုန်သော ပိုးတို့သည် အကြောကို ခဲစားကုန်၏။ အရိုးကို မှီကုန်သောပိုးတို့သည် အရိုးကို ခဲစားကုန်၏။ ရိုးတွင်းခြင်ဆီကို မှီကုန်သောပိုးတို့သည် ရိုးတွင်းခြင်ဆီကို ခဲစားကုန်၏။ မိမိတို့နေရာ ကိုယ်အရပ်၌သာလျှင် ပေါက်ဖွားလျက် အိုခြင်းသို့ရောက်ပြီးလျှင် သေကြကုန်၏။ ကျင်ကြီးကျင်ငယ်ကို ပြုကုန်၏။

ကိုယ်ခန္ဓာသည် ပိုးမျိုးရှစ်ဆယ်တို့၏ မီးနေအိမ်, သူနာဇရပ်, သုသာန်, ကျင်ကြီးအိမ်, ကျင်ငယ်စွန့်ရာ ကျင်းများဖြစ်၏။ ကိုယ်ခန္ဓာသည် ပိုးမျိုးတို့၏ ပျက်သဖြင့် သေခြင်းသို့ ရောက်သည်သာလျှင် ဖြစ်၏။ ရှစ်ဆယ်သောပိုးမျိုးတို့နှင့် ဆက်ဆံသကဲ့သို့ ထို့အတူ သေခြင်း၏ အကြောင်းဖြစ်ကုန်သော ကိုယ်တွင်းဌဿာ ဖြစ်၍ အရာမကများကုန်သော ရောဂါတို့အားလုံး, ပြင်ပဌဿာဖြစ်ကုန်သော မြွေကင်းအစရှိသည်တို့အားလုံး ဆက်ဆံကုန်၏။

ဇီဝိတံ ဗျာဓိ ကာလော စ၊ ဒေဟနိက္ခေပနံ ဂတိ။
ပဠွတေ ဇီဝလောကသ္မိံ၊ အနိမိတ္တာ နု နာယရေ။

ဇီဝိတံ စ၊ အသက်သည်၎င်း။ ဗျာဓိ စ၊ အနာသည်၎င်း။ ကာလော စ၊ သေရာကာလသည်၎င်း။ ဒေဟနိက္ခေပနံ စ၊ ကိုယ်ခန္ဓာ အကောင်ပစ်ရာအရပ်သည်၎င်း။ ဂတိ၊ လားရာဂတိသည်၎င်း။ ဣတိ၊ ဤသို့။ ဧတေ ပဠွ၊ ဤငါးပါးတို့ကို။ ဇီဝလောကသ္မိံ၊ အသက်ရှိသော လောက၌။ အနိမိတ္တာ၊ အမှတ်နိမိတ် အပိုင်းအခြား မရှိကုန်သည်ဖြစ်၍။ နု နာယရေ၊ အပိုင်းအခြားအားဖြင့် မသိအပ်နိုင်ကုန်။

သတ္တဝါတို့ မသိခြင်းငါးပါးကို ပြဆိုခြင်း

၁။ ထိုငါးပါးတို့တွင် အသက်သည် ဤမျှလောက် ကာလပတ်လုံး အသက်ရှည်သင့်၏။ ဤမျှလောက်ကာလမှ တပါးသော ကာလပတ်လုံး အသက်မရှည်သင့်၊ ဤသို့လျှင် မှတ်သားအပ်သော အပိုင်းအခြားမရှိ။ မှန်၏၊ ကလလရေကြည် ဖြစ်ရာကာလ၌လည်း သတ္တဝါတို့သည် သေကုန်၏။ အမြှုပ်ဖြစ်ရာကာလ၌၎င်း, သားတစ်ဖြစ်ရာကာလ၌၎င်း, တခဲနက်ဖြစ်ရာကာလ၌၎င်း, တလရှိရာ ကာလ၌၎င်း သတ္တဝါတို့သည် သေကုန်၏။ နှစ်လရှိရာကာလ၌၎င်း,

သုံးလ, လေးလ, ငါးလ, ခြောက်လ, ခုနစ်လ, ရှစ်လ, ကိုးလ, ဆယ်လရှိရာ ကာလ၌ဌင်း သတ္တဝါတို့သည် သေကုန်၏။ မွေးဖွားသောအခါ၌ဌင်း, မွေးပြီးနောက် အသက်တရာ၏အတွင်း၌ဌင်း သေကြကုန်၏။

၂။ အနာကြောင့်လည်း သတ္တဝါတို့သည် သေကြကုန်၏။ ဤအနာမှ တပါးသောအနာဖြင့် မသေကုန်၊ ဤသို့ မှတ်သားအပ်သော အပိုင်းအခြား မရှိ။ မှန်၏၊ မျက်စိနာကြောင့်လည်း သတ္တဝါတို့သည် သေကြကုန်၏၊ နား ရောဂါ အစရှိသည်တို့တွင် တပါးပါးသော ရောဂါကြောင့်လည်း သတ္တဝါတို့ သည် သေကြကုန်၏။

၃။ ဤကာလ၌ သေသင့်၏၊ တပါးသောကာလ၌ မသေသင့်၊ ဤသို့ မှတ်သားအပ်သော အပိုင်းအခြားမရှိ။ မှန်၏၊ သတ္တဝါတို့သည် နံနက်အခါ၌ လည်း သေကြကုန်၏၊ နေ့လည်ကာလ စသည်တို့တွင် တပါးပါးသော ကာလ ၌လည်း သေကြကုန်၏။

၄။ သေသောသတ္တဝါတို့၏ ကိုယ်ခန္ဓာသည် ဤအရပ်၌ဘာလျှင် ကျသင့် ၏၊ တပါးသောအရပ်၌ ကိုယ်ကောင်သည် မကျသင့်၊ ဤသို့ ပိုင်းခြားမှတ်သား ခြင်း မရှိ။မှန်၏၊ ရွာ၌ ပေါက်ဖွားသော သတ္တဝါတို့၏ ကိုယ်ခန္ဓာသည် ရွာပြင် ၌လည်း ကျသေ၏။ ရွာပြင်၌ ပေါက်ဖွားသော သတ္တဝါတို့၏ ကိုယ်ခန္ဓာသည် ရွာတွင်း၌လည်း ကျသေ၏။ (အကျယ်ခဲ့၍ သိကြလေ။)

၅။ ဤဘဝမှ စုတေသေလွန်သောသူသည် ထိုဘဝ၌ ဤသို့ ဖြစ်သင့် ဖြစ် ထိုက်၏။ ဤသို့ ပိုင်းခြားမှတ်သားခြင်းမရှိ။ မှန်၏၊ နတ်ပြည်မှ စုတေသော နတ်တို့သည် လူဝို့၌လည်း ဖြစ်ကုန်၏။ လူ့ပြည်မှ စုတေသော ပုဂ္ဂိုလ်တို့သည် နတ်ပြည်စသည်ဘို့တွင် တပါးပါးသောအရပ်၌လည်း ဖြစ်ကုန်၏။ ဤသို့လျှင် ဆုံယန္တရား၌ ကသော နွားကဲ့သို့ ဂတိငါးပါး၌ သတ္တဝါသည် တပြောင်း ပြန်ပြန် ကျင်လည်ရ၏။ ဤသို့ အပိုင်းအခြားမရှိသောအားဖြင့် သေခြင်းတရား ကို အဖန်တလဲလဲ အောက်မေ့အပ်၏။

ရဟန်းတို့ လူတို့၏အသက်သည် တိုတောင်းလှ၏၊ တမလွန်လောကသို့ မကြာမီ သွားရတော့လတ္တံ့၊ အပြစ်မရှိ ကောင်းကျိုးပေးခြင်း လက္ခဏာရှိသော ကုသိုလ်ကိုသာ ပြုအပ် ပြုသင့်၏။ မြတ်သောအကျင့်ကိုသာ ကျင့်သုံးသင့်၏။ ဘဝဖြစ်လာသောသူအား မသေခြင်းမည်သည် မရှိခဲ့။ အသက်တရာအတွင်း သေကြရမည်။ ထို့ထက်အလွန် အနည်းငယ်သာ အသက်ရှည်၏။

အပ္ပမာယု မနုဿာနံ၊ ဟီဠေယ္ယ နံ သုပေါရိသော။
စရေယျာဒိတ္တသီသော၀၊ နတ္ထိ မစ္စုဿ နာဂမော။
(မဟာနိဒ္ဒေသပါဠိ၊ ၃၄။)

လူတို့၏အသက်သည် တိုတောင်းလှ၏၊ ထိုအသက်ကို သူတော်ကောင်းများသည် ငြီးငွေ့၏။ ဦးခေါင်းကို မီးလောင်သောသူကဲ့သို့ အသေကင်းကြောင်း အကျင့်ကောင်းကို လျင်စွာကျင့်ရာ၏။ သေခြင်းတရား၏ မရောက်အံ့သည်ကား မရှိခဲ့။

သတိပြုသင့်ပုံ

မရဏာနုဿတိကမ္မဋ္ဌာန်းကို အဖန်ဖန် ပွားများအားထုတ်သော ပုဂ္ဂိုလ်အား မိမိသေရမှာကိုမြင်သဖြင့် မိမိချည်း သေရမှာလို့ထင်ပြီး စိတ်ငယ်၍ ကြောက်ရွံ့တုန်လှုပ်၍လည်း သွားတတ်၏။ ထိုသို့မဖြစ်အောင် သတိဆောင်၍ ဆင်ခြင်အောက်မေ့ဘို့ရန်ကား—

နခေါ အဟညေဝကော မရဏမမ္မော မရဏံ အနတီတော၊ အထခေါ ယာဝတာ သတ္တာနံ အာဂတိ ဂတိ စုတိ ဥပပတ္တိ၊ သဗ္ဗေ သတ္တာ မရဏမမ္မာ မရဏံ အနတီတာ။

အဟညေဝကော၊ ငါတယောက်တည်းသာလျှင်။ မရဏမမ္မော၊ သေရခြင်းသဘောရှိသည်။ မရဏံ၊ သေရခြင်းကို။ အနတီတော၊ မလွန်နိုင်သည်။ နခေါ၊ မဟုတ်ခဲ့။ ခေါ၊ အမှန်စင်စစ်ကား။ ယာဝတာ၊ အကြင်မျှလောက်။ သတ္တာနံ၊ သတ္တဝါတို့အား။ အာဂတိ၊ ရှေးဘဝမှ ဤပစ္စုပ္ပန်ဘဝသို့ ပဋိသန္ဓေနေရအောင် လာခြင်းသဘောသည်။ ဂတိ၊ လာပြီး၍ ပဋိသန္ဓေနေရခြင်းသဘောသည်။ စုတိ၊ ပဋိသန္ဓေနေပြီး မွေးဖွားရ၌ တဖန် စုတေခြင်းသဘောသည်။ ဥပပတ္တိ၊ ဤပစ္စုပ္ပန်ဘဝမှ စုတေသေဆုံးပြီး၍ နောက်တဖန် ပဋိသန္ဓေနေပြန်ခြင်း သဘောသည်။ အတ္ထိ၊ ရှိ၏။ တေ သဗ္ဗေ သတ္တာ၊ ထိုပဋိသန္ဓေနေခြင်း သဘောရှိကြကုန်သော အလုံးစုံသော သတ္တဝါတို့သည်။ မရဏမမ္မာ၊ သေခြင်းသဘော ရှိကြကုန်၏။ မရဏံ၊ သေခြင်းကို။ အနတီတာ၊ မလွန်နိုင်ကြကုန် (သေကြရကုန်လတ္တံ့) ဟူ၍လည်း ဆင်ခြင်အောက်မေ့ရာ၏။ (အင်္ဂုတ္တိုရ်ပါဠိ၊ ဒုတိယအုပ်၊ ပဉ္စကနိပါတ်ပါဠိတော်-၆၅)။

မရဏာနုဿတိကို ပွါးသော ရဟန်းရှစ်ပါး

မြတ်စွာဘုရားလက်ထက်တော်အခါက မရဏာနုဿတိကမ္မဋ္ဌာန်း ပွါးများသော ရဟန်း(၈)ပါးရှိသည်၊ ထိုရဟန်းများက မြတ်စွာဘုရားအား ဤသို့ အသီးအသီး လျှောက်ကြလေ၏၊—

၁။ တပည့်တော်သည် "တနေ့နှင့်တည် အသက်ရှည်စွာ နေရပါမူ ကောင်းလေစွ"ဟု နှလုံးသွင်းကာ မရဏာနုဿတိဘာဝနာကို ပွားများပါ၏ဘုရား။

၂။ တပည့်တော်သည် "တနေ့တခက်မျှ အသက်ရှည်စွာနေရပါမူ ကောင်းလေစွ၃" ဟု နှုတ်သွင်းကာ မရဏာနုဿတိဘာဝနာကို ပွားများပါ၏ဘုရား။

၃။ တပည့်တော်ဘည် "နေ့ထက်ဝက်မျှလောက် အသက်ရှည်စွာ နေရပါမူ ကောင်းလေစွ၃" ဟု နှုတ်သွင်းကာ မရဏာနုဿတိဘာဝနာကို ပွားများပါ၏ ဘုရား။

၄။ တပည့်တော်သည် "ဆွမ်းဝအောင် တကြိမ်စားကာမျှလောက် အသက်ရှည်စွာ နေရပါမူ ကောင်းလေစွ၃" ဟု နှုတ်သွင်းကာ မရဏာနုဿတိဘာဝနာကို ပွားများပါ၏ဘုရား။

၅။ တပည့်တော်သည် "ဆွမ်းထက်ဝက် တကြိမ်စားကာမျှလောက် အသက်ရှည်စွာ နေရပါမူ ကောင်းလေစွ၃" ဟု နှုတ်သွင်းကာ မရဏာနုဿတိဘာဝနာကို ပွါးများပါ၏ဘုရား။

၆။ တပည့်တော်သည် "ဆွမ်းလေးလုပ် ငါးလုပ်စားသောကာလမျှလောက် အသက်ရှည်စွာ နေရပါမူ ကောင်းလေစွ၃" ဟု နှုတ်သွင်းကာ မရဏာနုဿတိဘာဝနာကို ပွါးများပါ၏ဘုရား။

၇။ တပည့်တော်သည် "ဆွမ်းတလုပ်စားပြီးကာမျှလောက် အသက်ရှည်စွာ နေရပါမူ ကောင်းလေစွ၃" ဟု နှုတ်သွင်းကာ မရဏာနုဿတိဘာဝနာကို ပွားများပါ၏ဘုရား။

၈။ တပည့်တော်သည် "ထွက်သက်ရှူခိုက်မျှသာ အသက်ရှည်စွာ နေရလိမ့်မည်ဟု ထင်ပါ၏၊ တဖန် ဝင်သက်ရှိုက်ရလိမ့်မည်ဟုမထင်၊ ဝင်သက် ရှိုက်ပြန်လျှင်လည်း ထို ဝင်သက်ရှိုက်ခိုက် ဝင်ခိုက်မျှသာ အသက်ရှည်စွာနေရပါလိမ့်မည်ဟု ထင်ပါ၏၊ တဖန် ထွက်သက်ရှူရ ထွက်ရလိမ့်မည်ဟု မထင်ပါ" ဟု ဤသို့ကြံစည်ကာ ဤကဲ့သို့ မရဏာနုဿတိဘာဝနာကို ပွားများပါ၏ ဘုရားဟု အသီးအသီး လျှောက်ကြသောအခါ မြတ်စွာဘုရားက ရွှေခြောက်ပါးကို မရဏာသတိ အဆင်လေးသောကြောင့် မေ့မေ့လျော့လျော့ နုံ့နုံ့နှေးနှေး နေသော ရဟန်းများဟူ၍၎င်း, နောက်နှစ်ပါးကို မမေ့မလျော့ မရဏာသတိကို အဆင်မြန်နေသဖြင့် ရဟန္တာဖြစ်ဘို့ ပွားများအားထုတ်သော ရဟန်းများဟူ၍၎င်း အင်္ဂုတ္တရနိကာယ်ပါဠိတော် စတုတိယ၊ ၁၃၅-၌ ဟောကြားလေသည်။

ယခု ရေးသားခဲ့သော "ငါသေရဦးမည်၊ ငါသေရဦးမည်" ဟူသော မရဏာသတိ ကမ္မဋ္ဌာန်းသည် ရှစ်ယောက်မြောက်ရဟန်း ပွားများပုံနှင့်ညီညွတ်အောင် စီစဉ်ထား၏။ အဋ္ဌကထာ၌ "မရဏံ ဘဝိဿတိ၊ ဇီဝိတံ နြိယ် ဉပစ္ဆိဇ္ဇိဿတိ၊ မရဏံ မရဏံ" ဟူ၍ လာ၍၏။

မရဏံ၊ သေခြင်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဇီဝိတိန္ဒြိယံ၊ ဇီဝိတိန္ဒြေသည်။ ဥပစ္ဆိဇ္ဇိဿတိ၊ ပြတ်လတ္တံ့။ မရဏံ မရဏံ၊ သေခြင်းသဘော သေခြင်းသဘော။

ဤသို့ လာလေသည်။ ဤသဘောသည်လည်း "ငါသေရဦးမည်"ဟူသော စကားရပ်နှင့် အဓိပ္ပါယ်အတူတူပင် ဖြစ်လေ၏။

တနည်းအားဖြင့် "အဝဿံ မယာ မရိတဗ္ဗံ=ငါမုချ သေရမည်"ဟု ဆို၍ ပွားများရမည်။ "ဓုဝံ မယာ မရိတဗ္ဗံ"ဟူ၍လည်း အခါခါပညာရှိတို့ ပွားများကြသေး၏။ နှစ်သက်ရာ ပွားများကြပါလေ။

အသက်ကို ခဏပရိတ္တအားဖြင့် ရှုဆင်ခြင်ပုံ

သတ္တဝါတို့၏ ပရမတ္ထအားဖြင့် အသက်ရှင်ခြင်း၏ ခဏသည် အလွန်တိုလှ၏။ တကြိမ်သောစိတ်၏ ဖြစ်ခြင်းခဏမျှသာ ပမာဏရှိ၏။ ဥပမာအားဖြင့် ရထားစက်ဘီးသည် လိမ့်လည်သော်လည်း တခုသောအကွပ်၏ အရပ်အစိတ်ဖြင့်သာလျှင် ရပ်တည်သကဲ့သို့ ဤအတူ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် တကြိမ်သော စိတ်၏ဖြစ်ခြင်းခဏမျှသာ ပမာဏရှိ၏။ ထိုဖြစ်ဆဲစိတ် ချုပ်ခြင်းသို့ရောက်ကာမျှသာ ထိုစိတ်နှင့်ပြည့်စုံသောသတ္တဝါကို သေရှာပြီဟူ၍ ဆိုအပ်၏။

မဟာနိဒ္ဒေသပါဠိတော် (၃၂) ၌လည်း—

"အတီတေ စိတ္တက္ခဏေ ဇီဝိတ္ထ, န ဇီဝတိ, န ဇီဝိဿတိ။
အနာဂတေ စိတ္တက္ခဏေ ဇီဝိဿတိ, န ဇီဝတိ, န ဇီဝိတ္ထ,
ပစ္စုပ္ပန္နေ စိတ္တက္ခဏေ ဇီဝတိ, န ဇီဝိတ္ထ, န ဇီဝိဿတိ။
ဇီဝိတံ အတ္တဘာဝေါ စ၊ သုခဒုက္ခာ စ ကေဝလာ။
ကေစိတ္တသမာယုတ္တာ၊ လဟုသော ဝတ္တတေ ခဏော။
ယေ နိရုဒ္ဓါ မရန္တသ္သ၊ တိဋ္ဌမာနဿ ဝါ ဣဓ။
သဗ္ဗေပိ သဒိသာ ခန္ဓာ၊ ဂတာ အပ္ပဋိသန္ဓိကာ။
အနိဗ္ဗတ္တေန နာဂတော၊ ပစ္စုပ္ပန္နေန ဇီဝတိ။
စိတ္တဘင်္ဂါ မတော လောကော၊ ပညတ္တိ ပရမတ္ထိယာ။

ဟူ၍ ဟောတော်မူ၏။

လွန်လေပြီးသော စိတ္တက္ခဏ၌ အသက်ရှင်ဘူးပြီး၊ အသက်ရှင်ခဲ့ မဟုတ်၊ အသက်ရှင်လတ္တံ့လည်း မဟုတ်။ အနာဂတ်ဖြစ်သော စိတ္တက္ခဏ၌ အသက်ရှင်လတ္တံ့။ အသက်ရှင်ဘူးပြီမဟုတ်၊ အသက်ရှင်ဆဲလည်း မဟုတ်၊ ပစ္စုပ္ပန်ဖြစ်သော

စိတ္တက္ခဏ၌ အသက်ရှင်ဆဲ၊ အသက်ရှင်ဘူးပြီးမဟုတ်၊ အသက်ရှင်လတ္တံ့လည်း မဟုတ်။

ဇီဝိတိန္ဒြေသည်၎င်း, အတ္တဘောသည်၎င်း, သုခဒုက္ခဝေဒနာတို့သည်၎င်း အတ္တ နိစ္စအဖြစ်နှင့် မရောကုန်။ တခုတခုသော စိတ်နှင့်တကွ ဖြစ်ကုန်၏။ လျင်မြန်သော အသက်အစရှိသည်တို့၏ ခဏသည်ဖြစ်၏။

သေသောသတ္တဝါတို့၏ အကြင်ခန္ဓာတို့သည် ချုပ်ငြိမ်းလေကုန်ပြီ။ ဤပဝတ္တိ၌ တည်ဆဲဖြစ်သော သတ္တဝါ၏ အကြင်ခန္ဓာတို့သည် ဘင်သို့ရောက်သဖြင့် ချုပ်ငြိမ်းကုန်ပြီ။ ထိုအလုံးစုံသော ခန္ဓာတို့သည် တခုတည်းကဲ့သို့ တူကုန်၏။ တဖန် လာ၍ဖြစ်ပြန်ခြင်း မရှိသည်ဖြင့်၍ ကင်းသည့်အတွက် တူကုန်၏။

မဖြစ်သေးသော စိတ်ဖြင့် ဖြစ်ဆဲရှင်ဆဲမည်သည် မဖြစ်။ ဖြစ်ဆဲရှင်ဆဲမမည်သည်ဖြစ်၏။ ပစ္စုပ္ပန်ဖြစ်သော စိတ်ဖြင့် ရှင်ဆဲမည်၏။ စိတ်၏ပျက်ခြင်းကြောင့် ဤသတ္တဝါသည် ပရမတ်အားဖြင့် သေသည်မည်၏။ ဤသို့ ပရမတ်အားဖြင့် သေသည်မည်သော်လည်း မည်သူ အသက်ရှင်နေသည်ဟု ပြောဆိုအပ်သော သန္တာန်ပညတ်သည် ထင်ရှား ရှိဆဲကို စဲ၍ ပြောဆိုအပ်သောကြောင့် ပရမတ်ကဲ့သို့ဖြစ်၏။

မရဏာနုဿတိကမ္မဋ္ဌာန်းအကျိုး

ဤမရဏာနုဿတိ ကမ္မဋ္ဌာန်းကို ပွားများသော ပုဂ္ဂိုလ်အား သေရမည်ဟူသော သတိတရား ကောင်းစွာ တည်ရှိ၏။ နိဝရဏများ ကင်းကွာ၏။ စျာန်အင်္ဂါများလည်းဖြစ်၏။ သို့သော် အာရုံ၏ သဘာဝမူ၏ အဖြစ်ကြောင့်၎င်း, ထိတ်လန့်သံဝေဂကို ဖြစ်တတ်သည်၏အဖြစ်ကြောင့်၎င်း အပွနာသို့ မရောက်မူ၍ ဥပစာသို့ ရောက်သောစျာန်ဖြစ်၏။

အထူးကား–လောကုတ္တရာစျာန်သည်၎င်း, ဒုတိယစတုတ္ထဖြစ်သော အာရုပ္ပစျာန်တို့သည်၎င်း သဘာဝမမူ၌ ဘာဝနာအထူးဖြင့် အပွနာသို့ ရောက်ကုန်၏။

အကျယ်ကား–ဝိသုဒ္ဓိခုနစ်ပါးကို ပွားစေသော ဘာဝနာအစဉ်၏ အစွမ်းဖြင့် လောကုတ္တရာစျာန်သည် အပွနာအဖြစ်သို့ ရောက်၏။ အာရုံကို လွန်သော ဘာဝနာ၏ အစွမ်းဖြင့် အာရုပ္ပစျာန်သည် အပွနာသို့ ရောက်၏။ အပွနာသို့ ရောက်ပြီးသည်သာလျှင်ဖြစ်သော ရှေးရှေး၏ အာရုံကို လွန်ခြင်းမျှသည် အရုပစျာန်၌ ဘာဝနာဖြင့် ပြုရန်ကိစ္စရှိသည့်အတွက် ဤမရဏာနုဿတိကမ္မဋ္ဌာန်း၌ ထိုခုနစ်ပါးမရှိချေ။ ထို့ကြောင့် ဥပစာသို့ ရောက်သည်သာလျှင်ဖြစ်သော စျာန်သည်ဖြစ်၏။ ထိုစျာန်သည် မရဏဿတိ အစွမ်းဖြင့်ဖြစ်သည်၏ အဖြစ်ကြောင့် မရဏဿတိဟူ၍သာ ရေတွက်ခြင်းသို့ရောက်၏။

ဤကမ္မဋ္ဌာန်းကို ပွားများသော ယောဂီပုဂ္ဂိုလ်သည် ထိတ်လန့်ခြင်းများသည်၏ အဖြစ်ကြောင့် အမြဲမပြတ် မမေ့မလျော့ခြင်းသည်ဖြစ်၏။ ဘဝအားလုံးတို့၌ မွေလျော်ဘွယ်မရှိဟူသော အမှတ်ကိုရ၏။ သေခြင်းတရား မခွတ်ဖြစ်လတ္တံ့သည်ကို မြင်လင့်သောကြောင့် အသက်၌ နှစ်သက်ခြင်းကိုစွန့်နိုင်၏။ အနိစ္စသညာကို ရသောကြောင့် မကောင်းမှုကို ကဲ့ရဲ့စက်ဆုပ်လေ့ရှိ၏။

ထို့ကြောင့်ပင် ပစ္စည်းတို့၌ သိုမှီးသိမ်းဆည်းခြင်း မများပဲ နှမြောဝန်တိုခြင်းကင်း၏။ အနိစ္စသညာသည် စုဝေးခြင်းသို့ရောက်၏။ ထိုအနိစ္စသညာသို့အစဉ်လျောက်သဖြင့်ပင် ဒုက္ခသညာ, အနတ္တသညာထင်၏။ ဤမရဏာဿတိဘာဝနာကို မပွားများကုန်သော သတ္တဝါတို့သည် လျင်မြန်စွာသားရဲ, ဘီလူး, ရက္ခိုဿ်, မြွေ, လူသတ်, ခိုးသူတို့သည် နှိပ်စက်ခံရသော သူတို့ကဲ့သို့ သေခါနီးကာလ၌ ထိတ်လန့်ကြောက်ရွံ့လျက် တွေဝေခြင်းသို့ ရောက်ကြကုန်၏၊ မရဏာဿတိကို ပွားထားသူတို့ကား ထိုသို့မဟုတ်ပဲ သေခြင်းတရား ရှေးဦးစွာ ထင်ထားသည့်အတွက် ကြောက်လန့်တွေဝေခြင်း ကင်းစွာ စုတေသေလွန်ရ၏။

မျက်မှောက် အတ္တဘောဌ် အမြိုက်နိဗ္ဗာန်ကို အကယ်၍ မရသည်ဖြစ်အံ့၊ သေပြီးသည့်နောက် သုဂတိဘုံသို့ ရောက်နိုင်၏။

ရှေးဦးစွာ သေခြင်းတရား ပွားများထားသည့်အတွက် ချမ်းသာမှုရရှိပုံဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း တိုင်းပြည်အုပ်ချုပ်စဉ်အခါ ဘုရားအလောင်းတော်သည် ဗာရာဏသီပြည် ပုဏ္ဏားမျိုး၌ ဖြစ်၍ ရွာတခုမှာ လယ်ယာလုပ်လျက် နေ၏။ သားသမီးနှစ်ယောက်ရှိရာတွင် သားကို အရွယ်ရောက်သောအခါ အမျိုးတူ အမျိုးသမီးတယောက်နှင့် ထိမ်းမြားမင်္ဂလာပြုပေး၏။ စည်းစိမ်ပြည့်စုံသဖြင့် ကျွန်အစေခံမိန်းမတယောက်လည်း မွေးထားလေသည်။ ကျွန်မိန်းမနှင့်ဆိုလျှင် ခြောက်ယောက်ရှိ၏။ ထိုခြောက်ယောက်တို့သည် ဝမ်းမြောက် ဝမ်းသာစွာ နေထိုင်ကြ၍ ဘုရားလောင်း၏ အဆုံးအမ၌ ရှိသေစွာ နာခံလျက်ရှိကြ၏။

ဘုရားလောင်းသည်လည်း ကျန်ငါးယောက်တို့အား ဒါန သီလပြည့်စုံဘို့နှင့် ဥပုသ်နေ့များ၌ ဥပုသ်စောင့်သုံးဘို့ကိုဂုဏ်း, မရဏာနုဿတိကမ္မဋ္ဌာန်း ပွားများဘို့ကိုဂုဏ်း တိုက်တွန်း၏။ ထို့နောက် ဤသတ္တဝါတို့၏ သေခြင်းသဘောတရားသည် မြဲ၏။ သတ္တဝါတို့၏ အသက်သည် မမြဲပေ။ ရုပ်နာမ်မမှ သခါရတို့သည် ဖြစ်ခြင်း ပျက်ခြင်း သဘောရှိ၍ မမြဲကုန်။ နေ့ညမရွေး တရားပွားများ၍ မမေ့မလျော့ နေရစ်ကြလေ့ဟု ဩဝါဒ ပေးသဖြင့် ထိုငါးယောက်တို့က

ဝမ်းမြောက်စွာ နာယူလျက် မမေ့မလျော့ မရဏာနုဿတိကမ္မဋ္ဌာန်းကို ပွားများကြကုန်၏။

တနေ့သောအခါ ဘုရားအလောင်းတော်သည် သားနှင့်အတူတကွ လယ်တောသို့ သွား၏။ သားသည် အမှိုက်များကို စုရှိမီးတိုက်ရာတွင် အမှိုက်ပုံ၏ အနီး တောင်ပိုတခုၦ် မြွေဟောက်တကောင်ရှိသဖြင့် မီးခိုးများသည် မြွေဟောက်၏ မျက်လုံးသို့ ဝင်ကုန်၏။ မျက်လုံးသို့ မီးခိုးများ ဝင်သောအခါ ဒေါသထွက်လာ၍ သားအား ကိုက်သတ်လေသည်။

ဘုရားအလောင်းတော်သည် သားလဲကျသည်ကို မြင်သဖြင့် နွားများကို ထားခဲ့ပြီး သွား၍ ကြည့်သောအခါ သားသေသည်ကိုသိလေလျှင် သားသေကို ပွေ့ချီပြီး ညီညာသော သစ်ပင်ရိပ်မှာခင်းသိပ်ကာ ပြုပြင်၍ ထားလေ၏။ ရှေကပင် ပျက်စီးခြင်းသဘောတရား မရဏာနုဿတိ ကမ္မဋ္ဌာန်းကို ပွားများထားသဖြင့် ငိုကြွေးခြင်း ပူပန်ခြင်းမရှိခဲ့။

ပျက်စီးရမည့် အရာဝတ္ထုသည် ပျက်စီးခဲ့၏။ သေရမည့် သဘောတရားသည် သေခဲ့၏။ ရုပ်နာမ် ဓမ္မ သင်္ခါရတို့သည် မမြဲကုန်။ သေခြင်းသို့သာ ရောက်ကုန်၏ ဟု အနိစ္စကမ္မဋ္ဌာန်းကို ပွားများကာ လယ်ထွန်လေ၏။ ထို့သို့ လယ်ထွန်နေစဉ် လယ်နီးချင်း အဖော်တယောက် အိမ်ပြန်သည်ကိုမြင်သဖြင့် အမောင်–ငါတို့ အိမ်ကို ခပြောလိုက်ပါ။ မယားနှင့်တကွ သမီး, ခွေးမ, ကျွန်မလေးယောက်တို့ကို တယောက်စာထမင်းပွဲနှင့် ပန်းနံ့သာလက်စွဲပြီး လယ်ထဲသို့ အကုန်လာစေလို ကြောင်းကို ပြောကြားလိုက်ပါဟု မှာလိုက်လေ၏။

အိမ်နီးချင်း အဖော်သည်လည်း မှာလိုက်သည့်အတိုင်းသွား၍ ပြောသော အခါ မယားပုဏ္ဍားမသည် ငါ့သားသေပြီဟု သိရှိလေ၏။ ထို့သို့ပင် သိသော်လည်း မိခင်၏စိတ်နှလုံးကား တုန်လှုပ်ချောက်ချားမှုမရှိခဲ့။ ထိုလေးယောက်သော ပုဂ္ဂိုလ်တို့သည် ပန်းနံ့သာလက်စွဲလျက် တယောက်စာ ထမင်းကိုယူကာ လယ်တောသို့ သွားကြလေ၏။ တယောက်မျှ ငိုကြွေးမှုမဖြစ်ပေ။

ဘုရားအလောင်းတော်သည် သားသေထားသော သစ်ပင်ရိပ်၌ထိုင်၍ ထမင်းစားပြီးလျှင် ထင်းများကို သယ်ယူကာ အလောင်းကောင်ကို နံ့သာပန်းတို့ဖြင့် ပူဇော်၍ မီးတိုက်ကြကုန်၏။ အကုန်လုံး မရဏာနုဿတိ ဘာဝနာများ ပွားများထားသည့်အတွက် မျက်ရည်ပေါက်တပေါက်မျှ မည်သူမျှကျခြင်းမရှိခဲ့။

ထိုငါးယောက်တို့၏ သီလတန်းခိုးခြောင့် သိကြားမင်း၏ နေရာသည် ပူသောအခြင်းအရာကို ပြသဖြင့် အဘယ်အကြောင်းကြောင့်ပါနည်းဟု စူးစမ်းဆင်ခြင်သည်ရှိသော် အကြောင်းစုံကို သိ၍၌ သုသာန်သို့သွားကာ သူသေကောင် အနီး၌ရပ်လျက် အမောင်ပုဏ္ဏား–ဘာလုပ်သနည်းဟု ပြောဆိုမေးမြန်းလေ၏။

အရှင် – သူသေကောင်ကို ကျွန်ုပ်တို့ မီးသင်္ဂြိုဟ်ကြပါ၏၊ ထိုမီးတိုက်ခံရသော သူသည်လည်း ရန်သူမဟုတ်ပဲ အကျွန်ုပ်တို့ အလွန်ချစ်မြတ်နိုးသော ရင်သွေးအစစ်ဖြစ်ပါ၏ဟု ပြောဆိုသောအခါ ဘယ်အတွက်ကြောင့် ကိုယ့်သားချစ်ဖြစ်ပါလျက် မငိုကြွေးပါသနည်းဟု တဖန် မေးပြန်လေသည်။ ဘုရားအလောင်းတော်သည် မငိုကြွေးခြင်းအကြောင်းကို ပြောကြားလိုရကား –

ဥရဂေါဝ တစံ ဇိဏ္ဏံ၊ ဟိတ္ဝာ ဂစ္ဆတိ သံ တနုံ။
ဧဝံ သရီရေ နိဇ္ဇီဝေ၊ ပေတေ ကာလင်္ကတေ သတိ။

ဒုယ္ဟမာနော န ဇာနာတိ၊ ဉာတီနံ ပရိဒေဝိတံ။
တဿာ ဧတံ န သေဘာမိ၊ ဂတော သော တဿ ယာ ဂတိ။

သာမိ၊ အရှင်။ ဥရဂေါ၊ မြွေသည်။ ဇိဏ္ဏံ တစံ၊ အရေဟောင်းကို။ ဟိတ္ဝာ၊ ခွါပစ်၍။ ဂစ္ဆတိ ဣဝ၊ သွားသကဲ့သို့။ တထာ၊ ထို့အတူ။ မမ ပုတ္တော၊ အကျွန်ုပ်၏သားသည်။ သံ တနုံ၊ ဤကိုယ်ကောင်ဟောင်းကို။ ဟိတ္ဝာ၊ စွန့်ပစ်၍။ ဂစ္ဆတိ၊ သွားလေ၏။ သရီရေ၊ ကိုယ်ဟောင်းသည်။ ဧဝံ နိဇ္ဇီဝေ၊ ဤသို့ အကျွန်ုပ်၏သား မသုံးစားပဲ အခြားအရပ်သို့ စွန့်ကာထား၍ သွားခဲ့လေသည် ရှိသော်၎င်း။ ပေတေ၊ တမလွန်ဘဝသို့ ရောက်ပြန်သော်၎င်း။ ကာလင်္ကတေ၊ သေခြင်းသည်။ သတိ၊ ရှိသော်၎င်း။ ဒုယ္ဟမာနော၊ မီးတိုက်အပ်သည်ရှိသော်၎င်း။ ဉာတီနံ၊ ဆွေမျိုးတို့၏။ ပရိဒေဝိတံ၊ ငိုကြွေးမြည်တမ်းခြင်းကို။ န ဇာနာတိ၊ မသိပါ။ တဿ ပုတ္တဿ၊ ထိုသား၏။ ယာ ဂတိ၊ အကြင်လားရောက်အပ်သော ဘဝသည်။ အတ္ထိ၊ ရှိ၏။ တံ ဂတိ ံ၊ ထိုလားရောက်အပ်သောဘဝသို့။ သော မမ ပုတ္တော၊ ထိုအကျွန်ုပ်၏ သားသည်။ ဂတော၊ သွားလေပြီ။ တဿာဧဝ၊ ထို့ကြောင့်သာလျှင်။ ဧတံ၊ ထိုသားသေအတွက်။ န သေဘာမိ၊ ငိုကြွေးညှူးမှိန်မစိုးရိမ်ပါ။

ဤသို့ ဘုရားအလောင်းပုဏ္ဏား ပြောစကားကို သိကြားမင်း ကြားသိပြီးသောအခါ ပုဏ္ဏေးမကို မေးပြန်လေ၏။ ပုဏ္ဏေးမက တဖန် ပြောဆိုပြန်သည်မှာ –

အနဝိုတော တတော အာဂါ၊ နာနုညာတော ဣတော ဂတော။
ယထာ ဂတော တထာ ဂတော၊ တတ္ထ ကာ ပရိဒေဝနာ။

မာဏဝ၊ အမောင်လုလင်။ မမ ပုတ္တော၊ ငါ၏သားသည်။ တတော၊ ထိုရွေးဘဝမှ။ ဣဓ၊ ဤအိမ်သို့။ အနဝိုတော၊ မခေါ်ငင်ရပဲသာလျှင်။ အာဂါ၊ ခိုမှီးလာ၏။ ဣတော၊ ဤတဲအိမ်မှ။ နာနုညာတော၊ ခွင့်မပြုရပဲသာလျှင်။ ဂတော၊ ထွက်သွားပြန်၏။ အာဂတော ယထာ၊ ဝင်ရောက်လာသကဲ့သို့။ တထာ၊ ထို့အတူ။ ဂတော၊ ပြန်သွားချေ၏။ တတ္ထ၊ ထိုပြန်သောသူ၌။ ပရိဒေဝနာ၊ ထိုဤတွေးဆ

ငိုကြွေးရခြင်းသည်။ ကာ၊ ဘာအကျိုးရှိပါအံ့နည်း။ တသွာဓေ၊ ထို့ကြောင့် သာလျှင်။ ဧတံ၊ ထိုသားအတွက်။ နဿောစာမိ၊ မစိုးရိမ် မပူဆွေးပါ။

ပုဏ္ဏေးမ ပြောသောစကားကို သိကြားမင်း ကြားသိလေလျှင် နှမကို တဖန် မေးမြန်းသဖြင့် နှမဖြစ်သူက ပြောဆိုသည်မှာ—

သစေ ရောဒေ ကိသာ အဿံ၊ တဿာ မေ ကိံဖလံ သိယာ။
ညာတိမိတ္တာသုဟဇ္ဇာနံ၊ ဘိယ္ယော နော အရတီ သိယာ။

မာဏဝ၊ အမောင်လုလင်။ အဟံ၊ ကျမသည်။ သစေ ရောဒေ၊ မောင့်အတွက် အကယ်၍ ငိုခဲ့သည်ဖြစ်အံ့။ ကိသာ၊ ကိုယ်ခန္ဓာပိန်ချုံးသည်။ အဿံ၊ ဖြစ်ခဲ့လေရာ၏။ တဿာ မေ၊ ထိုကျမအား။ ကိံဖလံ၊ ငိုသည့်အတွက် ဘယ်အကျိုးသည်။ သိယာ၊ ဖြစ်ပါအံ့နည်း။ ညာတိမိတ္တာသုဟဇ္ဇာနံ၊ ဆွမျိုး မိတ်ဆွ အဆွေခင်ပွန်း ဖြစ်ကုန်သော။ နော၊ ကျမတို့အား။ အရတီ၊ မပျော်မွေ့ခြင်းသည်။ ဘိယ္ယော၊ အလွန်အကဲသာလျှင်။ သိယာ၊ ဖြစ်ပေရာ၏။ တသွာဓေ၊ ထို့ကြောင့်သာလျှင်။ ဧတံ၊ ထိုဒေသသောမောင်အတွက်။ နဿောစာမိ၊ မစိုးရိမ် မပူဆွေးပါ။

နှမပြောသော စကားကို သိကြားမင်း ကြားသိလေလျှင် ခင်ပွန်းမ ထံ ချဉ်းကပ်ပြီး မငိုခြင်းအကြောင်းကို မေးမြန်းလေရာ ခင်ပွန်းမက ပြောဆို သည်မှာ—

ယထာပိ ဒါရကော စန္ဒံ၊ ဂစ္ဆန္တမနုဓာဝတိ။
ဧဝံ သမ္မဒမေဝေတံ၊ ယော ပေတမနုသောစတိ။

မာဏဝ၊ အမောင်လုလင်။ ဒါရကော၊ ကလေးငယ်သည်။ အာကာသေ၊ ကောင်းကင်၌။ ဂစ္ဆန္တံ၊ သွားသော။ စန္ဒံ၊ လဗိမာန်ကို။ ဒိဿွာ၊ မော်ကာကြည့်၍။ အနုဓာဝတိ ယထာ၊ ရလိုပါကြောင်း ငိုကာတောင်းသကဲ့သို့။ ယော နရော၊ အကြင်သူသည်။ ပေတံ၊ သေသောသူကို။ အနုသောစတိ၊ စိုးရိမ်လေ၏။ တဿ၊ ထိုသူ၏။ ဧတံ ပရိဒေဝနံ၊ ဤသို့ငိုကြွေးခြင်းသည်။ ဧဝံ သမ္မဒမေဝ၊ ထို ကလေးနှင့် တူတော့သည်သာလျှင်ဖြစ်၏။ တသွာဓေ၊ ထို့ကြောင့်သာလျှင်။ ဧတံ၊ ထိုလင်ချစ်အတွက်။ နဿောစာမိ၊ ငိုကြွေးညှူးမှိန် မစိုးရိမ်ပါ။

ခင်ပွန်းမယား ပြောစကားကို ကြားသိလေလျှင် ကျွန်မ ထံသို့ ချဉ်းကပ်၍ မငိုခြင်းအကြောင်းကို မေးမြန်းလေရာ ကျွန်မပြောဆိုသည်မှာ—

ယထာပိ ဥဒကကုမ္ဘော၊ ဘိန္နော အပ္ပဋိသန္ဓိယော။
ဧဝံ သမ္မဒမေဝေတံ၊ ယော ပေတမနုသောစတိ။

မာဏာ၊ အမောင်လုလင်။ ဘိန္နော၊ ကွဲလေပြီးသော။ ဥဒကကုမ္ဘော၊ ရေအိုး သည်။ အပ္ပဋိသန္ဓိယော ယထာ၊ တဖန်ဆက်စပ်၍ မရသကဲ့သို့။ ယော နရော၊

အကြောင်သူသည်။ ပေတံ၊ သေသောသူကို။ အနုသောစတီ၊ စိုးရိမ်လေ၏။ တဿ၊ ထိုသူ၏။ ဧတံ ပရိဒေဝနံ၊ ဤသို့ ငိုကြွေးခြင်းသည်။ ဧဝံ သမ္ပဒမေဝ၊ အိုးကဲ့ကို ဆက်စပ်အောင်ပြုသော ထိုဇယာကျိုးနှင့် အလားတူတော့သည်သာ။တသ္မာဧဝ၊ ထို့ကြောင့်သာလျှင်။ ဧတံ၊ ထိုအရှင်အတွက်။ န သောစာမိ၊ စိုးရိမ်ပူဆွေး မငို ကြေးပါ။

သိကြားမင်းသည် ထိုငါးယောက်တို့၏ တရားစကားကို ကြားသိသောအခါ ကြည်နူးလှသဖြင့် သင်တို့သည် မမေ့မမလျော့ မရဏာနုဿတိကမ္မဋ္ဌာန်းကို ပွားများကြကုန်၏။ ဤနေ့မှစ၍ သင်တို့သည် အလုပ်မလုပ်ပဲ နေရစ်ကြလော့။ ငါသည် သိကြားမင်းဖြစ်၏။ သင်တို့၏အိမ်၌ တသက်လုံး ဆောင်းချစားဘို့ ရာနာခုနစ်ပါး.ကို ငါထားခဲ့မည်။ သင်တို့သည် ဒါန သီလ ဘာဝနာတို့နှင့် ပြည့်စုံကြလော့ဟု ဩဝါဒပေးပြီး၍ အိမ်၌ များပြားသော ရတနာတို့ကို ထားခဲ့ပြီးလျှင် နတ်ပြည်သို့ ပြန်သွားလေ၏။ (ပဉ္စကနိပါတ်၊ ဥရဂဇာတ် အဋ္ဌကထာ ၁၅၅)။

ဤကား မရဏာနုဿတိဘာဝနာ ကိုတင်ပွားများသည့်အတွက် သေဘေးနှင့် တွေ့ကြုံသော်လည်း စိတ်သက်သာရာရပုံ, လောကီရတနာ များစွာရပုံတို့ကို အားကျကာ ပွါးများကုန်ရာ၏။

မရဏဿတိ ဘိက္ခဝေ ဘာဝေထ၊ မရဏဿတိ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ မဟပ္ဖလာ ဟောတိ မဟာနိသံသာ အမတောဂဓာ အမတပရိယောသာနာ၊ ဘာဝေထ နော တုမ္ဟေ ဘိက္ခဝေ မရဏဿတိ'။

(အင်္ဂုတ္တရနိကာယ်၊ ဆက္ကနိပါတ် ပါဠိတော် ၂၆၈။)

အို့ချစ်သားတို့ သင်တို့သည် မရဏာနုဿတိကမ္မဋ္ဌာန်းကို မနားဖွေရှာ ပွားများကြပါ.ကုန်လော့။ အို့ချစ်သားတို့ မပြတ်မလပ် ကြိမ်ဖန်များစွာ ပွားများအပ်သော 'ငါသေရဦးမည်၊ ငါသေရဦးမည်'ဟူသော မရဏဿတိဘာဝနာသည် များစွာသော အကျိုးအာနိသင်ရှိ၏။ နိဗ္ဗာန်သို့ ရောက်စေတတ်၏။ နိဗ္ဗာန်ဟူသော အဆုံးရှိ၏။

သတ္တဝါဖြစ်လာလျှင် ပျက်ရမည့်ဓမ္မတာရှိသဖြင့် ထိုဓမ္မတာတရားကို ကျော်လွန်နိုင်စေခြင်းအကျိုးငှါ မရဏာနုဿတိဘာဝနာကို အားထုတ်ဘို့ရန် အကျဉ်းရေးသားခြင် ဖြစ်ပါသည်။

မည်မျှပင် တန်းခိုးကြီး သူဌေးကြီးဖြစ်စေကာမူ နောက်ဆုံး သေမင်းထံသို့ ရောက်သွားကြကုန်၏။ ဂင်္ဂါဝါဠုံ သဲစုမက ပင့်တော်မူကြကုန်သော မြတ်စွာဘုရားများ, ထိုဘုရားရှင်တို့၏ တပည့်သားများတို့သည်လည်း သေခြင်း

သဘောသို့ ရောက်ရှိသွားကြကုန်၏။ ငါတို့လို ပုဂ္ဂိုလ်တို့မှာကား သေဘို့ရန် အတွက် အဘယ်ဆိုဘွယ်ရာ ရှိပါမည်နည်း။ ဤသို့ ဆင်ခြင်သိရှိကာ ပွားများကြရာ၏။

သံဝေဂဂါထာများ

ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။ (ဒီဃနိကာယ်၊ မဟာဝဂ္ဂပါဠိတော် ၁၂၈။)

ဘိက္ခဝေ၊ သံသရာဗဟုက်ပြင်၊ ဂယက်ယဉ်မှ ထွက်ချင်လိုငြား အိုချစ်သားတို့။ ဟန္ဒ=ဂဏှ၊ ငါဘုရား၌ လေးစားကြည်ဖြူ မှတ်နာယူကြကုန်လော့။ ဒါနိ၊ ပရိနိဗ္ဗာန် စံခါနီးရာ ယခုအခါ၌။ ဝေါ၊ သင်ချစ်သား ချစ်သမီးတို့အား။ အာမန္တယာမိ၊ ငါဘုရား မှာကြားသိစေတော်မူခဲ့ပေအံ့။ ယသ္မာ၊ အကြင့် ကြောင့်။ သင်္ခါရာ၊ ရုပ်နာမ်နှစ်ခု သင်္ခါရအစုတို့သည်။ ဝယဓမ္မာ၊ ပျက်စီးခြင်း သဘော ရှိကြပေကုန်၏။ တသ္မာ၊ ထို့ကြောင့်။ အပ္ပမာဒေန၊ မမေ့မလျော့ မပေါ့မဆသော သတိတရားနှင့်။ သမ္ပါဒေထ၊ အဓိသီလ ဓိစိတ္တနှင့် ဓိကပညာ သုံးသိက္ခာကို ကောင်းစွာပြည့်စုံ စေကြကုန်လော့, ပြည့်စုံအောင် အားထုတ်ကြကုန်လော့။

ဟာ သံယောဂါ ဝိယောဂန္တာ၊ ဟာ အနိစ္စာဝ သင်္ခတာ။
ဟာ ဥပ္ပန္နာ စ ဘင်္ဂန္တာ၊ ဟာ ဟာ သင်္ခါရဓမ္မတာ။

သံယောဂါ၊ ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းတို့သည်။ ဝိယောဂန္တာ၊ သေကွဲရှင်ကွဲ ဤနှစ်ကွဲလျှင် မလွဲနိုင်ဘိ အဆုံးရှိကုန်ရကား။ ဟာ၊ သောကပရိဒေဝ စသည်ဆွေထွေ ဒုက္ခပေါင်း ပင်လယ်ဝေ၍ ဟင်....ကြောက်လန့်ဘွယ်တို့ပါပေ။ သင်္ခတာ၊ သင်္ခတတရားအစုတို့သည်။ အနိစ္စာဝ၊ အစိုင်အခဲ အမြဲမတည် အဓွန့် မရှည်ကြကုန်သည် ဖြစ်၍သာလျှင်။ ဟာ၊ ကြောက်လန့်ဘွယ်တို့ပါပေ။ ဥပ္ပန္နာ၊ ဥပါဒ်မကင်း ဖြစ်ပေါ်ခြင်းရှိကြသည့် မြင်သမျှအလုံးစုံ သင်္ခါရ အဖုံဖုံတို့သည်လည်း။ ဘင်္ဂန္တာ၊ ပျက်စီးရခြင်းလျှင် အဆုံးရှိကုန်ရကား။ ဟာ၊ ကြောက်လန့်ဘွယ်တို့ပါပေ။ သင်္ခါရဓမ္မတာ၊ ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ အနိစ္စအခြင်းအရာ, ဒုက္ခအခြင်းအရာ, အနတ္တအခြင်းအရာ သဘောတံထွာ ဓမ္မတာလမ်းရိုးကြီးသည်။ ဟာ ဟာ၊ ဒုက္ခသမုဒ် ဝဲဇလုပ်ဝယ် နစ်မြုပ်စေတတ် အကြောင်းရင်းကောန် အခြေခံမှန်လတ်သဖြင့် ဆက်ဆက်ပုံသေ ဟင်ဟင် ကြောက်ရွံထိတ်လန့်ဘွယ် ပေတကား။

မရဏာနုဿတိကဋ္ဌာန်း ပြီး၏။

အာနာပါနကမ္မဋ္ဌာန်း

"အာနာပါနေ အာရဗ္ဘ ဥပ္ပန္နာ သတိ အာနာပါနဿတိ"

ဟူသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာလာသည့်အတိုင်း ထွက်သက်ဝင်သက် ရှုမှတ်မှုသတိ အလုပ်သည် အာနာပါနကမ္မဋ္ဌာန်းမည်၏။ ထိုအာနာပါနကမ္မဋ္ဌာန်းကို ပွားများ အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် စိတ်ကိုခိုင်မာစွာထား၍ ထွက်သက် ဝင်သက်လေကို မနှေးမမြန် မပျော့မပြင်း မှန်မှန်ဖြစ်စေ၍ နှာခေါင်းပေါက် နှာသီးဖျားဌ စိတ်ကိုထားလျက် ထွက်လေ ဝင်လေကို သတိချပ်သျက် သိမှတ် ရာ၏။

သတိမရှိပဲနှင့် အသက်မရှူဟူသော စိတ်ကို တင်းကြပ်စွာ ဆောက်တည်၍ ဝင်လျှင် ဝင်မှန်းသိအောင်, ထွက်လျှင် ထွက်မှန်းသိအောင်, ဝင်ထွက်သောအခါ နှာသီးဖျား လေထိမှုကို သိရှိအောင် သိမှတ်ရာ၏။

နှာသီးဖျားလေထိမှုကို သိမှတ်ဟုဆိုသော်လည်း "**အသီးတရာ၊အညှာတခု**" ဆိုသလို နှာသီးဖျားအသိတခုသည် ကိုယ်ခန္ဓာတခုလုံး အရိုး အပုပ် မြင်အောင် နှာသီးဖျားကနေပြီး သိမှတ်မြင်အပ် ရှုအပ်ရာ၏။ ထိုသို့ ရှုမြင်သောအခါ လေ ဝင်၍ နှာသီးဖျားထိလျှင် နာမ်ရုပ်, လေပြန်ထွက်သောအခါ မမြဲဟု စိတ်ထဲက ရှုမှတ်ရာ၏။ ရှုသောအခါ၌လည်း စိတ်က ရုပ်အပေါ်မှာ, ထွက်သောအခါ၌ လည်း စိတ်က ရုပ်အပေါ်မှာသာ ရှိ၍ နာမ်ရုပ်မမြဲနှင့်ကပ်၍ ရှုရမည်ဟုဆိုလို၏။

ဂဏနာနည်း

ဤအာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် အားထုတ်သည့်အတိုင်း သမာဓိမရရှိလျှင်(၀၊)စိတ်ငြိမ်သက် တည်ကြည်မှုမရရှိလျှင် အဋ္ဌ-ကထာ၌လာရှိသော ဂဏနာနည်းကို အားထုတ်အပ်၏။ ထိုသို့ အားထုတ်သော အခါ စိတ်တည်ငြိမ်မှု သမာဓိရရှိလိမ့်မည်။

ဂဏနာနည်းသည် နှေးသောရေတွက်နည်း၊ မြန်သောရေတွက်နည်းဟု နှစ်မျိုးရှိရာ ရှေးဦးစွာနှေးသော ရေတွက်ခြင်းဖြင့် အားထုတ်ရမည်။ အားထုတ်ပုံကား——

လေထိခိုက်မှုထင်ရှားရာ၌ မိမိစိတ်ကိုထားပြီးလျှင် ထွက်သက်တခါထွက်လျှင် (၁)၊ နှစ်ခါထွက်လျှင် (၂)၊ သုံးခါထွက်လျှင် (၃)၊ လေးခါထွက်လျှင် (၄)၊ ငါးခါ ထွက်လျှင် (၅)၊ ဤကဲ့သို့ ရေတွက်ရမည်။

ငါးရောက်လျှင် တစ်ကနေ ပြန်စ၍ ခြောက်အထိ ရေတွက်ရသည်။ ခြောက်ရောက်လျှင် နှစ်ကပြန်စ၍ ခုနစ်အထိ ရေတွက်ရသည်။ ခုနစ်ရောက်လျှင် တစ်ကပြန်စ၍ ရှစ်အထိ အစဉ်လိုက် ထွက်သက်ကို ရေတွက်ရသည်။ ရှစ်ရောက်လျှင် တစ်ကပြန်စ၍ ကိုးအထိ ရေတွက်ရသည်။ ကိုးရောက်လျှင် တစ်ကပြန်စ၍ တဆယ်အထိ အစဉ်လိုက်ထွက်သက်ကို ရေတွက်ရသည်။ ထွက်သက်ကို မရေတွက်ပဲ ဝင်သက်ကိုလည်း ရေတွက်နိုင်သည်။ ထွက်သက်ဝင်သက် ရှုရှိုက်သောအခါ နှာသီးဖျားလေထိမှုကို သတိကပ်ပြီး မှတ်သားရေတွက်ရသည်၊ ရေတွက်သောအခါ—

ငါးခုအောက် မနဲရ၊ ဆယ်ခုထက် မများရ၊ တစ်သုံး, ငါးဟူ၍လည်း ခုန်ကျော်၍ မရေတွက်ရဟု မှတ်သားအပ်၏။ တစ်ကစ ငါးအဆုံး တဝါရ, တစ်ကစ ခြောက်အဆုံး တဝါရ, တစ်ကစ ခုနစ်အဆုံး တဝါရ, တစ်ကစ ရှစ်အဆုံး တဝါရ, တစ်ကစ ကိုးအဆုံး တဝါရ, တစ်ကစ တဆယ်အဆုံး တဝါရ, ဤခြောက်ဝါရအဘွင်း စိတ်တခြားမပြေးလျှင် အတော်ပင်ကောင်းလှ၏။ ဆက်လက်ပြီးလျှင် အမြဲမပြတ် သမာဓိရရှိအောင် ပွားများအားထုတ်ရာ၏။ ယင်း ဂဏနာနည်းကို ဝိပဿနာဖြစ်အောင်လည်း အားထုတ်နိုင်သည်။ ဂဏနာနည်းဖြင့် ဝိပဿနာတွဲစပ်ကာ အားထုတ်နိုင်သည် ဟူလို။

(တနည်း) စိတ်ဖမ်းနည်း

အပေါက်ခြောက်ပေါက်ရှိသော တောင်ပို့ဌ် ဖုတ်သတ္တဝါဝင်နေသည့်အတွက် ထိုဖုတ်ကိုဖမ်းလိုသော ယောကျ်ားသည် ငါးပေါက်ကိုပိတ်၍ တပေါက်ကစောင့်ဖမ်းလျှင် ဖုတ်ကောင်ကိုမိသကဲ့သို့ ထို့အတူ မျက်စိ နား နှာ လျှာ ကိုယ် စိတ် ဤခြောက်ပါးသော အပေါက်တို့တွင် မျက်စိပေါက်, နားပေါက်, နှာခေါင်းပေါက်, လျှာပေါက်, ကိုယ်ပေါက် ဖြစ်သော ငါးပါးသောအပေါက်တို့ကို အာရုံမပြု နှလုံးမသွင်း မစဉ်းမစား မဆင်ခြင်သောအားဖြင့် အလုံပိတ်၍ မနှာ – စိတ်ပေါက်ကထွက်သက်ဝင်သက်သတိဖြင့် စောင့်ဖမ်းပါလျှင် စိတ်ချင်းစိတ်မိုက်ကို အသေအချာ လက်ဆုပ်လက်ကိုင် မိနိုင်ပါသည်။ ထို့ကြောင့် ပညာရှိတို့က—

ကိုယ်ကောင်တောင်ပို့ မချို့တူစွာ၊
ဒွါရခြောက်ပါး ပေါက်များပမာ၊
စိတ်နှင့်ဖုတ်ကား အလားတူစွာ၊
ယောဂီများ ဖမ်းသမားတူလှပါ။

ဟု ဆိုကြကုန်၏။

တောင်ပို့နှင့် ကိုယ်ခန္ဓာတူ၏။ တောင်ပို့၌ရှိသော အပေါက်ခြောက်ပေါက်နှင့် ဒွါရခြောက်ပါး တူ၏။ ဖုတ်ကောင်နှင့် စိတ်ရိုင်းနှင့် တူ၏။ ဖုတ်ဖမ်းသူနှင့် တရားအားထုတ်သော ယောဂီပုဂ္ဂိုလ် တူ၏။ (ဤကား ဓမ္မပဒအဋ္ဌကထာ ပေါဋ္ဌိလဝတ္ထုလာ ဥပမာဖြစ်၏။)

(တနည်း) စိတ်ဖမ်းနည်း

ယထာ ထမ္ဘေ နိဗန္ဓေယျ၊ ဝစ္ဆံ ဒမံ နရော ဣဓ။
ဗန္ဓေယျေဝံ သကံ စိတ္တံ၊ သတိယာရမ္မဏေ ဒဠှံ။

(မဟာဝဂ္ဂ အဋ္ဌကထာ၊ ၃၅၃)

ဤလောက၌ နွားရိုင်းကိုဆုံးမလိုသောသူသည် ချည်တိုင်ကို ခိုင်မာစွာစိုက်၍ ကြိုးဖြင့် မြဲမြံစွာချီကာ နဖားထိုးဆုံးမသကဲ့သို့ ထို့အတူ စိတ်ရိုင်းစိတ်မိုက်ကို ဆုံးမလိုသော ယောဂီပုဂ္ဂိုလ်သည် သမထဝိပဿနာတည်းဟူသော ချည်တိုင်၌ နွားရိုင်းနှင့်တူသော စိတ်ရိုင်းကို ကြိုးနှင့်တူသော သတိတရားဖြင့် ခိုင်မာတင်းကြပ်စွာချည်၍ လိမ္မာယဉ်ကျေးလာအောင် ဆုံးမရမည်ဟူ၏။

ထို့ကြောင့်—

ချည်တိုင်နွားရိုင်း ကြိုးဆိုင်း၍သာ ဆုံးမရာသို့ မချို့တူစွာ အာရုံမှာကား စိတ်ကိုထား၍ ကြီးမားသတိ ဆုံးမဘိ ကဝိယောဂီမှန်—

ဟု ပညာရှိတို့ ဆိုကြကုန်၏။

ချည်တိုင်နှင့်ကမ္မဋ္ဌာန်းတူ၏။ နွားရိုင်းနှင့် စိတ်ရိုင်းတူ၏။ ကြိုးနှင့် သတိတရား တူ၏။ နွားဆုံးမသူနှင့် ယောဂီပုဂ္ဂိုလ်တူ၏။ ဤကား သတိပဋ္ဌာနသုတ်အဋ္ဌကထာ နည်း ဖြစ်၏။

(တနည်း)စိတ်ဖမ်းနည်း

လောက၌ ဂိတ်စောင့် တံခါးစောင့်သော လူတို့သည် မြို့တွင်း မြို့ပြင်တို့၌ သွားလာနေသော လူတို့ကို သင်အဘယ်အမည်ရှိသနည်း၊ အဘယ်အရပ်မှ လာခဲ့သနည်း၊ အဘယ်အရပ်သို့ သွားမည်လို့နည်း၊ သင့်လက်၌ အဘယ်ဝတ္ထုပါသနည်း ဟု မစုံစမ်းသကဲ့သို့။ မှန်၏၊ မြို့တွင်း မြို့ပလ့ည့်လည်သူ ယင်းတို့လက်ပါ လက်နက် ဘဏ္ဍာတို့သည် တံခါးစောင့် ဂိတ်စောင့်၏တာဝန်မဟုတ်ချေ။ အမှန်စင်စစ်ကား တံခါးဝ တံခါးပေါက်သို့ ရောက်လာတိုင်း ရောက်လာတိုင်းသော သူကိုသာလျှင် သူဝင်တယ် သူထွက်တယ် စသည်ဖြင့် တယောက်မျှမကျန် သတိပြု၍ ကြည့်ရှုစုံစမ်းနေဘိသကဲ့သို့ ထို့အတူ ယောဂီပုဂ္ဂိုလ်၏ အတွင်းသို့ဝင်ကုန်သော လေတို့သည်၎င်း၊ အပြင်သို့ထွက်ကုန်သော လေတို့သည်၎င်း လိုရင်းတာဝန်မဟုတ်ကုန်။

နှာခေါင်းဝသို့ ရောက်လာသော ထွက်လေ ဝင်လေ တို့သည်သာ လိုရင်း တာဝန် ဖြစ်ကုန်၏။ ထိုလေ ထိခိုက်မှုတို့ကိုသာ သိမှတ်အပ်ကုန်၏။

ဤကား တံခါးစောင့် ဥပမာ ဖြစ်၏ (ဝိသုဒ္ဓိမဂ်)။

ဤ သမာဓိရရှိအောင် စိတ်ဖမ်းပုံ နည်းအဖုံဖုံကို ကြည့်ရှုမှတ်သား၍ အား ထုတ်ကြရမည်။ လောကဌ် ပိုက်ဆံရှာသော လူတယောက်သည် ပိုက်ဆံမရလျှင် မကောင်းသကဲ့သို့ဌင်း၊ ထမင်းဝအောင် စားသော လူတယောက်သည် စားပြီး၍ ထမင်းမဝလျှင် မကောင်းသကဲ့သို့ဌင်း စိတ်တည်ငြိမ်မှု သမာဓိရရှိအောင် အားထုတ်ပါလျက် သမာဓိ မရရှိလျှင် မကောင်းခေျ။ ရှက်ဘွယ်ရာသာ ဖြစ်ခေျ၏။

ရဟန္တာဖြစ်အောင် တရားထူး တရားမြတ် ရရှိအောင် အားထုတ်သော ပုဂ္ဂိုလ်တို့သည်လည်း မကြာခင်ရနိုးနိုးဖြင့် အားထုတ်မှုပြုသော်လည်း မရရှိလျှင် ရှက်ဘွယ်ရာသာ ဖြစ်ခေျ၍ အရိုးကြေကြေ အရေစုတ်စုတ် ကြိုးစားအားထုတ် ကြရာ၏။

ပုဂ္ဂိုလ်စရိုက်နှင့် ကမ္မဋ္ဌာန်း

ဤ အာနာပါန ကမ္မဋ္ဌာန်းကို အဘယ်ပုဂ္ဂိုလ်များ ပွါးများရမည်နည်းဟု မေးဘွယ်ရာ ရှိ၏။ သဂြိုဟ်ကျမ်း၌ "အာနာပါနံ မောဟစရိတဿ ဝိတက္က-စရိတဿ စ"ဟု မိန့်ဆိုထားသဖြင့် မောဟများသော ပုဂ္ဂိုလ်၊ အကြံအစည် ဝိတက်များသော ပုဂ္ဂိုလ်များအား သင့်လျော် လျောက်ပတ် လေ၏။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာတို့၌လည်း ထိုနည်းတူစွာ သင့်လျော် လျောက်ပတ်ပုံကို ဖွင့်ပြကြ လေ၏။

အာနာပါနကမ္မဋ္ဌာန်း ပြီး၏။

ကာယဂတာသတိ ကမ္မဋ္ဌာန်း

နာမ်ရုပ်မမြဲဟူသည် ဝိပဿနာဖြစ်၏။ ဝိပဿနာဖြစ်အောင် အားထုတ်နည်း ဖြစ်သည်။ ပါဠိလို "နာမရူပံ အနိစ္စံ" မြန်မာလို "နာမ်ရုပ် မမြဲ" ဟူ၏။

နာမ်ရုပ်ဆိုလျှင် ရုပ်ကို ပေါက်ရောက်အောင် သုံးဆယ့်နှစ်ပါးလုံး ထင်မြင်နေရာ၏။ ရှုဆင်ခြင်ရာ၏။ သုံးဆယ့်နှစ်ပါးကား——

(၁) ကေသာ၊ ဆံပင်။
(၂) လောမာ၊ အမွေး။
(၃) နခါ၊ လက်သည်းခြေသည်း။
(၄) ဒန္တာ၊ သွား။
(၅) တ့ဈော၊ အရေ။
(၆) မံသံ၊ အသား။
(၇) နှာရု၊ အကြော။
(၈) အဋ္ဌိ၊ အရိုး။
(၉) အဋ္ဌိမိဉ္ဇံ၊ ခြင်ဆီ။
(၁၀) ဝက္ကံ၊ အညှို့။
(၁၁) ဟဒယံ၊ နှလုံး။
(၁၂) ယကနံ၊ အသဲ။
(၁၃) ကိလောမကံ၊ အမြှေး။
(၁၄) ပိဟကံ၊ အဖျဉ်း။
(၁၅) ပပ္ဖါသံ၊ အဆုတ်။
(၁၆) အန္တံ၊ အူမ။
(၁၇) အန္တဂုဏံ၊ အူသိမ်။
(၁၈) ဥဒရိယံ၊ အစာသစ်။
(၁၉) ကရီသံ၊ အစာဟောင်း။
(၂၀) မတ္ထလုင်္ဂံ၊ ဦးနှောက်။
(၂၁) ပိတ္တံ၊ သည်းခြေ။
(၂၂) သေမှံ၊ သလိပ်။
(၂၃) ပုဗ္ဗော၊ ပြည်။
(၂၄) လောဟိတံ၊ သွေး။
(၂၅) သေဒေါ၊ ချွေး။
(၂၆) မေဒေါ၊ အဆီခဲ။
(၂၇) အဿု၊ မျက်ရည်။
(၂၈) ဝသာ၊ ဆီကြည်။
(၂၉) ခေဠော၊ တံထွေး။
(၃၀) သိင်္ဃာဏိကာ၊ နှပ်။
(၃၁) လသိကာ၊ အစေး။
(၃၂) မုတ္တံ၊ ကျင်ငယ်။

ဤ (၃၂)ပါး အစုအပေါင်း ကောဋ္ဌာသ ဖြစ်သော ရုပ်ကို ရှုဆင်ခြင်သော အခါ ပေါ်ထင်လာ၏။

- "တရားရှာ၊ ကိုယ်မှာတွေ့" ဟူသော စကားအတိုင်း ၃၂-ပါးသော ကောဋ္ဌာသတို့သည် သတ္တဝါတိုင်း၏ ကိုယ်ခန္ဓာမှာ ရှိကြသည်။ သူ့ဌေး, သူဆင်းရဲ, ချောလှသော သူ, မချောလှသော သူ စသည်အားလုံးတို့၌ ရှိကြ၏။ ထို အပုပ် များရှိသည့်အတွက် ကိုယ်ခန္ဓာသည် အပုပ်အိုးဆိုလျှင် မမှားပေ။ အပုပ်အိုး

ဖြစ်၏။ မစင်များလည်း ရှိနေသည့်အတွက် မစင်အိုး, ထို့နောက် ကျင်ငယ်အိုး, နှပ်အိုး, တံထွေးအိုး, သလိပ်အိုး, အရိုးအိုး စသော အိုးတို့လည်း မည်ကုန်၏။ ကိုယ်ခန္ဓာကို ဤကဲ့သို့ တခုချင်းသဘောပေါက်အောင် ရှုဆင်ခြင်ရာ၏။

သို့မှသာ အလိုရှိသောတရားကို ကြိုးစားအားထုတ်နိုင်သည်။ အပြန်ပြန် အလှန်လှန် ကိုယ်ခန္ဓာကို အရိုး အပုပ် မြင်အောင် ရှုဆင်ခြင်လျှင် ဝိပဿနာတင်က ပါရမီကံပြည့်စုံလျှင် ရဟန္တာဖြစ်နိုင်၏။

ဦးခေါင်း, မျက်ခွက်တို့သည် အရိုးကိုဖြစ်ကုန်၏။ အရိုးပေါ်၌ အရေပါးဖုံးထားသည်။ ထိုအရေပါးကို လှန်ထားလျှင် ဒုတ်ကိုင်၍ ကျေးငှက် တို့ကို ချောက်လှန့်နေရလိမ့်မည် ဟူ၏။

ရုပ်၏အပြစ်ကို ပြဆိုပုံ

ဤသုံးဆယ့်နှစ်ပါးသော ရုပ်အစုကြီးသည် မစင်ကြယ် အနှံ့မကောင်း စက်ဆုပ်ရုံမျှဘဲဖယ်ဖြစ်၏။ သူသေကောင်သည်သာ အသုဘဖြစ်သည်မဟုတ်၊ အသက်ရှိသောသူသည်လည်း အသုဘဖြစ်၏။ ထိုသို့အသုဘဖြစ်သော်လည်း ဤအသက်ရှိသောကိုယ်၌ အသစ်ဖြစ်သောနှံသာ ရေမိုးချိုး လိမ်း သုတ်သင်ပွုပြင်ခြင်း ရှိးရှိသော တန်းဆာဆင်ခြင်းဖြင့် ဖုံးလွှမ်းထားသည့်အတွက် အသုဘ အပုပ်လက္ခဏာသည် များစွာသော လူအပေါင်းအား မထင်နိုင်ဖြစ်နေ၏။

ထင်ရှားအောင် ပြဦးအံ့ – ပကတိ ပင်ကိုယ်သဘောအားဖြင့် ဤကိုယ်ခန္ဓာသည် သွားရိုးအလွန်ရှိသော် သုံးရာသော အရိုးတို့ဖြင့် စိုက်ထောင်အပ်၏။ တရှဉ့်ရှစ်ဆယ်သော အဆက်အစပ်တို့ဖြင့် ဆက်စပ်အပ်၏။ ကိုးရာသော အကြော ဟူသော ကြိမ်နွယ်တို့ဖြင့် ဖွဲ့ချည်တုတ်နှောင်အပ်၏။ ကိုးရာသောသားတစ်တို့ဖြင့် လိမ်းကျံမှမ်းမံအပ်၏။ အရေစို အရေထူဖြင့် မြှေးရှက်အပ်၏။ အရေပါးဖြင့် ဖုံးလွှမ်းအပ်၏။ တောင်ပို့ကဲ့သို့ အပေါက်ငယ် အလွန်ငယ်သောအပေါက်ရှိ၏။ အဆီပြည့်ဖြိုးသော အိုးခွက်ကဲ့သို့ အမြဲတမ်း အထက်သို့ငင်း အောက်သို့ငင်း စိမ့်ထွက်ယိုစီး၏။

ဤ ကိုယ်ခန္ဓာသည် ပိုးမျိုး အပေါင်းတို့၏ မှီခိုရာ ဖြစ်၏။ အနာရောဂါအပေါင်းတို့၏ စုံရာလည်း ဖြစ်၏။ ဆင်းရဲတရားတို့၏ ပေါက်ပွါးရာ ယာခင်းကြီးသဖွယ်လည်း ဖြစ်၏။ ပေါက်ပြဲ ရင့်မာသော အိုင်းအမာကဲ့သို့ ကိုးပေါက်ဒဏ်ရာအမာဝတို့မှ မပြတ်ယိုစီးထွက်၏။ မျက်လုံးနှစ်ဖက်တို့မှ မျက်ခြေးမျက်ဝတ်သည် ယိုစီးထွက်၏။

ဤကိုယ်ခန္ဓာ၏ နားနှစ်ဖက်တို့မှ နဖာခြေးသည် ယိုစီးထွက်ကျ၏။ နှာခေါင်း နှစ်ဖက်တို့မှ နှပ်သည် ယိုစီးထွက်ကျ၏။ ခံတွင်းမှမျိုအပ်သော အာဟာရ

သည် သည်းခြေ, သလိပ်, သွေးများအဖြစ် ယိုစီးကုန်၏။ အောက်ဒ္ဒါရ နှစ်ပေါက်တို့မှ ကျင်ကြီးကျင်ငယ်များ ယိုစီးထွက်ကျ၏။ ကိုးသောင်း ကိုးထောင်သော မွေးညှင်းတွင်းတို့မှ မစင်ကြယ်စက်ဆုပ်ဖွယ်သော ချေး, အစေး, အရည်သည် ယိုစီး၏။ ယင်မမဲရိုင်း စသည်တို့သည် ဝန်းရံကုန်၏။

ဤခန္ဓာကိုယ်ကို ဒန်ပူသုံးဆောင်ခြင်း, မျက်နှာသစ်ခြင်း, ဦးခေါင်းကို ဆီလိမ်းခြင်း, ရေချိုးခြင်း, ဝတ်ခြင်း, ရုံခြင်း စသည်တို့ဖြင့် မသုတ်သင် မပြုပြင်ပဲ မိမွေးတိုင်း ဝတ်စားမဖုံး ကိုယ်တုံးလုံးသာလျှင် ရှုနှံကြမ်းသော အမွေးဖွားဖွား ဆံဖားလျားရှိသည်ဖြစ်၍ ရှာတခုမှ ရှာတခုသို့ လှည့်ပတ်သွားလာမူ ပြည့်ရှင်မင်းသည်၎င်း, ပန်းမိုက်စွန့်ဒုန်းစင်္ကြား စသည်တို့တွင် တယောက်ယောက်သည်၎င်း အတူအမျှ စက်ဆုပ်ဖွယ်သော ကိုယ်ရှိသည့်အတွက် အထူးမရှိချေ။

ဤသို့ မစင်မကြယ်အနံ့မကောင်းလျက် စက်ဆုပ်ရွံရှာဖွယ်ရှိသည့် အဖြစ်ဖြင့် မင်း၏ငင်း, ဒုန်းစင်္ကြာ၏ငင်း ကိုယ်၌ထူးသော အဖြစ်မရှိချေ။ ထိုသို့ မကဲ့ပြားသော်လည်း အသက်ရှင်သောကိုယ်၌ ဒန်ပူ သုံးဆောင်ခြင်း မျက်နှာ သစ်ခြင်းစသည်တို့ဖြင့် သွားချေးစသည်တို့ကို သုတ်သင်၍ အထူးထူးသော အဆင်းရှိသော အဝတ်တို့ဖြင့် အရှက် အကြောက်ကို ဖျက်ဆီး တတ်သော အင်္ဂါကြီးငယ်ကို ဖုံးလွှမ်း၍ အထူးထူးသော အဆင်းရှိသော ရနံ့ကောင်းသော နံ့သာပျော်းဖြင့် လိမ်းကျံ၍ ပန်းတန်းဆာစသည်တို့ဖြင့် ပြုပြင် ဆင်ယင်ကာ ငါ၊ ငါ၏ဥစ္စာဟုယူအပ်သော အခြင်းအရာသို့ ရောက်သည်ကို ပြုကုန်၏။

ထိုသို့ ပြုပြင်ခြင်းကြောင့် အသစ်ဖြစ်သော ဤတန်းဆာဖြင့် ဖုံးလွှမ်းသည်၏ အဖြစ်ကြောင့် ဤကိုယ်၏ ဟုတ်မြဲတိုင်းသော မိမိသဘောဖြစ်သော ထိုအသုဘလက္ခဏာကို ကောင်းစွာနားမလည်နိုင် မသိနိုင်ကုန်သော ယောကျ်ား တို့သည် မိန်းမတို့၌၊ မိန်းမတို့သည် ယောကျ်ားတို့၌ အလွန် မွေ့လျော် ရှင်ပျော်စုံမက် ကြိုက်နှစ်သက်ခြင်းကိုပြုကြကုန်၏။

ဤခန္ဓာကိုယ်၌ အစစ်အမှန်အားဖြင့် တပ်မက်ကောင်းသောအရပ် တင့်တယ်လျောက်ပတ်သော အရပ်မည်သည် အဏုမြူမျှသော်လည်း မရှိ။ မှန်၏၊ ဆံပင် မွေးညှင်း သွား တံထွေး နှင့် ကျင်ကြီး ကျင်ငယ် စသည်တို့တွင် တခုသော ဆံပင်စသည်ကိုမျှသော်လည်း ကိုယ် ခန္ဓာမှ အပသို့ ကျလတ်သော် သတ္တဝါတို့သည် လက်ဖြင့် တို့ထိခြင်းငှါ အလိုမရှိကုန်။

ကိုယ်ခန္ဓာမှ ကျပြီးသော ထိုကောင်္ဘာသသည် အနှိပ်စက်ခံရသကဲ့သို့ ဆင်းရဲကုန်၏။ ရှက်ကုန်၏။ စက်ဆုပ်ကုန်၏။ ဤကိုယ်၌ ဆံပင် မွေးညှင်း စသော တခုခုသည် ကိုယ်မှအပ စင်ကျသည်မှကြွင်းကျန်ရစ်၏။ ထိုဆံပင်မွေးညှင်းစသည်ကို ဤကိုယ်မှအပ စင်ကျသောကောင်္ဘာသနှင့်အတူ စက်ဆုပ်ရွံရှာဘွယ်ရာချင်း

တူညီမှုဖြစ်ပါသော်လည်း အဝိဇ္ဇာ တည်းဟူသော အမိုက်မှောင်သည် မြေးရှက်မြေးရစ်အပ်ကုန်သည်ဖြစ်၍ အကြင်သတ္တဝါတို့သည် ကိုယ်၌ ချစ်ခြင်း ဟူသော ရာဂဖြင့် တပ်နှစ်သက်အပ်ကုန်သည့်အတွက် အလိုရှိအပ် ရှာမှီးအပ်၏၊ နှစ်သက်စုံမက်အပ်၏၊ အမြဲချမ်းသာ၏။ ငါပင်တည်းဟု စွဲလမ်းကုန်၏။ ထိုရာဂဖြင့် တပ်မက်ကုန်သော သတ္တဝါတို့သည် ဤသို့ အလိုရှိအပ် နှစ်သက်မြတ်နိုးအပ်သော အမြဲချမ်းသာသောကိုယ်ဟူ၍ စွဲလမ်းကုန်သည့်အတွက် တောအုပ်၌ ကသစ်ပင်ကိုမြင်၍ ကသစ်ပင်မှ မကြေကျသေးသော အပွင့်ကို ဤသစ်ပင်ထက်၌ တွဲရရဲ့ နီနီရဲရဲသည်ကား အသားတစ်တည်းဟု ထင်မှားခြင်းဖြင့် အနှိပ်စက်ခံရ၍ ပင်ပန်းခြင်းသို့ ရောက်သော မြေခွေးအိုနှင့် တူသည်၏အဖြစ်သို့ ရောက်ကုန်၏။ ထို့ကြောင့်—

ယထာပိ ပုပ္ဖိတံ ဒိသွာ၊ သိင်္ဂါလော ကိဉ္စုကံ ဝနေ။
မံသရုက္ခော မယာ လဒ္ဓေါ၊ ဣတိ ဂန္ဓာန ဝေဂသာ။
(ဝိသုဒ္ဓိမဂ်၊ ၁၊၁၉၀)

မြေခွေးသည် တောင်၌ အပွင့်ပွင့်သော ကသစ်ပင်ကိုမြင်၍ ငါသည် သား တစ်ပင်ကို ရအပ်ပေပြီဟု ဝမ်းသာရွှင်မြူးလျက် အလျင်အမြန် သွား၍ ကြွေတိုင်း ကြွေဟိုင်းသော အပွင့်ကို အလွန် ငန်းငန်းတက် မက်မောသည်ဖြစ်၍ ကိုက်ဟပ်သောအခါ၌ ဤယခု ငါကိုက်ဟပ်သော ဝတ္ထုကား သားတစ် မဟုတ်သေး၊ ကသစ်ပင်ပေါ်၌ ရှိသော နီတာရဲရဲ အဆုပ်အခဲကြီးသည်သာ သားတစ်တည်းဟု ယူသကဲ့သို့ ထို့အတူ ပညာရှိသည် မြေ၌ကျသော ဆံအစရှိသော ကောဋ္ဌာသကို သာလျှင် အသုဘဟူ၍ မယူဘဲ ကိုယ်၌ တည်ရှိသော ဆံ အစရှိသော ကောဋ္ဌာသကိုလည်း မြေ၌ ကျသော ဆံအစရှိသော ကောဋ္ဌာသအတူ အသုဘဟူ၍ ယူရာ၏။

အပုပ်အတိ တင်းကြမ်းပြည့်သည့် ရေအိမ်ပမာ အိုင်းအနာမခြား ရွှစားစရာ မရ အသုဘအတိဖြစ်သော ဤသည့်ကိုယ်ကို သုဘအားဖြင့် စွဲလမ်း၍ ထိုကိုယ်၌ မောဟသည် မိုက်စေအပ်သည့် အတွက် လူမိုက်တို့သည် မကောင်းမှုကို ပြုကုန်ရကား ဆင်းရဲအပေါင်းမှ မလွတ်မြောက်ကုန်။

ထို့ကြောင့် ပညာရှိသည် အသက်ရှင်နေသည်မူလည်း ဖြစ်စေ၊ သေသည် မူလည်း ဖြစ်စေ အပုပ်အတိ ဖြစ်သော အကောင်၏ တင့်တယ်သည်၏ အဖြစ်သည် ကြည်အပ်သော စက်ဆုပ်အပ်သော သဘောကို ရှုမြင်ရာ၏။

သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသတို့၏ အစုမျှသာ ဖြစ်သော ကိုယ်ခန္ဓာသည် ညီဟောက် နံပုပ် စက်ဆုပ်ဖွယ်သော အနံ့ရှိ၏။ ကြိမ်ဖန်များစွာဆေးသော်လည်း မစင်နိုင် လူးလဲသော အညစ်အကြေး ထူထပ်၏။ ခွေးကောင်ပုပ် မြွေ

ကောင်ပုပ်နှင့် တူ၏။ ကျင်ကြီးတွင်း ကျင်ငယ်တွင်းနှင့် တူ၏။ ပညာမျက်စိ ရှိကုန်သော သူတို့သည် ကဲ့ရဲ့အပ်၏။ ပညာမဲ့သူမိုက်တို့က မွေးမွေးကြိုင်ကြိုင် စသည် ထင်မှတ်၍ အလွန် နှစ်သက်နေကြ၏။

ပညာမဲ့သူ လူအပေါင်းတို့ နှစ်သက်အပ်သော ကိုယ်ခန္ဓာသည် အရေစိုဖြင့် ဖုံးလွှမ်း၏၊ ကိုးပါးသော အပေါက် အခေါင်း ဟောင်းလောင်းရှိ၏။ အိုင်းအမာကြီးနှင့်လည်း တူ၏။ မစင်မကြယ် ရှုံ့ဖွယ်ပုပ်လှောင်း မကောင်းသော အနံ့ရှိသော ကျင်ကြီးကျင်ငယ် စသည်တို့ကို ထက်ဝန်းကျင်မှ တဖျင်းဖျင်းယိုထွက်စေ၏။

ကိုယ်ခန္ဓာအတွင်းသားသည် အကယ်၍ ပြင်ပ၌နေငြာ်းအံ့၊ စင်စစ်ဒုတ်ကိုင်၍ ကျီး ခွေးတို့ကို ချောက်မောင်းရလေရာ၏။ ထို့ကြောင့် ပညာရှိသော ရဟန်းတော်သည် အသက်ရှိသော အကောင်မူလည်းဖြစ်စေ၊ သူသေကောင်သည်မူလည်းဖြစ်စေ အကြင်ကောင်သ၌ အသုဘအစုထင်၏၊ ထိုထင်သော အသုဘအစု၌သာ အသုဘနိမိတ်ကိုယူ၍ အသုဘကမ္မဋ္ဌာန်းကို အပွနာသို့ ရောက်စေရာ၏။

ဤကား "နာမ်ရုပ် မမြဲ"ဟူသော ဝိပဿနာ အာနာပါနကမ္မဋ္ဌာန်းနှင့်တွဲ၍ အားထုတ်သောအခါ ရုပ်ကြီးအတွက် အာရုံပြုရှုဆင်ခြင်လျှင် အသုဘထင်ဘို့ အတွက် ပြဆိုချက်တည်း။

"ဤခန္ဓာကိုယ်အရိုးစု အပုပ်စုကြီးသည် အမြဲမရှိ၊ ဆင်းရဲ၏၊ အစိုးမရ၊ ငါ့သေရဦးမည်"ဟူသည်ကိုလည်း အာနာပါနကမ္မဋ္ဌာန်းနှင့် ရောစပ်ကာ ပွါးနိုင်၏။ သီးသန့်လည်း ပွါးများနိုင်၏။ သမထနှင့်ဝိပဿနာတွဲ၍ အားထုတ်နည်းဖြစ်သည်။

ကာယဂတာသတိကမ္မဋ္ဌာန်း ပြီး၏။

ဝိပဿနာဉာဏ်ဆယ်ပါး

၁။ **သမ္မသနဉာဏ်။** ။ဝိပဿနာတရား အားထုတ်လိုသော ပုဂ္ဂိုလ်သည် ရှေးဦးစွာ သီလစင်ကြယ်အောင် ပြုလုပ်ရမည်၊ (သီလဝိသုဒ္ဓိ)။ ထို့နောက် စိတ်စင်ကြယ်အောင် သမာဓိရအောင် ပွါးများအားထုတ်ရမည်၊ (စိတ္တဝိသုဒ္ဓိ)။ ရုပ်နာမ်တရားတို့ကို ပိုင်းခြားသိမြင်သော နာမရူပပရိစ္ဆေဒဉာဏ် ပွါးများ ဖြစ်ပေါ်အောင် အားထုတ်ပွါးများရမည်၊ (ဒိဋ္ဌိဝိသုဒ္ဓိ)။ ရုပ် နာမ်တရားတို့ကို ပိုင်းခြား၍ သိမြင်သည့် နာမရူပပရိစ္ဆေဒဉာဏ် ရပြီးနောက် ရုပ် နာမ် တရားတို့သည် အကြောင်းမဲ့ အကြောင်းမရှိပဲ ဖြစ်ကြသည်မဟုတ်၊ အကြောင်းကြောင့်သာ ဖြစ်ပေါ်လာကြသည်ဟု သိမြင်ပြီး ရုပ် နာမ်တို့၏အကြောင်းတို့ကို ရှုမြင်ရမည်။ ကံ, စိတ်, ဥတု, အာဟာရတို့သည် ရုပ်၏ အကြောင်းများဖြစ်ကြပြီး စက္ခု စသော ဒွါရခြောက်ပါး, ရူပါရုံ စသော အာရုံခြောက်ပါး နှလုံးသွင်းမှု မနသိကာရတို့သည် နာမ်၏ အကြောင်းများဖြစ်ကြသည်ဟု ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်အောင် ရှုမြင်ရမည်၊ (ကင်္ခါဝိတရဏ-ဝိသုဒ္ဓိ)။ ဤ နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ် ၂-ပါးတို့မှာ ဝိပဿနာ အခြေခံဉာဏ်များ ဖြစ်ကြပေသည်။

ထို့နောင်မှ အကြောင်းနှင့်တကွ သိရှုပြီးသော တေဘူမက ရုပ် နာမ်တရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ ဟူသော လက္ခဏာယာဉ်သုံးပါးသို့တင်၍ သုံးသပ်ဆင်ခြင်ရမည်၊ ဤသို့ ရုပ် နာမ်တရားတို့ကို လက္ခဏာယာဉ်သုံးပါးသို့တင်၍ သုံးသပ်ဆင်ခြင်သောဉာဏ်သည် သမ္မသနဉာဏ် မည်သည်။

သမ္မသနဉာဏ်လေးမျိုး

ဤ သမ္မသနဉာဏ်သည်—

၁။ ကလာပ သမ္မသန၊

၂။ အင်္ဂါန သမ္မသန၊

၃။ သန္တတိ သမ္မသန၊

၄။ ခဏ သမ္မသန—

ဟု လေးမျိုးပြား၏။ ထိုတွင်—

၁။ အတိတ်ဘဝ၌ဖြစ်သော ရုပ်, အနာဂတ်ဘဝ၌ ဖြစ်သော ရုပ် စသည်ဖြင့် မခဲ့ခြားဘဲ ရူပက္ခန္ဓာအားလုံး ဝေဒနာက္ခန္ဓာအားလုံး စသည်ဖြင့် ရုပ် နာမ် ခန္ဓာ တခုခုကို အပေါင်းပြု၍ သုံးသပ်ခြင်းသည် ကလာပ သမ္မသန မည်၏။

၂။ အတိတ်ဘဝ၌ ဖြစ်သောခန္ဓာ, အနာဂတ်ဘဝ၌ ဖြစ်သောခန္ဓာ စသည်ဖြင့် ဘဝခဲ့ခြားရ၍ သုံးသပ်ခြင်းသည် အဒ္ဓါနသမ္မသန မည်၏။

၃။ အအေးရူပ် အစဉ်, အပူရူပ်အစဉ် စသည်ဖြင့် တဘဝတည်း၌ပင် အစဉ် အမျိုးမျိုးခဲ့ခြားရ၍ သုံးသပ်ခြင်းသည် သန္တတိသမ္မသန မည်၏။

၄။ ရူပ်နာမ်အစဉ်တမျိုးတည်း၌ပင် ဥပါဒ်, ဌိ, ဘင်, ဟူသော ခဏအားဖြင့် ခဲ့၍ သုံးသပ်ခြင်းသည် ခဏသမ္မသန မည်၏။

'ဤသို့ တောဘူမက ရူပ်နာမ်သဒ်္ဓါရုဠ် ကလာပသမ္မသန–စသော နည်းဖြင့် အနိစ္စ, ဒုက္ခ, အနတ္တ ဟု သုံးသပ်ဆင်ခြင်တတ်သော ဉာဏ်သည် သမ္မသနဉာဏ် မည်၏။

၂။ ဥဒယဗ္ဗယဉာဏ်။ ။ရူပ်နာမ်တရားတို့၏ အဖြစ်အပျက်ကို ရှုဆင်ခြင်သော ဉာဏ်သည် ဥဒယဗ္ဗယဉာဏ် မည်၏။ သမ္မသနဉာဏ် ရင့်သန်ပြီးနောက် ဆက်လက်၍ အာဃာတ်သည့်အခါ ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်လာ၏။ နာမ်ရူပ်တရားများသည် မဖြစ်ခင်က အဆင်သင့်ဖြစ်ဖို့ရာ စုဆောင်းသိမ်းဆည်းထားပြီးလည်းမရှိ, ချုပ်ပျောက်ပျက်စီးသည့်အခါတွင်လည်း အရုပ်တပါးသို့ရောက်သွား၍ စုပုံနေကြသည်လည်းမဟုတ်၊ စောင်းခွက် စောင်းကြိုး၌ တီးခြင်းအမျိုးမျိုးကိုစွဲ၍ ရူပ်တရက် စောင်းသံပေါ်လာပြီးနောက် အတီးရပ်သွားသည်နှင့်တပြိုင်နက် အသံတိတ်ဆိတ်သွားသကဲ့သို့ ထိုနည်းတူစွာ ရူပ်နာမ်တရားတို့သည်လည်း ဆိုင်ရာဆိုင်ရာ အကြောင်းများကြောင့် ရုတ်တရက်ဖြစ်ပြီးနောက် မကြာခင် ချုပ်ပျောက်ပျက်စီးကြကုန်၏။ သို့ဖြစ်နေသော ရူပ်နာမ်၌ အဟောင်းမရှိ အသစ်ချည်းသာ ဖြစ်ကြကုန်၏ဟု စဉ်းစားဆင်ခြင်ပြီးနောက် ရူပ်နာမ်တရားတို့ကို အကြောင်းနှင့်တကွ တဲ့ဖက်၍ ဆက်လက်ရှုဆင်ခြင်ရမည်။ ရူပ်တရားတို့၏ဖြစ်ပေါ်ခြင်းအကြောင်းကား အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရတို့ ဖြစ်ကြ၏၊ ထိုအကြောင်းများမရှိလျှင် ရူပ်တရားတို့ မဖြစ်ပေါ်နိုင်၊ နာမ်တရားတို့၏ အကြောင်းကား–အဝိဇ္ဇာ တဏှာ ကံ ဖဿတို့ ဖြစ်ကြ၏။ ဤအကြောင်းတရားများကို သိပြီးလျှင် "အဝိဇ္ဇာရှိခြင်းကြောင့် ရူပ်နာမ်ဖြစ်ရသည်၊ အဝိဇ္ဇာကို အကြွင်းမဲ့ သတ်နိုင်လျှင် ဤ ရူပ်နာမ် တရားများ ဖြစ်ပေါ်လာနိုင်တော့မည် မဟုတ်" စသည်ဖြင့် အကြိမ်ကြိမ် အထပ်ထပ် မပြတ်ရှုဆင်ခြင်သည့်အခါ ဖြစ်မှုပျက်မှုဟူသော ဥဒယဗ္ဗယလက္ခဏာ လွှန်စွာ ထင်ရှားလာပါလိမ့်မည်။

ရေအိုင်၌ မိုးပေါက်ကြီးစွာ မိုးရွာသည့်အခါ ကမ်းထိပ်၌ရပ်၍ ကြည့်သော သူသည် ရေပြင်၌ ဖြစ်၍, ဖြစ်၍ လျင်စွာ, လျင်စွာ ပျက်သော ဥပေါင်း (ဗူပေါင်း) ရေပွက်တို့ကို မြင်သကဲ့သို့ တောဘူမက သဒ်္ဓါရတရားတို့သည်

လျင်စွာ,လျင်စွာ ဖြစ်ပြီးလျင် ပျက်ကြ၏ဟု မြင်သောဉာဏ်သည် ဥဒယဗ္ဗယဉာဏ် ဖြစ်သည်။

နေထွက်သည်နှင့် တပြိုင်နက် ဆီးနှင်းပေါက်များ အရည်ပျော်သကဲ့သို့ ဤ ရုပ်နာမ် တရားတို့သည် ခုဖြစ် ခုပျက် တရားတို့ပါတကား-ဟု အဖြစ်အပျက်ကို ထင်ရှားအောင် ရှုမြင်သောဉာဏ်သည် ဥဒယဗ္ဗယဉာဏ် မည်သည်။

၃။ ဘင်္ဂဉာဏ်။ ။ဥဒယဗ္ဗယဉာဏ်ဖြင့် ရုပ်နာမ် နှစ်ဝ သင်္ခါရတို့၏ အဖြစ်အပျက်တို့ကို ထင်ရှားအောင် ရှုဆင်ခြင်၍ အလွန်ထင်ရှားစွာ ဉာဏ်၌ ထင်ပေါ်လာသည့်အခါ အဖြစ်အပျက်တို့က အလွန်လျင်မြန်လွန်းသဖြင့် အဖြစ်ကို အာရုံမပြုမိ မရှုမိဘဲ အပျက်ကိုချည်းသာ ရှုဆင်ခြင်သောဉာဏ်ကို ဘင်္ဂဉာဏ်ဟု ခေါ်သည်။ ရေ၌ တုတ်ဖြင့် ရေးခြစ်သည့်အခါ ရှေးကခြစ်နောက်ကပျက်သကဲ့သို့ ထိုနည်းတူစွာ ရုပ်နာမ်တရားများသည်လည်း ချက်ခြင်းပျက်တော့သည်ဟု မြင်သောဉာဏ်သည် ဘင်္ဂဉာဏ် မည်၏။

၄။ ဘယဉာဏ်။ ။အသက်ရှည်ကြာ ချမ်းသာကို လိုလား၍ ဘေးကိုများစွာကြောက်တတ်သူသည် ခြင်္သေ့, သစ်, ကျား, သားရဲများသော တောအရပ်ကိုမြင်လျှင် ကြောက်စရာအရပ်ဟု ထင်မှတ် သကဲ့သို့ ဘင်္ဂဉာဏ်ဖြင့် ရုပ်နာမ်ခမ္မာ သင်္ခါရတို့၏ အပျက်တွေ့ကို ရှုမြင်ပြီးဖြစ်သောကြောင့် "ဤ ရုပ်နာမ်တရားတို့သည် ရှေးရှေးဘဝတို့ဦးက, ယခုဘဝ ရှေးကာလတို့ဦးက ပျက်ခဲ့လှပြီ၊ ယခုလည်း နှမ်းအိုးခင်းဦး နှမ်းစေ့တွေ့တဖျစ်ဖျစ်နေသလို တပျက်တည်း ပျက်လျက်ပင် ရှိခဲ့၏၊ နောက်နောက်ကာလ နောက်ဘဝဦးလည်း ကောန်ပျက်ကြပေဦးမည်၊ ဤရုပ်နာမ်တရားများသည် ကြောက်စရာ တရားများပါတကား" ဟု ထင်မြင်စွာသိသောဉာဏ်ကို ဘယဉာဏ်ဟု ခေါ်သည်။ ဘယဉာဏ်ဟုဆိုသော်လည်း ကြောက်သည်ဟူ၍ကား မမှတ်ရ၊ ကြောက်လျှင် ဒေါသမူစိတ်သာ ဖြစ်လိမ့်မည်။ အလုံးစုံသော တေဘူမက သင်္ခါရတရားတို့သည် ပျက်စီးခြင်း သဘောတည်းဟူသော ဘေးဘယရှိသည်ဟု ယောဂီ၏ဉာဏ်၌ ထင်လာသဖြင့်သာ ဘယဉာဏ်ဟု ခေါ်ရခြင်းဖြစ်သည်၊ တုန်လှုပ် ထိတ်လန့် ကြောက်ရွံ့ခြင်း မျိုးကား မဟုတ်ချေ။

၅။ အာဒီနဝဉာဏ်။ ။ရုပ်နာမ်ခမ္မာ သင်္ခါရတို့၌ ကြောက်မက်ဘွယ်ဘေးကြီးပါတကားဟု ဘယဉာဏ်ဖြစ်ပေါ်လာသည့်အခါ ထိုသင်္ခါရတို့၌ အပြစ်ဟုသိမြင်လာသောဉာဏ်ကို အာဒီနဝဉာဏ်ဟု ခေါ်သည်။ ဘယဉာဏ်ကို အဖန်ဖန်အထပ်ထပ် ပွါးများအပ်သော ယောဂီပုဂ္ဂိုလ်သည် အသက်ရှည်လို ချမ်းသာလိုသော ယောကျ်ားသည် သားရဲများခိုအောင်းသော လျှိုမြောင် ချောင်ကြား ချောက်ကမ်းပါးကို ကြောက်ရွံ့ထိတ်လန့်သကဲ့သို့ဌင်း၊ သန်လျက်

ထမ်း၍လာသော လူသတ်ယောကျ်ားအား ကြောက်ရွံ့သကဲ့သို့ရှင်း၊ အဆိပ်ခတ်သောထမင်း, မီးဝင်းဝင်းလောင်သော အိမ်တို့ကို မတွယ်မတာ အပြစ်ဟုသာမြင်သကဲ့သို့ရှင်း ဘင်္ဂါဉာဏ်၏ အစွမ်းဖြင့် ဘေးဟု ထင်လာကုန်သော သုခ်ါရတရားတို့ကို ဘာမျှတွယ်တာစရာမရှိဟု ထင်လာပြီး နှစ်သက်စုံမက်စရာကင်းစင်ထက်ဝန်းကျင်မှ ကြီးစွာသော အပြစ်အစုသာ ဖြစ်ချေသည်ဟု ထင်မြင်လာသောဉာဏ်သည် အာဒီနဝဉာဏ်ဖြစ်သည်။

၆။ နိဗ္ဗိဒါဉာဏ်။ ။တေဘူမက သင်္ခါရတရားတို့၌ အပြစ်ဟုသိမြင်သော အာဒီနဝဉာဏ် ဖြစ်ပေါ်လာပြီးနောက် ထိုသင်္ခါရတို့၌ နှစ်သက်ပျော်ရွှင်မှုမဖြစ်ဘဲ ငြီးငွေ့သောဉာဏ်ကို နိဗ္ဗိဒါဉာဏ်ဟုခေါ်သည်။ ရတနာခုနစ်ပါးဖြင့်ပြီးသော စိတ္တကုဋ္ဌတောင်ခြေ၌ ပျော်နေကျ ရှေဟာသ်ဝသည် စက္ကာလရွာအထွက်ရှိ အိုင်ငယ်ရုံညွန့်ဗုက်၌ မနှစ်သက် မပျော်ပိုက်နိုင်သကဲ့သို့ရင်း၊ ဆဒ္ဒန်ဆင်မင်းသည် ရုံညွန့်တို့ဖြင့်နောက်ကျိသော နှံရေအိုင်၌ မမွေ့လျော်နိုင် ဆဒ္ဒန်အိုင်၌သာ မွေ့လျော်ပျော်ပါး သကဲ့သို့ရင်း၊ ခပ်သိမ်းကုန်သော သင်္ခါရတရားတို့ကို အပြစ်ဒေါသအာဒီနဝအားဖြင့် သိမြင်ပြီးသော ယောဂီပုဂ္ဂိုလ်သည် သင်္ခါရတရားတို့၌ မနှစ်ခြိုက်ဘဲ တပ်မက်မှုကင်း၍ ငြီးငွေ့လာသော ဉာဏ်သည် နိဗ္ဗိဒါဉာဏ်ဖြစ်သည်။

၇။ မုဉ္စိတုကမျတာဉာဏ်။ ။နိဗ္ဗိဒါဉာဏ်ဖြင့် တေဘူမက သင်္ခါရတို့၌ ငြီးငွေ့လာသောအခါ ယင်းသင်္ခါရတို့မှ လွတ်မြောက်လိုသောဘဏ် ဖြစ်ပေါ်လာသည်၊ ယင်းဉာဏ်ကို မုဉ္စိတုကမျတာဉာဏ်ဟု ခေါ်သည်။ နိဗ္ဗိဒါဉာဏ်ဖြင့် ဘုံသုံးပါးဟူသော နှောင်အိမ်တွင်း ဆန့်ကျင်ငြီးငွေ့မပျော်မွေ့သော ယောဂီပုဂ္ဂိုလ်အား ပိုက်ကွန်၌မိသောငါး, မြေဖမ်းမိထားသော ဖားသူငယ်, လှောင်ချိုင့်အတွင်း၌ မိနေသောငှက်, အလမ်ပွါယ်ဆရာ၏ လက်၌ရောက်နေသောမြေွ, ကျော့ကွင်းမိသောသမင်, ဂဠုန်လက်တွင် နဂါး, ကြောင်ဘားလက်ဝယ် ကြွက်သူငယ်, စွန်လက်သည်းဝယ် စာသူငယ်, ရန်သူဝိုင်းထားလူယောကျ်ားတို့ကဲ့သို့ တစုံတခုသော သင်္ခါရဟူး၌မျှ ပျော်ပါးငြိကပ်တပ်စွန်းခြင်းမရှိဘဲ၊ လွန်စွာထန်ပြင်း လွတ်ကင်းထွက်မြောက်လိုသောစိတ် ဖြစ်ပေါ်လာသော ဉာဏ်သည် မုဉ္စိတုကမျတာဉာဏ်ဖြစ်သည်။

၈။ ပဋိသင်္ခါဉာဏ်။ ။တေဘူမက သင်္ခါရတရားတို့၌ အနိစ္စ ဒုက္ခ အနတ္တ ဟူထပ်မံ၍ ရှုဆင်ခြင်သောဉာဏ်ကို ပဋိသင်္ခါဉာဏ်ဟု ခေါ်သည်၊ မုဉ္စိတုကမျတာဉာဏ်ဖြင့် တေဘူမက သင်္ခါရတို့မှ လွတ်မြောက်လိုရုံသာရှိသေးသည်၊ တကယ်မလွတ်နိုင်သေး၊ ဤပဋိသင်္ခါဉာဏ်ဖြင့်ကား သင်္ခါရတို့ကို စွန့်လွှတ်တော့မည်၊ သို့သော် စွန့်လွှတ်ခါနီး၌ ရုတ်တရက် မလွှတ်လိုက်သေးဘဲ

ကြပ်ကြပ်နှံနှာအောင် နိစ္စ သုခ အတ္တဟု နောင်အခါ မစဲလမ်းနှိုင်အောင် တဖန် ထပ်၍ အနိစ္စ ဒုက္ခ အနတ္တဟု လက္ခဏာယာဉ် သုံးပါးတင်၍ ရှုဆင်ခြင်ပြန်သည်။ ငါးဆောင်းသော တံငါယောကျ်ားသည် ငါးဖမ်းရာဝယ် ရှေလျားသော အကောင်ကြီးကို ရေထဲ၌ လည်စေ့ကို ဆုပ်ကိုင်မိရာ အလွန်ကြီးသော ငါးကြီးကို ဖမ်းမိပြီဟု ရှင်လန်းအားရလျက် ရေမှဖော်ထုတ်လိုက်သောအခါ မြေဆိုး၏ အမှတ်လက္ခဏာဖြစ်သော လည်ရေးသုံးဆင့်ကို မြင်လေလျှင် ကြောက်ရွံ့လျက် စိတ်ပျက်ပျက်ဖြင့် လှတ်ပစ်လိုပါသော်လည်း အလှတ်တင် မိမိလက်ကို ကိုက် သွားမည်စိုးသဖြင့် ရုတ်တရက် မလှတ်သေးဘဲ ချာချာလည်အောင် ရစ်ပတ်၍ အတော်နှံနှာမှ လှတ်ပစ်လိုက်သကဲ့သို့ ထိုနည်းတူစွာ တောဘူမက သခ်ါရရှုပ်နာမ် တို့ကို ပင်ကိုယ်က အလွန်နှစ်သက်စဲ့လမ်းခဲ့ပြီးနောက် အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာတို့ဖြင့် ရှုဆင်ခြင်သည့်အခါ ဘယ, အာဒီနဝ, နိဗ္ဗိဒါ, မုဉ္စိတုကမျတာ ဉာဏ်တို့ ဖြစ်ပေါ်လာပြီးနောက် ယခုအခါ စွန့်ပစ်တော့မည်ဖြစ်၍ အနိစ္စစသော လက္ခဏာများကို တဖန် ထပ်မံရှုဆင်ခြင်ပြန်သည်၊ ဤဉာဏ်သည် ပဋိသခ်ါဉာဏ် ဖြစ်သည်။ တွေ့ကြုံနေရသည့် ဝဋ်ဒုက္ခမှ လွတ်မြောက်လိုသည့် ဆန္ဒာဓိပတိဖြင့် ပွါးများအားထုတ်ခြင်း ဖြစ်ပေသည်။ဤအဆင့်၌ သမ္မပ္ပဓာန်ဝီရိယဖြင့် အားထုတ်လေသည်။

၉။ သခ်ါရုပေက္ခာဉာဏ်။ ။ပဋိသခ်ါဉာဏ်ဖြင့် တောဘူမက သခ်ါရတို့ကို စွန့်လွှတ်လိုက်ပြီးနောက် သခ်ါရတရား တို့ကို ဘေးဟူ၍ ဝင်း အပြစ်ဟူ၍ ဝင်း မရှုတော့ဘဲ လစ်လျူရှုနိုင်သောဉာဏ်ကို သခ်ါရုပေက္ခာဉာဏ်ဟု ခေါ်သည်။ ဤဉာဏ်ဖြင့် လစ်လျူရှုသည်ဟု ဆိုသော်လည်း လုံးဝအာရုံမပြုဘဲ နေ၍ကား မဖြစ်ပေ။ ဝိပဿနာဉာဏ်ဟူသမျှတို့သည် တောဘူမက သခ်ါရရှုပ်နာမ် တို့ကိုပင် အာရုံပြုရ၏၊ သို့ရာတွင် အာရုံပြုသည့်အခါ သာယာနှစ်သက် စဲ့လမ်း ခြင်းလည်းမရှိ, ကြောက်မက်ဖွယ်ဟူ၍လည်း သဘောမထားဘဲ လစ်လျူရှုကာ အနိစ္စ ဒုက္ခ အနတ္တ ဟု ဆင်ခြင်နေခြင်းသာ ဖြစ်သည်။ မယားကိုချစ်သော လင်ယောကျ်ားသည် မိမိ၏ဇနီးနှင့် တပါးသူတို့ ဖောက်ပြန်နေသည်ကိုတွေ့သဖြင့် ထိုမယား၌ အပြစ်မြင်ခြင်း၊ ငြီးငွေ့ခြင်းများဖြစ်ကာ မကြာခင် ကွာရှင်းလိုက်၏၊ ကွာရှင်းပြီးနောက်တွင်ကား ထိုမယားနှင့် တပါးသူတို့ ဖောက်ပြန်သည်ကို မြင်သော်လည်း လျစ်လျူရှုနိုင်သကဲ့သို့တည်း။

စင်စစ် ဤအဆင့်၌ သခ်ါရတရားတို့ကို မလွဲသာ၍သာ အာရုံပြုနေရခြင်း ဖြစ်သည်။ နိဗ္ဗာန်သို့ ညွတ်ကိုင်းသော စိတ်ဖြစ်ပေါ်နေပေပြီ။ နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်သေးမီအတွင်း သခ်ါရတရားတို့ကိုသာ အာရုံပြုရခြင်းဖြစ်၍ သခ်ါရဘရား၌ လျစ်လျူရှုကာ အာရုံယူရခြင်းဖြစ်သည်။ ထို့ကြောင့် ဤအဆင့်၌ ပေါ်လာသောအသိဉာဏ်ကို သခ်ါရုပေက္ခာဉာဏ်ဟု ခေါ်ခြင်းဖြစ်သည်။

၁၀။ အနုလောမဉာဏ်။ ။သခ်ၤါရုပေက္ခာဉာဏ်မှ တဆင့်တက်လိုက်လျှင် မဂ်ဖိုလ် ရောက်တော့မည့် ဆဲဆဲဖြစ်၍ အထက် မဂ်ခန်း၌ ရလတ္တံ့သော ဗောဓိပက္ခိယတရားတို့အား လျော်သောကြောင့် ဤဉာဏ်ကို အနုလောမဉာဏ်ဟု ခေါ်သည်၊ သခ်ၤါရုပေက္ခာဉာဏ်ဖြင့် သခ်ၤါရတို့၌ လစ်လျူရှုကာ အနိစ္စ ဒုက္ခ အနတ္တ-ဟု ရှုဆင်ခြင်ဘန်မျှားလတ်သော် သခ်ၤါရတို့ကို အာရုံမပြုလိုဘဲ သခ်ၤါရတို့မှ တဒ္ဓန့်ဆုတ်လျက် သခ်ၤါရလွတ်ရာ နိဗ္ဗာန်ကိုသာ စိတ်ညွတ်နေတော့သည်၊ သို့သော် နိဗ္ဗာန်ကို တိုက်ရိုက်မမြင်ရသေးသဖြင့် နိဗ္ဗာန်ကို ရှာဖွေနေရင်းပင် သခ်ၤါရတို့ကို အာရုံပြုနေရသေး၏။ ဤအနုလောမဉာဏ်ဟူသည် မဂ္ဂဝီထိ၌ပါသော ပရိကံ ဥပစာ အနုလုံ ကိစ္စတပ်သောဉာဏ်ပင်တည်း။ ဤဉာဏ်ပြီးလျှင် မဂ်ရောက်တော့သည်။ သို့ဖြစ်၍ ဤဉာဏ်အဆင့်ဆင့်ကို မြင့်သထက်မြင့်အောင် တိုးတက်ပွါးများ အားထုတ်ကြရန် တိုက်တွန်းရပေသည်။

ဝိပဿနာဉာဏ်ဆယ်ပါး ပြီး၏။

ကျမ်းကြီးနိဒါန်း

၁။ အန္တရာယံ ဝိနာ ဧသော၊ ယထာ နိဋ္ဌံ ဥပါဂတော။
တထာ သိဒ္ဓန္တု သက်ပွါ၊ သတ္တာနံ ဓမ္မနိဿိတာ။

၂။ ယာဝ ဗုဒ္ဓါတိ နာမမွိ၊ သုဒ္ဓစိတ္တာဿ တာဒိနော။
လောကမွိ လောကဇေဋ္ဌဿ၊ ပဝတ္တတိ မဟေသိနော။

၃။ တာဝ တိဋ္ဌတု လောကသွိံ၊ လောကနိတ္ထရဏော သိနံ။
ဒဿေန္တော ကုလပုတ္တာနံ၊ နယံ သိက္ခာဝိသုဒ္ဓိယာ တိ။

၁။ ဧသော၊ ဤနိဗ္ဗာန်လမ်းစဉ် အမည်တွင်သည့် ရှုချင်ဖွယ်ရာ ကျမ်းရွေစာသည်။ အန္တရာယံ၊ ကိုယ်တွင်းကိုယ်ပ အန္တရာယ်ဟူသမျှကို။ ဝိနာ၊ ကြဉ်ဖယ်ရှောင်ရှား တွန်းလှန်ထား၍။ နိဋ္ဌံ၊ ပြီးဆုံးအောင်မြင်ခြင်းသို့။ ဥပါဂတော ယထာ၊ ဆရာသခင် ကျေးဇူးရှင်တို့ သွန်သင်ပြသ နည်းနယကို မှီးဆက္ကထောက် ခွန်အားလှောက်၍ ရောက်ရသကဲ့သို့။ တထာ၊ ထို့အတူ။ သတ္တာနံ၊ သတ္တဝါတို့၏။ ဓမ္မနိဿိတာ၊ သူတော်တရား ကျင့်စဉ်မျှားကို ကိုးစားယုံကြည် စွဲမှီကုန်သော။ သက်ပွါ၊ မဂ်ဖိုလ်နိဗ္ဗာန် ရရန်အကြောင်း အကြံဥာဏ်းဟူသမျှတို့သည်။ သိဒ္ဓန္တု၊ ကြံတိုင်းလည်းအောင် ဆောင်တိုင်းလည်းပေါက် ပြီးမြောက်မသွေ ပြီးပြည့်စုံကြပါစေကုန်သတည်း။

၂။ သုဒ္ဓစိတ္တာဿ၊ စင်ကြယ်သန့်ရှင်း အပြစ်ကင်းသော စိတ်ရှိတော်မူသော။ တာဒိနော၊ လာဘာလာဘ စသည်ရှစ်တန် လောကဓမ်ကြောင့် ဖောက်ပြန်မရှိသည်းခံချိသည့် တာဒိမြတ်ဂုဏ် ပြည့်လွှမ်းခြုံတော်မူသော။ လောကဇေဋ္ဌဿ၊ သတ္တလောကဌ် အကြီးဆုံးဖြစ်တော်မူသော။ မဟေသိနော၊ မြတ်သောနိဗ္ဗာန်ကို ရှာမှီးတော်မူပြီးသော မြတ်စွာဘုရား၏။ ယာဝ၊ အကြင်မျှလောက်။ ဗုဒ္ဓါတိ နာမမွိ၊ ဘုရားဘုရားဟူသော အမည်တော်သည်လည်း။ လောကမွိ၊ စကြဝဠာကမ္ဘာလောကဌ်။ ပဝတ္တတိ၊ ဖြစ်တည်သေး၏။

၃။ တာဝ၊ ထိုမျှလောက်။ (ဧသော၊ လုံလမြားမြောက် ခွန်အားဆောက်မှုထွန်းတောက်ပေါ်လာ ဤကျမ်းစာသည်။) လောကသွိံ၊ စကြဝဠာ ကမ္ဘာလောကဌ်။ လောကနိတ္ထရဏော သိနံ၊ လောကမှ ထွက်မြောက်နိုင်ကြောင်း

နည်းလမ်းကောင်းကို စုဆောင်းရှာမှီး ကြကုန်သော။ ကုလပုတ္တာနံ၊ အမျိုး ကောင်းသားတို့အား၊ တို့၏။ သိက္ခာဝိသုဒ္ဓိယာ၊ သိက္ခာသုံးတန် တရားမှန်၏ ဧကန်စင်ကြယ်ရန်အလို့ငှါ။ နယံ၊ နည်းကောင်းနည်းမြတ်ကို။ ဒဿေန္တော၊ ပြလျက်၊ ပြကာ။ တိဋ္ဌတု၊ ငါးထောင်သာသနာ လွန်မြင့်ကြာအောင် တည်ရစ်ပါစေသတည်း။ ဤတို၊ ဤတွင် "နိဗ္ဗာန်လမ်းစဉ်ပြကျမ်း" ကို နိဂုံးကမ္ပတ် အဆုံးသတ်လိုက်ပြီ။

နိဗ္ဗာန်လမ်းစဉ်ပြကျမ်း ပြီး၏။

နိဒ္ဒေသန်လမ်းစဉ်ပြကျမ်း

မှတ်သားဖွယ် အကွောရာစဉ်

အကွောရာစဉ်	စာမျက်နှာ
[အ]	
အံ့သကိုင်ဋီပမာဏ	၁၀၈
အုံ့ဩဘွယ်အဖြစ်ကိုပြုလုပ်၍ စားသောက်နေသော ရဟန်းတပါးအကြောင်း	၃၈၂-၃
အကုသိုလ်ဒုစရိုက်တို့ကို မေတ္တာကုသိုလ်က လွှမ်းမိုးသွားနိုင်ပုံ	၄၇၂
အကျဉ်းအားဖြင့် ရုပ်နာမ်နှစ်ပါးသာရှိ၏	၄၀၈
အကျဉ်းအားဖြင့် ဝေဖန်သော် ခန္ဓာငါးပါးဖြစ်၏	၄၀၈
အကြိမ်များစွာ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း ပွါးများ အား ထုတ်ပါမူကား အကျိုး အာနိသင် များစွာရှိပုံ	၃၉၂
အချည်းနှီးသော အချိန်ကာလကို မကုန်စေရာ	၆၇
အချို့သောရဟန်းများ ရဟန္တာ ဖြစ်ကြောင်း ကြိမ်ဆို၍ပင် ဝန်ခံရဲကြကုန်၏	၃၇၈
အချို့သောသတ္တဝါတို့သည် မိမိတို့၏ အဉမျှားကို အဝေးကမေတ္တာဓာတ်ဖြင့် ပေါက်ဖွားစေကြပုံ	၄၈၁
အဂတိတရား လေးပါး	၈၉
အင်းပျဉ်နှစ်မျိုး	၂၀၁

အကွောရာစဉ်	စာမျက်နှာ
[အ]	

အင်္ဂါငါးချက်နှင့် ပြည့်စုံသော ဇောတမင်းသား ဥယျာဉ်ကို တွေ့မြင်ပုံ	၃၂၂
အင်္ဂါလေးရပ် ပြည့်စုံလတ် သူမြတ်ဓသေတာပန်	၂၇၆-၇
အင်္ဂုတ္တရနိကာယ် ပဥ္စကနိပါတ် အဘိဏှသုတ်လာ ဥပေက္ခာ တရားရှုပွါးပုံနည်းမျိုးစုံ	၄၄၀-၁
အင်္ဂုတ္တရနိကာယ်လာ မရဏာနုဿတိကမ္မဋ္ဌာန်း ပွါးများသော ရဟန်းရှစ်မျိုး	၄၈၅
အညတရပုရိသ အကြောင်း	၉၀
အညတရမထေရ် အကြောင်း	၅၉
အဋ္ဌကထာဆရာအလို တပြိုင် တည်း ခုတင်တဆယ့်သုံးပါး ရရှိပုံ	၂၁၁
အနည်းငယ်လှူဒါန်းအပ်သော အလှူဝတ္ထုကို မရွှတ်ချ မကဲ့ရဲ့ မထီမဲ့မြင် မပြုရာ	၂၄၈
အနည်းငယ်သော အလှူသည် များစွာအကျိုးရှိ၏	၁၄၆
အနတ္တလက္ခဏသုတ္တန်ကို ဟောတော်မူခြင်း	၂၄၁
အနာဂါမ် ဥပါသကာမကြီး အကြောင်း	၃၅၃
အနာဂါမ်ပုဂ္ဂိုလ်အကြောင်း	၃၅၆

အကွာရာစဉ်	စာမျက်နှာ
[အ]	
အနာဂါမ်ပုဂ္ဂိုလ် လေးမျိုး	၃၆၀
အနာဂါမ်ပုဂ္ဂိုလ် (၄၈) ယောက်ကို သံပွါးသံပုံ့ ဥပမာဖြင့် ဘုရား ရှင်ဟောကြားတော်မူပုံ	၃၆၁
အနာထပိဏ်သူဌေးအကြံအစည်ကို သိတော်မူသော ဘုရားရှင်က ချစ်သားသုဒတ္တဟု ခေါ်တော်မူပုံ	၃၁၈
အနာထပိဏ်သူဌေးအကြောင်း	၃၁၁
အနာထပိဏ်သူဌေးကြီးအား သူတော်ကောင်းနတ်မျှားက စောင့်ရှောက်ပုံ	၃၁၅
အနာထပိဏ်သူဌေးကြီး ဆန်ကဲ့ ထမင်းနှင့် ပအုံးရည်ဟင်း လှူဒါန်းရခြင်း	၃၂၈
အနာထပိဏ်သူဌေးကြီး တဆယ့် ရှစ်ကုဋေ အကုန်အကျခံကာ ဇေတဝန် ကျောင်းတိုက်ကြီး ကို လှူဒါန်းခြင်း	၃၂၅
အနာထပိဏ်သူဌေးကြီး ပိတိ ငါးမျိုးဖြစ်ပုံ	၃၁၃
အနာထပိဏ်သူဌေးကြီး မေး လျှောက်သဖြင့် ဘုရားရှင် မိန့်တော်မူပုံ	၃၁၈
အနာထပိဏ်သူဌေး စည်းစိမ် ဥစ္စာ ကုန်ဆုံးသော်လည်း စွမ်းနိုင်သလောက် လှူဒါန်းပုံ	၃၂၈
အနာထပိဏ်သူဌေးကြီး သောတာပတ္တိဖိုလ်တည်ပုံ	၃၁၉

အကွာရာစဉ်	စာမျက်နှာ
[အ]	
အနိစ္စဝိပဿနာ ကမ္မဋ္ဌာန်းကို ကြိုးစားအားထုတ်သည် ရှိသော် တဏှာ, ရာဂ, မောဟ, မာန အားလုံးတို့ကို ပယ်နိုင်ပုံ	၃၆၉
အနုလောမဉာဏ်	၅၀၉
အနောဓိပုဂ္ဂိုလ် ငါးယောက်၌ မေတ္တာပွါးများပုံ	၄၂၃
အန္ဒစ်နှံသာမျိုးတို့တွင် စန္ဒကူး နီသည် အမြတ်ဆုံး	၃၆၉
အပ်ဝင်လျှင်-ပုဆိန်ထွက်	၂၆၈
အပြိစ္ဆတရားလေးပါး	၂၄၅
အပြစ်ခြောက်ပါး ကင်းလွတ်ရာ အရပ်	၃၃၇-ဂ
အဖိုးမထိုက် အမှိုက်ပမာ ကိလေသာဆိုးဖြင့် သံဝရ သီလကို မဖျက်ချိုးရာ	၅၀
အဘွောကာသိကခေါ်ပုံ	၁၈၉
အဘွောကာသိကဂ်မည်ပုံ	၁၈၉
အဘွောကာသိကဓုတင် ဆောက်တည်ပုံ	၁၈၉
အဘွောကာသိကဓုတင်ဆောင် ရဟန်း၏အကျိုးအာနိသင်	၁၉၃
အဘွောကာသိကဓုတင်ဆောင် ရဟန်းသုံးမျိုး	၁၈၉
အဘွောကာသိကဓုတင် ပျက် ခြင်း	၁၉၀
အဘိဟာရဆွမ်းခေါ်ပုံ	၂၄၇
အမျက်ထွက်သောပုဂ္ဂိုလ်၌ ခံစားရသော အပြစ်များ	၄၅၆

အကွဲရာစဉ်	စာမျက်နှာ
[အ]	
အရှင်မဟာကဿပမထေရ် အကြောင်း	၂၁၂
အရှင်မဟာကဿပမထေရ်အား လှည့်စား၍ သိကြားအဖိုးအို ဇနီးမောင်နှံ ဆွမ်းလှူပုံ	၁၂၂
အရှင်မဟာမောဂ္ဂလ္လာန်မထေရ် နတ်ပြည် ငြဟ္မာ့ပြည်တို့၌ ထင်ရှားသော ဓမ္မကထိက ဖြစ်တော်မူခြင်း	၃၅၀
အရှင်မိတ္တထေရ်အကြောင်း	၂၂၀
အရှင်မြတ်တို့ ပါမသွားဘို့ အရေးကြီး၏	၆၄
အရှင်ရေဝတမထေရ် နေရာအရပ်ကို မိမိတို့ တွေ့ခဲ့သည့်အတိုင်း ပြောဆိုကြပုံ	၁၆၂
အရှင်ရေဝတ မထေရ်အား အာရညကင်ဓုတင်၏ အကျိုး အာနိသင် တရားဟောတော် မူခြင်း	၁၆၁
အရှင်သီဝလိ၏ ကောင်းမှုတန်းခိုး ကို စုံစမ်းလို၍ တောကြမ်း ခရီးဖြင့် ကြွသွားတော်မူပုံ	၁၆၀
အရှင်သီဝလိဘုန်းကံကြီးမားပုံ	၁၅၉
အလင်္ဂဒုဿီလ ရဟန်း အကြောင်း	၁၈
အလုံးစုံသော မင်းတို့တွင် စကြာ-မင်းသည်အမြတ်ဆုံး	၃၆၉
အသက်ရှိသော သူသည်လည်း အသုဘ ဖြစ်ပုံ	၅၀၀
အသိတရားသ့ ကာဠဒေဝိလ ရသေ့ဟု ခေါ်ကြပုံ	၂၃၇
အသီးတရော အညာတခု	၄၅၅

အကွဲရာစဉ်	စာမျက်နှာ
[အ]	
အများချီးမွမ်းစေလို၍ တောရ ဆောက်တည်သော ရဟန်း အား ခြေလှမ်းတိုင်း ဒုက္ကဋ် အာပတ်သင့်ပုံ	၃၁၁
အမြစ်နှံသာမျိုးတို့တွင် အကျော် နှံသာသည်အမြတ်ဆုံး	၃၆၉
အမွေးအနှံအပေါင်းတို့ထက် သီလအနှံ လွန်ကဲပုံ	၄၈
အရဟံဂုဏ်တော်ပုတီးစိပ်နည်း	၃၀၉
အရဟံဂုဏ်တော် ပွါးများပုံ	၃၀၇
အရဟံဂုဏ်တော်သုံးနည်း ပွါးများပုံ	၃၉၀
အရာရာတိုင်း၌ မရဏာနုဿတိ ကမ္မဋ္ဌာန်းပွါးများသင့်ပုံ	၄၀၂
အရိယာတို့မွေ့လျော်ဘွယ်ရာ အရပ်	၁၆၃
အရိယာပုဂ္ဂိုလ်တို့ အမြင့်မြတ်ဆုံး ဘုံဘို့ တက်ရောက်ကြပုံ	၂၇၈
အရိယာ သူတော်ကောင်းတို့ အား ပေးလှူအပ်သော ဒါနသည် မွန်မြတ်သည်သာ	၃၂၈
အရိုးစု ကမ္မဋ္ဌာန်း ဆင်ခြင် ပွါးများသင့်၏	၁၉၆
အရှင်တိဿမထေရ်သည် အကောင်းဆုံး အမြတ်ဆုံး ကိုသာ ရလေ့ရှိပုံ	၂၃၂
အရှင်နာလက၏ အလိုနှည်းခြင်း သုံးမျိုး	၂၅၆
အရှင်နာလကပရိနိဗ္ဗာန်ဝင်စံပုံ	၂၅၇
အရှင်နာလကမြတ်စွာဘုရားကို လျှောက်ထားပုံ	၂၄၂
အရှင်နာလက ရဟန္တာဖြစ်ခြင်း	၂၅၆

အကွဆုစဉ်	စာမျက်နှာ
[အာ-ဣ]	
အာဒီနဝဉာဏ်	၅၀၆
အာနာပါနကမ္မဋ္ဌာန်းပညပုံ	၄၉၅
အာနာပါန ပွါးပုံ ပွါးနည်း	၄၉၅
အာနာပါနသမာဓိခေါ်ပုံ	၁၉၁
အာရညိကခေါ်ပုံ	၁၃၈
အာရညကင်ဓုတင် ဆောက် တည်ပုံ	၁၃၈
အာရညကင်ဓုတင် ဆောက် တည်ရသော အကျိုး ကျေးဇူး	၁၈၄
အာရညိကင်္မဏ်မည်ပုံ	၁၃၈
အာရညကင်ဓုတင်ဆောင် ရဟန်း သုံးမျိုး	၁၄၀
အာဝါသမစ္ဆရိယဖြစ်ပုံ	၃၄၇
အာဝါသမစ္ဆရိယမဖြစ်ပုံ	၃၄၇
အိပ်နေသဖြင့် တောနေရကျိုး မရှိ	၂၀၃
အိပ်မပျော်သူအား ညဉ့်သည် ရှည်၏	၉၉
အိမ်စဉ်အတိုင်း ဆွမ်းခံကြွတော် မူခြင်း	၁၁၃
အိမ်စဉ်မပြတ် ဆွမ်းရပ်ခြင်း ကျင့်ဝတ်သည် ဘုရားရှင် တို့၏ ကျင့်ဝတ်	၁၁၃
အိမ်ထောင်မပြုတိုင်း ငြဟ္မဉ့် ပြည်က လာသည် ဟူ၍ မမှတ်သင့်	၃၅၆
အိမ်ရှင်မ မူဆိုးမယား အပျိုဘဝက သောတာပန်ဖြစ်ခဲ့ခြင်း	၃၃၈

အကွဆုစဉ်	စာမျက်နှာ
[ဣ]	
ဣဆွမ်း အဝတ်တို့သည် တရား၏ အရှင် ဖြစ်တော် မူသော ဘုရားရှင်အား သာလျှင် သင့်လျော် လျောက်ပတ်၏	၃၉၇
ဣသင်္ကန်းမျှားသည် အရှင် သာရိပုတ္တရာ မထေရ်အား သာ သင့်လျော်၏	၃၉၇
[ဥ-ဧ]	
ဥဒယဘဒ္ဒဇာတ်	၅၁
ဥဒယဘဒ္ဒမင်းသားအကြောင်း	၅၁
ဥဒယဘဒ္ဒမင်းသား နတ်ရွာစံ၍ သိကြားမင်းဖြစ်ပုံ	၅၂
ဥဒယဗ္ဗယဉာဏ်	၅၀၄
ဥဒယဘဒ္ဒါမင်းသမီးက မောင် တော် သိကြားမင်းကို တောင်းပန်ပုံ	၅၄
ဥဒယဘဒ္ဒါမင်းသမီး ရသေ့ ရဟန်း ပြုလုပ်ပုံ	၅၂
ဥပေက္ခာအစစ်အမှန်ဖြစ်ဖို့ရန် ပိုမို၍ ခဲယဉ်းပုံ	၄၄၃
ဥပေက္ခာအရကောက်	၄၄၉
ဥပေက္ခာ ဆယ်မျိုး	၄၅၀
ဥပေက္ခာ တရား့သုံးဆယ့်နှစ်ပါး ပြားပုံ	၄၃၁
ဥဘတောဘာဂဝိမုတ္တပုဂ္ဂိုလ်၌ သိမှတ်ဖွယ်ရာ အဖြာဖြာ	၃၇၃
ဧကသီတထဉ်တည်းဖြင့် အထက်အောက် ဝတ်ပုံ, ဝတ်နည်း	၁၀၉
ဧကာသနိက် ဓုတင်ဆောက် တည်ပုံ	၁၂၆

အကွဲရာစဉ်	စာမျက်နှာ
[က]	
ကာမတဏှာကြောင့် ဒုက္ခရောက်ပုံ အကြောင်း	၈၂
ကာယသက္ခိပုဂ္ဂိုလ်၌ သိမှတ် ဖွယ်ရာ အဖြာဖြာ	၃၇၄
ကာဠဒေဝိလ ရသေ့၏ ဆံကျစ် ဖျားခြင် ရပ်တည်နေပုံ	၂၃၈
ကာဠဒေဝိလရသေ့ကြီး သမာပတ် အဘိညာဉ်ရရှိပုံအကြောင်း	၂၃၉
ကိလေသာငုတ်လောဘယုတ်ကို တိုက်ဖျက်ကြပါကုန်	၆၇
ကိလေသာမာရ် ကိုယ်တွင်းရန်ကို အောင်မြင်ခြင်းငှါ စွမ်းနိုင်ပုံ	၁၈၄
ကုက္ကုဋ္ဌမိတ္တမူဆိုးအကြောင်း	၃၃၄
ကုက္ကုဋ္ဌမိတ္တမူဆိုး မေတ္တာစိတ် ဖြစ်ပွါးစေပုံ	၃၃၇
ကုလမစ္ဆရိယဖြစ်ပုံ	၃၄၉
ကုလမစ္ဆရိယမဖြစ်ပုံ	၃၄၇
ကုလုပ်လေးတာအပြန်ငါးရာ တိုင်းတာပုံအကြောင်း	၁၄၀
ကုသိုလ်ကောင်းမှုအဖို့ကို အမျှပေးဝေပုံ	၆၂
ကုသိုလ်ကောင်းမှုကိုခြောက် လျှင် ချမ်းသာကို ကြောက်သည် မည်၏	၄၂၆
ကုသိုလ်ကောင်းမှုကိုပြုသည့် အတွက် သူ့ဌေးဟုထင်ရှားပုံ	၆၂
ကိုယ်ခန္ဓာသည် ခွေးသေကောင် ပုပ်, မြွေသေကောင်ပုပ်, ကျင်ကြီးတွင်း, ကျင်ငယ် တွင်းနှင့်တူပုံ	၁၀၂-၃

အကွဲရာစဉ်	စာမျက်နှာ
[ခ-ဩ]	
ခေသနိုက် ခုတင်ဆောင် ရဟန်းသုံးမျိုး	၁၂၆
ခေသနိုကဂ်မည်ပုံ	၁၂၆
ခေသနိုကခုတင်ပျက်ပုံ	၁၂၇
ခေတဒဂ်ဘွဲ့ပေးသနားတော် မူခြင်း	၁၆၄
အောက်မေ့ပွါးများခြင်းနှစ်မျိုး	၄၀၇
ဩဓိပုဂ္ဂိုလ် (၇)ယောက်၌ မေတ္တာပွါးများပုံ	၄၁၆-၄၂၂
[ကာ]	
ကန်တော့ဆုတောင်းပုံ	၄၀၉
ကရဏာတရားသုံးဆယ့်နှစ်ပါး ဖြစ်ပုံ	၄၃၁
ကဿပမြတ်စွာဘုရား၏ ဓာတု စေတီတော်ကြီး တည်ထား ကိုးကွယ်ပုံ	၃၄၀
ကာမဂုဏ်အာရုံတို့သည် အရိုးစုနှင့် တူပုံ	၇၆
ကာမဂုဏ်ငါးပါးတို့သည် အိပ်မက်၌ မြင်မက်အပ်သော အရာဝတ္ထုနှင့်တူပုံ	၇၉
ကာမဂုဏ်ငါးပါးကိုသည် စဉ်းတီ တုံးနှင့် တူပုံ	၈၁
ကာမဂုဏ်ငါးပါးတို့သည် မြွေဆိုး၏ ဦးခေါင်းနှင့်တူပုံ	၈၂
ကာမဂုဏ်တို့သည် ခေတ္တငှါးရမ်း၍ သုံးဆောင်အပ်သော ပစ္စည်းနှင့်တူပုံ	၇၉
ကာမဂုဏ်ဘင်ပုပ် တရားယုတ်၌ တပ်နှစ်သက်ပုံ	၇၁

အကွဲထုစဉ် စာမျက်နှာ

[ခ]

ခဒိရဝနိယ(ရှားတောနေ)
အရှင်ရေဝတအကြောင်း ၁၅၄
ခန္ဓာကိုယ်၌ တင့်တယ်လျောက်
ပတ်သော အရပ်မည်သည်
အဏုမြူမျှမရှိ ၅၀၁
ခန္ဓာကိုယ်သည် ဆင်းရဲတရား
တို့၏ပေါက်ဖွားရာ ယာခင်း
ကြီးနှင့် တူ၏ ၅၀၀
ခလုပ်စွာဘတို့ကမုတင်
ဆောက်တည်ပုံ ၁၃၂
ခလုပ်စွာဘတို့ကဲ့မုတင်ဆောင်
ရဟန်း၏ အကျိုးအာနိသင် ၁၃၇
ခလုပ်စွာဘတို့ကမုတင်ဆောင်
ရဟန်းသုံးမျိုး ၁၃၂
ခလုပ်စွာဘတို့ကမည်ပုံ ၁၃၂
ခလုပ်ဒဏ်အဆုံးအဖြတ် ၁၃၂
ခိပ္ပါဘိညာ ဒန္ဓာဘိညာခေါ်ပုံ ၂၄၉
ခုနစ်နှစ်ရွယ်ရှင်တိသဟတစပဉ္စက
ကမ္မဋ္ဌာန်းပွါးများခြင်း ၁၄၃
ခုနစ်ရက်ပတ်လုံး ရေမရောသော
နို့ဃနာဆွမ်း လှူဒါန်း
ကြပုံ ၁၄၃
ခေါင်းပါးကြမ်းတမ်းသော
အာဟာရကိုဘဉ်းပေးခြင်း ၁၅၈
ချစ်သားနာလက မဂ်ဉာဏ်တခု
တည်းဖြင့် နိဗ္ဗာန်သို့ နှစ်ကြိမ်
နှစ်ခေါက် မရောက်ကောင်း ၂၅၀
ချမ်းသာအစစ်ကို အလိုရှိသော
သူသည် မေတ္တာတရား
ပွါးများရာ၏ ၄၂၅
ချမ်းသာဆင်းရဲမှုတို့မှာ ချိန်ခွင်
သဘွယ် ဖြစ်ပါစေ ၄၅၂

အကွဲထုစဉ် စာမျက်နှာ

[က]

ကိုယ်ခန္ဓာသည် ပိုးမျိုးတို့၏
အစာသာဖြစ်ပုံအကြောင်း ၅၇
ကိုယ်ခန္ဓာသည် ပိုးမျိုးရှစ်ဆယ်
တို့၏ မီးနေအိမ်, သူနာဇရပ်
(ဆေးရုံ), သုသာန်စသည်တို့
ဖြစ်ပုံ ၄၈၃
ကိုးကွယ်ချဉ်းကပ် ဆည်းကပ်
သောအခါပုဂ္ဂိုလ်ရွေးသင့်ပုံ ၂၂၈
ကောင်းမှု, မကောင်းမှုတို့၏
အကျိုးပေးပုံ ဟောကြား
တော်မူခြင်း ၃၃၁
ကျွဲထာသဿနာ့တာဝန် ထမ်း
ဆောင်နိုင်ကြပါစေ ၆၄
ကျားကြောက်၍ပြေးလျှင် ခွေး
ဟောင်တာကို သတ်မမှုရ ၁၆၄
ကျက်သရေမင်္ဂလာ အလိုလို
ရောက်လာသည်ကို မတားမြစ်ပါလင့် ၃၃၅
ကျောင်းရေစက်ချပွဲ၌ ရွှေဒင်္ဂါး
တဆယ့်ရှစ်ကုဋေ အကုန်
အကျခံ၍ လှူဒါန်းခြင်း ၃၂၆
ကြွံချိုပမာ ကျင့်ဆောင်ထု၏ ၂၅၈
ကြီးကြီးငယ်ငယ် အိုးခွက်
ဟူသမျှသည် ပျက်ကွဲခြင်း
အဆုံးရှိသကဲ့သို့ သတ္တဝါတို့၏
အသက်သည် သေခြင်းလျှင်
အဆုံးရှိရ၏ ၄၈၂
ကြီးပွါး ချမ်းသာခြင်းကို အလိုရှိ
ခဲ့သော် ဤတရားငါးပါးနှင့်
ပြည့်စုံရမည် ၄၇၀

အက္ခရာစဉ်	စာမျက်နှာ
[c]	
ငါးဝအာရုံ ကာမဂုဏ်တို့သည် မီးကျီးတွင်းနှင့်တူပုံ	၂၀
ငါးဝအာရုံ ကာမဂုဏ်တို့သည် အသီးရှိသော သစ်ပင်နှင့်တူပုံ	၈၀
[စ-ဆ]	
စကားများခြင်း အပြစ်ငါးမျိုး	၂၅၅
စင်ကြယ်ခြင်းရှိသော သက်နှံး	၁၀၂
စိတ်ကိုဆုံးမခြင်းသည်ကောင်း၏ဟူ၍	၆၆
စိတ်ရိုင်းစိတ်မိုက်ကို ခြောက် ဒုဂ္ဂရိမှစောင့်ဖမ်းပုံ	၅၉၇
စိတ်ရိုင်းစိတ်မိုက်ကို ဆုံးမလို သော် သမထဝိပဿနာဖြင့် လိမ္မာယဉ်ကျေးအောင် ဆုံးမရခြင်း	၅၉၇
စူဠသောတာပန်ခေါ်ပုံ	၃၀၃-၄
ဆင်းရဲအပေါင်းမှ လွတ်လို သလား?	၆၃
ဆင်းရဲသောအခါ ပေးလျှူအပ် သောအလှူသည် အလွန် နှစ်သက်စေတတ်၏	၁၄၁
ဆရာတော်မျိုးစုံ သြဝါဒအဖုံဖုံ သံပေါက်မျိုးအစုံစုံ	၂၇၀
ဆရာဖြစ်သော မဟာနာဂ မထေရ် ရှင်းရှင်းလင်းလင်း ပြဿနာတထောင် ဖြေဆို ခြင်း	၃၈၃
ဆုတောင်းခန်းပျို့လာ သစ်ပင်ရင်းအရပ်၏ ဂုဏ်ဆယ်ပါး	၂၂၂
ဆွမ်းမခံရ ခြောက်ဌာန	၁၂၀

အက္ခရာစဉ်	စာမျက်နှာ
[ဂ-c]	
ဂဏနာနှုန်းဖြင့် အာဒီနဝပုံ	၄၉၅
ဂန္ဓာရရဿေနှင့်ဝိဒေဟရဿေ နှစ်ပါးအကြောင်း	၂၁ဂ
ဂေဟဿိတပေမခေါ်ဆိုပုံ	၄၃၅
ငါတို့၏အန္ဓယ်ကာဒီပက်ရာ စသော ဘုရားရှင်တို့၏ အန္ဓယ်ဖြစ်ပေသည်ဟု မိန့်တော်မူပုံ	၁၁၅
ငါဘုရားကား ဝေနေယျသတ္တဝါ တို့၏အကျိုးငှါသာ ပါရမီ ဖြည့်ကျင့်တော်မူ၏ဟု မိန့်တော်မူခြင်း	၃၂၁
ငါသည် အကြံမှားခဲ့သော် ဥစ္စာထုပ်နှင့်တကွမိသော ခိုးသူကဲ့သို့ ဖြစ်ရာ၏	၃၆၅
ငါ့သားရဟန်းတော်တို့သည် အချင်းချင်း ငြင်းခုံခိုက်ရန် ပြုထားကြသည်ဟု တွေး တောလျက် ဒါယိကာမကြီး လျှောက်ထားပုံ	၃၆၄
ငါးပါးအာရုံကာမဂုဏ်တရားတို့ သည် အသားတစ် အသား တုံးနှင့်တူပုံ	၇၇
ငါးပါးအာရုံကာမဂုဏ်တို့သည် မြက်မီးရှူးနှင့်တူပုံ	၇၇
ငါးပါးအာရုံကာမဂုဏ်တို့သည် လုံသွားနှင့်တူကုန်၏	ဂ၁
ငါးရှဉ့်နှစ်ဆယ် ရှစ်သွယ်မေတ္တာ တွက်ပုံ	၄၂ဂ

အကွာရာစဉ် စာမျက်နှာ

[ဆ-ဇ-စျ]

ဆွမ်းမခံရသောခြောက်ဌာနနှင့်
ခုတင်ဆောင်ရဟန်း မဆန့်
ကျင်ပုံအကြောင်း ၁၂၀

ဇေတမင်းသား၏ဥယျာဉ်ကို
ရွှေဒင်္ဂါးပေါင်းတဆယ့်ရွှစ်
ကုဋေပေး၍ဝယ်ယူပုံ ၃၂၃

ဇေတမင်းသားဘုံခုနစ်ဆင့်
ရှိသော ကျောင်းတိုက်မုခ်ဦး
ပြာသာဒ်ဆောက်လုပ်
လှူဒါန်းခြင်း ၃၂၃

ဇေတဝန်ကျောင်းတိုက်ကို
အာဂတာနာဂတစာတုဒ္ဒိသ
သံဃိကရေစက်ချလှူဒါန်းပုံ၃၂၅

ဇေတဝန်ကျောင်းတိုက်
ရေစက်ချပဲ့ ကိုးလကြာမှ
ပြီးစီးအောင်မြင်ခြင်း ၃၂၆

စျာန်မင်္ဂိုလ်ရပြီဟုထင်၍
ပြောမိသောရဟန်းအား
ပါရာဇိကအာပတ်မသင့် ၃၈၁

[တ]

တံခါးမုခ်စောင့်နတ်သမီးက
အနာထပိဏ်သူဌေးကြီးအား
အဆုံးအမသြဝါဒပေးပုံ ၃၂၈

တံခါးမုခ်စောင့်နတ်သမီးကို
နှင်ထုတ်လိုက်ပုံ ၃၂၉

တခုသောတရားကို
စောင့်ရှောက်ခိုင်းပုံ ၆၃

တင်းတိမ်အားရနှစ်သက်ခြင်း
မရှိသောအရာ ၅၆

တဏှာပေမခေါ်ဆိုပုံ ၄၃၅

အကွာရာစဉ် စာမျက်နှာ

[တ]

တဏှာမများအောင်
ဘုဉ်းပေးရပုံ ၁၃၃

တဏှာ,ရာဂ,မောဟပေါများ
သူသည် မုတင်ကို ဆောက်
တည်သင့်၏ ၂၀၈

တန်းခိုးကြီးသုပ္ပဗုဒ္ဓနတ်သား
ဖြစ်ပုံ ၂၆၂

တန်းခိုးဖြင့် ကျောင်းများကို
ဖန်ဆင်းထားပုံ ၁၆၀

တနည်း စူဠသောတာပန်ခေါ်ပုံ ၃၀၄

တနေရာစီ ရဟန်းတရား
အားထုတ်ကြသည်ဟု အမိန့်
ရှိကြပုံ ၃၆၄

တနေ့တည်းဖြင့် ကမ္မလာ
တထောင်ရခြင်း ၁၄၅

တပည့်တော်အောက်
ဆင်းရဲသူမရှိဟု သိကြား
မင်း လျှောက်ထားပုံ ၁၂၃

တပါးနှင့်မရောသောအင်္ဂါ
ရှစ်ပါး ၂၀၉

တရားဂုဏ်တော်ကို အာရုံပြု၍
ဦးချသင့်ကြောင်း ၃၉၃

တရားဂုဏ်တော်(၆)ပါး
ပါဠိအနက် ၃၉၆

တရားဂုဏ်တော်(၆)ပါး
ဘုရားရှိခိုး ၄၁၃

တရားပေါက်သည်ဟုခေါ်ဆိုရပုံ ၁၉၂

တရားပွဲအဆုံး၌ လူတို့သည်
အောက်မင်္ဂ တည်ကြပုံ ၁၅၁

တရားရတနာကို ပူဇော်လို
ကြောင်း သူကြွယ်အကြံ
ဖြစ်ပုံ ၃၉၃

အကွဲရုဆဉ်	စာမျက်နှာ
[တ]	
တောနေ ရှင်တိသဿသာမဏော အကြောင်း	၁၄၀
တောပျော်ရဟန်းတော်များ မဟာသမယသုတ္တန်, အာဠဝ နာဠိယသုတ္တန်ပရိတ် နှစ်ဆဉ် ရွတ်ဖတ်သင့်ပုံ	၁၆၆
တောမည်ပုံ ဝိနည်း, အဘိဓမ္မာ အဆုံးအဖြတ်	၁၃၉
တောရကျောင်းနေ မဟာ နိသဘထေရ်၏ဂုဏ်ကျေးဇူး ကို မိန့်ကြားတော်မူခြင်း	၂၁၃
တောရဆောက်တည်သော ရဟန်းအား ဘုရားရှင် ဝမ်းမြောက်တော်မူပုံ	၁၈၄
တောသားသူဌေးကို ဂေါပက ဥက္ကဋ္ဌအဖြစ် တင်မြှောက် ကြခြင်း	၃၄၀
တောသားသူဌေး(မိမိ)နှင့် သားမယား ချွေးမတဆယ့် ခြောက်ယောက်တို့ကို စေတီ တော်အား လှူဒါန်းခြင်း	၃၄၁
တောသူဌေးမိသားစု(၁၆) ယောက် သေလွန်ခဲ့သော် နတ်ပြည်၌ဖြစ်ကြရခြင်း	၃၄၂
[ထ]	
ထမင်းမစားခင်က ဝ	၁၉၂
ထိုနေရာမှလွဲ၍ သင်တို့အတွက် လျောက်ပတ်သောနေရာ ဇီးရွက်ခန့်မျှ မြင်တော်မမူ	၄၆၃
ထွက်လေ, ဝင်လေကို နှေးနှေး ရေတွက်ပုံ	၄၉၅
အကွဲရုဆဉ်	စာမျက်နှာ
[တ]	
တရားရတနာကို ပူဇော်လိုလျှင် တရားဘဏ္ဍာတိုက်စိုး အရှင် အာနန္ဒာအား ပူဇော်ရန် အမိန့်ရှိတော်မူပုံ	၃၉၃
တရားရှာ ကိုယ်မှာတွေ့	၄၉၉
တိစီဝရိက်ဓုတင်ကို သဒ္ဓါတရား လွန်စွာများမှ ဆောက်တည် နိုင်ပုံ	၁၀၉
တိစီဝရိက်ဓုတင်ဂုဏ်ကျေးဇူး	၁၁၀
တိစီဝရိက်ခုတင်ဆောက်တည်ပုံ	၁၀၇
တိစီဝရိက်ဓုတင်ဆောင်ပုဂ္ဂိုလ်	၁၀၇
တိစီဝရိက်ဓုတင်ဆောင် ရဟန်း သည် ဌက်ပမာကျင့်ရာ၏	၁၁၀
တိစီဝရိက်ဓုတင်ဆောင် ရဟန်း သုံးမျိုး	၁၀၇
တိပိဋကစူဠဒေဘယမထေရ်၏ အယူဝါဒ	၁၂၆
တိဿသာမဏေတောထွက်ခဲ့ပုံ	၁၄၆
တိဿသာမဏော သုံးလဖြင့် ရဟန္တာဖြစ်ပုံ	၁၄၇
တိဿသူငယ် အဖိုးတသိန်းတန် ကမ္မလာကို အရှင်သာရိ-ပုတ္တရာမထေရ်အား လှူဒါန်းခြင်း	၁၄၂
တောကျောင်းမည်ပုံ အဋ္ဌကထာ ဆရာနှစ်ဦးတို့၏ အဆုံး အဖြတ်	၁၃၉
တောင်ဝှေးစသည်တို့ မေ့ကျန် နေရစ်ရန် တန်းခိုးတော်ဖြင့် စီမံတော်မူပုံ	၁၆၂
တောနေခြင်းငါးမျိုး	၂၁၆

အကွဲရာစဉ်	စာမျက်နှာ
[၁-ဓ]	
ဒါယကာရောဇအား ရဟန်း တို့က မြတ်စွာဘုရားရှိတော်မူရာဒေသကို ညွှန်ပြကြပုံ	၄၆၀
ဒါယိကာမကြီး အနာဂါမ်အရိယာဖြစ်သွားခြင်း	၃၆၄
ဒိဋ္ဌပုတ္တပုဂ္ဂိုလ်၌ သိမှတ်ဖွယ်ရာ အဖြာဖြာ	၃၇၅
ဒိဋ္ဌပုတ္တပုဂ္ဂိုလ်, သဒ္ဓါဝိမုတ္တ ပုဂ္ဂိုလ်နှစ်မျိုး ထူးခြားပုံ	၃၇၅
ဒိသာဖရဏာမေတ္တာပွါးများပုံ	၄၂၂
ဒု-သ-န-သော အကွဲရာ ၄-လုံးကို မြတ်စွာဘုရား အကျယ် ဟောတော်မူခြင်း	၉၇-၈
ဒုဿီလအကြောင်း	၃၂
ဒေါသတရားပယ်ရန်, နှုနှာတရားပျောက်ဘို့ရန် မေတ္တာတရားပွါးများအပ်ပုံ	၄၁၆
ဒေါသသည် ဝေးသောရန်သူ	၄၃၅
ဓမ္မစကြာတရား ဟောတော်မူခြင်း	၂၄၁
ဓမ္မဒိန္နာမထေရ်သည် ကောင်းကင်ခရီးဖြင့် ပြဿနာမေးလျှောက်ရန် ဆရာထံသို့ ကြွရောက်လာခြင်း	၃၈၃
ဓမ္မဒိန္နာရဟန္တာမ ဖြစ်ခြင်း	၃၅၉
ဓမ္မဒိန္နာသည် ဝိသာခအပေါ်၌ အာထင်အမြင်လွဲမှားပုံ	၃၅၈
ဓမ္မမစ္ဆရိယမဖြစ်ပုံ	၃၄၉
ဓမ္မသောတရှစ်မျိုး	၂၃၉
ဓမ္မာနုသာရီပုဂ္ဂိုလ်၌ သိမှတ်ဖွယ်ရာ အဖြာဖြာ	၃၂၅

အကွဲရာစဉ်	စာမျက်နှာ
[ဓ]	
ဓမ္မာနုဿတိဘာဝနာအကျိုး	၄၀၁
ဓုတင်မှတ်ချက်ပါးပါး	၂၀၈
ဓုတင်၁၃၌ ပုဂ္ဂိုလ် ၄-မျိုး	၂၀၇
ဓုတင်အကျင့်ဖြင့် ပဋိသမ္ဘိဒါပတ္တိ ရဟန္တာဖြစ်ပုံ	၁၃၄
ဓုတင်အပြားတဆယ့်သုံးပါး	၁၈၀
ဓုတင်အရာ၌ ဧတဒဂ်ရ မဟာ-ကဿပဖြစ်လာရခြင်း အကြောင်း	၂၁၂
ဓုတင်ကို ဆောက်တည်သင့်ပုံ	၁၀၀
ဓုတင်ဂုဏ်ကျေးဇူး	၁၀၀
ဓုတင်ဆောင်ရဟန်းသည် ဘုရားရှင်၏ ရှေ့မျက်နှာတော်ကိုသာ ကြည့်ရာ၏	၁၉၆
ဓုတင်တို့၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် အဆုံး အဖြတ်ကို ပြဆိုခြင်း	၂၀၅
ဓုတင်ပျက်ခြင်းအကြောင်းအရာ၁၀၈ ဓုတင်ပျက်ပုံ	၁၀၈၊၁၁၂၊၁၂၀၊ ၁၂၇၊၁၃၀၊၁၃၃၊ ၁၈၇၊၁၉၀
ဓုတင်မည်ပုံ	၂၀၅
ဓုတင်သည် စေတနာအားဖြင့် တပါးသာ ရှိ၏	၂၀၉-၁၀
ဓုတင်သူခိုး မည်ပုံ	၁၀၇
ဓုရ, အဘိနိဝေသ, သီသ တည်းဟူသောလမ်းတို့ဖြင့် လောကုတ္တရာအကျင့်စခန်း သို့ တက်ရောက်ကြပုံ	၃၇၆
ဓုရ, အဘိနိဝေသ, သီသမည်ပုံ	၃၇၆

အကွဲရုဆဉ်	စာမျက်နှာ
[နာ]	
နတ်သွီးသည် ဒဏ်ထားသော အားဖြင့် ငါးဆယ့်လေးကုဋေ သော ဥစ္စာတို့ကို ကျိတုိက် တို၌ ပြည့်စေခြင်း	၃၃၀
နာလကရသေ့အား မောနေယျ အကျင့် ဟောကြားတော် မူခြင်း	၂၄၂
နာလကလုလင် ရဟန်းပြုတော် မူခြင်း	၂၄၀
နိကွဲတ္တမုရတာတရားနှင့် ဥပေက္ခာ ဗြဟ္မဝိဟာရတရားတို့၏ သဘောလက္ခဏာ	၄၃၉
နိဗ္ဗာန်ရလိုလျှင် နိဗ္ဗာန်ရနိုင် ကြောင်း	၂၃၂
နိဗ္ဗိဒါဉာဏ်	၅၀၃
နေသဇ္ဇီကခေါ်ပုံ	၂၀၁
နေသဇ္ဇီကမုတင်ကို ကျင့်တော်မူ သွားကြသော မထေရ်ကြီး များ	၂၀၂
နေသဇ္ဇီကမုတင်ဆောက်တည်ပုံ	၂၀၁
နေသဇ္ဇီကမုတင်ဆောင် ရဟန်း၏ အကျိုးအာနိသင်	၂၀၃
နေသဇ္ဇီကမုတင်ဆောင် ရဟန်းသုံးမျိုး	၂၀၁
နေသဇ္ဇီကမုတင်ပျက်ပုံ	၂၀၁
နေသဇ္ဇီကမည်ပုံ	၂၀၁
နွားနို့တကြိမ်ညှစ်မျလောက် မေတ္တာဗြဟ္မစိုရ်တရား ပွါးများ ခြင်းသည် ကြီးမားသော အကျိုးရှိပုံ	၄၂၅

အကွဲရုဆဉ်	စာမျက်နှာ
[နာ]	
နခသီခသုတ် ဟောကြားတော် မူခြင်း	၂၀၄
နဂါးမင်း ကုမုဒ္ဒရာကြာနှင့် အရဏဝတော်မြေယူပေးခြင်း	၉၂
နည်းယူဘွယ်ရာ အနာဂါမ် ဝိသာခနှင့် ဓမ္မဒိန္နာ အကြောင်း	၃၅၃
နည်းယူဘွယ်ရာ အရှင်မဟာ-ကဿပထေရ်မဟာ	၂၁၂
နည်းယူဘွယ်ရာ တန်းခိုးသတ္တိ ပြကြခြင်း	၂၁၃
နည်းယူမှတ်သားထိုက်သော အကြောင်း	၂၀၆
နတ်တို့ အဖျော်ရှစ်မျိုးကို ပို့ဆောင်ဆက်ကပ်ကြပုံ	၁၆၁
နတ်တို့က ရှင်နာလကအား လျှောက်ထားကြပုံ	၂၄၁
နတ်တို့သည် ရဟန်းတို့ မနေနိုင် အော်ဟစ် ချောက်လှန့်ကြပုံ	၄၆၂
နတ်များ ကြည်ညိုမှု ရရှိရန်အတွက် အာဠာနဝဋ်ဒိယပရိတ် အရံ အတားပေးတော်မူရန် လျှောက်ထားပုံ	၁၆၅
နတ်သွီးမကောင်းမှုပြုပုံ အလုံးစုံ ကို လျှောက်ကြားပုံ	၃၃၀
နတ်သွီးက ပြက်ရယ်စကား လျှောက်ထားပုံ	၁၃၆
နတ်သွီးနေရာရရေးအတွက် သိကြားမင်း အကြံဉာဏ် ပေးပုံ	၃၂၉

အကွဲရာစဉ်	စာမျက်နှာ
[န]	
နှစ်အိမ်သုံးအိမ်မှစ၍ စကြဝဠာ တသောင်းတိုင်အောင် အဆင့် ဆင့်တက်၍ မေတ္တာပွါးများ အပ်၏	၄၃၄
နှစ်ကိစ္စမျှော်မှန်းပြီး ဥဒယဘဒ္ဒါ မင်းသမီးအား သိကြားမင်း ဖြားယောင်းပုံ	၅၂
နှစ်ပါးသောအကြောင်းတို့ဖြင့် ကိလေသာခေါင်းပါးကြောင်း သိရပုံ	၃၅၃
နှာခေါင်းဝသို့ ရောက်လာသော ထုက်လေ ဝင်လေတို့သည်သာ လို့ရင်းတာဝန်ဖြစ်ပုံ	၄၉၇
[ပ]	
ပံသုကူ(ပုံသကူ)ဓုတင်အကျိုး အာနိသင်	၁၀၆
ပံသုကူဓုတင်ဆောက်တည်ပုံ	၁၀၁
ပံသုကူလခေါ်ပုံ	၁၀၁
ပံသုကူသက်နှံးမည်ပုံ	၁၀၂
ပစ္စည်းလေးပါး ပေါများအောင် အားမထုတ်ရာ	၁၉၀
ပစ္ဆာဘတ္တိကခေါ်ပုံ	၁၃၂
ပစ္ဆာဘတ္တိကဓုတင်ပျက်ခြင်း	၁၃၃
ပညာရှိတို့သည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမရာ၏ ဖိုး	၆၉
ပညာရှိလေးသမား လျှောက်ထားပုံ	၂၆၇-ဂ
ပညာဝိမုတ္တပုဂ္ဂိုလ်၌ သိမှတ် ဖွယ်ရာ အဖြာဖြာ	၃၂၄
ပဋိသန္ဓေကြာဏ်	၅၀၇
ပတ္တပိဏ္ဍိကခေါ်ပုံ	၁၂၉
အကွဲရာစဉ်	စာမျက်နှာ
[ပ]	
ပတ္တပိဏ္ဍိကဒ် မည်ပုံ	၁၂၉
ပတ္တပိဏ္ဍိကဓုဝင်အကျိုး အာနိသင်	၁၃၀
ပတ္တပိဏ္ဍိကဓုဝင်ဆောင် ရဟန်း သုံးမျိုး	၁၂၉
ပတ္တပိဏ္ဍိကဓုတင်ပျက်ခြင်း	၁၃၀
ပဓာနမည်ပုံ	၂၇၃
ပဓာနိယင်္ဂတရားမည်ပုံ	၂၇၃
ပဓာနိယမည်ပုံ	၂၇၃
ပန်းနုံသာအဖျော်လက်စုံလျက် မြတ်စွာဘုရားကို ပင့်ဆောင်ကြပုံ	၃၂၅
ပန်းမျိုးနုံသာမျိုးတို့တွင် မိုးစေ့ပန်းသည် အမြတ်ဆုံး	၃၆၉
ပရမတ္ထအားဖြင့် သတ္တဝါတို့၏အသက် ရှင်ခြင်းခဏသည် တိုလွန်းလှ၏	၄၀၇
ပရမတ္ထသဘာဝဉာဏ်ပညာဖြင့် ရှုဆင်ခြင်သော်မိန်းမ,ယောကျ်ား စသည်မရှိ	၄၀၈
ပရိနိဗ္ဗာန်စံခါနီးအခါ အရေးတကြီး မှာကြားသိစေတော်မူခဲ့ပုံ	၄၉၄
ပရိယတ္တိတရား၌ ဓမ္မမစ္ဆရိယ ဖြစ်ပုံ	၃၄၈
ပဟာသနှင့် မုဒိတာလက္ခဏာ	၄၁၉
ပါတိမောက္ခသံဝရသီလကို မဖျက်ဆီး သင့်ကြောင်း	၄၉
ပါရမီရှိသော သတ္တိသမီးငယ် လျှောက်ထားပုံ	၂၆၆
ပိဏ္ဍပါတ်ဓုတင်ဆောင်ရဟန်းအား လူနတ်စသောသတ္တဝါတို့ ချစ်မြတ်နိုးကြကုန်၏	၁၁၇

အကွဲရာစဉ်	စာမျက်နှာ
[ပ]	
ပိဏ္ဍပါတ်ခုတင်ဆောင်ရဟန်း ခံစား ရသောအကျိုး	၁၁၆
ပိဏ္ဍပါတ်ခုတင်ဆောင်ရဟန်း သုံးမျိုး	၁၁၂
ပိဏ္ဍပါတ်ခုတင်ဆောက်တည်ပုံ	၁၁၁
ပိတိကြောင့်ထုတ်နေသည့်အရောင် များ ကွယ်ပျောက်ပုံ	၃၁၆
ပုဂ္ဂိုလ်၏အစွမ်းအားဖြင့် ခုတင် လေးဆယ့်နှစ်ပါး	၂၁၀
ပုဂ္ဂိုလ်လေးမျိုးနှင့်သက်ဆိုင်သော တရားတော်များ	၃၆၈
ပုဂ္ဂိုလ်သုံးမျိုး	၁၀၃
ပုတ္တမံသူပမသုတ်ကို ဟောတော် မူခြင်း	၁၃၃
ပုထုဇဉ်ပုဂ္ဂိုလ်, အရိယာပုဂ္ဂိုလ်တို့၏ ထူးခြားပုံ	၂၀၅
ပုထုဇဉ်ပုဂ္ဂိုလ်တို့ဘုံအားဖြင့် မမြဲပုံ	၂၇၈
ပူဇော်သော ပညာရှိတို့အပေါ် ၌ လည်း မေတ္တာကရုဏာအပို အလွန်မရှိ	၄၄၃
ပေါ့စေချင်၍ကြောင်ရုပ်ထိုး ဆေး အတွက်ဝန်လေး	၁၁၇-၁၉၃
ပြစ်မှားသောသူငယ်မိုက်တို့အပေါ် ၌လည်း ဒေါသတရားမရှိ	၄၄၃
[ဖ-ဗ]	
ဖုဿဒေဝမထေရ်ဗုဒ္ဓဂုဏ်ရှာရမ္မက ပိတိကြောင့် ရဟန္တာဖြစ်ပုံ	၃၉၂
ဗုဒ္ဓအလိုတော်ကျဒေသနာ ပေတံ	၂၇၄

အကွဲရာစဉ်	စာမျက်နှာ
[ဗ-ဘ]	
ဗုဒ္ဓပူရာဏ်ကျမ်းလာ ကာမဂုဏ် အပြစ်များ	၇၀
ဗုဒ္ဓမြတ်စွာသည် သီလသီကွာ၏ ပစ္စုပ္ပန်အကျိုးလေးပါး ဟောပုံ	၃၉
ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို အားထုတ် သောပုဂ္ဂိုလ်၏ကိုယ်ခန္ဓာသည် စေတီအိမ်ကဲ့သို့ ပူဇော်ခြင်းငှါ ထိုက်၏	၃၉၀
ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းစီးဖြန်းသော ပုဂ္ဂိုလ်သည် မင်္ဂဖိုလ်မရနိုင်သော်လည်း သေလွန်ခဲ့သော် နတ်ပြည် သုဂတိသို့ ရောက်နိုင်ပုံ	၃၉၁
ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းသည် ကောင်း ကင်သို့ပျံတက်နိုင်ကြောင်း	၃၉၃
ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းသည် နတ်ချစ် လူချစ်ပီယဆေးတလက်	၃၈၉
ဗုဒ္ဓါရမ္မဏပီတိကြောင့် ရေပေါ်၌ သွားနိုင်ပုံ	၃၉၄
ဗြဟ္မစိုရ်တရားလေးပါး	၄၃၆
ဗြဟ္မစိုရ်တရားလေးပါး၏ သဘော လက္ခဏာ	၄၃၆
ဗြဟ္မဒတ်မင်းကို မူးမတ်များနှင့် တကွ ထောင်သွင်းအကျဉ်းချ ထားပုံ	၄၆၃
ဗြဟ္မာတို့သည် ခုနစ်ဆူကုန်သော ဘုရားရှင်တို့၏ အနွယ်အဆက် တို့ကို မြတ်စွာဘုရားအား လျှောက်ထားကြပုံ	၃၆၇
ဗြဟ္မာပြည်၌ အနာဂါမ်, ရဟန္တာ များရှိကြပုံ	၃၆၆
ဘင်္ဂဉာဏ်	၅၀၆

အကွဲရုပ်စဉ် စာမျက်နှာ

[ဘ]

ဘယဉာဏ် ၅၀၆
ဘာရဒွါဇပုဏ္ဏားဘုရားရှင်အား
မေးလျှောက်ပုံ ၂၉၆
ဘီလူးမကို မိဖုရားအရာ
ထားခြင်း ၈၇
ဘီလူးမတို့ ဂန္ဓာရုံဖြင့်ဖြား
ယောင်းကြပုံ ၈၅
ဘီလူးမတို့ ဖောဋ္ဌဗ္ဗာရုံဖြင့် ဖြား
ယောင်းကြပုံ ၈၅
ဘီလူးမတို့ ရဿာရုံဖြင့် ဖြား
ယောင်းကြပုံ ၈၅
ဘီလူးမတို့ ရူပါရုံဖြင့် ဖြား
ယောင်းကြပုံ ၈၅
ဘီလူးမတို့ သဒ္ဒါရုံဖြင့် ဖြား
ယောင်းကြပုံ ၈၅
ဘုန်းကြီးလိုသော် ဗုဒ္ဓါနုဿတိ
ကမ္မဋ္ဌာန်းကို ပွါးများ
စေလို၏ ၃၈၉
ဘုရားအမှူးရှိသော သံဃာတော်
များ ဆွမ်းဆက်ကပ်
လုပ်ကျွေးပုံ ၃၂၁
ဘုရားအလောင်းဥပေက္ခာ
ကမ္မဋ္ဌာန်းဖြည့်ကျင့်ပုံ
အကြောင်း ၄၄၅-၄၄၈
ဘုရားအလောင်းဗြဟ္မဒတ်မင်း
တိုင်းပြည်စွန့်ကာ တော
ထွက်ခဲ့ပုံ ၄၆၄
ဘုရားကိုမဖူးမျှော်ရသည့်အတွက်
နှလုံးမသာမယာဖြင့်
ငိုကြွေးခြင်း ၂၃၉
ဘုရားဂုဏ်တော် (၉) ပါး,
(၁၀) ပါး ၃၈၆

အကွဲရုပ်စဉ် စာမျက်နှာ

[ဘ]

ဘုရားဂုဏ်တော် (၉) ပါးပါဠိ
အနက် ၃၈၇
ဘုရားဂုဏ်တော် (၉) ပါး ဘုရား
ရှိခိုး ၄၁၀
ဘုရားဂေါပကရွေးချယ်
ကြခြင်း ၃၄၀
ဘုရားဇင်စစ်ဖြစ်ခဲ့သော် ငါ့ကို
"သုဒတ္တ"ဟု ငယ်နာမည်ဖြင့်
ခေါ်တော်မူလိမ့်မည် ၃၁၈
ဘုရားစစ်ဘုရားမှန်ကို သိလို
ကြောင်းအကြံဖြစ်ပုံ ၃၁၇
ဘုရားတရားကိုခိုးယူသောရဟန်း
သည် နှစ်နှံပါတ်ခိုးသူ မားပြ
ကြီးနှင့်တူ၏ ၃၈၀
ဘုရားဖြစ်လတ္တံ့ဟုသိ၍ ပြုံး
ရယ်ခြင်း ၂၃၉
ဘုရားမှတ်လို့ကိုးကွယ် ဖွတ်
ထွက်မှု တောင်ပို့မှန်းသိဖြစ်
နေကြပုံ ၃၈၃
ဘုရားရှင်၏တရားတော်ကို ကျား,
မ မရွေး ကျင့်ကြံအားထုတ်ကြ
လျှင် တရားထူးရနိုင်ပုံ ၃၅၉
ဘုရားရှင်ဂုဏ်တော်ကို ပွါးများ
နေသောသူသည် လောကမှာ
အမြတ်ဆုံး အသာဆုံး
ဖြစ်ရပုံ ၃၈၉
ဘုရားရှင်တို့၏အဆုံးအမတော် ၆၈
ဘုရားရှင် နှစ်သက်ဝမ်းမြောက်မှု
ရှိအောင် တရားအားထုတ်
ကြကုန်စို့ ၃၆၃
ဘုရားရှင် ဖြေကြားတော်မူပုံ ၂၉၆

အကွဲရုစဉ်	စာမျက်နှာ
[ဘ]	
ဘုရားရှင် သိက္ခာပုဒ် ပညတ် တော်မူခြင်း	၁၀၄
ဘုရားလောင်းနောက်သို့ ဘီးလူးမလိုက်လာခြင်း	၈၆
ဘေးကြီးဆိုက်ရောက်သော် ရက္ခစိုးနတ်ကကူညီပုံ	၂၃၃
ဘေးမည်သည် အခါခပ်သိမ်း ဖြစ်သည်မဟုတ်	၂၃၄
[မ]	
မအိပ်မနေ ကြိုးစားအားထုတ် သင့်သော အရာ	၁၆၄
မင်္ဂလာလေးရပ်ဖြင့်သာ အရဟတ္တဖိုလ်ပေါက် နိဗ္ဗာန် သို့ ရောက်နိုင်ပုံ	၂၅၀
မင်္ဂလာ,နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ဆောင်နိုင် သော အရာ	၆၃
မဂ္ဂင်ရှစ်ရပ် တရားမြတ်နှင့် ပြည့်စုံသူ သောတာပန်	၂၀၂
မင်းအဖြစ်တင်မြောက်ကြပုံ	၈၉
မင်းကြီးအကောက်ကြံပုံ အကြောင်း	၉၀
မင်းကြီး ဒု,သ,န,သော အသံကြီးလေးမျိုးကြားပုံ	၉၄
မင်းခစားယောကျ်ား ချမ်းသာရာအရပ်ရှာပုံ	၉၃
မင်းတကာတို့၏စည်းစိမ်ထက် သောတာပန်ဖြစ်ခြင်းက မြတ်ပုံ	၂၀၂
မင်းသားမင်းသမီးတို့ ကတိက ဝတ်ထားကြပုံ	၅၁

အကွဲရုစဉ်	စာမျက်နှာ
[မ]	
မဂ်လာဆောင်သောနေ့၌ ပြေး တန်းလိုက်တန်းကစားကြပုံ	၁၅၃
မစိုးရိမ်ဆရာတော်ဘုရားကြီး၏ သောတာပန်အဆုံးအဖြတ်	၂၉၈
မစ္ဆရိယငါးမျိုးအပြစ်	၃၄၉
မစ္ဆရိယတရားငါးပါး	၃၄၂
မဇ္ဈန္တိကမထေရ်အကြောင်း	၁၀၅
မဇ္ဈိမပဏ္ဏာသ ပေါတလိယ သုတ်၌ ဟောတော်မူအပ် သော ကာမဂုဏ်အပြစ်	၃၀
မထင်ရှားသော ရဟန်းတပါး၏ အကြံကိုအနာဂါမ်ဒါယိကာ မကြီး သိပုံ	၃၆၅
မရဏာနုဿတိကမ္မဋ္ဌာန်း၏ အကျိုးတရား	၄၈၈
မရဏာနုဿတိကမ္မဋ္ဌာန်းကို ကြိုတင်ပွါးများသူအဖို့ သေဘေးနှင့်တွေ့ကြုံခဲ့သော် သက်သာရာရပုံ	၄၈၉
မသာယာအပ်သော ဆွမ်း၁၄-မျိုး	၁၁၁
မဟာနာဂမထေရ်ရဟန္တာဖြစ်ပုံ	၃၈၅
မဟာသိဝမထေရ်အကြောင်း	၁၃၄
မဟာသိဝမထေရ် တောထွက် တော်မူခြင်း	၁၃၅
မဟာသိဝမထေရ်ရဟန္တာဖြစ်ပုံ	၁၃၆
မာတိက၏မိခင် ဒါယကာမကြီး ရဟန်းခြောက်ကျိပ်တို့ကို အိမ်၌ဆွမ်းဆက်ကပ်ခြင်း	၃၆၃
မာရ်နတ်ကို သူရမ္မဋ္ဌ က နှင် ထုတ်ပုံ	၂၉၄

အက္ခရာစဉ်	စာမျက်နှာ
[မ]	
မာရ်နတ်သည် သူရမ္မဋ္ဌအား စုံစမ်းပုံ	၂၉၃
မိတ်ဆွေတို့ ဥယျာဉ်ကျောင်း များတည်ဆောက်၍ အလှူ။ ဝတ်များ တည်ထားကြပါ ဟု တိုက်တွန်းနှိုးဆော်ပုံ	၃၂၁
မိန်းမမည်သည် ရဟန်းတော်တို့ ၏ အညစ်အကြေးဖြစ်၏	၂၆၅
မိမိအသက်အတွက် တပါးသတ္တဝါ မဖျက်ဆီးရာ	၉၅
မိမိဥစ္စာစုကို သုံးစုပြု၍ အသုံးချပုံ	၆၁
မိမိကိုယ်၌ မေတ္တာကို အဖန် တလဲလဲပွါးများသင့်ပုံ	၄၃၃
မိမိစည်းစိမ်များကို သူတပါးတို့ အား အသိမပေးလိုမှု မစ္ဆရိယတရား	၃၄၆
မိမိနှင့်ဆက်စပ်ရာ အိမ်ရှိ သတ္တဝါအားလုံးကို မေတ္တာ ပို့သအပ်၏	၄၃၄
မီးနဲ့ရေနိုင်၊ ရေနဲ့မီးနိုင်	၂၀၉
မုချကြီးပွါးခြင်းသို့ ရောက်နိုင် သော မေတ္တာပုဗ္ဗပဋိဘာဂ တရား(၁၆)ပါး	၄၆၉
မုချပရိယာယ်အားဖြင့် သံဃာ ဟု ခေါ်သင့်ပုံ	၄၀၃
မုဠိတုကမျတာဉာဏ်	၅၀၇
မုဒိတာတရား(၁၃၂)ပါးဖြစ်ပုံ	၄၃၁
မုန်းချစ်နှစ်ပါးတို့၏ ငြိမ်းခြင်း သည် ဥပေက္ခာဖြစ်ပုံ	၄၄၀
မုန်းချစ်နှစ်မျိုးတို့၏ အေးခြင်း သည် ဥပေက္ခာပါရမီဖြစ်ပုံ	၄၄၀

အက္ခရာစဉ်	စာမျက်နှာ
[မ]	
မုန်းချစ်သူတို့အပေါ်မှာ အလယ်အလတ်စား စိတ် ထားနိုင်ခြင်းသည် ဗြဟ္မ ဝိဟာရပေက္ခာဖြစ်၏	၄၄၀
မူဆိုးကျောက်ရုပ်ကြီးပမာ ရပ်တည်နေရပုံ	၃၃၆
မူဆိုးကျောင်းထောင်ရာ အရပ်သို့ ဘုရားရှင်ကြွတော် မူခြင်း	၃၃၆
မူဆိုးမိသားစု၏ အတိတ်ကံ အကြောင်း မိန့်ကြားတော် မူခြင်း	၃၄၀
မူဆိုးမိသားစု(၁၆)ယောက် သောတာပန်အရိယာ ဖြစ်ကြပုံ	၃၄၃
မေတ္တာအကျိုး(၁၁)မျိုး လက်ံ	၄၅၃
မေတ္တာအကျိုးပြလက်ံ အဓိပ္ပါယ်အကျယ်	၄၅၃
မေတ္တာ၏အစွမ်းကြောင့် မြားပစ်၍မစူးဝင်ပုံ	၄၆၅
မေတ္တာကမ္မဋ္ဌာန်းအဆုံးသို့ ရောက်လိုသောသူသည် ပိုင်းခြားခြင်းမှကင်းအောင် မေတ္တာတရား ပွါးများရာ၏	၄၃၄
မေတ္တာစစ်မေတ္တာမှန်ဖြစ်ဖို့ရန် ခဲယဉ်းပုံ	၄၄၂
မေတ္တာဈာန်တန်းခိုးကြောင့် စောက်ထိုးဆဲထားသည့်ကြိုး ပြတ်ကာ ဗြဟ္မဒတ်မင်း ကောင်းကင်၌တည်နေပုံ	၄၆၄

အကွခရာစဉ်	စာမျက်နှာ
[မ]	
မေတ္တာတရား၏ စွမ်းရည်ကို ရှင်တော်မြတ်ဘုရား အင်္ဂုတ္တရနိကာယ်ဒသက နိပါတ်၌ ဟောထားတော်မူခြင်း	၄၃၂
မေတ္တာတရားကို ပွါးများသည့် အတွက် နတ်များက ဝမ်းမြောက်ဝမ်းသာ အထူး စောင့်ရှောက်ကြပုံ	၄၆၃
မေတ္တာတရားထက် ဥပေက္ခာ တရားက သာလွန်မြင့်မြတ် ကြောင်း	၄၄၅
မေတ္တာတရားနှင့်သေခဲ့သော် ဒုစရိုက်တရားတို့သည် ဒုတိယ ဘဝ၌ မကောင်းကျိုးကို မပေးနိုင်	၄၃၂
မေတ္တာပို့အနုက်များ	၄၆၃
မေတ္တာပို့ပါဠိများ	၄၆၅
မေတ္တာပွါးများပုံ	၄၁၆
မေတ္တာပွါးများမှသည် ဒါန, သီလတို့ထက် အကျိုးကြီးပုံ	၄၀၀
မေတ္တာပွါးများသောသူအား ရန်သူနှစ်မျိုးရှိပုံ	၄၃၄
မေတ္တာယောင်ဆောင်သည့် ရာဂတရားကို မပွါးမိကြစေ ရန် အထူးသတိထားသင့်ပုံ	၄၃၅
မေတ္တာသုတ်လာ မေတ္တာ ပွါးများနည်း	၄၂၉
မေတ္တာသုံးမျိုးပြားပုံ	၄၃၃
မေထုန်ငယ် ခုနစ်ပါးအကြောင်း	၃၅

အကွခရာစဉ်	စာမျက်နှာ
[မ]	
မေ့လျော့စွာနေထိုင်ကြလျှင် ငရဲကြီးရှစ်ထပ်တို့သည် ဟင်းလင်းပွင့်သောတံခါး ရှိပါကုန်၏	၃၆၃
မောင်ကာလအား အသပြာ တထောင်ပေး၍ တရား နာခိုင်းပုံ	၂၀၀
မောင်ကာလအား အသပြာတရား ပေး၍ ဥပုသ်စောင့်ခိုင်းပုံ	၂၀၀
မောင်ကာလ သောတာပန် ဖြစ်ပုံ	၂၀၀
မောနေယျကောလာဟလ ခေါ်ပုံ	၂၃၆
မောနေယျပုဂ္ဂိုလ် ၃-မျိုး	၂၅၃
မောနေယျရဟန်းသည် မအ သော်လည်း အ-သောသူ ကဲ့သို့ ကျင့်ရာ၏	၂၄၀
မောနေယျရဟန်းသည် အရဟတ္တ မဂ်ဉာဏ်ကို ဧကန်ရနိုင်ပုံ	၂၅၅
မောနေယျရဟန်းသည် မြစ်ကြီး ပမာ ကျင့်ရာ၏	၂၅၃
မောနေယျရဟန်း သင်ဓနုန်းသွား နှင့် တူပုံ	၂၅၁
မောဟစရိုက်များသောပုဂ္ဂိုလ် အား အာနာပါနကမ္မဋ္ဌာန်း နှင့် သင့်လျော်လျောက်ပတ် ခြင်း	၄၉၀
မြက်ဖျားခွာတည်သော ဆီးနှင်း ပေါက်သည် နေရောင်ကြောင့် သွေခြောက်ပျက်စီးသကဲ့သို့ လူတို့၏အသက်သည် ကြာ ရှည်စွာ မတည်နိုင်ပုံ	၄၈၂

အကွဲရာစဉ် စာမျက်နှာ

[မ]

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်မှ သာဝတ္ထိပြည်သို့ ကြွတော်မူခြင်း ၃၂၅

မြတ်စွာဘုရားသည် အလွန်နှစ်သက်အားရဘွယ် ရှိပါပေစွဉ် ၃၁၉

မြတ်စွာဘုရားသည် စရိုက်အားလျော်သောကမ္မဋ္ဌာန်းကို ရဟန်းတို့အား ပေးတော်မူခြင်း ၄၆၁

မြတ်စွာဘုရားသည် ရောဇမလ္လာမင်းကို သြဒိမေတ္တာပို့တော်မူပုံ ၄၆၀

မြတ်စွာဘုရားသီတင်းသုံးရန် သင့်မြတ်သော အင်္ဂါငါးပါး နှင့်ပြည့်စုံသော အရပ်များ ရှာဖွေခြင်း ၃၂၂

မြတ်စွာဘုရားသော်မှ ပံသုကူသက်နန်းဝတ်ရုံတော်မူ၏ ၁၀၅

မြေကြီးနှင့် ကောင်းကင်အလား ၂၆၉

မြေ, ရေ, ဓာတ်ကောင်းကင်တို့၌ ကျက်စား သွားလာကုန်သော သတ္တဝါတို့၌ မေတ္တာပွါးများရပုံ ၄၂၀

မှတ်သားစရာ ညီနောင်နှစ်ပါးအကြောင်း ၁၂၃

မှီရာအားဖြင့် ဓုတင်နှစ်ပါး ၂၀၉

[ယ]

ယခုခေတ်အခါကြီး၌ တရားအားထုတ်သူပေါများသလောက် တရားရသူ, တရားပေါက်သူ မရှိ ဖြစ်နေခြင်း ၃၂၂

အကွဲရာစဉ် စာမျက်နှာ

[မ]

မျက်မှောက်ခံစားရသော အကျိုး ၁၂၀

မြတ်စွာဘုရား အနုမောဒနာပြုတော်မူပုံ ၁၅၁

မြတ်စွာဘုရား အသရေတော်ကို ဆောင်လျက် ဇေတဝန်ကျောင်းတော်သို့ ကြွတော်မူခြင်း ၃၂၅

မြတ်စွာဘုရား၏ သြဒိမေတ္တာတော်ကြောင့် ရောဇမလ္လာမင်း မြတ်စွာဘုရားရှိရာအရပ်သို့ အစဉ်လိုက်လာပုံ ၄၆၀

မြတ်စွာဘုရား၏ ဉာဏ်တော်၌ ကုက္ကုဠမိတ္တာမူဆိုးနှင့် သား ခုနစ်ယောက်, ချွေးမ ခုနစ်ယောက် မြင်တော်မူပုံ ၃၃၆

မြတ်စွာဘုရား ကြွတော်မူခြင်း အကြောင်း ၁၅၀

မြတ်စွာဘုရားကြွလာသောအခါ ခရီးဦးမကြို့ဆိုသော ပုဂ္ဂိုလ်အား ဒဏ်ငွေငါးရာ ပေးဆောင်ကြစတမ်းဟု ကတိကဝတ်ထားကြပုံ ၄၅၉

မြတ်စွာဘုရားတို့သည် ဆွမ်းခံဝတ်ကို ဖြည့်ကျင့်တော်မူကြသည် ၁၁၃

မြတ်စွာဘုရား ဗျာဒိတ်စကားမိန့်ကြားတော်မူပုံ ၁၅၅

မြတ်စွာဘုရား ရဟန်းများအကြား၌ ပြဿနာဖြေကြားတော်မူပုံ ၃၃၉

အကွဲရာစဉ် စာမျက်နှာ

[ရ]

ရဟန်းခြောက်ကျိပ်တို့အတွက်
ဒါယိကာမကြီး ကျောင်း
ဆောက် လှူဒါန်းခြင်း ၃၆၃

ရဟန်းတို့အား ဘုရားရှင် ကဲ့ရဲ့
တော်မူပုံ ၃၇၉

ရဟန်းတို့သည် မိမိတို့ ဝါကြွားပြီး
အစာအာဟာရ ရှာမှီး စား
သောက်ခဲ့ရပုံတို့ကို ဘုရားရှင်
အား လျှောက်ကြခြင်း ၃၇၈

ရဟန်းတို့သည် မိမိသီလကို
ရိုသေလေးစားကြပုံ ၄၉

ရဟန်းတော်တို့နှင့်တကွ မြတ်စွာ
ဘုရား ရှားတောသို့ကြွတော်
မူခြင်း ၁၅၈

ရဟန်းတော်များ ရဟန္တာ
ဖြစ်ကြပုံ ၃၆၄

ရဟန်းတော်များ သီလ
များပြားပုံ ၅၉

ရဟန္တာကိုယ်ရင်တိသာ တရား
ဟောပုံ ၁၄၇

ရဟန္တာကိုရင်တိသထံ မဟာ
သာဝကကြီးများ ကွဲလာ
ကြပုံ ၁၄၈

ရဟန္တာပုဂ္ဂိုလ်အား ကြောက်ခြင်း
ထိတ်လန့်မှုရှိပါသလော? ၃၈၄

ရဟန္တာမဖြစ်သေးပဲ အထင်ကြီး
မှုကို လိုလား၍ လိမ်လည်
သော ရဟန်းအား ပါရာဇိက
ကျပုံ ၃၈၁

အကွဲရာစဉ် စာမျက်နှာ

[ယ-ရ]

ယခုခေတ် ဗုဒ္ဓဘာသာဝင်များ
အသုံးများနေသော ကမ္မ
ဋ္ဌာန်းတရားလေးပါး ၃၈၆

ယထာသန္ထတခေါ်ပုံ ၁၉၉

ယထာသန္ထတိကဂ် မည်ပုံ ၁၉၉

ယထာသန္ထတိကဓုတင်
ဆောက်တည်ပုံ ၁၉၉

ယထာသန္ထတိကဓုတင်ဆောင်
ရဟန်း၏ အကျိုးအာနိသင် ၂၀၀

ယထာသန္ထတိကဓုတင်ဆောင်
ရဟန်းသုံးမျိုး ၁၉၉

ယထာသန္ထတိကဓုတင်ပျက်ပုံ ၂၀၀

ယုံကြည်မှုသဒ္ဓါကို တစုံတယောက်
သောသူက မပယ်ရှားနိုင် ၃၃၃

ယုံကြည်မှုသဒ္ဓါသည် မြင်းမိုရ်
တောင်ကြီးကဲ့သို့ မတုန်မလှုပ်
တည်တံ့ခိုင်မြဲ၏ ၃၃၄

ယူဇနာခြောက်ဆယ်ရှိသော
ကြေးအိုးကြီးငရဲ၌ ခံရပုံ ၉၇

ရတနာမြတ်သုံးပါးကိုထား၍
ငါတို့မှာ အားထားမှီခိုရာ
မရှိ ၃၉၄

ရတနာသုံးပါးကို ကိုးကွယ်
ဆည်းကပ်ခြင်းကြောင့်
တပါးသော နတ်တို့ထက်
ဆယ်ပါ၊သော အကြောင်း
တို့ဖြင့် သာလွန်ပုံ ၃၅၁

ရဟန်းအချို့ ကဲ့ရဲ့ အပြစ်ပြောဆို
ကြပုံ ၁၆၁

ရဟန်းအပေါင်းတို့ အကြံအစည်
နှစ်မျိုးဖြင့် လိုက်လာကြပုံ ၁၅၉

အကွဲရာစဉ်	စာမျက်နှာ
[ရ]	
ရဟန္တာမဟုတ်ပဲ ရဟန္တာဟု ဝန်ခံသော့ ရဟန်းယုတ် ငါးနံ့ပါတ်အကြီးဆုံး ခိုးသူ ဓားပြကြီးနှင့်တူပုံ	၃၀၀
ရဟန္တာဟူ၍ ခေါ်ဆိုအပ်ပုံ	၃၂၁
ရာဂနှင့်မေတ္တာလက္ခဏာ	၄၃၀
ရာဇဂြိုဟ်ပြည်နှင့် သာဝတ္ထိပြည် အကြား ကျောင်းဆောက် လုပ်စေခြင်း	၃၂၁
ရုက္ခမူဓုတင်ဂုဏ်ဆယ်ပါး	၂၂၂
ရုက္ခမူဓုတင်ဆောက်တည်ထိုက် သောအရပ်	၁၈၆
ရုက္ခမူဓုတင်ဆောက်တည်ပုံ	၁၈၆
ရုက္ခမူဓုတင်ဆောင်ရဟန်း၏ အကျိုးအာနိသင်	၁၈၇
ရုက္ခမူဓုတင်ဆောင် ရဟန်း သုံးမျိုး	၁၈၆
ရုက္ခမူလိကခေါ်ပုံ	၁၈၆
ရုက္ခမူလိကဂ်မည်ပုံ	၁၈၆
ရုပ်ခန္ဓာသည် မစင်ဘင်ပုပ်အိုး ကြီးနှင့်တူပုံ	၁၉၂
ရေဝတသည် ညီအထွေး, မောင်အထွေးဖြစ်ခြင်း	၁၅၅
ရေဝတသတို့သားအား ထိမ်းမြားမင်္ဂလာပြုပေး ကြပုံ	၁၅၆
ရေဝတသတို့သားကို ရှင်သာမဏေဝတ်ပေးကြပုံ	၁၅၈
ရေဝတသတို့သား မင်္ဂလာဦး အခါ၌ သံဃေဂရပုံ	၁၅၆

အကွဲရာစဉ်	စာမျက်နှာ
[ရ]	
ရောဂါအန္တရာယ်အမျိုးမျိုး ကင်းရှင်းစေလိုသော် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ပွါးများရန် မမေ့စေလို	၃၀၉
ရောင့်ရဲတင်းတိမ်ခြင်းမရှိသော အရာ	၅၆
ရောဇမလ္လာမင်းသည် အရှင် အာနန္ဒာနှင့် ငယ်သူငယ်ချင်း ဖြစ်ခဲ့ခြင်း	၄၅၉
ရောဇမလ္လာမင်း သောတာပန် ဖြစ်သွားခြင်း	၄၆၁
ရန်သူကောသလမင်းကို မေတ္တာ ပွါးသည်ရှိသော် မေတ္တာ စျာန် ဖြစ်ပေါ်လာပုံ	၄၆၃-၄
ရှာ၏ဥပစာမည်ပုံ (ဝိနည်း ဆောင်ဆရာတို့၏ အဆုံး အဖြတ်)	၁၃၈
ရှာကျော်ဌ် တနေ့လုံး စျာန် ဝင်စားသော ရဟန်းထက် တောကျော်ဌ် အိပ်နေ သော ရဟန်းကြွတ်ပုံ	၂၁၆
ရှာမည်ပုံ	၁၃၈
ရှာ, ရှာ၏ဥပစာမည်ပုံ (သုတ္တန်ဆောင်ဆရာတို့၏ အဆုံးအဖြတ်)	၁၃၈
ရှင်တိဿအကြံဖြစ်ပုံ	၁၄၆
ရှင်တိဿကို “ကမ္မလာ ဒါယကာတိဿ”ဟု မှည့်ခေါ် ကြပုံ	၁၄၅
ရှင်တိဿကို “ပိဏ္ဍပါတဒါယကာ တိဿ”ဟု မှည့်ခေါ်ကြပုံ	၁၄၄

အကွဲရုာစဉ် စာမျက်နှာ

[ရ]

ရှင်တီသအား သာဝတ္ထိပြည်သူ
ပြည်သားတို့က ပူဇော်
သက္ကာရပြုကြပုံ ၁၄၃

ရှင်တောဘုရား နတ်ပြည်
ဗြဟ္မာပြည်သို့ကြွ၍ တရား
ဟောကြားတော်မူခြင်း ၃၅၀

ရှင်ဘုရင်နှင့်တကွ နန်းတော်
တွင်းရှိ လူအားလုံးတို့
ဘိလူးစား ခံရခြင်း ၈၈

ရှင်ရေဝတထေရ် ရဟန္တာ
အဖြစ်သို့ရောက်တော်မူခြင်း ၁၅၈

ရှားတောဋ္ဌ အရှင်ရေဝတ
တရားအားထုတ်ခြင်း ၁၅၈

ရှေးဦးစွာ မေတ္တာမပွါးသင့်
သော ပုဂ္ဂိုလ်လေးယောက် ၄၃၂

ရှေးခေတ်နှင့်ယခုခေတ် ဆွမ်းခံ
ခြင်း မတူကြပုံ ၂၁၅

ရှေ့ရပ်ပုံနှင့်တူသော မိန်းမကို
ရရှိ၍ မင်းအဖြစ်ကို လက်ခံပုံ ၅၁

[လ]

လက်ဖျစ်တတွက်ခန့် ဗုဒ္ဓါနုဿတိ
ကမ္မဋ္ဌာန်းပွါးများအားထုတ်
ခဲ့သော် ဥပစာရစျာန် ရှိသူ
ဖြစ်နိုင်ပုံ ၃၉၂

လက်ဖျစ်တတွက်ခန့်မျှ မေတ္တာ
ကမ္မဋ္ဌာန်းပွါးများသော
ရဟန်းအား ပြည်သူတို့၏
ဆွမ်းကိုစားသော်လဲ
အချည်းနှီးမဖြစ်ပုံ ၄၈၀

အကွဲရုာစဉ် စာမျက်နှာ

[လ]

လက်ဖျစ်တတွက်ခန့်မျှ "ရုပ်နာမ်
မမြဲ"ဟု ပွါးများလျှင် ဒါန,
သီလတို့ထက် မြတ်ပုံ ၃၇၀
လင်ကုန်ရှုံးတော့ တခေါက်
ဆရာကိုးကွယ်မှုားတော့
တသံသရာလုံးမှောက် ၁၉၃
လင်္ကာပေသလသိက္ခာကာမရဟန်း
တော်များအကြောင်း ၁၈
လမင်းအရောင်သည် ကြယ်
တာရာအရောင်တို့ထက်
မြတ်၏ ၃၆၉
လမင်းနှင့်တူပုံ ၁၂၄
လယ်တီဆရာတော်အဆုံးအမ ၂၆၉
လယ်ထွန်သမားသည် သစ်မြစ်
အစဉ်ကိုဖြတ်ခဲ့သည်နှင့်တူပုံ ၃၆၉
လာဘ်လာဘခေါ်ပုံ ၃၇၃
လာဘမစ္ဆရိယဖြစ်ပုံ ၃၇၃
လာဘမစ္ဆရိယမဖြစ်ပုံ ၃၇၈
လားရာဂတိငါးပါးကိုပိုင်းခြား၍
မသိနိုင်ကြပုံ ၄၈၃
လူအပေါင်းတို့ ရှင်လန်း
ဝမ်းမြောက်ကြခြင်း ၁၅၁
လူတို့က မေးလျှောက်ကြပုံ ၂၃၉
လူမိုက်အဖို့ သံသရာသည် ရှည်၏ ၉၉
လူမိုက်တို့ကို ကာမဂုဏ်တို့က
ညှဉ်းဆဲနှိပ်စက်သတ်ဖြတ်ပုံ ၇၁
လူ, ရဟန်းတို့၌ ဖြစ်ပွါးတတ်
သော လူသားတရား ၃၄၅
လူဝတ်ကြောင်တို့ ချမ်းသာ
ကြွယ်ဝသောအခါ"ရဟန်း
များရှိသည်"ဟု မသိကြ
အမှတ်မရတတ်ကြခြင်း ၉၃

အက္ခရာစဉ်	စာမျက်နှာ
[ဝ]	
ဝစီကံမေတ္တာဘာဝနာကြောင့် ကြမ်းကြုတ်သောအမတ်ကြီး နှင့် အခြေအရံငါးရာတို့ ချမ်း သာကြပုံ	၄၃၄
ဝဇ္ဇီတိုင်းဌ် ဝါဆိုသောရဟန်းတို့ သည် မိမိတို့မှာမရှိသောဂုဏ်ကို လူတို့အား ဝါကြွား၍ ပြောကြားပုံ	၃၇၈
ဝနဝါသီတိဿမှည့်ခေါ်ကြပုံ	၁၄၇
ဝိတက်စရိုက်မျိုးသောပုဂ္ဂိုလ် အား အာနာပါနကမ္မဋ္ဌာန်း နှင့် သင့်လျော်လျောက် ပတ်၏	၄၉၈
ဝိနည်းပိဋကတ်မပျောက်မပျက် ခဲ့သော်မြတ်စွာဘုရားသာသ နာတော်သည် မပျောက် မပျက်နိုင်	၅၀
ဝိဝေကသုံးပါးအစဉ်အတိုင်း ပွါးများရာ၏	၁၅၄
ဝိဝေကသုံးပါး-မင်္ဂဖိုလ်လိုလား သူတော်များ တောတောင် ကြား၌ ပျော်မွေ့ရာ၏	၁၆၄
ဝိဝေကသုခကို သိကြားနတ်မင်းတို့ သော်မှ မခံစားနိုင်	၁၈၄
ဝိသုဒ္ဓိမဂ်တက်လျက် တေလည်း မထွက် လူလည်းမထွက် ရဟန်း ပျက်	၂၂၅
ဝေဒေဟဥပါသကာအလှူကြီး ပေးပုံ	၂၁၄
ဝေဒေဟဥပါသကာ တေဒဂ်ဘွဲထူး ရလိုကြောင်း ဆုတောင်းပုံ	၂၁၂
ဝေဘူဆရာတော်ဩဝါဒ	၁၁၇

အက္ခရာစဉ်	စာမျက်နှာ
[လ·ဝ]	
လေးစုံရှစ်ဖော် သံဃာတော်	၄၀၂
လေးသမားကို မေ မြန်းပုံ	၂၆၇
လေးကဋ္ဌ အပေါင်းအဖော် ရှိလျှင် ငြင်းခုံမှုဖြစ်တတ်ပုံ	၂၆၆
လောကဋ္ဌ ကြီးပွါးချမ်းသာ လိုသော သူတို့သည် ငါးဦး သော ပုဂ္ဂိုလ်တို့၏အထံမှ မေတ္တာကို ခံယူရ၏	၄၇၀
လောကဋ္ဌ နိဗ္ဗာန်ဟူသော အရပ်သည် မသေဘူးသော အရပ်ဖြစ်၏	၁၅၂
လောကဋ္ဌ မသေဘူးသော အရပ်မည်သည် မရှိ	၁၅၂
လောကဋ္ဌ ရနိုင်ခဲ, ဖြစ်နိုင်ခဲ သောအရာသည် တန်ဖိုး ရှိလှ၏	၄၄၁
လောကဋ္ဌ သတ္တဝါများတရား ရှိ၍ ချမ်းသာကြပုံ	၃၉၉
လောကမှာ တရားဟော်များ လုံးဝမရှိခဲ့သော် ခွေး, နွားတိရစ္ဆာန်တို့နှင့်မထူးမခြား ဖြစ်ရမည်သာ	၄၀၀
လောကုတ္တရာတရား ရရှိသော ပုဂ္ဂိုလ်မှန်လျှင် လောကီအမှု အရာများနှင့် မအပ်စပ် တော့ပေ	၁၅၀
လောဘသည် နီးသောရန်သူ ဖြစ်၏	၄၃၅
လှူသောကမ္မလာကိုသာခံယူ၏	၁၄၄
လျှာသည် ဟင်း၏အရသာကို သိ၏	၆၇
ဝက်နွာပုဏ္ဏားကြီးဆုတောင်းပုံ	၁၄၁

အကွဲရာစဉ်	စာမျက်နှာ
[ဝ]	
ဝေလာမသုတ်တရားတော်ကို ဟောကြားတော်မူပုံ	၃၂၈
ဝေလာမသုတ်လာ မေတ္တာဘာဝနာ သိမှတ်ဖွယ်ရာ အဖြာဖြာ	၄၇၇
[သ]	
သံကိုသံဖျက် သံချေးတက်	၂၉၉
သံဃာတော်နှစ်မျိုးပြားပုံ	၄၀၃
သံဃာနုဿတိဘာဝနာအားထုတ် သောပုဂ္ဂိုလ်သည် ကုသိုလ် တရားတိုးပွါးပြန့်ပြောခြင်းသို့ ရောက်ရှိနိုင်ပုံ	၄၀၆
သံဃာနုဿတိဘာဝနာတရား ပွါးများအားထုတ်နည်း	၄၀၄
သံဃာနုဿတိဘာဝနာပွါးများ သောပုဂ္ဂိုလ်၏ ခန္ဓာကိုယ် သည် ဥပုသ်အိမ်ကဲ့သို့ ပူဇော် အထူးကို ခံထိုက်ပုံ	၄၀၆
သံဃာ့ဂုဏ်ကိုးပါးတွင် အကြောင်း ဂုဏ်လေးပါး, အကျိုးဂုဏ် ငါးပါး	၄၀၃
သံဃာ့ဂုဏ်တော်ကိုးပါးပါ၌, အနက်	၄၀၁
သံဃာ့ဂုဏ်တော်ကိုးပါးရှိခိုးရန်	၄၁၃
သံယိကဂရဘာဏ်ပစ္စည်းတို့ဖြင့် လူတို့အား ပေးကမ်းချီး မြောက်သောရဟန်းသည် လေးနံပါတ်ခိုးသူဓားပြကြီး နှင့်တူပုံ	၃၈၀
သကဒါဂါမ်ပုဂ္ဂိုလ်ငါးမျိုး	၃၅၅
သကဒါဂါမ်ပုဂ္ဂိုလ် (၁၂) ယောက်	၃၅၄

အကွဲရာစဉ်	စာမျက်နှာ
[သ]	
သကဒါဂါမ်ပုဂ္ဂိုလ်နှင့် ကေဇီဇီ သောတာပန်ပုဂ္ဂိုလ်တို့၏ ကဲ့ပြားခြားနားပုံ	၃၅၅
သကဒါဂါမ်မဟာနာမ်လားရောက် မည်ဂတိနှင့်စပ်၍ ယုံမှားတွေး တောမှုဖြစ်ဘူးကြောင်း	၃၀၂
သကဒါဂါမ်ဟူ၍ ခေါ်ဆိုရပုံ	၃၅၃
သက္ကာယဒိဋ္ဌိဖြုတ်ပုံ	၂၂၃
သက္ကာယဒိဋ္ဌိသည် အချုပ် ပဓာန	၂၇၃
သခ်ၤဂဳဟပေက္ခာဉာဏ်	၅၀၈
သင်္ကိုမဇ္ဈန်နတ်အရာအထောင် သော်လည်း ငါ၏သဒ္ဓါတရား ကို မဖျက်ဆီးနိုင်	၂၉၄
သင့်တင့်ညီညွတ်အောင်ရှုခြင်း အဓိပ္ပါယ်	၄၄၀
သစ်ပင်စောင့်နတ်က လျှောက် ထားတောင်းပန်ပုံ	၁၈၇
သစ်ရွက်မိုးကျောင်း၌ အပြစ် ရှစ်ပါး	၂၂၃
သစ္စာအားဖြင့် ဝေဖန်ခဲ့သော် လေးပါးသာ	၄၀၈
သတို့သမီးငယ်ကို မေးမြန်းပုံ	၂၆၅
သတ္တဝါအားလုံးတို့သည် အာဟာ ရဟူသောတည်ရာရှိ၏	၃၄၄
သတ္တဝါတယောက်ဒုက္ခတွေ့၍ ငိုခဲ့ရသောမျက်ရည်သည် သမုဒ္ဒရာလေးစင်းထက်များ ပြားလှ၏	၁၅၂
သတ္တဝါတို့၏အသက်မသေအောင် ကယ်မးရခြင်းသည် ဝန် လေးလှ၏	၁၃

အက္ခရာစဉ်	စာမျက်နှာ
[သ]	
သတ္တဝါတို့သေရာမဟုတ်သော အရပ်မည်သည်မရှိ	၁၅၂
သဒ္ဓါနဲ့လျင် ဥစ္စာမဲ့သည်	၃၄၄
သဒ္ဓါနုသာရီပုဂ္ဂိုလ်၌သိမ့်တ်ဖွယ် ရာအဖြာဖြာ	၃၂၆
သဒ္ဓါလေးမျိုး	၂၇၅
သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်၌သိမ့်တ်ဖွယ် ရာအဖြာဖြာ	၃၂၄
သပဒါနစာရိကဂ်မည်ပုံ	၁၁၉
သပဒါနစာရိကဓုတင်ဆောက်တည်ပုံ	၁၁၉
သပဒါနစာရိကဓုတင်ဆောင် ရဟန်း၏အကျိုးအာနိသင်	၁၂၄
သပဒါနစာရိကဓုတင်ဆောင် ရဟန်းသုံးမျိုး	၁၁၉
သပဒါနစာရိကရဟန်းခေါ်ပုံ	၁၁၉
သမသီသီပုဂ္ဂိုလ်၌ သိမ့်တ်ဖွယ်ရာ အဖြာဖြာ	၃၂၂
သမာဓိရအောင်အားထုတ်ပုံ	၁၉၂
သမာဓိသည် မှန်နှင့်တူ၏	၁၉၁
သမ္မုဒ္ဓေဘုရားရှိခိုး	၄၀၉
သမ္မသနဉာဏ်	၅၀၄
သမ္မသနဉာဏ်လေးမျိုး	၅၀၄
သရက်သီးခိုင်ကို ဆွတ်ခူးအပ် သည်ရှိသော် သရက်သီးအား လုံး အညှာသို့လိုက်ပါလာ သည်နှင့်တူပုံ	၃၆၉
သရဏကုံတည်သူဥပါသကာအဖြစ် ခံယူပုံ	၃၂၀
သာမဏေငယ်တို့ကမေးလျှောက် ကြပုံ	၆၂

အက္ခရာစဉ်	စာမျက်နှာ
[သ]	
သာရဏီယကျင့်ဝတ်ကို (၁၂)နှစ် ဖြည့်ကျင့်ရပုံ	၂၂၇
သာရဏီယကျင့်ဝတ်ကို တတ်သိ လိမ္မာသော သံဃာ့ပရိသတ်၌ ဖြည့်ကျင့်ရန်လွယ်ကူပုံ	၂၂၇
သာရဏီယကျင့်ဝတ်ကိုဖြည့်ကျင့် သောအရှင်တိဿမထေရ် အကြောင်း	၂၂၉
သာရဏီယ ကျင့်ဝတ်ကို မသိရှိ နားမလည်သော သံဃာ့ ပရိသတ်၌ ဖြည့်ကျင့်ရန် မလွယ်ကူပုံ	၂၂၇
သာရဏီယ ကျင့်ဝတ်နှင့် စပ်၍ သိမ့်တ်ဖွယ်ရာအဖြာဖြာ	၂၂၆
သာရဏီယကျင့်ဝတ်ပျက်ပုံ	၂၂၇
သာရဏီယ ကျင့်ဝတ်ဖြည့်ကျင့်ရခြင်း၏အကျိုး ၆.ပါး	၂၂၈
သာသနာတော်၏အံ့ဘွယ်ရှစ်ပါး	၆၅
သာသနာတော်ကို အလင်္ကာရဟန်း တို့ ဖျက်ဆီးနိုင်၏	၂၆
သာသနာတော်ကိုမှီ၍ မိမိပစ္စည်း လာဘ် လာဘရရေးကို ကြံစည် အားထုတ်သော ရဟန်း သည် တစ်နံပါတ်သူခိုးခေါင်းပြကြီးနှင့်တူ၏	၃၀၀
သာသနာ တော်သည် လွင်တီး ခေါင်နှင့်တူ၏	၃၁
သာသနာတော်သည်ရေကန်ကြီး နှင့်တူ၏	၂၆
သား ခုနစ် ယောက်တို့ မေတ္တာ စိတ် ဖြစ်ပွါးစေကြပုံ	၃၃၇
သားတော်မြတ်ကိုရှိခိုးခြင်း	၂၃၈

အကွဲရုပ်စဉ်	စာမျက်နှာ
[သ]	
သဝေလေးမျိုးတို့တွင် မည်သည့် သားကိုမျှ အလိုမရှိပေ	၂၅၈
သိကြားနတ်မင်း အပေါင်းတို့ မြူးထူးပျော်ပါး ကစား ကြပုံ	၂၃၇
သိကြားမင်းဆုံးမပုံ	၅၅
သိကြားမင်းဟု သိရခြင်း၏ အကြောင်း	၁၂၃
သိမှတ်ဖွယ်ရာ ဥပမာစကား မိန့်ကြားတော်မူပုံ	၃၃၉
သီလအကျင့်သုံးပါး	၆၀
သီလစင်ကြယ်သောရဟန်းကို “သီလ မစင်ကြယ် သူ”ဟု စွပ်စွဲသော ရဟန်းသည် သုံးနံပါတ် သူခိုးခေါင်းပြတ်ကြီးနှင့် တူ၏	၃၀၀
သီလ တန်းဆာရှိမှသာ လောကတွင် အလှဆုံးဖြစ်၏	၃၀
သီလနှင့် ပြည့်စုံသော ပုဂ္ဂိုလ်မှာ အကျိုးအမြတ်ရနိုင်ပုံ	၃၉
သီလမရှိပဲ လူအမျှင်၏ ဆုမ်းဘောင်ကို မစားထိုက်ပုံ	၃၂
သီလ မျှားစွာ မကျင့်လိုသော ရဟန်းတပါးအကြောင်း	၅၉
သီလရှိသော ရဟန်းတို့၏တန်းခိုး တော်ကြောင့် နတ်တို့ ရှောင် တိမ်းကာနေကြရပုံ	၄၆၂
သီလရှိသောရဟန်းသည် တောင့် တတိုင်းပြည့်စုံနိုင်သောအကျိုး ငါးပါး	၃၀
သီလဝမထေရ်အကြောင်း	၄၃

အကွဲရုပ်စဉ်	စာမျက်နှာ
[သ]	
သီဝကနတ်ဘီလူးသုံးကြိမ်တိုင်တိုင် အားပေးစကား ပြော ကြားပုံ	၃၁၇
သုံးဆယ့်နှစ်ကောဋ္ဌာသ	၄၉၉
သုခလိုသော် ဒုက္ခနှင့်ရင်းနှီးရ၏	၁၀၉
သုခါပဋိပဒါ ဒုက္ခာပဋိပဒါ ခေါ်ပုံ	၂၄၉
သုညတ အနိမိတ္တ အပ္ပဏိဟိတ အားဖြင့် ရဟန္တာ ၁၂-မျိုး ပြားပုံ	၃၇၁
သုတ္တန်ပါတ် ပါဠိတော်လာ ခဂ္ဂ ဝိသာဏသုတ် မြန်မာ-ပြန်	၂၅၀-၂၆၄
သုဒ္ဓါဝါသဘုံဌ် အနာဂါမ် ပုဂ္ဂိုလ် ငါးမျိုး	၃၅၉
သုဒ္ဓါဒန မင်းကြီးအား သား တော် ရရှိပုံအကြောင်း	၂၃၆
သုပ္ပဗုဒ္ဓကုဋ္ဌိအကြောင်း	၂၉၀
သုဘူတိမထေရ်အား ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း၏အကျိုးကို ဟော ကြားပုံ	၃၉၁
သုသာန်ဓုတင် ဆောက်တည်ပုံ	၁၉၄
သုသာန်ဓုတင်ဆောင် ရဟန်း၏ အကျိုးအာနိသင်	၁၉၃
သုသာန်ဓုတင်ဆောင် ရဟန်း သုံးမျိုး	၁၉၅
သူဌေးကြီးအား အကူအညီ ပေး ပါရန် ဖိတ်မန်စကား ပြော ကြားကြပုံ	၃၂၀
သူဌေးသား လေးယောက်တို့ တိုင်ပင်ကြပုံ	၉၆
သူဌေးသားကာလအကြောင်း	၂၀၆

အကွာရာစဉ် စာမျက်နှာ

[သ]

သူဌေးသား ရဟန်း ငြီးငွေ့ စိတ်ပျက်ခြင်း ၆၃

သူဌေးသား လေးယောက် အကြောင်း ၉၆

သူတပါး၏မိုခိုရာသာဖြင့်၍ မိမိ အတွက် မိုခိုအားထားရာမရှိ သူတို့ မိုရာတံကဲပျဉ်နှင့်တူပုံ ၁၃၄

သူတော်ကောင်းတို့ ဂုဏ်သတင်း အနုံသည် လေညာ လေဆန် ကြိုင်လိုင်ပုံ ၄၈

သူတော်ကောင်းတို့ မှဲဝဲအပ်သော အရပ်ဒေသ ၁၅၃

သူရမ္ဘဋအကြောင်း ၂၉၂

သူရမ္ဘဋကို တေဒဂ်အရာ၌ထားတော် မူပုံ ၂၉၄

သူ့နေရာနှင့်သူကဲ့ပြားခြားနားပုံ ၄၉၉

သေခြင်းတရားပွါးများထားသည့် ဘုရားအလောင်းဥရဂပုဏ္ဏား မိသားစုအကြောင်း ၄၈၉-၄၉၃

သေခြင်းသဘော ရှိကြကုန်သော သတ္တဝါတို့သည် သေခြင်း သဘောကို မလွန်နိုင် ကြခြင်း ၄၈၅

သေသောအခါ အပါယ်လေးပါး သို့ မကျရောက်သော ပုဂ္ဂိုလ် ကိုးယောက် ၃၀၀

သောကနှင့်ကရုဏာလက္ခဏာ ၄၃၈

သောတမည်ပုံ ၂၇၈

သောတာပန် အရိယာပုဂ္ဂိုလ်များ ပယ်အပ်ပြီးသောတရားများ ၃၄၄

အကွာရာစဉ် စာမျက်နှာ

[သ]

သောတာပန် အရိယာဖြစ်ပြီးမှ စုတေခဲ့သော် မြင့်မြတ်သော အမျိုးဌ် ဖြစ်ရခြင်း ၃၄၂

သောတာပန် အရိယာဟု သိမှတ် အပ်ကြောင်း အင်္ဂါလေးပါး ၃၅၂

သောတာပန် ဓနဥ္စာနိပုဏ္ဏားမ အကြောင်း ၂၉၄

သောတာပန်ပုဂ္ဂိုလ် အဂတိတရား လေးပါးမလိုက်စား ၃၃၂

သောတာပန်ပုဂ္ဂိုလ် အပါယ် လေးပါးမှ လွတ်မြောက်ပုံ ၂၉၉

သောတာပန်ပုဂ္ဂိုလ်အမြတ်ဆုံး ၂၈၆

သောတာပန်ပုဂ္ဂိုလ်အမည်များ ၃၁၀

သောတာပန်ပုဂ္ဂိုလ်၏ မဟာပစ္စယ ဝေဿဏာခုနစ်ပါး ၃၀၅

သောတာပန်ပုဂ္ဂိုလ်တို့ ဘုရားရှင် သာသနာ၌ ကြည်ညိုသော အခါ လျှဒါန်းပုံ နည်းယူ ဘွယ်ရာ ၃၃၁

သောတာပန်ပုဂ္ဂိုလ် (၂၄)ယောက် ၃၃၂

သောတာပန် ပုဂ္ဂိုလ်သည် ပိုး၌ ချပုံးကို သတဲ့ဖြတ်၍ စကြဝတေး မင်းအဖြစ်ကို ပေးသော်လည်း အလိုမရှိ ၂၉၇

သောတာပန် ပုဂ္ဂိုလ်သည် မိမိ အသက်ကို သေစေသော် လည်း မကောင်းမှုကို မပြု လုပ်ကြပေ ၂၉၇

အကွာရာစဉ်	စာမျက်နှာ
[သ]	
သောတာပန်ဖြစ်လိုသော ပုဂ္ဂိုလ် သည် သူတော်ဥစ္စာ ခုနစ်ဖြာ နှင့် ပြည့်စုံအောင်ကြိုးစား အားထုတ်ရာ၏	၃၄၃
သောတာပန်သုံးမျိုး	၂၀၃
သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာများ အာပတ် သင့်ပုံ	၃၁၀
[ဟ]	
ဟင်းမွေ့ ယောက်မသည် ဟင်း၏ အရသာကိုမသိ	၆၇

အကွာရာစဉ်	စာမျက်နှာ
[သ]	
သောတာပန်ဖြစ်လိုသော ပုဂ္ဂိုလ် သည် သူတော်ဥစ္စာ ခုနစ်ဖြာ နှင့် ပြည့်စုံအောင်ကြိုးစား အားထုတ်ရာ၏	၃၄၃
သောတာပန်မဖြစ်လျှင် အပါယ် ငရဲမှ မလွတ်ခြေ	၂၀၅